www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၁၁)
၂၀၁၅ခုနှစ် နိုဝင်ဘာလ

ဆရာတော်

မဂ္ဂင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ပုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ပုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC

အရှင်

မဂ္ဂင်း

အတွဲ (၁၅) အမှတ် (၁၁)
၂၀၁၅ ခုနှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



ဘာသာရေးဆောင်းပါးများ

၅ သေဖူးသည်မှရှိရှိ
မဟာဗောဓိပြိုင်ဆရာတော်ဘုရားကြီး

၆ ချည်တိုင်
မဟာဗောဓိပြိုင်ဆရာတော်ဘုရားကြီး

၁၃ တန်ခိုးကြီးရာ ပွားမေတ္တာ
မြဝင်း(ဒဿန)

၁၄ ချစ်မျက်ရည်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၇ တန်ဖိုးထိုက်သည့်အလုပ်ရားများ အပိုင်း(၁)
ခင်(တောင်ကြီး)

၂၇ အောင်မြင်သောလူနှင့် တန်ဖိုးရှိသောဘဝ
ထုံးတောင်-အရှင်ဓမ္မပိယ(မြောင်)

၃၀ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၃၆ ဗုဒ္ဓမြတ်စွာဟောခဲ့တာ ကိုယ့်ကိုယ်ကိုယ်ချစ်ပါ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၃၇ ဘုန်းရှင်ကဲရှင်ပါရမီရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအဖြာဖြာ
ကိုရွှေမြသန်း(သမိုင်း)

၄၁ ဆကေသဓာတုခေါ်တွင် သမိုင်းဝင်နယ်မြေဆီသို့
မောင်ပွင့်ဥဇာ(မောရ)

၅၆ အောင်မြင်ချမ်းသာစေရန် ဘိုးဘိုးအောင်မှပေးသော ဂါထာတစ်ပုဒ်
အဘဝ
(သာသနာ့အလင်းရောင်)

၆၇ အဖျက်အမှောင့်သိမ်းနှတ် မေတ္တာသုတ်
ရာမည-သွေးမွန်

၇၁ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ထင်ရှူးတောင်တော်မှ ထူးထူးခြားခြား သာသနာ့အလင်းမွှင့်များ
မင်းမြတ်သိန်း(လားရှိုး)

၇၉ သမထပြုနှုန်ပြုဖြစ်နိုင်သော တရားရှုမှတ်နည်း
ဗိုလ်မင်း(မင်းလှ)

၈၁ ချာအန်း မယင်းကြီး နဘုလယ်၊ ပရဒတ်သို့
မောင်စိမ်းထွေး(ထားဝယ်)

၉၁ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၀၁ ငပလီကမ်းခြေမြို့၊ တိလောကသယမ္ဘူ မုန်တိုင်းတားရပ်တော်မူဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် မုခ်ဦးဖွင့်လှစ်ပွဲ
ရွှေချိုအောင်(ငပလီ)

၁၂၀ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ဗုဒ္ဓဝင်နှင့်ဘုရားရိုခိုးများ
ဦးကြည်ဝင်း(ရွှေစင်)ချောက်

၁၂၇ ဆောင်တိုင်းအောင်၌ အမှုခပ်သိမ်း ပြီးစီးအောင်မြင်စေသော သုဂတောဂါထာတော်နှင့်အင်း
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၃၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြားစေတီဘုရားများ အမှတ်(၁)
ကဲဝင်း

၁၄၁ ဘုန်းကံကြီးမားမင်းကောင်းများနှင့် အစီအရင်အဆောင်ဂါထာများ(၁၀)
သစ္စာဝါဒီ-ဦးမြင့်အောင်

၂၃၀ ထားဝယ်ရိုး-ကြက်-ကိုး
သားစိန်မိုင်

၃၂၉ တုံးထု၍ကမ္ဘာ့အသိအမှတ်ပြုသောမြို့
စိုးထွန်း(ဥပဒေ)

၃၈၈ ဝိဇ္ဇာမိရ်ဒေါ်မမလေး လူ့ဒါန်းသည့် ကျွန်ုပ်သယရှင်အရဟံနောက်ဆက်တွဲ ဂါထာတော်
ရီရီဌေး

သုတရသဆောင်းပါး

၂၆ လျှာရင်းမျက်တဲ့ ဝက်သားဟင်းချက်နည်း
ကိုသက်ရည်

၆၁ ရွှေတိဂုံကျားတက်ပုံမြင်ကွင်းစုံ
ယောနကဘိုးထောင်

၆၅ လေ့ကျင့်ခြင်းမှပြည့်စုံခြင်းသို့
ချောင်းဆုံအုန်းသွင်

၈၈ လေးစားကြည်ညိုမြတ်ပုဂ္ဂိုလ်များ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၉၆ ကုသိုလ်ဖြင့်ရွှေယူအပ်သောနေရာ
အာကာသ(သာစည်)

www.burmeseclassic.com

www.burmeseclassic.com

၁၀၀ ဘားအံ ကမာမောင်းဒေသမှ ကရင်တိုင်းရင်းသားတို့၏ ဂန္ဓိရဆန်သောဓလေ့ထုံးစံများ
ရသဂန္ဓိရ-ကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း ညွှန်/မှူးရုံး)

၁၀၄ ဦးသိန်းရွှေနှင့် ဂန္ဓိရဆန်သောဖြစ်ရပ်ဆန်းများ(၄)
အဇ္ဈာဝါလှိုင်း

၁၂၀ ကွဲ-နွားနာတာရည်ချောင်းဆိုးရောဂါ
ဆလိုင်းဌွန်သိန်း(ရမည်းသင်း)

၁၂၇ ကျွန်တော်ဖြတ်သန်းလာခဲ့ရသော စာပေဘဝခရီး
မကွေးဝင်းမြင့်

၁၃၅ ပုဂံခေတ် မြစ်ဝကျွန်းပေါ် သို့မဟုတ် ကျွန်တော်တို့ရွာ ရိုးရာဇာတိနွယ်အပိုင်း(၁)
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွာ-သု)

၁၄၆ မြန်မာနိုင်ငံမီးရထားသမိုင်းနိဒါန်း
တင်ထွန်း(စက်မှု-၂ ငြိမ်း)

၁၅၀ လူသားစားငါးထွေ
နေအောင်လင်း(စလေ)

၁၅၂ မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့(၇၅)
မောင်သန်းဆွေ(ထားဝယ်)

၁၆၄ ယောက်မဘဝမှလွှာဘဝသို့
ချစ်ဖို့(မော်ကွန်း)

၁၈၀ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A) မြောက်ဘက်ကုန်း
ပန်းချီထူးလှ (ရေးဟောင်းသုတေသန)

၁၉၅ အိပ်မက်နှင့်ပတ်သက်ပြီး သင့်အတွက်အုံ့ဩစေမည့်အချက်များ
သိမ်းအောင်စိုး

၂၀၀ ကျွန်တော်သိသောဆရာမင်းသိခ်
တက္ကသိုလ်ကြည်သင်း

၂၀၇ အထွေသျှတ္တရ
လွှမ်းထက်

၂၁၆ အစဉ်အလာဆိုတိုင်း အမှန်ကိုသိမြင်မှဝိဇ္ဇာဖြစ်မည်
ပညာကျော်

၂၁၈ နွားဝင်စားမင်းအောင်
ဦးစန္ဒိမ(စလင်း)

၂၂၀ ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာမောရစ်ကောလစ်
လှမိုး(ပညာရေး)

၂၂၉ မြန်မာ့တံဆိပ်ခေါင်းလောကကို မြင့်တင်ခဲ့ကြသူများ
ကြည်လွင်

၂၉၄ ကျေးငှားရှင် စစ်ကွင်းဆရာတော်ကြီး၏ တပည့် မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(ဂ)
ပထမံဆရာဦးအေးရွှေ

၃၁၆ မကွရာနယ်မြေရှိ ပုဂံခေတ် ပန်းရန်ဆရာတစ်ဦး၏ အလှူမှတ်တမ်း ကျောက်စာငယ်မှ ပြောပြနေသည့် အနာဂတ်လိုက်နာကျင့်သုံးဖွယ် သမိုင်းစကားများ
တိုက်ကြည့်(စဉ့်ကိုင်)

၃၃၇ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုသည်မှာ
အောင်ကောင်း

၃၄၇ သူတို့တိုင်းပြည်မှာ
အနောက်တံခါးမှူးမောင်မှူး

သူရဇ္ဇဝတ္ထုတို

၁၅၀ အောင်မိုးဆန်းသင်္ဘောနှင့် ကမ်းနဖူးကသစ်ခြောက်ပင်ကြီး
ကိုဆောင်းဦး(အလိန်လည်ကျေးရွာ)

၁၇၆ သူငယ်ချင်းတို့နဲ့အတူ
ရွှေပြည်စိုး(မိုးကုတ်)

၁၈၆ အလည်လာသော ယမမင်း၏ကိုယ်စားလှယ်
သန့်ဇင်

၁၉၈ ကျတ်ကုန်းပေါ်ကတိုက်ပွဲခေါ်သံ
သထုံ-ငယ်ငယ်

၂၀၂ တစ်ကောင်ဗိုလ်
အောင်မြင့်ထွန်း(မသုံးလုံး)

၂၁၄ တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ရပ်ဆိုး
မင်းဟိန်းထိပ်

၂၂၀ ကျွန်တော်ကြုံတွေ့ခဲ့သော ဖြစ်ရပ်တစ်ခု
နေဦး(အ-စ အောင်ဆန်း)

၂၂၆ ရက္ခစိုးစာရေးဆရာ
သက်အောင်

၂၃၄ စပါးကြီးညှိမိသူ
အေးချမ်းအောင်(ရမည်းသင်း)

၂၇၀ မြစ်ပြင်ကျယ်နှင့် ထူးဆန်းသောဂန္ဓိရရွာကလေး
ရောမြေ-ကျော်ဝေ

၃၀၄ ပညာရှင်များနှင့်တွေ့ဆုံခြင်း
ကျော်မိုးလွင်(ဝါးခယ်မ)

၃၀၆ ညီလေးတို့ရွာ
စိုးလင်းအောင်(မြန်အောင်)

၃၁၂ နောင်တော်ပင်လယ်နှင့် စီးချင်းထိုးခဲ့သောကျွန်တော်
ကျွန်းစဉ်မြေ-စောခက်

၃၁၈ ဦးအော်နှင့်ငန်းဦးကွက်မြွေမကြီး
ငွေစိုး(ရွှေကြွန်မြေ)

၃၂၂ မြွေသိုက်ပေါ်မှနဂါးရုဲဘုရား
တင်အေးကျော်(အောင်လံ)

၃၃၄ စားမထွန်း
မင်းမြတ်သီဟ

၃၄၂ ကျောက်ကြီးကျင်း
မောင်လင်းခန့်(ရွှေယချိုင်)

၃၅၄ ကျေးငှားဆပ်ခွင့်ပြုပါအဖေ
အင်ကြင်း(ကသာ)

၃၆၃ ထဆင်ထူးလုံးကြီးတင် ထီမထင်တဲ့ရွှေကျောင်းသား
အေးရွှေ(ဒီးကုန်း)

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်

၅၁၈ ပညာရှင် ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)

၃၆၆ ဂန္ဓာရီသမားအယူမှားသော မိုးကျော့

သူရဇ္ဇတိုင်းရင်းဆေး

၈၀ ကလေးသူငယ် ဝမ်းဖောဝမ်းရောင်လိမ်းဆေး
နေမဝင်(နတ်မောက်)

၁၅၆ ပျိုမေတိုင်း တစ်ချိန်ချိန်မှာကြုံတွေ့ရနိုင်သည့် မီးယပ်ချမ်းရောဂါသိမှတ်စရာများ
ဦးမင်းဇင်(ရွှေနဝင်း)

၁၆၅ ဒူလာပန်းသေရောဂါ
အောင်သိန်းဝင်း(ပွင့်ဖြူ)

၁၈၅ အဘိုးပေးသောဆေးမြီးတို့(၁)
ကြည်ပြာမောင်(သဇင်မြေ)

၁၉၆ စားသင့်တဲ့ငှက်ပျောနှင့် စိုက်သင့်တဲ့ငှက်ပျော
ဝေစည်(ရွှေဘို)

၂၂၄ ဆီးသွားအဂါတွင် အနာရောဂါအတွက် ဆေးမခက်ပါ
အဇ္ဈာဝါလှိုင်း

၂၃၇ ခါးကိုက်ခဲသူများအတွက်
နတ်မောက်မင်းသန့်နိုင်

၂၅၅ ကလေးငယ်တို့အတွက် မြန်မာ့တိုင်းရင်းဆေးနည်းကောင်းများ
ရောမြေ-ကျော်ဝေ

၂၇၅ ဆေးနည်းအစုံစုံ ဘက်စုံအသုံးဝင် ပေါက်ပန်းဖြူပင်
ဉာဏ်မြင့်(တောင်တွင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၇၆ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၁)
ရွှေနဝင်း(ပုသိမ်)

၃၀၃ အစွမ်းထက်မြက်သော ခင်ပုပ်မြစ်နှင့်
နွားလားဥသဘာဆေးမြစ်ဥ
နေဝင်းဝင်း(လွန်ဆေး)

၃၀၅ ဆေးဖက်ဝင်ဖန်ခါးသီး
နတ်မောက်မင်းသန့်နိုင်

၃၁၇ ရာကျော်ဆရာတော်ကြီး၏
မျက်စိကြည်ဆေး
နတ်မောက်မင်းသန့်နိုင်

၃၃၆ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၃၃၉ ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါ
စွမ်းထက်နောင်

၃၄၆ ဝမ်းကျအော့အန်ပျောက်စေရာ
နတ်မောက်မင်းသန့်နိုင်

၃၅၃ ကလေးများအော့နာဝမ်းကျ
လက်တွေ့ကုထုံး
ချစ်မုန်းခင်(ကြိုးပင်ကောက်)လယ်တီ

၃၇၆ လိပ်ခေါင်းရောဂါဝေဒနာရှင်တို့အတွက်
အစွမ်းထက်သောလိပ်မင်းဆေးပင်
မိုးစက်အဏ္ဏဝါ(ဧရာဝတီ)

၄၀၁ ပုရိသတို့အတွက်
ရိုးရှင်းလွယ်ကူသောဆေးနည်းများ
သုံးဆယ်-ဘုန်းကြွယ်

၄၀၅ ဆေးဖက်ဝင်ပယင်းကျောက်
ကျော်ခိုင်ခန့်

သူရဿ ပညာရစ်

၁၇၃ တဘောင်၏လျှို့ဝှက်ချက်
မင်းရှိန်အောင်

၂၅၁ တားရော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

၂၈၂ ဝိဇ္ဇာရေပြန်မှာအဂ္ဂိရတ်ပညာ(၅၆)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗွေဒ)

၂၉၉ တရုတ်ဂန္ဓိရဖုန်းရွှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၇၈ ဆပွတ်ဆောင်-အောင်စေရာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၈၄ ဘဝရှင်သန်ရာသင့်လက်မှာ
ဦးအောင်မင်း

၃၉၃ မဟာကိန်းဂဏန်းများ
ကိုးနဝင်း

၃၉၇ နာမည်များနှင့်ငြင်းခုံခြင်း(၂)
နေဝိဇ္ဇာ

သူရဿ လက်ဆောင်စုံးချ

၇၆ ရိုပြီးသောရတနာတို့ခိုင်မြဲ၍
အသစ်အသစ်သောရတနာရွှေငွေတို့
ဝင်လာစေသောအဆောင်နှင့်ကျင့်ဝတ်
ဘုန်းခေါင်

၁၃၂ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
အထွက်၊ အဝင်၊ ခပါဒိန်းကွက်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)

၂၄၅ မိုးကြိုးကွင်း မိုးကြိုးလွဲစေသော
အစီအရင်
နတ်မောက်မုတ်ကျောက်

၃၆၅ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၄၀၀ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ်၊ ဇြိတ္ထာရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၄၀၂ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်
နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂဏိတ)

၄၀၃ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၄၀၆ အညွှန့်တလူလူတက်စေဖို့
သူရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၀ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၃ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲလုံထွတ်း

ဥပဒေကြေငြာ
ဦးထွန်းရွှေ
B.A (Law);L.L.B
လွတ်တော်ချုပ်ရုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇၄)

မျက်နှာဖုံးနှင့်
အတွင်းပန်းဆီ
ဝိုးအောင်
သူရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းအလင်း
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၇၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၃၊၇၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၃၇၆၇၄

မြန်မာ့ချီးရေးမှူး
အောင်မြင့်သန်း

ကွန်ပြူတာတစ်
စုစုလှိုင်၊ ချမ်းမြေကျော်၊
အိမွန်ထွန်း၊ နှင်းသန္တာကျော်၊ ဝန်းထွန်းမြင့်

ရုံးအဖွဲ့
တင်မိုးခိုင်၊ သဲယုလှိုင်၊ အေးအေးစန်း
စုမွန်း၊ စုစုစံ၊ နန္ဒ မြိုင်ရတနာ၊
စာတည်းအဖွဲ့ရုံးခန်းနှင့်မြန်မာ့ချီးရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်း
မြန်မာ့ချီးရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၇၀၇၁၀
မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှေတောင်ကယား-ဂန်ဓိနီ ပီလှမှာ
ပဲခူး- သင်ငံစာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်း
မကွေး-ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-လှထူမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားရှိန်းနှုန်း (၃၀၀၀ ကျပ်)

www.burmeseclassic.com

www.burmeseclassic.com

သေပူးသည်မှရှိရှိ

- ဝမ်းစာစားကျင်း
  ဖွေရှာရင်းက သေတွင်းကျ
  သေခဲ့ရလှပြီ။
  ဓမ္မရသ အမည်ရသည့်
  မင်္ကဖိုလ်သွင်း ကြိုးစားရင်းကား
  သေခင်းကြား ငါမသွားဘူးခဲ့သေး။
- စီးပွားစစ်ခင်း
  တိုက်ခိုက်ရင်းက သေတွင်းကျ
  သေခဲ့ရလှပြီ။
  ကိုယ်ပိုင်ဓန အမည်ရသည့်
  သီလ၊ သမာဓိ၊ ပညာ၊ အလင်း
  ကြိုးစားရင်းကား သေတွင်းလား
  ငါမသွားစဖူးသေး။
- မယားချစ်တင်း
  နှိုးနှောရင်းက သေတွင်းကျ
  သေခဲ့ရလှပြီ။
  ကိုယ်ပိုင်သုခ အမည်ရသည့်
  ဓမ္မအမြင် ဆင်ခြင်ရင်းကား သေမင်းနား
  ငါမသွားဖြစ်ခဲ့သေး။
- သားမြေးအတွက်
  ထမ်းရွက်ရင်းက သေတွင်းကျ
  သေခဲ့ရချေပြီ။
- စရဏခွင် အမည်တွင်သည့်
  ဓုတင်တိုက်ကင်း ကျင့်ဆောင်ရင်းကား
  သေခြင်းကြား ငါမသွားမိချေသေး။
- ယနေ့သည်ကား
  ဘုရားသာသနာ ဆုံခိုက်ခါမို့
  ငါ၏အသက် ခန္ဓာစက်ကို
  မင်္ကဖိုလ်တံခါး နှိဗ္ဗာန်သွားမည့်
  တရားလမ်းအတိုင်း ဒုန်းချစိုင်းမည်။
  မလှိုင်းစဖူး အလှိုင်းထူး
  ခိုင်းဖူးသည်မှ ရှိရှိပေါ့။
  မတွဲစဖူး အတွဲထူး
  လဲဖူးသည်မှရှိရှိပေါ့။
  မစေစဖူး အစေထူး
  သေဖူးသည်မှရှိရှိပေါ့။

(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊
ပဋ္ဌိယတ်တောကျောင်း)

ကျေးဇူးတော်ခံ
မဟာဗောဓိဦးဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ဒေ - ဆိုခဲ့ပြီးသော ထိုသတ္တဝါ အပေါင်းတို့သည်၊ **နတဒုတ္တရိ** - ထို့ထက်လည်း မပို၏။ **နာပိအဓော** - ထိုအောက်လည်း မလျော့ကြပါ။

ဒ ရဂ္ဂါနော ဗန္ဓကေ ထမ္ဘေ၊ ဧကအန္တေ ဒဠှေ သတ္တော၊
တယော တတ္ထ မဓတိ၊ တဒုတ္တရိ နာပိ အဓော။ ။

ရဂ္ဂါနော - လွန်ကြိုးဖြင့်၊ **ဗန္ဓကေ** - ဖွဲ့ချည်ထားခြင်းရှိသော၊ **ထမ္ဘေ** - မန်ကျည်းငုတ်တိုင်၊ ရှားငုတ်တိုင်သည်၊ **ဒဠှေ** - မြဲလွန်းလှသော်. . . ၊ **ကေစေ** - ကြိုးတစ်ဖက်စွန်း၌၊ **ရဂ္ဂါနော** - လွန်ကြိုးဖြင့်၊ **ဗန္ဓနော** - ဖွဲ့ချည်ထားသော၊ **သတ္တော** - ဆင်ကြိုး၊ ကျွဲ၊ နွား၊ ဆိတ်၊ ခွေး စသားသတ္တဝါများသည်၊ **တံယော** - ထိုကြိုးအဆုံးမျှသာ၊ **ဓာတိ** - ပြေးခွင့်ရှိကြပါ၏။

တတ္ထ - ကြိုးလျှင်ငုတ်တား ထိုအကြားဌာန၌သာ၊ **ဓာတိ** - ပြေးနိုင်ကြပါ၏။

အနန္တကျေးငှးတော်ရှင်
မဟာဗောဓိပြင်ဆရာတော်ဘုရားကြီး
ရေးသားပြုစုတော်မူသော
ချည်တိုင်

www.burmeseclassic.com

www.burmeseclassic.com

၂ ပိုင်ရှင်နှင့် ဝန်ဆောင်တို့အကြားမှ ကြိုးကလေးများ

ပိုင်ရှင်သည် အလုပ်ကိုပိုင်၏။

ပိုင်ရှင်က ပိုင်သောအလုပ်ဖြင့် ခိုင်းစေခံရသူက ဝန်ဆောင်အရာဝင်၏။

ထိုပိုင်ရှင်နှင့် ဝန်ဆောင်တို့ အကြားတွင်ကား . . .

ကြိုးကလေးများလည်းထားရ၏။

ကြိုးချည် တိုင်ငုတ်ကလေးများ လည်း ထားရ၏။

ထိုစဉ် . . . ကြိုးကား နှာဖျား နှာနုမှနေ ဆွဲဆောင်ရန်ကိုတည်း။

တစ်ဖန် တိုင်ငုတ်ကား . . . နှစ်မျိုးရှိရာ တွင် . . . ချည်တိုင်ကား အိမ်ခြံဝင်းအ တွင်း နေရာချထားရန်တည်း။ လှန်ငုတ် ကား လယ်ကြား တောများ စားကျက် ကြား ထားရန်တည်း။

သို့ ချည်တိုင်၊ လှန်ငုတ်နှစ်မျိုးသုံး လျက်က ပိုင်ရှင်သည် (ဝန်ဆောင်များ ဖြစ်ကြသော) ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်များထားရာ၌ တူညီသောအခွက် မှာ ပိုင်ရှင်က လိုအပ်လျှင်လိုအပ်သလို (အဆင်သင့်) သုံးရန်အတွက်ပင်တည်း။

သို့ပမာ . . . လူလျှင်လူခွင်း ဆက်ဆံကြရာ အခင်းအကျင်းတို့၌

www.burmeseclassic.com

www.burmeseclassic.com

ထည်း သင်သည်မယားကို (မယားသည် သင်ကို) အိမ်တစ်ဆောင်မီးတစ်ပြောင် ခြင့် ဘဲ့ဘောင်တင့်တယ်ထားပေး၏။ သင်မှာ နေရောနေရာ သတ်မှတ်ထား သောချည်တိုင်တည်း။

တစ်ဖန် တစ်ဦးမှတစ်ဦးကို ချစ် မြတ်နိုးခြင်း၊ နှစ်ဦးကြားမှ သားသမီး များမွေးမြင်လာခြင်း၊ ဇနီးလင်သား သားသမီးများအတွက် အသုံးအဆောင် ရတနာများထားပေးခြင်း... ယင်းတို့ ကား ကြီးများချည်းဖြစ်ကြရာ... ထို ကြီးများက ကြီးမွန်သော်လွန် လွန်ထန် သော်သံကြီး ရှုန်းမရမျိုးများဖြစ်ကြ သည်။

လင်သည် ကိစ္စဖြင့် အခြားတစ်ပါး ထွက်ခွာသွား၏။ သို့သော် ကိစ္စပြီးသည် နှင့် အိမ်ချည်တိုင်ပြန်ကပ်ရမြဲ။ မယား သည် စိတ်ဆိုးဆိုးဖြင့် အခြားတစ်ပါး ထွက်ခွာသွားပြန်၏။ သို့သော် စိတ်ဆိုး ပြေသည်နှင့် အိမ်ချည်တိုင် ပြန်လည် ကပ်ရမြဲ။ နှာချဲ့ကြီးအဆစ်ဝင်၍ နှာဖျား အစဲလာသောကြောင့်။

ဤ၌ လင်သည် မယား၏ ကာမ ပိုင်ဖြစ်ရာ မယားလိုသလိုကိုင်ခွင့်ပြုထား ခဲ့၏၊ သို့ကြောင့် မယားသည်ပိုင်ရှင် လင်ကား ဝန်ရုန်းသမား။ တစ်ဖန် မယား သည် လင်၏ ကာမပိုင်ဖြစ်ရာ လင်လို သလို ကိုင်ခွင့်ပြုထားရ၏။ ထိုအခါ လင် ကားပိုင်ရှင် မယားသည် ဝန်ရုန်းသမား ...။ သို့ဖြစ်ရာ ပိုင်ရှင်တစ်လှည့်၊ ဝန် ရုန်းတစ်လှည့်ဖြစ်နေကြသော ဤလူ့ခင် တွဲများသည် အိမ်ချည်တိုင်နှင့် ပိုင်ရှင် မှက်မွေးတစ်ဆုံးထက် ပိုရုန်းမထွက်နိုင် ကြပါ။

နေတော့လည်း သည်အိမ်သာ အမြဲဖြစ်ခြင်းကြောင့် အိမ်ကို နေအိမ် ဟု ခေါ်သည်။

သေတော့လည်း သည်အိမ်မှာပင် သေရသောကြောင့် သေအိမ်လည်း အမည်ရသည်။

ထို့ထက်မက သေသည့်တိုင် ထို အိမ်၌ပင် ပေစင်းနေတတ်ကြသော ကြောင့် ဤအိမ်ကား ပေအိမ်အမည်ပေး လည်းရသေးသည်။

ထိုစဉ် မယားကလည်း ခိုင်းစရာ အစားမရသေး၍ မပစ်ရက်။ လင်က လည်း ငါ့အိမ် ငါ့မယား အစွဲထားဖြင့် သေလျက်စင်းစင်း။ သို့သော် နှစ်ရက် ကျော် ရွှမ်ပျက်၊ သုံးရက်ကျော် အပုပ်နံ့ ထွက်တော့ရာ... ဝန်းကျင်ရှိ ကြွေးလူ များက ဆွဲထုတ်ပစ်ဖို့ ပေးလိုက်ကြရ သည်ချည်းသာ။

ပိုင်ရှင်မယားကား အလောင်း နောက်က လိုက်၍ငိုတုန်း။

ဝန်ရုန်းလင်ကလည်း အလောင်း စင်ပေါ် တက်အိပ်တုန်း။

သည့်အတူ လင်နှင့်မယား မိဘ နှင့်သားသမီး ချည်တိုင်နှင့် လှန်ငုတ် အတွင်း သွားအတူ လာအတူ နေထိုင် ခွင့်ရ အားလုံးတို့သည် လည်းကောင်း ...၊ တစ်ဖန် အလုပ်ရှင်နှင့် အလုပ် သမား အလုပ်ခွင်ချည်တိုင် ထားလျက် ကလည်းကောင်း...၊ အရပ်ဝန်ထမ်း တပ်ဝန်ထမ်းများနှင့် အာဏာပိုင်များ အလုပ်ခွင်ချည်တိုင်ထားလျက်က အခွင့် ခွင်းဆက်ဆံကြရာတိုင်းတို့၌ အလိုမလွန် ဆန်နိုင်ခြင်းဆိုသော လွန်ကြီးကြီးများ ရှိတတ်ကြသည်။

သို့ပမာ... ဘဝနှင့်ဘုံ ခိုလှုံခွင့် ရရာတိုင်းတို့၌လည်း ချည်တိုင်နှင့် လှန် ငုတ်ပိုင်ရှင်နှင့် ဝန်ရုန်းနည်းထုံးရှိနေကြ မည်ဖြစ်ရာ...

ဤစာစဉ်ကား...

ကံပိုင်ရှင် ရရာဘဝ ကျရာချည် တိုင်တို့ကိုလည်း ဖော်ပြမည်။

ကံတစ်ပါး လက်မှ ကံတစ်ပါး လက် ပြေးထွက်ပုန်းအောင်းရုံကိုလည်း လှစ်ပြမည်။

နောက်ဆုံး ရုန်းမထွက်ရဲသမျှ တစ်ခုပြီးတစ်ခု တွဲရဦးမည်ကိုလည်း လှစ် ပြဦးမည်။

သင်သည် အတွဲမဖြုတ်လိုသေး ငြိမ်ခံ။ အတွဲဖြုတ်လိုသော သန်သန်ရှန်း ဖို့သာ...။

၁၃၇၅-ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၈-ရက်
တနင်္ဂနွေနေ့။
သာသနာ့ဝုဏ္ဏ၊ ဥေ ယျခမ်တောရ။

ဓနရာမြစေလိုက ချည်တိုင်ကိုင် စားကျက်မြစေလိုသော လှန်ငုတ်သုံး

သတ္တဝါတိုင်း... ဘဝတစ်ခု လက်ခံရရှိလျှင် ဘဝထားသိုရာဘုံလည်း ပါရမြဲပင်။

သို့ဖြစ်ရာ... ကြက်တစ်ကောင်၏ ထားသိုရာဘုံသည် ထိုကြက်ကိုယ် ပင် ဖြစ်သည်။ ဝက်တစ်ကောင်ထားသို ရာဘုံသည်လည်း သူ့ကိုယ်ပင်ဖြစ်သည်။ သည့်အတူ... တိရစ္ဆာန်အားလုံးတို့၏ နေရာဘုံ ညွှန်းပါဆိုသော် ယင်းတို့၏ ကိုယ်ကိုလျှင် ဘုံအဖြစ် ညွှန်းဆိုကြရပေ လိမ့်မည်။

လူတွင်လည်း လူဘုံလူကျွန်းညွှန်း စမ်းပါဆိုခဲ့သော်... မုချအားဖြင့်ကား ကိုယ့်ကိုပင် ကိုယ့်ဘုံအဖြစ် ညွှန်းရပေ လိမ့်မည်။

ပရိယာယ်အားဖြင့်အား...

လူသည် ဝန်းကျင်နှင့်ပတ်ဖွဲ့နေ လေ့ရှိရာ...၊

လူသည့် ကိုယ့်အမျိုး ကိုယ့်ဇာတ် ဖြင့်ကိုယ့်အရပ်သတ်မှတ်လေ့ရှိရာ...၊

လူသည် ကံချင်းတေ့၍ ကိုယ့် မိသားစုနှင့်ကိုယ် သက်ဆုံးတိုင်နေလေ့ ရှိရာ...၊

အိမ်တစ်အိမ်သည်လည်း ဘုံတစ် ဘုံအဖြစ် ညွှန်း၍ရ၏။ သည့်အတူ တိုင်း တစ်တိုင်း ပြည်တစ်ပြည်တို့သည်လည်း ဘုံတစ်ဘုံသတ်မှတ်ရ၏။ ကမ္ဘာကြီးကို ကား လူတို့ကမ္ဘာ ဤနေရာ ဆိုမိုးပြုကြ ၏။ သို့တစေလည်း ဤကမ္ဘာကြီးသည် လူတစ်မျိုးတည်း နေသည်မဟုတ်ပါ။ လူနှင့်အတူ ဘူတရုပ်ဖွား ဓာတ်ကောင် များအားလုံးပင်နေကြပါသည်။

ကောင်းက (ဆိုးက) ဖန်တီးတတ် သောလူကို မှီခိုနေကြရခြင်းကြောင့် သာ...

လူကြောင့် ကမ္ဘာဖြစ်၊ လူကြောင့် ကမ္ဘာပျက်သည်ကို မှီခိုနေကြရခြင်း ကြောင့်သာ... ဤကမ္ဘာ (ဤဘုံ) ကို လူဘုံဆိုရသော်လည်း စင်စစ်ဘုံသည် ဘုံဆိုင်အရာတည်ပါသည်။ ကံအဆင့် ဆင့်တို့ ပွင့်သစ်ရာဘုံလည်း ဖြစ်ပါသည်။

ဤဘုံသည်... ကံသစ်ကျင်း၍ ငါးသွင်းမွေးရာဘုံဖြစ်သည်။

သို့ဖြစ်ရာ...

ကံတူများလည်း ကံချင်းဆုံ ဘုံ တည်ထောင်ခွင့်ရကြ၏။

ကံကွဲများလည်း သန်ရာကံ တည်ဖန်ခွင့်ရကြ၏။

ကံပျိုးများလည်း ထင်ရာတိုး ပျိုးခွင့်ရနေကြ၏။ နတ်၊ ပြဟ္မာတို့ကဲ့သို့ ကံတူဆုံ ဘုံတည်တစ်မျိုးထွန်း မဟုတ် ချေ။ ငရဲ၊ ပြိတ္တာတို့ကဲ့သို့ ကံတူဆုံ ဘုံ ပေါ်တစ်ခုပေါက် မဟုတ်ချေ။

ဤလူ့ဘုံကား... ကံကွဲ၊ ကံတူ လူအချင်းချင်းလည်း အတူနေထိုင်ကြ ၏။ ကံနိမ့်၊ ကံမြင့် တိရစ္ဆာန်အဆင့်ဆင့် တို့နှင့်လည်း အတူနေထိုင်ကြရ၏။ သို့ နေထိုင်ကြရာတွင် လူသည် ဖို၊ မချင်း မိတ်ဖွဲ့မိလျှင် တစ်ရာသီစံမဟုတ်ချေ။ သေတစ်ပန်သက်တစ်ဆုံး ကံအညွှန်းတုံး သည့်တိုင် ပေါင်းသင်းရင်း သူဘဝ၊ ကိုယ် ဘဝအတွင်း ချင်းနှင်းဝင်ရောက် ရွှေ

www.burmeseclassic.com

လမ်း၊ ငွေလမ်းဖောက်ကြ၏။ တစ်ဖန် ပေါင်းရင်းဖော် သူကိုယ်ငံ့ခေါ်၊ ကိုယ့်သူငံ့ခေါ်လည်း အဖော်လုပ်ကြ၏။

သို့အပေါင်းအဖော်လုပ်ကြရာမှ ပင်... ကံတူထားရာအကြား လွှားဝင်လာသောသားများလည်း ဖွားမြင်လာကြရာ...၊ ကံတူ တူးကြရာထဲ သမီးများကပါ ဖွားမြင်လာကြရာ ... နှစ်ယောက်တစ်မျှော်အစား မိသားစုကမ္ဘာလေးဖြစ်သွားပြီ။

သည်နောက်... သားများကို ထောက် ခွေးမမျှားက သားသမီးများ ဖွားမြောက်လာကြပြန်၏။ သမီးများထောက် သမက်များကလည်း သားသမီးများ ဖွားမြောက်စေကြပြန်၏။ သားတို့ သမီးတို့ကဆစ် မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်တို့အထိ မျိုးခုနစ်ဆက် လက်ဆက်လာသောအခါ မိုးစုတစ်မိုးစု ထို အတူစုပေါင်းနေထိုင်ကြရာ လူဘုံခန်းဝါ ဘုံမြေကမ္ဘာ ဖြစ်တည်လာခဲ့ပြီ။

သို့ဖြင့် အရှေ့ကမ္ဘာ၊ အနောက်ကမ္ဘာ ပေါ် ထွန်းလာခဲ့ပြီ။ တစ်ဖန်... အထက်ကမ္ဘာအောက်ကမ္ဘာဟူ၍လည်း လူနေကမ္ဘာကွဲလာနေကြပြီ။

ရေ၊ မြေထ၍ ပွတက်လာသူများက အနောက်ကမ္ဘာ အောက်ကမ္ဘာမှာ ...။

လေ၊ မီးထု၍ ပုံတက်လေးများက အရှေ့ကမ္ဘာ အထက်ကမ္ဘာမှာ...။

ထိုစဉ် ... အနောက်သား၊ အောက်သားများက ရေ၊ မြေအခံတွင် လေ၊ မီးအရံပါဖြင့် အသက်ရှင်ခွင့်ရကြသောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ စသည်များ ဖံ့အားကြီးကြမည်။

တဏှာက အဆန်းမှအဆန်းသို့ ငန်းတိုက်တက်နေမည်။

မာနက အားချင်းပြိုင် အနိုင်ယူဖို့ ကြိုးစားပြမည်။

ဒိဋ္ဌိက ငါဖို့မှ ငါဖို့ချည်း တစ်ဘို့တည်း ထားပြမည်။

တစ်ဖန်... အရှေ့နေ အထက်နေများက လေ၊ မီးကအခံ ရေ၊ မြေကား အရံမျှဖြစ် ဒေါသ၊ ကြဿာ၊ မစ္ဆရိယများ အားကြီးကြမည်။ ထိုစဉ်...

ဒေါသကား ကိုယ့်ထက်သာ ချစ်ခြင်း မုန်းခြင်းထား သူတကာပြစ်မှားမည်။

ကြဿာကား ကိုယ့်ထက်သာ နောလိစိတ်အားကြီးမည်။

မစ္ဆရိယကား ကိုယ်လို သူများ တောင်းစားမည်ကို သဝန်တိုမည်။

သည်သို့ အရှေ့နှင့်အနောက် ဝါဒ ချင်းတူးပေါက်နေကြရာမှ တဏှာထန်မာန်တက် အရှက်မရှိဖြစ်လာကြတော့ရာ...၊ ဒေါသထန် မာန်ထောက် အကြောက်မရှိ ဖြစ်လာကြတော့ရာ ... ဘာဖြစ်ဖြစ် စိတ်ဖြင့်မောဟအဆိပ် မွန်ထွန်လာနေကြပြီ။ ထို့နှင့်အတူ -

သွေးပူ၊ လေပူလှန့် စိတ်တို့ ပူပျံလာနေကြပြီ။

သွေးပူ၊ လေပူလှုပ် စိတ်တို့ ရှေ့တိုးနောက်ဆုတ်ဖြစ်လာနေကြပြီ။

သွေးပူ၊ လေပူကြား ထိုစိတ်များ မျောပါသွားကြပြီ။

ယနေ့ အရှေ့ကမ္ဘာ၊ အနောက်ကမ္ဘာရှိ အမည်းနှင့်အဖြူတို့က (ယင်းကို) သရုပ်ဖော် ပြသနေကြပြီ။ ခရုစ်စပ်ပွဲကြီးများ နွဲပြီးဆဲဆဲဖြစ်နေကြပြီ။

အဖြူနှင့်အဆိုင် အပိုင်သွင်းကံကွင်း ဂိုးပေါင်းလန်

အဖြူသည် တီထွင်ခြင်းဖြင့် အားချင်းပြိုင်သောအခါ ...

အမည်းသည် သားတိုးသားဖောက်ဖြင့် အားချင်းဆိုင်လေရာ...

ကြားနေများ ကွဲနှစ်ကောင်ကြားက မြေစာပင်ဖြစ်ကြရပြီ။ ထိုစဉ်... တီထွင်ရှင်ဘက်က သိပ္ပံပညာ အမည်တပ်ဖြင့် အဆန်းမှအဆန်းသို့ ဆန်တက်လာသော တဏှာကံသတ္တိတို့ဖြင့် ကမ္ဘာကြီးကို လွှမ်းမိုးရန်ကြံ၏။

ကြံသောအတိုင်းလည်း တီထွင်သော ဂုဏ်ဟိတ်ခံဖြင့်လည်း သူတကာ အထင်ကြီးစေ၏။ အထင်ကြီးသူတိုင်းကို လည်း... ပစ္စည်းလက်ဆောင်ပေး၍လည်း အခြံရံမွေး၏။ ငွေလက်ဆောင်ပေး၍လည်း အခြံရံမွေး၏။ သွေးလက်ဆောင်ပေး၍လည်း အခြံရံမွေး၏။

သို့ဖြင့် ယနေ့ကမ္ဘာတွင် အဖြူဖွဲ့ကား သန်းတစ်သောင်းခြောက်ထောင် ကျော်လာပြီ။

သို့ လက်ဆောင်သုံးမျိုးတို့ဖြင့် သွေးတိုးစမ်းရာ၌... ဖိသတ္တဝါခွင်းဆိုက ပစ္စည်း၊ ငွေတို့ဖြင့် ကြည်ဖြူစေပြီး၊ မသတ္တဝါဖြစ်ပါက ပစ္စည်း၊ ငွေကြေး၊ သွေးတို့ဖြင့် အလိုတူစေ၏။

ပစ္စည်း၊ ငွေကြေးသည် ချည်တိုင်။ သွေးတိုးစမ်း သွေးသွမ်းဖွဲ့ခြင်းသည် လှုံ့ဆော်မှု။

မြန်မာမလေးများ ထိုတိုင်းပြည် ပြောင်းရွှေ့လိုက်ပါသွားရခြင်းများသည် ကြိုးထုံးရစ်ပတ်ထားရာ ချည်တိုင်ကား ဟိုမှာဖြစ်နေ၍၊ မြန်မာမလေးများ မိခင်တိုင်းပြည် ပြန်လာရင်းက ပြန်သွားခြင်းသည် တိုမှာစိုက်ထားသောလှုံ့ဆော်မှုတ်ချက်မပစ်နိုင်၍။

တစ်ဖန် ကံဘောလုံးကွင်းကြီးအတွင်း တစ်ဖက်နေ အမည်းသင်းကလည်း ဂိုးသွင်းခွင့်ကြဖန်ပြန်ရာ... သူကား ရွှေလက်မဲ့၊ ငွေလက်မဲ့ လူဆိုလူချည်းဖွဲ့၏။ သူကား တီထွင်ရှင် ဖန်ဆင်းရှင်မဟုတ်။ အရှက်ကြောက်မဲ့ကို ပွဲထုတ်၏။

သို့ဖြင့် မြန်မာတို့နေရာ မြေအနှံခြေဆန့်ကာ သွားလာကျက်စားနေကြ၏။ မျိုးခြားရိုးခြား ဘာသာခြားများဖြစ်သော မြန်မာတို့အကြား ရောနှောလိုက်ပါလျက်က နားတွင် စကားသွင်းအတွင်းလိုက်၏။

မြန်မာ့သွေး အားနာမှု ဦးစားပေး၏။

တစ်ဖန် ပခုံးတွင် လက်တို့ ထိညှိပြန်၏။ မြန်မာ့သွေး အရှက်ဦးစားပေး၏။

တစ်ဖန် ပခုံးလက်တို့၍မှု မယှဉ်မအန်မငြင်းဆန်ခဲ့သော်... ကျောပုတ်၊ ကျောကုပ်၍လည်း အရေးဆို၏။ ရှက်သဖြင့် ငုံခံဆဲ။ လက်ဆွဲ၊ ပါးလိမ်တို့ဖြင့် အတင့်ရဲလာ၏။ ရှက်သဖြင့် ငုံခံဆဲ...။ ကြာသော် ခံရာမှပေးသော အတွေးက လှုံ့ဆော်လိုက်သောအခါ မြန်မာမလေးများ ရှက်ရှက်ဖြင့် အမည်းနောက်လိုက်ပြေးသွားတော့သည်။

ထိုမြန်မာမလေးများ အမည်းတွေး အမည်းလေးများ မွေးပေးနေကြရပြီ။

ချည်တိုင်ကလည်း မြန်မာ့မြေ...၊

လှုံ့ဆော်ကလည်း မြန်မာ့မြေပေါ်တွင် ဝင်နေပြီးဖြစ်ခြင်းကြောင့်...

ဤမြန်မာမလေးများ အမည်းပြည် ခြေချစရာမလိုအပ်တော့ပါ။ ဤမြန်မာမလေးများ အဖိမြေ ကျောခိုင်းစရာလည်း မလိုအပ်တော့ပါ။ ကိုယ်မှနေဘိုးဘွားမြေ အမည်းလက် ဖွဲ့ဝေပေးလိုက်သည်။ သို့ဖြင့် ထိုအမည်းတို့ တိုင်းပြည်တိုင်းကိုဝင် မြင်သူတိုင်းကို နှုတ်အမျိုးဘာသာပြောင်းကူးပေးကြရာ... သူဘာသာဝင်ပေါင်း သန်းပေါင်းတစ်သောင်းသုံးထောင်ကျော်သွားပြီဆို၏။

အဖြူ အမည်းသွင်းဂိုးကား ပေါင်းလန်နေချေပြီ။

ရှေ့ဆက်လည်း အဘယ်ကွင်း အဘယ်မျှသွင်းနေကြဦးမည်မသိ။

www.burmeseclassic.com

အရှက်အကြောက်ဖြင့် ဖွဲ့စည်းထားသော ဘုန္တဘာသာ နောက်မှာကျန်ခဲ့ပြီ။ သူတစ်ပါး မည်ဉီးဆဲရေးဝါဒဖြင့် ဖွဲ့စည်းထားသည့် ဟိန္ဒူနာလန်မထူနိုင်ပြီ။

ထိုဆိုခဲ့ပြီး အထက်ပြန်ဒေါသ၊ အောက်ခံတရား အမည်း၊ အဖြူတို့ နေရာတွင်ကား. . .

အခွဲကြီးရာဘာသာသည် ချည်တိုင်အရာဝင်သည်။

ဆွဲအားရှိရာ ဖို့ မသည် လှုန်ငုတ် အရာဝင်သည်။

သို့ဖြင့် ထိုသူများ အသက်ထက်ဆုံး ကောင်းက်၊ ဆိုးက်များ အသုံးပြုကြရာ. . . ၊ တစ်ဖန် ကျန်လူသားအားလုံးတို့လည်း ကောင်းက်၊ ဆိုးက်များ ရှာဖွေသိမ်းထားကြရာ . . . ဤလူဘုံဝယ် ကံထုကြီးများ ကြီးမားစွာ ကျန်နေခဲ့ကြမည်။ အတွေးမှဖြစ်သောကံများ အချိန်နှင့်စက်၍ ထုနှင့်ထည်နှင့် စုဆောင်းမိကြ၏။ အပြောမှဖြစ်သောကံများ တစ်ဖက်နှင့်ကြဲတိုင်း ထုနှင့်ထည်နှင့် စုဆောင်းမိကြ၏။ အလုပ်မှဖြစ်သောကံသေး၊ ကြီးများ တစ်ဖက်နှင့်ဆုံတိုင်း ထုနှင့်ထည်နှင့် စုဆောင်းမိကြ၏။ အိပ်ချိန်မှတစ်ပါး ဤသုံးမျိုး တစ်မျိုးမျိုး ကြိုးစားစုဆောင်းမြဲ. . . ။

သို့ဆိုသော် . . . ဤမြေကမ္ဘာပေါ်ဝယ် လူတို့စုခဲ့ကြသော ကြဲ၊ ပြော၊ ပြု ကံရိက္ခာစုကား မည်မျှတင်ကျန်နေခဲ့လေမည်နည်း။ တိရစ္ဆာန်တို့စုခဲ့ကြသော ကြဲ၊ ပြော၊ ပြု ကံရိက္ခာစုလည်း မည်မျှတင်ကျန်နေခဲ့လေမည်နည်း။

ကံသည် စေတနာမည်၏။

ထိုစေတနာသည် သတ္တဝါတို့၏ မူလပိုင်ရှင်ဖြစ်၏။

ဘုံကား ချည်တိုင်၊ ဘဝကား လှုန်ငုတ်နေရာဝင်ယူ၏။

သတ္တဝါအားလုံးကား ဝန်ထုပ်မှတစ်ပါး အခြားနေရာမရကြပြီ. . . ။

ကံနှစ်ကံ ဈာန်သုံးမျိုး ဘုံပုန်းခိုးတူးနေသူများ

အထက်ကဆိုခဲ့ပြီးများကား. . . ဆုတ်ကမ္ဘာတွင် ဆုတ်သတ္တဝါ လူအဖြစ် (တိရစ္ဆာန်အဖြစ်) ဖြင့် ကံချင်းတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ နေခွင့်ရကို ဆိုညွှန်း၏။ ကံများနိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ အတူနေခွင့်ရကို ဆိုညွှန်းခဲ့၏။

ယခုကား. . . ကံချင်းဆုံမှ ဘုံပေါ်ရကို ဆိုလှည့်ဖြစ်တော့သည်။

သို့ဆိုရာ၌ ကံနှင့်အတူ ဈာန်ပါရောဖွင့်မည်ဖြစ်ရာ . . . ကံသည် ကောင်းက်၊ ဆိုးက် နှစ်မျိုးကွဲနေသည်ကို မှတ်ခဲ့။ ဈာန်သည် ရုပ်ဈာန်၊ နာမ်ဈာန်၊ နှစ်မျိုးဆန်ဈာန်ဟူ၍ သုံးမျိုးကွဲကို မှတ်ခဲ့။

သို့မှတ်ရာတွင် အောက်ပါတို့သည် ကံကွဲ၊ ဈာန်ကွဲခြင်းများ၏ အခြေခံအကြောင်းများပင် ဖြစ်ကြပါသည်။ ယင်းမှာ . . .

ဆုတ်ကမ္ဘာရှိ ဆုတ်သတ္တဝါများ၏ ဓာတ်အလေ့ ဓာတ်အကျင့် ဓာတ်ဝိညာဉ်များသည် ဓာတ်ခိုက်၍ ကြိုက်မိလျှင် မရဘရ အမွေသိမ်းပိုက်ရယူလေ့ရှိ၏။ ဓာတ်မခိုက်ရာက လိုက်ပါနေလျှင် တိုက်ထုတ်လေ့ အစဉ်အလာရှိ၏။ ဓာတ်ခိုက်၊ မခိုက် အားလုံးကို အဝိုက်ဝင်စီးသည့် အစဉ်အလာလည်းရှိ၏။

သို့ ကြိုးပမ်းခြင်းမှန်သမျှသည် . . . တစ်ဖက်က မကြည်ဖြူ သဘောမတူသည့် အမွေဖြစ်နေခြင်း၊ မိမိရှိအစွဲတွေးကဲ့ အတေးဖြင့် လိုက်လံတောင်းခံနေခြင်း၊ တစ်ဖက်တို့၏ အုတ်ပြန်ဒက်ခံရခြင်း စသည်များကြောင့် အောက်တန်းအကျဆုံး၊ ကိုယ်ပြိုးကိုယ်ပိုင်မရှိဆုံး၊ ချမ်းသာမှုမရှိဆုံးဖြစ်သောငရဲ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ရွာတို့သို့ ပို့အပ်ခြင်းခံရတော့ရာ ထိုကြိုးပမ်းမှုမှန်သမျှ ဆိုးက်များအဖြစ် သတ်မှတ်ကြရမြဲ. . . ။

တစ်ဖန်. . . ဘုရားပွင့်ခါနှင့်ကြုံနေ၍ ကုသိုလ်၊ အကုသိုလ်စွဲသိခြင်း၊ သူတော်ကောင်းများနှင့်ပေါင်းမိ၍ သူတော်ကောင်းကျင့်အတုလိုက်ခြင်း၊ မိမိ၌ပင် မေတ္တာ ကရုဏာ စသည့်အမြတ်ရစိတ် သိပ်ထားမိခြင်း စသည်များကြောင့် ကိုယ်တွက်ကို တစ်ဖက်သို့မှဝေပေးခြင်းဒါန၊

သူတွက်ကို ကိုယ့်ဘက်မှနေစောင့်စည်းပေးခြင်းသီလ၊

စိတ်မြတ်မျိုးထား ပွားသည်ထက် ပွားပေးနေခြင်းဘာဝနာ. . . ။

သို့ ကြိုးပမ်းခြင်းမှန်သမျှကလည်း . . . တစ်ဖက်နှင့်တစ်ဖက် ကြည်ဖြူသဘောတူနေကြခြင်း၊ သူထံရှိ အစွဲတွေးက အတေးဖြင့် လိုက်လံပေးဆပ်နေခြင်း၊ အလိုချင်းကူးစက် နှစ်ဖက်စလုံး အကြိုက်ဖက်နေခြင်း စသည်များကြောင့် အလယ်အလတ်လည်းကျ ကိုယ်ပြိုးကိုယ်ပိုင်ဘဝများဖြင့်လည်းနေကြရ၊ ချမ်းသာဆင်းရဲလည်း မျှတသော လူ၊ နတ်ဘုံတို့သို့ ခိုလှုံခွင့်ရကြတော့ရာ. . . ဤကြိုးပမ်းမှုမှန်သမျှက ကောင်းက်များအဖြစ် သတ်မှတ်ရလေမြဲ. . . ။

စိတ်အကြဲ ကိုယ်၊ နှုတ်တို့ဖြင့် ဖန်တီးခွင့်ရခြင်းများသည်က။

ကိုယ်၊ နှုတ်တို့အလုပ် စိတ်ဖြင့် ထုပ်ပိုးပေးထားခြင်းများလည်းက။

တစ်ဖန် ဆုတ်မဲ့ဘဝ အစွဲခန္ဓာများဖြင့် ပွားပြီးကံ (ဈာန်) အဖန်ဖန် ဝင်စား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာများဖြင့် ထုံမွမ်းနေကြရာတွင် . . . ရုပ်ပြစ်ကိုသာမြင်၊ နာမ်ကိုကား ချစ်ခင်နေသေးသူများ၊ နာမ်ပြစ်ကိုသာမြင် ရုပ်ကိုကား လွတ်တင်ထားလေသူများ၊ ရုပ်ရော နာမ်ပါ အသုံးချရဘဝ လုံးပါးမပါးစေရန် ဈာန်ပွားနေသူများ . . . ဆို ကြိုးပမ်းကြရာမှ သုံးဂိုဏ်းအဖြစ် ကွဲသွားကြ၏။ ယင်းတို့သည်. . . ကာမကြေး တစ်ဖက်မပေးသွင်းကြရသောကြောင့် အမြတ်ရသူများဆိုရ၏။ ကာမကြေးတစ်ဖက်သို့ အတေးဖြင့် တောင်းစရာမလိုသောကြောင့်လည်း အမြတ်ရသူများဆိုရ၏။ ယင်းတို့ လှုံရာဘုံကိုလည်း ပြဟ္မာဘုံဆိုရ၏။

အပြစ်ချင်းတန်း တောင်ခန်းအတွဝင်

အပါယ်ဟူသည် . . . **အယ** - ချမ်းသာခြင်းမှ၊ **အပ** - ကင်းလေသူများ . . . ၊ **အပ အယ (အပါယ)** - ကိုယ့်အလိုက္ခ ကိုယ်အစိုးမရသူတို့ စုနေရာများ . . . သို့ဆိုထားရာ အပါယ်ဘုံသားများလေးပွားတို့တွင် . . .

ငရဲဘုံသည် ဒုက္ခအရောက်ဆုံး၊ ကိုယ်ပိုင်ဘဝ အကင်းမဲ့ဆုံးဖြစ်ခြင်းကြောင့်. . . ကြီမ်ဒဏ်၊ ဌေဒဏ်၊ ထောင်ဒဏ် ဒဏ်ခံသုံးမျိုးတို့တွင် ထောင်ဒဏ်သည် ကြောက်စရာအကောင်းဆုံးဖြစ်နေ၍ ထောင်ဒဏ်က ထင်ရှား၏ပမာ . . . ဒုက္ခဘုံလေးမျိုးတွင်လည်း ငရဲဘုံထင်ရှားစေလို၍ ထိပ်ကထားဆိုသည်။

ထိုငရဲဘုံတွင်လည်း . . .

လူဘုံဝယ် လိမ်မှု၊ ခိုးမှု၊ မုဒိန်းမှု၊ လူသတ်မှု စသည် ကျူးလွန်သူများကို ပြစ်မှုတူရာချင်း တစ်ခန်းစီ တစ်ခန်းစီ ကန့်သတ် ထည့်သွင်းအထားခံရဘိသို့ . . . အဝီစိငရဲကြီးသည် အပြစ်အကြီးလေးဆုံးကြီးများ စုပေါင်းကျခံရာဘုံဖြစ်သဖြင့် အောက်ဆုံး၌ သွားရောက်ထားသည်နေ၏။

သားပြစ်ဟင်းတို့ကြီကျော်ချက်

www.burmeseclassic.com

www.burmeseclassic.com

ချက်ရာ၌ အလေးဆုံး အတုံးကြီးများ ဒယ်အိုးသို့ သွား၍ကပ် အပူလွန် ချိုး တပ်နေသည်ပမာဆင်၏။

ဤဘုံတွင် အပြစ်လေး၊ ပေါ့ချင်း မတူလျှင် ကျခွင့်မရကြပါ။ ကန့်သတ်။

ဤဘုံတွင် ဒုက္ခအကြီးဆုံး ရစရာ မကြုံ လှုံခွင့်မပြုပါ။ ကန့်သတ်။

သည့်အတူ အထက်အထက်ရှိ ငရဲဘုံစုများတွင်လည်း အပြစ်တို့၏ အကြီးအသေး၊ အလေးအပေါ့များ လိုက်၍လိုက်၍ တစ်ကန့်စီ တစ်သန့်စီ သွားရောက်ခံယူခွင့်ရကြရာ. . . အပြစ် အသေးဆုံးက အပေါ် ဆုံးမှာ ရှိပေလိမ့်မည်။

အိန္ဒိယပြည်ရှိ တလာဒါမြစ်သည် အပေါ် ဆုံးနေ ငရဲပြည်နှင့်စပ်နေသဖြင့် ရေများပူကျက်နေသောဟူ၏။

သည်သို့ ဘုံကန့်သတ်ဖြင့် အပြစ်ကျ အဆင့်ချင်းကွဲနေကြရာတွင် . . . ကံသတ္တိ၏ အလေးအပေါ်များအလိုက် စိုက်ကျသွားကြရခြင်းသာဖြစ်ကြရာ . . ကျောက်ခဲကြီး၊ သေး၊ လတ်များ ပစ်ချရာတွင်လည်းကောင်း၊ မြေခဲကြီး၊ သေး၊ လတ်များပစ်ချကြရာတွင်လည်းကောင်း၊ သည့်အတူ သစ်ကိုင်း၊ သစ်ရွက်ကြီးသေးများ လွှင့်ကျကြရာတွင် လည်းကောင်း၊ အလေးဆုံး၊ အကြီးဆုံးများက အရင်ဆုံးလည်း မြုပ်ကျကြမည်။ အောက်ဆုံး အပေါ် ဆုံးတို့၌သာ နားသက်ကြရတော့၏ပမာ. . . ။

အကျင့်တူ အဆင့်တူအများလုံးတို့၏ ကန့်သတ်ကြား အတူသွားနေကြရာတွင်လည်း. . . ဆိုင်ရာ ယမမင်းကြီး၏ အမိန့်ကြောင့်လည်းမဟုတ်ပါ။ ဆိုင်ရာ ငရဲထိန်းများ၏ ဖြားယောင်းမှုလည်း လုံးဝမပါပါ။ ဆိုင်ရာ ငရဲဝန်ထမ်းများ၏ လမ်းညွှန်မှုကြောင့်လည်း မဟုတ်ပါ။ အမှန်မှာ . . . မိမိအစွဲက ဆွဲခြင်းမှသာ။ မိမိ၏ ကြံ၊ ပြော၊ မြူ ပြစ်စုအားလုံး မှတ်တမ်းတင်ထားသော ကံထိန်းနတ်မင်းကြီးများ၏ဖြောင့်ချက်ဖြင့်စွဲချက် အထင်ခံရခြင်းမျှသာ။

ကံထိန်းသည် ဤနေရာ မဖြစ်မနေဝင်ပါရတော့မည်။

မသို၍ ကျူးလွန်နေသော တိရစ္ဆာန်များ၌သာ မောဟကံထိန်း နတ်သားတစ်ပါးမျှထားရှိသော်လည်း ဘာသာအလိုက် သိမှီနေကြသည့် လူများအတွက်ကား ကံနတ်သားများလှစွာ၏။ လူမျိုးအလိုက်ထားရှိသည့် ဥာဏ်ရှင်လူသားများအတွက် ကံနတ်သားအရေအတွက် များလှစွာ၏။ လူအသိ လူ၌ ရှိသူများအတွက်လည်း ကံနတ်သားအရေအတွက်များလှစွာ၏။

ကြိုက်စိတ်ဝင်သည်. . . ကြိုက်ကံများ ကြံ၊ ပြော၊ ပြုဖြင့် စုမိလိုက်ကြသည်။ ထိုစဉ် လောဘကံထိန်းနတ်သားကြီးက ဝင်ရှစ်ရင်းယူရပြီ။

တစ်ဖန် မုန်းစိတ်ကြီး ဟီးထွက်လာနေသည်. . . မကြိုက်ကံများကလည်း ကြံ၊ ပြော၊ ပြုဖြင့် စုမိလိုက်ကြသည်။ ထိုစဉ် ဒေါသကံထိန်း နတ်သားကြီးက ဝင်ရောက်စာရင်းကောက်တော့သည်။

သည့်အတူ . . . လူသားများ မောဟကံကျူးလွန်စဉ် မောဟကံထိန်း နတ်မှ တားမှတ်ထားရ၏။ တစ်ဖန် ထို အောက်ကျကံတို့၏ အကျိုးအပြစ်သိသူ လူသားသည်. . .

အလောဘအဖြစ် ကိုယ်ကျိုးစွန့်သူ သူအကျိုး မတွန့်မတို ပေးလျှဴရက်ရောနေ၏။

အဒေါသအဖြစ် သူကျိုးကို (တန်းတူထားစိတ်ဖြင့်) စောင့်စည်းပေးနေ၏။

အမောဟအဖြစ် အာရုံတည်လက္ခဏာမြင် စွာန်ယဉ်ဝင်စားနေပြန်၏။

ထိုအခါမျိုးများတွင်လည်း ကံတစ်ဝင် စာရင်းတစ်မျိုးတို့ဖြင့် . . .

အလောဘဖြင့် ကြံ၊ ပြော၊ ပြု စုဆောင်းပေးရသော ကံထိန်းနတ်သား . . . ၊

အဒေါသဖြင့် ကြံ၊ ပြော၊ ပြု စုဆောင်းပေးရသော ကံထိန်းနတ်သား . . . ၊

အမောဟဖြင့် ကြံ၊ ပြော၊ ပြု စုဆောင်းပေးရသော ကံထိန်းနတ်သား . . . ၊

လူတစ်ယောက် ကံထိန်းနတ်သား ၆-ပါးကျစီ စောင့်ရှောက်မည်။

ထိုနတ်များကလည်း ကိုယ့်ကံကိုယ်ထိန်း၍ လူတစ်ဦး ကံထိန်းကာလတွင်ကိုယ့်ဘုံဆီကိုယ်ခိုကြပေလိမ့်မည်။ ကံထိန်းနတ်များ အသီးသီး. . . သို့ ကံကြီး၊ ကံငယ်များပြုစုပြီးစီးသွားကြသော အခါ. . . လူတစ်ဦးလက်ရှိ လူဘဝကံများ တိမ်းပါးသွားလေပြီ။

ထိုစဉ် အောက်အောက်ကံထိန်း နတ်များက (အထက်ကံထိန်းနတ်များက) ရဟန္တာမထေရ်ကြီးတစ်ပါး၏ ခမည်းတော်ဖြစ်သူ မုဆိုးကြီးသေခါနီး အောက်နေငရဲရွာများဆီသို့ သွေထက်ငါ အပြုံင် ဆွဲဆောင်ဘိသို့လည်းကောင်း၊ တစ်ဖန် ဒုဋ္ဌဂါမဏိမင်းကြီး လွှဘဝမှ တိမ်းပါး အံ့ဆဲဆဲအခိုန်. . . နတ်ပြည်ခြောက်ရွာတို့က သွေထက်ငါအပြုံင် ဆွဲဆောင်ဘိကြသို့လည်းကောင်း . . .

ပထမပြုခဲ့ စုခဲ့ဖူးသော ကမ္မနိမိတ်ကို ပုံပြ၍ ညွှတ်စေ၏။

ဒုတိယ စံစား၊ ခံစားရမည့် ဂတိနိမိတ်ကို ပုံပြ၍လှုယက်ကြ၏။

သို့ဖြင့် ကံပြုစုသူ ထိုလူသားလက်သာရာ (အစွဲသာရာ) ကံထိန်းနတ်၏လက်ဝဂ္ဂက်အပ်ရပြီ။

ဓာတ်ငွေ့နှင့် ဓာတ်သွေး၊ ဓာတ်ဥာဉ်တို့ ကံစဉ်က အခိုန်ပြည့်။

လူစိတ်ဝင် အဝါသွေး၊ အဖြူဥာဉ်တို့ ကံစဉ်ကား ကြိုးကြားကြိုးကြား . . . ။ ဤကား ကံဆိုး၊ ကံကောင်းဖန် ကံနှစ်ကံတို့၏ လွှတ်ထုံးနှင့် လွှတ်ရုံးများ။

ဒုစ္စာန်သုံးမျိုး မိုးတက်နေ အသေအလွှတ်

ကံအဝင် စွာန်ဆင့် အမြတ်ကံအဖြစ်မြင့်တင်ပေးရာ၌ကား. . . ချုပက်၊ အရှုပက်၊ အသည်းသတ်ကံဟူ၍ စွာန်ဖြစ် ကံသုံးမျိုး. . . ။

ထိုစဉ်. . . စွာန်သည်. . .

အာရမ္မဏူပစ္စာန် - အာရုံတစ်ခုတည်းတည်ရုံမျှ ဝင်စားခြင်းကတစ်မျိုး။

လက္ခဏူပစ္စာန် - အာရုံရှင်၏ လက္ခဏာများအထိ ဝင်စားခြင်းက တစ်မျိုး။

သို့ နှစ်မျိုးကွဲ၍နေချေရာ ဤဗြဟ္မာဖြစ်စွာန်ကား အာရမ္မဏူပစ္စာန် အသင်း၌ စာရင်းဝင်ပြီး အချို့ကား ပထမစွာန်မျှသာ ဝင်စားနိုင်စွမ်းရှိကြ၏။ အချို့ ဒု၊ အချို့ တ၊ အချို့ စတုတ္ထအထိ တက်ရောက်ဝင်စားနိုင်ကြ၏။ သို့ဖြင့် စွာန်ရပုဂ္ဂိုလ်များ အဆင့်ချင်း ကွဲပြားလာကြ၏။

တစ်ဖန်. . . သည်သို့ ကံသခင်ကိုယ်ထွင်စိတ်ဖြင့် ပွဲတင်ရာတွင် စွာန်ဝင်စားရာ၌ စတုတ္ထအဆင့်အထိ ခရီးပွင့်ချိန်. . . အများစုကား ချုပ်ကိုရော နာမ်ကိုပါ သိမ်းကျုံးရှုစားစေကြ၏။

သွေးနောက် လှည့်ပါနေကြသည့် ဓာတ်ဥာဉ်များ အတွေးဖြင့်အဝင်မခံဘဲ အတိုက်အခံများအထိ မလွတ်တမ်းကြည့်ပေးနေကြ၏။ အတွေ့နှင့် အတွေးများ၏အသိ မလွတ်တမ်းဖျင်ပေးနေကြ၏။ သို့ကြောင့် ဥာဉ်ငွေ့လိုက် သွေးများ ဖြူစင်ဝင်းပလာနေ၏။

ထိုစဉ်. . . ကြိုက်တွေးစင်ကြယ်မှု

www.burmeseclassic.com

www.burmeseclassic.com

သွေးတွင် အနီရောင်များမပါဝင်တော့။
ဒဲ့ကွေးစင်ရာမှ သွေးတွင် အမည်းများလည်း မပါဝင်တော့။
ထွေးများစင်ရာမှ သွေးတွင် အခဲများလည်း မပါဝင်တော့။
ထိုသုံးမျိုးတို့အစား (သွေးလှည့်တတ်သွားရာတွင်) ကြည်ရွှင်သွက်နေသည့် အဝါရောင်စဉ်များက လိုက်ပါနေမည် (သဒ္ဒါ)။ လင်းလက်တောက်ပနေသည့် အနီရောင်စဉ်များက လိုက်ပါနေမည် (ပညာ)။ အနီထဲ အမှောင်တွဲနေသည့် ဝေဝဲရောင်စဉ်များက လိုက်ပါနေကြမည်(ဝိတက်)။ ကိုယ်တော်အောင်သူကောင်း ကောင်းမည့်အစား။ သူတော်ရန် ကိုယ်ကောင်း ကောင်းပေးမည်။ အယဉ်သွေးများတည်း။

သို့ အဲတွေးခလောက်သမြှင့် သွေးများနောက်ကျသွားခြင်း၊ ဆူပွက်သွားခြင်း၊ အပူစွက်သဖြင့် ပုံ့တက်သွားခြင်းများကို သတိဖြင့် အတွေးကိုထိန်း၊ အသိဖြင့် စိတ်အငြိမ်းပေးလိုက်သော အခါ ယင်းတို့၏ တန်ပြန်စိတ်ငြိမ်၍ သွေးငြိမ်လာခြင်း၊ သွေးငြိမ့် သွေးကြည်ပေါ် ထွက်လာခြင်း၊ သွေးကြည်မှီ စိတ်လည်းတည်ကြည်လာလေရာ. . . ဖုံးနေသော သဒ္ဒါ၊ ပညာ၊ ဝိတက်ရောင်စဉ်များ ပေါ်လွင်လာခဲ့ပြီ။ ဘဝဆက်၍ ဖြည့်ကြက်လာခဲ့သော ပါရမီစဉ်များလည်း ပေါ်တင်လာခဲ့ပြီ။

သည်နေရာ အာရုံတစ်ခုတည် စွာန်များပွားခွင့်သာစေသည်။

ပွားခွင့်သာသလောက်လည်း. . . ရုပ်တွင် နာမ်စုစွာန်ယဉ်များပြုစုနေကြပြီ။ တစ်ဖန် နာမ်တွင် ရုပ်စု၊ စွာန်ယဉ်များပြုစုနေကြသည်။ သို့ဖြင့် ရုပ်ရော နာမ်ပါ မကွာမကွေပါစေသော စွာန်အဖြစ်ရောက်တော့ရာ. . . ဤလွှဲဘဝက တိမ်းပါးအထက်တက် ဘဝ်ဘုံအထိ သွားခွင့်သာစေပြီ။

ထိုစဉ်. . . ပထမစွာန်ပိုင်ရှင်များက ပထမစွာန်ဘုံတွင် ဆုံနေကြ. . . ။ သည့်အတူ. . . ဒု၊ တ၊ စတုတ္ထစွာန်ပိုင်းများလည်း မိမိတို့ အဆင့်တူရာဘုံဆုံနေကြ။ ထိုစဉ် ပထမစွာန်ပိုင်ရှင်များက ပထမစွာန်သားချင်းကွင်း၍ အထက်ရှိ ဒု၊ တ၊ စတုတ္ထဆိုင်ရာဘုံများသို့ တက်ရောက်ခိုလှုံခွင့်မရကိသို့. . . ၊ အထက်စွာန်ပိုင်ရှင်များကလည်း အောက်ရှိ စွာန်ဘုံများ၌ ချန်နေရစ်၍မရချေ။ အငွေ့ပုံ သန့်ရာဘုက် ဆက်တက်ပေးရမည်သား။

လေသွင်းပေးထားသည့် ပူစီပေါင်း အကြိုးအသေးများကို ကြိုးမှပြုလေသို့ လေသို့ လွှတ်တင်ပေးရာ၌ အတွင်းထည့်လေအား၏ တွန်းကန်ခြင်း အပြင်နေ လေထုကို ဖောက်ထွက်အား ပါခြင်းများ ကိုယ်စီရှိကြရာတွင် အကြိုးဆုံး လေပူစီဖောင်း (မိုးပျံပူဖောင်း) က အများတက်အားသာ အမြင့်ဆုံးအထိ ထိုးဖောက် တက်နိုင်စွမ်းရှိ၏ပမာ. . . စတုတ္ထစွာန်ပိုင်ရှင်အားလုံးက စတုတ္ထနေရာ၌ တညီတညွတ်ကြမည်။ တတိယနှင့် ကျန်အားလုံး သူတို့အားဆုံးရာ၌ တညီတညွတ်ရပ်နားရစ်ကြမည်။ အားကြီးများကလည်း အားရှိန်သတ်၍ အောက်၌ပင် ရပ်မနေကြပါ။ အားငယ်များကလည်း ဝန်ရွန်း၍ အထက်မတက်နိုင်ကြပါ။

သို့ဖြင့် ပထမစွာန်အဆင့်အဆင့် တူများအတွက်က သုံးဘုံ။

ဒုတိယအဆင့် အကျင့်တူများ အတွက်လည်း သုံးဘုံ။

တတိယအဆင့် အကျင့်တူများ အတွက်ကား လေးဘုံ။

စတုတ္ထအဆင့် အကျင့်တူများ အတွက်ကား ငါးဘုံ။

ဤတစ်ဆယ့်ငါးဘုံတို့၌ အကျင့်တူ အဆင့်တူချင်း အတူနေထိုင်ကြမည်။ ယင်းတစ်ဆယ့်ငါးဘုံတို့ကို ရှုပ (ရုပ်၊ နာမ်စုံ) ဘုံဟု ခေါ်ရိုးပြုကြသည်။

စတုတ္ထငါးဘုံကား အာရုပ္ပဈာပ စွာန်အပြင် လက္ခဏာပစွာန်ပါဝင်စားကြရာမှ အနာဂါမိအဆင့်ရ ဌပ္ပာကြီးများ သီးသန့်နေထိုင်ရာဘုံများဖြစ်ကြပြီး၊ တစ်ဆင့်ပြီးမှတစ်ဆင့် လွှင့်ထူတက်ကြရမြဲဖြစ်သည်။ ရုပ်ရော နာမ်ပါ ဘက်စုံအသုံးချ၍ မြတ်ဘဝသို့ အဆင့်ဆင့် ရောက်ကြရ၊ ရကြရသော ဌပ္ပာကြီးများပင်။

❑ ရုပ်ရှိလို့သာပါ၊ ရုပ်မပါ အဆာလွတ်မှာ သေချာပင်

တစ်ဖန် ရုပ်ကြီးကိုသာ အပြစ်မြင်နာမ်ကိုကား အားကိုးမြဲ အားကိုးချင်နေသော လူတစ်စုကား. . . ရုပ်ဖောက်ပြန်မှုကိုသာ ဉာဏ်တင်ရှုကြ၏။ ရုပ်ကပေးသည့် ဒုက္ခစုကိုသာ အပြစ်ရှုကြ၏။ ထိုစဉ် ခဏနေ ဆာပါသည်ဆို၍ ထ,ရှာဖွေကျွေးမွေးရ၏။ ခဏနေ အစာဟောင်း စွန့်ချချင်ပြန်သည်ဆို၍ ထ,ပို့ပေးရပြန်သည်။

သည့်အတူ ခဏနေ ပူအိုက်လှချည့် ခဏနေ ချမ်းလှချည့် စသည်ဖြင့် ခဏပြီးခဏများတွင် တစ်ခုပြီးတစ်ခု ပြုစုပေးနေရသည်ကို တွေ့လာရ၏။ နီးထလာသည်မှ ပြန်မအိပ်မီအတွင်း အမျိုးမျိုး တည်ခင်းပေးနေရသည်ကိုပါ တွေ့လာရ၏။ တစ်နေ့လည်းမဟုတ်။ တစ်လလည်းမဟုတ်။ လများလည်ပတ်နေသည်ရှေ့။ တစ်နှစ်လည်းမဟုတ်။ နှစ်နှစ်လည်းမဟုတ်။ နှစ်များကုန်ဆုံးနေသည်ရှေ့။ သည်ထက်မက အသက်များကုန်ဆုံးသွားသည့်တိုင် (သို့) နောင်နောင်ဘဝ ရုပ်လုံးကြွဘဝများ ထပ်ပြီးထပ်ကျော့ရလာလေတိုင်း. . . ရုပ်ခိုင်းသမျှ ရုပ်ခိုင်းသမျှ ထိန်းကျောင်းပေးရဦးမည် အထိ အပြစ်မြင်လာနေကြ၏။

သို့ဖြင့် အာရုံတစ်ချက်ထိုး စိတ်စိုးမိုးရန် ကျင့်နေကြရာ. . . ကံရှင်မှ စွာန်ရှင်များဖြစ်ခွင့်ရလာကြပြီ။ ထိုစဉ် ကံမဝင်စားခြင်းကြောင့် တစ်ဖက်ကံရှင်၏ အကြွေးပေးစရာကား မလိုပါ။ မိမိရုပ်ကိုလည်း အပြစ်၍ မိမိရုပ်ပြုစုရန်လည်း ပါမလာခဲ့ပါ။ ပါလာခဲ့သည်များကား မိမိတို့ယူထားသည့် အရှုပစွာန်အဆင့်မျှသာ။

ယင်းတို့သည် ပဉ္စမစွာန်ဘုံများဖြစ်ကြသော ရုပ်မဲ့နာမ်လေးဘုံတို့၌သာ. . . မိမိတို့ အဆင့်တူရာချင်း ကွင်းလှည့်နေကြရာ သူရှိသည် ငါမမြင်၊ ငါရှိသည် သူမမြင် ဖြစ်ကြရပြီ။ မည်သူအရင်ရောက်၊ မရောက် တီးခေါက်စရာလည်း ပါမလာကြပြီ။

သို့ သူချင်း ကိုယ်ချင်း မမြင်ရ၊ နာမ်သက်သက်မှ ရကြရသော်မှလည်း ရေခိုး မြေခိုးများ၏ ပင့်တင်အားကြောင့် လွှင့်တက်သွားကြသောလေခိုးများသည် အားအရှိတိုင်း ထိုးရှ်ထိုးရှ်တက်ကြရာ၌ အားရှိချင်းတူရာအတိုင်းသာ ကောင်းကင်ဝယ်တည်နေကြဘိသို့ အာကာသစွာန်ရှင်က အထက်နေဝသညာဘက် ဆက်မထွက်တော့ပါ။ နေဝသညာစွာန်ရှင်ကလည်း အစအဆာသဒ္ဓရုပ်မနေပါ။ စွာန်ချင်းတူခဲ့လျှင် တစ်ပြိုင်တည်း အတည်တူသွားရသည်။ စွာန်ချင်းကွဲခဲ့လျှင် တစ်ပြိုင်စီ အတည်မတူသွားကြမည်။

ရုပ်သက်မဆန် နာမ်သက်ချည်းသက်သက်ဆိုသဖြင့် လွှင့်လိုရာလွှင့်တက်ချင်ရာတက်မဟုတ်။ မွေနိုယာမက ထိန်းချုပ်ထားပြီ။

(အက်ရုန်)

မဟာဖောဓိမြို့ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ဆီက ကျွန်တော်သည် မိုးညှင်းတောရဆရာတော်ဘုရားကြီး စီရင်သည့် 'လန်ဒန်ပုစ္ဆာမဟာဝိဇ္ဇာခရေကျမ်း' ကို ဖတ်နေပါသည်။ ထိုသို့ဖတ်နေစဉ် လာနေကျ ဓမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ဓမ္မမိတ်ဆွေသည် ကျွန်တော်ထိုင်နေသောတန်းလျားတွင် ဝင်ထိုင်မိသည်နှင့် ဤသို့ စကားစပါသည်။

"ဘာတွေဖတ်နေလဲဆရာရဲ့"

"မိုးညှင်းဆရာတော်ဘုရားကြီး စီရင်တဲ့ လန်ဒန်ပုစ္ဆာမဟာဝိဇ္ဇာခရေကျမ်း ပါဗျာ။မိတ်ဆွေတစ်ဦးက မိုးညှင်းတောရဆရာတော်ဘုရားကြီးမိန့်ကြားတော်မူတဲ့ မေတ္တာပွားလို့ အန္တရာယ်ကင်းပုံသိချင်တယ်လို့ပြောလို့ စာအုပ်ကိုရှာပြီး ပြန်ဖတ်နေတာပါ"

"ကျွန်တော်လည်း သိချင်လိုက်တာ ဆရာ"

"သိချင်တယ်ဆိုရင် ပြောပြရမှာပေါ့ဗျ။ မိုးညှင်းတောရဆရာတော်ဘုရားကြီးက မေတ္တာပွားလို့ အန္တရာယ်ကင်းပုံနဲ့ပတ်သက်လို့ စာတွေ့ရော ငါတွေ့ပါရှင်းပြထားတယ်ဗျ"

"ဆရာတော်ဘုရားကြီးရဲ့ငါတွေ့ဘေးကင်းပုံကို နာပါရစေဗျာ"



မြဝင်း(ဒဿန)

တန်ခိုးကြီးရာ ပွားမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

"နာခြင်တယ်လို့ဆိုတော့ ဖတ်ပြပါ့မယ်"

(ကျွန်တော်သည် လန်ဒန်ပုဒ္ဓာမဟာဝိဇ္ဇာရေကျမ်းကိုလှန်၍ မိုးညှင်းဆရာတော်ဘုရားကြီး၏ ငါတွေ့ဝတ္ထုကို ဆက်ပြောပါသည်။)

၁ ငါတွေ့ဝတ္ထုသောကင်းမှ

ငါတွေ့လက်တွေ့အန္တရာယ်ကင်းကြုံကား ၁၉၄၂ ခုနှစ် ဂျပန်များဝင်လာသောအခါ မိုးညှင်းတိုက်ကြီးကိုဝိုင်း၍ အင်္ဂလိပ် ၄၆၀၀ - တပ်ကြီးချလာ၏။ ထိုအခါ ထိုဂျပန်တပ်ကြီးက ပုန်း၊ အမြောက်၊ စက်သေနတ်အမျိုးမျိုးပစ်ခတ်သဖြင့် မိုးညှင်းတိုက်ကြီးကို မခြင်ကြရဘဲ မီးခိုးလုံးကြီးကိုသာ မြင်ကြရတော့၏။ ငါတို့ကလည်း ရှေးအတိုင်း ပုန်းကျင်းမတူးကြနှင့်။ မေတ္တာပုန်းကျင်းမှာသာ ပုန်းအောင်းကြဟု ပြောဟောသား၏။ ငါတို့ကိုယ်တိုင်ကလည်း အဝေရာ ဟောန္တု ဟူသော မေတ္တာကိုပွားနေ၏။ အဝေရာ - ရန်မရှိ ဆိုသည်ကား အပရန်နှင့် မိမိတို့အတွင်းက မကောင်းမှုရန် ဤ (၂) ပါး လုံးတို့မှ မိမိ၊ သူတစ်ပါး (၂) ဦးစလုံးတို့ကင်းကြပါစေ၊ ကင်းကြပါစေဟု မိမိတို့တိုက်သားစုနှင့် တိုက်ခိုက်လာသော သူတစ်ပါးစုတို့ကို ဉာဏ်ဖြင့်မိမိပြန်ပြန်ကြည့်၍ သိရှိပွားများအားထုတ်ကြသည့်အတွက်နှင့် သမ္မဒွေကပ်ကျော်ဘုရားရတနာ (၃) ပါး ဆရာသမားတို့ကျေးဇူးကြောင့် မိုးညှင်းတိုက်တွင်းရှိ လူ (၁၀၀၀) တို့သာမက ကြက်၊ ငှက်၊ ခွေးတိရစ္ဆာန်တို့ပါ တစ်စုံတစ်ခုမျှ အထိအခိုက်မရှိကြရသည်တို့ကား ထို မေတ္တာတို့၏ အကျိုးအာနိသံသတို့ပေတည်းဟု သိကြပါလေ။

၁ သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်။

"မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ ငါတွေ့ဝတ္ထုကိုကြားရတော့ မေတ္တာပွားခြင်းရဲ့အကျိုးအင်မတန်ကြီးတယ်ဆိုတာ သင်္ချာပါပြီဗျာ"

"အကြောင်းတိုက်ဆိုင်တုန်း မိတ်ဆွေတို့ဖတ်ပြစရာရှိသေးတယ်"

"ဘာများလဲဗျာ"

"ဆရာတော်ဘုရားကြီးက ဒီစာအုပ်ထဲမှာ တန်ခိုးကြီးအောင် မေတ္တာကို ဘယ်လိုပွားရမယ်ဆိုတာ ရေးပြထားတယ်ဗျ။ အဲဒါကိုဖတ်ပြမလို့ပါ"

"ပွားရမယ့်ကျင့်စဉ်လား"

"ကျင့်စဉ်ပေါ့ဗျာ"

"ဖတ်ပြပါဗျာ၊ ကျင့်စဉ်ဆိုတာနဲ့ ကျွန်တော်ကသိချင်လှပါပြီ"

၁ တန်ခိုးကြီးရာပွားမေတ္တာ

မိမိတို့ဩဇာအာဏာစူးယှဉ်အောင် နေ့စဉ်လည်း မေတ္တာပွားများအားထုတ်ကြရန်ကား မိမိအိမ်တွင်းရှိ လူ၊ နတ်၊ သတ္တဝါရှိရှိသမျှတို့ကို ဉာဏ်နှင့်မီအောင်၊ သိအောင် ဖမ်းပြီးမှသာ မေတ္တာပွားရန်ကား တို့တစ်အိမ်လုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေဟု (၁၀၈) လုံးရှိ ပုတီး (၁၀) ပတ် စိတ်ပါ။

တဖန် မိမိတို့ရွာတွင်းရှိ သတ္တဝါတို့ကို ပို့ကုန်အုပ်သကဲ့သို့ ဉာဏ်နှင့်မီအောင်အုပ်ပြီးမှပွားရန်ကား တို့တစ်ရွာလုံးချမ်းသာကြပါစေ၊ ချမ်းသာကြပါစေဟု ပုတီး (၁၀) ပတ်စိတ်ပါ။

တဖန် မိမိတို့တိုင်းပြည်အတွင်းရှိသမျှ သတ္တဝါတို့ကိုလည်း ဉာဏ်ဖြင့်မီအောင်၊ သိအောင်ဖမ်းပြီးမှ တို့တစ်ပြည်လုံး ချမ်းသာကြပါစေ၊ ချမ်းသာပါစေဟု ပုတီး (၁၀) ပတ်စိတ်။

ဤ (၃) ဌာနတို့ကို နေ့စဉ်ပုတီးစိပ်သွားပါမူ လူနတ်ချစ်ခင်ခြင်း၊ နတ်များ အစောင့်အရှောက်ရကြ၍ ကြဲတိုင်းအောင် ဆောင်တိုင်းမြောက်ခြင်း၊ ရည်မှန်း၍ ပွားသမျှ မေတ္တာပို့ ရူးယှင်ခြင်းစသော တန်ခိုးကြီးများလာနိုင်သောကြောင့် မပြတ်မေတ္တာပွားကြပါလေ။

၁ သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်။

"အင်မတန် တန်ခိုးကြီးများတဲ့ ကျင့်စဉ်ပါဗျာ။ ဌာန (၃) ခုကို နေ့စဉ် မေတ္တာပွားရမယ်။ ကိုယ့်အိမ်၊ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည် (၁) ဌာန ပုတီး (၁၀) ပတ်၊ တစ်နေ့ ပုတီးအပတ် (၃၀) စိပ်ရမှာဗျ။ လွယ်တော့မလွယ်ဘူးဗျ"

"တန်ခိုးကြီးချင်တယ်၊ ဩဇာရှိချင်တယ်ဆိုရင်တော့ ကြိုးစားပြီးစိပ်ရမှာပေါ့ဗျာ။ ဆရာတော်ဘုရားကြီးမိန့်ကြားထားတာက အဲဒီလိုမေတ္တာပွားရင် နတ်၊ လူအပေါင်းက ချစ်ခင်မယ်။ နတ်၊ လူအပေါင်းက စောင့်ရှောက်မယ်။ အဲဒီတော့ တန်ခိုးကြီးပြီပေါ့ဗျာ။ အကြောင်းတိုက်ဆိုင်တုန်း ဖတ်ပြစရာရှိသေးတယ်။ ဆရာတော်ဘုရားကြီးက မေတ္တာပွားပြီးရင် အမျှဝေရမတဲ့။ အမျှဝေတာနဲ့ ပတ်သက်လို့လည်း ဒီစာအုပ်ထဲမှာရေးထားတယ်။ 'အန္တရာယ်ကင်းစေ အမျှဝေ' တဲ့"

"တစ်မူထူးကဲ့အမျှဝေပဲဗျ။ ဖတ်ပြပါဗျာ"

၁ အန္တရာယ်ကင်းစေအမျှဝေ

ရှေ့က မေတ္တာပွားရန် ပြခဲ့တိုင်းသွားလိုရာအရပ်၊ ပြုလိုရာအမှု စသည်တို့နှင့်စပ်သမျှတို့ကို မေတ္တာလည်းပွား၊ အမျှလည်းပေးဝေရန်၊ အမျှဝေကြီးတို့ကား -

ငါတို့သည် ပြုအပ်ကုန်ပြီးသောကုသိုလ်ကောင်းမှုအဘို့တို့ကို ဤအရပ်တို့၌ငင်း၊ ခပ်သိမ်းသောအရပ်ဆယ်မျက်နှာတို့၌ငင်း၊ တည်ရှိတော်မူကြကုန်သော ခပ်သိမ်းကုန်သော အစိုးရ အစောင့်အရှောက် သူတော်ကောင်းအစရှိကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား အထူးသဖြင့် အမျှပေးဝေပါကုန်၏။ (၃-ခါဝေ)အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ကောင်းမှုအဘို့ကို အမျှရကြ၍ ချမ်းသာကြသည်ဖြစ်စေသော်။

ကျွန်ုပ်တို့အားလည်း အထူးသဖြင့် စောင့်မကြည့်ရှုခွင့်ပြုနည်းပေးတော်မူကြပါစေကုန်သတည်း။ ။ ဟု အမျှဝေ၍ သွားလာလုပ်ကိုင်ကြပါလေ။ ဤအမျှဝေကြီးကိုမဝေအားပါမူ ငါတို့ကုသိုလ်အဘို့ကို အမျှဝေပါကုန်၏ဟု ရည်မှန်း၍ အမျှဝေကြပါလေ။ လွန်စွာခန့်ရောက်လှ၏တဲ့။

"ကျွန်တော်တို့က အမျှဝေတဲ့အခါ ကုသိုလ်အမျှယူတော်မူကြပါကုန်လော့လို့ပဲ အမျှဝေကြပါတယ်။ ဆရာတော်ကြီးရဲ့ အမျှဝေနည်းကတော့ အင်မတန်ပြည့်စုံတဲ့အမျှဝေနည်းပါ"

"ဆရာတော်ကြီးက ကျွန်တော်တို့သဘောကို သိပုံပေါ် ပါတယ်။ ကျွန်တော်တို့က အတိုနည်းကိုကြိုက်တယ်မဟုတ်လား။ ဒါကြောင့်မို့ အမျှဝေအရှည်ကိုမလုပ်နိုင်ရင် ငါတို့အဘို့ကို အမျှဝေပါ၏လို့ ရည်မှန်းပြီး အမျှဝေပါလို့မှာခဲ့ပါတယ်"

"ကျေးဇူးပါဗျာ။ မိတ်ဆွေဆီလာရတာအကျိုးရှိပါတယ်။ ဆရာတော်ဘုရားကြီးမိန့်မှာသလို ဌာန(၃)ခုကိုတော့ ပုတီး (၁၀) ပတ်စီ ကြိုးစားစိပ်ကြည့်မယ်ဗျာ"

ထိုသို့ပြောပြီးနောက် ဓမ္မမိတ်ဆွေသည် ဝမ်းမြောက်ဝမ်းသာပြန်သွားပါသတည်း။

မြဝင်း (ဒဿနာ)

www.burmeseclassic.com

www.burmeseclassic.com

(အိုက်ထစ်)

ဆရာဦးဝိန်လှိုင်

ချစ်မျက်ရည်

ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ် လူငယ်လူရွယ်များအတွက် ဘာသာရေးဗဟုသုတ တိုးပွားသိရှိစိမ့်သောဌာန ရည်ညွှန်းပါသည်။

❑

ချစ်ခြင်းမှလွတ်ကင်းလျှင်

❑ ချစ်ခြင်းကြောင့် သောကဖြစ်ရ၏၊ ချစ်ခြင်းကြောင့် ဘေးတွေ့ရ၏၊ ချစ်ခြင်းမှ လွတ်ကင်းသူမှာ သောကဖြစ်ရတော့မည် မဟုတ်၊ ဘေးတွေ့မှုကား၊ အဘယ်မှာရှိတော့မည်နည်း။

[ဓမ္မပဒ-ပိယဝဂ်]

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သူကြွယ်တစ်ယောက်သည် မြတ်စွာဘုရားထံသို့ ဆည်းကပ်လာလေ၏။ ထိုသူကြွယ်သည် သူ့အလွန်ချစ်လှစွာသော တစ်ဦးတည်းသောသား သေဆုံးသွားသောကြောင့် ထမင်းမစား၊ အလုပ်မလုပ်တော့ဘဲ နေ့စဉ် သုသာန်သို့သွားပြီး ငိုကြွေးနေသည်။

မြတ်ဘုရားရှင်ထံသို့ ရောက်ရှိလာသည့်အခါ ဘုရားရှင်က -

"သူကြွယ်၊ သင်သည် ငေးကြောင်ကြောင်ဖြစ်နေပါတိ။ သင်၏ မျက်စိစသည့် ဣန္ဒြေတို့သည် ဖောက်ပြန်နေပါတကား"

ဟု မိန့်တော်မူရာ သူကြွယ်က -

"ရှင်တော်မြတ်ဘုရား၊ တပည့်တော်၏ မျက်စိ စသော ဣန္ဒြေတို့မှာ အဘယ်မှာလျှင် မဖောက်ပြန်ဘဲနေပါမည်နည်း။ တပည့်တော်အလွန်ချစ်မြတ်နိုးသည့် တစ်ဦးတည်းသောသား သည် သေဆုံးသွားပါသောကြောင့် တပည့်တော်မှာ အလုပ်လုပ်ချင်လို သောစိတ်လည်းမရှိ ထမင်းစားလိုသော စိတ်လည်းမရှိတော့ဘဲ သုသာန်သို့သာ သွားပြီး ငိုကြွေးနေခဲ့ပါသည် ဘုရား"

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်က -

"သူကြွယ်၊ သည်အပူမျိုးသည် သည်အတိုင်းပင်ဖြစ်ပေသည်။ သူကြွယ် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ပြင်းထန်စွာ ပူပန်ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့သည် ချစ်ခြင်းကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ဖြစ်ပေါ်လာပေသည်"

ဟု မိန့်တော်မူ၏။

ထို့သို့ ရှင်တော်မြတ်ဘုရားက မိန့်တော်မူသည့်အခါ သူကြွယ်က -

"အရှင်ဘုရား၊ ဤကဲ့သို့ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်၏။ ချစ်ခြင်းကစ၍ ဖြစ်လာရသည်ဟု အဘယ်သူအား ဖြစ်လာသည် ဟူ၍ ရှိပါလိမ့်မည်နည်း။ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကိုယ်စိတ်နှစ်ပါးစလုံး ချမ်းသာပျော်ရွှင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ချစ်ခြင်းကြောင့် ဖြစ်ပေါ် ကုန်၏။ ချစ်ခြင်းဟူ၍ ဖြစ်ပေါ် ကုန်၏"

ဟု လျှောက်တင်လေ၏။

သူကြွယ်သည် မြတ်ဘုရား၏ စကားတော်ကို မနှစ်သက်ဘဲ ကန့်ကွက် ပြောဆိုပြီး နေရာမှထသွားလေတော့၏။

ထိုအခိုန်တ ထိုနေရာနှင့် မနီး မဝေးတွင် ဖဲကစားနေကြသူ ကစား သမားများထဲသွားရောက်လျက် မြတ်စွာ ဘုရားနှင့်သူပြောခဲ့သောစကားအားလုံး ကို ပြန်လည်ပြောပြရာ ကစားသမား များက-

"သူကြွယ်ကြီး၊ သင်ပြောသည့် စကားသည်သာ မှန်သည်။ နှစ်သက် ခြင်း၊ ဝမ်းမြောက်ခြင်းတို့မှာ ချစ်ခြင်း ကြောင့်ဖြစ်ပေါ် သည်။ ချစ်ခြင်းကစ၍ ဖြစ်ပေါ် ကုန်၏"

ဟု ဆိုကြသည့်အခါ သူကြွယ် သည်-

"ငါ၏ဝါဒသည်သာ ကစားသမား တို့၏ဝါဒနှင့်ကိုက်ညီ၏"

ဟု ဆိုကာ အိမ်သို့ပြန်သွားလေ တော့၏။

ထိုအကြောင်းအရာစကားသည် တစ်ဆင့်စကားတစ်ဆင့်အားဖြင့် နန်း တော်အတွင်းသို့ ရောက်သွားပြီး ကောသလမင်းကြီးနားတော်သို့ ပေါက် ကြားသွားလေတော့၏။ မင်းကြီးက ထို အကြောင်းကို မလ္လိကာမိဖုရားအား -

"မလ္လိကာ၊ သင့်ဆရာ ရဟန်း ဂေါတမက ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပူပန် ခြင်းတို့သည် ချစ်ခြင်းဟူသောအကြောင်း ကြောင့် ချစ်ခြင်းကစ၍ဖြစ်လာသည်ဟု မိန့်ကြားသည်ဆိုပါလား"

ဟု ဆို၏။

မလ္လိကာမိဖုရားကြီးက -

"ဤစကားတော်ကို မြတ်ဘုရား က မိန့်ကြားတော်မူသည်ဆိုပါလျှင် ဤ အတိုင်း အမှန်ပင်ဖြစ်ရမည်"

ဟု လျှောက်တင်၏။

ကောသလမင်းကြီးက -

"ဆရာပြောသမျှ အမှန်ချည်းပဲ ဟုဆိုကာ နှစ်သက်နေသော တပည့်ကဲ့ သို့ပင် မလ္လိကာလည်း ရဟန်းဂေါတမ ပြောသည်ဆိုတာနှင့် ဤအတိုင်းမှန် သည်ဟူ၍ နှစ်သက်နေတော့သည်"

ဟု ဆိုပြီး မလ္လိကာမိဖုရားကို မောင်းမဲလွှတ်လိုက်လေတော့သည်။

မလ္လိကာမိဖုရားသည် နန်းတော် မှအပြန် နာဠိဇင်္ဃပုဏ္ဏားကို မြတ်စွာ ဘုရားရှင်ထံ စေလွှတ်၍ ထိုစကားကို မြတ်ဘုရား မိန့်မြွက်သောစကား ဟုတ်၊ မဟုတ်သိရအောင် စုံစမ်းခိုင်းလိုက်လေ ၏။

နာဠိဇင်္ဃပုဏ္ဏားသည် မြတ်စွာ ဘုရားထံသွား၍ မေးမြန်းလျှောက်ထား သောအခါ မြတ်စွာဘုရားက -

"ပုဏ္ဏား၊ ဤအကြောင်း၊ ဤအရာ သည် ဤအတိုင်းပင်မှန်ပေ၏။ အမှန် ဖြစ်၏။ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲ ခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ချစ်ခြင်း ကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ဖြစ် လာကုန်၏။ အသင်ပုဏ္ဏား၊ ရှေးက သာဝတ္ထိပြည်မှာပင် မိန်းမတစ်ယောက် သည် သူမ၏မိခင်သေဆုံးသဖြင့် အလွန်မ သဖွယ်ဖြစ်ပြီး လမ်းတကာလျှောက်၍ ငိုကြွေးနေသည့်အဖြစ်ဖြစ်ခဲ့ဖူးသည်။ ဤ မိန်းမဖြစ်ပုံကိုထောက်ရှု၍ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ချစ်ခြင်း ကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ဖြစ် ကုန်ကြသည်ဟုသိသင့်သည်။

ဤသာဝတ္ထိပြည်၌မှာပင် မိန်းမ တစ်ယောက်သည် သူမ၏ဖခင်ဆုံး၍ လည်းကောင်း၊ မိန်းမတစ်ယောက်မှာ သူ့မောင် ဆုံးပါးသဖြင့် လည်းကောင်း၊ မိန်းမတစ်ယောက်ကမူ သူ့ညီမသေဆုံး သလို၊ မိခင်တစ်ယောက်မှာ သမီးသေ ဆုံးခြင်းကြောင့်၊ မိန်းမတစ်ဦးမှာ သူ့လင် သေဆုံး၍ အလွန်သဖွယ်ဖြစ်ကာ လမ်း တကာသို့လျှောက်လျက်ငိုကြွေးနေသည့် အဖြစ်များဖြစ်ခဲ့ဖူးပေသည်။ ဤအရာ များကိုထောက်ရှု၍ ပူဆွေးခြင်း၊ ငိုကြွေး ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့သည် ချစ်ခြင်း ကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ဖြစ် လာကုန်၏ဟု သိသင့်ပေသည်။

ပုဏ္ဏား၊ ဤသာဝတ္ထိပြည်၌ မိန်းမ တစ်ယောက်သည် လင်နှင့်အတူနေရာ မှ မိဘအိမ်သို့ခေတ္တပြန်သွားစဉ် သူမကို မိဘများက လက်ရှိလင်နှင့်ခွဲ၍ အခြား ယောကျ်ားတစ်ယောက်နှင့် ပေးစားရန် စီမံကြ၏။ ထိုမိန်းမသည် ထိုယောကျ်ား ကိုမကြိုက်။ ထိုမိန်းမက သူ့လင်အား ထိုအကြောင်းကိုပြောပြသောအခါ သူ့ လင်က ငါတို့နှစ်ယောက် နောင်ဘဝမှာ ပေါင်းကြမည်ဆိုကာ သူ၏မိန်းမကို နှစ်ပိုင်းပိုင်းသတ်ပြီး သူ့ကိုယ်သူလည်း သတ်သေလိုက်သည်။ ပုဏ္ဏား၊ ဤအဖြစ် အပျက်အားဖြင့် ပူဆွေးခြင်း၊ ငိုကြွေး ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း နှင့် ပြင်းစွာပူပန်ခြင်းတို့သည် ချစ်ခြင်း ကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ဖြစ် လာကုန်၏ဟု သိသင့်သည်"

နာဠိဇင်္ဃပုဏ္ဏားသည် မြတ်စွာ ဘုရား မိန့်ကြားတော်မူသမျှကို သေချာ စွာမှတ်ထား၍ မလ္လိကာမိဖုရားကြီးအား အကြောင်းစုံလျှောက်ထားပြောပြလေ ၏။

ထိုအခါ မလ္လိကာဒေဝီသည် ကောသလမင်းကြီးထံသို့သွား၍ -

"အရှင်မင်းကြီး၊ ဝဇီရိသတို့သမီး ကို ချစ်သည်မဟုတ်လော"

ဟု မေးလေ၏။

ကောသလမင်းကြီးက -

"မလ္လိကာ မှန်၏၊ ဝဇီရိသတို့သမီး ကို ငါချစ်၏"

ဟု ဆိုလေ၏။

မလ္လိကာက -

"အရှင်မင်းကြီး၊ ဝဇီရိသတို့သမီး သေဆုံးလျှင်ဖြစ်စေ၊ တစ်စုံတစ်ယောက် နှင့်ထွက်ပြေးလျှင်ဖြစ်စေ၊ အရှင်မင်းကြီး အား ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ် ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်သောကရောက်ခြင်းတို့သည် ဖြစ် ကုန်ကြပါသလော"

ဟု မေးလေ၏။

ကောသလမင်းကြီးက -

"မလ္လိကာ၊ ဝဇီရိသတို့သမီးသေ ဆုံးလျှင်ဖြစ်စေ၊ တစ်စုံတစ်ယောက်နှင့် ထွက်ပြေးသွားလျှင်ဖြစ်စေ ငါအသက် သေမည်ကိုပင် စိုးရိမ်ရသည်။ ပူဆွေး ခြင်း၊ ငိုကြွေးခြင်း စသည်တို့သည် အဘယ်မှာမဖြစ်ဘဲနေမည်နည်း"

ဟု ဆိုလေ၏။

ထိုအခါ မလ္လိကာမိဖုရားကြီးက-

"အရှင်မင်းကြီး၊ လောကအားလုံး ကို သိတော်မူ၊ မြင်တော်မူသော မြတ် စွာဘုရားသည် ဤအချက်ကို ရည်ရွယ် ၍ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ ခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပင် သောကရောက်ခြင်းတို့သည် ချစ်ခြင်း ကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကစ၍ ဖြစ် လာကုန်၏ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်"

ဟု ဆိုလေ၏။

မဇ္ဈိမပဏ္ဏာသပါဠိတော် (၄)ရာဇဝဂ်၊ (၇) ဝိယဇာတကသုတ်

ဆရာဦးမိန်လှိုင် (ကျိုက်ဆံတော်)

www.burmeseclassic.com

www.burmeseclassic.com

ယခင်ကတောကြီးမျက်မည်းအတွင်း ချုံနွယ်ပိတ်ပေါင်းနွယ်ပင်အုပ်များကြားမှ ပြန်လည်ဖော်ထုတ်ထားခဲ့ကြသော ရှေးစေတီများ



ညောင်ပင်မျိုးနေပြီဖြစ်၍ ပြုပြင်ရန်ခက်ခဲသဖြင့် အရှိအတိုင်းထားရသော စေတီတစ်ဆူ

ခင်(တောင်ကြီး) အပိုင်း(၃) တန်ဖိုးထိုက်သည့်အလှူတရားများ

နှစ်ကာလများစွာက ထုဆစ်ထားသော စကျင်ကျောက်ပြုသား ကိုယ်စားတော်သည် ဗဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက်မှ ကျောက်ပြုမင်းဝတ်ဆင်းတုနှင့်လည်း တူနေပါသည်

စာရေးသူတို့ မိသားစုသည် ခင်လောင်းမြို့နယ် တီကျစ်ကျေးရွာ အုပ်ခြုံအတွင်းရှိ ရှေးဟောင်းစေတီများ တည်ရှိနေရာဒေသသို့ ရောက်ရှိခဲ့ကြပါ၏။ ထိုစဉ်က ခြေခင်းလက်ခင်းသာ ယာလှသော နွေရာသီကာလ၌ ဒေသခံနှင်းကျင် လေ့လာလည်ပတ်သည့် သဘောမျိုးဖြင့် သာထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုဒေသရှိ ကြီးမားကျယ်ပြန့် တင့်တယ်လွန်းလှသည်ဟု နာမည်ကြီးလှသော နောင်မွန်းတော်ကြီးနှင့်တီကျစ် ကျောင်းတော်ကြီးများသို့ တက်ရောက် ဖူးမြော်ကြပြီးကာ ရဟန်းသံဃာရှင်သာမဏေများထံ ချဉ်းကပ်လှူဒါန်းမှုများ ပြုလုပ်ခဲ့မိကြပါသည်။ ထိုကျောင်းတော်ကြီးများရှိ အုံသြဖွယ်ရာလက်ရာပန်းချီ ကားများကိုလည်း လေ့လာကြည့်ရှုခဲ့ကြပါသည်။ ငါးရာငါးဆယ် ဘုရားရှင်၏ အတိတ်ဘဝအစုအဖွဲ့တို့ကို ပါဝင်အောင် အသုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကြီးများ၏ အသက်ဝင်မှုများသည် ထိုဒေသရှိလူအများ၏ ဘာသာသာသနာတို့အား နက်ရှိုင်းစွာ သက်ဝင်ယုံကြည်ထားကြမှုများကို လေးစားစွာ တွေ့မြင်ခဲ့ကြရသည်ကလည်း ဂုဏ်ယူဖွယ်ရာဖြစ်နေပါပေသည်။

ထိုကျောင်းတော်ကြီးများအလွန်၌ ဆောင်မှတ်ထားမိပါဘဲ ထိုရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com

ဒေသလေး၏ နဂိုမူလဖြစ်တည်ခဲ့ရသော အစပထမ ဒေသအနေအထားတို့ကို ပြန်လည်တွေးတောကာ စဉ်းစားမိရပါလေသည်။

တိကျစ်ဒေသသည် ရှေးခါကာလက သူကြီးအုပ်ချုပ်ခဲ့သောနယ်ဖြစ်ပြီး 'ယောင်ဟွေ' ဟူ၍ ရှမ်းအမည်ဖြင့် ခေါ်တွင်ခဲ့ကြသော ယခု 'ညောင်ရွှေ' နယ်အတွင်းတည်ရှိခဲ့သော ရွာတစ်ရွာဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရပါက ရှေးက တိကျစ်ရွာသည် ညောင်ရွှေပိုင်နယ်ဖြစ်ကာ စတုရန်းမိုင်ပေါင်း

ရှေးအတိတ်ကာလက လက်ရာဖြစ်သော ကိုယ်စားဆင်းတုတော်ဆယ်ပြိန်းချမ်းသောမုဂ်နာတော်နှင့် အချိုးအစားကျမှုစွာ စံပယ်နေဟန်

www.burmeseclassic.com

www.burmeseclassic.com

(၃၈. ၃၅) ကျယ်ဝန်းသောဒေသ ဖြစ်ပါ၏။ ထိုစဉ်က တိကျစ်ဒေသ၏ မြောက်ဘက်တွင် သာမိုင်းခမ်းနယ်၊ အရှေ့ဘက်၌ လွယ်မော၊ တောင်ဘက်၌ နမ့်ခေး၊ အနောက်ဘက်၌ လွယ်အယ်တို့ဖြင့် နယ်နိမိတ်ချင်းထိစပ်ကာ တည်ရှိခဲ့ကြောင်း The Upper Burma Gazetteer သမိုင်းမှတ်တမ်းစာအုပ်တွင် ဖော်ပြပါရှိခဲ့လေသည်။

၁၈၉၇ တွင်တင်ခဲ့သော သမိုင်းစာရင်းက တိကျစ်နယ်သည် ရှည်လျားသောပုံသဏ္ဌာန်နယ်နိမိတ်မျိုးဖြင့် ရှိခဲ့သည်ဆိုပါ၏။ အကျယ်အဝန်းအားဖြင့် တိကျစ်နယ်သည် အရှေ့မှအနောက်သို့ လေးမိုင်၊ မြောက်မှတောင်သို့ ဆယ်မိုင်ခွဲပြီး ချောင်းများသောဒေသဖြစ်သည်ဟုလည်း ဖော်ပြထားခဲ့၏။ ပထဝီမြေမျက်နှာပြင်အနေအထားအရ တိကျစ်ဒေသ၌ ဖြတ်သန်းစီဆင်းကြသောချောင်းပေါင်းများစွာအနက် ဘီလူးချောင်း၊ နောင်ကားချောင်း၊ နောင်တရားချောင်း၊ မီးသွေးချောင်းတို့ထင်ရှားသည်ဟုလည်း သမိုင်းမှတ်တမ်းတို့တွင် မှတ်သားထားခဲ့ကြပါသည်။ ထိုမှ ဆက်လက် ဖော်ပြထားသည်တို့မှာ နောင်ကားချောင်းသည် နောင်မွန်းရွာ၊ တီကျစ်ရွာ၊ မြင်းတွင်းရွာတို့အားဖြတ်ကျော်၍ နောင်တရားချောင်းအတွင်းစီးဝင်ကြသည်ဖြစ်ပြီး နောင်တော်ချောင်း၊ မီးသွေးချောင်းတို့သည် နောင်ကားချောင်းအတွင်း စီးဝင်ကြသည်ဟုဆိုပါသည်။ ယခုခေတ်တွင်မူ ကာလရွှေ့လျော်၍ ဒေသဆိုင်ရာအခေါ်အဝေါ်များပြောင်းလဲမှုရှိ၊ မရှိမသိနိုင်ပါသော်လည်း ရှေးက သမိုင်းတင်သူတို့၏ စေ့စပ်စွာ ဖော်ပြပါရှိချက်တို့မှာ ဗဟုသုတများစွာ ရရှိစေနိုင်ကြသည်ပင် ဖြစ်

နောက်ကျောဘက်၌ ဗောဓိပင်ပုံသဏ္ဌာန် ဘုရားပုံတော်အား ကြာဓံပဒ္မာနှင့် ထုဆစ်ထားသည်မှာ

ကျောက်ပြားဆင်းတုတော်၏ အနီးကပ်ပုံသွင်မှာ



ဌာပနာတွင်းအတွင်းမှရရှိသော ထုဆန်းသည့်ကျောက်များ

ညောင်ရမ်းခေတ်လက်ရာများနှင့်ဆင်တူနေသော ဆင်းတုတော်များဟု အများကယူဆကြသည်

တန်ဖိုးကြီးများထုသော ရွှေက ဌာပနာဘုရားများ

မှန်စီရိုအတွင်း သော့ခတ် ထိန်းသိမ်းထားသော ရွှေဘုရားများ

ကြာဓံပဒ္မာနှင့်ပုံတော်ထားခဲ့ သောရွှေကလက်ရာဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

ဤဒေသ၏ ထုံးစံအတိုင်းပင် ရွှေအခါမှစ၍ တီကျစ်ဒေသသည် ငါးရက်တစ်ရွေးဖြစ်သည်။ သမိုင်းမှတ်တမ်းတွင် တီကျစ်ဒေသသည် ထိုစဉ်က ဆန်နှင့် ငရုတ်များစွာထွက်ရှိကြောင်း ဖော်ပြထားခဲ့ကြ၏။ မြေပဲ၊ ကြက်သွန်နီ၊ ကြံများ အနည်းငယ်ထွက်ခဲ့ကြောင်း လည်း ရေးသားထားခဲ့ကြသည်။

တီကျစ်ဒေသသည် ခရစ်နှစ် ၁၈၈၇ ခုနှစ်ကာလကပင် ကျောက်မီးသွေးထွက်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းတင်ခဲ့ကြပြန်ပါသည်။ထို့ကြောင့် တီကျစ်ဒေသ၏ ပတ်ဝန်းကျင်တစ်ဝိုက်သည် မည်သို့ပင်ဖြစ်စေ ရွှေအတိတကာလကပင်တည်ရှိခဲ့သော၊ ဖွံ့ဖြိုးစည်ပင်ခဲ့သော ခိုင်မာတည်မြဲသည့် ရွှေဒေသတစ်ခုပင်ဖြစ်ကြောင်း မှတ်ချက်ချနိုင်သည်သာပင်ဖြစ်တော့၏။

ကိုးကွယ် ယုံကြည်မှုတွင်လည်း ရွှေကာလအခါများကပင် ဗုဒ္ဓဘာသာရိုးရာစစ်စစ်များပင် ဖြစ်လေသည်။ ကိုးကွယ်မှုဆိုင်ရာအဆောက်အအုံများအဖြစ် ထိုခေတ်ကပင် မြသိန်းတန်ဘုရား၊ ဓာတ်တော်ဘုရား၊ စက်တော်ရာဘုရားများရှိခဲ့ကြောင်း မှတ်တမ်းများတွင် ဖတ်ရှုရပါသည်။ သမိုင်းတင်သူတို့၏ ဖော်ပြမှုများအရ လေ့လာသူတို့က တီကျစ်ဒေသ၌ တွေ့မြင်ကြရသော ဘုရားများ၊ အနုလက်ရာများ၊ ဆင်းတုတော်များသည် ကုန်ဘောင်ခေတ် မတိုင်မီလက်ရာများဖြစ်ဟန်တူကြောင်း ယူဆခဲ့ကြသည်ကို တွေ့မြင်ကြရပါလေသည်။

တီကျစ်ဒေသ၏ဘုရားများအနက် ရွှေအကျဆုံးမှာ မြသိန်းတန်ဘုရား



လေးမျက်နှာဘုရားတစ်ဆူ၏ ဘေးမှနတ်ရုပ်များ၏ပုံသဏ္ဌာန်နှင့် အုတ်ချပ်များပြုနေမှုက်နေဆဲရှိနေစဉ်

ကျောင်းဆောင်သဏ္ဌာန်ကြုတ်လေးတွင် ရွှေက ရွှေရေးအရာများ ယခုတိုင် လင်းလက်နေဆဲဖြစ်သည်ကို တွေ့ရသည်မှာ

မုခ်ပေါက်၏လက်ယာဘက်မှ လက်ယာဘက်ဖြင့်စောင်းကိုတီးခတ်နေသော ပဥ္စသိခ်နတ်သားရုပ်

နှစ်ပေါင်းများစွာကြာမြင့် ခဲ့ပြီဖြစ်သော ဆင်စွယ်ပင်လား (သို့) ရဟန္တာတို့၏ အံတော်စွယ်တော်များပင်လား

ကျောက်သား၏ နှိန့်စရောင်အား ကျော့ဘက်မှတွေ့ရသည်မှာ

ရွှေကဆင်စွယ်များ ကွဲအက်နေသည်မျိုး တွေ့မြင်ရသည်မှာ

ရွှေနီးဘုရား၊ကိုယ်တော်ကြီး၏ ပလ္လင်နေရာမှ အပိုင်းအစများ

www.burmeseclassic.com

www.burmeseclassic.com



နောင်မွန်းကျောင်းတော်ကြီးမှ ရုပ်လုံးကြွရုပ်စုံများ



သံထည်၊ ကြေးထည်၊ ငွေထည်များ ပါဝင်နေသည့် ဌာပနာပစ္စည်းများ

ဘုရားရင်အား ညွှတ်တွားပူဇော်နေဟန်များ



ရွှေဌာပနာတော်တော်အမျိုးအစား များစွာကိုလည်း တူးဖော်တွေ့ရှိထားစဉ်

ခေါင်းပေါ်ရှိတောသည်ရုပ်တုတွင် အမျိုးအမည်မဖော်နိုင်သော ပစ္စည်းတစ်ခုနှင့် ရုပ်တုယဉ်တွင်လည်း ထုံးစံမသောအရာ တစ်ခုကိုပိုက်၍ ပူဇော်နေကြဟန်

ဖြစ်ပါသည်။ ဒေသခံတို့၏ အဆိုအရ မြသိန်းတန်ဘုရားသည် ဆွေစဉ်မျိုးဆက် ပေါင်းများစွာကတည်းကပင် တည်ခဲ့ခြင်းဖြစ်သည်ဟုသိရှိရပါ၏။ သမိုင်းအရ မြသိန်းတန်ဘုရားကို မြို့စား ခွန်ကျောက်က ပြုပြင်လှူဒါန်းခဲ့သည်ဟူ၍သာ ပါရှိခဲ့ပြီး တည်ဆောက် ကိုးကွယ်သူ မူလအမည်မပါရှိဘဲရှိခဲ့ရာ အလွန်ရှေးကျသောလက်ရာဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်ပင် ဖြစ်လေသည်။ ဓာတ်တော်ဘုရားကိုမူ မြို့စား ခွန်ကျော်သာက ပြုပြင်လှူဒါန်းခဲ့သည်ကို ဖော်ပြခဲ့ကြသည်။ စက်တော်ရာဘုရားကိုလည်း မြို့စား မောင်ညာက ပြုပြင်ခဲ့သည်ဟူ၍သာ ဖတ်ရှုရပါ၏။ ယခုလက်ရှိ အနေအထားအရ ထိုစက်တော်ရာဘုရား၊ ဓာတ်တော်ဘုရားတို့၏ တည်

www.burmeseclassic.com

www.burmeseclassic.com

ရွှေနီးဘုရားကိုယ်စားတော်ကြီး၏
ခေါင်းတော်တစ်စိတ်တစ်ပိုင်းမှာ



ဆင့်ပေါ်တွင် ဆင်ပုခက်ဖြင့်
တစ်စုံတစ်ခုတင်ကာ ထုနေသည့်ပုံစံမျိုးတွေ့ရစဉ်

ကျောင်းတောင်သဏ္ဌာန်ကြွတ်လေးဘား
အရွေ့ပျက်နာဘာက်မှတွေ့ရစဉ်

မူးမတ်ဝတ်စုံဖြင့် ဘုရားပူတော်နေဟန်

ပုံသဏ္ဌာန်အရ နဂါးခွပ်ဟူ၍ထင်မှတ်ရပါသည်

ကြွေကျွေးထုနိန်း ကြေးထည်တစ်ခု

ရွှေဟောင်္သာပန္နာကိုယ်စားတော်များနှင့် ဂိန်္ဓိတိုင်အောက်ခြေမှ တူးဖော်တွေ့ရှိခဲ့သော သံချောင်းကြီး

နေရာအတိအကျကို မသိရှိနိုင်ခဲ့သော်လည်း သမိုင်းမှတ်တမ်းတွင် တီကျစ်ဒေသ ဟူ၍ အတိအကျ ဖော်ပြခဲ့ကြသည်ကို တွေ့ရှိရပါသည်။

မြသိန်းတန်ဘုရားမှာမူ တောင်ပေါ်အမြင့်ဒေသတွင် သီးခြားစံပယ်တော်မူ၍ပင်လား မပြောနိုင်ပါဘဲ ရှေးအကျဆုံးဖြစ်လျက်နှင့်ပင် ယခုခေတ်ယခုကာလအထိတိုင် တည်ရှိနေဆဲ ရဟန်းသံဃာသာမဏေများဖြင့် ရပ်တည်တော်မူနေဆဲ ဖြစ်ပါလေသည်။ သမိုင်းသုတေသီတို့၏ ရေးသားဖော်ပြချက်အရ ထိုဘုရားများသည် လွန်ခဲ့သော ၁၈၈၇ ခုနှစ်ဝန်းကျင်ကာလကပင် ဖြစ်ကြောင်း သိရှိမှတ်သားခဲ့ရပါလေ၏။ ထိုရှေးကာလကပင်လျှင် ထိုမြသိန်းတန်ဘုရား၊ စက်တော်ရာဘုရား၊ ဓာတ်တော်ရာဘုရားတို့သည် တစ်နှစ်တွင်တန်ခြိမ်ဘုရားပွဲတော် ကျင်းပလေ့ရှိကြောင်းလည်း ဖော်ပြခဲ့ကြပါ၏။ ဘုရားပွဲတော်

www.burmeseclassic.com

များသည် တစ်ဆူနှင့်တစ်ဆူ ပွဲတော်ရက် ချင်းမတူကြကြောင်း မှတ်သားရပြန်ပါ လေသည်။

မူလခရီးစဉ်အရဆိုပါက စာရေး သူတို့သည် တိကျစ်ဘိလပ်မြေစက်ရုံရှိ အဆွေအမျိုးဖြစ်သော ဗါရိုက်တာဦးမြင့် သိန်းထံ အလည်အပတ်အဖြစ် သွား ရောက်ခဲ့ကြခြင်းဖြစ်ပါ၏။ ဦးမြင့်သိန်း၏ ဖိတ်ခေါ်မှုနှင့် စိတ်ဝင်စားဖွယ်ကောင်း လှသော ထိုဒေသရှိဘုရားများကိုဖူးမြော် ရန်နှင့် ထူးဆန်းသော ဒေသဝန်းကျင် အလှအပများကို လေ့လာကြရန်ဟူ၍ ရောက်ရှိခဲ့ကြခြင်းပင် ဖြစ်လေသည်။

ထိုနောက် နောင်မွန်းကျောင်း တော်ကြီး၊ တိကျစ်ကျောင်းတော်ကြီးတို့ သွားရောက်ခဲ့ရာမှ မဝေးတော့သော 'အောင်တော်မူ လောကချမ်းသာ ဆုတောင်းပြည့်ဘုရား' ဟူ၍ ဘွဲ့တော် သမုတ်ကာ ပြင်ဆင်ပူဇော်နေကြသော ရွှေဘုရားစေတီစုများရှိရာသို့ ရောက် ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ စာရေးသူတို့ မှာ ထိုသာသနာ့နယ်မြေအတွင်း စီးနင်း လိုက်ပါလာခဲ့သောကားကြီးဝင်ရောက် လာခဲ့သည်နှင့် အံ့သြမှင်တက်စွာဖြစ် သွားမိခဲ့ကြသည်။ အမှန်ပင်ဖြစ်လေ သည်။

မွန်းလွဲပိုင်းအချိန်ကျ နေထိုးသည့် နေရောင်အောက်တွင် ပုဂံဘုရားများ ကဲ့သို့ရပ်တည်နေကြသော ရွှေလက်ရာ ဘုရားအိုဘုရားပြိုများကိုမြင်ကြရသည် မှာ ဝမ်းနည်း၊ ဝမ်းသာရသလို ခံစား မိလိုက်ရပါသည်။ ဝမ်းနည်းမိသည်က ဤမျှလောက် လှုပလှုသော လက်ရာမွန် များကို ရှုမ်းပြည်နယ်တွင်း တောင်ပိုင်း ဒေသ တစ်ခုတည်းနေဖြစ်ခဲ့ပါလျက် မဖူးမိလေခြင်းဟူသောအတွေးကြောင့် ဖြစ်လေသည်။ ဝမ်းသာမိသည်ကလည်း အကုန်မပြုမပျက်သေးမီ၊ မဖြုပြင်ကြ သေးမီ ရှေးမူအတိုင်း အချိန်ရသလောက် ဖူးတွေ့နိုင်လေသေးသည်ဟု စိတ်တွင်းမှ ကြည်နူးဝမ်းမြောက်ဖြစ်မိခြင်းပင် ဖြစ် ပါလေသည်။

မိုးတဖြောက်ဖြောက်ကျလာ၍ ကားပေါ်မှ အလျင်အမြန်ဆင်းကာ ဘုရားကြီဘုရားကြားမသွားနိုင်သေးဘဲ ယာယီစံကျောင်းတော်ဟူ၍ ဆောက်လုပ် ထားသော ဝါးကျောင်းကြီးပေါ် သို့တက် ရောက်လာခဲ့ကြပါ၏။ ကြုံဆိုသူ ဒကာ

'ယွန်းသိုဝ်း' ဟူ၍ ရေသေားထားခဲ့သည်ကို တွေ့ကြရသော ရှမ်းဘုရားကိုယ်တော်ကြီးမှ အဝိုင်းအဖြစ်၌ ယွန်းရွမ်းတို့၏ လက်ရာများဟု ယူဆနိုင်သည်ဆိုပါ၏

ရွှေနီးဘုရားကိုယ်တော်ကြီးမှ ကြွင်းကျန်သော သောအဝိုင်းအစု၏ အတွင်းဘက်မှ သရီးကိုင် ထားရာများကို ကြည့်ရှုခြင်းဖြင့် ရှေးက လက်မှု ပညာရပ်ကို ခန့်မှန်းနိုင်ကြပါသည်

ကံကူသာဖြင့်ထွင်းကာ ပုံတော်ထုလုပ် ထားသော ကျောင်းဆောင်သင်္ဃာန် အပေါ်ဝိုင်းဖွင့်၌ရသော ကြုတ်ပုံစံ ဌာပနာပစ္စည်းနံဘေးဘက်မှ တွေ့ရစဉ်

နှစ်ပေါင်းကြာမြင့် ခဲသော ထင်ရာဖြစ်၌ တစ်စုတစ်ရာကိုပိုက်၌ ဘုရားရင်အား ပူတော်နေဟန်ဟုသာ ထင်မှတ်ရပါသည်

ကျောင်းဆောင်သင်္ဃာန်ကြုတ်လေးတွင် ရှေးကရွှေရေးအရာများ ယခုတိုင် ထင်းလက်နေဆဲဖြစ်သည်ကို တွေ့ရသည်မှာ



ရှေးကပူတော်ခဲ့ကြသောနီးဘုရားကိုယ်တော်ကြီး၏ ယနေ့တိုင် အရောင်လင်းလက်နေဆဲ ရွှေရေးအဝိုင်းအစများ

www.burmeseclassic.com

www.burmeseclassic.com

များနှင့်ဦးပဉ္စင်းကြီးတို့ကဖိတ်ခေါ်၍ သာကျောင်းကြီးပေါ် တက်ခဲ့သော်လည်း သာမန်ဟုသာထင်ခဲ့မိပါသည်။ သို့သော် ကျောင်းတော်ပေါ် ရောက်သောအခါမှ အရှေ့တူရွှတွင် စံပယ်နေကြသော ဆင်းတုတော်အသေး၊ အကြီးအရွယ် တော်စုံများနှင့် ဌာပနာတော်များကို မြောက်မြားစွာ ဖူးတွေ့လိုက်ရပါလေသည်။ ထို့ပြင် ရှေ့ဟောင်းဓာတ်တော်များကလည်း မြောက်မြားစွာတအံ့တသြပင် ဖူးတွေ့လိုက်ကြရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြရပါလေ၏။ ရောက်လာစက ဘုရားအိုဘုရားပြိုများကိုအံ့သြမိသည်ထက်ပင် ယခု ဖူးတွေ့လိုက်ရသော ရှေ့ဟောင်းလက်ရာ ဌာပနာအစုံအစုံတို့က ပို၍ပို၍ သာလွန်နေကြောင်း တွေ့လိုက်ကြရပါလေသည်။

စာရေးသူတို့မှ ဦးပဉ္စင်းကြီးအား ဝတ်ပြုကန်တော့လိုက်ကြပြီး လျှုဖွယ်ရာများကိုကပ်လှူကြပြီးကာ မေးလျှောက်မိပါတော့သည်။

"အရှင်ဘုရား၊ ဌာပနာတော်တွေကအများကြီးပါလား ဘုရား"

"အေး-ဖော်ယူထားတာ ဒကာမကြီးရေ"

"ဒီပုရိဝုဏ်ထဲကပဲလား ဘုရား"

"အေး - ဟုတ်တယ်၊ ဒကာမကြီးတွေ့မှာပေါ့။ ရှေးဘုရားတွေပြိုကြတဲ့အထဲကဖော်ယူထားခဲ့ရတာ"

ဦးပဉ္စင်းကြီးမှ ရှေးဘုရားအိုများရှိရာဘက် လက်ညှိုးညွှန်၍ မိန့်တော်မူပါ၏။

"ဒီလို ဌာပနာတော်တွေ အဲဒီစေတီအိုတွေထဲမှာရှိနေမှန်း ဘယ်က ဘယ်လိုစသိတာလဲဘုရား။ တပည့်တော်ဆိုလိုတာက အရင်ကတည်းက မသိဘဲ ခုမှသိလို့ ခုမှဖော်ယူရတာလား လို့ပါ ဘုရား"

"အဲဒါက ပြောရရင် ဒကာမကြီး ဒီနေရာဟာ အရင်ကဒီလိုမှမဟုတ်တာ။ လမ်းရယ်လို့လည်းမရှိ၊ လူတွေလည်း မရောက်နိုင်တဲ့နေရာမျိုးပေါ့။ ဒီနေရာမှာ ဟိုးအရင်ကချွေတွေနွယ်တွေပိတ်ပြီးဖုံးပြီး ရှိနေခဲ့တာ တောကြီးပေါ့။ လူတိုးလို့ မပေါက်၊ စာကောင်တွေတိုးလို့မရောက်တဲ့နေရာမျိုးဖြစ်နေခဲ့တာကိုး။ နည်းနည်းနောနောချွေတွေမှမဟုတ်တာလေ။ ဒီဒေသကလူတွေလည်း ဒီလိုတောကြီးထဲမှာ ခုလိုမျိုးစေတီတွေရှိနေမယ်မှန်းလည်း မသိခဲ့ကြဘူးပေါ့။ ကိုယ့်ဘာသာသာဝစိုက်ကြပျိုးကြနဲ့ပဲ အသက်မွေးဝမ်းကျောင်းကြတာကိုး။ သိလည်းမသိနိုင်ခဲ့ကြဘူး။ ထင်လည်းမထင်ထားခဲ့ကြဘူးပေါ့ ဒကာမကြီး"

"ဟုတ်တာပေါ့ ဘုရား"

"အဲဒီမှာ ခက်တော့ခက်တယ်။ လူဆိုတာကလည်း အမျိုးမျိုးကိုနော။ တချို့လူတွေကနားလည်တတ်ကြတယ်။ တချို့လူတွေက နားမလည်တတ်ကြဘူး။ လုပ်သင့်တာ၊ မလုပ်သင့်တာ၊ လုပ်ကောင်းတာ၊ မလုပ်ကောင်းတာလည်းသိတဲ့သူရှိသလို မသိတဲ့သူရှိတာပေါ့။ ဒါနဲ့ပဲ ကျိုးကြောင်းတိုက်ဆိုင်ပြီး ကျဲရှာ၊ နွားရှာရှာရင်း ဒီတောကြားချုံကြားရောက်လာတဲ့လူတွေရှိလာခဲ့တယ်။ အဲဒီမှာ အကြိုအကြားထဲကနေ ပဉ္စလောဟာဘုရားလို မျိုးတွေ တွေ့သွားကြတာရှိလာတယ်။ တချို့က အိမ်ယူပြီး ကိုးကွယ်ကြသလို တချို့ကျတော့ လောဘဖက်ပြီး ငွေမက်တဲ့အလုပ်လုပ်တာမျိုးတွေရှိလာတာပေါ့ လေဒကာမကြီး။ ပြောရရင် ရှေ့ဟောင်းဘုရားတွေကို တွေ့ကြသော်လည်းပဲ ထိန်းသိမ်းမှုအားနည်းခဲ့ကြသလို ဖြစ်ခဲ့ရတာပေါ့"

"တင်ပါ့၊ နှမြောစရာပါ ဘုရား"

"အဲဒါပြောတာ တန်ဖိုးမသိကြလို့ပေါ့ ဒကာမကြီး ဟုတ်ဖူးလား။ ဘယ်လောက်အဖိုးတန်တဲ့လက်ရာတွေလဲဆိုတာ ခကာနေရင် ဒကာမကြီးတွေ့ရပါလိမ့်မယ်"

"တင်ပါ့"

"အဲဒီမှာ အနုစိတ်ဖော်ထားတဲ့လက်ရာတွေများ ဒကာမကြီးမြင်ရင် အံ့သြသွားမှာ။ ရုပ်စုံကျောင်းကြီးထဲရောက်သွားသလို ပဒေသာပင်ပုံစံတွေပါ တွေ့ရလိမ့်မယ်။ ဒါနဲ့ပဲ နောက်ပိုင်းမှာ ဦးပဉ္စင်းက ဒကာ၊ ဒကာမတွေကို မိန့်မှာထားရတယ်။ တွေ့သမျှ ဆင်းတုတော်တို့၊ ဌာပနာတို့ဆိုတာ အိမ်မှာယူမထားကောင်းဘူးလို့"

"ဟုတ်တာပေါ့ ဘုရား"

"အေးလေ၊ ပြောရသေးတယ်။ ရှေးလူတွေက သူတို့ပစ္စည်း၊ သူတို့လက်ရာမှန်သမျှတွေကို ဘုရားမှာရေစက်ချလှူထားခဲ့တာမျိုးလို့။ ဒါကြောင့် ကိုယ့်အိမ်ကိုယ့်ရာမှာလည်း မကိုးကွယ်သင့်ဘူး။ ထားလည်းမထားသင့်ဘူးလို့ပေါ့။ အဲသလိုမိန့်ထားခဲ့တာ"

"ဟုတ်ပါတယ် ဘုရား"

"နောက်ပိုင်း ဖော်လို့ရသမျှ ဌာပနာတွေကိုတော့ ဦးပဉ္စင်းက ခုလို ထိန်းသိမ်းထားရတာပေါ့။ တချို့ဆို ပျက်စီးလုလုကြွေလုလုတွေဖြစ်နေတော့ ဖြစ်တဲ့နည်းနဲ့ ခိုင်အောင်မြဲအောင်လုပ်ပြီးထားရတာမျိုးတွေရှိတယ် ဒကာမကြီး"

"တင်ပါ့ဘုရား၊ တပည့်တော်တောင် အရမ်းအံ့သြသွားမိတာ။ နည်းတဲ့အဆူရေတွေမှမဟုတ်တာဘုရား။ ပုံစံတော်တွေလည်းမျိုးစုံပဲနော် ဘုရား"

"ပဉ္စလောဟစုံပဲ ဒကာမကြီး။ ဆင်စွယ်လိုလည်းပါတယ်။ ရှေ့ဟောင်း ရွှေရောင်တောင်မပျက်သေးတဲ့ နီးဘုရားလိုမျိုးလည်းပါတယ်။ အတွင်းကသာကြွေသွားတယ်။ ရွှေအစစ်နဲ့မို့လို့လား မသိဘူး၊ ကြွေကျသွားတဲ့အစိတ်အပိုင်းကရွှေကဝင်းနေတုန်းပဲဆိုတာလည်းတွေ့ကြရတယ်။ ဒီမှာလာကြည့် ဒကာမကြီး"

စာရေးသူတို့မိသားစုနှင့် လိုက်ပါပို့ဆောင်ပေးကြသော ယာဉ်မောင်းကိုမဲလုံး၊ ကိုမောင်လေးတို့ပါ စိတ်ဝင်တစားကြည့်မိကြပါသည်။ ရှေးနှစ်ပေါင်းများစွာက လှူဒါန်းထားခဲ့ကြသော နီးကြောခဲသစ်စေးသုတ်ကိုယ်စားတော်၏ အစိတ်အပိုင်းများဖြစ်လေသည်။ အတွင်းဘက်၌ နီးကြောတို့ရက်ထားသော ဖျာကွက်သဏ္ဌာန်များဖြစ်နေကြောင်းကိုတွေ့ရပြီး အပြင်ဘက်နေရာများသည် သစ်စေးမံထားသည်။ စာပေါ်၌ ရွှေရောင်တင်လှူထားကြသည်များက ယခုထိတိုင် ဝင်းဝင်းလက်လက်ဖြင့် ရှိနေကြပါသေးသည်။

"ဒါလေးဟာ ရွှေရောင်ဖြစ်အောင် ရွှေဆိုင်းပြားကိုပဲသုံးထားကြမှာပေါ့ ဘုရား"

"ရွှေချကြရင်တော့ အဲဒီခေတ်အဲဒီအခါမှာ ဘယ်လိုနည်းပညာမျိုးလဲမှမသိနိုင်တာကိုနော။ ရွှေဆိုင်းပေါ် ပြီးလား ဒါမှမဟုတ် ရွှေအစစ်ရွှေမင်မျိုးလား။ တကယ်တမ်း သုတေသနလုပ်နိုင်ကြရင်တော့ သိနိုင်ကြမှာပေါ့။ နှစ်ပေါင်းများစွာကတည်းက အခုထိတိုင် ဝါးသာအတွင်းက ဆွေးမြည့်ပြီး ကြွေသွားတာ ရွှေရောင်တွေကတော့ ဒီလိုပဲကျန်နေကြသေးတော့ အခုခေတ်အနေနဲ့ အင်မတန် အံ့သြစရာကောင်းတာပဲပေါ့ ဒကာမကြီး"

"တင်ပါ့ ဘုရား"

"ဒီဆင်းတုတော်လေးတွေက နှစ်ကြာလား၊ မကြာလားကြည့်ပါဦး။ အညိုတွေတက်ပြီး တချို့ဆိုပဲ့ထွက်ကုန်ကြပြီး တချို့ဆို တည့်တည့်တည့်လို့တောင်မရနိုင်တော့လို့ အကုန်လုံးကိုဖျင်းထောင်

www.burmeseclassic.com

ထားလို့ရအောင် ဒီလိုမျိုးလုပ်ထားလိုက်ရတယ်"

ဦးပဉ္စင်းကြီးပြသော ကိုယ်စားတော်ငယ်လေးများ၊ ဆင်ရုပ်၊ မြင်းရုပ်၊ စေတီပုံ အစရှိသော ဌာပနာပစ္စည်းငယ်များကို မြောက်မြားစွာပင် တွေ့မြင်ရပါသည်။ ကြေးသတ္တုများလည်းပါသကဲ့သို့ အချို့မှာ အရောင်ပြောင်း၊ အညိုတက်ဖန်များလူသဖြင့် မည်သည့်သတ္တုအမျိုးအစားဖြစ်ကြောင်း ခန့်မှန်းရှုမရနိုင်ဘဲ ရှိနေပါလေသည်။ ရုတ်တရက်ကြည့်ပါက ခဲသားရောင်များချည်းသာဖြစ်နေသည်ကို တွေ့ရပါလေသည်။

"ကိုယ်စားတော်လေးတွေက မုဒြာအမျိုးစုံတော့ ဖူးရတာ စိတ်ထဲကြည်နူးမိတယ်ဘုရား။ ဘာပဲဖြစ်ဖြစ် တပည့်တော်တို့ဖူးခွင့်ကြုံခွင့်ရတာကိုပဲ ကျေနပ်လှပါပြီ ဘုရား"

"ဟုတ်တယ်၊ ဒကာမကြီးလိုပဲ ကျန်တဲ့လူအများလည်းဖူးကြရမယ်ဆိုရင် ကျေနပ်ကြမှာပဲ။ ဒါကြောင့် ဦးပဉ္စင်းက အားလုံးကို အိမ်မပင့်ကြဖို့တားရတာ။ ကျောင်းကိုလူထားတဲ့ ဘုရားကျောင်းမှာပဲဖူးကြပြီး စေတီကိုလှူထားတဲ့ဘုရားစေတီမှာပဲရှိရမှာပေါ့ ဟုတ်ဖူးလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါလေးကိုကြည့်ပါဦး ဒကာမကြီး"

စာရေးသူနှင့်အတူ ခင်ပွန်းဖြစ်သူ ဦးစိုင်းထွန်းညွှန့်၊ မြေးမဖြစ်သော သဲစုယွန်းနွယ်တို့ကပဝ် အနီးတိုး၍ကြည့်လိုက်မိကြပါသည်။

"ကျောင်းပုံစံလေးလား ဘုရား"

"အေး - ဟုတ်တယ်။ ပြီးတော့ကြည့်၊ ဒါလေးက အရှင်လုပ်ထားတာ၊ ဒါကကိုယ်ထည်၊ အပေါ် ခေါင်မိုးဘက်ကအဖုံး"

စာရေးသူသည် ထိုကျောင်းတော်ပုံစံလေးအားကြည့်ရင်း အနုပညာမြောက်လှစွာ ပူဇော်ခဲ့ကြမည့် ထိုရှေးကာလကလူအများတို့၏ ပူဇော်မှုများကို ပြန်လည်မြင်ယောင်လာမိပါလေသည်။

"ဒါလေးက အရှင်လုပ်ထားတာ ဒကာမကြီး။ အထဲမှာ အရင်ကတစ်ခုခုထည့်ပြီးပူဇော်ခဲ့ကြတာမျိုးရှိလိမ့်မယ်။ ဒါမှမဟုတ် ဌာပနာတိုက်ထဲကို ပစ္စည်းအထွတ်အမြတ်တစ်ခုခုနဲ့ ထည့်ပြုပြီး ဌာပနာခဲ့ကြတာရင်လည်းဖြစ်ပါလိမ့်မယ်"

"အရှင်ဘုရားတို့ ဖော်လို့ရတဲ့ အခိုနိမ့်မှာ အထဲမှာ ဘာမှမပါဘူးလား ဘုရား"

"အင်း - မှန်တာပြောရရင် ဒကာမကြီးရေ၊ ဒါလေးက ထူးထူးခြားခြားပြန်လာပို့တဲ့ပစ္စည်းလို့ပြောရမှာ။ ပို့တဲ့လူကတော့ သူတွေ့လို့ ကျောင်းကိုလာပြန်ပို့တယ်လို့ ပြောရှာပါတယ်။ အထဲက ပစ္စည်းက နဂိုကပဲမပါလာတာလား၊ ကျပျောက်သွားတာလား၊ ဒါမှမဟုတ် တစ်စုံတစ်ရာမျိုးပဲလား ဘယ်သူသိနိုင်မှာလဲ၊ ဟုတ်ဖူးလား။ ပြီးတော့ တွေ့တဲ့ပထမလူက တန်ဖိုးမသိလို့ လွှင့်ပစ်ခဲ့တာကို ဒုတိယလူက တွေ့ခဲ့တာပဲလား။ အဲလိုမဟုတ်ဘဲ အဲဒီတစ်ယောက်ယောက်က အတွင်းက တစ်ခုခုကိုယူထားပြီး လွှင့်ပစ်ထားခဲ့တာလား၊ ရှိမှာပေါ့လေ။ ဦးပဉ္စင်း အယူအဆကတော့ ဒီကျောင်းတော်ပုံအံလေးထဲမှာ တစ်ခုခု အဖိုးတန်ကျောက်မျက်ပဲလား၊ ရွှေလိုမျိုးလား၊ ဘုရားဓာတ်တော်တွေလား တစ်ခုခုထည့်ပြုပြီး ပူဇော်ခဲ့ကြမယ်လို့ ထင်တာပဲ၊ ဟုတ်တယ်မှတ်လား"

"ဖြစ်နိုင်ပါတယ်ဘုရား"

ကျောင်းတော်ပုံစံလေးမှာ လေးလက်မခန့်မြင့်၍ သုံးလက်မပတ်လည်ခန့်ရှိပါသည်။ စုလစ်မွမ်းခွန်တို့ဖြင့် ကျောင်းတော်သဏ္ဌာန်မျိုး ပြုလုပ်ထားကာ ပဥ္စလောဟာသတ္တုစပ်မျိုးဖြစ်ဟန်တူပါသည်။ အရောင်မှာ ခဲသားရောင်ပြေးလျက်ရှိပြီး ပန်းခက်ပန်းနွယ်ဖော်ထားသည့်နေရာများကြားတွင် ရွှေရောင်ရေးရေးများပြေးနေဆဲပင် ဖြစ်ပါသည်။ ဤမျှနှစ်ပေါင်းများစွာကြာသည့်တိုင် ဝင်းဝါသောရွှေရောင်များက ထိုခေတ်ထိုကာလ၏လက်မှုအနုလက်ရာများနှင့် ရွှေမင်စပ်ဟပ်အသုံးပြုတတ်သောပညာရပ်ကို ဖော်ပြလျက်ရှိနေပါ၏။ ကျောက်ဆစ်ပုံစံမျိုးဖြစ်သည်။

"ဟောဒီမှာ ဒကာမကြီး၊ အခုနက ဦးပဉ္စင်းပြောတဲ့နီးဘုရားဆင်းတုတော်ရဲ့အပိုင်းအစတွေ"

ဦးပဉ္စင်းကြီး၏ လက်တွင်း၌ ထိုနီးဘုရားကြီးဖြစ်ခဲ့လေမည့် အချပ်များ၊ အလွှာများကို တွေ့မြင်ရပါသည်။ အတွင်းဘက်နေရာများတွင် ဖျာကြမ်းကဲ့သို့ ထင်ကျန်ရာများက ထိုခေတ်ထိုကာလက နီးဘုရားရက်လုပ်ပူဇော်မှုပညာကို ဆည်းပူးလေ့လာသုံးသပ်နိုင်ပါက ပညာရနိုင်သည်သာပင်ဖြစ်ပါလေသည်။တစ်နေရာ၌ ဘုရားဦးခေါင်းတော်နေရာမှ နဖူးတော်ပုံသဏ္ဌာန်လိုမျိုးကို မြင်တွေ့ရပါ၏။ဦးပဉ္စင်းကြီးသည် အပိုင်းအစတစ်ခုကို တောင်းထဲမှ ကောက်ယူလိုက်ရင်း -

"ဒါလေးက စာတော့စာပဲ၊ အဓိပ္ပာယ်တော့မဖော်နိုင်ကြဘူးပေါ့"

အတိုအစအပိုင်းပိုင်းအတစ်တစ်များဖြင့် ရေးရေးကာလ နီးဘုရားကိုယ်စားတော်ကြီး၏ ရွှေရောင်အချပ်အလွှာများတို့သည် ပတ်ဝန်းကျင်များကိုပင် ရောင်ပြန်ဟပ်လျက်ရှိပါလေ၏။ တစ်နေရာ၌ မြင်တွေ့နေကျမြတ်စွာဘုရားရှင်၏ အံတော်ပုံသဏ္ဌာန်လိုမျိုး တစ်ခုမကတွေ့မြင်ရ၍ အံ့သြသွားမိရပါသည်။

"အရှင်ဘုရား၊ ဒါလေးတွေက အံတော်တွေလား ဘုရား"

"ဦးပဉ္စင်းထင်တာကတော့ ဆင်စွယ်တွေများလားလို့ ဒကာမကြီး။ သေသေချာချာ လေ့လာသုံးသပ်တတ်တဲ့ ရှေးဟောင်းသမိုင်းပညာရှင်များနဲ့ များဆုံရရင်ကောင်းမယ်လို့ တောင့်တမိတယ်။ ကိုယ်တော်တို့က ဘာရယ်လို့ အတိအကျမပြောပြနိုင်တာမျိုးဖြစ်နေရတာလေ။ တွေ့ဦးမယ် ဒကာမကြီးရေ။ မိုးစဲရင် ကျောင်းအောက်ဆင်းပြီး ဒီထက်ပိုပြီးရှေးကျတဲ့ ကျောက်နံရံပန်းတွေ၊ ထုဆစ်ထားတဲ့ ဇာတ်တော်ပုံသဏ္ဌာန်တွေတွေ့ရဦးမယ်။ သိပ်လက်ရာမြောက်တာ"

"တင်ပါ့ဘုရား"

"ကဲ - ဒါကတော့ ရှေးကစကျင် ကျောက်သားဆင်းတုတော်တွေပေါ့။ ကျောက်သားကရင့်ပြီးကောင်းလွန်းတာတွေ့တယ်မှတ်လား။ ရွှေချထားတာကတော့ ဒကာတွေက ပူဇော်ထားကြတာပါ"

"အဲသလိုမဟုတ်ရင် ပိုကောင်းမှာဘုရား၊ နဂိုပုံစံစစ်စစ်ကိုတွေ့နိုင်ကြတာပေါ့"

"အေးလေ- ဟုတ်တာပေါ့နော"

စာရေးသူလည်း ထိုကျောက်ဆင်းတုများကို ပေါ်လွင်နိုင်သမျှပေါ်လွင်အောင် ရိုက်ယူခဲ့ပါသော်လည်း အလင်းရောင်အားနည်းခြင်း၊ မိုးသည်းထန်စွာရွာနေခြိန်ဖြစ်ခြင်းတို့ကြောင့် ထိုမျှသာထင်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ကျောက်သား၏ ဖြူဆွတ်ကျစ်လျစ်လှပနေပုံများမှာ ဖွေးဥလျက်ရှိနေပါလေသည်။

"ဒါကဘာရွှဝ်လေးပါလိမ့်ဘုရား"

"အဲဒါ စေတီထဲကရထားတဲ့ငွေ့ပုံပေါ့။ ရှေးကျတယ်၊ လှတယ်၊ လက်ရာမြောက်တယ်ဆိုတာလောက်ပဲ ဦးပဉ္စင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ရှည်
လျှာရင်းမျက်တဲ့ ဝက်သားဟင်းချက်နည်း

အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက် ဟူသော စကားကဲ့သို့ပင် မြန်မာလူမျိုးတို့အကြိုက်ပင် အသီး၊ အရွက်၊ အသားတို့တွင် အရသာအရှိဆုံး၊ ခံတွင်းအတွေ့ဆုံး အစားအစာတို့အား ဖော်ပြထားခြင်း ဖြစ်သည်။ အသားတွင် လူနှင့်တည့်သူတို့အဖို့ ဝက်သားဟင်းမှာ ဟင်းလျာကောင်းတစ်မျိုးဖြစ်သည်။ ဝက်သားတုံးကြီး ဒူးလောက်၊ ပေါင်လောက် လူများစားတာမြင်ဖူးပါရဲ့စကားလို ဝက်သားဘီးဆံပတ်တုံးအခေါက်၊ အသားကောင်းကောင်းပါသည့်အသားလည်းဖြစ်သည်။ ဝက်သားဟင်းကား လူတိုင်းနှင့်တော့ မတည့်။ အဆီအဆိမဲ့ အခိုးပိတ်စာဖြစ်၍ မတည့်သူတို့ရှောင်ကြသည်။ ကြိုက်တတ်သူ ဝက်သားနဲ့တည့်သူတို့အဖို့ အသားမှာ ဝက်ဖြစ်သည်။

အလှူပွဲ၊ မင်္ဂလာဆောင်ပွဲများပင် ဝက်သားကျွေးသူလူတွေရှိခဲ့သည်။ ဝက်သားကျွေးသည့်အလှူပွဲ၊ မင်္ဂလာဆောင်ပွဲများ အတော်များများရောက်ဖြစ်ခဲ့သည်။ နူးညံ့ပျော့ပြောင်းကာ စားရ၍ကောင်းသည်ပွဲတွေရှိသလို အချို့ အလှူပွဲများ ဝက်သားဟင်းမှာ စားရ၍မရအောင်ပင် မာဆတ်ဆတ်ကြဲရခြင်း၊ ဝက်သားဟင်းမှာလည်း မီးခိုးမြိုင်းအနံ့သင်းနေ၍ လုံးဝစားရ၍မရအောင်ကြဲရတာလည်းရှိသည်။

မည်မျှပင် သက်တမ်းရင့်ရော်နေသည် ဝက်သားပင်ဖြစ်စေကာမူ ဝက်သားဟင်းအား နူးညံ့ပျော့ပျောင်း စားလို့ကောင်းအောင်ချက်သည့်နည်းရှိသည်။ အခေါက်အရွတ်တို့ လုံးဝဆွဲစားလို့မရတာမရှိဘဲ နူးညံ့ပျော့ပျောင်းကာ လျှာရင်းမျက်စေမည့်နည်း ဖြစ်သည်။ ချက်နည်းမှာ ဝက်သားဟင်းအိုးအား ပြင်နေကျအတိုင်း ဝက်သားပိသာအချိန်အနည်းအများမှုတည်ကာ ငရုတ်၊ နနွင်း၊ ဆီ၊ ဆား၊ ကြက်သွန်နှံဖြူ၊ ဟင်းခတ်မှုန့်ကအစ ပြင်နေကျထုံးစံအချိုးအစားတိုင်ပြင်ကာ ဝက်သားဟင်းအိုးအား အစဦးရေမထည့်ဘဲလုံးရပါမည်။ အသား၊ အခေါက်တို့မှ အဆီထွက်လာအောင် လုံးပြီးသည်နှင့် ရေသင့်ရုံစွက်ချက်နည်းဖြစ်သည်။ ဝက်သားတုံးအား အိုးတည်သည်နှင့် ဝါးလုံး၊ ဝါးခြမ်း မီးထိုးစဉ် မီးအားပြင်းပြင်းတစ်ချက်တည်းမထိုးဘဲ မီးလည်း မပြတ် မှန်မှန်နှင့် ထိုးပေးသည့်နည်း ဖြစ်သည်။

ဝါးနှင့် ဝက်က နံတူ ကက်ကင်း၊ သင်္ဘောကက်ကင်း ပြန်ချက်နည်း ဖြစ်သည်။

နောက်တစ်နည်း ဝက်သားဟင်းချက်နည်းမှာ ဝက်သားဟင်းအိုးအား ပြင်နေကျအတိုင်း ပုံမှန်ပြင်ကာ ဝက်သားဟင်းအိုးအတွင်း သင်္ဘောသီး အစိမ်းအား ချက်သည့်ဝက်သားအနည်း၊ အများပေါ်မူတည်ကာ ခပ်ပါးပါးလိုးထည့်ပေးပါ။ ထိုသို့ထည့်ချက်ပြုတ်ပေးခြင်းဖြင့် ဝက်သားဟင်းမှာ နူးညံ့ပျော့ပျောင်းကာ စားလို့ကောင်းပြီး သင်္ဘောသီးမှာ ဝက်သားအဆီနှင့်ရောပြီး အဆီအနှစ်များဖြစ်သွားပါလိမ့်မည်။ ဝက်အသား၊ အခေါက်တို့ မာဆတ်လိုက်ခြင်းဆွဲ၍ စား၍မရတာမကြုံသည့်နည်း ဖြစ်ပါသည်။

အလှူပွဲကြီးများ၊ မင်္ဂလာဆောင်ပွဲများတွင် ဝက်သားဟင်းအား တစ်ဒယ်ချွင် အချိန် (၂၅)၊ (၃၀) ချက်သည့်အိုးကြီးချက်သူတို့အဖို့ လက်တွေ့ အသုံးတည့်မည့်နည်းလည်း ဖြစ်ပါသည်။

ကိုသက်ရှည်

နားလည်တယ်"

စာရေးသူမှာလည်း ရူပဗေဒဘာသာရပ်ဖြင့် ကျောင်းပြီးခဲ့သူဖြစ်၍ သမိုင်းဘာသာတွဲဖြင့် သုတေသနပြုနိုင်သူတို့ လောက် ဉာဏ်မမီနိုင်၍ ဦးပဉ္စင်းကြီးအား အတိအကျပြန်ပြောပြနိုင်ခြင်း မရှိခဲ့ပါပေ။

တောင်ကြီးသို့ ပြန်ရောက်သောအခါ သမိုင်းသုတေသီဆရာတစ်ဦးဖြစ်သော ဆရာကြီးဦးသိန်းသန်းထွန်းအား ချဉ်းကပ်၍ မေးမြန်းသောအခါမှ ထိုဌက်ပုံသဏ္ဌာန်လက်ရာလေး၏တန်ဖိုးကို ပိုမိုနားလည်ခဲ့မိရပါလေသည်။ ထိုဌက်ပုံသဏ္ဌာန်လက်ရာလေးသည် အလွန်ရှားပါးကြောင်း၊ ဤဒေသရှိ ဘုရားစေတီများ၊ ဆင်းတုတော်များသည် ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက်ကလက်ရာများအဖြစ်တွေ့ရှိရကြောင်း၊ သို့သော် ဤဌက်ရုပ်လက်ရာမှာ ထိုင်ဟန်စောစောဥောင်ရမ်းခေတ်လက်ရာဖြစ်နိုင်ကြောင်း၊ တိကျစ်ဒေသသည် ရှေးအတိတ်ကာလကပင်တည်ရှိခဲ့သောဒေသမျိုးဖြစ်၍ အလွန်ရှေးကျသောဒေသဟုဆို၍ ရနိုင်ကြောင်း စသည်ဖြင့် မှတ်သားကြားနာခဲ့ရပါလေသည်။

ထိုစဉ် မိုးတိတ်သွားသဖြင့် ကျောင်းအောက်သို့ ဆင်းခဲ့ကြပြီး ထိုရှေးဟောင်းစေတီအိုကြီးများရှိရာသို့ စာရေးသူတို့ ဦးပဉ္စင်းကြီးရှေ့ဆောင်မှုဖြင့် သွားရောက်ခဲ့ကြပါသည်။ ရှေ့ဦးစွာမြင်တွေ့လိုက်ရသောလေးမျက်နှာစေတီဟောင်းကြီးသည် ပြိုပျက်လုဆဲဆဲတွင်ပင် မမြင်နိုင်သော နတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်ထားသည်ကဲ့သို့ပင် ထင်းခနဲဖြစ်နေလျက်ရှိနေပါတော့၏။ ထိုစေတီအလယ်၌ စံပယ်တော်မူနေကြလေသော အသွင်တူသဏ္ဌာန်တူ မုဒြာတူကိုယ်စားတော်များသည် ဖူးမြော်၍ မဝနိုင်လောက်အောင်ပင် ကျက်သရေတင့်တယ်လွန်းလှစွာရှိနေဆဲ ဖြစ်ပါသည်။

ပြိုကျနေသောစေတီနောက်ကျောဘက်မှကွေ့၍ မုခ်ဦးတစ်ခုသို့အဝင်တွင် အပျက်အစီးများကြားမှ ပဉ္စသိခနတ်သားရုပ်အား စောင်းပိုက်လျက် အနေအထားမျိုးဖြင့် တွေ့မြင်ရပါ၏။ နတ်သားမှာ တစ်ပါးတည်းမဟုတ်ဘဲ ဘယ်၊ ညာတစ်ပါးစီ ထွင်းထုထားပါ၏။ ညာဘက်ရှိ နတ်သားမှာ စောင်းကို ညာဘက်၌ ပိုက်ထားပြီး၊ ဘယ်ဘက်ရှိ နတ်သားမှာ စောင်းကို ဘယ်ဘက်၌ ထွေးပိုက်ထားကြဟန်မျိုး ဖြစ်သည်။ ဤတီကျစ်ဒေသ၌တွေ့မြင်ရသော ပဉ္စသိခနတ်သားရုပ်များကဲ့သို့ ညောင်ရွှေခေါ် ရှေးအခေါ်အဝေါ်အားဖြင့် ယောင်ပွေဒေသများတွင် လည်းကောင်း၊ ရှမ်းတောင်ဒေသ အင်းလေးကန်မှ အင်းတိမ်ရွာအနီးတစ်ဝိုက်တွင်လည်းကောင်း၊ စံကားနယ်ရှိ တက်ခေါင်စေတီစုနေရာများတွင်လည်းကောင်း တွေ့ရှိရကြောင်း သမိုင်းအထောက်အထားတို့က ဖော်ပြကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ခင်(စောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

ကိုးကောင်-အရှင်ရမ္ဘပါပါ

အောင်မြင်သောလူနှင့်တန်ဖိုးရှိသောဘဝ

လောကဌ် ရဟန်းရှင်လူအများစုက ဘဝအောင်မြင်ရေးအတွက်သာ ခရီးရွက်ကြိုးပမ်းနေကြ၏။ ဘဝတန်ဖိုးမြှင့်တင်ခဲ့နိုင်အတွက်မူ မေ့လျော့နေကြသည်။ စင်စစ် ဘဝအောင်မြင်ရေးနှင့်ဘဝတန်ဖိုးရှိမှုတို့မှာ တစ်ခုနှင့်တစ်ခု ထပ်တူမကျနိုင်ပေ။

စာပေသင်ကြားနေသောကျောင်းသားက စာမေးပွဲအောင်မြင်ရေးသည် သူ့အတွက် အောင်မြင်မှုဖြစ်၏။ ငွေကြေးချမ်းသာမှုက စီးပွားရေးသမားအတွက် ဘဝအောင်မြင်မှုဖြစ်၏။

ဘဝတွင် အောင်မြင်သောလူသားတစ်ယောက်ဖြစ်ရန်မှာ မိမိတို့ရည်မှန်းထားသော လိုလားချက်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရေးပင် ဖြစ်၏။ လူဘဝအတွက်လိုလားချက်များဖြစ်သော ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ၊ အိုးအိမ်တိုက်တာ၊ စိန်ရွှေရတနာများ ရရှိပိုင်ဆိုင်အောင် ကြိုးပမ်းခြင်းဖြင့် အောင်မြင်သောလူတစ်ယောက်ဖြစ်လာနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ရုပ်ပိုင်းဆိုင်ရာအောင်မြင်မှုပင် ဖြစ်၏။ ပြင်ပဟိဒ္ဓကိစ္စများနှင့်သက်ဆိုင်သည်။

သို့သော် မိမိတို့ဘဝတန်ဖိုးမြှင့်တင်ဖို့အတွက်မူ မိမိတို့၏အတွေးအမြင်၊ အပြောအဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတွေ

www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ မူတည်၏။ မိမိတို့၏အတွင်းအပျွတ္တနှင့်သက်ဆိုင်၏။

လူဘဝ၌ အောင်မြင်သော လူတစ်ယောက်ဖြစ်ရန်အတွက် လွန်စွာကြိုးစား အားထုတ်ကြရသည်။ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းကြရ၏။ လူတစ်ဦးတစ်ယောက်ချင်းအောင်မြင်မှ ဒေသအလိုက်၊ တိုင်းနိုင်ငံအလိုက် အောင်မြင်လာပေလိမ့်မည်။

မျက်မှောက်ခေတ်မှာ Super power နိုင်ငံကြီးတစ်နိုင်ငံဖြစ်နေသော အမေရိကန်နိုင်ငံသည် ချမ်းသာသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် နိုင်ငံသားတိုင်းလိုလို ကြိုးစားပမ်းစားလုပ်ကိုင်ခဲ့ကြရသည်။ မိမိတို့မြန်မာနိုင်ငံကဲ့သို့ပင် ကိုလိုနီဘဝမှရုန်းထခဲ့ကြရသော အမေရိကန်ပြည်ထောင်စု၏ ယခင်အခြေအနေမှာ အမှန်တကယ် ဆင်းရဲသူများဖြစ်ခဲ့၏။ အစာအာဟာရကိုပင် ဝလင်အောင်မစားကြရသဖြင့် သူတို့၏ခန္ဓာကိုယ်များမှာ ပိန်ချုံးကြဲလှီနေကြသည်။ ထိုသို့အစစအရာရာမပြည့်စုံသောဘဝမှ ရုန်းထွက်နိုင်အောင် ကြိုးပမ်းခဲ့ကြရသည်။

ယခုအခါ အမေရိကန်၌ အစားအသောက်များ အလွန်အပယ်ဖြစ်လာပြီး စွေးနှုန်းများကလည်း လူတိုင်းအဖို့ လက်လှမ်းမီသောစွေးနှုန်းများဖြစ်ရာ လူတိုင်းလိုလို သူတို့စိတ်တိုင်းကျ စားသောက်နိုင်လာကြသည်။ ခေတ်မီဇိမ်ခံပစ္စည်းများ လူတိုင်းသုံးစွဲနိုင်ကြသည်။ ထိုအခါ အချို့လူများ အစားအသောက်လွန်ကြူး၍ အလွန်အမင်း ဇိမ်ခံနေကြ၏။

ဤသို့ တိုးတက်မှုများကို အမေရိကန်တို့စိတ်ထဲ၌ တိုးတက်မှုဟု အသိအမှတ်ပြုပါသလော။

ယခုအခါ အမေရိကန်တို့သည် သူတို့နိုင်ငံကို ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ရတော့မည်ဟု မှတ်ယူနေကြသည်။ သူတို့ဘိုးဘွားမိဘများလက်ထက်ကအခြေအနေမှာ သူတို့အခြေအနေထက် ပိုမိုကောင်းခဲ့သည်ဟုထင်နေကြ၏။ မျက်မှောက်ဘဝမှာ သည်းညည်းမခံနိုင်လောက်သော ဖိစီးမှုများခံနေရသည်ဟု ယူဆကြ၏။ သူတို့၏ မျိုးဆက်များသည် ကျဆင်းနေသောအခြေအနေနှင့် အနာဂတ်တွင် ရင်ဆိုင်ရတော့မည်ဟု ထင်နေကြသည်။

အထက်ပါအချက်အလက်များကို လေ့လာဆန်းစစ်ကြည့်ပါက အမေရိကန်နိုင်ငံ၏ လက်ရှိဖြစ်ပျက်နေသော အခြေအနေမှာ အဓိကအားဖြင့် ရုပ်ပိုင်းဘဝတိုးတက်ဖန်တီးဖြစ်ပေါ်လာသောအခြေအနေများ မဟုတ်တော့ပေ။ စိတ်ပိုင်းဆိုင်ရာအလိုမကျမှုများကြောင့်ဖြစ်ပေါ်လာသော ဘဝအခြေအနေများဟု သုံးသပ်နိုင်ဖွယ်ရှိသည်။

တစ်နည်းအားဖြင့်ဆိုလျှင် လက်ရှိရင်ဆိုင်နေကြရသော တိုးတက်သည့် နိုင်ငံများတွင် ဖြစ်ပေါ်နေသော အဓိကပဋိပက္ခများမှာ လူတစ်ဦးနှင့်တစ်ဦး၊ လူတစ်စုနှင့်တစ်စု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြားထွင်ဖြစ်တတ်သည့် ပဋိပက္ခမျိုးမဟုတ်တော့ပေ။ လူတစ်ယောက်၏ စိတ်အတွင်း၌ပင် တည်ရှိနေသော နက်ရှိုင်းသည့် ပဋိပက္ခမျိုးဖြစ်လာသည်ကို တွေ့ရလေသည်။ ဤပဋိပက္ခမျိုးကို ဖြေရှင်းရန်မှာ မှန်ကန်သော အတွေးအခြင်များရှိဖို့ လိုအပ်၏။

ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယနေ့ခေတ် ဂျပန်လူငယ်များ၏ စိတ်ဓာတ်ပျက်ပြားမှုကို အိုဆာကာ တတ္တသိုလ်မှ ပါမောက္ခအိုးနိုတိုးရိုက ဤသို့ ထောက်ပြထားသည်။

"ဂျပန်ပြည်မှာ စစ်မဖြစ်ခင်တုန်းက လူမှုရေးအခြေအနေနဲ့ စစ်ပြီးခေတ် လူမှုရေးအခြေအနေ တော်တော်ကွာသွားပြီ။ စစ်မဖြစ်ခင်တုန်းက ဂျပန်မှာ မိသားစုဆက်ဆံရေးရော ဆရာတပည့်ဆက်ဆံရေးမှာပါ အရွေ့တိုင်းသားတွေရဲ့ဓလေ့အတိုင်း ဂါရဝ၊ နိဝါတတရားကို သိပ်အလေးထားပါတယ်။ မိဘက သားသမီးကို အုပ်ထိန်းပေးသလို သားသမီးကလည်း မိဘအုပ်ထိန်းမှုအောက်မှာနေပြီး မိဘဆုံးမတာနာခံတယ်။ ကြီးသူကို ငယ်သူက ရိုသေပြီး ပြောစကားနားထောင်တယ်။ မိသားစုမှာ အဖေဟာ သြဇာတော်တော်ကြီးတယ်။ ဂျပန်မှာ ကြောက်စရာ အကောင်းဆုံးအရာ (၄) မျိုးရှိတယ်တဲ့။ အဖေရယ်၊ ငလျင်ရယ်၊ မီးကြီးရယ်၊ မီးရယ်တဲ့။ အဖေကို သိပ်ကြောက်ရတာပေါ့။ သားသမီးတွေကလည်း အစ်ကိုကြီး အဖအရာ ဆိုတဲ့ သဘောထားနဲ့ ကြီးစဉ်ငယ်လိုက်ရိုသေရတယ်။ ကျောင်းမှာဆိုရင်လည်း ဆရာ၊ ဆရာမတွေကို ကျေးဇူးကြီးသူတွေလို့ ခံယူပြီး ရိုသေလေးစားကြတယ်။ လမ်းမှာတွေ့ရင် ဦးညွတ်ပြီး နှုတ်ဆက်ရတယ်။ ဆရာ့အရိပ်ကိုမနင်းမိအောင် ဂရုစိုက်ကြရတယ်။ အတန်းထဲမှာ ကျောင်းသားအပြစ်ရှိရင် ဆရာ၊ ဆရာမက ပါးရိုက်ပြီး ဆုံးမတယ်။ ကျောင်းသားဟာ အပြည့်အဝနာခံရတယ်။ ဒါတွေဟာ စစ်မဖြစ်ခင်ကအခြေအနေတွေပေါ့။

စစ်ပြီးခေတ်မှာတော့ တစ်သီးပုဂ္ဂလဝါဒ (Individualism) တွင်ကျယ်လာတယ်။ လူတစ်ဦးချင်းအခွင့်အရေးကို အလေးထားရမယ်ဆိုတဲ့ အယူအဆတွင်ကျယ်လာတယ်။ အဲဒီအခါမှာ မိဘ၊ ဆရာသမားကို ရိုသေလေးစားမှုတွေ လျော့ပါးလာတယ်။ အသက်ကြီးတဲ့သူကို ရိုသေလေးစားတဲ့စိတ်မရှိတော့ဘူး။ မိဘကိုလည်း ရိုသေမှုနည်းလာတယ်။ မိဘအုပ်ထိန်းတာ၊ ဆုံးမတာကို မခံတော့ဘူး။ ဆရာ၊ ဆရာမတွေကိုလည်း သူငယ်ချင်းလို ဆက်ဆံလာတယ်။ မိဘ၊ ဆရာတွေကို ပြန်ရိုက်တာ၊ ပြန်သတ်တာမျိုးအထိရှိလာတယ်။

သားက သူ့ကိုရိုက်နှက်ဆုံးမတဲ့ အဖေကို အပြီးထားပြီး အရွယ်ရောက်လာတဲ့အခါ အဖေကို ကြိုးနဲ့တုပ်ပြီး သတ်တဲ့သတင်း၊ အမေက ကလေးငယ်ကို ဂရုမစိုက်ဘဲ မိုးထဲလေထဲပစ်ထားလို့ အားမိပြီး သေဆုံးတဲ့သတင်း၊ အလယ်တန်းကျောင်းသားက ဆရာမကို လိပ်ပြာဓားမြှောင်နဲ့ထိုးသတ်တဲ့သတင်း၊ ကျောင်းသားအချင်းချင်းဓားနဲ့ထိုးသတ်တဲ့သတင်းစတဲ့သတင်းတွေကို ထိတ်လန့်တုန်လှုပ်ဖွယ်တွေ့လာရတယ်။

စစ်မဖြစ်ခင်က ရထားတွေပေါ်မှာ သက်ကြီးရွယ်အိုတွေကို လူငယ်တွေက နေရာပေးတယ်။ ခုခေတ်မှာတော့ လူငယ်တွေက နေရာလုလာကြပြီ။ တစ်ဦးချင်းရဲ့ အခွင့်အရေးကို ဦးစားပေးရမယ်ဆိုပြီး အများအတွက်မကြည့်တော့ဘဲ ကိုယ့်ဖို့ ဦးစားပေးပြီး ကိုယ်ပျော်ရင်ပြီးရော ဆိုတဲ့ သဘောမျိုးထားလာကြပြီ။ ပရဟိတကနေပြီး အတ္တဟိတဘက် ယိမ်းယိုင်လာကြပြီ။ တစ်သီးပုဂ္ဂလဝါဒကနေ (egotism) အတ္တဆန်ခြင်းဖြစ်လာပြီ။

မိသားစုအတွင်း ချစ်ခင်ရင်းနှီးတဲ့ ဆက်ဆံရေးမျိုး ခုခေတ်မှာ သိပ်မတွေ့ရတော့ဘူး။ ကလေးတွေ ကျောင်းမှာ၊ ကျူရှင်မှာ အချိန်တွေအများကြီးပေးရပြီ။ အိမ်ရောက်တော့ မောလို့ မိဘနဲ့ စကားမပြောနိုင်တော့ဘူး။ ကလေးချင်းကစား တာမျိုးလည်းနည်းသွားပါပြီ။ အချင်းချင်း ဆက်ဆံပုံဆက်ဆံနည်းတွေလည်း သိပ်မသိတော့ဘူး။ ကျောင်းအားရင် အိမ်ထဲမှာ တီဗွီတို့၊ ဂိမ်းတို့နဲ့ပဲမျက်နှာချင်းဆိုင်နေကြတော့တယ်။ မိသားစုမှာ သားသမီးဦးရေကနှစ်သက်တဲ့ဥပဒေ ရှိပေမယ့် များများမယူကြတော့ဘူး။ ကလေးဦးရေ

www.burmeseclassic.com

နည်းလာပြီ။ ခုခေတ် ကလေးမှုခင်းတွေ၊ ကလေးချင်းအနိုင်ကျင့်တာတွေများလာတာဟာ ခုပြောခဲ့တဲ့အကြောင်းတွေကို အခြေခံမယ်ထင်ပါတယ်။

တစ်ဖက်ကလည်း စီးပွားဥစ္စာ၊ နည်းပညာတွေ ထွန်းကားလာလို့ လူအသက်ကို အလေးအမြတ် တန်ဖိုးထားပြီး စိတ်လိုက်မာန်ပါ သတ်ဖြတ်နေကြတဲ့ သတင်းတွေကို စိတ်မချမ်းသာစရာ မြင်တွေ့နေရပါတယ်"

ဟု ပြောခဲ့သည်။

ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်ပြီး အချမ်းသာဆုံးနိုင်ငံများမှ လူအများစု၏ စိတ်ခံစားမှုများဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးမှုကို အငမ်းမရ ရှာဖွေလျက်ရှိသော မြန်မာနိုင်ငံအတွက် သတိပြုဖွယ်အခြေအနေအရပ်ရပ်ကို မီးမောင်းထိုးပြနေခြင်း ဖြစ်သည်။

လောကၠ၌ စီးပွားဥစ္စာချမ်းသာမှုဖြင့် အောင်မြင်သောဘဝကို တည်ဆောက်နိုင်ကြမည်ဖြစ်သော်လည်း ဘဝတန်ဖိုးမြင့်တင်ဖို့အတွက်မူ ဘာသာတရား၏ အဆုံးအမကို မှန်ကန်စွာ လိုက်နာကျင့်သုံးဖို့ လိုအပ်ပေလိမ့်မည်။ ဘဝမှာ အောင်မြင်သူဖြစ်ရန်အတွက် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှု၊ ဩဇာအာဏာရှိမှုတို့နောက်ကို အစဉ်လိုက်လေ့ရှိသူတို့မှာ နောက်ဆုံး မိမိလိုတာကို မရခြင်းနှင့် အဆုံးသတ်ရင်ဆိုင်ရတတ်၏။

ထိုသို့ ငွေကြေး၊ ကျော်ကြားမှု၊ အလှအပတို့နောက်ကိုလိုက်၍ ရုပ်ပိုင်းဘဝကို အလေးထားသူတို့မှာ စိတ်ပိုင်းဘဝကို အလေးထားသူတို့လောက် ဝမ်းမြောက်ပျော်ရွှင်ကျေနပ်ခြင်းမရှိကြပေ။ ရုပ်ပိုင်းချမ်းသာမှုကို အလေးထားသော်လည်း အစဉ်အမြဲ ချူချာနေသည်ကို တွေ့ရတတ်သည်။

ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးချမ်းသာမှုဖြင့် အောင်မြင်သောလူတစ်ယောက်ဖြစ်လာနိုင်သော်လည်း တန်ဖိုးရှိသောလူဘဝကို ပိုင်ဆိုင်ဖို့ ခဲယဉ်း၏။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်က လောကၠ၌ လိုလား နှစ်သက်၍ ရရန်လည်း ခဲယဉ်းသော တရားလေးပါးကို သုတ္တန် ပိဋကတ်၊ ပတ္တကမ္မသုတ်မှာဟော တော်မူခဲ့၏။ ထိုတရားများသည် လူဘဝအတွက် လိုအပ်ချက်တရားများ (သို့) အောင်မြင်သောလူတစ်ယောက်မှ တန်ဖိုးရှိသောဘဝဖြစ်လာဖို့ လိုအပ်ချက်များပင် ဖြစ်သည်။

လူဘဝမှာ -

၁။ စီးပွားဥစ္စာချမ်းသာဖို့ ခဲယဉ်း၏။ (လိုအပ်၏)

၂။ အခြေအရံသင်းပင်း ပြည့်စုံဖို့ ခဲယဉ်း၏။ (လိုအပ်၏)

၃။ ကျန်းကျန်းမာမာအသက်ရှည်ဖို့ ခဲယဉ်း၏။ (လိုအပ်၏)

၄။ သေလျှင်လည်း ကောင်းရာသုဂတိလားဖို့ခဲယဉ်း၏။ (လိုအပ်၏)

သည့်အတွက် ဝိရိယနှင့်ရအောင်ရှာ၊ လုံအောင်ထိန်း၊ မျှတအောင်သုံး၊ ပတ်ဝန်းကျင်ကောင်းနှင့်ပေါင်းဖို့ လိုအပ်ကြောင်း ဟောတော်မူခဲ့သည်။

စီးပွားဥစ္စာချမ်းသာလျှင် အောင်မြင်သောလူတစ်ယောက်အဖြစ် သတ်မှတ်နိုင်သော်လည်း တန်ဖိုးရှိသောဘဝကို ပိုင်ဆိုင်ဖို့ အဆိုပါ(၄)ချက်နှင့်ညီမျှရပေလိမ့်မည်။ လူတစ်ဦးချင်းစီတန်ဖိုးရှိမှု တန်ဖိုးရှိသော လူအဖွဲ့အစည်းတစ်ခုကို ထူထောင်နိုင်မည် ဖြစ်၏။

လောကၠ၌ ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ၊ စိန်ရွှေရတနာများရရှိပိုင်ဆိုင်အောင် ကြိုးပမ်းကြသကဲ့သို့ မိမိတို့၏ ကိုယ်ကျင့်သီလကောင်းမွန်ရေး၊ အတွေးအမြင်အယူအဆမှန်ကန်ရေး၊ စိတ်နေစိတ်ထားတည်ကြည်ဖြောင့်မတ်ရေးတို့ကို အစဉ်သဖြင့် မြှင့်တင်ပေးနိုင်ဖို့ကိုလည်း ကြိုးပမ်းကြရမည်။ လူသည် တစ်ယောက်တည်းနေလို့မရပေ။ လူအဖွဲ့အစည်းနှင့် ပေါင်းသင်းဆက်ဆံနေရသည်။ လူသည် အသက်ရှင်နေသမျှ ကိုယ်၊ နှုတ်၊ နှလုံး (၃) ပါးစလုံး လှုပ်ရှားရှင်သန်နေရသည်။ အဖွဲ့အစည်းနှင့် နေထိုင်သောသူသည် လှုပ်တတ်ရာများများ ကျေပွန်ဖို့လိုသည်။ လှုပ်တတ်ရာ ဟူသည် မိမိတစ်ကိုယ်ရေးတတ်ရာမှစပြီး လူလောကကြီးတစ်ခုလုံးနှင့်သက်ဆိုင်၏။ လူတစ်ယောက်၏ တန်ဖိုးသည်လည်း ထိုလူ၏ လူလောကကြီးအပေါ် ၌ တာဝန်ဝတ္တရားများ မည်မျှကျေပွန်ခဲ့သနည်းဟူသောစံနှုန်းများနှင့် သတ်မှတ်ရပေမည်။

ပုဂ္ဂိုလ်တစ်ယောက်သည် အဆင့်အတန်းမြင့်သော စာမေးပွဲကြီးများကိုလည်း မအောင်မြင်ခဲ့။ ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာ၊ စိန်ရွှေရတနာဆိုသည်ကလည်း မပြည့်စုံ။ သို့သော် ထိုသူ၏ တစ်ဖက်သားအပေါ်မှာ မှန်ကန်သော တာဝန်ကျေပွန်ကာ သူ၏ လူဘဝ တန်ဖိုးကို အကဲဖြတ်သတ်မှတ်ပေလိမ့်မည်။

လောက၏ သတ်မှတ်ချက်မှာ စည်းစိမ်ဥစ္စာပြည့်ဝလျှင် ချမ်းသာ၏။ အောင်မြင်သောသူဟု သတ်မှတ်၏။ သို့ဆိုလျှင် သာသနာ့ဝန်တမ်းရှင်ရဟန်းတို့ကို အမြဲဆင်းရဲသူ၊ ဆုံးရှုံးသူဟု သတ်မှတ်၍ရမည်လော။ ဗုဒ္ဓမြတ်စွာသည် မင်းစည်းစိမ်ချမ်းသာကို စွန့်လွှတ်၍ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် အမြတ်ဆုံးချမ်းသာ၊ အမြတ်ဆုံးဘဝကို ရှာဖွေခဲ့သည်။

လောကမှာ ချမ်းသာခြင်းကို ဝဟိဒ္ဓဋ္ဌကြည့်ပြီး သတ်မှတ်၏။ ဗုဒ္ဓအဆုံးအမက အလွဏ္ဍကို ကြည့်ခိုင်း၏။ ဤသို့ကွာခြားသွားသည်။

မြတ်စွာဘုရားရှင်က အမြင့်ဆုံးချမ်းသာကို 'သန္တိသုခ' ဟု သတ်မှတ်ထား၏။ သန္တိသုခ၏ အနက်အဓိပ္ပာယ်မှာ ငြိမ်းချမ်းမှုချမ်းသာဟူ၍ ဖြစ်သည်။ အဘိဓမ္မာသဘောတရားအရကြည့်ပါက ချမ်းသာခြင်းသည် သုခဝေဒနာပင် ဖြစ်၏။ ဝေဒနာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟု (၃) မျိုးရှိပေရာ သုခဝေဒနာသည်လည်း ချမ်းသာကို ခံစားခြင်း ဖြစ်သည်။

သို့ရာတွင် ပဋိစ္စသမုပ္ပာဒ်ဒေသနာအရ 'ဝေဒနာ ပစ္စယာ တဏှာ' ဟု ဆိုခြင်းကြောင့် မည်သည့်ဝေဒနာဖြစ်စေ စစ်မှန်သောချမ်းသာ မဖြစ်နိုင်ပေ။ ဝေဒနာမှန်သမျှ တဏှာဖြင့်ခံစားရသောသဘောသာရှိလေသည်။ လောကသဘာဝ ဖြစ်ထွန်း ပေါ်ပေါက်လာသော ဝတ္ထုစည်းစိမ်အဖြာဖြာတို့၏သဘောမှာ ဝေဒနာတစ်မျိုးမျိုးကိုသာဖြစ်စေနိုင်၏။ ဝေဒနာမှန်သမျှလည်း တဏှာဖြင့်သာ ခံစားကြ၏။ သုခဝေဒနာအတွက် တဏှာရာဂဖြစ်ပေါ်နိုင်သလို ဒုက္ခဝေဒနာအတွက်လည်း ဒေါမနဿဝေဒနာဖြစ်ပေါ်ပြန်သည်။

သို့ဖြစ်ရာ ဝေဒနာ ပစ္စယာ တဏှာ ဖြစ်နေသမျှ ဆင်းရဲနှင့်မကင်းနိုင်ပေ။ ဝေဒနာ ပစ္စယာ ပညာဖြစ်အောင် ဆင်ခြင်နိုင်မှ မှန်သောအယူ (သမ္မာဒိဋ္ဌိ) မဂ္ဂင် စစ်စစ်ဖြစ်၍ စစ်မှန်သောချမ်းသာကို ရပေလိမ့်မည်။

ထိုသို့ စစ်မှန်သောချမ်းသာ (သန္တိသုခ) ကသာလျှင် အောင်မြင်သောလူအဖြစ်မှ ဘဝတန်ဖိုးမြင့်တက်၍ တန်ဖိုးရှိသောဘဝကို ရယူပိုင်ဆိုင်နိုင်မည် ဖြစ်ပေသတည်း။

ထုံးတောင်-အခွင့်မွေပိယ (မြောင်)

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ပုရောဟိတ်သမီးက မိမိ ရှေ့က လမ်းပိတ်ဆို့၍ အတတ်ပညာပြ နေသူသည် မည်သူနည်းဟု မေးမြန်း လေရာ အခြွေအရံများက ဒွန်းစက္ကား တစ်ယောက်ဖြစ်ကြောင်းပြောပြကြ၏။

အနောက်မဇ္ဈိမဒေသ၌ ဟိုးဟိုး ရှေးယခင်ကပင် ဇာတ်မြင့်၊ ဇာတ်နိမ့်ခွဲ ခြားမှုကြီးကို အခိုင်အမြဲ စွဲစွဲလမ်းလမ်း လက်ခံလာကြသည်ဖြစ်ရာ ပုရောဟိတ် သမီးသည် ဒွန်းစက္ကားနွယ်ဝင် စိတ္တ လုလင်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင် နက် ထို့ထွမ်လုပ်ကာ မျက်နှာလွဲသွားရ ၏။ ဤယနေ့နံနက်ခင်း၌ မင်္ဂလာယူရန် စိတ်အားထက်သန်စွာ အပေါင်းအဖော် များနှင့်ပျော်ပျော်ကြီးထွက်လာခဲ့ပါမှ သဲ ထဲရေသွန်ဖြစ်သွားရချေပြီ။ မိမိတို့လို ဇာတ်မြင့်သူများအတွက် သူတို့လိုလူစား တို့ကို ထိတွေ့ဆက်ဆံဖို့ဝေးစွ ကြည့်ရုံ လေးမျှ မကြည့်ချင်ပါ။ မြင်ရုံလေးမျှ မမြင်ချင်ပါ။ သူတို့ကိုမြင်လိုက်ရသည်

ဦးကောင်းနာရဲ့ ရိုးရိုးရှင်းရှင်း ဇာတ်ကြီးများ

ဝတ္ထုသိရိ

လေးဘဝတိုင်တိုင် ခိုင်ခိုင်မြဲမြဲ မခွဲမခွာ

ညီတော်အာနန္ဒာအရှင်မြတ်ကြီး သည် ငါးရာငါးဆယ်၊ ဝိသတိနိပါတ်၊ စိတ္တသမ္ဘူတဇာတ်တော်၌ သမ္ဘူတမည် သောလုလင်ဖြစ်၍ ဘုရားအလောင်း တော် စိတ္တသုခမိန်နှင့်အတူ လေးဘဝ တိုင်တိုင် ခိုင်ခိုင်မြဲမြဲ မခွဲမခွာနေထိုင်ခဲ့ ရဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်း တော်သည် တစ်ခုတစ်ခုသောအကုသိုလ် ကံကြောင့် အဝန်တိုင်း ဥဇ္ဇနီမြို့တော် အနီး၌ ဒွန်းစက္ကားရွာငယ်တစ်ခုတွင် ဖွားမြင်လာခဲ့၏။ ထိုသူငယ်၏ မိထွေး ဖြစ်သူကလည်း သားလေးတစ်ယောက် ဖွားမြင်လာ၏။ မိဘဆွေမျိုးများက ထို သူငယ်နှစ်ယောက်ကို စိတ္တနှင့် သမ္ဘူတ ဟူ၍ အမည်မှည့်ပေးကြလေသည်။

စိတ္တနှင့် သမ္ဘူတတို့ အရွယ် ရောက်လာသောအခါ မိမိတို့ဒွန်းစက္ကား မျိုးနွယ်ဖွားတို့ သင်ယူနေကျ အတတ် ပညာတို့ကို သင်ယူကြပြီးလျှင် ဥဇ္ဇနီ မြို့တော်၏ အဝင်တံခါးတို့၌ အတတ် ပညာကိုပြကြကုန်၏။ ထိုအချိန်မှာပင် ဥဇ္ဇနီမြို့တော်အတွင်းက အလွန်တရာ ဇာတ်မြင့်လှသော ပုရောဟိတ်၏ သမီး သည် မြို့တော်၏အပြင်မှ ဥယျာဉ်တော် သို့ ပျော်ပွဲစားရန် အခြွေအရံများနှင့် တကွ စားစရာသောက်စရာအပြည့်အစုံ တို့ကို သယ်ဆောင်လာစေ၍ မြောက် တံခါးမှထွက်လာ၏။ ထိုအတူပင် အမျိုး ဂုဏ်မာန်ထက်သန်လှသော သူဌေးသမီး တစ်ယောက်ကလည်း ဥယျာဉ်တော်၌ ပျော်ပွဲစားရန် အရှေ့ဘက်တံခါးမှထွက် လာခဲ့၏။ ပုရောဟိတ်သမီးသည် မြို့ တံခါးအရောက်တွင် စိတ္တလုလင်နှင့်ဆုံ မိ၏။ သူဌေးသမီးကလည်း အရှေ့ဘက် တံခါးတွင် သမ္ဘူတလုလင်နှင့် ဆုံမိပြန် ၏။

www.burmeseclassic.com

www.burmeseclassic.com

နှင့်တစ်ပြိုင်နက် ကျက်သရေယုတ်သွားပါပြီ။ မျက်လုံးအစုံ၌ ရွှဲရွှာစက်ဆုပ်ဖွယ် အညစ်အကြေးတွေ စွန်းပေသွားပါပြီ။ ထို့ကြောင့် ထိုအညစ်အကြေးအစွန်း အပေတို့သန့်စင်သွားစေရန် ပုရောဟိတ်သမီးသည် အသင့်ဆောင်ယူလာခဲ့သော နံ့သာရည်ဖြင့် မျက်နှာသစ်လိုက်ရပါတော့သည်။

ဥယျာဉ်တော်၌ ဖျော်ပွဲကြီးဆင်နွှဲရန်ကြံစည်လာခဲ့သောခရီးက ဤနေရာမှာပင် လမ်းဆုံးသွားပါပြီ။ မင်္ဂလာယူဖို့ အားခဲ၍လာခဲ့ပါလျက် အမင်္ဂလာကောင်နှင့်တွေ့လိုက်ရသဖြင့် ဒီကနေ့ တစ်နေ့တာအတွက် မင်္ဂလာမရှိနိုင်တော့ပါ။ သို့ဖြစ်၍ ပုရောဟိတ်သမီးသည် ထိုနေရာကပင် တပ်ခေါက်၍ပြန်သွားပါတော့သည်။

ဤတွင်မှ ဥဒ္ဒေနိမြို့တော်အစွန် အဖျားက ဆင်းရဲသားများ တစ်စခန်းထလာကြ၏။ သူတို့သည် ဥယျာဉ်တော်သို့ ဖျော်ပွဲစားရန်ထွက်လာခဲ့သော ပုရောဟိတ်သမီးနှင့်အတူ ဥယျာဉ်တော်ထိအောင် ကပ်မြှောင်လိုက်ပါသွားကြ၍ ပုရောဟိတ်သမီးက ကျွေးသမျှကို ဝဝကြီးစားရန်၊ ပေးသမျှကို မငြင်းတမ်းယူရန် ဟန်ပြထားခဲ့ကြရာ ယခုတော့ သူတို့၏ မဟာလာဘ်ကြီးနှင့် လွဲသွားရပါပြီတော။

ထို့ကြောင့် သူတို့သည် စိတ်လှုပ်ရှားထံ ဝိုင်းအုံလာကြပြီးလျှင် စိတ်တိုင်းကျရိုက်နှက်တာ အားရမှထွက်သွားကြလေသည်။

ထိုဒဏ်ရာဒဏ်ချက်များကြောင့် သတိလစ်သွားခဲ့ရသော စိတ္တလုလင်သည် အတန်ကြာလာမှ ပြန်၍သတိရလာ၏။ သတိရလာသည်နှင့်တစ်ပြိုင်နက် နာကျင်သောဝေဒနာများက ပေါ်လာကြ၏။ ဝေဒနာဒဏ်ချက်များကို အားခဲခံယူကာ ရှိရှိသမျှသောအင်အားဖြင့် ထိုနေရာမှထွက်ခွာလာခဲ့ရာ တစ်နေရာအရောက်တွင် သူနည်းတူဒဏ်ရာဒဏ်ချက်တွေပြည့်နှက်နေသော သမ္ဘူတလုလင်နှင့်တွေ့ဆုံရပါတော့သည်။ ကံတူအကျိုးပေးတူနှစ်ယောက်ပင်ဖြစ်ကြပါပေသည်။

ဤတွင် ညီအစ်ကိုနှစ်ယောက်တို့သည် မိမိတို့ဘဝရေးရေးကို တွေးတောလာကြရ၏။ မိမိတို့သည် ဤအရပ်ဤဒေသတွင် ဆက်လက်၍ နေထိုင်ပါက မိမိတို့၏ ပင်ရင်းမူလ ဒွန်းစဏ္ဍားမျိုးရိုးကို ဖုံးကွယ်ရန် တတ်နိုင်ကြမည်မဟုတ်ပေ။ တစ်ယောက်မသိသော် အခြားတစ်ယောက်က သိနေပါလိမ့်မည်။ ဤမင္ဂိုမဒေသ၏ထုံးထမ်းစဉ်လာအရ ဒွန်းစဏ္ဍားမျိုးနွယ်မှန်းသိလိုက်ရသည်နှင့်တစ်ပြိုင်နက် မိမိကိုယ်ကို အမျိုးခြေတ်သူ ဟုယူဆထားသူတို့က နည်းလမ်းပေါင်းစုံဖြင့် အနိုင်ကျင့်ကြပါလိမ့်မည်။ သူတို့၏အန္တရာယ်ကလွတ်အောင် မည်သို့မြဲကြရပါမည်နည်း။

မျိုးရိုးမတူသူများ၏ အန္တရာယ်မှလွတ်နိုင်ရေးအတွက် ညီအစ်ကိုနှစ်ဦးတို့ အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်ကြရာ နောက်ဆုံးတွင် လွတ်မြောက်နိုင်မည့် နည်းလမ်းတစ်ခုကို တွေ့လာကြရ၏။ မိမိတို့ဇာတိရပ်ရွာက ဥဒ္ဒေနိမြို့တော်နားက ဒွန်းစဏ္ဍားမျိုးနွယ်ဝင်တို့၏ ရွာသိမ်ရွာငယ်လေး။ မိမိတို့တိုင်းနိုင်ငံက အဝန္တိတိုင်း။ အဝန္တိတိုင်းသည် ဂန္ဓာရီတိုင်းနှင့် အလှမ်းဝေးလှ၏။ ထိုဂန္ဓာရီတိုင်းအတွင်းက တက္ကသိလာမြို့တော်တွင် ဒိသာပါမောက္ခဆရာကြီးက လာလာသမျှသောလုလင်တို့အား အတတ်ပညာများ သင်ကြားပေးနေ၏။ မင္ဂိုမဒေသအတွင်းရှိ တိုင်းနိုင်ငံအသီးသီး၊ အရပ်

www.burmeseclassic.com

www.burmeseclassic.com

သေသေအသံသိမ့် အလွယ်ရောက်လာသောလင်တို့သည် ဒီသာပါမောက္ခဆရာကြီးထံဝင်ရောက်၍ ယောကျ်ားသားဘို့ တတ်မြောက်သင့်တတ်မြောက်ထိုက်သော အဋ္ဌာရသအတတ်ပညာများကို သင်ယူနေကြရ၏။ သူတို့အထဲတွင် မင်းညီမင်းသားက အများဆုံးပါဝင်၏။ ငြာဟွဏန္ဒယ်ဖွား ပုဏ္ဏားလုလင်တို့က ဒုတိယလိုက်၏။ တတိယအုပ်စုဖြစ်သော ကုန်သည်လယ်သမားတို့၏သားများက အနည်းဆုံးဖြစ်၏။ စိတ္တလုလို့ ဒွန်းစဏ္ဍားမျိုးနွယ်တို့ကတော့ အနည်းစုထဲမှာပင် ပါဝင်ခွင့်မရှိခဲ့ပါခေ။

သို့ရာတွင် ဤအခက်အခဲကိုတော့ ကျော်လွန်၍ရနိုင်ပါ၏။ မိမိတို့၏ ဇာတိရပ်ရွာနှင့် ဝေးကွာလှသဖြင့် မိမိတို့၏မျိုးရိုးအမှန်ကို ဖုံးကွယ်ထား၍ရနိုင်ပါ၏။ ထို့ကြောင့်ပင် စိတ္တနှင့် သမ္မုတညီအစ်ကိုနှစ်ယောက်တို့သည် ငြာဟွဏန္ဒယ်ဖွား ပုဏ္ဏားမျိုးရိုး ဟူ၍ ပြောဆိုပြီး လျှင် တက္ကသီလာမြို့တော်က ဒီသာပါမောက္ခဆရာကြီးထံ ဝင်ရောက်၍ တပည့်ခံကြ၏။ ဒီသာပါမောက္ခဆရာကြီးထံ ပညာသင်ကြားရာတွင် မင်းညီမင်းသား၊ ပုဏ္ဏားသား စသည်ကဲ့သို့ ဆရာကြေးပေးဆက်၍ ပညာသင်ကြားသူတွေလည်းရှိနေကြသည်။ စိတ္တနှင့် သမ္မုတတို့ကဲ့သို့ ပညာသင်ကြေးမပါ၊ လက်ဝတ်လာခဲ့ရသူများလည်းရှိကြ၏။ ထိုသူတို့ကိုလည်း ဆရာကြီးက ငြင်းပယ်၍ ပြန်မလွှတ်ခဲ့ပါ။ ဆရာကြီးမတတ်နိုင်သူတို့သည်လည်း ဆရာကြီး၏ အိမ်တွင်းမှုအလုပ်ကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့်လည်း အခြားသူများနည်းတူ သင်ယူခွင့်ရှိနေကြပေသည်။

ဤသို့သောနည်းဖြင့် ညီအစ်ကိုနှစ်ယောက်တို့ ပညာသင်ကြားလာခဲ့ကြရာ ဉာဏ်ပညာထက်မြက်လှသော စိတ္တလုလင်က မကြာမီမှာပင် ပညာစုံတတ်မြောက်လာ၏။ ထို့ကြောင့်လည်း ဒီသာပါမောက္ခဆရာကြီး၏အားအထားရဆုံးလက်ရုံးတစ်ဆူဖြစ်လာ၏။ ထိုအခွင့်နှင့်တွင် သူလောက်ဉာဏ်ပညာမထက်မြက်သော သမ္မုတမှာတော့ အဆုံးတိုင်မရောက်နိုင်သေးပါ။

ဤသို့သော အခြေအနေမှာပင် သူတို့ညီအစ်ကိုအတွက် ကြမ္မာဆိုးက မမျှော်လင့်ဘဲ ဝင်ရောက်လာ၏။ တက္ကသီလာမြို့တော်နှင့်မဝေးလှသောရွာတစ်ရွာမှရွာသားတစ်ယောက်သည် မိမိတို့အိမ်မှာ မင်္ဂလာအခမ်းအနားတစ်ခုရှိနေ၍ ဒီသာပါမောက္ခဆရာကြီးအား မင်္ဂလာရှိသောဂါထာမန္တန်များ ရွတ်ဖတ်ပေးပါရန် ဖိတ်ကြားထား၏။ ဆရာကြီးကလည်း နက်ဖြန်နံနက်၌ ဆက်ဆက်လာပါမည်ဟု ဝန်ခံထားလိုက်၏။ သို့ရာတွင် ထိုနံနက်ခင်းကျမှ မိုးကြီးသည်းထန်စွာ ရွာချလိုက်လေရာ ဆရာကြီးကိုယ်တိုင် သွားရန်မလွယ်တော့ပါ။

ထို့ကြောင့် -

"အမောင်စိတ္တ၊ ယမန်နေ့ကဖိတ်ကြားထားခဲ့တဲ့ရွာကမင်္ဂလာပွဲကို ငါ့ကိုယ်စား အမောင်သွားလိုက်ပါ။ ငါ့ကိုယ်စား မင်္ဂလာဂါထာများ၊ မန္တန်များရွတ်ဖတ်ပေးလိုက်ပါ။ သင့်ညီကိုလည်း အဖော်ခေါ်သွားပါ။ ဟိုရောက်လို့ အကျွေးအမွေးပြုကြတဲ့အခါ အမောင်တို့နှစ်ယောက်လုံး စားကြပါ။ ငါ့ဝေစုကိုတော့ ယူလာခဲ့ပါ"

ဤသို့မှာကြား၍ လွှတ်လိုက်၏။

စိတ္တလုလင်မှာ စောစောက အတွေ့အကြုံမရှိခဲ့သေးသော်ငြားလည်း ကျေကျေညက်ညက် လေ့ကျက်သင်ယူထားခဲ့သော အတတ်ပညာများဖြစ်နေ၍ မင်္ဂလာအခမ်းအနားအတွက်ဆောင်ရွက်ဖွယ်ကိစ္စအဝဝကို ချောချောမောမော ဆောင်ရွက်နိုင်ခဲ့ပါပေသည်။

မင်္ဂလာအခမ်းအနားအပြီးတွင် ကျေးခန်းမွေးခန်းရောက်၏။ ငြာဟွဏန္ဒယ်ဖွားပုဏ္ဏားမျိုးရိုးတို့ အနှစ်သက်ဆုံးအစားအစာမှာ နို့ယနာထမင်းဖြစ်၏။ စိတ္တနှင့် သမ္မုတတို့ကိုလည်း ငြာဟွဏန္ဒယ်ဖွား ပုဏ္ဏားလုလင်လေးတွေဟူ၍ အသိအမှတ်ပြုထားကြ၍ ရေခန်းသွားအောင်ချက်ထားသော နို့ယနာထမင်းကို အမြတ်တနိုး တည်ခင်းကျွေးမွေးကြလေသည်။

မိုးထဲလေထဲ ရုန့်ဖွက်ထဲက အားခဲ့၍လာခဲ့ကြရသော ညီအစ်ကိုနှစ်ယောက်တို့မှာ မိမိရှေ့၌ တည်ခင်းလာသော နို့ယနာထမင်းက အနံ့တသင်းသင်းကို ရှုရှိုက်မိရုံနှင့် အာသာဇမ်းငမ်းဖြစ်နေကြပါပြီ။ ဤအနေတွင် အစ်ကိုကြီးဖြစ်သောစိတ္တကတော့ အကြီးပီပီ ကျန်ခဲ့ဆောင်၍နေနိုင်ပါသေးသည်။ အငယ်ဖြစ်သူ သမ္မုတမှာတော့ အစကတည်းက အစားမက်သူဖြစ်ခဲ့၍ ခဏမဆိုင်းပင် နို့ယနာထမင်းခွက်ထဲက တစ်လုတ်စာကို ရွတ်တရက်နို့က်ယူ၍ အာခံတွင်းကို အကျယ်ကြီးဖွင့်၍ သွတ်သွင်းလိုက်လေရာ -

"ဟာ- ခင်ဗျ. . . ခင်ဗျ"

သမ္မုတ၏နှုတ်ဖျားမှ အသံထွက်လာရပါတော့သည်။ အပြင်ကအေးနေသယောင်ရှိနေသော နို့ယနာထမင်းလုတ်မှာ လက်ထဲမှာတုန်းကတော့ စားချင်စဖွယ်ကြောင့် အထူးသတိမထားခဲ့မိ။ အာခံတွင်းထဲရောက်ခါမှ ပူ၍လောင်လှသဖြင့် မိမိတို့နှုတ်ဖျားမှ လုံးဝမထွက်သင့်သောအသံတစ်ခု ရုတ်တရက်ထွက်သွားခဲ့ရခြင်းဖြစ်ပေသည်။

ထိုတစ်ခဏမှာပင် စိတ္တလုလင်ကလည်း ညီငယ်ဖြစ်သူအား အာခံတွင်းထဲက ထမင်းလုတ်ပူပူကို ထွေးထုတ်လိုက်စေချင်လှသဖြင့် ရုတ်တရက်သတိမထားနိုင်ဘဲ စကားသံတစ်ခုကို မြွက်ဆိုလိုက်မိ၏။

ထိုစကားသံ၏ဆိုလိုရင်းသဘောမှာ 'ထွေးထုတ်ပစ်လိုက်၊ ထွေးထုတ်ပစ်လိုက်' ဟူ၍ဖြစ်၏။ သို့ရာတွင် ထိုစကားသံမှာ တက္ကသီလာမြို့တော်သို့လာက တည်းက မိမိတို့နှစ်ယောက်စလုံး လုံးဝမပြောမိမဆိုမိအောင် ရောင်ကွင်းလာခဲ့ကြရသော စကားသံ ဖြစ်၏။

ယခုတော့ ပရိသတ်ဗိုလ်ပုံအလယ်မှာ ညီအစ်ကိုနှစ်ယောက်လုံး၏ နှုတ်ဖျားမှ ထွက်မိအောင်ထွက်သွားခဲ့ချေပြီ။ ပရိသတ်ဗိုလ်ပုံအလယ်မှာမို့ သူတို့၏ စကားသံတို့ကို မင်္ဂလာပွဲတက်ရောက်လာသူတိုင်းလိုလိုက ကြားသွားကြချေပြီ။

ကြားပြီးခါစတုန်းကတော့ သူတို့အားလုံး မည်သို့မျှသတိမထားမိလိုက်ကြပါ။ သူတို့ငြာဟွဏန္ဒယ်ဖွားပုဏ္ဏားလူမျိုးများပြောနေကျ ကြားနေကျစကားသံမဟုတ်သဖြင့် ရုတ်တရက် မဝေခွဲနိုင်ကြသေးပါ။ သို့ရာတွင် သူတို့အထဲမှာ ဘာသာစကားမျိုးစုံကို လေ့လာတတ်မြောက်ထားသူအချို့ကရှိနေကြ၏။ မိမိတို့ပြောနေကျ ကြားနေကျမဟုတ်သောစကားသံအဆန်းကို ကြားရသည်တွင် အတန်ငယ် တွေဝေသွားကြပြီးမှ တစ်ယောက်ကိုတစ်ယောက်က မျက်ရိပ်မျက်ခြည်ပြကာ ပရိသတ်ထဲမှထွက်လာခဲ့ကြ၏။ တစ်နေရာအရောက်တွင် ဘာသာစကားမျိုးစုံ လေ့လာထားသူချင်း ခေါင်းချင်းဆိုင်၍ စဉ်းစားကြကာမှ ဤစကားသံတို့မှာ မိမိတို့လို ဇာတ်မြင့်လူမျိုးများနှင့်လားလားမျှမဆိုင်။ မိမိတို့လို ဇာတ်မြင့်များက မျက်စိနှင့်ပင်မကြည့်ချင်လောက်အောင် အော့နှလုံးနာဖွယ် ဒွန်းစဏ္ဍားတို့၏ ဘာသာစကားပါတကား။

www.burmeseclassic.com

www.burmeseclassic.com

'အသံကြောင့် ဖားသေ' ဟူသကဲ့သို့ မထွက်သင့်ဘဲထွက်ခဲ့မိသောအသံကြောင့် စိတ္တတို့ညီအစ်ကိုမှာ သေမတတ် အရိုက်အနှက်ခံကြရပြန်ပါပြီ။ သည်တစ်ခါမှာတော့ သနားတတ်သော လူကြီးသူမတစ်ယောက်က ဒေါသအိုးများလက်မှ ကယ်တင်ပေးလိုက်သဖြင့် ဥဇ္ဇနီမြို့တံခါးနားတုန်းကလို မမြောသွားသည့်အဆင့်သို့ မရောက်ခဲ့ရပါ။

သည်ကရွှေမှာတော့ စိတ္တတို့ညီအစ်ကိုနှစ်ယောက်အဖို့ လူတို့ရပ်ရွာမှာ နေစရာမရှိတော့ပါ။ ဒွန်းစကွားမျိုးနွယ်အဖြစ်ကို ဝန်ခံထားတော့လည်း ပတ်ဝန်းကျင်တစ်ခွင်လုံး အရာမသင့်ကြ။ ပတ်သက် ဆက်နွယ်ခွင့်မပြုကြ။ တစ်ဖန် ဒွန်းစကွားမျိုးနွယ်ကို ဖုံးကွယ်မပြုတော့လည်း မသေရုံတမည်။

သို့ဖြစ်၍ ညီအစ်ကိုနှစ်ယောက်တို့သည် လူတို့၏ရပ်ရွာကို ကျောခိုင်းလာခဲ့ကြပြီးလျှင် ဟိမဝန္တောတောကြီးသို့ ဝင်၍ ရသေ့ဝတ်လိုက်ကြ၏။ တောထဲတောင်ထဲမှာ အလေ့ကျပေါက်ရောက်နေကြသောသစ်ပင်တို့မှ စားကောင်းရာရာသစ်သီးတို့ကိုစား၍ အေးချမ်းစွာ နေလာခဲ့ကြလေသည်။

သူတို့ညီအစ်ကိုသည် ထိုဘဝမတွယ်လွန်သောအခါ နေရွှာရာမြစ်ကမ်းအနီး၌ သမင်မတစ်ကောင်မှ ရှေ့ဆင့်နောက်ဆင့် ဖွားမြင်လာပြန်၏။ ယခင်ဘဝတုန်းကအတိုင်းပင် သမင်ညီနောင်ဘဝရောက်လာတော့လည်း မခွဲမခွာနေလာခဲ့ကြ၏။ တစ်နေ့သောအခါ သမင်ညီနောင်တို့သည် အစာရေစာဝလင်စွာစားသောက်ပြီးလျှင် အရိပ်ကောင်းသည့် သစ်ပင်ရိပ်သို့ ခိုဝင်လာခဲ့ကြခဲ့ကြပြီးလျှင် တစ်ကောင်၏ဦးချိဖျားဖြင့် တစ်ကောင်၏ဦးချိဖျားကို ညင်ညင်သာသာထိ၍ ခေါ်၍ ချစ်ကျီစယ်ကြ၏။ ထို့နောက် တစ်ကောင်၏ နှုတ်သီးဖျားမေ့ါမှာ တစ်ကောင်ကမေးတင်ကာ စ်ားမြဲပြန်ကြည်နူးနေကြ၏။

ထိုစဉ်အခိုက်မှာပင် တောလည်ရိုးတစ်ယောက်က လေးနှင့်ပစ်လိုက်သဖြင့် ထိုနေရာမှာပင် နှစ်ကောင်စလုံး လဲသွားကြရလေသည်။

နောက်ဘဝတွင်လည်း သူတို့နှစ်ဦးသည် ဝန်ပိုဌက်ညီနောင်ဖြစ်လာကြရ၏။ ထိုဘဝမှာလည်း မခွဲမခွာချစ်ကြည်နာနေထိုင်ရင်းပင် မုဆိုးတစ်ယောက်၏ကျော့ကွင်း၌ အတူတကွအမိအဖမ်းခံရပြန်လေသည်။

ထိုဘဝမှလွန်မြောက်၍ စတုတ္ထဘဝရောက်လာသည်တွင်ကား သူတို့ညီအစ်ကိုသည် လူ့ဘဝသို့ပြန်ရောက်လာကြပါ၏။ ညီဖြစ်သူ သမ္ဘူတသည် ကောသမ္ဗီမြို့တော်၌ ထီးနန်းစိုးစံရသော ဥတ္တရပဉ္စာလမင်း၏ သားတော်ဖြစ်လာ၏။ အစ်ကိုဖြစ်သူ စိတ္တမှာမူ ဥတ္တရပဉ္စာလမင်းထံ ခစားရသော ပုရောဟိတ်၏ သားဖြစ်လာ၏။ သူတို့နှစ်ဦးအတွက် အမည်မှည့်မင်္ဂလာပွဲကျင်းပရန် စီစဉ်ကြသောအခါ သူတို့နှစ်ဦးစလုံး၏ ဆန္ဒပြုချက်အရ ယခင်တုန်းကအတိုင်းပင် စိတ္တသတို့သားနှင့် သမ္ဘူတမင်းသား ဟူ၍ အမည်မှည့်ပေးကြရပေသည်။

နှစ်ဦးစလုံးက ဤသို့ဆန္ဒပြုကြရခြင်းမှာ လွန်လေပြီးသောဘဝတို့ကို ပြန်၍ သတိရနိုင်သော ဇာတိဿရဉာဏ်ကို အလိုလိုရနေကြ၍ဖြစ်၏။ စိတ္တလုလင်သည် ဤဘဝမှ ရှေ့သို့အစဉ်လျှောက်ကာ လေးဘဝလုံးလုံးကို သတိရနိုင်၏။ သမ္ဘူတမှာတော့ နောက်ပြန်အားဖြင့် စတုတ္ထမြောက်ဖြစ်သောလူ့ဘဝကိုသာ သတိရနိုင်စွမ်းရှိနေပေသည်။

အလောင်းတော်နှစ်ဦးတို့သည် ယခင်ယခင်ဘဝများအတိုင်း ကောသမ္ဗီနန်းတော်ကြီးထက်၌ အတူတကွကြီးပြင်းလာခဲ့ကြရ၏။ သို့ရာတွင် တစ်ဆယ့်ခြောက်မြောက် အရွယ်ရောက်လာသည်တွင်ကား စိတ္တလုလင်က သမ္ဘူတနှင့် လမ်းခွဲသွားပါတော့သည်။ ဘဝဘဝပေါင်းများစွာတုန်းက ဖြည့်ကျင့်ဆည်းပူး၍လာခဲ့သော ပါရမီတော်ဆယ်ပါးတို့တွင် ထိုဘဝ၌ နိက္ခမပါရမီက ထူးထူးခြားခြား လွှဲဆော်လာ၏။ နိက္ခမပါရမီလွှဲဆော်မှုကြောင့် စိတ္တလုလင်သည် သမ္ဘူတမင်းသား မင်းဖြစ်လာသောအခါ မိမိကိုခီးပင့်မြောက်စားလာသည့်အလားအလာတို့ကို သိမြင်ထားပါလျက် အခွင့်ကောင်းဟူသမျှကို ကျောခိုင်းကာ ဟိမဝန္တာသို့ဝင်၍ ရသေ့ဝတ်၏။ ဤဘဝမှာတော့ ယခင်တုန်းကလို လူတို့ရပ်ရွာမှာ နေစရာမရှိ၍မဟုတ်။ ထက်သန်လှစွာသော နိက္ခမစိတ်ဓာတ်ဖြင့် တောထွက်လာခဲ့ခြင်းဖြစ်၍ မကြာမီမှာပင် စွာန်အဘိညာဉ်များရရှိလာလေသည်။

တကယ်တော့ဖြင့် စိတ္တလုလင် တောထွက်ရသေ့ဝတ်လာခဲ့ခြင်းမှာ ဤဘဝတစ်သက်တာလုံးအတွက် သမ္ဘူတနှင့် လမ်းခွရန်မဟုတ်ပေ။ မိမိက ရှေးဦးစွာ တောထွက်၍ ရသေ့ဝတ်ကာ ကမ္ဘဋ္ဌာန်းဘာဝနာတွေ ပွားများထားသည်။ အချိန်တန်လာတော့ ညီတော်ကို မိမိရှိရာသို့ခေါ်ယူပြီး ယခင်ဘဝများတုန်းက အတိုင်း ရာသက်ပန် အတူတကွ ချစ်ကြည်လေးမြတ်စွာနေကြမည်။ ဤသို့သော ရည်မှန်းချက်ဖြင့် ရှေးဦးစွာ မိမိက ဟိမဝန္တာတောကြီးသို့ ထွက်လာခဲ့ခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ စိတ္တရှင်ရသေ့သည် သမ္ဘူတမင်းသား၏ အခြေအနေအရပ်ရပ်ကို စွာန်အဘိညာဉ်စွမ်းအားဖြင့် မျက်ခြည်မပြတ် ကြည့်ရှုနေခဲ့ရာတစ်နေ့သောအခါတွင် သမ္ဘူတမင်းသား၏ ခမည်းတော် ဥတ္တရပဉ္စာလမင်းကြီး နတ်ရွာစံသွားသဖြင့် သမ္ဘူတမင်းသားက ထီးနန်းရိုက်ရာဆက်ခံရပုံများကို သိမြင်လာခဲ့ရ၏။

သို့ရာတွင် စိတ္တရှင်ရသေ့က သူကို မိမိရှိရာသို့ခေါ်ယူရန် ဆန္ဒမရှိသေးပါ။ ထီးနန်းစည်းစိမ်ကို ရရှိခံစားကာ ယစ်မူးနေဆဲဖြစ်၍ မိမိက ခေါ်ယူပါသော်လည်း အလွယ်တကူ ပါလာဦးမည် မဟုတ်ပါ။ သို့ဖြစ်၍ စိတ္တရှင်ရသေ့မှာ ညီတော်ဟောင်းကို အပါခေါ်ယူရေးအတွက် နှစ်ပေါင်းငါးဆယ်တိုင်တိုင် အချိန်စောင့်ခဲ့ရပါပေသည်။

သမ္ဘူတမင်းဘက်ကလည်း နောင်တော်မြတ်ရှိရာသို့ တစ်ပါတည်းမလိုက်နိုင်ခဲ့သော်ငြားလည်း နောင်တော်မြတ်ကိုတော့ အမြဲမပြတ် သတိရလျက်သာရှိပါ၏။ ထို့ကြောင့် ရှေးရှေးကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် ယခုဘဝ၌ ထီးနန်းစည်းစိမ်ခံစားရပုံ အကြောင်းစုံကို မဂဓဘာသာဖြင့် ဂါထာသီကုံး၍ သီချင်းအဖြစ်သီဆိုရာတွင် စိတ္တလုလင်အကြောင်းကိုလည်း အမှတ်တရထည့်သွင်းထားခဲ့ပေသည်။

သမ္ဘူတမင်းသည် ထိုသီချင်းကို နှစ်သက်အားရလှသဖြင့် နေ့စဉ်နေ့တိုင်း သီဆိုနေခဲ့၏။ သမ္ဘူတမင်း၏သီဆိုသံကို ကြားရဖန်များလှသဖြင့် ရွှေနန်းတွင်း အမှုထမ်းများကလည်း အတုလိုက်၍ သီဆိုရန်စွမ်းနိုင်လာကြ၏။ ရွှေနန်းတွင် အမှုထမ်းများတစ်ဆင့် ထိုကောသမ္ဗီမြို့တော်သူမြို့တော်သားများထံသို့ သီချင်းပုံ့နှံ့သွားပြန်၏။ ထိုမှတစ်ဆင့်တစ်ဆင့် ပုံ့နှံ့သွားလေရာ ဥတ္တရပဉ္စာလတိုင်းကြီးတစ်ခွင်လုံး၏ အမွန်မြတ်ဆုံးသီချင်းတစ်ပုဒ်ဖြစ်လာပါတော့သည်။

သမ္ဘူတမင်းသည် ထီးနန်းအရိုက်အရာဆက်ခံရရှိစဉ်မှစတင်၍ ဤသီချင်းကိုသီဆိုလာခဲ့ရာ ယခုအခါ ထိုသီချင်း

www.burmeseclassic.com

www.burmeseclassic.com

ဇ၏သက်တမ်းကပင် နှစ်ပေါင်းငါးဆယ်ရှိလာပါပြီ။ သို့ရာတွင် ထိုသီချင်းက ဟောင်းသွားသည်မရှိ။ ခေတ်မှီနဲ့သွားသည်မရှိ။ သမ္မာတမင်းအပေါ် တိုင်းသူပြည်သားတို့က ကြည်ညိုလေးစားနေကြသည်နှင့်အမျှ ထိုသီချင်းကလည်း အသက်ဝင်လျက်ရှိနေပါပေသည်။

ဤသို့ဖြင့် ထိုသီချင်းသက်နှစ်ပေါင်းငါးဆယ်အပြည့်တွင် စိတ္တရှင်ရသေ့သည် ညီတော်ရှိရာကြွလာခဲ့၏။ ဟိမဝန္တာတောကြီးမှ ကောသမ္ဗီမြို့တော်ဆီသို့ ကောင်းကင်ခရီးမှ ကြွလာရာတွင် ပထမဦးစွာ ကောသမ္ဗီမြို့တော်အနီးက မင်း၏ဥယျာဉ်တော်သို့ သက်ဆင်း၏။ ဥယျာဉ်တော်အတွင်းက အရိပ်ကောင်းသောသစ်ပင်ရိပ်၌ ခေတ္တနားခိုစဉ် ထင်းခွေနေသောလူငယ်လေးတစ်ယောက်၏ သီချင်းဆိုသံကို ကြားလိုက်ရလေသည်။

စိတ္တရှင်ရသေ့သည် ထိုသီချင်းထဲ၌ သမ္မာတနှင့်အတူ မိမိအမည်လည်း ပါနေသဖြင့် စူးစူးစိုက်စိုက် ဂရုစိုက်၍ နားထောင်ကြည့်မိ၏။ လူငယ်လေးကလည်း ထိုသီချင်းအဆုံးတွင် ထိုသီချင်းကိုပင် တစ်ကျော့တစ်ဖန်ဆိုပြန်ပါ၏။ ထိုတစ်ဖန်ပြန်ပြီးတော့ နောက်တစ်ပြန်၊ နောက်တစ်ပြန် သူသီချင်းသံကဖြင့် စဲသွားသည်၊ တိတ်သွားသည်မရှိပါချေ။

ဤတွင် စိတ္တရှင်ရသေ့သည် ထိုလူငယ်ကလေးကို အနီးအပါးသို့ခေါ်ယူ၍-

"ဟေ့-သူငယ်၊ မင်းတို့တိုင်းပြည်မှာ ဒီသီချင်းတစ်ပုဒ်တည်းရှိတာလားကွ။ တခြားဆိုစရာသီချင်းရယ်လို့ မရှိတော့ဘူးလား"

ဟု ရင်းနှီးခင်မင်စွာ မေးမြန်းသဖြင့် -

"ဆိုစရာသီချင်းတွေတော့ အများကြီးရှိပါတယ် ဘုရား။ ဒါပေမယ့် သမ္မာတမင်းကြီးကိုယ်တိုင်က ဒီသီချင်းတစ်ပုဒ်ထဲကိုပဲ နေ့စဉ်နေ့တိုင်း စွဲစွဲမြဲမြဲသီဆိုနေခဲ့တာကြောင့် တိုင်းသူပြည်သားတွေကလည်း မင်းကြီးကို ကြည်ညိုတာကြောင့် ဒီသီချင်းကိုပဲ အတုလိုက်ပြီး သီဆိုနေကြရတာပါဘုရား"

"အေး-ဒါဖြင့်ကောင်းပြီ။ မင်းဆိုခဲ့တဲ့သီချင်းထဲမှာ အပိုဒ်နှစ်ပိုဒ်ပါတယ်နော်။ ဒါပေမယ့် အဲဒီသီချင်းက မပြည့်စုံသေးဘူး၊ မဆုံးသေးဘူး။ အဖြည့်ခံသီချင်းဖြစ်နေတယ်။ နောက်ထပ်တတိယမြောက်အပိုဒ်တစ်ပုဒ်ထပ်ဖြည့်ပေးလိုက်မှ အဓိပ္ပာယ်ပြည့်စုံသွားမယ်။ အဲဒီအဖြည့်ပိုဒ်ကိုများ မင်းမဆိုချင်ဘူးလား"

"ဆိုချင်ပါတယ် ဘုရား၊ သင်ပေးမယ့်သူရှိရင်တော့ တပည့်တော်ဆိုချင်လှပါတယ်"

"ဒီလိုဆို ငါကိုယ်တိုင်သင်ပေးမှာပေါ့ကွာ"

ဤသို့ မိန့်ကြားပြီးလျှင် စိတ္တရှင်ရသေ့က တတိယအပိုဒ်ကို နှုတ်တိုက် သင်ကြားပေးပြီးလျှင် သမ္မာတမင်းကြီး၏ရှေ့တော်သို့ဝင်၍ ဤတတိယအပိုဒ်ကို ရွတ်ဆိုပြရန် တိုက်တွန်းလိုက်လေသည်။

ဤတွင် ထိုလူငယ်လေးသည် အိမ်သို့ပြန်၍ မိခင်ထံမှ အဝတ်သစ်များ တောင်းရမ်းဝတ်ဆင်ပြီးလျှင် သမ္မာတမင်း၏ရှေ့တော်သို့ ဝင်ရောက်လာလေရာ ရွှေနန်းတော်အမှုထမ်းတို့က -

"မှန်လှပါ။ ဒီလူငယ်လေးက အရှင်မင်းမြတ် အမြဲမပြတ် သီကျူးနေတဲ့သီချင်းမှာ ထပ်ဖြည့်စရာကျန်နေသေးတဲ့ တတိယအပိုဒ်ကို ဆိုပြလိမ့်မယ် ဘုရား"

ဟု လျှောက်တင်ကြ၏။

ဤတွင် သမ္မာတမင်းကလည်း လျှောက်တင်ချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံပြီးလျှင် ထိုအပိုဒ်ကို ကြားနာရန် ရွှေနန်းတွင်းအမှုထမ်းအားလုံးကို စုဝေးစေ၏။

ပရိသတ်အစုံအလင်စုဝေးသော အခါ သမ္မာတမင်းက -

"ကဲ - အမောင်သူငယ်၊ အဖြည့်ပိုဒ်ကိုဆိုပြပေတော့"

ဟု အမိန့်ရှိလိုက်ရာ -

"မှန်လှပါဘုရား၊ ကျွန်တော်ဆိုပြရမှာက.. အဖြည့်ပိုဒ်သာဖြစ်ပါတယ်။

အဖြည့်ပိုဒ်ဆိုတာ သူချည်းသက်သက်နဲ့ အနက်အဓိပ္ပာယ်မပြည့်စုံနိုင်ပါ။ အခံပိုဒ်များနဲ့ ဆက်စပ်သီဆိုပါမှ ပြည့်စုံပါတယ်။ ဒါကြောင့်ဘုရား ကျွန်တော် ရှိသေလေးမြတ်စွာတောင်းပန်ပါတယ်။ အဲဒီသီချင်းထဲက အခံနှစ်ပိုဒ်ကို အရှင်မင်းကြီးကိုယ်တော်တိုင် သီဆိုပြတော်မူပါဦးဘုရား"

"ကိုင်း - ကောင်းပါပေတယ်ဗျား၊ မဟုတ်ပါပေတယ်ဗျား"

သမ္မာတမင်းကလည်း လိုက်လိုက်လျောလျောသဘောတူကာ စိတ်ပါလက်ပါ ထီကျူးလေသည်။

သမ္မာတမင်းက မဂဓောသာဂါထာမန္တန်ဖြင့် သီကျူးသောသီချင်း၏ အခံနှစ်ပိုဒ်တွင် ပါရှိသော အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

(က) *လူသားအားလုံးတို့ ဘဝဘဝက ပြုစုလာခဲ့သော ကုသိုလ်ကောင်းမှုဟူသမျှသည် ကောင်းကျိုး ချမ်းသာပေးနိုင်ပါ၏။ ကုသိုလ်ကောင်းမှုဟူသမျှသည် အကျိုးမဲ့ဟူ၍ မရှိနိုင်ပါ။ ဤသို့ပြောဆိုနိုင်ခြင်းမှာ မိမိ၏ရှေးကောင်းမှုအားလျော်စွာ စည်းစိမ်ကြီးစွာ ခံစားနေရသော ငါကိုယ်တော် သမ္မာတမင်းကို ငါကိုယ်တိုင် ရှုမြင်နေရ၍ဖြစ်ပေသည်။*

(ခ) *လူသားအားလုံးတို့ ဘဝဘဝက ပြုစုလာခဲ့သော ကုသိုလ်ကောင်းမှုဟူသမျှသည် ကောင်းကျိုး ချမ်းသာပေးနိုင်ပါ၏။ ကုသိုလ်ကောင်းမှုဟူသမျှသည် အကျိုးမဲ့ဟူ၍ မရှိနိုင်ပါ။ ထိုကုသိုလ်ကောင်းမှု၏ အကျိုးတရားကို ခံစားနေရသော ငါကိုယ်တော်ကဲ့သို့ပင် ဟိုးအလေးတစ်နေရာက နောင်တော် စိတ္တဂုတ္တလည်း စိတ်နှလုံးရွှင်ပြုံးနိုင်ပါ၏လော။*

သမ္မာတမင်းက ဤသို့ အနက်အဓိပ္ပာယ်ရှိသော အခံပိုဒ်နှစ်ခုကို သီကျူး၍ ပြီးဆုံးသွားသောအခါ လူငယ်လေးကလည်း စိတ္တရှင်ရသေ့သဲ့သင်ကြားပေးလိုက်သော မဂဓောသာဂါထာမန္တန်ဖြင့် ခွဲဆိုထားသောသီချင်း၏ တတိယအပိုဒ်ကို ရွတ်ဆိုပြ၏။ ထိုတတိယအပိုဒ်သဘောအဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

(ဂ) *လူသားအားလုံးတို့ ဘဝဘဝက ပြုစုလာခဲ့သော ကုသိုလ်ကောင်းမှုဟူသမျှသည် ကောင်းကျိုး ချမ်းသာပေးနိုင်ပါ၏။ ကုသိုလ်*

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုဟူဟူသမျှသည် အကျိုးမဲ့ဟူ၍မရှိနိုင်ပါ။ အရှင်မင်းကြီးထိုအကြောင်းကို ဟိုးအဝေးတစ်နေရာက နောင်တော်စိတ္တကလည်း သိနေပါ၏။ သူ၏စိတ်နှလုံးမှာလည်း ရှင်ပြုနေပါ၏။

ဤသို့ အနက်အဓိပ္ပာယ်ပါရှိသော သီချင်းကို နားထောင်လိုက်ရသဖြင့် သမ္ဘူတမင်းသည် မိမိ၏ ဥယျာဉ်တော်ထဲသို့ နောင်တော်ရသေ့မြတ်ရောက်နေကြောင်းကိုသိရသဖြင့် အလျင်အမြန် မင်းခမ်းမင်းနားများစီစဉ်စေ၍ ရွှေနန်းတော်မှထွက်ခွာခဲ့လေသည်။

ဥယျာဉ်တော်သို့ရောက်၍ နောင်တော်ရသေ့မြတ်၏ခြေအစုံ၌ ဦးခိုက်ရှိခိုးကာ ဝမ်းမြောက်ဝမ်းသာစကားများ လျှောက်ထားပြီးလျှင် -

"အရှင်ဘုရား၊ တပည့်တော်ပိုင်ဦးသမျှ စည်းစိမ်ဥစ္စာ၊ တန်ခိုးအာဏာဟူသမျှကို တစ်ဝက်ခွဲပြီး အရှင်ဘုရားအား လျှဒါန်းပါတယ်။ ဟိုယခင်ကဘဝများအတိုင်း ဒီစည်းစိမ်ချမ်းသာတွေကို တပည့်တော်နှစ်ဦး အတူတကွ ပျော်ရွှင်စွာ ခံစားကြပါစို့ဘုရား"

ဤသို့ ဝမ်းမြောက်ဝမ်းသာ ခံတ်ကြားလိုက်၏။

စိတ္တရှင်ရသေ့သည် ဤဖိတ်ကြားချက်ကို တည်ငြိမ်စွာနားထောင်ခဲ့ပြီးမှ ညီတော်သမ္ဘူတမင်းအား ဆုံးမစကားမြွက်ကြားသည်မှာ -

(က) မင်းမြတ်၊ မကောင်းမှုရဲ့ဆိုးပြစ်ကိုလည်း ငါမြင်ခဲ့ပြီ။ ကောင်းမှုရဲ့အကျိုးစီးပွားကိုလည်း ငါမြင်ခဲ့ပြီ။ ဒါကြောင့် ငါဟာ သီလစောင့်စည်းသူအဖြစ်နဲ့သာ နေပါတော့မယ်။ ငါ့အတွက် သားလည်း မလိုအပ်ပါ။ ဆင်၊ မြင်း၊ ကွဲ၊ နွား စတာတွေလည်း မလိုအပ်ပါ။

(ခ) မင်းမြတ်၊ လူတို့ရဲ့သင်္ကေတမင်းကို ဆယ်နှစ်ဆယ်နှစ်စီပိုင်းခြားထားခဲ့ကြတယ်။ ဒါပေမယ့် နောက်ဆုံး ဆယ်နှစ်တန်းမရောက်ခင်မှာပဲ လူအများတို့ သေဆုံးကြရတယ်။ အပင်ကပြတ်ကျလာတဲ့ ကျွဲရွာက်လိုပဲ ခြောက်သွေ့ဆွေးမြေသွားကြရတယ်။

(ဂ) မင်းမြတ်၊ ဒါလောက်တောင် သေဘေးကြီးနဲ့ နီးလှတဲ့ ဘဝသက်တမ်းထဲမှာ ကာမဂုဏ်အာရုံတွေကို ခုံမင်တွယ်တာနေလို့ ဘာအကျိုးရှိမှာလဲ။ ရယ်ရယ်မြူးမြူးပေါ့ပေါ့တန်းတန်းနေထိုင်လို့ဘာအကျိုးရှိမှာလဲ။ ပစ္စည်းဥစ္စာတွေ ရှာဖွေနေလို့ကော ဘာအကျိုးရှိမှာလဲ။ ငါ့အတွက် သားတွေမယားတွေက ဘယ်လို အကျိုးပြုနိုင်ကြမှာလဲ။ ယခု ငါက ဒီအနှောင်အဖွဲ့တွေကလွတ်နေခဲ့ပြီ။

(ဃ) မင်းမြတ်၊ ဒီလိုကျင့်ကြံနေထိုင်လာခဲ့တဲ့ ငါဟာ ဒီလို သဘောပေါက်လာတယ်။ သေမင်းက ငါ့ကို မမေ့တမ်း မလျော့တမ်း အမြဲတမ်းစောင့်ကြည့်နေတယ်။ ဒီတော့ သေမင်းနှိပ်စက်တာကို အမြဲတမ်းခံနေရမှတော့ ငါ့မှာ ဘယ်လိုပျော်နိုင်ပါတော့မှာလဲ။ ဘယ်လိုလုပ်ပြီးပစ္စည်းဥစ္စာတွေ ရှာဖွေနေနိုင်တော့မှာလဲ။

ဤသို့ မိမိ၏ တရားအမြင်နှင့် မိမိသဘောထားအမှန်ကို ဟောပြပြီးလျှင် စိတ္တရှင်ရသေ့သည် အမျိုးမာန်၊ ရာဇမာန်တို့ဖြင့် ယစ်မူးပျော်ပါးနေသည့် ညီတော်ဟောင်း၏မာန် ထိုကဲ့သို့သော မာန်မာနတို့ကို ဖယ်ရှားပေးလိုသဖြင့် ဆက်လက်၍ ဟောကြားသည်မှာ -

"မင်းမြတ်၊ လူတို့ရဲ့နယ်ပယ်မှာ ဒွန်းစဏ္ဍာမျိုးဟာ အယုတ်နိမ့်ဆုံးဖြစ်တယ်။ ဟိုးရှေးရှေးတုန်းက မိမိတို့ကိုယ်တိုင် ကျူးလွန်ပြစ်မှားမိခဲ့ကြတဲ့ အကုသိုလ်ကံ အယုတ်တမာတွေကြောင့် ဒွန်းစဏ္ဍာအမျိုးသမီးရဲ့ဝမ်းခေါင်းမှာ ပဋိသန္ဓေနေခဲ့ကြရတယ်။

မင်းမြတ်၊ ငါတို့နှစ်ဦးဟာ ရှေးဦးစွာ အဝန်တိုင်းအတွင်းမှာ ဒွန်းစဏ္ဍားညီနောင်နှစ်ယောက်ဖြစ်ခဲ့ကြရတယ်။ အဲဒီကပြီးတော့ နေရွှေရာမြစ်ကမ်းပါးမှာ သမင်ညီနောင်ဖြစ်ခဲ့ကြရတယ်။ အဲဒီကပြီးပြန်တော့လည်း နမ္မဒါမြစ်ကမ်းပါးမှာ ဝန်လိုင်ကျီးညီနောင်ဖြစ်ခဲ့ကြရပြန်တယ်။ အဲဒီလို သုံးဘဝတိုင်တိုင် ကျင်လည်လာခဲ့ပြီးတော့ ယခု စတုတ္ထဘဝရောက်လာခါမှ ငါက ဗြာဟ္မဏနွယ်ဖွားပုဏ္ဏားတစ်ယောက်ဖြစ်လာတာပါ။ သင်ကလည်း ယခုဘဝရောက်ခါမှ မင်းမျိုးမင်းနွယ်ဖြစ်လာတာပါ"

ဤသို့ဖြင့် စိတ္တရှင်ရသေ့သည် ဘဝသံသရာကျင်လည်ရခြင်း၏ ဘေးဒုက္ခတို့ကို ပြဆိုပြီးလျှင် ဘေးဒုက္ခအပေါင်း၏ ပွားစည်းကြောင်းဖြစ်သော ပဉ္စုပ်ဒါန်းပြည်အုပ်ချုပ် မင်းလုပ်နေရသော အမှုကိစ္စဗျာပါဒတို့ကို စွန့်လွှတ်ပြီးလျှင် မိမိနှင့်အတူတကွ ဟိမဝန္တာတောကြီးသို့ လိုက်ပါလာရန် တိုက်တွန်းသည့် တရားစကားများ ဟောကြားလေသည်။

သမ္ဘူတမင်းကလည်း နောင်တော်မြတ်ဟောကြားသည့်တရားစကားတို့ကို ရိုသေလေးမြတ်စွာနာယူပြီးလျှင် မိမိ၏အခြေအနေမှန်ကို တင်ပြလိုသဖြင့် -

"အရှင်ရသေ့မြတ်ဘုရား၊ အရှင်ရသေ့ဟောကြားတဲ့ တရားစကားဟူသမျှ မှန်လှပါပေတယ်။ အရှင်ဘုရား နောက်တော်ပါးက ဖဝါးခြေထပ်လိုက်ပါပြီးတော့ ရသေ့ဝတ်သင့်တာလည်း မှန်ပါတယ်။ ဒါပေမယ့် ယခုဘဝမှာ တပည့်တော် ရရှိထားတဲ့ စည်းစိမ်ချမ်းသာတွေကများလှပါတယ်။ ဒါကြောင့်လည်း စွန့်ပစ်ထားခဲ့ဖို့ ခက်ခဲနေရပါတယ်။

အရှင်မြတ်ဘုရား၊ တပည့်တော်ရဲ့အဖြစ်က ဘာနဲ့တူသလဲဆိုတော့ ဆင်ပြောင်ကြီးနဲ့ တူလှပါတယ်။ ဆင်ပြောင်ကြီးဟာ ဘယ်လောက်ပဲ အားကောင်းပါစေ ၊ တကယ့်တကယ်ကြီးကျယ်တဲ့ ရွှံ့ဗွက်ကြီးထဲကျမိရင်တော့ ရုန်းထွက်ဖို့ ခဲယဉ်းနေပါလိမ့်မယ်။ ဟိုတစ်နေရာက ကုန်းမြေကို လှမ်းမြင်နေရပေမယ့်လို့ အဲဒီကုန်းပေါ် ကိုရောက်အောင်တက်ဖို့တော့မလွယ်ပါဘုရား။

အရှင်မြတ်ဘုရား၊ အရှင်ဘုရား မိန့်ကြားချက်ကို ယခုလောလောဆယ် လက်မခံနိုင်အောင်လည်း မျက်နှာလွဲသွားတော်မမူပါနဲ့ဦး။ မိခင်၊ ဖခင်ကျေးဇူးရှင်များဟာ သားလေးသမီးလေးတွေကို ကောင်းရာကောင်းကြောင်းပြဆိုပြီးတော့ ဆုံးမစကားပြောကြားကြသလို အရှင်ဘုရားကလည်း တပည့်တော်ကို ဆက်လက်ပြီးတော့ ဆုံးမတော်မူပါ ဘုရား"

ဤသို့ ညီတော်ဟောင်းက အနှုးအညွတ် တောင်းပန်သဖြင့် နောင်တော်စိတ္တရှင်ရသေ့ကဟောပြသည်မှာ -

"မင်းမြတ်၊ ယခုလောလောဆယ် ဒီစည်းစိမ်ချမ်းသာတွေကို မပယ်နိုင်မစွန့်နိုင်သေးဘူးဆိုရင်ရှိပါစေတော့။ ဒီတော့ တိုင်းပြည်မြို့ရွာလူတကာတို့ကို အုပ်ချုပ်ပြီး မင်းတစ်ပါးအဖြစ်ကို ခံယူပြီဆိုရင် မင်းတို့ကျင့်သုံးဖွယ်၊ လိုက်နာဖွယ်တို့ကို ကျင့်သုံးဖို့လိုတယ်။ လိုက်နာဖို့လိုတယ်။

မင်းမြတ်၊ အဲဒီမင်းကျင့်တရားတွေက ဘာလဲဆိုတော့ မင်းမြတ်ပိုင်ဝိုင်းတဲ့တိုင်းနိုင်ငံထဲမှာ တရားမျှတတဲ့ခွန်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ပုဒ္ဒမြတ်စွာဟောခဲ့တာ ကိုယ့်ကိုယ်ကိုယ်ချစ်ပါ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် ဥဒ္ဒမြတ်ဘုရားထံတော်သို့ အဖူးအမြော်ရောက်ရှိလာသည်တွင် ရှင်တော်မြတ်ဘုရားက ကောသလမင်းကြီးအားတရားဟောတော်မူသည်။

"ဒကာတော်မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့်မကောင်းမှုကို ပြုလုပ်ကြ၏။ သူတို့သည် နှုတ်ဖြင့် မကောင်းသောအမှုကိုပြုကြ၏။ စိတ်ဖြင့်မကောင်းသောအမှုကိုပြုကြ၏။ ထိုသူတို့သည် မိမိကိုယ်ကို မချစ်သောသူတို့ဖြစ်ကြကုန်၏။ ထိုသူတို့က သူတို့ကိုယ်သူတို့ချစ်ကြပါသည်ဟု ဆိုကြစေကာမူ အမှန်မှာ သူတို့သည် မိမိကိုယ်ကိုမချစ်ကြသောသူများသာ ဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် မချစ်သောသူသည် မိမိမချစ်သောသူအတွက်ပြုလုပ်ရမည့်အမှုမျိုးကို (ထိုသူတို့သည်) မိမိအတွက် ကိုယ်တိုင်ပင်ပြုလုပ်နေသောကြောင့် ဖြစ်သည်။

ဒကာတော်မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့်ကောင်းသောအမှုကို ပြုလုပ်၏။ နှုတ်ဖြင့်ကောင်းသောအမှုကိုပြု၏။ စိတ်ဖြင့်ကောင်းသောအမှုကိုပြု၏။ ထိုသူတို့သည် မိမိကိုယ်ကိုချစ်သောသူများဖြစ်ကြ၏။ ထိုသူတို့က ကျွန်ုပ်တို့သည် ကိုယ့်ကိုချစ်သောသူများသာဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ချစ်သောသူသည် မိမိချစ်သောသူအတွက်ပြုလုပ်ရမည့် အမှုကိစ္စမျိုးကို (ထိုသူတို့သည်) မိမိအတွက် ကိုယ်တိုင်ပြုလုပ်နေသောကြောင့် ဖြစ်သည်။

မိမိကိုယ်ကို ချစ်အပ်သည်ဟု နားလည်ပါလျှင် မိမိကိုယ်ကို မကောင်းမှုနှင့်မယှဉ်စေရာ။ မကောင်းမှုကိုပြုလေ့ရှိသောသူသည် ချမ်းသာသုခကိုရဖို့ရန်မရှိ ခဲယဉ်းလှပေသည်။ သေမင်းနှိပ်စက်၍ လွှဘဝကို စွန့်လွှတ်သွားရသောသူအတွက် သူကိုယ်ပိုင်ဥစ္စာကား အဘယ်နည်း။ အဘယ်ဥစ္စာကိုသူယူဆောင်သွားရသနည်း။ အဘယ်အရာသည် သူသွားရာသို့ အရိပ်ပမာပါသွားပါသနည်း။ သေမင်းနှိပ်စက်၍ လွှဘဝကိုစွန့်သွားရသူအတွက် သူကိုယ်ပိုင်ဥစ္စာကား မသေခင်က သူပြုလုပ်ခဲ့သည့် ကောင်းမှု၊ မကောင်းမှုပင်တည်း။ ထိုကောင်းမှု၊ မကောင်းမှုကိုပင်ယူသွားရသည်။ သူပြုခဲ့သည့်ကောင်းမှု၊ မကောင်းမှုသည်သာ သူသွားရာသို့ အရိပ်ပမာပါသွားလေ၏။

(သဂါထာဝဂ္ဂသံယုတ်၊
၃-ကောသလသံယုတ်၊
၁၄မဂ်၊ ၃-ဝိယသုတ်)

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

တော်များကိုသာကောက်ခံပါ။ မင်းမြတ်ကိုယ်တိုင် ကြီးမှူးအုပ်ချုပ်လာခဲ့တဲ့ တိုင်းနိုင်ငံထဲမှာ မတရားသဖြင့် အနိုင်ကျင့်တာတွေမဖြစ်လာပါစေနဲ့။

မင်းမြတ်၊ အနယ်နယ်အရပ်ရပ်မှာ လှည့်လည်နေကြတဲ့ ရသေ့ရဟန်းသူတော်စင်တွေ မိမိတို့တိုင်းနိုင်ငံထဲရောက်လာအောင် အနယ်နယ်အရပ်ရပ်သို့ အထောက်တော်များ စေလွှတ်ပြီး ပင့်ဆောင်ပါ။ ပင့်ဆောင်လို့ ကြွရောက်တော်မူလာကြတဲ့ရသေ့ရဟန်းသူတော်စင်များအားလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်းအဆောက်အအုံများလှူဒါန်းပါ"

ဤသို့ မင်းကောင်းမင်းမြတ်တို့ ကျင့်သုံးမြဲတံထွာရာဇမဟတို့ကိုညွှန်ပြပြီးမှ ဆက်လက်၍ -

"မင်းမြတ်၊ အသင်မင်းမြတ်ဟာ မိဖုရားတွေ၊ နန်းတွင်းသူတွေကြားမှာ မွေ့လျော်ပျော်ပါးရင်း တကယ်လို့များ ရာဇမာန်တွေတက်လာခဲ့ပြီဆိုရင် ဟိုစဉ်တုန်းကကြုံခဲ့ရတာလေးကို သတိပြုလိုက်စမ်းပါ။

မင်းမြတ်၊ အဲဒါကဘာလဲဆိုတော့ ဟိုလွန်ခဲ့တဲ့ စတုတ္ထဘဝတုန်းကပေါ့။ သင်ဟာ အဲဒီရွာကလေးမှာ အဆင်းရဆုံး ဒွန်းစဏ္ဍာအမျိုးသမီးက ဖွားမြင်လာခဲ့ရတယ်။ သင်နို့စို့ကလေးငယ်ဘဝမှာပဲ သင့်မိခင်က သင်ကို အိမ်မှာ ပစ်ထားခဲ့ပြီးတော့ အဝေးတစ်နေရာက ရရာအလုပ်ကြမ်းတွေလုပ်နေခဲ့ရတယ်။ အဲဒီအချိန်မှာ သင်ဟာ နို့ဆာလွန်းလှတဲ့အတွက် သားငယ်လေးတစ်ပြုံကြီးကိုနို့တိုက်ရတဲ့ခွေးမကြီးဆီမှာ ခွေးကလေးနဲ့အလှအယက်နို့စို့လာခဲ့ရဖူးတယ်။ အဲဒီကလေးငယ်ဘဝကို မေ့မသွားရအောင် ငါက သီချင်းတစ်ပုဒ်စီပေးခဲ့ပါတယ်။ အဲဒီသီချင်းကိုသာ အခါအခါရွတ်ပြီးနေရစ်ခဲ့ပါတော့"

'အတိတ်ဘဝဟောင်း မမေ့ကောင်း'ဟူသော သီချင်းတစ်ပုဒ်ကို မဂဓဘာသာ ဂါထာမန္တန်ဖြင့်ဖွဲ့သီ၍ နှုတ်တိုက်ပို့ချပေးပြီးသောအခါ အလောင်းတော်စိတ္တသုခမိန်က နောက်ဆုံးပိတ်နှုတ်ခွန်းစကားအဖြစ်ဖြင့် -

"မင်းမြတ်၊ ဟိမဝန္တာကနေပြီးတော့ ဒီကိုလာခဲ့တာက သင့်ကို ငါနဲ့အတူ အပါခေါ်ဖို့ဖြစ်တယ်။ ဒါပေမယ့် သင်ကမလိုက်နိုင်ဘူးဆိုတော့လည်း ငါဘာမှမတတ်နိုင်တော့ပါ။ သင့်ကံကြမ္မာကို သင့်ဘာသာပဲ အဆုံးအဖြတ်ပေးပါတော့"

ဤသို့သောစကားတို့ကို မိန့်ကြားပြီးလျှင် ထိုင်နေရာမှထ၍ အထက်ကောင်းကင်သို့ ပြန်တက်ကာ သမ္မာတမင်း၏ခေါင်းပေါ်သို့ မိမိခြေဖျားမှ မြေအမှုန့်အမွှားတို့ကျသွားစေရန် ခါထွက်ထားခဲ့လေသည်။

ဤတွင်မှ သမ္မာတမင်းသည် ဟိမဝန္တာသို့ အပါခေါ် ရန် စိတ်ဆန္ဒပြင်းပြလွန်းလှသော နောင်တော်မြတ်၏ အပြုအမူကြောင့် သတိသံဝေဂရရှိကာ ထိုဥယျာဉ်တော်ထဲမှာပင် သားတော်အကြီးဆုံးအား ထီးနန်းစည်းစိမ်လွှဲအပ်လိုက်၏။ အတူပါလာခဲ့သော စစ်သည်ဗိုလ်ပါအပေါင်းကိုလည်း နန်းတော်သို့ ပြန်စေ၏။

ဤသို့ စသဖြင့် လိုအပ်သမျှအမှုကိစ္စအဝဝကို တာဝန်ကျေအောင် စီမံခန့်ခွဲပြီးမှ သမ္မာတမင်းသည် ခြွေရံသင်းပင်းတွေ လုံးဝမပါတော့ဘဲ ဟိမဝန္တာတောကြီးဆီသို့ ရွေးရွှေ့၍ထွက်လာခဲ့ရာ နောင်တော်စိတ္တရှင်ရသေ့က ဟိမဝန္တာတောအစပ်သို့ ကြွရောက်၍ ညီတော်အား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်လေသည်။

ဝဏ္ဏသီရိ

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန်း

ဘုန်းရှင်တံရှင် ပါရမီရှင်
မင်းကွန်းတိပိဋကဝရဆရာတော်ဘုရားကြီး၏
ကြည်ညိုမှုယ်ရာအဖြာဖြာ

မြင်းခြံမြို့ ကျည်းပင်ရွာ ရွာသူကြီး ဦးဆုံနှင့် သူကြီးကတော် ဒေါ်ဆုံတို့မှ မြန်မာနှစ် ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ညနေ (၃) နာရီ (၁၅) မိနစ်တွင်ဖွားမြင်ခဲ့သည့် မင်းကွန်း တိပိဋကဝရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်လောင်းလျာသည် ၁၂၉၂ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့တွင် မင်းကွန်းဌေတောင်တောရကျောင်းတိုက်ဆည်သိမ်၌ ဓမ္မနာဒဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်အပေါ်၌ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအဖြာဖြာတို့သည် ကား . . . ။

ရွေးကံပါရမီထွန်းတောက်ပြီ

'အကျိုးမြင်ကအကြောင်းထင်' ဆိုသကဲ့သို့ လက်ရှိ ပစ္စက္ခဘဝ၌ အကျိုးဂုဏ်သရေများပေါ်ထွန်းနေပုံကို လေ့လာဆောက်ရှုပြီး လွန်လေပြီးသော အတိတ်ကာလအခါသမယ၊ ထူထောင်ခဲ့သည့် အကြောင်းတရားများကို သိမြင်ကြရသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ဆရာတော်ဘုရားသည်၊ ပရိယတ္တိပညာရေးစာပေနယ်တွင် ဝင်တိုင်းမလွဲ ထင်တိုင်းစွဲ၍ အောင်ပွဲအဆင့်ဆင့်ဆက်ကာဆက်ကာရရှိတော်မူခြင်းအသီးအပွင့်များကား ရှေးရှေးဘဝ ဆည်းပူးထူထောင်ခဲ့သည့် ပညာပါရမီအလိုလိုသောကုသိုလ်ကံမျိုးစေ့ကောင်းကြောင့် ဖြစ်သည်။ မျိုးစေ့မှန်မှ အပင်သန် ဆိုသကဲ့သို့ ဆရာတော်ဘုရား၌ ရှေးအတိတ်ကံပညာပါရမီမျိုးစေ့များ အမှန်ရှိခဲ့သောကြောင့်သာ ပရိယတ္တိအရာတွင် ပညာတံခွန်မထေရ်ချွန်ဖြစ်တော်မူလာခြင်း ဖြစ်သည်။

ဆရာတော်သည် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ပထမငယ်၊ ပထမကျော်နှင့် ဂုဏ်ထူးဆောင် ဓမ္မာစရိယတန်းတို့ကို လည်းကောင်း၊ အိမ်တော်ရာ အမျိုးသားပထမကြီးတန်းကို လည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သကျသီဟ)အသင်းကြီး၏ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းတို့ကို လည်းကောင်း၊ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့် တိပိဋကဝရစာမေးပွဲကြီးကို လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ခဲ့ပေသည်။

ဆရာတော်ဘုရား၏ ပညာပါရမီအလိုလိုတို့ကြောင့် ပညာအရာထူးချွန်ပုံကို ဖော်ပြရလျှင် ဆရာတော်ဘုရားပြန်ဆို ဖြေဆိုခဲ့သမျှ စာပြန်ပွဲစာမေးပွဲအားလုံးတို့၌ တစ်ကြိမ်တစ်ခါမျှ အကျအန်းမရှိဘူးဘဲ နှစ်ချင်းစွဲချည်းသာ အောင်ပန်းဆင်ခဲ့ပါသည်။

မန္တလေးမြို့ သကျသီဟစာမေးပွဲကား ပရိယတ္တိပညာရေးနယ်တွင် အလွန်ခက်ခဲသည်ဟု ကျော်ကြားသောစာမေးပွဲကြီး ဖြစ်သည်။ အထူးသဖြင့် စာသင်တန်းကို နှစ်ချင်းအောင်မြင်ရန် အလွန်ခဲယဉ်းလှသည်။ အောင်ချက်ရာခိုင်နှုန်း

www.burmeseclassic.com

www.burmeseclassic.com

လေးရာနှုန်းမျှသာရှိ၍ ကမ္ဘာတွင် အောင်ချက်အနည်းဆုံးစာမေးပွဲဖြစ်၏။ ထို့ကြောင့် ရဟန်းတော်တိုင်းလိုလို ဝင်ရောက်ဖြေဆိုရန် စိတ်မကူးရဲကြပေ။ စာသင်တန်းကို နှစ်ချင်းအောင်ဖို့ရာထက် စာသင်တန်းကိုအောင်ပြီး စာချတန်းကို နှစ်မခြားဘဲ ဆက်တိုက်အောင်ဖို့ရန်ကား သာ၍ပင်ခက်လှပါသည်။ ထို့ကြောင့် ၁၂၉၆ ခုနှစ်မတိုင်မီက ဤကဲ့သို့ အောင်မြင်သည့် ပုဂ္ဂိုလ်ထူးများမပေါ်ခဲ့ဘူးခြင်း ဖြစ်ပါသည်။

သို့သော် အရှင်ဝိစိတ္တာသရဆရာတော်သည် ၁၂၉၅ ခုနှစ်တွင် စာသင်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ၁၂၉၆ ခုနှစ်တွင် စာချတန်းကို မအောင်စဖူး အအောင်ထူးဖြင့် ဆက်တိုက်အောင်မြင်ခဲ့သည်။ ထို့ကြောင့် ပရိယတ္တိသာသနဟိတ(သက္ကသီဟ)အသင်းကြီးက မိုးမိုးစာချတန်းအောင်ပုဂ္ဂိုလ်များအား လှူဒါန်းနေကျ ဘွဲ့တံဆိပ်တော်လက်မှတ်တွင် ဝဉ်သကာ(ဦးဆောက်ပန်း)ဟူသော ဘွဲ့ကို တီထွင် ထပ်ဆင့် ထည့်သွင်း၍ 'ဘဒ္ဒန္တ ဝိစိတ္တာသရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဉ်သကာ' ဟူသော ဘွဲ့တံဆိပ်ထူးကို ဆက်ကပ်လှူဒါန်းသည်။ ရှန်ကုန်မြို့ ပါဠိဆရာမြန်မာပညာရှိအသင်းကြီးကလည်း 'အဋ္ဌကထာပြန်အကျော်' ဘွဲ့တံဆိပ်တော်ကိုလှူဒါန်း ဆက်ကပ်ခြင်းတို့ကား ရှေးကပါရမီထွန်းတောက်ခြင်းတို့ပင် ဖြစ်ပါသည်။

❑ ဝိရိယဓာတ်ကြီးမြတ်လှ

ဆရာတော်ဘုရားသည် ဤကဲ့သို့ ပရိယတ္တိပညာရေးနယ်၌ သူမတူအောင် ထူးထူးချွန်ချွန် ပုဂ္ဂိုလ်မွန်ဖြစ်လာရခြင်းမှာ ရှေးပညာပါရမီ ကုသိုလ်ကံအလိုလိုကြောင့်ချည်း မဟုတ်ပါ။

> ❑ ကံဟူမူလ သမ္မာဒိဋ္ဌိ ဟောပြသည်မှာ အရင်းသာ၍ ဥစ္စာဘောဂ ဇီဝိတနှင့် သုခဖွားရန် ဤလူဌာန်း၌ ဉာဏ်ဝိရိယ ပယောဂတည်း - ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အကိုင်း ဆရာတော်ဘုရားသည် ဆုံးဖြတ်မိသည်နှင့် တစ်ပြိုင်နက် မတွန့်မယုတ် နောက်မဆုတ် တတ်သည့် ပယောဂသမ္မတ္တိခေါ် ဉာဏ်ဦးဆောင်သော ဝိရိယဓာတ်သည်လည်း အကြောင်းတစ်ခု ဖြစ်ပါသည်။

ကြိုးစားအားထုတ်ရာ၌ တွန့်ဆုတ်မှုမရှိသောဝိရိယကို သမ္မဖဓာန်ဟု ဆိုပါသည်။ အာတာပီဝိရိယဟုလည်း ခေါ်သည်။ အားထုတ်ရာတွင် လွန်စွာ အပူအပန် အပင်အပန်းခံနိုင်သောဝိရိယမျိုးတည်း။

ထိုသမ္မပဓာန်ဝိရိယ၌ -

၁။ အရေကြွင်းပါစေ၊
၂။ အကြောကြွင်းပါစေ၊
၃။ အရိုးကြွင်းပါစေ၊
၄။ အသားသွေးကုန်ခန်းခြောက်သွားပါစေဟု အဂိါလေးပါးရှိသည်။

ဝိရိယကို အားထုတ်နိုင်လျှင် ရထိုက်သောတရားမျိုးသာဖြစ်ပါစေ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ ကြိုးစားအားထုတ်မှုဝိရိယကိုတော့ ငါမလျော့ပြိုဟု အရိုးကြေကြေအရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသောဝိရိယမျိုးပင် ဖြစ်သည်။

ဆရာတော်ဘုရား၏ဥပဓိရုပ်သွင်ကို ဆင်ခြင်အကဲခတ်ကြည့်ရုံမျှပင် ထိုသမ္မပဓာန်ဝိရိယ၏ဂုဏ်အင်္ဂါလက္ခဏာတို့သည် ဆရာတော်ဘုရားရုပ်သွင်တွင် ပေါ်လွင်ထင်ရှားလျက်ရှိပေသည်။ ဆရာတော်ဘုရား၏ အရိုးကြေကြေအရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသည့် သမ္မပဓာန်ဝိရိယဓာတ်က ပုံပိုးပေးသည့် အတွက်ကြောင့် ရှေးပညာပါရမီကုသိုလ်ကံများ ဤကဲ့သို့ ပညာအရာမယွင်သာအောင် အကျိုးပေးခြင်း ဖြစ်သည်။

တိပိဋကစာမေးပွဲကြီး တစ်ကြိမ်၊ နှစ်ကြိမ် ကျင်းပပြီးသည့်အခါ ဆရာတော်ဘုရားကြီးများက -

"ဒီစာမေးပွဲကြီး ရပ်ဆိုင်းထားရမှာပါ။ ဒီပိဋကသုံးပုံကို အကုန်အကုံပြန်ပြဖို့ဆိုတာက လွယ်ကူတဲ့ကိစ္စမှမဟုတ်ဘဲ။ ဘုရားရဟန္တာများသာ ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်ကြတာ။ အခုပုဇ္ဇဂ္ဂလဝ်တွေ ဘယ်နည်းနဲ့မှမဆောင်နိုင်ကြပါဘူး

ဟု ညည်းညူတော်မူနေကြသည့် အချိန် တိပိဋကခရေရွေးချယ်ရေးအဖွဲ့ကြီးကလည်း စာမေးပွဲကြီး ဆက်လက်ကျင်းပရေးအတွက် စိတ်မအေးဖြစ်နေကြသည့်အချိန်တို့၌ ဆရာတော်ဘုရားက စာမေးပွဲကြီးဆက်လက်တည်တံ့နိုင်ရေးနှင့် ဆဋ္ဌသင်္ဂီယနာကို ထူးထူးခြားခြားတင်နိုင်ရေးတို့အတွက် စွန့်စွန့်စားစား ဂုဏ်ထူးဆောင် တိပိဋကရေပုဂ္ဂိုလ်ချွန်အဖြစ် မားမားမတ်မတ် ရပ်ပြလိုက်ခြင်းကား ဆရာတော်ဘုရား၏သမ္မပဓာန်လှပဝိရိယနှင့် ပတ်သက်၍ ထင်ရှားသော သာကေတစ်ရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ ဝိရိယဓာတ်ကား ပညာသင်ယူခဲ့ရာ ငယ်စဉ်ကာလ၌သာ ကြီးမားသည်မဟုတ်။ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်း လုံလဝိရိယအထူးကြီးမားတော်မူပါသည်။ ဗုဒ္ဓမြတ်စွာသာသနာပြန့်ပွားရေးအတွက် ရဟန်းရှစ်ဝါရကပင် မြန်မာပြည်အရပ်ရပ်သို့ ဒေသစာရီ လှည့်လည်တော်မူ၍ မြတ်ဗုဒ္ဓ၏ဓမ္မစည်ကြီးကို ဆော်တီးရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက်ရှိရာ ဆဋ္ဌသင်္ဂီယနာတင်ပြီးခါနိမ့်၍ ၁၃၄၀ ပြည့်နှစ်အထိ အကြိမ်ပေါင်း (၈၂၈၀) ခန့်အထိရှိသည်ဟု သိရှိရပါသည်။ စသည်တို့မှာ ဆရာတော်ဘုရားကြီး၏ ဝိရိယဓာတ်ကြီးမြတ်လှပုံမြောတ်များစွာထဲမှ အနည်းငယ်မျှသာပင် ဖြစ်ပါသည်။

❑ ဗိုလ်ဝါဦးကြီးမှူးဦးစီးသည့်ဆရာတော်

သတ္တိအင်အားစွမ်းပကားကောင်းသည့်တရားမျိုးကို 'ဗိုလ်' ဟုခေါ်ပါသည်။ ဆန့်ကျင်ဘက်တရားများနှင့်တွေ့လျှင် မတုန်မလှုပ်ဘဲ အားအင်ဖြင့် ဖိစီးတိုက်ထုတ်နိုင်သောတရားများဟု ဆိုလိုသည်။ ထိုဗိုလ်အမည်ရသောတရားများမှာ သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ ဖြစ်သည်။ ထိုဗိုလ်အသီးသီး၌ သာယာမှု၊ ပျင်းရိမှု စသောဆိုင်ရာဆန့်ကျင်ဘက် ရန်သူတို့ကို တွန်းလှန်ဖြိုဖျက်နိုင်သော အင်အားအပြည့်အဝရှိပေသည်။

ဆရာတော်သည် ပထမဆုံး အာဒိကမ္မိက ဂုဏ်ထူးဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဟုဂ္ဂိုလ်ဖြစ်လာရခြင်းမှာ ထိုသဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ ပညာတရားငါးပါးတို့ကို ဗိုလ်တင်၍ သူ့နေရာနှင့်သူကြိုးကြပ်ကွပ်ကဲနိုင်သောကြောင့် ဖြစ်ပါသည်။ ထင်ရှားသည်ကို ဖော်ပြရမည်ဆိုပါက ၁၃၁၀ ပြည့်နှစ် ပထမဆုံးအကြိမ်ကျင်းပသည့် တိပိဋကဓရစာမေးပွဲကြီးပြီးဆုံးသွားသည့်အခါ စာမေးပွဲအောင်မြင်သည့် သံဃာတော်တစ်ပါးမျှ ထွက်ပေါ်မလာသည့်အတွက် ဆရာတော်၏ ရဟန်းဒါယကာကြီးဆွေးသွင်မှာ အလွန်စိတ်ပျက်အားငယ်လျက်ရှိနေပါသည်။

စာမေးပွဲကြီးပြီးစ တစ်နေ့တွင် ရဟန်းဒါယကာကြီးသည် ဆရာတော်တည်းခိုနေသည့်အောင်မြေသုခကျောင်းသို့ရောက်လာခဲ့ပါသည်။ ကြည့်ဖြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေသည့် ရဟန်းဒါယကာကြီး၏ မျက်နှာမှာ မလွှဲမလန်းညီးနွမ်းစိတ်ပျက်နေပုံပေါ် လျက်ရှိသည်။ ဆရာတော်သည် ရဟန်းဒါယကာကြီး၏မျက်နှာကို မြင်ရသည့်အခါ -

"ဘာပဲပြောပြော ငါဟာ တိပိဋကဓရအဖြစ်တော့တက်မှဖြစ်မယ်။ နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်အစိုးရ အမှုထမ်းပြုသော ဗုဒ္ဓဘာသာသူတော်စင်တို့၏ တိပိဋကဓရဂုဏ်ပုံတော်လက်အုပ်ကို၊ အေးကြွေးတင်နေတဲ့ လက်အုပ်ကိုဆပ်မှဖြစ်တော့မယ်"

ဟု နှလုံးပိုက်ပြီး တိပိဋကဓရစာမေးပွဲဝင်ရန် ယတိပြတ်ဆုံးဖြတ်လိုက်ပါတော့သည်။ တစ်ခ်ိုန်တည်းမှာပင် ရဟန်းဒါယကာကြီးအား -

"ကျွပ် ဘာပဲဖြစ်ဖြစ် တိပိဋကဓရဖြစ်အောင် ကြိုးစားပါ့မယ်"

ဟု ကတိပေးလိုက်ပါတော့သည်။

ရဟန်းဒါယကာကြီးပြန်သွားသည့်အခါ ဆရာတော်သည် တိပိဋကဓရစာမေးပွဲကြီးဝင်ရေးအတွက် မိမိ၏ ကာယဗလ၊ ဉာဏဗလအားကို ဝေဖန်ဆန်းစစ်ကြည့်သည်။

"ကာယဗလကတော့ လက်မောင်းတန်းကြည့်ရင် လက်တစ်ဆုပ်စာပဲရှိတယ်။ တိပိဋကဓရစာမေးပွဲအတွက် ကျက်ရမယ့်စာက အများကြီး။ မင်းလက်မောင်းတစ်ဆုပ်နဲ့ တိပိဋကဓရစာပြန်ပွဲအောင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ် မေးတယ်။ တိပိဋကဓရစာပြန်ပွဲအလုပ်ဟာ ဉာဏဗလအလုပ်ဖြစ်တယ်။ ကာယဗလ အလုပ်မဟုတ်ဘူး။ မင်းမှာ သဒ္ဒါဝိုလ် ဝိရိယဝိုလ်၊ သတိဝိုလ်၊ သမာဓိဝိုလ်၊ ပညာဝိုလ်ဆိုတဲ့ ဝိုလ်ငါးပါးအား အပြည့်အဝရှိတယ်။ အဲဒီတော့ ဝိုလ်ငါးပါးအားကြီးငါးရပ်အပြည့်အဝရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဘာကြောက်စရာရှိသလဲ၊ ဝင်သာဝင်"

ဟု ကိုယ့်ကိုယ်ကိုယ် ပြန်အဖြေပေးပြီး ဝိုလ်ကြီးငါးပါး အားကြီးငါးခုကို အားကိုးပြုကာ ၁၃၁၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှစပြီး ဝိနည်းပိဋကကို ကျက်ခဲ့သည်။

ဆရာတော်သည် ကမ္ဘာ့အကြီးဆုံးစာမေးပွဲဖြစ်သည့် တိပိဋကဓရစာမေးပွဲကြီးကို ကြိုးပမ်းရာ၌ စာမေးပွဲအောင်မြင်အောင် နှလုံးသွင်းနည်းကိုလည်း စာမေးပွဲအောင်မြင်ကြောင်း လက်နက်တောင်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ဆရာတော်၏နှလုံးသွင်းနည်းကား -

"အခု တိပိဋကစာမေးပွဲကြီးကျင်းပတယ်ဆိုတာ ဒါယကာနဲ့ ဆရာပြိုင်တာတော့မဟုတ်ဘူး။ ဒါပေမယ့် နှလုံးသွင်းနည်းက ဒီလိုလာရမယ်။ အရှင်ဘုရားတို့ဘက်က ဒီတိပိဋကဓရကိုယ်တော် ဖော်ပေးနိုင်ပေးပါ။ ပေးနိုင်ရင် တပည့်တော်တို့ဒါယကာတွေဘက်က ထိုက်တန်သောအပူဇော်ကို ပူဇော်မယ်။ အဲဒီလို ဆရာနဲ့ ဒကာပြိုင်ရတာ။ တိပိဋကဓရကိုယ်တော်တစ်ပါးမှ ကျွပ်တို့သာသနာတော်က ထုတ်မပေးနိုင်ရင် ကျွပ်တို့ဘက်က ရှုံးတယ်။ ဒါယကာနဲ့ ဆရာ ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟတိုက် ပွဲပြိုင်ခွဲပွဲဖြစ်တယ်"

လို့ နှလုံးသွင်းပြီး သမ္မပဓာန်ဂဲ့ လှုံ့လဖြင့် စွန့်စား အားထုတ်ခဲ့သည့် အတွက် ဆရာတော်ဘုရား၏ ဗိုလ်ကြီးငါးပါးအားနှင့် သာသနာတော်၏တန်ခိုးကြောင့် ဆဋ္ဌသင်္ဂီယနာတင်ပွဲကြီးအမီ တိပိဋကဓရစာမေးပွဲကြီးကို လေးနှစ်ရှစ်ကြိမ်ဝင်ကာ အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤနေရာ၌ ဆရာတော်ဘုရားသည် ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ဗိုလ်ငါးပါးကို အားကိုးအားထားပြုပုံနှင့် ပြိုင်ပွဲအသွင် ပုံဟန်ဆင်၍ အောင်မြင်အောင် နှလုံးသွင်းပုံတို့ကား လူတိုင်းနည်းယူစရာ၊ အတုယူစရာကောင်းသော နည်းများ ဖြစ်ပါသည်။

❑ ယထာဝါဒီ တထာကာရီ

ပြောသလိုလုပ်လေ့ရှိသူကို ပါဠိလို 'ယထာဝါဒီ တထာကာရီ' ခေါ်၍ လုပ်သလိုပြောလေ့ရှိသူကို 'ယထာကာရီ တထာဓါဒီဟုခေါ်သည်။ တထာဂတ အမည်ရကြသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားဖြစ်လျှင် 'ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ' ပုဂ္ဂိုလ်ချည်းဖြစ်ကြပေသည်။ သာမန်လူသားများဥ်မှ ယောကျ်ားဇာနည် လူရည်ချွန် ပုဂ္ဂိုလ်အချို့တို့သည်သာ ပြောသလို လုပ်၍ လုပ်သလိုပြောကြသည့် ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ ပုဂ္ဂိုလ်ထူးများဖြစ်နိုင်ကြပေသည်။

မင်းကွန်းတိပိဋကဓရဆရာတော်သည်ကား -

❑ မလုပ်မပြော လုပ်မှပြော သဘောစင်လှစေ၊
အပြောသာချဲ့ အလုပ်မဲ့ ကဲ့ရဲ့မလွတ်ချေ။

ဟူသော ခံယူချက်ဖြင့် မလုပ်လျှင်လည်း မပြောတတ်၊ ပြောလျှင် မလုပ်ဘဲ မနေတတ်ပေ။ လုပ်ပြန်လျှင်လည်း ပေါ့ပေါ့တန်တန်မဟုတ်ဘဲ ဆုံးခန်းရောက်သည်အထိ လေးလေးနက်နက် လုပ်ဆောင်လေ့ရှိပါသည်။

သာဓကအဖြစ် အမြွက်ထုတ်ပြရပါလျှင် ဆဋ္ဌသင်္ဂီယနာတင်စဉ်အခိုန်က ဝိနည်းမဟာဝါ-ပါဠိဝိသောစကအကျိုးဆောင်အဖြစ် ဘာဝနယူ လုပ်ဆောင်ခဲ့ရာ (၅၂၈) မျက်နှာရှိ သုတ်သင်ပြီး ပါဠိတော်ကို -

၁။ မူကောင်းမူသန့်ရရှိစေရန်၊
၂။ မိမိ၏လက်နှိပ်စက်ကို ဘုရားရှင်၏စကားတော်အားပူဇော်ရန်၊
၃။ မိမိ၏ကိုယ်အား၊ လုပ်အား၊ ဉာဏ်အားတို့ဖြင့် ဆဋ္ဌသင်္ဂီယနာဝန်ကို ထမ်းဆောင်ရန်

ရည်သန်၍ ဗုဒ္ဓသာသနအဖွဲ့မှ စက္ကူတစ်ရွက်၊ တံဆိပ်ခေါင်းတစ်လုံးမျှ မတောင်းခံဘဲ သန့်ရှင်းစွာ ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့မှလည်း ထိုစာမူကို စံပြအဖြစ် ရှိသေစွာထားရှိကြောင်းသိရပါသည်။ (၁၉) ရက်နှင့်အပြီး မဟာဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း၊ (၇) ရက်နှင့်အပြီး ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်းတို့၌လည်း ဆရာတော်သည် စာမူကိုဖတ်ရွတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကိုရှာဖွေခြင်း၊ အားလုံးသဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင်ရေးသားရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များထံ မိတ္တူများ ဆက်ကပ်ခြင်း စသည်ဖြင့် တာဝန်ကျေအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆိုင်ရာပုဂ္ဂိုလ်တို့၏အကြိမ်ကြိမ်လျှောက်ထားတောင်းပန်ချက်အရ အတွဲပေါင်း (၆) တွဲ၊ အုပ်ရေပေါင်း (၈) အုပ်၊ စာမျက်နှာပေါင်း (၅၅၁၆) ခန့်ရှိ နိုင်ငံတော် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးအဆုံး ကမ္ဘတ်ဖုံးအောင် ရေးသားပြုစုပေးတော်မူခဲ့ပါသည်။

ဤသည်တို့ကား ဆရာတော်သည် ပြောဆိုဝန်ခံသည့်အတိုင်း သာသနာရေးလုပ်ငန်းများကို မယုက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

❑ အလိုနည်းလှအပို့စ္ဆ

လောကတွင် လောကအဆင့်အတန်းအလိုက် ပုဂ္ဂိုလ်အမျိုးကို တွေ့ရပေသည်။ အချို့က သဒ္ဓါတရားမရှိသော်လည်း ရှိသကဲ့သို့၊ ဗဟုသုတမရှိသော်

www.burmeseclassic.com

လည်း ရှိသဲ့ကဲ့သို့ ဝါကြွားပလွားတတ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ပါဝိန္ဒ (အလိုဆိုးရှိသူ) ပုဂ္ဂိုလ်ဟု ကျမ်းဂန်များ၌ ပြဆိုပါသည်။ အချို့က မိမိမှာအမှန်တကယ်ရှိသည့် ပညာဂုဏ်၊ သီလဂုဏ်စသည်တို့ကို အများသိအောင် ဖော်ထုတ်တတ်ကြ၏။ ကြော်ငြာတတ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးကို မဟိန္ဒ (အလိုကြီးသူ) ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ အချို့ကမူ မိမိမှာမရှိသည့် ဂုဏ်တို့ဖြင့် ဝါကြွားပလွားဖို့ဝေးစွ အမှန်တကယ်ရှိသည့်ဂုဏ်တို့ကိုပင် သူတစ်ပါးမသိအောင် လျှို့ဝှက်ထားလေ့ရှိကြသည်။ မိမိအဖို့ ရလာသည့်လာဘ်များကိုလည်း စွန့်ပစ်လျှဒါန်းလေ့ရှိသည်။ ထိုပုဂ္ဂိုလ်မျိုးတို့ အပ္ပိန္ဆ (အလိုနည်းသူ) ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဆရာတော်သည် ဂုဏ်ပကာသနမဖက် ရိုးရိုးပင်နေလေ့ရှိသည်။ ပစ္စည်းလေးပါးတို့၌ တွယ်တာမှုအလွန်နည်း၏။ မိမိအကျိုးထက် အများအကျိုးကို ကြည့်လေ့ရှိသည်။ ထို့ကြောင့် ဆရာတော်ကား အထက်ပါပုဂ္ဂိုလ်သုံးမျိုးတွင် အလိုနည်းလှ အပ္ပိန္ဆပုဂ္ဂိုလ်မွန်ပင် ဖြစ်ပါသည်။

ဆရာတော်ကြီး၏ အလိုနည်းမှုအကြောင်းအရာတစ်ခုအား ညွှန်ဆိုပြရပါမူ -

ပါဠိတော်သင်္ဂီယနာတင်ပွဲကြီး ၁၃၁၈၊ သင်္ဂီယနာအောင်ပွဲနှင့်သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲကြီးကျင်းပခိုက်တွင် နိုင်ငံတော်အစိုးရမှ မှန်လုံရုရှားကားကြီးတစ်စီးကို ဆရာတော်အား အပြီးအပိုင် လှူဒါန်းလိုက်ပါသည်။

ဆရာတော်က -

"ဘုန်းကြီးက တောမှာနေတဲ့ တောဘုန်းကြီးဖြစ်ပါတယ်။ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုးစီးဖို့မလျော်ပါ။ အစိုးရရဲ့စေတနာကိုငဲ့ပြီး သင်္ဂီယနာအောင်ပွဲပြီးရုံ အသုံးပြုပါရစေ"

ဟု မိန့်ကြားပြီး ငါးရက်မျှသာ အသုံးပြုပါသည်။ ထို့နောက် နိုင်ငံတော်အားပြန်၍စွန့်လှူလိုက်ပါသည်။

ဤကား ဆရာတော်၏အလိုနည်းမှုမြောက်မြားစွာထဲမှ အကြောင်းချက်တစ်ခုသာပင် ဖြစ်ပါသည်။

❑ သည်းခံသည့်ဂုဏ်နည်းပေးပုံ

ဆရာတော်သည် ရဟန်းရှင်လူထိုထိုပုဂ္ဂိုလ်တို့နှင့် ဆက်ဆံရာတွင် သည်းခံခြင်း ခန္တီတရားကို အမြဲတမ်း ရှေ့တန်းတင်၍ထားသည်။ ထောင်လွှားတက်ကြွမှုမာန်မာနနှင့်ပတ်သက်၍လည်း တစ်စွန်းတစ်စ ထွက်ပေါ်လာသည်ကို မတွေ့ရချေ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားသည့် ဓမ္မပဒပါဠိတော်လာ 'အက္ကောစေန ဇိနေကောဓံ' စသော လမ်းညွှန်တော်မူချက်နှင့် ညီနှိုင်းသမျှသော အောင်လိုက်နာကျင့်သုံးလေ့ရှိသည်။ ထိုလမ်းညွှန်တော်မူချက်ကား -

❑ ဒေါသအမျက် သူကထွက်သည်ကို အမျက်မထား မေတ္တာပွားသဖြင့် အောင်နိုင်ရာ၏။ အမှုကြမ်းကြုတ် လူသူယုတ်ကို သူတော်နှလုံး ကိုယ်ကသုံးသဖြင့် အောင်နိုင်ရာ၏။ ကိုယ်လည်း မလှူ၊ သူ့ကိုလည်း ဟန့်တား၊ ကြမ်းတမ်းသော မစ္ဆရိယသမားကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်သောစကား မုသားပြောသူကို အမှန်စကား ကိုယ်ကပြောသဖြင့် အောင်နိုင်ရာ၏ -

ဟူ၍ ဖြစ်သည်။

ဆရာတော်သည် ဤဗုဒ္ဓမြတ်စွာ၏ လမ်းညွှန်တော်မူချက်များကို သူ့နေရာနှင့်သူ အတတ်နိုင်ဆုံး ကိုယ်တိုင်လိုက်နာကျင့်သုံးသည်။ ထို့သို့ ကျင့်သုံးပြီးမှ ကျိုးကြောင်းမြင်သိ ပညာရှိသည် မိမိကိုယ်တိုင်က ဦးစွာပထမလျှောက်ပတ်သည့်အကျင့်ကိုကျင့်ပြီးမှ အခြားသူများကို ဆုံးမရမည် ဟူသော ဗုဒ္ဓဩဝါဒနှင့်အညီ အခြားသူများအား ထိုနည်းများကို လိုက်နာကျင့်သုံးရန် နည်းပေးလမ်းညွှန်လေ့ရှိပါသည်။

တစ်ချိန်က မင်းကွန်းတောင်ခိုး ဓမ္မနာဒကျောင်းတိုက်ဆရာတော်၏ထံမှောက်သို့ အဖူးအမြော်ရောက်လာကြသည့် ဒေါက်တာမောင်မောင်တို့မိသားစုအား ဖော်ပြပါ အက္ကောစေန ဇိနေကောဓဂါထာ၏အဓိပ္ပာယ်အဖွင့်ကို ဟောကြားတော်မူပြီး -

"ဘုန်းကြီးကိုယ်တိုင် ဓမ္မိပဒလာဂါထာတော်နှင့်အညီ နေထိုင်ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထား ပြစ်တင်စကားပြောသော သံယာအချင်းချင်းကိုပင် မိမိက ဦးအောင် သွားရောက် ကန်တော့တောင်းပန်ခဲ့သဖြင့် ရန်ပြေငြိမ်းကာ မိတ်ကောင်းဖြစ်စေခဲ့သည်။ ဤသည်းခံခြင်းတရား၊ မေတ္တာတရားတို့ကို ဒါယကာတို့ ကောင်းစွာ မှတ်သား၍ မမေ့မလျော့ပွားများကြလေလော့"

ဟု မှာကြားဆုံးမဖူးပေသည်။

❑ အရင်းကြီးကြီးပြု၍ အမြတ်နည်းနည်းသာလိုချင်တဲ့ ဆရာတော်

မြောက်မြားလှသည့် သာသနာပြုကုသိုလ်များနှင့် မိမိကိုယ်ကျိုးထက် အများအကျိုးကျိုးအမျိုးမျိုးကို အလေးပေးဆောင်ရွက်သည့် လူမှုရေးကုသိုလ်များ ထိုထိုကိုကြည့်လျှင် ဆရာတော်သည် သမ္မာသမ္မောဓိဆုကြီးကိုပန်ထားသည့် ဘုရားအလောင်းများဖြစ်လေရော့သလားဟု ထင်မှတ်စရာရှိပေသည်။ ဘုရားဆုပန်ပုဂ္ဂိုလ်များသာ ဤကဲ့သို့သော သာသနာပြုကုသိုလ်၊ လူမှုရေးကုသိုလ်တို့ပြုလေ့ရှိကြသည်ကို ကျမ်းဂန်များ၌ တွေ့ရပါသည်။ သို့သော် ဆရာတော်ကား အများထင်သလို မဟုတ်ပါ ချေ။ အရင်းကြီးကြီးနှင့် အမြတ်အစွန်းနည်းနည်းသာလိုချင်သည့် ဆရာတော်ဖြစ်ပါသည်။ ဤအချက်မှန်ကန်ကြောင်းကို -

❑ ဒုတိယော အတ္တဘာဝမ်ိ၊ လဒ္ဓါ သပ္ပဉ ဒီသယံ။
ဓမ္မဓရောတိ နာမေန၊ သောတာ ပဒေါ ဓရုဘာဝေ။

(ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်းပညာရှိတို့၏အမိန့်ရပြီး ဓမ္မဓရဟူသောအမည်ဖြင့် သောတာပန်နတ်သားဖြစ်ရပါလို့၏)

ဟူသော ဆရာတော်၏ ဆုပန်ချက်က အထင်အရှားပြနေပေသည်။

ဆောင်ရွက်ပုံမှာ သမ္မာသမ္မောဓိဆုကြီးပန်းများ ဆောင်ရွက်ပြီး လိုချင်သည့်ဆုကျတော့ သာဝကဘောဓိတွင် အနိမ့်ဆုံး ပကတိသာဝကဆုမျှသာ ဖြစ်သည့်အတွက် အရင်းကြီးကြီးနှင့်အမြတ်နည်းနည်းသာလိုချင်သည့် ဆရာတော်ဟု ခိုးကျူးဂုဏ်ပြုခြင်းဖြစ်ကြောင်းတို့တို့ရေးသားတင်ပြရင်းဖြင့် ဆရာတော်ဘုရားကြီး၌ (သန္တာန်၌) ရှိသော ခိုးကျူးဂုဏ်ပြုစရာ၊ အတုယူနည်းမီစရာ၊ ကြည်ညိုစရာဂုဏ်အပေါင်းတို့ကို ကြည်ညိုသဒ္ဓါပွားများ၍ လိုက်နာ ကြိုးကုတ် အားထုတ်ကျင့်ကြံကြပါဟု မေတ္တာဖြင့် တိုက်တွန်းလိုက်ပါ၏။

ကိုရွှေမြသန်း (သမိုင်း)

မှီငြမ်း -

အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ (ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com

ဘီးလင်းမြို့ရှိ မဲလဆဲတော်ရှင်စေတီတော်



ဘုရားရှင် သုဝဏ္ဏဘူမိတိုင်းသို့ ပထမဆုံးအကြိမ် ကြွရောက်ပြီး
(၇) ရက်သီတင်းသုံးတော်မူခဲ့သည့် ဆကေသဓာတုဝင် ဆဲတော်ရှင်ကေလာသဘုရား



ဘုရားရှင်၏မြသပိတ်တော်ကို
ဌာပနာထားသည့် မြသပိတ်စေတီတော်

ဆကေသဓာတုခေါ်တွင်
သမိုင်းဝင်နယ်မြေဆီသို့

မောင်ပွင့်ဘွဲ့(မော)

ဆ - ခြောက်
ဓာသ - ဆဲပင်
ဓာတု - ဓာတ်တော်
သမိုင်းဝင် - သမိုင်းတွင် မှတ်တမ်းတင်ထားသည်။

မြတ်စွာဘုရားရှင် သက်တော်ရှင်းရှိစဉ်မှာပဲ ကိုယ်တော်တိုင်ကြွရောက်လာပြီး ဆဲတော်(၆)ဆူပေးသနားခဲ့ရာ မြေမြတ်မဟာဆီကို မမျှော်လင့်ဘဲ ရောက်ခဲ့တယ်။

ဘီးလင်းမြို့ဟောရပရိယတ္တိစာသင်တိုက်၊ ပရိယိတေဟာ

၃၁-၅-၁၅ ရက် မနက် (၇) နာရီလောက်မှာ မော်လမြိုင်ကနေ ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာကိုထွက်ခဲ့ကြတယ်။ တောင်စွန်းနားက ပေါက်တောရွာ တောရပရိယတ္တိစာသင်တိုက်မှာဖွင့်ထားတဲ့ ပရိယိတဓေဟာလူငယ်ပွဲ့ပြိုးရေးကျောင်းကို ကော်ပီစာအုပ်၊ စာရေးကိရိယာ၊ အဝတ်အထည်နဲ့ စားစရာတွေ သွားလှူဖို့ပါ။ အိမ်သူနဲ့ သူ့ရဲ့ ၁၉၇၇-၇၈ ဒေသကောလိပ်ကျောင်းနေဖက်သူငယ်ချင်းတွေပါ လိုက်ပါကြတယ်။ ကျောင်းပြီးသွားတဲ့ သူငယ်ချင်းတွေဟာ တစ်နယ်တစ်ကျေးဆီရောက်သွားကြ၊ ကိုယ့်စီးပွားရေး၊ မိသားစုအရေးတွေနဲ့ မအားမလပ်ကြတာမို့ တစ်မြို့တည်းသားချင်းတွေတောင် ပြန်ဆုံဖို့မလွယ်ကြပါ။ သူတို့သူငယ်ချင်းတွေကျတော့ အခုအခိုက်အထိ သာရေး၊ နာရေးကိစ္စတွေ စုပေါင်းလုပ်ဆောင်ကြ၊ အခိုက်ရရင် အလည်အပတ်ထွက်ကြနဲ့ အင်မတန်မှ အားကျစရာကောင်းလောက်အောင် တတွဲတဲ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်ကြီး

ကြပါတယ်။

ခရီးစဉ်စတင်ကတည်းက တဖွဲဖွဲ ရွာနေတဲ့မိုးဟာ သထုံရောက်မှရပ်သွားပါတယ်။ သထုံမင်းတန်းလမ်းက ညီမနဲ့ တူမကိုဝင်ခေါ်ရင်း ရွှေပေါက်လက်ဖက်ရည်ဆိုင်မှာ မနက်စာစားကြတယ်။ တစ်လမ်းလုံးဟာ မိုးရွာထားလို့ တောတောင်တစ်ခွင်ဟာ စိမ်းစိုစိုနဲ့ သာသာယာယာရှိလှပါတယ်။ တိုယိုတာလိုက်ထရပ်ကားမှာ ယာဉ်မောင်းပါ (၁၄) ယောက်နဲ့ လှုဖို့ ပစ္စည်းတွေပါပြည့်နေတာမို့ ယာဉ်မောင်းက ကိုလို (၅၀ - ၆၀) လောက်ပဲ ပုံမှန်မောင်းပါတယ်။

(၁၀) နာရီခွဲလောက်မှာ ဘီးလင်းကိုရောက်ပြီး ရွှေမျက်မှန်ထမင်းဆိုင်မှာ မနက်စာစားကြတယ်။ဒီအဖွဲ့ရဲ့အမြဲတမ်းအဖွဲ့ခေါင်းဆောင် ဆရာမဒေါ်သန်းသန်းဝင်း (မော်လမြိုင်တက္ကသိုလ်စာပေးစာယူဌာန) က တောရကျောင်းမှာဝန်ခံဆရာလေးဆီကို ဖုန်းဆက်ပြီး ဘီးလင်းမှာ မနက်စာစားနေတဲ့အကြောင်းနဲ့ စားပြီးတာနဲ့ ထွက်လာကြပါမယ်လို့ အကြောင်းကြားပါတယ်။

ခဏအကြာမှာ ဆရာတော်ကိုယ်တိုင်က ဖုန်းဆက်လာပါတယ်။ ကျောင်းမှာလည်း မနက်စာစီစဉ်ထားပါတယ်တဲ့။ ကျွန်တော်တို့က ဒီခရီးကိုစပြီးစီစဉ်ကတည်းက ကျောင်းကိုဝန်မပို့စေချင်



သထုံ ရွှေစရဲဘုရားရှိ ပိဋကတ်တိုက်စေတီတော်ထောင့်မှ မနုသီဟရုပ်တု



ကေလာသတောင်ပေါ်မှ လှမ်းမြင်ရသော ကေလာသဖတောင်တော်နှင့် ဘုရား

www.burmeseclassic.com

www.burmeseclassic.com

မဲလဆဲတော်ရှင်တောင်ကုန်းပေါ်မှ ကျောက်တံခါးစေတီ

မြသပိတ်စေတီတော်ရင်ပြင်ပေါ်ရှိ ဘုရားရှင်၏ခြေတော်ရာ

ကဋ္ဌမုန့်နှင့်နက်းများ မြဲရံလျက်ရှိသည့် ရပ်တော်မူရုပ်ပွားတော်

တာနဲ့ မနက်စာစားပြီးမှလာခဲ့ပါမယ်လို့ လျှောက်ထားပြီးသားပါ။ ဆရာတော်က လမ်းမမှားရအောင် တောင်စွန်းအဝင်လမ်းခွဲမှာ လူလွှတ်ပြီးကြိုထားခိုင်းမယ်လို့ ပြောပါတယ်။

ထမင်းဆိုင်ကထွက်လာပြီး ဘယ်လောက်မှမကြာခင်ပဲ ကျိုက်ထီးဆောင်းဆံတော်ရှင်မုခ်ဝကို မြင်လိုက်ရလို့ ကားကို မော်လမြိုင် - ရန်ကုန်ကားလမ်းကနေ ဘယ်ဘက်ခြိုးပြီးဝင်လိုက်ပါတယ်။ ကတ္တရာလမ်းက ခိုင်ခွက်မရှိဘဲ ဖြောင့်ဖြူးနေလို့ ကားစီးရတာ သက်သောင့်သက်သာရှိပါတယ်။ လမ်းမှာ ကျိုက်ထီးဆောင်းစေတီသို့ လမ်းညွှန်ဆိုင်းဘုတ်တွေ့ရပြီး အပြန်ကျမှဝင်မှာမို့ ဆက်ထွက်လာခဲ့ပါတယ်။ (ရန်ကုန်ကနေလာရင် ကျိုက်ထိုမြို့မရောက်ခင် တောင်စွန်းကျိုက်ထီးဆောင်းလမ်းခွဲအတိုင်းဝင်လာရင် ပိုနီးပါတယ်။)

တောင်စွန်းရွာကိုမရောက်ခင်မှာ အင်္ဂလိပ်ခေတ်ကလက်ကျန် သံပေါင်ဘေလီတံတားတစ်စင်းကို ပုံစံမပျက်လှလှပပပြုပြင်ထားတာတွေ့ရပါတယ်။ ကျွန်တော်တို့လူမျိုးတွေဟာ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံတွေထိန်းသိမ်းတဲ့နေရာမှာအားနည်းကြတာမို့ ရှားရှားပါးပါး ဒီလိုတံတားမျိုးကို မြင်လိုက်ရတာ ကျေနပ်စရာပါပဲ။

တောင်စွန်းရွာမဝင်ခင် လမ်းခွဲမှာ ဦးပဉ္စင်းတစ်ပါးနဲ့ လူငယ်တစ်ဦး ဆိုင်ကယ်တစ်စီးနဲ့ လာကြိုနေတာတွေ့လိုက်ရပါတယ်။ ဘယ်ဘက်လမ်းခွဲအတိုင်းသွားရပါတယ်။ ကျောင်းရောက်တော့ သက်တော် (၇၉) နှစ်ရှိပေမယ့် လန်းဆန်းတက်ကြွတဲ့ အသွင်အပြင်နဲ့ တောရစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကို ဖူးမြင်ရပါတယ်။ ခေတ်အမြင်ရှိတဲ့ဆရာတော်ဟာ စာပေဗဟုသုတနှံ့စပ်လို့ ဆရာတော်နဲ့ဘာသာရေး၊ ပညာရေး၊ လူငယ်တွေရဲ့ စာရိတ္တပြုပြင်ရေးတွေကို ဆွေးနွေးရတာ အားရလှပါတယ်။

ဆရာတော်ပြောသွားတဲ့အထဲမှာ တောင်စွန်းက လူချွန်လူတော်တွေထွက်ကြောင်း၊ မှတ်မှတ်ရရ ပန်းချီစံတိုးဟာ တောင်စွန်းရွာသားဖြစ်ကြောင်း၊ ကုလသမဂ္ဂမှာချိတ်ဆွဲဖို့ အတွင်းရေးမှူးချုပ် ဟောင်းဦးသန့်ရဲ့ပုံတူကို နိုင်ငံတကာက ပန်းချီဆရာတွေရေးဆွဲကြတဲ့ဆီမှာ ပန်းချီစံတိုးရေးဆွဲတဲ့ကားလည်း ရှေးဦးစွာ

www.burmeseclassic.com



မြေခုက်ပျောဖူးထိပ်ဝ

ရွှေဟောင်းဂဝံသက်ရာရပ်လုံးများ

မြသိဂိတ်စေတီတော် ထီးတော်ဟောင်း

ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်တန်ဆောင်းမုခ်ဝ

ပဲလံတောင်တော်ပေါ်မှ ကျောက်တုံးပြီး၍ ပရိနိဗ္ဗာန်စံဝင်တော်မူသော ကုမာရကဿပရဟန္တာရုပ်တု

ရတဲ့အကြောင်း ပြောပြပါတယ်။

အရင်တုန်းကတော့ ဒီကျောင်းအတွက်လှူဖွယ်ပစ္စည်းတွေကို လူကြုံကနေတစ်ဆင့်ပဲ ပေးပို့လှူဒါန်းခဲ့ကြရပြီး အခုတော့ ကိုယ်ထိလက်ရောက်စုပေါင်းလာရောက် လှူဒါန်းကြရတဲ့အတွက် ဝမ်းသာအားရဖြစ်ကြရပါတယ်။

၂၀၀၆ ခုနှစ်ကတည်းက တည်ဆောင်ခဲ့တဲ့ ဒီတောရကျောင်းပရဟိတဂေဟာတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်းမှာ လက်ရှိ ကျောင်းသား၊ ကျောင်းသူ အယောက် (၁၀၀) လောက် ရှိပါတယ်။ အရင်ကဆို နာဂ၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသားကလေးတွေများပေမယ့် အခုတော့ နည်းသွားတယ်လို့ဆိုပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ပရဟိတကျောင်းအဆင့်(၂)အဖြစ် သတ်မှတ်ပေးပြီး နှစ်စဉ်ဆန်ထောက်ပံ့ကြေးပေးပါတယ်။ ကျန်တာတွေကိုတော့ အလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ပဲ လည်ပတ်နေရတယ်လို့ သိရပါတယ်။

ကျောင်းဝင်းထဲလျှောက်ကြည့်တဲ့အခါ ကျောင်းသူတွေအတွက် ထရံကာဖက်မိုးအဆောင်တွေကို သပ်သပ်ရပ်ရပ်စီတန်းဆောက်ထားပါတယ်။ စာသင်ဆောင်တွေမှာ ထရံအကာတွေပျက်စီးနေတာတွေ့လိုက်ရပါတယ်။ မြို့ရွာတိုင်းမှာ ကိုယ်ထူကိုယ်ထပရဟိတကျောင်းတွေရှိပြီး မိမိတို့နဲ့နီးစပ်တဲ့ လက်လမ်းမီတဲ့ကျောင်းတွေမှာ ဆင်းရဲပင်ပန်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ကေလာသဘုရားစောင်းတန်းမှ မနုဿီဟရဝ်တုများ



စောင့်ရှောက်ထား ပညာသင်ကြားပေးနေတာကို တတ်အားသမျှ ပိုင်းဝန်းထောက်ပံ့ လှူဒါန်းကြရမှာ ဖြစ်ပါတယ်။

တာဝန်ခံဆရာလေးက ခေါက်မှန့်သရက်သီးတွေနဲ့ ည့်ခံပါတယ်။ ပျားရည်နဲ့ဖျော်ထားတဲ့နာနတ်သီးဖျော်ရည်ကို လတ်လတ်ဆတ်ဆတ် သောက်သုံးရတာ အင်မတန်မှ အရသာရှိပါတယ်။ ဒေသထွက်နာနတ်သီးက ဆေးတို့ဆေးဆိုးလွတ်တဲ့အပြင် ပျားရည်ကလည်း မြို့တွေမှာရဖို့မလွယ်တဲ့ ပျားရည်စစ်စစ်ဖြစ်ပါတယ်။

ဆရာတော်က ည့်သည်မှတ်တမ်းမှာ အမှတ်တရရေးပေးဖို့ပြောပြီး မှတ်တမ်းစာအုပ်ပေးတော့ ရှေ့ဆုံးစာမျက်နှာမှာ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း (အခု ဗိုလ်ချုပ်ကြီး၊ နယ်စပ်/စည်ပင်ဝန်ကြီး)ရဲ့ မှတ်တမ်းစာနဲ့ လက်မှတ်ကို တွေ့ရတယ်။ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနဲ့ဇနီးက ကျွန်တော်တို့ မော်လမြိုင်ကောလိပ်တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့ရဲ့ ဝုဏ်ထူးဆောင်နာယကကြီးများဖြစ်ကြပါတယ်။ ဒီပရဟိတကျောင်းကိုရောက်လာခဲ့တဲ့ တခြားအစိုးရအဖွဲ့ဝင်အရာရှိကြီးများရဲ့ မှတ်တမ်းတွေကိုလည်း ဖတ်ရတယ်။

ကျွန်တော်လည်း တစ်ဖွဲ့လုံးရဲ့ကိုယ်စား ဒီကျောင်းကို လာရောက်ပြီး ကုသိုလ်ပြုခွင့်ရလို့ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဆရာတော်ဘုရားနှင့်တကွ ဒီကျောင်းကို ထိန်းသိမ်းစောင့်ရှောက်နေကြသောပုဂ္ဂိုလ်များအားလုံး ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ဆက်လက်ရွက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်' လို့ ရေးသားခဲ့ပါတယ်။

ဆရာတော်ကို ဦးချကန်တော့ပြီး တောရကျောင်းကနေ ကေလာသတောင်ဆီကိုထွက်လာတဲ့အခါ လမ်းမှာ လာကြိုတဲ့ လက်ထောက်ဆရာတော် ဦးကသရိယက လိုက်ပါလမ်းပြကာ သိသင့်သိထိုက်တာတွေကိုပါ ရှင်းလင်းပြောကြားပေးတော်မူတဲ့အတွက်ကြောင့် ကျွန်တော်တို့အဖို့ အမှားကြီးအဆင်ပြေသွားပါတယ်။ တောရကျောင်းကနေ လာလမ်းအတိုင်း ပြန်ထွက်လာခဲ့တယ်။ 'ကေလာသဘုရားသို့လမ်းညွှန်ဆိုင်းဘုတ်ရောက်တဲ့အခါ လမ်းညာဘက်ကိုချိုးဝင်ပြီး တောင်ခြေရောက်အောင်မောင်းလာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင်ကေလာသစေတီ

ကေလာသတောင်ခြေရွာကလေးက တောင်ကြီးကျေးရွာ ဖြစ်ပါတယ်။ ကေလာသတောင်တက်လမ်းကို ကိုယ်ကားနဲ့ကိုယ်တက်လို့မရပါ။ ကျွဲက်ထီးမှိုတောင်တက်တဲ့ကားလိုမျိုး ကင်တာကားနဲ့ တက်ရပါတယ်။ တစ်ယောက်ကို အသွားအပြန် (၂၀၀၀) ပေးရပါတယ်။ ကေလာသတောင်ကဆင်းပြီးရင် မြသပိတ်တောင်ဘုရားကိုပါ တစ်ဆက်တည်းပို့ပေးမယ်လို့သိရတယ်။ကျွန်တော်က သဏ်သားဖြစ်လို့ သဏ်က မြသပိတ်တောင်နဲ့ ဘုရားကိုပဲ သိထားပါတယ်။ လိုက်ပို့တဲ့ ဦးပဉ္စင်းက ဒီကမြသပိတ်ဘုရားက ပိုရှေးကျတယ်။ ဒီနေရာမှာ မြို့ပျက်လို့ ဦးကမြေဆီကိုပါယူပြီး သဏ်မှာ ထပ်တည်တာလို့ ပြောပြပါတယ်။

ဘီးထင်ပြို့ရှိ ပဲလဲဆံတော်ရှင်စေတီတော်

မနုသီဟန္တပုန်ဘုန်ရှင် ထမ်းပြီဖို့ဆောင်သူ တောရကျောင်း ကိုက်ဆုပ်ဆရာတော်

ပဲခူးလေးတွင်းစဉ်က မြတ်ကျမဲသော မြသပိတ်စေတီတော်၏ ၎ကမ္ဘာဂူဖေါက်

တောင်စွန်းအရပ်ဟာ မိုးအလွန်ကောင်းတတ်ပေမယ့် ကျွန်တော်တို့ရောက်တဲ့အချိန်မှာ မိုးလုံးဝမရွာတော့ပါ။ မိုးရွာရင် တောင်ပေါ်ကို ကားနဲ့တက်လို့မရပါ။ ဘုရားစောင်းတန်းလျှောကားရှိပေမယ့် အဖွဲ့ဝင်အများစုဟာ ပင်စင်စီးနေတဲ့အရွယ်မို့ ဒေါင်တွေချွေးလို့ ဒူးတွေချောင်နေကြပါပြီ။ဆရာမဒေါ်အေးသန်းကတောင် ကားပေါ်ကအဆင်းမှာ တော်ရုံနဲ့မထူနိုင်လို့ -

"ဆရာမြောတဲ့ စမ်းထတဲ့အရွယ်ရောက်နေပြီ"

လို့ ကျွန်တော့်ကို လှမ်းပြောပါတယ်။

ကေလာသတောင်ဟာ အမြင့်ပေ (၁၁၈၀) ရှိပြီး တောင်တက်လမ်းက အတော်မတ်စောက်သလို အကွေ့အကောက်လည်းများပါတယ်။ ယာဉ်မောင်းကရင်လူငယ်က ကားကိုကျွမ်းကျွမ်းကျင်ကျင်ပဲ မနားတမ်းမောင်းတက်ပါတယ်။

တချို့နေရာတွေမှာ စေတီငယ်လေးတွေဖူးတွေ့ရသလို ဘေးနှစ်ဖက်ရှုခင်းကလဲညီး အတော်လှပါတယ်။လမ်းတစ်ဂက်ကျော်လောက်အရောက် လမ်းခွဲတစ်ခုမှာ လမ်းညွှန်ဆိုင်းဘုတ်တစ်ခုတွေ့လိုက်ရတယ်။

ညာဘက်လမ်းခွဲက မြသပိတ်နဲ့ကေလာသလို့ရေးထားပြီး ဘက်ဘက်လမ်းခွဲက ကျားတစ်ရာ၊ ကြောင်တစ်ရာ၊ ကေလာသဖလို့ ရေးထားပါတယ်။ ကေလာသဖဆိုတဲ့နာမည်ကို အခုမှကြားဖူးတယ်။ ကေလာသဖတောင်ဟာ ကေလာသတောင်နဲ့ ယှဉ်လျက်ရှိပြီး ကေလာသတောင်ထက် နည်းနည်းပိုနိမ့်ပါတယ်။ ဆရာဇေယျာထွဋ်ခေါင်ရဲ့ 'ကေလာသဖမှမာလကာသီးတစ်လုံးဆောင်းပါး (နက္ခတ္တရောင်ခြည်၊ ၁၉၉၃ ခုနှစ်လ) မှာ သောမလေးလုံးထဲက သုံးလုံးပိုင်ဆိုင်တဲ့တောင်များအဖြစ် ကရင်ပြည်နယ်က သာမည်တောင် (မြဝိမ်းတောင်သံပြင်ကျတောင်ဟုလည်းခေါ်) မန္တလေးတိုင်းဒေသကြီးက ရွှေပေါ်ကျွန်း၊ ရှမ်းပြည်နယ်က ကေလာသတောင်ရသေးခိုတောင်၊ ဝေပုလ္လတောင်တွေကို ဖော်

www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ကေလာသဖတောင်ကျတော့ သောမလေးလုံးစလုံးမိပြီး မြန်မာပြည်မှာ အင်မတန်မှ ရှားပါးတဲ့ ဂန္ဓိရုနယ်အစစ် နေရာတစ်ခုလို့ဆိုတယ်။

ကားဟာ ကေလာသဘုရားခြေရင်းအထိရောက်ပါတယ်။ တခြားနယ်ကလာတဲ့ဘုရားဖူးတွေကိုလည်း ကားတစ်စီးစာအပြည့်တွေ့ရပါတယ်။ နှစ်ရာချီသက်တမ်းရှိနေပြီဖြစ်တဲ့ ညောင်ပင်ကြီးရဲ့အရိပ်က စေတီတော်ခြေရင်းတစ်ဝိုက်ကိုအုပ်မိုးထားသလိုဖြစ်နေလို့ အရိပ်အာဝါသအေးမြနေပါတယ်။ ညောင်ကိုင်းတွေကိုထောက်ထားတဲ့ ညောင်ထောက်မြစ် တချို့ဆိုရင် လူတစ်ဖက်စာလောက်ရှိပါတယ်။

ကေလာသစေတီကို အရင်ကကျိုက်ကေသာရ၊ ကျိုက်သီလပေါ်ဆိုပြီး အမျိုးမျိုးခေါ်ခဲ့ကြတယ်။ သက္ကရာဇ် ၈၄၈ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့မှာရေးထိုးခဲ့တဲ့ မွန်ကျောက်စာဟောင်းအရ ဟံသာဝတီဘုရင်မကြီး ရွှင်စောပုနဲ့ သမက်တော် ဓမ္မစေတီမင်းတို့က ဓကေလာသစေတီတော်ကို ပြုပြင်မွမ်းမံပြီး ရှစ်ထောင့်ပုံသိမ်တော်ကြီး တစ်ဆောင်ဆောက်လုပ်ခဲ့ကာ ဝတ္ထုက်မြေတွေလည်း လှူဒါန်းခဲ့တယ်လို့ သိရတယ်။

လှေကားထစ်အနည်းငယ်သာရှိတဲ့ စောင်းတန်းအတိုင်းတက်လိုက်တာနဲ့ စေတီတော်ရင်ပြင်ဆီ ရောက်သွားပါတယ်။ အရိပ်ဝါစနေရာကနေ သပ္ပာယ်လှတဲ့ ဆံတော်ရှင်စေတီတော်ကြီးကို ဦးချကန်တော့လိုက်ပြီး စေတီတော်တစ်ပတ်လှည့်ပြီး လေ့လာပါတယ်။ ကုန်းတော်ပေါ်ကနေ မြင်တွေ့ရတဲ့ တောတောင်တစ်ခွင် ပတ်ဝန်းကျင်ရှုခင်းဟာ အလွန်သာယာပါတယ်။ အနောက်ဘက်အဝေးဆီမှာ စစ်တောင်းမြစ်ကို လှမ်းမြင်ရပြီး မြစ်ကနေ လယ်ယာမြေတွေဆီအပြိုင်ဖောက်ထားတဲ့ ရေသွင်းဝှေးမြောင်းတွေကိုလည်း မြင်တွေ့ရပါတယ်။

မိုးကုပ်စက်ဝိုင်းအထိ ဟိုအဝေးကို လှမ်းမျှော်ကြည့်ရလိုက်ရင်း 'အမြင့်တက်လေ အမြင့်ကျယ်လေ' ဆိုတဲ့ စကားကို သတိရလိုက်တယ်။ ကိုယ့်ရဲ့အသိညာဏ်ပညာကို မြင့်သည်ထက်မြင့်အောင် အစဉ်တစိုက် ကြိုးပမ်းဖို့ပါပဲ။ ပတ်ဝန်းကျင်လောကတစ်ခွင်ကို ပိုပြီးနက်နက်ရှိုင်းရှိုင်း သိမြင်နားလည်နိုင်လိမ့်မယ်လို့ တစ်ဆက်တည်း စဉ်းစားလိုက်မိတယ်။



မြသပိတ်ဘောင်ပေါ်မှထုစ်မြင်ရသည့် စစ်တောင်းမြစ်နှင့် ရေသွယ်တူးမြောင်းများ

www.burmeseclassic.com

www.burmeseclassic.com

ကျွိုက်ထီးစောင်းစေတီတော်အောက်ခြေကို
ထုထည်ကြီးမားသော ဂဝံဆုတ်များဖြင့် တည်ဆောက်ထားသည်

ဂဝံချပ်ပေါ်ရေးထိုးထားသည့် သုဝဏ္ဏဘုမ္မိဂါထာတော်နှင့် ဆင်းကွက်

မြသပိတ်စေတီတော်ကို ဦးမိုက်ခနေသည့် ရှင်ပဇ္ဇာကသပနှင့် ရှင်ဆရာဝံရုပ်တုတော်များ



ကေထာသဘုရားပတ်ထည့်မှ သုံးဆက်မြင် ဂဝံရုပ်ကြွ တတ်ကြီးဆယ်ဘွဲ့ သရုပ်တော်ပုံများ

၁ မနုဿီဟရုပ်တုနဲ့သုဝဏ္ဏဘုမ္မိဂါထာ

ဘုရားကုန်းတော်ပေါ်မှာ အရင်ဆုံးသတိထားလိုက်မိတာက ဂဝံရုပ်လုံးရုပ်ကြွတွေဖြစ်တယ်။ ကျွန်တော့်ဇာတိသထုံဒေသဟာ ဂဝံမြေပေါပါတယ်။ လေးထောင့်စတုဂံတုံးပုံခုတ်ထားတဲ့ ဂဝံအုတ်တွေနဲ့ အိမ်ဆောက်၊ တံတိုင်းဆောက်ကြပါတယ်။ ဂဝံဟာ မိုးဒဏ်လေဒဏ်ကြောင့် တော်ရုံမပျက်စီးနိုင်ပါ။ စေတီတော်ပတ်လည်မှာ ဘုရားဖြစ်တော်စဉ် ဇာတ်ကြိုးဆယ်ဘွဲ့ကို သုံးဖက်မြင်လေးထောင့်အုတ်ခုံမှာ ဂဝံရုပ်ကြွတွေထုလုပ်ထားပါတယ်။နေရာတိုင်းမှာ လူဦးခေါင်းနဲ့ ခြင်္သေ့ကိုယ်သဏ္ဌာန် မနုဿီဟ (မနုဿ - လူ + သီဟ - ခြင်္သေ့) ရုပ်တုတွေကို မြင်တွေ့ရတယ်။

စေတီတော်ရဲ့ခြေရင်းတစ်နေရာမှာ အနောက်တောင်ထောင့် ပင်လယ်ရိုးရာအရပ်ကိုမျက်နှာလှည့်နေပြီး လူတစ်ရပ်စာလောက်ရှိတဲ့ မနုဿီဟရုပ်တုကြီးကို လှပခန့်ညားစွာဆေးခြယ်ထားတာတွေ့ရတယ်။ သထုံရွှေစာရံစေတီရင်ပြင်ပေါ်က ပိဋကတ်တိုက်စေတီထောင့်လေးထောင့်မှာလည်း မနုဿီဟရုပ်တုတွေရှိပေမယ့် ကေလာသစေတီကရုပ်တုတွေက ပိုရှေးကျတယ်လို့ တိုက်အုပ်ဆရာတော်က မိန့်ဆိုပါတယ်။

မြန်မာနိုင်ငံမှာ မနုဿီဟအစသုဝဏ္ဏဘုမ္မိတိုင်းကလို့ဆိုရမှာဖြစ်တယ်။ သာသနာနှစ် ၂၃၅ ခုနှစ်၊ သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာ ကေလာသတောင်ရဲ့ အနောက်မြောက်တောင်ခြေမှာရှိတဲ့ ဒုံတိုက်ခလွန်မြို့ကို သာသနာပြုအရှင်ဒန္ဒစ်ပါး ရှင်သောဏနဲ့ ရှင်ဥတ္တရမဟာထေရ်တို့ ကြွရောက်လာခဲ့တယ်။ (အခုထိ ဒုံတိုက်ခလွန်(ခ)တိုက်ကုလားမြို့ဟောင်းနေရာရှိပါတယ်။ ကေလာသ၊ ကောလာသဖ၊ မြသပိတ်တောင်တို့တည်ရှိတဲ့တောင်တန်းကို တိုက်ကုလားတောင်တန်းလို့ ခေါ်တယ်။) အဲဒီအချိန်မှာ နန်းတွင်းက မွေးစကလေးငယ်တွေကိုဝင်စားနေကျ ရေစောင့်ဘီလူးမဟာ အခြံအရံဘီလူးတွေနဲ့ တက်လာတဲ့အခါ ရဟန္တာအရှင်မြတ်နှစ်ပါးက မနုဿီဟသဏ္ဌာန်ဖန်ဆင်းခြောက်လှန့်လိုက်လို့ ထွက်ပြေးသွားကြတယ်။ အဲဒီအချိန်ကစပြီး သုဝဏ္ဏဘုမ္မိမှာ အန္တရာယ်ကင်းစေဖို့ စေတီပုထိုးတွေမှာ မနုဿီဟပုံတွေထုလုပ်လာခဲ့ကြတယ်။

မထေရ်နှစ်ပါးတို့ ဖန်ဆင်းတဲ့ မနုဿီဟရုပ်ဟာ အလွန်မှတ်စွဲမိထက်

www.burmeseclassic.com

www.burmeseclassic.com

ဇရိုက်တီးဆောင်းစေတီမုခ်ဝမှ ဂဝံသတူးရုပ်



ကေတောသတူရာပတ်ထည်မှ သုံးဖက်မြင် ဂဝံရုပ်ကြွ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများ

ကေတောသတူရာပတ်ထည်မှ သုံးဖက်မြင် ဂဝံရုပ်ကြွ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများ

ကေတောသတူရာပတ်ထည်မှ သုံးဖက်မြင် ဂဝံရုပ်ကြွ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများ

ကေတောသတူရာပတ်ထည်မှ သုံးဖက်မြင် ဂဝံရုပ်ကြွ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများ

သလို အဲဒီ နိမ္မိတမနုဿီဟာ (နိမ္မိတ - အနဆင်းခြင်း) ပုံစံအတိုင်း ထုလုပ်ထားတဲ့ မနုဿီဟရုပ်တုဟာလည်း မကောင်းဆိုး ဝါးတွေကိုထွက်ပြေးအောင် ခြောက်လှန့်နိုင်တယ်လို့ယုံကြည်ကြတယ်။ မန်လည် ဆရာတော်ကြီး ကသ်ာမြို့မှာ တာဝတိံသာမဟာစေတီတည်တော့ စေတီတော်အနီးမှာ မနုဿီဟရုပ်တုကို ထုလုပ်စေခဲ့ပါတယ်။

အိမ်၊ ခြံတွေမှာ မကောင်းဆိုးဝါးတွေမကပ်ငြိနိုင်အောင် ပေရွက်စာရွက်ပေါ်မှာ မနုဿီဟရုပ်ပုံရေးဆွဲပြီး ရုပ်ပုံအောက်မှာ သုဝဏ္ဏဘုမ္မဂါထာကိုရေးပါ။ အဲဒီစာရွက်(၄)ရွက်ကို နေအိမ်၊ ခြံ၊ မြေ၊ အလုပ်ရုံ၊ စက်ရုံထောင့်လေးထောင့်မှာ ခိုတ်ဆွဲကပ်ထားရင် မကောင်းဆိုးဝါးတွေဘေးကကင်းဝေးပါလိမ့်မယ်။

ဒုတိ၊ ပိုတ္တာ၊ တဿေ သဓဲတို့ အလွန်ကြာက်သော သုဝဏ္ဏဘုမ္မဂါထာတော်

သုဝဏ္ဏဘုမ္မိ ဂန္ဓာန၊
သောဏ္ဍတ္တရာ မဟိဒ္ဓိကာ။
ဝိသာစေ နိဒ္ဓမိတ္တာန၊
ပြဟ္ဓဇာလ မဒေသိသုံ။
(ပါရာဇိကအဋ္ဌကထာ)

မဟိဒ္ဓိကာ - အဘိညာဉ်တန်ခိုးအမျိုးမျိုးအဖုံဖုံနှင့်ပြည့်စုံတော်မူကြကုန်သော၊ **သောဏ္ဍတ္တရာ** - အရှင်သောဏ၊ အရှင်ဥတ္တရ နှစ်ဝဘုန်းမော် မထေရ်ကြီးတို့သည်၊ **သုဝဏ္ဏဘုမ္မိ**-ရွှေအဆင်းမော အသရေလင်းဖြာ မြေအဆင်းအဝါနှင့်ပြည့်စုံသည့် သထုံပြည်သို့၊ **ဂန္ဓာန** - သာသနာအရေးကြောင့် လာသမျှဘေးတို့ကို ကင်းဝေစေရန် စိတ်ကြံကြည်ဖြူကြတော်မူ၍၊ **ဝိသာစေ** - ရောဂါရန်စွယ်အန္တရာယ်အဝဝကို ပြုလုပ်တတ်သော

www.burmeseclassic.com

www.burmeseclassic.com

ဧတဒဂ်ဆံတော်ရှင်များ သမိုင်းပြတိုက်ရှေ့မှ ရုပ်တုများ



မြေဖုတ်ဘီလူးတို့ကို၊ **နိဒ္ဓမိတ္တာန**-အတုယူလို့မဆုံး အကုမြူပုံးမက အနန္တဂဏ်မိုး ကျက်ခိုပါဒ်တန်ခိုးတော်ဖြင့်ပယ်ခိုးနှင့်ထုတ်တော်မူကုန်၏၊ **ပြဟ္မဇာလ** - အရှေ့သာသနာ အသရေဖြာအောင် ဟောထုတ်ပြဟ္မဇာလသုတ်တော်ကို၊ **အဒေသိသုံ** - ပီသမှန်ကန် နှုတ်သံမြွက်ဖော် ရွတ်တော်မူကြလေကုန်ပြီ။

သုဝဏ္ဏဘုမ္မဂါထာတော်နဲ့အနက်ပြန်ဆိုချက်ကို ၂၀၁၀၊ ဒီဇင်ဘာလထုတ် သီဒို့မိုးမဂ္ဂဇင်းပါ သုခစုစံ (ကျိုက်လတ်)ရဲ့ မနုဿီဟုန့် သုဝဏ္ဏဘုမ္မဂါထာ ဆောင်းပါးမှ ကူးယူဖော်ပြထားတာ ဖြစ်တယ်။

(မြသပိတ်စေတီကုန်းတော်ဘေးက ဂဝံဈပ်မှာ သ-သ-ပ-ဗအက္ခရာလေးလုံးကို စတုရန်းလေးကွက်အင်းသွင်းထားပြီး သုဝဏ္ဏဘုမ္မဂါထာတော်ကိုပါရေးထိုးထားတာ တွေ့ရတယ်။) (သုဝဏ္ဏ- ရွှေ/ရွှေအဆင်း+ဘုမ္မ-မြေ)

ကေလာသစေတီကုန်းတော်ပေါ်ကပြန်အဆင်းမှာတော့ လမ်းပြတိုက်အုပ်ဆရာတော်မှ မယ်တော်ကြီးဆေးကျောက်ပျဉ်ရှိရာတန်ဆောင်းကိုလိုက်ပြပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ မိန်းမသားတွေက အများစုဆိုတော့ ဆေးကျောက်ပျဉ်ကို ဝိုင်းအုံသွေးပြီး ဆုတွေတောင်းလို့လိမ်းကြပါတယ်။ဘာဆုတွေတောင်းကြသလဲဆိုတာကတော့ ကာယကံရှင်ကွေပဲသိကြပေမပေါ့။

ပမြသပိတ်စေတီတော်

ကေလာသတောင်ပေါ်ကဆင်းပြီး မြသပိတ်တောင်ဆီကို ကားနဲ့ဆက်လာခဲ့ကြတယ်။ ဉာဏ်တော်အတောင် (၈၀) ကျော်မြင့်တဲ့ မြသပိတ်စေတီတော်ကြီးကိုလည်း ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပာယ်စွာ ဖူးမြော်ကြရတယ်။ ကေလာသစေတောင်လိုပဲ မြသပိတ်တောင်ဟာလည်း ဂန္ဓာရီပုဂ္ဂိုလ်သူတော်စင်တို့အောင်မှာတ်ယူရာ အဓိဋ္ဌာန်ဝင်စခန်းတစ်ခုဖြစ်ပါတယ်။

အရင်တုန်းက ဒီတောင်ကုန်းပေါ်မှာ ကျောက်သားကြောင်ရုပ်ဘု (၁၀၀)ရှိပြီး အစဉ်အဆက်ပါးစပ်စကားအရ အဲဒီကြောင်ရုပ်တွေကို ရေတွက်ကြည့်ရင် တစ်ကြိမ်နဲ့တစ်ကြိမ်မတူဘဲ (၁၀၀)ပြစ်လိုက် (၉၉)ဖြစ်လိုက်လို့ဆိုတယ်။ ဒီခေတ် ပုံပျက်နေတဲ့ ကြောင်ခေါင်းရုပ်နည်းနည်းပဲရှိတော့တယ်။

ဗုဒ္ဓမြတ်စွာ သုဝဏ္ဏဘုမ္မဂိုကြွချီ

www.burmeseclassic.com

www.burmeseclassic.com

သက်တစ်ရာကျော်နေသော ဩဂုတ်ပင်ကြီးနှင့် တောင်အောက်ပြန်ဆင်းမည့် ကားတစ်စီး

ကောလာသတောင်တော်ကို နတ်ထမ်းညွှန်နေတဲ့ တိုးဆိုးကြီးခရမှ ဘုရားဖူးလာ သူငယ်ချင်းဆုပ်ရ

ကောလာသတောင်ပေါ်ရှိ တောင်ထက်ကာဖြင့် တက်ရောက်ခဲ့သည့်

လာတဲ့ခုနှစ်က မဟာသက္ကရာဇ် ၁၁၁ ခုနှစ်ဖြစ်သလို မြသပိတ်စေတီတော်ရဲ့ ဘုရားတော်အမြင့်ကလည်း သံတောင် (၁၁၁) ဖြစ်တယ်။ ကြာမှော်၊ကြာလန်း (၆)ထပ်၊ (၆) ဆင့်ထုလုပ်ပူဇော်ထားတာ အားလည်း တခြားစေတီတော်တွေနဲ့မတူတဲ့ထူးခြားချက်ပါဘဲ။ မြသပိတ်စေတီတော်ရဲ့ နောက်ထပ်ထူးခြားချက်တစ်ခုက စိန်ဖူးတော်ကို ကျောက်စိမ်းသပိတ်ပုံပြုလုပ်ထားပြီး သပိတ်အဖုံးပေါ်မှာ ရွှေစင်အတိပြီးတဲ့ ရတနာစေတီတော်ကို တည်ထားပါတယ်။

၁၂၉၂ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့ ပဲခူးငလျင်လှုပ်တုန်းက ရွှေမော်ဓော ဘုရားပြုကျပျက်စီးခဲ့တဲ့တစ်ချိန်တည်းမှာ မြသပိတ်စေတီတော်ရဲ့ ငှက်ပျောဖူးတော်လည်း ပြတ်ကျခဲ့ပါတယ်။ ရှင်ပြင်တစ်နေရာက ပြတ်ကျနေတဲ့ ငှက်ပျောဖူးတော်အရင်းပိုင်းထိပ်မှာ စေတီငယ်တစ်ဆူတည်ထားတာဖူးမြော်ရပါတယ်။ စေတီတော်ပတ်ပတ်လည်မှာ ရှင်မဟာကဿပ၊ ရှင်အရဟံ စတဲ့ ရဟန္တာအရှင်မြတ်ကြီးများရဲ့ ဂဝံရုပ်တုတွေကို စေတီတော်ဘက်မျက်နှာမူပြီး ရှိခိုးကန်တော့နေဟန် ထုလုပ်ထားပါတယ်။

ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီ

မြသပိတ်စေတီတောင်ပေါ် ကနေ ပြန်ဆင်းလာပြီးတဲ့နောက် ဇုတ်သုတ်စံပြကျေးရွာက ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီဆီကို ထွက်လာခဲ့ကြတယ်။ ဇုတ်သုတ်တစ်ရွာလုံး တိုက်ခံအိမ်တွေ၊ လျှပ်စစ်မီးတိုင်တွေနဲ့ အဆင့်မြင့်တိုက်နယ်ဆေးရုံကိုပါမြင်ရလို့ ရွာလို့တောင် မထင်ရဘဲ မြို့လိုစည်ကားနေတာတွေ့ရတယ်။

ကျွန်တော်က ဓာတ်ပုံရိုက်ဖို့ မုခ်ဝတန်ဆောင်းမှာဆင်းနေခဲ့ပြီး ကားကစေတီတော်ခြေရင်းရောက်အောင်ဆက်သွားပါတယ်။ ထုထည်ကောင်းလှတဲ့ တန်ဆောင်းမှာ လူသွားလူလာမရှိတော့လို့ ပျက်စီးတဲ့နေရာတွေက ပျက်စီးနေပါပြီ။ မြန်မာပြည်က တောင်ကုန်း၊ တောင်ပေါ် ဘုရားတိုင်းလိုလိုမှာ ဘုရားဖူးတွေ လွယ်လင့်တကူဖူးမြော်နိုင်အောင် ကားလမ်းတွေဖောက်လိုက်တာ တစ်မျိုးကောင်းပြီး တစ်မျိုးမကောင်းပါ။ ရှေးအစဉ်အဆက်တည်ရှိခဲ့တဲ့ အနုပညာလက်ရာတွေနဲ့ စောင်းတန်းတွေထိန်းသိမ်းမှုမရှိတော့ဘဲ ပျက်စီးကုန်တာနမြောဖို့ကောင်းပါတယ်။

ကုန်းတော်ပေါ်မှာ တက်ဘလက်တစ်ပြားနဲ့အလုပ်များနေတဲ့ ကျွန်တော့်ကို အိမ်သူက ဆိုင်းဘုတ်တစ်ခုညွှန်ပြပါတယ်။ 'ကုန်းတော်ပေါ်တွင် ဓာတ်ပုံမရိုက်ရ' တဲ့။ ဘယ်ဘုရားစေတီမှာမှမတွေ့ဘူးတဲ့ဆိုင်းဘုတ်ပါ။ ကုန်းတော်ပေါ်မှာ လူကလည်းရှင်းနေပါတယ်။ စာဖတ်ပရိသတ်ကိုလည်း မှတ်တမ်းဓာတ်ပုံတွေနဲ့တကွ တင်ပြချင်တာရယ်ကြောင့် ရိုက်လက်စနဲ့ ဆက်ရိုက်ခဲ့ပါတယ်။

ကျိုက်ထီးဆောင်းစေတီတော်ကြီးရဲ့အခြေမှာ အလွန်ကြီးမားတဲ့ ဂဝံတုံးကြီးတွေကိုဆင့်ပြီးစီထားတာတွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်းတစ်ခုထဲမှာတော့ ခြေတော်ရာနှစ်ဆူ ယှဉ်လျက်သားရှိနေပါတယ်။ တစ်ခုက ရှေးဟောင်းဂဝံဒီပံခြေတော်ရာဖြစ်ပြီး နောက်တစ်ခုက အခုခေတ်မှ စကျင်ကျောက်နဲ့ ထုလုပ်ထားတဲ့ ပါဒအရှင်မြစကျင်ဒီပံခြေတော်ရာဖြစ်တယ်။

ဓာတုဝင်ဆံတော်ရှင်များသမိုင်းပြတိုက်ရှေ့အဝင်ဝမှာ မနုဿီရုပ်တုနဲ့ အီဂျစ်ပုံစံ လူတစ်ပိုင်းခြင်္သေ့တစ်ပိုင်းရုပ်တု (sphinx) တို့ကိုယှဉ်ပြိုးထုလုပ်ထားပါတယ်။ စွယ်စုံကျမ်းတစ်စောင်မှာတော့ Sphinx, in ancient Egypt, the stone figure of a lion in a resting posture, the upper part of the body being that of a human, usually male rather than female. (ရှေးခေတ်အီဂျစ်ပြည်မှာ ဝပ်နေတဲ့ ခြင်္သေ့ကိုယ်နဲ့ အပေါ်ပိုင်းလူကိုယ်တို့ကို စဖင့်(စ်)ရုပ်တုလို့ ခေါ်ပါတယ်။ အပေါ်ပိုင်းဟာ အများအားဖြင့် အမျိုးသမီးပုံဖြစ်တယ်) လို့ ရေးထားတယ်။

ဃ ဆကေသဓာတုဝင်ဘုရားစေတီများ

မြန်မာပြည်အောက်ပိုင်းကို မြတ်ဗုဒ္ဓသာသနာရောက်ရှိခဲ့ရာမှာ ဘုရားရှင်ရဲ့ ဆံတော်များကို ပထမဦးဆုံးယူဆောင်ခဲ့တဲ့ တပုဿနဲ့ဘလ္လကကုန်သည်ညီနောင်တို့ပြီးရင် အရှင်ဂဝံပတိမထေရ်ရဲ့ သာသနာပြုမှုက အရေးပါလှတယ်။ ဗုဒ္ဓခေတ်က ဒီအရှင်ဂဝံပတိမထေရ် အကြောင်းကို ရွှေမော်မောစေတီကျောက်စာမှာလည်း ဖော်ပြထားတယ်။ (၇)နှစ်သားအရွယ်ကတည်းက ရဟန္တာဖြစ်ခဲ့တဲ့ အရှင်ဂဝံပတိမထေရ်ကို ရာမညတိုင်းသားတို့သာမက မြန်မာတို့ပါ အလေးအမြတ်ပြုခဲ့ကြတဲ့အကြောင်းကို အနော်ရထာမင်းကြီးကိုယ်တိုင်ရုပ်တုထုပြီး ကိုးကွယ်ခဲ့တာရယ်၊ ကျန်စစ်သားမင်းကြီးနန်းတက်တော့ ဗုဒ္ဓရုပ်ပွားတော်နဲ့အတူထားပြီး ကိုးကွယ်ခဲ့တာတွေကို ထောက်ပြီးသိနိုင်ပါတယ်။

(ရွှေစည်းခုံကျောက်စာ)

အဲဒီအချိန်က သုဓမ္မပုရလို့ခေါ်တဲ့ သထုံပြည်မှာ အရှင်ဂဝံပတိရဲ့အရင်ဘဝက နောင်တော်တော်ခဲ့ဖူးတဲ့ သီဟရာဇာက မင်းပြုနေတယ်။ (သု-ကောင်းသော + ဓမ္မ - တရား + ပုရ - တည်ရှိရာ) အရှင်ဂဝံပတိဟာ သီဟရာဇာမင်းက တောင်းပန်လို့ မြတ်စွာဘုရားရှင်ကို မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်၊ ဘုရားဖြစ်ပြီး (၈) ဝါအရွယ်မှာ ရာမညဒေသကို ပင့်ဆောင်လာခဲ့တယ်။ 'သာသနာအစ အခြေတည် သုဝဏ္ဏသထုံပြည်' အစချီတဲ့ သိချင်းကို ကျွန်တော်တို့ ကလေးဘဝကတည်းက ကြားဖူးတယ်။

ဘုရားရှင်ဟာ နောက်ပါရဟန္တာပေါင်းနှစ်သောင်း (ငါးရာဟုလည်းဆို) ခြံရံပြီး သုဝဏ္ဏဘူမိတိုင်းကို ကောင်းကင်ခရီးနဲ့ကြွလာခဲ့တယ်။ တောင်သူယင်လေးခုလာစုနေလို့ 'တောင်စကြာ'လို့ခေါ်တဲ့ ကေလာသတောင်ကို မရောက်ခင်မှာ ခရီးဦးကြုံဆိုနေတဲ့ ဘုမ္မိမယ်တော်ရဲ့ ဣန္ဒာသယ(လိုတရ)မြသပိတ်ကို အလှူခံယူဖို့ မြသပိတ်တောင်မှာ အရှင်ဆုံးခြေချတော်မူတယ်။ ဘုရားရှင်က ပရိဘောဂစေတီတည်ဖို့မြန်စွန့်တဲ့ မြသပိတ်တော်အစစ်ကို ဌာပနာထားလို့ မြသပိတ်စေတီတော်လို့ ဘွဲ့အမည်ရခြင်း ဖြစ်

ကော်ဇော၊စာအုပ်၊ စာရေးကိရိယာ၊ အဝတ်အထည်များ အပါအဝင် လှူဒါန်းပစ္စည်းများ

တောရကျောင်းဆရာတော်ထံ လှူဒါန်းပစ္စည်းများ ဆက်ကပ်လှူနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တိုက်ကုလားမြို့ကြီးစည်ကားတဲ့ အချိန်က သပေါ်မင်းနဲ့ ပြည်သူအများရဲ့ ကောင်းမှုလို့ စာထဲမှာဖတ်ရတယ်။ ဘုရားရှင်ဟာ မြသပိတ်တောင်ကမှ တစ်ဆင့် ကေလာသတောင်ကို ကြွမြန်းတော်မူပြီး တရားရေအေးတိုက်ကျွေးတော်မူလို့ နတ်၊ လူအပေါင်း (၆၀၀၀၀) ကျွတ်တမ်းဝင်ကြတယ်။

ဘုရားရှင်ဟာ မရွှိမဒေသကို ပြန်မကြွခင်မှာ ရသေ့မြတ် (၆) ပါးက ဘုရားရှင်ကိုယ်စား ကိုးကွယ်ဖို့ တောင်းပန်လျှောက်ထားတဲ့အတွက် ဆံတော်မြတ် (၆) ဆူ ပေးသနားတော်မူတယ်။ နောက်တစ်နေ့မှ ရောက်လာတဲ့ ရသေ့မြတ် (၆) ပါးကလည်း ထပ်မံတောင်းပန်လို့ နောက်ထပ် ဆံတော်မြတ် (၆) ဆူပေးသနားတော်မူပြန်တယ်။ ဒီဆံတော်တွေဟာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကတည်းက ချီးမြှင့်တော်မူခဲ့တာဖြစ်လို့ 'သဇိဝဆံတော်များ' လို့ သတ်မှတ်ခေါ်ဝှေါ်ကြတယ်။ (သ - ရှိသော + ဇိဝ - အသက်)

ပူဇော်ဖို့ ဆံတော်မရကြတဲ့ ဈာန်အဘိညာဉ်ရ ရသေ့တွေက အဓိဋ္ဌာန်ပြုဆုတောင်းလို့ မူရင်းဆံတော်တွေက နေပွားလာတဲ့ ဆံတော်ပွားတွေလည်းရှိသေးတယ်လို့ ဓမ္မစေတီမင်းနေထိုးခဲ့တဲ့ ကေလာသတောင်ထိပ်ပေါ်က ရွှေမွန်ကျောက်စာမှာ ရေးထိုးထားတယ်လို့ သိရတယ်။

အခု ဖော်ပြခဲ့တာက ကျိုက်ထီးဆောင်းစေတီပမိုဂုဏ်မှာစိုက်ထူထားတဲ့ ဓာတုဝင်ဆံတော်ရှင်များသိုင်းကျောက်စာ အမှတ် (၁) ကဖြစ်တယ်။ ကျောက်စာအမှတ် (၂) မှာတော့ ဆံတော်ရရှိတဲ့ ရသေ့တွေနဲ့ အဲဒီဆံတော်တွေ ဌာပနာထားတဲ့စေတီဘုရားတွေကို အခုလိုပဲ ဖော်ပြထားတယ်။

ဂ ဆံတော်ရရှိသောရသေ့မြတ်များ

၁။ တိဿကုမာရရသေ့၊ ဂန္ဓဂိရိခေါ် ဇင်းကျိုက်တောင်၊ ဇင်းကျိုက်ဆံတော်ရှင်။

၂။ သီဟကုမာရရသေ့၊ ဖရုံတောင်၊ ကုသိနာရုံဆံတော်ရှင်။

၃။ တိလရရသေ့၊ ဒီးခလွန်းခေါ် ကေလာသတောင်၊ ကေလာသဆံတော်ရှင်။

၄။ ဒီဗွစက္ခုတယရသေ့၊ သီရိပဗ္ဗတာခေါ် ကုသိနာရုံတောင်၊ ကုသိနာရုံ ဆံတော်ရှင်။

www.burmeseclassic.com

www.burmeseclassic.com

၅။ ဥဒ္ဒဂ္ဂဘာရသော့၊ ဒိုတပေါ့ခလွန်တလိုင်ခေါ် ကျိုက်ထီးဒိုးတောင်၊ ကျိုက်ထီးဒိုးဆံတော်ရှင်။

၆။ သီဟရသော့၊ ဗန္ဓဝဂိရိတောင်၊ ဒွဲကပင်ဆံတော်ရှင်။

□ နောက်ရက်တွင် ဆံတော်ရရှိတော်မူသောရသေ့များ

၁။ ကပ္ပရသော့၊ မွတ်လအိတောင်၊ မွတ်လအိဆံတော်ရှင်။

၂။ နာရဒရသော့၊ မွတ်လအတောင်၊ မွတ်လအဆံတော်ရှင်။

၃။ ပါဂရွရသော့၊ လမိုင်းကေလာသတွောင်၊ ကေလာသဆံတော်ရှင်။

၄။ ကပ္ပိန္နရသော့၊ ကျိုက္ခမီတောင်၊ ကျိုက္ခမီတောင်ဆံတော်ရှင်။

၅။ ဒိုးယွန်ရသေ့၊ ကျိုက်ဒေးယျံတောင်၊ ကျိုက်ဒေးယျံဆံတော်ရှင်။

၆။ အလ္လကပ္ပရသော့၊ ဆောင်ခဲခေါ် ကျိုက်တဲတောင်၊ ကျိုက်တဲဆံတော်ရှင်။

□ ကျိုက်ထီးဆောင်းစေတီတော်မှဆံတော်နှစ်ဆူ

နောက်ဆုံးမှရောက်လာတဲ့ ဒေဝကုဋ္ဌာလနဲ့ မဏိကုဋ္ဌာလ နတ်ဘီလူးညီနောင်တို့ကိုလည်း ဆံတော်မြတ်နှစ်ဆူပေးသနားတော်မူပြန်တယ်။ နတ်ဘီလူးညီနောင်လည်း ဆွေတော်မျိုးတော်တွေနဲ့အတူ ဆံတော်နှစ်ဆူကို အထူးစီမံထားတဲ့ ဂဝံကျောက်သေတ္တာထဲထည့်ကာ ဌာပနာလို့ ဆံတော်ရှင်စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့ရာမှာ အခုအခါ ကျိုက်ထီးဆောင်းဆံတော်ရှင်ရယ်လို့ ဘွဲ့အမည်တွင်နေပါတယ်။

□ မဲလံဆံတော်ရှင်စေတီ

၂၀၀၉ ဇွန်လ၊ သူရဿတ္ထဇင်းမှာ ဆရာဟိန်းအောင်ဟိန်းရေးတဲ့ 'ဆကေသဓာတုဝင် မဲလံဆံတော်ရှင်၏ ကြည်ညို အံ့ဩဖွယ်ရာများ' ဆောင်းပါးမှာတော့ ဆံတော်မြတ်ရရှိတဲ့ မူလရသေ့မြတ် (၆) ဆူမှာ အမှတ်စဉ် (၃) တိလရရသေ့၊ ဒိုးခလွန်းခေါ် ကေလာသတောင်၊ ကေလာသဆံတော်ရှင်မပါဘဲ အမှတ်စဉ် (၆) နာဂပဗ္ဗတတောင်၌ မဲလံရသေ့တည်ထားသော မဲလံစေတီတော်၊ ဘီးလင်းမြို့လို့ ဖော်ပြထားတယ်။

အဲဒီဆောင်းပါးအရ မဲလံရသေ့ကြီးဟာ သူရထားတဲ့ ဆံတော်ဓာတ်ကို ဌာပနာပြီးဘုရားတည်လိုတာကို သိကြားမင်းကသိလို့ နာဂပဗ္ဗတတောင်ထွတ်တစ်နေရာမှာ ကျောက်တုံးသုံးလုံးဆင့်ပြီး အပေါ် ဆုံးကျောက်တုံးကို သန်လျက်နဲ့ သုံးတောင်တစ်မိုက်လေးသစ်အနက်ရှိ ဌာပနာတိုက်ကိုဖောက်လုပ်လို့ ဘုရားရှင်ရဲ့ဆံတော်ကိုထည့်သွင်းကာ သာသနာနှစ် (၁၁၉) ခုမှာ ရသေ့ကြီးနဲ့အတူ စေတီတည်ထားကိုးကွယ်ပူဇော်ခဲ့တယ်လို့ဆိုတယ်။ မြေပုံမှာ ဆကေသဓာတုဝင်ဆံတော်ရှင်ဘုရားတွေရဲ့ တည်နေရာကို ဖော်ပြထားတယ်။

မဲလံစေတီဟာလည်း ကျိုက်ထီးဆောင်းစေတီနဲ့ မတေးပါ။ ဇာတ်သုတ်ကျေးရွာကနေ ရန်ကုန် - ဒေမော်လမြိုင်

ဘုရားကုန်းတော်အရောက် ကားသစ်ပေါက်၌ ထုပယလွားတော့သော တန်ဆောင်း (ဘုရားတိုင်းထိုထို ဂျီအိုင်းယင်)

မယ်တော်ကြီးဆေးကျောက်ပျဉ်မှာ ဆလုအယက်သွေးနေတဲ့ အရိုးကြီးအုပ်စု

www.burmeseclassic.com

www.burmeseclassic.com

ဘီးထင်ပြိုနှင့် တောင်ရွန်းရွာကြား အင်္ဂလိပ်ခေတ်မှ သံပေါင်တံတားကို ပုံစံမပျက် ပြုပြင်ထိန်းသိမ်းထားသည်

ဗိဘမဲ့ကျောင်းသားကျောင်းသူများနေထိုင်ရာအဆောင်များ

နောက်ခြံနှစ်ဆို အလုပ်စဝင်ရတော့မယ့် ကျောင်းဆရာမအသစ်စက်စက်ကလေး ဒေါ်ကျော်ကေနိုင်

ကားလမ်းဆီကိုပြန်ထွက်ပြီး ဘီးလင်းမြို့ထဲသွားတဲ့ ဘယ်ဘက်လမ်းခွဲကို ချိုးဝင်လိုက်ပါ။ ဘီးလင်းမြို့ရဲ့ မြောက်ဘက် ဘီးလင်း-ဖာပွန်ကားလမ်းအတိုင်း (၁၄) မိုင် (၅) ဖာလုံအကွာမှာ မဲလံရွာရှိရာ မဲလံတောင်ခြေကိုရောက်ပါတယ်။ မဲလံတောင်ဟာ ကေလာသတောင်လောက်မြင့်ဘဲ ပေ (၈၆၀)-ကျော်လောက်သာ မြင့်ပါတယ်။ တောင်ခြေမှာ တောင်တက်ကားတွေရှိပါတယ်။

မဲလံတောင်ပေါ်မှာ စိတ်ဝင်စားစရာတွေအများကြီးရှိတဲ့အထဲက နှစ်ခုလောက်ကိုဖော်ပြရရင် ကျောက်ပိရဟန္တာလို့ အများခေါ်နေကြတဲ့ ရုပ်တုနဲ့ ကျောက်တံခါးစေတီတွေပဲ ဖြစ်တယ်။ နိယတ်တော်လာ အရှင်ကုမာရကဿပကိုယ်တော်ကြီး ပရိနိဗ္ဗာန်ပြုနေတဲ့ ပုံတော်ကို မဲလံဆံတော်ရှင်စေတီရဲ့ တောင်ဘက် ကိုက် (၁၇၀) အကွာခန့်မှာ အမြင့်ထူးခြားစွာ ဖူးတွေ့ရပါတယ်။ ဆံတော်စေတီကို ဦးခေါင်းတော်ပြုနေပြီး တောင်ဘက်ကို ခြေတော်ဆင်းနေတဲ့ (၁၂) တောင်ခန့် သဘာဝအလျောက် ဖြစ်နေတဲ့ ကျောက်သားရုပ်ကလာပ်တော်ပုံဖြစ်ပါတယ်။ အပေါ်မှာတော့ အတော်ကြီးတဲ့ကျောက်တုံးကြီးက အုပ်မိုးလျက်ရှိပါတယ်။

ကျောက်တံခါးစေတီက ဆံတော်ရှင်စေတီကနေ တောင်ဘက်ကိုက်(၁၆၀) ကွာလောက်မှာရှိတယ်။ ထောင်မတ်နေတဲ့ ကျောက်လုံးကြီးနှစ်ခုအပေါ်မှာ နောက်ထပ် ကျောက်လုံးကြီးတစ်ခုက ကန့်လန့်ဖြတ်တင်နေပြီး အဲဒီကျောက်လုံးကြီးပေါ်မှာ စေတီတည်ထားပါတယ်။ အောက်မှာတော့ (၆) တောင်အကျယ်၊ (၇) တောင်အမြင့်ရှိတဲ့ အပေါက်ဝက လူသွားလမ်းလိုဖြစ်နေလို့ ကျောက်တံခါးစေတီလို့ ဘွဲ့အမည်ပေးထားတယ်။ ၁၃၇၀ ပြည့်နှစ်က မုဆိုးမ(၉)ဦးစုပေါင်းတည်ထားလို့ မုဆိုးမဘုရားလို့လည်း ခေါ်ကြတယ်။

၂၀၁၄၊ ဒီဇင်ဘာ ၂ ရက်နေ့က ဒီအဖွဲ့သားတွေပဲ ကျိုက်ထီးရိုးဆံတော်ရှင် ဘုရားဖူးပြီးအပြန် မဲလံဆံတော်ရှင်ကိုပါဝင်ဖူးခဲ့ကြလို့ အမှတ်တရဓာတ်ပုံတချို့ဖော်ပြနိုင်တာဖြစ်ပါတယ်။

အခုဆိုရင် ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်တွေမှာ ဘုရားလည်းဖူး၊ အပန်းလည်းဖြေ၊ ဒေသန္တရဟုသုတလည်းရတဲ့ခရီးစဉ်တွေအများအပြားထွက်နေကြတာတွေ့ရပါတယ်။ ဘီးလင်းကလာသ ဆံတော်ရှင်စေတီကိုလည်း ရန်ကုန်က ဘုရားဖူးကားတွေ အဆက်မပြတ်လာနေကြတာမို့ တစ်လက်စတည်း မဲလံဆံတော်ရှင်နဲ့ ကျောက်ပိရဟန္တာရုပ်တုတွေကိုပါဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါရစေ။ မွန်ပြည်နယ် ရာမညတိုင်းရဲ့တောတောင်ရေမြေသဘာဝရှုခင်းတွေ ဟာလည်း ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် လှပသာယာပါကြောင်းလည်း သတင်းပါးကောင်းလိုက်ပါတယ်။

မောင်ပွင့်ဥဿော် (မော်ဝေ)

www.burmeseclassic.com

www.burmeseclassic.com

(စာဆရာဇော်ဦးလေး၏ဘာသာပြန်)

အဘဝ

အောင်မြင်ချမ်းသာစေရန် ဘိုးဘိုးအောင်မှုပေးသော ဂါထာတစ်ပုဒ်

ကျွန်ုပ်သည် အထက်သိဒ္ဓိရှင်၊ မဟာဒွိရှင်အဘဘိုးဘိုးအောင်နှင့် တွေ့ဆုံရန် ဘယ်သောအခါမှ မထင်ထားခဲ့၊ စိတ်တောင်မကူးရဲခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် အဘဘိုးဘိုးအောင်လိုသူတော်စင်ပုဂ္ဂိုလ်ကြီးများသည်၊ ကျွန်ုပ်လိုလူစားမျိုးကို မဆိုထားနှင့်၊ တရားကျင့်ကြံအားထုတ်ကြသော မဟာဂန္ဓာရီပုဂ္ဂိုလ်ကြီးများတောင် တွေ့ဆုံဖူးမြော်ရန် အလွန်ပင် ခက်ခဲလှသောကြောင့် ဖြစ်သည်။ ရှေးယခင်ယခင်သောကာလများထက် ပို၍ဆိုးလာသည်မှာ ယခုခေတ်ယခုချိန်တွင် လူတော်တော်များများသည် မိမိတို့သေဆုံးလျှင် မိမိတို့၏နောက်သို့ အရိပ်ပမာလိုက်လာသည့် ကုသိုလ်တရားများသောဖြစ်သော ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းစသည်တို့ကို အချိန်မပေးဘဲ အကုသိုလ်ဖြစ်စေမည့် အကြောင်းတရားများတွင်သာ အချိန်ကိုကုန်ဆုံးစေကြသည်။ လူအများစုတို့သည် ဘာသာတရားများနှင့် ဝေးကွာလာကာ ငါးပါးသီလမမြဲခြင်း၊ အကျင့်သီလပျက်ခြင်း၊ ကတိသစ္စာမတည်ခြင်း၊ စိတ်ထားကို ကော်ငးမွန်စွာမထားခြင်း၊ ယုတ်မာသောအကျင့်စရိုက်များတွင်သာ မွေ့လျော်နေထိုင်သောကြောင့် သူတော်စင်ပုဂ္ဂိုလ်တို့နှင့်တွေ့ဆုံရန် ဘယ်လိုမှမဖြစ်နိုင်ပါချေ။ ထို့ကြောင့် သူတော်စင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများကို ဒဏ္ဍာရီသာဖြစ်သည်၊ ယုံတမ်းစကားသာဖြစ်သည်ဟူသော ပြောသံများကို ပို၍ကြားလာရပါသည်။

ကျွန်ုပ်သည် တရားဘာဝနာများကျင့်ကြံအားထုတ်သောသူတော်ကောင်းကြီးများထံမှ စကားလက်ဆင့်ကမ်းကြားဖူးပါသည်။ သိဒ္ဓိရှင်မဟိဒ္ဓိရှင်၊ ထွက်ရပ်ပေါက် သူတော်စင်ပုဂ္ဂိုလ်ကြီးများသည် ကယ်တင်သင့်ကယ်တင်ထိုက်သောသူများကို ကယ်တင်နေပါသည်။ ထို့ကြောင့် ယခုခေတ်၌ မြတ်စွာဘုရား၏သာသနာတော်ကြီးကို ထွက်ရပ်ပေါက်သူတော်စင်ပုဂ္ဂိုလ်ကြီးများမှ ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှ စောင့်ရှောက်နေသည်မှာ စကန်စင်စစ်အမှန်ပင်ဖြစ်ပါသည်။ ထို့သို့ ကယ်တင်ထိုက်သူများကို ကယ်တင်ရာတွင် တွဲ၍ခေါ်သည်၊ ဆွဲ၍ခေါ်သည်။ နောက်ဆုံး ဘယ်လိုမှ ကယ်တင်လို့မရတော့မှ သူ့ထိုက်နှင့်သူ့ကံ သတ္တဝါတစ်ခုကံတစ်ခုဟုဆုံးဖြတ်ပြီး ဥပေက္ခာပြုလိုက်လေသည်။ ကယ်တင်ရာတွင်လည်း ပဌာန်းဆက်ရှိသူများကို အရင်ဆုံး ကယ်တင်ပါသည်။ ပဌာန်းဆက်ရှိသော သူများကို ဆက်သွယ်ရာတွင်လည်း အသံဖြင့်သော်လည်းကောင်း၊ အိပ်မက်အရသော်လည်းကောင်း၊ ကိုယ်ထင်ပြ၍သော်လည်းကောင်း အမျိုးဘာသာသာသနာအတွက်တွဲ၍ခေါ်သည်၊ ဆွဲ၍ခေါ်သည်။ ထိုနှင့်မျှမရဘဲ ပဌာန်းဆက်ရှိသူများမှာ ပေကတ်ကတ်ထုံပေပေလုပ်နေလျှင် ဆုပေး၊ဒဏ်ပေးစနစ်များနှင့် မရမကပါလာအောင် ပြုလုပ်လေ့ရှိကြောင်း သိရပါသည်။

ဤကဲ့သို့ -

ကျွန်ုပ်တင်ပြနေခြင်းသည် ပဌာန်းဆက်ရှိသောသူများကို ဘယ်လိုဘယ်ပုံသဏ္ဌာန်ဖြင့် ဆက်သွယ်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြလိုခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်နှင့်တကွ လူသူလေးပါးဖူတွေ့ကြုံကြိုက်ရန် အလွန်တရားမှ ခက်ခဲလှသော အထက်ထွက်ရပ်ပေါက် သူတော်စင်သူတော်မြတ်ပုဂ္ဂိုလ်ကြီးဖြစ်သော အဘဘိုးဘိုးအောင်နှင့်ကျွန်ုပ်သည် တွေ့ဆုံရန် ပဋ္ဌာန်းဆက်ဆုံလေသည်။ ကျွန်ုပ်မျှော်လင့်မထား စိတ်ကူးထဲကောင် တစ်ခါမှ မစဉ်းစားမိသော အဘဘိုးဘိုးအောင်သည် ကျွန်ုပ်အား ဖူးမြော်ခွင့်ပေးပြီး ချမ်းသာကြီးပွားတိုးတက်အောင် ဦးမြှင့်လေတော့သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးသည် မင်္ဂလာဧည့်ခံပွဲအပြီး နှစ်ရက်အကြာ၌ တမ်းနီးမွန်းခရီးထွက်ရန် တိုင်ပင်ကြလေသည်။

ကျွန်ုပ်၏ဇနီးမှ -

"အစ်ကို၊ ဟမ်းနီးမွန်းခရီးကို ဘယ်ကိုသွားရင်ကောင်းမလဲ"

"အေး - ငါကတော့စိတ်အပန်းလည်းပြေ၊ လေကောင်းလေသန့်ရပြီး ကျန်းမာရေးအတွက် အကောင်းဆုံးနေရာဖြစ်တဲ့ ချောင်းသာကမ်းခြေကို သွားရင်ကောင်းမလားလို့ အခုပဲစဉ်းစားနေတာ"

"ကောင်းတယ်၊ ကောင်းတယ်။ အစ်ကိုရွေးချယ်လိုက်တဲ့နေရာကို လက်ခံတယ်၊ သွားကြမယ်။ ဒါနဲ့ သွားမယ်ဆိုရင် ဘယ်နေ့သွားမလဲ အစ်ကို"

"သွားမယ်ဆိုရင် ငါ့စိတ်က အခုချက်ချင်းထပြီးသွားချင်..."

"အမလေး မလုပ်လိုက်ပါနဲ့ ကိုယ်တော်ချောရယ်။ ဘာကိုမှမပြင်ဆင်ရသေးဘူး။ အဝတ်အစားတွေလည်းထည့်ဦးမယ်။ မလောပါနဲ့၊ ချက်ချင်းကြီးတော့"

ဟု ဆိုလေသည်။

ထိုအခါ ကျွန်ုပ်မှ -

"ဟာ - မင်းက့လည်းကွာ အဝတ်အစားထည့်တာ အချိန်ဘယ်လောက်ကြာမှာမို့လဲ။ အခုထည့်အခုပြီးတဲ့ကိစ္စ။ သွားအခုချက်ချင်းသွားထည့်၊ မနက်ဖြန်နေ့တစောစောသွားမယ်။ ဆင်ခြေတွေပေးနဲ့တော့"

"သဘော သဘော သဘောတော်မြတ်အတိုင်းပါအရှင်"

ဟု ခနိုးခနဲဆိုကာ အဝတ်အစားစီစဉ်ရန်ရှာသို့ထသွားလေတော့သည်။

သည်လိုနှင့် ကျွန်ုပ်တို့ဇနီးမောင်နှံသည် နံနက်စောစောလေးနာရီလောက် အိပ်ရာမှထကာ ရေမိုးချိုးပြင်ဆင်ပြီး မနက်ငါးနာရီလောက်တွင် လှိုင်သာယာအဝေးပြေး ဒဂုံရောကားဝင်းသို့ တက္ကစီငှားကာထွက်လာခဲ့တော့သည်။ အဝေးပြေးကားဝင်းသို့ရောက်သောအခါ တက္ကစီနားသို့ ကောင်လေးသုံးယောက်ပြေးလိုက်လာကြသည်။ ကောင်လေးသုံးယောက်ထဲမှတစ်ယောက်က -

"အစ်ကိုတို့၊ အစ်မတို့ဘယ်သွားကြမလဲခင်ဗျား။ ဘယ်ခရီးစဉ်လဲပြော။ ကျွန်တော်တို့ဂိတ်ကိုလိုက်ပြပါ့မယ်"

- လို့မေးသော့အခါ ကျွန်ုပ်မှ -

"ချောင်းသာကိုသွားမလို့။ အဲဒါ ဘယ်ကားနဲ့သွားရမလဲပြောပါဦး"

ဟု မေးလိုက်သောအခါ ကောင်လေးမှဆက်လက်၍ -

"ချောင်းသာသွားမလို့လား။ ဘာမှမပူနဲ့၊ ကျွန်တော်လိုက်ပြမယ်။ ခဲ့လည်းအရှေ့ကရစေရမယ်"

ဟု ဆိုပြီး တစ်ဆက်တည်းမှာပဲ-

"ကားဆရာ အစ်ကိုကြီးရေ၊ ညာဘက်ကိုကွေ့ပြီး ရွှေမင်းသားကားဂိတ်အရှေ့ကိုရောက်ရင်ရပ်ပေးပါ"

ဆိုပြီး ကားသမားကိုပြောလေသည်။ ထို့ကြောင့် ကားသမားလည်း ရွှေမင်းသားဂိတ်ရှေ့ရောက်တော့ ရပ်လိုက်ပါတော့သည်။ ကျွန်ုပ်တို့ ကားခရှင်းနေတုန်း လိုက်လာသောကောင်လေးမှ အထုပ်များကို ကူညီသယ်ချပေးနေပါသည်။ ကောင်လေးပြောသော ရွှေမင်းသားကားဂိတ်မှာ ချောင်းသာလက်မှတ်ကို ဝယ်ယူလိုက်ပြီး ကောင်လေးမှ ကားပေါ် သို့ အထုပ်အပိုးများကိုထပ်ပြီးတော့ ကူညီပြီး တင်ပေးလေသည်။ ကျွန်ုပ်လည်း ထိုကောင်လေးအား မုန့်ဖိုးနှစ်ထောင်ကျော်ပေးလိုက်သည်။ နံနက် (၆း၃၀) တွင် ရွှေမင်းသားကားသည် ရန်ကုန်မှချောင်းသာသို့ စတင်၍ထွက်ခွာလေတော့သည်။ လမ်းခရီး၌အစိမ်းရောင်လယ်ကွင်းများကို ဖြတ်ကျော်မောင်းနှင်လာပြီး တစ်နာရီအချိန်အကြာလောက် မောင်းနှင်ပြီးသောအခါ ဝိုလ်မြတ်ထွန်းတံတားကို ရောက်လာပါတော့သည်။ ထိုတံတားကြီးကို ကျော်လွန်၍ ဘယ်ဘက်သို့ကားကိုကွေ့လိုက်ပြီး ပြည်ကြီးတံခွန် ဆိုသော စားသောက်ဆိုင်ကြီးကို တွေ့လိုက်ရသည်။ ထိုဆိုင်ကြီးမှာပဲ ကားကိုရပ်လိုက်ပြီး ကားစပယ်ယာ ကောင်လေးမှ -

"ရွှေမင်းသားကားနဲ့ လိုက်ယဲလာသော ခရီးသွားမိဘဉာဉီအစ်ကိုမောင်နှမများခင်ဗျား။ ကျွန်တော်တို့ နံနက်စာအဆာပြေစားသောက်ရန်အတွက်နှင့် အပေါ့အလေးသွားရန်အတွက် ကားကို မိနစ်သုံးဆယ်မနဲ့ ရပ်နားထားမည်ဖြစ်သဖြင့် လူကြီးမင်းတို့၏ တန်ဖိုးရှိပစ္စည်းများအားလုံးကို ယူဆောင်သွားကြပါရန်နှင့် ကားပေါ် မှအားလုံးဆင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား"

ဆိုပြီး ခရီးသည်များကို နှိုးဆော်အသိပေးလိုက်လေသည်။

ကျွန်ုပ် အပါအဝင် ခရီးသည်အားလုံး ကားပေါ် မှဆင်းကြပါသည်။ ကျွန်ုပ်တို့အားလုံး စားသောက်ကြပြီး နာရီဝက်လောက်ခန့်အကြာ၌ စပယ်ယာလေးမှာပဲ ကျွန်ုပ်တို့စားသောက်သောနေရာသို့ ရောက်ရှိလာပြီး -

"ရွှေမင်းသားကားနှင့်လိုက်ပါလာကြသော လူကြီးမင်းများခင်ဗျား။ ကားပေါ် သို့အားလုံးတက်လို့ရပါပြီ ခင်ဗျား"

တစ်ဖန် ပြန်၍ ခရီးသည်အားလုံး ကားပေါ် သို့တက်ရန် ဆော်သြလိုက်ပါသည်။ သည်လိုနှင့် ခရီးသည်အားလုံး ကားပေါ် သို့ ရောက်သောအခါတွင် ဆက်လက်၍ထွက်ခွာလာပါတော့သည်။

ထိုသို့ထွက်ခွာလာပြီး နောက်ထပ်အချိန်နှစ်နာရီလောက် မောင်းပြီးသောအခါ ပုသိမ်မြို့မှကြို့ဆိုပါ၏ဆိုသော မြို့ဝင်ဆိုင်းဘုတ်ကြီးကို တွေ့မြင်ရပါသည်။ ထို့နောက်တွင် ပုသိမ်အဝိုင်းကိုပတ်ပြီး ချောင်းသာသို့ ဆိုသော လမ်းညွှန်ဆိုင်းဘုတ်ရှိရာသို့ ကားဆရာမှချိုးကွေ့လိုက်ပါသည်။ခဏအကြာ၌ ရွှေမင်းသားကားသည် လမ်းပေါ် မှနေ၍ ဘယ်ဘက်ကားဝင်းထဲ သို့ချိုးကွေ့လိုက်ပြီး -

"ဟိုး - ဆရာ၊ ရပြီ"

"ကဲ - ခရီးသည်များခင်ဗျား။ ချောင်းသာကမ်းခြေကို ရောက်ပါပြီ ခင်ဗျား။ မိမိတို့ပါဝင်စည်းများကို သေချာစွာ စစ်ဆေးပြီးမှ ကားပေါ် မှဆင်းကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား"

ဆိုပြီး ကားအောက်ကိုဆင်းကာ ကားဘေက်ထဲမှခရီးသည်အထုပ်အပိုးများကို သေချာစွာစီစစ်၍ထုတ်ပေးပါတော့သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ကားပေါ် မှဆင်းကာ ချောင်းသာမြေသို့ ပထမဆုံးအကြိမ် ရောက်ရှိလာပါတော့သည်။

ချောင်းသာကမ်းခြေသို့ရောက်ရှိလာသောအခါ ကျွန်ုပ်တို့ပါရှိလာသော ငွေနှင့်ချင့်ချိန်ကာ အခန်းများလည်းသန့်ရှင်းသပ်ရပ်စေပြီး စကားပြောရာတွင် ဖော်ရွေစွာဆက်ဆံပြီး စျေးနှုန်းလည်း

www.burmeseclassic.com

www.burmeseclassic.com

ချိုသာသော မေကိုတည်းခိုခန်းကို ရွေးချယ်၍ တည်းခိုအနားယူလိုက်လေသည်။ အဲဒီအချိန်တုန်းက ကျွန်ုပ်တို့ဇနီးမောင်နှံ၏စီးပွားရေးသည် ဘာမှကိုရေရာမှုမရှိ မတိုးတက်သေးပေ။ မေကိုတည်းခိုခန်းတွင်ရောက်ပြီးအိပ်ရာ ပထမည၌ပင် အဘဘိုးဘိုးအောင်မှ ဆက်သွယ်လာပြီး ဖူးမြော်ခွင့်ပေးခဲ့သည်မှာ ကျွန်ုပ်တို့ဘဝကို ဘဝအဆင့်အတန်းမြင့်တင်ပေးပြီး စီးပွားရေးတိုးတက်အောင်၊ ကြီးပွားချမ်းသာအောင်၊ သာသနာတော်ကြီးကို လိုအပ်သောထောင့်ပေါင်းစုံမှ တတ်နိုင်သလောက်၊ အစွမ်းအစရှိသလောက် အထောက်အပံ့ပေးနိုင်သော လူတစ်ယောက်ဖြစ်အောင် အဘဘိုးဘိုးအောင်မှ ဦးမြင့်ကြွရောက်ကြောင်းကို နောင်တစ်ချိန်မှ ကျွန်ုပ် ကောင်းကောင်းကြီး သိရှိလိုက်ရပါသည်။

တချို့တချို့သော ပုဂ္ဂိုလ်များသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၊ သူတော်စင်သူတော်ကောင်းဝိဇ္ဇာကြီးများကို အမျိုးမျိုးဝေဖန်ကြသည်။ အမျိုးမျိုးပြောဆိုကြသည်။ အပြစ်ဟုလည်းမယူဆပါ။ အပြစ်ဟုလည်း မပြောလိုပါ။ လူအမျိုးမျိုး စိတ်အမျိုးမျိုးဖြစ်ကြပါသည်။ ယုံကြည်မှု၊ ကိုးကွယ်မှု၊ ခံယူချက်တို့သည် တစ်မျိုးစီဖြစ်ကြပါသည်။ အကျိုးပေးအကြောင်းပေးခြင်းလည်း မတူကြပါ။ သူ့စိတ်နှင့်သူ့ခန္ဓာ သူ့အကျိုးပေးနှင့် သူ့အကြောင်းများသာဖြစ်ပါသည်။ ကိုယ်က မှန်သည်ဟုထင်လျှင် အမှန်ဟုပင် ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ အကျိုးပေးအကြောင်းအရာများနှင့် ကျွန်ုပ်သည် 'စိတ်သာ၀ါ ဝိဇ္ဇာမ,မည်' ဟူသော တဘောင်စကားကို ကျွန်ုပ်ဘဝ၏ အကျိုးနှင့်အကြောင်းကို ချင့်ချိန်၍ မှန်သည် ဟူသော ဆုံးဖြတ်ချက်ကို ကျွန်ုပ် ရဲရဲကြီးဆုံးဖြတ်ချက်ချလိုက်ပါသည်။ အဘဘိုးဘိုးအောင်မှ ကျွန်ုပ်အား အိပ်မက်ဖြင့် ဤကဲ့သို့ ဖူးမြော်ခွင့်ပေးပြီး ခိုးမြင့်မြောက်စားလေတော့သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးသည် နံနက်စောစောတွင် ချောင်းသာကမ်းခြေ၌ လေညင်းခံရင်း အညောင်းအညာပြေစေဖို့အတွက် လမ်းလျှောက်နေသည်။ ဘေးပတ်ဝန်းကျင်၌လည်း ကျွန်ုပ်တို့လို မျိုးလမ်းလျှောက်နေသူများ၊ ရေကစားနေသူများ၊ရေလှိုင်းစီးနေသူများ၊ကလေးသူငယ်များ၊ လူလတ်ပိုင်းများ၊ သက်ကြီးရွယ်အိုများ၊ ဘောလုံးကန်ကစားနေသူများ လူတန်းစားအလွှာအသီးသီးပုဂ္ဂိုလ်များနှင့် စည်ကားနေသောအချိန်ဖြစ်ပါသည်။

အဲဒီလို လမ်းလျှောက်နေသော အချိန်မှာပဲ ရုတ်တရက်ဆိုသလို အခြေအနေမှာ ပြောင်းပြန်ဖြစ်၍ သွားပါတော့သည်။ ကလေးသူငယ်များ၊ လူရွယ်လူလတ်ပိုင်းများ၊ လူကြီးပိုင်းနှင့် အဘိုးကြီး၊ အဘွားကြီးများပါမကျန် ကမ္ဘာပျက်သလို အော်ဟစ်ပြေးလွှားနေသည်ကို ကျွန်ုပ်သည် လမ်းလျှောက်နေရင်း တွေ့မြင်နေရပါသည်။ ဘာကြောင့် ဒီလိုမျိုးဖြစ်နေရတာလဲဟု ကျွန်ုပ်သည် ပတ်ဝန်းကျင်အခြေအနေကို လေ့လာပြီး အကဲခတ်လိုက်ရာ ဟိုးတော်တော်ဝေးဝေးမှ ပေ (၃၀) × (၄၀) ခန့် အမြင့်ရှိမည်ထင်သည့် လှိုင်းလုံးများသည် ပင်လယ်ဘက်မှ ကမ်းခြေသို့ အလိပ်လိုက်အလိပ်လိုက် တက်လာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ချောင်းသာကမ်းခြေရှိလူများသည် မိမိတို့၏ အသက်ဘေးမှ ရှင်သန်လွတ်မြောက်ရန်အတွက် ဝရုန်းသုန်းကားဖြင့် ကမ္ဘာပျက်သလားအောက်မေ့ရအောင် အသက်လုပြီး ပြေးလွှားနေကြသည်။ အော်သူကအော်၊ ငိုသူကငိုဖြစ်နေကြသည်။

သို့သော် ကျွန်ုပ်သည် ဘာကြောင့်မှန်းလည်း ကျွန်ုပ်ကိုယ်ကျွန်ုပ် လုံးဝမသိ။ ကျွန်ုပ်၏ အသိစိတ်က လုံးဝကို အကြောက်တရားမရှိဘဲ လှိုင်းနှင့်လွတ်ရာ လွတ်ကြောင်းကို ပြေးလွှားခြင်းမပြုဘဲနှင့် ပင်လယ်ဘက်ကိုသာငေးပြီးကြည့်နေမိသည်။ ကမ်းခြေ၌လည်း ဆည်စွာအော်ဟစ်နေကြပြီး အချိန်အနည်းငယ်

အကြာ၌ မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြတော့ချေ။ ထိုအခါ ကျွန်ုပ်သည် ကမ်းခြေသို့ အလိပ်လိုက်တက်လာသော လှိုင်းတွေကိုကြည့်နေမိသည်။

အဲဒီလိုကြည့်နေရင်း လှိုင်းလုံးများအပေါ် ဘက်၌ အလွန်ထွားကျိုင်းသော လူပုဂ္ဂိုလ်တစ်ဦးကိုမြင်တွေ့လိုက်ရသည်။ လှိုင်းများကြားထဲ၌ ကျွန်တော်ကြည့်နေသော ပုဂ္ဂိုလ်သည် မကြာခင်မှာပဲ အကောင်အထည်ပေါ် လာတော့သည်။ ထိုပေါ် လာသောပုဂ္ဂိုလ်မှာ အခြားသူမဟုတ်။ တဘက်ဖြူကို ခေါင်းမှာပေါင်းပြီး၊ တိုက်ပုံလိုလို အင်္ကျီအဖြူ၊ အောက်ခံအင်္ကျီအဖြူနှင့် အသားညိုညို၊ မျက်ခုံးကောင်းကောင်း၊ နှာတံရေးရေး၊ မျက်နှာလေးထောင့်ပုံကျကျပုံသဏ္ဌာန်နှင့် သူ၏ခါးလောက်ခန့်သာ လှိုင်းပေါ် သို့ ပေါ်ထွက်လာသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။ လှိုင်းလုံးများက အမြင့် ပေ (၃၀) × (၄၀) ခန့်မြင့်ပြီး ထိုပုဂ္ဂိုလ်ကြီး၏ ခန္ဓာကိုယ်တစ်ဝက်သည် ထိုလှိုင်းများထက် အဆပေါင်းများစွာကြီးမားနေသည်ကို ကျွန်ုပ် အံ့သြဖွယ်ရာပင် တွေ့မြင်နေရပါသည်။ ထိုကဲ့သို့ဇေးကြည့်နေခိုက်တွင် ကျွန်ုပ်သည် အသိစိတ်ကပြန်ဝင်လာပြီး -

"ဟာ - ဒါဟာ သူတော်စင်ပုဂ္ဂိုလ် ထူးပုဂ္ဂိုလ်မြတ် အဘဘိုးဘိုးအောင်ပဲ"

ဟု အသိစိတ်မှသိရှိလိုက်ပါတော့သည်။ ထို့ဘို သိရှိလိုက်သည်နှင့်တစ်ပြိုင်နက် အဘဘိုးဘိုးအောင်၏ အရှေ့ဘက် လှိုင်းလုံးရှိရာအနားသို့ တိုးကပ်သွားပြီး ဖူးမြော်ကန်တော့လိုက်ပါတော့သည်။ ထူးဆန်းသည်၊ ကျွန်ုပ် အဘဘိုးဘိုးအောင်ကို ထိုင်ပြီးကန်တော့နေစဉ် လှိုင်းလုံးများမှာ ကျွန်ုပ်ရှိရာဘက်သို့ ရောက်ရှိမလာတော့ဘဲ ရှိမြဲအတိုင်း ရပ်တန့်သွားပါတော့သည်။ ကျွန်ုပ်ဦးချကန်တော့ပြီး ခေါင်းပြန်၍ အဲမော့၌ ဩဇာအာဏာကြီးမားပြီး တည်ကြည်ပြတ်သားသော အသံဖြင့် ကျွန်ုပ်အား အဘဘိုးဘိုးအောင်မှ ဤကဲ့သို့ အမိန့်ရှိလာပါတော့သည်။

"ငါသား၊ မင်းသာသနာပြုရမယ်။ သာသနာပြုရမယ့် အချိန်အခါလည်းရောက်ပြီ။ အဲဒီတော့ ငါသားကို အဘတို့ မ,စမယ်ကွယ့် ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

"အေးအေး - ငါသား မင်းအလှည့်မသွားခင် ဂါထာတစ်ပုဒ်ရွတ်ဆိုရမယ်ကွယ့်။ မင်း ဤစ္ဆာသဃ လိုတဲ့ဂါထာတော်ကြီးကို ငါသား သိသလား"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေး၏။

ကျွန်ုပ်သည် အဘ၏ အရှေ့၌ အမှန်ကို ဝန်ခံမိဘားဖြစ်သွားပါသည်။

"အဘ၊ ကျွန်တော် မသိပါဘူး ခင်ဗျာ"

ထိုအခါ အဘဘိုးဘိုးအောင်မှ ကျွန်ုပ်အား -

"အေး၊ အေး ၊ မပူနဲ့ အချိန်ကျရင်သိရမယ်၊ ရရမယ်ဘာမှမပူနဲ့။ ရောက်လာမယ်ကွယ့်"

"အဓိကက မင်းအလုပ်မသွားခင် အဲဒီ ဣန္ဒာသယလိုတရုပ်ထာတော်ကြီးကို နေ့စဉ် (၉) ခေါက်ပြည့်အောင်ရွတ်ပြီးမှ လုပ်ငန်းခွင်ကိုသွား၊ ကြားလား"

ဟုတ်ကဲ့ပါ အဘ၊ သားမှတ်သားနေပါတယ် အဘ

"အေး၊ အေး - အားလုံးပြည့်စုံစေရမယ်ကွယ့်။ ငါ့သားကို အဘတွေ့ဆုံခွင့် ပေးတာကတော့ ငါ့သားနဲ့ အဘဟာ လွန်ခဲ့သောအတိတ်တွေမှာ ပဌာန်းဆက်ရှိတဲ့သူတွေပဲ။ ပြီးတော့ ငါ့သားဟာ သာသနာပြုရမယ့်ပုဂ္ဂိုလ်ပဲကွယ့်။ အချိန်လည်းကျပြီ၊ အချိန်အခါကောင်းလည်း ရောက်ပြီ။ အဲဒီတော့ ငါ့သား ငါးပါး သီလကို လုံအောင်စောင့်ထိန်း။ အထူးသဖြင့် သေရေသေရက်ကိုရှောင်၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘ၊ စောင့်ထိန်းပါ့မယ် အဘ"

ဆက်လက်ပြီး အဘမှ -

"မဟုတ်တာမလုပ်နဲ့၊ မမှန်တာ မပြောနဲ့၊ သည်းခံကွယ့် ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

ဟု ကျွန်ုပ်ပြန်ဖြေလိုက်သည်။

"အေး၊ အေး - ကောင်းတယ်၊ ကောင်းတယ်။ နောင်တစ်ချိန်ကျရင်၊ အဘတို့လိုအပ်တဲ့အချိန်ကျရင် ငါ့သားနဲ့ ပြန်ဆုံကြမယ်ကွယ့်။ အဘပြောတာကို မမေ့မလျော့အောင် သေသေချာချာနားထောင်။ နားထောင်ပြီးတော့ လိုက်နာ။ လိုက်နာပြီးတော့ ကျင့်ကြံကြိုးစား အားထုတ်ရမယ်ကွယ့်။ အဘတို့လို ပုဂ္ဂိုလ်ကြီးတွေဟာ တကယ့်ကို လိုအပ်ရင်၊ လိုအပ်တဲ့အချိန်ရောက်လာခဲ့ရင် ကူညီတယ်၊ မှတစတယ်၊ စောင့်ရှောက်တယ် ငါ့သား"

"ဟုတ်ကဲ့ပါ အဲဘ၊ ကျွန်တော် တစ်သဝေမသိမ်းလိုက်နာပါ့မယ်အဘ"

ဟု ကတိပေးလိုက်ရာ အဘဘိုးဘိုးအောင်သည် ခေါင်းတညိတ်ညိတ်ဖြင့် -

"အေး၊ အေး - ကောင်းတယ်၊ ကောင်းတယ်။ သာဓု၊ သာဓု၊ သာဓု"

ဟု ဆိုလိုက်သည်နှင့် တစ်ပြိုက်နက် ကျွန်ုပ် အိပ်ရာမှနိုးသွားလေတော့သည်။

မှတ်ချက် - နောင်တစ်ချိန်တွင် လူသိန်းချီ၍ ဝဠုကြွေးဆပ်ပြီး အသက်ပေးသွားသော နာဂစ်မုန်တိုင်းသည် ကျွန်ုပ်အိပ်မက်သောအခါ၌ မဖြစ်သေးပေ။ နာဂစ်မုန်တိုင်းတိုက်ခတ်သွားသောအခါ၌လည်း ချောင်းသာကမ်းခြေသည်မှပါ မထိခိုက်ဘဲ မုန်တိုင်းမှလွတ်မြောက်သွားပါသည်။

❑

ကျွန်ုပ်သည် အိပ်ရာမှနိုး၍ နံနက်လင်းသော် ကျွန်ုပ်၏ ဇနီးအား ညကမက်ခဲ့သော ထူးဆန်းသည့် အိပ်မက်အကြောင်း၊ အိပ်မက်ထဲ၌ အဘဘိုးဘိုးအောင်ပါကြောင်း၊ အဘဘိုးဘိုးအောင်မှ မိန့်မှာသွားသည့်အကြောင်းကို ကျွန်ုပ်၏ဇနီးအား ပြောပြလိုက်ပါသည်။ ပြောသာပြောရသည်၊ ဇနီးက ကျွန်ုပ်ကိုယုံမှယုံကြည်ပုံမလား။ တော်ကြာ ရှင်ရူးများရူးနေသလားဟု ပြောရင်းဖြင့် ခက်မည်ဟု စိတ်ထဲမှစိုးထင့်နေမိပါသည်။ တကယ်တမ်း ကျွန်ုပ်ဇနီးအား ပြောပြလိုက်သောအခါတွင် ကျွန်ုပ်၏ဇနီးသည် ကောင်းစွာ သဘောပေါက်လေသည်။

ထိုအခါ ကျွန်ုပ်၏ဇနီးက -

"အစ်ကို၊ အဘဘိုးဘိုးအောင်လို ပုဂ္ဂိုလ်မျိုးနဲ့ အိပ်မက်ထဲမှာ ဖူးခွင့်ရတာ နည်းတဲ့ကုသိုလ်ကံမဟုတ်ဘူး။ အရမ်းကောင်းတာပေါ့။ အဘမိန့်ကြားခဲ့တာတွေကို သေသေချာချာ မှတ်သားလိုက်နာပေါ့"

ဆိုပါသည်။

ကျွန်ုပ်သည် ဇနီးထံမှ ထိုစကားမျိုးကိုကြားရ၍ အားတက်သွားသည်။ အဘယ်ကြောင့်ဆိုသော် အနီးကပ်ပါရမီဖြည့်ဖက်သည် ဇနီးမယားမဟုတ်ပါလော။

အဲဒီလိုအိပ်မက်ပြီး နောက်နှစ်ရက်အကြာ၌ ချောင်းသာကမ်းခြေမှ ရန်ကုန်သို့ပြန်လာခဲ့ပါသည်။ ရန်ကုန်ကို ရောက်သည်နှင့် ကျွန်ုပ်သည် အဘဘိုးဘိုးအောင်မှ ပြောကြားလိုက်သော ဂါထာကို အသည်းအသန်လိုက်ရွာပါတော့သည်။ သို့သော် ဘယ်လိုပဲကြိုးစားပြီးရွာဖွေသော်လည်း အချိန်မကျသေး၍လားမသိ ဘယ်လိုမှရွာဖွေလို့မရခဲ့ပါ။ အချိန်ကာလကြာမြင့်လာသဖြင့် လက်လျှော့ခဲ့ရသည်။ သည်လိုနှင့်ပဲ အချိန်ကာလသည် တစ်နှစ်ခန့်ကုန်ဆုံးသွားပါသည်။ တစ်နှစ်ကြာပြီးနောက် တစ်လကျော်ကျော်ခန့်တွင် တစ်နေ့ ကျွန်ုပ်ရှိနေတဲ့အချိန် ကျွန်ုပ်လုပ်ငန်းလုပ်ကိုင်နေသောဆိုင်သို့ ဇင်းကျိုက်တောင်မှ တရားကျင့်ကြံအားထုတ်နေသောရသေ့ကြီးတစ်ပါး ဒေါက်ခြာကို ဆောင်းလျက် ကြွရောက်လာပါသည်။ ထိုရသေ့ကြီးသည် ကျွန်ုပ်အား စိုက်ကြည့်ပြီး -

"ဟုတ်ပါတယ်ဘုရား။ ဘရသေ့က ဒီအကြောင်းတွေ ဘယ်လိုလုပ်ပြီးသိတာလဲ ဘုရား။

ဘယ်မှာသိတင်းသုံးပြီး ဘယ်အရပ်ဒေသက္ခများ ကြွရောက်လာပါသလဲ ဘုရား"

ဟု သိချင်သော အကြောင်းအရာများကို တရစပ်မေးလိုက်သည်ဆိုရင်ပဲ ဘရသေ့မှ -

"အေး - သိတယ်ဆိုတာကတော့ အထက်ကဆရာသခင်တွေက အခု မင်းဆီကိုလွှတ်လိုက်မှသိရတာ။ ဘယ်မှာသိတင်းသုံးလဲဆိုရင်တော့ ဇင်းကျိုက်တောင်မှာ တောရဆောက်တည်ပြီး တောထဲမှာပဲ သိတင်းသုံးတယ်။ ဘယ်အရပ်ကကြွရောက်လာတာလဲဆိုတော့ ပြောဖို့ကျတော့ အတော့်ကိုခက်တယ်ကွ။ ငါတို့က အတည်တကျ နေရာသတ်မှတ်ချက်မရှိဘူး။ အထက်ကဆရာသခင်တွေ ညွှန်ကြားချက်အတိုင်း သွားလာနေထိုင်နေရတာ။ ရှင်းရှင်းပြောရရင်တော့ လိပ်စာမရှိဘူးပေါ့ကွာ ဟား. . . ဟား"

တစ်ဆက်တည်းမှာပဲ -

"မင်းရဲ့မေးခွန်းတွေကို ခဏရပ်ထား။ ငါ့ကိုအထက်ကဆရာသခင်တွေက မင်းကိုပေးဖို့ကိစ္စတစ်ခုခိုင်းလိုက်တယ်။ အဲဒါကို ဆောင်ရွက်ပြီးတာနဲ့ ချက်ချင်းပြန်ကြွရမှာ။ ဆောင်ရွက်စရာကိစ္စကများသကွယ် ကဲ၊ ကဲ"

ဟုဆိုပြီး ထိုဘရသေ့မှ သူလွယ်ထားသော လွယ်အိတ်အတွင်းသို့ လက်နှိုက်ကာ ကျွန်ုပ်အား ကတ္တီပါအိတ်အနီလေးတစ်ခုကိုပေးသွားပါသည်။ ပေးပြီးတော့ ချက်ချင်းပင် ဘာစကားကိုမှ မပြောမဆိုတော့ဘဲ လှည့်ထွက်သွားပါသည်။ ကျွန်ုပ်လည်း ဘရသေ့ပြန်ကြွသွားသည်ကို ငေးကြည့်နေရင်းမှ ကတ္တီပါအိတ်ကလေးကိုသတိရပြီး ဖွင့်ကြည့်လိုက်ပါသည်။ ထိုအခါ ကတ္တီပါအိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

၌ စာရွက်သေးသေးတစ်ရွက်ကို လိပ်ပြီး ကြိုးနှင့် ချည်ထားပါသည်။ ထိုစာရွက် လိပ်သည် အလွန်မွေးကြိုင်လှပါသည်။ ရန်သည် ပန်းပေါင်းစုံရန်ဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်သည် ဓူးစမီးလိုစိတ် ကြောင့် ချက်ချင်းပင် စာရွက်လိပ်အား ဖြေကြည့်လိုက်သောအခါ ကျွန်ုပ်၏ ဆံပင်များသည် မီးပေါ် သို့ထောင်သွား သည်။ လူတစ်ကိုယ်လုံးလည်း ကြက်သီး မွေးညှင်းများထသွားပါသည်။ အရမ်း လည်းအံ့သြသွားပါသည်။

ကျွန်ုပ်ကိုယ်တိုင် တစ်နှစ်ကျော် ကျော် သဲကြီးမဲကြီးရှာဖွေသော်လည်း လုံးဝရှာဖွေလို့မတွေ့ခဲ့သော 'ဣန္ဒာသယ လိုတရဂါထာတော်ကြီး' သည် ကျွန်ုပ်၏ လက်ဝယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကို ရောက်ရှိလာပါတော့သည်။ ထူးဆန်း နေသည်မှာ 'ဣန္ဒာသယလိုတရဂါထာ တော်ကြီး' ကျွန်ုပ်လက်ထဲသို့ ရောက်ရှိ သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် အဘဘိုးဘိုးအောင် မိန့်မှာကြားခဲ့သော စကားများကို နားထဲ၌ဘေးကနေပြော နေသလို ချက်ချင်းပင် တစ်ပြိုင်နက် ကြားရပါသည်။ဂါထာတော်ကိုရပြီးသည် နှင့် ကျွန်ုပ်သည် ဂါထာတော်ကိုရော အဓိပ္ပာယ်ကိုပါတွဲ၍ အလွတ်ကျက်မှတ် လိုက်သည်။ ထို့နောက် ဂါထာတော်ကို အလွတ်ရသည်နှင့် အဘဘိုးဘိုးအောင် မှာကြားခဲ့သောစကားအတိုင်း တစ်သ ဝေမတိမ်းလိုက်နာ၍ နေအိမ်မှအလုပ်သို့ မသွားမီ ဘုရားရှိခိုးကန်တော့ပြီး ဂါထာ တော်ကြီးကို (၉) ခေါက်တိတိ အချိန်ယူ ၍ ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။ ထို့သို့ ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ အလုပ်သို့သွား ပါသည်။

ဂါထာတော်၏ အစွမ်းသည် ပြလေတော့သည်။ ယခင်က အလုပ်လုပ် သောအချိန်နှင့် ဂါထာတော်ရွတ်ပြီး အလုပ်လုပ်သောအချိန်တို့သည် မီးနှင့် မြေကြီးလို အများကြီး ကွဲပြားခြားနား သွားပါသည်။ ကြိုးပွားခြင်း၊ တိုးတက် ခြင်း၊ အောင်မြင်ခြင်းဆိုသော ပန်းတိုင် သည် ကျွန်ုပ်၏လက်ဝယ်သို့ ဆွတ်ခူး ရရှိ၍ရောက်ရှိလာပါတော့သည်။ ယခင် က ကျွန်ုပ်တို့ဇနီးမောင်နှံသည် နေ့နိုင်ရုံ၊ သွားနိုင်ရုံ၊ စားနိုင်ရုံသာရှိသည်။ အဘယ် ကြောင့်ဆိုသော် အလုပ်လုပ်နေသဖြင့် ဝင်ငွေရနေပြီး ထွက်ငွေနှင့်အသုံးစရိတ် မျှတနေသည်။ ထို့နောက် အဘဘိုးဘိုး အောင်မှ ကျွန်ုပ်အား ဂါထာတော်ကြီး ခိုးမြှင့်ပေးလိုက်သောအချိန်မှစတင်၍ ကျွန်ုပ်တလည်း လိုက်နာဆောင်ရွက် သောအခါ လုပ်ငန်းများသည် အစစ အရာရာ တိုးတက် အောင်မြင်လာပါ သည်။

အလုပ်ဆိုင်ခန်းများလည်း တိုးချဲ့ လာနိုင်ပါသည်။ ဆိုင်ခန်းများတိုးချဲ့လုပ် ကိုင်လာခြင်းကြောင့် ဝင်ငွေများတစ်ဟုန် ထိုးတိုးတက်၍ စီးပွားရေးမှာ တိုးတက် အောင်မြင်လာပါသည်။ ယခု ကျွန်ုပ် တင်ပြသော အကြောင်းအရာများကို တချို့သောလူများက ကတ်သီးကတ်ဖဲ့ ပြောမည်ဆိုလျှင်လည်း ပြောသို့ရပါ သည်။ ငါတို့လည်း ဒီဂါထာကို တစ်နေ့ လုံး နေစဉ်ထွက်ကတည်းက နေဝင်သည် အထိ ထိုင်ပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ် မည်။ မင်းလိုမျိုး စီးပွားတက်မလား၊ အောင်မြင်မလား၊ ချမ်းသာလာမလား ဟု လားပေါင်းများစွာသော မေးခွန်း များဖြင့်မေးပြီး အာမခံမလားဟု မေး လာနိုင်ပါသည်။ မေးလည်းမေးသင့် သောစကား ဖြစ်ပါသည်။

ကျွန်ုပ်က အမှန်ကို ဖြေလိုက်ပါ မည်။ လုံးဝကို အာမမခံနိုင်ပါဘူးဟု ဖြစ် ပါသည်။ အဘယ်ကြောင့်ဆိုသော် ခုနှစ်ရက်သားသမီးအပေါင်းတို့သည် စိတ်နေသဘောထားချင်းလည်းမတူကြ၊ ကံချင်းလည်းမတူကြ၊ ဉာဏ်ချင်းလည်း မတူကြ၊ ဝီရိယချင်းလည်းမတူကြ၊ သူ့ အကျိုးအကြောင်းနှင့်၊ သူ့အစောင့် အရှောက်ပုဂ္ဂိုလ်နှင့်သူ ရှိပြီးသားဖြစ်၍ ကွဲပြားခြားနားပါလိမ့်မည်။ အလုပ် မလုပ်ဘဲထိုင်နေလို့ကတော့ စီးပွားရေး၊ ကြီးပွားချမ်းသာရေး၊ အောင်မြင်တိုး တက်ရေးတို့သည် အလကားနေရင်း မိမိထံသို့ ဘယ်သောအခါ မျက်စိလည် လမ်းမှားပြီးရောက်ရှိလာမည်မဟုတ်ပါ။ ထို့ကြောင့် အလုပ်လုပ်သောသူမှသာ အောင်မြင်မှုဆိုတာကို မျှော်မှန်းနိုင် မည် ဖြစ်ပါသည်။ ထို့ကြောင့် အထက် ထွက်ရပေါက်ပုဂ္ဂိုလ်ကြီးများဆိုသည် မှာ လျှောက်နေသောသူအား လျှောက် နေရင်း ရင်ဆိုင်တွေ့ကြုံရမည့် ဘေး အန္တရာယ်ရန်စွယ်အမျိုးမျိုး၊ သောက အမျိုးမျိုး၊ ဒုက္ခအမျိုးမျိုးတို့၏ ဘေးမှ လွတ်ကင်းစေရန် ထွက်ရပေါက်ပုဂ္ဂိုလ် ကြီးများမှ ကြိုတင်ပြီး သိရှိနိုင်စွမ်းရှိ သဖြင့် အမှောင်ကိုခွင်း၍ အလင်း ရောက်စေခြင်း၊ မကောင်းသောအလုပ် ကိစ္စများကို ကြိုတင်ပြီးသိမြင်စေ၍သော် လည်းကောင်း၊ ကိုယ်ထင်ပြ၍သော် လည်းကောင်း၊ အိပ်မက်ပေး၍သော် လည်းကောင်း၊ မနောဖြင့်ဆက်သွယ်၍ လည်းကောင်း၊ တန်ခိုးဖြင့်ရှောင်လွှဲပေး နိုင်သော သူတော်စင်ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ ပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်လျှောက်သော လမ်းကို ပန်းခင်းသောလမ်းဖြစ်အောင်၊ အောင်မြင်မှုများရရှိအောင် ကျွန်ုပ်အား ထွက်ရပေါက် သူတော်စင်ပုဂ္ဂိုလ် အဘဘိုးဘိုးအောင်မှ ကျွန်ုပ်အပါအဝင် ပဌာန်းဆက်ရှိသူများကိုတွဲ၍ ခေါ် သည်၊ ဆွဲ၍ခေါ် သည်၊ သာသနာတော်ကြီးကို တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်နိုင်အောင် 'စိတ်သာချ ဝိဇ္ဇာမမည်' ဟူသော တဘောင်အတိုင်း ကျွန်ုပ်လျှောက်လှမ်းနေသောဘဝတွင် လောကခံရှစ်ပါး၏ ရိုက်ခတ်မှုများကို ခံနိုင်ရည်ရှိအောင် ကျွန်ုပ်၏ရှေ့တည့် တည့်မှနေ၍ မားမားမတ်မတ်ရပ်တည် လျက် အန္တရာယ်တွေရှင်း၊ ရန်စွယ်တွေ ခွင်းကာ အောင်မြင်အောင်၊ ကြီးပွား ချမ်းသာအောင်၊ တိုးတက်အောင်၊ သာသနာတော်ကြီးကို တစ်ထောင့် တစ်နေရာမှ ပါဝင်ထောက်ပံ့နိုင်အောင် 'အဘဘိုးဘိုးအောင်' မှ မနစ်နာညီစောင့် ရှောက်လိုက်ခြင်းဖြစ်ပါသည်ဟု ကျွန်ုပ် ရဲရဲဝံ့ဝံ့ကြီးကို ခံယူလိုက်ပါတော့သည်။

ရှင်သူငယ်ပဓိတ် (ခေါ်)
ဣန္ဒာသယလိုတရဂါထာတော်ကြီး

သိရသို့ ဂါထာတော်ကြီး

သိရသို့ မေ ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တာ စ ဒဂ္ဂိဏော။
ဝါမအံသေ မောဂ္ဂလ္လာနော၊
ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာ စ၊
ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
ဧတေတံ အာနုဘာဝေန၊
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ။
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။ ။

(ဇင်းကျီကိုတောင်မှကြွလာသော ရသေ့ကြီးပေးသွားသော ဂါထာတော် မူရင်းအတိုင်းဖြစ်ပါသည်။)

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါနေသို့လင်းစေသော်
သတ္တဝါမှန်သရွေ့ တရားတွေ့
အေးငြိမ်းချမ်းသာရှိကြပါလေ။

အဘဝ (သာသနာ့အသင်းရောင်)

www.burmeseclassic.com

www.burmeseclassic.com

ယေနာန့်ကာဘိုးတောင်

ရွှေတိဂုံကျားတက်ပုံမြင်ကွင်းခံ



ဤစာပေဆောင်းပါးကို ရေးသားနိုင်ရန် သူရဇမဂ္ဂဇင်း အတွဲ (၁၅)၊ အမှတ် (၈)၊ ၂၀၁၅ ခုနှစ် ဩဂုတ်လထုတ် စာမျက်နှာ (၂၄) တွင် ကျွန်ုပ်၏ စာပေမိတ်ဆွေကြီး ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခ လှမြင့် (ရန်ကုန်တက္ကသိုလ်) ၏ 'ရွှေတိဂုံစေတီတော်ကြီး ပေါ်သို့ ကျားတက်ခြင်း' အကြောင်း ဖတ်ရှုမိသဖြင့် အတွေးပေါ်၍ ထပ်ဆင့် အရေးတော်တင်ဆက်လိုက်ပါပေသည်။ စာပေရောင်းရင်း လှမြင့်(ရန်ကုန်တက္ကသိုလ်) အား အထူးပင် ကျေးဇူးတင်ဝမ်းမြောက် သာဓုခေါ်အပ်ပါသည်။

'ရွှေတိဂုံဘုရားသို့ကျားတက်ခဲ့စဉ်က' အကြောင်းကို ဗိုလ်မှူးကြီးလှအောင် (အငြိမ်းစား) ရေးသားခဲ့သော 'ကြောင်မျိုးရင်းဝင်တိရစ္ဆာန်ကြီးများ' စာအုပ်စာမျက်နှာ (၇) တွင် အောက်ပါအတိုင်း တွေ့ရသည်။ မသိမမီလိုက်သူများအတွက် ဗဟုသုတအဖြစ် ဖော်ပြလိုက်ပါသည်။

ပဲခူးရိုးမတောင်များတွင် ကျားပေါသည်။ ရန်ကုန်မှ (၄၁) မိုင်သာဝေး၍ ကျိုးဖြူရေလှောင်ကန်ဆောက်လုပ်ထားရာဖြစ်သော ရိုးမတောင်ခြေအနောက်ဘက်ရှိ တောင်ဆွယ်များသို့ ကျားများသည် ရွှေအထက်ကျောကာရိုက မှန်မှန်လာရောက်လေ့ရှိကြသည်။ ကျားများသည် ထိုကမ္ဘတစ်ဖန် တောင်ဘက်လမ်းလွဲ နယ်ကျွံ၍ မင်္ဂလာဒုံဒေသနှင့် ရန်ကုန်ဆင်ခြေဖုံးဒေသများသို့ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ရောက်ခဲ့သည်မှာ အံ့သြစရာမရှိပေ။

၁၉၀၃ ခု၊ မတ်လ ၂၂ရက်နေ့တွင် ရွှေတိဂုံဘုရားပေါ်တွင် ကျားမတစ်ကောင်ကို ဗြိတိသျှတပ်သားများက ပစ်သတ်ခဲ့ဖူးသည်။ ကျိုးဖြူရေလှောင်ကန်မှ လမ်းလွဲရောက်လာဟန်တူသော ထိုကျားမသည် ရွှေတိဂုံဘုရားပေါ်၌ ပစ်သတ်ခြင်းမခံရမီအချိန်တန်ကြာကာလကပင် ကုက္ကိုင်းနှင့် ပုဇွန်တောင်သားသတ်ရုံ ပတ်ဝန်းကျင်ဒေသသို့ မကြာခဏရောက်လာပြီး ကျွဲ၊ နွားတို့ကို ဖမ်းစားနေကျ ကျားဖြစ်တန်ရာ၏။ ဘုရား၏ ပေ (၈၀) ခန့်မြင့်သော တတိယပဒုယံပေါ်သို့ ကျားမသည် မိုးမလင်းမီကပင် ရောက်နေဟန်တူ၏။ထိုအခါက စေတီတော်၏ အထက်ပိုင်းကို ရွှေချရန် ငြမ်းဆင်ထားသဖြင့် ရင်ပြင်မှ ငြမ်းဆီသို့ရောက်ရန် ယာယီဝါးလှေကားဆောက်ထားသည်။ ဘုရားဂေါပကလူကြီး ဦးရွှေပိုင်းက ယင်းကိစ္စနှင့်ပတ်သက်၍ နံနက်စောစောပိုင်းတွင် ရန်ကုန်အရေးပိုင်အား တိုင်ကြားခဲ့သည်ကိုထောက်ကြည့်လျှင် မိုးလင်းပြီးနောက် အချိန်အတန်ငယ်အတွင်း၌ ဘုရားဖူးများက ကျားကို ဦးစွာမြင်ကြဟန်တူပါသည်။ အရေးပိုင်က ဘုရားဝန်းကျင်ရှိ မြို့စောင့်တပ်မှူးဖြစ်သော ဗိုလ်မှူးကြီး အီးလောဖို့ဒ် (Colonel E Lawford) ထံသို့ ကျားကိုပစ်သတ်ရန် စာတစ်စောင်ရေးပေးလိုက်၏။ ဗိုလ်ကြီး ဘဲဗိတ်(Captain Beville)နှင့် အမြောက်တပ်မှ ဗိုလ်ကြီးဂျင်နင် (Captain Jenni-

www.burmeseclassic.com

www.burmeseclassic.com



nge) တို့နှင့်အတူ ဗိုလ်မှူးကြီးလောဖို့ဒ်က ဘုရားသွားကြပါသည်။ ဗိုလ်ကြီးဂျင်နှင့်က နှစ်လုံးပြူးရိုင်ဖယ်တစ်လက်ယူဆောင်လာသည်။ ထိုအချိန်၌ ဘုရားပေါ်ရောက်နေသော ဝတ်လုံတော်ရမစ္စတာအက်(စ်)အေခရစ္စတိုဖာ(Mr. SA Christopher) သည် သေနတ်ဒင်တပ်ဆင်နိုင်သည့်ထပ်ဆင့်ပစ်မော်ဇာပစ္စတို ကို ကိုင်ဆောင်လာသည်။

ဘုရားသို့ရောက်သည့်အခါတွင် ဘုရား ရင်ပြင်ပေါ်၌ စိတ်လှုပ်ရှားနေသော မြန်မာနှင့် အိန္ဒိယလူမျိုးများ ပြည့်ကျပ်စွာရောက်နေကြ၏။ ကျားမသည် အဆင့်တစ်ခုပေါ်၌ အိပ်နေသဖြင့် ယင်း၏ ကျောကုန်း၊ နောက်ခြေထောက်တစ်ဖက်၊ အမြီးတို့ကိုသာ ရင်ပြင်မှမြင်နိုင်ပါသည်။ ရင်ပြင်မှနေ၍ ကျားကို သေနတ်တစ်လက်ဖြင့် ပွဲချင်းပြီးပစ်သတ်ရန် လွယ်ကူမည် မဟုတ်ပေ။ ထို့ကြောင့် ဗိုလ်မှူးကြီးလောဖို့ဒ်က ဘုရင့်လီဗာပူးတပ်ရင်း (King's Livepool Regiment) မှ ရိုင်ဖယ်သေနတ်ကိုင်တပ်သား (၁၀) ယောက်ကိုသွားခေါ်ရာ ဗိုလ်ကြီးဘဲဝိတ်သည် တပ်သား (၁၄) ယောက်နှင့်အတူ ရောက်လာပါသည်။

ထိုအချိန်တွင် ဗိုလ်ကြီးဂျင်နှင့်က ကျားကိုကောင်းစွာမြင်နိုင်အောင် အာရုံခံတန်ဆောင်းခေါင်မိုးခေါ် သို့တက်ရောက်ပါသည်။ ထို့နောက် ဗိုလ်မှူးကြီးလောဖို့ဒ်က တပ်သားတစ်စုအား ကျားမကို တစ်ပြိုင်နက်တည်းပစ်ရန် အမိန့်ပေးပါသည်။ ယင်းကဲ့သို့ တစ်ပြိုင်တည်းပစ်လိုက်သဖြင့် ကျားမကခုန်သောအခါ ဗိုလ်ကြီးဂျင်နှင့်က နှစ်လုံးပြူးရိုင်ဖယ်သေနတ်ဖြင့် ဘယ်၊ ညာနှစ်ချက်ပစ်လိုက်သည်။ သို့သော် ကျားမသည် ချက်ချင်းမသေဘဲ ဒဏ်ရာရသဖြင့် ကုန်းထရန် ရုန်းကန်ရင်း အမြီးလှုပ်ယမ်းနေသည်။ ဗိုလ်မှူးကြီးလော့ဖို့ဒ်သည် တခြားတပ်သားတစ်ခုအား တစ်ပြိုင်တည်း ထပ်မံပစ်ခတ်ရန် အမိန့်ပေးပြန်သဖြင့်ပစ်လိုက်ရာ ကျားမဝပ်ကျသွားသည်။

ဗိုလ်ကြီးဂျင်နှင် နောက်တစ်ချက် ထပ်ပစ်လိုက်ရာ ကျားမသည် မလှုပ်သာတော့ပေ။ ဗိုလ်ကြီးဂျင်နှင်သည် ဝါးလုံးကားအတိုင်းတက်၍ ကျားရှိနေရာ အဆင့်သို့ ရောက်သောအခါ ကျားမသေသေးဘဲ ညည်းညူနေသည်ကို

www.burmeseclassic.com

တွေ့ရ၏။ ထို့ကြောင့် ကျား၏ နှလုံးသားဆီသို့ နောက်တစ်ချက် ထပ်မံပစ်ခတ်လိုက်သည်။ ထို့နောက် ကျားကို အောက်သို့ချလာရာ (၈) ပေအလျားရှိသော ကျားမပင်ဖြစ်ကြောင်း တွေ့ရပါသည်။

ပြည်လမ်းမှ ရွှေတိဂုံစေတီရှိရာသို့ ခွဲသွားသောလမ်းအတိုင်း ကျားမသည် စေတီသို့ရောက်အောင်သွားခဲ့ဟန်တူ၏။ ယင်းလမ်းကို ပထမကမ္ဘာစစ်ကြီးဖြစ်ပြီးနောက် ဦးဝိစာရလမ်းဟုခေါ် တွင်သည်။ ယခင်က တိုက်ဂါးအယ်လီ(Tiger Alley) ဟု ခေါ် တွင်ခဲ့သည်။ ရွှေတိဂုံဘုရားကျား တက်ခြင်းအထိမ်းအမှတ်အဖြစ် ဘုရားရင်ပြင်တော်ပေါ်ရှိ ပြတိုက်နှင့် မျက်နှာချင်းဆိုင်ဘုရား၏အရှေ့တောင်ထောင့်တွင် ကျားရုပ်ကို ကျား၏နဂိုအရွယ်အတိုင်း သစ်သားဖြင့် ပန်းပုထုထားပါသည်။ ယင်းကျားရုပ်သည် ဘုရားရင်ပြင်ပေါ်၌ ပရိဏ္ဍေဒအတော်ကြာတည်ခဲ့ပါသည်။ ကာလကြာသောအခါ ယင်းကျားရုပ်သည် ပျက်စီးယိုယွင်းသွားသဖြင့် ဘုရားရင်ပြင်တော်မှ ဖယ်ရှားလိုက်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် နှစ်အနည်းငယ်အတွင်းက ကျားတစ်ကောင်သည် မင်္ဂလာဒုံ ကန်တော်မင်းဒေသသို့ဝင်ဖူးပါသည်။ ယင်းကျားကို စစ်သတ်ရန် ရဟတ်ယာဉ်အကူအညီဖြင့် လူအတော်များများလိုက်လံရှာဖွေကြသော်လည်း မတွေ့ရပါ။ ကျားမှာ ထွက်ပြေးလွတ်မြောက်သွားလေသည်။ ဤသည်မှာ ဗိုလ်မှူးကြီး လှအောင်၏ ရွှေတိဂုံစေတီတော်ကျားတက်ခြင်းမြင်ကွင်းတစ်ခု ဖြစ်ပါသည်။

ရွှေတိဂုံကျားတက်ခြင်းအကြောင်းကို စာဆိုရှင်မင်းသုဝဏ်ဆရာကြီးဦးဝင်းလည်း ဆရာ့အတွေ့အကြုံလေးကို ကေားပြေရေးရာတွင် -

ရွှေတိဂုံစေတီပေါ် သို့ဆောက်ရောက်သော ကျားကြီးသည် ဤနယ်မြေကို ပြတ်သန်းသွားသည်ဖြစ်၍ ကျားကြီးကူးသွားရာစမ်းချောင်းတွင် ခြေရာတို့ကို တည်းကောင်း၊ ကျားကြီးတိုးသွားရာ ခြံရံးနီးပေါက်တွင် အမွေးတို့ကို လည်းကောင်း ကိုယ်တိုင်မြင်လိုက်ရသည်ဆိုသူလည်း တွေ့ဖူးပါသည်' ဟု သုံးထားသည်။

ရှည်လျားသော ဝါကျစာပိုဒ်ဖြစ်သော်ငြားလည်း အဓိပ္ပာယ်ပေါ် လွင်သည်။ ထိုစာပိုဒ်အရ ထိုအချိန်က တက္ကသိုလ်နယ်မြေသည် သည်တောကြီးမျက်မည်းဖြစ်နေသော သမိုင်းဇာတ်ကြောင်းကိုပါ သိရှိခွင့်ရပါသည်။ ဆရာမင်းသုဝဏ်၏ မြင်ကွင်းတစ်ခုဖြစ်၏။

သတင်းစာဆရာ ဦးသိမ်းမောင်ကလည်း ရန်ကုန်ရာဇဝင်သမိုင်းတွင် မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် သမိုင်း၌ စာမတင်ရှိမဖြစ်သောအခြားအကြောင်းရင်းတစ်ရပ်ကား ကျားတက်ခြင်းပင် ဖြစ်သည်။ ၁၂၆၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့ နံနက် (၇) နာရီခန့် အချိန်တွင် ရွှေတိဂုံစေတီခေါင်းလောင်းပုံ အောက်နှတ်ခမ်းပေါ် တွင် ကျားတစ်ကောင် တက်ရောက်ဝပ်နေသည်ကို တွေ့မြင်ရသဖြင့် ဂေါ်ရာစစ်သားတို့က သေနတ်ဖြင့် ပစ်သတ်လိုက်ရသည့် အတွက် ထိုအချိန်က ဘုရားကြီး၏ ပတ်ဝန်းကျင်မှာ တောရိုင်းတို့ရဏ္ဍာန်များ ကျက်စားခိုအောင်းနေနိုင်လောက်အောင်ပင် ထူထပ်သောတောများရှိနေသေးသည်။

ကျွန်ုပ်တို့ ကျောင်းသားအရွယ် ငယ်စဉ်က မြင်တွေ့ရသော အခြေအနေသည်ပင်လျှင် ယခု ဦးဝိစာရလမ်းဖြစ်နေသော အင်္ဂလိပ် Tiger Alley အမည် ပေးထားသည့် မြန်မာခေါ် ဆင်လမ်းသည် လူအရောက်အပေါက်နည်းလှသော တောအုပ်ကြားမှ ခြေသွားလမ်းကျဉ်းလေးမျှသာဖြစ်ကြောင်း ကိုယ်တိုင် သွားရောက်ဖူးသောကြောင့်ဖြစ်သည်။

ရွှေတိဂုံဘုရား ကျားတက်ခြင်းသတင်းစကားသည် တောကြိုအုံကြားရှိ ရွာသိမ်ရွာငယ်ကလေးများအထိ ပျံ့နှံ့သွားရာ ဘုရားကြီးမှာလည်း အရပ်ရပ် ဘုရားဖူးများဖြင့် အထူးစည်ကားလှုပ်ရှိ၍ အလှူငွေများတိုးတက်ရရှိလာသည်။ ဇာတ်သဘင်တို့ကလည်း ကျားတက်ခြင်းအကြောင်းကို သီချင်းဂီတဖွဲ့နွဲ့သီဆိုကြရာ အငြိမ့်လူပြက်ဇာတ်လူပြက်တို့ကလည်း တစ်ယောက်က စည်းဝါးနှင့်တိုင်၍ တစ်ယောက်က အဲလွဲစည်းလွတ် သီချင်းကိုမှတ်မိသမျှဆိုပြရသော် -

'ရွှေတိဂုံဘုရားမှာ×××ကျားတက်တာ ငါးရက်ကြာ×××အို-ရွှေတိဂုံဘုရားမှာ ကျားတက်တာ ငါးရက်ကြာပျာ×××ဂေါ်ရာတွေဝိုင်း×××သေနတ်နဲ့ပစ်×××ကျား×××စင်းစင်းသေ'

ဟူ၍ ဖြစ်ပါသည်။

ဘုရားကြီး ရွှေပြားသင်္ကန်းကပ်နိုင်သည့်နှစ်မှ (၅) နှစ်ကြာသောအခါ ရွှေပြားသင်္ကန်းကပ်ရန်ထားသော ရွှေများပျောက်ဆုံးမှုကြီးတစ်ရပ်ပေါ် ထွက်လာသည်။ စာရင်းကွာမှုကြီးပေါ် လာလေရာ ရန်ကုန်မြို့သူမြို့သားတို့ အရေးတကြီးဆွေးနွေးဖွယ်ရာပြဿနာဖြစ်လာရလေသည်။ သို့နှင့် ဘဏ္ဍာတော်ထိန်းလှုကြီးဦးဘိုးသာက (၂၂၅၂)ကျပ်(၈)ပဲ (၆)ပိုင်၊ ဒုတိယဦးဘိုးကြေးက (၇၃၁) ကျပ်၊ ဒုတိယဦးဘိုးလှက (၉၉၆) ကျပ်(၂)ပဲ၊ ဒုတိယဦးဘိုးမြိုင်က (၇၆၀) ကျပ်၊ ဒုတိယဦးဘိုမင်းက (၇၄၄)ကျပ် (၁၄)ပဲ၊ ဒုတိယဦးဘဲအောင်က (၇၄၀) ကျပ်၊ ဒုတိယဦးနေထွန်းက (၇၅၀) ကျပ်၊ ဒုတိယဦးတူက (၇၃၃) ကျပ်၊ ပန်းထိမ်ဆရာ ဆရာသက်က (၃၅၀) ကျပ် (၃)ပဲ အသီးသီးဘဏ္ဍာစားလျှဒါန်းကြခြင်းဖြင့် ပြဿနာမကျယ်ပွားဘဲအေးသွားသည်။

သတင်းစာဆရာကြီးဦးသိမ်းမောင် ရွှေတိဂုံဘုရားကျားတက်မြင်ကွင်းတစ်ခုကလည်း ထူးခြားချက်များပါရှိသည်။

ကိုလိုနီခေတ်ဦးကာလ ၁၉၀၃ ခု၊ မတ်လ ၂ ရက်နေ့က ရွှေတိဂုံဘုရားထက်သို့ ကျားတစ်ကောင်တက်လာသဖြင့် သေနတ်ဖြင့်ပတ်ခတ်ဖမ်းဆီးခဲ့ရသည်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်က ပြည်သူအများစိတ်ဝင်တစားရှိခဲ့ကြသည်။ ဟိုးလေးတကျော်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ သို့ကြောင့်လည်း ရွှေတိဂုံဘုရားသို့ ကျားတက်ပုံပန်းချီမှန်ကားနှင့် ပြဇာတ်စာအုပ်များပေါ် ထွက်လာခဲ့ကာ ရောင်းမလောက်အောင်စွဲခဲ့လေသည်။ ရွှေတိဂုံဘုရားပေါ် သို့ ကျားတက်သည့် အကြောင်း ပြဇာတ်သားရေးခဲ့သူမှာ ရွှေတောင်ဆရာလွမ်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း) ဖြစ်သည်။

ရွှေတိဂုံဘုရားပေါ် သို့ ကျားတက်ခဲ့ပုံနှင့် ပတ်သက်၍ အမျိုးမျိုးပြောဆိုရေးသားခဲ့ကြသည်။ ကိုယ်တွေ့ကြုံခဲ့ရသူတို့၏မှတ်တမ်းများမှာမူ နည်းပါးလှပါသည်။ ထိုအထဲတွင် ရှားရှားပါးပါး ဒါရိုက်တာဆရာမြင့်၏မိဘများဖြစ်ကြသော ဦးသာဗျော၊ ဒေါ် ရွှေရီတို့ပြောကြားခဲ့သည့်မှတ်တမ်းမှာ ကျားကို သေနတ်ဖြင့် ပစ်ခတ်ရာတွင် ဦးစီးကွပ်ကဲခဲ့ရသူ မျက်နှာဖြူ ဝိုလ်မှူးကြီး လော့ဖွတ်တို့၏ မှတ်တမ်းမှာ အတော်အတန်ဝိုင်လုံသည်မှာ မှတ်ယူဖွယ်ဖြစ်သည်။

ဒါရိုက်တာ ဆရာမြင့်၏ မိဘများသည် ၁၂၆၄ ခု၊ တပေါင်းလပြည့်နေ့မှ လဆုတ် ၈ ရက်နေ့အထိ ရွှေတိဂုံတော်၌ မိတ်ဆွေ(၅)ဦးနှင့်အတူ ဥပုသ်

www.burmeseclassic.com

စောင့်နေခဲ့ကြပါသည်။ တပေါင်းလဆုတ် ၅ ရက်၊ ၂-၃-၁၉၀၃၊ နံနက်(၄)နာရီတွင် အရက်ဆွမ်းထချက်ကြသည်။ ထို့နောက် ပုတီးစိပ်နေစဉ် အင်္ဂါထောင့်မှ ရေစိုနေသော ကျားတစ်ကောင် မဟာရဲတံတိုင်းကိုကျော်တက်လာပြီး ဆွမ်းချက်နေသူများ အနီးမှနေ၍ စေတီတော်ဆီသို့ပြေးသွားရာ အားလုံးပို့၍ အော်ကြဟစ်ကြသည်။

ထိုခေတ်ကာလ ရွှေတိဂုံစေတီတော်အနောက်ဘက်ခြမ်းဆိုလျှင် သစ်တောများ ထူထပ်စွာရှိနေဆဲဖြစ်သည်။ နံနက် (၈) နာရီကျော် (၉)နာရီလောက်မှ အနောက်ဘက်မှခဲ့ ဂေါ်ရာတပ်မှ စစ်ဝိုလ်ကိုသွားခေါ်ပြီး ဘုရားလူကြီးဦးဝိုင်းက သေနတ်ဖြင့်ပစ်ခတ်စေခဲ့သည်။ ထိုစဉ်က စေတီရင်ပြင်အနောက်ဘက်မှခဲ့အနီးတွင် ကင်းတပ်ကိုလည်း ချထားခဲ့သေး၏။ ထိုအတောအတွင်း လူအုပ်ထဲမှ နတ်ကတော်တစ်ဦးခုန်ပေါက်ဝင်လာကာ သူ၏စီးတော်နတ် ကျားအား မပစ်ရန်တားတော့သည်။ မယုံကြည်သူတစ်ဦးက 'အရှင်ကြီးစီးတော်ကျားက အထီးလား၊ အမလား' ဟုမေးရာ အထီးဖြစ်ကြောင်းဖြေခဲ့သည်။ သို့သော် ကျားကို အမှန်တကယ်ပစ်ချလိုက်သောအခါ ကျားက အမဖြစ်နေလေသည်။

ဒါရိုက်တာဆရာမြင့်က မိဘများပြောပြသည့် ရွှေတိဂုံဘုရားထက်သို့ ကျားတက်သည့်အကြောင်း သွေးသောက်မဂ္ဂဇင်းတွင် တစ်ဆင့်ပြန်လည်ဖော်သည်ချခဲ့သည်။ ယခင်ကဆိုလျှင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်အာရုံခံတန်ဆောင်းအနီး၌ ကမ္ဘည်းစာတမ်းနှင့် ကျားရုပ်ပင်ရှိခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကမှ ပြတိုက်ဟောင်းအတွင်းပြောင်းရွှေ့ သိမ်းဆည်းခဲ့သည်ဟု ဆိုသည်။ ဒါရိုက်တာဆရာမြင့်က ရွှေတိဂုံဘုရားကျားတက်ခြင်းအကြောင်းသိသမျှ မြင်ကွင်းတစ်ခုကို ပြည်သူလူထုအား အသိပေးရေးသားခဲ့သည်။

ရွှေတိဂုံဘုရားထက်သို့ကျားတက်သည့်သတင်းက ရန်ကုန်တစ်မြို့လုံး ပျံ့နှံ့သွားပြီး ဟိုပြောသည်ပြောပြောနေကြသည်မို့ ကျားပစ်ရာတွင် ကွပ်ကဲခဲ့ရသူ မှတ်နာမည်ဝိုလ်မှူးကြီးလှေ့ဖွတ်က သူ၏ကိုယ်တွေ့ဖြစ်ရပ်ကို ဖွင့်ချရတော့သည်။ ၁၉၀၃ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် ရန်ကုန်ဂေဇက်သတင်းစာတွင် ဝိုလ်မှူးကြီးလှေ့ဖွတ်ကိုယ်တိုင် 'စေတီပေါ်မှ ကျားမ' ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားခဲ့သည်။ ယင်းဆောင်းပါးကို ဆရာမမြို့ချစ်ဆွေက ၁၄-၁၂-၁၉၇၀ ကြေးမုံသတင်းစာတွင်ဘာသာပြန်ဆိုထည့်သွင်းရေးသားခဲ့သည်။ စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သို့/

အယ်ဒီတာ

ရန်ကုန်ဂေဇက်

လူကြီးမင်းခင်ဗျား-

ရွှေတိဂုံပေါ်မှကျားမကိုသတ်ဖြတ်ခဲ့ပုံနှင့်ပတ်သက်၍ သတင်းစာများတွင် သူတစ်မျိုးငါတစ်ဖုံရေးသားထားကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်ကိုယ်တွေ့ ဦးဒီးကွပ်ကဲရသူအနေဖြင့် ဖြစ်ရပ်မှန်ကို လူကြီးမင်းသတင်းစာတွင် ဖော်ပြပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံပါသည်။

၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့ တနင်္လာနေ့ နံနက် (၈) နာရီ (၁၅) မိနစ်အချိန်ခန့်တွင် ကျွန်ုပ်သည် ဝိုလ်ကြီးဘီဒီးလ်နှင့်အတူ မြင်းဒီးရာမှပြန်လာကြပါသည်။ ဝဲဘူးကလပ်အရောက်တွင် ရွှေတိဂုံစေတီတော်ဘက္ကာတော်ထိန်းအဖွဲ့ဝင် ဦးရွှေဝိန်အား တွေ့ရပါသည်။ ဦးရွှေဝိန်က ကျွန်ုပ်အား ရန်ကုန်မြို့လက်ထောက် ကော်မရှင်နာမင်းကြီးမစ္စတာရစ်ထဲမပေးလိုက်သောစာကိုပေးပါသည်။ စေတီပေါ်တွင် ကျားတစ်ကောင်တက်ရောက်နေသဖြင့် ထိုကျားကိုပစ်သတ်ပေးပါရန်တောင်းဆိုထားသောစာဖြစ်သည်။

ကျွန်ုပ်ရွှေတိဂုံစေတီရင်ပြင်ပေါ်သို့ရောက်သောအခါ ရင်ပြင်တစ်ခုလုံးတွင် မြန်မာအမျိုးသားများနှင့် ကုလားအမျိုးသားများကို တိုးမပေါက်နိုင်အောင်ပင် ဆူဆူညံညံဖြင့်မြင်တွေ့ရပါသည်။ ကျားကိုမူ ရင်ပြင်မှ ပေ (၁၀၀) အမြင့် ငြမ်းဆင်နေဆဲအတွင်းအသုံးပြုနေသော ဝါးလှေကားအောက်တွင်တွေ့ရပါသည်။ ကျားကို ပစ်သတ်ရေးအတွက် ကျွန်ုပ်သည် ဝိုလ်ကြီးဂျင်းနင်းကို တန်ဆောင်းပေါ်သို့တက်၍ နေရာယူခိုင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှနေ၍ ကျားကိုသေချာစွာမြင်တွေ့နိုင်သောကြောင့် ဖြစ်ပါသည်။ ဝိုလ်ကြီးဘီဒီးလ်နှင့် ဘုရင့်လီဘာပူးခြေလျင်တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင် တပ်သား (၁၀) ဦးကိုလည်း ခေါ်ယူခဲ့ပါသည်။

သေနတ်ပစ်အဖွဲ့အား (၂) ဖွဲ့ခွဲ၍ နေရာယူခိုင်းပါသည်။ ထို့နောက် ကျွန်ုပ်က ပစ်ရန်အမိန့်ပေးလိုက်သောအခါ သေနတ်ကျည်ဆန်များသည် ကျားရှိရာသို့ စုပုံ၍ရောက်သွားကြပါသည်။ ပစ်ခတ်မှုရပ်ရန် ကျွန်ုပ်ကအမိန့်ပေးလိုက်ပြီးနောက် ဝိုလ်ကြီးဂျင်းနင်းသည် ကျားရှိရာသို့ တက်ရောက် ကြည့်ရှုပါသည်။ ကျားမှာ ဒဏ်ရာဖြင့် မသေသေးဘဲ ညည်းညူနေသဖြင့် ဝိုလ်ကြီးဂျင်းနင်းက ကျား၏ နှလုံးသားရှိရာနေရာသို့ ကျည်ဆန်တစ်ထောင့်ကို ထပ်မံပစ်သွင်းလိုက်တော့မှ ကျားမာန်ပြိမ်သွားပါတော့သည်။ ကျားသေကို ဝိုလ်ကြီးဂျင်းနင်း အောက်သို့ ယူဆောင်လာ၍ ကြည့်ရှုစစ်ဆေးသောအခါ နုပျိုထွားကျိုင်းလှသော (၈) ပေတိတိ ကျားမဖြစ်နေသည်ကိုတွေ့ရပါတော့သည်။

အိလော့ဖွတ်

ဝိုလ်မှူးကြီး

ရန်ကုန်မြို့

၁၉၀၃ ခု၊ မေလ ၄ ရက်

ဟူ၍ တွေ့ရှိမှတ်သားရပါသည်။

ရွှေတိဂုံဘုရားထက်သို့ကျားတက်ရောက်ပုံကို မိမိတို့သိသမျှ မြင်ကွင်းစုံမှ တင်ပြထားကြသည်။ မြန်မာတို့၏ရွှေတိဂုံစေတီတော်ပေါ်မှ ဖြစ်ရပ်ဆန်းဖြစ်ရပ်ထူးများကို မြင်ကွင်းစုံမှ မြင်တွေ့သိရသောအချက်များကို ထပ်ဆင့်ရေးသားတင်ပြအပ်ပါသည်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ

ယောနကဘိုးထောင်

စာကိုး -

၁။ ဝိုလ်မှူးကြီးလှအောင်(ငြိမ်း)၊ ကြောင်မွှေးရင်ဝတီရဖွဲ့ခံများ၊ စာပေဗိမာန်။

၂။ 'ရွှေတိဂုံစေတီတော်'၊ ဒါရိုက်တာဆရာမြင့်၊ သွေးသောက်မဂ္ဂဇင်း၊ ၁၉၆၉-ဩဂုတ်လ။

၃။ 'ရွှေတိဂုံစေတီတော်မှကျားမ'၊ မြို့ချစ်ဆွေ၊ ကြေးမုံသတင်းစာ၊ ၁၄-၁၂-၁၉၇၀။

၄။ ရန်ကုန်ရာဇဝင်သမိုင်း၊ သတင်းဆရာဦးသိမ်းမောင်၊ ပညာရွှေတောစာပေ၊ တတိယကြိမ်၊ ၂၀၁၁ (၁၃၂၂-၁၃၃၂)။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုအုန်းဝင်း

လေ့ကျင့်ခြင်းမှ ပြည့်စုံခြင်းသို့

ကုသိုလ် (၄) မျိုးရှိပါသည်။
ၵင်းတို့မှာ -
၁။ ကာမာဝစရကုသိုလ်
၂။ ရူပါဝစရကုသိုလ်
၃။ အရူပါဝစရကုသိုလ်
၄။ လောကုတ္တရာကုသိုလ်
ဟူ၍ ဖြစ်ပါသည်။

လွှဲဘုံနှင့် နတ်ပြည် (၆) ထပ်တည်းဟူသော ကဇမသုဂတိ (၇) ဘုံကို ရောက်စေတတ်သောကုသိုလ်ကို ကာမာဝစရကုသိုလ်၊ ရူပဗြဟ္မာဘုံကိုရောက်စေတတ်သောကုသိုလ်ကို ရူပါဝစရကုသိုလ်၊ အရူပဗြဟ္မာဘုံကိုရောက်စေတတ်သောကုသိုလ်ကို အရူပါဝစရကုသိုလ်ဟုခေါ်ပြီး နိဗ္ဗာန်တိုရောက်စေတတ်သည့်ကုသိုလ်ကို လောကုတ္တရာကုသိုလ်ဟု ခေါ်ပါသည်။

ဗြဟ္မာဘုံကိုရောက်စေတတ်သောကုသိုလ်အတွက် သက်ဆိုင်ရာ စွာန်-အာနိဇ်များကို ပေါက်မြောက်အောင် လေ့ကျင့်ရပါသည်။ လောကုတ္တရာကုသိုလ်အတွက်၊ နိဗ္ဗာန်ရောက်ဖို့အတွက် ဓာတ်(၈)ရပ်အကျင့်မြတ်ဖြင့် ပြီးမြောက်အောင် လေ့ကျင့် ပွားများ အားထုတ်ရပါသည်။

ကာမာဝစရကုသိုလ်ကျတော့ ကျင့်စဉ်တစ်ခုခုကိုကျင့်ဖို့မလို။ စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း ကြဲစည်ပြောဆိုလုပ်ကိုင်ရုံဖြင့်ရပါသည်။ အလွန်လွယ်ကူပါသည်။ ဥပမာ ပွင့်နေသည့် ပန်းလှလှလေးကိုမြင်လျှင် ဘုရားကပ်ရလျှင် ကောင်းမှာပဲဟုကြံရုံဖြင့် ကုသိုလ်ရပါသည်။ တစ်ယောက်ယောက်ကောင်းမှုပြုနေသည်ကိုမြင်၍ သာဓုခေါ်ရုံဖြင့် ကုသိုလ်ရပါသည်။ စွေးပန်းကို မနှင်းတွေ့တာကိုမြင်၍ ကူညီချင်စိတ်ဖြင့် ကူပင့်ပေးလိုက်လျှင် ကုသိုလ်ရပါသည်။

ကုသိုလ်အလုပ်မှာဖြစ်စေ၊ အကုသိုလ်အလုပ်မှာဖြစ်စေ ပြုလုပ်သူနှင့် အတူ ကောင်းကျိုး၊ ဆိုးကျိုးခံစားရဖို့ အမှု (၃) မျိုးရှိပါသည်။
ၵင်းတို့မှာ -
၁။ ပြုလုပ်ဖို့တိုက်တွန်းခြင်း
၂။ ပြုလုပ်နေသည်ကိုမြင်ပြီး ဘိုးမွမ်းပြောဆိုခြင်း
၃။ စိတ်ဖြင့် သဘောကျခြင်းတို့ ဖြစ်ပါသည်။

ဤမျှ အလွယ်တကူရသော ကုသိုလ်ကိုပင် တစ်ရာမှာ တစ်ယောက်မရကြဘဲ အကုသိုလ်များကိုသာရနေကြပါသည်။ လူတစ်ရာမှာ တစ်ယောက်ပန်းလှလှကိုမြင်၍ ဘုရားကပ်ရန် အကြံဖြစ်သူရှိပြီး ကိုယ်ကျိုးအတွက် အသုံးချရန် အကြံဖြစ်သူမှာ (၉၉) ယောက်ဖြစ်ပါသည်။ ထို့ကြောင့် လူ (၁၀၀) သေ၍ သုဂတိဘုံသို့ တစ်ယောက်ပြန်မရောက်ဘူးဟု ဆိုစကားရှိခြင်း ဖြစ်ပါသည်။

စိတ်သည် အာရုံနှင့် အဆက်မပြတ် စက္ကန့်မလပ် ပူးကပ်ယှဉ်တွဲပြီး နေပါသည်။ အာရုံနှင့်ကင်းပြီး စိတ်မဖြစ်ပေါ်နိုင်။ အာရုံ (၆) မျိုးရှိပါသည်။ ၵင်းတို့မှာ -
၁။ အဆင်း
၂။ အသံ
၃။ အနံ့
၄။ အရသာ
၅။ အထိအတွေ့
၆။ စိတ်ကူးစရာ
ဟူ၍ ဖြစ်ပါသည်။

စိတ်နှင့် အာရုံထိတွေ့တိုင်း များသောအားဖြင့် လောဘနှင့် ဒေါသစိတ်များ ဖြစ်ပေါ်တတ်ပါသည်။ မျက်စိဖြင့် နှစ်သက်စရာအာရုံကိုမြင်သော် လောဘဖြစ်ပြီး မနှစ်သက်စရာမြင်က ဒေါသဖြစ်တတ်ပါသည်။ အလားတူပင် နားဖြင့် နှစ်သက်စရာအသံ၊ မနှစ်သက်စရာအသံ၊ နှာခေါင်းဖြင့် နှစ်သက်စရာအနံ့၊ မနှစ်သက်စရာအနံ့၊ လျှာဖြင့်နှစ်သက်စရာအရသာ၊ မနှစ်သက်စရာအရသာ၊ ခန္ဓာကိုယ်ဖြင့် နှစ်သက်စရာအထိတွေ့၊ မနှစ်သက်စရာအထိတွေ့တို့နှင့် ကြုံတွေ့သော် လောဘနှင့် ဒေါသများသာ ဖြစ်တတ်ပါသည်။ စိတ်သည် မကောင်းမှုသာ မွေ့လျော်တတ်သည် ဟူသောစကားရှိပါသည်။ အလားတူ ကြဲစည်စိတ်ကူးရာတွင်လည်း မကောင်းမှုသာများတတ်ပါသည်။ လူတို့၏အရင်းခံမှာ တဏှာဖြစ်ပါသည်။

ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်က -

> ၵ. ငါတို့နေရာ ဤကမ္ဘာ တဏှာ အုပ်စိုးသည် . . .

ဟူ၍ စာဖွဲ့ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အလွန်အလွယ်တကူရနိုင်သော ကာမာဝစရကုသိုလ်ကိုပင် မရနိုင်ကြဘဲ လူ (၁၀၀) သေလျှင် (၉၉) ယောက် အပါယ်ကျနေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စိတ်နှင့်အာရုံထိတွေ့တိုင်း အကုသိုလ်မဖြစ်ဘဲ ကုသိုလ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ရပေသည်။ လောဘစိတ်နှင့် ဒေါသစိတ်သည် အပါယ်ကို အကျိုးပေးတတ်သဖြင့် နှစ်သက်စရာအာရုံနှင့် မနှစ်သက်စရာအာရုံတို့ကို ကြုံတွေ့သောအခါ နှလုံးသွင်းမှုကန်အောင် ကြိုးပမ်းအားထုတ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ကြိုးပမ်းအားထုတ်ဖို့အတွက် အချက် (၄) ချက် လိုအပ်ပါသည်။

ၸင်းတို့မှာ-

၁။ အမြဲကုသိုလ်ဖြစ်နေရမည်ဟု စိတ်ကိုပိုင်းဖြတ်ထားခြင်း၊

၂။ ကုသိုလ်ဘက်သို့ စိတ်ကို အမြဲဦးလှည့်ထားခြင်း၊

၃။ နှလုံးသွင်းမှန်ကန်ခြင်း၊

၄။ ကုသိုလ်ဖြစ်အောင် အမြဲလေ့ကျင့်နေရပါမည်။

လေ့ကျင့်ခြင်းသည် လွယ်ကိုပြီးပြည့်စုံစေသည်ဟု သိုးဆောင်းစကားပုံရှိပါသည်။ လောကီနေရာမှာဖြစ်စေ၊ လောကုတ္တရာနေရာမှာဖြစ်စေ လေ့ကျင့်ခြင်းဖြင့် အောင်မြင်၊ ပေါက်ရောက်ပါသည်။ **'စောင်းသားငါးရက်၊ လေးသားရက်ပြည့်'** ဟူ၍ ဆိုစကားရှိပါသည်။ စောင်း အစရှိတဲ့ တူရိယာနှင့် ငါးရက် လေ့ကျင့်မှကင်းကွာလျှင် လက်ပျက်သည်။ မြားပစ်သမားသည် လေ့ကျင့်မှု တစ်ရက်ပျက်လျှင် လက်ပျက်ပါသည်။

ကျွန်တော်တို့ နေ့စဉ်မြင်ကြားနေရသည့်အာရုံများမှာ လောဘနှင့်ဒေါသဖြစ်စရာချည်းများသာဖြစ်၍ ၎င်းတို့အပေါ် နှလုံးသွင်းမှန်ကန်ရန် အရေးကြီးပါသည်။ စောစောက ဖော်ပြခဲ့သလို ပန်းလှလှလေးမြင်လျှင် လောဘဖြစ်ကိုယ်ကျိုးအတွက်အသုံးချရန် မစဉ်းစားမိဘဲ ကုသိုလ်ဖြစ်အောင် ဘုရားကပ်ဖို့ စဉ်းစားသော အလေ့အကျင့်ကို သိထားရပါမည်။

အလားတူ အခြားလူတစ်ယောက်က မိမိအား ဒေါသဖြင့်ဆက်ဆံလာလျှင် ဒေါသဖြင့်မတုံ့ပြန်ဘဲ မေတ္တာဖြင့်တုံ့ပြန်နိုင်ဖို့ လေ့ကျင့်ထားရပါမည်။ ထိုသို့လေ့ကျင့်ရန် ဒေါသ၏အန္တရာယ်ကို ကောင်းစွာသိရပါမည်။ ဒေါသသည် တောမီးနှင့်တူပါသည်။ တောမီးသည် လောင်ကျွမ်းသောတောကိုသာလျှင် ပျက်စီးစေပါသည်။ အလားတူပင် ဒေါသသည် ဒေါသဖြစ်သူကိုသာလျှင် ပျက်စီးစေပါသည်။ အပြင်းအထန် ဒေါသထွက်နေသူသည် ထိုအချိန်၌ မှန်ကြည့်မိပါက ကိုယ်တိုင် ထိတ်လန့်သွားပေသည်။ အကြောင်းစုံသောမျက်နှာမှာ လူရုပ် ပျောက်ပြီး ဘီလူးရုပ်ပေါက်နေသောကြောင့်ဖြစ်ပါသည်။ စိတ်ကပျက်စီးခြင်းကြောင့် ရုပ်ကပျက်စီးခြင်း ဖြစ်ပါသည်။ ဒေါသ အထွတ်အထိပ်သို့ရောက်လျှင် အခန့်မသင့်က အသက်ပါ ဆုံးရှုံးသွားနိုင်ပါသည်။

ဤသည်မှာ ဒေါသဖြစ်ခြင်းခံရသူ တစ်ဖက်သားအတွက် မည်သည့်ဆိုးပြစ်မှုမခံရသေးမီ ဒေါသဖြစ်သည့်အတွက် လောလောဆယ်ခံရသောဆိုးကျိုးဖြစ်ပါသည်။ ဒေါသသည် ငရဲသို့ကျရောက်တာဝင်ခြင်း တည်းဟူသော ဘကြီးကိုပေးသော အပါယ်ငရဲတည်းဟူသောဆိုးကျိုးကိုပေးပါသည်။

ဤအချက်ကို စဉ်းစားမိလျှင် မှန်ကန်စွာ နှလုံးသွင်းနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုမီးသည် မိမိထံသို့ မကူးစက်နိုင်သေးခင် ကာကွယ်ရပေသည်။ ထိုအခါ ဒေါသသည် မေတ္တာဖြင့်သာအောင်နိုင်ရာ၏ဟူသောအချက်ကို ဆက်ပြီးစဉ်းစားရပေမည်။ ထိုသို့ စဉ်းစားမိလျှင် မှန်ကန်စွာ ထပ်ဆင့် နှလုံးသွင်းမိခြင်း ဖြစ်ပါသည်။

မိမိအပေါ် ဒေါသဖြင့်ဆက်ဆံလာသူအား မေတ္တာဖြင့်တုံ့ပြန်ရန် အချက် (၃) ချက် လိုအပ်ပါသည်။ ၎င်းတို့မှာ ထိုသူနှင့်ပတ်သက်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တည်းဟူသော ကာလ(၃)ပါး၌ မိမိအပေါ် ကောင်းခဲ့သည့် ကောင်းကွက်ကို ရှာကြံတတ်ရပါမည်။ ပုထုဇဉ်သားတို့၌ အကောင်းချည်းမရှိသလို အဆိုးချည်းလည်းမရှိကြပါ။ အကောင်းမြင်ဝါဒထားရှိရန်လိုပါသည်။

အမြင်၊ အကြား စသည့် အာရုံများမှာ မနှစ်သက်စရာတွေ့သာများသဖြင့် ထိုအာရုံများအပေါ် မှန်ကန်စွာ နှလုံးသွင်းနိုင်ဖို့လိုပါသည်။ မှန်ကန်စွာ နှလုံးသွင်းနိုင်မှုသည် အကုသိုလ်နည်းပြီး ကုသိုလ်များကြောင်း အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။ အာရုံနှင့်ကြုံတိုင်း မှန်ကန်စွာနှလုံးသွင်းနိုင်ရန်မှာ လေ့ကျင့်ထားနိုင်မှုအပေါ် တည်ပါသည်။ လေ့ကျင့်မှုသည် ပြီးပြည့်စုံခြင်းဟု အစောပိုင်းကဆိုခဲ့ပါသည်။ လောကီနေရာတွင် လေ့ကျင့်မှုဖြင့် ပြီးစီးနိုင်သလို လောကုတ္တရာနေရာတွင်လည်း ဘာဝနာအလုပ်ဟု ဆိုအပ်သော လေ့ကျင့်မှု ဖြစ်သည်။ နောက်ဆုံး သံဃာရာမှလွတ်မြောက်ရပါသည်။

မှန်ကန်သော နှလုံးသွင်းမှုသည် အသိ (ဝိဇ္ဇာ) ဖြစ်ပြီး လေ့ကျင့်မှုသည် အလုပ် (စရဏ) ဖြစ်ပါသည်။ လေ့ကျင့်မှုကို အထုံဖြစ်အောင် တဖြည်းဖြည်းပြုလုပ်ရပါသည်။

ကျွန်တော် ဝန်ထမ်းဘဝက ဒေါက်တာလှမောင်ဆိုသူ အထက်အရာရှိတစ်ဦးနှင့် ရင်းနှီးခဲ့ပါသည်။ တစ်နေ့တွင် ထွေရာလေးပါး စကားပြောရင်းမှ သူက -

"ကျွန်တော် ဦးမချဲ့ဘဲ ဘယ်တော့မှခေါင်းမချဘူး"

ဟု ပြောပါသည်။

ဆိုလိုသည်မှာ ရတနာ (၃) ပါးကို မရှိခိုးဘဲ မအိပ်ဟူ၍ ဖြစ်ပါသည်။

ထိုနေ့ညမှစပြီး ကျွန်တော်လည်း အဓိဌာန်ပြု အတုယူလိုက်ပါသည်။ ထို့ထက် ဦးမချဲ့ဘဲ ခေါင်းမကြွ (ဆိုလိုသည်မှာ အိပ်ရာမှထတိုင်းရတနာသုံးပါးကို ရှိခိုးပြီးမှ အိပ်ရာမှထွက်ခြင်း ဖြစ်ပါသည်) ဟူ၍ ထပ်တိုးဖြည့်လိုက်ပါသည်။

ကျွန်တော် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် (၅) နှစ်ခန့် နေခဲ့ဖူးပါသည်။ ကျောင်းမှ ရွာထဲသို့သွားတိုင်း ကျောင်းအုပ်ဆရာတော်ထံ ခွင့်တောင်းပြီးမှ ဘုရားကိုဦးချကာ ခွင့်တောင်းရပါသည်။ အပြန်တွင်လည်း ပြန်ရောက်တိုင်း ပြန်ရောက်ကြောင်း လျှောက်ထားရပါသည်။ ဘုန်းကြီးကျောင်းမှထွက်လာပြီးမှ ယနေ့အထိ ကျွန်တော်အပြင်သွားတိုင်းနှင့် ပြန်ရောက်တိုင်း ဘုရားမှာ ခွင့်တောင်းခြင်း လျှောက်ထားခြင်းအမြဲပြုပါသည်။ အလားတူ မျက်နှာသစ်တိုင်း၊ အစားစားတိုင်း သရဏဂုံဆောက်တည်ပါသည်။ ပြုနေကျအမှုအတော်များများတွင် ထိုကဲ့သို့သော အလေ့အကျင့်မျိုးလုပ်ထားပါသည်။ ဤသည်တို့မှာ အကုသိုလ်နည်းပြီး ကုသိုလ်များရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။

အရေးကြီးသည်မှာ လက်ကဂိယာထိုးလျှင် ခြေထောက်က အလိုလိုကလပ်ကိုနင်းမိသွားသော ကားမောင်းသူတို့၏ သတိမပါသည့် အလေ့အကျင့်မျိုးမဟုတ်ရန် ဖြစ်ပါသည်။

'ကိုယ်လုပ်တာ ကိုယ်အကုန်သိနေရမည်' ဟု တရားကျင့်သူများကို ကမ္မဋ္ဌာန်းဆရာ, သတိပေးသလို အမြဲမပြတ် သတိကပ်နေသော ကောင်းမှုအလေ့အကျင့်ဖြစ်ရပါမည်။

အမြဲကုသိုလ်ရနေမည်ဟု စိတ်ကို ဆုံးဖြတ်ထားပြီး ကုသိုလ်ဘက်ဆီသို့သာ အမြဲဦးလှည့်ထားပြီး မှန်ကန်သော၊ သင့်တင့်သောနှလုံးသွင်းမှုဖြင့် သတိမလွတ်စေဘဲ ကုသိုလ်ကောင်းမှုအလေ့အကျင့်ကို များနိုင်သမျှများများကြိုးစားပြုရခြင်းဖြင့် ကုသိုလ်တရားများများရအောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေဟု၍။

ချောင်းဆုံလုံးသွင်

www.burmeseclassic.com

www.burmeseclassic.com

ရွက်နုဝေနေစဉ် ရွက်ကျင်ကို ထင်မြင်မျော်မှန်းတတ်ပါမှ ဘဝကို အသုံးချရာ အဆင်ပြေပါလိမ့်မည်။ တတိယအရွယ်ဟုဆိုကြသော သက်ကြီးပိုင်းသို့ရောက်ရှိလာပါက နုမျိုငယ်ရွယ်စဉ် ရွက်နုဝေချိန်နှင့် အလုပ်းဝေးကွာခဲ့ခြာတွင်းအဂိါများ၊ ကိုယ့်ဘဝပေးဆာဝန်များ မကျေပွန်နိုင်ကြတော့။ တစ်နည်းမဟုတ်တစ်နည်း အားနည်းလာသည်။ လျော့ပါးလာနေကြပြီဖြစ်သည်။

နှလုံးသို့ ပုံမှန်ဝင်ထွက်နေသော အလုပ်တိုလည်း မလုပ်ချင်ကြတော့။ သွေးကြောဝင်၊ ထွက်ပေါက်များ တချို့ကျဉ်း၊ တချို့ပိတ်ဖြစ်လာသည်။ အရိုးအဆစ်တို့သည်လည်း အရွက်များ၏ ထုံဆိုင်းထားမှု အလိုက်သင့်ပျော့ပျောင်းမှု မရှိချင်ကြ။ ထုံပိုင်းထုံပိုင်းမာကျောကျောဖြစ်လာကြပြီး လေသွင်းရှူထုတ်မှုဖြင့် အဆုတ်တွင် နေ့စဉ်ပုံမှန်လှုပ်ရှားကာ လေခိုအောင်းနိုင်မှုမှာလည်း နည်းပါးလာ၊ အမြင်လွှာအားပြုနေရသောမျက်စိတို့သည်လည်း အမှုန်အမွှားများကို ရှင်းသန့်အား မစွမ်းသာတော့ချေ။ မျက်ကြည်လွှာအထပ်များက ပါးလွှာကြလေပြီ။ နောက်ဆုံး စဉ်းစားတွေးခေါ်မှု ဉီးနှောက်နှုန်ရွန်အစိတ်အပိုင်းတို့သည်လည်း အတော်များများပျက်စီးပြီးကြဟန်တူပါသည်။ မနက်ကဟင်းညနေမှာပင် မမှတ်မိချင်တော့ပါ။ ကျောက်ကပ်သည်လည်း တာဝန်ပျက်ကွက်လာသဖြင့် ဆီးမှာ ဒုက္ခလာပေးနေပြီလည်း ဖြစ်သည်။

ဇရာဒုဗ္ဗလသည် ဘဝသံသရာခရီးသွားကြရသူတိုင်း ဆိုက်ရောက်ရမည့်ဘူတာဖြစ်ပေရာ မိမိတို့အသိဉာဏ်က ရှေ့ပြေးကာ ကြိုတင်တားဆီးကာကွယ်မှုပြုသင့်ကပြုကြရပေမည်။ မိမိ၏ဘဝအခြေအနေသည် ပင်စင်ယူပြီးသည့်နောက် ရောဂါဘယ၏ ထိုးနှက်ချက်ကို အဆက်မပြတ် အလူးအလဲခံခဲ့ရသည်။ ဇရာပိုင်းက်နှုန်မှု သက်တမ်းပင်စင်တံခါး ဖြတ်သန်းကျော်လွှန်လာသည်နှင့် သိသိသာသာ ရင်ဆိုင်လာရခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သတင်းစာနာရေးကြော်ငြာများတွင် (ငြိမ်း)ဟူသောဝိသေသများသည် အမည်နာမနောက်မှပါလာသူကများနေခြင်းဖြစ်သည်။

အငြိမ်းစားယူလိုက်သည်နှင့် စိတ်ရောလူပါ သွေးပူရုတ်လျော့သွားသည့်နယ်ခံစားကြရသည်။ ဤသည်မှာ ဖြစ်ရိုးဖြစ်စဉ်ပမာကြုံကြရသည်။ ယင်းကိစ္စအတွက် ကြိုတင်ပြင်ဆင်ထားရန် ကုစားနည်းများ ဆောင်းပါးတစ်စောင်ဖတ်ရ

www.burmeseclassic.com

www.burmeseclassic.com

ဖူးပါသည်။ နိုင်ငံအလုပ် ရပ်လိုက်သည်နှင့် တစ်ဆက်တည်း ကိုယ်ပိုင်အလုပ်ကို ပြောင်းလဲလုပ်ကိုင်ရန် အကြံပြုထားခြင်း ဖြစ်သည်။ မိမိအတွက်မူ မူလလက်ငုတ်စာကိုဆက်ရေးနေဖို့သာ ဖြစ်သည်။ ဘာသာရေးအရ ထေရဝါဒဗုဒ္ဓအဆုံးအမဖြင့် လူဘဝအခြေချလာသူများပီပီ အားကိုးအားထား ဖက်တွယ်စရာသည် ဘာသာတရားဓမ္မနှင့် ပျော်မွေ့ရန်သာ ဖြစ်သည်။

သို့ဆိုသဖြင့် အငြိမ်းစားမယူမီက ဘာသာတရားနှင့်အလှမ်းဝေးလေသည်လား မေးစရာရှိပါသည်။ မဟုတ်ပါ။ လေးလေးနက်နက်လုပ်ဆောင်ခဲ့ခြင်းမရှိသည်သာဖြစ်သည်။ သာမန်ဗုဒ္ဓဘာသာဝင်သူတစ်ဦး၏အမူအကျင့် အတိုင်းသာ ဖြစ်ပါသည်။ အစဉ်အလာအရဟုသာဆိုရပါမည်။ နှောင်းပိုင်း အငြိမ်းစားယူပြီး ကာလများတွင်မူ တာဝန်လုပ်ငန်းအထူးအထွေမရှိတော့သဖြင့် ဘုရားဝတ်ပြုမှုအချိန်ပိုရလာသည်။ အချိန်ပိုင်းတရားစခန်းများကိုလည်းဝင်ဖြစ်လာပါသည်။ သာမန်ထက်ကျော်လွန်ကာ ပရိတ်ကြီးထဲမှ ရန်ဥိုင်သမ္မရွတ်ဖတ်နိုင်ရန် ကြိုးစားဖြစ်လာသည်။

ထိုထက်မက ဆရာတော်ကြီးများ လမ်းညွှန်သော(ဒီဝါတပတိကဲ့သို့)ဂါထာတိုလေးများ ဘုရားဝတ်ပြုရာတွင် ရွတ်ဖတ်လာသည်။ အထက်တွင် မိမိဆိုခဲ့သလို မှတ်ဉာဏ်အားနည်းလာသည်လားမဆိုနိုင်။ ရှည်လျားသောဂါထာများကိုမူ ရွှောင်ပါသည်။ မကျက်မမှတ်နိုင်ပါ။ မဖြစ်မနေရွတ်မှဖြစ်မည်ဟု ဆုံးဖြတ်သောဂါထာများကိုမူ ပထမတရားစာအုပ်ကိုင်ဖတ်သည်။ ပါဠိမဖတ်နိုင်သဖြင့် မြန်မာအသံထွက်ပါရေးထားသော တရားစာအုပ်ရှာဖတ်သည်။

ဤသည်မှာ ပထမအဆင့်ဖြစ်သည်။ သွားရင်းလာရင်းလည်းရွတ်နေလိုသဖြင့် လက်ကစာအုပ်ကိုင်လျက် လမ်းလျှောက်လို့မဖြစ်။မိမိသည် သတင်းသမားဖြစ်၍ အသံဖမ်းစက်ငယ်ဆောင်လေ့ရှိပါသည်။ ထို့ကြောင့် အသံဖမ်းစက်ငယ်အားကိုးဖြင့် ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်ထားသော စီဒီအခွေမှပရိတ်သံကို အသံသွင်းဖမ်းယူကာ လမ်းလျှောက်ရင်း၊ ခရီးသွားရင်း ခလုတ်နှိပ်ဖွင့် နာယူသည်။ လိုက်ရွတ်သည်။ အကျိုးအိတ်ထဲမှ တရားသံအလိုလို၊ အထပ်ထပ်၊ အကြိမ်ကြိမ်၊ လချို၊ နှစ်ချီလာသောအခါ နားယဉ်လာသည်။ နောင်သော် အလွတ်ရွတ်လာနိုင်တော့သည်။ ပရိတ်ကြီး (၁၁) သုတ်လုံးတော့ မဟုတ်။ မိမိအတွက် အရေးတကြီး လိုအပ်နေသော 'မေတ္တာသုတ်' ဖြစ်ပါသည်။ ထိုမှ 'ဓောရွှေ်သုတ်' ဖြစ်ပါသည်။

မိမိသည် ပင်စင်စားပြီဆိုသည်နှင့် နှောင်ကြာဘယသည် အလစ်အငိုက် ချုံခိုတိုက်သည့်နှယ်ခံရခြင်း ဖြစ်သည်။ သတိလစ်၍ ဆေးရုံအရေးပေါ်တင်ရသည့်အခြေသို့ဆိုက်သွား၏။ ထို့ကြောင့် လည်း ဦးစားပေးရွတ်ရသောဂါထာမှာ ဓောရွှေ်သုတ်ဖြစ်သည်။ ထိုနောက်ပိုင်းတွင် ဆိုးဆိုးဝါးဝါးဖြစ်မလာတော့ပါ။ အထူးပြုလျက် နေ့စဉ်မပျက်မကွက် အမြဲဘာန်ပြုရွတ်နေသည်မှာ မေတ္တာသုတ်ဖြစ်ပါသည်။ ခရီးသွားနေစဉ် ကားပေါ်လည်း အပျက်ကွက်မခံရွတ်ဝါသည်။ ရံဖန်ရံခါ မြို့တွင်းသတင်းလိုက်ဆိုင်ကယ်စီးနေစဉ်မှာပင် စိတ်အာရုံပြုရွတ်ဆိုဖြစ်ပါသည်။ ဤသို့ စွဲစွဲမြဲမြဲရွတ်နေရခြင်းမှာ အကြောင်းရှိပါသည်။ မိမိအားထားရဆုံးအကြောင်းမှာ အိပ်မက်ဆိုးများဖယ်ရှားပေးနိုင်ခြင်းပင်ဖြစ်သည်။

'အိပ်မက်များဘာအရေးကြီးတာလိုက်လို့' ဟု မထင်ပါနှင့်။ မိမိသည် ယင်းကဲ့သို့သော အိပ်မက်ဆိုးကြောင့် ဇောချွေးပြန်ကာ အိပ်ရာထက် ညဉ့်နက်သန်းခေါင် လူမသိသူမသိ ငိုတိုတိုမိုးလင်းခဲ့ဖူးသည်။ အိပ်မပျော်သောညများ များလာကာ စိတ်ပင်ကယောင်ချောက်ချားဖြစ်လာသလိုရှိသည်။ အချို့သောညများတွင် လူလန့်မိုးသောအခြေမရောက်သည့်ကိုင် မောပမ်းနွမ်းနယ်စွာ အိပ်ရာကထရလေ့ရှိသည်။ မေတ္တာသုတ်ကိုရွတ်သည့်နောက်ပိုင်း လုံးဝအဆိုးမမက်တော့ဝါ။ ဤသည်မှာ မိမိ၏ကိုယ်တွေ့ဖြစ်ပါသည်။

မိမိ၏မြေးမလေးသည် တစ်လောက ညဉ့်နက်သန်းခေါင်လန့်၍ထငိုပါသည်။မကြာခဏဆိုသလိုဖြစ်လာသည်။ သို့ဖြင့် သမီးဖြစ်သူ မိခင်ကို မြေးမလေး အိပ်ပျော်စပြုသည်နှင့် ဦးခေါင်းကို လက်ဖြင့် အသာအယာသပ်ပေးကာ မေတ္တာသုတ်ကိုရွတ်ပေးပါဟု သင်ပေးလိုက်ပါသည်။ သမီးကလည်း မူလကပင် မေတ္တာသုတ်ကိုရွတ်လေ့ရှိသူဖြစ်၍ မိမိသင်ပေးလိုက်သည့်အတိုင်း လုပ်ပေးပါသည်။ ယနေ့တိုင် ညဉ့်နက်သန်းခေါင်ထမငိုတော့ပါ။

ဤစွမ်းရည်တစ်ခုတည်းဖြင့်ပင် မိမိအတွက် အကျိုးကျေးဇူးကြီးမားလှပါသည်။ ထို့ကြောင့် နေ့စဉ် ဝတ်မပျက်ရွတ်ပါသည်။ သို့ဖြင့် မေတ္တာသုတ်ကို လူတိုင်းနီးနီး ကြားဖူးကြပါလိမ့်မည်။ အသေးစိတ် အနက်အဓိပ္ပာယ်ကိုမူ သိကြမည် မဟုတ်ပါ။ မေတ္တာသုတ်တော်မှာ လေးကြောင်းစီဖြင့် (၁၂) ပုဒ်ရှိပါသည်။

မေတ္တာသုတ်ပါဠိတော်

၁။ ယဿာ နုဘာဝတော ယက္ခာ၊
(ယတ်သာ နုဘာဝတော ယတ်ခါ)
နေဝ ဒဿေန္တိ ဘီသနံ။
(နေဝ ဒတ်သင်္ဘီ ဘီသနံ)
ယဉ္စိ စေဝါ နုယုဉ္ဇန္တော၊
(ယင်ညှိ စေဝါ နုယုန်ဇန်တော)
ရတ္တိန္ဒိဝံ မ တန္ဒိတော။
(ရတ်တိန်ဒိဝံ မ တန်ဒိတော)

၂။ သုခံ သုပတိ သုတ္တော စ၊
(သုခံ သုပတိ သုတ်တော စ)
ပါပံ ကိဉ္စိ န ပဿတိ။
(ပါပံ ကိန်စိ န ပတ်သတိ)
ဧဝမာဒိ ဂုဏူပေတံ၊
(အေဝမာဒိ ဂုဏူပေတံ)
ပရိတ္တံ တံ ဘဏာမ ဟေ။
(ပရိတ်တံ တံ ဘဏာမ ဟေ)

၃။ ကရဏီယ မတ္ထ ကုသလေန၊
(ကရဏီယ မတ်ထ ကုသလေန)
ယန္တ သန္တ် ပဒံ အဘိသမေစ္စ။
(ယန်တ သန်တံ ပဒံ အဘိသမစ်စ)
သက္ကော ဥဇူ စ သုဟုဇူ စ၊
(သက်ကော ဥဇူ စ သုဟုဇူ စ)
သုဝစော စဿ မုဒု အနတိမာနီ။
(သုဝစော စတ်သ မုဒု အနတိမာနီ)

၄။ သန္တုဿကော စ သုဘရော စ၊
(သန်တုတ်သကော စ သုဘရော စ)
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
(အပ်ပကိတ်စော စ သန်လဟုကဝုတ်တိ)
သန္တိန္ဒြိယော စ နိပကော စ၊
(သန်တိန်ဒရိယော စ နိပကော စ)
အပ္ပဂဗ္ဘော ကုလေသု န-နုဂိဒ္ဓေ။
(အပ်ပ-ဂတ်ဘော ကုလေသု န-နု ဂိတ်ဓေ)

၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊
(န-စ ခုတ်ဒ- မာစရေ ကိန်စိ)
ယေန ဝိညူ ပရေ ဥပဝဒေယ္ယုံ။
(ယေန ဝိန်ညူ ပရေ ဥပ-ဝဒေယ်)
သုခိနော ဝေ ခေမိနော ဟောန္တု၊
(သုခိနော ဝေ ခေမိနော ဟွန်တု)
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

www.burmeseclassic.com

www.burmeseclassic.com

(သတ်ဗသတ်တာ ဘဝန်တု သုခိ
တတ်တာ)

၆။ ယေ ကေစိ ပါဏာ ဘူတတ္ထိ၊
(ယေ ကေစီ ပါဏာ-ဘူတတ်ထိ)
တသာ ဝါ ထာဝရာဝ နဝ သေသာ။
(တသာ ဝါ ထာဝရာဝ နဝ သေ
သာ)
ဒီဃာ ဝါ ယေဝ မဟန္တာ၊
(ဒီဃာ ဝါ-ယေဝ မဟန်တာ)
မဇ္ဈိမာ ရဿကာ အဏုကာ ထူလာ။
(မစ်စိမာ ရတ်သကာ အဏုကာ ထူ
လာ)

၇။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊
(ဒိတ်ထာ ဝါ ယေဝ အ-ဒိတ်တာ)
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
(ယေ ဝ ဒူရေ ဝသန်တိ အ-ဝိဒူ
ရေ)
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
(ဘူတာ ဝ သမ်ဘဝေသီ ဝ)
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(သတ်ဗ သတ်တာ ဘဝန်တု သုခိ
တတ်တာ)

၈။ န ပရော ပရံ နိကုဗ္ဗေထ၊
(န ပရော ပရံ နိကုပ်ဗေထ)
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
(နာတိ မင်ညေထ ကတ်ထစိ နဉ်
ကင်စိ)
ဗျာရောသနာ ပဋိဃသညာ၊
(ဗျာရောသနာ ပတိဃသင်ညာ)
နာညမညဿ ဒုက္ခမိစ္ဆေယျ။
(နင်ညမင်ညတ်သ ဒုတ်ခ မိတ်
ဆေယ)

၉။ မာတာ ယထာ နိယံ ပုတ္တံ၊
(မာတာ ယထာ နိယ် ပုတ်တ)
မာရယုသာ ဧကေ ပုတ္တ မနုရက္ခေ။
(မာရယုသာ ဧက ပုတ်တမနုရက်
ခေ)
ဧဝမ္ပိ သဗ္ဗ ဘူတေသု၊
(အေဝမ်ပိ သတ်ဗ ဘူတေသု)
မာနသံ ဘာဝယေ အ-ပရိမာဏံ။
(မာနသံ ဘာဝယေ အ-ပရိမာဏ်)

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
(မစ်ကင်စ သတ်ဗ လောကတ်သ
မိန်)
မာနသံ ဘာဝယေ အပရိမာဏံ။
(မာနသံ ဘာဝယေ အ-ပရိမာဏ်)
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
(အုတ်ဓံ အဓော စ တိရိယင်စ)
အ သမ္ဗာဓံ အ ဝေရ မ-သပတ္တံ။
(အ-သမ်ဗာဓံ အ-ဝေရ မ-သပတ်
တ်)

၁၁။ ဘိဋ္ဌံ စရံ နိသိန္နော ဝ၊
(တိတ်ထံ စရံ နိသိန်နော ဝ)
သယာနော ယာဝတာဿ ဝိတ
မိဒ္ဓေါ။
(သယာနော ယာဝတတ်သ ဝိတ-
မိတ်ဓော)
ဧတံ သတိံ အဓိဋ္ဌေယျ၊
(အေတံ သတိန် အဓိတ်ထေယ)
ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု၊
(ဗြန်မ မေတံ ဝိဟာရ မိဓ မာဟု)

၁၂။ ဒိဋ္ဌဉ္စ အနုပဂ္ဂမ္မ၊
(ဒိတ်ထိန်စ အနုပက်ဂမ်မ)
သီလဝါ ဒဿနေန သမ္ပန္နော။
(သီလဝါ ဒတ်သနေန သမ်ပန်
နော)
ကာမေသု ဝိနေယျ ဂေဓံ၊
(ကာမေသု ဝိနေယျ ဂေဓံ)
န ဟိ ဇာတု ဂဗ္ဘသေယျ ပုန ရေတိ။
(န-ဟိဇာတုတိ ဂတ်ဘ-သေယ ပုန
ရေတိ)

❑ အနက်အဓိပ္ပာယ်စကားပြေ

(၁-၂) ဘို - သူတော်ကောင်းတို့ မေတ္တ
သုတ်ပရိတ်တော်၏ အာနုဘော
တော်ကြောင့် နတ်အများတို့သည်
ကြောက်မက်ဖွယ်အာရုံမျိုးကိုမပြု
နိုင်ဘဲရှိကြရသည်။ထိုမေတ္တာသုတ်
ပရိတ်တော်၌ နေ့ညမပြတ် ထပ်
တလဲလဲ စွဲမြဲ ရွတ်ပွား ကြိုးစား
အားထုတ်သူသည် ချမ်းချမ်း
သာသာ အိပ်စက်ပျော်သည်ရှိ
သော် မကောင်းသောအိပ်မက်
မျိုးလည်း မမြင်မက်ရပေ။ ဤသို့
စသော အကျိုးအာနိသင်နှင့်ပြည့်
စုံသော မေတ္တာသုတ်ပရိတ်တော်
ကို ငါတို့ရွတ်ကြကုန်စို့။

(၃-၄) ငြိမ်သက်အေးချမ်းသောနိဗ္ဗာန်ကို
ဖောက်ထွင်းသိမြင်၍ ဤလိုသော
အကျိုးစီးပွားဌ လိမ္မာသူသည် ပြု
ကျင့်ရမည့်သိက္ခာသုံးပါးအကျင့်
များကို ပြုကျင့်ရမည်။ ထိုသူကား
စွမ်းနိုင်ရမည်၊ ဖြောင့်မတ်ရမည်၊
အလွန်ဖြောင့်မတ်ရမည်၊ ဆိုဆုံးမ
လွယ်ရမည်၊ နူးညံ့ဖျော့ပျောင်းရ
မည်၊ မာနမကြီးရ၊ ရောင့်ရဲလွယ်
ရမည်၊ အပွေးအကြူးလွယ်ရမည်၊
ကိစ္စနည်းပါးရမည်၊ ပေါ့ပါးသော
အဖြစ်မျိုးရှိရမည်၊ ငြိမ်သက်သော
ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော
ပညာရှိရမည်၊ မကြမ်းတမ်းမရိုင်း

ပျယဉ်ကျေးသူဖြစ်ရမည်။ လူတို့
၌ တွယ်တာ မက်မောခြင်း မရှိရ။

(၅) ပညာရှိအများ သူတစ်ပါးတို့ ကဲ့ရဲ့
ပြစ်တင်မည့် ဒုစရိုက်စုံ ယုတ်ညံ့
သောအမှုမျိုးကို အသေးအဖွဲ
အနည်းငယ်မျှပင်ဖြစ်စေ မပြုပါ
လေနှင့်။ (ထို့နောက် မေတ္တာပွားရ
မည်မှာ) သတ္တဝါမှန်သမျှ ကိုယ်
ချမ်းသာကြပါစေ၊ ဘေးရန်ကင်း
ဝေးအေးချမ်းသာယာကြပါစေ၊
စိတ်လည်းချမ်းသာကြပါစေ။

(၆-၇) အလုံးစုံသော ထိတ်လန့်တတ်
သောပုထုဇဉ်သေက္ခများ၊ မထိတ်
လန့်တတ်သောရဟန္တာပုဂ္ဂိုလ်များ၊
ကိုယ်ခန္ဓာရှည်လျားသောသတ္တ
ဝါများ၊ ကိုယ်ခန္ဓာကြီးမားသော
သတ္တဝါများ၊ ကိုယ်ခန္ဓာအလတ်
စားသတ္တဝါများ၊ ပုကွန်မှ်တိုကိုယ်
ရှိသောသတ္တဝါများ၊ သေးငယ်မှန်
မှားသောသတ္တဝါများ၊ ဆူပြိုင်ပိုင်
ဝန်းသောခန္ဓာရှိသည့်သတ္တဝါများ၊
မမြင်ဘူးသောသတ္တဝါများ၊အဝေး
၌ နေသောသတ္တဝါများ၊ အနီး၌
နေသောသတ္တဝါများ၊ နောင်မဖြစ်
ကြမည့် ဖြစ်ရသောရဟန္တာများ၊
နောင်ဘဝသစ်ရှာမှီးတတ်သော
သေက္ခပုထုဇဉ်များ၊ လောကရှိ
ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်
ဖြာချမ်းသာကြပါစေ။

(၈) သူတစ်ယောက်သည် အခြားသူ
တစ်ယောက်ကို စဉ်းလဲလှည့်ပတ်
မှမပြုပါလေလင့်။ ဘယ်အရပ်မှာ
အဆို - ဘယ်ပုဂ္ဂိုလ်တစ်ယောက်
ယောက်ကိုမျှ မထီမဲ့မြင်မပြု
ပါလေလင့်။ -ကိုယ်၊ နှုတ်တို့ဖြင့်
ထိပါးနှိပ်စက်ခြင်းလည်းကောင်း၊
ဒေါသစိတ်ဖြင့် လည်းကောင်း၊
အချင်းချင်းတစ်ယောက်သည်
တစ်ယောက်၏ဆင်းရဲမှုကို အလို
မရှိပါလေလင့်။

(၉) မွေးမိခင်သည် မိမိ၏ရင်သွေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သော တစ်ဦးတည်းသောသားကို မိမိအသက်နှင့်လဲ၍ပင် အစဉ်ကာကွယ်စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့၌ အတိုင်းအတာပမာဏမရှိသော မေတ္တာစိတ်ကို ပွားများပါလေ။

(၁၀) အဏာ အခ္ခမဿာဝ၊ အောက်ကာမဘဝ၊ အလယ်ရူပဘဝ၊ အလုံးစုံသောလောကဌ၌ ပိုင်းခြားကန့်သတ်ချက်မရှိသော မေတ္တာစိတ်ကို အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိအောင်၊ ဒေါသဟူသော အတွင်းရန်မရှိအောင် ပွားများပါလေ။

(၁၁) ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ ငိုက်မျဉ်းခြင်းကင်း နေသောအချိန်မှာ မေတ္တာစျာန်သတိကို စွဲမြဲစွာဆောက်တည်ရာ၌ ဤဘုရားရှင်သာသနာတော်၌ ဤမေတ္တာစျာန်သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ (ထူးမြတ်သောနေခြင်းမျိုး) ဟူ၍ ဘုရားရှင်များ ဟောကြားတော်မူခဲ့သည်။

(၁၂) ထိုမေတ္တာစျာန်ရပြီးသော ယောဂီသည် အတ္တဒိဋ္ဌိအစွဲမရှိအောင်ပြု၍ လောကုတ္တရာသိလရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့်ပြည့်စုံသူဖြစ်လျက် ဝတ္ထုအာရုံကာမဂုဏ်တို့၌ ကိလေသာဖြင့် တွယ်တာခြင်းကို အရှင်းပယ်ရှားပြီးသော် အမှန်ပင် နောက်တစ်ဖန် ပဋိသန္ဓေမနေရတော့ပေ။

[အဘိဓမ္မာရဋ္ဌဂုရု သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီးနိဿယသစ်မှ]

ပရိတ်ဟူသည် ပါဠိစကား အရဲအတား ဆိုလိုသည်။ ပရိတ်အဖွင့်ကျမ်းများတွင်လည်း ဖော်ပြထားလေ့ရှိသည်။ ပရိတ်တွ မည်သောသဒ္ဒါသည် ထက်ဝန်းကျင်မှ ကျရောက်လာတတ်သော ဘေးဥပဒ်အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ခြင်းဟုလည်းဆိုသည်။ ထိုထက်မက တစ်နည်းအားဖြင့် အကာအကွယ်ဟုလည်း ဆိုနိုင်သည်။ သို့ဖြစ်ရာ မည်သို့သော ဘေးဥပဒ်အန္တရာယ်များဖြစ်ပါစေ မကျရောက်အောင် ထက်ဝန်းကျင်မှ စောင့်ရှောက်ကာကွယ်တတ်သောတရားတော်ဟု မှတ်ယူရပေမည်။

မိမိတို့၏ ဗုဒ္ဓဘုရားရှင်သည်လေး၊ ငါးဝါကာလအတွင်း ဟောကြားတော်မူခဲ့သော ဗုဒ္ဓဘိသေကဒေသနာတော်များဖြစ်ရာ ယုံကြည်သဒ္ဓါအပြည့်အဝဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ပါကလောက်၊ လောကုတ်အားထုတ်သူမှာ ကောင်းကျိုးနှစ်ဖြာကို မုချရယူနိုင်မည်သာ ဖြစ်ပါသည်။ ပရိတ်တော်ကို အစမှအဆုံးတိုင် ရွတ်ဖတ် ပူဇော်ခြင်းဖြင့် ပါရမီဆယ်ပါးကိုပါ အကျုံးဝင်နေသည်ကိုလည်း သတိပြုကြရမည် ဖြစ်သည်။

၁။ ပရိတ်စဉ်ကို ရွတ်ဆိုမည်ပြုတိုင်း နတ်ဒေဝါများ ပင့်ဖိတ်ရသဖြင့် ဒါနပါရမီမည်ပါသည်။

၂။ ပရိတ်မရွတ်မီ သီလဆောက်တည်ရသဖြင့်လည်း သီလပါရမီမည်ပါသည်။

၃။ စည်းစိမ်စွန့်တောထွက်ခြင်း ဖြစ်သည်။ ပရိတ်ရွတ်နေစဉ် ကာမဂုဏ်စွဲလမ်းမှု ကင်းစင်စေသဖြင့်လည်း နိက္ခမ္မပါရမီမည်ပေသည်။

၄။ ပရိတ်တော်၏အနက်ကို၊ အကျိုးအာနိသင်ကို မေးမြန်းဆွေးနွေးရသဖြင့် ပညာပါရမီမည်ပါသည်။

၅။ ပရိတ်ရွတ်ဖတ်နေစဉ် ပျင်းရိခြင်းပယ်ဖျောက်ကာ လုံ့လပြုရသဖြင့် ဝီရိယပါရမီမည်ပါသည်။

၆။ ရွတ်ဖတ်နေစဉ် ဖြစ်ပေါ်လာရသောဝေဒနာကို အောင့်အည်းသည်းခံနေရသဖြင့် ခန္တီပါရမီဖြစ်ပါသည်။

၇။ ပရိတ်တရားတော်သည် မှန်ကန်သောဒေသနာဖြစ်သဖြင့်လည်း သစ္စာပါရမီဖြစ်ရပါသည်။

၈။ နေ့စဉ် နေ့တိုင်း ရွတ်ဖတ်ရန် အဓိဋ္ဌာန်ပြုရသဖြင့် အဓိဋ္ဌာန်ပါရမီဖြစ်ရပါသည်။

၉။ မေတ္တာတရားရွေ့ထား ရွတ်ဖတ်ပွားများရသဖြင့် မေတ္တာပါရမီဖြစ်ရပါသည်။

၁၀။ ပရိတ်ရွတ်ဖတ်နေစဉ် မလိုသူတို့ကဲ့ရဲ့၊ လိုသူတို့ချီးကျူး လျစ်လျူရှုပြုရသဖြင့် ဥပေက္ခာပါရမီဖြစ်ရပါသည်။

မိမိတို့နေအိမ်တွင် ရွတ်ဖတ်တော့မည်ဆိုပါက မိမိခန္ဓာကိုယ်ကို ရေမိုးချိုးသန့်စင်သန့်ပြန့်စွာဝတ်လျက် ဆာလောင်မွတ်သိပ်မှုမရှိစေဖို့ ကနဦးပြင်ဆင်ပါ။ ပတ်ဝန်းကျင်ကိုလည်း မသက်ဆိုင်သောအသံဗလများကင်းသောနေရာကိုရွေးပါ။ ပရိတ်တော်ရွတ်ဖတ်သံကို ငြာန်၊ ကရိဏ်းကျကျဖြစ်ရန် ကြိုးစားပါ။ အာရုံစူးစိုက်မှု အားကောင်းစေရပါမည်။ ဤလောကဌ ကြီးပွားကြောင်း၊ ပျက်စီးကြောင်းတို့မှာ မေတ္တာတရားသည်သာလျှင် အကြောင်းရင်းဖြစ်သည်။ တော်မွတ်ခြင်း၊ ဝပြောချမ်းသာခြင်းတို့မှာ မိုးသာလျှင် အကြောင်းရင်းဖြစ်သကဲ့သို့တည်း ဟူ၍လည်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရ အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်က မိန့်ဆိုဖူးပါသည်။

မဟာသီလဝံသ၏ ပါရမီတော်ခန်းဗျို့တွင် ဘုရားလောင်း သုမေဓာရသေ့ကြံစည်ပုံကို -

ဘ မေတ္တာထုံသော်၊ အကျော်လူဝယ်၊ ဆတစ်ဆယ်လျှင်၊ ဆိုဖွယ်မရှိ၊ မိမိစီးပွား၊ သူအားမူလည်း၊ မယူလေကြောင်း၊ သို့ဖြစ်ရှောင်းဟု၊ အလောင်းတော်များ၊ မေတ္တာပွား၍၊ ဖျဉ်ထားဆုံးမ၊ မျက်ဒေါသက၊ စနပိတ်အုပ်၊ ချုပ်ကုန်သည်ချည်း၊ ရှင်းလည်းမပြတ်၊ မေတ္တာမာတ်ကို၊ ချေချွတ်အံ့သည်၊ ရည်ပြီးရကား၊ ဤသူများကို၊ သနားသာည့်ငး၊ ကြင်နာခြင်းဖြင့်၊ ချစ်ခြင်းချစ်ကုန်ကြစေလသေး - ဟု စပ်ဆိုတော်မူခဲ့သည်။

ယင်း မေတ္တာသုတ်ရွတ်ဆိုပွားများရခြင်း၏အကျိုးသွားအတိုချုပ်အားဖြင့် -

ဘ ဒေဝါနတ်များ၊ ချစ်ခင်ပွား၍၊ ဆုံးရွားအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြောင့်၊ ပြန်ပျောက်လိုက ရွတ်ကြအဟုတ် ခုနစ်အုပ်တည်း) အကျဉ်းမှတ်သားနိုင်ပါသည်။

ပရိတ်တော်ဆည် လူတို့နှင့်အနီးစပ်ဆုံးဆိုရပါမည်။ အမြင့်ဆုံးနိဗ္ဗာန်ရရှိရေးနှင့် အင်္ဂုလိမာလသုတ်ကဲ့သို့သော အမျိုးသမီးများ မီးဖွားရေးအထိ ကျယ်ဝန်းပျံ့နှံ့သဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်မကပ်ငြိနိုင် အရံအတား အဖျက်အမှောင့် သိမ်းနှတ်စေသဖြင့် လည်းကောင်း၊ မိမိတို့ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်များ ကမ္ဘာတည်သရွေ့ ပရိတ်တရားဒေသနာတော်ကို အရှည်တည်တဲ့ ရွတ်ပွားနေမည်သာဖြစ်ရာ အစမှ အဆုံးတိုင် မရွတ်ဆိုနိုင်သူများ မေတ္တာသုတ်တစ်ပုဒ်တည်းသာ မဖြစ်မနေ ရွတ်ဆိုကြခြင်းဖြင့်လည်း အကျိုးများနိုင်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

ရာမညဇ္ဈာသွန်

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သိန်း(လားရှိုး)
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ တင်းရှူးတောင်တော်မှ
ထူးထူးခြားခြား သာသနာ့အလင်းပွင့်များ



ကမ္ဘာလုံးစေတီ

မိုးတစ်ပြိုက်၊ နှစ်ပြိုက်ရွာလိုက်သည်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ အအေးဒဏ်ကို သိသိသာသာခံစားလိုက်ရပါသည်။ ရွာသွန်းလိုက်သောမိုးရေတို့ကြောင့် တောတောင်တို့၏အလှအပတို့သည် ပို၍ပို၍စိမ်းစိုလန်းဆန်းသာပြီး တောပန်းတောရနံ့တို့၏ အပွင့်အလှင့်ချင်းပြိုင်၊ အလှအလှချင်းပြိုင်၊ အမွှေးနံ့သာချင်းပြိုင်၍ ရရှိလာသောရနံ့တို့ကြောင့် ခပ်နွမ်းနွမ်းခရီးပန်းမှုများသည် ချက်ချင်းလက်ငင်း လန်းလန်းဆန်းဆန်းဖြစ်သွားလေ၏။ တောစခန်းတောင်စခန်းများမှ ကွေ့ဝိုက်၍ တိုက်ခတ်လာသောလေပြည်လေညင်းများက မိမိစိတ်ကို ပို၍ပို၍ကြည်လင်လန်းဆန်းစွာဖြင့် ခံစားလိုက်ရသည်။

ယနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်သောကြောင့် 'တစ်မူးရလို့ တစ်ပဲလျှော့ ကိုရှမ်းတောင်သူမိန်းရိုးလား' စကားပုံကဲ့သို့ တောင်ပေါ်ဒေသ တောင်ပေါ်သားတို့၏အလှူဒါနကို မည်သည့်ဒေသမှမိန်းမည်မထင်ပေ။ မိမိတို့၏ဥယျာဉ်ဘွင်းမှ စိုက်ပျိုး၍ရရှိလာသော စားပင်သီးပင်များနှင့် ဒေသထွက်ကုန်အချို့ကို ရောင်းချပြီး မိမိတို့၏ချွေးနဲစာများကို အခြံကြီးရက်ကြီးရောက်သည်နှင့် ဘုရားကျောင်းများကို မပြတ်လှူဒါန်းကြသည်။ တောင်ပေါ်ဒေသရှိ ဗုဒ္ဓဘာသာတိုင်းရင်းသားများမှာ အခါကြီးရက်ကြီးရောက်တိုင်း သီတင်းသီလဥပုသ်စောင့်သားကြည်ဆို့လျှင် မိမိသွားမည့်ရက်မတိုင်ခင်ကြိုတင်၍ လှူဖွယ်ပစ္စည်းများကိုဝယ်ယူသားပြီး ဥပုသ်သီတင်းသီလစောင့်မည့်နေ့တွင် မိမိတို့၏သားသမီးမြေးမြစ်တို့အား အိပ်ရာလိပ်များမှစ၍ လှူဖွယ်ရာပစ္စည်းများ ယူဆောင်လိုက်ပါပို့ဆောင်စေပြီး ဥပုသ်သီလကို ပြည့်ပြည့်ဝဝစောင့်ထိန်း၍ ဆရာတော်များဟောကြားသော တရားတော်ကို နာယူခြင်း၊ တရားထိုင်ခြင်းပြုလုပ်လျက် နောက်တစ်နေ့တွင် ဆရာတော်ထံမှထပ်၍ ဓမ္မဒါနသီလခံယူ ဥပုသ်သီတင်းသီလဖွက်ပြီးမှ မိမိအိမ်သို့ပြန်ကြပါသည်။ အိမ်မှာရှိကြကုန်သော မိသားစုများမှ



ထင်းရှူးတောင်ဘုရားစေတီတော်များ

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ထီးရိုးပုံတူစေတီတော်



မဟာဗောဓိစေတီ



အောင်ဇကြာစေတီတော်



ထျောင်းတော်မူဘုရား



မြင်းမိုရ်တောင်ထိပ်ပုံမှ နဂါးနံ့ဘုရား

(၂၅) ပေမြင့် ရာဇမုနိဘုရား (ပြုလုပ်နေပုံ)

အိမ်မှုကိစ္စအဝဝကို မိသားစုများမှ လုပ်ဆောင်ပေးကြပါသည်။ ထိုအကျင့် အလေ့အထများသည် ကျွန်ုပ်တို့ ရှမ်းပြည်နယ်ဒေသတွင် ယခင်မှ ယခု အချိန်ကာလအထိ ရိုးရာဒေသဓလေ့ ကဲ့သို့ဖြစ်လာခဲ့ပါသည်။

ယနေ့ဆိုလျှင်လည်း တောင်ပေါ် တိုင်းရင်းသားများသည် နံနက်အစောကြီးကပင် ခြံထွက်ပစ္စည်းများနှင့် လှုပ်ရှယ်များအား ထင်းရှူးတောင်ပေါ် သို့ သယ်ဆောင်လာကြသည်ကိုတွေ့မြင်ရပါသည်။ သွေ့ခြောက်သန့်လှတဲ့ တောင်ပေါ် တိုင်းရင်းသားတွေပါလားဟု မှတ်ချက်ချမိပါသည်။ လားရှိုးနှင့်မိုးခွဲမရဘူးဟုဆိုပါသဖြင့် လားရှိုးမိုးသည် အချိန်မရွေးရွာနိုင်ပါသည်။ ကျွန်ုပ်လည်း မိုးမရွာခင် ကျွန်ုပ်၏ မိတ်ဆွေကြီး ဦးလမူဒီပါတ် (ငြိမ်း) လားရှိုးဆေးရုံအုပ်ကြီးမိသားစု၏ ဖိတ်ကြားမှု၊ ဦးအောင်မြင့် (စန္ဒာရတနာရွှေဆိုင်) မိသားစု၊ ပါရမီရှင်ဓမ္မမိတ်ဆွေများ၏ လိုက်လိုက်လဲလဲ ဖိတ်ခေါ်မှုစေတနာတို့ကြောင့် လားရှိုးမြို့အနောက်မြောက်တွင်ရှိသော ထင်းရှူးတောင်အောင်ချမ်းသာဆုတောင်းပြည့်ရပ်တော်မူရုပ်ရှင်တော်မြတ်ကြီးတည်ရှိရာ ဓမ္မာရုံသို့ နံနက်အစောကြီးတွင် တူဖြစ်သူ မောင်ဇော်ကစ်၏ဆိုင်ကယ်ဖြင့် ထင်းရှူးတောင်တော်တောင်ထိပ်ပေါ် သို့ ချောမောစွာ တက်ရောက်လာခဲ့ပါသည်။

တောင်ပေါ် ဓမ္မာရုံအတွင်းသို့ ဝင်လိုက်သည်နှင့် ပထမဦးစွာ ရုပ်တော်မူအောင်ချမ်းသာဆုတောင်းပြည့်ဘုရားရှင်အား ဖူးမြော်ကန်တော့လိုက်ပါသည်။ ဘုရားရှင်တော်၏မျက်နှာတော်မှာ ပြင်ဦးလွင်မြို့မှ မဟာအုံထူးကံသာဘုရားကြီး၏ပုံတော်ကဲ့သို့ ထူးခြားစွာဖူးတွေ့လိုက်ရပါသည်။ ထို့နောက် ဘုရားရှင်အား ဖူးမြော်ကန်တော့ပြီး ဓမ္မာရုံအတွင်းသို့ ရောက်ရှိနေသော ဒိုလ်မှူးဒီပါတ်(ငြိမ်း) မိသားစုနှင့် ဦးအောင်မြင့် (စန္ဒာရတနာရွှေဆိုင်) မိသားစု၊ ဦးတင်ရွှေ၊ ဦးကျော်အေး၊ ဦးကျော်စိန်၊ ဦးမြမောင်ဘုရားဂေါပကအဖွဲ့ ဓမ္မမိတ်ဆွေများ၏ ပြုံးခဲ့သောမျက်နှာဖြင့် လှိုက်လှိုက်လဲလဲ ဖိတ်ခေါ်မှုများနှင့်အတူ အပူ၊ အအေးမှအစပြု လိုလေသေးမရှိ ဧည့်ခံကျွေးမွေးကြပါသည်။ နံနက်(၉)နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားစတင်ပါသည်။ ဩဝါဒဆရာတော်ကြီးထံပါးမှ သီလယပရိတ်တရားနာကြားကြပြီးနောက် ဝါဆိုသင်္ကန်းများ ကပ်လှူဒါန်းကြပါသည်။ ထင်းနောက် ဆရာတော်မှ အနုမောဒနာတရားချီးမြှင့်တော်မူပြီး ရေစက်ချခဲ့အမျှဝေသောအခါ ဝမ်းမြောက်နမော်

www.burmeseclassic.com

www.burmeseclassic.com

၈-၁၂-၂၀၁၀ ယခင် မတည်ဆောက်ပိပုံများ

(၂၅) ပေပြင့် ရာဇမုနိဘုရားတည်ထားစဉ်

ဗိုးသူတော် (၂) ဦး ဆွမ်းခံပုံ

ဓမ္မာရုတနာမိသားစုမှ ထရားကျွန်ရန်
ထူးမြိန်းထားသောဂူ

ဗျာဒိတ်ပေဘုရားပုံတော်နှင့်စေတီများ

သာဓုခေါ်ဆဲတို့သည် ထင်းရှူးတောင်သာသနာ့နယ်မြေပင်မက အထက်ဘဝ်တိုင် မြည်ဟီန်းသွားပါတော့သည်။ ဝါဆိုသင်္ကန်းကပ်အလှူတော်ရေစက်ခံအခမ်းအနားမြီးသောအခါ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းကပ်ကြပါသည်။ ဧည့်ပရိသတ်များကိုလည်း ဧည့်ခံကျွေးမွေးပါသည်။

အလှူရှင်များ ဧည့်ခံကျွေးမွေးသော သင်္ဃသတ်လွတ်ဝံပေါက်ထမင်းများကိုသုံးဆောင်ပြီးနောက် ကျွန်ုပ်သည် ကုန်းတော်ပေါ်တွင် တည်ထားတော်မူသော ဘုရားစေတီ၊ ရုပ်ပွားတော်များကို ဖူးမြော်ရန်ထွက်လာခဲ့ပါသည်။ တစ်ချိန်သောအခါက ထင်ရှူးတောင်ဆရာတော်ပြောသကဲ့သို့ ဤနေရာ၊ ဤဒေသ၊ ဤအရပ်တို့သည် တောခေါင်ခေါင်လူသူ

www.burmeseclassic.com

www.burmeseclassic.com

ပြတ်လပ်သောနေရာ၊ အရောက်အပေါက်နည်းသောနေရာဖြစ်ပြီး တောင်စောင်း၊ ဂူများ၊ လိုဏ်များ၊ ကျင်းကြီးများဖြင့် ပုံစံမိုးစိုသွားသို့ အခို့ကောက်နက်လှသောချိုင့်၊ ချောက်များထူထပ်လှပါသည်။ ယခုအခါတွင် သူနေရာနှင့်သူသပ်သပ်ရပ်ရပ်နေရာတစ်ခု စည်းစနစ်ကျစွာ စေတီပုထိုး၊ ဂူ၊ ကျောင်းတို့ကို ကြည့်ညှိဖွယ်ရာတည်ထားသည်မှာ ဖူးမြော်မဝအောင်ရှိလှပါသည်။

တောင်ထိပ်တွင်တည်ထားသော နဂါးရုံဘုရား၏ပုံတော်မှာ သပ္ပာယ်စွာဖူးမြော်ရပါသည်။ မဟာဗောဓိပုံတော်ဘုရားမှာ တစ်မျိုးသပ္ပာယ်လှသကဲ့သို့ တစ်ခုသောကျောက်တောင်ကြီးပေါ်တွင် လျောင်းတော်မူမြတ်စွာဘုရားကိုဖူးမြော်ရပြီး မဟာဗောဓိပင်နှင့် ကြိုဟ်တိုင်ဘုရား

ရွှင်အရဟံရဟန္တာမြတ်၊ အနော်ရထာမင်းကြီးနှင့် အစ်မတော်တေမွန်တု

ရွှင်အရဟံရဟန္တာမြတ်နှင့် ကမ္ဘန်စစ်မင်းကြီး

ဗောဓိညောင်ပင်နှင့် ကြိုဟ်ဂူဘုရားများ

တိုးတိုးဧကောင်နှင့် တိုးမင်းခေါင်ဓာတ်ခန်း

တိုးစတော်အောင်မင်းခေါင်

အန်းကုန်းတိုးတိုးရုပ်တုနှင့် ဂျပန်ရင်မယ်တော်

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မြင့်+ဦးမြတ်ထုပြင့် စန္ဒာရတနာဂူဆိုင်ဝိသာခုပုထုးဓါန်းသော ရှင်သီဝလိကျောင်းတော်နှင့် တံခွန်တိုင်

ဟိန္ဒူဘုရားရုပ်တုများ

ရပ်တော်မူဘုရားနှင့်ထင်ရှူးတောင်ဆရာတော်

ဖူးမြော်ကန်တော့နေရင်းမှ ရပ်တော်မူဘုရားအား သွားရောက်ပင့်ဆောင်သောဘုရားဒါယကာဦးမြမောင်၏ပြောပြချက်ကို ပြန်လည်သတိရမိ၏။ သွားရောက်ပင့်ဆောင်သူ ဦးမြမောင်သည် စကျင်ရွာသို့ ရောက်သည်နှင့် ဧရာဝတီမြစ်နံဘေးတွင်ရှိသော ၎င်းဘုရားထုလုပ်မည့်ကျောက်တုံးကြီးကို စွေးနှုန်းပြောပြီးတော့ စွေးတည့်သည်နှင့် ရာဇမတ်ကာ၍ကန်တော့ပွဲများပေးသောညဉ့် ၎င်းရပ်တော်မူဘုရားကြီးထုလုပ်မည့်ကျောက်တုံးကြီးမှ မေတ္တာပို့သံများ၊ ကြွေးစည်သံ၊ ဆည်းလည်းသံများ၊ ပရိတ်ရွတ်သံများ ကြားရပါသည်။ နောက်တစ်နေ့မနက်တွင် အမျိုးသမီးနှစ်ဦးမှ လာရောက်ကန်တော့နေသည်ကို ၎င်းကျောက်တုံးကိုစောင့်ရန်ထားခဲ့သောပုဂ္ဂိုလ်မှပြောပြသည်ဟု ဘုရားဒါယကာ ဦးမြမောင်မှ ကျွန်ုပ်အား ပြောပြပါသည်။ ထင်ရှူးတောင်သာသနာ့နယ်မြေတွင် ရပ်တော်မူဘုရားကြီးအဖြစ် သီတင်းသုံးတော်မူရာတွင်လည်း ညချမ်းအချိန်များ၌ ဘုရားကြီးအနီးမှ မေတ္တာပို့သံ၊ ပရိတ်ရွတ်သံများ မကြာခဏကြားကြားနေခြင်းသည် အလွန်ထူးခြားမှုဖြစ်ပါသည်။ ထိုသို့သောထူးခြားမှုများနှင့်အတူ သာသနာပွင့်လင်းလာပြီဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ရောက်ရှိခဲ့ပါလျှင် လားရှိုးမြို့သူမြို့သား သဒ္ဓါကြည်လင်ပါရမီရှင်များ၏ သာသနာပြုစွမ်းပကားများဖြင့်ထင်ရှားလာသော ထင်ရှူးတောင်သာသနာ့နယ်မြေသို့ ဆက်ဆက်ရောက်အောင်လာခဲ့ပါရန် မေတ္တာအနန္တဖြင့် ဖိတ်မန္တကပြုအပ်ပါသည်။

မင်းမြတ်သိန်း(လားရှိုး)

များ၊ ကျိုက်ထီးရိုးစေတီတော်၊ ကမ္ဘာလုံးစေတီတော်နှင့် ဓမ္မာရုံကြီးအတွင်းမှ ထိုင်တော်မူရုပ်ပွားတော်ဘုရားကြီးကို အလွန်သပ္ပာယ်စွာဖူးမြော်ရပါသည်။ ဦးအောင်မြင့်(စန္ဒာရတနာ) မိသားစု လှူဒါန်းထားသော ရှင်သီဝလိကျောင်းတော်ရာနှင့် ဘရားအားထုတ်ရန် ပြုလုပ်ထားသော ဥဘုရားကို ထူးခြားစွာ ဖူးတွေ့ရပြီး ရှင်ဥပဂုတ္တထေရ်မြတ်၏ရုပ်တုတော်နှင့် ရောနှော်တော်ပါတွေ့ရသည်။ ထိုမထေရ်မြတ်များနှင့်အနီးတွင် ကမ္ဘာလုံးပေါ်ရှိ ဘိုးတော်အောင်မင်းခေါင်ရုပ်တုတော်၊ ဘိုးသူတော်နှစ်ပါး၏ ဆွမ်းခံရုပ်တုများတွေ့ရသလို ဗိုလ်မှူးဒီပါတ်(ငြိမ်း) လှူဒါန်းထားသော နီပေါပုံတူစေတီတော်ကို ထူးထူးခြားခြား ဖူးမြော်လိုက်ရပါသည်။ ထင်ရှူးတောင်ရင်ပြင်တော်အရှေ့ခြမ်းတွင် ဘိုးတော်အောင်မင်းခေါင်၊ ဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင်ဆရာတော်၊ သူရဿတီမယ်တော်၊ ကွပ်ရင်မယ်တော်၊ မဟာပိန္နဲ၊ စန္ဒီမယ်တော်၊ အန်းကုံးဘိုးတော်၊ ကိုးမြို့ရှင်မောင်နှမနှင့် အစ်မတော်စောမွန်လှ၊ သိုက်ချုပ်ဘိုးတော်များအပြင် တစ်မူထူးခြားစွာဖြင့် တွေ့ရသော ပုံစံတော်များမှာ ရှင်အရဟံရဟန္တာမြတ်အား အနော်ရထာမင်းကြီးနှင့်တွဲ၍ (အစ်မတော်စော်မွန်လှ) ကန်တော့နေသောပုံ၊ ကျန်စစ်သားမင်းကြီး၏ သီးခြားကန်တော့နေသောပုံများကိုပါ ထူးခြားစွာတွေ့ရပါသည်။ ဘုရားရင်ပြင်တော်တွင် သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်တည်ထားသည်မှာ လွန်စွာမှ ကြည်ညိုချမ်းမြေ့ဖွယ်ကောင်းလှပါသည်။

ထိုနေရာနှင့်မနီးမဝေးတွင် တခုတ်နတ်ကွန်းကြီးမှာလည်း ထူးထူးခြားခြား တွေ့ရှိရပါသည်။ ကျွန်ုပ်ရောက်ရှိရာ ထင်ရှူးတောင်သာသနာ့နယ်မြေမှ ထူးခြားလှသော ရပ်တော်မူဘုရားကြီးအား

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခြေင်

ရှိပြီးသောရတနာတို့နှင့်ပြုရှိ အသစ်အသစ်သောရတနာရွှေတိဂုံဘုရားစေတီတော် အဆောင်နှင့်ကျင့်စဉ်



ယခု ၂၀၁၅ ခု၊ မေလတတိယ အပတ်နှင့် ဇွန်လဒုတိယပတ်အတွင်း မြန်မာပြည်နေရာဒေသအနှံ့အပြားမှာ ရှိကြသော သူရဇ္ဈမဂ္ဂဇင်းကြီးကို အမြဲအားပေးနေကြသည့် အမာခံစာချစ်သူ မိတ်ဆွေများထဲမှ ကျွန်ုပ်ထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်ခဲ့ကြပါသည်။

ဆက်သွယ်မှုပြုကြသော စာချစ်သူ မိတ်ဆွေများထဲမှအများစုမှ ကျွန်ုပ်ရေးသားတင်ပြခဲ့သည့် ကျင့်စဉ်ဆောင်းပါးများထဲမှ မိမိတို့နှစ်သက်သည့်ကျင့်စဉ်များကို အဓိဋ္ဌာန်ကျင့်စဉ်ဝင်ရောက်ရန်နှင့် စာချစ်သူမိတ်ဆွေများ သိလိုသမျှ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းပြောပြခဲ့ရပါသည်။

အချို့သောစာချစ်သူမိတ်ဆွေများ၏ အလိုအတိုင်း 'ကျင့်စဉ်နှင့်အဆောင်' တွဲဖက်ဆောင်ရွက်ရမည့် အဓိဋ္ဌာန်ကျင့်စဉ်ကိုလည်း အခွင့်အခါသင့်ပါက ရေးသားပေးရန် သူတို့၏ဆန္ဒကိုပြောပြီး တောင်းဆိုကြသည်လည်းရှိနေပါသည်။

ယခု အထက်တွင် ဖော်ပြချက်သည် ဆရာကြီးလုပ်ပြီးရေးသားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်သည့်အတိုင်း ဟုတ်မှန်သောစကား (သစ္စာစကား) အနေဖြင့် နေရာဌာနမရွေး အမျိုးလေးပါးတို့ရှေ့မှာပင် ဝန်ခံပြောဆိုရမည်ဟု ဒေသနာတော်စကားရှိနေပါသည်။

ဤနေရာတွင် အခွင့်ကြုံနေသဖြင့် သစ္စာနှင့်ပတ်သက်ပြီး တိပိဋကဓရမြေဘဏ္ဍာဂါရိကာမင်းကွန်းဆရာတော်ကြီး ရေးသား ပြုစုတော်မူခဲ့သော 'မဟာဗုဒ္ဓဝင်သစ်၊ ပထမတွဲ၊ ပထမပိုင်း (အနုဒီပနီ)' တွင် ရေးသား ဖော်ပြခဲ့သည်ကို တင်ပြလိုပါသည်။

သစ္စာနှင့်ပတ်သက်ပြီး (၂) မျိုး ခွဲပြထားပါသည်။

၁။ ဝစီဘေဒသိဒ္ဓိသစ္စာ-နှုတ်မြွက်သဖြင့်ကိစ္စပြီးစေသောသစ္စာ၊

၂။ ပစ္စာနုလက္ခဏာသစ္စာ-ပြောဆိုပြီးနောက်စောင့်ရှောက်ပြုလုပ်ရသေးသောသစ္စာ ဟူ၍ပြထားပါသည်။

ဏာလာမနှင့်သက်ဆိုင်သောသစ္စာကို -

က။ အတိတ်ကာလနှင့်သာ သက်ဆိုင်သောသစ္စာ၊

ခ။ အတိတ်ပစ္စုပ္ပန်အခါနှင့်သက်ဆိုင်သောသစ္စာ၊

ဂ။ အနာဂတ်အခါနှင့်သက်ဆိုင်သောသစ္စာ၊

ဃ။ အခါအထူးမှတ်အပ်သော သစ္စာ၊

ရှင်းချက်

အနာဂတ်သစ္စာတစ်မျိုးသာ ပစ္စာနုရက္ခဏသစ္စာဖြစ်သည်။

ကျန်သစ္စာတို့မှာ ဝစီဘေဒသိဒ္ဓိသစ္စာ ဖြစ်ပါသည်။

တစ်ဆက်တည်း စာချစ်သူမိတ်ဆွေများသိထားပြီးဖြစ်မည်ဟု ယူဆပါသည်။ အချိန်မရှေ့ မဖတ်နိုင်ကြသေးသော စာချစ်သူမိတ်ဆွေများအတွက် အဓိဋ္ဌာန်နှင့်ပတ်သက်ပြီး အောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

အဓိဋ္ဌာန်ကို အောက်ပါအတိုင်း (၃) မျိုး ကွဲပြားပါသည်။

အဓိဋ္ဌာန်ဟု ခေါ်အပ်သော ဆောက်တည်ခြင်းသည်၊ စိတ်၌ စွဲမြဲစွာ ထားရှိခြင်းသဘောသည် အရာသို့လိုက်၍ -

၁။ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

ရွေးအဖို့ကပင် နိမိတ်ပြရန် စိတ် ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း။

၂။ အာသီသအဓိဋ္ဌာန်

မိမိ လိုလား တောင့်တအပ်သော အကြောင်းအရာအတွက် စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း။

၃။ ဝတအဓိဋ္ဌာန်

ကျင့်ဝတ်တရားတို့ကို ကျင့်ကြံရန် စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း။

ဝစီဘေသိဒ္ဓိသစ္စာသည် ကျွန်ုပ်တို့ သေတစ်ပန်သက်တစ်ဆုံး စောင့်ထိန်းကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်သည် ခရစ်နှစ်အလိုအရ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်တွင် ဇရာနယ်ထဲသို့ တစ်နှစ်တိုးဝင်လာပြန်ပြီဖြစ်ပါသည်။ ဝေါဟာရအသက်အနေဖြင့် (၇၃) နှစ် ပြည့်ပြန်ပြီ ဖြစ်ပါသည်။ ခုနှစ်နေ့သားခုနှစ်နေ့သမီးများအတွက် ဘာတွေကောင်းကျိုးပြုနိုင်ခဲ့သနည်း။ ဆန်းစစ်ဝေဖန်ရပြန်ပါသည်။

အခြားအကြောင်းတွေ့ မဖော်ပြတော့ပါ။ လောကီရေးမှာ စားရေး၊ ဝတ်ရေး၊ နေရေး ဆိုတဲ့ အရေးသုံးပါးကို သင့်တင့်သော လူနေမှုဘဝကို ပိုင်ဆိုင်နေနိုင်ကြစေရန် တစ်ဖက်တစ်လမ်းမှ လောကီရေး တိုးတက်ဖွံ့စေလိုသော ဆန္ဒဖြင့် ဆန္ဒတူညီကြသော စာချစ်သူမိတ်ဆွေများနှင့် ကျွန်ုပ်ထံ အကြံပြုကြသော စာချစ်သူမိတ်ဆွေများအတွက် ကျန်းမာရေးကောင်းနေသမျှ စာရေးခြင်းဖြင့် ကောင်းမှုတစ်ခုတော့ မပျက်မကွက် အောင် (အမြဲ) လုပ်မည်၊ စာရေးမည်ဟု မူလကြံရွယ်ခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်ချလိုက်ပါသည်။

(ကျေးဇူးတင်ရှိသူများကိုလည်း ဖော်ထုတ်ရမည်ဖြစ်သည့်အတိုင်း ကျွန်ုပ်တင်ပြရေးသားခဲ့သောစာစုများကို သူရဇ္ဈမဂ္ဂဇင်းကြီးမှ စာဖတ်သူများထံရောက်အောင်ဖော်ပြပေးခဲ့သော စာတည်းချုပ်နှင့် မဂ္ဂဇင်းတစ်ပွဲ့လုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ စာရေးသူ)

သဗ္ဗလောကကြီးထဲတွင် ဂန္ဓိရသဘောတရားအရ သဘာဝသတ္တိဂုဏ်အထူးရှိကြသောသတ္တဝါတစ်ကျိ့ကိုသိနိုင်ကြမည် ဖြစ်ပါသည်။ ဥပမာပြရလျှင် လိပ်ရင်ဘတ်တွင် စဇဝ စမလေးလုံးလည်နေပါသည်။ ဝက်ဝံရင်ဘတ်တွင်

www.burmeseclassic.com

www.burmeseclassic.com

လည်း '၀' လုံးရှိပါသည်။ ဒေါင်းမြီးတွင် လည်း '၆' ကို မြင်နိုင်တွေ့နိုင်ပါသည်။ ထူးခြားသော ဝိသေသလက္ခဏာများ ဖြစ်ကြပါသည်။

ဆက်လက်ပြီး ရတနာစုဘူးနှင့် ရှိပြီးသော ရွှေ ငွေနှင့် ရတနာတို့ ခိုင်မြဲစေသော စမအဆောင်တို့ ရေးသားမည် ဖြစ်ပါသည်။ ထိုအဆောင်စမများနှင့် အတူတကွ တွဲဖက်ပြီး ကျင့်ရမည့်ကျင့်ဝတ်တို့ကိုလည်း တစ်ဆက်တည်းရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

ပထမဦးစွာ ရတနာစုဘူးစမကို ရွှင်းပြလိုပါသည်။ ထိုစမတွင် ထောင့်လေးထောင့်တွင် 'ကဃဏဌ' ဟုခေါ်ကြသော ကြီးလေးကြီးတို့ ထောင့်ချပ်ထားရှိပါသည်။

စမရုပ်ပုံတွင် ဆံထုံးကို '၀' ဖြင့် ပြထားပါသည်။ မျက်နှာကိုလည်း '၀' ကြီးကြီးဖြင့် ပြုးပျော်နေဟန်ပြထားပါသည်။ ကိုယ်ထည်မှာ ဗျည်းအက္ခရာများထဲမှ ၃ နှင့် ၎တို့ကို မျက်နှာချင်းဆိုင်ပြီး အမြီးချင်းဆက်စပ်ထားသဖြင့် အိုးကြီးနှင့် အလားသဏ္ဌာန်တူနေပါသည်။ စာလပ်ခံထားသောကြောင့် လက်ဝါးဖြန့်ပြီးခံယူဟန်ရှိနေပါသေးသည်။

'ရွှေ ငွေ၊ ရတနာများလာခဲ့လော့' ခေါ်နေသလို ထင်မှတ်ရပြန်ပါသည်။ အောက်ခံခဲ့မှာမူ ဂဏန်းသင်္ချာ (၃) နှင့် (၄) တို့သည် စရေတော်ဖြစ်နေ၍ ကျင်မြန်စေကြောင်း အကြောင်းကောင်းတစ်ခုဖြစ်နေခဲ့ပါသည်။ ထောင့်တွင် 'ရေ အောင်စေ' ဟု စာဖြင့်ဖော်ပြထားပါသေးသည်။

ရတနာစုဘူး ရုပ်စမ၏ ဝမ်းစာတွင်လည်း -

ရတနာခုနစ်ပါးနှင့် သန်းပေါင်းများစွာ ချမ်းသာကြစေ။

ပြည့်စုံကြစေ။

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ စိန်၊ ရွှေ၊ ရတနာတို့ နေ့စဉ်နေ့တိုင်း ဝင်လာကြစေ။

လက်ဖြန့်သဏ္ဌာန်မျက်နှာဝ(အက္ခရာမျက်နှာ) တွင်မူ 'ရွှေ၊ ငွေ' ဟု ရေးပြီးသားသဖြင့် ရွှေ၊ ငွေများကို လက်ခံရယူသားခြင်းနိမိတ်ဖြစ်လေသည်။

ရုပ်စမကို အပြင်မှပတ်ထားသော အတို်ချာမူ ပဒ္မရတနာ၊ ဓမ္မရတနာ၊ သံဃရတနာ၊ မာတာပိတုရတနာ၊ အာစရိယရတနာ ရရှိပြည့်စုံကြစေ၊ ကုလုံပြည့်စုံကြစေတု ပါရှိနေပါသည်။ ရှားပါးပြီး ထူးခြားသောစမဖြစ်နေပါတော့သည်။



ရတနာစုဘူးစမ

နောက်စမတစ်လုံးမှာ ရတနာစုဘူးစမနှင့် တွဲဖက်ပြီး ထားရ၊ ဆောင်ရမည့်စမဖြစ်ပါသည်။ ထိုစမမှာ 'ရှိပြီးစီးပွားကို ခိုင်မြဲတိုးပွားစေသော ကြီးလေးကြီးထိန်းစမ' တဲ့ အမည်ရှိပါသည်။ အောက်တွင် ထိုစမ၏ ဝိသေသများကို ရှင်းပြပါမ

စမ၊ အထွတ်တွင် နဝင်းစေတီတည်ရှိခြင်း၊ အောက်ခံတွင် '၀' တစ်လုံးရှိလေသည်။ '၈' တစ်ခုခံထားလေသည်။ အောက်အဆင့်တွင် 'ဃ' တည်နေလေသည်။ 'ဃ' ၏ ထိပ်ပေါ်တွင် နဝင်းစေတီရှိခြင်း၊ 'ဃ' အမြီးထိပ်တွင် နဝင်းစေတီရှိနေခြင်းတို့အပြင် အပေါ်ထောင့် (၂) နေရာတွင် ၃၇ ဟု မဟာမြို့ငါးမှ သူတော်စင်ကြီးတို့၏ မေတ္တာသင်္ကေတဟု ဆိုထားပြန်ပါသည်။

စမလုံးအောက်ခံတန်းတွင်မူ 'စ ဇ ဝ' ဓာတ်စမ (၂) စုံကို တန်းခံထားရှိနေပြန်သေးသည်။ ထိပ်ဆုံးနဝင်းစေတီနှင့် အောက်နဝင်းစေတီထိပ်တို့တွင် စောင်းဘန်းစာစုတို့မှာ 'သဗ္ဗလာဘံသိဒ္ဓိ ဘဝိဿတိနှင့် သဗ္ဗဩဇာ အာဏာဘဝဿတိ' ဟု ဖော်ပြထားပါသည်။

စမအတွင်း '၈' ၌ ဗုဒ္ဓံပူဇေမိစာတန်းအောက်တွင် 'က' ကို ရေးထား၏။ 'ဃ' အက္ခရာ၏ ခေါင်းခြမ်းတွင် ဓမ္မံပူဇေမိဟု ရေးထားပြီး အောက်တွင် 'ဏ' ကို ရေးထားလေသည်။ 'ဃ' အက္ခရာအမြီးပိုင်း၌ သံဃံပူဇေမိဟု စာတန်းအောက်၌ 'ဋ' ဟု ပါရှိပြန်ပါသည်။ သို့ဆိုလျှင် 'ဃ' အဆင့် '၈' တို့အတွင်းတွင် က၊ ဏ၊ ဋ တို့ဖြင့် ဖော်ပြချက်တို့ လေ့လာသောအခါတွင် ရှေးကဆရာသခင်တို့၏ ဉာဏ်ပညာကြီးမြင့်မှုတို့ကို အံ့သြလေးစားရပါတော့သည်။

အထက်ရှင်းပြခဲ့သော ထိန်းစမပုံကိုလည်း အောက်တွင် ဖော်ပြထားပါသည်။

ထိုစမ(၂)လုံးတို့မှာ ဈေးတက်ခဲ့ထားရန်မဟုတ်ပါ။ အဆောင်အဖြစ်သာလျှင် သိမ်းဆည်းသိုမြှောထားကြရန် ဖြစ်ပါသည်။ ထိုစမတို့ကို အဆောင်အဖြစ် ထားနိုင်သော နေရာဌာနများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အမြဲကိုင်သောပိုက်ဆံအိတ် (လက်ပွေအိတ်)
- ငွေသေတ္တာ၊ ရတနာသေတ္တာများ
- မီးခံသေတ္တာများတွင် ရတနာများ၊ ရွှေ၊ ငွေများ၏အောက်မှခံထားနိုင်ကြပါသည်။

ရှင်းချက်

အရွယ်အစားပမာဏကို မိမိနှစ်သက်သည့် အရွယ်ပမာဏအနေဖြင့် မိတ္တူကူးယူပြီး ထားရှိအသုံးပြုနိုင်ကြပါသည်။

စမများကိုရှင်းပြပြီးဖြစ်၍ ကျင့်စဉ် အဓိဋ္ဌာန်ကို ဆက်လက် ရေးသားဖော်ပြပေးလိုက်ပါသည်။ စမပုံများကို ဦးစွာစိမ်ထားပြီးပါက စတီးပန်းကန်၊ ကြေးလင်ပန်း၊ ငွေလင်ပန်းတို့တွင်ထည့်ပြီး အဓိဋ္ဌာန်ကျင့်စဉ် စတင်သည့်နေ့မှစ၍ ဘုရားရှေ့တွင်ထားရမည်ဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်အပြည့်အစုံ

www.burmeseclassic.com

www.burmeseclassic.com

၁။ ရက်ရွေးခြင်းနှင့်ကာလသတ်မှတ်ခြင်း

က။ ရက်ကောင်းရက်မြတ်တစ်ရက်ကို ရွေးချယ်ပါ။ သို့မဟုတ် မိမိ၏ မွေးနေ့တွင် စတင်ပါ။

ခ။ အဓိဋ္ဌာန်ကျင့်စဉ်ကို ရက်ပေါင်း (၄၅) ရက် သတ်မှတ်ရန်ဖြစ်ပါသည်။

ဝါရင်ယ်တစ်ခုတွင် (၉) ရက်သတ်မှတ်ထားရှိပြီး ဝါရင်ယ်(၅)ကြိမ်ပြီး မြောက်သည်အထိ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂။ အဓိဋ္ဌာန်ကျင့်စဉ်ကာလတွင် နေ့စဉ်ဆောင်ရွက်ရန်

၁။ ဦးစွာ သာသနာစောင့်နတ်မင်းကြီးများနှင့် သိကြားမင်းတို့ကို ဖိတ်ကြားပါ။

ဝိဇ္ဇာလေးပါးနှင့် သိဒ္ဓိရှင်မဟိဒ္ဓိရှင် ဆရာတော်ကြီးများကိုပင့်ဖိတ်ထားပါ။

ပါရမီဖြည့်ဖက်များ၊ အမြဲအကူအညီပေးသူများတို့ကို ဖိတ်ထားပါ။

၂။ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါ။

ဘုရားကန်တော့ခြင်း၊ သီလခံယူဆောက်တည်ခြင်း။

သစ္စာပြု၍ ဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါရန်။

သတိပေးခြင်း

မိမိတို့ ဆုမွန်တောင်းခံကြရာတွင် တစ်မျိုးတည်းကိုသာ ကွဲလွဲမှုမရှိအောင် တောင်းခံမှုပြုရမည်ဖြစ်ပါသည်။

၃။ အောက်ပါ ဂါထာတော်များကို ရွတ်ဖွားကြရပါမည်။
(မိမိ၏ သဒ္ဓါဆန္ဒအရ ပုတီးစိပ်လိုလျှင် စိပ်နိုင်ကြပါသည်။)

ရှင်းလင်းချက်

ရွတ်ဖွားပူဇော်လိုသော စာချစ်သူ မိတ်ဆွေယောဂီအနေဖြင့် ဂါထာတစ်မျိုးကို (၉) ခေါက်စီ ရွတ်ဖွားကြပါမည်။ အကယ်၍ ပုတီးစိပ်မည်ဆိုပါက ဂါထာတစ်ပုဒ်ပုတီးတစ်လုံးချပြီး (၂၇) လုံးပုတီးဖြင့်လည်း တစ်ပတ်ကျစိပ်နိုင်ကြပါသည်။

၁ ဂါထာတော်များ

က။ စိန္ဓာမဏိ ရတနာနှိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ့ ကရတိ သရဏံ၊
ခိပ္ပ မေဝ သမိဇ္ဈတု။



ပြီး စီးပွားနိုင်မြဲ တိုးပွားစေသော ကြီးလေးကြီးထိန်းစေ

စိန္ဓာမဏိ ရတနာနှိ၊
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ့ ကရတိ သရဏံ၊
ခိပ္ပ မေဝ သမိဇ္ဈတု။
စိန္ဓာမဏိ ရတနာနှိ၊
သံဃံ သံဃ ရတနာနံ။
ကရံ့ ကရတိ သရဏံ၊
ခိပ္ပ မေဝ သမိဇ္ဈတု။

ခ။ အတ္ထ ဓမ္မ သံဒ္ဓိဒါစ၊
နိရုတ္တိ ပတိဘာဏကာ။
စတုသမ္မိဒ ပတ္တာနံ၊
အဂ္ဂပတ္တိ ဇိနံ နမေ။

ဂ။ ကျစ်ရွှော သာသပဂဗွေ၊
စက်မရွှော ကျတောစိတော။
စကျဝါဝါဋ္ဌမ္မိ သကလံ၊
အတ္ထဘာဝေန ဆာဒယိ။
ဇဝံ ကျစ္ဆာယ သမ္မန်း၊
လောကဇေဋ္ဌ နမာမဟံ။
ဇတေန သစ္စဝဇ္ဇေန၊
ကျစ္ဆ ပူရေသု မေသဒါ။

(ဤဂါထာမူရင်းအမည်မှာ ကျစ္ဆာပူရကာမင်္ဂလာပုတီးစိပ်ဟု ဆိုပါသည်။)

(ခုနစ်နေ့ဘုရားရှိခိုးစာအုပ်တွင်ပါရှိပါသည်။)

၄။ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပါ။

၁ မိမိပြုခဲ့သော ကုသိုလ်အစုစုကို သစ္စာပြုပြီး ဆုတောင်းပါ။

ဝေနေယျတို့အား ထပ်မံမေတ္တာပို့သပါ။

ဝေနေယျများစွာတို့အားလုံးကို ကုသိုလ်အမျှပေးဝေပါ။

ပင့်ဖိတ်ထားသူများအားလုံးကို နေရပ်ဌာနပြန်ပို့ပါ။

မိမိမှ ကဲငါးပါးဖြင့် ပြစ်မှားခဲ့သူများအား တောင်းပန်ပါ။ မိမိအားလည်း ပြစ်မှားခဲ့သူများရှိက ခွင့်လွှတ်ကြောင်း သနခြေပေးပါရန်။

ကျွန်ုပ် ရေးသားခဲ့သည့်အတိုင်း (၉) ရက် ပြည့်မြောက်သွားပြီးလျှင် အထက်တွင် စီမံ၍ အထူးထူးသော ဂါထာတော်များဖြင့် မင်္ဂလာသိဒ္ဓိတင်ပြီးပြီဖြစ်၍ ထိုစမ (၂) လုံးကိုယူပြီး မိမိတို့ သိမ်းဆည်းထားရာနေရာများတွင် ရွေ့ငွေနှင့် ရတနာတို့ဖြင့် အတူထား၍ အဆောင်အဖြစ် အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ် ဝင်ရောက်သူသည် (ယောဂီသည်) မဟာအဓိဋ္ဌာန်ရက် (၄၅) ရက်ပြည့်သည့်တိုင်အောင် (သို့) တစ်ဝါရတွင် (၉) ရက်သတ်မှတ်ထားရှိ၍ (၅) ဝါရလုံးလုံးပြီးမြောက်သည့်တိုင်အောင် မေတ္တာသုတ်ကို တတ်စွမ်းသမျှ ရွတ်ပါရမည်ဖြစ်ပါသည်။

နှုတ်မှလည်း အပျော်သဘောဖြင့် နောက်ပြောင်ကျိစယ်ခြင်းသည် မုသာဝါဒကံထိုက်မည်ဆိုပါက စစ်ကံအမှုကို အထူးရှောင်ကြရမည် ဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်အောင်မြင်ရန် သီလအားဖြင့်စင်ကြယ်ရခြင်း၊ စိတ်ဓာတ်ခိုင်မာရခြင်း၊ ဆန္ဒအားကြီးခြင်း၊ ဝီရိယခွန်အားကြီးမှုတို့ အထူးလိုအပ်လှပါသည်။ စွမ်းအားကြီးများကြသူများ၏ အရာသာဖြစ်ပါသည်။ တိတိကျကျ ဆောင်ရွက်ကြပြီး မိမိတို့လိုလားသော ပန်းတိုင်ကို အရောက်သွားနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းခေါင်

မှီငြမ်း -

- မဟာဗုဒ္ဓဝင်သစ်၊ ပထမတွဲ၊ ပထမပိုင်း(အနုဒိပန်)
- ခုနစ်နေ့ဘုရားရှိခိုး
- အင်းစမကျမ်းဟောင်းများ (လက်ရေးမူ)
- ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ

www.burmeseclassic.com

www.burmeseclassic.com

ဂိုလ်မင်း(မင်းလှ)

သမထပြုနိုင်ပြီးနောက် တရားရှုမှတ်နည်း

စာရေးသူ ဤတရားရှုမှတ်နည်းကို ရေးသားဖော်ပြရန် စိုးရွံ့မိပါသည်။ အာဃာတကြောင့်ဆိုသော် စာပေကျမ်းဂန်နှစ်မြှုပ်မရှိ၍လည်းကောင်း၊ ဘုရားဟော ဓမ္မဒေသနာမြတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သွားမှာ စိုးရိမ်၍လည်းကောင်း ဖြစ်သည်။ စာရေးသူအနေဖြင့် သတိပဋ္ဌာန်တရားလေးပါးကို အထိုက်အလျောက်အားထုတ်ခဲ့ပါသည်။ အထူးသဖြင့် ထွက်လေ၊ ဝင်လေမှတ်ခြင်းကို ပို၍ကျင့်ကြံအားထုတ်ခဲ့ပါသည်။ သို့သော် သမာဓိမရသဲ့အခိုနှိုက်ကုန်ခဲ့သည်လည်းရှိပါသည်။

တစ်ခါတစ်ရံ မိမိကိုယ်မိမိ အားလိုအားမရဒေါသဖြစ်မိသည်။ စိတ်ကို ချုပ်တည်းထားလျှင် ပို၍ပင်စိတ်မြန်မြန်ထွက်သွားသည်။ အချို့သော ကမ္မဋ္ဌာန်းဆရာများက စိတ်ကို သတိနှင့်စောင့်ကြည့်ခိုင်းပါသည်။ မိမိစိတ်ဖြစ်ပေါ်နေမှုအပေါ်(သတိ)ကပ်ကာမှတ်နေပါသည်။ ဤခန့်သတိပျက်သွားတာနှင့် စိတ်ကအလေးကိုရောက်သွားသည်။ ဤသို့ဖြစ်ပေါ်နေမှုများသည် (သမာဓိ)အားနည်းမှုကြောင့် တရားရှုမှတ်ရာတွင် ခရီးပေါက်ဖြစ်နေသည်ဟု စာရေးသူစဉ်းစားမိပါသည်။

တစ်နေ့ စာရေးသူအတွေးစိတ်ထဲမှာ ငယ်စဉ်တုန်းက အခြေခံစစ်ပညာကို မတတ်မြောက်ခဲ့ပါ။ အသက် (၂၀) အရွယ်တွင် တပ်ထဲဝင်သောအခါ စစ်ပညာသင်ယူရသည်။ စစ်ပညာသင်ယူသည့်အခါ (၁)၊ (၂)၊ (၃) အမှတ်စဉ်မှတ်၍ လေ့ကျင့်သင်ယူရသည်။ သင်တန်းသား (၃၀၀) ခန့် တန်းစီရာမှ၍ စစ်ပညာပြီးဆုံးသည်အထိ အမှတ်စဉ်မှတ်၍ သင်ယူလေ့ကျင့်ခဲ့သဖြင့် ညီညီညာညာဖြစ်အောင်လုပ်နိုင်ခဲ့ကြသည်။ ဤနည်းကိုသုံးပြီး ထွက်လေ၊ ဝင်လေကို အမှတ်စဉ်မှတ်၍ကျင့်ကြံအားထုတ်လျှင် ဖြစ်နိုင်ပါ့မလားဟု စဉ်းစားမိခဲ့ပါသည်။

စဉ်းစားမိခဲ့သည့်အတိုင်း တစ်နေ့ စာရေးသူ အမှတ်စဉ်မှတ်၍ ထွက်လေ၊ ဝင်လေကို မှတ်ကြည့်သည်။ ထွက်လေ-ဝင်လေ (တစ်)၊ ထွက်လေ-ဝင်လေ (နှစ်)၊ ထွက်လေ-ဝင်လေ (သုံး) စသည်ဖြင့် အမှတ်စဉ်မှတ်၍ အားထုတ်ကြည့်သောအခါ စိတ်အပြင်သို့အထွက်နည်းသွားသည်။ နာရီဝက်အတွင်း တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာစိတ်အပြင်ကိုထွက်သည်။ အမှတ်စဉ်ရှိနေ၍ စိတ်အပြင်ထွက်လျှင် ချက်ချင်း အမှတ်စဉ်နှင့်ပြန်ခေါ်ထားနိုင်လာသည်။

အလေ့အကျင့်များလာသောအခါ တွင် စိတ်အပြင်ထွက်မှုနည်းလာသည်။ တဖြည်းဖြည်းစိတ်ငြိမ်သက်လာသည်။ စိတ်ငြိမ်သက်မှုရှိလာသောအခါ အမှတ်စဉ်နှင့်မှတ်ခြင်းကိုဖြုတ်လိုက်သည်။ စိတ်က ထွက်လေ၊ ဝင်လေ ဟူသောတွေးတေမှုကို နှာသီးဝမှာသိ၍နေသည်။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com

သိ၍စိတ်ငြိမ်သက်နေမှုသည် (သမာဓိ) စိတ်တည်ကြည်ခြင်းဖြစ်နေသည်ဟု ဆို နိုင်ပါသည်။

စိတ်တည်ငြိမ်မှု (သမာဓိ) အား ကောင်းနေချိန်တွင် ထွက်လေထွက်ပြီး ပျက်သွားသည်။ ဝင်လေဝင်လာပြီးပျက် သွားသည်။ ထွက်လေလည်း ပျက်ခြင်း သဘော၊ ဝင်လေလည်း ပျက်ခြင်း သဘော ဟူသော (အနိစ္စ) မမြဲခြင်းကို သိလာလျှင် ဝိပဿနာဉာဏ်ဖြစ်ပေါ် လာ၍ စိတ်ငြိမ်ချမ်းမှုရှိသည်။

စာရေးသူ၏ မိတ်ဆွေဖြစ်သူ မင်းလှမြို့က ဦးမျိုးမြင့်အောင်အား ယင်း တရားအားထုတ်နည်းကိုပေးလိုက်သည်။

တစ်လခန့်ကြာသောအခါ ဦးမျိုး မြင့်အောင်က -

"ဆရာဗိုလ်၊ ခင်ဗျားပေးလိုက်တဲ့ တရားအားထုတ်ရှုမှတ်နည်းက ကျွန် တော်နဲ့ ကိုက်ညီတယ်ဗျာ။ ဟိုတုန်းက (၅) မိနစ်တောင် စိတ်မငြိမ်သက်ခဲ့ဘူး။ အခု အမှတ်စဉ်နဲ့မှတ်တော့ စိတ်လည်း ငြိမ်တယ်။ သမာဓိဖြစ်နိုင်တယ်။ ဟိုတုန်း ကထက် ရှုမှတ်ရတာ စိတ်ငြိမ်တယ်"

ဟု ပြောပြခဲ့သည်။

နောက်တစ်ယောက်တတော့ ရေ တပ်မှ (အငြိမ်းစား) အဘဦးတင်လှကို ဒီရှုမှတ်နည်းပေးကို ကြည့်လိုက်သည်။ အဘ ဦးတင်လှဟာ အသက် (၈၀) နှစ် ခန့်ရှိပြီ ဖြစ်သည်။ တရားရိပ်သာများမှာ အားထုတ်ဖူးသူ ဖြစ်သည်။ တပ်မတော် (ရေ) မှ အငြိမ်းစားဖြစ်၏။ အမှတ်စဉ် မှတ်ပြီး ထွက်လေ၊ ဝင်လေမှတ်ရတာ သိပ်ကောင်းတဲ့ရှုမှတ်နည်းပဲ ဟူ၍ သူ သမာဓိဖြစ်ခဲ့ပုံကို ရှင်းပြသည်။

စာရေးသူလည်း ဒီတရားရှုမှတ် နည်းဖြင့် တတ်နိုင်သမျှ ကြိုးစားအား ထုတ်နေသည်။ ဥပုသ်နေ့တစ်နေ့တွင် ဆင်အိုင်ကျေးရွာမှ ဦးဝင်းရှိန် ဆိုသူနှင့် ဥပုသ်စောင့်ရင်း ဆုံတွေ့ကြသည်။

စာရေးသူက -

"ကိုဝင်းရှိန်၊ တရားရှုမှတ်ဖူးပါ လား"

ဟု မေးကြည့်သောအခါ -

ဦးဝင်းရှိန်က တစ်ခါမှ တရားရှု မှတ်မှုမလုပ်ဘူးကြောင်းပြန်ဖြေပါသည်။

"ဒီလိုဆို ခင်ဗျားကို တရားရှုမှတ် နည်းတစ်ခုပေးကြည့်မယ်။ ဒီတရားရှု မှတ်နည်းက လွယ်ကူတယ်။ သမာဓိဖြစ် လွယ်တယ်။ ခင်ဗျားတတ်နိုင်သလောက် အားထုတ်ကြည့်ပေါ့"

ဟု ဆိုပြီး တရားရှုမှတ်နည်းကို ရှင်းပြပေးလိုက်ပါသည်။ ဥပုသ်တစ်ပတ် ပြည့်၍ နောက်ထပ်ဥပုသ်နေ့ပြန်ဆုံကြ သည့်အခါ ဦးဝင်းရှိန်က -

"ဆရာဗိုလ်ကို ကျွန်တော်ပြောပြ ရဦးမယ်။ ဒီတရားရှုမှတ်နည်းနဲ့ ကျွန်တော် တရားရှုမှတ်ကြည့်တယ်။ အဆင်ပြေတယ်ဗျာ။ အမှတ်စဉ်မှတ်ပြီး ထွက်လေ၊ ဝင်လေကို မှတ်ကြည့်တော့ မိနစ်(၂၀)လောက် စိတ်ငြိမ်ပြီး အေးချမ်း မှုရတယ်။ ဆရာဗိုလ်ပြောသလို နောက် ပိုင်းကျရင် အမှတ်စဉ်တွေကို ဖြုတ်ပြီး ဖြစ်ပျက်တင်ကြည့်ပြီးရှုမှတ်တယ်။ ဒီ နည်းကို ကျွန်တော် သိပ်သဘောကျ တယ်ဗျာ"

ဟု ဝမ်းမြောက်ဝမ်းသာပြန်ပြော ပြပါသည်။

စာရှုသူအပေါင်းလည်း ဒီတရား ရှုမှတ်နည်းကို ကျင့်ကြံအားထုတ်ကြည့် ပါ။ ထွက်လေ၊ ဝင်လေကို အမှတ်စဉ်နှင့် မှတ်၍စိတ်ကိုတည်ငြိမ်အောင်မှတ်ကြည့် ပါ။ ဒီအားထုတ်ရှုမှတ်နည်းကို သွား၊ ထိုင်၊ ရပ်၊ လျောင်း ကွဲရိယာပုတ်(၄)မျိုး နှင့် မိမိနှစ်သက်သော ကွဲရိယာပုတ်နှင့် အားထုတ်ရှုမှတ်နိုင်သည်။

ဒီတရားရှုမှတ်နည်းကို နေ့ပြည် တော် သတ္ထဌာနသာသနာရိပ်သာ ဝိပဿနာတရားစခန်းကထုတ်ဝေသော 'ဝိပဿနာရှုနည်းအကျဉ်း' စာအုပ်စာ မျက်နှာ(၅၆)တွင် ကန့်ဆရာတော်နည်း ဟူ၍ ဖော်ပြပါရှိသည်။

❑ မိမိ၏စိတ် အဝေးကို ထွက်မသွား အောင် ပြုလုပ်ကျင့်ကြံခြင်းသည် **သမာဓိ**၊
ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့အပေါ်၌ မမြဲခြင်းဟူ၍သိခြင်းသည် **အနိစ္စ**၊
မမြဲခြင်းအကြောင်းဆင်းရဲမှုသည် **ဒုက္ခ**၊
ထိုမမြဲခြင်း၊ ဆင်းရဲခြင်း တည်း ဟူသော တရားအပေါ်၌ အစိုးမရ ခြင်းဟု သိမြင်ခြင်းသည် **အနတ္တ**၊
ဤသို့ သမာဓိစိတ်ဖြစ်ပေါ် မှုကို လက္ခဏာ (၃) ပါးတင်၍ သိခြင်း မြင်ခြင်းသည် '**ဝိဇ္ဇာဉာဏ်**' **ပညာ** ဖြစ်ပါကြောင်း -

သမထဝိပဿနာမှသည် မဂ်ဖိုလ် ကို မျက်မှောက်ပြုနိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ရေးသားလိုက်ရပါသည်။

ဗိုလ်မင်း (မင်းဇင်)

ကလေးသူငယ် ဝမ်းဗောဝမ်းရောင်လိမ်းဆေး

နုနယ်ငယ်ရွယ်တဲ့ ကလေးသူငယ် တွေ ဝမ်းဗောဝမ်းရောင်ဖြစ်ရင် တိုက် ကျွေးတဲ့ဆေးထက် လိမ်းတဲ့ဆေးက ပို ပြီး ထိရောက်တဲ့အပြင် ဘေးထွက်ဆိုး ကျိုး ကင်းဝေးစေပါတယ်။ ဇီလိုရေးတာ ဟာ အလွတ်မဲ့ရေးတာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ဇနီးသည်တို့ဟာ သား (၃) ယောက်၊ သမီး(၁)ယောက်ကို ဒီလိမ်း ဆေးတွေနဲ့ ကျန်းမာကြီးပြင်းစေခဲ့ပါ တယ်။ အခုဆိုရင် ကျွန်တော့်သားကြီး ဟာ ကျောင်းဆရာကြီးတစ်ယောက် ဖြစ် နေပြီး သမီးတစ်ယောက်က ရှေ့နေဖြစ် နေပါပြီ။ ဒီသားဒီသမီးတွေ နို့လည်းစို့၊ ထမင်းလည်းစားစအရွယ်တွေမှာ ဝမ်း ဖောဝမ်းရောင်ဖြစ်ရင် အခုတင်ပြမယ့် လိမ်းဆေးတွေနဲ့ပဲ ဘေးထွက်ဆိုးကျိုး ကင်းစွာနဲ့ ကျန်းမာ ကြီးပြင်း လူလား မြောက်ခဲ့ပြီဖြစ်ပါတယ်။

ကလေးသူငယ်တွေရဲ့ ဝမ်းဖော ဝမ်းရောင်ဟာ သိသာထင်ရှားပါတယ်။ ဝမ်းဗိုက်ပြည့်ဖောင်းတင်းနေပြီး လေနဲ့ ဝမ်းနဲ့ မကွဲပါဘူး။ ကလေးဟာ ဝမ်းဗိုက် ပြည့်ဖောင်းတင်းနေတဲ့အတွက် အသက် ရှူရင် တအင်းအင်းနဲ့ အင်းထိုးနေတတ် ပါတယ်။

အသင့်တော်ဆုံး ဘေးထွက်ဆိုး ကျိုးကင်းပြီး ကျွန်တော့်သားသမီးများ ကို လက်တွေ့ အသုံးပြုလိမ်းပေးခဲ့တဲ့ လိမ်းဆေးများကတော့-

သနပ်ခါးအမြစ်ကို ခရန့်ပျစ်ပျစ် သွေးရပါမယ်။ ပြီးရင် ကံ့ကော်ဝတ်ဆံနဲ့ စမုန်နက်စေ့ပါရောကြိတ်သွေးပြီး နှမ်းဆီ နဲ့ဖျော်ပါ။ ဝမ်းဗိုက်ကို အောက်သပ်ပြီး လိမ်းပေးပါတယ်။

သို့မဟုတ် ဖာလာ၊ စမုန်နက်၊ မီးဖိုချောင်သုံး ဂိုးရိုးဆား အမျှစီ ရော ကြိတ်ပြီး နှမ်းဆီနဲ့ဖျော်၊ ဝမ်းဗိုက်ကို သပ်ချလိမ်းပေးပါ။

မိမိလက်လှမ်းမီရာ ကြိုက်ရာ တစ်မျိုးမျိုးကို အသုံးပြုလိမ်းပေးပါ။ တစ်နာရီအတွင်းမှာ လေလည် ဗိုက်ချပ် ပြီး ကလေးဟာ ရယ်မောကျန်းမာလာပါ လိမ့်မယ်။ လက်တွေ့ ဂိုးရာကလေး သူငယ်လိမ်းဆေး ဖြစ်လို့ တိမ်ကော ပယောက် မဖြစ်ရအောင် ရေးသားလက်ခံ အပ်ပါတယ်။

နေမဝင် (နေဝင်မောက်)

www.burmeseclassic.com

www.burmeseclassic.com

ချာအန်း၊ မယင်းကြီး၊ နဘုလယ်၊ ပရဒတ်သို့

မောင်စိမ်းငယ်(ထားဝယ်)

ကျောက်တောင်ဦးကျွန်းကွင်းမြင်ရထား ကျောက်စေတီတော်ကြွေတိုက်စေတီ

ခု ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းဖြစ်သူ မဥဝါဝါကျော်၏မင်္ဂလာဆောင်သို့သွားရန် ဝေဖြိုး ကျွန်တော့်အိမ်သို့ရောက်လာသည်။ ကျွန်တော်တို့ ရုံးအဖွဲ့သားအားလုံး နံနက် (၅) နာရီ စုရပ်၌ရောက်နေကြပြီး အကြိုကားကိုစောင့်နေကြ၏။ လမ်းတစ်ဖက်မှဝယ်ပြီး သက်ဦးဇင်လာပေးသော ဘိန်းမုန့်ပူပူနွေးနွေးကို အဆာပြေစားရသည်မှာ အရသာရှိလှ၏။ မင်္ဂလာဆောင်သွားမည့် ငပိတက်ရွာကို ရောက်ဘူးသဖြင့် စိတ်စောနေမိသည်။ ဝင်လယ်ကမ်းခြေရွာဟု အကြမ်းဖျင်းသိထားပြီး ထားဝယ်မှ မိုင် (၃၀) ကျော်



နဘုလယ်ခြေတော်ရာစေတီမြတ်

မယင်းကြီးကမ်းခြေဘုရား၊ ရှေးဟောင်းစေတီ

နဘုလယ်ခြေတော်ရာ လျောင်းတော်မူရုပ်ပွားတော်

ရှေးဟောင်းနိမိတ္တဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com

မယင်းကြီးကမ်းခြေ အာလုံခံတန်ဆောင်းမှ စကျင်ကျောက်ရွေးဘုရားဆင်းတုတော်များ

ဂန္ဓကုဋိတိုက်ကြေးဘုရားကြီး



နဘုလယ်ခြေတော်ရာ ဗောဓိညောင်ပင်ထိုင်တော်မူရုပ်ပွားတော်

ကျွမ်းခြေရာ ရုပ်တော်မူရုပ်ပွားတော်



ကျွမ်းခြေရာ ပြိုဟ်ကြီး (၇) ထုံး နတ်ကြီး (၄) ယိုး တံခွန်တိုင်နှင့် ရုပ်တော်မူ

နဘုလယ်မြတ်စွာဘုရားခြေတော်ရာ

ကြောင်း၊ ကားကြို/ပို့နှင့် ဘုရားဖူးအစီအစဉ်ပါကြောင်းဆိုသဖြင့် ရုံးပိတ်ရက်နှင့်လည်း တိုက်ဆိုင်နေပေရာ အပြောင်းအလဲအဖြစ် လိုက်ပါသည့်ဝန်ထမ်းများ ပျော်ရွှင်ကြရသည်။

ဆောင်းမမည် နွေမပီသောရာသီ။ တစ်ချက်တစ်ချက် ဝေဝဲဆောင်းလေအသုတ် စိမ့်ခနဲ အအေးဓာတ် မသိမသာခံစားရသည်။ ထားဝယ်မြစ်ဖြတ်ကူးချိန် (၅) နာရီခွဲပေပြီ။ နှင်းမကွဲသေး၊ ဇာပဝါနှင့် လောကကို ခြုံထားဆဲရှိသေး၏။ အတန်းညီညီစစ်သားများပမာ ရော်ဘာပင်ခြုံကြီးတစ်ခြုံ ဖြတ်လာခဲ့မောင်းမကန်တောင်ထိပ်သို့အရောက် လေတဝူးဝူးကြိုဆိုသည်။ ရေခဲမိုးလမ်း

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓကုဋိတိုက်ရုပ်ပွားတော်မြတ်ကြီးများ

ဓမ္မာရုံအတွင်း ဆင်းတုတော်များ

အလိုအလျောက် (၄၀)ဒီဂရီ ရွေ့လျား တိမ်းစောင်းသွားသော ရုပ်ပွားတော်မြတ်ကြီး



ဂန္ဓကုဋိတိုက်ရုပ်ပွားတော်မြတ်ကြီးများ ကြည့်ညှိရာပုံ

ယောင်းကြီးရွာဟောင်းစေတီဝတ္ထုရာဆင်းတု

ခွဲတွင် သူသူငြိမ်းစောင့်နေသည်။ တျန်တော်တို့စီးလာကြသောကားသည် ပန်းတင်အင်း၊ ညောင်ပင်ဆိပ်၊ မူးဒူးကိုဖြတ်၍ အသစ်ဖောက်ထားသော မြေသားလမ်းအတိုင်း ရေဖြူမြို့နယ်သို့ ဝင်သည်။ (၇) နာရီခွဲလောက် ပေါတက်ရွာရောက်သဖြင့် အစအဆုံးရာအဆင်ပြေ၏။

၁ ချာအန်းရေနက်ဆိပ်ကမ်း

ပေါတက်ကား အိမ်မြေ (၁၅၀) ကျော် ပင်လယ်ကမ်းငါးဖမ်းတံငါရွာကလေး ဖြစ်သည်။ တိုက်ခံပျဉ်ထောင်သွပ်မိုးအိမ်များရှိသလို မျှားသောအားဖြင့် နေမိုးငါးကာတောသစ်တိုင်တဲသာသာအိမ်ကများ၏။ ရေပတ်လည်ရောက်သောနေရာဖြစ်ပြီး ဘုန်းကြီးကျောင်းကို ရေဝိုင်းကျောင်းဟု အမည်ပေးထားသည်။ ကပ္ပလီပင်လယ်၏အစိတ်အပိုင်းထားဝယ်ဒေသ ချာအန်းကမ်းမြေတစ်နေရာဖြစ်သည်။ရေဖြူမြို့နယ် နဘူလယ်အနီး မြင်းထီးအုပ်စု ညောပြင်တွင် တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်းရေယာတွင် ပါဝင်၏။

ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီးစီးသွားလျှင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ ကာ

www.burmeseclassic.com

www.burmeseclassic.com

ပူ၊ ဗီယက်နမ်အပြင် တရုတ်၊ အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိက နှင့် ဥရောပမှ သင်္ဘောကြီးများဝင်ထွက်ဆိုက်ကပ်နိုင်ပြီဖြစ်၍ ၎င်းနိုင်ငံများ၏ ကုန်စည်ကူးသန်းရောတွင် မလတ္တာရေလက်ကြားကို ဖြတ်သန်းရန် မလိုတော့။ ရေမိုင် ၁၂၅၀ အချိန် (၄) ရက် လျော့နည်း ချွေသွားပေမည်။ ထိုင်းနိုင်ငံဘန်ကောက်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းမှာ (၃၇၅) ကီလိုမီတာခန့်သာ ကွာဝေးသဖြင့် ထားဝယ်ဒေသကိုဖြတ်ပြီး ကုန်းလမ်းခရီးနှင့် သယ်ယူပို့ဆောင်ပါက အချိန်နှင့် သယ်ပို့စရိတ်များစွာသက်သာသွားမည့်အပြင် ကုန်ပစ္စည်းလတ်ဆတ်မှု အကျိုးရှိမည်ဟု ဆို၏။ စေစေဝက ရေနက်ဆိပ်ကမ်းမှ မြန်မာ-ထိုင်းနယ်စပ်သို့ဖောက်ထားသောကားလမ်းမကြီးကို ကျွန်တော်တို့ဖြတ်ခဲ့သေးသည်။

ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ ကုမ္ပဏီအဆောက်အအုံကြီးများ၊ စည်းရုံးဆင်ဂုတ်စိုက်မြေကျယ်ကြီးများ၊ စွေးပန်းခြံကျောင်းသတ်မှတ်နေရာများ၊ စက်ကြီးစက်ငယ်အမျိုးမျိုး မြင်တွေ့ရသည်။ ချာအန်းပင်လယ်ကမ်းခြေသည် ရှည်လျားပြီး ရေနက်၏။ ပင်လယ်နှင့်တိုက်ရိုက်ဆက်၍ လှိုင်းထန်သည်။ ဒီရေအတက်အကျကြမ်းသည်။ကျောက်ဆောင်



နဘုလယ်ခြေတော်ရာဘုရား ကွမ်းစင်တိုင်ကြီးနှင့် ဂန္ဓကုဋီ တခမ်းတနား

နဘုလယ်ခြေတော်ရာဘုရားဆောင်းအနီး



ကျွဲမင်းအခြေရာအား ဆန်းကဝ်

ရုပ်ပွားတော်နောက်မှတွေးတောကြည်ညိုဖွယ်

www.burmeseclassic.com

www.burmeseclassic.com

မယင်းကြီးကမ်းခြေ ကျောက်တုံးဟင်္သာ စေတီတယ်

မယင်းကြီးစေတီအသစ်



ကျွန်းခြေရာစေတီတော်ဘုရား

ခရစ် ၁၈၈၇ ခုနှစ် ပြီတိသျှ ကိုလိုနီ ခေတ်နယ်ချဲ့အစိုးရအုပ်ချုပ်စဉ်ကာလ ထားဝယ်အရပ်သို့ လျှို့ဝှက်ရောက်ရှိလာသော ရှမ်းစော်ဘွားအမျိုးအနွယ် မောင်နို (ရှမ်းဇနို) ဆိုသူ ဦးဆောင်၍ မြို့ပိုင်နှံစိုက်ရာ နဘုလယ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက် မီးရှို့ဖျက်ဆီးသဖြင့် ရွာသူရွာသားအချို့တို့က မုယင်းစပါးစိုက်ပျိုးရာလယ်ကွင်းသို့ ပြောင်းရွှေ့နေထိုင်ကြရာမှ နောင်တွင် တဖြည်းဖြည်း လူ

ဖို့ ကျွန်းမခံ၊ လူအရောက်အပေါက်နည်း၏။ ရေသန့်၍ကြည်သည်။သဘာဝအခြေအနေတည်မြဲသည်။ နိုင်ငံခြားသားများ တန်းတန်းစွဲလာကြသည်ဟု ဒေသခံတို့က ပြောသည်။ ရေနက်ဆိပ်ကမ်းကြောင့် မလွဲမသွေရင်ဆိုင်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထုရေထုညစ်ညမ်းမှုများရှိလာမည်ကိုလည်း ပူးရိမ်နေဟန်တူ၏။ ရုံးအဖွဲ့သားတို့က အပူအပင်ကင်းကင်း လွတ်လပ်စွာ ဝင်လယ်နောက်ခံလျက် သဲခဲ့၌ တပျော်တပါး ဓာတ်ပုံရိုက်ကြသည်။

မယင်းကြီးကမ်းခြေဘုရား

ကျွန်တော်တို့သည် နွေလယ်ထမင်းစား တစ်အောင့်တစ်နားနားပြီးနောက် မယင်းကြီးဘုရားသို့ ဘုရားဖူးသွားကြသည်။ ရေနက်ဆိပ်ကမ်းကားလမ်းမကြီးအနောက်ဘူးစူးအဆုံး ချက်ပွင့်နေရာမှ မြောက်ဘူးစူးသို့ ကမ်းခြေနှင့်မျဉ်းပြိုင် အပြောင့်အတိုင်း (၁၀) မိနစ်ခန့်မောင်းရသည်။ ဒေသခံတို့က ကမ်းခြေဘုရား ခေါ်သော မယင်းကြီးဘုရားအား အမှန်ပင် ကမ်းစပ်ရှိ ကျောက်တောင်ဦးစွန်းတွင် ဖူးမြော်ရ၏။

ကျောက်မော်တင်ရွှေတိဂုံစေတီကို သာသနာနှစ် ၂၅၅၆၊ ကောဇာနှစ် ၁၃၇၄၊ ခရစ်နှစ် ၂-၈-၂၀၁၂ ကြာသပတေးနေ့ အုတ်မြစ်ချမင်္ဂလာကို ကျောက်မော်တင်ကျောင်းဆရာတော် ဦးသုနန္ဒနှင့်ထားဝယ်ရေနက်ဆိပ်ကမ်းအထောက်အကူပြုရုံးအဖွဲ့ယာယီဥက္ကဋ္ဌဦးတင်မောင်ဆွေနှင့် ရုံးအဖွဲ့သားများ၊ အီတာလျံတိုင်းကုမ္ပဏီဝန်ထမ်းများ၊ စေတနာရှင်များ စုပေါင်းတည်ထားပြီး ၁၃၇၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက် ထီးတော်တင်ပြီးသည်။ အများပေါင်းစုမြတ်ကောင်းမှု နတ်လူသာဓုခေါ်စေသော် ကမ္ဘည်းစာရေးထိုးထားသည်။

ဟိုးကမ်းစပ် ကျောက်ချပ်နဂါးရုံဘုရား၊ ကျောက်တုံးပေါ် စေတီငယ်တစ်ဆူ၊ ကမ်းဇေယျာဦးစေတီအမည်တွင်လျှင် လိုက်ဖက်မည်ဟု ကျွန်တော်တွေးမိသည်။ ကျောက်တုံးကျောက်ချပ်အထပ်ထပ်ဆီသို့ လှိုင်းက ပြေးဝင်ဆောင့်၊ ဝုန်းခနဲလှိုင်းခေါင်းကွဲသံ၊ ဖွားခနဲ ပြာထွက်လွင့်ပျံသွားသော ရေပန်းဖွားခွမည်းပါပေ။ ကပွလီပင်လယ်သို့မျက်နှာမူသော ဤကျောက်မော်တင်ဘုရားတောင်အရှေ့ဘက်၌ မဲယင်းကြီးရွာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

မယင်းကြီးကဝမ်းခြေ နဂါးနဲ့ဘုရား

ကတ္တသိပင်ထပ် ရွာအနောက်ဂေါ်းခြေရောက်ပျိုရွှင်

ရွာအနောက်ဂေါ်းခြေသဲခဲမဲ့ကြောင် ဝုံးအလွှဲ့ အမှတ်တရ

ပရစောက်ကျွဲမင်းခြေရာ

နေအိမ်ခြေ တိုးတက် များပြားလာပြီး နောက် ထိုရွာကို မယင်းကြီး (မုယင်းကြီး) ရွာ ခေါ်တွင်ကြောင်းဆိုပါသည်။

ကျောက်မော်တင်စေတီအထက်နား ရှေးဟောင်းစေတီသို့ ဂေါပကအဖွဲ့ဝင် ဦးကံသီး လိုက်လံပြသသည်။ ဥာဏ်တော်မမြင့်ပါ။ ပလွင့်ခဲ့မရှိ စေတီလုံးပတ်ထည်၏။ စွန့်တော်တစ်ထပ်ခံ၏။ ရင်စည်းအထက်သပိတ်မှောက်မှ အဖျားစူထွက်နေသည်မှာ ထူး၏။ စေတီအရှေ့မုခ်လိုက်ဂူ၌ ဆင်းတုတစ်ဆူ စံပယ်လျက်ရှိသည်။ ထိုရှေးစေတီနှင့် ကပ်၍ အာရုံခံတန်ဆောင်းကြီးရှိသည်။ စကျင်ကျောက်ဖြူဆင်းတုတော်ထိုင်တော်မူရှေးဘုရားများဖူးတွေ့ရသည်။ တောင်တက်လမ်းတစ်ဝက်၌ စေတီအသစ်တည်နေ၏။

❑ နဘုလယ်မြတ်စွာဘုရားခြေတော်ရာ

ထားဝယ်ဘုရားသမိုင်းအဆိုအရ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် (၁၁) ဝါ မြောက်တွင် ဒုရကတိုင်း ထားဝယ်သို့ ကြွရောက်လာစဉ် နဘုလယ်အနီး သုဝဏ္ဏဂီရိတောင်ကုန်းသို့ရောက်သောအခါ စတ္တပါလကျွဲမင်းက မြေစာမြက်လှူဒါန်းပူဇော်သည်။ မြတ်စွာဘုရားရှင်က ဤစတ္တပါလကျွဲမင်းသည် ငါဘုရား၏အထောက်အပံ့ကိုရ၍ ငါဘုရားအား မြေစာမြက်လှူဒါန်းရသောအကျိုးကြောင့် နတ်ပြည်တွင်ဖြစ်ပြီးနောက် စုတေ၍ တစ်ဖန် လူပြည်၌ဖြစ်ပြီးလျှင် မင်းအဖြစ်ကို ရလတ္တံ့။ ထိုအခါ ငါဘုရား၏ သာသနာကိုခိုးမြင့်လတ္တံ့။ ယခုငါဘုရား ကြွသွားပြီးနောက် ဤကျွဲမင်းသည်

www.burmeseclassic.com

www.burmeseclassic.com

နှလုံးမသက်သာ၍ စုတေလတ္တံ့။ ငါ ဘုရားအား အာရုံမပြတ် အမှတ်ရစေခြင်းငှာ ဤတောင်ကုန်း၌ ခြေတော်ရာ တစ်ဆူချတော်မူအံ့"

ဟု မိန့်တော်မူပြီး လက်ဝဲခြေတော်ရာကိုချထားခဲ့သည်။

စက္ကပါလကျွဲမင်း ဘုရားရှင်ကို ခြေစာမြက်ဖြင့် လှည့်လည်ပူဇော်ခြင်းကြောင့် ဖူးလည် (၀၆) ဖူးလယ်ခေါ် ရာမနာလယ်ဖြစ်လာသည်ဟု ဆို၏။ ထိန်းကြီး၊ မယင်းကြီး၊ ပရဒတ်၊ လဲရောင်၊ မူးဒူးကျေးရွာအုပ်စုတို့ကို စုပေါင်းလျက် နာလယ်ဟုခေါ်သည်။

ဗုဒ္ဓစက် (၁၀၈) ကွက် ထူထွင်းပူဇော်ကာ နဂါးရုံထားသော ခြေတော်ရာကို ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်တော်မူလျက် ကြည်ညိုဖူးမြင်ရသည်။ ၁၈-၅-၂၀၁၀၊ ကြာသပတေးနေ့ မွန်းလွဲ (၃း၃၀) ရေဖြူမြို့၊ ခမ္မာမကကျောင်းဆရာတော် ဦးဝေပုလ္လ (ဥက္ကဋ္ဌ၊ မြို့နယ်သဘာနာယကအဖွဲ့) မြတ်စွာဘုရားခြေတော်ရာအား ဖူးမြော်နေစဉ် ကိုထင်မင်းလွင် (ကိုဖိုးထူး) မှ ရိုက်ကူးခဲ့သည့် ပုံတော်(၇)ပုံအနက် ရောင်ခြည်တော်တွန့်မြွေးနေသည့်ပုံတော်ကို မှတ်တမ်းတင်ထားပါသည်။

ကျွန်တော်တို့ငယ်စဉ်က ဤနာဘုသယ်ခြေတော်ရာအလယ်တည့်တည့်မှ (၃) ရက်တိုင်တိုင် သွေးစိမ်းရင်ရင်ထွက်သည်ဟု လူကြီးသူမတို့ ပြောစကားကို ကြားခဲ့ရဖူးပါသည်။ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံး စံပယ်လျက်ရှိသော ရွှေဟောင်နိမိတ္တဆင်းတုတော်ကိုငဲ့၍ ကြေးသွန်းဘုရားပူဇော်ရန် ကြဲစည်သောအခါ ရွာသားတို့အား အိပ်မက်အမျိုးမျိုးပေးသောကြောင့် မအောင်မြင်ဟုလည်း သိရသည်။ ကွမ်းစင်တိုင်ကြီးများနှင့် တခမ်းတနား ဂန္ဓာကုဋိ၌ ကြေးဘုရားကြီး တစ်ဆူ အပါအဝင် ဗုဒ္ဓရုပ်ပွားတော်များ ကြည်ညိုဖူးရသည်။ အတွင်းပိုင်း အမျိုးသမီးမဝင်ရစာတန်းနှင့် သတိခါးငယ်ခြားထား၏။

နိမိတ္တဆင်းတုတော်၏ အနောက်ဘက်တည့်တည့် ထိုင်တော်မူ ရုပ်ပွားတစ်ဆူ၏ လက်ယာဒူးတော်ဘက်ပလ္လင်သည် ချဉ်လျင်လှုပ်ခြင်းမရှိဘဲ ထူးထူးခြားခြား သူအလိုလို ရွှေ့သို့ (၄၀) ဒီဂရီ ရွှေ့လျားသွားစေခဲ့သဖြင့် ဘုရားကျောင်းဆောင်သို့ ဦးတိုက်ထိကပ်နေ၏။ ယခင်ဘုရားရုပ်ပွားတော်ရှေ့မှ ဖြတ်သွား၍ရသော်လည်း ယခုလမ်းပိတ်သွားပြီဖြစ်သောကြောင့် ရုပ်ပွားတော်နောက်ကသာ သွားလာကြည်ညိုရတော့သည်။



ထားဝယ်ရေနက်ဆိပ်ကမ်းဟာဇွဲနေရာပြမြေပုံ

၁ ပရဒတ်ကျွဲမင်းခြေရာ

နာဘုလယ်မြတ်စွာဘုရားခြေတော်ရာနှင့် (၁) မိုင်အကွာ ပရဒတ်ရွာ၌ စက္ကပါလကျွဲမင်းခြေရာရှိသည်။ ဘုရားရှင် ဗာဒီတ်အတိုင်း ကျွဲမင်းသည် ဘုရားရှင် ခြေတော်ရာကို နေ့စဉ်ပူဇော်ကာ ဘုရားအဆုံးအမနာယူ၍ တရားကျင့်ရင်း ကျောက်ထက်တွင် အဓိဋ္ဌာန်လျက် ကျွဲမင်းခြေရာချပြီး စုတေသည်ဟု သမိုင်းလာသည်။

လွန်ခဲ့သော ၂၇၇ နှစ်ခန့်က လဲရောင်ရွာသား မောင်ဖိုးရောင် ဆိုသူသည် တော်လည်အမဲပစ်ရင်း ကျောက်တုံးကျောက်တောင်ကုန်းငယ်တစ်ခုပေါ်တက်၍ သားကောင်ကို ချောင်းမြောင်းလေရာ တစ်ခုသော ကျောက်ပြားကြီးပေါ်၌ ကျွဲခြေရာကြီးကို ထင်ထင်ရှားရှား တွေ့ရ၏။ ထူးခြားသော ထိုကျွဲခြေရာကြီးအနီးတစ်ပိုက် ချဉ်ပွယ်သစ်ပင်ခုတ်ထွင်ရှင်းလင်းပြီး ကောဇာ ၁၁၀၀ပြည့်၊ တပို့တွဲလဆန်း ၉ ရက်၊ ကြာသပတေးနေ့တွင် သိမ်ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်သည်။ ဦးဖိုးရောင် (၉၅) နှစ် ကွယ်လွန်လျှင် သားမောင်ပြန်က ဆက်လက် ထိန်းသိမ်းပြီး စေတီငယ်တစ်ဆူတည်ရာ ကောဇာ ၁၂၀၁၊ တပို့တွဲလပြည့် ပြီးစီးအောင်မြင်သည်။ ကျွဲမင်းခြေရာစေတီဟု ခေါ်တွင်၏။ ၁၃၅၂ မှစ၍ ပရဒတ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကြီးမှူး၍ နှစ်စဉ် တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်အထိ (၇) ရက်တိုင်တိုင် ကျွဲမင်းခြေရာ ဘုရားဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ယနေ့အထိ ကျင်းပလျက်ရှိ၏။

ကျွဲမင်းခြေရာစေတီရင်း၌ မည်းကြုတ်ကြုတ်ကျွဲမင်းပုံထုလုပ်ထားသည်။ ခမ္မာရုံတွင် ထိုင်တော်မူဆင်းတု (၃) ဆူ နှင့်အတူ ကျွဲမင်းခြေရာ အထင်အရှားတွေ့ရသည်။ ကျွဲမင်းခြေရာစေတီနှင့် ကပ်လျက်နေရာသည် ကျွဲမင်းအိုပ်ရာအိုင်ဟု ဆိုသည်။ ထိုအိုင်တစ်ခြမ်းပါ၍ စေတီတစ်ဆူကို ၁၃၁၅ တွင် ဘုရားဒကာ ဦးဘိုးသား တည်ထားကိုးကွယ်ခဲ့သည်။ ကုန်းတော်အရှေ့ခြမ်းတွင် နောက်လူတို့တည်ထားသော ရုပ်တော်မူ ရုပ်ပွားတော်ကို သပ္ပာယ်စွာ ဖူးမြော်ရသည်။ ဗုဒ္ဓရုပ်ပွားတော်ကို သပ္ပာယ်စွာ ဖူးမြော်ရသည်။ ဗုဒ္ဓရုပ်ပွားတော်များ။ ဂျီပ်ကြီး (၈) လုံး၊ နတ်ကြီး (၄) ပါး၊ တံခွန်တိုင်၊ ဘုရားတန်ဆောင်း၊ ရေတွင်း ရေကန်၊ သိမ်၊ ဇရပ် သာသနိကအဆောက်အအုံများစွာတို့ ကုန်းတော်အထက်၊ အောက် ပြည့်စုံလျက်ရှိသောကြောင့် သာသနာတော်အခွန်ရှည်ခိုင်ခဲ့တည်နေသော သက်သေအထောက်အထားများပင် ဖြစ်တော့သည်။

မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား အသိပေးတရားဖြစ်သော အပွမာဒေန သမ္မာဒေထ မမေ့မလျော့ မပေါ့မဆ အစဉ်သဖြင့် သတိတရားနှင့်နေကြရမည်သာတည်း။

မောင်စိမ်းထွေး (ထားဝယ်)

www.burmeseclassic.com

လူမြင့်

(ရန်ကုန်ဒေတွေ့သို့၏)

လေးစားကြည်ညို မြတ်ပုဂ္ဂိုလ်များ

ဘုရားသခင်လက်ထက်တော်၌ သဒ္ဓါကြည်ညိုသော လူသူတော်တို့သည် မိမိတို့၏ သားနှင့် သမီးတို့ကို ဤသို့ ဆုံးမခဲ့ကြပါသည်။ သားပေဟာဂိန်းတို့ အတွက် ရဟန်းတည်းဖြစ်ငြားမူကား ရှင်သာရိပုတ္တရာမထေရ်နှင့် ရှင်မောဂ္ဂလာန်မထေရ်မြတ်နှစ်ပါးတို့၏ အကျင့်ကို နည်းယူပါကုန်။ လူတည်းဖြစ်ငြားမူကား စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကသိတင်းဦး ယောကျ်ားမြတ်နှစ်ဦးတို့၏ အကျင့်ကို နည်းယူပါကုန်။ သားမိန်းမတို့အတွက် ရဟန်းတည်းဖြစ်ငြားမူကား ခေမာထေရီနှင့်ဥပ္ပလဝဏ်ထေရီရဟန္တာမိန်းမမြတ်နှစ်ပါးတို့၏အကျင့်ကို နည်းယူပါကုန်။ လူတည်းဖြစ်ငြားမူကား ခုဇ္ဇုတ္တရာခေါ် ဥတ္တရာဒကာမနှင့် နန္ဒမာတာဒကာမ ဟူသော မိန်းမမြတ်နှစ်ပါးတို့၏အကျင့်ကို နည်းယူပါဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ကြသည်။

မိဘတို့သည် သားသမီးတို့ကို ဆုံးမသြဝါဒပြုလမ်းညွှန်ရာထွင် အထက်ဖော်ပြပါ ရဟန္တာယောကျ်ားမြတ်နှစ်ပါး၊ ရဟန္တာမိန်းမမြတ်နှစ်ပါး၊ လူအရိယာသူမြတ်ယောကျ်ားနှစ်ယောက်၊ လူအရိယာသူမြတ်မိန်းမနှစ်ယောက် ဟူသော အရိယာသူမြတ် ရှစ်ယောက်တို့ကို ပုံဥပမာပြု၍ ဆုံးမသြဝါဒပြုခဲ့သည်။ လမ်းညွှန်ခဲ့သည်။

ရဟန်းပြုသူတို့၏ နည်းယူလိုက်နာရန် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ သူတော်မြတ်အကျင့်တရားများကို သာဓကပြု၍ လမ်းညွှန်ဆုံးမရာ၌ -

ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်းအလျှံထက်၌ အနောမဒဿီဘုရားပွင့်တော်မူချိန်တွင် ပုဏ္ဏားမျိုးနွယ်ဖြစ်သော သာရဒလုလင်သည် သုခွစရသေ့အဖြစ် ခံယူပြီး အနောမဒဿီဘုရားမျက်မှောက်၌ ပန်းတို့ဖြင့် ခုနစ်ရက်တိုင်တိုင် မပြတ်ပူဇော်ခဲ့သည်။ ထိုသို့ ပူဇော်ရန် ဆုတောင်းခဲ့မှုကြောင့် အနောမဒဿီဘုရားရှင်က ဂေါတမဘုရားရှင်၏ လက်ယာရံ ရှင်သာရိပုတ္တရာမထေရ်မြတ်အဖြစ်နှင့် ပညာကြီးသောအရာတွင် ဧတဒဂ်ရလတ္တံ့ဟူသော ဗျာဒိတ်ပေးတော်မူခဲ့သည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ မြတ်စွာဘုရား၏ လက်ယာရံနှင့် ပညာအရာတွင် ဧတဒဂ်ရတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ပညာအရာတွင် ဧတဒဂ်ရသော ပုဂ္ဂိုလ်မြတ်ဝိပိ ပညာရှိတို့ကို မြတ်နိုးရှိသေပြီး ပညာရှိတို့ကိုလည်း ချီးမြှောက်သည်။ သီတင်းသုံးဖော်ဖြစ်သော ရဟန်းသံဃာတော်များကိုလည်း သင်္ဂဟတရားနှစ်ပါးဖြင့် ကောင်းစွာ ထောက်ပံ့ အလုပ်အကျွေးပြုသည်။ (၇)နှစ်ရွယ် သာမဏေဇယ်၏ အဆုံးအမကိုလည်း ရိုသေစွာခံယူခဲ့သည်။ ကိုယ်၊စိတ်နှစ်ပါးကိုလည်း အမြဲထာဝရ နိုင်္ဂဟတော်မူလေ့ရှိသည်။ လာဠုဒါယီရဟန်းမိုက်၏အပြစ်ကိုလည်း သည်းခံခွင့်လွှတ်ခဲ့သည်။

ထိုနည်းတူ ရဟန်းပြုသူတို့၏ နည်းယူလိုက်နာရန် ရှင်မောဂ္ဂလာန်မထေရ်မြတ်၏ အကျင့်တရားများကို သာဓကပြုရန် လမ်းညွှန်ဆုံးမရာ၌ လည်း -

ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်းအသင်္ချေထက်၌ အနောမဒဿီဘုရားပွင့်တော်မူသောအခါ အရှင်မောဂ္ဂလာန်မထေရ်မြတ်အလောင်းတော်သည် အသည်းသွေးကြွယ်မျိုးနွယ်ဖြစ်၍ သီရိဝမနသူကြွယ်ဟုအမည်တွင်သည်။ ရှင်သာရိပုတ္တရာမထေရ်မြတ် အလောင်းတော် သရဒလုလင်နှင့် ငယ်ရွယ်စဉ်ကပင် ချစ်ခင်ကျွမ်းဝင်ခဲ့သော မိတ်ဆွေများဖြစ်ကြသည်။ သရဒလုလင်သည် သုခွစိရသေ့အဖြစ်နှင့် မိမိ၏မိတ်ဆွေ သီရိဝမနသူကြွယ်အား အနောမဒဿီဘုရားမျက်မှောက်၌ လက်ဝဲရံအဂ္ဂသာဝကဆုကို တောင်းယူရန် တိုက်တွန်းခဲ့သည်။ သီရိဝမနသူကြွယ်သည် အနောမဒဿီဘုရားမျက်မှောက်တွင် ခုနစ်ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေးသည်။ သင်္ကန်းပရိက္ခရာတို့ကိုလှူဒါန်း၍ ဂေါတမဘုရားရှင်လက်ထက်၌ လက်ဝဲရံအဂ္ဂသာဝကမဟာမထေရ်မြတ်နှင့် တန်ခိုးတော်အရာ၌ ဧတဒဂ်ရရှိမည် ဟူသော ဗျာဒိတ်တော်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်၌ ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် မြတ်စွာဘုရား၏လက်ဝဲရံအဂ္ဂသာဝကနှင့် တန်ခိုးတော်အရာ၌ ဧတဒဂ်ရတော်မူခဲ့သည်။ ရှင်မောဂ္ဂလာန်မထေရ်

www.burmeseclassic.com

www.burmeseclassic.com

မြတ်သည် ငရဲပြည်နှင့် နတ်ပြည်သို့ကြွတော်မူ၍ တရားဟောတော်မူသည်။ ငရဲပြည်နှင့် နတ်ပြည်၌ဖြစ်သော ဆင်းရဲနှင့် ချမ်းသာမှုများကို လူ့ပြည်တွင် ပရိသတ်တို့အား ကြားသိစေပြီး သံသရာတွင် သဒ္ဓါကြည်ညိုဖြစ်စေရန် ကြီးပမ်းဆောင်ရွက်ခဲ့သည်။ ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် နန္ဒောပနန္ဒနဂါးမင်းကိုလည်း တန်ခိုးတော်ဖြင့် နှိမ်နင်းဆုံးမတော်မူခဲ့သည်။ ရှင်မောဂ္ဂလာန်သည် တန်ခိုးတော်များပြ၍ အကျင့်သိက္ခာမွှမ်းမံပြုပြင်နေသော ရဟန်းသာမဏေ ငယ်များကိုလည်း ဆုံးမ၍ လမ်းညွှန်ခဲ့သည်။ နတ်ပြည်တွင်လည်း သိကြားမင်းအား တန်ခိုးတော်ဖြင့် ဆုံးမသတိပေးခဲ့သည်။

လူယောကျ်ားတို့၏ နည်းယူလိုက်နာရန် စိတ္တသူကြွယ်၏ သူတော်မြတ်အကျင့်တရားကိုသာဓကပြု၍ လမ်းညွှန်ဆုံးမရာတွင် -

ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူချိန်၌ ဒကာတစ်ယောက်ကို သဒ္ဓါဟ်ခြင်းလေးပါးတို့ဖြင့် သဒ္ဓါဟ်ထောက်ပံ့မှုဖြင့် စတဒဂ်အဖြစ် ချီးမြှင့်တော်မူသည်ကို တွေ့မြင်ခဲ့ရသောကြောင့် တရားနာနေသော ဟတ္ထာဠဝကအလောင်းတော်သည် နှစ်သက် ရွှင်လန်းခဲ့ပြီး ကြီးစွာသော အလှူအတန်းများ ပြုလုပ်ပူဇော်ကာ မိမိသည်လည်း သဒ္ဓါဟ်ထောက်ပံ့မှု၏ စတဒဂ်ရလိုကြောင်း ဆုတောင်းခဲ့သည်။ ပဒုမုတ္တရဘုရားရှင်၏ ဗျာဒိတ်တော်ကို ခံယူရရှိခဲ့သည်။

ဂေါတမဘုရားရှင် လက်ထက်တော်၌ အာဠဝိတိုင်း၌ အာဠာဝကမင်းကြီး၏ သားတော်ဖြစ်လာသည်။ ဖခင်အာဠာဝကမင်းကြီးသည် တောကစား ထွက်တော်မူရာတွင် အာဠာဝကဘီလူးမင်းပိုင်ဆိုင်သော ညောင်ပင်အောက်သို့ ဝင်ရောက် ခိုနားမိသောကြောင့် မိမိအသက်အားမှ လွတ်မြောက်စေရန် တစ်နေ့လျှင် လူတစ်ယောက်ကျစေလွတ်ခဲ့ရာ တစ်နေ့တွင် အာဠာဝကမင်းကြီး၏သားတော်တို့ ဘီလူးထံပို့လွှတ်ရမည့် အချိန်ရောက်ရှိခဲ့သောကြောင့် ပို့ဆောင်ခဲ့သည်။ ထိုအချိန်တွင် အာဠာဝကဘီလူးကြီးသည် မြတ်စွာဘုရားထံပါး၌ အကျွတ်တရားရတော်မူသောကြောင့် အာဠာဝကမင်းသားကို အာဠာဝကဘီလူးကြီးသည် ဘုရားထံ လှူဒါန်းခဲ့သည်။ ဘုရားရှင်သည် အာဠာဝကဘီလူးကို အာဠာဝကသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ အာဠာဝကမင်းသားလေးကိုလည်း အာဠာဝကမင်းကြီးထံ ပြန်လည် အပ်နှံခဲ့သည်။

အာဠာဝကမင်းသားငယ်ကြီးပြင်းလာသောအခါ ဘုရားရှင်သည် အာဠာဝကသံတို့သားကို တရားဟောကြား ညွှန်ပြတော်မူရာတွင် အကျွတ်သုံးတန်ကျွတ်၍ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ပရိသတ်တို့အား သဒ္ဓါဟ်ခြင်းလေးပါးတို့ သဒ္ဓါဟ်သောသီတင်းဦးတို့တွင် စတဒဂ် ရသောပုဂ္ဂိုလ်အဖြစ် ဟတ္ထာဠဝကသီတင်းဦး ဟူသော အမည်ဂုဏ်ဖြင့်ဖြင့် သာသနာတော်၌ ထင်ရှားခဲ့သည်။

ရဟန်းမိန်းမတို့နည်းယူလိုက်နာရန် ခေမာမိဖုရား၏ မြင့်မြတ်သော အကျင့်တရားများကို သာဓကပြု၍ လမ်းညွှန်ဆုံးမရာတွင် -

ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူစဉ် ခေမာမိဖုရားအလောင်းတော်သည် ဟံသာဝတီပြည်တွင် သူဌေးသမီးတစ်ဦးဖြစ်ခဲ့သည်။ ပဒုမုတ္တရဘုရားရှင်ထံတွင် တရားတော်နာ၍ သရဏဂုံဆောက်တည်ကာ ခုနစ်ရက်တိုင်တိုင် ဆွမ်းလှူပ်ကျွေးသည်။ ထိုအချိန်၌ ရဟန္တာမိန်းမမြတ်တစ်ဦးကို ပဒုမုတ္တရဘုရားရှင်က ရဟန္တာမိန်းမတို့တွင် ပညာကြီးသောအရာ၌ စတဒဂ်ပေးတော်မူသည်ကို တွေ့မြင်ရ၍ နှစ်သက်သဘောကျ ဆုတောင်းခဲ့သည်။ ပဒုမုတ္တရဘုရားရှင်၏ ဗျာဒိတ်တော်ကို ခံယူရရှိခဲ့သည်။

ဂေါတမဘုရားရှင် လက်ထက်တော်၌ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးဖြစ်ခဲ့သည်။ မိမိ၏လှပသောရုပ်အဆင်းကို အလွန်မြတ်နိုးသောကြောင့် အဆင်းလှပတင့်တယ်မှုကို ခိုးမွှမ်းမှုမပြု။ အဆင်းလှခြင်း၏ ပစ္စုပ္ပန်နှင့် သံသရာ အပြစ်ဖြစ်သည်ဟူ၍ ဟောကြားလမ်းညွှန်သော မြတ်စွာဘုရားရှင်ကို မဖူးမမြင်ဝံ့အောင်ရှိခဲ့၏။ နောက်ဆုံးတွင် ဗိမ္ဗိသာရမင်းကြီး၏အကြံအစည်ကြောင့် ခေမာမိဖုရားကြီးသည် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိပြီး တရားတော်ကို နာကြားရသောကြောင့် ခေမာမိဖုရားအဖြစ်နှင့်ပင် ရဟန္တာမဖြစ်ခဲ့သည်။ ခေမာထေရီရဟန္တာမသည် သာဝတ္ထိပြည်နှင့်သာကေတပြည်အကြား၌တည်ရှိသော တောရကာဝတ္တရွာငယ်၌ ခေမာထေရီသည် ဒေသစာရီလှည့်လည်ခိုက် ပသေနဒိကောသလမင်းကြီးနှင့် ဆုံတွေ့သည်။ ကောသလမင်းကြီးမေးသော သိမ်မွေ့နက်နဲသည့် ပြဿနာကို ခေမာထေရီ ဖြေဆိုခဲ့သည်။ ကောသလမင်းကြီးသည် ထိုအမေးပုစ္ဆာကိုပင် ဂေါတမဘုရားရှင်အား မေးမြန်းလိုက်ထားရာ ဘုရားရှင်သည် ခေမာထေရီဖြေသည့်အတိုင်းပင် ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသည် ခေမာ

www.burmeseclassic.com

www.burmeseclassic.com

ထေရီကို ပညာကြီးသောအရာ၌တေဒဂ် ပေးတော်မူခဲ့သည်။

ရဟန်းမိန်းမတို့ နည်းယူလိုက်နာရန် ဥပဂုတ္တရာ၏ မြင့်မြတ်သောအကျင့်တရားများကို သာဓကပြု၍ လမ်းညွှန်ဆုံးမရာတွင် -

ဤဘဒ္ဒကပ်ကမ္ပာ၏ ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီပြည်၌ ခုဇ္ဇုတ္တရာခေါ် ဥတ္တရာမိန်းမမြတ်အလောင်းသည် မြတ်သောအမျိုးအနွယ်မှ ဆင်းသက်လာသော အမျိုးသမီးတစ်ဦးဖြစ်ခဲ့ပြီး ပဒုမုတ္တရဘုရားရှင်က ဒါယိကာမတစ်ဦးကို အကြားအမြင်များသောအရာ၌ တေဒဂ်ထားသည်ကိုတွေ့မြင်ရသောကြောင့် အလှူကြီးပေးလှူ၍ နောင်အခါဘုရားရှင်တို့လက်ထက်၌ အကြားအမြင်များသော တေဒဂ်ဆုရရှိရန် တောင်းဆုပြုခဲ့သည်။ ဗျာဒိတ်ရသူဖြစ်ခဲ့သည်။

ဂေါတမဘုရားရှင်လက်ထက်တွင် ကောသမ္ဗီပြည်၌ ယောသိတသူဌေး၏ အထိန်းသမီးဥတ္တရာဟူ၍ဖြစ်လာသည်။ သံသရာတွင် ကျင်လည်စဉ် ကဿပဘုရားရှင်လက်ထက်၌ ရဟန္တာထေရီတစ်ပါးကို နှုတ်ဖြင့်စေခိုင်းမိသောဝဋ်ကြွေးနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး၏ကျောတော်ခပ်ကိုင်းကိုင်းဖြစ်သည်ကို တုပပြောင်လှောင် ရယ်ဖွယ်ပြုခဲ့သော ဝဋ်ကြွေးတို့ကြောင့် ဥတ္တရာဟူသော အမည်တွင်ခဲ့သည်။

ခုဇ္ဇုတ္တရာ (၀၂) ဥတ္တရာသည် တစ်နေ့တွင် သာမာဝတီမိဖုရားအတွက် ပန်းဝယ်သည့် ပန်းသည်ယောကျ်ား၏ အိမ်၌ ဘုရားရှင်ကို ဖူးမြင်ခွင့်ရရှိပြီး တရားနာကြားခွင့်ရခဲ့သည်။ တရားတော်ကို နာကြားရသည့်အခါ သောတာပန်အရိယာမိန်းမြတ်ဖြစ်ခဲ့ပြီး သာမာဝတီမိဖုရားနှင့် အဆွေအရင်းရာကို ဘုရားရှင်၏ တရားတော်အား ပြန်လည်ဟောကြားနိုင်ခဲ့သဖြင့် အားလုံး သောတာပန်ဖြစ်ခဲ့ကြသည်။ ခုဇ္ဇုတ္တရာ (၀၂) ဥတ္တရာသည် ဘုရားရှင်၏ တရားတော်များကို နာကြားရဖန်များလာသည့်အတွက် အကြားအမြင်များလာသည်။ ပဋိဂတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့လေသည်။ ထို့ကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်၌ အကြားအမြင်များသော လူမိန်းမတို့အနက် ဥတ္တရာမိန်းမြတ်သည် အရာ၌ တေဒဂ်ရခဲ့သူ ဖြစ်၏။

လူမိန်းမတို့၏နည်းယူလိုက်နာရန် ခုဇ္ဇုတ္တရာခေါ် ဥတ္တရာမိန်းမြတ်၏ မြင့်မြတ်သော အကျင့်တရားများကို သာဓကပြု၍ လမ်းညွှန်ဆုံးမရာတွင် -

ဤဘဒ္ဒကပ်ကမ္ပာ၏ ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီပြည်၌ ခုဇ္ဇုတ္တရာခေါ် ဥတ္တရာမိန်းမြတ်အလောင်းသည် မြတ်သောအမျိုးအနွယ်မှ ဆင်းသက်လာသော အမျိုးသမီးတစ်ဦးဖြစ်ခဲ့ပြီး ပဒုမုတ္တရဘုရားရှင်က ဒါယိကာမတစ်ဦးကို အကြားအမြင်များသောအရာ၌ တေဒဂ်ထားသည်ကိုတွေ့မြင်ရသောကြောင့် အလှူကြီးပေးလှူ၍ နောင်အခါဘုရားရှင်တို့လက်ထက်၌ အကြားအမြင်များသော တေဒဂ်ဆုရရှိရန် တောင်းဆုပြုခဲ့သည်။ ဗျာဒိတ်ရသူဖြစ်ခဲ့သည်။

ဂေါတမဘုရားရှင်လက်ထက်တွင် ကောသမ္ဗီပြည်၌ ယောသိတသူဌေး၏ အထိန်းသမီးဥတ္တရာဟူ၍ဖြစ်လာသည်။ သံသရာတွင် ကျင်လည်စဉ် ကဿပဘုရားရှင်လက်ထက်၌ ရဟန္တာထေရီတစ်ပါးကို နှုတ်ဖြင့်စေခိုင်းမိသောဝဋ်ကြွေးနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး၏ကျောတော်ခပ်ကိုင်းကိုင်းဖြစ်သည်ကို တုပပြောင်လှောင် ရယ်ဖွယ်ပြုခဲ့သော ဝဋ်ကြွေးတို့ကြောင့် ဥတ္တရာမိန်းမြတ်၏ မိဖုရား သာမာဝတီ၏အစေအပါးဖြစ်ခဲ့သည်။ ခါးကိုင်းသောကိုယ်အင်္ဂါချို့တဲ့မှုဖြစ်ခဲ့ရသောကြောင့် မူရင်းအမည် ဥတ္တရာ ပျောက်ကွယ်၍ ခုဇ္ဇုတ္တရာဟူသော အမည်တွင်ခဲ့သည်။

ခုဇ္ဇုတ္တရာ (၀၂) ဥတ္တရာသည် တစ်နေ့တွင် သာမာဝတီမိဖုရားအတွက် ပန်းဝယ်သည့် ပန်းသည်ယောကျ်ား၏ အိမ်၌ ဘုရားရှင်ကို ဖူးမြင်ခွင့်ရရှိပြီး တရားနာကြားခွင့်ရခဲ့သည်။ တရားတော်ကို နာကြားရသည့်အခါ သောတာပန်အရိယာမိန်းမြတ်ဖြစ်ခဲ့ပြီး သာမာဝတီမိဖုရားနှင့် အဆွေအရင်းရာကို ဘုရားရှင်၏ တရားတော်အား ပြန်လည်ဟောကြားနိုင်ခဲ့သဖြင့် အားလုံး သောတာပန်ဖြစ်ခဲ့ကြသည်။ ခုဇ္ဇုတ္တရာ (၀၂) ဥတ္တရာသည် ဘုရားရှင်၏ တရားတော်များကို နာကြားရဖန်များလာသည့်အတွက် အကြားအမြင်များလာသည်။ ပဋိဂတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့လေသည်။ ထို့ကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်၌ အကြားအမြင်များသော လူမိန်းမတို့အနက် ဥတ္တရာမိန်းမြတ်သည် အကြားအမြင်များသောအရာ၌ တေဒဂ် ဖြစ်တော်မူသည် ဟူ၍ ထင်ရှားခဲ့သည်။

လူမိန်းမတို့၏နည်းယူလိုက်နာရန် နန္ဒမာတာမိန်းမြတ်၏ မြင့်မြတ်သော အကျင့်တရားများကိုသာဓကပြု၍ လမ်းညွှန်ဆုံးမရာတွင်-

ဂေါတမမြတ်စွာဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်၏တောင်မျက်နှာအရပ်တွင်ရှိသော ဝါးရုံအတိပြည့်သော ဝေဠုကဏ္ဍကမြို့ကြီး၌ စည်းစိမ်ဥစ္စာပြည့်စုံသော သူဌေးမတစ်ဦးရှိပြီး နန္ဒဟူသောသားတစ်ယောက်မိခင်ဖြစ်သောကြောင့် နန္ဒမာတာဟု ထင်ရှားခဲ့သည်။ နန္ဒမာတာမိန်းမြတ်သည် စင်ကြယ်သန့်ရှင်းစွာသော သီတင်းသီလအကျင့်နှင့် ပြည့်စုံသည်။ အခါခပ်သိမ်းလျှင်နေ့လွဲညစာမစား ရှောင်ကြဉ်နိုင်သောအကျင့်ရှိသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသောတရားတော်၊ ပဋိဂတ်သုံးပုံကို အလေ့အကျက်ဆောင်ရွက်နိုင်သည်။ အကျွတ်သုံးတန်ရလျက် အနာဂါမ်အရိယာမိန်းမြတ် ဖြစ်သည်။ ဝေဿဝဏ်မဟာရာဇမင်းကြီး၏ ပါရာယနတရားတော်မြတ်ကို ဦးခိုက်ပူဇော်ခြင်းဖြင့်ခိုးမြွေကိုက်ခြင်းခံရသော တစ်ထောင့်နှစ်ရာငါးဆယ်သော ယသေးစပါးနီကြီးများ၏သခင်၊ အလှူရှင်မလည်းဖြစ်သည်။ နန္ဒမာတာမိန်းမြတ်၏ကျေးဇူးအကျင့်သီတင်းအာစာရတို့သည် နန္ဒမာတာမိန်းမြတ်၏ကျေးဇူးအာနုဘော်ဖြစ်သည်။ အံ့ဖွယ်သရဲဖြစ်သည်ဟူ၍ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုယ်တိုင် ဖော်ထုတ်ကောင်းချီးပြုခဲ့သည်။

ထိုသို့သော လေးစားကြည်ညိုမြတ်ပုဂ္ဂိုလ်များဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ စိတ္တသူကြွယ် ဟတ္ထာဠဝကသိတင်းဦးသူမြတ်လေးပါး၏အကျင့်ကိုလည်းကောင်း၊ ခေမာထေရီ ဥပဂုတ္တရာထေရီ၊ ဥတ္တရာမိန်းမြတ် နန္ဒမာတာမိန်းမြတ် ဟူသော အရိယာမိန်းမြတ်လေးယောက်၏ အကျင့်ကိုလည်းကောင်း၊ ဤရှစ်ယောက်သော အရိယာသူမြတ်တို့အကျင့်ကို ယုံကြည်စွာ မှတ်သား ဆောက်တည်ကြကုန်ရှင်သူမြတ်တို့၏အကျင့်နှင့်တူသော မြတ်သောအကျင့်ကိုကျင့်နိုင်ကြရန် လမ်းညွှန်ဆုံးမဟောကြားတော်မူခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

ပါရာယနဝဏ္ဏ
(ရှင်မဟာသီလဝံသ)

www.burmeseclassic.com

ကျိုက်ထီးဆောင်းစေတီ

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး

တင်အောင် (စက်မှုတက္ကသိုလ်)

၂၆-၇-၂၀၁၅ နေ့။

ကျိုက်ထီးဆောင်း ဆံတော်ရှင် ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဒီပ ပျံလွန်တော်မူကြောင်း သတင်းကို ကြေးမုံသတင်းစာ စာမျက်နှာ (၈) တွင် ပါလာလေသည်။

သတင်းအပြည့်အစုံမှာ -

ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ ပျံလွန်တော်မူ

ဘီးလင်း၊ ဇူလိုင် ၂၅။

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင် ဘုရားကြီးကျောင်းတိုက် ဝေနနာယကဆရာတော် Mahachulalong Kornrajavidya University, Thailand မှ Honorary Doctorate Degree of Ph.D အပ်နှင်းခြင်းခံရသော (အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တပညာဒီပ၊ သက်တော် (၈၇) နှစ်၊ သီက္ခာတော် (၄၄) ဝါသည် ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ၂၅-၇-၂၀၁၅ ရက်၊ စနေနေ့ည နေ (၁) နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှသိရသည်။

(ကြေးမုံ)

ကျိုက်ထီးဆောင်းဆရာတော်ကြီး ပျံသွန်းတော်မူသည့်သတင်းကိုဖတ်ရပြီးနောက် စိတ်အစဉ်သည် လွန်ခဲ့သည့် ဆယ်နှစ်သို့ ပြန်ရောက်သွားလေသည်။

၉-၂-၂၀၀၅ နေ့။

ကျွန်တော်၏ ဓမ္မမိတ်ဆွေ အောင်ဝင်းနိုင် (ဘီးလင်း - သကြားတော်) ၏ ဖိတ်ကြားချက်အရ ဘီးလင်းမြို့သို့ ကျွန်တော် ရောက်ရှိနေပါသည်။ အောင်ဝင်းနိုင်၏ အကူအညီဖြင့် ကျွန်တော် ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကို လေးမြတ်စွာ ဖူးမြော်ရလေသည်။

ကျိုက်ထီးဆောင်းဆံတော်ရှင်သို့ ရောက်တော့မှပဲ 'ကမ္ဘာရှင်ဘုရင်' ဟူသောစကားကို ကြားဖူးပေတော့သည်။ ကျိုက်ထီးဆောင်းဆရာတော်၏ ခမည်းတော်မှာ ဦးစံဖေ ဖြစ်ပါသည်။ ဦးစံဖေမှာ ဆရာခေါင် ထွက်ရပ်စခန်းသို့ မမြန်းခင်က ဇုတ်သုတ်ရွာတွင် အတူတကွနေထိုင်ခဲ့ကြသည်။ ထိုစဉ်အခိုန်က ဇုတ်သုတ်ရွာတွင် ရွာသူရွာသားများ ကာလဝမ်းရောဂါကျရောက်ခဲ့စဉ် ဆရာခေါင်နှင့်အတူ ရွာအတွင်းလှည့်လည်ကာ ရွာသူရွာသားများကို ထိုရောဂါဘေးအန္တရာယ်မှကယ်တင်ခဲ့လေသည်။ ထိုကဲ့သို့ဖြစ်ရပ်ဆန်းမှာ အဆန်းတကြယ် ဖြစ်သောကြောင့် ယခုထက်တိုင် ပြောဆိုပေါင် တောသုံးတောင်ဖြစ်နေကြသည်။

ထိုအခါတွင် ထီးစုတ်ကြီးဆောင်းကာ ရွာနှီးကိုးပေါက်လျှောက်၍သွားနေကြသော ဆရာခေါင်နှင့် ဦးစံဖေတို့ကို လူအများက စိတ်ရောဂါသည် ဟူ၍ သမုတ်ခဲ့ကြကြောင်း တစ်ဆင့်စကားကြားခဲ့ရလေသည်။

ထီးစုတ်ကြီးပေါ်တွင် 'ကမ္ဘာရှင်ဘုရင်' ဟူသော စာတန်းကြီးကိုထိုးကာ လမ်းလျှောက်နေသော ဆရာခေါင်နှင့် ဦးစံဖေတို့ ရယ်ရယ်မောမောသွားနေကြသည်ကို မြင်ရသောအခါ လူအပေါင်းတို့က အမြင်ဆန်းသဖြင့် စိတ်

www.burmeseclassic.com

www.burmeseclassic.com





ကျိုက်ထီးဆောင်းဆရာတော်ကြီး ဆင်ဖြင့် ကြွချိန်ပုံ

ရောဂါသည်ထင်ကြသည်မှာ မဆန်းကြောင်း၊ ယခုမှတစ်ဖန် မိမိတို့မသိခဲ့သမျှတို့ကို အတိုးချကာ လွမ်းနေကြရကြောင်း နောင်တသံကလေးနှင့်ပြောဆိုနေကြသည်ကို တစ်ဆင့်ပြန်၍ကြားရသောအခါ ကျွန်တော့်မှာ အတော်လေးကြက်သီးမွေးညင်းထမိပါသည်။

စိတ်မနှံ့ဟုထင်သောကြောင့် ရွာထဲဝင်တာတောင် လက်မခံချင်ကြသဖြင့် ရွာပြင်သို့ နှင်ထုတ်ခဲ့ကြသောသူတို့မှာ ယခုအခါ နောင်တရ၍မဆုံးကြောင်းသိရပါသည်။

ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီးပင်လျှင် ကိုးနှစ်တိုင်တိုင် အဆင့်ဆင့်သော အကျင့်စခန်းတို့ကို ဝင်ရောက်ခဲ့ရာတွင် အလွန်ပင်ပန်းဆင်းရဲခဲ့ကြောင်း တစ်ဆင့်စကားတစ်ဆင့်ကြားသိခဲ့ရပါသည်။ ဆရာတော်၏ ဘဝအထုပ်ပါရမီမာတ်ခံမှာ ဘမျိုးဘိုးတူဖြစ်ကြောင်း ယခုမှ ပြောဆိုသံများကြားရပါသည်။ရှေးအခါကမူကား တစ်ကျော့ပြန် ဆံတော်ရှင်မြတ်သာသနာတော်ကို သုဝဏ္ဏဘူမိတွင် ပွင့်ဖော်ရန်ကြိုးစားစဉ်ကာလဖြစ်သဖြင့် ဘုဏ်းနည်းသူတို့ နည်းနည်းလေးမျှ ရိပ်မိပုံမရပါ။ ထို့ကြောင့် ပင်လျှင် တလွဲထင်တလွဲတွေးခဲ့ကြောင်း သိခဲ့ရပါသည်။

ဇုတ်သုတ်ရွာသည် ယခုအခါ နှမူနာယူစရာ စံပြကျေးရွာကြီးအဖြစ် ကျော်ကြားလျက်ရှိပါသည်။ သုဝဏ္ဏဘူမိဆံတော်ရှင်များကို နေ့ချင်းပြီး ဖူးမြော်နိုင်ရန်အတွက် ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းတို့ကို ထူးထူးခြားခြားကြိုးကြိုးစားစား ပြုလုပ်ခဲ့သည်။

ဇုတ်သုတ်ရွာသည် ဆရာတော်၏ ဇာတိချက်ကြွေမွေးရပ်မြေလည်းဖြစ်ပါသည်။ ထို့အတူပင် ဆရာတော်၏ဝိဇ္ဇာဓာတ်ပန္နက်ချရာ အောင်မြေလည်းဖြစ်သည်ဟု သိသူတို့က ဆိုကြပါသည်။

ကျိုက်ထီးဆောင်း ဆံတော်ရှင် ပတ်ဝန်းကျင်သို့ရောက်လျှင် ဘယ်နေရာလောက်မှာ ကျိုက်ထီးဆောင်းဆရာတော်ကြီးငယ်ငယ်တုန်းက၊ နွားကျောင်းသားဘဝတုန်းက နွားကျောင်း၍နေလိမ့်မည်နည်းဟု စိတ်ကူးပြင့်မှန်းဆကာ ဟိုဟိုဒီဒီမျက်စိကစား၍ကြည့်မိပါသည်။ မိမိငယ်စဉ်ကလေးဘဝ ဤကုန်းတော်ပေါ်တွင် နွားကျောင်းခဲ့ရကြောင်းကို ဆရာတော်သည် မိမိဘဝဖြစ်စဉ်ကို ဓမ္မပလ္လင်ဆင်ယင် ကျင်းပသောအခါများတွင် ပြောလေ့ပြောထရှိပါသည်။ ငယ်စဉ်အခါက ဤဘုရားကုန်းတော်ပေါ်သို့ ရောက်တိုင်း ဘာမှန်းမသိဘဲ မသိစိတ်ဖြင့် ကြက်သီးမွေးညင်းထတတ်ကြောင်း ဆရာတော်ကပြန်၍ပြောတတ်ပါသည်။

ငယ်စဉ်အခါ ကလေးတို့သဘာဝအတိုင်း ခုန်ပေါက်ပြေးလွှားကစား၍နေစဉ် ကျိုက်ထီးဆောင်းဆံတော်ရှင်ဟု ယခုအခါခေါ်၍နေကြသော်လည်း ရှေးအခါက ထီးတော်ကြီးစောင်း၍နေသောကြောင့် ထီးစောင်းဘုရားဟု လူသဘာဝအတိုင်း ရွှေမရှိတဲ့ဘုရား လူမရှိသေ ဆိုသလို ခေါ်ဝေါ်ခဲ့ကြသော ထီးစောင်းဘုရားမှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ဖူးမြင်ခဲ့ရကြောင်း ဆရာတော်မှပြန်၍မိန့်ကြားပါသည်။

ထိုစဉ်က ကစားဖော်ကစားဖက်မှာ (၆) ဦးရှိကြောင်း ဆရာတော်က မှတ်မှတ်ရရပြန်ပြောပါသည်။ သို့သော်လည်း (၆) ဦးအနက် (၂) ဦးသာလျှင် ရောင်ခြည်တော်လွှတ်သည်ကို ဖူးမြင်ရကြောင်း၊ ကျန်လေးဦးမှာ ဘာမှမမြင်ရဘဲ 'ဘာလဲ၊ ဘာလဲ' ဟု မေးကာနေခဲ့ကြောင်း သိရပါသည်။ ထူးဆန်းသောအချက်မှာ မြင်ရသော (၂) ဦးသည်လည်း ယခုထက်တိုင် သက်ရှိထင်ရှားရှိနေလျှင်

www.burmeseclassic.com

www.burmeseclassic.com

မြင်ခဲ့ရသော ထို (၄) ဦးမှာ ကံဆိုးမိုးမှောင်ကျ၍ သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရပါသည်။

ခေတ်ပျက်ခေတ်ဆိုးကာလတွင် ဇုတ်သုတ်ရွာတစ်ခုလုံး ကံဆိုးမိုးမှောင်ကျ၍ အမှောင်ဖုံးသော အနက်ရောင် နယ်မြေဖြစ်နေစဉ်ကာလများတွင် ထို (၄) ဦးတို့မှာ အသတ်ခံခဲ့ရကြောင်း စိတ်မကောင်းစွာ ကြားသိရသောအခါ ကျွန်တော့်မှာ ဘာမဆိုင်ညာမဆိုင် လွမ်းမိဆွေးမိပါ၏သေးသည်။

၂ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်စစ်သားများနှင့် ကျိုက်ထီးဆောင်းဆရာတော်ငယ်ဘဝ

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်တပ်များပြန်ဝင်လာသောအခါ ဘီးလင်းမြို့နယ်သည်လည်း အင်္ဂလိပ်တို့အရိပ်အောက်ရောက်ခဲ့ရသောနေရာဖြစ်ခဲ့ရသည်။ မဟုတ်မခံတတ်သော ဘီးလင်းသားတို့က အင်္ဂလိပ်ဖြင်းစီးစစ်ဗိုလ်အား သတ်၍ လက်နက်များလုယူထားလိုက်ကြသည်။

ထိုအခါတွင် ဆတ်ဆတ်ထိမခံတတ်သော အင်္ဂလိပ်စစ်တပ်ကလည်း ဇုတ်သုတ်ရွာမှ ရွာသူရွာသားများကို ဇက်လှမ်းမီရာခေါ်ပြီးလျှင် အနှုနည်းဖြင့် စစ်မေးမရ၍ နယ်ချဲ့နည်းဖြင့် ရွာသားများကို တစ်နေကုန် နေလှန်းဒဏ်ပေးခဲ့လေသည်။ ထိုသို့ တစ်နေကုန် နေလှန်း၍ အပြစ်ပေးသောကွင်းပြင်နေရာမှာ ယခုအခါ ကျိုက်ထီးဆောင်းဆံတော်ရှင်တည်ရာကုန်းတော်၏ ခြေရင်းနေရာဖြစ်လေသည်။

ထိုအခါတွင် ကျိုက်ထီးဆောင်းဆရာတော်အလောင်းအလျာမှာလည်း အတော်ကလေးသိတတ်သောအရွယ်သို့ ရောက်နေပါပြီ။ သို့သော်လည်း လူမျှားတွေ့ ထိုသို့နေလှန်းရန် အားလုံးအဖမ်းခံရသောအချိန်တွင် ထူးဆန်းကံကောင်းစွာဖြင့် ဆရာတော်အလောင်းအလျာအလေးမှာ တစ်နေရာတွင် အိပ်ပျော်နေလေသည်။ ကုန်းတော်တစ်နေရာတွင် ထိုသို့ အိပ်ပျော်နေသောကြောင့် အညှဉ်းပန်းခံကြရသောသူများထဲတွင် သည်းမပါခဲ့ရဘဲ ဘာမှလဲမသိဘဲနှင့် စစ်ဘေးစစ်ဒဏ်နှိပ်စက်မှုဒဏ်မှ ကင်းဝေးခဲ့ရကြောင်း ထူးဆန်းအံ့ဩဖွယ်ကြားသိခဲ့ရပါသည်။

ထိုသို့သောအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်လောင်းအလျာမှာ (၁၈) နှစ်သားအရွယ်သို့ ရောက်ရှိခဲ့ပြီး အသိဓိတ်ဆွေတစ်ဦး၏ကူညီစောင်မမှုကြောင့် ရန်ကုန်မြို့သို့ ရောက်ရှိနေထိုင်ခဲ့ရပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဖြစ်လာမည့် နာဂဝိဇ္ဇာဘိုးသစ္စာရသော့ကြီးသည် လောကီ၊ လောကုတ္တရာပညာရပ်များကို လေ့လာလိုက်စားပြီးနောက် မိမိ၏ ဇာတိရပ်ရွာဖြစ်သော ဇုတ်သုတ်ရွာသို့ ပြန်လည် ရောက်ရှိလာကာ ခုနှစ်မှာ ၁၃၃၁ ခုနှစ် ဖြစ်လေသည်။ ထိုအချိန်တွင် ဇုတ်သုတ်ရွာ၌ သူပုန်သူကန်တို့ ကြီးစိုးလွှမ်းမိုးလျက်ရှိလေသည်။ ရွာသူရွာသားတို့သည်လည်း ကျီးလန့်စာစားဟူသောစကားအတိုင်း ကြောက်ကြောက်လန့်လန့်နေရစားရလေသည်။ ညအခါ အိပ်သောအခါမှာပင်လျှင် အန္တရာယ်ကင်းအောင် ပုန်းအောင်းအိပ်ရကြောင်း တစ်ဆင့်စကားကြားသိရပါသည်။

ထိုအချိန်တွင် လူအပေါင်းတို့သည် ကပ်ရောဂါဆိုက်ကပ်နေသည်ဟု ပင်ပြော၍ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဇုတ်သုတ်ရွာသူရွာသားတို့သည် အစားဆင်းရဲရုံသာမက အနေပါဆင်းရဲလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာ ကြားသိရပါသည်။ တစ်ရွာလုံး၏ သုံးပုံနှစ်ပုံကျော်မှာလည်း ရောဂါပေါင်းစုံဖြစ်နေကြသည်။ ပလိပ်ရောဂါဖြစ်သူကဖြစ်၊ ဝမ်းရောဂါဖြစ်သူကဖြစ်နှင့်တစ်ရွာလုံးကပ်ဆိုက်လျက်ရှိပါတော့သည်။ ထိုအချိန်တွင် ဘယ်အိမ်ကိုကြည့်ကြည့် အိမ်တိုင်းမှာ ခေါင်းရင်းခန်းတံခါးပိတ်၍ထားတတ်ကြပါသည်။ သည်လို ဆိုလျှင်ပင် ကြည့်ရုံမျှနှင့်ပင် ထိုအိမ်တွင် လူနာရှိနေပြီဟု မှန်းဆနိုင်ပါသည်။

ထိုသို့သောအချိန်တွင် ယခု ကျိုက်ထီးဆောင်းဆံတော်ရှင်တည်ရာကုန်းကြီးမှာလည်း ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်လျက်ရှိပြီးလျှင် မကောင်းသူတို့ခိုရာအောင်းရာ၊ အားကိုးအားထားနေရာကြီးဖြစ်၍နေသည်ဟု ကိုယ်တွေ့သိရှိသူတို့က ပြန်လည် ပြောပြကြပါသည်။

ယခု ကျိုက်ထီးဆောင်းဆံတော်ရှင်ကြီးကလည်း ထိုအချိန်က ထီးကလည်းစောင်း၊ စိန်ဖူးကလည်း ကွဲအက်လျက်ရှိသဖြင့် ရွာသူရွာသားကလည်း မရှိသေး၊ ဘယ်သူကမှလဲမရှိသေးသကဲ့သို့ဖြစ်နေကြပေရာ ဘုရား၏ဘွဲ့တော်ကိုမေးလိုက်လျှင် ထီးစောင်းဘုရားဟု သာပြောကြပါသည်။ ကြည့်လိုက်တော့လည်း ထီးကစောင်းနေသဖြင့် ထီးစောင်းဘုရားဟုခေါ်ကြောင်း တွေးဆနိုင်ပါသည်။

စေတီတော်ရင်ပြင်တွင် မြွေတို့ကင်းတို့ကလည်း မင်းမူကျက်စားလျက်ရှိကြသည်။ ထို့ပြင် ဘယ်နေရာကြည့်ကြည့် ခွေးလေခွေးလွှင့်များကိုလည်း မြင်၍နေရသည်။ နွားကျောင်းသားတွေ၊ ကျွဲကျောင်းသားတွေ အားကိုအားထား ပြခဲ့သော ကျွဲစားကျက်၊ နွားစားကျက်လည်း ဖြစ်၍နေလေသည်။

ယခု ရွှေရောင်တဝင်းဝင်း တစ်ကျောပြန် ပွင့်လင်းလျက်ရှိသော ဆံတော်ရှင်ကျိုက်ထီးဆောင်းဘုရားကြီးတွင် အတိတ်မှအရိပ်တို့ကို မှန်းဆ၍ကြည့်နိုင်ပါသည်။ ထိုအချိန်တွင် 'ကမ္ဘာရှင်ဘုရင်' ဟု စာတန်းထိုးထားဆောထီးစုတ်ကြီးဆောင်းကာ ရွာနိုးကိုးပေါက်လျှောက်၍နေကြသော ဆရာခေါင်နှင့် ဦးစံဖေတို့၏ရုပ်ပုံလွှာကို စိတ်မျက်စိဖြင့် ပြန်လည်၍ မြင်ယောင်တွေးတောနိုင်ပါသည်။

ထိုကဲ့သို့ တစ်ရွာလုံး ဝမ်းရောဂါ၊ ကပ်ရောဂါတို့ ကျရောက်နေစဉ်တွင် ထိုဘေးအန္တရာယ်ကပ်ဆိုးကြီးမှ လွတ်မြောက်အောင် မိမိနည်းမိမိဟန်ဖြင့် ကယ်တင်ရန်စီမံခဲ့သောရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်တိုင်း ကမ္ဘာ့ရှင်ဘုရင်ဟူသောစာလုံးများသည် ယခုထက်တိုင် အဓိပ္ပာယ်ကောင်းလျက်ရှိပါတော့သည်။ ထို့မှတစ်ဆင့် မွန်မြတ်သောသဘောတို့ကို တွေးတောနိုင်ပါသည်။

၂ ကမ္ဘာ့ရှင်ဘုရင်ဟူသောစာတန်းထိုးထားသည့်ထီးကို ဘိုးမင်းခေါင်နှင့်အတူဆောင်းလျက် လူအများ၏ကြား လျှောက်သွားခဲ့သော ဇုတ်သုတ်ရွာသား ဦးစံဖေ၏ သားရသေ့ဘိုးသစ္စာခေါ် ကျိုက်ထီးဆောင်းဆရာတော်

ရသေ့ကြီးဘိုးသစ္စာသည် ၁၉၇၁ ခုနှစ်တွင် အဆင့်ဆင့်သော ဝိဇ္ဇာပညာရပ်များ လေ့လာလိုက်စား၍ ရေပေးလျှင် ဆေးဖြစ်သည်အထိ ကျွတ္တိမဟိဒ္ဓိဆိုင်ရာ စွမ်းရည်သတ္တိများရခဲ့ပြီးနောက် ၁၉၇၂ ခုတွင် မိမိ၏ဇာတိဖြစ်သော ဇုတ်သုတ်ကျေးရွာသို့ ရသေ့အသွင်ဖြင့် ရောက်ရှိလာသည်။ ထို့နောက် ထီးစောင်းနေသော ထီးစောင်းဘုရားဟု ခေါ်ဆိုကြသောချုံနွယ်အကြားက ဘုရားကြီး၏ ကြာသပတေးထောင့်တွင် တရားအား ထုတ်နေခဲ့သည်။

ထို့နောက် ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ ကြာသပတေးနေ့တွင် မြင့်မြတ်သောရဟန်းဘဝသို့ ကူးပြောင်းခဲ့သည်။ ထိုအခါ ကြာသပတေးသားဖြစ်သဖြင့် ပညာဒီပ ဟူသောဘွဲ့ကို ခံယူခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤသို့ဖြင့် ယခုအခါ ကျိုက်ထီးဆောင်းဆံရာတော်ဟု အများသိတော်မူသောဆရာတော်ကြီးဖြစ်လာခဲ့သည်။ ထိုဆရာတော်၏ဘဝမော်ကွန်းခရီးကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသဖြင့် အများကုသိုလ်ယူကြည်ညိုနိုင်ရန် တင်ပြပါမည်။

ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်သည် အဆင့်ဆင့်သွေးပါရမီအကျင့်စခန်းများတွင် ၁၉၆၃ ခုနှစ်မှ စတင်လျက် ၁၉၇၂ ခုနှစ်အထိ (၉) နှစ်တိုင်တိုင် အားထုတ်ခဲ့သည်။ နှေးဦးစွာ ၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ပထမသုံးနှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီနောင်တော်ကြီးဘုရားနှင့်ရှင်မထီးဘုရားတို့တွင် အဓိဋ္ဌာန်ဝင်၍ လူဝတ်ကြောင်ဘဝဖြင့် လူမသိသူမသိ အားထုတ်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ မေလမှစ၍ မနောမယပညာရပ်များကို စတင်လေ့လာဆည်းပူးခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း နေစက်၊ လစက်၊ နဝင်းစက်၊ လူသူတော်စခန်း၊ မင်းဆရာစခန်းကို အားထုတ်ခဲ့၏။ ၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဝတ်ဖြူစင်ကြယ်ဖြင့် (၃)နှစ်တိုင် မြန်မာပြည်အရပ်ရပ် အကျင့်စခန်းများတွင် အဓိဋ္ဌာန်ဝင်၍ အားထုတ်ခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဝင်စမ၊ ထွက်စမ၊ ကိုးနဝင်းစမကိုဆောင်သောဆံရှည်ဘဝဖြင့် ဥမ္မတ္တကအရှုးစခန်းဖြစ်ပါသည်။

၁၉၆၉ ခုနှစ်တွင် လူလောကမှ အပြီးအပိုင်ထွက်ခွာကာ ရသေ့ဘောင်သို့ဝင်ရောက်သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း ထိန်းစမ၊ သိမ်းစမ၊ မဟိဒ္ဓိစမ ပိုင်းဆိုင်ရာ ဈာန်နဝင်း၊ တပသီအကျင့်၊ ရသေ့အဝတ်ဖြင့် အထွက်စခန်းအထိကိုးနှစ်တိုင် အဆင့်ဆင့်သော ဝိဇ္ဇာပညာရပ်များကို လေ့လာလိုက်စားခဲ့ရာ ရေပေး ဆေးဖြစ်သည့်အထိ ဣဒ္ဓိမဟိဒ္ဓိဆိုင်ရာစွမ်းရည်သတ္တိထူးများ ရရှိခဲ့ပေသည်။

ဆရာတော်သည် လောကီဆိုင်ရာ ဇန္ဓာရီပညာရပ်များကို လိုက်စားရင်း ၁၉၇၂ ခုနှစ်တွင် မိမိဇာတိဖြစ်သော ဇုတ်သုတ်ရွာ ကျိုက်ထီးဆောင်းစေတီတော်သို့ ရသေ့ဘဝဖြင့်ရောက်ရှိခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ ကြာသပတေးနေ့တွင် ကျောင်းကြီးဆရာတော်ဦးဣန္ဒသောဘာသ (နောင်တော်ကြီးဆရာတော်) ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ဥပသမ္ပဒာဒ်ဆောင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။

ကျိုက်ထီးဆောင်းဆံတော်ရှင်မှာ ဂဝံကျောက်တုံးကြီးများဖြင့်တည်ဆောက်ထားသဖြင့် အလွန်ရှေးကျသည်။ စေတီတော်၏ ဥာဏ်တော်မှာ စိန်ဖူးတော်အထိ (၆၃)တောင်ရှိပါသည်။ ကျိုက်ထီးဆောင်းဆံတော်ရှင်သည် လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာများ အမြဲမပြတ် ဆည်းကပ်လျက်ရှိရာ သစ္စာရှိရှိ၊ သမာဓိမြဲမြံဖြင့် သတိရှေ့ထား၍ သွားစေချင်ပါသည်။ ကျိုက်ထီးဆောင်းဆံတော်ရှင်သို့ ရောက်လျှင် ဖားမင်းနှင့် ကျားမင်းဂဝံရုပ်တုများကို မေးမြန်းပါ။ သူ့အဓိပ္ပာယ်နှင့်သူရှိပါသည်။ ကျိုက်ထီးဆောင်းသို့ရောက်လျှင် ဘိုးရဟန်းကို ဖူးဖြစ်အောင်ဖူးပါ။ ထိုရဟန်းသည် ရှင်ဥပဂုတ္တရဟန္တာမြတ်ကြီး ဖြစ်ပါသည်။ ကျိုက်ထီးဆောင်းဆရာတော်ကြီးကမူကား ဘိုးရဟန်းဟု ရှိသေလေးစားစွာ ခေါ်ဝေါ်လေ့သည်။ ကုသိုလ်ဆန်းဆန်းယူချင်လျှင် ကျိုက်ထီးဆောင်းကိုသွားသင့်ပါသည်။ အံ့ဖွယ်အလီလီနှင့် ကြည်ညိုဖွယ်ကောင်းသော ကျိုက်ထီးဆောင်းဆံတော်ရှင်ကို ရွှေသားစစ်စစ်ဖြင့်လှူထားလေသည်။

ကေသာလတောင်ခြေ ရက္ကန်းသည်မ (၀၀) အရက်သည်မရွာ ရွှေစာရံစေတီတော်မြတ်ကြီးတည်ရာတွင် ကမ္ဘာခြေသို့နှင့် မြန်မာခြေသို့ကိုတွဲကာ တွေ့ရသည်။ ကမ္ဘာခြေသို့မှာ အိုဂျစ်တွင်တွေ့ရသော လူခေါင်းနှင့်ခြေသို့ကိုယ်ဖြစ်သည်။ မြန်မာခြေသို့မှာ လူမျက်နှာ၊ နတ်ခေါင်းနှင့် အမြီးနှစ်ခွမနုသီဟဖြစ်၏။ မြန်မာ့မနုသီဟသည် မည်သည့်ပုံတူကိုမျှ ဦးချခြင်းမဟုတ်။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်ကိုယ်တော်မြတ်များ၏ ဖန်ဆင်းမှုများဖြစ်သည်။ ရေမှတစ်ဆင့်လွှင့်လာသော ဘီလူးအပေါင်း၊ ရန်အပေါင်းကို အောင်မြင်ကြောင်း နိမိတ်ပုံ ဖြစ်ပါသည်။ ထို့ကေသာလတောင်နေရာတစ်ဝိုက်တွင် မနုသီဟ (၁၀၈) စီးတိတိကို ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ တည်တော်မူထားသည့် ရွှေစာရံစေတီမှာ ဂဝံစေတီဖြစ်၏။ ဂဝံထီး၊ ဂဝံငှက်မြတ်နား၊ ဂဝံစိန်ဖူးတော်များဖြင့် ပူဇော်ထားသည်။ ဂဝံပတိရဟန္တာကိုယ်တော်မြတ်ကြီးကို အဓိဋ္ဌာန်ပြုထားပါသည်။

ကျိုက်ထီးဆောင်းဆရာတော်၏ လက်သုံးစကားတစ်ခုမှာ -

"ဒကာရယ်၊ အနာခံမှ အနာဂါမ်ဖြစ်တာ"

ကောင်းလိုက်သည့်စကား။ အနှစ်နာခံသမျှ၊ သည်းခံသမျှ၊ ဒါတွေဟာ တရားတော်ပဲဖြစ်ပါသည်။

ဂဝံထီးစောင်းဘုရားမှ ထီးဆောင်းဘုရားသို့ စလုံးနှင့် ဆလိမ်သစ္စာပြုကာပြောင်းလိုက်သော ကျိုက်ထီးဆောင်းဆရာတော်

'စ' ကနေပြီးတော့ 'ဆ' ကို ပြောင်းရတာဟု ကျိုက်ထီးဆောင်းဆရာတော်က မိန့်တော်မူပါသည်။ ရုတ်တရက်ဖြစ်သဖြင့် မစဉ်းစားမိ။ သေသေချာချာ စဉ်းစားပြန်တော့လည်း အဖြေကမပေါ်။

ထို့ကြောင့် ဆရာတော်က -

"အရင်ကထီးစောင်းနေတော့ လူတွေက ထီးစောင်းဘုရားလို့ လွယ်လွယ်ခေါ်ကြတာ၊ ကျိုက်ထီးစောင်းလို့တောင် မခေါ်ကြဘူး။ ဒီတော့ ဒီက သစ္စာအဓိဋ္ဌာန်ပြုပြီး 'စ' ကနေပြီး 'ဆ'ကိုပြောင်းရတာ။ စောင်းတယ်ဆိုတာတောင် တော်တော်ဆန်းတယ်။ အကုသိုလ်များတဲ့လူက ထီးစောင်းနေတဲ့ဘုရားကိုမှော်ကြည့်လိုက်လျှင် ထီးက များများကြီးစောင်းနေတယ်။ အကုသိုလ်နည်းတဲ့လူက စောင်းနေတဲ့ထီးကိုမှော်ကြည့်လိုက်လျှင် နည်းနည်းစောင်းတယ်။ စောင်းတော့စောင်းတာပဲ"

ဟု ဆရာတော်က စိတ်ရှည်လက်ရှည် အကျယ်တဝင့် မိန့်တော်မူမှ အဖြေကပေါ်သည်။ ဤတွင် ဆရာတော်၏ အဓိဋ္ဌာန်ကြောင့် ထီးသည် စောင်းရာမှ ပြန်လည်တည့်မတ်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ထီးတော်အသစ်တင်လှူခဲ့သည်။ စေတီတော်၏ဘွဲ့ကိုလည်းပြောင်းခဲ့သည်။ ဤတွင် ထီးစောင်းဘုရားကြီး ကနေပြီးတော့ ကျိုက်ထီးဆောင်းစေတီဆိုပြီးဖြစ်လာအောင် အဓိဋ္ဌာန်ပြုခဲ့တာဟု ဆရာတော်က မိန့်တော်မူပါသည်။

ကျိုက်ထီးဆောင်း ဆံတော်ရှင်မှာထုံး၊ သဲ၊ ဘီလပ်မြေမပါဘဲ ဂဝံကျောက်များဖြင့်တည်ဆောက်ထားပြီး သက်တမ်း (၂၆၀၀) ကျော်ပါပြီ။ ဘုရားဒါယကာမှာ မဏိကုဏ္ဍလနှင့် ဒေဝကုဏ္ဍလနတ်ဘီလူးညီနောင်တို့ဖြစ်ပြီး သက်သတ်လွတ်နယ်မြေဖြစ်ပါသည်။ ဘီစီ ၅၃၁ ခုနှစ်က ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူ၍ ဆိုးမြင့်တော်မူသော ဆံတော်ဖြစ်ပါသည်။ လွယ်လွယ်နှင့် သာသနာပြု၍ မရနိုင်ခေ့။

နှစ်စဉ် တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ အသံမစဲပဌာန်းပွဲကို ကေလာသဆံတော်ရှင်တည်ရာဖြစ်သော ကေလာသတောင်ထိပ်တွင်ကျင်းပလေ့ရှိသည်။ ဆရာတော်ကြီးသည် လေ့စဉ်စဉ်မပျက်မမွတ်ပို့၍ပြည့်ပြည့်ဝဝအမှုဆောင်ပါသည်။ ပြီးသောအခါ ဆိုက်ဒြိမ်ရာ

www.burmeseclassic.com

နေရာမှာ နေမြအတိုင်းနေတော်မူပါသည်။ ဆရာတော်သည် သံဝေဂဖြင့် မိမိဘဝဖြစ်ရပ်မှန်ကို တသသပြောလေ ပြောထရှိပါသည်။ ကေလာသတောင် ထိပ်တွင် ချုန္နယ်တွေအကြား၊ သစ်ရွက်ပုံများအကြား သစ်ရွက်စားကုလားငှက်ခဲ့ရလေသည်။

၁ ကျွန်တော် သိမ်လိုက်သမျှ ကျိုက်ထီးဆောင်းဆရာတော်လောင်းလျာဘဝ

၁၉၆၀ ပြည့်နှစ် ဇိုလိုချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရလက်ထက်တွင် ပို့ဆောင်ရေးဌာနမှ သုံးဘီးကားများချပေးသည်။ အဖေ ဦးရန်အောင်သည် သူ၏ နာမည်နှင့်မဟုတ်ဘဲ သူ၏ညီမ ဒေါ်မြတင်၏နာမည်ဖြင့် သုံးဘီးကား တစ်စီး လျှောက်ထားလိုက်သည်။ အဖေ ဦးရန်အောင်က သုကိုးကွယ်ခဲ့သော မဟိန္ဒရာသူတော်စင်ကြီးကိုလည်း ဆုတောင်းရန် ဒေါ်မြတင်ကို ပြောလေသည်။ တိုက်တိုက်ဆိုင်ဆိုင် သုံးဘီးကား တစ်စီးရရှိသည်။ ထို့နောက် သုံးဘီးကားတစ်စီး ထပ်မံရရှိပြန်သည်။ စုစုပေါင်း သုံးဘီးကားနှစ်စီးရရှိလေသည်။ ထူးခြားဆန်းကြယ်ပေစွ။

ထိုစဉ်က အဖေသည် ဗဟန်းကြားတောရလမ်း (ရွှေတိုဂုံဘုရား အရှေ့ဘက်မုခ်တည့်တည့်လမ်း)၊ (ယခု ရှင်ဥပဂုတ္တရဟန္တာမြတ် ကျောင်းဆောင်တော်) အနီးတွင် နေထိုင်ရာ တစ်နေ့တွင် အဖေ့ထံသို့ လူတစ်ယောက်ရောက်ရှိလာသည်။ ထိုသူမှာ ဖိနပ်စီးမထားချေ။ ကွမ်းများလည်းစားထားသည်။ သူသည် သုံးဘီးတက္ကစီမောင်းလိုကြောင်း အဖေ့ကိုပြောလေသည်။ အဖေက သူ၏ ယောက်ဖ ဦးခင်မောင် (ဒေါ်မြတင်၏ ခင်ပွန်း) စာရေးသူတို့နှင့်အတူ ဗဟန်းရုပ်တွက်တစ်ပတ် သုံးဘီးကားအမောင်းသွတ်လိုက်သည်။ ထိုသူသည် သုံးဘီးထားကို ကွမ်းကျင်စွာ မောင်းတတ်ကြောင်း ဦးခင်မောင်က အဖေ့ထံပြောပြလေသည်။ အဖေက ထိုသူကို သုံးဘီးတက္ကစီမောင်းခွင့်ပြုလိုက်ပါသည်။ ထို သုံးဘီးတက္ကစီမောင်းသူမှာ ကျိုက်ထီးဆောင်းဆရာတော်အလောင်းအလျာဖြစ်လေသည်။

တစ်နေ့တွင် ကျွန်တော်က ဆရာတော်လောင်းလျာကို -

"ဦးလေးကြီး၊ ဘာကြောင့်ဖိနပ်မစီးတာလဲ"

"ရန်ကုန်မြို့က အလောင်းမင်းဘုရားလက်ထက်ကတည်းက သိမ်ဝင်းတဲ့မြို့ဖြစ်လို့ ဖိနပ်မစီးတာ"

ဆရာတော်အလောင်းလျာသည် သုံးဘီးတက္ကစီမောင်းရာတွင် ခွစီးသုံးဘီးကိုမောင်းလေ့ရှိပါသည်။ ခွစီးကိုမောင်းခြင်းဖြင့် လေကောင်းလေသန်ရရှိခြင်း၊ ကွမ်းတံတွေးထွေးရာတွင် လွယ်ကူလေသည်။ တစ်နေ့လျှင် ဓာတ်ဆီတစ်ဂါလန် (၁ ကျပ် ၇၅ပြားဖိုး) သာ ကားထဲထည့်၍ မောင်းလေသည်။ ကားမှာ မီတာဖြင့် မောင်းရပြီး ကားပေါ် ခရီးသည်တက်၍ မီတာချိုးလိုက်လျှင် ပြားငါးဆယ်စီ၍ ကျလေသည်။ ကားစမောင်း၍ တစ်မိုင် ခရီးကျော်သွားလျှင် ပြား (၆၀)၊ ပြား (၇၀) စသည်ဖြင့် (၁၀) ပြားစီတက်၍ သွားလေ သည်။

ဆရာတော်အလောင်းလျာသည် ကားတွင် ဓာတ်ဆီကုန်ခါနီးလျှင် ကားပြန်သိမ်း၍ ရွှေတိဂုံဘုရားပေါ် သွားကာ တရားအားထုတ်လေသည်။ တစ်နေ့တွင် စာရေးသူကို ဆရာတော်လောင်းလျာက သူ၏နေအိမ်သို့ခေါ်သွားသည်။ နေသောနေရာမှာ တောင်ဥက္ကလာပ၊ (၁၃) ရပ်ကွက်၊ အနော်မာလမ်းတွင် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က တောင်ဥက္ကလာပသည် မြို့သစ်ဖော်ခါစ ဖြစ်၍ လမ်းများမှာ ယခုကဲ့သို့မကောင်းသေးချေ။

ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားကြီးကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တပညာဒီပ၏ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း။ ။ ဆရာတော်လောင်းလျာကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံမြကျေးရွာ၌ အဖ ဦးစံဖေ၊ အမိ ဒေါ်စောရင်တို့မှ ၁၂၉၀ ပြည့်နှစ်၊ ဂုဆုန်လဆန်း ၁ ရက် (ကြာသပတေးနေ့) တွင် ဖွားမြင်တော်မူခဲ့ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း။ ။ ၁၃၀၂ ခုနှစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၃ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ နောင်တော်ကြီးကျောင်းဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဉာဏိန္ဒာဘာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း။ ဆရာတော်သည် တောင်စွန်းတိုက်နယ် တောင်စွန်းကျောင်းဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း။ ။ ဆရာတော်သည် ၁၉၆၅ ခုနှစ်တွင် ရသေ့အသွင်ဖြင့် တောထွက်၍ မြန်မာနိုင်ငံအတွင်း၌ ဘုရားစေတီပုထိုးများနှင့် မိမိမွေးရပ်ဇာတိဖြစ်သော ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးကို ထီးတော်တင်ခြင်း၊ မမှန်ခွာပေါင်းရှစ်သောင်းလေးထောင်ကိုရည်စူး၍ စေတီပုထိုးများတည်ထားကိုးကွယ်ခြင်း၊ အသံမစဲမဟာပဌာန်းပွဲများကျင်းပပေးခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝိပဿနာတရားစခန်းပွဲများကျင်းပပေးခြင်း စသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း။ ။ ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လ၊ ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရဝဟဂုဏ်၊ လဒ္ဓိပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်အဓိုးရက ဆက်ကပ်သော 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနှတ်ထံ ပျံလွန်တော်မူခြင်း။ ။ ဆရာတော်ကြီးသည် သာသနာ့အကျိုးဘယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၇ နှစ်၊ သိက္ခာတော် (၄၄) ဝါအရ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ၂၅-၇-၂၀၁၅ စနေနေ့၊ ညနေ (၃) နာရီခွဲတွင် ဘဝနှတ်ထံပျံလွန်တော်မူခဲ့လေသည်။

ဤဆောင်းပါးဖြင့် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ မြန်မာနိုင်ငံခေတ်အဆက်ဆက် ဝိဇ္ဇာပေါင်းချုပ်ကြီး (ပထမတွဲ) မောင်ပန်းမွှေး ပြုစုသည်။

၂။ သူတို့မသိသေးသော ကျိုက်ထီးဆောင်းဆရာတော်နှင့် ဒါယကာဒေါက်တာခင်ရွှေ မောင်ပန်းမွှေး ပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိမြို့ကို သွားရာလမ်း သည် ကြမ်းတမ်း ခက်ထန်လှပါ၏။ တစ်လျှောက်လုံးတွင် စိမ့်စမ်းလျှို့မြောင်၊ တောတောင်အထပ်ထပ်၊ ရစ်ပတ်ခွေစီး မြစ်ကြီးမြစ်ငယ် ချောင်းအသွယ်သွယ် သည် ရှိ၏။

နေထွက်၊ နေဝင် တစ်နေကုန်ခရီး နှင့်၍မျှ ရွာမတွေ့။ တောကိုဝင်တောင် စဉ်တက် မြစ်ထက်ကူး၍ ထိုးခြားဆန်း ကြယ် ဇနပုဒ်ရွာငယ်ကို ဘွားခနဲ တွေ့ရ လေ့ရှိ၏။ ရွာတွေ့လျှင် ခဏတစ်ဖြုတ် ခစ်သုတ်သုတ်ဝင်ရောက်နားခိုကာ စား နပ်ရိက္ခာများ ဖြည့်ဆည်းသွားရ၏။

ရံဖန်ရံခါ နေဝင်မိုးချုပ် တောအုပ် က မထွက်နိုင်လျှင် သစ်ပင်အမြင့်ထက် တက် စင်ထိုးလျက် အိပ်ရ၏။ ထုပ်ပိုး သယ်ဆောင်လာသောစားနပ်ရိက္ခာကုန် လျှင် တွေ့ကရာ သစ်ဥသစ်ဖုသစ်သီးတို့ သည် ဥပက စားသုံးရာ စားမြိန်စာများ သာ ဖြစ်ကြ၏။

ဟိုစဉ်ကဆို ဓားမတိုတစ်ချောင်း၊ တုတ်ကောင်းကောင်းရှိလျှင် သူ့အတွက် စားစရာမခက်ခဲ့။ ဒရယ်၊ သမင်၊ ချေငယ် မြင်လျှင် မည်မျှပင်အပြေးလျင်ပါစေ သူ့ဘေးချက်အောက် အသက်ပျောက်ရ သည်ချည်း။ သားကောင်ချောင်းနည်း ဖမ်းပြီးသတ်ရသောအလုပ်ကို ကျွမ်းကျင် ပါးနပ်စွာ သင်ယူတတ်မြောက်ခဲ့ပြီး ဖြစ်၏။

ဥပကသည် ဝက်ရွာဇနပုဒ်တွင် ယောကျ့မမုဆိုးကြီးနှင့် သည်အလုပ်များ ကို အတူလုပ်ကိုင်ခဲ့၏။ စက္ကာမိမုဆိုး ကြီးက သမီး စာပါကို တက္ကတွန်းလူ

အာကာသ (စာစဉ်)
ကုသိုလ်ဖြင့်ရွှေဟုပူအပ်သောနေရာ

www.burmeseclassic.com

www.burmeseclassic.com

ထွက် ဥပကရဟန်းပျက်နှင့် ပေးစား၍ သူတတ်ကျွမ်းသော မုဆိုးအလုပ်ကို လုပ်စေခဲ့၏။

တကယ်ဆို ဥပကသည် စာပါနှင့် များမီက တက္ကတွန်းရဟန်းတစ်ပါး ဖြစ်၏။ ဝင်္ကနုပုဒ် မုဆိုးတို့နေသော ရွာက ကိုးကွယ်ဆည်းကပ်ခြင်းကို ခံယူလျက်ရှိ၏။ အထူးသဖြင့် မုဆိုးတို့ ခေါင်းဆောင် စဏ္ဍာမိမုဆိုးကြီးက ရဟန္တာတစ်ဆူအမှတ် ကိုးကွယ်ဆက်တပ်လျက်ရှိလေ၏။

ရွာကိုမှီ၍နေသော ဥပက၏ ကျောင်းကလေးသည် စမ်းချောင်း၏ တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင်ရှိ၏။ အုပ်ဆိုင်း၍ ညှိုမှိုင်းနေသော သစ်ပင်၊ ဝါးပင်တို့သည် တစ်ပင်မှတစ်ပင်၊ တစ်ကိုင်းမှတစ်ကိုင်းထက် နွယ်ယှက်နေ၏။ တောဇာတ်အလေ့နေရာ ပြန့်ကျယ်ကျယ်တွင် သစ်ဝါးငယ်တို့ဖြင့် ဖြစ်ကတတ်ဆန်း တည်ဆောက်ထားသော ဆဲကျောင်းငယ်ရှိ၏။

စာပါကား စဏ္ဍာမိမုဆိုးကြီး၏ တစ်ဦးတည်းသောသမီးဖြစ်၏။ အရွယ်ရောက်စ အပျိုဖြန်းကတည်းကပင် ကျစ်လျစ်တစ်ရစ် ဆိုစရာအပြစ်မရှိအောင်လုပ်၏။ တောကြိုးမျက်မည်းတွင် တွေ့ရသော ဆက်ကော့လတ်ကော့ သည်ပြန်မော့၍နေသော သမင်မလေးတစ်ကောင်အလား ဖြစ်၏။

ရဟန်းကြီး ဥပကသည် စဏ္ဍာမိမုဆိုးကြီးတို့အိမ်ကို နေ့စဉ်လိုလို ဆွမ်းခံဝင်၏။ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို ဖောင်၏ကိုယ်စား စာပါ မအားနိုင်အောင်လုပ်ရ၏။ ရဟန်းမင်းကြီး၏အာရုံသွင် လှပ်လိလှပ်လဲ့ ဆွမ်းကွမ်းထည့်နေသော စာပါ၏အဆင်းပြင်လှာအမူအရာများကသာ လွမ်းမိုးကာနေ၏။

တစ်နေ့သောအခါ စဏ္ဍာမိမုဆိုးသည် ဝေးစွာသောတောကိုသွားခြင်းငှာ နေ့ဝိရိကွာများ ထုပ်ပိုးပြင်ဆင်၏။ ထောမသွားမီ သမီးစာပါကိုခေါ်၍ -

"ငါတို့ဆရာ ရဟန္တာမြတ်ကို လျောက်ပတ်ကောင်းမွန်စွာ လောင်းလှူထုပ်ကျွေးရစ်လော့၊ မမေ့မလျော့စေနှင့်"

ဟု မှာကြား၏။

ထိုသို့ အထပ်ထပ်အခါခါ မပြတ်ကြားပြီးနောက် အဖော်များနှင့် တောသို့သွားလေ၏။

ဖောင်ထွက်၍ နောက်မနက်တွင် စာပါသည် ဆရာဥပကရဟန်းအား ဆွမ်းလှူထုပ်ကျွေးကပ်လှူခြင်းငှာ တင့်တယ်စွာ ဝတ်စားဆင်ယင်၍ ဘောဇဉ်များ ပြင်ဆင်လျက်စောင့်၏။ အခိုနှင်းတန်လျှင် သင်္ကန်းကြီး ဖိုသီဖက်သီဝတ်ရုံ၍ သပိတ်ကိုပိုက်ကာ ဥပကရဟန်းကြီးဆွမ်းခံဝင်လာ၏။ ခင်းထားအပ်သောနေရာ၌ ထိုင်ပြီးသော် စာပါပြုစုလုပ်ကျွေးသော ဆွမ်းဘောဇဉ်ကို အလှူခံလျက်နေလေ၏။

အသခ္ဒေါသောဘဝအဗ္ဗတ္တသန္တာန်က ကိန်းစက်ခဲ့သော ရာဂမီးသည် ဥပက၏ရင်တွင် အလျှံညီးညီးဖြင့်တောက်လောင်ပြီးလာ၏။ စာပါ၏အလှတွင် မေးပါးခိုင်ခိုင်ငေးမိုင်ဝေနောက်လှသဖြင့် သပိတ်ကိုပိုက်၍ နေအပ်သောကျောင်းသို့ အမြန်ပြန်ခဲ့၏။

ကျောင်းကိုရောက်လျှင် အပေါ်ရုံသင်္ကန်းကို ဝါးတန်းပေါ် ပစ်တင်၍ ဆွမ်းကိုမျှမစား၊ အိပ်ရာထက်ပက်လက်နေ၏။ သူနှတ်မှလည်း 'ရှင်စာပါကို ငါရမှ ချမ်းသာရတော့မည်။ မရချေလျှင် သည်နေရာက သေရွာသို့ ငါလိုက်တော့မည်' ဟု တဖွဖွမြည်တမ်းလျက် ခုနစ်ရက်ပတ်လုံးနေ၏။

တောသွားမုဆိုးကြီး ပြန်ရောက်သည့်နေ့တွင်သမီးစာပါကို -

"ငါ့ဆရာအား ကောင်းစွာလုပ်ကျွေးပါ၏လော"

ဟု မေး၏။

စာပါက -

"ဖခင်၏ ဆရာသည် အိမ်သို့ တစ်နေ့သာလာ၍ ခဲဖွယ်ဘောဇဉ်ကိုမျှ မစားဘဲ အဆောတလျင်ပြန်၏"

ဟု ဆိုသော် မုဆိုးလည်း ဆရာသည် ဝေဒနာရှိသည် ဖြစ်လတ္တံ့ဟုဆိုလျက် ကျောင်းသို့သွားလေ၏။

မုဆိုးကြီး ကျောင်းကိုရောက်လျှင် ကိုယ်တွင်အဝတ်မကပ်၊ နှုတ်ကလည်း တဖွဖွမြည်နေသော ဥပကရဟန်း၏ မတော်မတည့်သောအသွင်ကို မြင်၏။

မုဆိုးလည်း -

"အရှင်ဘုရား၊ အဘယ်သို့မချမ်းမသာမသာရှိနေသနည်း"

ဟု မေးလေလျှင် ဥပကသည် အဘယ်စကားမျှမပြန်ကြားဘဲ ညည်းတွားမြည်တမ်းလျက် တစ်ဖက်မှသည် တစ်ဖက်သို့သာ လူးလိမ့်ကာနေ၏။

မုဆိုးလည်း -

"အရှင်ဘုရား အကျွန်ုပ်ကို အမှန်အတိုင်းဆိုပါလော့။ အားနာတော်မမူပါနှင့်။ လိုအပ်သမျှသောဆန္ဒ ပြည့်စုံစေပါအံ့"

ဟု ဆိုလျှင် -

"အို-ဒါယကာ၊ ငါသည် သင်၏သမီး စာပါကြောင့်ပင်လျှင် ဤဖြစ်အင်ကို ရောက်ချေသည်။ စာပါကိုမျှ ငါမရမူ ငါ့အသက်ရှည်မည်မဟုတ်ပြီ"

ဟု ပြော၏။

မုဆိုးက -

"အရှင်၊ အကျွန်ုပ်သမီးကို ရခြင်းသည် ခဲယဉ်းလှသည် မဟုတ်။ လူဖြစ်လျှင် ပညာရှိမှ ဥစ္စာရသည်။ ဥစ္စာရှိမှ ချမ်းသာစွာနေရမည်။ လုပ်ကျွေးနိုင်သော အဘယ်အတတ်ပညာကို ငါ့ဆရာတတ်ပါသနည်း"

ဟု မေး၏။

မုဆိုးစကားကြားလျှင် ဥပကသည် -

"အသင်မုဆိုး၊ ငါကား အဘယ်အတတ်ကိုမျှ မတတ်ခဲ့ပါ။ သင်၏အဖော်သာပြု၍ ရရှိသော သားငှက်တို့ကိုထမ်းလျက် ဈေးရှိရာသို့သွားရောင်းခြင်းငှာ တတ်နိုင်ပါ၏"

ဟု ဆို၏။

မုဆိုးလည်း -

"အသိန်းအသန်းသော ဥစ္စာကို ရှာနိုင်၏ဟူသော်လည်း အကျွန်ုပ်မနှစ်သက်။ သင်လူထွက်၍ ဝန်ခံသောအမှုကိုသာ နှစ်သက်ပါ၏။ ငါပုဆိုးတစ်ပိုင်း ဝတ်၍ ယခုပင် အိမ်သို့လိုက်ခဲ့လော"

ဟု ခေါ်ကာ သူ့သမီးစာပါနှင့် ထိမ်းမြားပေး၏။

နှစ်ကာလကြာလေသော် ရဟန်းလူထွက်ဥပကနှင့် စာပါတို့တွင် သားတစ်ယောက်ကို၍၍ သုဘဒ္ဒ ဟူသော အမည်ကို မှည့်၏။ ထိုသူငယ်ငိုယိုသော အခါ အမိစာပါသည် လွန်စွာငေါက်ငမ်းလျက် -

"သားထမ်းသမား၏သား၊ မုဆိုးနောက်လိုက် လူထွက်မိုက်သား၊ ငါ့အား အပူမချွာနှင့်"

စသဖြင့် ထိပါးပုတ်ခတ်ပြောဆို၏။ တစ်ခါတစ်ရံ သားချော့ပြန်လျှင်လည်း -

"နင့်ဘဏ္ဍာနှမ်း၊ ရဟန်းပေါ်ပျက်၊ ငါ့ကိုမက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုန်းသည်၊ ခေါင်းတုံးမွဲ၏သား"

ဟု၍ သားကျူးငြင်းဖြင့် ပြက်ရယ်ပြုလေ၏။

ဥပကလည်း -

"စာပါသည် ငါ့ကို ကိုးကွယ်ရာမရှိသူတစ်ယောက်ဟု ထင်နေသလော

www.burmeseclassic.com

www.burmeseclassic.com

မသိ။ လောကၠ၌ ပြိုင်ဘက်မရှ အနန္တဇိန မည်သော ငါ့အဆွေ ဘုရားသည် ထင်ရှားစွာရှိ၏။ အဆွေထံသွား၍ ရဟန်းပြုလျှင် သားတစ်ယောက်နှင့်ကျွန်ကာ သင်သာ တစ်ခုလပ်ဖြစ်တော့မည်"

ဟု ကြိမ်းမောင်း၏။

စာပါလည်း ငါဆိုသောစကားကို ရဟန်းလူထွက်ကား ရှက်လည်းရှက်၊ နားလည်းငြီးငွေ့၏ဟု သိသဖြင့် နေ့တိုင်းလို ကြိမ်ဖန်များစွာဆိုလေသည်။

ဥပကလည်း ဇနီးရှင်စာပါ ဆိုဖန်များလာသော် စိတ်ပျက်ကုန်ခန်းလာ၍ ရဟန်းဘဝကို ပြန်လည်ကာ တမ်းတလာ၏။ အကြိမ်ကြိမ်ပြောဆိုကြိမ်းဝါးခဲ့သည့်အတိုင်း သားတစ်ယောက်နှင့် ရှင်စာပါကို မပြောမဆိုထားရစ်ကာ ဘုရားရှင်ရှိရာသို့ ရွေးရှုထွက်လာခဲ့လေ၏။

တကယ်ဆိုတော့ ဥပကသည် စာပါနှင့် အိမ်ထောင်မကျမီကာလ ပရိဗိုဇ်ရဟန်းဘဝက ဘုရားသခင်နှင့် တွေ့ဆုံခဲ့ကြသေး၏။ ဘုရားဖြစ်ခါစ ဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွတော်မူစဉ်က ဖြစ်၏။ မဟာဗောဓိနှင့် ဃောသိသအကြား တောအုပ်တစ်ခု၏ အနီးအနားတွင် ပက်ပင်းဆုံတွေ့ကြခြင်း ဖြစ်၏။ မဟာဗောဓိနှင့် ဂယာသီသအကြား တောအုပ်တစ်ခု၏အနီးအနားတွင် ပက်ပင်းဆုံတွေ့ကြခြင်း ဖြစ်၏။

သုံးလောကထွတ်ထား သတ္တဥ္ဇု မြတ်စွာဘုရားသည် မဟာနှစ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အလွန်တွင် နေအရုဏ်တက်သည်နှင့် ဘုရားစင်စစ် ဓကဖြစ်တော်မူ၏။ ဘုရားဖြစ်တော်မူပြီး၍ တရားဟောရန် ကျွတ်တမ်းဝင်လတ္တံ့သောသူတို့ကို ကြည့်တော်မူ၏။

ကာလာမအမျိုးဖြစ်သော အာဠာရရသေ့သည် ပညာအဆင့်အခြင်းအလွန်လျင်လှ၏။ တရားဟောအံ့သော် လျင်စွာသိနိုင်အံ့ဟု အကြံဖြစ်၏။ ထိုအခါ နတ်သားတစ်ပါးသည် -

"အရှင်ဘုရား၊ အာဠာရရသေ့သေလွန်၍ ခုနှစ်ရက်ရှိခဲ့ပြီ"

ဟု လျှောက်၏။

ဘုရားသခင်လည်း ရသေ့သေလွန်၍ အာကိဉ္စညာယတနဘုံ၌ဖြစ်သည်ကို မြင်တော်မူ၍ 'အာဠာရရသေ့သည် ရှုံးခြင်းကြီးရှုံးလေစွ။ ငါတရားကို နာရမူ ကိစ္စပြီးလေရာ၏' ဟု ဧအောက်မေ့လျက် ရင်ကိုသပ်တော်မူ၏။

ထို့နောက် အဘယ်သူအား တရားဟောအံ့နည်းဟု အကြံတော်ဖြစ်ပြန်သော် ရာမမင်းသား၏သားဖြစ်သော ဥဒကရသေ့ကို မြင်တော်မူ၏။ ယခင်နတ်သားကပင် 'ဥဒကရသေ့သည် ယမန်နေ့သန်းခေါင်ယံတွင် သေလွန်ကြောင်း' လျှောက်ပြန်၏။ ဘုရားသခင်လည်း ဥဒကရသေ့သေလွန်၍ နေဝသညာနာသညာယတနဘုံ၌ဖြစ်သည်ကိုမြင်တော်မူသော် ဤရသေ့လည်း ရှုံးခြင်းကြီးရှုံးလေစွဟု မိန့်တော်မူ၏။

ဘုရားရှင်သည် တရားဟောအံ့သောသူတို့ကြည့်ပြန်လျှင် ကျေးဇူးရှိခဲ့ဖူးသော ပဉ္စဝဂ္ဂိဂါးဦးတို့ကို မြင်တော်မူ၏။ အဇပါလညောင်ပင်ရင်းတွင်စံတော်မူ၍ အစဉ်အတိုင်း ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ရှေးရှု၍ ကြွတော်မူရာ ဥပကပရိဗိုဇ်နှင့် လမ်းတွင်တွေ့ကြခြင်း ဖြစ်၏။

ဥပကပရိဗိုဇ်က -

"ငါရှင်၊ သင်၏ ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ်ဖြစ်၏။ သန့်ရှင်းစင်ကြယ်သပွာယ်ပြည့်ဖြိုးလျက် ပြိုးပြိုးပြက်မျှသောအရောင်လည်း ရှိ၏။ အဘယ်ကို ရည်မှန်း၍ ရဟန်းပြုသနည်း။ သင့်ဆရာကား အဘယ်သူနည်း။ သင့်အမည်ကား ဘယ်လိုခေါ်သနည်း' ဟု မေး၏။

ဘုရားရှင်လည်း -

"ချစ်သားဥပက၊ ငါကား ကိလေသာရန်ကို နှိမ်နင်းဖျက်ဆီး၍ တည်သဖြင့် အလုံးစုံသောဘုံသုံးပါး၌ဖြစ်သော တရားတို့ကို သိတော်မူ၏။ အလုံးစုံသော အကုသိုလ်တရားကို ပယ်ရှားစွန့်ခွာ၍ တဏှာကုန်ရာ နိဗ္ဗာန်သို့ အာရုံပြုသဖြင့် ကိလေသာအပေါင်းတို့မှလွတ်၏။ ဓမ္မအလုံးစုံကို ဆရာမကူငါသိတော်မူရကား လောကသုံးပါး၌ ထင်ရှားပြစရာ ငါဆရာသည် အဘယ်မှာရှိတော့အံ့နည်း။ ငါ့အမည်ကား ငါးပါးသောမာရ်ကို ပယ်လှန်အောင်ဘိ၍ အနန္တဇိန မည်သတည်း"

ဟု မိန့်တော်မူ၏။

ဥပကလည်း ဘုရားရှင်နှင့်တွေ့ပါလျက် ဘုရားရှင်အပေါ်တွင် သံသယများ တစ်မျှော်တစ်ခေါ် ရှိနေလေ၏။ ယခုအခါ မဂဓရဇ်တိုင်း၌ ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဒကစ္စာယန၊ နိဂဏ္ဌနဋပုတ္တ၊ အဇိတကေသကမ္ဗလ၊ သိဉ္စည်း ဟူသော ခြောက်ယောက်တို့သည် ဘုရားမဟုတ်ဘဲလျက် ဘုရားဟု ဆိုနေကြ၏။ သတ္တဝါတို့ကို လှည့်ပတ်၍ မိစ္ဆာဝါဒက လွှမ်းမိုးနေလေပြီ။

ဥပကသည် -

"အရှင်ဂေါတမ ဟုတ်ရာပေ၏။ ယခုသင်ကား အဘယ်သို့ကြွအံ့နည်း"

ဟု မေးပြန်၏။

ဘုရားရှင်လည်း -

"ချစ်သား ဥပက၊ သမုဒ္ဒရာ ဂင်္ဂါသဲစုမက ပွင့်ကုန်ကြသော ဘုရားရှင်တို့ ဓမ္မတာ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောကြီးသို့ ငါကြွတော်မူအံ့။ ငါ့ထံလာလိုလျှင် အနန္တဇိန ဟူသော အမည်ကိုမေး၍ လာခဲ့လေ။ ယခုအခါခရီးသွားတန်းလန်းဖြစ်နေလေသည်"

ဟု မိန့်တော်မူကာ ခရီးလွှဲ၍ ကြွတော်မူလေ၏။

ဘုရားရှင်သည် ဥပကနှင့်တွေ့ဆုံလမ်းခွဲပြီးနောက် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ တစ်ဆယ့်ရှစ်ယူဇနာဝေးသောခရီးကို ခြေဖြင့်ကြွတော်မူ၏။ ရှေးဘုရားရှင်တို့ ဓမ္မစကြာတရားဟောခြင်းငှာ မိဂဒါဝုန်တောသို့ ကြွသော် ကောင်းကင်ခရီးဖြင့် ကြွကုန်၏။ ဂေါတမဘုရားမှာကား ဥပက၏ အနာဂါမ်ဖြစ်လတ္တံ့သော ဥပနိဿရကို ရည်၍ ခြေဖြင့်သာကြွတော်မူလေသည်။

ကျေးဇူးတင်ဖွယ် အထူးရှိသော ပဉ္စဝဂ္ဂိဂါးဦးကို မဟာနှစ် ၁၀၃ ခု၊ ဝါဆိုလပြည့်၊ စနေနေ့ နေဝင်ခါစအချိန်တွင် ဓမ္မစက္ကပဝတ္တနသုတ်တရားဦးကို ဟောတော်မူ၏။ တရားတော်၏ အဆုံး၌ ပဉ္စဝဂ္ဂိဂါးဦးတို့ တစ်နေ့လျှင် တစ်ပါးကျသောတာပန်တည်၍ ငါးရက်မြောက်သောနေ့တွင် ပဉ္စဝဂ္ဂိဂါးဦးစလုံး ရဟန္တာအဖြစ်ရောက်ကြလေသည်။

ဘုရားရှင်သည် ပထမဦးဆုံးသော ဝါကို မိဂဒါဝန်တောဥယျာဉ်တွင် ဝါကပ်တော်မူ၏။ ဝါတွင်းကာလ၌ ဃသမုဒ္ဒေးသားအမျှုပြုသော ငါးဆယ့်ငါးဦးကို ရဟန်းပြု၍ တရားရေအေးတိုက်ကွေးရာ ရဟန္တာဖြစ်ကြကုန်၏။ ဝါကျွတ်သောအခါ ပဉ္စဝဂ္ဂိဂါးဦး အပါအဝင် ခြောက်ဆယ်သော ရဟန္တာမြတ်တို့ကို အနယ်နယ်အရပ်ရပ်သို့ သာသနာပြုစေလွှတ်တော်မူ၏။ ကိုယ်တော်တိုင်လည်း ဂယာသီကြွပြီးလေလျှင် ဥရုဝေလရှိ ကဿပညီနောင်တို့ကို အကျွတ်တရားရရှိစေသည်။

ဥရုဝေလမှ ကဿပ အမှုပြုသော ရဟန္တာ တစ်ထောင်ခြံရဲလျက်

www.burmeseclassic.com

ရာဇဗြိုဟ်မြို့သို့ ကြွတော်မူ၏။ ဘုရားဖြစ်က အဦးဆုံးကြွခဲ့ပါမည်ဟု ပေးထားသောကတိကြောင့် ရာဇဗြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်ထံ ကြွတော်မူခြင်း ဖြစ်၏။ ဒုတိယဝါမှ စတုတ္ထဝါအထိကို ရာဇဗြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးပျော်တော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သူတို့အား ကျွတ်တမ်းဝင်ခြင်းအကျိုးငှာ ဝါဆိုဝါကပ်လှည့်လည်၍ မြို့ရွာအသီးသီးတွင် သီတင်းသုံးတော်မူ၏။ တစ်ဆယ့်လေးဝါမြောက်တွင် သာဝတ္ထိပြည်မှာ ဇေတဝန်ကျောင်းတော်တွင် တစ်ဝါကပ်တော်မူ၏။ တစ်ဖန် နှစ်ဆယ့်တစ်ဝါမှ လေးဆယ့်ငါးဝါအထိ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်နှင့် ဗုဇ္ဈာရုံကျောင်းတို့တွင် အကြာဆုံး ဝါဆိုဝါကပ်တော်မူလေသည်။

ဥပကသည် ထမ်းလာသော အထုပ်ကလေးကို သူ့နံဘေးတွင်ချ၍ သစ်ပင်ရိပ်အောက် ဝင်ရောက်ကာထိုင်၏။ သွားပါများ ခရီးရောက် လာတန်ကြာမြောက်ခဲ့ပြီဖြစ်၍ သာဝတ္ထိပြို့ခရီး ရောက်လုနီးလေ၏။ တဒီးဒီးစီးကျနေသောချွေးများကို ခေါင်းပေါင်းတဖက်ကို ခြေချွတ်ကာ စိမ်ပြေနပြေသုတ်လိုက်သည်။

စာပါသည် စောင်းချိတ်ငြူစူကြည်ဖြူသောမာန်နှင့် နေ့စဉ်လိုပင် ရှင်သီးသောစကားကို မပြတ်ဆို၏။ ရဟန်းပေါ့ပျက် ငါကိုမက်၍ လူထွက်သာသည်တဲ့။ ပညာပေတုံး ထမင်းဖြုန်းသည်၊ ခေါင်းတုံးမွှေ၏သားတဲ့။ မွေးထားသော သားကလေးလည်း အငြိမ်မနေရ၊ ဆောင့်အောင့် ထုနှက်၍ အနေခက်လှ၏။ သုဘဒ္ဒသားငယ် မျက်နှာငယ်ရှာ ညည်းစိုး၍သာ ကုပ်ကပ်ပေတေ့အသာနေခဲ့ရသည်။

သစ်ပင်သည် သစ်ခုတ်သူကို လေမချင်း အရိပ်ပေးရာ၏တဲ့။ စာပါသည်း မြို့ခိုစရာအရိပ်မရှိမှ အရိပ်၏ အနှိုးကို ကောင်းကောင်းနားလည်လိမ့်မည်။ လင့်အရိပ် အဘယ်မျှကြီးသည်ကို သူမသိသေး။ လင်နှင့်ကင်းသော ခဲနမကား ပုဆိုးတစ်ထောင်ခြုံ၍ မောင်အစ်တို့ပိ်ပ်စောင့်သော်လည်း လုံမည်မဟုတ်။ လနှင့်ကင်းသောညဉ့်၊ လှိုင်းအုပ်နှင့်ကင်းသောသမုဒ္ဒရာ၊ လင်နှင့်ကင်းသောမယားသည် အဘယ်မှာအင့်တယ်ပါအံ့။

ဥပကလည်း ဇနီးစာပါ ဆိုဖန်မျာ၊၍သာ အဆွေထံထွက်လာဖြစ်ခဲ့ရာ တကတဲ့ သူကိုပဲ ကျေးဇူးတင်ရဦးတော့မည်။ တောတကာ့တော အနက္ခိုင်းဆုံးသော ကိလေသာတောက သူကြောင့်သာ ထွက်လာနိုင်ခဲ့ပေသည်။ အတွေးကိုရပ်၍ ခေါင်းပေါင်းတဘက်အား ခေါင်းတွင်ပြန့်ပတ်လိုက်ပြီး အားယူထကာ ခွေ့ယိုင်စွာဖြင့် ချည့်နဲ့သော ခြေလှမ်းများဖြင့် ခရီးဆက်ခဲ့ပြန်လေ၏။

သာဝတ္ထိပြည်မှနံ ဇေတဝန်ကျောင်းတော်ကြီးသည် နေထွက်တစ်ပြူတွင် ပြိုးပြိုးပြောက်ပြောက် ထိန်ထိန်တောက်လျက်ရှိ၏။ ရွှေကျောင်းတော်အဝင်လမ်း အာနန္ဒာဘေဓိပင်၏ မလှမ်းမကမ်းတွင် ရဟန်းတစ်ပါးသည် စင်္ကြံကမ္မဋ္ဌာန်း စီးဖြန်းတော်မူနေ၏။ ဥပကလည်း ရဟန်း၏ရှေ့အရောက်တွင် ဒူးထောက်၍ ထိုင်ချရင်း ထမ်းပိုးလာသော အထုပ်အား သူ့နံဘေးထားကာ အကြိမ်ကြိမ်အခါခါ ဦးခိုက်ပါလေ၏။

ဥပကသည် -

"ငါ့ရှင်၊ အနန္တဇိနမည်သည် အဘယ်မှာရှိသနည်း"

ဟုမေး၏။

ရဟန်းတော်က ခြေခုံပေါ် လက်စုံတင်၍ မော်ကြည့်ကာ မေးနေသော ဥပကအား -

"ချစ်သား ဥပက၊ အနန္တဇိန ဟူသည်ကား အခြားမဟုတ် ငါဘုရားဖြစ်တော့၏' ဟု မိန့်တော်မူ၏။

ဘုရားရှင်မှန်းသိလျှင် ဥပက၏ မျက်လုံးအိမ်မှ မျက်ရည်တို့သည် ဝမ်းသာလွန်း၍ တားမနိုင်ဆီးမရ ဒလဟောစီးကျကာလာ၏။ ခေါင်းပေါင်းတဘက်ကို ခြေချွတ်၍ မျက်ရည်များပေကျံကုန်သော ဘုရားရှင်၏ခြေစုံတော်ကို အသာအယာ ပွတ်သပ်သုတ်နယ်၏။

"အရှင်ဘုရား၊ အကျွန်ုပ်ကို သိပါသေး၏လော"

ဟုလည်း မေး၏။

ဘုရားရှင်လည်း -

"ဥပါသကာ၊ ငါမှတ်မိသေး၏။ ယခုအခါ သင်အဘယ်အရပ်တွင် နေသနည်း"

ဟု မေးတော်မူလျှင် -

"အရှင်ဘုရား၊ အကျွန်ုပ်ကား ဝက်ဇနပုဒ်ရွာ၌ မုဆိုးသမက်ဖြစ်နေပါသည်"

ဟု လျှောက်၏။

ဘုရားရှင်လည်း -

"အချင်းဥပက၊ သင်၏အသက် အရွယ်ကြီးလှချေပြီ။ သေရအံ့သောကာလကိုတွေးရတော့မည့်အရွယ်ရောက်လေပြီ။ အဆီ၊ အသားမကပ်သော အမဲရွတ်ကိုဝါးသောသူ၏ပမာ ကာမချမ်းသာ မြတ်နိုး၍ အကျိုးမဲ့သေရမူလူ၏အဖြစ်ကို ရတော့မည်မဟုတ်ချေ။ သတိသံဝေဂဖြစ်ချိန်တန်ပြီ"

ဟု မိန့်တော်မူလျှင် ဥပကလည်း-

"ဟုတ်မှန်ပါ၏"

ဟု ဝန်ခံ၏။

"မနက်ဖြန်သည် ဝေးပါသေး၏။ ဘဝတစ်ခုကား ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း မြန်ဆန်လွန်းလှ၏။ ဟုတ်မှန်လျှင် သင်ရဟန်းပြုနိုင်ပါအံ့လော"

ဟု မေးတော်မူ၏။

ဥပကလည်း -

"ရဟန်းပြုခြင်းငှာ တတ်နိုင်ပါ၏။ အကျွန်ုပ်အား ရဟန်းပြုပေးတော်မူပါလော့"

ဟူ၍ လျှောက်၏။

ဘုရားရှင်လည်း ဥဖကို ရဟန်းပြုပေး၍ ကမ္မဋ္ဌာန်းတရားပေးတော်မူ၏။ ဥပကရဟန်းသည် ကမ္မဋ္ဌာန်းတရားကို လွန်စွာ အားထုတ်၍ အနာဂါမိဖိုလ်၌ တည်၏။ အသက်အတိုင်းနေ၍ စုတေသော် အဝိဟာဘုံ၌ ပဋိသန္ဓေနေလျက် အရဟတ္တဖိုလ်သို့ရောက်၏။

အဝိဟာဘုံသို့ရောက်ဆဲခဏ၌ ရဟန္တာဖြစ်ကြကုန်သူတို့သည် ဥပက၊ သလဘဏ္ဍ၊ ပက္ကုသာတိ၊ ဘဒ္ဒိယ၊ ခဏ္ဍဒေဝ၊ ဗဟုရန္ဓိ၊ ပိဂိယဟူ၍ ခုနှစ်ယောက်ဖြစ်၏။ ဘဒ္ဒိယကား ဥပက၏သားဖြစ်၍ နောက်ဆုံးကျွတ်တမ်းဝင်သူ ဖြစ်လေ၏။

မရွှေဘဲ တရွှေရွှေ ရွှေနေသည်ကား အချိန်နှင့် အရွယ်။ မရွှေဘဲ ရွှေရွှေပေးရသည်ကား ကုသိုလ်နှင့် အကုသိုလ်တရားတို့ ဖြစ်၏။ ဥပကကား သူဘဝ၏အဆုံးအဖြတ်ကို တုသိုလ်ဟူသောတရားဖြင့် နေရာရွှေပေးလိုက်သည်တကား။

အာကာသ (သာစည်)

ကိုးကား -

ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီးစီရင်သော ဇိနတ္ထပကာသနီကျမ်း

www.burmeseclassic.com

www.burmeseclassic.com

ရသဂန္ဓီရ ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်းဌာန/ ၅၂၇၃)

ဘားအံ ကမာမောင်းဒေသမှ ကရင်တိုင်းရင်းသားတို့၏ ဂန္ဓီရဆန်သောဓလေ့ထုံးစံများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လူမျိုးပေါင်းများစွာရှိကြ၏။ ထိုသို့ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ရိုးရာဓလေ့အတိုင်း ကိုးကွယ်ပသခွင့်လည်းရှိကြသည်။ ယခု စာရေးသူ တင်ပြမည့် ဂန္ဓီရဆိုင်ရာဆန်ဆန် ကရင်ရိုးရာဓလေ့များမှာ ဘားအံခရိုင် ကမာမောင်းဒေသရှိ ကရင်တိုင်းရင်းသားများ၏ ဓလေ့ထုံးစံဖြစ်သည်။

ထိုဂန္ဓီရဆန်သော ရိုးရာဓလေ့ထုံးစံများကိုပြောပြသူမှာ ဘားအံခရိုင် ကမာမောင်းဒေသတွင် နေထိုင်ခဲ့သူ ကရင်တိုင်းရင်းသား ကိုနိုင်မှပြောပြခြင်းဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် မြန်မာပြည်အနှံ့အပြားရှိ ဂန္ဓီရဆန်သော ဓလေ့ထုံးစံများကို ဖတ်ရှုလိုသောစာဖတ်ပရိသတ်များအတွက် သူရဇ္ဈမဂ္ဂဇင်းမှ ရေးသား တင်ပြဖော်ထုတ်ပေးရခြင်းဖြစ်သည်။

ဘားအံဒေသတွင် ပါဝင်သော ကမာမောင်းဒေသတွင် နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများသည် ဘိုးဘွားမိဘအစဉ်အဆက်သုံးစွဲခဲ့ကြသော ဂန္ဓီရပညာဓလေ့များကို အလေးထား မြတ်နိုးယုံကြည်စွာ ယနေ့တိုင် သုံးစွဲလျက်ရှိကြသည်

ဂန္ဓီရပညာဓလေ့ထုံးစံထဲမှတစ်ခု အပါအဝင်ဖြစ်သော တင်းပုတ်သေးသေးလေးကို ပြုလုပ်ပြီး ခြံတံခါးဝအတွင်းဘက်ရှိ ခြံတံခါးတိုင်တွင်ချိတ်ဆွဲထားပါက သေဆုံးသွားသူများ၏ ဝိညာဉ်များ၊ မကောင်းဆိုးဝါးများ မဝင်ရောက်နိုင်ကြောင်း ပြောပြကြသည်။ သေဆုံးသွားသူများတွင် သူတစ်ပါး၊ မိတ်ဆွေမဆိုထားနှင့် မိမိ၏ညီအစ်ကိုမောင်နှမသားချင်းမိဘဆွေမျိုးများ၏ ဝိညာဉ်များပင် မဝင်ရောက်နိုင်ကြောင်း သိရှိရသည်။ ထို့ပြင် ညနေစောင်းနေဝင်ချိန်များတွင် မကောင်းဆိုးဝါးများ ပျော်ပြူးချိန်ဖြစ်သော်လည်း ခြံအတွင်းသို့ မဝင်ရောက်နိုင်ကြောင်းပါ သိရှိရသည်အပြင် မိမိအိမ်ရှိခွေးမှအပ တခြားမှလာသောခွေးများပါ ခြံအတွင်းသို့ မဝင်ရောက်နိုင်ကြောင်း ပြောပြပါသည်။



ထိုအပြင် စာရေးသူ လက်တွေ့မြင်တွေ့ခဲ့ရသည်မှာ ကိုနိုင့်အိမ်သို့ အမြဲထမင်းလာကောင်းစားနေသော ခွေးအကျားတစ်ကောင်မှာ နံနက်ပိုင်းတွင် အိမ်အတွင်းသို့ ဝင်ရောက်စားသောက်နေသော်လည်း ညနေစောင်းနေဝင်ချိန် ရောက်သောအခါတွင် ထိုခွေးကျားမှာ ခြံဝအပြင်ဘက်တွင်ဝပ်စောင့်ပြီး စားသောက်ရန် စောင့်နေသည်ကို တွေ့ရသည်။ ထိုအခါ အိမ်ရှင်ကိုနိုင်မှ ခြံအပြင်ဘက်သို့ ခွေးစာထွက်ကျွေးရသည်ကို လက်တွေ့မြင်ခဲ့ရသည်မှာ အလွန်အံ့သြစရာကောင်းလှပါသည်။

စာရေးသူမှ ထိုသို့ သစ်သားကို တင်းပုတ်သဏ္ဌာန်ပြုလုပ်ပြီး ခြံဝအတွင်းဘက်တွင်ချိတ်ထားစဉ် မည်သည့်ဂါထာများရွတ်ပါသလဲ၊ စီမံပါသလဲဟု မေးမြန်းသောအခါ မည်သည့်ဂါထာအစီအမံမျှ မပါဘဲ ဒီအတိုင်း ချိတ်ဆွဲထားခြင်းဟုသာ ပြောပြပါသည်။ သူတို့ဒေသတွင် ယခုလိုပဲ အဆောင်သဘောမျိုးသဖွယ် အိမ်တိုင်းချိတ်ဆွဲထားခြင်းဖြစ်ကြောင်း ပြောပြရာ စာရေးသူ အလွန်သဘောကျ၍ စာရေးသားခွင့်ပြုရန် ခွင့်တောင်းပြီး ရေးသား တင်ပြရခြင်း ဖြစ်သည်။

ဂန္ဓီရဂါထာနာပါသော စာဖတ်သူပရိသတ်အတွက် ပြုလုပ်စီမံဆောင်ရွက်ချင်သူများအတွက် ပြုလုပ်ဆောင်ရွက်ပုံကို ရေးသား ဖော်ပြလိုက်ပါသည်။

သန့်ရှင်းသောသစ်သားကို အောက်ပါပုံအတိုင်း တင်းပုတ်သဏ္ဌာန် ပြုလုပ်ပြီး တင်းပုတ်ထိပ်တွင် ချိတ်ဆွဲရန်အတွက် သံသေးသေးတစ်ချောင်းရိုက်ကာ အိမ်ခြံစည်းရိုး တံခါးဝအတွင်းဘက်မှ ချိတ်ဆွဲထားလျှင်ရပါပြီ။ တင်းပုတ်ပုံစံမှာ ဤသို့ဖြစ်သည်။

အထက်ပါပုံစံမှာ စာရေးသူတွေ့ခဲ့သော သစ်သားတင်းပုတ်ဖြစ်ပါသည်။ ပြုလုပ်ရအလွန်လွယ်ကူပါသည်။ ထို့ပြင် ဘားအံ ကမာမောင်းဒေသ၌ အိမ်တွင်မွေးထားသောခွေးများကို ခွေးနှင့်ပတ်သက်သော မည်သည့်ရောဂါဝေဒနာမဆို ရအောင် စပါးလင်ရွက်အစိမ်း (မုန့်ဟင်းခါးချက်ခြင်း၊ အမဲသားချက်လျှင် ထည့်ချက်သော အနံ့မွှေးသည့် အပင်) ကို မားဖြင့်နှပ်နှပ်စဉ်းကာ အမှုန့်ဖြစ်အောင် ငရုတ်ဆုံဖြင့် (ကျောက်ငရုတ်ဆုံ) ထောင်းပါ။ ညက်သွားလျှင် အရည်ရော်အဖတ်ပါ ထန်းလျက်နှင့် ရောထောင်းရမည်။ ထန်းလျက်ညက်သွားပါက ကွမ်းသီးလုံးခန့်အလုံးလုံးပါ။ လုံးပြီးသားများကို နေလှန်းရမည်။ နေလှမ်းပြီးသွေ့သွားပါက လေလုံဘူးတွင် ထည့်ထားပါ။ အိမ်တွင်မွေးထားသော ခွေးများကို တစ်နေ့တစ်လုံး ပုံမှန်ကွေးသွားပါက ခွေးတွင် မည်သည့်ရောဂါမှ မဖြစ်ကြောင်း ပြောပြပါသည်။

ၚင်းဆေးနည်းမှာ ဘားအံ ကမာမောင်းဒေသတွင်နေထိုင်သော ကရင်တိုင်းရင်းသားများ၏ တိရစ္ဆာန်ဆေးနည်းဖြစ်ကြောင်းသိရှိရ၍ ပူးတွဲရေးသား ဖော်ပြလိုက်ပါသည်။ တိရစ္ဆာန်ချစ်တတ်သူများအတွက် ခွေးတွေ၏အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ပါသည်။

(ကမာမောင်းဓလေ့ထုံးစံကိုပြောပြသော ကိုနိုင် (၁/၁၇)လမ်း၊ ခေတ္တရမြို့သစ် ပြည်မြို့အား မှတ်တမ်းတင် ဂုဏ်ပြုရင်း)

ရသဂန္ဓီရကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း ၅၂၇၃/မူးရံ)

www.burmeseclassic.com

www.burmeseclassic.com

ပေလီကမ်းခြေမြို့ တိလောကသယ္ဘူ မုန်တိုင်းတားရပ်တော်မူဘုရားကြီး ဝဋ္ဌိဘိသေက အနေကဇာတင်နှင့်မှခဲ့ဖွင့်လှစ်ပွဲ

ရွှေချိုအောင်(ပေလီ)

နှစ်အကူးသင်္ကြန်ပွဲတော်ကျရောက်ရန် တစ်ပတ်ခန့်အလိုတွင် စာရေးသူထံသို့ ပေလီမြို့ ကျိတ္တောရပ်ကွက် လုံးသာတမ်းခြေပေါ်ရှိ အမတသုခတောင် အလိုတော်ပြည့်ကျောင်းတိုက်မှ ဖိတ်စာတစ်စောင်ရောက်ရှိလာ၍ ဖိတ်စာစာအိတ်ကို ဖွင့်ဖောက် ဖတ်ရှုလိုက်သည့်အခါတွင် အမတသုခတောင်ဂေါပကအဖွဲ့မှ ၈ - ၄ - ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အမတသုခတောင်ထိပ်ပေါ်ရှိ တိလောကသယ္ဘူ မြတ်စွာဘုရားကြီး ဘုဓိဘိသေက အနေကဇာတင်ပွဲနှင့် အလိုတော်ပြည့် ဆရာတော်ကြီးအား ပူဇော်သမ္မဒကံဆောင် သီကျာထပ်အလှူ မဂ်လာနှင့် မုခ်ဦးဖွင့်ပွဲ ဟူ၍ ဖိတ်ကြားပါရှိလေသည်။

ဖိတ်စာပါအလှူရှင်များမှာ ဘုရားဒါယကာဦးသိန်းထွေး၊ ဘုရားဒါယိကာမ ဒေါ်ခက်ခက်ကြူ၊ သားမောင်အောင်ခန့်ပိုင်မိသားစုနှင့် ညီအစ်ကိုမောင်နှမ မိသားစုက ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းဇံနှင့် မိခင်ကြီး ဒေါ်ခင်ကြည်တို့အား အမှူးထား၍ လှူဒါန်းကြခြင်းဖြစ်ပါသည်။ အလှူရှင်ဘုရားဒါယိကာကြီး ဦးသိန်းထွေးသည် လွန်ခဲ့သော ၂၀၀၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အလိုတော်ပြည့်ဆရာတော်ဘုရားကြီး ပြည်တွင်း - ပြည်ပသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ကျေးဇူးတော်ရှင် ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုကို ခံယူ၍ စတင်တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားကြီးမှာ ဥဏ်တော်အမြင့် (၄၅) ပေရှိ၍ အောက်ခံကြာပလ္လင်တော်ကြီးမှာ (၉) ပေအမြင့်ရှိပါသည်။ ကြာပွင့်ကြီး၏အချင်းမှာ (၃၀) ပေရှိပါသည်။ ဘုရားကြီးရင်ပြင်တော်အလျားမှာ ပေ(၁၂၀)ရှိ၍ အနံမှာ ပေ

နေရာပန်းနက်ပင်းကို အောင်တော်မူခန်း

ဘုရားရှင် နောက်ပါသံဃာ(၅၀၀)နှင့်ကြွနေပုံ



တိလောကသယ္ဘူဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

(၇၀) ရှိပါသည်။ ဘုရားကြီး၏ဘွဲ့တော်ကို 'တိလောကသယမ္ဘုရွှေပွားတော်မြတ်ကြီး'ဟု ဘွဲ့မည်ပေးခဲ့ပါသည်။ဘုရားကြီး၏ မုဒ္ဒာအနေအထားမှာ အမတသုခတောင်ထိပ်ပေါ်မှနေ၍ အနောက်တောင်ဘက် ဘင်္ဂလားပင်လယ်အော်ကြီးဘက်သို့ မျက်နှာတော်မူထားပြီး ညာလက်တော်ဖြင့် ဘေးအန္တရာယ်ကျရောက်မှုကို တားဆီးကာကွယ်နေဟန် ဖြစ်ပါသည်။

အလိုတော်ပြည့် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တအရိယဝံသသည် ထိုဘုရားကြီးမတည်မီကာလ ၁၉၉၆ ခုမှစတင်၍ သံတွဲမြို့ ဂိုဏ်တွောကျေးရွာကမ်းခြေအနီးရှိ ပုလဲကျွန်း (အပေါ်ရည်ကျွန်း) သို့ စတင်ရောက်ရှိခဲ့သည်။ ဆရာတော်ကြီးသည် ပုလဲကျွန်းပေါ်တွင် တောရကျောင်းဆောက်တည်၍ တရားအားထုတ်ခဲ့သည်။ စာရေးသူသည် ထိုအချိန်ကပင် အလိုတော်ပြည့်ဆရာတော်ကြီးကို စတင်ဖူးမြော်ကြည်ညိုခွင့်ရရှိခဲ့ပါသည်။ ထိုမှတစ်ဖန် ဆရာတော်ကြီးသည် ပုလဲကျွန်းပေါ်တွင် တရားစခန်းဖွင့်လှစ်ကာ ဒုလ္လဘရဟန်း(၂၇)ပါးအား ရဟန်းခံပြုလုပ်၍ (၁၀) ရက်တာ တရားစခန်းဖွင့်လှစ်ပေးခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် နေထက်လင်းလည်း ဆရာတော်ကြီးနှင့်အတူ လိုက်ပါလာလျက် ရဟန်းဘွဲ့မည် ဦးဥတ္တရဘွဲ့မည်ဖြင့် ရဟန်းဝတ်ကာ တရားရှုမှတ်ခဲ့လေသည်။ ရန်ကုန်မြို့မှ အပွမာဒဓမ္မရသမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာမြသန်းစံလည်း သူတော်စင်ဝတ်ဖြူစင်ကြယ်ဝတ်၍ ဆရာတော်ကြီးတောရကျောင်းအောက်ဘက်ရှိ ကမ်းခြေကျောက်ဆောင်ထက်တွင် ယာယီတောရကျောင်းငယ်ပြုလုပ်၍ တစ်ဦးတည်းတရားအားထုတ်ခဲ့လေသည်။ ထိုစဉ်က ပုလဲကျွန်းတွင် ပုလဲမွေးမြူရေးဌာနဝန်ထမ်းများရှိရာကျွန်းနှင့် ဂိုဏ်တွောကို ဇက်ဖောင်မောင်းပို့နေသည့် ကိုချက်ကြီး၏ မိတ်ဆက်ပေးမှုဖြင့် ဆရာမြသန်းစံနှင့် ကျွန်တော်ရင်နှီးသွားခဲ့ပါသည်။

ထိုအချိန်က ကျွန်တော်စာမရေးဖြစ်ခဲ့သည်မှာ အတန်ကြာပြီဖြစ်ပါသည်။ ကျွန်တော့်အကြောင်းကို ကိုချက်ကြီးက ပြောပြသဖြင့် စာရေးဆရာမှန်းသိသွားသည့် ဆရာမြသန်းစံက သူထုတ်ဝေသည့် အပွမာဒဓမ္မရသမဂ္ဂဇင်းတွင် ဆောင်းပါးနှင့် ဓမ္မရသဝတ္ထုတိုများ ရေးသားပေးပို့ရန် ပြောခဲ့လေသည်။

ကိုးနဝင်းစေတီထော်



အလိုတော်ပြည့်ဘုရား

ဘုရားကြီးရင်ပြင်တော်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ဗဟုပြဟာကို ဆောင်ထော်မူခန်း



မာရ်နတ်ကို အောင်ထော်မူခန်း

ပဋိကပရိဝိဒ်အား အောင်ထော်မူခန်း

ထိုအချိန်မှစတင်၍ စာရေးသူသည် အပွ မာဒမ္မရသမဂ္ဂင်းမှ စတင်၍ ဘာသာ ရေးဆောင်းပါးများ၊ ဓမ္မရသဝတ္ထုတိုများ ကို စတင်ရေးသားဖြစ်ခဲ့ခြင်း ဖြစ်လေ သည်။ ဤအတွက် အပွမာဒမ္မရသ မဂ္ဂင်း အယ်ဒီတာချုပ် ဗိုလ်မှူးမြသန်းစံ အား အထူးပင်ကျေးဇူးတင်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ဆရာမြသန်းစံ ကျေးဇူးဖြင့် စာရေးသူသည် နောင်သော အခါတွင် ဂန္ဓိရမဂ္ဂင်း၊ လျှို့ဝှက်ဆန်း ကြယ်မဂ္ဂင်း၊ ရောင်ပြန်မဂ္ဂင်း၊ ဂန္ဓိရ ဆန်းကြယ်မဂ္ဂင်း၊ လပြည့်ဝန်းမဂ္ဂင်း နှင့် သူရဿမဂ္ဂင်းတို့တွင် ဘာသာရေး ဆောင်းပါးများ ရေးဖြစ်ခဲ့လေသည်။

သူရဿမဂ္ဂင်း အယ်ဒီတာချုပ် ဆရာ ဦးအောင်မြတ်၏ အားပေး တိုက်တွန်းမှုဖြင့် သူရဿမဂ္ဂင်းတွင် လစဉ် နီးပါး ဘာသာရေးဆောင်းပါးများကို ရေးသားဖြစ်ခဲ့သည်။ ဆောင်းပါးများကို ဂရုတစိုက် ဦးစားပေး ဖော်ပြပေးခဲ့သည့် ဆရာဦးအောင်မြတ်နှင့် သူရဿမဂ္ဂင်း ဝိုင်းတော်သူဝိုင်းတော်သားတို့အား အထူး ပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရေးသူသည် မအားမလပ် သည့်ကြားမှပင် ဂျီတွော်ကျေးရွာ လုံးသာကမ်းခြေထိပ်ရှိ အမတသုခ တောင်(မဒေးတောင်)ပေါ် သို့ မော်တော် ဆိုင်ကယ်ဖြင့် တက်ရောက်ခဲ့လေသည်။ ထိုအချိန်က စာရေးသူမှာ စာရေးသုတို့ မြပြင်ရွာ မြရတနာတောင်ထိပ်ပေါ် ရှိ မြရတနာ ဆုတောင်းပြည့် စေတီတော် ရင်ပြင်ထက်တွင် ရန်ကုန်မြို့မှ သန်လျင် မြို့ အေးမြဂုဏ်ရည်ကျောင်းတိုက်ခန်း နေ ဆရာတော်ဦးသုခ၊ ဦးနေဝင်းနှင့် ဦးမောင်မောင်ထွေးတို့သည် ပဌာန်းကျမ်း (၅) ကျမ်းကို (၅) ရက်တာနှင့် ပြီးမြောက် အောင် အဓိဋ္ဌာန်ဝင် ရွတ်ဆိုလျက်ရှိကြ ရာ ဒေသခံဖြစ်သည့် စာရေးသူနှင့် သား ကြီး မောင်ချမ်းမြေသူနှင့်လနီး၊ စာရေးသူ ၏လနီး ဒေါ်မြင့်မြင့်ရည်တို့က ထိုပုဂ္ဂိုလ် များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စမှန်သမျှ တို့ကို အနီးကပ် ဆောင်ရွက်ပေးနေ ရသဖြင့် မြရတနာတောင်ပေါ် တက်၊ တောင်အောက်ပြန်ဆင်းနှင့် အလုပ်များ နေသောအချိန် ဖြစ်ပါသည်။ ၎င်းတို့ သည် ပဌာန်းရွတ်ဆိုအောင်မြင်ပြီးစီးပါ က ရွှေတိဂုံတွင် နေ့စဉ် လှူဒါန်းပူဇော် သည့် ပန်းခြောက်များကို အမှုန့်ပြုလုပ်၍ ထားသည့် ပန်းပေါင်းစုံချမ်းသာကြီး ဘုရား (ပဌာန်းဘုရား) (၁၀၈) ဆူအား

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ကိုးကွယ်လိုသည့် ရွာသူရွာသားများကို လှူဒါန်းကြရန်လည်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလနေပူရှိန်က မသေးလှပါ။ သို့ရာတွင် ကမ်းခြေဒေသဖြစ်၍ ပင်လယ်လေအေးအေးက တသုန်သုန်တိုက်ခတ်နေ၍တော်ပေသေးသည်။ ဂျိတ္တောရွာအထွက်ကမ်းခြေဘက်မှ အမတသုခတောင်ကမ်းခြေကိုလှမ်းမျှော်မြင်နေရသည်။ ကမ်းခြေတွင် ရေလုပ်ငန်းအမျိုးမျိုးမြောက်များစွာ ဆိုက်ကပ်ထားနေလေသည်။ အမတသုခတောင်ထိပ်ပေါ်ဝယ် သာသနာ့အလံတော်များ တလူလူလွင့်ပျံလျက် တိလောကသယမ္ဘူ ရပ်တော်မူဘုရားကြီးကမူ တင့်တယ်သပ္ပာယ်လှစွာဖြင့် တည်ရှိနေသည်ကို အဝေးမှ ဖူးမြော်ရသဖြင့် ရင်ထဲဝယ် အေးမြသွားလေသည်။ မော်တော်ဆိုင်ကယ်ကလေးဖြင့် အမတသုခတောင်ခြေရင်းရှိ ဂျိတ္တောရပ်ကွက် အမှတ် (၈) အကွက်ရှာလေးကိုဖြတ်သန်း၍ အမတသုခတောင်ပေါ် သို့ စတက်လိုက်သည်။ မြေသားလမ်းဖြစ်သည့်အပြင် အလွန်တရာမတ်စောက်လှသဖြင့် ဂီယာနံပါတ် ဝမ်းကိုထိုး၍ တဖြည်းဖြည်းချင်းတက်ရသည်။

နှိုင်ဝံတော် သမ္မတကြီး ဦးသိန်းစိန် သံတွဲမြို့သို့ ဒုတိယအကြိမ် လာရောက်ခဲ့စဉ် အမတသုခတောင်ရှိ တိလောကသယမ္ဘူ ရုပ်ပွားတော်မြတ်ကြီးကို တက်ရောက်ဖူးမြော်ခဲ့သည်။ အလိုတော်ပြည့် ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တအရိယဝံသနှင့် တွေ့ဆုံဖူးမြော်၍ ဂျိတ္တောလမ်းဆုံမှ အမတသုခတောင်ထိပ်ပေါ် သို့တိုင်ကွန်ကရစ်ကားလမ်းဖောက်လုပ်ခြင်းနှင့် မဟာဓာတ်အားလိုင်းမှ လျှစ်စစ်မီးရရှိရေးကိုပါ လှူဒါန်းခဲ့ပါသည်။ ထို့ကြောင့် မကြာမီကာလတွင် အမတသုခတောင်သည် ကားလမ်းကောင်းမွန်၍ လျှပ်စစ်မီးထိန်ထိန်ညီးနိုင်ပေတော့မည်။ အမတသုခတောင်သည် ယခင်ကထက် ပို၍ စည်ပင်ဖွံ့ဖြိုးလာပေတော့မည်။

တောင်တက်လမ်းခုလတ် လက်ကောက်ကွေ့တွင် ဆိုင်ကယ်ကို ခေတ္တရပ်နား၍ ပင်လယ်အေးအေးကို ရှုရှိုက်ရင်း ပတ်ဝန်းကျင်သဘာဝရှုခင်းများကို ခံစားကြည့်ရှုမိလိုက်သည်။ အရှေ့ဘက်နှင့် မြောက်ဘက်တွင် တောတောင်အထပ်ထပ်တို့ကို ရှုမျှော်မဆုံး စိမ်းစိမ်းစိုစိုနှင့်သာယာလှပစွာရှုမြင်နေကြသည်။ အနောက်မြောက်ဘက်ရှိ မြရတနာ

အာဠာဝကာဘီဝူးကို အောင်တော်မူခန်း



အင်္ဂုလိမာလကို အောင်တော်မူခန်း

စီဂျမာဏကို အောင်တော်မူခန်း

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်မှ ဖူးတွေ့ရစဉ်

ရွှေမောင်းစတော်ကြီး



ကြွေစည်တော်ကြီး

တောင်ထိပ်ပေါ်မှ စာရေးသူတို့ မြပြင်ရွာရှိ မြရတနာဆုတောင်းပြည့်စေတီတော်ကို လှမ်း၍ဖူးမြော်လိုက်သည်။ အနောက်ဘက် ကားတက်လမ်းမှနေ၍ အနောက်ဘက်ပင်လယ်ကမ်းခြေဆီသို့ ရွှေမျှော်လိုက်ရာ ပင်လယ်သဲကမ်းသောင်ဖြူလွလွကို ရေလှိုင်းပြာပြာကလေးများက လှိုင်းဖွေးဖွေးဖြင့် ပြေးလွှားဆော့ကစားနေဟန်ကို မြင်တွေ့ရပါသည်။ ကမ်းခြေတွင် ဆိုက်ကပ်ထားသည့်လှေများမှာလည်း လှေတပ်အလား ထင်မှားဖွယ်ရာဖြစ်သည်။ ပင်လယ်ပြင်မှ မြောက်လေတိုက်ခတ်လိုက်တိုင်း အုန်းတော့ကြီးများသည် အသီးခိုင်ပြွတ်ပြွတ်နှင့် အလက်များကို ညွှတ်ကွေးကာ ယိမ်းထိုးလှုပ်ရှားနေကြသည်။

အရှေ့တောင်ဘက်သို့ ရွှေမျှော်လိုက်သည့်အခါ သမ္မာန်ချိုင်ကမ်းခြေကလေးကို သာယာလှပစွာ မြင်တွေ့ရ

တံခွန်တိုင်

ဆေးစလောင်းစတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

နာဂာဂီရီဆင်ကို ဖောင်တော်မှခန်း

တံခွန်တိုင်ခြေရင်းမှ နတ်ရုပ်များ

ဘုရားပင်လယ်တော်အတွင်းမှရုပ်လုံးများ

ဘုရားပင်လယ်တော်အတွင်းမှရုပ်လုံးများ

ဘုရားပင်လယ်တော်အတွင်းမှရုပ်လုံးများ

သည်။ အရှေ့ဘက်ရှိ အဘဲရွာ၊ ဆတ်လည်မျော်ရွာ၊ ရွှေဆာချိုင်ရွာ၊ သံပရာရွာများသို့သွားလာသည့်လမ်းမလေးကထင်းနေသည်။ အမဟုတ်ခဲတောင်အရှေ့ဘက်ခြမ်း သစ်အုပ်စိမ်းစိုစိုနှင့် အရှေ့ဘက်ရှိ တောင်ကုန်းများကြားတွင် စိမ်းစိုလှပနေသည်။ အပင်များကြားမှ လယ်ကွက်များနှင့် သမ္မာန်ချိုင်ကမ်းခြေနှင့် ပင်လယ်ပြာပြာကြီးကို ရှုမြင်နေရသည်။ ထို့နောက် ဆိုင်ကယ်စက်နှိုး၍ တောင်တက်လမ်းအတိုင်းဆက်တက်လိုက်၏။ ဘူဒ္ဓဇာဖြင့်ထိုးထားသည့်မြေသားလမ်းအောက်တစ်ချက်တွင် သီဟိုဠ်ပင်များ သရက်ပင်များနှင့် ကြီးထွားနေစသစ်ပင်များကို အုပ်အုပ်ဆိုင်းဆိုင်း တွေ့မြင်ရလေသည်။ လမ်းမရှိ အရှေ့ဘက်ခြမ်း တောင်စောင်းသစ်အုပ်များအကြားတွင် ရဟန်းများ သီတင်းသုံးတရားအားထုတ်ရာ တောရတဲကျောင်းများရှိသည်။ ထိုးလမ်း၏ လက်ယာဘက်အခြမ်းမှာမူ မြင့်

www.burmeseclassic.com

www.burmeseclassic.com

ကတ္တလိုတ်အေးမြေခြာဘီသားနုအထူးကျောင်းတော်သစ်

အလိုတော်ပြည့်ဆရာတော်ကြီး

နက်ညိုနောင်အတော်လေးကား

ဗိကျောင်းနှစ်ဖော်

မားမထံစောက်သည့် ချောက်ကမ်းပါးကြီးရှိပြီးလျှင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာ ပေါက်ရောက်လျက်ရှိနေသည်။

အမတသုခတောင်သည် ရှေးယခင်က စည်းမဲ့ကမ်းမဲ့ထင်းခုတ်သူများကြောင့် တောင်ကတုံးဖြစ်လုနီးပါးအခြေအနေရှိခဲ့သည်။ အလိုတော်ပြည့်ဆရာတော်ကြီးက ပုလဲကျွန်းနယ်မြေမှာ အစိုးရပိုင်နယ်မြေဖြစ်ခြင်း၊ လေ့၊ ဇော်၊ ဖောင်တို့ဖြင့်ကူးရသဖြင့် သွားလာရေးမလွယ်ကူခြင်းတို့ကြောင့် ဓတောရကျောင်းတည်ဆောက်နိုင်ရန် သာသနာ့နယ်မြေကို ဂေါပကအဖွဲ့အား အသစ်ထပ်မံရှာဖွေစေခဲ့သည်။ ဂျီတွော်ကျေးရွာရှိ အလိုတော်ပြည့်ဂေါပကအဖွဲ့သည် အမတသုခတောင်ကိုတောနင်း၍ တောရကျောင်းဆောက်လုပ်ရာမြေနေရာကို ရှာဖွေခဲ့သည်။ ထိုအခါ တောရကျောင်းဆောက်လုပ်မည့် တောင်ထိပ်ပေါ်ရှိမြေနေရာကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့ကြောင့် ပုလဲကျွန်းပေါ်မှ တောရကျောင်းကို မဒေးတောင် (နောင်အမတသုခတောင်) တွင် စတင်တည်ဆောက်ခဲ့ကြသည်။ သက်ဆိုင်ရာ သာသနာရေးဌာန နှင်ငံတော်အဆင့်ဆင့်ဖြင့် သာသနာ့မြေလျှောက်ထားခဲ့လေသည်။ စာရေးသူကလည်း အလိုတော်ပြည့်ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းကိစ္စအဝဝကို လုံးဝလက်လွှတ်မခံဘဲ ရောက်ရှိမှတ်တမ်းတင်ကာ ဆောင်းပါးများအကြိမ်ကြိမ် ရေးသားခွင့်ရခဲ့လေသည်။

အလိုတော်ပြည့်ဆရာတော်ကြီး၏အလိုတော်ပြည့်တောရကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

နှင့် တိလောကသယမ္ဘူရပ်တော်မူဘုရား ကြီးတည်ရှိရာတောင်ကို ရှေးအခါက ဒေသခံတို့က မဒေးတောင်ဟုခေါ်ဆိုခဲ့ ကြသည်။ အမှန်မှာ ရှေးကာလက (ဝါး ဒေး) ဝါးများ ပေါများစွာပေါက်ရောက် ရှင်သန်မှုကို အဓိကြောင်းပြု၍ ဝါးဒေး တောင်ဟူ ခေါ်ဆိုခဲ့ရာမှ ကာလရှည် လျားလာသည့်အခါ 'မဒေးတောင်' ဟု အမည်တွင်ခဲ့ရသည်။ ဝါးဒေးဝါးတို့မှာ ခရင်(ကရင်)ဝါးတို့ကဲ့သို့လည်းကောင်း၊ ဝါးဖယောင်းကဲ့သို့လည်းကောင်း နီးဖျာ ရန်မလွယ်ကူဘဲ အဆစ်စိတ်လေသည်။ ထို့ကြောင့် ခြံစည်းရိုးခတ်ရန်၊ သာသနာ့ အောင်လံလွှင့်ထူရန်အတွက်သာ အသုံး ပြုခဲ့လေသည်။ ယခုအခါ မဒေးတော် ကြီးမှာ ဆရာတော်ကြီး သာသနာ့ပြု စခန်းတောရကျောင်းသာသနာ့နယ်မြေ ဖြစ်လာသဖြင့် ယခု (၁၅)နှစ်အကြာတွင် သစ်ကြီးဝါးကြီးများဖြင့် စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်း အရိပ်အေးမြကာ သဘာဝသစ်တောကြီးသဖွယ်တည်ရှိနေ လေသည်။ မဒေးတောင်မှသည် အမတ သုခတောင်အမည်ဖြင့်တည်ရှိလာသော တောင်ထိပ်ပေါ်ဇယ် တိလောကသယ မ္ဘူရပ်တော်မူရုပ်ပွားတော်ကြီးနှင့်တကွ ဓမ္မာရုံ၊ တောရကျောင်းတိုက်၊ ဆွမ်းစား ဆောင်၊ သံဃာဆောင်၊ ယောဂီဆောင်၊ ကမ္မဋ္ဌာန်းဆောင်၊ ဧည့်ရိပ်သာဆောင်၊ သိမ်တော်၊ ကိုးနဝင်းစေတီတော်တို့ဖြင့် အထူးစည်ကားသိုက်မြိုက်နေပြီ ဖြစ်လေ သည်။

တောင်ကြောတစ်လျှောက်မောင်း နှင်ခဲ့ရာမှ ရပ်တော်မူဘုရားကြီးနောက် ကျောဘက်၊ ရင်ပြင်တော်အောက်ဘက် ရှိ ကားလမ်းမအဝင်ဝတွင်တည်ဆောက် ပြီးစီး၍ ဆေးခြယ်ထားသည့် မုခ်ဦး အသစ်ကြီးကို လှမ်းမျှော်မြင်ရပါသည်။ ဆိုင်ကယ်ကို အလျှံခံမဏ္ဍပ်ဘေးတွင် ရပ်နားထားလိုက်ပြီး ဘုရားကြီးရင်ပြင် တော်ပေါ်သို့ လှမ်းတက်လိုက်သည်။ ရင်ပြင်ပေါ်တွင် အလိုတော်ပြည့်ဆရာ တော်ကြီးနှင့် သံဃာတော်များ၊ ဦးသိန်း ထွေးနှင့် မိသားစုဝင်များ၊ ဂေါပကအဖွဲ့ ဝင်များ၊ ဗုဒ္ဓါဘိသေကအနေကဇာတင် ပွဲသို့ လာရောက်သူများကို တွေ့မြင်နေ ရသည်။ မကြာမီ အလိုတော်ပြည့်ဆရာ တော်ကြီးနှင့် ပင့်သံဃာတော် (၄၅) ပါး တို့က တံခွန်၊ ကုက္ကား၊ မှလေးပွား၊ ကြွက်လျှာများ ကိုယ်စီကိုင်ဆောင်၍ တိလောကသယမ္ဘူရုပ်ပွားတော်မြတ်ကြီး အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း

အေတသုခမွာနံတော်ကြီး

ဧည့်သည်နားနေဆောင်

ဘုရားအထူးရှင် ဦးသိန်းထွေး မိသားစု

www.burmeseclassic.com

www.burmeseclassic.com

ဒွေဖိုးဗျာရန် ပြင်ဆင်နေပုံ



ဒွေဖိုးကြွေ့ အောင်ပွဲခံနေစဉ်



မုခ်ဦးဖွင့်ထုစဉ်ပွဲ

တရားတော်များကို ရွတ်ဖွားရွတ်ဆိုကာ ဇာတင်ဆောင်ကြပါသည်။ အလှူရှင် ဦးသိန်းထွေးနှင့် မိသားစုဝင်များ လာရောက်သည့် ဧည့်ပရိသတ်အပေါင်းတို့သည် သံဃာတော်အပေါင်းတို့က ဗုဒ္ဓါဘိသေကတင်ခြင်းတရားတော်များကို လေးနက်တည်ငြိမ်စွာနာယူပူဇော်လျက် ရှိကြသည်။ အမြင့်ဘုဏ်တော် (၄၅) တောင်ရှိသည့် တိလောကသယမ္ဘူ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကမူ အောက်ခံကြာပလ္လင်ပေါ် တွင်ရုပ်တော်မူလျက်၊ ဘယ်လက်တော်ကိုချတော်မူ၍ ညာလက်တော်ဖြင့် အန္တရာယ်အပေါင်းကို ကာကွယ်တားဆီးနေဟန်ဖြင့် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ ရှမ္ဘော်လျက် သတ္တဝါအပေါင်းကို မေတ္တာဓာတ်တော်ဖြင့် ထုတ်လွှတ်ငြိမ်းအေးစေသကဲ့သို့ရှိနေပါသည်။ ဘုရားကြီး၏ခြေတော်ရင်းမှ ပင်လယ်သဘာဝမြင်ကွင်းများကို တဝကြီးရှုစားနိုင်ပါသည်။

ဘုရားကြီးတည်ပြီးနောက် နောက်တစ်နှစ်တွင် ဘုရားအလှူရှင် ဦးသိန်းထွေးက ထိုင်းနိုင်ငံမှမှာယူသည့် မျက်ရှင်တော်ကြီးတစ်စုံကို အသစ်လဲလှယ်တပ်ဆင်တော်မူခဲ့ပြီး အောက်ခံကြာပလ္လင်အတွင်းတွင် ဗုဒ္ဓသမိုင်းမှတ်တမ်းဝင် နံရံရုပ်လုံးရုပ်ကြွများကို ကမ္ဘည်းစာနှင့်တကွ ရေးထိုးပူဇော်ခဲ့သည်။ ရင်ပြင်တော်ကြီးပြီးစီးရေးအတွက်လည်း ကျောက်ပြားကြွေပြားခင်းခြင်း၊ ကြေးခေါင်းလောင်းတော်ကြီး၊ ကြေးစည်တော်ကြီး၊ ကြေးမောင်းတော်ကြီးတို့ကိုလည်း လှူဒါန်းတပ်ဆင်ခဲ့သည်။ ထို့အပြင် ဘုရားကြီးရင်ပြင်တော်တောင်ဘက်ရှိ ဓမ္မာရုံရှေ့တက်လှေကားခေါင်လက်ရန်းကို နဂါးကြီးနှစ်ကောင် ဖူးမြော်နေဟန်ဖြင့် ထုလုပ်လှူဒါန်းခဲ့ရာ များစွာ အသက်ဝင်ကာ ပကတိနဂါးကဲ့သို့ ထင်ရှားရှိလှသည်။ နဂါးကြီးညီနောင်လှေကားထိပ်လက်ယာဘက်တွင် ရေကန်တစ်ခုပြုလုပ်၍ ရေကန်အတွင်းဝယ် မိကျောင်းညီနောင် ရုပ်တုကိုပါ ထုလုပ်ထားရှိရာ များစွာအသက်ဝင်လှပေသည်။ နဂါးညီနောင်လှေကားထိပ်လက်ဝဲဘက်တွင် တံခွန်တိုင်ကို လှူဒါန်းထုလုပ်ထားရာ တံခွန်တိုင်ခြေရင်းရှိ နတ်ရုပ်တုများမှာလည်း အလွန်တင့်တယ်လှပလက်ရာမြောက်လှသည်။

ရင်ပြင်တော်ရှစ်မျက်နှာ၌လည်း အောင်ခြင်း (၈) ရှစ်ပါး ရုပ်လုံးတော်များကို ထုလုပ်ထားရာ များစွာမှ ရောင်

www.burmeseclassic.com

မင်္ဂလာနိမိတ်ရှိလှပေသည်။ အလွန်လက်ရာမြောက်သည့် ရင်ပြင်တော်အား အောင်ခြင်းမင်္ဂလာတရားနှင့် ပြည့်စုံလှပေသည်။ ရင်ပြင်တော်၏ အရှေ့ဘက်အရပ်တွင်၊ စိဉ္ဆာဏဝိကာပရိဠိဇ်အား အောင်တော်မူခြင်း ရုပ်လုံးတော်ကို လည်းကောင်း၊ အရှေ့တောင်ဘက်အရပ်တွင် သစ္စကပရိဠိဇ်အား အောင်တော်မူခြင်းရုပ်လုံးကို လည်းကောင်း၊ တောင်ဘက်အရပ်တွင် ဇကပြဟ္မာကြီးအား အောင်တော်မူခြင်းရုပ်လုံးကို လည်းကောင်း၊ အနောက်တောင်ဘက်အရပ်တွင် နန္ဒောပနန္ဒနဂါးမင်းအား အောင်တော်မူခြင်းရုပ်လုံးကို လည်းကောင်း၊ အနောက်ဘက်တွင် မာရ်နတ်အား အောင်တော်မူခြင်း ရုပ်လုံးတော်ကို လည်းကောင်း၊ မြောက်ဘက်တွင် နာဠာဂီရိဆင်အား အောင်တော်မူခြင်းရုပ်လုံးတော်ကို လည်းကောင်း၊ အရှေ့မြောက်ဘက်တွင် အင်္ဂုလိမာလကို အောင်တော်မူခြင်းရုပ်လုံးတော်ကို လည်းကောင်း လူတစ်ကိုယ်စာနီးပါးမျှ ထုလုပ်ထားရှိရာများစွာ အသက်ဝင်၍ လက်ရာမြောက်လှသည့်ရုပ်လုံးတော်များ ဖြစ်လေသည်။

ဘုရားအလှူရှင် ဦးသိန်းထွေးသည် ဘုရားကြီးရင်ပြင်တော်လှူဒါန်းလုပ်ဆောင်ခြင်းကိစ္စအဝဝကို နှစ်စဉ်တိုးခဲ့ထုပ်ကိုင်ဆောင်ရွက်လျက်ရှိသလို အမတသုခတော် အလိုတော်ပြည့်တော်ကျောင်းတိုက်ကိစ္စအဝဝတို့ကိုလည်း ဖြည့်ဆည်း လှူဒါန်းလျက်ရှိပေသည်။ ထို့အတူ ငပလီမြေပြင်ရပ်ကွက်ရှိ P. V. R ဟိုတယ်ပိုင်ရှင်ဖြစ်သူ ဒေါ်မာမာခင်ကလည်း ဆရာတော်ကြီး အမတသုခတောင်သို့ ကြွချီရောက်ရှိလေတိုင်း လိုအပ်သမျှ သံဃာဒါနကိစ္စအဝဝကို လည်း အမြဲမပြတ် ဆည်းကပ်၍ ပါဝင်လှူဒါန်းလျက်ရှိနေပါသည်။ ထို့အတူ အမွတဟိုတယ်ပိုင်ရှင် ဦးဝင်းအောင်နှင့် မိသားစုဝင်တို့ကလည်း အမြဲမပြတ် လှူဒါန်း ပူဇော်လျက်ရှိနေကြပါသည်။ ယခုနှစ် ဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် အလိုတော်ပြည့်ဆရာတော်ကြီး၏ သိက္ခာထပ်အလှူတော်မင်္ဂလာတွင် အဆိုပါ မိတ်ဆွေဒါယကာ၊ ဒါယိကာမများလည်း ပါဝင်တက်ရောက်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။

ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် အခမ်းအနားပြီးမြောက်သည့်အခါ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ဘုရားကြီးအား အနေကဇာတင်နေစဉ်

ဦးသိန်းထွေး မိသားစု တရားနာယူနေစဉ်

လှူဖွယ်ဝတ္ထုများ ထုတ်ပိန်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

သင်္ကန်းကပ်ထူးနေစဉ်

ဝိသေးရ အနုမောနောတရားနာနေစဉ်



ရေစက်သွန်းချအမျှဝေစဉ်

ခြင်း၊ သာခုအနုမောနောတရားဟော ကြားမှုကိုနာယူခြင်း၊ ရေစက်ချ အမျှဝေ ခြင်းတို့ကိုမူ ဘုရားကြီးရင်ပြင်တော် တောင်ဘက်ရှိ အလိုတော်ပြည့်ဓမ္မာရုံ တွင် ပြုလုပ်ကျင်းပပါသည်။ အလိုတော် ပြည့်ဆရာတော်ကြီး၏ ပုနောပသမ္မဒ ကံဆောင်သိက္ခာထပ်ပွဲကိုမူ အလိုတော် ပြည့်တောရကျောင်းတိုက် သိမ်တော်၌ နံနက် (၈) နာရီကပင် သိမ်ဝင်ကံဆောင် ထော်မူခဲ့ပြီး သိမ်ဆင်းဆွမ်းလောင်းခြင်း ကို ပြုလုပ်ခဲ့ကြပြီး ဖြစ်ပါသည်။ အလှူ တော်အလုံးစုံအတွက် လှူဒါန်းရေစက်ချ ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့ဆရာတော်ထံ တွင် ငါးပါးသီလခံယူဆောက်တည်ကြ ကာ ဆရာတော်က အလှူတော်သာခု အနုမောနောတရား ဟောကြားခီးမြွင့် ပါသည်။ တရားခီးမြွင့်အပြီးတွင် အလှူ ရှင်မိသားစုဝင်များက သံဃာတော် (၄၅) ပါးကို လှူဖွယ်ဝတ္ထုအစုစုတို့အား ကပ်လှူပူဇော်ခဲ့ကြပါသည်။ ထို့နောက် ရေစက်ချအမျှပေးဝေကာ အလှူတော် မင်္ဂလာအခမ်းအနား ပြီးမြောက်ခဲ့ပါ သည်။ အလှူရှင်မိသားစုက မုခ်ဦးပေါ်မှ ရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ ငွေစက္ကူများ လှူဒါန်းဖြန့်ကြေးခဲ့ပါသည်။

အလိုတော်ပြည့် ဆရာတော်ကြီး သည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ဇာတိဖွား ဖြစ်လေသည်။ ဆရာတော် ကြီးသည် ရဟန်း (၇) ဝါရကာတည်းက ပင် ဝိပဿနာကမ္မဋ္ဌာန်းတရားကို စတင် ကြိုးပမ်းအားထုတ်ခဲ့သည်။ သတိပဋ္ဌာန် တရားကို အလွန်အားထုတ်ရန် ဝါသနာ ပါခဲ့သဖြင့် မူလမင်းကွန်းဇေတဝန်ဆရာ တော်ဘုရားကြီး ဦးတိက္ခထံတွင် နည်း နာခံယူအားထုတ်ခဲ့ဖူးသည်။ သို့သော် သမထတရားကို အားသန်နေခဲ့သည့် အတွက်ကြောင့် သမထကသိုဏ်း မေတ္တာဘုဝ္ဈာနုဿတိတို့အား ဆောက် တည်၍ (၃) နှစ်တိုင်တိုင် ဂူအောင်းကာ တရားအားထုတ်ခဲ့သည်။ ထိုတရားများ ကို အားထုတ်ပြီးမှ ဝိပဿနာသတိ ပဋ္ဌာန်ကို ယခုတိုင် ဆက်လက်၍ ကျင့်ကြံကြိုးကုတ်အားထုတ်နေဆဲ ဖြစ် ပါသည်။ ဆရာတော်သည် သက်တော် (၃၀) အရွယ်မှစတင်၍ သထုံ နေမိန္ဒရ တောင်၊ မြသပိတ်တောင်နှင့် ရာမည တိုင်းတစ်ခွင်လှည့်လည်၍ တောရ ဆောက်တည်ကာ ဇကာစာရီတရား ကျင့်တော်မူခဲ့လေသည်။ သပိတ်တစ်လုံး သင်္ကန်းသုံးထည်၊ ယပ်တစ်လက်၊

www.burmeseclassic.com

www.burmeseclassic.com



မုခ်ဦးအသစ်

အမတသုခသိမ်တော်ကြီး

ကသိုက်ဝန်းတစ်ခုနှင့်အတူ ပုဂံရှေးဟောင်းသာသနာ့နယ်မြေသို့ ရောက်ရှိခဲ့ရပြန်လေသည်။

ဆရာတော်ကြီးသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ တန့်ကြည့်တောင်တော်၊ ဖားဂူနှင့် နဂါးဂူတို့တွင် (၂) လခန့် တောရဆောက်တည်၍ တရားအားထုတ်ခဲ့လေသည်။ ထို့နောက် ကျွန်စစ်သားဥမင်သို့ ကြွရောက်သီတင်းသုံးကာ ရောက်ရှိလာသော ဒကာ၊ ဒကာမများကို ဝိပဿနာတရားဟော ကြားတော်မူခဲ့လေသည်။ အသားညှိညှိနှင့် ရိုးရိုးပြည်နယ်စပ်ရသေ့တောင်မြို့သားဆရာတော်ကို အချို့က 'ပါကစ္စတန်ဆရာတော်လေး' ဟု အထင်မှားခေါ်ဝေါ်ခဲ့ကြဖူးလေသည်။ တရားနာပရိသတ်များပြားလာမှုကြောင့် ကျောင်းဆောက်လုပ်ရိုင်ရန် မြေနေရာရှေးကြစဉ် တစ်ခုသော ညနေခင်း၌ ပရလောကသား မိန်းမပျိုလေးတစ်ဦး ရွှေစည်းခုံတောင်ဘက်စောင်းတန်းထိပ် လမ်းတောင်ဘက် သုသာန်ကုန်းမှ ကိုယ်ထင်ပြ၍ -

"ဤနေရာတွင်ကျောင်းဆောက်ပါဘုရား"

ဟု ညွှန်ကြားပြသသဖြင့် 'အောင်မြေဘဝဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်' ဟုကမ္ဘည်းတင်၍ သီတင်းသုံးခဲ့လေသည်။ ပုဂံကားလမ်းဘေးမြေကွက်လပ်နေရာမှာ ရှေးခေတ်ပုဂံပြည့်နှင် အရဟံကိုယ်တိုင် သာသနာပြုခဲ့သော ကျောင်းတိုက်မြေနေရာပင် ဖြစ်ခဲ့လေသည်။

ဆရာတော်သည် အလိုတော်ပြည့်ဘုရားလိုက်ဂူတော်တွင် အဓိဌာန်ဝင် တရားအားထုတ်ရာ (၆) နှစ်တိုင်

ဘုရားကြီးခြေရင်းမှ ပင်လယ်ရှေ့မျှော်ခင်းများ မြင်ရလို



အနောက်ဘက်ရှိ သဘွန်ချိုင်ကမ်းခြေခင်း

www.burmeseclassic.com

www.burmeseclassic.com

တိုင် ကြာမြင့်ခဲ့ရသည်။ ၁၃၅၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်နေ့တွင်မှ အဓိဋ္ဌာန် ပြီးစီး အောင်မြင်တော်မူခဲ့ပါသည်။ အဓိဋ္ဌာန်အောင်မြင်ပြီးစီးပြီး နောက် နောက်နေ့များတွင် ဆရာတော်အား ထင်ရှားသော အိပ်မက်တစ်ခုကို (၃) ရက် ဆက်တိုက်ပေးခဲ့လေသည်။ အိပ်မက်အရမှာ 'သတ္တဝါများအလိုဆန္ဒ ပြည့်ဝအောင် ဤဘုရားကို သာသနာပြု ရန်တိုက်တွန်းပါကြောင်း၊ အလိုဆန္ဒပြည့် ဝလိုသူများကိုလည်း သစ်သီး (၉) မျိုး၊ ဝန်း (၉) မျိုး၊ ဆွမ်း (၉) ခွက်၊ ရေချမ်း (၉) ခွက်၊ အလင်းတိုင် (၉) တိုင်တို့ကို ဤဘုရားတွင် ဆရာတော်က ကပ်လှူ ပူဇော်ခိုင်းပါ။ ထို့နောက် ငါးပါးသီလ ခံယူစေ၍ ဂုဏ်တော် (၉)ပါးကိုအဓိဋ္ဌာန် ခြင့် ပုတီး(၉)ပတ်စီပစ်စေပြီး လိုအပ်သော ဆုတစ်ဆုကို ဆန္ဒပြင်းပြစွာ တောင်းစေ ပါ' ဟု ဝတ်ပြုစင်ကြယ်ဝတ် သူတော်စင် တစ်ဦးက ဆရာတော်ကို အိပ်မက် (၃) ရက်ဆက်တိုက်ပေး၍ လာရောက်တိုက် တွန်းနှိုးဆော်လျှောက်ထားခဲ့လေသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် အများပြည်သူလူအများ၏အကျိုး၊ သတ္တ ဝါများ၏အကျိုးကို ရှေးရှုကာ ယုံကြည်မှု သဒ္ဓါတရားကြီးမားစွာဖြင့် အလိုတော် ပြည့်ဘုရား ဗုဒ္ဓါဘိသေကဗုဒ္ဓပူဇနီယ ပွဲတော်ကြီးကို နှစ်စဉ် နတ်တော်လပြည့် နေ့ရောက်တိုင်း သစ်သီးငါးထောင်၊ ပန်း ငါးထောင်၊ ဆွမ်းခွက်ငါးထောင်၊ ရေချမ်း ငါးထောင်၊ ဆီမီးငါးထောင်တို့ဖြင့် ဘုရားရှင်အား ကပ်လှူပူဇော်ပြီး ထီးဖြူ တော်ဖွင့်၍ ဗုဒ္ဓါဘိသေကအနေကဇာ တင်အခမ်းအနားပွဲတော်ကို ကြီးကျယ် ခမ်းနား စည်ကား သိုက်မြိုက်စွာ ကျင်းပ တော်မူလေသည်။

၁၃၅၄ ခုနှစ်၊ နတ်တော်လပြည့် နေ့တွင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနေ စဉ် အလိုတော်ပြည့်ဘုရားဆီမှ ညီ၊ ဝါ၊ နီ၊ ဖြူ စသည့် ရောင်ခြည်တော်တို့သည် အထက်သို့လျှံတက်ကွန့်မြူးတော်မူခဲ့ရာ ဝရိသတ်အပေါင်းတို့ သောင်းသောင်း ပြုပြုဖူးမြော်ခဲ့ကြရလေ၏။ ဆရာတော် အိပ်မက်အရ လှူဒါန်းအဓိဋ္ဌာန်ပြုပုတီး စိပ်ဆုတောင်းသူများမှာလည်း (၇) ရက် အတွင်းတွင်သော်လည်းကောင်း၊ (၃)လ အတွင်းတွင်သော်လည်းကောင်း ထူးဆန်း အံ့ဩရလောက်အောင် တောင်းသည့် ဆုနှင့်ပြည့်စုံကြကြောင်း ကြားသိရပါ သည်။

အလိုတော်ပြည့်ဆရာတော်ကြီး သည် မြန်မာပြည်အနှံ့ စာသင်တိုက်များ တည်ထောင်ခြင်း၊ အောင်မြေခမ္မဇောဓိ ရိပ်သာကျောင်းများ တည်ထောင်ခြင်း၊ ရခိုင်ပြည်နယ် ရေးဟောင်းသမိုင်းဝင် ဘုရားများကို ပြန်လည်ပြုပြင်၍ ရွှေထီး တော်တင်ခြင်း၊ ပြည်တွင်း-ပြည်ပအလို တော်ပြည့်ကျောင်းတိုက်များတွင် တရား စခန်းများဖွင့်လှစ်၍ ကိုယ်တိုင်တရား ပြသခြင်း၊ အိန္ဒိယနိုင်ငံ ကာလကတ္တား မြို့တွင် ဗောဓိသုခပရိတကျောင်းနှင့် တိလောကဝိဇယသယမ္ဘူစေတီတော် တည်ခြင်း၊ အိန္ဒိယနိုင်ငံ တြိပူရပြည်နယ် ဆားပြင်ခရိုင်၌ ဓမ္မရာဇိကစေတီတော် တည်ခြင်း၊ ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ် မုံစဲကျွန်း၌ သမိုင်းဝင် ဗုဒ္ဓဒြေ တော်ရာအား ဂန္ဓကုဋိတိုက်နှင့် ရွှေထီး တော်နှင့် ကြေးပြာသာဒ်တော်လှူဒါန်း ခြင်း၊ ကျောက်တော်မြို့ မဟာမြတ်မုနိ ဘုရားတွင် ဂန္ဓကုဋိ၌ ရွှေစင်ရွှေသား ရွှေထီးတော်တင်လှူခြင်း၊ တိမ်မြုပ် ပျောက်ကွယ်နေသည့် ပုဂံရှေးဟောင်း အမွေအနှစ် အလိုတော်ပြည့်မြတ်စွာ ဘုရားကို အဓိဋ္ဌာန်ပြု ပြန်လည်ဖော် ထုတ်ပူဇော်ခြင်း၊ ကျောက်ပန်းတောင်း၊ ရန်ကုန်မြို့တို့တွင် စာသင်တိုက်များ ထူထောင်၍ စာပေပို့ချခြင်း၊ ယောဂီများ အားတရားဟောကြားပြသခြင်း၊ အနယ် နယ်အရပ်ရပ်တွင် တရားစခန်းများဖွင့် လှစ်၍ တရားသင်တန်းပေးခြင်းတို့ကို ပြုလုပ်သာသနာပြုခိုင်ခဲ့လေသည်။ ယခု အခါ မာန်အောင်ကျွန်းရှိ တောင်နီ တောင်တွင် အလှူရှင် ဗျာလကိုကိုခိုင် (တေးသံရှင်) ၏ မတည်မှုဖြင့် အလှူရှင် များပေါင်းစုကာ အမတသုခတောင် တိလောကသယမ္ဘူရုပ်ပွားတော်မြတ် ကြီးကဲ့သို့ ပုံစံတူရုပ်တော်မူကြီးကို စတင် တည်နေပြီဟုလည်း သိရပါသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၈ ရက် နေ့တွင် တိလောကသယမ္ဘူမြတ်စွာ ဘုရားကြီးအား အနေကဇာတင်၍ ဘုရား ပွဲတော်ကြီးကို ကျင်းပခဲ့သည်။ ထို့နောက် မေလဆန်းတွင် ဧရာဝတီတိုင်းဒေသကြီး အား နာဂစ်မုန်တိုင်းကြီးဝင်ရောက်တိုက် ခတ်ခဲ့ပါသည်။ အမှန်မှာမူ မုန်တိုင်း စတင်ဖြစ်ပေါ်၍ ရွှေလှားလမ်းညွှန်ချက် မှာ စာရေးသူတို့၏ သံတွဲမြို့ကို ဦးတည် ခဲ့ပါသည်။ ဟိုတယ်များ၏ အင်တာနက် ပေါ်၌ မုန်တိုင်းသည် သထုံမြို့ဝန်းကျင် တွင် လှည့်လည်၍ ရွှေ့လျားခဲ့သည်ဟု ဆိုပါသည်။ သို့ရာတွင် မမျှော်လင့် ဘဲနှင့် မုန်တိုင်းသည် ဆန့်ကျင်ဘက် ဧရာဝတီတိုင်းဒေသကြီးသို့ ရုတ်ခြည်း ဝင်ရောက် တိုက်ခတ်သွားခဲ့ပါသည်။ ဒေသခံများ၏ မျက်မြင်ကိုယ်တွေ့ယုံ ကြည်ချက်အရ အလိုတော်ပြည့်ဆရာ တော်ကြီးတည်ထားခဲ့သည့် ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးမှ မုန်တိုင်းတားခဲ့ သည်ဟု ယုံကြည်ခဲ့ကြပါသည်။ ဆရာ တော်ကြီးမိန့်ကြားသလို သဘာဝဘေး အန္တရာယ်ကို ကာကွယ်တားဆီးနေဟန် ကပင် ပိုမိုထူးခြားလှပါသည်။ ၂၀၀၈ ခု မှစ၍ ယနေ့တိုင်အောင် သံတွဲဒေသ သည် ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများအကြိမ်ကြိမ်ဖြစ်ပေါ် ခဲ့သော် လည်း ယနေ့တိုင်အောင် ဘေးကင်း ချမ်းသာလျက်ရှိနေသည်က လက်တွေ့ ပင် ဖြစ်ပါသည်။ အလိုတော်ပြည့်ဆရာ တော်ကြီးက ဘုရားပွဲတော်ကို နှစ်စဉ် ဧပြီလအတွင်း ကျင်းပပြုလုပ်လေ့ရှိ ပါသည်။ ဖူးထိုက်၍ ဖူးလိုက်ရသူ ကမ်းခြေသားများ၊ စွေးသည်များကမူ ဘုရားကြီးမှ ရောင်ခြည်တော်များ ကွန့်မြူးခြင်း၊ ဘုရားကြီးဝန်းကျင်မှ ရဟန္တာပုဂ္ဂိုလ်များ ဈာန်ဖြင့်ကြွချီသွား ခြင်းတို့ကို မျက်မြင်ကိုယ်တွေ့ ဖူးလိုက် ကြရသည်ဟု ဆိုကြပါသည်။

ဆရာတော်ကြီးက စာရေးသူအား မိန့်ကြားရာတွင် -

"ယုံကြည်လက်ခံတဲ့လူကယုံကြည် လက်ခံကြမှာပဲ။ မယုံကြည်တဲ့ပုဂ္ဂိုလ်က တော့ ဘယ်လောက်ပဲတန်ခိုးပြပြ၊ ဘယ် လောက်ပဲဖန်ဆင်းဆင်း၊ ဘာကြီးပဲဖြစ် ဖြစ် မယုံကြည်ကြပါဘူး။ ယုံကြည်သူ တွေကတော့ ယုံကြည်တဲ့ အကျိုးတရား ကို ခံစားနေကြမှာအမှန်ပါပဲ"

ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီး၏ မိန့်ကြားချက် ကို ငပလီမြို့ ကျိတ္ထောရပ်ကွက် အမတ သုခတောင်ထိပ်ပေါ် သို့ ရပ်တော်မူ ဘုရားကြီးအား လာရောက် ဖူးမြော်သူ များ၊ ကားကြီးကားငယ်အသွယ်သွယ် ဖြင့် အစဉ်အမြဲ ရပ်နီး၊ ရပ်ဝေးမှ ရောက် ရှိနေကြခြင်းကပင် သက်သေပြလျက်ရှိ ပါသည်။

စာရှုသူများကိုလည်း ငပလီလာ လည်ရင်း ဘုရားကြီးဖူးလှည့်ပါဟု ဖိတ်ခေါ် ပါရစေ။

ရွှေချိုအောင် (ငပလီ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရှမ်းတိုင်းရင်းသား ဖြစ်သည်။ အမည်က ထွန်းဆိုင်ဟု ခေါ်သည်။ ရှမ်းလို စိုင်းထွန်းဆိုင်ဟု ခေါ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ်းခမ်းမြို့ဇာတိ ဖြစ်သည်။ ရောဝတီတိုင်းဒေသကြီး ပုသိမ်တွင် တာဝန်ထမ်းဆောင်ရသည်။ တာဝန်ကတစ်ဖက်၊ စာပေးစာယူကတစ်ဖက်နှင့် ဘဝကိုကြိုးစားရုန်းကန်ရလေသည်။ ပုသိမ်မြို့တွင် မြန်မာအများစုကြားမှာ ရှမ်းတိုင်းရင်းသားဆို၍ ကျွန်ုပ်တစ်ယောက်သာရှိလေသည်။ ပုသိမ်တက္ကသိုလ်သို့ ရှမ်းဘောင်းဘီပွပွကြီးဝတ်၍ ကျောင်းတက်ခဲ့စဉ်က ကျောင်းသားကျောင်းသူတွေက ကျွန်တော့်အား ဝိုင်းကြည့်ကြလေသည်။ အထူးသဖြင့် ကျောင်းသူများဝိုင်းကြည့်သောအခါ ကျွန်ုပ်ရင်ထဲဝယ် ခိုးလိုးခုလုပ်ဖြစ်လာ၏။ ငါ့ကို ချောလို့လှလို့ကြည့်တာလားလို့ အထင်ကြီးသလိုလိုဖြစ်လာသည်။ကျွန်တော်ဝတ်သော ရှမ်းဘောင်းဘီအပွကြီးကို သေသေချာချာကြည့်နေကြသဖြင့် ဂွမ္ဘာပေါက်နေလို့လား၊ ပြဲနေလို့လားလို့ မလုံမလဲဖြစ်မိပြန်သည်။ နောက် တော်တော်ခဲရခဲ့သော အမျိုးသမီးကျောင်းသူတစ်ယောက်က မိတ်ဖွဲ့လာပြီး စကားလာပြော၏။

လို့ ရှမ်းဘောင်းဘီကြီးတောင် ချောင်နေပြီ"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စကားလာပြောသော သူသည် ကျွန်တော့်ကို ဘာလို့ စကြိုးစားတာသိတာလဲ၊ တော်တော်ပိန်သွားပြီလို့ ဘာလို့ ပြောတာလဲ ကျွန်တော်နားမလည်ပါ။ အိမ်ရောက်တော့ ရှမ်းဘောင်းဘီ၏ အကျယ်ကို တိုင်းကြည့်သည်။ ခန္ဓာနှင့် အကွာအဝေးကို တိုင်းကြည့်သည်။ ဘာမှမထူးပါ။ ဘာလို့ပြောမှန်းမသိသဖြင့် သူငယ်ချင်းမြန်မာတစ်ယောက်ကို မေးကြည့်ရာ -

"ဟာ - ထွန်းဆိုင်ရာ၊ မင်းတော်တော် အ,တာပဲ။ မင်းရှမ်းဘောင်းဘီဆိုတာ နဂိုအပွပဲ။ စာကျက်လို့ပိန်လို့ပွလာတာမှမဟုတ်တာ။ သက်သက် မင်းရှမ်းဘောင်းဘီကြီးကို မျက်စိဆံပင်မွေးစူးလို့ ပြောတာ"

"ဩော် ငါ့ကိုလှောင်တာပဲ။ ငါ မသိဘူး။ ငါတော်တော် အ,တာပဲ"

ကျွန်ုပ်အံ့ဩကို တင်ပြပါရစေ။ စာပေးစာယူကို ပုသိမ်အနောက်မြို့နယ်သို့လျှောက်ထားသည်။ပုသိမ်ကိုတာဝန်အရ ပြောင်းရွှေ့ပြီး ကျောင်းပြောင်းခဲ့

အကြဝါလိုင်း ၄ ဦးသိန်းရွှေနှင့် ကဗျိရဆန်သောဖြစ်ရပ်ဆန်းများ

"ကိုစိုင်းက ရှမ်းလား"

"ဟုတ်ကဲ့၊ ကျွန်တော်ရှမ်းအစစ်ပါ"

"ကျွန်မ စိုင်းထီးဆိုင်သာသိတာ။ အခုလို ရှမ်းတစ်ယောက်ကိုတွေ့ရတော့ အံ့သြနေတာ"

"ဟုတ်ကဲ့"

"ဒါနဲ့ ကိုစိုင်းက စာတော်တော် ကြိုးစားနေတာပဲ"

"ဘာလို့လဲဗျ"

"ကိုစိုင်း စာကြိုးစားတာ ဝိန်သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းမတက်မီ စာစဉ်များကို ထုတ်ယူလာသည်။မေးခွန်းများနှင့်အဖြေများကို ဆောင်ရွက်ရသောစာစဉ် ဖြစ်သည်။

ကျွန်ုပ်စဉ်းစားသည်မှာ (၁၀)တန်းအထိ စာမေးပွဲဖြေဆို၍ အောင်ခဲ့ရပြီ။ အခုလို မေးခွန်းကြိုပေးပြီး အဖြေကို ဖြေဆိုခိုင်းတာဟာ ကျွန်တော်တို့ကို ယုံကြည်လို့ (တက္ကသိုလ်ကျောင်းသားကြီးမို့) ဖြေခိုင်းတာလို့ ထင်နေတာ။ မေးခွန်းကို လေ့လာသည်။ အဖြေကို စာအုပ်ထဲမှာရှာပြီး အရကျက်၏။ မေးခွန်းအားလုံး အဖြေရသောအခါ ကျွန်ုပ် အခန်းတံခါးပိတ်၍ (၃) နာရီ

မေးခွန်းဟု နာရီသံပတ်ပေးပြီးစတင်ဖြေပါတော့သည်။ စာမှာစိမ်းနေသဖြင့် ရသလိုလိုနှင့် တကယ်ဖြေသောအခါ မေ့နေလေသည်။ စာအုပ်ထဲလှမ်းကြည့်ချင်တော့လည်း ငါ့ကိုယုံလို့ အစိုးရကလုပ်ခိုင်းတာပဲဟု စာခိုးမချဘဲ စဉ်းစား၏။ စဉ်းစား၍မရသောအခါ စာအုပ်ကို လှန်ချင်၏။ အပေါက်ကိုသေသေချာချာဟပြီး အပြင်မှလူသူလေးပါးကိုကြည့်ပြီး စာခိုးချလေသည်။ စာခိုး၍ ကျက်စာကို ပြန်သတိရသောအခါ စာအုပ်ကိုပိတ်ပြီး ဖြေလေသည်။ သို့နှင့် စာစဉ်တစ်ခုကို (၃) နာရီမေးခွန်းကို တစ်ယောက်တည်း ကြိုးကြိုးစားစားဖြေလေသည်။ မသိတာကိုခိုးချမိသဖြင့် ငါ့ကိုစာစစ်ဌာနတိုင်မည့် သူရှိလျှင် ဒုက္ခပဲဟု စိုးရိမ်မိပြန်သည်။ အဖြေလွှာများကို စုစည်း၍ ပုသိမ်အနောက်မြို့နယ် စာပေးစာယူဌာနသို့ သွားပေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်မြို့ထဲမှ ခင်မင်ရင်းနှီးသော မြန်မာလူမျိုး အောင်စိုးမြင့်ကို တွေ့၍ လက်ဖက်ရည်သောက်ကြသည်။ စကား စပ်မိ၍ပြောကြရာမှ ကျွန်ုပ်ဖြေပုံကိုပြော ပြလိုက်သောအခါ ထိုမြန်မာက အားရ ပါးရ ရယ်မောလေတော့သည်။

"ဖြစ်မှဖြစ်ရလေ ထွန်းဆိုင်ရာ၊ ဒီ စာတွေကိုဖတ်ရအောင်၊ လေ့ကျင့်လို့ရ အောင် စာပေးစာယူဌာနကလုပ်ပေး တာ။ စာမေးပွဲဖြေတာမဟုတ်ဘူး။ လေ့ကျင့်တာ။ ဒါမှားလို့ဘာမှမဖြစ်ဘူး။ ငါတို့ကိုအနီးကပ်သင်တန်း(၁၀)ရက်မှာ သင်ပေးမှာ။ သူတို့သင်ပေးတာ သူတို့ စစ်မှာဖြစ်လို့ ဒါစာမေးပွဲဖြေဆို့ရဦးမှာ။ ဒီစာမေးပွဲအောင်မှ အောင်မှာ"

"ဩော်-ဒီလိုလား၊ ငါဖြင့်ခိုးချတာ အပေါက်ကချောင်းကြည့်ရသေးတယ်။ ငါခိုးတာလူတွေသိသွားရင်အခက်ပဲလို့၊ လူမရှိမှ အသာခိုးချပြီးစာအုပ်ကိုမြန်မြန် ပိတ်လိုက်ရတာ"

"ဟား ဟား ဟား"

သို့ဖြင့် ရှမ်းတိုင်းရင်းသားလေး ကျွန်တော့်ကို ချစ်ခင်ကြလေသည်။ တစ်ဖက်မှာ ဦးသိန်းရွှေနှင့် ခင်မင်ရပြီး ဝိဇ္ဇာဂန္ဓာရီလိုင်းကို လျှောက်လှမ်းနေ လေသည်။ ဦးသိန်းရွှေကြီးပြောပြသော ဝိဇ္ဇာတို့အကြောင်း၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတို့ကိုသိရလေသည်။ မိမိကိုယ်တိုင်လည်း ဆရာစု၏တပည့် ဖြစ်သွားပြီး အင်းရေဆွဲခြင်း၊ အင်းပြာချ ခြင်း၊ အင်းသောက်ခြင်း၊ အဓိဌာန်ဝင်ခြင်း ဖြင့် ခရီးအတော်ပေါက်နေလေသည်။ ကိုသိန်းရွှေကလည်း မသိတာတွေကိုသိ အောင်သင်ပေးသဖြင့် အတော်ဗဟုသု တရလေ၏။ ဝိဇ္ဇာသည် လူဘဝကသွား ရကြောင်း၊ လူမှ အတတ်ပညာဖြင့် ဝိဇ္ဇာ ဖြစ်အောင် ဆောင်ရွက်ကြကြောင်း၊ ထွက်ရပ်ပေါက်သည်ဟု ဆိုလိုရင်းမှာ ဝိဇ္ဇာဖြစ်သွားပြီဟုပြောခြင်းပင်ဖြစ်သည်။ အရှင်ထွက်၊ အသေထွက်ဟု (၂) မျိုးရှိ ကြောင်း၊ အရှင်ထွက်မှာ လူရုပ်လူခန္ဓာ ကိုယ်ကိုယူဆောင်သွားပြီး ဝိဇ္ဇာဖြစ်သွား တာကိုခေါ် ဆိုကြောင်း၊ အသေထွက်ဆို သည်မှာ လူခန္ဓာကိုယ်ကိုသေပြီးစွန့်ပြီး ချုပ်ပြီးမှ ဝိဇ္ဇာဖြစ်သွားကြောင်း သိရ မှတ်သားရလေသည်။ အရှင်ထွက်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မှာ ဆယ်ဂဏန်း မျှသာရှိကြောင်း အရေအတွက်တိတိ ကျကျမှာ ပေါက်ဆရာ (၆၉) ပါးသာရှိ ကြောင်းသိရလေသည်။ ကျန်ပုဂ္ဂိုလ်များ မှာ အသေထွက်ဖြင့် ထွက်ရပ်ပေါက်ခဲ့ ကြသူများဖြစ်ကြောင်း၊ ဝိဇ္ဇာဂန္ဓာရီ လိုက်စားရခြင်း၏အဓိကရည်ရွယ်ချက် မှာ အသက်ရှည်အောင်ကျင့်နည်းဖြစ် ကြောင်း၊ နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားကို စောင့်နေခြင်းဖြစ်ကြောင်း၊ ဘုရားနှင့်တွေ့မှ ကျွတ်တမ်းဝင်မည့်သူ များဖြစ်ကြောင်း သိရလေသည်။

ကျွန်ုပ်ကတော့ ဦးသိန်းရွှေပြော သမျှ ခေါင်းညိတ်ပြီး နားထောင်နေရ သည်။ တစ်ဖက်ကလည်း ပညာရေး အတွက် ဥပဒေဘွဲ့ရအောင် ကြိုးစားရ သလို တစ်ဖက်ကလည်း ဝိဇ္ဇာဂန္ဓာရီဘွဲ့ ရအောင် လျှောက်လှမ်းနေရလေသည်။ ဒီလိုနှင့် စာပေးစာယူစာမေးပွဲနီးလာ လေသည်။ ကျွန်တော်တို့အပေါင်းအ သင်းများ ပုသိမ်တက္ကသိုလ်တွင်စုမိကြ ၏။ အနီးကပ်သင်ကြားရ၏။ အနယ် နယ်အရပ်ရပ်မှကျောင်းသူကျောင်းသား များ စုစည်းမိကြလေသည်။ စာသင် ကြားရလေသည်။ ဘဝတွင် အပျော်ဆုံး အချိန်များဟု မှတ်တမ်းတင်မိပါတော့ သည်။ ဌာနဆိုင်ရာမှ ကျောင်းသား ကျောင်းသူများကလည်း ခွင့်ယူပြီး စာပေးစာယူလာဖြေကြ၏။ အိမ်ထောင် ကျပြီးသူများကလည်း အပျို၊ လူပျိုလုပ် ပြီး ကျောင်းလာတက်ကြ၊ စာမေးပွဲလာ ဖြေကြနှင့် တွေ့ဆုံကြရလေသည်။ ထိုလူ အုပ်ကြီးထဲတွင် ထူးထူးခြားခြား ရှမ်း ဘောင်းဘီကြီးတကားကားနှင့်ကျောင်း လာတက်သူမှာ ကျွန်တော်ပင်ဖြစ်၏။ လူတိုင်းက မှတ်မိလွယ်၏။ လူတိုင်းက ချစ်ခင်ကြလေသည်။

မှတ်မှတ်ရရ မြန်မာစာဖြေဆို သောအခါ ဘာသာပြန်တပိုဒ်ကို သတိရ မိ၏။ အင်္ဂလိပ်လို စာပိုဒ်တပိုဒ်ကို မြန်မာ လို ဆိုလျော်အောင် ပြန်ဆိုရမည်ဖြစ် သည်။

စာပိုဒ်မှာ -

Gold is gold. Refuse is refuse. Gold is not refuse. Refuse is not gold. But refuse is real gold. I see"

အင်္ဂလိပ်စာပိုဒ်က တိုတိုလေးပါ။ မြန်မာလိုပြန်ဆိုဖို့စဉ်းစား၏။ 'Gold ဆို တာ ရွှေလို့သိတယ်။ ဒါဆိုရင် ရွှေဟာ ရွှေပဲ။ ဟုတ်ပြီ၊ Refuse ဆိုတာ နားမလည်ဘူး။ ကျွန်တော်သိတာက ငြင်းဆို တာပဲသိတာ။ ခုတော့ သုံးတာက နာမ် အနေနဲ့သုံးတာဆိုတော့ ဘာသာပြန်လို့ မရဘူး။ ဒါနဲ့ ရွှေဖြစ်တာဘာလဲလို့ စဉ်း စားလိုက်တော့ ကိုသိန်းရွှေကြီးပြောတာ ကို သွားသတိရမိတယ်။ ဖိထိုးတာ ပြဒါး ကရွှေဖြစ်တယ်လို့။ ပြဒါးဝိဇ္ဇာအကြောင်း ခေါင်းထဲပြန်ပေါ်လာတယ်'။ ဒါနဲ့ ကျွန် တော်လည်း အင်္ဂလိပ်စာပိုဒ်ကို အောက် ပါအတိုင်း ဆီလျော်စွာ ဘာသာပြန် လိုက်ပါသည်။

'ရွှေက ရွှေပါပဲ၊ ပြဒါးက ပြဒါးပါ ပဲ။ ရွှေက ပြဒါးမဖြစ်နိုင်သလို ပြဒါးက လည်း ရွှေမဖြစ်နိုင်ဘူး။ သို့သော် ပြဒါး က ရွှေဖြစ်သွားလေပြီ။ ဘယ်မှာလဲဆို တော့ အင်းစိန်ဘူတာအနီးက ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာပါ။ ဆရာတော် ဘုရားက ပြဒါးကိုဖိထိုးလိုက်တာ ရွှေဖြစ် သွားကြောင်း၊ ကျွန်ုပ်ကိုယ်တိုင် တွေ့ လိုက်ရပါတယ်။ ဒါကြောင့် 'ပြဒါးသေ တစ်ဆွေဝ၊ သဲသေတော့ တစ်ပြည်ဝ' ဆို တဲ့ စကားပုံကိုထားခဲ့ခြင်း ဖြစ်ပါတယ်'

မြန်မာစာ (၃) နာရီမေးခွန်းကိုဖြေ ဆိုပြီး စာဖြေခန်းမထဲက ရင်ကော့ပြီး ထွက်လာသည်။ 'ဒီဘာသာပြန်တာ ငါ့ကို မီအောင်ပြန်နိုင်မယ့်သူ မရှိဘူး။ ငါ အမှတ်ပြည့်ရမှာပဲ' ဟု ပြုံးစိပြုံးစိဖြင့် ထွက်လာရာ အောင်စိုးမြင့်နှင့်တွေ့လေ သည်။

"ကိုစိုင်း၊ ပြုံးပြုံးပြုံးပြုံးနဲ့ စာအ တော်ဖြေနိုင်တယ်နဲ့တူတယ်"

"ဟုတ်တယ်၊ ဖြေနိုင်တယ်ဗျ"

"ဘာသာပြန်ကောဖြေနိုင်လား"

"ကျွန်တော် အဖြေနိုင်ဆုံးက ဘာသာပြန်ပဲဗျ။ ကျွပ်အမှတ်ပြည့်ရမှာ သေချာပဲ"

"ဒါဖြင့်ရင်လည်းပြောပါဦး၊ ဘယ် လိုပြန်ခဲ့တာလဲ"

ကျွန်ုပ်လည်း ဘာသာပြန်စာပိုဒ် ကို ပြောပြလိုက်သောအခါ မြန်မာ သူငယ်ချင်းများ ဝိုင်းရယ်ကြလေသည်။ အတော်နှင့်အရယ်မရပ်သဖြင့်မေးကြည့် ရာ -

"ကိုစိုင်းရာ၊ Refuse ဆိုတာ အမှိုက်ကိုပြောတာ။ အမှိုက်က ရွှေဖြစ် တာကိုပြောတာ။ အင်းစိန်မီးရထားစက် ခေါင်းစက်ရုံက အလုပ်သမားကြီးတွေ တီထွင်ကြံဆလို့၊ စွန့်ပစ်ခဲ့တဲ့စက်ပစ္စည်း တွေကို ပြန်လည် တီထွင်နိုင်လို့ စက် အကောင်းတွေဖြစ်လာတာကိုဆိုလိုတာ"

"ဒါဆို ပြဒါးက ဖိထိုးလို့ ရွှေဖြစ် တာမဟုတ်ဘူးပေါ့"

"ဘယ်ကဟုတ်ရမှာလဲ"

ကျွန်ုပ်မှာ ဝိဇ္ဇာဂန္ဓာရီပညာနှင့် ဥပဒေဝိဇ္ဇာပညာတို့ ရောထွေးနေခဲ့ တော့သည်။ ကျွန်ုပ်ဘဝတစ်ခွင့်မှတ် တမ်းများကို မှတ်တမ်းပြုစုတားမိပါတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ် ဥပဒေတွဲကို ပုသိမ်တက္ကသိုလ်မှ ၁၉၈၅ ခုနှစ်က ရရှိခဲ့ပါသည်။ ဥပဒေတွဲ ဝတ်စုံကို ငှားရမ်းပြီး ဝင်းချစ်တော်ပုဆိုင်မှာ ဆရာစု၊ ဦးသိန်းရွှေတို့နှင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

ကျွန်ုပ်သည် ပုသိမ်တက္ကသိုလ် တက်စဉ်က ခင်မင်ရသော ပုသိမ်သူ သောင်းသောင်းတို့အိမ်ကို မကြာခဏ ရောက်၏။ သူတို့မိဘများမှာ တောင်သူလုပ်ကိုင်စားသောက်ကြသည်။ ရိုးသားဖော်ရွေကြလေသည်။ မိသားစုအားလုံးတာ သူငယ်ချင်းအိမ်လာလည်သဖြင့် သူမ၏ရည်းစားဟု ထူင်နေကြ၏။ အမှန်မှာ ခိုးရိုးသားသားခင်ကြခြင်းသာ ဖြစ်၏။

သောင်းသောင်းတို့မိသားစုသည် တက်ဆိပ်ရပ်ကွက်တွင် နေထိုင်ကြ၏။ ရုထားလမ်းအရှေ့ဘက်တွင် လယ်(၁၅) ကေရှိသည်။ နွေစပါး၊ မိုးစပါးစိုက်ကြ၏။ အိမ်တွင် နို့စားနွားများ မွေးမြူထား၏။ နွားနို့ညှစ်၍ရောင်းချခြင်းဖြင့် အဝိုင်ငွေရရလေသည်။

တစ်ခါက သောင်းသောင်း၏ အဖေသည် ညနေဆည်းဆာအချိန် ယာတောမှပြန်လာသည်။ ပြန်လာသော အခါ သူနောက်မှ သရဲတစ်ကောင်ကပ်ပါလာကြောင်း ကျွန်ုပ်ကောင်းကောင်း သိလေသည်။ သရဲက ကျွန်ုပ်ကိုကြည့်ပြီး အိမ်မှာ ဆရာရောက်နေတယ်ဟု အသိပြု ခြံစည်းရိုးထဲသို့မဝင်ဘဲ ကျန်ရစ်နေလေသည်။ ကျွန်ုပ်က ညည့်သည်မို့ပြောဆိုခွင့်မရှိ၊ ကုသခွင့်မရှိ။ သူတို့မိသားစုတာ ဥပဒေကျောင်းနေဖက်သူငယ်ချင်းများဟုသာသိလေသည်။ ဝိဇ္ဇာဂန္ဓာရီ ဩဇာတတ်မြောက်ကြောင်း မသိပေ။ ကြာမီ ယာခင်းထဲမှ ပြန်လာသော သောင်းသောင်း၏အဖေမှာ ယားနာဖုများ ပေါ်ပေါက်လာလေသည်။ တစ်ဖုမှ နှစ်ဖု၊ နှစ်ဖုမှ သုံးဖုအပိမ့်အပိမ့်များထွက်လာပြီး မနေနိုင်မထိုင်နိုင်ယားယံနေလေသည်။ အပြင်ဆေးခန်းသို့အပြေးသွားပြီး ဆေးထိုး၊ ဆေးစားသော်လည်း ရောဂါမှာ မသက်သာပါ။ ပို၍ပို၍ဆိုးလာလေသည်။ ယားဖုများတစ်ကိုယ်လုံးပြည့်သွားလေတော့သည်။

ကျွန်ုပ်သိလိုက်ပါပြီ။အောက်လမ်းညှာဖြင့် အတိုက်အခိုက်ခံရပြီဟု သေသေချာချာ သိရလေတော့သည်။ သတ္တဝါတစ်ကောင်ကယ်ဖို့ ကျွန်ုပ်မှာ တာဝန်ရှိ၏။ အနာတခြားဆေးတခြား ဖြစ်နေသဖြင့် ကြာလျှင် ရောဂါဆိုးပါးသွားနိုင်သည်။ ကျွန်ုပ်ထိုင်နေ၍မရတော့။

"ဦးလေး ဦးလေး၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်မှန်းမသိပါဘူး ငါတူရာ၊ တစ်ကိုယ်လုံးယားယံနေတာပဲ"

"ဦးလေး၊ ဆေးထိုးတာကော သက်သာလား"

"ထိုးဆေး၊ စားဆေးကလည်း မသက်သာသေးပါဘူးကွာ"

"ဦးလေးရောဂါကို ကျွန်တော်ကုပေးမယ်၊ ချက်ချင်းပျောက်သွားစေရမယ်"

"ဒါဆိုလည်း အားကိုးပါတယ် တူလေးရာ၊ မြန်မြန်ကုပေးပါကွာ"

"ကိုစိုင်း၊ နဲ်ကုတတ်ရင်ကုပေးပါဟာ။ ငါ့အဖေရောဂါက သွေးရိုးသားရိုးမဟုတ်ဘူးနဲ့တူတယ်"

"ဟုတ်တယ် သောင်းသောင်း၊ ငါ့ကို ဘုရားခန်းလိုက်ပို့ပေးပြီးတော့ အမွှေးတိုင်၊ အလင်းတိုင်တွေထွန်းညှိပေး။ နောက်လက်ကိုင်ပဝါတစ်ထည်ယူခဲ့"

"ကောင်းပါပြီ ကိုစိုင်း"

ကျွန်ုပ်သည် သောင်းသောင်းတို့၏ ဘုရားကျောင်းဆောင်ရှေ့တွင် မီးပူဇော်၏။ အမွှေးတိုင်ပူဇော်၏။ ငါးပါးသီလခံယူဆောက်တည်၏။ သီလလုံခြုံသောကျွန်ုပ်သည် ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းကိုပင့်ဖိတ်၏။ အဘအောင်မင်းခေါင်ကိုပင့်ဖိတ်၏။ ပြီးနောက် လက်ကိုင်ပဝါကို မန္တန်စုတ်၍ မန်းမုတ်လိုက်လေသည်။ (၃၇) ကြိမ်ရွတ်ဆိုပြီး သိဒ္ဓိရှိသောလက်ကိုင်ပဝါကို ရရှိလေတော့သည်။

"ကဲ သောင်းသောင်းလာ၊ ဒီလက်ကိုင်ပဝါကိုယူသွား။ နင့်အဖေရဲ့ကိုယ်ပေါ် ကနေသပ်ချ။ ခြေထောက်ကို အပေါက်ဘက်လှည့်ပြီးဆန့်ထား"

"လုပ်ပေးပါ ကိုစိုင်းရယ်၊ အားကိုးပါတယ်။ ငါတို့ကဘာမှတတ်တာမဟုတ်ဘူး"

"အေးအေး၊ ဒါဆိုလည်း ငါကိုယ်တိုင်လုပ်ပေးမယ်"

ကျွန်ုပ်သည် သောင်းသောင်း၏ အဖေအားထိုင်စေ၏။ ခြေထောက်ကို အပေါက်ဘက်သို့ ခြေဆင်းစေ၏။ ပြီးမှ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းကိုပင့်ဖိတ်ပြီး မိမိကိုယ်ကို သိဒ္ဓိတင်လေသည်။ ဆရာကြီးပုံစံရောက်သွားမှ လက်ကိုင်ပဝါဖြင့် ဦးခေါင်းမှ ခြေထောက်အထိ သပ်ချပေးလိုက်လေသည်။

"ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့၏အမိန့်၊ အဘအောင်မင်းခေါင်၏ အမိန့်၊ ငါဆရာအမိန့် ပြောဆိုတိုင်းအောင်မြင်စေရမည်။ စုန်း၊ တစ္ဆေ၊ မြေဖုတ်ဘီလူး၊ အောက်လမ်းပညာရပ်များ ဤပဝါနှင့်ထိတွေ့ပြီး ပျောက်တင်းစေရမည်"

ပါးစပ်ကဆို၏။ လက်က ပဝါဖြင့် သပ်ချ၏။ တစ်ကိုယ်လုံး ပဝါဖြင့်သပ်ချလိုက်သောအခါ အဖုအပိမ့်များချက်ချင်းပျောက်သွားလေသည်။ နဂိုအသားအရေပေါ် လာပြီး ယားခြင်းယဲခြင်းမရှိ။ ပကတိတည်ကြည်သွားလေ၏။ပယာဂတွေလည်း ပိန်းကြောရွက်ပေါ် ရေမတင်သကဲ့သို့ လျော့ကျပျောက်ကွယ်သွားလေသည်။ သောင်းသောင်းတစ်အိမ်လုံးသည် ကျွန်ုပ်အား များစွာကျေးဇူးတင်နေလေသည်။ ဆေးထိုး၍မပျောက်၊ ဆေးစား၍မပျောက်သော ရောဂါဝေဒနာကို ပဝါဖြင့်သပ်ချလိုက်ရာ ပျောက်ကင်းသွားဖြင့် အထင်ကြီးလေးစားနေလေသည်။

"ကိုစိုင်းရယ်၊ ကျေးဇူးတင်လိုက်တာ။ နင် ဒီပညာတတ်တာ ငါတို့မသိဘူး။ ဘယ်လိုမြင်တာလဲ"

"နင့်အဖေ ယာခင်းထဲမှာအစားတစ်ခုခုမှားတာရှိခဲ့မယ်ထင်တယ်။ ဒီအစာထဲမှာ အောက်လမ်းနဲ့လုပ်ထားတာဖြစ်မယ်။ နင့်အဖေပြန်လာတော့ ငါလှမ်းကြည့်လိုက်တာ သရဲတစ်ကောင်ကပ်ပါလာတယ်"

"ဘုရား၊ ဘုရား - တော်သေးတာပေါ့၊ နင်ရောက်တာနဲ့ကြဲလို့။ ငါတို့ဘာလုပ်ရမှန်းမသိကြဘူး"

"ဟုတ်တယ် ငါ့တူရဲ့၊ ယာနီးချင်းမတည့်ကြဘူး။ မြေလုရာက ရန်ပြီးဖွဲ့ပြီးလုပ်တာနဲ့တူတယ်။ ကွမ်းယူစားမိတာဖြစ်တာပဲ"

"ကွမ်းယာထဲမှာ အောက်လမ်းနည်းနဲ့ထည့်ထားတာ။ ဘယ်သူမှကလို့မရဘူး။ နောက်ဆုံး သရဲက စားမှာ၊ သေမှာပဲ။ ဒီတော့မှ သူတို့လုပ်ချင်တာလုပ်လို့ရမယ်"

"အေးကွာ၊ လူတွေလောဘတက်လာရင်လုပ်သင့်တယ်၊ မလုပ်သင့်တယ် မသိဘူး။ ကြောက်စရာကောင်းတယ်။ ငါနဲ့ကပ်ပါလာတဲ့ သရဲ (၁) ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်ဦးလေး၊ ကျွန်တော် ဖမ်းချုပ်ထားလိုက်ပါ့မယ်"

"ဒါဖြင့်လည်း ဦးလေးတို့ကိုမထိ ခိုက်အောင် ကူညီပေးပါဦးကွယ်"

ကျွန်ုပ်သည် ဆရာတွေအားကိုး ဖြင့် ပါလာသောသရဲကို ကြိုးဖြင့်တုပ် ကာ အိမ်နောက်ဖေး နွားခြံထဲက တိုင် တစ်တိုင်တွင် ချည်နှောင်ထားလိုက်လေ သည်။ ကျွန်ုပ်အမိန့်မရသမျှ မလွတ်ပေး ရဟုဆိုပြီး ပြန်လာခဲ့ပါသည်။ ကျွန်တော် ဘာဆက်လုပ်ရမည်ကိုမသိပါ။ သရဲကို မနှင်တတ်ပါ။ ဆရာစုတို့၊ ကိုသိန်းရွှေတို့ သင်ပေးတာလောက်သိတာ။ ကျန်တာ သူတို့အားကိုးရတော့မှာပဲဟုဆုံးဖြတ်ပြီး ငွေးချိုသို့လိုက်သွားလေသည်။ ငွေးချို တွင် ဆရာစုနှင့် ကိုသိန်းရွှေကိုတွေ့ရ လေသည်။ အကျိုးအကြောင်းပြောပြ သောအခါ သူတို့ပြုံးပြုံးပြုံးပြုံးနှင့် နှား ထောင်နေကြသည်။

"မောင်စိုင်း၊ မင်းက ပညာကိုအစုံ မတတ်သေးဘူး။ ဆေးကုတာတော့မှန် တယ်။ သရဲကိုဘာလို့ချည်ထားတာလဲ"

"သားလည်း သူတို့ကို မနှောင့် ယှက်အောင်ချည်ထားလိုက်တာ"

"အေး - ခွေးကိုချည်ထားတော့ ခွေးကဒေါသဖြစ်တယ်။ ခွေးဆိုးဖြစ်သွား တယ်။ သရဲကိုလည်း မင်းကချည်ထား တော့ ဒေါသထွက်နေမှာပေါ့"

"ဒါဆိုရင် သားက ဘာဆက်လုပ် ရမလဲ၊ သင်ပေးပါဦး"

"မနက်ဖြန်ပြန်သွား၊ မင်းချည် ထားတဲ့သရဲကို မင်းကိုယ်တိုင်အမိန့်ပေး ပြီးလွှတ်လိုက်။ နောက်ဒီလိုမလုပ်ရဘူး လို့လည်းပြောလိုက်"

"ဟုတ်ကဲ့"

"နောက်အိမ်ဝိုင်းတစ်ခုလုံး၊ အိမ် တစ်ဆောင်လုံးသန့်ပေးလိုက်"

"ဘယ်လိုသန့်ရှင်းပေးရမှာလဲ"

"ဆန်ခွဲဆီ(၁)ဘူးလောက် ပန်းကန် သန့်သန့်မှာထည့်ပြီး မန်းပေးလိုက်၊ ပဝါမန်းသလို ဂါထာ(၃၇)အုပ်စုတ်လိုက်။ ပြီးရင်ဆန်ကိုပွားပြီးအိမ်အပေါ် အောက် ခြံထဲအနံ့ကြဲလိုက်။ အားလုံးသန့်ရှင်း သွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်သည် ပုသိမ်မြို့ တက်ဆိပ် ရပ်သို့ နောက်တစ်နေ့ထပ်ရောက်လာရ လေသည်။ ကျွန်တော်ရောက်သောအခါ ဆောင်းဆောင်းတို့တစ်အိမ်လုံးမှာ ဝမ်း သာအားရကြိုဆိုကြလေသည်။

"ကိုစိုင်းရယ်၊ နင့်ကိုလာခေါ်ဖို့ လုပ်နေတာ။ နင်ဖမ်းချုပ်ထားတဲ့သရဲက ညကသောင်းကျန်းနေတယ်"

"ဘယ်လိုသောင်းကျန်းနေတာလဲ"

"ငါတို့လည်း သရဲရှိတယ်ဆိုတော့ ကြောက်တာပေါ့။ အောက်ကို မဆင်းရဲ ကြဘူး။ ခွေးကလည်းဟောင်နေတာ။ နင် ချည်ထားတိုင်ကိုပဲထိုးဟောင်နေတာ။ ကြာတော့ သရဲက ခဲနဲ့ပစ်လိုက်တာ ခွေး ကိုထိသွားပြီး ခွေးလည်း ကိန် ကိန် ကိန် ဆိုပြီး အဝေးကိုထွက်ပြေးသွားတော့ တယ်"

"နောက်ဘာဖြစ်သေးလဲ"

"ငါတို့အိမ်က နို့စားနွားမတွေ လည်းလန့်နေတာ။ ညကအိပ်တယ်မရှိ ဘူး။ အမြီးတွေထောင်၊ မျက်လုံးတွေပြူး ပြီး နင်ချည်ထားတဲ့တိုင်ကိုကြည့်ပြီး လန့် နေကြတာ"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ငါတို့စိတ်ထဲမှာလည်း မသန့်ဘူး၊ မရှင်းဘူးဖြစ်နေတာ။ ဒီနေ့မနက် နွားနို့ ညှစ်တာ နို့မရဘူး"

"ဘာလို့လဲ"

"အင်မတန်ယဉ်ပါးပါတယ်ဆိုတဲ့ နွားမတွေတစ်ကောင်မှ ညှစ်လို့မရဘူး။ ကန်လွှဲတ်နေတာ၊ မျက်လုံးတွေပြူးပြီး တိုင်ပတ်ပြေးနေတာ"

"အေးပါဟာ၊ ငါအကုန်ရှင်းပေးပါ့ မယ်။ ဒါကြောင့်ပြန်လာတာ"

"ဒီလိုဆိုလည်းလုပ်ပါဦးဟာ၊ ငါတို့ မိသားစုကို ကူညီလက်စနဲ့ ကူညီပေးပါ ဦးဟာ"

"အေးပါ သူငယ်ချင်း"

ကျွန်ုပ်သည် ဘုရားခန်းသို့ဝင်ပြီး မီးပူဇော်၏။ အမွှေးတိုင်ပူဇော်၏။ ငါးပါး သီလခံယူတည်ဆောက်ပြီး ဆန်ခွဲဆီ(၂) ဘူးကို သံပန်းကန်ပြားတွင်ထည့်စေပြီး သမ္မဒ္ဓေဂါထာကို ဉာဉ်ပြီး(၃၇)ကြိမ်စုတ် လေသည်။ ပြီးနောက် ဆရာစုသင်ပေး သောဂါထာကို (၃၇)အုပ်ဂါထာစုတ်လေ သည်။ သိဒ္ဓိပြီးပြည့်စုံသောအခါ ဘုရား ခန်းမှ ထွက်လာပြီး အိမ်အပေါ်ထပ်ကို ကြဲသည်။ နေရာအနှံ့ ဆန်ဖြင့်ကြဲ၍ မကောင်းဆိုးဝါး၊ သရဲ၊ တစ္ဆေ၊ မြေဖုတ် ဘီလူးများကို မောင်းထုတ်လေတော့ သည်။ ပြီး အောက်ထပ်ကိုဆင်းလာပြီး သရဲကိုလွှတ်လိုက်၏။ နောက်ထပ် ကျွဲ လွန်ပါက ဒီထက်ကြီးလေးသောပြစ်ဒဏ် ကို ခံရမည်ဟုပြောလိုက်၏။ သရဲကြီး လည်း ချည်တိုင်ကလွှတ်လိုက်တာနှင့် အပြင်ကိုထွက်ပြေးသွားလေတော့သည်။

အိမ်ခြံအနှံ့ ဆန်မန်းဖြင့်ပစ်ပေါက်၍ မကောင်းဆိုးဝါးများကို နှင်ထုတ်ပေး လိုက်လေသည်။ တစ်အိမ်လုံးသန့်ရှင်း သွားပြီး ကျွန်ုပ် တာဝန်ကျေသွားပြီ။

"သောင်းသောင်းရေ၊ ငါ့တာဝန် ကျေသွားပြီ။ နင်တို့အိမ်မှာ သရဲလည်း မရှိတော့ဘူး။ ဘာပယောဂမှမရှိတော့ ဘူး။ အားလုံးသန့်သွားပြီ။ ငါပြန်တော့ မယ်"

"အိမ်မှာ ထမင်းစားပြီးမှပြန်ပါ။ စကားပြောကြတာပေါ့"

"အေး အေး။ ငါလည်း အားနေ တာနဲ့အတော်ပဲ။ စကားပြောကြတာ ပေါ့"

ကျွန်ုပ်သည် သူငယ်ချင်းနှင့်အတူ ထမင်းစား၏။ ပုသိမ်ပေါ် ဆန်မွှေးထမင်း နှင့် ပုစွန်တုပ်ကြီးများဖြင့် အားရပါးရစား လေသည်။ ငါးပိရည်နှင့်တို့စရာသည် ပုသိမ်ဟင်းလျာတွင် မပါမဖြစ်ပါ။ ကျွန် တော်တို့ထမင်းစားပြီး ဧည့်ခန်းတွင်ထိုင် ၍ စကားပြောကြလေသည်။

"ကိုစိုင်း၊ နင် မုသိမ်ကို ဘာလို့ ပြောင်းလာရတာလဲ"

"ဒါကတော့ အထက်ကတာဝန် ပေးလို့ ပြောင်းလာရတာပဲ။ ငါ ပုသိမ်မှာ ပျော်ပါတယ်"

"နင်ပျော်စရာလေးတွေ တွေ့နေ ပြီလား"

"ငါ ငယ်ငယ်က သန်းထွန်းလေး ဆိုတဲ့သီချင်းကိုသိပ်သဘောကျတာ"

"ဘာသီချင်းလဲ"

"ကျွန်တော့်မမပုသိမ်သူသီချင်း ပါ။ ချောပုံယဉ်ပုံ လှပုံတစ်မူ အလှဘွဲ့ ယူလို့ဆိုထားတာ။ ပုသိမ်သူအချော အလှနဲ့တွေ့ရတော့မယ်ဆိုပြီး အထင် တကြီးနဲ့ ပြောင်းလာတာ"

"ခုကော တွေ့ပြီလား"

"ပုသိမ်သူ သီချင်းထဲကလိုမဟုတ် ဘူး။ အပြင်မှာ တော်တော်ရုပ်ဆိုးကြ တာပဲ"

"ကိုစိုင်း နင်ပြောတာ ငါတို့ပုသိမ် သူတွေကို စော်ကားသလိုဖြစ်နေပြီ"

"ငါ့စကားမဆုံးသေးဘူးဟ"

"ဒါဖြင့် ပြောပါဦး"

"ချောတယ်ဆိုတာ သဘောက ရင်၊ နှစ်သက်ရင် ချောကြတာပဲ။ နင့် ကြိုက်ရင် နွားချောတယ် ဆိုတဲ့စကား တောင်ရှိသေး"

"နင်က ရှုံးဆိုတော့ ပုသိမ်သူ့ နွားဖြစ်နေပါဦးမယ်"

"ဒါက တင်စားပြောတာ၊ စကား

www.burmeseclassic.com

www.burmeseclassic.com

ပုံအရပြောတာပါ။ ရှမ်းကြိုက်ရင် ချောတယ်ဆိုတာပြောတာ။ ပုသိမ်သူတွေလည်းချောကြပါတယ်”

ကျွန်ုပ်လည်း သောင်းသောင်းနှင့် စကားပြောပြီး ပြန်ထွက်လာသည်။ ဘဝတွင် အဖော်ဆိုတာလိုပါသည်။ ဘဝကြင်ဖော်အဖြစ် ဘယ်သူကိုယူရမလဲဆိုတာ ခုထိရှာမတွေ့သေးပါ။ သောင်းသောင်းဆိုတာ အပေါင်းအသင်းအဆင့်ပဲရှိသည်။ ဒီထက်ကျော်လို့မရသေး။ တော်ဝန်းကျင်နှင့် သူမိဘအသိုင်းအဝိုင်းတာ ရည်းစားဘဝသို့ရောက်စေချင်သည်။ ဘဝကြင်ဖော်အဖြစ်ရွေးစေချင်သည်။ သို့သော် ကျွန်ုပ်ရင်မခုန်မိ။ ချစ်တဲ့စိတ်တွေမပေါက်ဖွားမိပါ။ ကျွန်ုပ်တို့ဘဝသည် တစ်ခါတစ်ရံ လူသဘောနှင့်ဆောင်ရွက်လို့ရသလို တစ်ခါတစ်ရံ ပုဂ္ဂိုလ်သဘောအရ ဆောင်ရွက်ရလေသည်။ အဘတို့ ယေးစားမှ သဘောတူမှ ဘဝကြင်ဖော်ဖွဲ့တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

တစ်နေ့တော့ ကိုသိန်းရွှေကြီး ရောက်လာသည်။ ပုသိမ်မြစ်တစ်ဖက်ကမ်း ရေအိုးစင်ရွာတွင် ဆေးသွားကုသည်၊ ဆရာစုကိုလိုက်ခဲ့ဖို့ခေါ်ကြောင်း သတင်းပြောလေသည်။ ကျွန်ုပ်လည်း ယောဂရောဂါသည်တွေ့၊ အောက်ကမ်းဆရာတွေ့ စုံနိုင်းကဝေတွေပြုစားတာကို ဆရာစုကုသပေးသည်။ ကျွန်ုပ်သည်း အတွေ့အကြုံရရန်လိုက်သွားလေသည်။

ဆရာစုနှင့်တွေ့ပြီး ဆရာစုကို ကန်တော့၏။ ဆရာစုနှင့်လိုက်မည့်သူ (၃) ယောက်ရှိသည်။ အားလုံးလူစုံသောအခါ ဆရာစုမှအောက်ပါအတိုင်း အမိန့်ပေးသည်။

“အခုသွားရမှာက ဝဝန်မြစ်တစ်ဖက်ကမ်း ရေအိုးစင်ရွာပဲ။ လာပင့်တာတော့ စုန်းမလုပ်ထားတာလား၊ သရဲထားလား၊ မြေဖုတ်ဘီလူးဖမ်းစားတာမျိုးမသိဘူး။ ယောက်ျားကြီးပဲ။ စိတ်ဆောက်ပြန်နေတယ်လို့သိရတယ်။ သတိထားခဲ့ကြပါ။ ဟိုရောက်မှ ဘာရောဂါဆိုတာ သိရမှာ”

“ဟုတ်ကဲ့ ဆရာ”

ကျွန်ုပ်တို့အားလုံးသည် ဆရာစုအားကိုးနားထောင်ပြီး ကူးတို့လေ့ဖြင့် ကမ်းတစ်ကမ်းကူးကြသည်။ လမ်းတွင် ကျွန်ုပ်နှင့်ဆရာစုမှာ ခေတ်ကာလအတော်နေပြီဖြစ်သော်လည်း ယခုလို ကဝေ၊ မြေဖုတ်ဘီလူး စသည့် အတတ်လမ်းပညာများဖြင့် လူတွေကို ပြုစားခြင်း၊ ဖမ်းစားခြင်းရှိနေသေးသည်။ ရူးတယ်ဆိုလျှင် စိတ်ရောဂါကုဆေးရုံကိုပို့ကြပါလား။ ဘာလို့ဆရာစုကိုလာပင့်ကြတာလဲ။ ဆရာစု၏ ပညာကို အထင်သေးလို့တော့မဟုတ်ပါ။ အနာတခြားရောဂါတခြားဆိုလျှင် ကုတဲ့ဆရာနာမည်ပျက်မည်။ ဤသို့စဉ်းစားရင်း ရေအိုးစင်ရွာသို့ရောက်လေသည်။

လာပင့်သူက ဦးဆောင်ပြီး လူနာအိမ်သို့သွားကြလေသည်။ လူနာအိမ်မှာ တစ်ထပ်အိမ်နိမ့်နိမ့်လေးပါ။ အိမ်ပေါ် သို့ရောက်သောအခါ ဘုရားခန်းတွင် နေရာပေးပါသည်။ လူနာကို အိပ်ခန်းထဲမှ ခေါ်ထုတ်လာကြပြီး ဆရာ့ကို အပ်နှံကြလေ၏။ အမည်မှာ ဦးသောင်းညွှန့်ဖြစ်သည်။ အသက် (၄၀) နှစ်ခန့်ရှိမည်။ သားသမီး(၃)ယောက်ရှိသည်။ လွန်ခဲ့သော (၇) ရက်မှစ၍ ညမအိပ်တော့ကြောင်း၊ ကြောင်တောင်တောင်နှင့် စိတ်မမှန်ဖြစ်လာပြီး တစ်ညက ဇနီးသည်ကိုခွစီးပြီးသတ်ရန်ပြုသဖြင့် မိသားစုများမနေရဲဘဲ ဆွေမျိုးများအိမ်သို့ပြောင်းနေရကြောင်း၊ ရပ်ကွက်မှ လူကြီးလူငယ်များ အလှည့်ကျအိပ်ရကြောင်းသိရလေသည်။ ကျွန်တော်လည်း သတိထားပြီး အခြေအနေအကဲခတ်နေသည်။ မိမိ အစောင့်ကို ပင့်ဖိတ်ထားပြီး အကာအကွယ်ယူထား၏။ ကိုသောင်းညွှန့်သည် မျက်ထောင့်နီကြီးဖြင့် ကျွန်တော်အား စိုက်ကြည့်နေလေသည်။ ကျွန်တော်လည်း သတိဖြင့်ကြည့်နေလေသည်။

“ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ”

“ခင်ဗျားဘာဖြစ်နေတာလဲ”

“ဒီနားကလူတွေကော ခင်ဗျားသိသလား”

ဘာမေးမေး ဘာမှပြန်မပြောပါ။ လူစိတ်ပျောက်နေလေသည်။ ရူးနေတာသေချာပြီ။ ဆရာစု ဘယ်လိုကုမှာလဲ၊ ဆရာဝန်တွေ့၊ ဆေးခန်းတွေ့ ဘာလို့မပို့တာလဲ၊ ဆရာစု လူနာကို ကုကောကုနိုင်ပါ့မလား စသဖြင့်စဉ်းစားနေမိပြန်သည်။

မကြာမီ ဆရာစု ဘုရားကျောင်းဆောင်တွင် မီးပူဇော်၏။ အမွှေးတိုင်များ ဆုက်ကပ်ပြီး ဆန်များကို ပန်းကန်ပြားတွင်ထည့်၍ မန်းနေလေသည်။ ပြီးနောက် အိမ်အပေါ်ထပ်ကို ဆန်ဖြင့်ပက်လိုက်၏။ ခေါင်တွေ့၊ မျက်နှာကြက်တွေ့၊ နံရံတွေအားလုံး ဆန်စေ့ဖြင့်ပက်ကြလေသည်။ ဆရာစု၏ကုထုံးကို လေ့လာနေမိပါတော့၏။ ဆန်စေ့များကို မြေပြင်သို့ဆင်းပြီးပက်ပြန်သည်။ အိမ်ဝိုင်းအနှံ့ပက်ပြီး ခဏနားရင်းရေနွေးကြမ်းသောက်ကြလေသည်။ နာရီဝက်ခန့်ကြာသောအခါ နံရံတွင်ချိတ်ဆွဲထားသော ဦးသောင်းညွှန့်၏ဓာတ်ပုံ မြုတ်ကျလာတော့သည်။ မှန်တွေကွဲပြီး ဦးသောင်းညွှန့်ဓာတ်ပုံထွက်ကျလာလေသည်။ ဆရာစုက ဦးသောင်းညွှန့်ဓာတ်ပုံကိုယူခဲ့ရန်ပြောသဖြင့် ဆရာစုလက်ထဲသို့ထည့်လိုက်လေသည်။ ဆရာစုက ဓာတ်ပုံ၏နောက်ကျောဘက်ကို သေသေချာချာကြည့်လိုက်သောအခါ အင်းဆွဲထားသည်ကို တွေ့ရလေသည်။ အင်းမှာ (၄) ကွက်အင်းဖြစ်သည်။ တစ်နေရာတွင်ပေါက်နေသည်။

“အေး - ဒီမှာကြည့်ကြစမ်း”

“ဦးသောင်းညွှန့်ဓာတ်ပုံကို နောက်ကျောမှာ အင်းချုပြီးတော့ ရူးအောင်၊ သေအောင်လုပ်ထားတာ။ ဒါကြောင့် ဦးသောင်းညွှန့်ရူးတာကိုး”

ကျွန်ုပ်တို့လည်း ဆရာစု၏လက်ထဲမှဓာတ်ပုံကိုယူကြည့်သောအခါ အင်းကွက်နှင့် အင်းဆန်သွင်းပြီး အတိုက်အခိုက်လုပ်ထားကြောင်း သိရလေတော့သည်။ ခုမှပဲ ကျွန်ုပ်၏ သံသယသည် ကင်းပပျောက်ကွယ်သွားပြီး ဆရာစုကို ကြည်ညိုမိပါတော့သည်။ ဆရာစုသည် အင်းဆန်သွင်းပြီး သိဒ္ဓိတင်ထားသော ဓာတ်ပုံကိုယူကာ သိဒ္ဓိဖျက်ပါသည်။ လက်ဖြင့်သပ်ချပြီး အစွမ်းအစများကို မီးခိုးမြှုပ်တိုက်၍ နှင်ထုတ်လိုက်သည်။ ပြီးနောက် ဓာတ်ပုံအားမီးရှို့ဖျက်ဆီးပြီး ပြာများကို ရေဖြင့်ဖျော်၍ ဝဝန်မြစ်ထဲသို့ပစ်ချလိုက်ပါသည်။ စီရင်စရာများကို စီရင်ပြီးသောအခါ ဦးသောင်းညွှန့်မှာ လူကောင်းပကတိပြန်ဖြစ်လာပါသည်။ အသိတွေဝင်ပြီး အိပ်မက်မှန်းလာသူပမာ ရောဂါဆီး၊ အတိုက်အခိုက်ဆိုးတို့မှ လွတ်မြောက်နိုးကြားလာပါတော့သည်။

ဆရာစုထံ တပည့်ခံပြီး ကိုယ်ခံဆေးများထိုးသည်။ အင်းများကိုစီရင်၍ သောက်စေသည်။ ငါးပါးသီလကိုလုံခြုံအောင်စောင့်ထိန်းစေပြီး သင့်ဝါတစ်ဦးကို ကိုယ်တင်ခဲ့လေသည်။ ကျွန်ုပ်လည်း ဆရာစုကို ကန်တော့ပြီး မိမိသံသယကိုဝန်ခံပြီး အပြစ်ရှိပါက သည်းခံခွင့်လွှတ်ပါရန် တောင်းပန်လိုက်ပါသည်။ ဆရာစုက သည်းခံခွင့်လွှတ်ပါကြောင်း၊ တပည့်အား ပညာများတတ်မြောက်စေချင်ကြောင်းပြောလေသည်။

အဏ္ဏဝါမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေဂင်)ချောက်

နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ဗုဒ္ဓဝင်နှင့်ဘုရားရှိခိုးများ

ဗုဒ္ဓဘာသာဝင် အများစုသည် ဂေါတမဘုရားရှင်၏ ဗုဒ္ဓဝင်ကို သိကြသော်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူကြသော (၂၇) ဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကိုမူ လူတိုင်းသိနိုင်ကြမည် မဟုတ်ပါ။ သို့ပါ၍ ထို (၂၇) ဆူသော ဘုရားရှင်နှင့် ဂေါတမဘုရားရှင် စုစုပေါင်း (၂၈) ဆူတို့၏ ဗုဒ္ဓဝင်နှင့် ဘုရားရှိခိုးကို သိရှိကြည်ညိုနိုင်ပါရန် ရေးသားပါသည်။

ကျွန်ုပ်တို့သည် နေ့စဉ်ပင် ဂေါတမဘုရားရှင်အား ရှိခိုးပူဇော်၍ ပန်း၊ ရေ ချမ်း၊ ဆီမီး၊ ဆွမ်း စသည်တို့ကပ်လှူ ပူဇော်ကြပါသည်။ ဤကဲ့သို့ ပူဇော်ခြင်းသည် များစွာအကျိုးရှိပါသည်။ ထိုကဲ့သို့ ဘုရားတစ်ဆူကို ပူဇော်ခြင်းသည် အကျိုးများစွာရှိသည်ဆိုပါလျှင် ဘုရားပေါင်း (၂၈) ကို ပူဇော်ရခြင်းသည် အနမတဂ္ဂ အကျိုးများစွာရရှိနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

ရှေးဦးစွာ ကမ္ဘာရေတွက်ပုံကို ဖော်ပြပါမည်။ မြန်မာလို ကမ္ဘာ၊ ပါဠိလို ကပ္ပ၊ လွယ်လွယ် ကပ်ဟုလည်း ခေါ်သည်။ ယင်းကမ္ဘာကို မြေထုအလုံးကြီးဟု ထင်မှတ်နေကြသည်။ အမှန်မှာ ကပ်တစ်ကပ် (ကမ္ဘာတစ်ခု) ၏ အလွန်ရှည်လျားသော အချိန်ကာလကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ကပ်တစ်ကပ်၏ အချိန်ကာလကို သင်္ချာဂဏန်းဖြင့် ရေတွက်၍မရနိုင်ပါ။ အလျား၊ အနံ၊ အမြင့် တစ်ယူဇနာ (၁၃-မိုင်ခန့်) စီရှိသော ဂိုဒေါင်ကြီးအတွင်း၌ အလွန်သေးငယ်လှသော မုန်ညင်းစေ့အဖြူတို့ကို အပြည့်ထည့်ထားပြီး အနှစ်တစ်ရာပြည့်လျှင် တစ်စေ့ယူ၍ပစ်လျှင် ဂိုဒေါင်ကြီးအတွင်းမှ မုန်ညင်းစေ့သာ ကုန်သွားမည်။ တစ်ကမ္ဘာတစ်ခု၏အချိန်ကာလတစ်ခု မကုန်ဆုံးသေးပါ။

လူတို့၏လောဘ၊ ဒေါသ၊ မောဟများအားကြီးလာမှုကြောင့် သက်တမ်းများတိုလာပါသည်။ အသင်္ခေတန်းမှ (၁၀) နှစ်တမ်းအထိ ဆုတ်ယုတ်သော အချိန်ကာလကို ပါဠိလို ဟာယနကပ္ပ၊ မြန်မာလို ဆုပ်ကပ်ဟု ခေါ်သည်။

လူတို့သည် မြဟွဖိုရိတရားများကို မြန်လည်ကျင့်သုံးလာသောကြောင့် သက်တမ်းပြန်လည်ရှည်လာကြရာ ဆယ်နှစ်တမ်းမှ အနှစ်တစ်ရာ၊ နှစ်တစ်ထောင်၊ တစ်သိန်း၊ တစ်သန်း (မီလျံ)၊ ဘီလျံ၊ ရီလျံ၊ ကွာဒရီလျံ၊ (ကွင်တီလျံ)၊ (ဂူဂေါလ်) (Google) (တစ်နောက်မှသုညအလုံးပေါင်းတစ်ရာ) သင်္ချာဖြင့်ရေတွက်၍ မရနိုင်သည့်အသင်္ခေအထိ သက်တမ်းတိုးလာပါသည်။ ထိုကဲ့သို့ (၁၀) နှစ်တမ်းမှ အသင်္ခေတမ်းတိုင်အောင် ရှည်မြင့်လာသောအချိန်ကို ပါဠိလို (ဝဟုကပ္ပ) မြန်မာလို တက်ကပ်ဟု ခေါ်ပါသည်။

ထိုသို့ (တက်ကပ် + ဆုတ်ကပ်) အသွား၊ အပြန်တစ်စုံကို အန္တရကပ် တစ်ကပ်ဟုခေါ်ပါသည်။ ၎င်းအန္တရကပ်ပေါင်း (၂၅၆)ကပ်ကို မဟာကပ်တစ်ကပ်ဟု ခေါ်ပါသည်။ ယင်းမဟာကပ်တစ်ကပ်သည် တစ်ကမ္ဘာဖြစ်ပါသည်။ (ကမ္ဘာမြေကြီးကို ဆိုလိုခြင်းမဟုတ်ပါ) ယင်းမဟာကပ်(တစ်ကမ္ဘာ)တွင်လည်း သံဝဋ္ဋကပ်၊ သံဝဋ္ဋဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဌာယီကပ်ဟု ကပ် (၄) ပါးရှိပါသည်။ ကမ္ဘာပျက်ဆဲသည် သံဝဋ္ဋကပ်၊ တစ်စုံတစ်ခုဖြစ်ပေါ်မှုမရှိသေးဘဲ ပျက်ပြီးအတိုင်းရှိနေသောကာလသည် သံဝဋ္ဋဌာယီကပ်၊ တည်ထောင်ဆဲကာလသည် ဝိဝဋ္ဋကပ်၊ တည်ထောင်ပြီးကာလ ယခုလူတို့နေသောကာလသည် ဝိဝဋ္ဋဌာယီကပ်မည်သည်။ ဤကပ်လေးပါးပေါင်းကို မဟာကပ်ကြီးတစ်ခု (တစ်ကမ္ဘာ) ဟု ဆိုလိုပါသည်။

ယခု လူတို့နေထိုင်သော ဤဝိဝဋ္ဋဌာယီကပ်သည် အန္တရကပ်ပေါင်း (၆၄) ရှိပါသည်။ ကမ္ဘာဦးပထမအန္တရကပ် သက်တမ်း (၄၀၀၀၀) တွင် ကကုသန်ဘုရားရှင်ပွင့်တော်မူခဲ့ပါသည်။ ဒုတိယအန္တရကပ် သက်တမ်းနှစ် (၃၀၀၀၀) တွင် ကောဏာဂုံဖြတ်စွာဘုရားပွင့်တော်မူခဲ့ပါသည်။ ဂေါတမဘုရားရှင်သည် စတုတ္ထအန္တရကပ် (၁၀၀၀၀) တွင် ပွင့်ထိုက်သည်ဟုဆိုရန်ရှိပေသည်။ သို့သော်လည်း ဂေါတမဘုရားရှင်သည် ပါရမီကံအဆောက်အဦမရင့်သန်းသေး၍ မပွင့်နိုင်ခဲ့။ ဖြည့်ကျင့်ရန် အကြောင်းပါရမီများပြည့်သောအနှစ် (၁၀၀) တမ်းမှာသာပွင့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ ပဉ္စမအန္တရကပ်သက်တမ်း တစ်သိန်းတွင် အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူပြီးနောက် ကျန်သော အန္တရကပ်ပေါင်း (၅၉) ကပ်တွင် ဘုရားမပွင့်တော့ပါ။

မြတ်စွာဘုရားရှင်တို့သည် သုညကပ်(သုညကမ္ဘာ)တွင် မပွင့်ဘဲ အသုညကပ် (ဘုရားပွင့်သောကမ္ဘာ) တွင်သာ ပွင့်တော်မူကြ၏။ တစ်ဖန် အသုညကပ်အတွင်း တက်ကပ်မှာ ဘုရားမပွင့်ဘဲ ဆုတ်ကပ်မှသာ ဘုရားပွင့်တော်မူပါသည်။အကြောင်းမှာ တက်ကပ်၌ ဘုရားပွင့်၍ အနိစ္စ မမြဲခြင်း အစရှိသည့်တရားများကို ဟောကြားလျှင် တက်ကပ်တွင်ရှိသတ္တဝါများသည် ယုံကြည်ကြမည် မဟုတ်ပေ။ တက်ကပ်မှာ သက်တမ်းတို့သည် တစ်ဆပြီးတစ်ဆတိုးပြီး အသက်ရှည်ရာအနာမဲ့ကြောင်းဖြစ်နေ၍ သခ်ါရတရားများဖြစ်သော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) တရားတို့ကို ထင်မြင်နိုင်ခြင်း မရှိပါ။ သို့ပါ၍ တက်ကပ်ခေတ်တွင် မြတ်စွာဘုရားရှင်တို့ ပွင့်တော်မမူပါ။ ဆုတ်ကပ်မှာသာ ဘုရားရှင်တို့ ပွင့်တော်မူကြပါသည်။

ဆုတ်ကပ်မှာလည်း အသက်တမ်းအသေခ်ေတမ်းနှင့် တစ်သိန်းကျော်ဘုရားမပွင့်ပြန်ပါ။ သခ်ါရတရားတို့၏ အသက်တစ်သိန်းကျော်တို့သည် မထင်မြင်၍ ယုံကြည်ကြမည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ကပ်အတွင်း အနှစ်တစ်သိန်းတမ်း ရှိသတ္တဝါတို့သည်သာ သခီါရတရားများကို နားလည်နိုင်စွမ်းရှိကြသောကြောင့် ဘုရားပွင့်တော်မူပါသည်။

တစ်ဖန်အနှစ်(၁၀၀)တမ်းအောက် လျော့သွားပြန်လျှင်လည်း သက်တမ်းတို့ လွန်းပြီး လောဘ၊ ဒေါသ၊ မောဟ တရားများ လွန်စွာထူပြောနေ၍ သခီါရ တရားများကို လက်မခံနိုင်၊ မနာယူနိုင်၊ မကျင့်သုံးနိုင်ကြပါ။ သို့ပါ၍ ဆုတ်ကပ် ရှိ အနှစ်တစ်သိန်းတမ်းနှင့် အနှစ် (၁၀၀) အတွင်းသာ ဘုရားရှင်တို့ပွင့်တော်မူကြပါသည်။

ပုံစံဖြင့် ပြပါမည်။

တက်ကပ်	ဆုတ်ကပ်
အသခ်ျေတမ်း →	အသခ်ျေတမ်း
(၁) သိန်းတမ်း	(၁) သိန်းတမ်း
(၁) သောင်းတမ်း	(၁) သောင်းတမ်း
(၁) ရာတမ်း	(၁) ရာတမ်း
(၁၀) နှစ်တမ်း	(၁၀) နှစ်တမ်း

၁ ဆုတ်ကပ်ရှိ
(၁) သိန်းတမ်းမှ
(၁) ရာတမ်းအထိသာဘုရားပွင့်နိုင်

လေးသခ်ျေနှင့် ကမ္ဘာတစ်သိန်း အတွင်းပွင့်တော်မူကြသော နှစ်ကျိပ်ရှစ် ဆူဘုရားရှိခိုး၊ ဘုရားရှင်များပွင့်တော်မူ ကြပုံနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ပုဒ္ဓဝင်အကျဉ်းချုပ်ကို ကြည့်ရှုနိုင်ကြ ရန် ဇယားဖြင့်ဖော်ပြပါမည်။

ဇယား (က) ဘဒ္ဒကမ္ဘာဆုတ်ကပ် မှာ ဘုရားရှင်တို့ပွင့်ကြပုံ။

ဇယား (ခ) လေးသခ်ျေနှင့်ကမ္ဘာ တစ်သိန်းအတွင်း နှစ်ကျိပ်ရှစ်ဆူဘုရား များပွင့်ကြပုံ။

ဇယား (ဂ) နှစ်ကျိပ်ရှစ်ဆူသပွတ္တ ဣတ်စွာဘုရားရှင်တို့၏ ပုဒ္ဓဝင်အကျဉ်း ချုပ်။

တိပိဋကရေ မွေဘက္ကာဂ်ိရိက ဆရာတော် ဦးဝိစိတ္တသာရတိဝံသ၏ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး

က။ တဏှင်္ကရာ မေဓင်္ကရာ၊ အထော ပိ သရဏင်္ကရော။
ဒီပင်္ကရာစ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍ ညော ဇိုပဒုတ္တမော။

ခ။ မင်္ဂလော စ သုမနော စ၊ ရေဝ တော သောဘိတော၊ မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။

ဂ။ သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။

ဃ။ တိဿော ဖုဿော စ သမ္မဒ္ဒေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါစာပိဂေါတမော။

င။ **ဧတေ** အဟေသုံ သမ္ဗုဒ္ဓေါ၊ ဝီတ ရာဂါ သမာဟိတာ၊
အနန္တဉာဏသမွန္နေ၊ ဝန္ဒေ တေ ဒ္ဝိပဒုတ္တမေ။ ။

က။ **တဏှင်္ကရာ** - ဝေနေယျများ စွာ သတ္တဝါတို့၏ တဏှာရစ်မှေးညစ် ကြေးကို လျှော်ဆေးသုတ်သင် ပယ်ဖျက် နှင့်၍ တရားတော် မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း (၁)။ **မေဓင်္ကရာ** - ဝေနေယျများသောင်းတို့က် သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှို့ဖြာထိန်လင်းပွင့်စေလျင်း၍ သုံးခင်း ဘုံတွင် ကျော်စောထင်သော မေဓင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း (၂)။ **အထောပိ** - ထိုမှ တစ်ပါးလည်း။ **သရဏင်္ကရော** - ဝေနေ ယျများ သောင်းတို့က်သားတို့ လေးပါး အဝါယ် မကျတွယ်အောင် ကိုးကွယ်ရာ မှု စောင့်ရှောက်ပြု၍ အတုမမြင်ကွေးဖူး တင်သား သရဏင်္ကရာမည်တော်မူ သော မြတ်စွာဘုရားရှင်သည် လည်း ကောင်း (၃)။ **သမ္ဗုဒ္ဓေါ** - သစ္စာလေးပါး ဥေ ယျဓါးကို ပိုင်းခြားကုန်စင် ထိုးထွင်း မြင်ပေသော။ **ဒီပင်္ကရော စ** - ဒီပင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း (၄)။ **ဒ္ဝိပဒုတ္တမော** - အခြေ နှစ်ချောင်းရှိသူ နတ်၊ လူ၊ ငြဟ္မာသတ္တဝါ တို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြင့်မြတ်တော်မူထသော။ **ကောဏ္ဍညော** - နွယ်တော်ဝံသ ကောဏ္ဍညဟု နာမထင် ရှား ရှင်တော်မြတ်ဘုရားသည် လည်း ကောင်း (၅)။

ခ။ **မင်္ဂလော စ** - တစ်သောင်း သခ်ျာစက္ကဝါဠ် လျှို့ဖြာထွန်းလျော် နေ ဝန်းပေါ် သို့ ကိုယ်တော်ရောင်ပ မင်္ဂလ ဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်လည်းကောင်း (၆)။ **သုမနော စ** - နှုန်းလျော်ရွှေတောင် ကိုယ်တော်ရောင် နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်း ကောင်း (၇)။ **ရေဝတော** - တစ်ယူဇနာ ရှပ်ဖိသာဝယ် မကွာနေညှာ့် ဖူးတိုင်းတင့် သား မိုးနှင့်ရေပြောင် မြေတစ်ခွင်၌ ရောင် ရှင်ထွန်းပရေဝတဟု နာမထင်ရှား ရှင် တော်မြတ်ဘုရားသည် လည်းကောင်း (၈)။ **သောဘိတော မုနိ** - ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင် ဟပ်သား လျှောက်ပတ်တင့်တယ် သပ္ပာယ် လှပသောဘိတဟု နာမထင်ရှား ရှင် တော်မြတ်ဘုရားသည် လည်းကောင်း (၉)။ **အနောမဒဿီ** - ရွှေနောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာလှုံမြော ကြည့် ဖွယ်ပေါသား အနောမဒဿီ ဘွဲ့မည် ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်း ကောင်း (၁၀)။ **ပဒုမော** - မဟာပဒုံ ကြာဝတ်မှန်သို့ ဘုန်းဂုဏ်ရန်ရှိ ဘဝဂ်နှံ အောင် သင်းပျံ့လှုံကြွေ စံမတူသား သဃ မ္မုဇိန ပဒုမဟု နာမထင်ရှား ရှင်တော် မြတ်ဘုရားသည် လည်းကောင်း (၁၁)။ **နာရဒေါ** - ယူဇနယတစ်ဝန်းကျင်ခေတ် ဝယ် သစ်သစ်ထွန်းပြောင် နေရာထောင် သို့ ကိုယ်ရောင်ကိန်းပ နာရဒဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း (၁၂)။ **ပဒုမုတ္တရော** - အံ့ဖွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့် မြူးစကြာ ကြွတိုင်းပါသား ယူဇနာဆယ့် နှစ်ခရိုင်ခေတ်ဝယ် ထွန်းသစ်ရောင်ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရနာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း (၁၃)။

ဂ။ **သုမေဓော စ** - တစ်ယူဇနာ ရပ်ရှစ်မျက်နှာဝယ် ရောင်ဝါလှုံပသုမေဓ ဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည် လည်းကောင်း (၁၄)။ **သုဇာတော စ** - ငါးဆယ်သံတောင် ကိုယ်ရပ်ဆောင် သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်း ကောင်း (၁၅)။ **မဟာယသော** - များမြတ် ခြွေရံ ကျော်စောသံရှိတော်မူပထသော။ **ပိယဒဿီ** - လုံးစုံလောက ဟူသမျှကို အမတသုခီ ဖြန့်ဝေချီသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရား သည် လည်းကောင်း (၁၆)။ **အတ္ထဒဿီ** - ဝေနေယျများ သောင်းတို့က်သားတို့၏ စီးပွားကိုသာ ရှုမျှော်ကာဖြင့် တစ်ယူဇနာ ထိုင်လတ် ကိုယ်ရောင်ဟပ်သား အတ္ထ ဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ် ဘုရားသည် လည်းကောင်း (၁၇)။ **ဓမ္မ ဒဿီ** - အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဇုန်ဒုစ္စ ရှုမြင်ထသား ဓမ္မဒဿီဘွဲ့မည် ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်း (၁၈)။ **လောကနာယကော** - လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူပေထသော။ **သိဒ္ဓတ္ထော** - သောင်းတိုက်ဗိုလ်ခြေ များဝေနေတို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေတတ်သား သိဒ္ဓတ္ထခေါ် မြတ်ဇနော်သည် လည်းကောင်း (၁၉)။

ဃ။ **တိသော စ သမ္မာဒ္ဓေါ** - သုံးဘုံရပ်သူ နတ်နှင့်လူကို ခေ့ရိပ်သာ ရောက်စိမ့်ငှာဟု မကွာနွေညာ ပို့ဆောင်သသား တိသဟုတွင်ခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၀)။ **ဖုဿော စ သမ္မာဒ္ဓေါ** - ဝေနေယျကြာပဒုမ္မာကို သစ္စာလေးထွေ လင်းပွင့်စေသဖြင့် နေ့အာဒိစ္စ နှိုင်းပုံပြုသား ဖုဿတွင်ခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၁)။ **ဝိပဿီ** - ခုနစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင် ဓာတ် ခြည်လျှံဖာပ်သား ဝိပဿီခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၂)။ **သိခီ**- ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင်ခြည် လင်းလက်စည်သား သိခီတွင်ခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၃)။ **ဝေဿဘူ** - ငါး ချက်သောမာရ် တွင်းပရန်ကို တွန်းလှန် ထိန်ဆူအောင် ပွဲယူသား ဝေဿဘူခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၄)။ **ကကုသန္ဓော** - ဆယ်နှစ်မှန်စွာ ယူဇနာဝယ်မကွဲကဒိစ္စရောင်လျှံပသား ကကုသန်ခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၅)။ **ကောဏာဂမနော**- ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇနော်သည် လည်းကောင်း (၂၆)။ **ကဿပေါဓာဝိ**- နွယ်တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း (၂၇)။ **ဂေါတမော**- မဟာသမ္မတ အာဒိစ္စ ဂိုဏ်း ကွန်ခဲလှိုင်း၍ အတိုင်းမသို ကျေးဇူရှိသည့် မုနိသကျ ဂေါတမဟု လောကတန်ဆောင် မြတ်ဘုန်းခေါင်သည် လည်းကောင်း (၂၈)။

၈။ **ဝိတရာဂါ** - တစ်ထောင်ငါးရာ ကိလေသာတို့မှ ဝေးကွာလွတ်ရှင်း ရာဂကင်းတော်မူကြပေကုန်သော။ **သမာဟိတာ** - လောကဓလေ့ မုန်တိုင်းမွှေ့လည်း မရွေ့မယိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သောစိတ်နှလုံးရှိတော်မူကြပေကုန်သော။ **တေ သမ္မာဒ္ဓါ** - သစ္စာလေးဝဲ ဥ ယျငါးပုံတရားစုံကို အံ့ကုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြပေကုန်သော နှစ်ကျိပ်နှစ်ဆူ သဃမ္မာထွတ်ထား ထိုမြတ်စွာဘုရားတို့သည်။ **အံပေသုံ** - သခ္ခေလေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလှိုက်ဆူပွင့်တော်မူကြလေကုန်ပြီ။ **အနန္တ ဂုဏသမုဒ္ဒေ** - ဤရွှေ့ဤမှ ဂဏန်းချ၍ မှန်းဆမရကုန် အနန္တကေ့ဇူဂုဏ်နှင့်ပြည့်စုံတော်မူကြပေကုန်သော။ **ဒွိပဒုတ္တ မေ** - အခြေနှစ်ချောင်းရှိသူ နတ်လူပြဟ္မာသတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်တော်မူကြကုန်သော။ **တေ သမ္မာသမ္မဒ္ဓေ** - တဏှာကရာမြတ်စွာဘုရားအစ ဂေါတမမြတ်စွာဘုရားအဆုံး ပေါင်းနှုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သဃမ္မာထွတ်ထား ထိုမြတ်စွာဘုရားတို့ကို **ဝန္ဒေ ဝန္ဒာမိ** - မဟာရဟ ပလ္လင်ဟု သာသနာရိပ်သာ ဤနေရာသို့ စကြာကွန့်လူ ပင့်ဆောင်ယူလျက် ပူဇော်ဖွယ်မူစုစုဖြင့် ရှေးရှည်ညီညာ ဤအခါဝယ် ကြည်သာမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

လေးသခ္ခေနှင့်ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး

ကုလိတော ယုဇေ ရုဇေ စ၊ ဝိဇေ ဒိပျာနုနာနုသေ။
လက္ခေ ဇာ ခဏ္ဍ ဝါကပွေ၊ နမေ ခေသု ဟရေ ဇိနေ။

၁။ **ကုလတော ကုမဓိ** - ဤဘဒ္ဒကမ္ဘာ၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟု လောကထွတ်ထား လေးဆူသော မြတ်ဘုရားတို့ကို လည်းကောင်း။ (၄)

၂။ **ကုတော** - ဤဘဒ္ဒကမ္ဘာမှ။ **ကုလေ** - သုံးဆယ့်တစ်ကမ္ဘာထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- သိခီ၊ ဝေဿဘူဟု လောကထွတ်ထား နှစ်ဆူသော မြတ်ဘုရားတို့ကို လည်းကောင်း။ (၂)

၃။ **ကုတော** - ဤဘဒ္ဒကမ္ဘာမှ။ **ယုဇေ** - ကိုးဆယ့်တစ်ကမ္ဘာထက်၌။ **ဇာတံ** - ပွင့်တော်မူသော၊ **ဇိနဋ္ဌ**- ဝိပဿီဟု လောကထွတ်ထား တစ်ဆူသော မြတ်စွာဘုရားကို လည်းကောင်း။ (၁)

၄။ **ကုတော** - ဤဘဒ္ဒကမ္ဘာမှ။ **ရုဇေ** - ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ **ဇာတေ**- ပွင့်တော်မူကုန်သော။ **ဇိနေ စ**- တိဿ၊ ဖုဿ လောကထွတ်ထား နှစ်ဆူသော မြတ်ဘုရားတို့ကို လည်းကောင်း။ (၂)

၅။ **ကုတော** - ဤဘဒ္ဒကမ္ဘာမှ။ **ဝိဇေ**-ကိုးဆယ့်လေးကမ္ဘာထက်၌။ **ဇာတံ**- ပွင့်တော်မူကုန်သော။ **ဇိနဋ္ဌ** - သိဒ္ဓတ္ထဟု လောကထွတ်ထား တစ်ဆူသော မြတ်ဘုရားကိုလည်းကောင်း။ (၁)

၆။ **ကုတော**- ဤဘဒ္ဒကမ္ဘာမှ၊ **ဒိပျေ**- တစ်ထောင့်ရှစ်ရာကမ္ဘာထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီဟု လောကထွတ်ထား သုံးဆူသော မြတ်ဘုရားတို့ကိုလည်းကောင်း။ (၃)

၇။ **ကုတော** - ဤဘဒ္ဒကမ္ဘာမှ။ **အနနာနသေ** - ကမ္ဘာသုံးသောင်းထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- သုမေဓာ၊ သုဇာတာဟု လောကထွတ်ထား နှစ်ဆူသော မြတ်စွာဘုရားတို့ကို လည်းကောင်း။ (၂)

၈။ **ကုတော**- ဤဘဒ္ဒကမ္ဘာမှ၊ **လက္ခေ** - ကမ္ဘာတစ်သိန်းထက်၌။ **ဇာတံ**- ပွင့်တော်မူသော။ **ဇိနဋ္ဌ** - ပဒုမုတ္တရ လောကထွတ်ထား တစ်ဆူသောမြတ်စွာဘုရားကိုလည်းကောင်း။ (၁)

၉။ **တတော** - ထိုပဒုမုတ္တရပွင့်တော်မူရာ သာရကမ္ဘာမှ၊ **က-ကပ္ပေ** - ကမ္ဘာတစ်သန်းထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- အနောမဒဿီ၊ ပဒုမ၊ နာရဒဟု လောကထွတ်ထား သုံးဆူသော မြတ်စွာဘုရားတို့ကို လည်းကောင်း။ (၃)

၁၀။ **တတော** - ထိုပဒုမုတ္တရပွင့်တော်မူရာ သာရကမ္ဘာမှ၊ **ခ-ကပ္ပေ** - ကမ္ဘာနှစ်သန်းထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ** - မင်္ဂလ၊ သုမန၊ သောဘိတ၊ ရေဝတဟု လောကထွတ်ထား လေးဆူသော မြတ်စွာဘုရားတို့ကိုလည်းကောင်း။ (၄)

၁၁။ **တတော** - ထို ပဒုမုတ္တရ ပွင့်တော်မူရာ သာရကမ္ဘာမှ၊ **ဃ-ကပ္ပေ** - ကမ္ဘာသုံးသန်းထက်၌။ **ဇာတံ** - ပွင့်တော်မူသော။ **ဇိနဋ္ဌ**- ကောဏ္ဍညဟု လောကထွတ်ထား တစ်ဆူသော မြတ်စွာဘုရားကိုလည်းကောင်း။ (၁)

၁၂။ **တတော** - ထို ပဒုမုတ္တရ ပွင့်တော်မူရာ သာရကမ္ဘာမှ၊ **ဝါ-ကပ္ပေ**- ကမ္ဘာလေးသန်းထက်၌။ **ဇာတေ** - ပွင့်တော်မူကုန်သော။ **ဇိနေ စ**- ဇဏ္ဍက်ရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဟု လောကထွတ်ထား လေးဆူသော မြတ်စွာဘုရားတို့ကို လည်းကောင်း။ (၄)

ဤတိ - ဤသို့ **ချေသူ**- သခ်ၤါဖွဲ့၍ ရေတွက်အပ်ကုန်သော တစ်ဆယ့်နှစ်ကမ္ဘာတို့၌၊ **ဇာတေ** - ပွင့်ကော်မူကုန်သော၊ **ဟရေ**- နှစ်ကျိပ်ရှစ်ဆူကုန်သော။ **ဇိနေ**- လောကထွတ်ထား မြတ်စွာဘုရားတို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ကုမုဒြာ ရွှေကြာပွင့်ငုံ ဆယ်ချောင်းလျက် ကြည်ယုံမြတ်နိုး ဦးထိပ်မိုးဖူး ရှိခိုးပါ၏၊ အရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်
ညောင်လေးပင်ဆရာတော်ဘုရားကြီး၏
နှစ်ကျိပ်ရစ်ဆူဘုရားရှိခိုး

ယဒါ ဗုဒ္ဓါ စက္ခုမန္တော၊ ဥပ္ပဇ္ဇန္တိ ပဘင်္ကရာ။
ကိလေသေ ဈာပယိတ္တာန၊ အာလောကံ ဒဿယန္တိ တေ။

ယဒါ - အကြောင်အခါ၌။ **ဗုဒ္ဓါ** - သစ္စာလေးပါးကို ကိုယ်တိုင်သိ၍ သူတစ်ပါးတို့ကိုလည်း သိစေတတ်ကုန်သော၊ **စက္ခုမန္တော** - ဗုဒ္ဓစက္ခု၊ မဓုစက္ခု၊ သမန္တစက္ခု၊ ဒိဗ္ဗစက္ခု၊ ဉာဏစက္ခုတို့ စက္ခုငါးပါးရှိတော်မူကုန်သော။ **စက္ခုမန္တော** - ဤအာမဍိတ် သဗ္ဗညုတ ဒိဗ္ဗပုဗ္ဗေ စသည်ထွေပြား ဉာဏ်မျက်စိငါးပါးရှိတော်မူကုန်သော။ **ပဘင်္ကရာ** - ရောင်ခြည်တော်ဝန်းကျင် ဘုရားရှင်တို့သည်။ **ဥပ္ပဇ္ဇန္တိ** - ပွင့်တော်မူကုန်၏။ **တဒါ** - ထိုအခါ၌၊ **တေ** - ထိုဘုရားရှင်တို့သည်။ **ကိလေသေ** - ကိလေသာတို့ကို၊ **ဈာပယိတ္တာန** - လောင်ကျွမ်းစေလျက်။ **အာလောကံ** - သစ္စာပြောင်ဝင်း ဉာဏ်ရောင်အလင်းကို၊ **ဒဿယန္တိ** - မြင်ကြ၊ ရှုကြဟု ကောင်းကျိုးရအောင် ပြသကုန်လေ၏။ **တေ** - ထိုဘုရားရှင်တို့ကား-

တ၊ မေ၊ သ၊ ဒိ၊ ကော၊ မံ၊ သု၊ ရော၊ သော၊ အ၊ ပ၊ နာ၊ ပ၊ သု၊ သု၊ ပိ၊ အတ်၊ ဓမ်၊ သိ၊ တိ၊ ဖု၊ ပို၊ သိ၊ ဝေ၊ ကာ၊ ကော၊ ကာ၊ ဂေါ၊ အနန္တာတေ။

(တ) **တဏှင်္ကရော စ** - တဏှင်္ကရာဘုရားလည်းကောင်း။ (မေ) **မေဓင်္ကရော စ** - မေဓင်္ကရာဘုရားလည်းကောင်း။ (သ) **သရဏင်္ကရော စ** - သရဏင်္ကရာဘုရားလည်းကောင်း။ (ဒီ) **ဒီပင်္ကရော စ** - ညောင်ကြတ်ပင်၌ပွင့်သော ဒီပင်္ကရာဘုရားလည်းကောင်း။

(လေးသခ္ခေါနှင့်
ကမ္ဘာတစ်သိန်းထက်၌လေးဆူ)

(ကော) **ကောဏ္ဍညော စ** - နံပေါင်း၌၊ **ဝါ** - သာလကလျာဏီခေါ် ထင်ရှားပင်၌ပွင့်သော ကောဏ္ဍညဘုရား လည်းကောင်း။

(သုံးသခ္ခေါနှင့်
ကမ္ဘာတစ်သိန်းထက်၌တစ်ဆူ)

(မံ) **မင်္ဂလော စ** - ကုံကော်ပင်၌ပွင့်သော မင်္ဂလာဘုရား လည်းကောင်း။ (သု) **သုမနော စ** - ကုံကော်ပင်၌ပွင့်သော သုမနာဘုရားလည်းကောင်း။ (ရေ) **ရေဝတော စ** - ကုံကော်ပင်၌ပွင့်သော ရေဝတဘုရားလည်းကောင်း။ (သော) **သောဘိတော စ** - ကုံကော်ပင်၌ ပွင့်သော သောဘိတဘုရား လည်းကောင်း။

(နှစ်သခ္ခေါနှင့်
ကမ္ဘာတစ်သိန်းထက်၌လေးဆူ)

(အ) **အနောမဒဿီ စ** - ထောက်ကြံပင်၌ပွင့်သော အနောမဒဿီဘုရား လည်းကောင်း။ (ပ) **ပဒုမော စ** - ကြောင်လျှာပင်၌ပွင့်သော ပဒုမဘုရား လည်းကောင်း။ (နာ) **နာရဒေါ စ** - ကြောင်လျှာကြီးပင်၌ပွင့်သော နာရဒဘုရား လည်းကောင်း။

(တစ်သခ္ခေါနှင့်
ကမ္ဘာတစ်သိန်းထက်၌သုံးဆူ)

(ပ) **ပဒုမုတ္တရော စ** - ထင်းရှူးပင်၌၊ **ဝါ** - အင်ကြင်းပင်၌ပွင့်သော ပဒုမုတ္တရဘုရားလည်းကောင်း။ (သု) **သုမေဓော စ** - တမာပင်၌ပွင့်သော သုမေဓာဘုရား လည်းကောင်း။ (သု) **သုဇာတော စ** - ကြခတ်ပင်းပင်၌ပွင့်သော သုဇာတာဘုရား လည်းကောင်း။

(ကမ္ဘာသုံးသောင်းထက်၌သုံးဆူ)

(ပိ) **ပိယဒဿီ စ** - ခတက်ပင်၌၊ **ဝါ** - သျှီသျားပင်၌ပွင့်သော ပိယဒဿီဘုရားလည်းကောင်း။ (အတ်) **အတ္ထဒဿီ စ** - စံကားပင်၌ပွင့်သော အတ္ထဒဿီဘုရား လည်းကောင်း။ (ဓမ်) **ဓမ္မဒဿီ စ** - သဲသတ်ပင်၌။ **ဝါ** - မျက်နှာပန်းပင်၌ပွင့်သော ဓမ္မဒဿီဘုရားသည် လည်းကောင်း။

(ကမ္ဘာထောင်ရှစ်ရာထက်၌ သုံးဆူ)

(သိ) **သိဒ္ဓတ္ထော စ** - မဟာလေ့ကားပင်၌ပွင့်သော သိဒ္ဓတ္ထဘုရား လည်းကောင်း။

(၉၃-ကမ္ဘာထက်၌တစ်ဆူ)

(တိ) **တိဿော စ** - ပိတောက်ပင်၌ပွင့်သော တိဿဘုရားလည်းကောင်း။ (ဖု) **ဖုဿော စ** - သျှီသျားပင်၌ပွင့်သော

www.burmeseclassic.com

www.burmeseclassic.com

ဘုရားမပွင့်ခဲ့သော အသင်္ချေများ (၁) တဏှင်္ကရာ (၂) မေဓင်္ကရာ (၃) သရဏင်္ကရာ (ဂေါတမဘုရားလောင်း နိယတဗျာဒိတ်မရသေး) (၄) ဒီပင်္ကရာ သေလအသေချေ် (ဘုရားမပွင့်) (၅) ကောဏ္ဍည ဘာသအသင်္ချေ် (ဘုရားမပွင့်) (၆) မင်္ဂလ (၇) သုမန (၈) ရေဝတ (၉) သောဘိတ ဇေယျအသင်္ချေ် (ဘုရားမပွင့်) (၁၀) အနောမဒဿီ (၁၁) ပဒုမ (၁၂) နာရဒ ရှစ်ယအသင်္ချေ် (ဘုရားမပွင့်) ၁ ဘုရားပွင့် (၄) ကမ္ဘာ ဘုရားမပွင့် (၄) အသင်္ချေ ကမ္ဘာတစ်သိန်းရေတွက်ပုံ (၁၃) ပဒုမုတ္တရ (သာရကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၁၄) သုမေဓ (၁၅) သုဇာတ (မဏ္ဍာကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၁၆) ပိယဒဿီ (၁၇) အတ္ထဒဿီ (၁၈) ဓမ္မဒဿီ (၁ရကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၁၉) သိဒ္ဓတ္ထ (သာရကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၂၀) တိဿ (၂၁) ဖုဿ (မဏ္ဍာကမ္ဘာ) (၂၂) ဝိပဿီ (သာရကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၂၃) သိခီ (၂၄) ဝေဿဘူ (မဏ္ဍာကမ္ဘာ) ဘုရားမပွင့်သောကမ္ဘာ (၂၅) ကကုသန် (၂၆) ကောဏဂုံ (၂၇) ကဿပ (၂၈) ဂေါတမ (နေဘင်ပွင့်မည့် အရိမေတ္တေယျ) (ဘဒ္ဒကမ္ဘာ) (ယခုကမ္ဘာ) ဘုရားမပွင့်သော ကမ္ဘာပေါင်း ဘုရားမပွင့်သော ကမ္ဘာပေါင်း ဘုရားမပွင့်သောကမ္ဘာ + ဘုရားပွင့်သောကမ္ဘာ အားလုံးစုစုပေါင်း	+

www.burmeseclassic.com

စဉ်	ကဗျာခေါင်းစဉ်	ကဗျာအမျိုးအစားနှင့် အသေးစိတ်	ကဗျာအရေအတွက်	ကဗျာဆရာ	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်း	ကဗျာထုတ်ဝေသည့် နေ့စွဲ	ကဗျာဆရာ၏ ဖုန်းနံပါတ်	ကဗျာဆရာ၏ လိပ်စာ
၁	ကဗျာခေါင်းစဉ်တစ်ခု	ကဗျာအမျိုးအစားတစ်ခု	၁	ကဗျာဆရာတစ်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းတစ်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲ	ကဗျာဆရာ၏ ဖုန်းနံပါတ်	ကဗျာဆရာ၏ လိပ်စာ
၂	ကဗျာခေါင်းစဉ်နှစ်ခု	ကဗျာအမျိုးအစားနှစ်ခု	၂	ကဗျာဆရာနှစ်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းနှစ်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲနှစ်ခု	ကဗျာဆရာနှစ်ဦး၏ ဖုန်းနံပါတ်နှစ်ခု	ကဗျာဆရာနှစ်ဦး၏ လိပ်စာနှစ်ခု
၃	ကဗျာခေါင်းစဉ်သုံးခု	ကဗျာအမျိုးအစားသုံးခု	၃	ကဗျာဆရာသုံးဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းသုံးစောင်	ကဗျာထုတ်ဝေသည့် နေ့စွဲသုံးခု	ကဗျာဆရာသုံးဦး၏ ဖုန်းနံပါတ်သုံးခု	ကဗျာဆရာသုံးဦး၏ လိပ်စာသုံးခု
၄	ကဗျာခေါင်းစဉ်လေးခု	ကဗျာအမျိုးအစားလေးခု	၄	ကဗျာဆရာလေးဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းလေးစောင်	ကဗျာထုတ်ဝေသည့် နေ့စွဲလေးခု	ကဗျာဆရာလေးဦး၏ ဖုန်းနံပါတ်လေးခု	ကဗျာဆရာလေးဦး၏ လိပ်စာလေးခု
၅	ကဗျာခေါင်းစဉ်ငါးခု	ကဗျာအမျိုးအစားငါးခု	၅	ကဗျာဆရာငါးဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းငါးစောင်	ကဗျာထုတ်ဝေသည့် နေ့စွဲငါးခု	ကဗျာဆရာငါးဦး၏ ဖုန်းနံပါတ်ငါးခု	ကဗျာဆရာငါးဦး၏ လိပ်စာငါးခု
၆	ကဗျာခေါင်းစဉ်ခြောက်ခု	ကဗျာအမျိုးအစားခြောက်ခု	၆	ကဗျာဆရာခြောက်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းခြောက်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲခြောက်ခု	ကဗျာဆရာခြောက်ဦး၏ ဖုန်းနံပါတ်ခြောက်ခု	ကဗျာဆရာခြောက်ဦး၏ လိပ်စာခြောက်ခု
၇	ကဗျာခေါင်းစဉ်ခုနစ်ခု	ကဗျာအမျိုးအစားခုနစ်ခု	၇	ကဗျာဆရာခုနစ်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းခုနစ်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲခုနစ်ခု	ကဗျာဆရာခုနစ်ဦး၏ ဖုန်းနံပါတ်ခုနစ်ခု	ကဗျာဆရာခုနစ်ဦး၏ လိပ်စာခုနစ်ခု
၈	ကဗျာခေါင်းစဉ်ရှစ်ခု	ကဗျာအမျိုးအစားရှစ်ခု	၈	ကဗျာဆရာရှစ်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းရှစ်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲရှစ်ခု	ကဗျာဆရာရှစ်ဦး၏ ဖုန်းနံပါတ်ရှစ်ခု	ကဗျာဆရာရှစ်ဦး၏ လိပ်စာရှစ်ခု
၉	ကဗျာခေါင်းစဉ်ကိုးခု	ကဗျာအမျိုးအစားကိုးခု	၉	ကဗျာဆရာကိုးဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းကိုးစောင်	ကဗျာထုတ်ဝေသည့် နေ့စွဲကိုးခု	ကဗျာဆရာကိုးဦး၏ ဖုန်းနံပါတ်ကိုးခု	ကဗျာဆရာကိုးဦး၏ လိပ်စာကိုးခု
၁၀	ကဗျာခေါင်းစဉ်တစ်ဆယ်ခု	ကဗျာအမျိုးအစားတစ်ဆယ်ခု	၁၀	ကဗျာဆရာတစ်ဆယ်ဦး	ကဗျာထုတ်ဝေသည့် သတင်းစာ/မဂ္ဂဇင်းတစ်ဆယ်စောင်	ကဗျာထုတ်ဝေသည့် နေ့စွဲတစ်ဆယ်ခု	ကဗျာဆရာတစ်ဆယ်ဦး၏ ဖုန်းနံပါတ်တစ်ဆယ်ခု	ကဗျာဆရာတစ်ဆယ်ဦး၏ လိပ်စာတစ်ဆယ်ခု

www.burmeseclassic.com

| စဉ် | ဖွဲ့ဖြိုးတိုးတက်ရေးဌာန | အကြီးအမှူး | ဘဏ္ဍာရေးနှစ် | အရာထမ်း | | အရာထမ်း | | အရာထမ်း |

www.burmeseclassic.com

ဆောင်တိုင်းအောင်၌ အမှုခံသိမ်း ပြီးစီးအောင်မြင်စေသော သုဂတောဂါထာတော်နှင့်အင်း

ဆရာဦးဗိန္ဓလိုင်(ကျိုက်လတ်)

မြတ်စွာဘုရားရှင်၏ သုဂတော ဥဏ်တော်ကို အဓိကရေးဖွဲ့သီကုံးထားသော သုဂတောဂါထာများမှာ မူကွဲများစွာပါသည်။ မည်မျှရှိသည်ပင်ဖြစ်သော်လည်း ဤဂါထာကို အခေါက်ရေများများရွတ်လေ ပို၍အကျိုးများလေဖြစ်သည်။

ဤဂါထာတော်မြတ်သည် တိုတို နှင့် အကျိုးပေးသန်သောဂါထာတော် ဖြစ်၏။ အိမ်မှမထွက်မီ၊ ခရီးမသွားမီ၊ အထက်လူကြီးများနှင့် တွေ့ရန်ရှိလျှင် ရောင်းရေးဝယ်တာကိစ္စများတွင် မပြတ်ရွတ်သွားပါ။ စိတ်နှလုံးမချမ်းမြေ့လျှင် ထပ်တလဲလဲရွတ်ဆိုကန်တော့ပါ။ ကြမ္မာဖြိုဟ်ဆိုးဝင်သောအခါ အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပုတီးစိပ်ပါ။

ဝိဇ္ဇာဓရိကဂါထာ

ဝိဇ္ဇာများချစ်ခင်မြတ်နိုးသောဂါထာဟု အဓိပ္ပာယ်ရသည်။

❑ သုဂတော သုဂတ ဓာနံ၊ သုဂတော သုန္ဒရမ္ပိစ၊ နိဗ္ဗာနံ သုဂတော ယာတိ၊ သုဂတော တေ နမော နမာ။

သုဂတဓာနံ - ကောင်းသောစကား ကိုဆိုတော်မူတတ်သောကြောင့်၊ **သုဂတတော** - သုဂတမည်ပါပေ၏။ **သုန္ဒရမ္ပိစ** - ကောင်းသောသဘောရှိသောကြောင့်၊ **သုဂတတော** - သုဂတမည်ပါပေ၏။ **နိဗ္ဗာန်** - နိဗ္ဗာန်အမြတ်ကောင်းသောအရပ်သို့၊ **ယာတိ** - သွားတော်မူတတ်သောကြောင့်လည်း၊ **သုဂတတော** - သုဂတမည်ပါပေ၏။ **သုဂတော - သုဂတ** ဂုဏ်ရှင် မြတ်ဘုရားသခင်၊ **တော** - ရှင်တော်မြတ်ဘုရားအား၊ **နမော နမာ** - လွန်ကဲထူးစွာရှိခိုးပါ၏ ဘုရား။

(အင်းဆန်သွင်းရန်-ဂဏန်းကွက်)

(ခ)

၂၅	၂	၁၅	၂၂	
၁	၆	၂၃	၂၆	၉	၁၆
၂၄	၂၃	၁၀	၅	၁၄	၄
၃	၉၂	၂၆	၂၀	၁၃	၉
၂၀	၁၁	၁၈	၆	၉၀	၁၃
	၈	၉၁	၁၂	၁၆	

(အင်းဆန်ဂါထာသွင်းပြီး)

(ခ)

၂၅ သု	၂ ဂ	၁၅ ယ	၂၂ လော	
၁ သု	၆ နံ	၂၃ ကေ	၂၆ ဂ	၉ တော	၁၆ ကော
၂၄ သု	၂၃ ကော	၁၀ ဂ	၅ ဗွာ	၁၄ နာ	၄ ထော
၃ ယ	၉၂ ယော	၂၆ ရ	၂၀ နာ	၁၃ သု	၉ နိ
၂၀ မာ	၁၁ တော	၁၈ ဂ	၆ သု	၉၀ ဝိ	၁၃ က
	၈ ဗွိ	၉၁ ဒ္ဓ	၁၂ လော	၁၆ တော	

(ဒုတိယအင်းဆန်သွင်းရန်-ဂဏန်းကွက်)

(ဂ)

၂၅	၂	၁၅	၂၂	
၁	၆	၂၃	၂၆	၉	၁၆
၂၄	၂၃	၁၀	၅	၁၄	၄
၃	၉၂	၂၆	၂၀	၁၃	၉
၂၀	၁၁	၁၈	၆	၉၀	၁၃
	၈	၉၁	၁၂	၁၆	

(ဂ)

၂၅ သု	၂ ဂ	၁၅ ဝိ	၂၂ နံ	
၁ သု	၆ တ	၂၃ ယ	၂၆ ဂ	၉ တော	၁၆ စ
၂၄ ဗွိ	၂၃ တော	၁၀ ဂ	၅ ဂ	၁၄ ရံ	၄ ဗွာ
၃ ဗွာ	၉၂ မော	၂၆ မ	၂၀ နိ	၁၃ သု	၉ သု
၂၀ နာ	၁၁ တော	၁၈ ဂ	၆ သု	၉၀ တေ	၁၃ ဒ္ဓ
	၈ နံ	၉၁ နာ	၁၂ သု	၁၆ တော	

www.burmeseclassic.com

www.burmeseclassic.com

ကျွဲ၊ နွားနာတာရှည်ချောင်းဆိုးရောဂါ

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းမှုတိုင်းပြည်ချမ်းသာမှုဖြစ်ပါတယ်။ ဒီနေ့အခြေအနေမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလုပ်ကိုင်ကြမယ်ဆိုသော်လည်း ကျွန်တော်တို့တိုင်းပြည်ရဲ့ ပထဝီအနေအထားရသော်လည်းကောင်း၊ စီးပွားရေးအရသော် လည်းကောင်း၊ အခြားသောအကြောင်းအမျိုးမျိုးကြောင့် သော်လည်းကောင်း၊ နေရာအနှံ့အပြားမှာ ပြည့်ပြည့်စုံစုံ မပြောင်းလဲနိုင်သေးပါဘူး။ အထူးသဖြင့် ကျွဲ၊ နွားတွေနေရာမှာ ထွန်စက်တွေကို တောင်သူလယ်သမားအားလုံး မသုံးနိုင်သေးကြပါဘူး။ မြန်မာနိုင်ငံရဲ့ လယ်ယာလုပ်ငန်းတွေအားလုံးမှာ ကျွဲ၊ နွားတွေကို အဓိကအားထားအသုံးပြုနေကြရတုန်းပါပဲ။ အဲဒါကြောင့် ခိုင်ကျွဲ၊ နွားတွေကျန်းမာဖို့ အထူးအရေးကြီးပါတယ်။ အသားထုတ်လုပ်မှု၊ နို့ထုတ်လုပ်မှုအတွက်လည်း ကျွဲ၊ နွားတွေကိုပဲ အဓိကအားကိုးနေရတာပါ။ ကျွဲ၊ နွားတွေဟာလည်း သက်ရှိသတ္တဝါတွေဖြစ်တဲ့အတွက် လူတွေလိုပဲ ရောဂါအမျိုးမျိုးဖြစ်တတ်ပါတယ်။ ကံဆိုးစီတန်းဥတုအာဟာရအကြောင်းအမျိုးမျိုးတွေကြောင့်ပေါ့။

ကျွန်တော်ဟာ မွေးမြူရေးနဲ့ကုသရေဦးစီးဌာနမှာ နှစ်ပေါင်း(၃၀)ကျော်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အငြိမ်းစားယူပြီးတော့လည်း တိရစ္ဆာန်တွေကို ဆေးကုတဲ့အလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုတာ ယနေ့အထိဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ နေရာတိုင်းမှာ အဖြစ်အများဆုံးရောဂါဟာ ချောင်းဆိုးရောဂါပါပဲ။ အထူးသဖြင့် ရက်ရှည်လများဖြစ်တတ်တဲ့ နာတာရှည်ချောင်းဆိုးရောဂါပေါ့။ ဆောင်းရာသီနဲ့ မိုးရာသီမှာ အဖြစ်များပါတယ်။ ဖြစ်ရတဲ့အကြောင်းရင်းကတော့ အအေးမိလို့ ဖြစ်တာပါ။ ခန္ဓာကိုယ်စွမ်းအားကျဆင်းနေတဲ့ ကျွဲ၊ နွားတွေဟာ အအေးဒဏ်ကိုမခံနိုင်ဘဲဖြစ်တတ်ပါတယ်။ မိုးရာသီမှာ မိုးမိတဲ့ဒဏ်ကြောင့် ဖြစ်တတ်ပါတယ်။ အသက်ရှူလမ်းကြောင်းမှာ အကြောင်းတစ်ခုခုကြောင့်ဖြစ်ရတဲ့ရောဂါပါ။ ရောဂါပိုးတွေကြောင့်လည်းပါတာပေါ့။

ရောဂါရဲ့လက္ခဏာကတော့ ရှင်းပါ တယ်။ ချောင်းဆိုးတယ်။ ဖြစ်စမှာ မကြာခဏချောင်းဆိုးတယ်။ ဆေးမကုဘဲထားရင် အဆက်မပြတ်ချောင်းဆိုးတယ်။ လေပြွန်ရောင်လာတယ်။ လေပြွန်ရောင်လာပြီဆိုရင် အသက်ရှူရင် အသံမြည်လာတယ်။ အသက်ရှူပြင်းလာတယ်။ မောလာတာကိုတွေ့ရတယ်။ တဖြည်းဖြည်းအစာစားနည်းလာတယ်။ စားမြို့ပြန်တဲ့အကြိမ် နည်းလာတာကိုလည်း တွေ့ရတယ်။

ကျွန်တော် အဓိကပြောပြချင်တာကတော့ ကုသတဲ့နည်းပါ။ မြန်မာတစ်နိုင်ငံလုံးက တောင်သူလယ်သမားတွေ လွယ်လွယ်ကူကူဆောင်ရွက်နိုင်တဲ့နည်းလေးပါ။

ရှေးရှေးတုန်းက မြန်မာ့သမားတော်ကြီးတွေပြောလေ့ပြောထရှိပါတယ်။ အသက်ကြီးရင် ဆင်စီးပြီးပုံတီးရမယ်တဲ့။ ဆိုလိုတာကတော့ အသက်ကြီးတဲ့သူတွေဟာ ဆင်တုံးမန္တယ်နဲ့ ဘုမ္မရာဇာကို မှီဝဲရမယ်လို့ ပြောတာပါ။ ဆင်တုံးမန္တယ်ဟာ မြန်မာပြည်အနှံ့အပြားမှာရှိပါတယ်။ ကျွဲ၊ နွားတွေချောင်းဆိုးရောဂါဖြစ်တယ်ဆိုရင် ဆင်တုံးမန္တယ်တစ်တောင်(လက်နဲ့တစ်တောင်ကိုပြောတာပါ)၊ ရှောက်သီးတစ်လုံးကို ပါးပါးလှီး၊ ဆင်တုံးမန္တယ်ကိုလည်း မားနဲ့စဉ်းပါ။ ပြီးရင် ရေသန့်ပုလင်း (တစ်လီတာဝင်) နဲ့ ရေသုံးပုလင်းထည့်ပြီးကျိုပါ။ သုံးခွက်တစ်ခွက်တင်ပေါ့။ ရပြီဆိုရင် အအေးခံပြီးတိုက်လိုက်ပါ။ တစ်နေ့တစ်ကြိမ် သုံးရက်တိုက်လိုက်ရင် ချောင်းဆိုးရောဂါပျောက်ပါပြီ။ ရောဂါဖြစ်တဲ့ကျွဲ၊ နွားတွေကို နွေးနွေးထွေးထွေးထားပါ။ နန္တင်းမှိုင်းလုံးဝမတိုက်ပါနဲ့။ တောင်သူတွေဓလေ့က နွားတစ်ခုခုဖြစ်ပြီဆိုရင် အရင်ဆုံးလုပ်တတ်တာက နန္တင်းမှိုင်းပဲ။ ချောင်းဆိုးရောဂါကတော့ နန္တင်းမှိုင်းနဲ့လုံးဝမတည့်ပါဘူး။ ကျွန်တော်ရဲ့ကိုယ်တွေ့သုံးဆေးနည်းတစ်လက်မှတ်ဖြစ်ပါတယ်။

ကျွဲ၊ နွားကျန်းမာပြည်ချမ်းသာ

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

သုဂတော (မူမန်) ဂါထာပြန်

- သုဂတော သုဂတ ဌာနံ (ဓာနံ)၊ သုဂတော သုန္ဒရံပိစ၊ သုဂတော နိဗ္ဗာနံ ယာတိ၊ နိဗ္ဗာနံ သုဂတော ယာတိ၊ သုဂတော တေ နမော နမာ။

သုဂတော - ကောင်းစွာကြွသွားခြင်းရှိတော်မူသော မြတ်စွာဘုရားသည်၊ **သုဂတဌာနံ** - ကောင်းသောအလားရှိသော သူတော်ကောင်းတရား၌ တည်တော်မူပါပေ၏။ **သုဂတော** - ကောင်း၊ မကောင်း မိန်ခွန်းခြောက်တန်တွင် နှစ်တန်သောစကားကိုသာဆိုတော်မူသော မြတ်စွာဘုရားသခင်သည်၊ **သုန္ဒရံပိစ** - သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်မကင်းသော ကာယိန္ဒြေ၊ မနိန္ဒြေရှိတော်မူသဖြင့် ကောင်းလည်းကောင်း၊ မြတ်လည်း မြတ်တော်မူပါပေ၏။ **သုဂတော-** ကောင်းသောစကားကိုဆိုတော်မူသော ဘုရားသခင်အား။ **နမော-** ဦးညွှတ်ကိုင်းရှိုင်းလျက် **နမော-** ရှိခိုးပါ၏၊ မြတ်စွာဘုရား။

ပထမအင်းတွင်သွင်းရန်ဂါထာ

- သုဂတောနိဗ္ဗာနံယန္တိ၊ သုဂတော လောက နာထော လောကေသု၊ သုဂတော နာထော လောကေသု၊ သုဂတော မာရဝိဇ္ဇာယော။

ဒုတိယအင်းတွင်သွင်းရန်ဂါထာ

- သုဂတော သုဂတဌာနံ၊ သုဂတော သုန္ဒရံပိစ၊ သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော နာမ တေ နမော။)

သုဂတောင်းချက်ဂါထာ (ကုန္ထာသယ်ဂါထာတော်)

- သုဂတော သုဂတ ဓာနံ၊ သုဂတော သုန္ဒရံပိစ၊ နိဗ္ဗာနံ သုဂတော ယာတိ၊ သုဂတော တေ နမော နမာ။

ဤဂါထာတော်ကို နေ့စဉ် သက်စေ့ရွတ်လျှင် လိုရာဆန္ဒကိုပြီးစီးစေသည်။ ပြောဆိုသမျှ သြဇာတည်စေသည်။ ဆရာကောင်း၊ ဆေးဝါးကောင်းများကို ရရှိစေသည်။ ဤကုန္ထာသယမန္တန်တော်ကို နှေးဆရာတော်ကြီးများက သုဂတောင်းချက်ဂါထာဟု ခေါ်ဆိုခဲ့ကြသည်။

ဆရာဦးစိန်လှိုင်(ကျိုက်ဆံတော်)

www.burmeseclassic.com

www.burmeseclassic.com



မကွေးဝင်းမြင့်

ကျွန်တော်ဖြတ်သန်းလာခဲ့ရသော စာပေဘဝခရီး

(၁)

ခဖစ်လွန်ခဲ့သော စာရွှေသုအဆွေ။

ကျွန်တော်သည် လွန်ခဲ့သော ဘဝစာ ခုနှစ်က '(၁၂) လရာသီဓာတ်စာ' ဆေးကျမ်းကြီးစာအုပ်တစ်အုပ်ရေးသားပြုစုခဲ့သည်။ က-အက္ခရာမှ အ-အက္ခရာအထိ အသီးအရွက်၊ အပွင့်၊ အမြစ်၊ အခေါက်တို့၏ ဂုဏ်ရသဝိပါကတို့ကို အသေးစိတ် ရေးသားပါ၏။ စာမျက်နှာ (၅၀၀) နီးပါးထူပါ၏။ ထိုစာမူကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ထုတ်ဝေသူကကြိုးစားခဲ့သော်လည်း အထမမြောက်ခဲ့ပါ။ ထိုအကြောင်းနှင့် ပတ်သက်၍ ပြန်ပြောင်းအစီရင်ခံရသော-

(၂)

တစ်နေ့သ၌ -

မကွေးမြို့၊ အမှတ် (၆)၊ မဲထီးလမ်း ကျွန်တော်နေထိုင်ရာအိမ်သို့ ရန်ကုန်မြို့မှ စာအုပ်ထုတ်ဝေသူတစ်ဦး ရောက်ရှိလာပါသည်။

"ဆရာဦးဝင်းမြင့်နဲ့ တွေ့မှတွေ့ပါမလားလို့ စိတ်ပူလိုက်ရတာ၊ ခုလို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလို့ ဝမ်းသာလိုက်တာ ဆရာရယ်"

"ဟုတ်ကဲ့ - ထိုင်ပါခင်ဗျာ၊ ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ကျွန်တော်ဘာအကူအညီပေးရမလဲခင်ဗျာ"

"တခြားမဟုတ်ပါဘူး ဆရာ၊ ဆရာ့ဆီက ဆေးစာမူတစ်ခုလိုချင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်"

"ကျွန်တော်က (×××) တိုက်က ထုတ်ဝေသူပါ။ ဆရာသိတဲ့အတိုင်းပဲ ကျွန်တော်တို့စာပေတိုက်က နှစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

များစွာရပ်တည်ခဲ့ပြီး စာအုပ်မိန်းစုံထုတ်ဝေတဲ့ တိုက်ကြီးပါ"

"ဟုတ်ကဲ့ ခင်ဗျာ၊ လေးစားပါတယ်"

"အခုလို စာပေတိုက်ကြီး နှစ်ပေါင်းများစွာ ရပ်တည်ခဲ့တာလည်း ကျွန်တော်တို့စာပေတိုက်က သိကွာရှိရှိ စာအုပ်ကောင်းတွေ ထုတ်ဝေခဲ့လို့ပေါ့ ဆရာ"

"ဟုတ်ကဲ့ - မှန်ပါတယ်"

"ဒါတွင်မကသေးဘူး ဆရာရဲ့၊ ထွက်သမျှစာအုပ်တွေ အပြင်အဆင် ကောင်းခဲ့သလို ဈေးကွက်လည်း သဘောပေါက်ထားရတယ်။ အဲဒါက ကြော်ငြာဆရာရဲ့။ ကြော်ငြာက ဈေးရောင်းသူရဲ့အသက်ပဲ။ ဒါကြောင့် ကျွန်တော်တို့တိုက်က ထွက်သမျှစာအုပ်တွေကို သတင်းစာဂျာနယ်၊ မဂ္ဂဇင်းတိုက်က အကုန်အကျခံပြီး ကြော်ငြာသုံးတယ် ဆရာ"

"ဟုတ်တာပေါ့ဗျာ၊ ကြော်ငြာဟာ အရေးကြီးတာပေါ့"

"အခု ဆရာဆီက ကျွန်တော်လို ချင်တဲ့စာမူက (၁၂) လရာသီခွင်မှာ လူတွေ စားသောက်နေထိုင်ရမယ့် ဓာတ်စာတွေအကြောင်းပါပဲ ဆရာ။ အဲဒါ ဆရာအနေနဲ့ ဖိုဝိပြင်ပြင်ကလေးပေါ့ ဆရာရယ်။ ကျမ်းကိုးကျမ်းကားအစုံအလင်နဲ့ တည်တည်ခံခံ့ ထူထူထဲထဲလေးတစ်အုပ် ရေးပေးဖို့ပါပဲ"

"တည်တည်တံ့တံ့ ကျမ်းကိုးကျမ်းကားဆိုတော့ ဆေးကျမ်းကြီးဆန်ဆန် ရေးရမှာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ၊ ဆရာ့အနေနဲ့ ဘယ်နေ့ဘယ်ရက်လောက် ကျွန်တော်တို့ကိုရေးပေးနိုင်မလဲဆိုတာလေး အဲဒါလေး ကျွန်တော် သိချင်ပါတယ်"

"နှစ်လ၊ သုံးလလောက်တော့ကြာမှာပေါ့ဗျာ"

"မြန်မြန်ကလေး ရေးပေးစမ်းပါဆရာ။ တစ်လလောက်နဲ့အပြီးရေးမပေးနိုင်ဘူးလား"

"ဟုတ်ကဲ့ - ကျွန်တော်ကြိုးစားပါ့မယ်"

(×××)စာပေတိုက်မှ စာအုပ်ထုတ်ဝေသူသည် မကွေးမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ရန်ကုန်ပြန်သွားပါသည်။ ယခုကဲ့သို့ လိုလိုချင်ချင်လာရောက်ပြောလာတော့လည်း ကျွန်တော့်အနေဖြင့် ကြိုးစားရေးပေးရတော့မှာပေါ့။

သို့သော် သူတို့လိုချင်တာက ထူထူထဲထဲတဲ့၊ တည်တည်ခံခံ့တဲ့၊ ကျမ်းစာအုပ်ဆန်ရမတဲ့၊ ကျမ်းကိုးကျမ်းကား အစုံအလင်ပါရမတဲ့။

ထို့ကြောင့် ကျွန်တော်လည်း ရောဂါရှာဖွေနည်း၊ ဆေးကုသနည်း၊ ဆေးဖော်နည်း အစုံအလင် ပါဝင်သော ဆေးသေတ္တာကြီးဟု အဓိပ္ပာယ်ရသည့် ဘေသဇ္ဇမဂ္ဂသာဆေးကျမ်းကြီးကို စားပွဲပေါ် တင်လိုက်၏။

တစ်ဖန် အနာတွေအကြောင်း၊ အနာရောဂါအထွေထွေအကြောင်းတို့ကို အကျယ်တဝင့် ရှင်းပြထားသော 'မာဒဝဝိနိစ်း' ဆေးကျမ်းကြီးကိုလည်း ဖတ်လိုက်မှတ်လိုက်နားလိုက်နှင့်။ နွယ်မြက်သစ်ပင်တိုင်း ဂုဏ်သတ္တိကို အထူးပြဆိုသော 'ဒဗ္ဗဂုဏပကာသနီ' ဆေးကျမ်းကြီးကိုလည်း မျက်မှန်တဝင်းဝင်းနှင့်ဖတ်ရမှတ်ရ၏။

ကျည်ပွေ့တဲ့သို့ အခွံကိုကျွတ်စေ၍ အတွင်းမှအဆန်ဖြစ်သော အနှစ်သာရကို ပြဆိုသည်။ 'သာရကောမုဒီ' ဆေးကျမ်းကြီးကို ကြည့်ရှုနှင့်။

ထိုသို့သော ဆေးကျမ်းကြီးများ အပြင် မကိုင်မတွယ်ဘဲပစ်ထားတာကြာပြီဖြစ်သော စာပေထုပ်ကြီးများနှင့် ပုရပိုက်ထုပ်များကိုလည်း ဖုန်ခါကာ မှန်ဘီလူးတစ်လက်နှင့်ဖတ်ရှုနှင့်။

ရှေ့က ဆရာကြီးများ ရေးသားပြုစုခဲ့သော ဆေးကျမ်းဘီကြီးများထဲမှ (၁၂) လ ရာသီ ဓာတ်စာဆေးကျမ်းကြီးကို တစ်လအတွင်း အပြီးရေးလိုက်နိုင်ပါသတည်း။

(၃)

ပြုစုရေးသားပြီးသွားသော စာမူကြီးကို လက်မှပို့က်၍ ထုတ်ဝေသူရှိရာ

ရန်ကုန်မြို့သို့ ခရီးထွက်ခဲ့ပါသည်။ ထုံးစံအတိုင်း ရန်ကုန်မြို့ ပုစွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်မှာတည်း၏။

မြသိန်းတန်ကျောင်းတိုက် စာချဆရာတော် ပါဠိပါရဂူ မွန်စရိယ အရှင်ဣန္ဒကမှ -

"ဒကာကြီးလက်ထဲက စာမူကြီးလား"

"မှန်ပါ၊ (၁၂)လရာသီဓာတ်စာဆေးကျမ်းကြီးပါ ဘုရား"

ဆရာတော်လက်သို့ ရှိသေစွာ ဆက်ကပ်လိုက်ပါသည်။ ရဟန်းသံဃာတို့၏ အလေ့အထ သဘာဝအတိုင်း စာကိုတွေ့လျှင် မဖတ်ဘဲမနေနိုင်ကြ။ ယခုလည်း စာဆရာတော် အရှင်ဣန္ဒက သည် ကျွန်တော် ပြုစုရေးသားလာသော (၁၂) လရာသီဆေးကျမ်းစာမူကြီးကို နာရီဝက်ကျော်ကျော် တစ်နာရီနီးပါး မျှ ဖတ်ရှုပြီးနောက် -

"အိမ်း - ဒကာကြီးရဲ့ (၁၂) လ ရာသီဓာတ်စာစာအုပ်ကတော့ လူတွေကို တော်တော်အကျိုးပြုမယ့်စာအုပ်ဖြစ်မှာပဲဗျ"

ဟု မိန့်တော်မူပါသည်။

ကျွန်တော်၏ စိတ်ထဲမှာတော့ မလုံမလဲဖြစ်နေသည်။ အဘယ်ကြောင့် ဆိုသော် စာအုပ်ထဲကစာတွေ၊ ပေထုပ်ထဲကစာတွေကူးလာတာပဲဆိုပြီး ဘဝင်ကျခြင်း၊ ကျေနပ်ခြင်းမဖြစ်မိပါ။

စာအုပ်ထုတ်ဝေသူက သည်ပုံသည်နည်းသည်ဟန်ရေးပေးပါဆို၍သာ ရေးလာခြင်း ဖြစ်၏။ ကျွန်တော်က လုံးဝမကြိုက်။

တိုတိုပြောကြပါစို့။ ထိုစာမူကို ထုတ်ဝေသူလက်သို့ ပေးအပ်လိုက်ပါသည်။

ထုတ်ဝေသူက -

"တစ်နေ့လောက်ဖတ်ကြည့်ပါရစေ။ မနက်ဖြန် ဒီလိုအချိန်လောက် ဆရာလျှောက်ခဲ့ပါဦး"

ဟု ပြော၏။

ထို့ကြောင့် နောက်တစ်နေ့ စာအုပ်ထုတ်ဝေသူထံရောက်သွားတော့ ထုတ်ဝေသူ၊ စာအုပ်တိုက်မန်နေဂျာ၊ ဒွေကိုင်စာရေးကြီး၊ စာပေတိုက်အဖွဲ့ဝင်လေးဦးခန့် အဆင်သင့်တွေ့ရ၏။

သူတို့သည် ကျွန်တော့်ကို ယဉ်ကျေးဖော်ရွေစွာ ဧည့်ဝတ်စကားပြောကြပါသည်။ ထုတ်ဝေသူအကြီးအကဲက -

"ဆရာ့စာမူကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

ကြိုက်ပါတယ်။ ဆရာ့ကို ဥာဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲ"

"အခုစာမူကို စာအုပ်ရိုက်ရင် စာမျက်နှာ (၅၀၀) ကျော်မယ်ဗျ။ တစ်အုပ်ကို ရောင်းဈေး(၄၀)ကျပ်သတ်မှတ်ပေါ့။ အုပ်ရေ (၅၀၀၀) ထုတ်ပါ။ ကျွန်တော့် စာမူခကို (၂၀) ရာခိုင်နှုန်းတွက်ပေးပါ"

"တစ်အုပ်ကို ရောင်းဈေးနှုန်း (၄၀) ကျပ်၊ အုပ်ရေ (၅၀၀၀) ဆိုတော့ ငွေနှစ်သိန်းကျရော။ ဆရာ့စာမူက (၂၀) ရာခိုင်နှုန်းဆိုတော့ ဆရာ့ကို ငွေလေးသောင်းပေးရမှာပေါ့နော်။ အဲဒါတစ်ကြိမ် ရိုက်ပေါ့ ဟုတ်လား"

ငွေကိုင်စာရေးကြီးက သွက်လက်ချက်ချာစွာဖြင့် ကျွန်တော့်ကိုပေးရမည့် စာမူခပြောပြ၏။

"မှန်ပါတယ်"

ကျွန်တော်က ကျွန်တော် ရရှိခံစားရမည့်စာမူခမှန်ကန်ကြောင်းပြောပြလိုက်၏။ ထုတ်ဝေသူသည် ယခင်ကလို ဟက်ဟက်ပက်ပက်မရှိတော့ပါ။

"ဆရာ့စာမူခကို (၁၅)ရာခိုင်နှုန်းထားပါ ဆရာ၊ အုပ်ရေ (၅၀၀၀)မရိုက်ဘဲ (၂၀၀၀) ပဲ ရိုက်ပါရစေ။ ဆေးကျမ်းဆိုတော့ ဝတ္ထုလိုမဟုတ်ဘူး ဆရာ။ တဖြည်းဖြည်းရောင်းယူရမှာ"

"အဲဒါတော့်မဖြစ်ဘူးဆရာ"

သူတို့နှင့် အလုပ်မဖြစ်တော့မှန်း ကျွန်တော် ရိပ်မိလိုက်ပါသည်။ ချက်ချင်းကြီးထဖြန့်လျှင် ရိုင်းရာကျပါလိမ့်မည်။ ထို့ကြောင့် ဟိုအကြောင်းဒီအကြောင်းထွေရာလေးပါးပြောရပါသည်။ ပြီးတော့ ကျွန်တော် သိသမျှမှတ်သမျှ ဆေးပညာဗဟုသုတကလေးများကို ပြောပြမိပါသည်။

နေ့စဉ်နေ့တိုင်း · လူတို့သည် အစားအစာများကို အာဟာရအဖြစ် ဝါးမျိုနေကြသည်။ သို့သော် စားသင့်တာကိုမစား၊ စားချင်တာကိုစားနေကြသည်။ မိမိဝမ်းကိုမချင့်ဘဲ အဝအပြစားကြသည်။ 'တန်ဆေး၊ လွန်ဘေး' ဆိုစကားကို ပေါ့ပေါ့တန်တန် မယူဆသင့်ပါကြောင်း၊ အစားအစာကို လွန်လွန်ကြွကြွမစားသင့်ပါကြောင်း စသည်ဖြင့် တစ်နာရီနီးပါးမျှ စကားပြောဆိုပြီး အလုပ်သဘောအရ သဘောချင်းတိုက်ဆိုင်သော်လည်း ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် မေတ္တာထားစကား ပြောကြားခဲ့ပါသေးသည်။

ကျွန်တော် သဘောမကျ မနှစ်ခြိုက်ဘဲနှင့် ထုတ်ဝေသူအကြိုက်လိုက်၍

ရေးခဲ့မိသော (၁၂) လရာသီဓာတ်စာဆေးကျမ်းစာမူကို ထုတ်ဝေသူနှင့်အဆင်မပြေဖြစ်ခဲ့ရသည်ကိုဘဲ ဝမ်းသာကေးဇူးတင်နေမိပါသည်။

စာမူကို လက်မှာပိုက်ပြီး ထုတ်ဝေသူတို့က်ကိုကျောပေးကာ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ပေါ့ပါးစွာလျှောက်လှမ်းခဲ့ပါသည်။

မြသိန်းတန်ကျောင်းတိုက်အပေါ်ထပ်သို့ရောက်၍ ဘုရားကိုဝတ်ပြုပြီး ဓာတ်ဘူးကြီးထဲမှ ရေနွေးကြမ်းတစ်ခွက်ကိုငဲ့ကာ အားရပါးရသောက်လိုက်ပါသည်။ ထို့နောက် ကျွန်တော်သည် လက်ထဲမှစာမူကို စိတ်မပါတပါဖြင့် တစ်ခေါက်ပြန်ဖတ်မိပါသည်။

စာရွှေသူအဆော -

အဆွေမဖတ်လိုက်ရသည့် (၁၂)လ ရာသီဓာတ်စာဆေးကျမ်းကြီးထဲမှ စာပိုဒ်လေးတစ်ပိုဒ် ထုတ်နုတ် ဖတ်ပြပါရစေ၊ ဖတ်ကြည့်ပါဦး။

က-အက္ခရာ။ ။ ကြက်ဟင်းခါးသီး အကြောင်း။

ကြက်ဟင်းခါးသီးသည် ခါး၏။ သွေးကိုတက်စေ၏။ လေကိုပျက်စေ၏။ အဖျားအနာမွေ့ပွာနာပိုးနှာတို့ကိုနှိပ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ မီးယပ်ဝမ်းပျက်နှင့်လွန်စွာသင့်၏။

ကဲဗျာ - ဘယ်လောက်ပျင်းစရာကောင်းလိုက်ပါသလဲ။ ကျွန်တော်ဆက်မဖတ်ချင်တော့ပါ။ ထိုစဉ် လမ်း (၅၀) တစ်ဝိုက် ဆွမ်းခံကြွလေ့ရှိတော်မူသော ဆရာတော် အရှင်ကုန္ဒက ဆွမ်းခံပြန်ကြွလာသောအခါ ဖတ်လက်စစာမူကို ချ၊ ဆရာတော်လက်ထဲမှသပိတ်ကို ဆီးပွေ့ယူပြီး ဘုရားကျောင်းဆောင်ပေါ်သို့ ရိုသေစွာတင်ထားလိုက်ပါသည်။

ဆရာတော်သည် ခွေးတလုံးလုံးဖြင့် ဆွမ်းခံပြန်ကြွရာမှ အမောပင်မဖြေနိုင်ဘဲ ဒကာ၏ စာပေဘဝခရီးကြမ်းတမ်းခက်ထန်ပုံကိုကရုဏာသက်နေရော့ထင့်။

"ဒကာကြီး၊ စာမူကိစ္စအဆင်ပြေခဲ့ရဲ့လား"

"မပြေဘူးဘုရား"

"ဟင် - ဘာဖြစ်လို့"

"တပည့်တော် အုပ်ရေ (၅၀၀၀) ရိုက်ပါ၊ စာမူခ(၂၀)ရာခိုင်နှုန်းပေးပါဆိုတာကို သူတို့က အုပ်ရေ (၂၀၀၀) ပဲ ရိုက်မယ်၊ (၁၅)ရာခိုင်နှုန်းပဲပေးနိုင်မယ်တဲ့ဘုရား။ ဒါကြောင့် ဈေးမတည့်အလုပ်မဖြစ်တော့ဘူး။ အလုပ်မဖြစ်တာဘဲကောင်းပါတယ်ဘုရား"

"ကောင်းပါတယ်ဗျာ၊ ဆေးအဘိဓာန်ကျမ်းဆန်ဆန် ရေးထားတာပဲဟာ"

"တပည့်တော်ကတော့ မကြိုက်ဘူးဘုရား၊ တပည့်တော်က စာအုပ်ထဲကစာတွေမရေးချင်ဘူးဘုရား။ လူတွေထဲကစာတွေ၊ လူတွေထဲမှာတွေ့ရတဲ့ဆေးဗဟုသုတတွေ၊ လက်တွေ့ဆေးကုရင်းရရှိတဲ့အတွေ့အကြုံ အတွေးအမြင်၊ အယူအဆ၊ အတွေးသစ် အမြင်သစ်တွေကို တင်ပြချင်တာဘုရား။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းပြောသလို လူတွေသိပြီးသား အကြောင်းအရာတွေကို ဘာပြလို့ စာအုပ်ထဲ ရေးနေကြတာလဲတဲ့။ ဆရာကြီးဆိုလိုတာက အတွေးအမြင်အသစ် အသစ်တွေကိုပဲ ရှာဖွေဖော်ထုတ်စေချင်တဲ့ဆန္ဒပါ ဘုရား"

ကျွန်တော်သည် အလွန်ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလှသော (၁၂)လ ရာသီဓာတ်စာဆေးစာမူကြီးကို မည်သူကိုမျှ အသိမပေးဘဲ (အသိပေးလျှင် ကန့်ကွက် နှမြောနေမည်စိုးသဖြင့်) တိတ်တဆိတ်ဖျက်ဆီးပစ်လိုက်ပါသည်။

နှစ်ပေါင်း (၂၀) ခန့်ကြာသော အခါ -

'အစာလည်းဆေး၊ ဆေးလည်းစာ (၁၂) လရာသီဓာတ်စာ' စာမူအသစ်ရေးသား ထုတ်ဝေနိုင်ခဲ့ပါသည်။

ဩော် - ကျွန်တော်ဖြတ်သန်းလာခဲ့ရသော စာပေဘဝခရီးကို တွေးတောမိလေတိုင်း လွမ်းမောမိပါကြောင်း ခင်ဗျား။

မကွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ် ဇန်နဝါရီလ

အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သီဒို့ပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁	သီတင်းကျွတ်လဆုတ်	ဘနွေ	၆	၂၂:၂၄:၀၀	* လာဘ
			၇		* သို့
၂	၅	၂လာ	၇	၂၂:၄၆:၄၇	△ မိတ္တူ
			၈		△ ကာကဏ္ဍ
၃	၆	၃ဂါ	၈	မကြောင်း	* သို့
၄	၇	၄ဟူး	၉	မကြောင်း	△ ကာကဏ္ဍ
၅	၈	၅တေး	၉	၀၁း၁၈:၃၃	* သို့
			၁၀		□ ဝရ
၆	၉	၆ကြာ	၁၀	၀၃း၂၉:၂၇	△ ကာကဏ္ဍ
			၁၁		* အမြတ္တ
၇	၁၀	၇နေ	၁၁	၀၅း၄၆:၄၀	□ ဝရ
			၁၂		△ ဥပါဒ်
၈	၁၁	၈နွေ	၁၂	၀၇း၁၃:၃၃	* အမြတ္တ
			၁၃		* လာဘ
၉	၁၂	၉လာ	၁၃	၀၈း၄၀:၀၀	△ ဥပါဒ်
			၁၄		△ မိတ္တူ
၁၀	၁၃	၁၀ဂါ	၁၄	၁၀း၀၆:၂၆	* လာဘ
			၁၅		* သို့
၁၁	●	၁၁ဟူး	၁၅	၁၁း၄၂:၃၃	△ မိတ္တူ
			၁၆		△ ကာကဏ္ဍ
၁၂	တန်ဆောင်မုန်းလဆန်း	၁၂တေး	၁၆	၁၃း၁၃:၁၃	* သို့
			၁၇		□ ဝရ
၁၃	၂	၁၃ကြာ	၁၇	၁၄း၅၆:၁၁	△ ကာကဏ္ဍ
			၁၈		* အမြတ္တ
၁၄	၃	၁၄နေ	၁၈	၁၆း၄၁:၄၃	□ ဝရ
			၁၉		△ ဥပါဒ်
၁၅	၄	၁၅နွေ	၁၉	၁၈း၂၈:၀၀	* အမြတ္တ
			၂၀		* လာဘ
၁၆	၅	၁၆လာ	၂၀	၁၉း၂၄:၀၀	△ ဥပါဒ်
			×		△ မိတ္တူ

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁၇	၆	၇ဂါ	×	၀၂း၂၁:၃၈	* လာဘ
			၂၁		* သို့
			၂၂		□ ဝရ
၁၈	၇	၈ဟူး	၂၂	၁၉း၀၂:၅၁	△ ကာကဏ္ဍ
			၂၃		* အမြတ္တ
၁၉	၈	၉တေး	၂၃	၁၇း၅၄:၁၇	□ ဝရ
			၂၄		△ ဥပါဒ်
၂၀	၉	၁၀ကြာ	၂၄	၁၆း၃၀:၀၀	* အမြတ္တ
			၂၅		* လာဘ
၂၁	၁၀	၁၁နေ	၂၅	၁၅း၀၀:၀၀	△ ဥပါဒ်
			၂၆		△ မိတ္တူ
၂၂	၁၁	၁၂နွေ	၂၆	၁၃း၃၀:၀၀	* လာဘ
			၂၇		* သို့
၂၃	၁၂	၁၃လာ	၂၇	၁၂း၄၄:၄၅	△ မိတ္တူ
			၂၈		△ ကာကဏ္ဍ
၂၄	၁၃	၁၄ဂါ	၂၈	၁၀း၅၆:၀၀	* သို့
			၂၉		□ ဝရ
၂၅	၁၄	၁၅ဟူး	၂၉	၀၉း၆၂:၃၃	△ ကာကဏ္ဍ
			၃၀		* အမြတ္တ
၂၆	၁၅	၁၆တေး	○	၀၇း၃၀:၀၀	□ ဝရ
			၂		△ ဥပါဒ်
၂၇	တန်ဆောင်မုန်းလဆုတ်	၁၇ကြာ	၂	၀၆း၄၁:၃၃	* အမြတ္တ
			၃		* လာဘ
၂၈	၁၆	၁၇နေ	၃	၀၅း၁၃:၄၂	△ ဥပါဒ်
			၄		△ မိတ္တူ
၂၉	၁၇	၁၈နွေ	၄	၀၄း၀၆:၀၆	* လာဘ
			၅		* သို့
၃၀	၁၈	၁၉လာ	၅	၀၃း၁၇:၁၄	△ မိတ္တူ
			၆		△ ကာကဏ္ဍ

၂၀-နက္ခတ် = ၄၅ ယူဇဉ်
× -နက္ခတ် = ၃၀ ယူဇဉ် ဖြင့် တွက်သည်
၂၁-နက္ခတ် = ၄၅ ယူဇဉ်

* = အဝင်နက္ခတ်
□ = ခါးပတ်နက္ခတ်
△ = အထွက်နက္ခတ်
○ = လပြည့်နေ့
● = လကွယ်နေ့

၂၆-၁၁-၂၀၁၅ ကြာသပတေးနေ့ နံနက် ၀၅း၃၂ နာရီ၌ လပြည့်သည်။

အသုံးတည်နိုင်ကြပါစေ

ဦးအောင်စောအိုင် (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ထင်ရှားကျော်ကြား စေတီဘုရားများစွာ ဘည်နေတော်မူပါသည်။

မြန်မာပြည်အနှံ့အပြား ဒေသအသီးသီးမှ ဘုရားဖူးများသည် ကမ္ဘာ့အံ့ဆဲးမကုန် မြတ်ရွှေတိဂုံသို့ မိသားစုလိုက်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ သာရောက် ဖူးမြော် ကုသိုလ်ယူပြီးကြသွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိ ထင်ရှားကျော်ကြား စေတီဘုရားများသို့ လှည့်လည် ဖူးမြော်ကြပါသည်။

ဝိုလ်တထောင်ဘုရား၊ မဟာဝိဇယဘုရား၊ ဆူးလေဘုရား၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီးဘုရားများ၊ ကမ္ဘာအေးဘုရား၊ ဒွယ်တော်ဘုရား၊ မယ်လမုဘုရား၊ ကျိုက္ကလဲ့၊ ကျိုက္ကလော့ဘုရား၊ သာကေတ(၁၀၈)တောင်ဘုရား၊ ကျိုက္ကဆံဘုရား၊ မိုးကောင်းဘုရား၊ သာခုကန်ဘုရား စသည်ဖြင့် အသီးသီးဖူးမြော် ကုသိုလ်တော်ယူကြပါသည်။

ဗုဒ္ဓဘာသာနွယ်ဝင် ပါရမီရှင် ဘုရားဖူးများ ဘုရားစေတီများအတွင်း လှည့်လည်ဖူးမြော်ကန်တော့ကြရာတွင် ဘုရားတစ်ဆူချင်း၏ သမိုင်းအကျယ်ကို မသိလျှင်တောင်မှ သမိုင်းအကျဉ်းမျှသိထားပါက ဘုရားဖူးရသည်မှာ လွန်စွာ အကျိုးများ ကုသိုလ်တွေတိုးပွားစေ

ကိုဝင်း
ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ
(အပိုင်း ၈)

ထူးထူးခြားခြား မယ်လမုဘုရား



မယ်လမုစေတီတော်နှင့် မယ်လမုဘုရား

မယ်လမုစေတီတော်

နဂါးရုံဘုရား

www.burmeseclassic.com

www.burmeseclassic.com

သိုက်ဆောက်ဘုရား

ဆင်စီးမြင်းနဲ့ဘုရား



ရင်ပြင်တော်ဗုဒ္ဓဟူးထောင့်မှ မုခ်ကြားလေးဆူ



မယ်ထမုတ်ရာရောက်ခဲ့စဉ်က



တရားဦးဟောတော်မူရန်း

ပါသည်။ ခမ္မမိတ်ဆွေ စာရှုသူများသို့ ယခုလ တင်ပြလိုသည်ကတော့ သိကြားမင်း၏ အထင်ကရ သားတော်မှ ဘမှတ် တရကာညထား ထူးထူးခြားခြား မယ်တော် မယ်လမုလွမ်းစေတီနှင့် ဘုရားသမိုင်း အကျဉ်းဖြစ်ပါသည်။

□ မယ်လမုဏ် ထူးထူးဆန်းဆန်း ဘဝမှတ် တမ်း

စာရှုသူမွေမိတ်ဆွေများ ကျိုက်ထီး ရီးဘုရားကြီးသမိုင်းမှ ဥမ္မဖွားလာသော မင်းသမီးအမေ ရွှေနန်းကျင်ကိုသိကြ လိမ့်မည်။ ကျိုက်ထီးရီးရောက်ဖူးသူတိုင်း အမေရွှေနန်းကျင်အဆောင်ကို သိ ပါ၏။ အမေရွှေနန်းကျင်အဆောင်သို့ မှ ရင်ပြင်တော်ရောက်ရ၏။ အမေ ရွှေနန်းကျင်ဆိုသည်က ဥမ္မဖွားခဲ့ မယ်တော် မယ်လမုက လမုသီးဆ

www.burmeseclassic.com

www.burmeseclassic.com

မွားမြင်လာပါသည်။

မယ်လမုဇ၏ အတိတ်ဘဝဇာတ်ကြောင်းက အလွန်အင်မတန်ကောင်းလှ၏။ ကုသိုလ်ကောင်းမှုများကြောင့် နတ်ပြည်မှာ နတ်သမီးဖြစ်ရ၏။ ရိုးရိုးနတ်သမီးမဟုတ်၊ သိကြားမင်းကို အလုပ်ကျွေးပြုရသော နတ်သမီးတစ်ပါးဖြစ်၏။ နတ်သက်ကြွေခါနီးတွင် လူသားမိခင်၏ဝမ်းအတွင်း၌ ပဋိသန္ဓေယူရမည်ကို ကော်ဆုပ်ရွံရှာသဖြင့် သံသေဒဇပဋိသန္ဓေယူခဲ့လေ၏။

ရှေးယခင်အခါက ယခု ရန်ကုန်ဘိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် စွယ်တော်မြတ်စေတီကုန်းတော်ကြီးသည် တောတောင်ထူထပ်သော နေရာဒေသတစ်ခုဖြစ်ခဲ့သည်။ ထိုတောတောင်တန်းတွင် တိသဟုဘွဲ့အမည်တော်ရသည့် ရသေ့ကြီးနှင့် ရသေ့များ များစွာ တောရဆောက်တည်နေကြလေ၏။ တိသရသေ့ကြီး တောရဆောက်တည်သော နေရာဌာနသည် သုခအခါ အဘိုးကလေးဝဆရာတော်ကြီး သာသနာပြုရာ နာဂလိုဏ်ဂူစေတီတော်ကြီးတည်ရာဟု သမိုင်းသုတေသီများကဆိုကြ၏။

ဗုဒ္ဓမြတ်စွာဘုရားသခင် ပွင့်ထွန်းတော်မူခါနီးကာလက 'ဘုရားပွင့်တော့မည်၊ ဘုရားပွင့်တော့မည်' ဟု ကောလာဟာလသတင်းများ နေရာအနှံ့ထွက်ပေါ်နေခြင်းကြောင့် သူတော်ကောင်းများသည် ရသေ့ရဟန်းများကြိုဝတ်ကြဆုံက် ဘုရားရှင်အားဖူးတွေ့ တရားဟူးနှင့် တွေ့နိုင်ရေးအတွက် တောရဆောက်တည်နေကြခြင်း ဖြစ်၏။

ဆည်းထည်းစေတီတော်



တပုဿနှင့် ဘလ္လိကတို့ ဆွမ်းဦးကပ်လှူနေပုံ



သားတော်ရာဟုထာ အမွေတောင်းခန်း

သိကြားထုထင်နှင့် မယ်လမုတို့မှ တိသရသေ့ကြီးအား ကန်တော့နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com

သာသနာပြုဧလေတ်ခန်း

ဗောဓိပင်နှင့် မြတ်စွာဘုရား



ရှင်သီဝလိရဟန္တာမထေရ်

ကန်တော်မင်္ဂလာမှ ရှင်ဥပဂုတ္တမထေရ်

ရှင်ဥပဂုတ္တမထေရ်

တစ်နေ့သဋ္ဌ တိသရသေ့ကြီးသည် နာဂလိုဏ်ဂူတောင်တန်းများ၏ အောက်ဘက်နား ချောင်းရိုးကလေးအနီးရှိ လမုပင်တန်းများရှိရာ တောရိပ်သို့သွားရောက်ပြီး တစ်ပါးတည်း တရားသွားအားထုတ်နေလေ၏။ထိုတောတန်းတွင် တရားအားထုတ်နေရင်း လမုပင်မှ ထူးထူးကဲကဲ လမုသီးကြီးတစ်လုံးကိုတွေ့ရှာ ပြန်ခါနီး၌ ဆွတ်ခူးပြီးပြန်ခဲ့၏။

တောရကျောင်းသို့ ပြန်ရောက်သော် လမုသီးကြီးကို ကျောင်းသခင်မ်းပေါ်ချ၍ အမောပြေ ရေသောက်ပြီး ထိုလမုသီးကိုကြည့်ရာ ထိုလမုသီးမှ တဖြည်းဖြည်းကွဲအက်လာပြီး အထဲမှနေ၍ မိန်းကလေးတစ်ယောက် ဖွားမြင်လာသည်ကို တအံ့တသြ ထူးဆန်းစွာ တွေ့မြင်ရလေ၏။ တိသရသေ့ကြီးသည် အံ့သြဝမ်းမြောက်ခြင်းများစွာ ဖြစ်ပေါ်လာပြီး -

"ဤကလေးမသည် ငါနှင့်ထိုက်၍ရလာသော ရင်နှစ်သည်းချာ သမီးကညာဖြစ်ပေတော့"။ ငါ ကောင်းစွာသမီးအရင်းကဲ့သို့ မွေးမြူပါတော့မည်ဖြစ်၍ ကျွန်ုပ်၏ လက်ညှိုးတော်သည် အလိုရှိသလို နို့ထွက်ပါစေသတည်း"

ဟု စိတ်ကြံသမှု အဓိဌာန်ပြုသော အခါ အမှန်တကယ် လက်ညှိုးမှ နို့တွေထွက်လာ၏။

သစ္စာဓိဌာန်ပြုရင်းမှ လက်ညှိုးမှထွက်လာသောနို့များဖြင့် လမုသီးထဲမှ ကလေးကို နို့ချိုတိုက်ကျွေးမွေးလာခဲ့လေ၏။ လမုသီးထဲမှ မွေးဖွားလာသူ မိန်းကလေးဖြစ်၍ အမည်ကို ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ပါဘဲ မယ်လမုဟုပင် ခေါ်တွင်စေ၏။

မယ်လမုသည် ရသေ့ကြီး၏ ပြုစုပျိုးထောင်မှုနှင့်အတူ ရက်ကိုလစား၊ လကို နှစ်စားနှင့် အပျိုပေါက်အရွယ်သို့ ရောက်လာပါတော့၏။ မယ်လမု အပျိုအရွယ်ရောက်သည်နှင့် သိကြားမင်း၏ မြက္ကျောက်ဖျာသည် ပူပြင်းတင်းမာသောသဘောကိုပြလေ၏။ ထိုအခါ သိကြားမင်းက မည်သို့သောအကြောင်းရှိသနည်းဟု လောကတစ်ခွင်ကို ကြည့်ရှုသောအခါ လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင်ကျေးဇူးရှင်အစစ်ဖြစ်တော်မူသော ဗုဒ္ဓဘုရားသည် မကြာမီ ပွင့်ထွန်းတော်မူတော့သည်။ ထိုပွင့်တော်မူမည့်မြတ်စွာဘုရားရှင်လက်ထက်တော်တွင် ရွေးကောက်ပွင့်တော်မူခဲ့သော နောင်တော်ဘုရားတို့၏ ဓာတ်တော်မွေတော်များနှင့်အတူ ပွင့်တော်မူမြတ်ဘုရား၏ ဆံတော်ရှင်ခြုံမြတ်ကို ဌာပနာတော်သွင်းတော်မူ ဝေတော်မြတ်ကြီးတစ်ဆူ တည်ထားတော်မူကြပါလိမ့်မည်။

လေးဆူသော မြတ်ဘုရားများ၏ ဓာတ်ပုံ ထူးကဲသော တော်တော်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ဦးဆောင်တည်ထားမည့် ဘုရားဒါယကာမှာ တိသရဏသွေကြီး မွေးစားထား မယ်လမုမှ မွေးဖွားမည့်သားမှသာ ဘုရားဒါယကာဖြစ်နိုင်မည်။ ထို့အပြင် ထိုမယ်လမုမိန်းကလေးသည် ကိလေသာကို စက်ဆုပ်ရွံရှာသူဖြစ်၍ လူသားနှင့် အိမ်ထောင်ပြုမည်မဟုတ်။ သို့ဖြစ်၍ သိကြားမင်းကပင် သနန္ဒပေးရမည်ဖြစ်ကြောင်း ရှေးဖြစ်လာမည့်ဖြစ်စဉ်များကို ထင်ထင်ရှားရှား တွေ့မြင်နေရလေ၏။

ထို့ကြောင့် သိကြားမင်းသည် မင်းသားသွင်ပြင်ဖန်ဆင်း၍ လူပြည် မယ်လမုရှိရာသို့ နတ်ပြည်မှ သက်ဆင်း၍ မယ်လမုမင်းသမီးကို ဖခင်ရသေ့ကြီးထံ တောင်းယူလေသည်။ ရသေ့ကြီး အနေဖြင့်ကလည်း ချောမောလှပသော မယ်လမုသည် အရွယ်ရောက်လာပြီဖြစ်၍ မိမိနှင့်အမြဲနေရန် မအပ်စပ်၍ အတူနေရန် မသင့်တော်သောအချိန်အခါဖြစ်၍ မယ်လမုကို ဆုံးမသြဝါဒပေးပြီး သိကြားမင်း တစ်ဖြစ်လဲ မင်းသားလေးနှင့် လက်ထပ်ထိမ်းမြားပေးတော်မူခဲ့ပါသည်။

သိကြားမင်းသည် မယ်လမုကို ရသေ့ကြီးထံပါးမှ တောင်းယူပြီးသော် မိမိ၏ မိဘအကြီးအကဲများထံသွား၍ ခွင့်ပန်ကြားလိုပါသဖြင့် မယ်လမုကို ရသေ့ကြီးထံ အကျိုးအကြောင်းရှင်းပြပြောဆိုပြီး ပြန်အပ်ထားခဲ့လေ၏။

သိကြားမင်းအနေဖြင့် မယ်လမုကို မေတ္တာသက်ဝင် ချစ်ခင်တော်မူနေသော်လည်း ရုတ်တရက် လူပြည်သို့ပြန်ဆင်းရန် အခွင့်မကြုံသာဖြစ်နေရှာ၏။ မယ်လမု၏ဘဝအကြောင်းစုံ ကောင်းစွာသိကြသော မိဖုရားလေးပါးဖြစ်ကြသော သုဇာတာ၊ သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာတို့က သိကြားမင်းအား နောက်ထပ်မိဖုရားမတိုးစေလိုသောဆန္ဒပြင်းပြနေသဖြင့် သိကြားမင်းသည် လူပြည်ကြွရန် အခက်ခဲတစ်ရပ်နှင့်အကျပ်တည်းဆိုက်နေလေ၏။

ကြင်ရာတော် မယ်လမုနှင့်



ဆံတော်ပယ်၍ ရဟန်းပြုခန်း



ဒုက္ကရစရိယကျင့်တော်မူခန်း

မယ်တော်မယ်လမု

ကြာပွဲးထိပ်မှ တော်ရှိရပ်တု

တောသောဘီလူး

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍လည်း အမြဲအကြံအစည်စဉ်းစားနေသည်ဖြစ်ရာ လူပြည်ရှိမယ်လမုထံ နတ်ကျေးလုလင်အား နတ်ရေစင်ထည့်ထားသော မြကျည်တောက်လေးခုကို ပို့ဆောင်ပေးရန် စီစဉ်လေတော့၏။ ထိုနတ်ရေစင်သည် အလွန်သန့်ရှင်းသော၊ သိဒ္ဓိရှိသော သိကြားမင်း၏ ရေစင်ဖြစ်ခြင်းကြောင့် မယ်လမုမှ ထိုရေစင်သောက်သည်နှင့် ပဋိသန္ဓေတည်စေပါသည်။

နတ်သမီး (၄) ပါးတို့သည် နတ်ကျေးလုလင်ကို မယ်လမုထံမရောက်ရန် အတွက် 'စွန်' ယောင်ဆောင်ပြီး လိုက်လံဟန့်တားထိုးဆီတ်နှောင့်ယှက်ကြလေ၏။ 'စွန်' ယောင်ဆောင်ထား နတ်သမီးများကြောင့် ကျည်တောက်တစ်လုံးမှာ ဟိမဝန္တာတောသို့ ကျရောက်၍ ဆင်မတစ်ကောင်မှ သောက်မိသောအခါ ဆဒ္ဒန်ဆင်ကိုမွေးဖွားလာ၏။ နတ်ကျေးလုလင်ရှိ ကျန်ရှိသော ကျည်တောက် (၃) ခုမှ ကျည်တောက်တစ်လုံးသည် ပင်လယ်ထဲသို့ကျသွားပြန်၏။ ပင်လယ်ထဲမှ မိကျောင်းမတစ်ကောင်သောက်မိပြန်သောအခါ အစွမ်းထက်သော 'ငမိုးရိပ်' မိကျောင်းကို မွေးဖွားလာလေ၏။ ကျန်ရှိသော ကျည်တောက်နှစ်ခုမှ နောက်ထပ် ကျည်တောက်တစ်ခုသည် တောထဲသို့ ကျသွားပြန်ပါသဖြင့် တောထဲမှာရှိ သမင်မမှ သောက်မိပြန်သောအခါ 'မိဂသိဂ်' သမင်ကို မွေးဖွားပြန်၏။ နောက်ဆုံး ကျည်တောက်တစ်လုံးသာ မယ်လမုထံ အရောက်ပို့နိုင်ပြီး မယ်လမုမှ သောက်ရသည်ဖြစ်၍ သားတော် ဥက္ကလာပမင်းကိုမွေးဖွားပါတော့သည်။

ဥက္ကလာပမင်းသားအရွယ်ရောက်သောအခါ သိကြားမင်းသည် ကိုယ်တိုင်လူပြည်ဆင်း၍ သားတော်ဥက္ကလာပမင်းကို ဥက္ကလာပဘဲ့အမည်တော်နှင့် တိုင်းပြည်ထားနန်းအရိုက်အရာကိုအပ်နှင်းပေးတော်မူပါသည်။ (ဥက္ကလာပမင်းနေပြည်တော်နေရာဌာနသည် ယခုအခါ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ် သဇ္ဇညစေတီတော်၏ တည်ရာဌာနတွင် နန်းဦးဆောင်အဖြစ်ရှိခဲ့ကြောင်း သမိုင်းသုတေသီများကဆိုကြပါသည်။)

ဥက္ကလာပမင်းသားသည် သန်လျင်ပါဒနိုင်ငံ ဘောဂသေနမင်း၏သမီးတော် နှင့်လက်ထပ်ပြီး အဘိသိက်ခံနန်းစံတော်မူလျက် ဥက္ကလာပတိုင်းပြည်ကို မင်းကျင့်တရား (၁၀) ပါးနှင့်အညီ အုပ်ချုပ်တော်မူခဲ့ပါသည်။

မယ်ထမုစေတီတော်မုခ်ဦးမုခ်ဝ

မယ်ထမုတိုးတိုးကြီး

ငမိုးရိပ်မိကျောင်း

❑ မယ်တော်မယ်လမုလွမ်းစေတီ

ဥက္ကလာပတိုင်းပြည်ကို အစိုးရသော့မင်းသည် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသမှနေ၍ တပုဿ၊ ဘလ္လိကကုန်သည်ညီနောင်နှစ်ဦး ပဉ်ဆောင်လာမည့် ဗုဒ္ဓမြတ်၏ဆံတော်ရှစ်ဆူတော်ကို လက်ခံရယူ၍ သိင်္ဂီတ္တရကုန်းတော်တွင် စေတီတော်တည်ရန် ဌာပနာသုတ်ကာ ဘုရားတည်တော်မူဖြစ်ပါသဖြင့် ဘုရားဒါယကာဖြစ်ပေလိမ့်မည်။ သိကြား

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဥပဂုတ္တကန်တော်မှ ငါးများ

မယ်လမုတော်တော်မှ ကျောက်စာ

ပေးအပ်သော ဆံတော်မြတ်နှင့်အတူ အဘိုးတော်သူ တိသရဇေကြီးရုပ်တု၊ နာဂရဇေရုပ်တု၊ သိကြားမင်းရုပ်တု၊ မယ်တော်ရုပ်တု၊ မိမိရုပ်တု စသည်ဖြင့် ဌာပနာတော်သွင်းတော်မူ၍ မယ်တော်မယ်လမုသို့ ကျေးဇူးဆပ် 'မယ်လမုလွှမ်းစေတီ' တည်တော်မူခဲ့ပါသည်။

ဒုတိယအကြိမ်ထွန်းပေါ်မယ်လမုစေတီတော်

ဥက္ကလာပမင်းကြီးသည် ဖခင် သိကြားမင်းအကူအညီဖြင့် လေးဆူဓာတ်ပုံ ဘုရားရွှေတိဂုံ တည်တော်မူပြီးနောက် မယ်တော်ကျေးဇူးဆပ် မယ်လမုလွှမ်းစေတီကို လမုတောဌ် တည်တော်မူခြင်း၊ ထို့အပြင် တိသရဇေကြီးနှင့် ဆရာနာဂရသေ့ သီတင်းသုံးနေသော နာဂလိုဏ်ဂုဟာတို့တွင် အမှတ်တရ စေတီတည်တော်မူခဲ့ပါသည်။

ဥက္ကလာပမင်းကြီး ဘုရားဒါယကာအဖြစ် တည်တော်မူခဲ့သော ဘုရားစေတီများသည် နှစ်ပေါင်း(၂၀၀၀) ကျော်တိုင်အောင် အထင်အရှား တည်နေတော်မူသည်ကို ဖူးတွေ့နိုင်ပြီ ဖြစ်သည်။ လေးဆူဓာတ်ပုံ ဘုရားရွှေတိဂုံနှင့် နာဂလိုဏ်ဂုဟာစေတီတော်များသည် ခေတ်အဆက်ဆက် မင်းအဆက်ဆက်မှ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ယနေ့တိုင် အထင်အရှား ဖူးတွေ့ရပါသော်လည်း ငဖိုးရိပ်ချောင်းနံဘေး လမုတောမှ မယ်လမုစေတီတော်သည် ဘုရားဥတ်တိုအနေအထားအထိ ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိဖြစ်ကာ ထိုဘုရားဥတ်တိုပေါ်မှ နပဲပင်တစ်ပင်ပင်ပေါက်နေသေးပြီး ရွှေဟောင်းဘုရားစေတီပျက်

www.burmeseclassic.com

ခင်းသည်လည်း နတ်များခြံရံ၍ ဝိုင်းဝန်းတည်တော်မူမည်ဟု မိန့်တော်မူမှာကြားပြီးနောက် တာဝတိံသာနတ်ပြည်သို့ ပြန်လည်ကြွတော်မူခဲ့သည်။

ဥက္ကလာပမင်းကြီးအား သိကြားမင်း နှတ်မှ ကြိုတင်မိန့်ကြားထားသည့်အတိုင်း တစ်သဝေမတိမ်း တစ်ခုမကျန် အကုန်လုံးမှန်ခဲ့၏။ သိဂုံတွဂရကုန်းတော်ကြီး၌ ကမ္ဘာ့အံ့ဩဖွယ်ဘုရားသခင် ကြွတော်မူသော သုဝဏ္ဏဘူမိအရပ်သို့ ဘုရားဖူးမြော်ကန်တော့ရန် ရောက်ခဲ့စဉ်က လျှောက်ထား တောင်းပန်စဉ် ရသေ့ကြီးများကို ဆံတော်မြတ်များ ချီးမြှင့်ပေးတော်မူသောကြောင့် နာဂရသေ့လည်း ဆံတော်မြတ်များ ရတော်မူခဲ့လေ၏။ မိမိသီတင်းသုံးတော်မူရာ နာဂတောင်တန်းသို့ ပြန်ရောက်သောအခါ ဒါယကာ ဥက္ကလာပမင်းကြီးအား ဆံတော်တစ်ဆူ ပူဇော်ရန် ပေးအပ်တော်မူပါသည်။

ဥက္ကလာပမင်းကြီးသည် မယ်တော်မယ်လမုစေတီတွင် နာဂရသေ့ ရှင် မယ်တော်အား လွှမ်းဆွတ်သတိရခြင်းများစွာဖြစ်တော်မူလျက် လွှမ်းစေတီတည်ရန် စဉ်းစားဆုံးဖြတ်တော်မူ၏။ လွှမ်းစေတီတော်ကို မယ်တော် မယ်လမု၏မွေးဖွားရာ လမုတောမှာ စေတီတည်ရန် ဆုံးဖြတ်သောအခါ အဘိုးတိသရဇေကြီး၏ တပည့်ရင်း ဥက္ကလာပမင်းကြီး၏ မင်းဆရာဖြစ်သော နာဂရသေ့သည် မြတ်စွာဘုရားသခင် ကြွတော်မူသော သုဝဏ္ဏဘူမိအရပ်သို့ ဘုရားဖူးမြော်ကန်တော့ရန် ရောက်ခဲ့စဉ်က လျှောက်ထား တောင်းပန်စဉ် ရသေ့ကြီးများကို ဆံတော်မြတ်များ ချီးမြှင့်ပေးတော်မူသောကြောင့် နာဂရသေ့လည်း ဆံတော်မြတ်များ ရတော်မူခဲ့လေ၏။ မိမိသီတင်းသုံးတော်မူရာ နာဂတောင်တန်းသို့ ပြန်ရောက်သောအခါ ဒါယကာ ဥက္ကလာပမင်းကြီးအား ဆံတော်တစ်ဆူ ပူဇော်ရန် ပေးအပ်တော်မူပါသည်။

ဥက္ကလာပမင်းကြီးသည် မယ်တော်မယ်လမုစေတီတွင် နာဂရသေ့

www.burmeseclassic.com

တစ်ဆူအဖြစ်သို့ ရောက်နေခဲ့ရလေ၏။

ရွှေတိဂုံဘုရားကြီးတည်တော်မူပြီး နှစ်ပေါင်း (၂၅၀၀) စန်းကျင် (ခန့်မှန်း) ကာလ ခရစ်နှစ် ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံ၌ အိမ်စောင့်အဓိပတိရတက်လာသော အခါ မြောက်ဥက္ကလာပမြို့သစ်သည်လည်း ပေါ်ထွန်းလာပါတော့သည်။ မြောက်ဥက္ကလာပမြို့သစ် ပေါ်ထွန်းပြီး (၂) နှစ်ခန့် အကြာတွင် ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်နေ မြေကွေးရှင်း အမှုဆောင်အရာရှိ (စိုက်ပျိုးရေးဝန်) ဦးလှမြင့်(B.Sc)၏ ဇနီးဖြစ်သူ ဒေါ်စောညွန့်ရီသည် ထူးဆန်းသော အိပ်မက်တစ်ခုမက်လေ၏။ အိပ်မက်တွင်ကား မြို့ပတ်ရထားလမ်း တံတားကလေး ဘူတာအရှေ့ဘက်အရပ်ကွင်းပြင်၌ သစ်ပင်တစ်ပင်အုပ်မိုးနေသော ဘုရားငုတ်တိုတစ်ဆူကို အိပ်မက်မြင်မက်လေ၏။ ပထမတော့ ရိုးရိုးမက်တာပါဝဲဟု မှတ်ယူပြီးနေမိလေ၏။ ထိုဘုရားငုတ်တို့ကို မကြာခဏ ခပ်စိပ်စိပ်မက်လာသဖြင့် ခင်ပွန်းဖြစ်သူကို ပြောပြသောအခါ ခင်ပွန်းဖြစ်သူကလည်း ပထမတော့ စိတ်မဝင်စားလှပါ။ ဒေါ်စောညွန့်ရီသည် ခရစ်ယာန်ကျောင်းထွက် ဗုဒ္ဓဘာသာကို သာမန်မှသာကိုးကွယ်သူဖြစ်ပြီး ဘုရားစေတီဆိုင်ရာ အထက်ဂိုဏ်းဝိဇ္ဇာကြီးများဆိုသည်ကလည်း စိတ်ဝင်တစားရှိလှသူမဟုတ်၍ စိုက်ပျိုးရေးဝန် ဦးလှမြင့်သည် မသိသလိုသာ မေ့မေ့ပျော်က်ပျော်က်နေလေ၏။ မကြာခဏဆိုသလို ဒေါ်စောညွန့်ရီအား အိပ်မက်တွေဆက်တိုက်ပေးလာသောအခါ ဇနီးမောင်နှံ နှစ်ဦးသည် မြို့ပတ်ရထားစီး၍ တံတားကလေးဘူတာသို့ရောက်လာကြလေ၏။ အိပ်မက်ထဲကအတိုင်း တံတားကလေး ဘူတာအရှေ့ဘက်ခြမ်း ချောင်းကမ်းနဖူးသို့ လှမ်းမျှော်စွာကြည့်ရာ အလွယ်တကူပင် အိပ်မက်ထဲမှ ဘုရားငုတ်တိုကို တန်းတွေ့ကြပါတော့၏။

မြောက်ဥက္ကလာပမြို့အဝင် ကားလမ်းအနီး ငမိုးရိပ်ချောင်းဘေးတွင် လမူပင်များ ခြံရံပေါက်နေပြီး ဘုရားငုတ်တိုပေါ်တွင် နပဲပင်တစ်ပင်အလယ်တည့်တည့်မှပေါက်နေသောသွေးဟောင်း ဘုရားတစ်ဆူကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးတွေ့ရပါတော့၏။ ဇနီးမောင်နှံနှစ်ဦး ဘုရားငုတ်တို့အနား ချဉ်းကပ်၍ ဆီမီး၊ အမွှေးတိုင်များ လှူဒါန်းပူဇော်ကြပါတော့၏။ မှတ်မှတ်ရရ အိပ်မက်ထဲမှ ဘုရားငုတ်တိုမျက်မြင်တွေ့ရသောနေ့ကား ၁၃၂၂ နယုန်လဆန်း ၃ ရက်နေ့ ဖြစ်လေ၏။ နောက်နှစ်ရက်အကြာတွင် (၁) ကြိမ်၊ (၃) ရက်အကြာတွင် (၁)ကြိမ်၊ စေတီဟောင်းသို့သွား၍ ဆီမီး၊ ပန်း၊ ရေချမ်းတို့ ကပ်လှူကြလေ၏။ ထိုသို့သွားရောက် ဖူးမြော်ကြသည့်အခါတိုင်း ထူးဆန်းချက်ကတော့ အိမ်မြှောင်စုတ်ထိုးသံကို ထူးထူးခြားခြားကြားရခြင်းဖြစ်ပါ၏။ နောက်ဆုံးအခေါက် ဘုရားသို့ ရောက်စဉ်က ဒေါ်စောညွန့်ရီ၏ မောင်ဖြစ်သူပါ လိုက်ပါဖူးမြော်လေ၏။ မောင်ဖြစ်သူက ငယ်ရွယ်တက်ကြွသူပီပီ ဘုရားပေါ်တက်ကြည့်သောအခါ ရတနာကြွတ်လေးတစ်ခုကိုတွေ့ရလေ၏။ ထိုရတနာကြွတ်ကလေးအတွင်းမှ အမျိုးသမီးရုပ်တုပုံတော်လေးကိုတွေ့ရ၏။ ထိုရုပ်တုကလေးကိုယူပြီး ဒေါ်စောညွန့်ရီတို့သည် အိမ်ပြန်လာလေ၏။ အိမ်ပြန်ရောက်သောအခါ သမီးအကြီးဖြစ်သူကို ဥစ္စာစောင့်က ဝင်ပူးလေတော့သည်။

"ပုံတော်ရုပ်တု ပေးရသည်မှာ အစ်မတော်ကဉီးစီး၍ စေတီဟောင်းကို ပြန်လည်ပြုပြင်ပြီး အမျှပေးဝေပါက မိမိတို့တစ်တွေ့အားလုံး ကျွတ်လွတ်ကြရပါမည်။ အစ်မတော်က ကူညီဆောင်ရွက်ပေးကြပါ။ ဘုရားပြုပြင်ရေးလုပ်ငန်းများ ချောမောအောင်မြင်ပါလိမ့်မည်"

ထိုရုပ်သေး ပုံတော်ရုပ်တုကလေးသည် ရွှေတိဂုံစေတီတော်အထက်ပစ္စယံစနေထောင့်မှာရှိ မယ်လမုပုံတော်နှင့် တူညီနေသည်ကို အံ့သြစွာတွေ့မြင်ကြရပါသည်။

မယ်လမုစေတီတော်နှင့် ဆက်စပ်နေသော ဥစ္စာစောင့်မင်း အကူအညီတောင်းခံမှုကို ဒေါ်စောညွန့်ရီ လက်ခံပြီးနောက် ဘုရားများတွင် လည့်လည် အဓိဋ္ဌာန်ဝင် ဆုတောင်း၏။ နိဂုံးတော် အစိုးရထိပ်သီလည်း သာသနာ့ဂုဏ်ရှိမြေလျောက်ထားခြင်း၊ သာသနာရေးဝန်ကြီး ဌာနသို့လည်း ဘုရားစေတီပြုပြင်ခွင့် တင်ပြလျောက်ထားခြင်းများ ပြုလုပ်ခဲ့၏။ ခွင့်ပြုချက်များ ရရှိလာသောအခါ ဂေါပကအဖွဲ့ကို အခိုင်အမာဖွဲ့ကာ ဘုရားစေတီပြုပြင်ရန် လုပ်ငန်းစလေတော့၏။

ဦးစွာပထမ ဘုရားပြုပြင်ခြင်း လုပ်ငန်းစတင်ခြင်းအနေဖြင့် ဒေါ်စောညွန့်ရီသည် မနောမယဆရာတော်ကြီး အမှူးပြု၍ သံဃာတော်(၉)ပါးမြတ်ကို ပင့်ဖိတ်၍ အရှင်ဆွမ်းဆက်ကပ်တော်မူပြီးနောက် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့ အမျှဝေ၍ လက်ဃာရစ် လှည့်ပတ်ပူဇော်ပြီး ပန်းပေါက်ပေါက်များ ကြဲတော်မူကြပါသည်။

ထိုစဉ်အခါက ဂေါပကလူကြီးများမှာ ဦးဆင့်၊ ဦးစိုးသိန်း၊ ဦးစောဟန်၊ ဦးကြည်သိန်း၊ ဦးဘိုး၀၊ ဆရာကျော်၊ ဦးကုလား၊ ဦးရှိန်တို့ဖြစ်ကြပြီး ဂေါပကလူကြီးများမှာ တက်ညီလက်ညီရှိလှသည်။ ဘုရားငုတ်တိုပေါ် တက်ပြီးအုပ်မိုးနေသော နပဲပင်ကိုခုတ်လှဲကြပါသည်။ ဘုရားငုတ်တိုပေါ်ရှိ အမှိုက်သရိုက်များ ရှင်းလင်းကြရာတွင် ရွှေရောင်ဘုရားဆင်းတုတော်နှစ်ဆူ၊ ဆေးဘုရားတစ်ဆူ၊ ကြေးဆင်းတုတော်ကြီးတစ်ဆူတို့တူးဖော်ရရှိပါသည်။ နောက်နေ့များတွင် ဆက်လက်တူးဖော်ကြရာ နဂါးပတ်၊ နဂါးခံ၊ နဂါးဖောင်းလျောင်းတော်မူရုပ်ပွားတော်များနှင့် လမူသီးသင္ဘာန်ထုထားသော ကျောက်သားလမူသီးအောက်ခံပလွင်ပုံ ရသေ့ကြီးပုံ၊ မယ်လမုပုံ၊ ဥက္ကလာပမင်းကြီးပုံတော်၊ သိကြားမင်းပုံတော်ရုပ်တုများ တူးဖော်ရရှိပါသည်။ ထို့အပြင် ဂဏန်းအမှတ်အသား (၁-၂) နှင့် ကမ္ဘာအထိ အက္ခရာများ အစဉ်လိုက် ပါဝင်သော ကျောက်ခွေစေတီကိုပါ တူးဖော်ရရှိကြပါသည်။

ဌာပနာတော်မူရန် ဌာပနာတော်ပစ္စည်းပေါင်းများစွာ တူးဖော်ရရှိပြီးနောက် ဒေါ်စောညွန့်ရီသည် ဝမ်းမြောက်ခြင်းများစွာနှင့်အတူ စေတီတော်တည်ရန် အလှူခံတော့၏။ တည်ဆောက်ရေးလုပ်ငန်းများအဖြစ် စေတီတော်အား ဖိနပ်တော်(လေးပေ)အမြင့်နှင့် ပေ (၆၀) ပတ်လည် အုတ်မြစ်ချခဲ့ပါသည်။

အုတ်မြစ်တော်စိမ်လာအခါ အနားနှင့်အတူ အုတ်မြစ်၊ အုတ်ဖိနပ်ပြီး ချိန်မှာ သင္ဘါထက်သန် စိတ်ဓာတ်ပြင်းထန်လှသော အလှူရှင်များ ပေါ်ပေါက်လာ၏။ အထူးသဖြင့် ရန်ကုန်မြို့ ရွှေဘိုသာလမ်းနေ ဦးတင်အောင်၊ ဒေါ်ကြည်ကြည်တို့က ဒေါ်စောညွန့်ရီနှင့် ညီနှိုင်းတိုင်ပင်ပြီး လိုအပ်သမျှ မယ်လမုစေတီတော်ကြီး ပြီးစီးအောင်မြင်သည်အထိ သင္ဘါဖွေးဖြူ အလှူငွေများ ပေးလှူကြသည်ဖြစ်၍ 'မယ်လမုစေတီတော်ကြီး'သည် အချိန်တို့အတွင်း တည်ထားပြီးနောက် ဗုဒ္ဓါဘိသေကအနေကဇာတော်တင် ဌာပနာတော်သွင်း၊ ဌာပနာတော်ပိတ်ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကြီးကို သာသနာတော်တစ်ထပ်ကြွမြောက်ချိန်ခါ သာသနာ(၂၅၀၀)မှာပြုစည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

www.burmeseclassic.com

ကျစ္စာမင်းကြီးနှင့် ဘုရားရှိခိုးဆုတောင်းဂါထာတော်

ပုဂံခေတ်တွင် ပိဋကတ်စာပေ ပညာရှင်တစ်ဦးအဖြစ် ထင်ရှားလှသော ကျစ္စာမင်းကြီးသည် နရပတိစည်သူမင်းကြီး၏ သားတော် ဇေယျသိခံနန်းတော်ငါးများ မင်းခေါ်-ထီးလိုမင်းလိုမင်း ဟူ၍ လည်းကောင်း ဥဇနာမင်းဟု လည်းကောင်း ထင်ရှားသောမင်းကြီး၏ သားတော် ဖြစ်ပါသည်။

ခမည်းတော် နတ်ရွာစံတော်မူပြီးနောက် သက္ကရာဇ် ၉၆ ခုနှစ်တွင် သားတော် ကျစ္စာသည် ဓမ္မရာဇာဘွဲ့အမည်ခံ၍ မင်းပြုခဲ့ပါသည်။ ကျစ္စာမင်းကြီးသည် စိတ်နှလုံးမွန်မြတ်နူးညံ့၍ ပြည်သူလူရဟန်းအပေါင်းတို့ကို ရင်၌ဖြစ်သော သားကဲ့သို့ သနားချစ်ခင်တော်မူပါသည်။

ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန်၍ သင်တော်မူခဲ့ပြီး ပိဋကတ်စာပေ၌ အထူးတတ်ကျွမ်းသော ပိဋကတ်စာပေ ပညာရှင် မင်းဧကရာဇ်ကြီးတစ်ပါး ဖြစ်ပါသည်။ ပါဠိအဋ္ဌကထာဋီကာကျမ်းတို့မှ အထူးထူးသော အလွန်သိမ်မွေ့နက်နဲလှသည့် အဓိပ္ပါယ်ထွက်တို့ကိုကြေတော်မူလှသည်ဖြစ်၍ မေးအံ့သောအရာ၌ ထိုမင်းကို တူသူမရှိဟု ဆိုပါသည်။

အရိယာသံဃာတို့ကို တစ်နေ့လျှင် ခုနစ်ဝါရစာပို့ချပေးတော်မူသည်။

မင်းကြီးသည် အဘိဓမ္မာပိဋကတ်တော်၏အနှစ်ချုပ်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဘုံ၊ ပုဂ္ဂိုလ်တို့ကို နန်းတွင်းသူမောင်းမတို့အား သိမှတ်ပြည့်နှစ်စရာ ပရမတ္ထဒိန္နကိုလည်း စီရင်တော်ခဲ့ပါသည်။

တိုင်းရေးပြည်ရာ အုပ်ချုပ်စီမံမှုတို့ကို သားတော် အိမ်ရှေ့ဥဇနာကို လွှဲအပ်ထားကာ ပရိယတ္တိစာပေတွင် မွေ့လျော်တော်မူပါသည်။ ရှေးဘေးလောင်းတော် အနော်ရထာမင်းစောသည် ပြက်ခရွေတောင်ခြေ၌ ငါးဖျာပြည်တွင် မင်းတစ်ကြိမ်ဖြစ်မှ ပေပင်ပေါက်စေသောဟူ၍ မိဋ္ဌာန်တော်မူ၍ ရိုက်တော်မူခဲ့သည်။ ပေပင်သည် ကျစ္စာမင်းကြီး လက်ထက်မှ အကိုင်းအခက်အရွက်အလက်, စည်ပင်ပေါက်သောကြောင့် မင်းကြီးအလွန်ဝမ်းမြောက်တော်မူခဲ့၏။

သက္ကရာဇ် ငါးရာကိုးဆယ့်ခုနှစ်ခုတွင် စကုမြို့၌ မြသာခံကျောင်းဆောက်၍ သီဟမဟာဥပါလိထေရ်အား လှူတော်မူခဲ့သည်ဟု ဆိုသည်။

ရာဇဝင်ကြီး၌မူ ကျောင်းဆောက်၌ လှူကြောင်းမဆို၊ ထိုမင်းနှစ်တက် သက္ကရာဇ်ကိုလည်း ငါးရာရှစ်ဆယ့်တစ်

ဒုတိယအကြိမ်ထွန်းပေါ် စေတီတော်ကြီး အသစ်တစ်ဖန်ပြန်လည်ပြုပြင်ပြီးစီးချိန်မှစတင်၍ ဘုရားဖူးများသည် ဦးဆက်မပြတ် အခါကြီးရက်ကြီးများအပြင် အမြဲလိုလိုစည်ကားနေသည်ကို တွေ့မြင်ရပါသည်။ ခေတ်အဆက်ဆက် ထာဝန်ယူကြကုန်သော ဂေါပကဘက္ခူတော်ထိန်း လူကြီးများ၏စိမ်ကွပ်ကဲမှုကောင်းမွန်မှုကြောင့် ဗုဒ္ဓဝင်ရှမ်စုံပြခန်းကြွက်များ (၄၀)ခန့် တည်ဆောက်ထားပြုစီရာ မယ်လမုဘုရားလာဖူးရတာ ဘုရားစုံဖူးရ ဗုဒ္ဓဝင်ပြခန်းကြည့်ရှုခွင့်ရ ဒဟုသုတလည်း ကိုးပွားစေပါသည်။ နယ်ဘုရားဖူးများက ပြောဆိုကြပါသည်။

အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ ဘုရားလာဖူးကြကုန် ဗုဒ္ဓဘာသာနယ်ဝင် သူတော်ကောင်းများသည် ဦးစွာပထမ ရွှေတိဂုံဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြပြီးသော် ဘုရားဒါယကာ ဥက္ကလာပမင်းကြီးတည်ထား မယ်တော်ကေဖူးဆင်စေတီတော်ဖြစ်တော်မူသော မယ်လမုဘုရားသို့လည်း သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြသည်ဖြစ်၍ မယ်လမုဘုရား၏ သိမှတ်ဖွယ်ရာအဖြာဖြာနှင့်သမိုင်းအကျဉ်းကို လေ့လာမိသမျှ တင်ပြလိုက်ရပါသည်။ မယ်လမုဘုရားဖူး၍ ထူးကဲသောအကျိုးတွေ့ရကြပါစေ

ဆုမွန်ခြွေရင်း-

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုး -

ကျိုက်လတ်မိုးမြင့်ရေး -
မယ်လမုစေတီသမိုင်းအကျဉ်း
တက္ကသိုလ်သျှင်သိရိရေး -
မယ်လမုရှပ်စုံဗုဒ္ဓဝင်သမိုင်း
ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့သမှု

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုပါသည်။ ငါးရှဉ်းကိုးဆယ်ပြည့်နှစ်တွင် စကုမြို့၌ ပြာသာဒ်ကျောင်းဆောက်ရွက်လှူတော်မူပါသည်။ နန်းတက်သက္ကရာဇ်နှစ်ရပ်ကိုတွက်လျှင်လည်း တစ်ဆယ့်ငါးနှစ်ကွာခြားသည်။ ပြာသာဒ်ကျောင်းဆောက်၍ လှူကြောင်း အာဘယ်ကို ထောက်၍ သိရသနည်းဟူမူ စကုမြို့၌ သီတင်းသုံးတော်မူသော သီဟမဟာဥပါလိထေရ်ကို နားတောင်းများမင်းပင့်၍ ပုဂံတွင် သီတင်းသုံးနေတော်သည်ဖြစ်၍ ခမည်းတော်လက်ထက်ကပင် ထိုအရှင် ပုဂံ၌ ရှိတော်မူပြီးဖြစ်သည်။

သက္ကရာဇ်ငါးရှဉ်းကိုးဆယ့်ခြောက်ခု သာသနာ့ဒါယကာ နန်းတောင်းများမင်းလွန်တော်မူလျှင် သားတော် ကျွန်ုာမင်း နန်းတက်တော်မူ၍ သက္ကရာဇ် ငါးရှဉ်းကိုးဆယ်ပြည့်နှစ် ရောက်သော် သီဟမဟာဥပါလိထေရ်နှင့် သာရကလျာဏထေရ်၊ သာရဓမ္မထေရ်၊ ကလျာဏကိတ္တိထေရ်၊ ဉာဏသီဟထေရ်၊ ဂန္ဓိသာရထေရ်၊ ဝဇိရဉာဏထေရ်၊ ဂဏသောဘာထေရ်၊ ဂဏဉာဏရဲ့ နေထေရ်ခုနစ်ပါး၊ ကျောင်းထက်နေသံယာတော် (၁၅) ပါးတို့ကို ပြာသာဒ်ကျောင်းဆောက်၍ လှူတော်မူသည်ဟု ပြဆိုခဲ့သော ခဲကြီးတောင်းကျောင်းကျောက်စာကိုထောက်၍ သက္ကရာဇ် ငါးရှဉ်းကိုးဆယ့်ခြောက်ခုတွင် နန်းတက်ကြောင်း၊ ငါးရှဉ်းကိုးဆယ့်ခုနစ်ခု စကုမြို့ခဲတောင်ကြီးအရပ်၌ ပြာသာဒ်ကျောင်းဆောက်၍ လှူကြောင်းများကို ထောက်ရှုသိနိုင်ပါသည်။

❑ ကျွန်ုာမင်းကြီးနှင့် ရှင်ဒီဘပါမောက်

ပုဂံပြည်ရှင် ကျွန်ုာမင်းကြီး လက်ထက်တွင် ထိုပြည်တွင် ဉီးကျည်ပွေ့ခေါ် ရှင်ဒီဘပါမောက် ဟူသော သက်တော်ကြီးမှ ပိဋကစာပေကိုသင်ယူလေ့လာကာ သူမတူအောင် ကျွမ်းကျင်တတ်မြောက်သော ရဟန်းကြီးတစ်ပါး ပေါ်ထွန်းခဲ့သည်။

ထိုရဟန်းကြီးသည် ငယ်စဉ်မှ ဆက်တော် (၆၀) တိုင် အမှတ်မဲ့နေမိခဲ့သောကြောင့် ပိဋကတ်စာပေကို တတ်မြောက်ခဲ့ခြင်း မရှိခဲ့ပေ။ ထိုရဟန်းကြီးသည် နေ့စဉ်ဆွမ်းစားပြီးသောအခါ၌ သွားတိုက်တံ ဒန်ပူ(တံပို့)တို့ကို ကျောင်းအောက်ရှိ လေးတောင်နက်၍ ကျယ်သောတွင်းထဲသို့ ပစ်ချလေ့ရှိရာ ရက်၊ လ၊ နှစ် ကြာမြင့်လာသည့်အခါတွင် ထိုတွင်းပြည့်မောက်သွားလေတော့သည်။

တစ်နေ့တွင် ထိုရဟန်းကြီးသည် ထိုဒန်ပူပုံကြီးကိုကြည့်ရင်း စိတ်၌ တွေးတောမိသည်။

ငါသည် နေ့စဉ် ဒန်ပူတစ်ချောင်းမျှသာ ပစ်ချခဲ့ရာ ယခုဤတွင်းကြီးပြည့်မောက်သွားခဲ့လေပြီ။ ဤမျှသေးငယ်လှသော ဒန်ပူတို့ပင် နေ့စဉ်ပစ်ချခဲ့သောကြောင့် ကာလကြာသည့်အခါတွင်ပြည့်ခဲ့ရပေသည်။ ငါသည် ယခုတိုင် အသက် (၆၀) ထိအောင် အမှတ်မဲ့နေခဲ့မိသောကြောင့် စာပေမတတ်ဘဲဖြစ်ခဲ့ရသည်။ ငါသည် အကယ်၍ တစ်နေ့လျှင် ဒန်ပူတစ်ထောက်စာမျှသာ စာပေသင်ယူခဲ့လျှင် ကာလရှည်လာက များစွာ တတ်မြောက်ပေလိမ့်မည်ဟူ၍ ဆင်ခြင်မိလေသည်။

သို့နှင့် စာပေကို သင်ယူအံ့ဟု ဆုံးဖြတ်ပြီးလျှင် ကျွန်ုာမင်းကြီး နန်းတော်သို့ဝင်ကာ မင်းကြီးထံတွင် ပုရပိုက်တွင် ရေးမှတ်ရန်အတွက် ကန့်ကူဆံကိုအလှူခံလေသည်။

မင်းကြီးက -

"အရှင်ဘုရား၊ အသက်ကြီးလှကာမှ စာသင်၍ အာဘယ်မှာတတ်နိုင်ပါတော့မည်နည်း။ ကျည်ပွေ့အတက်ပေါက်မှ စာတတ်ပေလိမ့်မည်"

ဟု ပြတ်ရယ်ဆိုမိကာ ကန့်ကူဆံကို လှူလိုက်လေသည်။

ရဟန်းကြီးက မင်းကြီးစကားကို စိတ်၌ မှတ်ထားကာ မိမိအကြံအစည်အဆုံးအဖြတ်ကိုတည်စေ၍ နေ့စဉ်နေ့တိုင်း ဒန်ပူတစ်ထောက်စာသော စာပေတို့ကို ကြေညက်အောင် ကျက်မှတ်လေ့လာခဲ့ရာ ကာလများမကြာမီတွင် ပိဋကတ်စာပေတို့ကို ကြေညက်တတ်ကျွမ်းခြင်းသို့ ပေါက်ရောက်ခဲ့လေတော့သည်။

ထို့နောက် ရဟန်းကြီးသည် ကျွန်ုာမင်းကြီး ပြက်ရယ်ဆိုခဲ့သောစကားကို ချေပလိုသောကြောင့် ကျည်ပွေ့တစ်ခုတွင် အတက်ပေါက်နေဟန် သစ်ခက်စိမ်းတို့ကို ချည်နှောင်ကိုင်စွဲပြီးလျှင် မင်းကြီးနန်းတော်သို့ ဝင်လေသည်။ ကျွန်ုာမင်းကြီးလည်း ကျည်ပွေ့ကြီးကို သစ်ခက်များချည်ကာ မြွောက်ကိုင်ဝင်လာလေသည်။

ရဟန်းကြီးက -

"ဒါယကာမင်းကြီး၊ သင်သည် ငါ့ကို လွန်ခဲ့သောအခါက ကျည်ပွေ့အတက်ပေါက်မှ စာတတ်ပေလိမ့်မည်ဟု ဆိုခဲ့သည်ကို အမှတ်ရသေးပါ၏လော။ ယခု ငါတတ်၍ ကျည်ပွေ့အတက်ပေါက်သည်ကို မင်းကြီး သိမြင်စေလို၍ ငါလာခဲ့သည်"

ဟုဆိုကာ ကျည်ပွေ့များမြွောက်ပြလေရာ မင်းကြီး သတိရဝမ်းမြောက်ကြည်ညိုလွန်ကြွဖြင့် မိမိဆိုမိသော စကားကို အမှတ်မထားရန် ဝန်ခံတောင်းပန်လေသည်။

ထိုအခါ ရဟန်းကြီးက -

"ငါ ဓာတတ်၊ မတတ်သိရလေအောင် အမေးပုစ္ဆာဆိုကြကုန်လော့"

ဟု မိမိလေ့လာတတ်မြောက်မှုကို ရဲရဲဝံ့ဝံ့ဆိုလေရာ ကျွန်ုာမင်းကြီးနှင့်တကွ နေပြည်တော် လေးပြင်လေးရပ်ရှိ ပိဋကတ်စာပေကျွမ်းကျင်သော ဆရာတော်အကျော်အမော်တို့က ခက်ခဲနက်နဲလှသော ပိဋကတ်ဆိုင်ရာ အမေးပုစ္ဆာတို့ကို မေးမြန်းလေရာ အလုံးစုံကိုပင် တိကျရှင်းလင်းပြေပြစ်စွာ ဖြေဆိုပြလေတော့သည်။

သည်မျှမကသေး ရဟန်းကြီးက မိမိပိဋကတ်စာပေတတ်မြောက်မှုအစွမ်းကို ထင်ရှားပြလို၍ -

"ယခုအခါ ငါသည် စိတ်လက်ကြည်သာ အေးချမ်းစွာဖြင့် ဉာဏ်ပွင့်လန်းနေချိန်ဖြစ်သောကြောင့် ဖြေဆိုပြသည်မှာ လွယ်ကူပေ၏။ ထို့ကြောင့် ငါ့ကိုရေတွင်းနှစ်မွမ်းစေပြီးမှ ပေါ်လျှင်ပေါ်ချင်း အမေးပုစ္ဆာထုတ်ကြ ကုန်လော့"

ဟု ဆိုလေသဖြင့် ဆိုသည့်အတိုင်းပြုစေပြီး ပုစ္ဆာမေးရန် ချောင်ဟန်လိုက်သော 'အာဟင်း' ဟူသောအသံကို ကြားသောရဟန်းကြီးက အဘိဟူသောပုဒ်ကို မေးသည်ငင်မှတ်ကာ သဒ္ဒါနည်းဖြင့် အတိအကျ ယုဂ်တွ

www.burmeseclassic.com

www.burmeseclassic.com

ကာ ဖြေဆိုပြလိုက်လေသည်။

ထိုအခါ အမေးပစ္စာထုတ်သော ဘုရိုလ်များမှာ ရွှင်ကြည်အံ့သြကြွစွာဖြင့် ထပ်မံမမေးဝံ့ကြတော့ဘဲ ဆိတ်ဆိတ်နေကြလေရာ ရဟန်းကြီးက -

"ငါ့ရှင်တို့ ငါ့ကို မေးပြီးကြလေပြီ။ ငါလည်းမေးပါရစေ"

ဟု ဆိုပြန်လေရာ မေးခွင့်ပြုလျှင် ရဟန်းကြီးက ပစ္စာတစ်ခုကို မေးလိုက်ရာ မဖြေနိုင်ကြဘဲရှိခဲ့သည်ဆို၏။

ထိုအမေးပစ္စာကား -

"အညသမန်းထောသိက်၌ အညအပါဒါန်ခံ၍ပြကြစမ်းပါ"

ဟူလေသတည်း။

ရဟန်းကြီးအား မင်းကြီးနှင့်ပြည်သူအများ လေးမြတ်ကြည်ညိုပူဇော်ကြသော မင်းကြီးက ဒီသာပါမောက္ခဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့လေသည်။ ထိုရဟန်းကြီး ဦးကျည်ပွေ့ခေါ် ဒီသာပါမောက်ဟု ထင်ရှားခဲ့ကာ ကျွန်းမင်းကြီးသား ဥဇနာမင်းနှင့် ထိုမင်းသား နရပတေ့ခေါ် တရုတ်ပြေးမင်းတို့ကို ကိုးကွယ်ခဲ့ကြလေသည်။

နရသီဟပတေ့မင်း၏လက်ထက် သာသနာရေး ခြောက်ရာလေးဆယ့်ခြောက်နှစ် ပုဂံသို့ တရုတ်တို့ ဝင်ရောက်လာသောအခါ အရှင်ဒီသာပါမောက်အား တရုတ်မင်းထံ သံတမန်လွှတ်ရာ ပြေပြစ်ချော့မွေ့ချစ်ကြည်အောင် မိန့်ဆိုဆောင်ရွက်တို့ကို ရှင်ဒီသာပါမောက္ခကျောက်ဆူး နေထိုးထားခဲ့ပါသည်။

ကျွန်းမင်းကြီး၏ သမီးတော် သံပျင်မင်းသမီး

ပုဂံပြည်ရှင် ကျွန်းမင်းကြီး၏ သမီးတော် သံပျင်မင်းသမီးသည် ပုဂံတွင် ပိဋကတ်စာပေတက်ကျမ်းအမျိုးသမီးပညာရှင်တစ်ဦးအဖြစ် ထင်ရှားကြားခဲ့၏။ သံပျင်မင်းသမီးသည် ပိဋကတ်စာပေကို လွန်စွာတတ်မြောက်ကျွမ်းကျင်လှသဖြင့် ရဟန်းတော်များကို စာပေပို့ချရလေသည်။ ဤသို့ စာပေပို့ချရာတွင် မာတုဂါမတစ်ဦးဖြစ်သည့်အတွက် မသင့်လျော်သော အကြောင်း တင်းထိမ်ကာရံထားကာ ပို့ချစာလိုက်သော ရဟန်းတို့သည် ကိုသာကြားရကာ မင်းသမီးအား မမြင်ရချေ။

တစ်နေ့သ၌ စာသင်သား ရဟန်းများသည် မင်းသမီး၏စာပေပို့ချခြင်းခံရဖန်များကာ တပ်မက်စိတ်ဖြစ်

၍ မင်းသမီးကို တွေ့မြင်ရလေအောင် ကြံဆောင်၍ မိမိတက်သောစာအဆုံးတွင် -

"ဟိဇာလေ ဟေဟေယျ"

ဟု ရွတ်ဆိုလိုက်သောအခါတွင် တင်းထိမ်တွင်းရှိ မင်းသမီးက -

"စာဌမရှိသည်ကို အဘယ်ကြောင့် ရွတ်ဆိုပါဘိသနည်း"

ဆိုရာ -

"မင်းသမီး၊ စာရှိ၍ ငါဆိုသည်။ သည်မှာကြည့်လေလော့"

ဟု ပြောလေရာ မင်းသမီးက တင်းထိမ်အကာကိုဖွင့်ကြည့်ရာ ရဟန်းက ဘူရေထားသည့်စာကိုပြသည်ကွင်း -

"ဤစာသည် အပိုသက်သက်ဖြစ်သောစာဖြစ်သည်။ သို့သော် အချည်းနှီးမဖြစ်ရလေအောင် သင့်လျော်သော အနက်ကိုပေးပါမည်"

ဆိုကာ ဤသို့အနက်ကိုပေးလိုက်လေသည်။

ဟိ - တဲငါသည်တို့သည်၊ ဇာလေ-ကွန်ရွက်တို့ကို၊ ဟေဟေယျ-ဆွဲကြကုန်၏ဟူ၍ ဖြစ်ပါသည်။

ရဟန်းပျိုမှာ မင်းသမီးကို မမြင်မီကပင် အသံကို စွဲလမ်းနေမိရာမှ လှပတင့်တယ်သော မင်းသမီး၏ ရုပ်ဆင်းအင်္ဂါကို မြင်လိုက်ရလေရာ မအိပ်နိုင် မစားနိုင် အစွဲအလမ်းကြီးစွာ ဆင်းရဲဒုက္ခဖြစ်နေရလေသည်။

ထိုအကြောင်းကို ကျွန်းမင်းကြီးကြားသိလေသောအခါ ထိုရဟန်းပျိုအား -

"ငါ့ရှင်၊ သမီးတော်အား ဤမျှ စွဲလမ်းတပ်မက်လျှင် သမီးတော်ကိုပေးပါမည်။ သို့ရာတွင် သာသနာတော်၌ အကျိုးများစေမည့် ကျမ်းတစ်စောင်ကို ပြုစုပါဦးလော့"

ဟု ဆိုရာ ရဟန်းပျိုလည်း ဉာတိကျမ်း၏ အဖွင့်ဋီကာကို ရေးသားပြုစုခဲ့လေသည်။

မင်းကြီးသည် ထိုရဟန်းလူထွက်အား သမီးတော်နှင့်ထိမ်းမြားလက်ထပ်ပေး၍ သံပျင်အမတ်ရာထူးကိုပေးတော်မူခဲ့သဖြင့် ထိုအမတ်ကို သံပျင်အမတ်၊ မင်းသမီးကိုလည်း သံပျင်မင်းသမီး၊ ဋီကာတို့သည် သံပျင်ဋီကာတဲ့ ခေါ်ဆိုခဲ့ကြပါသည်။

ဤကား ကျွန်းမင်းကြီးလက်ထက် ရာဇဝင်စာတင်ခဲ့သော ပိဋကတ်စာပေပညာရှင်တို့နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာထူးခြားသော အကြောင်းအရာတို့ကို ဖော်ထုတ်တင်ပြခြင်း ဖြစ်ပါသည်။

ကျွန်းမင်းကြီးဆည်၌ စာချရာမြကန်တွဲလက်က

မြကန်သာ၊
တောင်ကျချောင်းတော်၊
ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ဝိုင်မာလျက်
ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်
ဝတီသာက၊ နန္ဒာလော
တူစွာဟုတ္တာ။

ဟူသော ကျွန်းမင်းကြီးလက်ထက် ပေါ်ပေါက်ခဲ့ဟန်တူသော လင်္ကာအတိုင်း ကျွန်းမင်းကြီးသည် သက္ကရာဇ် ငါးရာကိုးဆယ့်ရှစ်ခုတွင် တူးရွင်းတောင်ခြေကကျသောရေကို ကန်ကြီးဆည်၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံအောင် စီမံပြီးသော် ဝမ်းဘဲ၊ ဟသ်၊ ကြိုးကြာ၊ ရေကြက်၊ စကွဝက် စသော ငှက်မျိုးစုံတို့ မွေ့လျော်ပျံနှုန်းကြသည်ဖြစ်၏။ အလွန်ကြည်နူးဖွယ်ကောင်းသောကန်ကြီးဖြစ်၍ ထိုကန်ဝန်းကျင်၌လည်း လယ်တာအများ စီရင်တော်မူ၍ တစ်နှစ်လျှင် သုံးသီးစားရသည် ဟူ၏။ ထိုကန်နားသို့ မင်းတဲသာယာစွာပြုပြီးသော် တစ်နေ့လျှင် စာဝါ ခုနစ်ဝါ ပို့ချမွေ့လျော်တော်မူခဲ့ပြီး ပရိယတ္တိသာသနာကို စွမ်းစွမ်းတမံ သာသနာပြုတော်မူခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပါသတည်း။

ဤကား ရာဇဝင်တွင် စာတင်ခဲ့သည့် ပုဂံခေတ် ပရိယတ္တိစာပေပညာရှင် ကျွန်းမင်းကြီးအကြောင်း သိမှတ်ဖွယ်ရာတို့ကို ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ ထို့အပြင် သုတပညာလေ့လာလိုက်စားသူ စာရှူသူအပေါင်း သိမှတ်ဖွယ်ရာ ကျွန်းမင်းကြီး ဘုရားရှိခိုးဂါထာတော်နှင့် ဆုတောင်းပတ္ထနာကို ဖော်ထုတ်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

❑ **ကျစွာမင်းကြီးဘုရားရှိခိုး**

ဂင်္ဂါယ ဝါလုကာတုလျာ၊
ဗုဒ္ဓါတိတာအနာဂတာ။
ပစ္စုပ္ပန္နေန ယေဗုဒ္ဓါ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

❑ ဓမ္မာ၊ သံဃာ နည်းတူဆိုလေ။

အနက်ပြန်မာပြန်

ဂင်္ဂါယ - ဂင်္ဂါမြစ်၌၊ **ဝါလုကာတုလျာ** - သဲနှင့်မျှကုန်သော၊ **အတီတာ** - လွန်လေပြီးကုန်သော၊ **ယေဗုဒ္ဓါ** - အကြင်ဘုရားတို့သည် လည်းကောင်း၊ **အနာဂတာ** - နောင်လာတော်မူလတ္တံ့ကုန်သော၊ **ယေဗုဒ္ဓါ** - အကြင်ဘုရားတို့သည် လည်းကောင်း၊ **ပစ္စုပ္ပန္နေန** - ပစ္စုပ္ပန်၌ပင်၊ **ယေဗုဒ္ဓါ** - ထိုလွန်လေပြီးသောဘုရား၊ နောင်လာလတ္တံ့သောဘုရား၊ ပစ္စုပ္ပန်၌ပင်တော်မူသောဘုရားတို့ကို၊ **အဟံ** - ကျွန်ုပ်သည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်းလျှင်၊ **ဝန္ဒာမိ** - ရှိခိုးပါ၏။

❑ **ကျစွာမင်းကြီးဆုတောင်း**

အာယုဒီယံ ဝုရွစံ ဘုမ္မံ ပုထုမတိ
သမ္မ ဗျတ္တော ဗလံ
တာဒကို ဝိဂယ္ဟ သမ္မယောဂေါ
ဝါဂိ သူရာအသူရာနိရောဂါ၊
နိရက္ကာ ဇာတိသမ္မယောဂေါ
ယသကုသလော တောတေယျ၊
ဘဝံ ဘဝေယျ အနုဝုရွ သမ္မ
ဗျတ္တော စတ္တာ။

အနက်ပြန်မာပြန်

အာယုဒီယံ - အသက်ရှည်ခြင်းမာန်ဇာတ်မင်းနှင့်လည်း တူလိုထသော၊ **ဝုရွစံ** - အမျိုးမြတ်သည်ကိုလည်းဖြစ်လိုထသော၊ **ဘုမ္မံ** - ဖြစ်လေရာရာ သံသရာလည် ယောက်ျားစင်စစ်ဖြစ်လိုထသော၊ **ပုထုမတိ** - မြေကြီးအထုနှင့်တူသောပညာကြီးခြင်း၊ မင်းမဟော်သဓနှင့်လည်း တူလိုထသော်၊ **သမ္မဗျတ္တော** - ကောင်းသော အဆွေခင်ပွန်းနှင့်လည်း ပေါင်းဖော်ရသည်ဖြစ်လိုထသော၊ **ဗလံ** - ခွန်အားကြီးသည်ကိုလည်း ဖြစ်လိုထသော၊ **တာဒကို** - အလှူပေးခြင်း၌ မကုန်သောမင်းကြီးဝေဿန္တရာနှင့်လည်းတူလိုထသော၊ **ဝိဂယှ သမ္မယောဂေါ** - ပိဋကတ်သုံးပုံကို နှုတ်ငုံတွတ်တွတ် ရွတ်ဆိုသည်လည်းဖြစ်လိုထသော၊ **ဝါဂိ** - အံသဘာခြင်း ကရဝိက်ငှက်မင်း၏အသံနှင့်လည်း တူလိုထသော၊ **သူရာ** - ရဲရင့်သည်ကိုယ်လည်းဖြစ်လိုထသော၊ **အသူရာ** - စစ်မြေအရပ်၌ တစ်ဖက်သားရန်သူတို့ကို ထွားထွားညက်ညက် ပျက်စေတတ်သော ကေသရာဇာ ခြင်္သေ့မင်း၏အား နှင့်လည်းတူလိုထသော၊ **နိရောဂါ** - အနာမဲ့သည့် ရှင်ဘာကူနှင့်လည်းတူလိုထသော၊ **နိရက္ကာ** - အဆင်းလှသည့် ရှင်ကစ္စည်းနှင့်လည်းတူလိုထသော၊ **ဇာတိသမ္မယောဂေါ** - ဇာတိဿရဉာဏ်ကိုလည်း ရလိုထသော၊ **ယသကုသလော** - အခြွေအရံတို့ကို ပေးကမ်းဖွဲ့နွှဲကြွေ့မကုန်နိုင်သောစည်းစိမ်ချမ်းသာနှင့်ပြည့်စုံသည်ကိုလည်း ဖြစ်လိုထသော၊ **တောတေယျာဘဝံဘဝေယျ** - သူတစ်ပါး၏ အကြံအစည် အယူဝါဒတို့ကို သိနိုင်မြင်နိုင်သည်ကိုလည်းဖြစ်လိုထသော၊ **အနုဝုရသမ္မဗျတ္တော စတ္တာ** - အဆွေခင်ပွန်းကောင်းနှင့်ပေါင်းဖော်ရ၍ နိဗ္ဗာန်ထုတ်ချောက်ရောက်ရုပါလိုသောဝ်။

ဖော်ပြပါ ကျစွာမင်းကြီးဘုရား ရှိခိုးဂါထာတော်နှင့် ဆုတောင်းကို ရှိခိုးလေ့ရှိသည့်အပြင် အောက်ပါ ဂါထာတော် သုံးပုဒ်ကိုလည်း နေ့စဉ်မပြတ် ရွတ်ဆို သရဇ္ဈယ်တော်မူခဲ့ပါသည်။

ကျစွာမင်းကြီးနေ့စဉ်ရွတ်ဆိုသောဂါထာ

၁။ စုဒ္ဓသ ဗုဒ္ဓ ဉာဏဘူ၊
အဋ္ဌာရသ အာဝေဏိကံ။
ပူဇေ ဒသဗလံ ဉာဏံ၊
စတုဝေသာရဇ္ဇ မုတ္တမံ။
၂။ ဝိသုဒ္ဓ ကရုဏာ ဉာဏံ၊
ဆဠံဿ သဗ္ဗဒါ ပူဇိတံ။
ခမ္မံ သဒ္ဓမ္မ သမ္ဖုတိံ၊
နိတ္တာ သံယံ နိရင်္ဂဏံ။
၃။ ဥပေမိ ဗုဒ္ဓ သရဏံ၊
ဓမ္မဉ္စာပိ အနုတ္တရံ။
သံယဉ္စ နရဒေဝေဟိ၊
ဂဏ်ာမိ သရဏံ အဟံ။

အနက်ပြန်မာပြန်

စုဒ္ဓသ - တစ်ဆယ့်လေးပါးကုန်သော၊ **ဗုဒ္ဓဉာဏဘူ** - မြတ်စွာဘုရားရှင်၏ ရွှေဉာဏ်တော်ကို လည်းကောင်း၊ **အဋ္ဌာရသ** - တစ်ဆယ့်ရှစ်ပါးကုန်သော၊ **အာဝေဏိကံ** - အသီးဖြစ်သော မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကို လည်းကောင်း၊ **ဉာဏံ** - မြတ်စွာသော၊ **စတုဝေသာရဇ္ဇ** - လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်ကိုလည်းကောင်း၊ **ဒသဗလံ** - ဆယ်ပါးသော ကာယဗလ၊ ဉာဏဗလရှိသော၊ **ဉာဏံ** - မြတ်စွာဘုရားသခင်၏ ဉာဏ်တော်ကိုလည်းကောင်း၊ **ပူဇေ** - နေ့စဉ်မပြတ် မပျက် မှတ်၍ပူဇော်ပါ၏။

အဟံ - အကျွန်ုပ်သည်၊ **ဝိသုဒ္ဓ ကရုဏာဉာဏံ** - ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်သော မြတ်စွာဘုရားသန္တန်တော်၌တည်သော မဟာကရုဏာ သဗ္ဗညုတဉာဏ်ရှိတော်မူထသော၊ **ဆဠံ** - မြတ်စွာဘုရားကို၊ **နတ္ထာ-နမာမိ** - ရှိခိုးပါ၏။ **နတ္ထာ** - ရှိခိုးပြီး၍၊ **သမ္မဒ္ဓပူဇိတံ** - သူတော်ကောင်းတို့၏ တရားကြောင့် အရိယာဘာဝကအဖြစ်ဖြင့်ဖြစ်တော်မူထသော၊ **နိရင်္ဂဏံ** - ကိလေသာမရှိထသော၊ **သံယဉ္စ** - ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း၊ **နတ္ထာ-နမာမိ** - ရှိခိုးပါ၏။

ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ခြင်းသို့၊ **ဥပေမိ** - ရောက်ပါ၏။ **အနုတ္တရံ** - မိမိထက်အမွန် လွန်သောတရားမရှိသော၊ **ဓမ္မဉ္စာပိ** - ဆုမြတ်ပါသောတရားမြတ်ကို လည်းကောင်း၊ **နရဒေဝေဟိ** - လူနတ်အပေါင်းတို့သည်၊ **ပူဇိတံ** - ပူဇော်အပ်သော၊ **သံယဉ္စာပိ** - သံဃာတော်မြတ်ကို လည်းကောင်း၊ **သရဏံ** - ကိုးကွယ်ခြင်းသို့၊ **ဥပေမိ** - ရောက်ပါ၏။ **အဟံ** - ငါသည်၊ **တံ** - ထိုသုံးပါးသောရတနာတို့ကို၊ **သရဏံ** - ကိုးကွယ်ခြင်းသို့၊ **ဂဏ်ာမိ** - ရောက်၏။

ကျစွာမင်းကြီးသည် ဤဂါထာတော်တို့ကို အမြဲရွတ်ပွားသရဇ္ဈာယ်ခြင်းကြောင့် ဘေးရန်ကင်းပ၍ ဘုန်းကံကြီးမားကာ ရေမြေရပ်ခြားတိုင်းတစ်ပါးတို့မှ လက်ဆောင်ပဏ္ဏာများသည်း ဆက်သခြင်းခံတော်မူရသည်ဟု အညွှန်းရှိပါသည်။

ဖော်ပြပါ ကျစွာမင်းကြီး ပူဇော်ရွတ်ပွား အားထားရွတ်ဆိုခဲ့သော ဂါထာတော်တို့ကို စာရှုသူများ ရွတ်ပွားပူဇော်ခြင်းဖြင့် ဘုန်းကံကြီးမား ကောင်းကျိုးချမ်းသာများ ပြည့်စုံရရှိနိုင်ကြပါစေ။

သဒ္ဓိသံဝါဂတေနေတိ
သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပဉ္စမတွဲ)
၂။ ဦးကုလား ရေးသားသော မဟာရာဇဝင်ကြီး (ပထမအုပ်)
၃။ မြန်မာ့ဂုဏ်ရည်ရာဇဝင် (ပထမပိုင်း)
၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တို့မြန်မာဝတ်ရွတ်စဉ်
၅။ နန်းစဉ်သုံးဂါထာမန္တန်ကျမ်း၊ ဆရာဦးမင်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com

မုဂံခေတ် မြစ်ဝကျွန်းပေါ် သို့မဟုတ် ကျွန်တော်တို့ရွာ ရိုးရာဇာတိနွယ်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)



မြောင်းမြမြို့နယ်၊ ထပ္ပတ်ကုလားရွာမှ ကျိုက်မောင်းစေတီတော်ကြီး

ကျွန်တော်တို့ ရွာနာမည်က ထူးထူးဆန်းဆန်း 'လပွတ်ကုလားရွာ' ပါတဲ့။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း မြောင်းမြမြို့နဲ့ မနီးမဝေးမှာရှိပါတယ်။

'လပွတ်ကုလား'ဆိုတာ မြန်မာလို အနက်အဓိပ္ပာယ် တစ်စုံတစ်ရာ ဖော်လို့မရနိုင်တဲ့နာမည်မို့ သိပ်မောင်ဝဲနဲ့ 'တပေကုလား'ထက် ပိုသာပါတယ်။ ဒါပေမယ့် ရွာနဲ့ အလှမ်းမဝေးတဲ့နေရာတွေမှာ 'လပွတ်တလုပ်ရွာ၊ လပွတ်ပြေးရွာ ဆိုတဲ့ရွာတွေနဲ့ နာဂစ်နဲ့အတူ နာမည်ကျော်ခဲ့တဲ့ 'လပွတ္တာမြို့' စတဲ့ 'လပွတ်'နဲ့တဲ့ မြို့ရွာတွေလည်းအဖော်ရှိနေသေးတော့ကာ သိပ်ပြဿနာမရှိလှပါဘူး။ ကျွန်တော်တို့အရွယ်လေးအသင့်အတင့် စာလေးပေလေးသင်ဖူးလာတော့ အနက်အဓိပ္ပာယ်ဖွင့်ရခက်တဲ့ ကျွန်တော်တို့ရွာအမည်ဟာ မွန်နာမည်အခေါ်အဝေါ်ဖြစ်တယ်လို့သိလာပါတယ်။ ရွာတောင်ဘက်စွန်းမှာ 'ကျိုက်မောင်းဘုရား' ဆိုတဲ့စေတီတော်အကြီးကြီးတစ်ဆူလည်းရှိပြီး အဲဒီဘုရားကြီးကိုအကြောင်းပြုလို့





www.burmeseclassic.com

www.burmeseclassic.com

စကြေပုဂံထဲ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုးဆူကုန်း

ရွာနီးချုပ်စပ်တိုင်ကျော်ကြားတဲ့ ဆွမ်းတော်ကြီးလောင်းပွဲ၊ တပေါင်းလဘုရားပွဲတော်တွေလည်း နှစ်စဉ်ကျင်းပလေ့ရှိတယ်။ မြန်မာ့ဇာတ်သဘင်လောကမှာ ကျိုက်မောင်းရဲ့ မကဘူးတဲ့ ဇာတ်သမားရယ်လို့လည်း မရှိသလောက်ရှားရဲ့။ ကျိုက်ထီးရိုးစေတီတော်ကြီးရဲ့ ထင်ရှားမှုကြောင့် 'ကျိုက်' ဆိုတာ မွန်ဘာသာနဲ့ 'ဘုရား' လို့ လူအတော်များများသိထားကြသလို ကျိုက်မောင်းဟာလည်း မွန်အဆက်အနွယ်တွေ ကိုးကွယ်တဲ့ ဘုရားလို့ သိလာပါတယ်။ 'မြောင်းမြစားလောက်ဖျား' ဆိုတာကိုလည်း သမိုင်းစာအုပ်တွေမှာ ကြားဖူးလာတော့ ကိုယ့်ရပ်ကိုယ့်ရွာကို မွန်တို့ဌာနေလို့ပဲ စိတ်ထဲစွဲနေတော့တယ်။

❑ ကျွန်တော်တို့ရွာ ရိုးရာဇာတိနွယ်

အဲဒီလိုရှိခဲ့တဲ့ ကျွန်တော့်ရွာကို ၂၀၀၀ ပြည့်နှစ်ကို ဆယ်စုနှစ်ကျော်ကျော်စွန်းတဲ့အခါမှ ကျွန်တော်ပြန်ဖြစ်ခဲ့ပါတယ်။

'မြရင်တို့ရွာ×××ရိုးရာဇာတိနွယ် ×××' ဆိုသလို ကျွန်တော်တို့ရဲ့ မွေးရပ်မြေဇာတိရွာဟာ မြောင်းမြမြို့နဲ့ (၁၁)မိုင် (၇) ဖာလုံသာ ဝေးတာမို့ မြောင်းမြကနေ ကျွန်တော်တို့ရွာ လပွတ်ကုလားကို ဆက်သွယ်ထားတဲ့လမ်း၊ ဟိုးကိုလိုနီခေတ်ထဲက ကုက္ကိုပင်ကြီးတွေ၊ ထန်းပင်တွေ လမ်းဘေးမှာတန်းစီပေါက်နေတဲ့ တာရိုးကုန်းတန်းရှိပါတယ်။ ကုန်းလမ်းအတိုင်း မော်တော်ကား (ဟိုတုန်းကတော့ ဂျစ်ကားတွေ၊ ခုတော့ ဒိုင်နာကားတွေ)၊ စက်ဘီး၊ ဆိုင်ကယ်တွေနဲ့လည်း ကုန်းသာရွာကြီးကိုဖြတ်၊ ကုန်းသာချောင်းကိုတော့ လှေနဲ့ကူးပြီးသွားလို့ရတယ်။ ခုတော့ ကုန်းသာမရောက်ခင်မှာ ကုန်းသာကျေးရွာအုပ်စု၊ တောင်သာကျေးရွာရှေ့က မြေလမ်းကျယ်ကျယ်လမ်းခွဲလေးကိုဖဲ့ဆင်းလိုက်ရင် ပြင်ရွာကျေးလက်လမ်း (၆)မိုင်၊ (၈) ဖာလုံကို တွေ့ရပါပြီ။ အဲဒီလမ်းအတိုင်းလျှောက်သွားရင် ရွာကို ရောက်တာပါပဲ။ လမ်းမှာ ချောင်းမကူးရတော့ဘဲ မြို့ဟောင်းချောင်းလေးကို တိုက်ရိုက်တံတားနဲ့ဖြတ်ပြီးသွားလို့ရနေပါပြီ။ ခုတော့ ဆိုင်ကယ်ကယ်ရီတွေလည်း မကြာခဏတွေ့နိုင်လို့ လမ်းပန်းဆက်သွယ်ရေးကပွင့်နေရဲ့။ ဒါပေမယ့် ရှေးတုန်းက ကားလမ်းဟောင်းကြီးကတော့ ပိုလို့ဆိုးနေပြီး လမ်းပြင်ဖို့ခွထားတဲ့ ကျောက်ခဲပုံကြီးတွေကို မနည်း

www.burmeseclassic.com

ရောင်ကွင်းသွားနေရပါတယ်။ လမ်းမှာ ချိုင့်တွေ၊ ခွက်တွေကလည်းများလှရဲ့။

ကားလမ်းတစ်လျှောက်မှာတော့ မြစ်ဝကျွန်းပေါ်ကျေးလက်တွေပီပီ စိမ်းစိမ်းစိုစိုနဲ့ သာယာလှပပြီး တဲ့တဲ့ကူးရွာ၊ စေကုန်းရွာ၊ ငှက်ပျောတောရွာ၊ လေးအိမ်စုရွာတွေကို ဆက်တိုက်လိုလို ဖြတ်သန်းရလို့ လူတော့မပြတ်လှပါဘူး။ မြေနိမ့်အတိုင်းသွားလို့ ကျိုက်မောင်းဘုရားကြီးလှမ်းမြင်ရရင်ပဲ ရွာထဲကိုကွေ့ဝင်ခိုင်တဲ့ ရွာလမ်းကလေးရှိပါတယ်။ ကျွန်တော်တို့ရွာတောင်ပိုင်း ရွာဦးမှာတော့ 'ဘုရားကိုးဆူ' လို့ ကျွန်တော်တို့ခေါ်တဲ့ ပုဂံက ဂူဘုရားတွေရဲ့ပုံစံနဲ့ စေတီတော်အပျက် (၉) ဆူအစုရှိပါတယ်။ အဲဒါကို ခုတော့ ပြုပြင်မွမ်းမံမှုတွေနဲ့အတူ ခေတ်သစ်စေတီဘုရားအဖြစ် တွေ့ရတော့တယ်။ ဘုရားကိုးဆူရှေ့ ရွာလမ်းလေးရဲ့ တစ်ဖက်မှာလည်း ရွာချောင်းငယ်ဘက်ကို မျက်နှာပြုထားတဲ့ ဘင်္ဂုံခွေဆင်းတုတော်တွေ တစ်တန်းကြီးရှိပါသေးတယ်။ ဒါပေမယ့် ခုတော့ အဲဒီဆင်းတုတော်တွေအားလုံးလည်း အ-ဂါရုဝကနေ ဂါရုဝဖြစ်စေရေး ဘက်စုံပြုပြင်မွမ်းမံမှုတွေကြောင့် အစအနတောင် မကျန်တော့ဘဲ ကိစ္စချောသွားပါပြီ။ တိုးတက်နေသလား၊ ဆုတ်ယုတ်နေသလားတောင်မပြောတတ်တော့ပါဘူး၊ ရှေးဟောင်းသုတေသနသမားတစ်ချို့အနေနဲ့တော့ ရင်နာမိပါရဲ့။ အင်း - ဘာပဲဖြစ်ဖြစ် ဘုရားကိုးဆူဘေးကနေ ရှေးကတည်းကရှိနေတဲ့ ရွာအုတ်လမ်းအတိုင်း ရွာထဲကိုဝင်သွားလို့ရပါပြီ။

ရွာထဲမဝင်ဘဲ ရွာသချိုင်းဘက်ကို ဖြတ်ပြီးသွားရင်တော့ ကျိုက်မောင်းစေတီတော်ကြီးကို ရောက်ပါတယ်။ ဘုရားကြီးက ရွာရဲ့ တောင်ဘက်စူးစူးမှာ ရှိနေတာပါ။

မြောင်းမြကနေ ရွာအရောက် သဘော်၊ စက်တပ်ရေယာဉ်၊ ပဲ့ထောင်နဲ့ လှေတွေနဲ့လည်းသွားနိုင်ပါတယ်။ ရေယာဉ်ငယ်ရင် အတွင်းလမ်းကနေ ကူးမြောင်းတွေ၊ ချောင်းငယ်တွေတစ်လျှောက် ရွာအထိသွားနိုင်ပြီး မြစ်တစ်ကြောသွားတဲ့ ရောဝတီသဘော်ကြီးနဲ့ ဆုံပြင်ရွာမှာဆင်းပြီး အဲဒီကမှ ရွာကို လှေ၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ ခြေကျင်သွားနိုင်ပါတယ်။ ရေကြောင်းအတွင်းလမ်း တူးမြောင်းတွေကကျဉ်းစေ့ ရေတက်၊ ရေကျကြည့်ပြီးသွားရပါတယ်။ ရေကျချိန်ဆိုရင် လှေလေးတွေ

သိမ်တော်မှ ကျောက်ဆင်းတု

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြန်ပြုစုခဲ့၊ မြန်ကမ်းသောကေ စကြာနန္ဒစေတီတော်

ကျွန်တော်တို့ရွာမှာ ပြန်လည် တူးဖော်ရရှိတဲ့ ပုဂံခေတ် ဆင်းတုတော်များ

လောက်ပဲသွားလို့ရတာပါ။ အပြင်လမ်းကတော့ မြစ်ပြင်ကျယ်ကြီးမို့ တစ်နေကုန်သွားနိုင်ပေမယ့် မြစ်ကြောင်းတစ်လျှောက်ကွေ့ပတ်သွားရလို့ အချိန်ပိုကြာတယ်။

ကျွန်တော်တို့ရွာဟာ ရှေးရှေးကတည်းကတည်ရှိခဲ့တဲ့ ရွာဟောင်းကြီးဖြစ်ပြီး ခုတော့ အိမ်ခြေ(၁၈၆)အိမ်၊ အိမ်ထောင်စု(၃၀၄)စုနဲ့ လူဦးရေ(၁၀၃၁)ဦး သာနေထိုင်တော့တဲ့ မဟျက်တဟျက်ရွာပါ။ သခ္ခိုင်းကုန်းလေးနဲ့လယ်ကွက်အချို့သာခြားပြီး ညောင်ဝိုင်းဆိုတဲ့ရွာနဲ့ ကျွန်တော်တို့ လပွတ်ကုလားရွာဟာ ဆက်လျက်တည်ရှိနေလို့ 'လပွတ်-ကုလား-ညောင်ဝိုင်း' ဆိုပြီး တွဲလျက်ခေါ်ဝေါ်ကြပါတယ်။ ကျွန်တော်တို့ရွာက မြန်မာရွာဖြစ်ပေမယ့် ရွာမှာ ကျေးရွာခွဲ (၅)ရွာရှိပြီး မြန်မာအပြင် ကရင်တိုင်းရင်းသားတွေနေထိုင်တဲ့ ရွာတွေလည်းရှိရဲ့။ ရွာနီးချုပ်စပ်မှာ လယ်ဧက (၈၀၁) ဧကလောက်ကို စီးပွားဖြစ်လုပ်ကိုင်စိုက်ပျိုးပြီး ကရင်-ဗမာတိုင်းရင်းသားတွေ စား





www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်ပုဂံလို့ ယခေန ထင်မှတ်ထိန်းသိမ်းနေတဲ့ တုရောကိုဆူကုန်း

သောက်နေထိုင်ကြပါတယ်။ ကရင်တိုင်းရင်းသားတွေကလည်း အမျိုးစုက ပုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြတဲ့ ပုဒ္ဓဘာသာကရင်တွေများပါတယ်။

အရှေ့ဘက်မှာတော့ ကျွန်တော်တို့ရွာတောင်ပိုင်းနဲ့တည့်တည့်မှာ သရက်ကုန်းရွာနဲ့ မြောက်ပိုင်းတည့်တည့်မှာ ကျုံကရင်နဲ့ ဒေါင့်ကြီးရွာတွေရှိကြပါတယ်။ ရွာအနောက်ဘက် ခပ်လှမ်းလှမ်းမှာတော့ ငှက်ပျောတောဆိုတဲ့ ကရင်ရွာကြီးရှိရဲ့။ မြေနီလမ်းတာရိုးအတိုင်း ငှက်ပျောတောရွာကနေ ဆက်သွားရင် ညောင်တောစုရွာရှိပါတယ်။ ကားမောင်းလို့ရတဲ့ အဲဒီမြေနီလမ်းအတိုင်း ရွာတောင်ဘက်ကို ဆက်သွားရင်တော့ တူးကျောင်းရွာနဲ့ ပြင်ရွာတို့ကို ရောက်ပါတယ်။ ပြင်ရွာဟာ အရင်ကတည်းက အလယ်တန်းကျောင်းရှိခဲ့တဲ့ရွာကြီးပါ။ လပွတ္တာ၊ မြောင်းမြ စတဲ့ မြို့ကြီးတွေကိုသွားတဲ့ အစိုးရပိုင် ဓနရာဝတီသဘော်ကြီးတွေ၊ ကြားသဘော်လို့ခေါ်တဲ့ သူဌေးပိုင်သဘော်တွေ ဆိုက်ကပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆိပ်ခံဘော့တံတားရှိတဲ့ ရွာကြီးပေါ့။ ပြင်ရွာရွာဟာ ကျယ်ပြောတဲ့မြစ်ဘေးမှာရှိပြီး မကြာခဏလည်း ကမ်းပြိုတတ်လို့ ရွာရဲ့အသွင်အပြင်ဟာ နှစ်တွေနဲ့အတူ ပြောင်းပြောင်းနေတတ်ရဲ့။

ရွာအကြောင်း၊ ရွာနီးချုပ်စပ်အကြောင်း ပြန်စဉ်းစားရင် ရွာလမ်းတစ်လျှောက် စိတ်မှတ်မဲ့စွာ ဝင်ရောက်ခဲ့ပါတယ်။

ရွာလမ်းကလေးဟာ ယခင်ကထက်တောင် ပိုလို့ပေါ်လွင်နေပါတယ်။ ရှေးတုန်းက အုတ်ချပ်ပြားပြားကြီးတွေကို ထောင်ပြီးစီထားတဲ့ ရွာလမ်းလေးဟာ သက်တမ်းဘယ်လောက်တောင်ရှိနေလဲ မသိတော့ပါဘူး။ အုတ်ပြားတွေကို တချို့နေရာတွေမှာ အုန်းလက်ပုံ၊ တချို့နေရာတွေမှာ ကျူထရံကွက်ပုံထောင်စီထားလို့ နှစ်ပေါင်းရာချီပြီး ခိုင်ခံ့နေတာထင်ပါရဲ့။ လမ်းဘေးတွေမှာလည်း အုတ်နဲ့ပဲအနားသတ်ထားလို့ လင်းဟာ ကျစ်လျစ်သိပ်သည်းပြီး ကြံ့ခိုင်နေတာထင်ရဲ့။ ရွာအုတ်ရိုးလမ်းကြီး ခုလိုပိုမိုပေါ်လွင်နေတာကတော့ ရှေးဟောင်းသုတေသနဌာနက နေ အုတ်ကြားမှာပေါက်တဲ့မြက်တွေကို ဆေးကျွေးပြီးသတ်ကာ ပြန်လည်ဖော်ထုတ်ထားလို့ပါတဲ့။ ကိုယ့်ဘာသာရပ်နဲ့ကိုယ့်ဌာနအတွက် ကျေနပ်မိပြန်ပါရဲ့။ အုတ်လမ်းတစ်လျှောက် ဝဲ၊ယာမှာလည်း ရှေးဟောင်းသုတေသနနယ်မြေဆိုတဲ့ ထိပ်ပိုင်းမှာ ခေါင်းလုံးလုံးနဲ့ တိုင်ငုတ်တွေကို စိုက်ထူသတ်မှတ်ပေးထားလို့ပါကလား။

ကျွန်တော်ငယ်ငယ်ကတက်ခဲ့တဲ့ သစ်သားထည်မူလတန်းကျောင်းလေးကတော့ အုတ်နံရံနဲ့ သွပ်မိုးကျောင်းဖြစ်နေပါပြီ။ နေဝင်လုပြီမို့ စာအံသံသဲ့သဲ့ကိုတော့ မကြားနိုင်တော့ပါဘူး။ ကန်ဦးစေတီနားကလမ်းချိုးလေးကို ကွေ့ဝင်လိုက်တဲ့အခါမှာတော့ ကျွန်တော်တို့အိမ်ကို ရောက်ပါတော့တယ်။ ကွမ်းသီးပင်တွေကြားထိုးထွက်နေတဲ့ အိမ်ခေါင်မိုးကိုမြင်တော့ အဖေကိုယ်တိုင်ဆောက်ခဲ့တဲ့အိမ်ဟာ ခုတော့ နှစ်(၅၀)တိုင်ပြေပျော်လို့ သတိထားမိလိုက်ရဲ့။ အစ်မကိုသတိရပြီး ရင်ထဲဆို့သွားချိန်မှာတော့ အိမ်ဝင်းဝကိုရောက်နေပါပြီ။ စိုက်တာပျိုးတာ ဝါသနာကြီးလှတဲ့ အစ်မရဲ့လက်ရာ ရွက်လှပင်မျိုးစုံကတော့ ပန်းပျိုးလက်မရှိတော့ပေမယ့် အုံနဲ့ကျင်းနဲ့ အရောင်စုံစွာ ရှင်သန်လှုပနေဆဲပါ။

အိမ်ခြေရင်းချောင်းငယ်လေးကို

အကြေပုဂံထို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုဆူကုန်း

အကြေပုဂံထို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုဆူကုန်း

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဝိတ်ကုထားရွာ

ဖြတ်ပြီးတည်ဆောက်ထားတဲ့ ကျွန်တော်တို့က 'ဆောင်ပုံ'လို့ခေါ်တဲ့ တံတားလေးတောင် အတော်အိုလှပေါ့။ ဒီတံတားရဲ့ လက်ရန်းမှာ သစ်သားပြားကြီးနဲ့ ထိုင်ခုံလိုလုပ်ထားတော့ ကျွန်တော်ငယ်ငယ်က စာဖတ်ခဲ့တဲ့ နေရာလေးဖြစ်ခဲ့ပါတယ်။ ကျွန်းသားထူထူနဲ့ ဆောင်ပုံကြမ်းပြင်ပေါ်မှာ ကျွန်တော်တို့ ဆူညံစွာ ငြင်းခုံဆော့ကစားခဲ့ကြတာပါ။ တံတားအတက်၊ အဆင်းအုတ်လှေကားတွေကို ပြေးတက်ပြေးဆင်းပြီး ရေကျချိန်ဆို ဆောင်ပုံအောက်ဆင်းပြီးလည်း တူတူပုန်းခဲ့ကြရဲ့။ ခု - အုတ်လှေကားတွေလည်းမရှိကြတော့ပါဘူး။ ခေတ်အလိုက် မော်တော်ဆိုင်ကယ်တွေ မောင်းတက်လို့ရအောင် မြေဖို့ပစ်လိုက်ကြပါပြီ။

ကန်ဦးကျောင်း

ရွာမှာ တစ်ညအိပ်ပြီးတဲ့ နောက်တစ်နေ့မနက်မှာတော့ ရွာခလေ့အတိုင်း မုန့်ဟင်းခါးအခေါင်း-အခွေကြီးတစ်ခုကို မြောင်းမြမုန့်ဟင်းခါးလို့ နာမည်ကြီးတဲ့ ငရုတ်ကောင်းရန့်တသင်းသင်း၊ ငါးဖတ်များများ၊ ဟင်းရည်စိမ်းဖန့်ဖန့်လေးနဲ့ စားပြီး အိမ်ကထွက်လာခဲ့ကာ ငယ်ငယ်က ကျွန်တော်တက်ခဲ့တဲ့ရွာရဲ့မူလတန်းကျောင်းလေးကိုသွားပါတယ်။ ကျွန်တော်တို့တုန်းကတော့ ရွာကျောင်းလေးဟာ အတန်းအားလုံးစုပေါင်းပြီး စာသင်ရတဲ့ သစ်သားကျောင်းလေးပါ။ အဲဒီရွာကျောင်းလေးမှာပဲ ကျွန်တော် စတုတ္ထတန်းပညာသင်ဆုစကောလာရှစ်ရခဲ့ပါတယ်။အဲဒီပညာသင်ဆုတစ်လ(၂၀)ကျပ်နဲ့ ငါတို့မတန်းအထိကို မြို့ကျောင်းမှာသွားတက်နိုင်ခဲ့တာပါ။ အခုတော့ ကျွန်တော်တို့ကျောင်းကလေးဟာ အုတ်တိုက်ကျောင်းလေးဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော့်နောက်ပိုင်းမှာ ဘယ်သူမှ စကောလာရှစ်မရခဲ့ပါဘူး။ ခုခေတ်မှာ စကောလာရှစ်စာမေးပွဲတွေပြန်လုပ်ပေးနေပေမယ့်လည်း မရသေးပါဘူးတဲ့။

ရွာကျောင်းလေးနဲ့ ကပ်လျက်က ကန်ဦးဘုန်းတော်ကြီးကျောင်းကို ကျွန်တော် ဆက်လက် ခြီတက်သွားပါတယ်။ အုတ်ရေကန်ကြီးရှိလို့ အဲဒါကို အစွဲပြုပြီး ကန်ဦးကျောင်းလို့ ခေါ်ခဲ့တာပါ။ အုတ်ကန်ကြီးဟာ ထူထူထဲထဲ၊ အုတ်ပေါင်အဆင့်ဆင့်တွေနဲ့ အတော်ကောင်းတဲ့ကန်ကြီးပါ။ ကျွန်တော်တို့ သောက်ရေ သုံးရေ ခပ်ခဲ့ရတဲ့ ကန်ကြီးပေါ့။ ကျွန်တော်တို့ငယ်ငယ်ကတော့

www.burmeseclassic.com

www.burmeseclassic.com

သိမ်တော်မှ ကျောက်ဆင်းတု

အကြေးခွံဝိုင်းထဲ ဘဂန္ဒ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုးဆူကုန်း

ကန်ထဲမှာ နွေရာသီ ရေခန်းပြီဆိုရင် ရောမငါးအကြီးကြီးတွေကို ယခုထိတဲ့ အိမ်လေးတွေဆောက်ပြီး အမိုးအကာ လုပ်ပေးကြရပါတယ်။ ခုတော့ ငါးကြီး တွေလည်း မရှိတာကြာပြီတဲ့။

လက်ရန်းငယ် မပြိုသေးပေမယ့် တိတ်ဆိတ်နေတဲ့ ကျောင်းအိုကြီးကို ကျွန်တော်တက်သွားတော့ ဘုန်းကြီး အိုအိုကြီးတစ်ပါး ကြမ်းပြင်ပေါ်မှာ ခပ်ကုန်းကုန်းထိုင်ကာ ကမ္မဋ္ဌာန်းစာတွေ အော်အော်ရွတ်ရင်း ရေးချွတ်နေရဲ့။ ဟိုတုန်းကတည်းကရှိခဲ့တဲ့ ကနုတ်ပန်းနဲ့ ရွှေပိန်းချမှန်ဝိုရိုကြီးတွေကလည်း ဘုရားခန်းမာရှိနေရဲ့။ ဂျပန်ကလာတဲ့ သစ်သားအိမ်နဲ့ ကြေးချိန်သီးတပ်နံရံကပ်နာရီ အကြီးကြီးကလည်း ကြေးချိန်သီးတွေ မရှိတော့တာကလွဲလို့ ဒီအတိုင်းပါပဲ။ SEI-KOSHA 14 DAY TYOKYO JAPAN ဆိုတဲ့ စာတန်းကြီးလည်း မပျက်သေးဘူး။

ဘုန်းတော်ကြီးကို နောက်ကနေ အသာဦးချပြီး ကျောင်းအိုကြီးပေါ်က ပြန်ဆင်းခဲ့ပါတယ်။ သော့ခတ်ထားတဲ့ သိမ်ထဲကို သံတိုင်လုံးတွေကြားက လှမ်းကြည့်တော့ အလွန်လက်ရာကောင်းတဲ့ ကျောက်ဆင်းတုကြီးနဲ့ ပလ္လင်တံကဲတွေကို လှမ်းတွေ့လိုက်ရတယ်။ သိမ်တိုင်လုံးတွေကို ရွှေဝါယွန်းနဲ့ ဖောင်းကြွပန်းတွေဖော်ပြီး ကျောက်တွေစီထားတာမို့ ခုတိုင် လှပထည်ဝါနေဆဲပါ။ ဒီသိမ်ကြီးထဲမှာ ဆွမ်းကြီးလောင်းပွဲတွေ၊ ပဌာန်းရွတ်ပွဲတွေနဲ့ စည်ကားခဲ့တာ သတိရမိရဲ့။ ကျောင်းသားနဲ့ ကိုရင်လေးတွေ တစ်ယောက်မှမရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လှတဲ့ ကျောင်းအိုကြီးကိုကြည့်ရင်း ကျွန်တော်ငယ်ငယ် ကိုရင်နှစ်ကြိမ်ဝတ်ခဲ့ရစဉ်က ဘုရားစာရွတ်သံတည်ည့်နဲ့ အလွန်စည်ပင်ခဲ့တဲ့ ကျောင်းပရိဝုဏ်ကို ပြန်လွမ်းနေမိပေါ့။

ငယ်သူငယ်ချင်းတွေလည်း မရှိတော့သလောက်မို့ ရွာလမ်းကို တိတ်ဆိတ်စွာပဲ ကျွန်တော်ဖြတ်ခဲ့ပါတော့တယ်။

ရွာထဲမှာ အိမ်ကြီးအိမ်ကောင်းတွေလည်းမရှိကြတော့ဘဲ အိမ်ငယ်လေးတွေကနေ လူစိမ်းတစ်ယောက်ဝင်လာသလို ကျွန်တော့်ကို စေးကြည့်နေကြတဲ့

www.burmeseclassic.com

အကြေပုဂံလို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုးဆူကုန်း

အကြေပုဂံလို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုးဆူကုန်း



အကြေပုဂံလို့ ယနေ့ သတ်မှတ်ထိန်းသိမ်းနေတဲ့ ဘုရားကိုးဆူကုန်း

မျိုးဆက်သစ်ရွာသားတွေသာရှိနေရဲ့။ ရွာလမ်းလေးကတော့ ရှေးအုတ်လမ်းကို ရှေးဟောင်းသုတေသနဌာနက ပြန်ဖော်ထုတ် ပြုပြင်ထိန်းသိမ်းထားတဲ့ မြို့တော်သိန်းအောင်ပြဇာတ်ခေတ်က ပြဇာတ်အမည်လို 'မဲပြာပုဆိုးပေါ် ကချပ်မိုးသစ်' ပါ။ ရှေးအုတ်လေးတွေက ရဲနေအောင် ကို ခိုင်ခဲ့နေတာတော့ ဘဲ့ဩစရာပါပဲ။

၁ 'ဘုရားကိုးဆူ' စေတီစု သို့မဟုတ် အကြေပုဂံရဲ့ ပြဿုဂ်

တေးသံရှင် 'မဒီ' ရဲ့ 'အိပ်မက်ခွစ်သူ' သီချင်းထဲကလို 'အသည်းနှလုံးမြို့ပျက်ကြီးမှာနေသူပေါ့' ဆိုတဲ့ စာသားကိုသတိရပြီး အိပ်မက်ထဲမှာလမ်းလျှောက်သလိုလျှောက်ရင်း ရှေးရွာကြီးရဲ့ရွာလမ်းကို ကျွန်တော်ဖြတ်သန်းခဲ့ပါတယ်။ ဒီလိုနဲ့ ရွာထိပ်ကိုရောက်လာပါရော။ မနေ့ကဖြတ်ကျော်ဝင်ခဲ့ရတဲ့ ဘုရားကိုးဆူဝင်းကြီးကို ဒီနေ့မှပဲ လွမ်းဆွတ်စွာ နှမြောတသစွာငေးကြည့်နေမိပေါ့။ ရှေးဟောင်းသုတေသနပညာတွေသင်ခဲ့၊ ဆောင်းပါးတွေ ပုဒ်ရေများစွာရာနဲ့ချီရေးခဲ့ပေမယ့် ကိုယ့်ရပ်ကိုယ့်ရွာက ပုဂံနဲ့ခေတ်ပြိုင် ဘုရားတွေ ထိန်းသိမ်းမှုမှာတော့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှပါဝင်ခွင့်မရခဲ့။ မပါဝင်ခဲ့တာကိုလည်း ဝမ်းနည်းနောင်တရမိရဲ့။ တာဝန်မကျေသလိုလည်း ခံစားရပါတယ်။

ကျွန်တော်ကတော့ ကျောင်းသားဘဝတစ်လျှောက်မှာ သိပ္ပံဘာသာတွဲတွေသာ သင်ဖူးခဲ့လေတော့ (ဝါသနာအလျောက် စာတွေပေတွေဖတ်ရင်း ရာဇဝင်သမိုင်းတွေထဲရောက်ရောက်သွားတာကလွဲလို့) ဝိဇ္ဇာဘာသာရပ်တွေနဲ့စိမ်းလှပါတယ်။ ဝင်းယခေတ်နဲ့ အင်းဝခေတ် ဘယ်ခေတ်ကပိုစောသလဲတို့၊ မင်းတုန်းမင်းနဲ့ သီပေါဘုရင် ဘယ်သူကအရင်နန်းတက်သလဲတို့ များး မေးလာရင် အတော်စဉ်းစားယူရမှာပါ။

ဒါပေမယ့် စိတ်ထဲမှာ အမြဲစွဲထင်နေတဲ့ အရိပ်တစ်ခုရှိခဲ့တယ်။ အဲဒါကတော့ ကျွန်တော်တို့ရွာထိပ်က 'ဘုရားကိုးဆူ' ဆိုတဲ့ စေတီစုတွေပါပဲ။ ဘုရားကိုးဆူကုန်းဟာ ကျိုက်မောင်းစေတီနဲ့ သုသာန်နဲ့ လယ်ကွက်တွေသာခြားထားတဲ့နေရာမှာရှိပါတယ်။ ကျွန်တော်တို့အရပ်မှာ မြင်နေကျ ဘုရားစေတီတွေနဲ့ မတူဘူး။ မတူထာသီပေမယ့် ဘာမတူတာလဲမေးလာရင်တော့ ဖြေဖို့ရာမလွယ်ပြန်ပါဘူး။ အာရုံမှာတော့ စာအုပ်ကြွ

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာမြင်ဖူးတဲ့ အညာက ဘုရားတွေနဲ့ တူနေသလိုရှိတယ်။ ဘုရားပျက်တွေပြုပြင်မယ်ရယ်လို့ ပျောက်စေဆရာတစ်ဦး ရောက်လာပြီး ကိုးဆူဆုရားဝင်းကိုရှင်းဖူးတယ်။ အဲဒီတုန်းက ချုံတွေထဲကနေ ဘွားခနဲပေါ်လာတဲ့ ဘုရားတွေဟာ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ် တစိုဂိုက် က မြေစိုက်ဘုရားတွေနဲ့မတူဘဲ စေတီအောက်ခြေဟာ အထဲကို လူဝင်လို့ရတဲ့ လေးထောင့်စပ်စပ်ဂူတွေဖြစ်တယ်ဆိုတာ သိလိုက်တယ်။ ဘုရားစေတီတွေထဲ ကထွက်လာတဲ့ ပေါ် တော်မူဘုရားတွေ၊ ဆင်းတုရုပ်တုနဲ့ အရုပ်တွေဟာလည်း ကျွန်တော်တို့မြင်နေကျနဲ့ ကွာခြားနေပါတယ်။ ပျောက်စေဆရာလည်း ဌာပနာတွေပိုက်ပြီး (ဌာပနာနဲ့ အလှူငွေတွေ အပြင် ရွာသူအပျိုချောကိုပါပင့်ပြီး) ပျောက်သွားရော ဘုရားစုဟာ ချုံတွေထဲကိုပဲ ပြန်ရောက်သွားပြန်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝ ဒါရိုက်တာ ရှုမဝဦးကျော်ရဲ့ အပယ်ရတနာ ရုပ်ရှင်ကြည့်မိတော့ ကိုယ့်ရွာကိုယ်ပြန်ရောက်သွားသလို ခံစားမိတယ်။ လူဝင်လို့ရတဲ့ လေးထောင့်စပ်စပ် ဂူဘုရားတွေကို ပို သတိထားမိသွားတယ်။ ကျွန်တော်တို့ ရွာမှာရှိတဲ့ဘုရားတွေလိုပါပဲကလား။ ရွာဘုရားတွေနောက်ခံနဲ့ ဓာတ်ပုံရိုက်ထားတာများ တစ်ယောက်ယောက်ကိုပြမိရင် ပုဂံကပြန်လာသလားလို့ ပြန်မေးကြလေ့ရှိပါတယ်။

ကျောင်းပိတ်ရက်ရောက်လို့ ချုံနွယ်ပိတ်ပေါင်းတွေကြားက ကိုယ့်ရွာဘုရားစုတွေဝင်ကြည့်တော့ မြွေပါးကင်းပါးဆိုပြီး လူကြီးတွေကတားကြလို့ ထဲထဲဝင်ဝင်လည်းမရှိခဲ့ပါဘူး။ ဒီကြားထဲကပဲ ဘုရားပရိဝုဏ်ကို ကာရံထားတဲ့ အုတ်တံတိုင်းရဲ့ ကြီးမားလှတဲ့ အုတ်ပြားကြီးတွေကို မှတ်မှတ်ရရရှိသွားတယ်။ ကျွန်တော်တို့ငယ်ငယ်ကတည်းက ပြိုကျလုလု အုတ်မြို့ရိုးနဲ့မုခ်ပေါက်ဝကြီးဟာ ယနေ့အထိ ခပ်ယိုင်ယိုင်မှာပဲမြဲလို့နေပါတယ်။ ဘာအင်္ဂတေနဲ့မှဆက်ထားတာလဲမတွေ့ရဘဲ အုတ်ခဲတွေချည်းသာ တွဲဆက်နေတာကတော့ အံ့သြစရာပါ။

ပ မြစ်ဝကျွန်းပေါ်ဆိုတဲ့အဓိပ္ပာယ်

အဲဒီတုန်းက ရွာကပြန်လာပြီးတဲ့နောက် တို့ရွာမှာ ပုဂံခေတ်ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းခဲ့သလားလို့ တွေးတွေးနေမိတယ်။ ပုဂံခေတ် ဘာသာရေးအဆောက်အအုံတွေ၊ ဆင်းတုရုပ်တုတွေ

မြောင်းမြစ်ပြိုနေ့ယ်၊ ဃပုတ်ကုထားရွာမှာ ကျိုက်ဆောင်းတောင်ကြီးနဲ့ ကန်၊ သီမိ၊ ဓမ္မာင်း။ အဝင်ဝမ်း

www.burmeseclassic.com

www.burmeseclassic.com

ကန်ဦးဘုန်းတော်ကြီးကျောင်း

ကန်းသိမ်၊ ကျောင်း။ အဝင်ထင်း

ရဲ့ လက္ခဏာတွေက ဘာတွေလဲ။ မွန်ယဉ်ကျေးမှုနဲ့ ပုဂံခေတ်အတူ ဖြစ်ပေါ်ခဲ့သလား၊ တစ်ခုခုက စောသလား၊ ပုဂံခေတ်ဆိုတာ ဘယ်ကလောက်နှစ်တွေက ပေါ် ပေါက်ခဲ့တာလဲ။ ပုဂံမင်းတွေရဲ့ တန်ခိုးအာဏာက မြစ်ဝကျွန်းပေါ် အထိ ရောက်သလား။ မြစ်ဝကျွန်းပေါ် ဆိုတာကကော အဲဒီခေတ်မှာရှိနေပြီလား။ ပင်လယ်ရေအောက်မှာလား၊ ပင်လယ်ကမ်းစပ်မှာလား။

မြစ်ဝကျွန်းပေါ်လို့ ခုပြောနေမိတာက ကိုယ့်ဒေသအကြောင်းကိုပြောချင်တော့ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဆိုလိုတာပါ။ မြစ်ဝကျွန်းပေါ်ရဲ့ မူလအဓိပ္ပာယ်က 'ဘယ်မြစ်မှဆို သွဆက်ကြီးတဲ့၊ ကျယ်တဲ့ပင်လယ်၊ သမုဒ္ဒရာတွေထဲကိုစီးဝင်တဲ့အခါ စီးဆင်းတာ နှေးသွားပြီး သယ်ဆောင်လာတဲ့ အနယ်အမှုန်တွေကို အဲဒီနေရာမှာ ပို့ချပါတော့တယ်။ အနည်ကျမှုတွေကြောင့် မြေတွေ စုပုံလာပြီး သောင်တွေ၊ ကျွန်းတွေဖြစ်လာတယ်။ မြေသြဇာအဆီအနှစ်တွေစုနေလို့ စိုက်လို့မျိုးလို့ပိုကောင်းတယ်။ အဲဒီလိုပေါ်လာတဲ့ မြေပိုတွေ၊ ကျွန်းတွေကြောင့် မြစ်ဝကျွန်းပေါ် ရယ်လို့ ခေါ်တွင်လာတာပါ။

မိုးရေချိန်များတဲ့ အရပ်ဒေသမို့ မြစ်ဝကျွန်းပေါ်မှာ မိုးခေါင်ရေရှားရပ်ဝန်းဒေသ ပုဂံလိုတော့ ရှေးဟောင်းအဆောက်အအုံတွေ အများအစားတင် မကျန်နိုင်ပါဘူးလေ။ ကိုယ်ရွာမှာတွေ့ရှိထားတာတွေကကော ပုဂံခေတ်လက်ရာတွေဟုတ်ရဲ့လား၊ ပုဂံခေတ်လက်ရာတွေကို တုပပြုလုပ်ထားတာတွေလား၊ မွန်အမည်နဲ့ ရွာတစ်ရွာမှာ ပုဂံခေတ်လက်ရာမျိုးတွေဘာလို့ရှိနေရတာလဲဆိုတဲ့ အတွေးတွေ မကြာခဏဝင်ရောက်လာပါတယ်။

ကြယ်ကြွေရာခြေရာကောက်သလို အတွေးများရဲ့နောက်ကို တကောက်ကောက်လိုက်ရင်း စာအုပ်တွေရှာဖတ်မိတယ်။ အရင်ဦးဆုံးအနေနဲ့ သမိုင်းကို သိချင်လို့ဆိုတဲ့ အာသီသမရှိခင်ကတည်းက ရသစာပေလိုလည်း ဖတ်ကောင်းလို့ ဝယ်ထားမိတဲ့ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ စာအုပ်တွေကို ပြန်ဖတ်မိပါတယ်။ မွန်နာမည်နဲ့ မြို့ရွာတွေအများကြီးတွေ့လာတယ်။

(ဒေါက်တာသန်းထွန်းရဲ့ 'မြန်မာသမိုင်းနိဒါန်း'၊ Myanmar Heritage ၂၀၀၁ နဲ့ မြန်မာသမိုင်းရှာတော်ပုံ၊ ဒေါင်းစာပေ၊ ရန်ကုန်၊ ၂၀၁၃) တွေမှာ ('ကျော်-ကျိုက်-ဘုရား၊ မြတ်သောနေရာ'၊ 'လပွတ္တာ- လပေါက်-ချောင်းနှစ်ချောင်းကြားကတူးမြောင်း၊ တာ - ထန်းပင် - ချောင်းနှစ်ချောင်းဆက်ပေးတဲ့တူးမြောင်း ဝဲယာ ထန်းပင်တန်း'၊ 'ဝါးခယ်မ - ပျိုးခင်း'၊ 'ဝါးဘလောက်သောက် - ကောက်နယ်'၊ 'ပုသိန် - ပသိန်၊ ပရိသေ - မုဆလင်မြို့'၊ 'မဒမ - မုတ် - ကျောက်'၊ 'တွံ - စွန်း၊ ကျောက်စွန်း'၊ 'ပဂိုး(ပဲခူး) - ဗ - လှည့်ဖြား၊ ဂေါ် - ရယူသည်၊ လှည့်ဖြားရယူခဲ့တယ်'၊ 'ဖျာပုံ - ဖျာ - ဆိုင်၊ ပုင် - ထမင်း၊ ထမင်းဆိုင်'၊ 'ကျိုက်လတ်-ကျက်-ဘုရား၊ လက်-အပြုအပျက်၊ ဘုရားပျက်'၊ 'ကျုံပျော် - ကြုင် - ချောင်းငယ်၊ ပြော်-မိန်း၊ မိန်းမချောင်း'၊ 'ခနောင်တို- မင်းဂွတ်ဝင်' ဆိုတဲ့ အသံဇလှယ်ယူထားတဲ့ မွန်စကားလုံးတွေကို တွေ့ရတော့ ကိုယ့်ရုပ်ကိုယ့်ဒေသဟာ မွန်တွေရဲ့မြေမှန်းတော့သိလာပါပြီ။ မွန်တွေ ဘယ်ကာလလောက်က စတင်နေထိုင်ခဲ့တာလဲ။ မွန်မင်းတွေဟာ ဘယ်သူတွေလဲ။ မွန်နယ်မြေမှာ ပုဂံသားတွေရဲ့ ခြေရာတွေ ဘာလို့တွေ့လာရတာလဲ။ မွန်နဲ့ ပုဂံ ဘယ်ခေတ်ကပိုစောလဲ၊ ခေတ်ပြိုင်လား။

(ဆက်ရန်)

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းခင်(ရွှေနဝင်း)

ပျိုမေတိုင်း တစ်ချိန်ချိန်မှာ ကြုံတွေ့ရနိုင်သည့် မီးယပ်ချမ်းရောဂါသိမှတ်စရာများ

• မိန်းကလေးတိုင်း မိမိတို့၏ ဘဝတစ်သက်တာတွင် တစ်ခါနှိမ်မဟုတ် တစ်ခါနှိမ် ကြုံတွေ့ရနိုင်သည့် မီးယပ်သွေးသားကို အခြေခံပြီး ဖြစ်ပေါ်လာတတ်သော ရောဂါတစ်မျိုးမှာ 'မီးယပ်ချမ်းထ' ခြင်းဟု ခေါ်ဆိုသမုတ်ကြသော ရောဂါတစ်မျိုး ဖြစ်ပါသည်။

အကြောင်းမသိကြလျှင် ငှက်ဖျားရောဂါထခြင်းနှင့် လွဲမှားနိုင်ကြပြီး အခုပဲ အကောင်းကနေ ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ချမ်းတုန်တက်လာပြီး နေရထိုင်ရအလွန်ခက်သည့်ရောဂါမျိုး ဖြစ်ပါသည်။

ဤရောဂါကို အနောက်တိုင်းဆေးဝါးများဖြင့် ပျောက်ကင်းအောင် ကုသရန်မလွယ်ကူလှပါ။ သဘာဝကုထုံးနိုးရာတိုင်းရင်းဆေးပညာနှင့် စနစ်တကျ ကုသမည်ဆိုလျှင် အမြန်ဆုံး ပျောက်ကင်းသက်သာစေနိုင်သည့် နည်းစနစ်ကောင်းများကို စေတနာဖြင့် ပြည့်စုံစွာ ရေးသား တင်ပြပေးလိုက်ပါသည်။

ထိုရောဂါသည် အမျိုးသမီးတိုင်း တစ်ခါနှိမ်မဟုတ်တစ်ခါနှိမ်တွင် တွေ့ကြုံခံစားရသည့် ရှောင်လွှဲ၍မရနိုင်သော ရောဂါဝေဒနာတစ်မျိုး ဖြစ်ပါသည်။

မီးယပ်ချမ်းထလာပြီဆို စောင် (၁၀) ထပ် ခြုံပါသော်လည်း ဝမ်းတွင်းမှ လှိုက်လှိုက်ပြီး တုန်၍ချမ်းနေသည်ကို နွေးထွေးသက်သာမှု မရနိုင်ပါ။

ထိုရောဂါသည် လက်တွေ့ ခံစားနေရသောသူမှလွဲပြီး တခြားတစ်ပါးသူက ဤမျှလောက် အခံရခက်ပြီး ဆိုးဝါးသည်ဝေဒနာဟု သိကြမည် မဟုတ်ပေ။

၎င်းရောဂါသည် ခန္ဓာကိုယ်မှ သွေးသားပြောင်းလဲမှုကြောင့် အပူ၊ အအေး ဝိရောဓိဓာတ်ဖြစ်ပေါ်လာပြီး အမျိုးသမီးများသာ ဖြစ်တတ်သည်ကို တွေ့ရပါသည်။

သို့သော် အပျိုဖော်ဝင်စ မီးယပ်သွေးအစအရွယ်နှင့် အပျိုဖော်ဝင်ပြီး မီးယပ်သွေး ပုံမှန် လစဉ်ပေါ်မှ မီးယပ်သွေးဆုံးပိုင်းမတိုင်ခင် မိန်းကလေးများတွင် အဖြစ်နည်းပြီး -

များသောအားဖြင့် မီးယပ်သွေးဆုံးပိုင်းအရွယ်အမျိုးသမီးများတွင် တွေ့ရများပါသည်။ မီးယပ်ချမ်းထချင်လာလျှင် အချိန်အခါမရွေး ဖြစ်ပေါ်လာတတ်ပါသည်။

အများတကာ 'ပူအိုက်၍ ချွေးပြိုက်ပြိုက်ထွက်နေချိန်' တွင် ကိုယ်က မီးယပ်ချမ်းထချင်ထနေတတ်ပါသည်။ သို့ပါ၍ 'အေးလှုပ်ကိုယ်ချင်းစာမသိနိုင်သည့်ရောဂါမျိုး' ဖြစ်ပါသည်။

မီးယပ်ချမ်းရောဂါသည် ဆေးပညာသဘောတရားအရ တေဇော၊ အာကာသဓာတ်ငုပ်ပြီး ဝါယောဓာတ် အကျဉ်းမိကာ ကိုယ်ခန္ဓာအတွင်းတွင် အပူစိုက်၍ မတ်ဖွဲ့မှုအားကြီးခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရောဂါ ဖြစ်ပါသည်။

တစ်နည်းဆိုရသော် ခန္ဓာကိုယ်တွင်းမှာရှိသော အပူအအေးကို ထိန်းညှိပေးရသည့် (Thermostatcenter) သာမို့ စတက်စင်တာခေါ်သည့် ဦးနှောက်အတွင်းမှာရှိသည့် အာရုံခံဆဲလ်လေးများ လုပ်ဆောင်ချက်ချို့ယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် မီးယပ်ချမ်းရောဂါရှင်များသည် အပူလွန်၊ အအေးလွန်သည့် နေပူ-မီးပူခံများခြင်း၊ အဲယားကွန်းခန်းတွင်အနေများခြင်း စသည့် ပြုမူနေထိုင်မှုများနှင့် ပူလွန်း၊ အေးလွန်းသော ဆေးအစာအာဟာရတို့ကို သတိပြုရှောင်ကြဉ်ပါ။

ဥသွဘကိုယ်ငွေ့ကို အားကောင်းစေသည့်ဆေးမျိုး၊ အစာအာဟာရမျိုးတို့ကို ရွေးချယ်သုံးဆောင်မှီဝဲသင့်ပါသည်။

လတ်တလော ဖြစ်ပေါ်နေသည့် မီးယပ်ချမ်းရောဂါကို ဝါးမီးလှုံခြင်းဖြင့် ဖြေရှင်းနိုင်ပါသော်လည်း ရေရှည်နောင် မဖြစ်ပေါ်စေးအတွက် အတွင်းဆေး အစာအာဟာရတို့ဖြင့် ပြုပြင်ပေးသွားရပါမည်။

ဝါးမီးလှုံရာတွင်လည်း တွေ့ကရာ ဝါးမီးထင်းဖြင့် မီးလှုံခြင်းထက် စနစ်တကျ ဝါးမီးလှုံရန် လိုအပ်ပါသည်။ ဝါးအမျိုးအစားများစွာ ရှိကြသော်လည်း မီးယပ်ချမ်းအတွက် အကောင်းဆုံးဝါးမီးအမျိုးအစားမှာ ကြသောင်းဝါး ဝါးမီးပင် ဖြစ်ပါသည်။

ကြသောင်းဝါး ဆိုသည့်ဝါးကို စာဖတ်သူ မြို့ပေါ်နေသူများ သိချင်မှသိကြပေမည်။

ထိုကြသောင်းဝါးသည် ရန်ကုန်-ပဲခူးတစ်ဝိုက်တွင် ထရံရက်၊ ဝါးကပ်လုပ်၊ ဝင်းခြံကာရာတွင် အသုံးဝင် အသုံးပြုနေကြသည့် ဝါးအမျိုးအစားပင် ဖြစ်ပါသည်။ ကြသောင်းဝါးသည် ဝါးပိုးဝါးကဲ့သို့ ဝါးအလုံးကြီးကြီးနှင့် တစ်ဖြောင့်တည်း ပေ ၂၀/၃၀ ခန့် မြင့်မားစွာ ပေါက်တတ်ပြီး ဝါးအဆစ်ကြား ဝါးဝမ်းခေါင်းကျယ်ကာ ဝါးပိုးဝါးထက် ဝါးသားအနေမှာ ပါးပါသည်။

ကြသောင်းဝါးတွင် အဆီဓာတ် တစ်မျိုးရှိပါသည်။ ၎င်းအဆီဓာတ်သည် ဝါယော၊ အာကာသဓာတ်ကိုပွင့်စေသည့် သတ္တိရှိပါသည်။ တောတောင်ထဲတွင် ဝါးခြမ်းပြား(၂)ခုကိုပွတ်၍ မီးကူး၊ မီးပွားရာတွင် ထိုကြသောင်းဝါးကို အသုံးပြုကြပါသည်။

အလျဉ်းသင့်၍ ဤနေရာတွင် ကြသောင်းဝါး၏ ထူးခြားသည့် ဂုဏ်သတ္တိကို တင်ပြပေးချင်ပါသည်။

မြန်မာ့ရိုးရာတိုင်းရင်းဆေးဝါးများတွင် အထူးပြုသုံးစွဲနေသည့် အားအင်ပြည့်ပြိုး၍ ရသာယနဂုဏ်ကို ပေးစွမ်းစေနိုင်သည့် ဝါးစိန် (ဝါးပုလဲ) ခေါ်သည့် ဆေးပစ္စည်းမှာ ထိုကြသောင်းဝါးအဆစ်များထဲတွင်သာ အများဆုံးကိန်းအောင်းရရှိနိုင်ပါသည်။ အခြားဝါးများတွင် အတွေ့ရနည်းပါးပါသည်။

နောက် ဂုဏ်သတ္တိတစ်မျိုးမှာ ဝါးမှထွက်ရှိသော မျှစ်အမျိုးအစားများစွာထဲတွင် ကြသောင်းပါးအဖူးမှထွက်ရှိသော အော်ရောချဉ်ခေါ်သည့် မျှစ်နှင့်တစ်မျိုးသည် မျှစ်တကာ့မျှစ်ထဲတွင် အကောင်းဆုံး မျှစ်အမျိုးအစား ဖြစ်ပါသည်။

လူတိုင်း မျှစ်စားဖူးကြပေမယ့် ထိုအော်ရောချဉ်မျှစ်ကို စားဖူးကြသူ လွန်စွာနည်းပါးပါသည်။ အကြောင်းမှာ ထိုကြသောင်းဝါးမှဖြစ်သော အော်ရော

www.burmeseclassic.com

www.burmeseclassic.com

ချဉ်မျှစ်မှာ ရိုးမတောကြီးထဲသို့ ဝါးသွား ခတ်ယူကြသော ဝါးခုတ်သမားများသာ မိမိတို့ခင်မင်ရာခင်မင်ကြောင်း မိသားစု များ စားသုံးကြစေရန်အတွက် တောပြန် လာဆောင်အနေဖြင့်သာ တကူးတက အချိန်ပေး၍ လုပ်ဆောင်ပြီး ယူလာကြ သောကြောင့် ဖြစ်ပါသည်။ အော်ရော ချဉ်လုပ်ရာတွင် လက်ဝင်လှသောကြောင့် များများမလုပ်နိုင်ကြပါ။

ကြသောင်းဝါး မျှစ်စိုထွက်ခါစ အငုံးနုနုထွတ်ထွတ်ကလေးများကို စု ဆောင်းပြီး ဝါးခုတ်စားမအသွားထက် ထက်ဖြင့် ပါးပါးရိပ်ရိပ်ကလေးလှီး၍ နေတစ်နေပြီး ဆန်ကွဲကို ဒယ်အိုးမှာ ကျော်တကျော်ကလေးလှော်ပါ။ ထို့မျှစ် ငုံးပါးပါးရိပ်ကလေးများနှင့် ရောနှော၍ ချေပြီး ကြသောင်းဝါးအဆစ်ကြိုးကြီးထဲ သို့ တစ်ဖက်မှ အဆစ်ပိတ်ခဲ၍ဖြတ်ယူပြီး ငုံးအော်ရောချဉ်နုနုလေးများကို သိပ် ထည့်၍ ၎င်းကြသောင်းဝါးရွက်ဖြင့် ဝါး ဆစ်ဘူးအဝကို ပြန်ဆို့ပိတ်ကာ ဝါးမီးဖြင့် ဝါးဆစ်ဘူးကို ဖြည်းညင်းစွာ မီးသင့်ရဲ့ ကင်ပြီး အချဉ်ထည့်ရသည့် မျှစ်ဖြစ် သောကြောင့် လုပ်ဆောင်ရသည်မှာ လွန်စွာလက်ဝင်အလုပ်ရှုပ်သောကြောင့် များများစားစားမရရှိနိုင်ခြင်းဖြစ်ပါသည်။

ထိုအော်ရောချဉ်မျှစ်နုနုလေးများ ကို ဝက်သားဖြင့် ကြော်စားလိုက်လျှင် မည်သည့် ဟိုတယ်ဟင်းပွဲမှ လိုက်မမီ သည့် အရသာထူးကို လျှာပေါ်တွင် ခံစားရနိုင်သည့် သတ္တိထူးရှိပေသည်။

(မစားရ အညောခံပြောနေခြင်း မဟုတ်ပါ။ စာဖတ်သူများ ဗဟုသုတဖြစ် စေရန် တင်ပြခြင်း ဖြစ်ပါသည်။)

စာရေးသူတို့ ငယ်စဉ်က ထိုအော် ရောချဉ်မျှစ်သည် ဝက်သား (၁) ပိဿာ ဈေးနှင့် အော်ရောချဉ် (၁) ပိဿာဈေး ဈေးတူပေး၍ ဝယ်စားခဲ့ရပါသည်။

တောတောင်များ ပြုန်းတီးသွား သည့် ယခုအချိန်အခါတွင် အော်ရော ချဉ်မျှစ်ကို မတွေ့ရသလောက်ဖြစ်သွား ပါပြီ။

ထိုအော်ရောချဉ်မျှစ်သည် မျှစ် တကာ့မျှစ်ထဲတွင် အဆိပ်အတောက် တင်းပြီး လူတိုင်းနှင့်သင့်တော်သည့်မျှစ် ဖြစ်ပါသည်။

ခံတွင်းပျက်၊ ခံတွင်းမတွေ့သော လူနာများ ထိုအော်ရောချဉ်ဖြင့် ခံတွင်း လိုက်လာစေပါသည်။ ကြသောင်းဝါးမှ ရသော အော်ရောချဉ်မျှစ်သည် ကြေ ကျက်လွယ်ပြီး တက်စေသည့် အဆိပ် အတောက်တင်း၍ နှုတ်ခံတွင်းကိုမြိန် စေသည့် ဂုဏ်သတ္တိနှင့်ပြည့်စုံသည့် ဆေး ဖက်ဝင်မျှစ်အမျိုးအစား ဖြစ်ပါသည်။

ထိုကြသောင်းဝါးကို အသုံးပြု၍ မီးယပ်ချမ်းထနေသော ရောဂါရှင်ကို မီးလှုံပေးမည်ဆိုလျှင် ကြသောင်းဝါး မီးလှုံရန်စနစ်ရှိပေသည်။

၁။ ပမာဏ-ကြသောင်းဝါးချမ်းပြေးခြောက်

ခြောက်သွေ့သွေ့ လက်တစ်ဖွဲ့ ခန့်သည် မီးလှုံရန်အတွက် သင့်တော် သောပမာဏပင် ဖြစ်သည်။

၂။ မီးတောက်အားအရှိန်နှင့်အတိုင်းအရည်

၎င်းကြသောင်းဝါးခြမ်းပြားအရွယ် လက် (၂) လုံး၊ (၃) လုံးခန့်အနေ (၄)၊ (၅) ချောင်းကို မီးစွဲတောက်လောင်စေ သည့်အနေမှ ထွက်ပေါ်လာသည့် မီး အရှိန်အပူအင်အားသည် မီးယပ်ချမ်းထ နေသည့် ဝေဒနာရှင်အတွက် အနေ တော်အပူငွေ့ကို ရစေနိုင်ပါသည်။

၃။ ဝါးမီးလှုံရမည့်အချိန်အတိုင်းအရည်

မီးယပ်ချမ်းထနေသည့် ဝေဒနာ ရှင်သည် ဝမ်းတွင်းမှ ချမ်းတုန်နေသည် ကိုသက်သာလာမည်။ ကိုယ်ငွေ့ပြန်အား ကောင်းလာပြီး ချွေးကလေးအနည်းငယ် စို့တက်လာကာ ခြေဖျားပူနွေးလာသည့် အချိန်တွင် မီးလှုံခြင်းကို ရပ်နားထားရ မည်။

မီးလှုံခြင်းကို ရပ်တန့်၍ ရေနွေး ပူပူကို ပူကန်ပွင့်ကြေစေသည့် သတ္တိရှိ သော ဆေး (၁) မျိုးမျိုးနှင့်တွဲ၍သောက် စေရမည်။

ဤသို့ ဝါးမီးလှုံရမည့် အတိုင်း အရှည်၊ မီးအားပမာဏကို ချဉ်တွက်ပြ နေရခြင်းသည် ထိုမီးယပ်ချမ်းရောဂါ ဝေဒနာရှင်များသည် မီးလှုံတာလွန်၍ ဗဟိဒ္ဓတေဇောဓာတ်အားလွန်သွားလျှင် ၎င်းလူနာ၏ ခန္ဓာကိုယ်တွင်းမှ အာပေါ ဓာတ် ခန်းခြောက်သွားပြီး လူနာသည် အသားအရေခြောက်သွေ့၍ အသားပင် အသားအက်လာခြင်း၊ ခြေနောင့်များ ကွဲ၍ အသားစလန်စေခြင်း၊ လျှာကွဲ၊ ကိုးကန်းပါးစပ်ဖြစ်၍ နာကျင်စေခြင်း စသည်တို့ကို နောက်ဆက်တွဲ (side effect) အနေနှင့် တွေ့ကြုံရနိုင်သော ကြောင့် ဖြစ်ပါသည်။

ထို့အပြင် ဗဟိဒ္ဓတေဇောဓာတ် ပေးမှုလွန်ကဲပြီး နှလုံး၊ သည်းခြေတွင် အပူဓာတ်ငုပ်စွဲသွားပါက စိတ်ယောင် ချောက်ချား စိတ်ကယောက်ကယက်ဖြစ် သွားနိုင်သည်။

အထူးသတိပြု၍ ချင့်ချိန်ရန်လို အပ်ပါသည်။

ထို့ကြောင့် မီးယပ်ချမ်းထတတ် သော ရောဂါဝေဒနာရှင်များကို ကုသ ရာတွင် လတ်တလော ကုထုံးအနေဖြင့် ဝါးမီးလှုံစေသော်လည်း နောင်တစ်ဖန် ပြန်၍ မဖြစ်ပေါ်စေရန် အတွင်းဆေး ဓာတ်စာတို့ဖြင့် သေချာစွာကုသပေးရန် လွန်စွာလိုအပ်ပါသည်။

□ အတွင်းစားဆေးအနေဖြင့်

၁။ နန္ဒင်းမှုန့် + နံပါတ် (၁၇) ဆေးကို ဆတူစပ်၍ တစ်နေ့ (၂) ကြိမ် ကော်ဖီဇွန်း (၁) ဇွန်း ရေနွေးဖြင့် သောက်နိုင်သည်။

၂။ မြင်းခွာရွက်ခြောက်မှုန့် (၁၀)ကျပ်သား၊ ငရုတ်ကောင်း(၂)ကျပ်သား၊ ပျားရည်စစ်စစ် (၂၀)ကျပ်သားနှင့် ရောဖျော်၍ တစ်နေ့ (၂) ကြိမ်။ စားပွဲဇွန်းကြီး(၁)ဇွန်း ရေနွေးဖြင့် သောက်နိုင်ပါသည်။

၃။ သကြားကဲ အစာကြေဆေး (သို့) ကျောက်ဖရုံသီးချက်ဆေးအား နံနက်၊ ည ထမင်းစားပြီးသောက် ပေးပါ။

(ဝမ်းမီးကောင်းစွာချက်၍ ဥသွာ ကိုယ်ငွေ့အားကောင်းလာစေမည်။)

□ ဓာတ်စာအနေဖြင့်

နွားနို့ (၂၅) ကျပ်သားကို ကျက် ကျက်ဆူအောင်ကျိုပြီးပါက နန္ဒင်းမှုန့် ကော်ဖီဇွန်း (၁) ဇွန်းမောက်မောက်ခတ် ၍ ပြန်ကျိုပြီး တစ်နေ့တာအတွင်း ၎င်း နွားနို့ကို ကုန်အောင်သောက်ပေးပါ။ အချိန့်စ်သက်လျှင် သကြားသင့်ရုံထည့် ပြီးသောက်ပါ။

အထက်ဖော်ပြပါ တင်ပြချက်များ သည် မီးယပ်ချမ်းရောဂါဝေဒနာရှင်များ အတွက် အမှန်တကယ် ထိရောက်ပြီး ရောဂါကို အရှင်းပျောက်ကင်းစေမည့် ကုထုံးဆေးချက်များကို ဆရာစားမချန် စေတနာတရားအမှန်ဖြင့် စာဖတ် ပရိသတ်ကြီး အကျိုးများစေရန် တင်ပြ လိုက်ခြင်း ဖြစ်ပါသည်။

မိခင်ကိုယ်စားပြု အမျိုးသမီး အပေါင်းတို့ အနာရောဂါကင်းဝေး၍ ကျန်းမာ ရွှင်လန်းပြီး မိသားစုတာဝန် များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြ ပါစေ။

ဦးမင်းဇင် (ဒွေနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

တစ်ညလုံးရွာထားသောမိုးကြောင့်
မြစ်ထဲတွင် ရေတွေအပြည့်ဖြစ်နေသည်၊
ရေတက်ဦးဖြစ်သဖြင့် မြစ်ရေနှင့်မိုးရေ
တွေရောပြီး ကမ်းလုံးပြည့်ဖြစ်နေသည်၊
ဒီးတိမ်တောင်များရှင်းသွားပြီး နေရောင်
ခြည်တွက်လာသဖြင့် ပတ်ဝန်းကျင်
တစ်ခုလုံး လင်းလက်စိုပြည်နေသည်၊
အောင်မိုးဆန်းသော်သည် အလိန်
လည် ဆိပ်ကမ်းမှ နံနက် (၆) နာရီထိုး
ပြီဖြစ်သဖြင့်ထွက်လာခဲ့သည်။ သော်
ပေါ်တွင်လည်း ခရီးသည်များ၊ ကုန်မှာ
ပြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

(အတိုခံထည်ပေနွေး)

ကိုဆောင်းဦး

အောင်ပိုးဆန်းသင်္ကေတနှင့် ကမ်းနပူးက သစ်ခြောက်ပင်ကြီး

အလိန်လည်ရွာနှင့် သာယာကုန်းရွာမှ ဝက်များ၊ ကြက်ခြင်းများတင်လာခဲ့သည်။ စက်ခန်း၏ဘေးတွင် ဝက်တွေ့၊ ကြက်ခြင်းတွေတင်လာခဲ့သည်။ ငါးစည်ပိုင်းတွေလည်း ပါလာသည်။ ဦးခန်းပိုင်းတွင် ဖျာကြမ်းများခင်းပြီး ခရီးသည်များ လိုက်ပါလာသည်။ ကျွဲခတ်သောင်ရွာ ပျက်ကြီးကိုကျော်လာတော့ တစ်ဖက်ကမ်းတွင်ရှိသော ညောင်အင်းကုန်းရွာလေးသို့ ဆိုက်ကပ်လိုက်သည်။ ညောင်အင်းကုန်းရွာလေးမှခရီးသည်များသည် ချထားသောကုန်းဘောင်မှတက်လာကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အလုပ်သမားတွေက ဆန်အိတ်တွေ သင်္ဘောပေါ် တင်ကြသည်။ ခရီးသည်တွေ ဘေးသို့မကျသွားစေရန် သင်္ဘောသားအချို့ ရွံ့ထဲဆင်းပြီး ဝိုင်းထိန်းပေးကြသည်။

ညောင်အင်းရွာမှ ခရီးသည်များထဲတွင် စာရေးလေးကိုစောနိုင်၏ခွစ်သူ နှင်းဝေဝေလွင်လေးလည်း ရန်ကုန်တွင် စျေးတက်ဝယ်ရန် လိုက်လာသည်။ ကုန်းဘောင်ပေါ် မှကျသွားမှာစိုးသဖြင့် စာရေးလေးကိုစောနိုင်ကိုယ်တိုင် နှင်းဝေဝေလွင်၏ လက်ကလေးကို လှမ်းဆွဲ၍ တက်လာသည်။ ခရီးသည်အားလုံးတက်ပြီးမှ သင်္ဘောလည်း ညောင်အင်းကုန်းရွာဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။

"ဦးမောင်ကြီး၊ ဘယ်သွားမလို့လဲ"

"ထန်းတပင်မြို့သွားမလို့ပါကွာ။ ဒီနှစ်အတွက် စိုက်စရိတ်ပျိုးစရိတ်သွားထုတ်မလို့"

"ဩော် - ဦးမောင်ကြီးက အခုမှ အမတော်ကြေးသွားထုတ်မလို့လား။ နောက်တောင်ကျနေပြီ။ ကိုခွေးနီတို့ဆိုထုတ်ပြီးတာ (၃) ရက်လောက်တောင်ရှိပြီ"

"အေးလေကွာ၊ ငါကလည်း မအားလို့ပါကွာ။ အခုမှ အလုပ်အားတာနဲ့ ထွက်လာတာ"

"ဒါနဲ့ စပါးဈေးကော ကောင်းရဲ့လား"

"စပါးဈေးကတော့ ဒီအတိုင်းပါပဲကွာ။ ဒါပေမယ့် ရာသီဥတုကမမှန်တော့ မနှစ်က စပါးတွေအထွက်ဆုတ်သွားတယ်။ တင်အောင့်လယ်ဆိုရင် အဖြူးတွေများလို့ အစိုးရကိုတာဝန်ကျေရောင်းလိုက်တာ စားဖို့ဝမ်းစာတောင် မကျန်တော့ဘူး"

"ဟုတ်တယ်ဗျ ဦးမောင်ကြီးရ။ ကိုမောင်မြင့်တို့ဆိုရင် လယ်ရုံးလို့ ခိုင်းနွားငှါးကောင်ရောင်းလိုက်ရတယ်"

"ဟင် - ဒါဆိုဘယ်လိုလုပ် လယ်ထွန်တော့မှာလဲ"

"အင်း- ခိုင်းနွားငှားထွန်မှာပေါ့။ တောင်ပိုင်းက ဦးသိန်းအောင်မှာခိုင်းနွား တစ်ရှည်းအပိုရှိတယ်"

"ဒါ စာရေးလေးကိုစောနိုင်မဟုတ်လား"

"ဟုတ်တယ်လေ၊ သူက သမီး (၇)ယောက်မွေးတော့ စီးပွားရေးတအားတိုးတက်တာပေါ့။ ခါတိုင်း စပါးမထွက်တဲ့လယ်တွေလည်း စပါးက တအားထွက်တော့ လုပ်တိုင်းကိုဖြစ်နေတာ၊ ချောင်ချောင်လည်လည်ရှိတာပေါ့။ သူက နတ်သမီး (၇)ဖော်မွေးထားတာကို"

သင်္ဘောသည် ချောင်းဝကျေးရွာမှ ခရီးသည်များတင်ပြီး ဆက်လက်ထွက်ခွာလာသည်။

"ဦးမြရေ၊ ဝက်သားတောခုတ်သားတွေ ကမ်းနားရောင်းနေတာတွေ့လို့ တစ်ပိဿာပါဆယ်ဝယ်လာတယ်။ ဆီပြန်သာချက်လိုက်နော်"

"ဟုတ်ကဲ့ - စာရေးလေး၊ ကျွန်တော် အလိန်လည်ကလယ်ပုစွန်လုံးတွေ ဝယ်လာတယ်။ သီးစုံအချဉ်ရည်ဟင်း တစ်ခွက်ချက်ရအောင်လို့"

သောင်တောအနှံးတောရွာလေးကိုလွန်လာတော့ အောင်မိုးဆန်းသင်္ဘောလည်း ကုန်းကလေးကျေးရွာမှ ခရီးသည်တွေတင်ပြီး ထွက်ခွာလာသည်။ ကုန်းလေးရွာ၌ လမုတန်းကြီးရွာကြားက ကျွန်းညိုကြီးမှ တံငါသည်တွေက ညကမိထားသော ငါးသလောက်တွေနှင့် အခြားငါးမျိုးစုံကို တောင်းကြီးကြီး (၂) လုံးနှင့် ငါးစည်ပိုင်း (၅) လုံးကို လှေငယ်လေးများနှင့် လာရောက်တင်ကြသည်။ သင်္ဘောကို ရေလယ်တွင်အရှိန်သတ်ပြီး လှေငယ်လေးများ သင်္ဘောကိုကပ်၍ တင်ကြသည်။

"ကိုအောင်မြင့်ရေ၊ ဒါဘယ်ကိုပို့မှာလဲ"

"အင်းစိန်ပို့မှာ ဆရာလေး"

"ကိုအောင်မြင့်ရေ၊ ကျွန်တော်တို့အတွက် ဟင်းစာငါးသလောက်နည်းနည်းရောင်းဗျာ"

"စာရေးလေး လိုချင်တယ်ဆိုရင် ယူလေ"

"ဒါဆို ငါးကောင် ရောင်းဗျာ၊ ဘယ်လောက်ပေးရမလဲ"

"(၃)ကျပ်ပဲပေးပါ စာရေးလေး"

"ကိုအောင်မြင့်ကလည်း၊ (၂)ကျပ်ပဲထားလိုက်ဗျာ"

"ကဲကဲ - ယူပါ စာရေးလေးရယ်"

"ဦးမြရေ၊ ငါးသလောက်အစိမ်းသုပ်ဗျာ။ ရှောက်သီး ကျွန်တော့်ဦးလေးခြံထဲကခူးလာတာရှိတယ်"

ဦးမြလည်း ငါးသလောက်တွေနှင့် ဝက်သားတွဲကို မီးဖိုဆောင်ဘက်သို့ယူသွားသည်။ သင်္ဘောနောက်ဘက် ပဲ့ပိုင်းတွင် ထမင်းဟင်းချက်သောမီးဖိုရှိသည်။

ဝက်သာတောခုတ်သား ဆိုသည်မှာ အရိုး၊ အသား၊ အဆီ အစုံပါသော အတွဲလိုက်ကိုခေါ်သည်။ ဝက်သားကို အနေတော်လေးတုံးပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးထောင်းနှင့်နယ်ပြီး ငံပြာရည်နှင့်ပါဆယ်နယ်၍ မီးဖိုပေါ်တင်၍ ချက်ပြုတ်လိုက်သည်။ ပြီးမှ ဟင်းခတ်မှုန့်ထည့် (၂) ရည်ခန်းအောင် ချက်လိုက်သဖြင့် ဝက်သားနူးသွားသည်။ အပေါ်၊ အငန်မြည်း၍ မီးဖိုပေါ် မှချလိုက်သည်။ ထမင်းကတော့ (၂) ပြည်ချက်ပြီးသွားပြီ ဖြစ်သည်။ လယ်ပုစွန်လုံး (ကဏန်း) ကို ရုံးပတီသီး၊ ဒန့်ဒလွန်သီး၊ ခရမ်းသီး၊ ငရုတ်သီစိမ်းတို့နှင့် အရည်သောက်သီးစုံဟင်းချက်လိုက်သည်။

ငါးသလောက်ကျောကုန်းသားအသားများကို အရိုးမပါအောင်လွှာယူလိုက်ပြီး လေးထောင့်တုံးလေးတွေ ခပ်သေးသေးတုံးပြီး ဇလုံထဲတွင် ရှောက်ရည်နှင့်စိမ်လိုက်သည်။ ရှောက်ရည်နှင့် စိမ်လိုက်သဖြင့် ငါးသလောက်အသားတွေအရောင်ပြောင်းသွားသည်။ဆီချက်၊ မြေပဲလှော်ထောင်း၊ နှမ်း၊ ကြက်သွန်ဖြူ/နီကြော်၊ ကြက်သွန်ဥဖြူ/နီ ပါးပါးလှီးပြီး ဟင်းခတ်မှုန့်၊ ဆား၊ ငံပြာရည်၊ နံနံပင်၊ ရှောက်ရွက်တို့နှင့် သုပ်လိုက်လျှင် အချိုလေးသော ငါးသလောက်အစိမ်းသုပ်တစ်ခွက်ရသည်။ ငါးသလောက်ခေါင်း နှင့်ဝမ်းဗိုက်သားတွေကို ခရမ်းချဉ်သီးနှင့် ဆီပြန်ချက်လိုက်သည်။

ဝက်သားဆီပြန်ချက်၊ ကဏန်းသီးစုံဟင်းအရည်သောက်၊ ငါးသလောက်အစိမ်းသုပ်၊ ခရမ်းချဉ်သီးငါးသလောက်ခေါင်းနှင့်ဝမ်းဗိုက်သားချက်၊ ဘောလည်ငါးပိရည်ကျိုကို ငါးပနေ်မီးဖုတ်ပြီး ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းထောင်းထည့်ထားသည်။ ငါးပိရည်မွှေးမွှေးတစ်ခွက်၊ ကအော့သီး၊ ရှောက်ရွက်၊ ရုံးပတီသီး၊ လယ်ပတူ၊ မြိန်နတို့၊ ကန်စွန်းရွက်၊ ထိကရုံး၊ နံနံပင် စသည့် တို့စရာများနှင့် စားလိုက်ကြတာ ဆန် (၂)ပြည်ချက်လည်းကုန်၊ ဟင်းတွေလည်းကုန်သွားသည်။ သင်္ဘောသားများသည် အလုပ်ပင်ပန်းသလောက် စားလည်းစားနိုင်ကြသည်။ ဝက်ကုန်သည်ကိုအေးမြင့်၊ ငါးကုန်သည်ကိုအောင်မြင့်တို့လည်း ဝင်ကြိတ် (စားကြ) ကြသည်။

သင်္ဘော၏ 9.6 အင်ဂျင်စက်သံကလည်း တဒီးဒီးနှင့်ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားပြီး သင်္ဘောသည် လမုတန်းကြီးအနီး ရောက်လာသည်။ မြစ်သုံးဆိုင်ဖြစ်သဖြင့် ရေပြင်ကျယ်ကြီးကိုဖြတ်နေသည်။ သင်္ဘောဦးမှလိုက်ခွဲလိုက်သော ရေလှိုင်းတွေက သင်္ဘောဘေးတစ်ဖက်တစ်ချက်တွင် ရေလှိုင်းများ

www.burmeseclassic.com

ထ၍ကျန်ရစ်ခဲ့သည်။ ရေပေါ်တွင် ရှုပ်လှုံးနေသော ငါးပျံလေးတွေကလည်း သင်္ဘောနှင့်နီးလာလျှင် ရေထဲမှ လေထဲသို့ပျံဝဲ၍ အဝေးသို့ထွက်ပြေးသွားကြသည်။ အပြာရောင်မိုးကောင်းကင်ပြင်ကျယ်ကြီးထဲတွင် တိမ်တိုက်ဖြူဖြူကြီးတွေနှင့် မိုးတိမ်တောင်ညိုညိုကြီးတွေက အလိပ်လိုက်အခွေလိုက်နှင့်လွင့်မျောနေကြသည်။ မြစ်ပြင်ကျယ်ကြီးကို တိုက်ဆော်လာသော လေနုအေးထဲတွင် မိုးနဲ့ညင်းသင်းလေးက ဝေ့ဝဲစွာပါလာသည်။

စာရေးလေး ကိုစောနိုင်၏ ချစ်သူ ညောင်အင်းကုန်းရွာသူလေး နှင်းဝေဝေလွင်က ဦးခန်းပိုင်းတွင် ထိုင်နေရာ ကိုစောနိုင်က သူ၏ချစ်သူကို သေသေချာချာကြည့်နေပိသည်။ လှပဝိုင်းစက်သောမျက်နှာ၊ ဖြူဝင်းသောအသားအရေ၊ ရှည်လျားသွယ်လျ၍ မြင့်မားသော အရပ်၊ ရှပ်ချောသလောက် ဆံပင်ကြိုးတလည်း နက်မှောင်ပြီး ဒူးအောက်အထိ ရှည်လှသည်။ ဘောလည်ကျန်းသူလေးများသည် ချောစရာရှိလျှင် ရှုပ်ရှင်မင်းသမီး နဲ့အောင်ချောကြသည်။ဒါကြောင့်လည်း အပျိုတွေချောတဲ့လိုင်ဘောလည်ဆိုတဲ့ စာချိုးရှိခဲ့တာထင်သည်။ တစ်ချိန်က အငြိမ့်မင်းသမီးကြီး ရွှေနှင်းဆီစတင်ညွှန့်သည် အလိန်လည်ရွာသူဖြစ်သည်။အလိန်လည်ရွာသည် ဘောလည်ကျွန်းတွင်ရှိသည်။

နှင်း၊ ထမင်းစားမလား"

"ဟင့်အင်း - နှင်းမဆာသေးဘူး၊ ဆန်းတပင်ရောက်မှပဲ ဝယ်စားတော့ မယ်"

ဆွယ်တာပန်းရောင်ကလေးနှင့် သူချင်တိုင်းလှနေသောချစ်သူကို ကိုစောနိုင် ကြည့်မဝဖြစ်နေသည်။ ကျွန်းညိုကြီး ဘက်ကြည့်လိုက်တော့ ကျွန်းညိုကြီး၏ သောင်ပြင်တွင် ရေစစ်လိ၊ ရေကြက်မ၊ ရေဝမ်းဘဲ၊ မယ်ညို၊ တင်ကျီး၊ ငှက်ကြီးငပို၊ ဗျိုင်းအောက်၊ ရေညောင့်ငှက်သေည့် ငှက်များ အုပ်လိုက်ကျပြီး အစာရှာနေကြသည်။ သင်္ဘောလည်း လမုတန်းကြီးရွာဆီပ်သို့ ဆိုက်ကပ်လိုက်သည်။ လမုတန်းကြီးမှ ခရီးသည်များ၊ ကြက်ခြင်းများ၊ ဝက်များထပ်တင်ပြီး သင်္ဘောလည်း လမုတန်းကြီးဆိပ်ကမ်းမှ ထွက်ခွာလာသည်။ သင်္ဘောပေါ်မှ တုန်းပေါ် သို့လှမ်းကြည့်ရာတွင် သင်္ဘောသူးသည့်အတိုင်း လယ်ကွင်းထဲမှ သစ်ငှက်များသည် ပြေးလိုက်လာနေသည်ဟု ဆင်ရသည်။ အောင်မိုးဆန်းသင်္ဘော

လည်း 9.6 စက်သံတဒိုးဒိုးနှင့်မောင်းလာရာ လမုတန်းလေးရွာသို့ ဆိုက်ရောက်ပြီဖြစ်သည်။

လမုတန်းလေးရွာမှပြန်ထွက်ခွာလာရာ ပန်းလှိုင်မြစ်ပေါက်မှထွက်လာပြီး ရန်ကုန်မြစ်ထဲသို့ရောက်လာသည်။ မြစ်သုံးဆိုင်ဖြစ်သဖြင့် မြစ်ပြင်ကျယ်ကြီးကြီးကိုဖြတ်မောင်းလာပြီး ထန်းတပင်မြို့ဆိပ်ကမ်းကို လှမ်းမြင်နေ့ရသည်။ ဆိပ်ကမ်းစပါးဒိုင်တွေ စပါးတင်နေသော စီဘီတွဲကြီးတွေကိုတွေ့ရပြီး စပါးထမ်းနေသော အလုပ်သမားတွေ စပါးအိတ်တွေကို စီဘီတွဲပေါ် ထမ်းတင်နေတာကို မြင်နေရပါသည်။ မိုးကောင်းကင်ပြာပြာကြီး အောက်တွင် စပါးဂိုဒေါင်ကြီး (၃) လုံးကိုလည်း ထီးထီးကြီးတွေ့နေရပါသည်။ ဂိုဒေါင်(၃)လုံးဘေးတွင်ပေါက်နေသော ငှက်ပျောပင်စုစုလေးကလည်း လေနူးတွေ့ တသုန်သုန်တိုက်သဖြင့် ငှက်ပျောရွက်တွေက တဖျတ်ဖျတ်လှုပ်ယမ်းနေကြသည်။ ဆိပ်ကမ်းမှမြို့ထဲသွားရာလမ်းထိပ်တွင်ပေါက်နေသောပင်လယ်ကဒိုးပင်ကြီး (၂) ပင်ကလည်း လေပြည်တွင် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ တစ်ဖက်တွင် ညောင်တုန်းမြို့သို့သွားသောမြစ်ပေါက်ကို တွေ့နေရသည်။ ထန်းတပင်ဆိပ်ကမ်းကို ဆိုက်ကပ်လိုက်ပြီး ကုန်းဘောင်ကြီးကို ဆိပ်ကမ်းသို့ ထိုးချလိုက်သည်။ သင်္ဘောပေါ်မှခရီးသည်အချို့လည်း ဆင်းသွားကြသည်။ ရန်ကုန်မြို့သို့သွားမည့် ခရီးသည်တွေတလည်း သင်္ဘောပေါ်တက်လာကြသည်။ အချို့ခရီးသည်အမျိုးသားငယ်ရွယ်သူတွေက သင်္ဘောခေါင်မိုးပေါ်တွင် တက်စီးကြသည်။

စေ့းရောင်းသည့် လှေလေးများကလည်း သင်္ဘောဘေးဝဲယာတွင်ကပ်ပြီး အသံစာစာဖြင့်စေ့းရောင်းကြသည်။

"ထမင်းထုပ်ရမယ်၊ ကြက်သားရမယ်၊ ဝက်သား၊ အမဲသားရမယ်၊ ငါးသလောက်ပေါင်း၊ ငါးသလောက်ဥကြော်ရမယ်။ ကြာဆံသုပ်၊ ခေါက်ဆွဲသုပ်ရမယ်"

"အကြော်ရမယ် အကြော်။ ဘူးသီးငါးပေါင်းကြော်ရမယ်၊ ပဲကပ်ကြော်ရမယ်၊ ငှက်ပျောကြော်ရမယ်၊ မုန့်ကြီးလိမ်ရမယ်၊ အောင်ဗလကြော်ရမယ်၊ ကောက်ညှင်းထုပ်ရမယ်၊ ကောက်ညှင်းကျည်တောက်ရမယ်"

"စာကလေးကြော်ရမယ်၊ ငုံးကြော်ရမယ်၊ ပုရစ်ကြော်ရမယ်၊ သစ်ပေါင်းပိုးရမယ်၊ ကြွက်ကြော်ရမယ်၊ ကြွက်ကျပ်တိုက်တွေရမယ်"

စေ့းသည်တွေအသံတွေကလည်း သင်္ဘောပေါ်တွင်ဆူညံနေသည်။

"အစ်မ၊ ကျွန်မကို ကြွက်သားဟင်းနဲ့ ထမင်းတစ်ထုပ်ပေးပါ"

"မောင်ဘာစားမှာလဲ"

"အာ - မောင် ခုနကပဲ ထမင်းစားပြီးတယ်လေ"

"ဟင့်အင်း မရဘူး မောင်၊ နှင်းကို ချစ်ရင် စားရမယ်"

"ကဲကဲ - ကြာဆံသုပ်ပဲပေး။ နှင်းမကောင်းဘူးကွာ၊ အရင်တစ်ခေါက်ကလည်း ဒီလိုပဲ တော်တော်ဇိကျတယ်"

နှင်းက တခစ်ခစ်ရယ်ရင်း-

"ချစ်သူကျွေးရင် စားရတယ် မောင်သိရဲ့လား"

"ဟုတ်ပါပြီ အရှင်မ၊ ဟုတ်ပါပြီ"

သင်္ဘောဦးခန်း၏ရှေ့ သင်္ဘောမောင်းသော စီယာတိုင်အခန်း (တက်မလှည့်သောအဝိုင်း)အရှေ့သင်္ဘောဦးနှင့် အခန်းအကြာ (၁၀) ပေလောက်ထွက်နေသည်။ ထိုနေရာတွင် သင်္ဘောကြီးချည်သော ဘိုလုံတိုင်(၂)ခုရှိပြီး ကျောက်ဆူးကြီးလည်းရှိသည်။ အရှေ့ဘက်တွင် သင်္ဘောကြီးများဖြင့်ပြည့်နေသည်။လွတ်နေသောနေရာလေးတွင် သစ်သားထိုင်ခုံလေးနှစ်ခုချ၍ ကိုစောနိုင်နှင့်နှင်းဝေဝေလွင်တို့သည် သင်္ဘောဦးခန်းမှ စားစရာများဝယ်ယူပြီး သစ်သားထိုင်ခုံလေး(၂)ခုချ၍ လာရောက်စားသောက်နေကြခြင်းဖြစ်သည်။

ဟိုးအဝေးက မိုးကောင်းကင်ထဲတွင် တိမ်စိုင်တိမ်လိပ် တိမ်တောင်ဖြူဖြူကြီးတွေ၊ တိမ်တောင်ညိုညိုကြီးတွေဟာ အလိပ်လိုက်အခွေလိုက်လွင့်မျောနေကြသည်။ မြစ်ပြင်ကျယ်ကြီးထဲတွင် တံငါလှေလေးများကိုလည်းတွေ့နေရသည်။ တစ်ဖက်ကမ်းပေါ်ရှိ တောတန်းလေးတွေကိုလည်း ကောင်းကင်ပြာပြာကြီးအောက်တွင် တွေ့နေရသည်။

ကိုစောနိုင်လည်း ချစ်သူ၏ ဝိုင်းစက်လှပပြီး ချောမောသောမျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com

ကို ငေးမောကြည့်နေသည်။ မိုးရုန်သင်းသော လေအေးတွေကလည်း တသုန်သုန်တိုက်ခတ်နေသဖြင့် နှင်းဝေဝေလွင်၏ဆံနွယ်လေးတွေကလည်း လေပြည်ထဲ တွင် လွင့်မျောနေကြသည်။

"အာ - မောင်ကလည်း၊ သိပ်မကြည့်နဲ့ကွာ၊ နှင်းရွက်တယ်"

"မောင့်ချစ်သူက အရမ်းလှလို့ပါကွာ"

"အလကားအပိုတွေ့၊ အသစ်မထွေ့သေးလို့ပါနော်။ အင်း - အခုမှ သတိရဖြီ။ဟိုလမုတန်းကြီးက သက်ထားခင်ခင်လေးကလည်း မောင့်ကိုကြိုက်နေတာနဲ့တူတယ်နော်။ မောင်ဒါပဲနော်၊ နှင်းကို သစ္စာဖောက်လို့ကတော့ ဒီတစ်သက် မမြင်ရတော့ဘူးမှတ်"

"သူ့ကို ညီမလေးတစ်ယောက်လို ပဲ ခင်တာပါနော်"

"နှင်းကတော့မကြိုက်ပါဘူး။ သူက မောင်နဲ့တွေ့ရင် အရမ်းကပ်ချွဲလွန်းကြီးတယ်"

"အိုး- ကောင်မလေး သဝန်တိုနေတာပေါ့ ဟုတ်လား"

နှင်းက မျက်စောင်းထိုးလိုက်ပြီး-

"မောင်၊ မောင်နဲ့ နှင်းက လူကြီးချင်းတောင် နားဖောက်ပြီးပြီ။ ဒီမြစ်ဝှိုးတစ်လျှောက်မှာလည်း နှင်းနဲ့မောင် အကြောင်းက သင်းပြန့်နေတယ်။ မောင်သာ သစ္စာဖောက်သွားရင် နှင်း လူပြည်မှာ မနေတော့ဘူးနော်"

"အာ - မလုပ်လိုက်ပါနဲ့ နှင်းရယ်။ နှင်းသာမရှိတော့ရင် မောင်ဘဝက အသက်ရှင်လျက်နဲ့ သေနေရမှာပါ နှင်းရယ်။ ယုံပါ နှင်းရယ်၊ နှင်းနဲ့မောင်က ဘဝပေါင်းများစွာက မောင်နှံတွေပါ။ နှင်းကိုဘယ်တော့မှသစ္စာမဖောက်ပါဘူး။ ဟင်းမောင်နဲ့တွေလို့ သေအတူရှင်မကွာပါဘဲ နှင်းရယ်"

"ဩော်-မောင်၊ နှင်းတို့ဒီဆောင်းတက်မှ လက်ထပ်ကြရင် ခန်းဝင်ပစ္စည်းတွေဝယ်ရဦးမယ်နော်"

"အဲဒါ လူကြီးတွေနဲ့ တိုင်ပင်ပြီး နှင်းနဲ့ မောင် ရန်ကုန်မှာတက်ဝယ်ကြတာ ပေါ့"

"ဘူး... ဘော်"

သင်္ဘောကြီးမှ ဥဩသံကြောင့် ကိုစောနိုင်နှင့် နှင်းဝေဝေလွင်တို့ချစ်သူနှစ်ယောက်လည်း ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်သည်။

"ဟင် - ဝါးတစ်ရာရွာတောင် ရောက်တော့မယ် မောင်။ နှင်းတို့အထဲဝင်ကြရအောင်"

သင်္ဘောကြီးသည် ကလိန်သောင်ကိုကျော်လာပြီး ဝါးတစ်ရာရွာကို ဆိုက်ကပ်တော့မည်ဖြစ်သည်။ ဝါးတစ်ရာရွာဆိပ်တွင်ကပ်လိုက်တော့ ခရီးသည်အချို့တင်သွားပြီး ဝါးတစ်ရာရွာမှ အင်းစိန်သို့ လိုက်ပါမည့်သူများလည်း သင်္ဘောပေါ် သို့တက်လာသည်။ ဝါးတစ်ရာရွာမှထွက်လာပြီး သိပ်မကြာခင်မှာပင် အင်းစိန်သံချည်ကျိစက်ကြီးကို လှမ်းမြင်နေရသည်။ သံချည်ကျိစက်မှ မီးခိုးငွေ့တွေက မိုးကောင်းကင်ဟင်းလင်းပြင်ကျယ်ကြီးထဲသို့ လွင့်မျောနေကြသည်။ နာရီဝက်သာသာခန့်ကြာတော့ အင်းစိန်ဆိပ်ကမ်းသို့ဆိုက်ကပ်လာတော့သည်။

အင်းစိန်ဆိပ်ကမ်းတွင် ဆန်အိတ်များ၊ ကြက်ခြင်းများချသည်။ ခရီးသည်တော်တော်များများလည်း ဆင်းသွားကြသည်။ စာရေးလေးကိုစောနိုင်နှင့်နှင်းဝေဝေလွင်တို့လည်း သင်္ဘောပေါ်မှဆင်းပြီး နှင်းဝေဝေ၏ဒေါ်လေးအိမ်ရှိရာသို့သွားကြသည်။ နှင်းဝေဝေလွင်၏ ဒေါ်လေးသည် အင်းစိန်ကမ်းနားတွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ ရွှေတိုဂုဏ်သွားဖူးရန် ဒေါ်လေးထံတွင် ခွင့်တောင်းသည်။ နှင်းဝေဝေလွင်ကိုလည်း အဆင်သင့်ပြင်ဆင်ထားရန်ပြောပြီး သင်္ဘောရှိရာသို့ ပြန်လာခဲ့သည်။ကြည့်မြင်တိုင်တွင် သင်္ဘောခရီးလမ်းဆုံးဖြစ်သဖြင့် ရွာမှမှာလိုက်သောကုန်မှာစာတွေကို ကြည့်မြင်တိုင်တွင်ရှိသော ကုန်စုံဆိုင်များသို့ပို့ပြီးလျှင် လာခေါ်မည်ဟု နှင်းဝေဝေလွင်အား ပြောခဲ့သည်။

"မောင် နောက်မကျစေနဲ့နော်၊ နှင်းစောင့်နေမယ်"

ကိုစောနိုင်လည်း ရောက်ရောသင်္ဘောလည်း အင်းစိန်ဆိပ်ကမ်းမှထွက်လာခဲ့သည်။ ကမာရွတ်ဆင်မလိုက်လည်းရောက်ရော သင်္ဘောပေါ်တွင်ရှိသောဝက်များကို ချတော့သည်။

"စာရေးလေးရေ တန်ဆာခ (သင်္ဘောခ) မနက်မှယူနော်"

စက်များချပြီး သင်္ဘောထွက်လာခဲ့ရာ ခဏအကြာတွင် ကြည့်မြင်တိုင် ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။ ကြည့်မြင်တိုင်ရောက်တော့ ကုန်မှာစာတွေကို ကုန်စုံတိုက်တွေကို လိုက်ပို့သည်။ ကုန်မှာစာပို့ပြီးတော့ ကိုစောနိုင်၏ တပည့်လေး မောင်မြင့်သိန်းကို ကုန်များစစ်ရန်၊ လက်ခံရန် မှာကြားထားခဲ့သည်။ ပြီးမှ အုံနာအိမ်မှာ အကျိုးအကြောင်းပြော၍ ရေမိုးချိုးပြီး လိုင်းကားမီးကား အင်းစိန်ကမ်းနားသို့ ထွက်လာခဲ့သည်။ သုံးဘီးကားလေးငှားပြီး ရွှေတိုဂုဏ်သွားသို့ နှင်းဝေဝေလွင်နှင့် နှစ်ယောက်ထွက်လာခဲ့သည်။

"နှင်းပျော်လားဟင်"

"နှင်းလေ မောင်နဲ့သာသွားရမယ်ဆိုရင် ဟိုးအဝေးက ယုဂန္ဓာတောင်တို့၊ မြင်းမိုရ်တောင်တို့ဆိုလည်း လိုက်မှာပါပဲ မောင်"

သုံးဘီးကားလေးလည်း တဖြည်းဖြည်းမောင်းလာရင်း ရွှေတိုဂုဏ်သွားကြီးကိုရောက်လာတော့သည်။ သုံးဘီးဆရာကို အသွား၊အပြန်ငှားထားသဖြင့် ဘုရားခြေရင်းတွင်စောင့်နေသည်။ ကိုစောနိုင်နှင့် နှင်းဝေဝေလွင်တို့လည်း မြောက်ဘက်မုခ်မှ ဘုရားပေါ် သို့တက်လာခဲ့ကြသည်။ ညဘက်ဖြစ်သဖြင့် ရွှေတိုဂုဏ်သွားကြီးသည် မီးရောင်များဖြင့်သပ္ပာယ်လှသည်။ ရွှေရောင်တွေဝင်းထိန်နေသော ရွှေတိုဂုဏ်သွားကြီးကို တဝကြီးဖူးမြော်ကြသည်။ စာရေးလေး ကိုစောနိုင်နှင့် နှင်းဝေဝေလွင်တို့ ချစ်သူနှစ်ဦးလည်း ရင်ထဲတွင်ကြည်နူးပျော်ရွှင်နေသည်။ (၇) နာရီထိုးခါနီးတော့ ဘုရားပေါ်က ဆင်းလာပြီး စောင့်နေသောသုံးဘီးကားနှင့်ထွက်လာကြသည်။

မြေနီကုန်း ညစျေးရောက်တော့ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ အခေါက်ကင်နှင့် ထမင်းဝယ်စားပြီး လက်ဖက်ရည်၊ အအေးများပါ မှာသောက်ကြသည်။ စားသောက်ပြီးတော့ သုံးဘီးကားလေးဖြင့် အင်းစိန်သို့မောင်းလာခဲ့သည်။ နှင်းဝေဝေလွင်၏အဒေါ် အိမ်ရောက်တော့ (၈) နာရီထိုးပြီ ဖြစ်သည်။ မောင်နေ၍ နှင်းဝေဝေလွင်ကစိတ်မချသဖြင့် သုံးဘီးကားလေးကို လိုက်ပို့ခိုင်းသည်။ သုံးဘီးကားလေးလည်း ကိုစောနိုင်သင်္ဘောရှိရာ ကြည့်မြင်တိုင်ကမ်းနားသို့ ပြန်မောင်းလာသည်။ ကြည့်မြင်တိုင်ရောက်တော့ (၉) နာရီထိုးခါနီးပြီဖြစ်သည်။ သုံးဘီးကားဆရာကြီးကို (၁၅) ကျပ်ပေးလိုက်သည်။

ကိုစောနိုင် သင်္ဘောပေါ်ရောက်တော့ ည (၉) နာရီထိုးပြီးသွားပြီဖြစ်သည်။ တပည့်လေးမောင်မြင့်သိန်းက ကုန်တိုက်များမှ ပို့သောကုန်များနှင့် စာရင်းများကိုပြသဖြင့် စာရင်းနှင့် ကုန်ပစ္စည်းများကို စစ်ဆေးပြီးမှ အိပ်ရာဝင်ခဲ့သည်။ နံနက် (၅) နာရီတွင် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ စတင်ထွက်လာခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အင်းစိန်ကမ်းနားရောက်တော့ နံနက် (၆) နာရီထိုးပြီ ဖြစ်သည်။ အလိန်လည်ရွာဘက်သို့သွားမည့် ခရီးသည်များတက်လာကြသည်။ ထိုအထဲတွင် စာရေးလေး ကိုစောနိုင်၏ ချစ်သူ နှင်းဝေဝေလွင်လည်းပါလာသည်။ အင်းစိန်ကမ်းနားမှ ကုန်ပစ္စည်းများထပ်တင်ပြီးထွက်လာကြသည်။ နှင်းဝေဝေလွင်က အဝါရောင်ဝမ်းဆက်လေးဖြင့် လှချင်တိုင်းလှနေတော့သည်။

သင်္ဘောကြီးလည်း စက်သံတဒိုးဒိုးနှင့် ခေါင်းတိုင်မှမီးခိုးတလူလူဖြင့် အလိန်လည်ကျေးရွာဘက်ရှိရာသို့ ခရီးသည်များ၊ ကုန်များတင်၍ မောင်းသွားနေသည်။ မြစ်ထဲတွင် တံငါလှေကလေးများ၊ ကျားပိုက်များ၊ ပိုက်တံချသူများ၊ ပိုက်ကွန်ပစ်သောလှေကလေးများ ဟိုမှဒီသွားလာနေကြသည်။ မြစ်အတွင်းကျက်စားနေသောငှက်တွေကလည်း အုပ်လိုက်ပျံသန်းသွားနေကြသည်။ သင်္ဘောဦးမှထိုးခွဲလိုက်သော ရေလှိုင်းတွေကလည်း သင်္ဘောဘေးတစ်ဖက်တစ်ချက်တွင် ကျွန်ရစ်ခဲ့သည်။ ကမ်းဘေးတွင် ဆိုက်ကပ်ထားသော လှေကလေးတွေသည် သင်္ဘောလှိုင်းကြောင့် လှုပ်ယမ်းကျန်ခဲ့သည်။ ရေပေါ်တွင်ရှုပ်လူးနေသောငါးပျံကလေးတွေကလည်း သင်္ဘောအနားရောက်လာလျှင် လန့်ပြီးအဝေးသို့ပျံပြေးသွားကြသည်။ ရေတက်ဦးဖြစ်သဖြင့် သင်္ဘောသည် တရိပ်ရိပ်ပြေးသွားနေသည်။ ၉.၆လုံးထိုးဒီဇယ်အင်ဂျင်စက်သံကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့နဲ့နေသည်။

ဝါးတစ်ရာကျေးရွာ ဆိပ်ကမ်းမှ မြန်ထွက်လာပြီး ကလိန်ကျေးရွာနားရောက်လာသည်။ ဝါးတစ်ရာကျေးရွာနှင့် ကလိန်ကျေးရွာကြားတွင် ခရီးတောများ၊ ငှက်ပျောတောများကို တွေ့နေရသည်။ ကလိန်ကျေးရွာကျော်လာတော့ နာမည်ကြီး ကလိန်သောင်ကြီးကို ဖြတ်ကျော်လာပြီဖြစ်သည်။ ဧရာဝတီသင်္ဘောကြီးတွေသောင်တင်သော . မြစ်လယ်ကောင်က ကျွန်းတိမ်ဖြစ်သည်။ ကလိန်သောင်ကျော်လာတော့ ထန်းတပင်မြို့ကို လှမ်းမြင်နေရပြီဖြစ်သည်။ ဇရာကြာတွင် ထန်းတပင်မြို့ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်လိုက်သည်။ စွေးသည်လှေကလေးတွေလည်း သင်္ဘောဘေးတွင်လာကပ်ပြီး စွေးရောင်းကြသည်။ စွေးရောင်နေသောစွေးသည်လေးများ၏အသံသည် ပတ်ဝန်းကျင်ကို ဖုံးလွှမ်းလျက်ရှိသည်။

"အစ်မ၊ ကျွန်မကို ခေါက်ဆွဲသုပ် (၂) ထုပ်ပေးပါ၊ အကြော်တစ်ထုပ်နဲ့ ထမင်းတစ်ထုပ်ပေးပါ"

နှင်းဝေဝေလွင်က စွေးသည်ထဲမှ အသုပ်နှင့်အကြော်ခုံ၊ ထမင်းထုပ်များဝယ်ပြီး စာရေးလေးကိုစောနိုင်ကိုခေါ်ပြီး သင်္ဘောဦးပိုင်နေရာလွတ်လေးတွင် စားကြသည်။ သင်္ဘောသားတွေအတွက် ကြက်သားဟင်းဆီပြန်နှင့် ငါးရံတာတပေါ်ချဉ်စပ်အရည်သောက်ဟင်းချက်၏။ ထန်းတပင်ရောက်တော့ (၉)နာရီထိုးပြီး ခါစရှိသေးသည်။

အလိန်လည်ရွာရောက်မှ စားကြမည်ဖြစ်သည်။ အလိန်ရွာသို့ နေ့လယ် (၁၁) နာရီသို့ ဆိုက်ရောက်နေကျ ဖြစ်သည်။ ဒါကြောင့် နှင်းဝေဝေလွင်က ကိုစောနိုင်ဆာနေမှာစိုးသဖြင့် ထန်းတပင်ဆိပ်ကမ်းမှဝယ်ယူလာသော စားစရာများကို တိုစောနိုင်နှင့်အတူ စားနေကြခြင်း ဖြစ်သည်။

"နှင်းကလည်း၊ မောင်မဆာသေးပါဘူး"

"အာ - မနက်ကတည်းက ဘာမှစားရသေးတာမဟုတ်ဘူး။ ငြင်းမနေနဲ့ စားမှာသာ စားစမ်းပါ"

"××× မြစ်ပြင်ကျယ်××× အကွေ့အကောက်မြောက်များစွာသော××× လှေကနှင့်နှိုင်းယှဉ်ရန်မလွယ်×××"

ထိုအချိန်တွင် တွဲတေးသိန်းတန်သီချင်းသံလေးကို ကြားလိုက်သဖြင့် နှင်းဝေဝေလွင်လေးက အဝေးကိုငေးကြည့်နေသည်။

"မောင်ရယ် နှင်းလေ မောင်နဲ့သာ ဝေးရရင် အသက်မရှင်နိုင်ဘူးထင်တယ်။ နှင်းလေ ရင်ထဲမှာသိပ်လေးတာပဲမောင်ရယ်"

"နှင်းရယ် ဒီဘဝမှာ နှင်းတစ်ယောက်တလွဲလို့ ဘယ်သူ့ကိုမှ မောင် မယူပါဘူး နှင်းရယ်။ မောင့်အသက်နဲ့ ထပ်တူ မြတ်နိုးရပါတယ်"

ဟိုးအဝေး မိုးကောင်ကင်ပြာပြာကြီးထဲတွင် တိမ်စိုင်တိမ်လိပ်ကြီးတွေနှင့် တိမ်အရှင်တွေက ဖြည်းညင်းစွာ လွှင့်မျောနေကြသည်။ မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတွေက ချစ်သူနှစ်ယောက်ကို ကျီစယ်သွားသည်။

အောင်မိုးဆန်းသင်္ဘောကလည်း ထန်းတပင်မြို့မှထွက်လာပြီး လမုတန်းလေးရွာ၊ လမုတန်းကြီးရွာလွန်တော့ ကျွန်းညိကြီးကို လှမ်းတွေ့နေရသည်။ ကျွန်းညိကြီးပင်သောင်ခုံပေါ်တွင် ရေဝမ်းဘဲ၊ ဘဲဟင်း၊ ရေစွတ်လီ၊ ရေကြက်၊ မယ်ညို၊ ငှက်ကြီးဝန်ပို၊ ဗျိုင်းဖြူ၊ ဗျိုင်းအောက်၊ ရေညောင့်ငှက်၊ တင်ကျီးငှက်များအုပ်လိုက်ကျပြီးအစာရှာနေကြသည်။ ထိုအချိန်တွင် ကျွန်းညိကြီးအတွင်းမှ တောကျီးကန်းများ တစ်ပြိုင်နက်အော်သံကြားလိုက်ရပြီး တောကျီးကန်းကြီး (၂)ကောင်၊ (၃)ကောင်ဟာ အသံလေးလေးကြီးတွေအော်ပြီး ပျံသန်းသွားကြသည်။ သင်္ဘောလည်း မှောင်းနေရာမှ ရေကြောင်းပြောင်းလိုက်ပြီး ရေနက်ရေစီးကြောင်းရှိသော ကုန်လေးရွာဘက် ကမ်းဘက်သို့ပြောင်းမောင်းလိုက်သည်။ ကုန်လေးရွာလေးကို လှမ်းတွေ့နေရပြီဖြစ်သည်။

ကုန်လေးရွာအနားမရောက်တရောက် လယ်ကွင်းပြင်ကြီးနားတွင် အင်ဂျင်ခန်းဘက်မှ ဒိုင်း ခေါင်း ခေါင်း ဒုတ် ဒုတ် ဆိုသောအသံများကြားရပြီး သင်္ဘောလည်း သွားနေရာမှအချိန်လျော့သွားသည်။ ဆလင်ကြီးက သင်္ဘောကို ကမ်းသို့ကပ်လိုက်သည်။ သင်္ဘောသားတွေလည်း ကျောက်ဆူးကြိုးတွေချပြီး ကမ်းနားတွင့်ပေါက်နေသောသစ်ပင်ကြီးကို ဦးကြီးပတ်ချည်လိုက်သည်။ သင်္ဘောပဲ့ပိုင်းကြီးကိုတော့ နောက်ဘက်ကမ်းပါးပေါ်တွင်ပေါက်နေသော သစ်ခြောက်ပင်ကြီးတွင်ချည်လိုက်သည်။ ဦးဘက်နှင့် ပဲ့ဘက်ကို ဝါးလုံးများနှင့်(ဂန်ထောက်)ထောက်ထားလိုက်သည်။ ဒါမှ ရေကျလျှင် သင်္ဘော ကမ်းပေါ်သို့ ဘေးတစ်ခြမ်းမတင်မှာဖြစ်သည်။ သင်္ဘောသားတွေလည်း လှုပ်မြန်ကျွမ်းကျင်စွာလုပ်ကြသည်။

"ဘာဖြစ်တာလဲ မောင်တင်ဦးရေ" ဆလင်းကြီးဦးမောင်ဝင်းက စက်ဆရာ ကိုတင်ဦးကို မေးလိုက်သည်။

"ဆလင်ကြီးရေ သတ်ရှုပ်ပြတ်ထွက်သွားတာ။ အပို့ရှုပ်တစ်ခောင်းတော့ ပါ,ပါတယ်။ ဒါပေမယ့် ဂီယာဘောက်ဖြုတ်ရင်ကြာမယ်။ ညဘက် အထိတောင် ရောက်သွားနိုင်တယ်။ ခရီးသည်တွေကို စက်လေ့ဒုးပို့လိုက်ရင် ကောင်းမယ်"

"အေး - ဒါဆို ကုန်လေးရွာထဲက ဦးလှမောင်ရဲ့စပါးတင်တဲ့စက်လှေကြီး သွားငှားကွာ။ ကုန်တွေနဲ့ ခရီးသည်တွေကို ပို့ခိုင်းလိုက်မယ်။ ခရီးကလည်း သိပ်မဝေးတော့တာမှမဟုတ်ဘဲ"

ကိုစောနိုင်နှင့် မောင်မြင့်သိန်းတို့

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် ကုန်းလေးရွာထဲ၌ စက်လှေသွားငှားကြသည်။ စက်လှေကြီးငှားလာပြီး ကုန်များ၊ ခရီးသည်များကို ပြောင်းတင်လိုက်ပြီး ကုန်များကို ကုန်စုံဆိုင်သို့ အပ်ရန် စာရေးလေး ကိုစောနိုင် လိုက်သွားသည်။

"ဒါကြောင့် မောင့်ကို နှင်း ထန်းတပင်မှာ အတင်းစားခိုင်းတာ မှန်သွားပြီ"

"ဟုတ်တယ်၊ မောင်ဒီကပြန်တော့ မှစားရင်ညနေရောက်သွားမှာ။ အလိုက်သိလွန်းတဲ့ မောင်ရဲ့ချစ်သူလေးကို ချစ်ရတာ"

"သွားပါ၊ အပိုတွေ"

ခရီးသည်များနှင့်ကုန်များကို ရွာစဉ်အလိုက်ချပေးထားခဲ့ပြီး အလီန်လည် ရွာတွင်ပါလာသောကုန်ခြောက်များကို လာကြိုသောဆိုင်များမှ အလုပ်သမားများ၊ ဆိုင်ရှင်များကိုအပ်၍ တန်ဆာခယူပြီး စက်လှေနှင့် မိမိသင်္ဘောရှိရာ ပြန်လာခဲ့သည်။ စက်လှေကြီးနေးသဖြင့် ညနေ (၅) နာရီထိုးခါနီးမှ ပြန်ရောက်လာသည်။ စာရေးလေးကိုစောနိုင် ဒီအချိန်လောက်ဆိုလျှင်ပြုပြင်လို့ပြီးပြီထင်နေသည်။သင်္ဘောပေါ် တက်လိုက်တော့ ဒီယာဘောက်က ခွဲထားတဲ့အတိုင်းရှိသေးသည်။

"ဆလင်ကြီး၊ ဘာဖြစ်လို့မပြီးသေးတာလဲ"

"သတ္တရှယ်ထိပ်ကဘောပါကြွေသွားလို့ စက်လှေငှားပြီးမှော်ဘီသွားကြတယ်"

"အင်း - ဒါတော့လည်း ဘယ်တတ်နိုင်မှာလဲ။ ဒီမှာပဲ ညအိပ်ရတော့မှာပေါ့"

"မမှောင်ခင် ထမင်းစားကြမယ်ဟေ့"

"ဘာဟင်းချက်လဲ ဦးမြ"

"ကုန်လေးရွာထဲမှာ ဟင်းစားသွားဝယ်တာ မန်ဒါလီရလာတာနဲ့ ချက်ထားတယ်။ ကင်ပွန်းချဉ်ရွက်ချဉ်ရည်ဟင်းတစ်ခွက်ပါ အရည်သောက်ချက်တယ်။ မနက်တုန်တဲ့ကြက်သားနဲ့ရောချက်ထားတာ"

သင်္ဘောသားတွေလည်း ထမင်းကိုစားကြတာ ခေါင်းပင်မဖော်နိုင်အောင် ဖြစ်သည်။ ဘောလည်ငါးပိမွှေးမွှေးလေးနှင့် တည်းသီးမီးဖုတ်ကလည်း လိုက်ဖက်လှသည်။ တောမှာရသော အတိုအမြွှာပ်အစုံဖြင့်စားရသဖြင့် ထမင်းမြိန်လှသည်။ စားသောက်ပြီးတော့ အတွေးကိုယ်စီဖြင့် ထမင်းလုံးစီနေကြသည်။

သင်္ဘောပေါ်တွင် ဆလင်ကြီးရယ်၊ စာရေးရယ်၊ စက်ဆရာရယ်၊ ထမင်းချက်ရယ်၊ သင်္ဘောသား (၃) ယောက်ရှိပြီး အားလုံးပေါင်း(၇)ယောက်ရှိသည်။စက်ဆရာနှင့် သူတပည့် မှော်ဘီသွားသဖြင့် သင်္ဘောပေါ်တွင် (၅)ယောက်ပဲကျန်ရစ်ခဲ့သည်။

ဆလင်ကြီးက ဘုရားဝတ်ပြုနေသည်။ စာရေးလေးကတော့ စာရင်းတွေတွက်ချက်နေသည်။ သင်္ဘောမှန်အိမ်မီးရောင်သည် မှောင်မည်းနေသောပတ်ဝန်းကျင်တွင် လင်းထိန်နေသည်။ သင်္ဘောသားအချို့လည်း အိပ်နေကြသည်။ မအိပ်နိုင်သေးသူများကတော့ သူတို့၏ဘဝအကြောင်းတွေ တွေးတောနေကြသည်။

ဟိုးအဝေးမှ ဓာတ်စက်သံကြားနေရသည်။ ထိုအချိန်က အလွန်နာမည်ကြီးခဲ့သော နိုင်ငံကျော် တေးရေး၊ တေးဆို၊ ရုပ်ရှင်မင်းသား တို့တေးသိန်းတင်၏ သီချင်းတွေက မြန်မာနိုင်ငံ၏ လေထုထဲတွင် ပျံ့လွင့်နေသောအချိန် ဖြစ်သည်။ တစ်ခေတ်မှာတစ်ယောက်ဆိုရလောက်အောင်ပင် နာမည်ကြီးခဲ့သော အဆိုတော် တို့တေးသိန်းတင်၏ သီချင်းတွေက လေပြည်ထဲတွင် လွင့်မျောပြီးပါလာသည်။

လွမ်းဆွတ်ဖွယ် တေးသီချင်းသံတွေကြားရသဖြင့် စာရေးလေးကိုစောနိုင်လည်း မနက်ကမှ အိပ်ပြန်သွားသော ချစ်သူနှင်းဝေဝေလွင်ကို သတိရတမ်းတနေမိသည်။ ရိုးသားလွန်းသောချစ်သူကို ရင်ထဲတွင် မြတ်နိုးတွယ်တာရသည်။ တဖြည်းဖြည်းနှင့် ညသည် နက်သထက်နက်လာခဲ့ပြီဖြစ်သည်။ စာရေးလေးလည်း ဘုရားဝတ်ပြုပြီး အိပ်ရာဝင်ခဲ့တော့သည်။ အိပ်မက်ထဲတွင် ချစ်သူနှင်းဝေဝေလွင်နှင့် ပန်းခြံထဲတွင်လျှောက်လည်နေကြသည်။ ည (၁၂)နာရီထိုးပြီဖြစ်သည်။ ထိုအချိန်တွင် အုန်း ဆိုသော အသံကြီးကြောင့် သင်္ဘောသားအားလုံး လန့်နိုးသွားကြသည်။ ကိုစောနိုင်လည်း လန့်နိုးသွားသည်။ ကုန်းပေါ်မှ သင်္ဘောပေါ်သို့ မြေကြီးခဲလုံးကြီးဖြင့် ပစ်လိုက်ခြင်း ဖြစ်သည်။ သင်္ဘောကုန်းပတ်အလယ်တွင် မြေကြီးခဲတွေ ပြန့်ကျဲနေသည်။

"အီး ဟီး အီး ဟီး"

ဆိုသောအသံကြီးကို ကုန်းပေါ်မှ ကြားရယဖြင့်ကြည့်လိုက်ရာ ဝက်ပံကြီးတစ်ကောင်အလား ထွားကျိုင်းကာ အမွေးအမှင်တွေနှင့်မည်းမည်းကောင်ကြီးတစ်ကောင် ကုန်းပေါ်တွင် ဟိုဘက်ပြေးလိုက်ဒီဘက်ပြေးလိုက်၊ သစ်ခြောက်ပင်ကြီးပေါ် တက်သွားလိုက်လုပ်နေပြီး ပဲ့ပိုင်းနှင့် ချည်ထားသော ကြီးကြီးကို လည်း လှုပ်ယမ်းနေသည်။ နောက်ထပ် မြေကြီးခဲတွေနှင့် ထပ်ပစ်ပြန်သည်။ ဝုန်းခနဲ ဒိုင်းခနဲနှင့်ဆူညံသွားပြီး မြေကြီးခဲတွေက ပြန့်ကျဲနေသည်။ ချည်ထားသောကြီးကြီးကို အရမ်းဆွဲခါနေ၏။ နီရဲသောမျက်လုံးနှစ်လုံးကလည်း သင်္ဘောပေါ်ရှိ သင်္ဘောသားတွေကို စားမတတ် ဝါးမတတ်ကြည့်နေသည်။ သင်္ဘောသားလေး ဖိုးချိုလည်း ကြောက်ကြောက်နှင့် ကြီးကြီးကို ဓားနှင့်ခုတ်ဖြတ်လိုက်သည်။

အကောင်ကြီးသည် တဖြည်းဖြည်း ပိုဆိုးလာပြီး မြစ်ထဲသို့ပြေးဆင်းပြီး သင်္ဘောပေါ် သို့တက်မည့်ဟန်ပြင်လာသည်။ သူ၏နောက်ဘက်တွင်လည်း အကောင်မည်းမည်းလေးတွေကို တန်းစီရပ်နေတာ ခပ်ရေးရေးမြင်ရသည်။ ကိုစောနိုင် ဦးဆောင်သောသင်္ဘောသားတွေက လေးခွတွေဖြင့် ဝိုင်းပစ်ကြသည်။ အကောင်ကြီးလည်း လေးသီးမှန်သဖြင့် နောက်ပြန်ဆုတ်သွားသည်။ တစ်ညလုံး ပြေးတက်မလို့လုပ်လိုက်၊ သင်္ဘောသားတွေက လေးခွနှင့်ပစ်လိုက်လုပ်နေကြသည်။ ဆလင်ကြီးကတော့ ပရိတ်တွေကို ရွတ်ဆိုနေသည်။ ထိုအချိန် ကျွန်းညီကြီး ဘက်မှ ကျီးပြုံသံကြားလိုက်ရပြီး ဦးကြီး ချည်ထားသောသစ်ပင်မှ အလင်းရောင်ကြီးလက်ခနဲဖြစ်သွားပြီး ကမ်းပါးပေါ်ခုနပေါက်ပြေးလွှားနေသော အကောင်ကြီးရော သူ့နောက် မည်းမည်းအကောင်လေးတွေပါ ဖျတ်ခနဲပျောက်သွားတော့သည်။အချိန်ကိုကြည့်လိုက်တော့ အရှေ့ဘက်ကောင်းကင်တွင် အလင်းရောင်များပျို့လာပြီ ဖြစ်သည်။ မနက်မိုးလင်းလို့ကြည့်လိုက်တော့ သင်္ဘောပေါ်တွင် မြေကြီးခဲတွေပြန့်ကျဲနေသဖြင့် ရှင်းလင်းကြရသည်။ သင်္ဘောသားလေးဖိုးချိုကြောက်ကြောက်နှင့် ဓားဖြင့်ခုတ်လိုက်တာ ကြီးကိုမဟုတ်ဘဲ သင်္ဘောလက်ရန်းကိုဖြစ်နေသည်။ဓားရာက လက်ရန်းသံသားထဲတွင် တွေ့နေရသည်။

ထမင်းချက်ဦးမြက ညကချက်ထားသော ထမင်းကြမ်းကိုကြော်ပြီး သင်္ဘောသားတွေကို အဆာပြေကျွေးလိုက်သည်။ နံနက် (၁၀) နာရီတော့ ပစ္စည်းသွားဝယ်သော စက်လှေကို ကုတင်ဦးနှင့် အောင်ထွေးတို့ (၂)ယောက် စက်

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေနှင့် စက်လှေစီးပြီးပြန်ရောက်လာကြသည်။

"ဒီလောက်ကြာတာ ဘယ်မှာ တောင်သွားဝယ်နေလို့လဲ"

"ဆလင်ကြီးရေ့ မော်ဘီမရှိလို့ ရန်ကုန် အထိတက်ဝယ်ရတယ်။ ကျွန်တော်တို့ မင်းရွာကမ်းနားကနေ မြင်းလှည်းစီးပြီး မော်ဘီမြို့ထဲသွားဝယ်တာ ဝယ်နေကျဆိုင်က ပစ္စည်းကုန်နေလို့ ရန်ကုန် ပုဇွန်တောင်ကြက်တန်းမှာသွားဝယ်ရတယ်။ ပြတ်သွားတဲ့သတ်ရုပ်ကို လည်း အုံနာကတစ်ခါတည်းဆက်သွားခိုင်းလို့ အုံနာအိမ်နားက တွင်ခုံမှာပဲ ဆက်လိုက်တယ်။ နတ်စင်လမ်းအောက်လမ်းက ဦးအေးတွင်ခုံလေ၊ သိတယ် မဟုတ်လား။ အုံနာအိမ်မှာပဲအိပ်ပြီး ဒီမနက်မှပြန်လာရတယ်"

"အေးကွာငါတို့ညကတစ်ယောက် မှမအိပ်လိုက်ရဘူး"

"ဘာဖြစ်လို့လဲ ဆလင်ကြီးရဲ့"

"ဟိုသစ်ခြောက်ပင်ကအကောင် ပေါ့ကွာ။ ငါတို့ကို တစ်ညလုံးနှောင့်ယှက်နေတာ မိုးလင်းခါနီးမှ ဦးကြီးချည်တဲ့ သစ်ပင်ကြီးက အလင်းရောင်ကြီး လက်ခနဲဖြစ်သွားမှ အကောင်ကြီးလည်း ပျောက်သွားတယ်။ သတ်ပေါ်တက်ဖို့ ကြိုးစားနေတာ မောင်စောနိုင်တို့အဖွဲ့ကလည်း လောက်လေးတွေ့ရုံပြန်ပစ်လို့ သာပေါ့ကွာ။ နို့မိုဆို မတွေးရဲဘူး။ မြန်မြန်ပြင်ပြီးရင် သွားကြမယ်"

"ပစ္စည်းစုံနေတော့ သိပ်မကြာတော့ပါဘူး"

"ဦးမြ၊ ဟင်းရန်အတွက်ဘာရှိလဲ"

"ဘာမှမဝယ်ရသေးဘူး ဆရာလေး"

"ဟိုမှာ တံငါလှေလေးတွေ၊ ငါးဟောင်းဝယ်ရအောင်"

"ဗျို့ - ဆရာကြီး၊ ဟင်းစားလေးရအောင် ရောင်းပေးပါ"

စာရေးလေး ခေါ်လိုက်သဖြင့် တံငါလှေလေးလည်း သတ်ဘောအေးသို့ ကပ်လာသည်။

"ဆရာကြီး ဘာတွေရချင်လဲခင်ဗျ"

"ငါးသလောက်တွေရထားတယ်၊ ကတ်ကင်းငါးသလောက်တွေစား၊ ချို ချာချိုပဲ၊ အစ်ကိုဘယ်လောက်ယူမှာလဲ"

"ကျွန်တော် တစ်ပိဿာလိုချင်တယ်"

"ကျွန်တော့်မှာ အလေးချိန်ခွင် တွေမပါဘူး။ (၅)ကောင်ယူဗျာ၊ (၂)ကျပ်ပေးပါ"

စာရေးလေးလည်း ငါးသလောက် ငါးကောင်ဝယ်ယူလိုက်ပြီး ထမင်းချက်ကြီး ဦးမြကိုပေးလိုက်သည်။

"ဒါနဲ့ သတ်ဘောဆရာတို့၊ ဒီနားမှာ ရပ်တာ ညက ဘာမှမဖြစ်ဘူးလား"

တံငါလှေမှဆရာကြီးကမေးလာသဖြင့် စာရေးလေးကိုစောနိုင်က ညက အဖြစ်အပျက်အကြောင်းကို ပြောပြလိုက်သည်။

"ဟုတ်တယ်၊ ဒီနေရာမှာပျက်တဲ့ သတ်ဘော၊ သမ္မန်တိုင်း အဲဒီအဖြစ်အပျက် ဖြစ်ကြတယ်။ အကြောင်းကတော့ ဒီသစ်ခြောက်ပင်ကြီးကြောင့်ပဲဖြစ်တယ်။ ဒီသစ်ခြောက်ပင်ကြီးဟာ ကျပန်ခေတ်က အပြစ်ရှိတဲ့သူတွေကို ဒီမှာ အဆုံးစီရင်တာတဲ့။ ဒါကြောင့် မကျွတ်မလွတ်တဲ့သူတွေရှိတယ်။တော်တော်ကြီးတဲ့အကောင်ကြီး။ အတင့်ရဲတယ်လို့လည်းပြောကြတယ်။ ညဘက် ငါးဖမ်းတဲ့ တံငါလှေတွေလည်း ဒီနားရောက်ရင် အခြောက်ခံရတယ်ပြောကြတယ်။ အချို့ဆို ရေကူးပြီးလိုက်လို့ လှော်ပြေးကြရတယ်လို့ ပြောကြတယ်။ ဒါကြောင့် ကျွန်တော် ဒီနားမှာ ငါးလာမရွာတာ။ အခုလည်း ရွာကိုပြန်တော့မလို့ ဆရာကြီးတို့ သတ်ဘောကလှမ်းခေါ်လို့လာတာ။ တစ်ယောက်တည်းဆို နေ့ခင်းတောင် ဒီသစ်ခြောက်ပင်ကြီးနားမလာရဲဘူး။ဆရာကြီးတို့လည်း ပြုပြင်ပြီးရင် မြန်မြန်ထွက်ကြပါ"

စာရေးလေး ကိုစောနိုင်တို့လည်း သတ်ဘောဦးကြီးရော ပဲ့ကြိုးပါဖြုတ်လိုက်ပြီး ရေလယ်တွင် ကျောက်ချပြီးနေလိုက်သည်။ နေ့ခင်း(၁)နာရီခွဲလောက်တွင် ပြင်ဆင်လို့ပြီးသွားသဖြင့် နှစ်အောင်မိုးဆန်းသတ်ဘောလည်း အလိန်လည် ကျေးရွာသို့ မောင်းလာတော့သည်။

❑

"အေးဗျာ - ကိုစိန်သောင်းပြောပြတဲ့ဇာတ်လမ်းလေးက ကောင်းတယ်ဗျာ။ ကျွန်တော်ရေးမယ်နော်"

"ရေးပေါ့ ကိုဆောင်းဦးရယ်၊ ကိုဆောင်းဦးရေးဖို့ပြောပြတာပဲ"

စာရေးသူတို့လည်း ကိုစိန်သောင်း၏တိုယိုတာဘယ်တာကားအပြာနရောင်လေးဖြင့် သုခရိပ်လက်ဖက်ရည်ဆိုင်သို့ ချီတက်သွားကြသည်။

ကိုဆောင်းဦး
(အလိန်လည်ကျေးရွာ)

ဒူလာပန်းသေရောဂါ

အောင်သိန်းဝင်း (ပွင့်ငြူ)

ယောကျ်ားများတွင် အသက်ကြီးခြင်း၊ ကာမဂုဏ်လွန်ကြူးခြင်း၊ စိတ်ဖိစီးမှုများပြားခြင်း၊ အလုပ်ပင်ပန်းခြင်း၊ အညောင်းထိုင်များခြင်း၊ အိပ်ရေးပျက်များခြင်း၊ အာဟာရချို့တဲ့ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုနည်းခြင်းတို့ကြောင့် ဒူလာပန်းသေရောဂါဖြစ်တတ်သည်။

ထိုအဖြစ်မျိုးမှကင်းဝေးရန် -

၁။ ကာမဂုဏ်ကို လိုသည်ထက်ပိုမလိုက်စားနှင့်၊ မလွန်ကြူးနှင့်။

၂။ အလုပ်ကို လောဘမကြီးနှင့်၊ အနားယူလုပ်ပါ။

၃။ စိတ်ဖိစီးမှုသက်သာရန် ခရီးထွက်ခြင်း၊ ပင်လယ်ကမ်းခြေတွင် အပန်းဖြေခြင်း၊ ဘုရားဖူးထွက်ခြင်းပြုလုပ်ပါ။

၄။ အညောင်းထိုင်လုပ်ရသောအလုပ်ကိုလျှော့ပါ။ သင့်တော်သောကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။

၅။ မျှတသော အစာအာဟာရကို မှီဝဲပါ။

၆။ တစ်ကိုယ်ရေသန့်ရှင်းမှုကိုဂရုစိုက်ပါ။

၇။ အိပ်ရေဝအိပ်ပါ။ အိပ်ပျက်မခံနှင့်။

ဆေးဝါးဖော်စပ်သုံးစွဲရန် -

၁။ လင်းဆွဲကို ရှိန်းခိုသုတ်၊ မီးကင်စားပါ။

၂။ ဆိတ်ဘော (ဗိုက်တင်ဘော) ကို-ဟင်းချက်စားပါ။

၃။ စာကလေးကို ထောပတ်သုတ်၍ ကြော်စားပါ။

၄။ ငှက်ပျောသီး၊ ကြက်ဥ၊ နွားနို့၊ ထောပတ်၊ သကြား၊ ပျားရည်နှင့် စုပေါင်းကျိုစားပါ။

၅။ ဒွေလေးယားစေ့အခြောက်ကို လှော်၍ အမှုန့်ထောင်းပြီး သကြား၊ ထောပတ်နှင့်ကြော်စားပါ။

၆။ ညအိပ်ရာဝင်ချိန် နွားနို့စစ်စစ်ပူပူကို သကြား၊ ကြက်ဥအစိမ်းနှင့် မွှေခေါက်သောက်ပါ။

အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါက ဒူလာပန်းသေရောဂါလုံးဝပျောက်ကင်းနိုင်ပါသည်။

အောင်သိန်းဝင်း (ပွင့်ငြူ)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမီးရထားသမိုင်းနိဒါန်း

ခရစ်နှစ် ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၌ ဗြိတိသျှတို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ရာတွင် ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် ဗြိတိသျှတို့၏လက်အောက်သို့ကျရောက်ခဲ့ရသည်။ ထိုအချိန်ကာလမှစ၍ အောက်မြန်မာနိုင်ငံကို ဗြိတိသျှဘားမားဟု ခေါ်တွင်ခဲ့ပါသည်။ ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် အောက်မြန်မာနိုင်ငံမှ ထွက်ကုန်များဖြစ်ကြသည့် ဆန်စပါး၊ ကျွန်းသစ်၊ ရော်ဘာနှင့် တွင်းထွက်သယံဇာတများဖြစ်ကြသည့် ဓာတ်သတ္တုများကို တွင်ကျယ်စွာ ထုတ်လုပ်တင်ပို့၍ လည်းကောင်း၊ အင်္ဂလန်နိုင်ငံမှထုတ်လုပ်သောကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့သွင်းယူခဲ့ပြီးနောက် တွင်ကျယ်စွာ ဖြန့်ချိ၍ လည်းကောင်း အင်္ဂလန်နိုင်ငံအတွက် အကျိုးအမြတ်အများပြားကိုခံစားနိုင်ရန်အတွက် ဗြိတိသျှတို့က အားထုတ်လုပ်ကိုင်ခဲ့ကြပါသည်။

ဗြိတိသျှတို့ သိမ်းပိုက်ထားသည့် ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် ဆန်စပါးအကြီးအကျယ်ထွက်ရှိသောဒေသများဖြစ်ကြပါသည်။ သို့သော် မြန်မာဘုရင်များလက်ထက်က ဆန်စပါးကို ပြည်ပပို့ကုန်များအဖြစ်နှင့် စိုက်ပျိုးကြခြင်းမရှိကြကာ ပြည်တွင်းစားသုံးမှုများအတွက်သာ စိုက်ပျိုးခဲ့ကြပါ၏။ အထက်မြန်မာနိုင်ငံကို အုပ်ချုပ်နေသော မြန်မာဘုရင်တို့သည် အမြတ်အစွန်းရရှိနိုင်ကြသောကုန်ပစ္စည်းများကို တိုင်းတစ်ပါးသို့ တင်ပို့ရောင်းချခြင်းမပြုရ။ အထူးသဖြင့် ဆန်စပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းမပြုရဟု ပိတ်ပင်တားမြစ်ခဲ့ကြပါသည်။ ဗြိတိသျှတို့အုပ်ချုပ်စိုးမိုးခဲ့သည့် အောက်မြန်မာနိုင်ငံ၌ ဆန်စပါးကို ပြည်ပသို့ တင်ကျယ်စွာတင်ပို့နိုင်သည့်အထိ တိုးချဲ့စိုက်ပျိုးရန် အားထုတ်ခဲ့ကြပါသည်။

ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို မသိမ်းပိုက်မီလာလ ခရစ်နှစ် ၁၈၅၀ - ၅၁ ခုနှစ်၌ ဆန်စပါးဈေးမှာ တင်းတစ်ရာလျှင် အိန္ဒိယသုံးငွေ (၁၅) ရူပီးသာရှိခဲ့ရာမှ ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် ခရစ်နှစ် ၁၈၅၂ - ၅၃ ခုနှစ်တွင် (၃၅) ရူပီးသို့ လည်းကောင်း၊ ခရစ်နှစ် ၁၈၅၅ - ၅၆ ခုနှစ်၌ တင်းတစ်ရာလျှင် (၅၃) ရူပီးငွေသို့ လည်းကောင်း ထိုးတက်သွားခဲ့ပါသည်။ သို့သော် အောက်မြန်မာနိုင်ငံမှာ လူဦးရေအလွန်နည်းပါးသည်ကတစ်ကြောင်း၊ ဆန်စပါးကို အိမ်တွင်းစားသုံးရန်အတွက်သာ ဦးစားပေးစိုက်ပျိုးကြခြင်းက လည်းကောင်း၊ မြန်မာနိုင်ငံ



ခရစ်နှစ် ၁၈၇၅ က ရန်ကုန်မြို့ အထပြာဘုရားထပ်၏ မြင်ကွင်းမှတ်တမ်းဓာတ်ပုံ

ခရစ်နှစ် ၁၈၆၉ က ရန်ကုန်မြို့ ကုန်သည်ထပ်၏မြင်ကွင်းမှတ်တမ်းဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

အောက်ပိုင်းတွင် လမ်းပန်းအဆက်အသွယ်များ မကောင်းကြသည်ကတစ်ကြောင်း၊ စိုက်ပျိုးကြသည့် ဆန်စပါးကမှာလည်း ငြိတိသျှတို့မျော်မှန်းထားသလောက် လျင်လျင်မြန်မြန် တိုးတက်လာခြင်းမရှိခဲ့ကြပါ။

ငြိတိသျှတို့ အောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့စဉ်ကာလက အောက်မြန်မာနိုင်ငံ၏လမ်းပန်းဆက်သွယ်ရေးမှာ မြစ်ချောင်းများမှတစ်ဆင့်သွားလာကြသလို မြင်းတို့ဖြင့်သာသွားလာနိုင်ကြပြီး လှည်းတို့ဖြင့်မသွားနိုင်သည့် မြေလမ်းများသာရှိကြပါ၏။ ထိုလမ်းများသည် နွေရာသီ၌သာ အသုံးပြုနိုင်သော လမ်းများဖြစ်ခဲ့ကြပြီး စနစ်တကျဖောက်လုပ်ထားခဲ့သော ကုန်းလမ်းများမရှိခဲ့ကြပါ။ ယင်းသို့ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းခဲ့သောကြောင့် ရန်ကုန်မြို့မှ ရေလမ်းခရီးမိုင် (၂၈၀) ခန့် ကွာဝေးသော သရက်မြို့သို့ (၁၂)ရက်မျှလည်းကောင်း၊ ရန်ကုန်မြို့မှ ခရီးမိုင်(၃၀၀)ခန့်ကွာဝေးသော အောက်မြန်မာနိုင်ငံ၏နယ်စပ်မြို့ဖြစ်သည့် တောင်ငူမြို့သို့ (၁၅) ရက်မှ ရက်(၂၀)အထိ လည်းကောင်း ကြာမြင့်အောင် ခရီးသွားခဲ့ကြရပါသည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေးခရီးစရိတ်များကလည်း ကြီးမားခဲ့ကြပါသည်။

ဥပမာအားဖြင့် သာယာဝတီခရိုင် သုံးဆယ်မြို့နယ်မှထွက်ရှိသောဆန်စပါးများကို ရန်ကုန်မြို့သို့ သယ်ယူပို့ဆောင်ရာတွင် ရွှေဦးစွာ သုံးဆယ်မြို့မှ (၅)မိုင်ခန့်ကွာဝေးသောလှိုင်မြစ်သို့ လှည်းလမ်းခရီးဖြင့်သယ်ယူရမည်ဖြစ်ရာ လှည်းခမှာ တစ်တန်လျှင် နှစ်ရူပီးနှင့် ငါးမူးခန့်ကျသင့်ခဲ့ပါသည်။

စကားချပ် - မီးရထားလမ်းများဖွင့်လှစ်ခဲ့ပြီးနောက် သုံးဆယ်မှ ရန်ကုန်သို့ စပါးတင်း (၁၀၀) ကို သယ်ယူပို့ဆောင်ခမှာ (၅) ရူပီးနှင့်တစ်မတ်သာကျသင့်ခဲ့ပါ၏။

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်တို့မှာလည်း မြင့်မားခဲ့ကြပါသည်။ ခရစ်နှစ် ၁၈၇၄ တွင် တောင်ငူမြို့၌ စပါးတင်းတစ်ရာလျှင် (၃၅)ရူပီးငွေနှင့် ရူပီးငွေ(၄၀)ဈေးနှုန်းများရှိနေခဲ့၍ ရန်ကုန်တွင် စပါးတင်းတစ်ရာလျှင် (၉၅) ရူပီးငွေရှိနေခဲ့ပါသည်။ သို့ဖြစ်လေရာ ဆန်စပါးစိုက်ပျိုးရေးကဏ္ဍမှာ ငြိတိသျှတို့မျော်မှန်းထားသလောက် တစ်ရှိန်ထိုး တိုးတက်လာခြင်းများမရှိခဲ့ပါ။ သို့သော် ငြိတိသျှတို့ အောက်မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့ပြီးနောက် နှစ်အနည်းငယ်အကြာ ခရစ်နှစ် ၁၈၆၉ ခုနှစ်၌ စူးအက်တူးမြောင်းဖောက်လုပ်ပြီးစီးသွားခဲ့ရာ ဥရောပနှင့် အာရှနိုင်ငံများ၏ ခရီးလမ်းပန်းဆက်သွယ်မှုမှာလည်း သိသိသာသာကြီးခရီးကြုံခဲ့ရပါသည်။ စူးအက်တူးမြောင်းဖွင့်လှစ်ခဲ့ပြီးနောက် ခရစ်နှစ် ၁၈၇၁တွင် အင်္ဂလန်နိုင်ငံမှ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ပင်လယ်ကူးသင်္ဘောသုံးစင်းမှာ မြန်မာနိုင်ငံသို့ တိုက်ရိုက်ဆိုက်ရောက်လာခဲ့ပြီး မြန်မာနိုင်ငံမှဆန်များကို ပြန်လည်၍ တင်ဆောင်သွားခဲ့ပါသည်။ ထို့နှစ်နှောင်းပိုင်းတွင် ကုန်တင်သင်္ဘောများသည် စကော့တလန်နိုင်ငံ ဂလပ်(စ်)



ခရစ်နှစ် ၁၉၃၅ က မြန်မာနိုင်ငံမီးရထားရဲ့ချော်ကြိုး၏ မှတ်တမ်းဓာတ်ပုံ

ရန်ကုန်-ပြည် မီးရထားလမ်းရဲ့
တံတားအမှတ် (၃၇၉) မိုးသာအောင်ကုန်းတံတားကြိုး၏ မှတ်တမ်းဓာတ်ပုံ

ရန်ကုန်-ပြည် မီးရထားလမ်းရဲ့
တံတားအမှတ် (၂၇၃) မင်းဇလုတံတားကြိုး၏
မှတ်တမ်းဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်-မြဝတီ မီးရထားလမ်း ဖွင့်လှစ်ခဲ့ပြီးစောက် ခရစ်နှစ် ၁၈၇၈ က ရန်ကုန်ပြို့ ကမ်းနားလမ်း၏ မြင်ကွင်းမှတ်တမ်းတင်ပုံ

ခရစ်နှစ် ၁၈၅၅ က ရန်ကုန်ပြို့ ဦးဗိဘီသရုဏ်၏ မြင်ကွင်းမှတ်တမ်းတင်ပုံ

စဂိုပြို့မှ မြန်မာနိုင်ငံသို့ ပျံမြေ့ တစ်လလျှင်တစ်ကြိမ် လစဉ်မှန်မှန်ဝင်ထွက်ခဲ့ပါသည်။ ဤသို့ ဆန်စပါးများ အနှစ်အသိမ်းများလာသည့်အခါမှ အောက်မြန်မာနိုင်ငံမှ လယ်သမားကြီးများက ဆန်စပါးကို ပိုမိုစိုက်ပျိုးလာခဲ့ကြပါသည်။ ဗြိတိသျှတို့ကလည်း အိန္ဒိယနိုင်ငံမှ အိန္ဒိယလူမျိုးများကိုလည်းကောင်း၊ တရုတ်ပြည်မှ တရုတ်လူမျိုးများကို လည်းကောင်း၊ အထက်မြန်မာနိုင်ငံမှ ရှမ်းနှင့် ဗမာတိုင်းရင်းသားများကို လည်းကောင်း အောက်မြန်မာနိုင်ငံတွင် လာရောက်စိုက်ပျိုးနေထိုင်ကြရန် နည်းမျိုးစုံတို့ဖြင့် မြှူဆွယ်ခဲ့ကြပါသည်။

ဤသို့အားဖြင့် အောက်မြန်မာနိုင်ငံ၏ ဆန်စပါးအထွက်နှုန်းမှာလည်း သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဆန်စပါးနည်းတုပင် သစ်မျိုးစုံ၊ ချည်စသောကုန်ပစ္စည်းများကိုလည်း နိုင်ငံရပ်ခြားသို့ တိုးတက်တင်ပို့ခဲ့ကြပါသည်။ ပို့ကုန်များလည်း တိုးချဲ့တင်ပို့ခဲ့သလို အထည်အလိပ်၊ ကျောက်မီးသွေး၊ သကြား၊ ဖန်ထည်၊ မြေထည် စသည့် ကုန်ပစ္စည်းများကိုလည်း ဗြိတိသျှတို့သည် နိုင်ငံရပ်ခြားမှ မှာယူတင်သွင်းခဲ့ကြပါ၏။

ကုန်ပစ္စည်းတင်ပို့ခြင်းတို့တိုးတက်လာသည်နှင့်အမျှ ယင်းကုန်ပစ္စည်းများကို တွင်ကျယ်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ခရီးလမ်းပန်းဆက်သွယ်မှုတို့က သိသာစွာ နှေးကွေးခဲ့ပါသည်။ ခရစ်နှစ် ၁၈၇၀ တွင် အောက်မြန်မာနိုင်ငံ၌ ကုန်လမ်းခရီး (၇၀၉) မိုင်ကို လည်းကောင်း၊ ခရစ် နှစ် ၁၈၇၂ - ၇၃ တွင် (၈၁၅) မိုင်သို့ လည်းကောင်း တိုးချဲ့ဖောက်လုပ်ခဲ့ပါ၏။ ခရစ်နှစ် ၁၈၃၀ တွင် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်၏ရေးသားဖော်ပြချက်အရ မြို့ကြီးများပြင်ပ၌ တံတားများ စနစ်တကျ တည်ဆောက်ထားပြီး ရာသီမရွေးသွားလာနိုင်သည့် ကျောက်ခင်းလမ်းများမှာ အောက်မြန်မာနိုင်ငံ၌ (၂၉၂) မိုင် ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကုန်ပစ္စည်းများကို အစုန်၊ အဆန် တွင်ကျယ်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး၌ လျင်မြန်ထိရောက်သော မီးရထားသယ်ယူပို့ဆောင်ရေးကို ထူထောင်ရန် လိုအပ်လာပါသည်။ ထိုသို့ မီးရထားလမ်းများ ဖောက်လုပ်လျှင် မီးရထားဖြင့် သယ်ယူပို့ဆောင်ရေးကို တည်ထောင်ပေးလိုက်လျှင် ခရီးလမ်းပန်းဆက်သွယ်မှုမှာ တိုးတက်ကောင်း မွန်လာသည်ကို အကြောင်းပြု၍ အထက်မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှလူများ လာရောက် နေထိုင် စိုက်ပျိုးမှုများပြုလုပ်လာကြမည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍသည် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ဤသို့အားဖြင့် မီးရထားလမ်းများဖောက်လုပ်ရန် စီးပွားရေးရှုထောင့်မှ တွက်ဆကြဲစည်ကြခြင်းလည်းဖြစ်ပါ၏။

ထို့ပြင် အောက်မြန်မာနိုင်ငံ၌ မီးရထားလုပ်ငန်းကို တည်ထောင်ပေးခြင်းအားဖြင့် ကုန်းလမ်းခရီးများတွင် နွားလှည်း၊ မြင်းလှည်းများကိုသာအသုံးပြုနေကြသော မြန်မာဘုရင်လက်အောက်ခံ အထက်မြန်မာနိုင်ငံမှ ပြည်သူများက ဗြိတိသျှအုပ်ချုပ်ရေးတွင် ပါဝင်သည့် အရင်းရှင်စနစ်ကိုအထင်ကြီးပြီး အားတက်လာကြမည်ဖြစ်သည့်အပြင် ကုန်းလမ်းနှင့် ရေလမ်းတို့ကိုပါ ပိုင်ပိုင်နိုင်နိုင် ထိရောက်စွာ အသုံးပြုနိုင်တော့မည်ဖြစ်၍ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက်လည်းကောင်း၊ သူကျွန်မခံလိုကြသော တော်လှန်ရေးအင်အားစုများအား တွန်းလှန် နှိမ်နင်းရာတွင် လည်းကောင်း များစွာ ထိရောက်သွက်လက်လာမည်လည်း ဖြစ်ပါ၏။

ဤကား မီးရထားလမ်းများ ဖောက်လုပ်ပေးခြင်းအားဖြင့် သက်ရောက်လာကြမည့် အကျိုးတရားများကို ဗြိတိသျှတို့က နိုင်ငံရေးရှုထောင့်မှ တွေးခေမြော်မြင်ကြခြင်းလည်းဖြစ်ပါ၏။ စစ်ရေးရှုထောင့်မှ သုံးသပ်ပြန်လျှင်လည်း အထက်မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးသော မြန်မာဘုရင်က စစ်ရေးအ

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်လာနိုင်ရန် အလားအလာအလွန်နည်းပါးသည်ကိုလည်း ဗြိတိသျှတို့က ဝေဖန်သုံးသပ်ခဲ့ပါသည်။ သို့သော်လည်း အကယ်၍ မြန်မာမင်းတို့က စစ်ရေးအရ တိုက်ခိုက်လာလျှင် မြန်မာ့ဘုရင်တပ်များသည် ရောတီမြစ်ကြောင်းမှသာ စုန်ဆင်းလာဖွယ်ရာရှိပါသည်။ ဗြိတိသျှတပ်များက လိုအပ်လျှင် ပြည်မြို့အထက် ရောတီမြစ်၏ တစ်ဖက်ကမ်းမှနေ၍ ခုခံတိုက်ခိုက်ရန်ဖြစ်သည်။ ပြည်မြို့သို့ မီးရထားလမ်းဖောက်လုပ်ထားခြင်းကြောင့် ဗြိတိသျှတို့အတွက် ကုန်းလမ်းနှင့် ရေလမ်းတို့ကိုပါ အပိုင်အနိုင်အသုံးပြုနိုင်မည်ဖြစ်၍ စစ်ရေးစစ်ရာလှုပ်ရှားမှုများတွင် အထူးလျင်မြန်စွာဖြင့် ထိရောက်မှုရှိနိုင်လိမ့်မည်ဟု ဗြိတိသျှတပ်များက ဝေဖန်သုံးသပ်ခဲ့ကြပါသည်။

ထို့ပြင် အထက်မြန်မာနိုင်ငံတွင် အကြောင်းတစ်ခုခုကြောင့် မငြိမ်သက်မှုများဖြစ်ပွားလာပါက ဗြိတိသျှတပ်များတပ်ဆုတ်သည့်အခါ စစ်ပစ္စည်းများကို အိန္ဒိယနယ်စပ်သို့ အလုံးအရင်းနှင့် ပို့ဆောင်ရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်ရာ မီးရထားဖြင့်ပို့ဆောင်ခြင်းကြောင့် တုန်ကျစရိတ်သက်သာသည့်ဒွေကြေးမှာ မီးရထားလမ်းဖောက်လုပ်ခဲ့၍ ကုန်ကျသည့်ဒွေကြေးနှင့် ညီတူညီမျှဖြစ်ခဲ့သည်ကိုလည်း ဗြိတိသျှတို့အနေဖြင့် သုံးသပ်ခဲ့ပါသည်။ အထက်ပါ အကြောင်းရပ်များကြောင့် ရန်ကုန်မှ ရောတီမြစ်ကမ်းခြေ အရေးပါအရာရောက်သည့် ပြည်မြို့သို့ (၁၆၁) မိုင်အကွာအဝေးရှိသော မီးရထားလမ်းကိုဖောက်လုပ်နိုင်ရန် ခရစ်နှစ် ၁၈၆၆ မှစ၍ အိန္ဒိယနိုင်ငံအစိုးရက အစဉ်တစိုက်စဉ်းစားခဲ့ပါသည်။ ခရစ်နှစ် ၁၈၈၈ တွင် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ကုန်ကျစရိတ်များကို တွက်ချက်၍ အောက်မြန်မာနိုင်ငံ ဗြိတိသျှတို့၏ မဟာမင်းကြီး ဆာအက်(ရှ်)လေအေဒ်က အိန္ဒိယအစိုးရထံသို့ တင်ပြအစီရင်ခံခဲ့ပါသည်။

ယင်းအဆိုပြုချက်ကို ခရစ်နှစ် ၁၈၇၄ စက်တင်ဘာလတွင် အိန္ဒိယအစိုးရမှ လက်ခံခဲ့ပြီး အထူးစီမံကိန်းတစ်ရပ်အနေဖြင့် ချက်ချင်းစတင်၍ အကောင်အထည်ဖော်ရန်နှင့် ကုန်ကျငွေတို့များကို အထူးရန်ပုံငွေမှ ကျခံသုံးစွဲရန် ခွင့်ပြုလိုက်ပါသည်။ အောက်မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော မီးရထားလမ်းဖြစ်သည့် ရန်ကုန် - ပြည်ရထားလမ်းကိုဖောက်လုပ်ရာတွင် မိတ္ထီလာ(ခ်)ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပါသည်။ တစ်မိတ္ထီလာအကျယ်ရှိသည့် မီးရထားလမ်းကို ဖောက်လုပ်ရခြင်းမှာ အောက်ပါ အကြောင်းနှစ်ရပ်ရှိပါ၏။

၁။ ဒွေကြေးအကုန်အကျသက်သာခြင်း။

၂။ ထိုကာလက အိန္ဒိယနှင့် ဆုဘလေပြည်နယ်သို့ မီတာဂိတ်(ခ်)မီးရထားဖောက်လုပ်ရန်အတွက် မီတာဂိတ်(ခ်)ရထားလမ်းနှင့် ဆက်စပ်သည့် ပစ္စည်းများသည် ကရာခီမြို့တွင် အသင့်ရှိနေခဲ့ပြီးဖြစ်သဖြင့် ထိုရထားလမ်းနှင့်ဆက်နွယ်သည့်ပစ္စည်းများကို အောက်မြန်မာနိုင်ငံသို့ တင်ပို့ပေးလိုက်ခြင်းအားဖြင့် မီးရထားလမ်းဖောက်လုပ်နိုင်ရန်အတွက် ပိုမိုထိရောက်လွယ်ကူစေပါသည်။

ရန်ကုန် - ပြည်မီးရထားလမ်းကို လက်တွေ့စတင်ဖောက်လုပ်ရာ၌ ရထားလမ်းကူးတံတားများ အသင့်ခင်းထားပြီးဖြစ်သော ရန်ကုန် - ပြည်ကုန်းလမ်း(မြေလမ်း)ပေါ်၌ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုမြေလမ်းမကြီးမှာ မိုင်(၁၀၀) ခန့်ရှိ၍ ရထားလမ်းအစွန်းနှစ်ဖက်တွင် ပေ(၃၀)ခန့်စီ မြေထပ်မံဖို့၍ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ထိုမြေလမ်း မိုင်(၁၀၀) ခန့်နှင့် အသင့်စုပုံပြီးဖြစ်သော အိန္ဒိယသုံးဒွေရှစ်း (၁၇၀,၀၀၀) တန်ဖိုးရှိသော ရထားလမ်းခင်းကျောက်များကို အသုံးပြုခဲ့ရသည့်အတွက်ကြောင့် ဒေသခံအစိုးရသို့ မီးရထားလမ်းနှင့်ယှဉ်လျက်၊ မော်တော်ယာဉ်လမ်းတစ်လမ်းကိုဖောက်လုပ်နိုင်ရန်အတွက် မီးရထားအာဏာပိုင်များက ရှစ်းဒွေ (၅၀၀,၀၀၀)ကို ပြန်လည်၍ ပေးအပ်ခဲ့ရပါသည်။

ရန်ကုန်-ပြည် ရထားလမ်းဖောက်လုပ်ခဲ့ရာတွင် လုပ်အားခငွေကြေးသက်သာစွာဖြင့်လုပ်ကိုင်နိုင်ကြသော အိန္ဒိယလူမျိုးအလုပ်သမားများကို ခေါ်ယူအသုံးပြုခဲ့ပါသည်။ ပြည်မြို့အနီး ရထားလမ်းဖောက်လုပ်ရာ၌ ပြည်မြို့တောင်ဘက် သရေခေတ္တရာမြို့ဟောင်းကြီး၏ရွှေတံခါးခေါ် မြို့ပေါက်အနီးနှင့် မထောရွာအနီးနတ်စင်ကုန်း (ယခု ရထားလမ်းကူးတံတားအမှတ်- ၄၆၁) နှစ်နေရာတို့တွင် သရေခေတ္တရာမြို့နှစ်ဟောင်းကြီးကိုဖြို၍ ဖောက်လုပ်ခဲ့ရသည်။ အမှန်စင်စစ် ရထားလမ်းကူးတံတားများကို အသင့်ဆောက်လုပ်ထားပြီးသော မြေဖို့လမ်းပေါ်တွင် တပ်ဆင်ထားသည့် ရထားသံလမ်းများနှင့် ဆက်သွယ်ပေးလိုက်ပါက ဒွေကြေးအရ ကုန်ကျစရိတ်များသက်သာပြီး ရထားလမ်းဖောက်လုပ်ရာတွင် ခရီးတွင်ကျယ်လိမ့်မည်ဟု တွက်ဆခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

သို့ရာတွင် အသင့်ဆောက်လုပ်ထားသော သစ်အခြေခံတံတားကြီးများမှာ ရထားလမ်းအတွက် အနည်းဆုံးလိုအပ်သော အကျယ်(၁၃)ပေထက် ကျဉ်းမြောင်းနေကြပါသည်။ ထို့ပြင် ယင်းတံတားများသည် ရထားဖြတ်ကျော်ခုတ်မောင်းနိုင်ရန်အတွက် တောင့်တင်းခိုင်မာခြင်း အားနည်းနေကြသည်ကို တွေ့မြင်ခဲ့ကြသဖြင့် ယင်းတံတားများကို တောင့်တင်းခိုင်မာအောင် ပြန်လည်၍ ပြုပြင်ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏ပထမဦးဆုံးသော မီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်ရထားလမ်းတွင် စုစုပေါင်း သစ်အခြေခံတံတား (၃၀၈) ခုကို ဆယ်နှစ်မျှကြာအောင် ပြန်လည်၍ ပြုပြင်တည်ဆောက်ခဲ့ပြီး ခရစ်နှစ် ၁၈၈၇ တွင် လုံးဝပြီးစီးသွားခဲ့ပါသည်။

စကားချပ် -

ထိုအခါန်ကာလက တောင်ငူမြို့မှ အထက်ပိုင်းသည် အထက်မြန်မာနိုင်ငံထဲတွင် ပါဝင်ခဲ့ပြီး တောင်ငူမြို့သစ်အောက်ပိုင်းသည် အောက်မြန်မာနိုင်ငံနယ်နိမိတ်အဖြစ်နှင့် သတ်မှတ်ထားပါသည်။

တင်ထွန်း (စက်မှု-၂၊ ဦးမ်း)

မိုဖြမ်းကိုးကား၍ ဘာသာပြန်ဆိုခဲ့သည့် စာအုပ်များ

1. History of Rangoon. (By B.R Pearn)
2. Burma's Transport and Eoreign Trade. (By Meang Shein)
3. Hirtory of Burma. (By Talbot Kelly)
4. Burmese Economic Life. (By J.Russel Andrus)
5. History of Burma Railways.
6. A Short History of Railway Development in Burma.
7. Burma Railways Evaluation Report. (August AD 1946)
8. The British Burma Gazetteer. (By H.R. (Spearman, Rangoon A.D 1880)
9. မြန်မာနိုင်ငံမီးရထားနှစ်တစ်ရာသမိုင်း (ခရစ်နှစ် ၁၈၇၇ - ၁၉၇၇)

www.burmeseclassic.com

www.burmeseclassic.com

ရောဝတီမြစ်ရိုးတစ်လျှောက်တွင် ရေလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်း ကြသူတို့အဖို့ ငါးဖမ်းခြင်းအလုပ်အား ကြံရောက္ခပန်းလုပ်ကိုင်ကြရသည်။ ရာသီအလိုက် အခြေအနေအချိန်အခါအပေါ် မူတည်ကာ ငါးဖမ်းကြရသည်။ ငါးဖမ်းကိရိယာတို့မှာ နေရာဒေသအလိုက် အချိန်အခါရာသီကိုလိုက်၍ အမျိုးမျိုးရှိကြသည်။ မျှောပိုက်၊ ဝဲပိုက်၊ ချိတ်ပိုက်၊ ယက်သဲ့၊ လက်ပစ်ကွန်၊ မက်ကွန်၊ ထောက်တန်း၊ သာတန်း၊ ငါးမျှားတန်း၊ မြဲငှေး၊ ဗုံး၊ ဂျလဲ့၊ တုတ်တန်း၊ ယင်းဝမ်းပူ၊ ရက္ခင်း၊ ဂါကြီး၊ မက်မွန်၊ ဖိုင်းကွင်းနှင့် ယနေ့ခေတ်ပေါ် ပိုက်အမျိုးမျိုး စိန်ပိုက်၊ သံထပ်၊ ကြာဆံ၊ ဖောပိုက်အဆုံး ငါးဖမ်းသည့်ကိရိယာတန်ဆာပလာအများပင် ဖြစ်သည်။ ရေလုပ်သားတိုင်း ပိုက်နှစ်မျိုး၊ သုံးမျိုး ငါးဖမ်းနည်း နှစ်နည်း၊ သုံးနည်းတော့ ကျွမ်းကျင်တတ်မြောက်ထားသူကများသည်။ ဒါမှလည်း သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ကျောပူပေမယ့် ဝမ်းအေးရမည့် မဟုတ်ပါလား။

တစ်နေ့ ရေလုပ်ငန်းလုပ်ကိုင်နေသူလည်းဖြစ်၊ ပိုက်ချက်ဖောက်ရာတွင် ချော်တုံး (သို့) သစ်တုံးများ ပိုက်ချက်အတွင်းနစ်မြုပ်နေလျှင် ၎င်းချော်တုံးတို့အား ပိုက်နှင့်တိုက်၊ ကြိုးနှင့်တိုက်ကာ ငြိအောင်ဖမ်းယူပြီး သစ်တုံးတို့အား ကြိုးနှင့်ချည်၊ လှေနှစ်စင်းညှပ်ကာ ဆွဲတင်ရသည့် ချော်ငုပ်ရေငုပ်သမား ကိုစောမောင်အား မထင်မှတ်ဘဲ သောင်စပ်တွင် မိသားစုနှင့် တွေ့လိုက်ရသည်။ ကိုစောမောင်မှာ ရေအနက် (၇)လံ၊ ရေ (၈)လံရေအား ငုပ်ကာ ချော်တုံးသစ်တုံးတို့အား ကြိုးနှင့်ငုပ်ကာ ချည်ပေးနိုင်သူလည်းဖြစ်သည်။ တစ်နည်း ရေငုပ်ကွမ်းကျင်သူဟု ဆိုရမည်။ ထိုအချိန်က သူ့အသက်မွေးဝမ်းကျောင်းအလုပ်က ရေလုပ်ငန်းတစ်ဖက်၊ ရေငုပ်သည့် အလုပ်ကတစ်ဖက် လုပ်ကိုင်နေသူလည်းဖြစ်သည်။ ရေငုပ်ကွမ်းကျင်သည်ဆိုရာတွင်လည်း ခေတ်ပေါ် အောက်ဆီဂျင်ဘူးနှင့် လေထိုးငုပ်သည့် ရေငုပ်သမားမဟုတ်ပါ။ ပိုက်ချက်ဖောက်လုပ်စဉ် ပိုက်ချက်အတွင်း ငြိလာသည့် ချော်တုံးတို့အား လေရှူဘူး၊ အောက်ဆီဂျင်ဘူးမပါဘဲ အသက်အောင့်ကာ ငုပ်ချည်ခြင်းဖြစ်သည်။ ထိုသို့ ရေငုပ်စဉ်တွင် လက်ထဲတွင် အချက်ပြသက်စောင့်ကြိုးကိုင်ကာ ငုပ်ဆင်းသွားခြင်းဖြစ်သည်။ ရေငုပ်ချိန်တွင်လည်း သက်စောင့်ကြိုးကိုင်သူ၊ အချက်ပြကြိုးအားကိုင်သူမှာ သူ၏ ယုံကြည်စိတ်ချရသောသူတို့သာ ကြိုးကိုင်ထားလေ့တွေ့ရသည်။ ရေငုပ်သူ၏ အသက်ကား သက်စောင့်ကြိုးကိုင်သူ အပေါ်သာ မူတည်နေသည်။ အရေးအကြောင်းရှိလျှင် ငုပ်ချိန်လွန်လျှင်သော်လည်းကောင်း ရေအောက်က အချိန်မီမပေါ်နိုင်လျှင် အချက်ပြကြိုးအားဆွဲလှုပ်လိုက်တာနှင့် လေ့ပေါ်မှသက်စောင့်ကြိုးကိုင်သူက ရေငုပ်သူအား အလျင်အမြန်ဆွဲတင်ရခြင်း ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)ကျော် ဝန်းကျင်ကာလ ရေငုပ်ကွမ်းကျင်သူ၊ ရေငုပ်သန်သူတစ်ယောက်သည် မျောပိုက်ချက်ဖောက်လုပ်ရာတွင် ချော်တုံးအား ရေထဲ ငုပ်ချည်နေစဉ် သက်စောင့်ကြိုးကိုင်သူမှ သတိမေ့လျော့ကာ ရေငုပ်သူက အပေါ်ဆွဲတင်ရန် အချက်ပြသည်ကို သတိမထားမိဘဲ အောက်သစ်တုံးချည်ရန် ကြိုးစအားချပေးရန်အချက်ပြသည်အထင်နှင့် သက်စောင့်ကြိုးကိုင်သူက ကြိုးအား နှစ်ဆင့်လျှော့ချပေးလိုက်သည်။ ထိုသို့လျှော့ချပေးစဉ် ရေငုပ်သူကား အပေါ်ဆွဲတက်နေချိန်ဖြစ်ကာ ကြိုးလျှော့ချလိုက်တော့ အချိန်မီရေပေါ်ရောက်မလာ၊ မပေါ်လာနိုင်တော့ဘဲ ရေငုပ်သူ အသက်ဆုံးရှုံးရသည့်အဖြစ်

ရေအောင်လှိုင်း

(ဇာတ်လမ်းတို)

www.burmeseclassic.com

www.burmeseclassic.com

ကြားသိခဲ့ရသည်။ ရေငုပ်သမားတို့အဖို့ မည်မျှရေငုပ်ကျွမ်းကျင်ပါသည်ဆိုသော်လည်း သက်စောင့်ကြိုးကိုင်သူအပေါ် မူတည်သလို ရေငုပ်သူကလည်း သတိဝိရိယထားရသည့်အလုပ်ဖြစ်သည်။ ရေမငုပ်မီ အရက်သေစာမျိုဝဲတတ်သူတို့အဖို့ ပို၍ပင်အန္တရာယ်များတာ တွေ့ရသည်။ ရေလုပ်သားကို ထိုအချိန်က ပိုက်ချက်ဖောက်ရာ ရေငုပ်သူတိုင်းမှာ အများအားဖြင့် အောက်ဆီဂျင်ဘူးမပါဘဲ အလွတ်ငုပ်သူများတာတွေ့ရသည်။ အသက်အောင့်ငုပ်သူများဖြစ်၍လည်း တစ်ချက်အများမခံဘဲ အသက်အန္တရာယ်ကြုံတွေ့ရခြင်းလည်း ဖြစ်သည်။

ကိုစောမောင်အား တွေ့ရလျှင်-

"အရင်ကလို ရေငုပ်တဲ့လုပ်ငန်းကောလုပ်သေးရဲ့လား"

ကျွန်တော် မေးမိသည်။

"ငါ့ညီ၊ ရေငုပ်တဲ့လုပ်ငန်းက အသက်အန္တရာယ်လည်းများပါတယ်။ အသက်အရွယ်ကလည်း ရလာတော့ ရေငုပ်တဲ့ဒဏ်က နားတွေအူ၊ နားတွေလေးလာတယ်။ မလုပ်ဖြစ်တာ လေးငါးနှစ်ရှိပြီ"

"အခုကော ရေလုပ်ငန်းမျှော်ပိုက်ကြိုးတွေလုပ်သေးတာပဲလား"

မေးတော့ -

"မျှော်ပိုက်ကြိုးကတော့ သားသမီးတွေကလည်း အိမ်ထောင်ကျခွဲကုန်တော့မလုပ်ဖြစ်တော့ဘူး။ လောလောဆယ်တော့ ငါးပိုသေးအိုင်ပဲပိတ်ပြီးစားတယ်"

ဟု ဆိုပါသည်။

ငါးပိုသေးအိုင်ပက်သည့်အလုပ်က တပေါင်း၊ တန်ခူးလို နွေကာလ နေပူပူမှာ ရေတိမ်ပြင်၊ သဲသောင်ပြင်စီး၊ သောင်မှာ သဲဘောင်တွေတန်းပြီး ရေပူတက်လာတဲ့ ငါးပိုသေး၊ ငါးသေးငါးမွှားလေးတွေပိတ်ပြီးဖမ်းရတာ ဖြစ်သည်။ ငါးပိုသေးအိုင်ပိတ်ရာမှာလည်း ရေပူတက်ငါးက နေ့လယ် (၁၂) နာရီနှင့် (၁) နာရီ နေပူရှိန်အမြင့်ဆုံးအချိန်တက်လာသည့်ငါးတို့အား ပိတ်ရတာဖြစ်၏။ ငါးပိုသေးအိုင်တစ်အိုင်ပိတ်မိလျှင် ရလာသည့်ငါးက အိုင်အကြီး၊ အသေးကိုလိုက်၍ ပိဿာချိန် (၁၀)၊ (၁၅)ပိဿာရတတ်သည်။ နှစ်ဆယ်၊ သုံးဆယ်လည်းရသည့် အိုင်တွေရှိ၏။အချိန်တစ်ဆယ်၊ ဆယ့်ငါးငါးအကောင်အရေအတွက်နှင့်ဆိုလျှင် ငါးပိုသေးငါးသေးငါးမွှားဆိုတော့ကာ အကောင်နှင့်ရေတွက်လျှင် အသက်ပေါင်းထောင်ဂဏန်း၊ သောင်းဂဏန်း အသက်ပေါင်းမြောက်မြားစွာဖြစ်သည်။

ဘဝတူရေလုပ်သားအချို့ကတော့ တစ်တက်စားလည်း ကြက်သွန်နှစ်တက်စားလည်း ကြက်သွန်၊ ရေလုပ်ငန်းလုပ်တာ တဲငါးအခေါ်ခံရတာအတူတူ ငါးပိုသေးအိုင်တော့ ပိတ်မစား။ မျှော်ပိုက်၊ ဝဲပိုက်၊ တန်းတို့ကရတဲ့ ငါးတစ်ကောင်ချင်း အချိန်တစ်ဆယ်၊ အချိန်နှစ်ဆယ် တစ်ကောင်ချင်း ထောင်ဖမ်းမည်ဆိုသူကလည်းရှိသည်။

ကိုစောမောင်တို့မိသားစု မျှော်ပိုက်မလုပ်တော့ဘဲ ငါးပိုသေးအိုင်ပိတ်စားနေသည့်ပြောသံကြားတော့ ခပ်ရွတ်ရွတ် ခပ်နောက်နောက်နှင့် ကိုစန်းမြင့်က ဝင်ပြီးပြောလာသည်။

"ကိုစောမောင်၊ မျှော်ပိုက်ကြိုးတော့မထောင်မလုပ်ဘဲ ဘာမဟုတ်တဲ့ ငါးသေးငါးမွှား၊ ငါးပိုသေးအိုင်ပိတ်စားတော့ သေတဲ့အသက်ချင်းက တစ်ကောင်နဲ့တစ်ကောင်လိုက်လို့မမီဘူးနော်။ ဒီငါးသေးငါးမွှားတွေဖမ်းပြီးသတ်နေ။ ခင်ဗျားတော့ အဲဒီငါးအရေအတွက်နဲ့အမျှခံရရင်တော့ ငရဲပြည်က တက်ရတော့မှာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ဘူး"

ဟု ပြောင်သလိုပြောဆိုခဲ့သေးသည်။

ကိုစန်းမြင့်ပြောလည်းပြောစရာ။ မျှော်ပိုက်က ငါးတစ်ကောင်က အချိန် (၁၀)၊ (၁၅) ပိသာ တစ်ကောင်တည်း အသက်တစ်ချောင်းပဲသတ်ရတာ၊ ငါးပို သေးအိုင်ပိတ်တာက အချိန် (၁၀)၊ (၁၅) ပိသာဆိုလျှင် အကောင်အရေအတွက် အသက်ပေါင်းကသောင်းခြောက်ထောင် မကပင်ရှိမည်။ မည်သို့ဆိုစေ ရေလုပ်သားများအဖို့ ကိုယ်နှင့်လက်လှမ်းမီရာ လက်လှည့်သင့်ရာနှင့် ရွာဖွေအသက်မွေးရတာက ဓမ္မတာပင်ဖြစ်သည်။

ကိုစန်းမြင့်ပြောပြီးမကြာလိုက်၊ တစ်နှစ်ကျော်ကျော်ကာလပင်ရှိဦးမည်။ မြန်မာနိုင်ငံအောက်ပိုင်းပင်လယ်နှင့်နီးသည့် ကမ်းစပ်တစ်လျှောက် နေထိုင်ကြသည့် မြို့ရွာဒေသအချို့တွင် နာဂစ်မုန်တိုင်း လေရောမိုးပါဝင်ရောက်တိုက်ခတ်သည့်သတင်း။ မုန်တိုင်းဒဏ်ကြောင့် အချို့သော မြို့ရွာဒေသအချို့ မုန်တိုင်းဒဏ်ရေနှင့်အတူ လူ၊တိရစ္ဆာန်နှင့်အဆောက်အအုံတို့ပါမကျန် ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ သေဆုံးသည့် အရေအတွက်ကား သိန်းဂဏန်း၊ သောင်းဂဏန်းပင်ဖြစ်သည်။ သေဆုံးသည့် ကွဲ၊ နွား၊ လူတို့ကား မြေအောက်သဲပြင်တွင် အကုန်လုံးမြုပ်ကုန်မည်တဲ့လား သို့မဟုတ် ပင်လယ်ထဲမျောပါကာ ငါးမန်း၊ ငါးထွေတို့နှင့် အခြားသော အသားစားငါးကြီးများ၏ အစာဖြစ်သွားမည်ကား မလွဲဧကန်ပင်ဖြစ်သည်။

နာဂစ်မုန်တိုင်းဖြစ်တာက မေလအတွင်းမှာဖြစ်သည်။ ထို့နှစ်က မြန်မာပြက္ခဒိန်ရက်အလို တန်ဆောင်မုန်းလပြည့်ကျော်ရက် အင်္ဂလိပ်လဆိုလျှင် နိုဝင်ဘာလအချိန်တွင် ဧရာဝတီမြစ်ရိုး တစ်လျှောက် မျောပိုက်ရေလုပ်သားတို့၏ပိုက်များတွင် အများဆုံး အတုံးအရုံး တိုးသည့်ငါးမှာ ငါးထွေပေါက်များပင်ဖြစ်သည်။ ပိုက်တစ်ချက်ပစ်လျှင် ငါးထွေပေါက်အကောင်ဆယ့်ငါးကောင်၊ အကောင်နှစ်ဆယ်ပါသည့်အခါပါသည်။ အရွယ်အားဖြင့် (၇၅) ကျပ်သား၊ (၁) ပိသာအရွယ်၊ (၁) ပိသာခွဲအရွယ်တို့ကများသည်။ မြစ်ရေကျဆွဲရာသီချိန်တွင် နှစ်စဉ် တက်နေကျ ငါးထွေနှင့် ငါးတန်တို့ဖြစ်သည်။ ထိုငါးတို့ကား ပင်လယ်မှတစ်ဆင့် မြစ်ညာဒေသ ဧရာဝတီမြစ်ရိုးတစ်လျှောက်ဆန်တက်လာသည့်ငါးတို့လည်းဖြစ်သည်။ ထိုငါးပေါက်တို့ကား ဧရာဝတီမြစ်ရေတက်စ ကဆုန်၊ နယုန်လတွင် ငါးပေါက်တို့ကား လက်ညှိုး၊ လက်မအရွယ်ပင်ဖြစ်ကာ သက်တမ်း (၁၀) လ၊ (၁၂) လကြာလာသည့် အခါ တစ်ကောင်လျှင် (၁) ပိသာ၊ (၁) ပိသာခွဲအရွယ်ဖြစ်လာကြသည်။ ပင်လယ်မှ မြစ်ညာဒေသ ဆန်တက်လာခြင်းလည်းဖြစ်သည်။

နာဂစ်မုန်တိုင်းဖြစ်ချိန် ငါးပေါက်တို့ကား သုံး၊ လေးလသားအရွယ် နာဂစ်ဖြစ်ပြီး မြစ်ညာဆန်တက်လာချိန် ထိုငါးပေါက်တို့သက်တမ်းကား (၁၀) လ (၁၂) လသားအရွယ်ရောက်နေချိန်ဖြစ်သည်။

နာဂစ်မုန်တိုင်းဖြစ်တဲ့နှစ်က ပေါလိုက်တဲ့ ငါးထွေပေါက်က ငါးဟူသမျှ ငါးထွေပေါက်ကများတာတော့ ရသည်။ အရွယ်တူကများသည်။ ခုနှစ်ဆယ်သား၊ တစ်ပိသာအရွယ်၊ ထို့နှစ်က ဈေးကလည်းပေါ၊ ငါးကလည်းပေါတော့ ဝယ်သူကလည်း ဈေးနှင့်တန်တော့ ငါးထွေသားကိုပဲ တစ်အိမ် တစ်ပိသာ၊ နှစ်ပိသာ အိုးပြည့်ခွက်ပြည့်ချက်ထားကြသည်။ တချို့အသားတွေအခြောက်လှန်းကာထားကြသည်။

ငါးထွေသားက ဆူလိုက်သည်ဖြစ်ခြင်း။ အမဲသားဆူတာလည်း တစ်မျိုး၊ ငါးထွေသားဆူတာလည်းတစ်မျိုး၊ လှန်းထားသည့်အသားခြောက်တို့ဆိုလျှင် ဆူလွန်းလို့ ငါးထွေသားက နီညိုပြီးရဲနေရမည့်အစား အသားက နန္တင်းနှင့်နယ်လုံးထားသလို အဆီတွေတရွှဲရွှဲနှင့်ဝါထိန်လို့နေသည်။

စားတော့လည်း အခါတိုင်း ငါးထွေသားလိုမဟုတ်။ ဒီနှစ် ငါးထွေသားက အရင်စားဖူးခဲ့တဲ့ ငါးထွေသားနှင့်မတူပိုပြီး ညှို့စို့စို့အနံ့ရတာတွေ့ရသည်။

နာဂစ်မုန်တိုင်းဖြစ်ချိန် ငါးပေါက်တို့အား နှစ်လသား၊ သုံးလသားအရွယ် အခု ကျွန်တော်တို့ဆီ မြစ်ညာဆန်တက်လာတော့ ငါးပေါက်တို့သက်တမ်းက (၁၀) လ၊ (၁) နှစ်သားအရွယ် ငါးထွေတွေက ပေါလည်းပေါ၊ ဆူလည်းဆူ။ ပင်လယ်ဘက် ဧရာဝတီမြစ်ဝကျွန်းပေါ်ကတက်လာသည့် ငါးထွေ၊ ငါးတန်ပေါက်တို့ ဖြစ်သည်။ ငါးပေါက်တွေက နာဂစ်မုန်တိုင်းဖြစ်ပြီး သေကျေကြတဲ့ လူနှင့် ကွဲ၊ နွားတိရစ္ဆာန်တို့၏ အသေအသားတို့အား မစားဘဲနေမည်တဲ့လား ကျွန်တော် အတွေးစိတ်ကူးနှင့် ပုံဖော်ကြည့်မိလိုက်သည်။

ဝမ်းပူပိုက်သူကြီး ကိုတင်လေးတစ်ခါကပြောခဲ့သည့် စကားတို့အားလည်း အမှတ်ရလိုက်သည်။

"ငါးတကာတွေထဲမှာတော့ ငါးထွေက အစားအပုပ်ဆုံးပဲကွ။ အညှီအပုပ်ဟူသရွေ့အကုန်စားတဲ့ငါးမျိုး။ အရင်တုန်းက ချေးဘူးမျှောတယ်၊ မျှောတယ်နဲ့ အများဆုံးချေးဘူးမှာဆွဲတဲ့ငါးက ငါးထွေကများတယ်။ ချေးဘူးမျှောတဲ့အစာကလည်းကြည့်။ ခွေးသေပုပ်တို့၊ အမဲသားအညှီကိုအပုပ်ခံပြီး လိပ်ကျောက်ဆီနဲ့စိမ်ထားတဲ့အစာနဲ့ပစ်မျှောရတာ။ ချေးဘူးမှာမိတဲ့ငါးက ငါးထွေက များသလို တစ်ကောင်အချိန်အစိတ်သုံးဆယ်ကြီးတဲ့ငါးကြီးတွေမိတာများတယ်"

ဟု ပြောပြပါသည်။

နာဂစ်ဖြစ်ပြီး နောက်ပိုင်းနှစ်တွေ ငါးထွေသားလုံးဝမစားတော့ဘဲ ဖြတ်လိုက်သည်။ ကျွန်တော့်စိတ်ထဲ မသတ်သလို၊ ရွံရှာနေမိတာအမှန်ပင်ဖြစ်သည်။ ရွာတွင်လာသည့် ငါးသည်အချို့ 'ငါးသည် ငါးသည်'ဟု အော်လိုက်သည့် အသံကြားလျှင် အိမ်ရှင်မဖြစ်သူက -

"ငါးဝယ်ချက်ဦးမလား"

မေးလာသည်။

"နင်ဝယ်ချင်ရင် ဘာငါးတုံးမေးပြီးလှမ်းခေါ်လိုက်။ ငါးထွေကလွဲရင် အခြားငါးဆိုရင်ဝယ်၊ ငါးထွေသားလည်း နင်စားချင်ရင်ဝယ်ချက်။ ငါကတော့ နာဂစ်ဖြစ်ပြီးကတည်း ကမစားတာ နှင်လည်းအသိ"

ကျွန်တော် ထိုအချိန်ကစပြီး ငါးထွေသားမစားဖြစ်တော့ပါ။

ပင်လယ်ပြင်တွင်ကျက်စားသည့် ငါးမန်းကြီးများကတော့ လူနှင့်လူသားတို့၏ သွေးညှီနံ့ရလျှင်ပင် ပင်လယ်ထဲသွားလာနေသည့် စက်လှေ၊ လှေငယ်တို့အား တိုက်ခိုက်နစ်မြုပ်အောင်ပြုလုပ်ပြီး လူတို့အသက်အား အန္တရာယ်ပြုလေ့ရှိကြသည့် လူသားစား ငါးမန်းများ အမှန်တကယ်ပင်ရှိခဲ့သည်။

နာဂစ်မုန်တိုင်းဖြစ်ပြီး ထို့နှစ်က ငါးထွေ လူသားစား၊ မစားပြေးကြည့်တာထက် တွေးကြည့်စရာပင်။ ငါးထွေပေါလည်းပေါ၊ ဆူလည်းဆူ၊ ညှီလည်းညှီနှင့် ငါးက လူသားစားတာမကြိုက်ဘူးသေးလို့ပါ။ ငါးတကာတွေပဲ ငါးထွေက အစားအမိုက်ဆုံးပဲ ဆိုသည့်စကားသံတို့ကားပဲ့တင်ထပ်လျက်ရှိနေပါတော့သည်။

နေအောင်လင်း (စလေ)

www.burmeseclassic.com

www.burmeseclassic.com



မင်းရှိန်အောင်

တဘောင်၏ လျှို့ဝှက်ချက်

ရှေးက မြန်မာပညာရှိကို့သည် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ကိတ်၊ ဘဝေါ၊ တိတ္ထဲ့၊ တြင်း၊ သိုက်၊ နီဒါန်း ဆိုသော အယူတော်မင်္ဂလာ ပညာလာ ပညာရပ်များကို ဖွင့်ဆိုဖတ်ကြားကြသလို စနစ်တကျ အသုံးချမှုလည်းရှိခဲ့ပေသည်။ ထိုအထဲတွင် တဘောင်ပညာရပ်သည် အလွန်တရာစိတ်ဝင်စားစရာကောင်းလှပေသည်။

ဥပမာဆိုရသော် -

ပ ကြွက်ကားသုံးမည်။ ရှေ့ဖျားတည်၊ ကြဲစည်ကောင်းခြင်း၊ သံတွဲမင်း၊ ဖြစ်လာမည်လည်း တော်သင်း၊ သံတွဲမြွေဟောက် အစွယ်ပေါက်သည်၊ လက်ကောက်ဝတ်လောက်ပြီးတုတ်ကား၊ ကြွက်ကားစဉ်လျက်၊ အဆက်နဂါး၊ နေ့ဘက်ထားရေသူ၊ ကိုးဆက်ဟူ၏၊ မြောက်ဦးအပါး၊ အိမ်ရှေ့နား၌၊ နဂါးသုံးခွေ၊ ခွေလိမ့်မည်'

၁၆ ရာစုအလယ်ခန့်က ရှေးရခိုင်ဒါရာဝတီ သံတွဲမြို့စား စနေသားဘစောသီရိမင်းသားသည် အဆိုပါစာဘောင်ပေါ် ထွက်လာပြီး သိပ်မကြာမီ ကာလမှာပင် စစ်သည်အလုံးအရင်းစုဆောင်းလျက် ရခိုင်မြောက်ဦးရွှေပြည်ရွှေနန်းကို သွားရောက် တိုက်ခိုက်သိမ်းပိုက်ပြီး မင်းတကြီးမင်းဘွဲ့အမည်နာမဖြင့် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခဲ့လေသည်။

နောက် -

ပ လုံးတိလေ၊ သားလှလေ၊ သူငယ်ချင်းချင်း ယောက်မရင်းတို့၊ လှည်းကြောင်းဖုန်ဖုန်၊ စမုန်လက်ကောက်၊ ဆင်ပေါက်ငါးစီး၊ ကျိုင်းကြီးငါးရာ၊ အုပ်၍လာ၊ သံဃာရာဇာ၊ ပေါက်ဖြူရေချိုး၊ ပိတ်ဖြူပုဆိုး၊ ကတိုးမပါ၊ နံ့သာပါသည်၊ နံ့သာတစ်ခွဲ၊ ဆင်တော်ရဲမှာ၊ ဆုတ်ရှိကြ၊ ပြည်ထဲသာယာတော့မည်၊ လုံးတိလေ လုံးငဲ့လေ။

ဤတဘောင်ပေါ်ပြီး မကြာလှစွာသောအချိန်မှာပင် ဘုရင့်နောင်မင်းကြီး၏ သားတော်တစ်ပါးဖြစ်သော ညောင်ရမ်းစား မောင်သစ္စာသည် အစိတ်စိတ် အမြွာမြွာကွဲပြားနေသော သူဖခမည်းတော်- ထူထောင်ခဲ့သည့် တိုင်းနိုင်ငံကို ပြန်လည်စည်းရုံးလျက် ညောင်ရမ်းအင်းဝခေတ်ကို တည်ထောင်ပိုးပိုးနှင့်ခဲ့လေသည်။

ပြီး -

ပ မြောက်ဖက်တစ်ခို၊ မုဆိုးဘို၊ မိုးခိုပါစို့၊ ညည်းနဲ့တို့။ တိုင်းရက်ငှ

www.burmeseclassic.com

www.burmeseclassic.com

ပတ္တလား၊ မိုးရွာတာနဲ့အသင့်ပဲ၊ တို့မလေ မကြေဖျက်၊ မြောက်ဘက်ကယ်တဲ့ ဟိုတစ်ခို၊ ပြေးစို့နှစ်ကိုယ်။ ဆိုင်းစိုစို၊ ရန်းလုံးဖြိုပါတဲ့ ပြည်ရွှေဘို၊ တို့မြို့မှာ၊ တို့နှစ်ကိုယ်မိုးခိုစို့လေး။

ဟံသာဝတီပါမင်း၏ လက်ထက် ညောင်ရမ်းအင်းဝရွှေပြည် နိဋ္ဌတံခါးနီးတွင် ဖော်ပြပါ တဘောင်သံသောသော ညည်ပေါ်ထွက်လာခဲ့သည်။ တိုက်ဆိုင်မှုဟု ဆိုရမည်လား၊ မုဆိုးဘိုရွာသား ဦးအောင်ဧယျသည် အလောင်းဘုရားမင်းဘွဲ့ကို ခံယူလျက် မုဆိုးဘိုရွာကို ရွှေဘိုနေပြည်တော်ဟု သမုတ်ကာ အစိတ်စိတ်အမြွာမြွာကွဲပြားနေသော တိုင်းကားပြည်ရွာများကို တစည်းတရုံးပြုကာ တတိယမြန်မာနိုင်ငံကိုထူထောင်မင်းပြုခဲ့လေသည်။

ဤနေရာမှာ အထူးတလည် ထောက်ပြပြောဆိုချင်သည်က မင်းဘကြီးမင်း၊ ညောင်ရမ်းမင်း၊ အလောင်းဘုရားမင်းတို့သည် ပေါ်ထွက်လာသော တဘောင်သံအတိုင်း ဖြစ်ထွန်းပေါက်ပြောက်ခဲ့သည်ဖြစ်၍ ယင်းကို တဘောင်ကြေသည်ဟု ဆိုရမည်မှာ ဧကန်ဖြစ်သည်။

တစ်ခါ မန္တလေးရတနာပုံပြည်ကြီး နိဂုံးချုပ်ခါနီး သီပေါမင်းလက်ထက်မှာ-

ဂ တိုးအောက်ကတီတွန်၊ လူလွန်မသား၊ မုန့်ဆီကြော်အလယ်အကံတယ်၊ ပြည်ဖျက်မယ့်သား'

ဆိုသောတဘောင်သည် ဟိုးလေးတကျော်ပေါ် ပေါက်ခဲ့သည်။ဤတဘောင်လောက် လူသိမများသော်လည်း ခေတ်ပြိုင်ပေါ် ပေါက်ခဲ့သော တဘောင်တစ်ခု ရှိပါသေးသည်။

ယင်းမှာ -

ဂ ခြောက်လုံးပူး၊ ခြမ်းတစ်ဝက်
နန်းထက်ကသုံးတောင်ဆောင်
မကြာပါတို့ဦးခေါင်း
မျောက်လက်ကိုပြောင်း

ဤတဘောင်သံဖြစ်ပေါ် ပေါက်ပြီးများမကြာမီမှာပင် မြန်မာတို့က မျောက်ဟု နာနာကြည်းကြည်း နှိပ်ကွပ်ခေါ်ဝေါ်သော အင်္ဂလိပ်တို့က မန္တလေးရတနာပုံ ရွှေပြည်ရွှေနန်းတို့ တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံတစ်ခုလုံးသည် အင်္ဂလိပ်ကိုလိုနီအဖြစ်ကိုရောက်ခဲ့ရသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီဘဝဖြင့် ရခိုင်ဒေသနှင့် တနင်္သာရီဒေသ စတင်သိမ်းပိုက်ခံရသည်ကစပြီး၊ နှစ်ပေါင်းတစ်ရာကျော် မန္တလေးရတနာပုံရွှေနန်းတော် သိမ်းပိုက်ခံရသည်က စပြောလျှင် နှစ်ပေါင်း (၆၀) ကျော်နေခဲ့ရသည်ဟု ပြောရမည်ထင်သည်။

ကိုလိုနီခေတ်ဦးကာလတွင် ဇာတ်သဘင်တချို့က ကပြသော 'စိန္တာမဏီ ဂြာဟ္မဏ' ဇာတ်ထဲမှ ငိုချင်းတစ်ပုဒ်မှာ ပါသော -

ဂ ခြောက်ဆယ့်လေးမျောက်မွေး
မြန်သည်။ရောက်သည့်ဘေးဒဏ် ပုဏ္ဏား
ခံပေါ့လေး. . .

ဆိုသည့် စာသားတစ်ပိုင်းတစ်စသည် လူတိုင်းပါးစပ်၌ ရေပန်းစားနေခဲ့သည်။ ထို့ကြောင့် ပညာရှိတချို့က မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီဘဝတွင် ဘယ်နည်းနှင့်မျှ (၆၀) နှစ်မကျော်နိုင်၊ ယင်းမတိုင်မီ လွတ်လပ်ရေးလိမ့်မည်ဟု နိမိတ်ဖတ်ကြလေသည်။

ဆက်နွယ်၍ ပြောစရာတစ်ခုမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးတွင် ထူးထူးခြားခြား တဘောင်သံတစ်ခု ပေါ် ပေါက်ခဲ့သည်။

ငင်းမှာ -

ဂ တပေါင်းလရာသီ၊ ဘောင်ဘီးနှင့်ဖွေးဖွေး၊ ဓားလွယ်ငွေကွပ်နဲ့၊ ပြည်ညွတ်မည်လာမည့်အရေး၊ ဘိုးတော်ချစ်မြေး

ဟူ၍ ဖြစ်၏။

ဤတဘောင်သံမှာ ငိုလိုချစ်ဖွယ် အောင်ဆန်း ဦးဆောင်သည့် မြန်မာ့တပ်မတော်က ဖက်ဆစ်ဂျပန်တပ်အား တော်လှန်ရေးပြုမည်ကို ရည်ညွှန်းသည်ဟု ကောက်ချက်ချမှုများရှိပေသည်။

ဤနေရာမှာ အထူးတလည် ထောက်ပြပြောချင်သည်က သီချင်းပဲဖြစ်ဖြစ်၊ ငိုချင်းပဲဖြစ်ဖြစ်၊ လက်ဝဲဖြစ်ဖြစ်၊ ကဗျာပဲဖြစ်ဖြစ်၊ သံချပ်ပဲဖြစ်ဖြစ် လူတိုင်းနှုတ်ဖျားတွင် ပလူဝဲ ပလူပျံသီသွားသည်ရှိသော် တဘောင်တွင်သွားသည်ဟု ယူရမည်မှာ အသေအချာဖြစ်သည်။

ဤတွင် နီးနွယ်ပြောစရာတစ်ခု ရှိလာပြန်သည်။ ယင်းမှာ မန္တလေးရတနာပုံပြည့်ရှင် မင်းတုန်းမင်းလက်ထက် မန္တလေးနန်းတွင်းအရေးတော်ပုံပေါ် ပေါက်ပြီးနောက် သီပေါမင်းလက်ထက် သီပေါမင်းအား မနှစ်ခြိုက်မှုများ ဒီရေတိုးသလို တိုးနေသောအချိန်မှာ အောက်ဖော်ပြပါ နှစ်ပါးသွားသီချင်းသည် တဘောင်အဖြစ် ထူးထူးခြားခြား ပြောင်းလဲဖြစ်ပေါ် လာခဲ့သည်။

ဂ ကြက်ညီနောင် ရေမှာမျောစေတော့၊ မြန်းမင်းဝံရွှေတောင်၊ လွဲသွေဘူးရှောင်၊ အားကာဘောင်ကြယ် ပြောင်ကွယ့်မြေလူး၊ ပြည်ဇေယျာပြေပါရွှေဧေတော့၊ မယ်မှေကို မောင်မမှေပါဘူး သုံးဘဝကူး. . .

ပြည်သူတို့သည် ဤတဘောင်သီချင်းကို နှုတ်ကျိုးစွာဆိုရင်းဖြင့် တိုင်းတစ်ပါးကိုရောက်ရှိနေသော ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားဆိုသည့် မင်းသားညီနောင်တို့က သီပေါမင်းလက်ထက တိုင်းပြည်ကို ကယ်တင်ယူပြီး တိုင်းပြည် ငြိမ်းချမ်းသာယာ စည်ပင်ဝပြောအောင် ပြုလုပ်ပေးလိမ့်မည်ဟု တွေးယူပြီး စောင့်မျှော်နေခဲ့ကြသည်။ သို့သော် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ ရောက်မလာဘဲ နိုင်ငံတော်ကြီးတစ်ခုလုံးသာလျှင် အင်္ဂလိပ်ကိုလိုနီဘဝသို့ရောက်ခဲ့ရသည်။ လိုရင်းဆိုရလျှင် တဘောင်အတိုင်း ဖြစ်မလာသော ဤသည်ကို တဘောင်မြို့သည်ဟု ဆိုရမည်ဖြစ်သည်။

တစ်ဖန် မန္တလေးရတနာပုံခေတ် ပြည်ဖုံးကန့်လန့်ကာချခါနီး သီပေါမင်းလက်ထက်တွင် နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ဆက်စပ်သည်ဖြစ်စေ၊ မဆက်စပ်သည်ဖြစ်စေ၊ နေရာတကာတွင် ငါတကောကောဖြင့် ဆတ်ဆတ်ကြွ ဝင်ရောက်စွက်ဖက်ခြယ်လှယ်တတ်သော သီပေါမင်း၏ မိဖုရားကြီး စုဖုရားလတ်ကို မနှစ်ခြိုက်သူများပြားနေချိန်တွင် တဘောင်သံတစ်ခု ရုတ်တရက် ပေါ် ထွက်လာခဲ့သည်။

ယင်းမှာ -

ဂ မကြမ်းပုံမိဖုရား ထင်းခွေဖို့သွား
သင်းအပူ . ဘယ်သူဖြေပါ့မယ်
မင်းစနေသား၊
မဒွေကြမ်း မင်းခွေတဲ့ ထင်းစနေ
သည်ကိန်း . ဘယ်သူချေပါ့မယ်၊
နန်းရှေ့တောင်ဆီက မောင်အောင်
မြတ်ကျန်ပါသေးတယ်။
မယုံလျှင် မောင်ညိုထွေး မေးပါ့
ကွယ်လေး. . .

စိတ်ဝင်စားစရာကောင်းသည်က ဤတဘောင်ကို စုဖုရားလတ်မိဖုရားကို ရည်ရွယ်၍ မလိုလားသူများက တမင်တကာပြုလုပ်ဖန်တီးသည် ဘုန်းရှိန်ကဲ့ရှိန်ယုတ်လျော့အောင် ရည်ရွယ်သည်ဟူသော ကောလာဟလသတင်းရိုးနှင့်ခြင်းပင်ဖြစ်၏။

ဤသို့ပင်လျှင် သက္ကရာဇ် ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ပြည့်နှစ်လောက်က ရခိုင်မြောက်ဦး ရွှေပြည်ရွှေနန်းရှင် သီရိသုဓမ္မာမင်းကြီး လက်ထက်၌ အလားတူကိစ္စမျိုးတစ်ခု ဖြစ်ပေါ်ခဲ့ပါသေးသည်။

ထိုစဉ်က မြောက်ဦးနေပြည်တော် တစ်ခွင်၌

ဩ ညောင်ပင်ကြီးရင်း၊ ဟိန်စွန်ချဉ်း၊ မင်းထီးတို့ရှင်၊ ဘုရင်နန်းရဖြစ် လိမ့်မည်

ဟူသော တဘောင်သံသည် သောင်းသောင်းညံညံ ပေါ်ထွန်းလာခဲ့သည်။

ထိုအခါ လောင်းကြက်စား ကုသလအမတ်က ပြည့်ရှင်မင်းထံ ချဉ်းကပ်ပြီး -

"အရှင်မင်းကြီး မကြာမီတွင် ဤရွှေနန်းတော်သို့ ဆင်ဖြူရတနာဆိုက် ရောက်ပါလာမည်။ သို့အတွက်ကြောင့် ဆင်ဖြူရတနာစားသုံးရန် ရွှေနန်းတော် အင်္ဂါထောင့်တွင် ဟိန်းစွဲစပါးခင်း (ဆင်စားသည့်စပါးတစ်မိုး) တစ်ခင်း စိုက်ပျိုးထားသင့်သည်"

ဟု ရွှေနားတော်လျှောက်ထားရာ မင်းကြီးက ဘာဘာညာညာမစဉ်းစားတော့၊ ဆင်ဖြူရတနာကို လိုချင်လောဘဖြင့် ခွင့်ပြုလိုက်ရာ ရွှေနန်းတော်အင်္ဂါထောင့်တစ်နေရာတွင် ဆင်ဖြူတော်စားရန် ဟိန်းစွဲစပါးခင်းတစ်ခင်းကို အလျင်အမြန်စိုက်ပျိုးလိုက်လေသည်။

ဤသည်ကို တခြားပညာရှိတစ်ဦးဖြစ်သော လေးမြို့စား သိုက်တက်လေက်ခံ့က မသက်၍ လိုက်လံစုံစမ်းကြည့်ရာ အင်္ဂါထောင့်သည် မင်းကြီးမွေးနံဖြစ်နေခြင်း၊ ဆင်ဖြူရတနာ ဆိုသည်မှာ လောင်းကြက်စား ကုသလအမတ်၏ မွေးနံ ဝုဒ္ဓဟူးနေ့ဖြစ်နေခြင်း၊ ဟိန်းစွဲ (စပါး) မှ ဟိန်းစွဝေါဟာရသည် ဟိန (ယုတ်သို့) သည် ဟူသောသဘောကို ဆောင်နေခြင်း၊ ဖော်ပြပါတဘောင်သံကို လောင်းကြက်စားကုသလအမတ်၏ လူများက ကလေးသူငယ်များကို အသံပြောပေး၍ ရွတ်ဆိုစေသည်ဆိုခြင်းတို့ကို ထူးထူးခြားခြားတွေ့ရှိသဖြင့် မင်းကြီးကို လျှောက်ထားသော်လည်း မင်းကြီးသည် မယုံမကြည်လက်မခံဘဲ ပယ်ချသမျှပြုခဲ့လေသည်။ အနှစ်ချုပ်သော် မြောက်ဦးရွှေနန်းရှင် သီရိသုဓမ္မမင်း နတ်ရွာစံပြီး သူအရိုက်အရာကို လောင်းကြက်စား ကုသလအမတ်ကြီးကဆက်ခံပြီး နရပတိကြီးမင်းအဖြစ် မင်းပြုလေသည်။

ဤနေရာမှာ မီးမောင်းထိုးပြောချင်သည်က မကြမ်းပုံတဘောင်သည် လည်းကောင်း၊ ညောင်ပင်ကြီးရင်း တဘောင်သည် လည်းကောင်း၊ ၎င်းတို့သည် ရည်ရွယ်ချက်ရှိရှိဖြင့် တမင်တကာ ဖော်ဆောင်လိုက်သောကြောင့် လူပ်ရှားသက်ဝင်သွားသော တဘောင်များသာ ဖြစ်ပါသည်။ ဤသည်ကို တဘောင်ဖော်သည်ဟုခေါ်သည်။

သို့ကလို၎င် တဘောင်နှင့် စပ်လျဉ်း၍ လေ့လာစူးစမ်းစရာတစ်ခုကို တင်ပြချင်ပါသေးသည်။ အမရပူရပြည့်ရှင် ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုလက်ထက်တော်က -

ဩ တက်သေးဘင်း တောင်သမန်၊ ရေလျှံလို့ဖွေး၊ စကြာအိမ်ရှေ့ပေးမှ၊ နန်းသာလိမ့်လေး . . .

ဆိုသော တဘောင်သံ ပွက်လောရိုက်ပေါ်ထွက်ခဲ့ရာ ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့သည် ဘိုးတော်မင်း၏မြစ်တော် စကြာမင်းသားကလေးကို အကြီးအကျယ်နှိပ်ကွပ်လျက် သူတို့နန်းကိုစလုနိုင်အောင် တားဖြစ်ခဲ့လေသည်။ ဘကြီးတော်မင်းနောက် သာယာဝတီမင်းလက်ထက်တော်တွင် ထိုစကြာမင်းသားလေးသည် ရေချက်ပွဲမျက်ခြင်းကို ခံခဲ့ရလေသည်။

ယင်းသို့ပင် မြန်မာနှစ် ၁၀၉၇ ခုနှစ်တွင်နန်းတက်သော မြောက်ဦးပြည့်ရှင် နဝပဝရာဇာမင်းလက်ထက်တွင် -

ဩအသူရောက်မည်၊ ငှက်ထောက်ကျော်သည်၊ ဒေါတံခါးမှာ လူးလားခတ်၍မြည်လတ်ပြီ'

ဟု တဘောင်သံသည် တိုင်းအနှံပြည်အနှံ ကျွတ်ကျွက်ညံပေါ်ထွက်လာခဲ့သည်။ တိုက်ဆိုင်မှုတစ်ခုက ထိုမင်းထံတွင် ထောက်ကျော် အမည်ရှိသော လက်ယာမြန်အမတ်တစ်ဦးက ခစားလျက်ရှိသည်။ ထောက်ကျော် ဆိုသည်မှာ ခေါက်ရှာငှက် (သစ်တောက်ငှက်) ကို ရခိုင်တို့က ခေါ်ဝေါ်သော အမည်နာမဖြစ်သည်။ ပသို့ပင်ဆိုစေ လက်ရှိပြည့်ရှင်မင်းကြီးက ထိုတဘောင်သံကြောင့် ထောက်ကျော်အမတ်မင်းဖြစ်လာမည်ကို စိုးရိမ်သဖြင့် လှည့်ဖြားခေါ်ယူပြီး သတ်ဖြတ်ပစ်လိုက်လေသည်။

နောက်ထပ်ပြောချင်တာလေးတစ်ခုကတော့ အင်းဝပြည့်ရှင် တနင်္ဂနွေမင်း နှင့်ခေတ်ပြိုင် မြောက်ဦးပြည့်ရှင် စန္ဒဝိမလရာဇာမင်းလက်ထက်တွင် တိုင်းရေးပြည်ရေး အလွန်ရှုပ်ထွေးပြီး ခိုးသားဓားပြလည်း အလွန်ထူပြောလှသည်။ ခိုးသားဓားပြများကို အမြစ်ဖြုတ်ရှင်းလင်းနိုင်မည်ထား ယိုင်နဲ့ခွဲ့ဆုတ်သွားအောင်လုပ်နိုင်မည့်သူပင်မရှိဖြစ်နေ၏။

ထိုစဉ်တွင် ထူးဆန်းသော တဘောင်တစ်ခု ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ -

ဩ သူခိုးတို့ကို တန္ဆဲဗိုလ်၊ ခေါင်းကို ရိတ်ဖြတ်သတ်လတ္တံ့။ ယောက်ျားတစ်ယောက်၊ တိုင်းဝံ့ဘားဆောက်၍၊ ရပ်စောက်ပြည်ကို တည်လတ္တံ့. . .

ဟူ၍ဖြစ်၏။

ငင်းထဘောင်စကားအရ စ နေသားတစ်ဦးကို တန္ဆဲဗိုလ်ခန့်အပ်ပြီး ထိုခိုးသားဓားပြတို့ကို နှိမ်နင်းလျှင် အောင်မြင်မည်ဟု ကောက်ယူလျက် မင်းသွေးမင်းသားပါသော စနေသား ဒဂိုတောသူကြီး ဒုံးညှိကို တန္ဆဲဗိုလ်ခန့်အပ်ပြီး ခိုးသားဓားပြတို့ကို နှိမ်နင်းစေခဲ့ရာ အမြစ်ဖြုတ် ချေမှုန်းနိုင်ရုံသာမက ထိုတန္ဆဲဗိုလ် ဒုံးညှိသည် နောင်တွင် မြောက်ဦးပြည့်ရှင် စန္ဒဝိဇယရာဇာမင်းဖြစ်လာခဲ့ပေသည်။ ရခိုင်ရာဇဝင်တွင် ထိုစန္ဒဝိဇယရာဇာမင်းကို မင်းကောင်းမင်းမြတ်အဖြစ် ဖော်ပြကြသည်။

အထက်ပါတို့ကို ချုပ်၍ကောက်ချက်ချရလျှင် ရှေးပညာရှိတို့သည် အယူတော်မင်္ဂလာပညာလာ တဘောင်ဆိုင်ရာများကို ကျားကွက်ရွေ့သလို လိုသလို အသုံးကျစွာ အသုံးချခဲ့ကြလေသလား ဆိုသော မေးစရာ၊ တွေးစရာများ တပွေ့တပိုက်ကြီးပေါ်ထွက်လာသည်ကတော့ အမှန်ပင်။

မင်းဇင်္ဂိုဏ်အောင်

www.burmeseclassic.com

www.burmeseclassic.com

❑ စက်ဘီးခေတ်

ကျွပ်တို့ဒေသမှာ နေပြည်တော်ကြီးမတည်မီကဆိုရင် စက်ဘီးစီးနိုင်တဲ့လူဆိုရင် ဟုတ်လုပြီပေါ့ဗျာ။ စက်ဘီးဆိုတာ ခြေကျင်သွားနေတဲ့လူနဲ့စာရင် အများကြီးခရီးတွင်တာကိုး။ နင်းရင်နင်း နိုင်သလောက် ခရီးပေါက်တယ်။

ပျဉ်းမနားမြို့ကိုကျောင်းသွားတက်တဲ့ အထက်တန်းကျောင်းသူကျောင်းသားတွေဆိုရင် အများအားဖြင့် စက်ဘီးနဲ့တက်ကြတာ။ စက်ဘီးမစီးနိုင်သူတွေကျတော့ မြင်းလှည်းနဲ့တက်ကြတာဆိုတော့ မျက်နှာငယ်ကြရတယ်။ ဒီတော့ကိုယ့်သားသမီးမျက်နှာမငယ်ရအောင် ရှိတာလေးရောင်းချပြီး စက်ဘီးဝယ်ပေးရတာတွေကလည်း မနည်းမနောရှိကြတယ်။ စက်ဘီးဆိုတာက စိတ်သွားတိုင်း ကိုယ်ပါတဲ့အမျိုးကိုးဗျ။

ကျောင်းဆင်းပြီ ဆိုလို့ကတော့ ပျဉ်းမနားမြို့ကနေ (၂) မိုင်ခွဲဝေးတဲ့ ကိုယ့်ပြန်ကပြေးရွာကိုယ့်ပြန်ရတာ အလွန်ပျော်စရာကောင်းတာ။ ကျောင်းသူကျောင်းသားတွေဆိုတာ တစ်အုံတစ်မကြီးလေ။ အဲဒီမှာ စကြနောက်ကြပြောင်လှောင်ကြနဲ့ ကျွပ်တို့တစ်တွေ တစ်ဦးနဲ့တစ်ဦး ပိုမိုခင်မင်ရင်းနှီးကြရတယ်။

အဲဒီလို စက်ဘီးလေးတွေနဲ့ အတူသွားအတူလာကြရတဲ့အခါ အတူနေသံယောဇဉ်တွေကြောင့် ရင်ခုန်တတ်စကျွပ်တို့အရွယ်တွေ တစ်ဦးနဲ့တစ်ဦး ချစ်သူဖြစ်သွားကြတာတွေလည်းရှိသပေါ့ဗျာ။ အချို့ဆို စာမေးပွဲဖြေပြီးတာနဲ့ ဦးပြေးကုန်ကြတာတွေတောင်ရှိတယ်။

ဘဝမှာ အပျော်ဆုံးအချိန်ဟာ စက်ဘီးလေးတွေကိုယ်စီနဲ့ ပျဉ်းမနားမြို့ကို ကျောင်းသွားတက်ရတဲ့အချိန်ပါ။ (၁၀)တန်းဆိုတဲ့ အခြေခံပညာဟာ ကျွပ်တို့ကို အဆင့်အတန်းကွဲပြားစေပါတယ်။ အောင်သူတွေက တက္ကသိုလ်တို့ ဆက်တက်ခွင့်ရပြီး ပညာတတ်တွေဖြစ်သွားကြတယ်။ မအောင်သူတွေကျတော့ကာ ကျွပ်တို့တောခလေ့ စာမေးပွဲပြန်မဖြေတော့ဘဲ ဦးရာတောင်သူအလုပ်ကိုလုပ်ကာ ဘဝကိုကြိမ်းတမ်းတဲ့ဘဝနဲ့ ရင်ဆိုင်ကြရတယ်။

ပညာတတ်သွားပြီး ဆွဲရကုန်တဲ့ သူငယ်ချင်းတွေ နိုင်ငံတော်မှာ ကျရာတာဝန်ထမ်းကုန်ကြတာ အများကြီးပါ။ ကျွပ်ဆိုတဲ့ ဇင်းနိုင်ရယ်၊ အောင်ပြည့်ရယ်၊ သန့်စင်ရယ်၊ ချက်ဖောင်းရယ်ကျတော့ ရွာမှာ ကိုယ့်ဦးရာအလုပ်ဖြစ်တဲ့ ကြံတောင့်သူတွေလုပ်ရင်း ကျွပ်တို့သူငယ်ချင်း (၄) ယောက် ကျောင်းစုံးကနေ ခုထိလက်တွဲမဖြုတ်ကြသေးဘူး။ အားလုံး (၁၀)တန်းကျတာကြောင့် (၁၀) တန်း ဒုတိယနှစ် ပြန်မဖြေချင်တော့ဘူးလေ။ ကံတူအကျိုးပေးသူငယ်ချင်း (၄) ယောက်ဆိုရင် မမှားဘူး။

ကျွပ်တို့ဆီမှာ လူတွေတိုးတက်လာလိုက်ကြတာ အလုပ်သွားရင် ဈေးကခြေကျင်သွားကြတာ။ ခုခေတ်များတော့ စက်ဘီးနဲ့သွားတာဗျာ။ စက်ဘီးဆိုတာက လူသွားလမ်းကြောင်းရှိရင် စီးလို့ရတဲ့အမျိုးကိုး။ ယုတ်စွအဆုံး လယ်ကန်သင်းပေါ်မှာတောင်စီးလို့ရတယ်။ ဈေးတုန်းက မြက်ရိတ်ရင်း ဝါးထမ်းပိုးနဲ့ရွှေနောက်ထမ်းရတာ။ ဟော - ခုတော့ စက်ဘီးကယ်ရီယာရဲ့ ဘယ်၊ ညာမှာ မြက်ထုံး

www.burmeseclassic.com

www.burmeseclassic.com

နစ်ထုံးခိုက်ဆွဲပြီးသယ်ကြတယ်။ ထမ်းရွက်မလိုဘူး၊ အသာလေးနင်းလာလိုက်မဲ့ပဲ။

အချို့ဆို တောထဲက ဓောက်ရိုးခဲ့ အိမ်ကိုရွှေ့တဲ့အခါ လှည်းနဲ့ရွှေ့ကြတယ်။ ခုခေတ်ကျတော့ စက်ဘီးတွေနဲ့သယ်ပြီးရွှေ့ကြတာ ဘယ်လောက်သက်သာသလဲ။ စက်ဘီးဟာ နေရာတကာကို အသုံးဝင်တာ။ ဘယ်အထိအသုံးဝင်လဲဆိုရင် မိန်းမဦးတဲ့နေရာမှာတောင် အချို့ကော်ဘီးနဲ့တင်ပြီးဦးသွားတာတွေရှိတယ်။

အဲဒီလိုစက်ဘီးလေးတွေကိုယ်စီရှိနေတဲ့ခေတ်မှာ ဘယ်သူတွေအဆင်ပြေဆုံးလဲလို့မေးရင် စက်ဘီးပြင်တဲ့ဆိုင်တွေပေါ့ဗျာလို့ ဖြေရမှာပဲ။ စက်ဘီးဆိုတာသည်း မမြဲတဲ့အနိစ္စသဘောရှိတာကိုး။ ဒီတော့ ဘီးပေါက်မယ်၊ တာယာကွဲမယ်၊ ဘရိတ်ပျက်မယ်၊ ချိန်းချော်မယ်၊ ဖရိုဝမ်းချော်မယ်၊ ဘောလ်တွေကွဲမယ်၊ ကုန်းတွေစားကုန်မယ်။ လက်ကိုင်ချောင်မယ်၊ ခြေနင်းကောက်မယ်၊ ပစ္စည်းတွေအသစ်လဲရမယ်၊ ဖင်ထိုင်ခုံချောင်မယ် စသည်ဖြင့်ပေါ့ဗျာ။ သူကလည်း တိုလီမုတ်စလေးတွေအများသားဗျ။ တစ်ခုခုချို့ယွင်းတာနဲ့ စက်ဘီးဟာ စီးမကောင်းတော့ဘူး။ ဘီးပေါက်ပြီဆိုလို့ကတော့ ဘယ်လိုမှကို စီးမဖြစ်တော့တာ။ လမ်းတွေကကျောက်လုံးတွေဆိုတော့ကာ ဘီးဟာလေတင်းနေမှ တော်ရုံကျတာ။ ဒီတော့ စက်ဘီးပြင်ဆိုင်တွေ လက်မလည်ဘူးဗျို့။

အဲဒီစက်ဘီးပြင်ဆိုင်တွေမှာ မှန်ကျောင်းရှေ့က ဦးမွတ်တားရဲ့စက်ဘီးပြင်ဆိုင်ဆိုရင်လည်း လက်မလည်အောင်ပြင်ပေးနေရတာ။ အဲဒီတုန်းက ဦးမွတ်တားရဲ့ဇနီး မမြမြရှိနေသေးတယ်ဗျ။ ဒါက စကားစပ်လို့ပြောတာနော်။ အဲဒီလို စက်ဘီးခေတ်မှာ ကျွပ်ကလည်း အကောင်းဆုံး ရာလေးယောက်ျားစီး စက်ဘီး(၂၈)ဆိုဂ်နဲ့စီးနေတဲ့သူပါ။ ဝင်းနိုင်ဆိုရင် လူတကာသိပါတယ်။

❑ လေနှာကိုအရောက်နဲ့ကုတဲ့လူ

ကျွပ်တို့အုပ်စုလေးဟာ အိမ်ထောင်မကျကြသေးတော့ကာ လက်တွဲမဖြုတ်ကြသေးပါဘူး။ လူပျိုလူလွတ်တွေဆိုတော့ စိတ်သွားတိုင်းကိုယ်ပါနိုင်ကြသေးတယ်။ တစ်ယောက် ညမှာ ရည်းစားချိန်းရင် ကျန်တဲ့သုံးယောက်က အမှောင်ထဲမှာ အသင့်စောင့်ပေးတတ်ကြတယ်။

လူပျိုတွေပဲဗျာ။ ချစ်သူတွေကိုယ်စီရှိကြတာပေါ့။ ဒါပေမယ့် အိမ်ထောင်မပြုကြသေးတာ။ ဖြစ်ချင်တော့ ချက်

www.burmeseclassic.com

www.burmeseclassic.com

ဖောင်းရဲ့ ချစ်ရေးချစ်ရာကိစ္စက အဆင်မပြေဖြစ်လာတယ်။ သူ့ရဲ့ကောင်မလေးက သူ့ကိုသစ္စာမဲ့ပြီးနောက်တစ်ယောက်ပြောင်းသွားတာ။ ဒါကလည်း ကျွပ်အထင် ချက်ဖောင်းညံ့လို့ထင်တာပဲ။ ဒီကောင်က နံစိစိနဲ့ စိတ်ပျော့တယ်။ နုလွန်း၊ ကဗျာဆန်လွန်းတယ်။ စကားလည်း သိပ်ပြောတဲ့ကောင်မဟုတ်ဘူး။ လူကတော့ချောပါတယ်။ ကျွပ်တို့လူပျိုတွေမှာ စကားရှိတယ်လေ။ လူပျိုလက်ဝက်ပြီးတဲ့ဗျ။ သွက်မှတော်ရုံရယ်။ မထိရက်မတို့ရက်နဲ့ ဝိနည်းရှောင်နေလို့ကတော့ နောက်လူလက်ထဲ ကောက်ခနဲပါသွားမှာ သေချာတယ်။ လောကမှာ အငွေ့ထက် အတွေ့ကိုမက်မောကြတာလေ။ ပုထုဇဉ်သဘာဝတွေပဲဗျာ။ ဒါကို လူတိုင်းသိပါတယ်။ ခုလည်း မထိရက်မတို့ရက်တော့ကာ ခံလိုက်ရတာပါပဲ။

စိတ်နုတဲ့ချက်ဖောင်းဟာ သူ့ကောင်မလေး သူများနောက်ကောက်ကောက်ပါသွားတော့ အိမ်မြောင်ပြုပြတ်ဆွေ့ဆွေ့ခုန်ခံစားနေရတာ။

"လောကမှာ မိန်းမမရှားပါဘူးကွာ။ ကိုယ်နဲ့တန်ရာတန်ရာ မိန်းမတွေရှိပါတယ်။တစ်ယောက်သွားရင် နောက်တစ်ယောက်လာမှာပေါ့ကွာ။ ဒီလောက်ခံစားနေစရာမလိုပါဘူး။ တို့လည်း ဝိုင်းကူပေးပါ့မယ်"

စသည်ဖြင့်ပေါ့လေ ဘယ်လိုအားပေးစကားပြောပေမယ့် ဒီကောင်ကမရဘူးဗျာ။ ဒီအချစ်မီးဝေဒနာကို တစ်မိုစိမ့်ခံစားနေတာ။

ဒီကောင် အကျင့်ပြောင်းသွားတယ်။ ကျွပ်တို့အုပ်စု အားတဲ့အခါတွေမှာ ပြန်ကပြေးဈေးထောင့်က ဦးဒိုးပုလက်ဖက်ရည်ဆိုင်မှာဝိုင်းဖွဲ့တတ်ကြပေမယ့် နောက်ပိုင်းမှာ ကျွပ်တို့လက်ဖက်ရည်ဝိုင်းမှာမထိုင်ထောင့်ဘဲ သူဟာသူတစ်ယောက်တည်း ဒေါ်ဘုတ်မရဲ့ဘီအီးအရက်ဆိုင်မှာ သွားထိုင်နေတတ်တယ်။ ဒေါ်ရက်လုံးစမကြိုက်တဲ့ လူပျော့ချက်ဖောင်းဟာ သူဝေဒနာကို အရက်နဲ့ကုစားနေဟန်တူတယ်ဗျ။

ကျွပ်တို့လည်း အမြဲးမြီးဖောင်းဖျပြောဆိုကြပေမယ့် ကျွပ်တို့ရဲ့စကားတွေဟာ သူ့အစွဲကိုမချွတ်ပေးနိုင်ကြပါဘူး။ မူးယစ်ဆေးဆိုတာဟာ ဆေးလိပ်ကအစအကျင့်လုပ်ရင် လွတကာကြိုက်တတ်ကြပါတယ်။ ဆေးလိပ်တောင့်မသောက်ကြတဲ့ ကျွပ်တို့လေးယောက်ထဲက ချက်ဖောင်းဟာ ခုတော့ အရက်တောင် သောက်တတ်တဲ့အဆင့်ကို ရောက်နေခဲ့ပါပြီ။ အဲဒါကြောင့် ကျွပ်တို့လည်း အတတ်နိုင်ဆုံး ပြောပြကြပါတယ်။

"ချက်ဖောင်း၊ မင်းကောင်မလေးဟိုကောင်နဲ့မင်္ဂလာတောင်ဆောင်ပြီးသွားပြီနော်၊ သူရင်ထဲမှာ မင်းမရှိဘူး။ မင်းကသာ သူ့ကိုရင်ထဲထည့်ထားပြီး ခံစားနေတာ။ မင်းအကြီးအကျယ်မှားနေတာကွ။ ဂရုမစိုက်စမ်းပါနဲ့ ချက်ဖောင်းရာ။ ယောကျ်ားလုပ်နေပြီးအခွံးမခံစမ်းပါနဲ့။ ခုလိုသာ မင်းအမြဲသောက်နေရင် မင်းမိဘတွေရောငါတို့ပါ ဘယ်စိတ်ဒုက္ခငင်းနိုင်မှာလဲကွာ"

ဒီအခါမှာ စကားနည်းတဲ့ချက်ဖောင်းဟာ သူ့ခံစားချက်တွေ မူးမူးနဲ့ပြောပြတယ်။

"သူငယ်ချင်းတို့ရာ၊ မင်းတို့စေတနာ ငါလေးစားပါတယ်။ မင်းတို့က အဆင်ပြေပြီး ငါ့လိုမှမခံစားရတာ။ ငါက မြတ်လေးပွင့်ကို အသက်လောက်တန်ဖိုးထားပြီး ချစ်တာကွ။ ငါ့ဘဝမှာ တစ်ချစ်ပဲရှိတယ်၊ နှစ်ချစ်မရှိဘူး။ ငါက သူ့ကို ယမင်းခွပ်လေးလို တစ်မိုစိမ့်ကြည့်ပြီးချစ်နေရတဲ့လူပါကွာ။ သူမရှိတော့ရင် ငါ့ဘဝမရှိတော့ပါဘူး။ အဲဒီပုလောင်တဲ့စိတ်ဟာ အခိုန်ပြည့် ငါ့ကိုနှိပ်စက်နေတာကွ။ ငါဘယ်လိုဖြေရမှာလဲ သူငယ်ချင်းတို့ရာ။ မူးပြီးမှေ့နေရင် ငါ့ဝေဒနာခဏသက်သာတယ်။ ငါ့ဘဝနဲ့ငါရှိပါစေတော့ကွာ။ ငါ့ဘဝက ရှင်လျက်နဲ့သေသွားပြီကွ။ သူငါ့ကိုဖြတ်စာပေးလိုက်တဲ့နေ့ကစပြီး ငါသေသွားတာ"

လို့ ရင်ဖွင့်ပါတယ်။

ကျွပ်တို့ရွာမှာ သူလိုကောင် သူတစ်ယောက်ပဲတွေ့ဖူးတယ်ဗျာ။ ပျော့ညံ့လိုက်တဲ့စိတ်ဓာတ်၊ ကျွပ်တို့စိတ်ဓာတ်နဲ့လဲလိုက်ချင်တာ။ ဒါမျိုးလူဆိုတာ ကျွပ်တို့အနေနဲ့ရှုပ်ရှင်ထဲ၊ ဗွီဒီယိုထဲ၊ ဝတ္ထုထဲ၊ ရုပ်ပြထဲလောက်သာတွေ့ဖူးတာ၊ အခုလို ကိုယ်တွေ့ကြုံမှ ဩော် - လောကမှာ ဒါမျိုးလူတကယ်ရှိတာပါလားလို့ သိရတော့တယ်ဗျာ။ လက်တွေ့ဇာတ်လို့ လက်တွေ့။

❑ ပြောင်းလဲနေတဲ့အချိန်များ

ချက်ဖောင်းကတော့ ကျွပ်တို့နဲ့လိုင်းမတူတော့ကာ သူဟာသူ လက်တွဲဖြတ်သွားတာအတော်ကြာခဲ့ပါပြီ။ ကျွပ်တို့သုံးယောက်ကတော့ လွတ်လပ်တဲ့လူပျိုဘဝနဲ့ လက်တွဲမြဲနေဆဲပါ။

ဟုတ်တယ်၊ လွတ်လပ်တဲ့ လူပျိုဘဝကို ကျွပ်တို့ မက်မောတယ်။ သွားချင်ရာသွား၊ စားချင်တာစား၊ ကျွပ်တို့မှာ အနှောင်အဖွဲ့မရှိဘူး။ အဲဒီလွတ်လပ်တဲ့လူပျိုဘဝရဲ့အရသာကို အိမ်ထောင်ကျပြီးရင် ပြန်တမ်းတလို့မရတော့ဘူး။

ဟိုဟာ - ကုန်ကုန်ပြောရရင် အိမ်ထောင်ကျပြီးတဲ့လူက လှတပတကောင်မလေးကိုမြင်ရင် ရဲရဲမင်းရဲတော့ဘူးလေ။ လွတ်လပ်တဲ့လူပျိုကျတော့ ရည်းစားစားပေးမလား၊ လိုက်ပြောမလား တင့်တယ်တယ်လေ၊ လူပျိုကိုးဗျ။ လူပျိုအပျို ချစ်စကားပြောတာ ဘယ်သူကကဲ့ရဲ့မှာလဲ။ ရည်းစားနှစ်ယောက်ထားထား။ သုံးယောက်ထားထား ဘာမှမဖြစ်ဘူး။ ဘယ်သူမှမကဲ့ရဲ့ဘူး။ အဲဒါ လူပျိုရဲ့ဂုဏ်ပဲလေ။

ကျွပ်တို့ကျောင်းနေသူငယ်ချင်းအချို့ဆိုရင် အိမ်ထောင်တွေကျကုန်ပြီး ကလေးတွေ တိုးလို့ပွဲလောင်းနဲ့ မလွတ်လပ်တဲ့ဘဝတွေရောက်ကုန်ကြပြီ။ လူပျိုတုန်းကလို ကြောင့်နေအောင်မနေနိုင်ကြတော့ဘူး။ စုတ်တိစုတ်ပြတ်ကိုဖြစ်နေကြတာ။

သူတို့ကိုမြင်ရတော့ ကျွပ်တို့သူငယ်ချင်းသုံးယောက် လူပျိုဘဝမှာ အော်တိုမစ်တစ်မြန်နေကြတာ၊ ဒီလိုနဲ့ ကျွပ်တို့ကို ရည်းစားထားမိတဲ့ ကောင်မလေးတွေ အော်တိုမစ်တစ် လက်တွဲဖြုတ်ဖြုတ်သွားကြတာ အဆန်းမဟုတ်ပါဘူး အဲ - အမနာပစကားလည်း အပြောခံသဗျ။ ကျွပ်တို့ကို ငကြောင်တွေတဲ့။ ဒီအခါ ကျွပ်တို့သတင်း ရွာထဲမှေးနေဟန်တူရဲ့။ အတော်အတန် ကျွပ်တို့ကိုလက်မခံကြတော့ပါဘူး။ ငကြောင်သုံးကောင်ဆိုပြီး လက်လန်တာများတယ်။

ကျွပ်တို့ကလည်း တယ်မမှုပါဘူး၊ စက်ဘီးကိုယ်စီနဲ့ ဟိုသွားဒီသွား ခပ်ပျော်ပျော်နေနေကြတာပါပဲ။ မိဘတွေကတောင်သူကြီးတွေဆိုတော့ကာ ဝမ်းနေကလည်း ပူရတာမှမဟုတ်တာ။ ဒီလိုနဲ့ နွေ၊ မိုး၊ ဆောင်းတွေ အလီလီပြောင်းခဲ့တာ သုံးနှစ်တာဆိုတာ ဇာတ်လေးရယ်ပဲ။ ဟိုသွားဒီသွားနဲ့ အချိန်ကုန်တာ။

ဟုတ်ကဲ့ - ကျွပ်တို့သူငယ်ချင်းချက်ဖောင်းကတော့ အရက်ကျွန်လုံးလုံးဖြစ်နေခဲ့ပါပြီ။ ခေတ်စကားနဲ့ဆိုရင် ဖောရှောဖြစ်တော့မှာပါ။ မျက်နှာတော်ဖောသွပ်ဖောရောင်ဖြစ်နေပါပြီ။ ကျွပ်တို့နဲ့တွေ့တာတောင် သူဟာသူ နောင်းသွားတော့တာ။

ဖောရှောဆိုတာက ဖောပြီးရှော

www.burmeseclassic.com

www.burmeseclassic.com

သူးတဲ့ယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒီကောင့် ကိုမြင်ရတာ တကယ်စိတ်မကောင်းပါဘူးဗျာ။ ကျွပ်တို့မှာ ဟော်လို့ကောင်းဘုန်း သူမှာတော့ မြတ်လေးပွင့်ရဲ့ ဝေနာနဲ့ တကယ့်ကို အရွယ်နဲ့မမျှတော်ပြတ်နေအောင်ဖြစ်သွားခဲ့တာပါ။ ဘာယဲ့ လူညံ့လူဖျင်းပါဗျာ။ တစ်ခါတစ်ခေလမ်းပေါ် မှာ အိပ်နေတာတွေကြုံလာခဲ့ဖူးတယ်။ အရက်သမား လမ်းမှာအိပ်တာ အဆန်းမှမဟုတ်တာ။ သူမိဘတွေဆောင် သူ့ကို လက်လျှော့လိုက်ပြီလေ။ အရက်ကို သေအောင်သောက်မယ်ဆောင်ဆိုတာ လုံးတကာသဘောပေါက်နေပါတယ်။ သူမိဘတွေလည်း ခုသာခံသာ မိဘတွေဖို့ တော်တော့်တယ်။

ယမ်းလဲသမ်ပင်ကြီး

"ဝင်းနိုင်ရေ"

"ဘာလဲ သန့်ဇင်"

"တို့တစ်တွေ ကျွန်းတက်ပဲ့ရွာသွားလည်ရအောင်။ အဲဒီမှာ တို့ဘကြီးရှိတယ်ကွ။ လာလည်ဖို့ ခဏခဏမှာနေတာ"

"အောင်ပြည့်၊ ဘယ်လိုလဲ သွားမလား"

"မင်းတို့ကြိုက်တဲ့နေရာပွားလေ၊ ငါမလိုက်တာရှိဘူးလို့လား"

"ဒါဆို အဲဒီကိုသွားကြမယ်ကွာ။ ဝင်းတို့စက်ဘီးတွေ လေပြည့်ရဲ့လား။ ပြည့်ရင် ဦးမွတ်တားဆိုင် ဝင်ထိုးကြရအောင်"

"ဟုတ်တယ်၊ ကျွန်းတက်ပဲ့ဆိုတော်လေးတာ။ စက်ဘီးလေလျှော့နေရင် အတော်နင်းယူရမှာ"

သန့်ဇင်က ထောက်ခံပြီး စက်ဘီးတွေလေထိုးဖို့ ဦးမွတ်တားဆိုင်ကိုလာကြပါတယ်။ ဦးမွတ်တားက လမ်းဘေးသူအိမ်ရှေ့မှာ စက်ဘီးပြင်ဆိုင်ဖွင့်ထားတာဆိုတော့ အဆင်ပြေတယ်။ စက်ဘီးလေဖြည့်နေတဲ့ ဦးမွတ်တားက ကျွပ်တို့ကိုထိုးနေတာကိုကြည့်ပြီး မေးပါတယ်။

"ကောင်လေးတွေ၊ ဘယ်သွားမလို့လဲကွ"

"ကျွန်းတက်ပဲ့သွားမလို့ ဦးလေးရဲ့"

"မင်းတို့ဟာ နေပူလိုက်တာကွာ"

"အိုဗျာ- ဦးလေးကလည်း၊ လူပျိုဆိုမှ ဒုနပူတာ၊ မိုးရွာတာ၊ မှောင်တာတွေ ဘယ်ဂရုစိုက်နိုင်မှာလဲဗျာ။ ကျွန်းတက်ပဲ့ရွာက မဒီလေးတွေ သွားဝိုက်ကြဖလေ"

"ဘာလဲ၊ မင်းတို့ကို ရွာထဲက ကောင်မလေးတွေက လှည့်မကြည့်တော့ဘူး မဟုတ်လား"

ကျွပ်တို့အကြောင်းကို သိနေတဲ့ ဦးမွတ်တားက အရှိုက်ထိုးပါတယ်။ ဒါနဲ့ ကျွပ်လည်း ချက်ချင်းပဲ -

"မဟုတ်ပါဘူးဗျာ၊ ကျွပ်တို့ကိုက ခေါက်ထားတာပါ"

လို့ အရှက်ပြေပြောရတာပေါ့ဗျာ။

"အေး - မင်းတို့တွေပြန်ရင် နေမဝင်မီပြန်ခဲ့ကြကွ။ နည်းနည်း မိုးချုပ်ရင် တောရကျောင်းဝိုင်းကြီးအရှေ့က မယားလဲပင်ကြီးကခြောက်တတ်တယ်"

"ခြောက်တာမျှား အရေးအရာလုပ်လို့ဗျာ။ ဝင်းနိုင်တို့က မကြောက်ရေးချ မကြောက်ဘဲဗျ။ ခြောက်ရင် အဲဒီသရဲ ကျောက်ခဲစာမိသွားမှာပေါ့။ ဒါထက် မယားလဲပင် ဆိုတာ ဘာလဲဗျ။ ကျွပ်တို့ကြားဖူးတဲ့အထဲမှာ မယားလဲသစ်လို့ မကြားဖူးပါဘူး"

"အေး - ငါလည်း အဲဒီမယားလဲပင်ကြီးဟာ ဘာသစ်ပင်မှန်းကိုမသိတာ၊ သစ်တွေက အများကြီးရှိတယ်လေ။ အချို့ဆို ဘာပင်မှန်းတောင်မသိဘူး"

"ဒါဆို မယားလဲဝင်ဆိုတာ အကြောင်းရှိမယ်ဗျ"

"ရှိတာပေါ့ကွာ၊ ရှိတာပေါ့။ ဟိုးနှေးတုန်းက ခရီးသွားစုံတွဲနှစ်တွဲဟာ အဲဒီအပင်ကြီးအောက်မှာ ခရီးတစ်ထောက်နားကြသတဲ့ကွ။ တစ်ဦးနဲ့တစ်ဦး မသိကြဘူးပေါ့။ အဲဒီလိုနားနေတဲ့အခါ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်စကားပြောရင်း ခင်မင်သွားကြတာပေါ့ကွာ။ အဲဒီမှာ ဖြစ်ချင်တော့ ကိုယ့်မိန်းမကို သူကငမ်း၊ သူ့မိန်းမကို ကိုယ်ကငမ်းနဲ့ အကြည့်ချင်းဆုံ ရင်ခုန်ကြတယ်ဆိုပဲ။ တပ်မက်မှုကတားဆီးမရနိုင်ကြတဲ့အခါ ယောကျ်ားနှစ်ယောက်ဟာ ပွင့်ပွင့်လင်းလင်း ပြောဆိုကြပြီး သူ့မိန်းမကိုယ်ယူ၊ ကိုယ့်မိန်းမသူယူလဲလှယ်ပြီး လိုရာခရီးကို ဆက်ကြသတဲ့ကွ။ မိန်းမတွေလည်း ကြည်ကြည်ဖြူဖြူနဲ့ ပါသွားကြတယ်လို့ ဆိုတယ်။ အဲဒီကစပြီး အဲဒီအပင်ကြီးကို မယားလဲပင်ကြီးလို့ အစဉ်အဆက်ခေါ်ခဲ့ကြတာခုထိဆိုပါတော့ကွာ"

"သစ်ပင်ကြီးရဲ့ ရာဇဝင်ကတော့ အရမ်းမိုက်တယ် ဦးလေးရာ။ ကျွပ်တို့မိန်းမရရင် အဲဒီအပင်ကြီးနားကတောင် ဖြတ်မသွားရဲအောင်ကျနေပြီ"

"အောင်မာ-နင်တို့ရအောင်ပဲယူကြစမ်းပါဦး"

"ဟား ဟား ဟား"

ပြောဆိုရယ်မောပြီး ကျွပ်တို့ထွက်ခဲ့ကြပါတယ်။ နေပူကိုကာတွယ်ဖို့ အဲဒီခေတ်က ခေတ်စားတဲ့ အံနားဖတ်ကြီးတဲ့ စစ်ဦးထုပ်ကိုယ်စီဆောင်းလာကြတာပါ။ စစ်ဦးထုပ်ဆောင်းပြီး စစ်လွယ်အိတ်သေးသေးလေးလွယ်တာ ကျွပ်တို့ခေတ်က အရမ်းခေတ်စားတာကိုး။ ကျွပ်တို့မှာ စစ်လွယ်အိတ်လေးတွေလည်း ကိုယ်စီနဲ့ပါ။ အဲဒီအထဲမှာ ပဝါ၊ မှတ်စုစာအုပ်စတဲ့ လူပျိုပစ္စည်းလေးတွေ ပါပါတယ်။ ပြီးတော့ ထိုက်သင့်တဲ့ငွေကြေးလည်း ပါပါတယ်။ စတိုင်ပေါ့လေ။

သူငယ်ချင်းချက်ဖောင်း

"အောင်ပြည့်ရာ၊ တို့သူငယ်ချင်းချက်ဖောင်းကို သတိရလိုက်တာကွာ"

လို့ စက်ဘီးရင်ပေါင်တန်းနင်းကာ ကျွပ်က လွမ်းလွမ်းဆွေးဆွေးပြောမိတယ်။ ဟုတ်တယ်၊ အရင်က လေးယောက်လေ။ ချက်ဖောင်းအသည်းကွဲဝေဒနာခံစားရပြီးနောက်ပိုင်း အရက်သမားလုံးလုံးဖြစ်သွားတော့ကာ ကျွပ်တို့ကိုလက်တွဲဖြုတ်ပြီး တစ်ကိုယ်တော်နေနေတော့တာ။ ခုလို အတန်ငယ်ဝေးတဲ့ခရီးကိုသွားနေတဲ့အခါ ပိုပြီး သတိရတာပေါ့ဗျာ။ အဲဒါကြောင့်ပြောမိခြင်းပါ။ ကျွပ်တို့ စိတ်ချင်းဆက်နွယ်ဟန်ရှိတယ်။ အောင်ပြည့်က -

"အေး - ငါလည်း ဒီကောင်ကြီးကို သတိရနေတာကွ"

လို့ပြောတဲ့အခါ သန့်ဇင်ကလည်း ချက်ချင်း -

"ငါလည်း ဒီကောင့်ကိုသတိရနေတာဟာ။ တို့တွေအတွေးချင်းတိုက်ဆိုင်လိုက်တာကွာ"

လို့ ပြောပါတယ်။ ဟုတ်မှာပါ။ ကျွပ်တို့လေးယောက်တွဲမိတုန်းကဆိုရင် စက်ဘီးကိုယ်စီနဲ့ ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းက ဆင်ဖြူတောင်ဘုရားပွဲလည်းရောက်တယ်။ လေတွင်းတောင်ဆိုလည်းရောက်တာပဲ။ ဆယ်မိုင်ဝေးတဲ့ လယ်ဝေးက ဖောင်တော်ချက်မဘုရားပွဲဆိုလည်းရောက်၊ သာဝတ္ထိရသေ့တောင်ဆိုလည်းရောက်နဲ့ ကျွပ်တို့လူငယ်တွေ စိတ်သွားတိုင်း ကိုယ်ပါကြတာလေ။ ဒီလောက်ချစ်ကြတဲ့ သူငယ်ချင်းတွေ ဘာမဟုတ်တဲ့ မိန်းမကိစ္စနဲ့ လက်တွဲဖြုတ်သွားတဲ့ ချက်ဖောင်းကို သတိမရရှိမလားဗျာ။ ဘယ်သွားသွား၊ ဘာစားစားသတိရကြပါတယ်။

ခုလည်း ကျွန်းတက်ပဲ့ဆီဦးတည်

www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့ကြတာ မာရသွန်ခရီးပေမို့ သတိရနေကြခြင်းပါ။ ဒီလိုနဲ့ ကျွပ်တို့တွေ ပြန်ကပြေးရွာလယ်လမ်းကနေ ညောင်ပင်ဝိုင်းရပ်ကွက်၊ ပြန်ကပြေးလေးရပ်ကွက်တို့ကိုဖြတ်ကျော်အပြီးမှာတော့ ရွာအနောက်ဘက်အထွက်မှာ လူတစ်ယောက်လဲနေတာကို မြင်ရပါတယ်။ ဒီလို လမ်းဘေးမှာအိပ်နေတတ်တာ ရွာမှာ ချက်ဖောင်းသာရှိတာမို့ ကျွပ်က ထင်ကြေးပေးလိုက်ပါတယ်။

"ဟေ့ကောင်တွေ၊ ဟိုလမ်းဘေးမှာလဲနေတာ ချက်ဖောင်းများလားမသိဘူးကွ"

"အေး - ဟုတ်နိုင်တယ်"

လို့ ထောက်ခံကြပါတယ်။ ဒီကောင် လမ်းဘေးမှာမူးလဲနေတာ ရွာကလူတွေအတွက် အဆန်းမဟုတ်ကြတော့ပါဘူး။ အရေးတယူလည်းလုပ်မနေကြပါဘူး။ အမူးပြေရင် သူ့တာသူ ထသွားလေ့ရှိတာပါ။ ချက်ဖောင်းဟာ မျက်နှာတွေလည်း ဖောရောင်နေပြီး ဝါစိမ်းစိမ်းဖြစ်နေပါပြီ။ အခြေအနေက တယ်ပြီးမကောင်းတော့တဲ့အခြေအနေပါ။

ဒါနဲ့ ကျွပ်တို့အနီးရောက်တဲ့အခါ အမှန်တကယ် ချက်ဖောင်းဖြစ်နေပါတယ်။ အဲဒါကြောင့် ကျွပ်တို့ စက်ဘီးပေါ်ကဆင်းလိုက်ကြပြီး ချက်ဖောင်းကို ကြည့်ဖြစ်ပါတယ်။

မျက်နှာဘေးတစ်စောင်းနဲ့ မှောက်လျှက်လဲနေခြင်းပါ။ ပါးစပ်ကဟနေတာကြောင့် ယင်ကောင်တွေက တလောင်းလော်င်းနဲ့ပါ။ ပြီးတော့ ပုရွက်ဆိတ်အချို့က နှာခေါင်းထဲဝင်လိုက်၊ ထွက်လိုက် လုပ်နေကြပါတယ်။

"ဟေ့ကောင်တွေ၊ ဒီကောင် သေများသေနေပြီလားမသိဘူးဟ။ ' ပုရွက်ဆိတ်တွေတောင်တက်နေပြီ"

"ဟာ - ဘယ်ကသေရမှာလဲ၊ အသက်ရှူနေသေးတဲ့ဥစ္စာ၊ သတိမေ့ပြီး ဒိန်ပျော်နေတာနေမှာကွ"

"ဒီကောင်ကွာ၊ ဖြစ်မှဖြစ်ရတယ်။ မိန်းမတစ်ယောက်အတွက်နဲ့များ ဘဝကို အရှုံးပေးရတယ်လို့ ရာဇဝင်ရိုင်းလိုက်တာကွာ။ ကဲကွာ- ထားလိုက်ပါ။ သူ့ဟာသူ သတိရရင် ထပြန်လိမ့်မယ် သွားကြစို့"

လို့ ကျွပ်ကပြောတော့ အားလုံးခရီးဆက်ခဲ့ကြပါတယ်။ မကြာမီ ပြန်ကပြေးသချိုင်းရောက်တယ်။ အဲဒီသချိုင်းတောင်ဘက်တည့်တည့်မှာ လှည်းလမ်းရှိပါတယ်။ လမ်းမကြီးကနေခွဲထွက်သွားတဲ့ လှည်းလမ်းပါ။ အဲဒီလမ်းအတိုင်းသွားရင် ကြာပင်ရွာကို ရောက်တယ်။ လမ်းမအတိုင်းဆက်သွားရင် ကျွန်းတက်ပဲ့ရွာကိုရောက်တာပါ။ ကြာပင်ရွာက နီးပေမယ့် ကျွန်းတက်ပဲ့က သိပ်မနီးလှဘူး။ အတော်နင်းရမှာပါ။

ကျွပ်တို့တွေ ကျွန်းတက်ပဲ့သွားလမ်းကို ဦးတည်ပြီးနင်းခဲ့ကြပါတယ်။ စိတ်မကောင်းဖွယ်အနဲငှာခဲ့အဖြစ်မြင်ခဲ့ရတော့ စကားဖောင်တတ်ကြတဲ့ကျွပ်တို့တွေ စကားတောင် အထော်နဲ့မပြောနိုင်ကြပါဘူး။

၂ သူငယ်ချင်းတို့နဲ့အတူ

မနက်ကိုးနာရီကျော်ကျော်ဆိုတဲ့ နေဟာ နွေရာသီမို့ အတော့်ကိုပူပြင်းနေပါပြီ။ အပျော်မက်တဲ့ကျွပ်တို့ဟာ အဲဒီအပူကိုမမှုဘဲ စက်ဘီးမှန်မှန်နင်းနေကြပါတယ်။

သိပ်မကြာလိုက်ပါဘူး။ လမ်းခွဲက နေနင်းလာတာ မိနစ် (၂၀)လောက်ပဲရှိဦးမယ်။ ကျွပ်စက်ဘီးရဲ့နောက်က ကယ်ရီယာပေါ် လူတစ်ယောက်ခုန်တက်လိုက်သလိုခံစားရပြီး လူတက်ရင် လက်ကိုင်အနည်းငယ်ယမ်းခါသလို ယမ်းခါသွားပါတယ်။

အဲဒီလိုဖြစ်ပြီးတာနဲ့တစ်ပြိုင်နက် ကျွပ်စက်ဘီးဟာ လူတစ်ယောက်ကို တင်နင်းရသလို လေးသွားပြီး အားစိုက်နင်းနေရပါတယ်။ အဲဒီမှာ ကျွပ်လည်း နေ့လယ်ကြီးမှာ ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲထလိုက်တယ်။ ဘာဖြစ်တာပါလိမ့်ပေါ့။

စက်ဘီးကယ်ရီယာ ပါတာကကျွပ်တစ်ဦးတည်းရယ်ပါ။ ဟိုကောင်တွေစက်ဘီးက ယိုးဒယားမိန်းမစီးစက်ဘီးတွေ ပြီးတော့ နောက်မှာ ကယ်ရီမပါဘူး။ ဧကန္တ သရဲတစ္ဆေတစ်ကောင်ကောင်များ ကျွပ်စက်ဘီးပေါ်စီးလိုက်လာသလားမသိဘူးဆိုတဲ့အတွေးလည်း ရုတ်တရက် ဝင်ဝေးမိပါတယ်။

သို့သော်လည်း ကျွပ်က သိပ်ကြောက်တတ်တဲ့ကောင် မဟုတ်တော့ လုံးဝမကြောက်ပါဘူး။ ပြီးတော့ နေ့ခင်းကြောင်တောင်မှာ အဖော်တွေနဲ့လေ။ ဘယ်ကြောက်မှာလဲ။ သို့သော်လည်း စိတ်ထဲ သက်မကင်းဖြစ်နေရတော့ အမှန်ပါ။ ပူပါတယ်ဆိုမှ နှစ်ယောက်စာ အားစိုက်နင်းသလို နင်းနေရတော့ ကျွပ်မှာ ချွေးဒီးဒီးကျလာပါတယ်။

လမ်းကလည်း လှည်းလမ်းကြောင်း လမ်းကြမ်းပါ။ သဲမနဲ့ မနစ်အောင် ကွေ့ရှောင်စီးနေရတဲ့ကြောင်းဆိုတော့ ကိုယ့်တစ်ကိုယ်ဆို မထောင်းတာလှပေမယ့် ခုတော့ နှစ်ကိုယ်စာနင်းနေရသလိုဆိုတော့ ကျွစက်ဘီးကို တယ်မသက်သာချင်ဘူး။ အကြောင့် စက်ဘီးထိုးရပ်ပြီး ဟိုကောင်တွေကိုလည်း တားရတယ်။

"ဟေ့ကောင်တွေ၊ နေကြဦးဟ"

"ဘာဖြစ်တာလဲ ဘီးပေါက်လားး ဘီးပေါက်လို့ကတော့ ငါတို့ရွာလည်ပြီဟ"

"ဘယ်ကလာ ပေါက်ရမှာလဲ။ စက်ဘီးကယ်ရီပေါ်ကို လူတစ်ယောက်တက်စီးလိုက်သလို ခံစားလိုက်ရပြီး စက်ဘီးက အတော်လေးသွားတာဟ"

"မင်းဟာ ဘောလ်တွေကွဲပြီးမှာ ညပ်ကုန်လို့လားကွာ"

"ဟာ - အောင်ပြည့်ကလည်း ဘောလ်ကွဲရင် ဝင်ရိုးဘောလ်ကွဲတာတောက်တောက်မြည်လာတာတို့ အသိသာကြီးရယ်။ ခုဟာ ဘာဘောလ်ကွဲသံမှမကြားရဘူး"

"ဒါဆို ဘောလ်ကွဲ မကွဲစမ်းကြည့်လေ"

ဆိုတာနဲ့ ကျွပ်လည်း ဒေါ်ထောက်ပြီး စက်ဘီးကိုစောင်းကာ ခြေနင်းနင်းကြည့်ပါတယ်။ နောက်ဘီးမှတ်နေအောင်လည်နေပါတယ်။ ဘောလ်ကွဲသံလုံးဝမကြားရပါဘူး။ ဒါနဲ့ဘရိတ်ဖမ်းပြီးရပ်လိုက်ပါတယ်။

"အေးကွ-၊ ဘာမှမချို့ယွင်းဘူး ဘာလို့လေးနေတာလဲ။ ဒီလိုလုပ် ဝင်းဟုတ်၊ မဟုတ် မင်းဘီး ငါစီးကြည့်မယ် ငါ့စက်ဘီး မင်းစီး ဟေ့ကောင်"

ဆိုတာနဲ့ ကျွပ်တို့စက်ဘီးလဲလိုက်ကြပါတယ်။

"ကဲ - အောင်ပြည့် မင်းရှေ့ထွက်ကွာ"

ဆိုတော့ အောင်ပြည့် ရှေ့ဆုံးထွက်ပါတယ်။ ထွက်ပြီးတာနဲ့ စက်ဘီးပေါ် လူခုနစ်တက်လိုက်သလို အောင်ပြည့်လက်ကိုင် ခါယမ်းသွားတာမြင်လိုက်ရပါတယ်။ ပြီးတော့ အောင်ပြည့် အားစိုက်နင်းတာကို မြင်ကြရတာပါပဲ။

"အေး - ဟုတ်တယ်ဟ၊ ကောင်တွေ စက်ဘီးက အလေးကြီး လူတင်နင်းနေရသလိုပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းအားဆေးနင်းလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အောင်ပြည့် အားစိုက်နင်းရင်း ရှေ့က ဦးဆောင်သွားနေပါတယ်။ ဒီလိုနဲ့ ကြာပင်လမ်းခွဲရောက်တော့ကာ အဲဒီအလွန်လေးတဲ့ကျွဲပဲ့စက်ဘီးကို သန့်ဇင်က ဆက်စီးပါတယ်။ တော်သေးတယ်။တစ်ယောက်တစ်လှည့် စီလို့သာပေါ့။ ကျွဲပဲ့တစ်ဦးတည်းသာစီးလို့ကတော့ ဒီလိုတောလမ်းခရီးမှာ ကျွဲလျှာထွက်မတက်နင်းရမှာ။ ဘာလို့ ဒီလောက်လေးနေတယ်ဆိုတာ အဖြေရှာမရဘူးဗျ။ ကျွဲပဲ့အထင် တောထဲလမ်းတစ်နေရာက သရဲတစ်ကောင် ကျွဲပဲ့စက်ဘီးပေါ် တက်လိုက်လာတယ်ထင်တာပဲ။ ထူးတာတော့ အတော့်ကိုထူးတာပါ။ စက်ဘီးသရဲဖြစ်တဲ့ ကျွဲပဲ့ကို အုပ်စု စက်ဘီးကိုယ်စီနဲ့ နေ့ညမချောင်သွားလာနေကြတာ ခုလိုတစ်ခါမှမကြုံဖူးဘူးဗျို့။ ဒီတစ်ခါပဲ နေ့ခင်းကြောင် တောင်ကြုံရတာ။

ဒီလိုနဲ့ တောအုပ်အုပ်ကြီးရှိတဲ့ တောရကျောင်းရှေ့က သစ်ပင်ကြီးရိပ်မှာ ကျွဲပဲ့တို့နားကြတယ်။

"ဒီအပင်ကြီးပေါ့ကွ မယားလဲသစ်ပင်ဆိုတာ။ ထူးထူးဆန်းဆန်းကွာ မယားချင်းတောင်လဲရတယ်လို့"

"အေးဟ- ဦးမွတ်တားပြောပြလို့သိရတာ၊ ဘာပင်ကြီးမှန်းတောင်မသိဘူးနော်။ တို့သိတာက ကျွန်း၊ ပိတောက်၊ အင်ကြင်း၊ သစ်ရာ၊ ဒီးဒူး၊ လက်ပံ ဒါလောက်သိတာ။ ဒါထက် မင်းတို့ ငါ့စက်ဘီးနင်းရတာ အဆင်ပြေရဲ့လား"

"ပြေ မပြေတော့မသိဘူး၊ငါတော့ သွေးတွေရေချိုးထားရသလိုပဲ။ ဒါမျိုး ငါ တော့ မကြုံဖူးပါဘူးကွာ"

လို့ သန့်ဇင်က ပြောတဲ့အခါ အောင်ပြည့်က ထပြောပါတယ်။ ဒါပေမယ့် ဒီအကောင့်ပင်ကိုသံမဟုတ်ဘဲ ခပ်အောအောအသံကြောင့် သတိထားမိလိုက်ပါတယ်။

"မင်းတို့လေးမှာပေါ့ ငါလိုက်လာတာလေ"

လို့ပြောတာကြောင့် သူကိုအသေအချာကြည့်တဲ့အခါ မျက်ထောင့်တွေနီပြီး မျက်လုံးပိုပြူးနေသလိုဖြစ်နေပါတယ်။

"အောင်ပြည့် ဟေ့ကောင် မင်းဘာဖြစ်တာလဲ"

"ငါ အောင်ပြည့်မဟုတ်ဘူးလေကွာ၊ မင်းတို့သူငယ်ချင်း ချက်ဖောင်းပါ"

ဆိုတော့ ကျွဲပဲ့တို့နှစ်ယောက် မျက်လုံးပြူးရပါတယ်။

"ဟင် - မင်း ချက်ဖောင်းဟုတ်လား"

"အေး - ဟုတ်တယ်၊ ငါချက်ဖောင်းပါ။ ငါရွာအထွက်မှာလဲနေတော့ လူတွေ ငုံအနားကဖြတ်သွားတာ မြင်နေသိနေတယ်။ ဒါပေမယ့် ငါမလှုပ်နိုင်တော့ဘူး။ ယင်ကောင်တွေနားတာ၊ နှာခေါင်းထဲ ပုရွက်ဆိတ်တွေဝင်ကိုက်တာ၊ မင်းတို့လာတာ၊ မင်းတို့ပြောတာ ငါအကုန်သိနေတယ်။ ငါလုံးဝလှုပ်လို့ မရတော့ဘူးလေ။ လှုပ်လို့ထလို့ရတာနဲ့ ငါချက်ချင်း မင်းတို့ဆီပြေးလိုက်ခဲ့တာပါကွာ။ ငါ မင်းတို့နဲ့ ခရီးမသွားရတာကြာပြီ။ခုမှာပဲ သူငယ်ချင်းတို့နဲ့အတူ လိုက်နိုင်တာပါကွာ"

လို့ ရှင်းပြပါတယ်။

ဒါဆို ချက်ဖောင်းသေပြီး တစ္ဆေဘဝနဲ့ ကျွဲပဲ့တို့နောက်လိုက်လာတယ်ဆိုတာကို သိလိုက်ရပါတယ်။ ကျွဲပဲ့တို့ ဘာလုပ်လို့ဘာကိုင်ရမှန်းကို မသိအောင်ဖြစ်သွားတာပါ။ အဲဒီမှာ သန့်ဇင်က -

"ဒီမှာ ချက်ဖောင်း၊ မင်းကိုယ်က အလေးကြီးကွ။ ငါတို့တင်မနင်းနိုင်ဘူး။ ဒီမယားလဲပင်ကြီးရောက်အောင်တောင် လူသုံးယောက်မနည်းနင်းရတာ။ အဲဒါတို့က ကျွန်းတက်ပဲ့အထိသွားမှာ၊ ခရီးက အဝေးကြီးလိုသေးတယ်။ အဲဒီတော့ သူငယ်ချင်း မင်းဒီအပင်ကြီးအောက်က စောင့်နေ ဟုတ်လား။ ငါတို့ ညနေပြန်လာမယ်။ ပြန်လာရင် မင်းကြိုက်တဲ့ ဘီအီးတစ်လုံးဆွဲခဲ့မယ် ဟုတ်ပြီလား။ အပြန်ကျမှ တို့သူငယ်ချင်းလေးယောက် အတူပြန်ကြတာပေါ့ကွာ ဟုတ်လား ချက်ဖောင်း"

လို့ပြောတော့ -

"အေးပါကွာ အေးပါ။ ငါစောင့်နေမယ်နော်"

လို့ပြန်ပြောပြီး အောင်ပြည့်အိပ်ငိုက်ရာကနိုးသလို ပြူးတူးပြဲတဲ့ ကျွဲပဲ့တို့ကိုကြည့်ပါတယ်။ အဲဒီမှာ ကျွဲပဲ့ကချက်ချင်းပဲ-

"ကဲ - အောင်ပြည့်၊ မင်းက ခဏနားတာ ငိုက်နေတာကိုးကွ။ သွားကြစို့ မွန်းမတည့်မီရောက်မှ အပူသက်သာမှာ"

ဆိုပြီး ကျွဲပဲ့က ကျွဲပဲ့စက်ဘီးကျွဲပဲ့စီးကာ ခရီးဆက်ခဲ့ကြပါတယ်။ ဒီတစ်ခါတော့ ချက်ဖောင်း တကယ်မလိုက်တော့တာပါ။ ပေါ့ပေါ့ပါးပါးမို့ ကျွဲပဲ့တို့ မယားလဲသစ်ပင်ကြီးနဲ့ဝေးအောင် အပြန်နင်းလိုက်ကြပါတယ်။ ဘယ်လောက်အားစိုက်နင်းလဲဆိုရင် ကျွန်းတက်ပဲ့ရွာကို မကြာမီရောက်ကြတာပါ။

ဂ အပြန်လမ်း

ကျွဲပဲ့တို့ကြုံတွေ့လာခဲ့ရတဲ့အဖြစ်ကို သန့်ဇင်ရဲ့ဘကြီးမိသားစုအိမ်မှာ ပိုင်းဖွဲ့ပြောဖြစ်ကြပါတယ်။ ဘဝမှာ မမျှော်လင့်ဘဲ ကြုံရတဲ့အဖြစ်ပါ။

သူငယ်ချင်းဆိုတဲ့အစွဲဟာ သေပြီးလို့ ပေတဂတိရောက်နေတာတောင်ရှိနေသေးတာကိုလည်း ကိုယ်တွေ့ကြုံရတာပါ။ တကယ်တော့ သူတကယ်စွဲနေတာက မြတ်လေးပွင့်ပါ။ သို့သော်လည်း သေခါနီးလေး ဝိညာဉ်ချုပ်ခါနီးမှာ ကျွဲပဲ့တို့က သူ့အနား ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားလိုက်တာနဲ့ သူ့အစွဲဟာ ကျွဲပဲ့တို့ဆီကပ်ပါလာပြီး လိုက်လာခဲ့ခြင်းပါပဲ။

တော်သေးတယ်။ အရေးကြုံသက်လုံကောင်းစေဆိုတာလို သန့်ဇင်ကဝင်ပြီး ဖျောင်းဖျလိုက်လို့သာ မယားလဲပင်ကြီးမှာ ကျန်နေခဲ့ခြင်းပါ။ သူ ကျွဲပဲ့တို့အပြန်ကို မယားလဲပင်ကြီးအောက်ကနေ စောင့်နေမှာ မလွဲပါဘူး။ သူသိပ်ကြိုက်ပြီးသေအောင်သောက်ခဲ့တဲ့ အရက်တစ်ပုလင်းကိုလည်း မျှော်လင့်နေမှာပါ။

သို့သော်လည်း သန့်ဇင်ရဲ့ဘကြီးဦးအောင်တိုးရဲ့ အကြံပေးချက်အရ အပြန်မှာ ကျွဲပဲ့တို့ အဲဒီလမ်းမပြန်တော့ဘဲ မဲထီးရွာလမ်းကပြန်ပါတယ်။ မဲထီးကနေ တဲကြီးကုန်း၊ တဲကြီးကုန်းကနေ လုံမင်းအင်း ဆိုတဲ့ ရွာစဉ်တောလုည်းလမ်းအတိုင်းနင်းခဲ့ကြပြီး လုံမင်းအင်းကနေ ကျွဲပဲ့တို့ ပြန်ကပြေးကို ပြန်ခဲ့ပါတယ်။ ခရီးစဉ်တော့ဝေးတာပေါ့လေ။ မိုးအချုပ်မှာ ရွာကိုရောက်ကြပါတယ်။

ကျွဲပဲ့တို့ဟာ သူငယ်ချင်း ချက်ဖောင်းကို လိမ်သလိုဖြစ်ခဲ့တာပါ။ ဘဝတွေခြောက်ခဲ့ပြီပဲဗျာ။ ဘဝမှမတူတာ ဘာတတ်နိုင်မှာလဲ။ ချက်ဖောင်း မယားလဲသစ်ပင်ကြီးကနေ ကျွဲပဲ့တို့ကိုမျှားမျှော်နေလေမလား ဆိုတဲ့ အတွေးကတော့ ကျွဲပဲ့အခုလူကြီးဖြစ်သည့်တိုင်ရှိနေသေးတယ်ဗျာ။

(ကိုအောင်မြင့်ဆွေသို့ ကျေးဇူးတင်လျက်)

ချမ်းမြေကြူပါစေ

ချဲပြည်စိုး(ဦးကလေး)

www.burmeseclassic.com

www.burmeseclassic.com

❑ ပြည်လယ်ပြင်မောင်နမ

ပြည်လယ်ပြင်မောင်နမသည် ဝန်း(၃၇)မင်းအပါအဝင် ဖြစ်သည်။ မြစ်ဝကျွန်းပေါ် နယ်ဆိုင်နတ်ဖြစ်၍ မြစ်ဝကျွန်းပေါ်မြို့များတွင် ပို့၍ပူဇော်ပသကြသည်။

အိမ်ကနားများတွင် ပြည်လယ်ပြင်နတ်မောင်နမအတွက် သီးခြားကန်တော့ပွဲပေးသည်။ နတ်လမ်းခင်းရာတွင်လည်း ထည့်၍ချေသည်။

❑ နတ်ဖြစ်စဉ်သမိုင်း

ပြည်လယ်ပြင်နတ်သမိုင်းနှင့် ပတ်သက်၍ (၂) မျိုး (၂) စား တွေ့ရသည်။ ပြည်မြို့နယ် နဝင်းချောင်းအထက်ပိုင်းတွင် ပြည်လယ်ပြင်မောင်နမဖြစ်သော စောဖသာနှင့် စောမြသာတို့ နေထိုင်ကြသည်။ နဝင်းချောင်းအောက်ပိုင်းကို အပိုင်စားရသူမှာ တလိုင်းဦးမင်းကျော်ဖြစ်သည် ဆို၏။ တစ်နေ့တွင် တလိုင်းဦးမင်းကျော်က စောမြသာကိုတွေ့မြင်ပြီး နှစ်သက်စုံမက်၍ ရရန်အတွက် မောင်နမနောက်မှ တကောက်ကောက်လိုက်နေရာ စောဖသာနှင့်စောမြသာတို့သည် ပြည်နဝင်းချောင်းအတွင်း ခုန်ချပြီး အဆုံးစီရင်ရာမှ ပြည်လယ်ပြင်မောင်နမဟု နတ်ဖြစ်သွားကြသည်။

ထိုကြောင့် ထိုနတ်မောင်နမသည် အိမ်ထောင်သားမွေးပြုခြင်းကို မနှစ်သက်ဟု ဆို၏။ သူတို့အား ရိုးရာရှိသူများသည် အိမ်ထောင်ပြုလိုပါက သူတို့ထံ ပန်ကြားပြီးမှပြုရသည်။ ရိုးရာရှိသူများ၏ အိမ်ဦးခန်းခွဲလည်း လင်စုံမယားဖက် အိပ်လျှင် မကြိုက်ဟု ဆိုသည်။

နောက်ထပ်နတ်သမိုင်းတစ်ခုမှာ မောင်တော်စောဖသာသည် ပုဂံပြည့်ရှင် အလောင်းစည်သူမင်း၏ထီးတော်မိုးဖြစ်သည်။ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော်မူရာ စောဖသာက ထီးတော်မိုးအဖြစ်လိုက်ပါရသည်။ ထိုစဉ် ညောင်းညာသဖြင့် လက်လှည့်လိုက်ရာ ထီးတော်ယိုင်နဲ့သွားသည်။ မင်းကြီးလည်း သူ့အား မလေးမစားပြုသည်ဟု ထင်တော်မူပြီး စောဖသာအားကွပ်မျက်စေသည်။

နှမတော် စောမြသာသည် သူ၏မောင်တော်ကွပ်မျက်ခံရ၍ အလောင်းစည်သူမင်းကြီး ဖောင်တော်ဖြင့်တိုင်းခန်းလှည့်လည်သောအခါ စောမြသာက ဖောင်ဦးသို့သွားပြီးခေါင်းလျှော်ရာ မင်းကြီးလည်း အမျက်ထွက်ပြီး စောမြသာ



www.burmeseclassic.com

www.burmeseclassic.com

အား ကွပ်မျက်စေသည်။

စောဖသာနှင့် စောမြသာတို့ ကွပ်မျက်ခံကြရသဖြင့် ပြည်လယ်ပြင် နှုတ်မောင်နှမအဖြစ်သို့ ရောက်ကြသည် ဆိုပါသည်။

သူတို့၏အမည်များနှင့် နတ်ချော်ရာတွင် တီးသည့်ဆိုင်း၊ ဆိုသည့်သီချင်းမှာ ကရင်ဆိုင်းသာဖြစ်သည်။ သို့သော် သူတို့ကို ပုံတော်ပုံစားမထုထားသော်လည်း သူတို့၏ပန်းချီပုံများတွင် ရှမ်းမောင်နှမသဏ္ဌာန်ဆွဲထားသည်ကို တွေ့ရပါသည်။

❑ ပြည်လယ်ပြင်မောင်နှမနတ်ပင့်

မြိုင်တန်းမှောင်ဝေ၊ တောင်ရေစမ်းမှာလ၊
ညောင်ကွေ့လမ်း၊ တောင်ထိပ်နန်းဆီမှာ၊
လှမ်းကြွလို့ပျော်တော်မူပါ၊
ပြည်လယ်ပြင်မောင်တော်၊ နှမတော်ဘုရား. . .

❑ ပြည်လယ်ပြင်နတ်ချော့

မြိုင်တန်းမှောင်ဝေလေ၊ တောင်သေတစ်ကြော၊ လွမ်းဖွယ်နှော၊ သာခွာပေါ၊ လွမ်းဖွယ်နှော (တို့တောင်ယာ၊ အိုးတို့တောင်ယာ)၊ တောင်. . . တောင်သာတောမှာ တောမှာ တို့တောင်ယာ တောမှာလေ၊ ဘူး၊ ဖရုံ၊ သခွား၊ ပဲ၊ ငုတ်ပါ၊ အမြဲလုပ်ကိုင်ကာ ယာပြင်မှာ စာခြောက်ခါ၊ ခေါင်ရေကိုသောက်မှာ . . .

❑ မိကျောင်းမောင်တော်၊ နှမတော်

မိကျောင်း မောင်တော်၊ နှမတော် နတ်မောင်နှမသည် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မှ ဖြစ်သည်။ သူတို့၏နတ်ပွဲမှာ နှစ်စဉ် တပေါင်းလဆန်း ၁၃ ရက်တွင် ပြုလုပ်သည်ဟု သိရသည်။ သက်သတ်လွတ်စားတော်စာဖြင့်သာ ပ,သရ၏။ အသား၊ ငါးနှင့် အရက်သေစာများ ပါဝင်မှုမရှိစေရ။ မိကျောင်းမောင်တော်၊ နှမတော် ရိုးရာ



www.burmeseclassic.com

www.burmeseclassic.com

အပူချောင်းအတွက် ရဲယိုရွက်

စာရေးသူမှာ နတ်တလင်းမြို့ အ-ထ-က တာပွန်တွင် တာဝန်ကျနေသော အထက်တန်းပြဆရာတစ်ဦးပါ။ ကျောင်းတက်သည့်နေ့တိုင်း အတန်းအား ချိန်၌ ရုံးခန်းဘေး ဆရာများနားနေခန်းမှာ အချင်းချင်းဆုံမိကြသည်။

တစ်နေ့ စာရေးသူ ဆရာနားနေခန်း၌ရှိနေခိုက် အလယ်တန်းပြဆရာ ဦးထွန်းထွန်းဝင်းနှင့် ရေစက်မောင်း ဝန်ထမ်း ဦးလှသိမ်းတို့ ကျန်းမာရေး အကြောင်း ပြောဆိုနေကြသည်ကိုကြားမိပါ၏။ ဦးထွန်းထွန်းဝင်းက သူအဖျားရောဂါ ပျောက်ကင်းသွားသော်လည်း ချောင်းဆိုးမှာ မပျောက်သေးကြောင်း၊ ချောင်းဆိုးပျောက်ဆေးများ ဝယ်သောက်သည်မှာ စုံနေပြီဖြစ်ကြောင်း ပြောပြနေသည်။ ဟုတ်ပါသည်။ ဦးထွန်းထွန်းဝင်း ဖျားယှဉ်၍ ခွင့်ယူခဲ့ရပြီး အဖျားပျောက်၍ ကျောင်းလာတက်သော်လည်း စကားပြောတိုင်း ချောင်းတဟွတ်ဟွတ်ဆိုးနေသဖြင့် စိတ်ကသိကအောက်ဖြစ်နေရာသည်။

ဤတွင် ဦးလှသိမ်းက -

"အို - ဆရာထွန်းရယ်၊ အဖျားပျောက်စ အပူချောင်းကျန်နေတာများ ခက်တာလိုက်လို့။ ရဲယိုရွက်သောက်ပျောက်ပါတယ်"

ဟု ဆိုလာသည်။

ဆရာဦးထွန်းထွန်းဝင်းက ဦးလှသိမ်း၏စကားကို စိတ်ဝင်တစား နားထောင်နေသလို ကျွန်တော်လည်း အာရုံစိုက် နားစွင့်မိသွားသည်။ ဆရာဦးထွန်းထွန်းဝင်းမှာ ချောင်းဆိုးပျောက်ချင်လွန်း၍ ဦးလှသိမ်းကို -

"ဆက်ပြောပြပါ"

ဟု ဆိုလေ၏။

"မခက်ပါဘူး ဆရာထွန်း။ ရဲယိုရွက်ကို ဆားသင့်ရုံနဲ့ ကြိတ်ခြေပြီး သောက်ရတယ်။ နှစ်ရက်၊ သုံးရက်လောက် ဆက်သောက်ရင် ပျောက်သွားလိမ့်မယ်"

ရဲယိုအရွက်၊ အပင်၊ အမြစ်၊ အဆီ အားလုံးဆေးဖက်ဝင်ကြောင်း မှတ်သားဖူးသည်။ သို့သော် ဆေးအဖြစ် လူတိုင်း မစားသုံးတတ်ကြ။ ရဲယိုသီးမည့်သည် ပူရိန်းရိန်းအရသာနှင့် ရန်တစ်မျိုးကြောင့် အချို့က ကြိုက်နှစ်သက်သော်လည်း အချို့က မကြိုက်ကြပါ။ မည်သို့ပင်ဖြစ်စေ ဆေးဖက်ဝင်ထူးခြားရုက္ခမျိုးတွင် ပါဝင်ကြောင်း ဆေးကျမ်းများကဆိုထား၏။

ကျောင်းဖွင့်ရက်တစ်ရက်တွင် စာရေးသူနှင့် ဆရာဦးထွန်းထွန်းဝင်းတို့ ကျောင်းမှာဆုံကြပြန်သည်။

"ဘယ်လိုလဲ ကိုထွန်းထွန်းဝင်းရဲ့။ ချောင်းဆိုးသက်သာသွားပြီလား"

"ပျောက်သွားပြီ ဆရာညွှန့်ရေ၊ ဦးလှသိမ်းပြောတဲ့ ဆေးနည်းအတိုင်း သုံး၊ လေးရက်လောက် ဆက်သောက်လိုက်တာ တဖြည်းဖြည်းသက်သာပြီး အခုတော့ ချောင်းဆိုးလုံးလုံးဝင်သွားတယ်ဗျ"

"ဟုတ်မယ်၊ ရဲယိုရွက်က အပူချောင်းကိုနိုင်တယ်လို့ပြောကြတာ အခုကို ထွန်းထွန်းဝင်းလက်တွေ့ပဲမဟုတ်လား"

"ဟုတ်ပါ့ ဆရာညွှန့်ရယ်။ ကျွန်တော့်မှာ ချောင်းဆိုးရတာ လည်ချောင်းတွေတောင်နာလာတယ်။ ဒီလို လွယ်ကူတဲ့ဆေးမြီးတိုလေးနဲ့ပျောက်သွားတော့ ဦးလှသိမ်းကိုလည်း အရမ်းကျေးဇူးတယ်လို့ ပြောရဦးမယ်"

ဆရာ ဦးထွန်းထွန်းဝင်းလည်း စကားပြောပြီး အတန်းဝင်ရန်ထွက်သွားပေပြီ။ စာရေးသူ၏စိတ်ထဲမှာတော့ ထိုဆေးနည်းလေးကို စာဖတ်ပရိသတ်ထံ ဝေငှလိုက်လျှင် ကောင်းမည်လားဟု တွေးတောနေမိပါသည်။

စေတနာကောင်းသူတိုင်း
ကံကောင်းကြပါစေ

ညွှန့်ဝင်း (နတ်တလင်း)

ဆိုင်သူများသည် အဝတ်နက်ဝတ်ခြင်း၊ ထီးအနက်ဆောင်းခြင်း၊ တောင်ပေါ်တွင် တွဲတွေးထွေးခြင်း၊ သမီးရည်းစားစုံတွဲများ တောင်ပေါ်သို့ တက်ရောက်ခြင်း မပြုရန် ရှောင်ကြဉ်ကြရသည် ဆိုသည်။

❑ နတ်ဖြစ်စဉ်သမိုင်း

ပင်လည်ဘူးမြို့နယ်နှင့်တားမောက်မြို့နယ်တစ်ဝိုက်မှ နယ်သူနယ်သားများ၏မိဆိုင်ဖဆိုင်နတ်မှာ မိုင်းသုန်အရှင်ကြီးဖြစ်သည်။ မိုင်းသုန်အရှင်ကြီးသည် သူ့အတွက် ကြင်ရာရှာဖွေရာတွင် မိကျောင်း နှမတော်ကို တောင်းရမ်းသည် ဆို၏။ သို့သော် မောင်တော်က သဘောမတူသဖြင့် လက်မခံခဲ့ပေ။

ရွာဟောင်းရွာအနီးမှ ဘိုးတာရဲနတ်ဆိုသူက အောင်သွယ်တော်ဖြင့် ဆောင်ရွက်ပေးသည် ဆိုပါသည်။ မိုင်းသုန်အရှင်ကြီးသည် ဘိုးတာရဲနတ်မှ တစ်ဆင့် မိကျောင်းနှမတော်ကို ကမ်းလှမ်းခဲ့သည်။ သို့သော် မရခဲ့သဖြင့် မကျေမနပ်ဖြစ်ရသည်။ သို့ကြောင့် စိတ်ဆိုးစွာဖြင့် လက်စွဲတော် ရွှေဓားနှင့် မိကျောင်းတောင်သို့ပစ်လိုက်ရာ နန်းတော်တိုင်တစ်ချောင်းထိမှန်၍ ပြိုကျပျက်စီးသွားသည်။ ထိုအခါ မိကျောင်းနှမတော်လည်း အဝတ်ချုပ်နေရာမှ ရွှေအပ်နှင့်ပြန်လည်ပစ်လိုက်ရာ မိုင်းသုန်တောင်တစ်ခြမ်းပြိုကျသွား၏။

ထိုသို့ ရန်မက်ဖြစ်ပွားရာတွင် မပြေလည်သည်ကိုပြေလည်ရန်အတွက် ရန်ကင်းနတ်ကကြားမှ တောင်တစ်လုံးနှင့်ကွယ်ပေးသည်ဆို၏။ ထို့ကြောင့် ထိုတောင်ကို ရန်ကင်းတောင်ဟု ခေါ်သည်။ မိကျောင်းတောင်၏ မြောက်ဘက်တွင်ရှိသည်။ မိုင်းသုန်နတ်ကလည်း မာန်မာနကြီးလှသော မိကျောင်းနှမတော်ကိုမတွေ့မြင်လိုတော့သဖြင့် တောင်တစ်လုံးနှင့်ကွယ်လိုက်ရာ ကန့်လန့်ကာတောင်ဟုအမည်ရှိသောတောင်တစ်လုံးဖြစ်ပေါ်လာသည်ဟု အဆိုရှိပါသည်။

မောင်သန်းဆွေ (ထားဂူသံ)

www.burmeseclassic.com

www.burmeseclassic.com

ကြည်ပြာမောင် (သင်ခန်းမြို့)
အဘိုးပေးသောဆေးပြိုးတို့ (၁)

တစ်ခုသော နွေတစ်မနက်တွင် ကျွန်တော်သည် တအင်းအင်းနှင့်အိပ်ရာပေါ် တွင်ညည်းညူနေရ၏။ အပူကြောင့် လူတစ်ကိုယ်လုံးလည်း တုတ်နှင့်ရိုက်ထားသလို ခံစားနေရ၏။ ထမင်းလည်း စားချင်စိတ်မရှိဘဲ မထနိုင်မထိုင်နိုင်ဖြစ်နေ၏။ အကြောင်းကား ကျွန်တော်၏ ဒူးဆစ်နေရာတွင် အနာစိမ်းပေါက်နေသောကြောင့်တည်း။ အနာပေါ်စက အနာစိမ်းဟု မထင်ထားမိသောကြောင့် လက်နှင့်ကုတ်မိရာ အညောက်ပျက်ပြီး ညှော်မိကာ ရောင်ကိုင်းနေရခြင်းပင် ဖြစ်သည်။

"ဟေ့-ဘယ်သူမှမရှိကြဘူးလား"

ကျွန်တော် ဤအသံကို ကောင်းစွာ မှတ်မိ၏။ အဖောဘက်မှတော်သော အဘိုးပေတည်း။အဘိုးသည် ကျွန်တော် တို့ရွာသို့ တစ်လတစ်ကြိမ် ပုံမှန်ဆိုသလို လာတတ်၏။ ယခုလည်း အဘိုးရောက်လာပြီ။ ကျွန်တော်သည် အိပ်ရာမှထပြီး အားယူကာပြောလိုက်၏။

"ရှိပါတယ် အဘိုး"

"ဟေ့ - မောင်ပွားလားဟေ့"

"ဟုတ်ပါတယ် အဘိုး"

"ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ပြောတောင်မပြောချင်တော့ဘူး အဘိုးရေ။ ဒီမှာ အနာစိမ်းပေါက်ပြီး အညောက်ပျက်သွားလို့"

"ကွာ - အနာစိမ်းပေါက်တာများလာခဲ့စမ်း အပြင်ကို"

ကျွန်တော်သည် အပြင်သို့ ထွေ့နင်းထွေ့နင်းဖြင့် ထွက်လာခဲ့သည်။ ခြေလှမ်းတစ်လှမ်းလှမ်းလိုက်တိုင်း သေမတတ်အောင် နာကျင်စွာခံစားရ၏။ အဘိုးသည် ကျွန်တော်၏ အနာကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"အင်း - တယ်လည်းပေါ့ကြတာကိုး။ ဒါနဲ့ မင်းအဖေနဲ့ အမေမရှိကြဘူးလား"

"အဖေ မနဲ့ကိုသွားတယ်။ အမေကတော့ ရွာထဲကိုဆင်းသွားတယ်ထင်ပါရဲ့"

"အေး - ဒါဆိုရင်လည်း ပြီးရော့တော့"

အဘိုးသည် ဤသို့ပြောဆိုပြီး နောက် အပြင်သို့ထွက်သွားလေ၏။ ကျွန်တော်လည်း အဘိုး၏ကျောပြင်ကို ကြည့်ပြီးကျန်ခဲ့၏။ အဘိုးထွက်သွားပြီး နောက်ခဏကြာလျှင် အမေပြန်ရောက်လာ၏။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် အဘိုးလည်းပြန်ရောက်လာ၏။ အဘိုး၏လက်ထဲတွင် အမြစ်တစ်ခုပါလာ၏။ ထိုအမြစ်အား ရေနှင့်စင်စင်ဆေးပြီး နောက် အမြစ်ငယ်လေးများကိုဖယ်ရှားလိုက်၏။

"ဟေ့ မိန္၊ ဆန်ဆေးရည်ရှိသေးလားဟေ့"

"မရှိတော့ဘူး မင်းမင်း"

"ဒါဆိုရင်လည်း ဘူးဝက်လောက် ဆေးလိုက်ဟာ။ ပထမဆန်ဆေးရည်ကို မယူနဲ့၊ ဒုတိယဆန်ဆေးရည်ကိုပဲယူခဲ့ကြားလား"

"ဟုတ်ကဲ့ မင်းမင်း"

အမေသည် အိမ်ထဲသို့ဝင်ပြီး ဆန်ဆေးလိုက်၏။ဆန်ဆေးရည်ရသောအခါ အဘိုးသည် ဇွန်းနှင့်ခပ်ယူပြီး အမြစ်ကို ထွေး၏။ အရည်ကိုခပ်ပျစ်ပျစ်သွေးပြီး နောက် ဒူးဆစ်ရှိ အနာတစ်ဝိုက်တွင် လိမ်းပေး၏။ ကျန်သောဆန်ဆေးရည်ကိုလည်းသောက်စေ၏။ အနာဘေးပတ်ဝန်းကျင်ကိုလိမ်းပြီးသောအခါ ထိပ်တည့်တည့်တွင် ဆေးများကိုစုပုံပြီး ကွမ်းရွက်နှင့်ဖိုးပေး၏။

"ကဲ - ငါ့မြေးရယ်၊ ဘာမှစိုးရိမ်မနေနဲ့တော့။ မနက်ဖြန်ကျရင် သွေးပုပ်တွေတက်လာလိမ့်မယ်။ အညောက်လည်း နူးပြီးထွက်လာလိမ့်မယ်။ ဒါဆိုရင်တော့ နုတ်ပစ်လိုက်၊ ပြည်တွေကိုလည်း ညှစ်ထုတ်လိုက် ကြားလား"

"ဟုတ်ကဲ့ အဘိုး"

"ကဲကဲ - မင်းလည်း ညှောင်းရော့မယ်။ သွားပြီးအနားယူချေဦး"

"အဘိုး၊ကျွန်တော်တစ်ခုလောက် မေးလို့ရမလားဟင်"

"မေးလေကွာ၊ ဘာမေးမလို့လဲ"

"အဲဒါဘာအမြစ်လဲဟင်"

"ဩော် - ဒါလား၊ ခရမ်းကစော့မြစ်ကွ သိပြီလား"

နောက်နေ့မနက်တွင် အညောက်နူးပြီး ပြည်ပုပ်တွေထွက်လာ၏။ ပြည်ပုပ်တွေကို ကုန်အောင်ညှစ်ထုတ်လိုက်ပြီး ခရမ်းကစော့မြစ်ကို မနေ့ကအတိုင်း လိမ်းပေးပြန်၏။ ဆန်ဆေးရည်ကိုလည်း သောက်ရ၏။ ဆန်ဆေးရည်သောက်ထားသောကြောင့် ဆီးမကြာခဏသွားရ၏။ ထို့ကြောင့် အပူစင်ကာ ညှော်လည်းကျသွား၏။ ဤသို့ဖြင့် ကျွန်တော်၏ အညောက်ပျက်သွားသော အနာစိမ်းသည် တစ်ပတ်ခန့်အကြာတွင် လုံးဝကင်းစင် ပျောက်ကင်းသွားခဲ့ရ၏။

နောက်ထပ် အဘိုးပြောပြခဲ့သော ဆေးမြိုးတို့များမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ခွေးတောက်မြစ်နှင့်အရွက်

အကယ်၍ အနာကိုညှော်မိပါက ခွေးတောက်မြစ်ကိုသွေးပြီး လိမ်းကျံရ၏။ အရွက်နှင့်လည်း အုံပေးရ၏။

၂။ ခရမ်းကစော့မြစ်

အနာကိုကုတ်မိပြီး အညောက်ပျက်သွားပါက ဒုတိယဆန်ဆေးရည်နှင့် သွေးပြီး လိမ်းကျံပေးရ၏။ အနာ၏ထိပ်ဝတည့်တည့်တွင် ဆေးများကိုစုပုံပြီး ထားပေးရ၏။

၃။ သံပုန္ဒယ်မြစ်

ဂိုးဂိုးရေတွင် ဆားအနည်းငယ်နှင့် ရောပြီးသွေးရ၏။ သွေးပြီးသားဆေးရည်များကိုသောက်၊ အနာအနီးတစ်ဝိုက်တွင်လည်း လိမ်းကျံပေးရ၏။

ဤနေရာ၌ သံပုန္ဒယ်ပင်အကြောင်းကို အနည်းငယ်ရှင်းပြလိုသည်။ သံပုန္ဒယ်ပင်သည် အထူးသဖြင့် တောင်စောင်းများတွင် ပေါက်ရောက်တတ်၏။ အရွက်မှာ ခပ်ဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိပြီး အပင်ငယ်အမျိုးအစား ဖြစ်၏။ အမြစ်ကို ဓားဖြင့်လှီးကြည့်ပါက ခရေပွင့်ပုံသဏ္ဌာန်ပါရှိ၏။ အရသာမှာ ခါးသက်သက်ရှိ၏။ တစ်ဒေသနှင့်တစ်ဒေသ အခေါ်အဝေါ်ချင်း ကွဲပြားချင်ကွဲပြားလိမ့်မည်။ ကျွန်တော်တို့ဒေသ၌ကား အလွန်တရာမှပေါများလှပေ၏။ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ အအေးမိ၍ ချောင်းဆိုးလျှင်လည်း ဆားအသင့်အတင့်နှင့်ရောသွေးပြီးသောက်လေ့ရှိကြ၏။ ဤဆေးနည်းမှာ မည်သို့မျှအန္တရာယ်မရှိပါ။ အထက်ပါဆေးနည်းအားလုံးသည် ကျွန်တော်ကိုယ်တိုင် လက်တွေ့သိမြင်ခဲ့ရသော တိုင်းရင်းဆေးပြိုးတို့များပင် ဖြစ်ကြ၏။ ကျွန်တော်တို့ဒေသ၌ကား မိုးဂိုးဖလာ တိုင်းရင်းဆေးနည်းအဖြစ် ယနေ့တိုင်အောင်အသုံးပြုလျက်ရှိကြပေ၏။

ကြည်ပြာမောင် (သင်ခန်းမြို့)

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်
အလည်လာသော ယမမင်း၏ကိုယ်စားလှယ်



တာဝတီသာနတ်ပြည်မှ သိကြားမင်း ဦးမာဃသည် လူပြည်၌ အကြောင်းကိစ္စတစ်စုံတစ်ရာ စုံစမ်းစရာရှိသောအခါ သူ၏ ကိုယ်ရေးအရာရှိ မာတလီနတ်သားအား လူပြည်သို့ စေလွှတ်၍ မာတလီနတ်သားသည် ခွေးနက်ကြီးအယောင်ဆောင်ကာ စုံစမ်းထောက်လှမ်းစရာရှိသည်များအား စုံစမ်း၏။ သတိပေးစရာရှိသည်များအား သတိပေး၏။

ထိုနည်းတူ ရှေးမြန်မာဘုရင်များခေတ် မင်းကိုးကွယ်သော တောင်ဖီလာဆရာတော်ကြီးနှင့် ဆရာတော်များ မင်းဘူးမြို့နယ်အနောက် မန်းချောင်းအနီး တိမ်မြုပ်ပျောက်ကွယ်နေသော မြတ်စွာဘုရားရှင်၏ ပါဒစေတီခြေတော်ရာအား လိုက်လံရှာဖွေရာတွင် တောင်စောင့်နတ်ကြီးက ခွေးနက်ကြီးအယောင်ဆောင်၍ လိုက်ပြခဲ့ဖူးပါသည်။

တစ်ဖန် ငရဲသနင်း ယမမင်းသည်လည်း ထိုနတ်တို့ကိုအားကျ၍ သူ၏ကိုယ်စားလှယ်တော်ကြီးအား လူပြည်သို့ စေလွှတ်ရာတွင် ခွေးနက်ကြီးအယောင်ဆောင်ခိုင်းပြန်ပါသည်။ နတ်တို့သည် အယောင်ဆောင်စရာ တခြားသတ္တဝါရှားပါး၍ ထင့် ခွေးနက်အသွင်ကိုသာယူကြသည်ကို ဇာတ်တော်ဝတ္ထုသာဓကများ၌ မကြာခဏ တွေ့မြင်ဖတ်ရှုရ၏။ လူယောင်ဆောင်ရမည့်ဒုက္ခကိုကြောက်၍ ခွေးသဏ္ဌာန်ဖန်ဆင်းခြင်း ဖြစ်မည်။

၁၉၈၀ ပြည့်နှစ်ခန့်က ငရဲမင်း၏ကိုယ်စားလှယ် ခွေးသရဲကြီး ရန်ကုန်မြို့၌ ညအခါ ရပ်ကွက်တွေထဲဝင်ဝင်လာသည်ဟု အုတ်အော်သောင်းတင်းဖြစ်ခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်သည် ကောလဟာလမဟုတ်၊ တကယ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်မြို့တော်ကြီး၏ ကျွန်ုပ်နေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ်၌ ထိုခွေးသရဲကြီးဖြတ်သန်းခဲ့သည်နည်းတူ တခြားမြို့နယ်များ၌လည်း ညဉ့်နက်သန်းခေါင်အချိန်ကျလျှင် အလည်ရောက်လာတတ်သည်ဟု သတင်းများက ပျံ့နှံ့လာခဲ့သည်။ သူဟာသူအလည်အပတ်ရောက်လာပြီး ပြန်သွားခဲ့သော်ကိစ္စမရှိပါ။

သို့သော် ထိုခွေးနက်ကြီးဖြတ်သန်းသွားသည့်လမ်းများ၌ နံနက်မိုးလင်လျှင် ငိုကြွေးသံများကြားရတော့သည်။ ဘယ်အိမ်က ဘယ်သူသေဆုံးပြီးကြောင်း

www.burmeseclassic.com

www.burmeseclassic.com

သတင်းသည် နံနက်မိုးလင်းသည်နှင့် ကြည်လေးအသုပ်စုံဆိုင်တွင် သတင်းကောပါးကြသည်။ ဦးပွမုန့်ဟင်းခါးဆိုင်များသည်း စက်ရပ်သတင်းဖြစ်နေသည်။ လမ်းထိပ် ပြည်ထောင်စုကုလားများရပ်ကွက်ရှိ တို့ရှေသည် မရမ်းသီး၏ နံဆိုင်မှာလည်း ကလေးတစ်သိုက် ကြောက်ကြောက်လန့်လန့်ဖြင့် တီးတိုးပြောဆိုကြ၏။ နတ်စင်လမ်းမကြီးအလယ် ဦးစိန်လက်ဖက်ရည်ဆိုင်၌လည်း ရပ်ကွက်လူကြီးတွေစကားဝိုင်းဖွဲ့၍ နံနက်ခင်းသတင်းစာမလာမီ သတင်းပျံ့နှံ့ပြီးဖြစ်နေသည်။

သက်ကြီးဝါကြီးလူကြီးများက ဤအနက်ရောင်ခွေးသရဲကြီးသည် နှာနာဘာဝ မကောင်းဆိုးဝါးမဟုတ်။ ငရဲကြီးရှစ်ထပ်မှ ယမမင်း၏ တမန်တော်ဖြစ်သည်။ လူသက်တမ်းကုန်၍ ငရဲပြည်သွားရမည့်သူများအား လာခေါ်ခြင်းဖြစ်သည်တဲ့ ဆိုကြသည်။

ညဉ့်နက်ညဉ့်နဲ့ဆိုင်အခိုန်ကျလျှင် ကျွန်ုပ်တို့ရပ်ကွက်နှင့် သရက်တောရပ်ကွက်ထိပ် တိရစ္ဆာန်တို့၏ ငရဲဘုံဆင်မလိုက် ဝက်သတ်ရုံထိပ်မှစ၍ ရပ်ကွက်အတွင်း ခွေးထီး၊ ခွေးမ၊ ခွေးသက်ကြားဘို၊ ခွေးတစ်ခုလပ်၊ ခွေးမှဆိုးဖို၊ ခွေးမူကြိုပေါက်စလေးများပါမကျန် အူကြ၊ ဟောင်ကြတော့သည်။

ဝက်တိရစ္ဆာန်တို့၏ လောကငရဲဘုံမှ သေခါနီးညည်းတွားအော်ဟစ်သံများနှင့်အတူ ခွေးလေခွေးလွင့်တို့၏ အူသံဟောင်သံများသည် ဆင်မလိုက်သုံးထောင့်ကွေ့မှတစ်ဆင့် သရက်တောရပ်ကွက်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ရပ်ကွက်အတွင်းဆီသို့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ကူးစက်လာပါတော့သည်။ တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် ခွေးများ၏ သတင်းပို့သံသည် အလွန်လျင်မြန်သောအဟုန်ဖြင့် တစ်ရပ်ကွက်မှ တစ်ရပ်ကွက်ဆီသို့ ချဉ်းနင်းပုံနှံ့လာသည်။ ထိုအခါ ကလေးသူငယ်တို့ လန့်နိုးကြပြီး ကြောက်လန့်တကြား မိခင်ရင်ခွင်သို့ တိုးဝင်ကုန်၏။ မိခင်များကလည်း ကလေးငယ်တို့အား အသံမထွက်နှင့်တိတ်တိတ်နေ၊ ခွေးသရဲကြီးကြားသွားလိမ့်မည်ဟု တီးတိုးပြောရင်း ပွေ့ဖက်ထားကြ၏။ လူကြီးများကလည်း ပရိတ်ရွတ်သူ၊ သမ္မာဒ္ဓေဂါထာရွတ်သူ၊ ပဌာန်းစည်းချသူများဖြင့်အလုပ်ရှုပ်ကုန်တော့သည်။

ဤသို့ ခွေးလေခွေး လွှင့်လောကကြီးတစ်ခွင်လုံး ရပ်ကွက်တွေအတွင်း ဆူပူသောင်းကျန်းကုန်ကြပြီးသကာလ လင်းကြက်အော်သံမရောက်မီ ပြန်လည်ငြိမ်သက်သွားပါတော့သည်။ ထိုအခါ လူကြီးများက နံနက်မိုးလင်းလျှင် ဘယ်အိမ်က ငိုသံကြားရပါမည်လည်းဟု စိုးတထိတ်ထိတ်ဖြင့် နံနက်မိုးသောက်အရုဏ်ရောက်ကြရလေတော့သတည်း။

❑

ကမ်းနားလမ်းမကြီးအဆုံး ကမာရွတ်မြို့နယ်အစ ဆင်မလိုက် သုံးထောင့်ကွေ့လမ်းဆုံသည် ထိုခေတ်ကာလက ကြံတော်သုသာန်သို့ အသုဘယာဉ်တန်းများသွားရာ တစ်ခုတည်းသောလမ်းဖြစ်သည်။ အနီးကုဆေးရုံဝင်းနှင့် ကိုယ်ရေပြားရောဂါဆေးရုံနှစ်ခုအကြား ဟံသာဝတီလမ်းသည် တမလွန်ခရီးသည်တို့၏ နောက်ဆုံးအသုဘယာဉ်စီးရာလမ်းဖြစ်သည်။ ရန်ကုန်မြို့ထဲမှလာသူ၊ ကမာရွတ်၊ လှိုင်ဘက်မှလာသူတွေက ဟံသာဝတီအဝိုင်းအားပတ်ပြီး ကြံတော်သုသာန်ဝင်ပေါက်သို့ဦးတည်သလို အလုံ၊ ကြည့်မြင်တိုင်ဘက်မှ အသုဘယာဉ်တွေကလည်း ကမ်းနားလမ်းအတိုင်း ဆင်မလိုက် သုံးထောင့်ကွေ့မှ ဟံသာဝတီလမ်းအတိုင်း ဟံသာဝတီကုန်းအား ကျော်ဖြတ်ပြီး ကြံတော်သချိုင်းဝင်ပေါက်သို့ ဦးတည်ကြသည်။

အသုဘကိစ္စ မီးသင်္ဂြိုဟ်သည့်ကိစ္စပြီးသော် ထွက်ပေါက်မှတစ်ဆင့် အထက်ကြည့်မြင်တိုင်လမ်းအတိုင်း ပြန်ထွက်ကြရသည်။ မည်သူတွေက ဤလမ်းကြောင်းအား စီစဉ်သတ်မှတ်ပေးခဲ့သည်မသိပါ။ အချိန်ကြာမြင့်စွာကပင် ရပ်ကွက်မြို့ရွာအစဉ်အလာတစ်ရပ်ဖြစ်နေခဲ့သည်။ ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ရင်ခွဲရုံမှ အသုဘချသည့်ယာဉ်တန်းများသည်လည်း ဤလမ်းကြောင်းအတိုင်း တစ်သဝေမတိမ်းလိုက်နာကြသည်။ မလိုက်နာ၍လည်း မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့လို ကာလသားများက လမ်းထိပ်သစ်ပင်ရိပ်၌ထိုင်ပြီး ပေါက်ကရပြော၊ စွေးသွားစွေးလာမိန်းမဖျိုလေးများအား ငမ်းကြောထရင်း အသုဘကားများ လမ်းမှား၍ဝင်ခဲ့သော် ရွာနာသည်ဆိုပြီး ခဲများဖြင့် ဝိုင်းပေါက်တတ်ကြလွန်း၍ဖြစ်သည်။

ရှေ့ဆုံးမှအသုဘရှုပ်အလောင်းတင်သည့် ဦးပန်ချာကား (ထိုစဉ်က ဦးပန်ချာသည် ကျော်သူ နာရေးယာဉ်ကဲ့သို့ နာမည်ကြီးလေသည်။) သည် အရဲစွန့်၍ ဆက်မောင်းခဲ့သော် ကျောက်ခဲစာအပြင် အုတ်နီခဲထက်ပိုင်းကျိုးစာမီပြီး ကားမှန်များတစ်စစီကြွေမွှ၍ ကားပါထုရိုက်ခံရမည်ဖြစ်သောကြောင့်တည်း။ ဆေးရုံမှာ သေဆုံး၍ ရပ်ကွက်အတွင်းသို့ အလောင်းပြန်သယ်ချင်လျှင်လည်း ရပ်ကွက်ထိပ်၌ ကန်တော့ပွဲတင်၍ ကျွန်ုပ်တို့လူငယ်ကာလသားများအား ကျေနပ်လောက်အောင် မုန့်ဖိုးပေး၍ပြန်သယ်ရသည်။

ထိုခေတ်ကာလ၌ ဆင်မလိုက် ဝက်သတ်ရုံသည် အနီးအနားရပ်ကွက်များအတွက် စိတ်မချမ်းသာစရာ အနှိဉာရုံ ငရဲဘုံဖြစ်နေခဲ့သည်။ ညစဉ်သန်းခေါင်ကျော်သည်နှင့် ဝက်တီရွှာန်တို့၏ သနားစဖွယ် ညည်းညူအော်ဟစ်သံများစတင်ကြားရတော့သည်။ တစ်နေ့တစ်နေ့ ရန်ကုန်တစ်မြို့လုံးစားကြမည့် ဝက်အကောင်ရေ ထောင်နှင့်ချီပြီးသတ်ဖြတ်နေကြသည်ဖြစ်သောကြောင့် ထိုအသံများမှာ ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းခေါက်သံမကြားရမီလေးတွင်မှ ပြန်လည်ငြိမ်သက်စမြဲပင်တည်း။

ဆင်မလိုက်ရပ်ကွက်သည်လည်း ထိုဝက်သတ်ရုံအား အမှီပြုပြီးသကာလ စီးပွားရှာကြသောကြောင့် တီရွှာန်ငရဲဘုံ၏ ငရဲသားများပီပီ စရိုက်ကအလွန်ကြမ်းပါဘိ။ ဝက်ကောင်ရေထောင်နှင့်ချီ၍ သတ်ရသောကြောင့် ဝက်သတ်သမားများ အလွန်များ၏။ ထိုသူတို့၏ဝက်ထိုးများမှာ ချွန်ထက်တောက်ပြောင်၍ ဝက်တစ်ကောင်တစ်ချက်စီဖြင့် ကြိုးတုပ်ထားသောဝက်များအား တစ္ဆေပစ်ထိုးကာ ဇာတ်သိမ်းပေးကြ၏။ ဝက်တို့ကားကြိုးတုပ်ခံရကတည်းက သေရမည်ကိုသိနှင့်နေသောကြောင့် ဝက်ငိုချင်းရှည်ကြီးညည်းကြလေတော့သည်။ သေခါနီးဝက်တို့၏ ကြောက်လန့်တကြားအော်ညည်းသံများမှာ ဆင်မလိုက် သုံးထောင့်ကွေ့အကာလညအခါများ၏ နောက်ခံတေးသီချင်းနှယ် ညစဉ်ညတိုင်း ပုံ့လွှင့်မြဲ။

ဘောလယ်၊ ညောင်တုန်း၊ ဆားမလောက်၊ ခတ္တိယ စသည့် ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှ ရေလမ်းခရီး မော်တော်စီး၍ လာကြကုန်သော ဝက်ခရီးသည်အပေါင်းတို့သည် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပန်းလိုင်မြစ်၏ အဆုံ မြစ်သုံးဆိုင်ရောက်သည်နှင့် သူတို့၏ဘဝဆုံးရမည့်နေရာ ဖြစ်သည်ကို သဘာဝပေးအသိအရ အလိုလိုသိကုန်ကြသည်။

❑

ဆင်မလိုက်ရပ်ကွက်သည်လည်း အကုသိုလ်ဖြင့်အကျိုးပေး၍ အကြောင်းထင်သည်ထင့် မီးမကြာခဏလောင်၏။ မီးလောင်ပြီးသောအခါ တချို့ဝက်သူဌေးတို့ ကုန်းကောက်စရာမရှိအောင်မွဲကြရပြီး တချို့ငမွဲတို့ ရုတ်ခြည်းချမ်းသာသွားကြသည်။ မီးလောင်ပြီဆိုသည်နှင့် အိမ်တိုင်းလိုလို လှောင်ထားကြသော ဝက်ဆီပိပါတို့သည် တအုန်းအုန်းပေါက်ကွဲတောက်လောင်၍ ရပ်ကွက်အတွင်း မီးလျှံမိုးကြိုးရွာချသည်နှင့် တူပါတော့သည်။ သေခါနီးဝက်များက ကျိန်စာတိုက်ခဲ့သည်ထင်ရသည်။ မီးသတ်ကားများဝင်မရတဲ့ နောက်ဆုံး ဟံသာဝတီလမ်းမ၊ အုန်းတောလမ်းမ၊ ဆင်မလိုက်သင်္ဘောကျင်းနံရံအုတ်တံတိုင်းနှင့် လှိုင်မြစ်ကမ်းနားရောက်၍ လောင်စရာကုန်တော့မှ မီးကရပ်လေသည်။

ရပ်ကွက်နေသူအားလုံးအားမဆိုလိုသော်လည်း တော်တော်များများမှာ မိန်းမ၊ ယောကျ်ားမကျန် လက်ရဲဇက်ခဲရှိသူများဖြစ်၏။ တချို့တွေဆိုလျှင် နေ့စဉ် ဝက်သတ်နေရာမှ လက်ယဉ်လာပြီး ဝက်ထိုးမားနှင့် လူကိုပါထိုးသည့်အဆင့်အထိ ရာထူးတက်လာကြသည်။ ထစ်ခနဲရန်ဖြစ်ကြလျှင် ဝက်ထိုးမားမြောင်တကိုင်ကိုင်နှင့် ခုတ်မယ်ထစ်မယ် ပါးပါးလှီးမယ်ဖြစ်နေကြ၏။ ဘယ်မှာနေလဲဟုမေးလျှင် ဆင်မလိုက်ကဟုပြောပြီး လည်ဆံမွေးတထောင်ထောင်နှင့် မာန်စောင်နေတတ်ကြသည်။ လူတွေထလည်း လူမိုက်ရပ်ကွက်ကဆိုတော့ စကားဆက်မပြောတော့ဘဲ ရှောင်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးမှအထိ ဟိတ်ကြီးသော ဆင်မလိုက်ရပ်ကွက်ပါပေတည်း။

ထိုနေရာအားကွင်းရွေး၍ ကိုယ်စားလှယ်တော်ကြီး စေလွှတ်သော ငရဲသနင်း ဃမမင်းအား ခီးကျူးမကုန်ဖြစ်ရသည်။ ညသန်းခေါင်ရောက်သည်နှင့် သံထောင့်ကွေ့လမ်းလေးဆုံမှ ဝက်ခိုးကိုက်ပြီးမိုန်းနေသော ခွေးပရိသတ်အပေါင်းသည် ဘာကိုမြင်၍ စူးစူးဝါးဝါး အူးဟောင်သည်မသိ ဆူညံစွာဟောင်ကြူးနောက် ဆွဲဆွဲငင်ငင်အူကြတော့သည်။ ထိုမှတစ်ဆင့် နီးစပ်ရာရပ်ကွက်များဆီသို့ ပျံ့နှံ့သွားပါတော့သတည်း။

❑

လမ်းထိပ် ဦးစိန်လက်ဖက်ရည်ဆိုင်၌ ရပ်ကွက်ထဲမှ လူကြီးငါးဦး လက်ဖက်ရည်သောက်ပြီး ရေခွေးကြမ်းအိုးတစ်အိုးကုန် တစ်အိုးထည့်နှင့် အာရိုက်နေကြသည်။ ဝိုင်ရှင်ကလည်း ရပ်ကွက်လူကြီးတွေဖြစ်သောကြောင့် အလိုက်တသိ ဧည့်ဝတ်ကျေရ၏။ ပါတီကောင်စီခေတ်ဆိုတော့ ဘုန်းမီးနေလတောက်ပကြသည် မဟုတ်လား။

"ဒီခွေးသရဲရပ်ကွက်ထဲဖြတ်ဖြတ်သွားနေတာ ခင်ဗျားတို့ကောင်စီလူကြီးတွေမှာ တာဝန်ရှိတယ်"

ဦးမင်းလှိုင်က မုတ်ဆိတ်မွေးအားဆယ်ပြားစေ့နှစ်စေ့ဖြင့်ညှပ်၍ ဆွဲနုတ်ရင်း ဝေဖန်သည်။ သူသည် လမ်းအတွင်း ရပ်ကွက်တွင်း၌ သာရေး၊ နာရေးမှာဝင်ဆောင်ရွက်တတ်သော်လည်း ဝေဖန်သည့်နေရာတွင်မှာတော့ အတုမရှိဟုဆိုသူဝေဖန်ရေးသည် တစ်ခေတ်တစ်ခါက အလံနီသခင်စိုးထက် မသာလျှင်ရှိရမည်ဟန်းတူနီးနီးလိုက်၏။ မြစ်ဝကျွန်းပေါ်သား တရုတ်ကပြားဆိုပေမယ့် အလံနီပါတီဝင်တော့မဟုတ်။ ကပ်သပ်ပြောပြီး ဝေဖန်တတ်သောကြောင့် တော်ရုံလူသည် သူဝေဖန်ရေးအား နှုတ်လှန်မထိုးနိုင်ပါ။ ထိုအခါ ဆေးလိပ်သူဌေးကိုယ်စားလှယ်ဦးကျောက်ယားက ဝင်ပြော၏။

"ရပ်ကွက်ထဲကို ခွေးသရဲဝင်မလာနိုင်အောင် ဘယ်သူကတားရဲမှာတုံး။ ခင်ဗျားတောင် ခါတိုင်း ညဆယ့်နှစ်နာရီတစ်ချက်မှအိမ်နေကျ။ ခုဆို စောစောစီးစီးပိတ်ပြီးအိပ်ပြီ"

"ဒါကတော့ ခြင်ကိုက်လို့ပါဗျာ"

"ကျွန်တော်တို့ပြည်သူ့ကောင်စီဝင်တွေထဲမှာ အထက်လမ်းဝိုဏ်းမှာ ဆရာဖြစ်နေတဲ့ ကိုဝမ်းကြီးတော့ရှိတယ်။ သူ့ကို အကူအညီတောင်းရမယ်။ ခုဟာက အသုဘကရက်မလည်သေးဘူး။ နောက်တစ်လောင်းကဆက်နေပြီ"

ကျွန်ုပ်၏ဖခင်ဖြစ်သူက ရပ်ကွက်အခြေအနေကိုပြောပြ၏။ ကောင်စီဝင်တစ်ဦးဖြစ်သော ဦးအေးငွေကလည်း ဤသို့ပြောပြန်သည်။

"ဟိုနေ့က ကမ်းနားလမ်းကနေ နိဗ္ဗာန်လမ်းထဲကိုဝင်သွားတာတွေ့တယ်လို့ပြောကြတယ်။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူးတဲ့။ သူနောက်က ခွေးတွေအုပ်ပြီးသာနေကြတယ်။ တစ်ကောင်မှမလိုက်ရဲဘူးတဲ့။ အဲ-အဲဒီခွေးနက်ကြီးရပ်ကြည့်နေတဲ့အိမ်ကတော့ မနက်လင်းတာနဲ့ ငိုသံကြားရတော့တာပါပဲ"

"ဒါနဲ့ နေကြပါဦး။ လမ်းတွေမှာ တစ်လောင်းပြီးတစ်လောင်းဆက်သေနေကြတော့ ဘယ်လိုလုပ်ကြမှာလဲ။ ရွာတော့အရမ်းနာနေပြီနော်"

ကောင်စီအတွင်းရေးမှူးဦးလှဝင်းစကားကြောင့် အားလုံးအသံတိတ်သွားကြသည်။ ခွေးနက်ကြီး ရပ်ကွက်ထဲဝင်မလာအောင် ဘယ်လိုလုပ်တားဆီးရမည်နည်း။ ထိုစဉ်ခေတ်က စနေနေ့သတင်းကြေညာပြီးလျှင် ရေဒီယိုအသံလွှင့်ဇာတ်အမြဲလာ၏။ ပြည်သူလူထုမှာ ရုပ်မြင်သံကြားမရှိသေး၍ ထိုအသံလွှင့်ဇာတ်လမ်းအား မက်မက်ဆက်ဆက်နားထောင်ကြရသည်။ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၏ 'သိင်းနယ်မှကျားသောင်းကျန်း' ဇာတ်လမ်းသည် အလွန်နာမည်ကြီးသည်။

"ကျွန်တော် တစ်ခုအကြံပေးချင်ပါတယ်"

လူငယ်ကာလသားခေါင်းဖြစ်သူ ကိုသန်းဌေးက စကားတစ်ခွန်းဝင်ထောက်၏။

"အေး - ဘယ်လိုလုပ်ချင်သလဲ ပြောပါဦးကွ သန်းဌေး၊ မင်းတို့လူငယ်တွေလည်း ရပ်ကွက်ကိစ္စဆိုတော့ ပါသင့်ရင် ဝင်ပါရတာပေါ့"

"ဦးလေးကလည်း ဒီကိစ္စကျတော့ ပါသင့်ရင်ပါတဲ့။ ဦးလေးတို့ ပိုကာဆွဲတော့ ကျွန်တော်ဝင်ပါချင်တာတောင် မပါရဘူး"

"ဟေ့ကောင် မင်းအဖေ ငါကိုယ်တိုင်ထင်ကစားနေတာ မင်းပါလို့ကောင်းပါ့မလား။. ငါရေခွေးအိုးနဲ့ရိုက်လိုက်ရခေါင်းကွဲမ်းစားသွားဦးမယ်"

"ကဲပါ-သန်းဌေးရာ၊ မင်းဘာပြောချင်လဲပြော"

"ဒီလိုပါ၊ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ဆိုတာ ရန်ကင်းမှာနေတယ်။ ကျွန်တော်တို့ရုံးနဲ့နီးနီးလေး၊ သူကိုအကူအညီတောင်းပြီး အဲဒီခွေးနက်ကြီးကို နှစ်လုံးပြူးသေနတ်နဲ့ ပစ်ခိုင်းပါလား။ သူက မုဆိုးကြီး၊ ကျားတောင်ပစ်နိုင်တာခွေးလောက်ကတော့ အသာလေးနေမှာပါ"

"ဟာ-ဒီကောင်ဘာတွေလာပြောနေတာလဲ။ ဟိုက တောထဲက တိရစ္ဆာန်၊ ဒီဟာက နာနာဘာဝခွေးသရဲ၊ ဘယ်လိုလုပ်ဖြစ်မှာလဲ။ ပြီးတော့ မြို့ထဲမှာ ခွေးကိုသေနတ်နဲ့ပစ်ရလောက်အောင် ကိစ္စက၊ မင်းနှယ်ကွာ သန်းဌေးရာ ကြကြီးစည်ရာ"

အားလုံးက ဝိုင်းဟောက်တော့ ကိုသန်းဌေးငြိမ်သွားရသည်။ သူလည်း သူ့ဘက်ရှိသလောက်ဝင်ပြီးအကြံပေးခြင်း ဖြစ်သည်။ ထိုစဉ်မှာပင် ကိုဝမ်းကြီး လက်ဖက်ရည်ဆိုင်ထဲဝင်လာ၏။ ခဲလွတ်တစ်လုံးမှာဝင်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက်မှာသည်။

"ခင်ဗျားတို့ဘာတွေတိုင်ပင်နေတာလဲ၊ ပါတီကဘာတွေချပေးလိုက်လို့ လက်ဖက်ရည်ဆိုင်ထဲမှာ လာဆွေးနွေးနေကြတာလဲ။ သမဝါယမက ဖိုမှုန်လေး၊ နို့ဆီလေးရရင် ဒီတစ်ခါကျွဲပ်ကိုမျှပါဦးဗျာ။ ကောင်စီလူကြီးလုပ်နေပြီး မဲနို့က်တိုင်း အပ်ချည်လုံးပဲပေါက်လို့ ကျွဲပ်မိန်းမက အဖြစ်မရှိတဲ့ရပ်ကွက်လူကြီးဆိုပြီး ကောင်းခိုးထောမနာပြုနေလေရဲ့"

ပြောချင်ရာပြောပြီး လက်ဖက်ရည်အား ပန်းကန်ပြားထဲငဲ့ထည့်ရင်း တဖုးဖုးမှုတ်ကာသောက်နေလေ၏။ သူစိတ်အထင်၌ မြို့နယ်သမခွဲတမ်းအား လက်ဖက်ရည်ဆိုင်၌ ကိုတ်ဝိုင်းလုပ်၍ ခွဲတမ်းချနေသည်ထင်လေ၏။

"ခင်ဗျားကောင်စီဝင်တစ်ယောက်လုပ်နေပြီး ပါတီသိက္ခာကျစရာစကားတွေလျှောက်ပြောနေပြန်ပြီ။ ဘယ်သူတွေက ရပ်ကွက်သမခွဲတမ်းကိုကိုတ်ပုန်းခုတ်နေလို့လဲ။ ဒါကြောင့် ခင်ဗျားကို တင်းပြည့်ပါတီဝင်အဖြစ်ထောက်ခံလို့မရတာ"

ရပ်ကွက်ပါတီစိတ်အတွင်းရေးမှူးဖြစ်သူ ဦးအောင်ကျော်က ဝင်ဟောက်လိုက်မှ ဦးဝမ်းကြီးလည်း မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် ငြိမ်သွားပါတော့သည်။

"ကျွဲပ်တို့ရပ်ကွက်ထဲကို ခွေးသရဲက ညဉ့်နက်ပြီဆိုရင် ဝင်ဝင်လာတာ။ သရက်တောရပ်ကွက်ဘက်ကိုဝင်တုန်းကလည်း အလောင်းငါးလောင်းဆက်သွားတယ်။ သံယာတော်တွေပင့်ပြီး ပရိတ်၊

www.burmeseclassic.com

ကမ္ဘဝါတွေရွှတ်၊ သံပုံးတီး တောထုတ်လိုက်တော့ ခုဆိုကျုပ်တို့ရပ်ကွက်ကိုကူးလာပြီ။ နိဗ္ဗာန်လမ်းမှာ ငါးလောင်းဆက်ပြီး သာဓုလမ်းမှာ တစ်ယောက်စသေပြီ"

"သူရောဂါနဲ့သူသေတာဖြစ်မှာပါ။ တိုက်ဆိုင်သွားလို့နေမှာပါ"

"ရောဂါနဲ့သေတာကိုမပြောပါဘူး။ အကောင်းကြီးကနေသေတာကကော ဘယ်လိုပြောမလဲ"

"ဘယ်သူသေသွားလို့လဲ"

"နိဗ္ဗာန်လမ်းအလယ်က အောင်ဘုလေ။ သူဘတ်(စ်)ကားပေါ်မှာ ညတုန်းက အကောင်း။ မနက်လည်းလင်းရော ကားပေါ်မှာ ဆန့်ဆန့်ကြီးသေနေတာ"

"ဒါကလည်း အရက်တွေသောက်ပြီး ကားထဲမှာ စွပ်ကျယ်လက်ပြတ်နဲ့အိပ်နေတော့ လေဖြတ်ပြီးသေတာနေမှာပေါ့"

ဦးကျောက်ဃားနှင့် ဦးအေးငွေတို့ အချိအချပြောနေကြသည်ကို ဦးလှရွှေကဝင်ဟန့်လိုက်မှ အသံတိတ်သွားကြသည်။ အတွင်းရေးမှူး ဦးလှဝင်းက ချောင်းတစ်ချက်ဟန့်ရင်း စကားစသည်။

"ဒီခွေးသရဲဆိုတာ နာနာဘာဝဆိုတာတော့ သေချာနေပါပြီ။ ကိုဝမ်းကြီး၊ ခင်ဗျားတို့ ကျွန်တော်သယစေဂိုဏ်းတော်ကြီးက ဒီမကောင်းဆိုးဝါးကို အထက်လမ်းအတတ်ပညာနဲ့နှင်ထုတ်လို့မရဘူးလား"

စောစောက ပါတီစိတ်အတွင်းရေးမှူးဟောက်သဖြင့် ငြိမ်ကုပ်နေသော ကိုဝမ်းကြီးသည် ချက်ချင်း မျက်နှာထားပြောင်းသွားပြီး နှုတ်ခမ်းမွေးကျင်စွယ်အား အသာသပ်လျက် ဆရာကြီးစတိုင် ဖမ်းလာပါတော့သည်။ အတွင်းရေးမှူးက သူ့အား မျက်စောင်းထိုးရှုကြည့်၏။

"အဟမ်း၊ အဟမ်း - ဒါက ဒီလိုရှိတယ်ကွ"

"ဟိုဟာကဟိုလိုရှိပါတယ်"

"သန်းဌေး - မင်းအသာနေစမ်း။ လူကြီးတွေစကားပြောနေရင်ဝင်မနောက်နဲ့"

ဦးမင်းလှိုင်က သူသားအား ဟောက်လိုက်သောအခါ ကိုသန်းဌေး စပ်ဖြဲဖြဲလုပ်၍ အသာလစ်ထွက်သွားပါတော့သည်။

"ကဲပါ ဆက်စမ်းပါဦး၊ ခင်ဗျားတို့ အထက်လမ်းဂိုဏ်းရဲ့ပညာတွေ"

ပါတီစိတ်အတွင်းရေးမှူး၏စကားကြောင့် ကိုဝမ်းကြီးက လေသံကိုမြှင့်ပြီး သကာလ -

"ကျုပ်မှာ ဂိုဏ်းတော်ကြီးကအပ်နှင်းထားတဲ့ ဆေးတော်ကြီးနဲ့ နဂါးပတ်တောင်ဂေးရှိတယ်။ ကိုက်၊ ခင်ဗျားမြင်တယ်မဟုတ်လား။ ကျုပ်အိမ်ခေါင်းရင်းက ကန်တော့ပွဲတွေဘေးမှာထောင်ထားတဲ့ နဂါးခေါင်းနဲ့တောင်ဂေးကို"

"အင်း - တွေ့တော့တွေ့သား။ ကျုပ်က ဒီတောင်ဂေးထိပ်နဂါးခေါင်းက ပုစွန်တုပ်ခေါင်းနဲ့ မြွေဟောက်ပါးပျဉ်းတွဲဆက်ထားတာမှတ်လို့။ ခင်ဗျားပြောမှပဲ နဂါးခေါင်းမှန်းသိတော့တယ်။ နဂါးခေါင်းမလုပ်တတ်ရင်လည်း လမ်းထဲက ကိုကုလားကိုခေါ် ခိုခိုင်ပါလား။ သိတင်းကျွတ် မီးထွန်းပွဲတော်မှာ ကိုကုလားခိုးတဲ့နဂါးခေါင်းက တကယ်အသက်ဝင်တယ်ဗျာ"

ကိုက်က သူနဂါးခေါင်းတောင်ဂေးကိုရွဲ့ပြောသောအခါ ကိုဝမ်းကြီး စိတ်တိုလာပြီး -

"ခင်ဗျားတို့ကုလားချိုးတဲ့နဂါးရုပ်က ကုလားနဂါးပါဗျာ။ မုတ်ဆိတ်မွေးဒီလောက်ရှည်တာ၊ ဒါကြောင့်လည်း ပါးစပ်ထဲက မီးတွေမှုတ်ထုတ်တော့ မုတ်ဆိတ်မွေးတွေ မီးလောင်ကုန်တာပရိသတ်ဆို ရယ်လိုက်ကြတာ ပတ်တုတ်တီးချရတယ်"

သိတင်းကျွတ် မီးထွန်းပွဲတော်၌ ကိုကုလား အရှုပ်ချိုးသော နဂါးကြီးကို အသုံးပြုပြီး ရွှေထီးရှင်ဇာတ်ကကြသောအခါ အောက်လမ်းဆရာ၏ ဘီလူးအား အထက်လမ်းဆရာ၏နဂါးနှင့်နိမိန့်နင်းစဉ် နဂါးရုပ်ထဲ ကိုကုလားဝင်၍ ပါးစပ်ထဲမှ မီးဒိုးမီးလုံးများဖြင့် ဘီလူးကိုတိုက်ခိုက်ရာ ဂုန်နီစတွေဆေးဆိုးထားသော မုတ်ဆိတ်မွေးများသည် နဂါးခေါင်းရုပ်၌ ရှိသင့်သည်ထက်ပိုများသွားသောကြောင့် နဂါးပါးစပ်မှ ကိုကုလားမှုတ်ထုတ်လိုက်သော ရေနံဆီမီးလုံးသည် မုတ်ဆိတ်မွေးအား ဟပ်မိပြီး နဂါးခေါင်းမီးစွဲသော်အခါ ဇာတ်လမ်းထဲမှဘီလူးက ထွက်မပြေးရဘဲ မီးစွဲနေသောနဂါးရုပ်ကို မီးငြိမ်းသတ်ရာ ကြည့်နေသောပရိသတ်မှာ ရယ်လိုက်ကြသည်မှာ ပတ်တုတ်ချရမတတ်ဖြစ်ခဲ့၏။ ဤသည်ကို ကိုဝမ်းကြီးက မှတ်ထားပြီး ဇာတ်ဆရာ ကိုက်အား ပြန်ခွပ်ခြင်းဖြစ်၏။

"ကဲပါလေ - ထားလိုက်ပါတော့။ ခင်ဗျားပညာစွမ်းရင်. ဒီခွေးနက်ကြီးရပ်ကွက်ထဲဝင်လာတာကို တားပေးနိုင်မလား"

"ဖြစ်ပါတယ်၊ နက်တော့ပွဲတော့ပေးရမယ်။ အဖော်အနေနဲ့ လူလေး၊ ငါးယောက်တော့စောင့်ရမယ်"

"စိတ်ချ၊ ကျုပ်အားလုံးစီစဉ်ပေးမယ်။ ခင်ဗျားဘယ်နေ့စမှာလဲ"

"ဒီနေ့ညပဲ စလိုက်တြရအောင်။ အခုတော့ ကျုပ်နတ်စင်လမ်းဘုရားလေးမှာ အဓိဋ္ဌာန်ပုတီးသွားစိပ်လိုက်ဦးမယ်။ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ"

ကိုဝမ်းကြီးနှုတ်မှ ပွစိပွစိဖြင့်အရပ်ရှစ်မျက်နှာမေတ္တာပို့ပြီးထွက်သွားသောအခါ -

"အင်း - အတွင်းရေးမှူး မြွောက်ပေးလိုက်တာနဲ့ အထက်ဂိုဏ်းဆရာချက်ချင်းမြွောက်သွားပြီး စွာန်တွေတောင်ရသွားပြီထင်ပါရဲ့"

"ကဲပါဗျာ - ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဒီညကျုပ်တို့ကောင်စီဝင်တွေအကုန်လုံး ကောင်စီရုံးမှာ ညဘက်ဆုံကြမယ်။ ထမင်းချက်စားဖို့က ကြက်ကုလားဒါးမနားကို ညနေကျရင် ကြက်ကြီးကြီးနှစ်ကောင်လုပ်ပြီး တစ်ခါတည်းခုတ်ထစ်လာလို့ပြောလိုက်။ သန်းဌေးကို ကာလသားချက်ကောင်းကောင်းချက်လို့ပြော။ ဟိုတစ်ခါလို ဆေးခြောက်တွေထည့်မချက်ခိုင်းနဲ့ဦး။ အားလုံးမူးပြီး ရယ်နေကြတာနဲ့ အလုပ်ဖြစ်မှာမဟုတ်ဘူး"

ကောင်စီရုံး၌ တစ်ခုခုလုပ်ပြီဆိုလျှင် ဒါးမနားကုလား၏ ကြက်ခြံထဲမှ ကြက်တို့မှာ မျက်ခုံးလှုပ်ကြရကုန်တော့သည်။

❑

တိုက်ဆိုင်စွာပင် ယနေ့ညသည် လက္ခဏာညဖြစ်နေ၏။ လမ်းမီးဓာတ်တိုင်များမှမီးသီးတို့သည် ခရမ်းချဉ်သီးထက် အနည်းငယ်သာ၍ ပိုစုန်းကြွေးငါးကောင်အားမွှေလင်းလက်နေကြကုန်၏။ အလမ်းကွာဝေးလှသော လမ်းမီးဓာတ်တိုင်တစ်ခုနှင့်တစ်ခုအကြား အလင်းရောင်သည် ညီအစ်ကိုမသိတသိသာမက သားအမိချင်းပင် မကွဲပြားလှ။

နာရီ၏ စက္ကန့်တံတို့ တစ်ပတ်ပြီး တစ်ပတ်လှည့်ပတ်ရင်း ညသည် ပို၍ မိုက်လာသည်။ ရပ်ကွက်ကောင်စီရုံးရှိရာ သာဓုပန်းခြံအတွင်း နေထိုင်သော ဦးခွေးကြီးအိမ်မှ စစ်တကောင်းကြက်ဖကြီးက အတောင်တဖျပ်ဖျပ်ခတ်လျက် တွန်လိုက်သည်။ သက်ကြီးခေါင်းချခိန်ရောက်ပြီ။ ကောင်စီလူကြီးတို့လည်း ကြက်ကုလား ဒါးမနား လူဖြစ်သော ကြက်သားကာလသားချက်အား တဝတပြဲ စားသောက်ပြီးနောက် တစ်ဖက်

www.burmeseclassic.com

ခန်းခြံအဝ နီဗွာန်လမ်းထွက်ပေါက်ဆီသို့ မျှော်ကြည့်ကြကုန်၏။

ကိုဝမ်းကြီးသည် ယနေ့ညမှာ ထူးခြားစွာပင် ယောဂီရောင်တိုက်ပုံ၊ ယောဂီရောင်ပုဆိုးတို့အပြင် သူ၏ဆေးသွယ်အိတ်အား လွယ်ထားလိုက်သေး၏။ လည်ပင်း၌ ကွမ်းသီးလုံးခန့်ပုတီးကြီးအားဆွဲပြီး ရောင်စုံခြယ်သထားသော နဂါးခေါင်းပုံတောင်ဝှေးကြီးအား မြေကြီးသို့ တဒေါက်ဒေါက်ခေါက်လျက် ရုပ်ကွက်ကောင်စိန်ရှေ့ လူးလာတုံ့ပြန်သမ်းလျှောက်နေသည်။ ပန်းခြံထဲရှိ ကောင်စိန်ရှေ့ မန်ကျည်းပင်ကြီးထက်မှ လင်းဝက်တစ်ကောင်သည် တဝစ်ဝစ် အသံပေးလျက်လာနားသည်။

"သယ်. . ."

ကိုဝမ်းကြီးသည် တစ်ချက်အော်ငေါက်လိုက်ပြီး မြေကြီးအား တောင်ဝှေးနှင့်ဆောင့်၏။ ကြက်ရိုးကိုက်၍ အဆိပ်ရနေသောကိုသန်းဌေးက ကိုဝမ်းကြီးအနီးကပ်ကာသံရောက်လာပြီး -

"ကျွန်တော်ဘာသယ်ပေးရမလဲ အစ်ကို။ ကန်တော့ပွဲကို နီဗွာန်လမ်းဘက် သယ်သွားရမလား"

"မင်းကိုသယ်ခိုင်းစာမဟုတ်ဘူးကွ။ အနှောင့်အယှက်တွေတွေ့လို့ ငါ့အမိန့်နဲ့နှင်နေတာ"

"ဘယ်ကလာနှောင့်ယှက်နေတာလဲ အစ်ကို"

"မန်ကျည်းပင်ပေါ်မှာတွေ့လား ညဥ့်ငှက်တွေ၊ ငှက်ဆိုးတွေ။ ငါနှိမ်နင်းမယ့် မကောင်းဆိုးဝါးအကာအကွယ်အစီအရင်တွေမှာ အနှောင့်အယှက်ပေးမလို့လာနေကြတာ"

ကိုဝမ်းကြီးက မန်ကျည်းပင်ပေါ်သို့ လက်ညှိုးထိုးရင်း သူ၏နဂါးတောင်ဝှေးကြီးအား မြေကြီးသို့ ခပ်ပြင်းပြင်း ဆောင့်ပြန်သည်။ ထိုအခါ လင်းဝက်တစ်ကောင်အပြင် တခြားညဥ့်ငှက်များပါရောက်လာကြပြီး မန်ကျည်းပင်ထိပ်များ၌နားကြလေကုန်၏။

(အမှန်မှာ သာခုကျောင်းတိုက်အတွင် သစ်ပင်ကြီးများ၌နားခိုကြသော ညဥ့်ငှက်များမှာ ညအခါ အစာရှာရင်း သာခုပန်းခြံရှိ ဤမန်ကျည်းပင်ကြီး၌ တစ်အောင့်တစ်နား ခိုနားနေကြဖြစ်သည်။)

"အစ်ကိုဝမ်းကြီး၊ အစ်ကို့တောင်ဝှေးကျိုးသွားပါဦးမယ်။ ဒီကိစ္စ ကျွန်တော်ဖြေရှင်းပေးမယ်"

ကိုသန်းဌေးက လွယ်ထားသော လွယ်အိတ်ထဲမှ လေးခွနှင့်လောက်စာလုံးကိုထုတ်ပြီး မန်ကျည်းပင်ထိပ်သို့ပစ်လိုက်ရာ ငှက်များလန့်ပြေးကုန်တော့သည်။

"တွေ့လား အစ်ကို၊ ကျွန်တော့်လေးခွနဲ့လောက်စာလုံးတွေက ဆေးစိရင်ထားတာ၊ ငှက်တွေပြေးကုန်ကြပြီ"

ပြောပြောဆိုဆိုဖြင့် ကိုသန်းဌေးက စပ်ဖြီးဖြီးလုပ်ပြီးထွက်သွားပါတော့သည်။

သာခုပန်းခြံ နီဗွာန်လမ်းဘက် အပေါက်အနီး အဝိစိတွင်းရောက်ကြီးရှိသည်။ ၎င်းအနီးဌာန ကပ်စေးနှဲပင်များ တောခွဲထလျက်ရှိ၏။ ကောင်စီလူကြီးတစ်သိုက် ထိုခွဲအနီးကင်းပုံးဝပ်လျက် နီဗွာန်လမ်း ကမ်းနားလမ်းဘက်အပေါက်ဆီသို့မျှော်နေကြသည်။ ညပိုင်းညမွှားကောင်လေးတွေက တစီစီမြည်လျက်။ တစ်ချက်ချက် ရပ်ကွက်အတွင်း အလှေကျခွေးတွေက စူးစူးဝါးဝါးထိုးဟောင်ကြသေးသည်။

ညသည် ပို၍နက်လာနေသည်။ လင်းနို့လင်းဆွဲတို့၏ တောင်ပံခတ်သံသည် တိတ်ဆိတ်သောညအား ဖြိုခွင်းလျက်ရှိသည်။ ဆောင်းကာလမို့ နှင်းမှုန်မြူခိုးတို့ ဖွဲဖွဲလေးကျလာသည်။ ထိုအခါ လမ်းမီးဓောတ်တိုင်မှ အလင်းရောင်သည် ပို၍ဝါးဟားတားဖြစ်လာသည်။ ကောင်စီလူကြီးများကတော့ ရပ်ကွက်သမဆိုင်မှ အလကားရထားသော နေရှင်နယ်ဓာတ်ခဲတန်ခိုးကြောင့် နှစ်တောင့်ထိုး သုံးတောင့်ထိုးဓာတ်မီးကြီးများ တဝင်းဝင်းဖြင့် လမ်းဘက်သို့ထိုး၍ကြည့်ရင်း ခွေးသရဲအလာကို စောင့်ကြကုန်သည်။ တချို့လူကြီးတွေက အသုံးမပြုဘဲ ပစ်ထားသဖြင့် သံချေးတက်နေသောလုံတွေယူလာကြသည်။ တချို့က ဆောင်စရာလက်နက်မရှိ၍ နတ်ဆက်ထားသော ဓားအား ခဏငှားပါဟု တောင်းပန်ပြီး ဆောင်လာကြ၏။ ကလေးကစားသော ဗန္ဓုလခွားသာသာ နတ်ဆက်ဓားသည် ယမမင်း၏ တမန်တော်ခွေးနက်ကြီးအား မည်သို့မည်ပုံကာကွယ်မည်တော့ မသိပါ။

"ဘုတ်. . ."

"အောင်မလေးဗျ"

"ဟော့ကောင် သန်းဌေး၊ ဘာဖြစ်တာလဲ"

"ကျွန်တော့်ခေါင်းပေါ် ဘာကြီးလဲမသိဘူး ပြုတ်ကျလာလို့ လန့်သွားတာပါ"

မြေကြီးပေါ် လိမ့်သွားသော မည်းမည်းအလုံးအား လိုက်ကောက်ပြီးကြည့်လိုက်တော့ ဗာဒံသီးအမှည့်ဖြစ်နေသည်ကို တွေ့ရသည်။

"ဟား ဟား ဟား - ဗာဒံသီးအမှည့်ကို လင်းနို့ကကိုက်ချီလာပြီးလွှတ်ချလိုက်တာကို ကြောက်ချေးပါနေတယ်။ ဗန္ဓုလနဲ့အမျိုးတော်တယ်ထင်တယ်"

ကိုဝမ်းကြီးက ကိုသန်းဌေးလန့်နေသည်ကိုကြည့်ပြီး လှောင်ရယ်၏။

ထိုအခါ ဖခင်ဖြစ်သူ ဦးမင်းလှိုင်က -

"ဟော့ကောင် ဝမ်းကြီး၊ မင်းအမျိုးကိုထိခိုက်မပြောနဲ့။ အဲဒါငါ့သားလေ။ ငါတို့အမျိုးက ဥတည်ပွားအမျိုးတွေကွ"

"ဟာ - ဦးလေးပါလာမှန်းမသိလို့ပါဗျာ။ ဒီကောင်တော်တော်သူရဲဘောကြောင်တာပဲ"

"ဗုန်း. . . ဖုတ်. . . . ဖုတ်"

"အောင်မလေးဗျ - ဘုရားကယ်ပါ။ ဘိုးတော်ကယ်ပါ"

"ကိုဝမ်းကြီး၊ ရေစက်ဘေး အုန်းပင်ပေါ်က အုန်းသီးခြောက်ကြွေကျတာပါဗျ၊ ကြောက်သွားလား။ ကျွန်တော် ပရိတ်ရေသွားယူပေးရမလား"

ကိုဝမ်းကြီး ရှက်သွားပြီး ကိုသန်းဌေးအား နဂါးတောင်ဝှေးကြီးနှင့် ရိုက်မလို့ရွယ်၏။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားရဲ့မရှိမဲ့ရှိမဲ့ တောင်ဝှေးကလေးကျိုးသွားပါဦးမယ်။ တော်ကြာ တီကောင်ကိုယ်လုံး၊ ပုစွန်တုပ်အမောက်နဲ့ မြွေဟောက်ပါးပျဉ်း တောင်ဝှေးကြီး အစွမ်းမပြနိုင်ဘဲနေပါဦးမယ်"

ကိုသန်းဌေး ပြောပြောဆိုဆိုဖြင့် ရထားလမ်းဘက် အပေါ်သွားရန် ပြေးထွက်သွား၏။ လူကြီးတွေက သူတို့ကို ကြည့်ပြီး ရယ်မောရင်း အိပ်ချင်မြေကြရသည်။

❑

"အူး ဝူး ဝူး အီး အီး အစ် အစ်"

"ဂစ် ဂစ် ဗလပ် ဗလပ် အီး အီး"

ညသန်းခေါင်ကျော်တော့ ထုံးစံအတိုင်း သုံးထောင့်ကွေ့ ဆင်မလိုက်ဘက်မှ ခွေးအုံသံနှင့်အတူ သေခါနီး ဝက်များ၏အော်ဟစ်သံတို့အား စကြားရသည်။ ပန်းခြံထဲရှိ ခွေးလေးခွေးလွင့်တို့သည်လည်း ကြက်အရိုးအရင်းကိုက်ပြီး ငိုက်မျဉ်းနေရာမှ ခေါင်းထောင်ထ၍ နဂါးရွက်စွင့်ကြလေသည်။ ထိုသတ္တဝါတို့သည် သူတို့ဘာသာဘာဝ ခွေးမက်ဆေး

www.burmeseclassic.com

www.burmeseclassic.com

(၅)ပို့သည်ကို ရသည်ထင့် နားရွက်လှုပ်ပြီး တအီအီအသံပြုကြ၏။ ညှင်က်တို့က လည်း နီဗွာန်လမ်းတစ်လျှောက် တဖုတ်ဖုတ်ပျံရင်း တဂစ်ဂစ်အသံပေးကြသည်။ ခွေးအုပ်သည် သရက်တောရပ်ကွက် ဘက်သို့ရောက်လာသည်။ ပန်းခြံအတွင်း နှင့်နီဗွာန်လမ်းထဲမှ ခွေးတို့ယောက်ယက် ခတ်ကုန်သည်။ တချို့ခွေးများ ဖင်သိ၍ တအီအီအသံပြုသည်။ တချို့က ကမ်း နားလမ်းဘက်သို့ ဦးတည်ပြီးထိုးဟောင် ကြသည်။

"ဟေ့ကောင်တွေ တိတ်စမ်း"

ကိုဝမ်းကြီးက သူတောင်ဝှေးကြီး တယမ်းယမ်းဖြင့် အူနေဟောင်နေသော ခွေးတို့အား ဟန့်၏။ ခွေးတို့အသံတိတ် သွားလေသည်။ အမှန်မှာ တောင်ဝှေး အစွမ်းကြောင့်မဟုတ်ပါ။ တုတ်ကြောက် ၍ ခွေးများငြိမ်သွားကြခြင်း ဖြစ်သည်။ ကိုဝမ်းကြီးကတော့ သူတောင်ဝှေးကြီး အားပွတ်သပ်လျက် ခေါင်းတညှတ်ညှတ် ဖြင့်။

များမကြာမီ ခွေးပေါင်သံများက နီဗွာန်လမ်းထိပ် ကမ်းနားလမ်းဘက်သို့ ရောက်လာသည်။ ရပ်ကွက်ကောင်စီ လူကြီးများအားလုံး လမ်းထိပ်ဆီသို့ စူးစိုက်ကြည့်နေကြသည်။ နီဗွာန်လမ်း ထိပ် ကုလားဘုရားကျောင်းမှ ခွေးတစ် အုပ်ထိုးဟောင်ကြသည်။

"ရှူး - တိုးတို့၊ လာနေပြီထင် တယ်။ လမ်းထိပ်မှာ"

တစ်ယောက်က အသံပေးသည်။ ရပ်ကွက်ကောင်စီလူကြီးတစ်ယောက်က လေးခွထုတ်၍ လောက်စာအိမ်ထဲ လောက်စာလုံးထည့်ပြီး ဆွဲကြည့်သည်။

"ဖလပ်"

"ဟာ - ပြတ်သွားပြီ၊ သားရေ ပင်တွေက ဆွေးနေတာကိုး။ အိမ်ပြန်ယူ ဦးမှ"

"ခုချိန်ကျမှ အိမ်ပြန်ယူမနေနဲ့ တော့။ ရော့ - ဒီနှစ်တစ်လက်မတုတ်ယူ ထား။ ခင်ဗျားကြက်သားဟင်းချက်တုန်း က လောက်စာအိမ်ချည်တဲ့သားရေပင် တွေကို ကြက်သွန်လိုးတဲ့ဓားနဲ့ကိုက်ဖြတ် နေတာ ကျုပ်တွေ့သားပဲ။ ဘာခုမှ သားရေပင်ဆွေးသလေးဘာလေးနဲ့"

ထိုလူကြီးသည် သူခိုးလူမိသွား သည့်နှယ် သစ်သားတုတ်အားယူပြီး ကပ်စေးနဲ့ချုပ်တဲ့ဘေးသို့ ငုတ်တုတ်လေး ထိုင်လိုက်ပါသည်။

"ဘူး ဝူး ဝူး ဝုတ် ဝုတ် ဝေါင်း ဝေါင်း"

နီဗွာန်လမ်းထိပ်မှ ခွေးအုပ်သည် အလှူပွဲလှည့်လာသကဲ့သို့ အုံကြွဟောင် ကြရင်း လမ်းထဲအထိပိုက်ပါလာကြ သည်။

"ဟိုမှာ ခွေးအုပ်လိုက် လမ်းထဲဝင် လာကြပြီ။ ကိုဝမ်းကြီး ခင်ဗျားအစီအရင် တွေစတော့"

အတွင်းနေမှုန် အမိန့်ပေးလိုက် သည်နှင့် ဣန္ဒာသယဇေဂိဏ်းတော်ကြီး မှ ကိုးဆင့်ရ ဆရာကြီး ကိုဝမ်းကြီးသည် တကယ့်အထက်လမ်းဆရာကြီးတစ်ဦး အသွင်ဖြင့် လက်ပိုက်၍ အနီးရှိ ကိုသန်း ဌေးအား အမိန့်ပေးလိုက်သည်။

"ဟေ့ကောင် သန်းဌေး၊ ကန်တော့ ပွဲ အုန်းသီးထိပ်မှာ ငါပေးထားတဲ့ ဆေး ဖယောင်းတိုင်ကိုထွန်းလိုက်၊ ပြီးရင် ကန်တော့ပွဲဘေးပန်းကန်ထဲက ဆေးမှုန့် လေးတွေကို ဖယောင်းတိုင်မီးပေါ် ကိုဖြူး ချ၊ မကြောက်နဲ့ ငါတစ်ယောက်လုံးရှိ တယ်"

"မကြောက်ပါဘူးဗျာ၊ ခင်ဗျားသာ ခွေးကိုက်မခံရစေနဲ့။ ခွေးနက်ကြီးနဲ့ အကြည့်ချင်းဆုံရင် မာလင်းယားတတ် တယ်နော်။ အကြည့်ချင်းဆုံပြီး ရင်ခုန် မနေနဲ့ဦး"

"တောက် - ခွေးမသားလေး"

"ဟေ့ကောင်၊ မင်းငါသားကိုဘာ လို့ဆဲတာလဲ။ ငါမိန်းမ ခွေးမဖြစ်သွားပြီ"

ဦးမင်းလိုင်က ဝင်ဟောက်ပြန်၏။

"ဟာ - ဦးလေး၊ ကန်တော့ ကန်တော့။ ကျွန်တော် ဦးလေးရှိမှန်း သတိမထားမိလို့ပါ"

လူတွေက ခွေးနက်ကြီးအလာကို ဂရုစိုက်ကြည့်နေကြရင်း သူတို့၏ အချို အခုံစကားသံကြောင့် ရပ်ကြရသေး သည်။ သို့သော်လည်း အားလုံး၏ လက် ဖျား၊ ခြေဖျားများသည် ဘာရယ်ကြောင့် မှန်းမသိ အေးစက်တုန်ယင်နေကြသည်။ ခွေးဟောင်သံတဝုန်းဝုန်းသည် တဖြည်း ဖြည်းဖြင့် လမ်းအလယ်ပန်းခြံအနီးသို့ ရောက်လာသည်။ ပန်းခြံထဲမှခွေးများ သည်လည်း လမ်းမပေါ် မတက်ဘဲ လမ်း ဘေးအနီး ပန်းခြံအဝမှဆီး၍ စူးစူးဝါးဝါး ထိုးဟောင်ကြသည်။

"လမ်းမီးကလည်းမှောင်လိုက်တာ ဘာမှမသဲကွဲဘူး"

"ခွေးအုပ်ထဲ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ကွာ"

လူကြီးတစ်ယောက်က သူ၏ လက်ထဲမှ သံခွေးတက်နေသော လှံကြီး အား အနော်ရထာဘုရင်၏ အရိန္ဒမာလှံ ကဲ့သို့ အထင်ကြီးပြီး မြေမှာထောက် လျက် ခွေးအုပ်ထဲသို့ သုံးတောင့်ထိုး ဓာတ်မီးကြီးဖြင့် ထိုးကြည့်လိုက်၏။

"ဟာ"

အားလုံးသောရပ်ကွက်လူကြီးများ သည် ဟာခနဲ အာမေဋိတ်သံပြုလျက် အံ့အားသင့်ကုန်ကြသည်။ လက်နှိပ်ဓာတ် မီးရဲရဲရဲအလင်းရောင်အောက်၌ ခပ်လှမ်း လှမ်းမှ မဝုံမရဲဖြင့် အူရင်းဟောင်ရင်း လိုက်နေကြသော ခွေးဆိုးတစ်အုပ်၏ ရှေ့တွင် အိမ်မွေးအိလှခွေးသာသာ ခွေးပုမည်းမည်းလေးတစ်ကောင်သည် ကွန်ဒြေရရဖြင့် တစ်လှမ်းချင်းလှမ်းနေ သည်။

သို့သော် လက်နှိပ်ဓာတ်မီးစူးရဲရဲ မှာမြင်ရသော ထိုခွေးပုမည်းမည်းလေး ၏မျက်လုံးများက စိမ်းဖန့်ဖန့်ဖြင့် အရောင်တောက်လွန်းလှ၏။ အင်မတန် ဆိုး၍ လူအလွန်ကိုက်သည်ဟု နာမည် ကြီးသော နီဗွာန်လမ်းထိပ် ကုလား ဘုရားကျောင်းမှ ခွေးကြီးတစ်အုပ်သည် ထိုခွေးပုလေးအား ကြောက်ရွံ့ပြီး အမြီး ကုပ်နေကြသည်။ ထိုခွေးပုလေးက ခွေး ကြီးတွေအား တစ်ချက်မှဂရုမစိုက်ဘဲ တစ်လှမ်းချင်း ခွေးမယဉ်သာလှမ်းနေ သည်။

အားလုံးသောရပ်ကွက်လူကြီးများ ထိမြင်ကွင်းအား မြင်လိုက်ရပြီးနောက် ထိခွေးမည်းလေးနှင့် ခွေးအုပ်တို့ ပန်းခြံ အပေါက်နှင့် ဝါးနှစ်ရိုက်ခန့်အကွာသို့ အရောက်တွင် ကိုဝမ်းကြီးသည် လမ်းမ ပေါ်တက်သွားပြီး လမ်းလယ်၌ကားကား ကြီးရပ်လိုက်ပါသည်။

"ဒေါင်"

သူနဂါးတောင်ဝှေးကြီးအား ကတ္တ ရာလမ်းမပေါ်သို့ ဆောင့်ချလိုက်သည်။

"ဟိတ် - သယ်. . .

ကိုဝမ်းကြီး၏ ကြိမ်ဝါးသံနှင့် မာန်လိုက်သောအသံမှာ ညဉ့်နက်သန်း ခေါင် ရပ်ကွက်အလယ်မှာ ဟိန်းထွက် လာပါတော့သည်။ ရပ်ကွက်လူကြီးတွေ က ကျာနှင့်ဆင် လယ်ပြင်မှာမတွေ့ဘဲ ခွေးသရဲနှင့် အထက်လမ်းဆရာ လမ်းမှာတွေ့ကြပြီဟု တွေးနေကြ၏။

"ဇာတ်ဆရာ ကိုကံ၊ နောင်နှစ် သီတင်းကျွတ် မီးထွန်းပွဲတော်ကျရင် ခင်ဗျားတို့လမ်းထိပ်ဇာတ်စင်မှာ ဒီဇာတ် လမ်းကိုကပြရင် လူကြိုက်ကြမှာဗျ"

"အေးဗျ၊ ကျွန်တော်လည်း ဒီလို ဝင်စားနေတာ။ ခွေးသရဲအပြင် ဘုတ်ဆာ ဒါးလေး စုန်းတွေ၊ ကဝေဇောည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ရင် ပိုပြီးမြင့်သွားမယ်"

ကန်တော့ပွဲအနီးမှာရပ်နေသော ကိုသန်းဌေးက ကိုဝမ်းကြီး၏ 'သယ်' ဟူသောအသံကြားရသည်နှင့် ကမန်းက တမ်းဖြင့် ဆေးမှုန့်ပန်းကန်လေးအား မှောက်ပြီး ဖယောင်းတိုင်မီးရောင်ပေါ် သို့သွန်ချလိုက်ရာ မီးစာသည် ဆေးမှုန့်များဖြင့်လုံးထွေးသွားပြီး မီးငြိမ်းသွားပါတော့သည်။ မီးခြေစ်ခြစ်၍ ဖယောင်းတိုင်မီးအားပြန်ညှိသော်လည်း ဆေးမှုန့်များက ဘာတွေမှန်းမသိ ညှိ၍မရဘဲဖြစ်နေသည်။

ခွေးအုပ်ကြီးရှေ့မှ ခွေးပုနက်ကလေးသည် ခြေစုံရပ်လိုက်ရင်း ကိုဝမ်းကြီးသို့ ခပ်စိန်းစိန်းကြည့်သည်။ ကိုဝမ်းကြီး ရုတ်တရက် ကြက်သီးဖြန်းခနဲထသွားပြီး နှုတ်မှ ဂါထာတစ်ပုဒ်အား ကမန်းကတမ်းရွတ်လိုက်၏။

"ဧ့ - ရှေ့မှာဘုရား၊ နောက်မှာရဟန္တာ၊ ရင်မှာ သိကြား၊ ထိပ်မှာ ပြဟ္မာ"

ရပ်ကွက်လူကြီးတွေက ခွေးသေးသေးလေးဖြစ်နေ၍ သတ္တိတွေကောင်းလာကြပြီး လေးခွဖြင့်ချိန်သူချိန်၊ အုတ်နီခဲထက်ပိုင်းကျိုးဖြင့်ရွယ်သူရွယ်၊ နှစ်တစ်လက်မဖြင့် ရိုက်မည်ဟန်ပြင်သူပြင်ဖြင့် ဖြစ်နေကြတော့သည်။

"ငါတို့ရပ်ကွက်ထဲ ကျူးကျော်ဝင်ရောက်လာတဲ့ မကောင်းဆိုးဝါးကောင်၊ နင့်လမ်းနင်ပြန်တော့။ မပြန်ရင် အထက်ဆရာကြီးများအမိန့်၊ စေတိကားတော် အဘဆရာကြီးများအမိန့်၊ ငါ့အမိန့်နဲ့ နင့်ကိုနှိမ်နင်းရလိမ့်မယ်။ ခုမကြာ နောက်ဆုတ်"

ကိုဝမ်းကြီး၏အသံက အောင်မြင်လှသလို မာန်ပါလွန်းလှသည်။ ရပ်ကွက်လူကြီးများပင် ကိုဝမ်းကြီး၏ပညာအစွမ်းအား အထင်ကြီးသွားကြသည်။

သို့သော် နောက်မှခွေးအုပ်က ကိုဝမ်းကြီး၏လက်မှ တောင်ပေးအား လည်းကောင်း၊ ပန်းခြံဝမှ လက်နက်ကိုယ်စီဖြင့် စောင့်နေသောလူအုပ်ကို ကြည့်၍ လည်းကောင်း နောက်ဆုတ်သွားကြသော်လည်း ခွေးပုမည်းလေးက ဣန္ဒြေရရ တစ်လှမ်းချင်း ရှေ့သို့တိုးလာပါတော့သည်။

"အောင်မာ - နင်က သတ္တိသိပ်ကောင်းနေတယ်ပေါ့လေ။ ငါ့ဆေးအစွမ်းပြရသေးတာပေါ့"

ကိုဝမ်းကြီး လွယ်အိတ်ထဲမှ ဆေးဘူးအား ဖွဲ့ကြည့်ပြီးထုတ်ယူလိုက်သည်။

"ဟာ - ဘာကြီးလဲဟ"

အားလုံးသောလူကြီးတွေပါးစပ်မှ တစ်ပြိုက်နက်ထွက်လာသောအသံများ ဖြစ်ပါသည်။

ကိုဝမ်းကြီး ဆေးဘူးအားဖွင့်၍ လက်ဝါးထဲဆေးလုံးလေးများထည့်ပြီး ခွေးပုမည်းလေးအားအကြည့် -

ခွေးပုမည်းလေးသည် တဖြည်းဖြည်း အရွယ်ကြီးသထက်ကြီးလာပြီး အင်းခွေးထက်ကြီးသော အယ်(လ်)ဇေရှင်းခွေးကြီးလောက်ရှိအမြင့်သို့ရောက်လာပြီး မျက်လုံးများက စိမ်းသည်ထက်စိမ်း၍ အရောင်တောက်လာပါတော့သည်။ထိုခွေးနက်ကြီးက ကိုဝမ်းကြီးအား ဖုတ်လေသည့်ငါးပိ ရှိသည်လို့တောင် မထင်ဘဲ တစ်လှမ်းချင်းလှမ်းလာနေ၏။ ကိုဝမ်းကြီးလည်း ထိုခွေးကြီးကိုကြည့်ပြီး ကြောက်ကြောက်နှင့် တောင်ပေးအား မြှောက်၍ရွယ်လိုက်ရာ ရှေ့သို့အရှိန်လွန်ပြီး ဝမ်းလျားထိုးလဲကျသွားပါတော့သည်။

ရပ်ကွက်ကောင်စီလူကြီးတို့လည်း အားလုံး ကြက်သေသေနေကြပြီး သူတို့အနီးမှတစ်လှမ်းချင်းလှမ်းသွားသော ခွေးနက်ကြီးအားစေးရင်း အသံပင်မထွက်ဘဲ ကြောင်တောင်တောင်ဖြစ်နေကြတော့သည်။

ကိုဝမ်းကြီးကား ကတ္တရာလမ်းမအလယ်၌ မှောက်ရက်လဲ၍ မေ့ကောင်းတုန်းပင်တည်း။ သူနဂါးရုပ်တောင်ပေးကြီးက ကတ္တရာလမ်းနှင့်ရိုက်မိပြီး နဂါးခေါင်းကျိုးသွားပါတော့သည်။

❑

"ကိုဝမ်းကြီး၊ ကိုဝမ်းကြီး သတိရလာပြီလား"

မေ့လဲနေသော ကိုဝမ်းကြီးအား ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ပွေ့ခေါ်လာကြပြီး ပရိတ်ရေများဖြင့်ဝိုင်းပက်ကြတော့မှ တအင်းအင်းတအိအိဖြင့် သတိပြန်ရလာပါသည်။

"ဟာ - ကျုပ်ဘာဖြစ်သွားတာလဲ။ ဟိုခွေးနက်ကြီးကော ဘယ်ရောက်သွားလဲ။ ကျုပ်တောင်ပေးနဲ့ရိုက်မိလိုက်တယ်ထင်တယ်။ နောက်ဆို ဒီကောင်ကြီးလာရဲမှာမဟုတ်တော့ပါဘူးလေ"

"ဟား ဟား ဟား - ကိုဝမ်းကြီး ခင်ဗျား ပေါက်ကရတွေလျှောက်ပြောမနေနဲ့။ ခင်ဗျား ကံကောင်းလို့အသက်ပါမသွားတာ၊ ခွေးသခဲကြီးက ခင်ဗျားကို ကျော်နင်းပြီးထွက်သွားလေရဲ့။ခုလောက်ဆို ဟဲသာဝတီကုန်းထိပ်လောက်ရောက်နေလောက်ပြီ"

"ဟုတ်တယ်ကွ ဝမ်းကြီးရ၊ မင်းခွေးနက်ကြီးကို တောင်ခွေးနဲ့ရွယ်ရင်း ကတ္တရာလမ်းပေါ် မှောက်ရက်လဲသွားတာ တစ်ခါတည်းမေ့သွားတာပဲ။ အေးကွာ - ငါတို့လည်း တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါတည်းမြင်ဖူးသေးတယ်။ ခွေးလေးသေးသေးလေးက မျက်စိအောက်မှာတင်ကြီးလာလိုက်တာ တစ်ကိုယ်လုံးနက်ကျောကျောကြီးနဲ့ မျက်နှာကြီးက ကြောက်စရာကြီး။ မျက်လုံးတွေကလည်း စိမ်းမှောင်နေတာပဲ။ ပြောရင်းနဲ့ ကြက်သီးထလာပြီ"

ထိုညက ရပ်ကွက်ကောင်စီလူကြီးများ အိမ်မပြန်ရဲကြဖြစ်နေ၍ ရေပုလင်းထဲမှပရိတ်ရေများအား ခွဲတမ်းချသောက်ကြပြီးမှ နီးစပ်ရာလူစုပြီးပြန်ကြလေသတည်း။

❑

နောက်ရက်များတွင် ရပ်ကွက်လူကြီးများစုံဝေး၍ သာခုကျောင်းတိုက်ဆရာတော်ကြီးအား သွားလျှောက်တင်ကြပြီး ရပ်ကွက်အတွင်း လမ်းထိပ်တိုင်း၌ ပရိတ်ရွတ်၊ ကမ္မဝါဖတ်၊ ပရိတ်ချည်၊ ပရိတ်သံ၊ ဆန်ပန်းပေါက်ပေါက်များကြ၍ သံပုန်းတီးတောထုတ်ကြတော့မှ လူအသေအပျောက်ရပ်သွားပြီး ညဘက် ခွေးများလည်းမအူကြတော့ဘဲ ခွေးသရဲရန်မှ ကင်းဝေးသွားကြပါတော့သည်။

ကိုဝမ်းကြီးလည်း သူ့အိမ်ခေါင်းရင်းမှာချိတ်ထားသော ဣန္ဒာသယစေတိကားတော်ကြီးဟူသောဆိုင်းဘုတ်အား ဖြုတ်ချပြီးသကာလ ကျိုးသွားသော နဂါးရုပ်တောင်ပေးကြီးအား အိမ်ထောင့်ချောင်ထဲသို့ပစ်ထည့်ထားလိုက်ပါတော့သည်။

သူ့မိန်းမကတော့ သူ့ယောကျ်ားယောဆရာကြီးအား ကျွတ်တမ်းဝင်အောင်ချွတ်သွားသော ဇရပြည်မှယမမင်းတမန်တော် ခွေးသရဲကြီးအား ဘုရားရှိခိုးတိုင်း မေတ္တာပို့၊ အမျှဝေလျက်ရှိနေပါတော့သတည်း။

(မှတ်ချက် - မဆလခေတ်၌ ရပ်ကွက်ကောင်စီလူကြီးဖြစ်ခဲ့သော ဖခင်ဖြစ်သူပြောပြခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။)

သန့်ဇင်

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဖို့ (မော်ကျွန်း)

ယောက်မသာဝမှ လျှာဘဝသို့

ထမင်းဟင်းချက်ရာတွင် အသုံးပြုသည့် ယောက်မ ဆိုသည့် အရာသည် ထမင်းဟင်းအရသာမွှေတကောင်းမွန်စေဖို့ လှုပ်ရှားဆော်ရွက်ပေးနေရသော အရာဖြစ်၏။ ထမင်းဟင်းချက်ရာတွင် မရှိမဖြစ် လိုအပ်သောအရာပေမို့ သူ၏ အရေးပါသော အခန်းကဏ္ဍကို လျှော့တွက်၍မရပါပေ။ ဟင်း၏အရသာကို ကိုယ်တိုင် မသိရှိ မခံစားနိုင်ပေ။

ယောက်မနှင့် အလားတူသော လူပုဂ္ဂိုလ်များစွာကို ဘုရားကျောင်းကန်များတွင် လည်းကောင်း၊ ရပ်ရွာထဲတွင် လည်းကောင်း နေ့စဉ်မြင်တွေ့နေကြရ၏။ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာဘာသာရေးပွဲများနှင့် တရားစခန်းပွဲများကျင်းပရာတွင် ယောက်မနှင့်အလားတူသော ဝေယျာဝစ္စ ဆောင်ရွက်ကြသူများ၏ အခန်းကဏ္ဍက အရေးပါလှ၏။ ငွေကြေးဥစ္စာထက်နိုင်၍ အလှူဒါနပြုလုပ်လိုပါသော်လည်း ဝေယျာဝစ္စဆောင်ရွက်မည့် သူမရှိပါက အလှူပွဲတစ်ခုဖြစ်မြောက်လာမည်မဟုတ်ပေ။ သာသနာထွန်းကားသော မြန်မာနိုင်ငံတွင် အလှူပွဲများကို ခေါင်းစဉ်အမျိုးမျိုးဖြင့်ပြုလုပ်ကြသကဲ့သို့ တရားစခန်းပွဲများကိုလည်း (၇) ရက်၊ (၉) ရက်၊ (၁၀) ရက် စသည်ဖြင့် မိမိတို့စွမ်းနိုင်သလောက် ရက်ရည်၊ လရည် ဇေသအနှံ့ ကျင်းပလေ့ရှိကြပေသည်။ ထိုတရားစခန်းပွဲများတွင် တရားအားထုတ်ကြသော ယောဂီများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးမှစ၍ အားပေးထောက်ပံ့

www.burmeseclassic.com

www.burmeseclassic.com

လူ့ဒါန်းကြသော အလှူရှင်များ၏ စေတနာသဒ္ဓါတရားမှာ ဗုဒ္ဓဘာသာဝင်များပီသစွာရက်ရောကြပါပေ၏။ တရားစခန်းဖြစ်မြောက်အောင်မြင်ရေးအတွက် ဝေယျာဝစ္စဆောင်ရွက်ကြသော ပုဂ္ဂိုလ်များသည်ကား ဟင်းအိုးမွှေသော ယောက်မနှင့် အလားတူစွာ အရေးကြီးသောကဏ္ဍမှန်ရေ၍ အင်တိုက်အားတိုက် ဆောင်ရွက်ရင်း လုပ်အားအလှူပေးလှူနေကြပေသည်။

စာရေးသူကိုယ်တိုင် ယောက်မဘဝဖြင့် အတော်ကြာကြာဆောင်ရွက်ခဲ့ဖူးပါ၏။ မိုးကုတ်ဓမ္မရိပ်သာဆရာတော်နှင့် ဦးကုတ်သာသနာကို ကြည်ညိုရင်းစွဲရှိသော စာရေးသူသည် ကိုယ်ပိုင်အချိန်အတော်များများကို သာသနာတော်အတွက် ပေးအပ်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ခဲ့၏။ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန်ပွားရေးအဖွဲ့ခွဲအမှတ် (၈၅)အောက်ရှိအကျိုးတော်ဆောင်အဖွဲ့တွင် သာသနာတော်၏ ကျေးကျွန်ပမာ ခံယူခဲ့၏။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော အဆုံးအမ အေသနာများ ပြန်ပွားပါစေ။ လူပုဂ္ဂိုလ်အများ နာကြားနိုင်ကြပါစေ။ နာကြားသည်နှင့်အမျှ ကျင့်ကြံအားထုတ်နိုင်ကြပါစေဟူသော စေတနာအရင်းခံ၍ ဦးဗိုးပဓာနနာယကဆရာတော်၏ ဩဝါဒကို ခံယူကာ ဆရာ၊ ဒကာ လက်တွဲညီစွာဖြင့် သာသနာတော်၏အကျိုးကိုရွက်သယ်ခဲ့ပေသည်။

ဤကဲ့သို့ နှစ်အတော်ကြာဆောင်ရွက်လျက်ရှိစဉ် ဆရာတော်သည် မမျှော်လင့်ဘဲ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပေသည်။ တပည့်ဒါယကာ၊ ဒါယိကာမများသည် အမိမဲ့သားရေနည်းငါးပမာ ခံစားခဲ့ကြရ၏။ အကွပ်မဲ့ကြမ်းကဲ့သို့ အတန်ငယ်ယိမ်းယိုင်ခဲ့၏။ ဆရာတော်ထားရစ်ခဲ့သော သာသနိကအဆောက်အအုံများနှင့်တကွ မိုးကုတ်သာသနာတော်ကြီး ဆက်လက်တည်တံ့ပြန့်ပွားရေးတာဝန်သည် အကျိုးတော်ဆောင်အဖွဲ့၏ ပခုံးထက်သို့လုံးဝကျရောက်လာသောတာဝန်ကြီးတစ်ရပ်အဖြစ်ခံယူ၍ အမွေခံကောင်းတပည့်များပီသစွာ စုပေါင်းအားဖြင့် ဓာတ်ညီလက်ညီအကျိုးဆောင်ခဲ့ကြပေသည်။

ဘာသာရေး သာသနာရေးဆောင်ရွက်မည့်သူသည် မိမိကိုယ်တိုင် ထိုက်သင့်သမျှ တရားကိန်းဖို့ ဦးစွာကြိုးစားသင့်သည် ဟူသော ဆရာသမားများ၏ အဆုံးအမကို ကြားနာခဲ့ဖူးပါ၏။ မိမိအတွက် အထိုက်အလျောက် တရားပြည့်စုံမှုမရှိသေးသည်ကို သတိပြုမိခဲ့သော်လည်း ဖြည့်ဆည်းရန် အခွင့်မသာခဲ့ပေ။ အများအတွက် ကြောင့်ကြစိုက်နေရ၍ တရားအလုပ်အားထုတ်ဖို့ပေးကွာခဲ့၏။ တရားတော်များကိုပင် ဖြောင့်ဖြူစွာ နာကြားခြင်းမပြုနိုင်ခဲ့ပါပေ။ အများသူငါ ချမ်းသာစွာဖြင့် ကြောင့်ကြကင်းစွာ တရားအလုပ်အားထုတ်နိုင်စေရေးအတွက် ဆောင်ရွက်နေရသော လုပ်အားကုသိုလ်မျှဖြင့် ကျေနပ်ရောင့်ရဲနေခဲ့မိ၏။

ဝေယျာဝစ္စ ဆောင်ရွက်ခြင်းဟူသော လုပ်အားဒါနသည် ကုသိုလ်ရေဟုဆိုကြားသော်လည်း စင်းလုံးချောရာ ခိုင်နှုန်းပြည့်ကုသိုလ်ဟု အတိအကျဆိုရန် ခက်လပေ၏။ ဗုဒ္ဓအလိုတော်ကျစိတ်ကို ပြုစင်အောင်ထားခြင်း ဟူသော အထက်တန်းစားဝိပဿနာကုသိုလ်နှင့် နှိုင်းယှဉ်လျှင် အောက်တန်းအဆင့် ကုသိုလ်ဟု ဆိုချင်ပါသည်။ လုပ်အားဒါနကုသိုလ် ဆောင်ရွက်ကြရာတွင် အများသူငါနှင့် ပြောဆိုဆက်ဆံဖြေရှင်းဆောင်ရွက်ရသောအလုပ်မျိုး အစဉ်အမြဲ နှလုံးသွင်းမှန်ကန်စွာထားနိုင်ရေးမှာမလွယ်ကူပေ။ အတွေးအခေါ်၊ အယူအဆ၊ အမြင်သဘော၊ လုပ်နည်းလုပ်ဟန် မတူကွဲပြားသည့်အခါ ညှိနှိုင်းရှင်းဖြေရှင်းဆောင်ရွက်ကြရသလို ညှိနှိုင်းမရသည့်အခါ အတ္တဒိဋ္ဌိ အရင်းခံ၍ပေါ်ပေါက်လာသော အငြင်းပွားမှုမှသည် အားမလိုအားမရဖြစ်မှု၊ မကျေနပ်မှုဟူသော ဒေါမနဿအကုသိုလ်တရားများ ဖြစ်ခွင့်ကြုံလာနိုင်ပေ၏။ လောကီအကျိုးဝီးပွားမပါ စိတ်ရင်းစေတနာမွန်မြတ်စွာဖြင့် ဆောင်ရွက်နေသော သာသနာရေးလုပ်ငန်းပင်ဖြစ်လင့်ကစား ကောင်းမှု အဖြူကံပေါ်တွင် အကုသိုလ်အမည်းကံများစွန်းထင်းထာတတ်သည်ကို ကိုယ်တိုင်အတွေ့အကြုံများအရ သတိပြုမိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ သာသနာတော်ကြီး ဆက်လက် တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်အားကုသိုလ်ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍသည် အကြောင်းအထောက်အပံ့ကောင်းတစ်ရပ်အဖြစ် မှတ်ယူမိပါသည်။-ဤကဲ့သို့ ယောက်မနှင့်တူသော ပုဂ္ဂိုလ်များရှိနေသောကြောင့်သာ တရားအရသာကို ခံစားသိရှိနိုင်ရေးအတွက် တရားအလုပ်အားထုတ်နေကြသော ပုဂ္ဂိုလ်များအဖို့ ကြောင့်ကြကင်းစွာ ပွားများအားထုတ်နေနိုင်ကြခြင်းဖြစ်ပေသည်။

ဟင်းလျာတစ်ခု၏ အရသာကို လျှာကသာ ခံစားသိရှိနိုင်သလို တရားအရသာကို တရားအလုပ်အားထုတ်သူမှသာ သိရှိနိုင်ပေသည်။ တစ်ကြိမ်တစ်ခါ ခေတ္တခဏ အားထုတ်ခဲ့မှုဖြင့် တရားအရသာကို ခံစားသိရှိနိုင်မည်မဟုတ်ပေ။ စွဲစွဲမြဲမြဲ ဖူးဖူးစိုက်စိုက် အားထုတ်ရမည်ဖြစ်၏။ နေ့စဉ်အချိန်မှန်အားထုတ်ရမည်ဖြစ်သလို နေ့စဉ်အချိန်တိုင်းမှာလည်း တတ်နိုင်သမျှ အသိကပ်ပြီး ရှုပွားဆင်ခြင်နေရမည် ဖြစ်ပေသည်။

တရားအရသာ ခံစားသိမြင်ပုံသည် မိမိတို့ရရှိထားသော ဉာဏ်ရည်အဆင့်အလိုက် ကွဲပြားခြားနားမည် ဖြစ်ပေသည်။ လောကီအတန်းကျောင်းပညာသင်ကြားရာတွင် မူကြို၊ မူစ၍ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်စသည်ဖြင့် ခွဲခြားထားသကဲ့သို့ မြတ်ဗုဒ္ဓ ဟောကြားဆုံးမနည်းလမ်းပြခဲ့သော ဝိပဿနာပညာကိုလည်း နာမ်၊ ရုပ်နှစ်ပါး လေ့ကျင့်ခန်းအဖြစ် ဥပမာထား တင်စားလိုပါသည်။

ရုပ်၊ နာမ်နှစ်ပါး သစ္စာတရားတို့နှင့်ပတ်သက်၍ ဉာဏ်အမြင်ကန်းနေသော အန္ဓပုထုဇဉ်သည် ကျောင်းမနေစာမသင်ရဘေးသော ကလေးငယ်နှင့် အလားတူပါသည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့၏ သဘောသဘာဝကို ဆရာသမားထံ နည်းနာခံ၍ ဉာဏ်ပရိညာအားဖြင့် သိရှိနားလည်နိုင်သော ကလျာဏပုထုဇဉ်တို့ မူကြိုအဆင့် ကလေးငယ်ပမာ ခိုင်းနိုင်းလိုပါသည်။

ရုပ်၊ နာမ်မွေတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းမွေသဘောများကို ခန္ဓပဋိဘာဂမုဟုတ်ထင်ဟပ်၍ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် တိရောကုဋ္ဌသာအဆင့်ဖြင့် ပွားများ အားထုတ် ရှုမြင်နိုင်သော စူဠသောတာပန်ပုဂ္ဂိုလ်များကို သူငယ်တန်းကလေးငယ်အဖြစ် တင်စားလိုပါသည်။ ယင်းပုဂ္ဂိုလ်များသည် ရုပ်၊ နာမ်တို့၏ အကြောင်းအကျိုးကို ဉာဏ်ဖြင့်သိမြင်ပြီး သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကို အသိဉာဏ်၊ အပွားဉာဏ်တို့ဖြင့် ယာယပယ်ခွာနိုင်ပြီး နာမရူပပဋိစ္စသမုဉာဏ်နှင့် ပစ္စယပဋိဂ္ဂဟဉာဏ်နှစ်ပါးကို သိမြင်ရရှိ

www.burmeseclassic.com

www.burmeseclassic.com

ဝေစည်(ရွှေဘို)

စားသင့်တဲ့ငှက်ပျော နှင့် စိုက်သင့်တဲ့ငှက်ပျော

'ရွှေလက်အုပ်၊ အုပ်ကာတီး၊ ပျော သီးမှည့်မှည့်စားရအောင်' ဟူသော သံချပ်နှင့်အတူ ငှက်ပျော်သီးကို ကလေး သူငယ်လေးများမှ ဘိုးဘိုး၊ ဘွားဘွားတို့ အထိ နှစ်ခြိုက်စွာ စားသုံးကြပါသည်။ တစ်ခါက တက္ကသိုလ်ဝင်တန်း အင်္ဂလိပ် စာမေးခွန်းတွင် The Fruit I Like Best ဟု မေးထားရာ ငှက်ပျောသီးကို အနှစ်သက်ဆုံးဟု စာဖြေသူတော်တော်များများက ဖြေထားသည်ကို စစ်ခဲ့ရဖူးပါသည်။ ဘာကြောင့် ငှက်ပျောသီးကို အနှစ်သက်ဆုံးဖြစ်ရပါသလဲ ဆိုသော် ငှက်ပျောသီးသည် အာဟာရဓာတ် ကြွယ်ဝခြင်း၊ စျေးအသက်သာဆုံးဖြစ်ခြင်း၊ ရာသီမရွေးရနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် မည်သည့်ကျေးလက်ပြို့ရွာမဆို ငှက်ပျောသီးကို လွယ်လွယ်ကူကူနှင့် ဝယ်ယူစားသုံးနိုင်ခြင်းတို့ကြောင့် အသီးအနှံအားလုံးတို့တွင် ငှက်ပျောသီးကို အကြိုက်ဆုံး၊ အနှစ်သက်ဆုံးဖြစ်ပါသည်ဟု ဖြေထားတာကိုစစ်ခဲ့ရပါသည်။

ငှက်ပျောအမျိုးပေါင်းများစွာရှိပါသည်ဆိုပြီး ငှက်ပျောသီးနာမည်လေးများကိုပါ ရေးသား ဖြေဆိုထားသည်ကို စစ်ခဲ့ရရာ ယခု တက္ကသိုလ်ဝင်တန်းဖြေဆိုချိန်တွင် သတိရပြီး ဤစာကို ရေးဖြစ်ခြင်းပါ။ ငှက်ပျောသီးကို -

ပြီး ဖြစ်ပါသည်။ ထိုမှတစ်ဆင့်တက်၍ ရုပ်၊ နာမ်တို့၏မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်းသဘောတို့ကို ပြည့်စုံသိမြင်ပြီး ရွှံမုန်းခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း စသည့် ဘဏ်စဉ် အဆင့်ဆင့်တက်ကာ ပဟာနပရိညာဖြင့် နိဗ္ဗာန် ဟူသော အငြိမ်းဓာတ် အဖေးဓာတ်ကို တစ်ကြိမ်တစ်ခါ သိမြင်ခံစားပြီး သူ့ကို မူလတန်းပညာရေး ပြီးဆုံးအောင်မြင်ပြီးသူဟု တင်စားဥပမာဆိုချင်ပါသည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာနွယ်ဝင် သူတော်စင်စာရင်းဝင်သွားပြီး ဗုဒ္ဓ၏ တပည့်သာဝကအစစ်ဖြစ်ရုံမျှမက မဟာသောတာပန်ဟူသော မဟာဘွဲ့ကို ရရှိပိုင်ဆိုင်သွားပြီ ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များသည် နောက်ထပ်အတန်းစဉ်များဖြစ်သည့် အလယ်တန်းအဆင့် (သကဒါဂါမ်)၊ အထက်တန်းအဆင့် (အနာဂါမ်) ဘွဲ့ရပြီးသူ (ရဟန္တာ) အဆင့်များသို့ ဆက်လက် တက်လှမ်းနိုင်ရေးအတွက် လမ်းပွင့်သွားပြီ ဖြစ်၏။ သို့အတွက် မူလတန်းအဆင့် ပြီးမြောက်ဖို့အရေးသည် အခြေခံအကျဆုံးနှင့်အရေးကြီးဆုံးသော အဆင့်ဖြစ်လေသည်။

ဤအဆင့်ကို တော်ရုံတန်ရုံ ကြိုးစားအားထုတ်ရုံဖြင့် မကျော်ဖြတ်နိုင်ပေ။ ထက်သန်သော အဓိပတိထိုက်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော လက်နက်များကို ကိုင်စွဲနိုင်မှသာ ကျော်ဖြတ်အောင်မြင်နိုင်မည် ဖြစ်ပေသည်။

စာရေးသူကိုယ်တိုင် လောကုတ္တရာနယ် မူလတန်းပညာကို သင်ယူကြိုးစားခဲ့ရာ အနှစ် (၂၀) နီးပါးရှိပြီဖြစ်သော်လည်း ယနေ့အချိန်အထိ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခြင်း မရှိသေးပေ။ သင်ကြားရသည့်ဘာသာရပ်မှာ ဒိဋ္ဌနှင့် ဝိစိကိစ္ဆာဖြစ်ပါသည်။ ဘဏ်ထက်လျှင် (၇)ရက်၊ ဘဏ်သင့်လျှင် (၇)လ၊ အလွန်ဆုံး (၇) နှစ် သင်ကြား အောင်မြင်နိုင်သည်ဟု ကြားနာမိပါသည်။ စာရေးသူ အနေဖြင့် မဟာကျောင်းဆရာမွန်တို့၏ သင်ကြားပြသ ဆုံးမညွှန်ကြားချက်လည်းရရှိခဲ့ပါ၏။ ကျင့်စဉ်နည်းလမ်းလည်း မှန်ကန်ပါ၏။ သို့သော်လည်း မိမိခန္ဓာတွင်ကိုလေသာတရားတို့ ထူပြောနေသေးသည့်အပြင် ထက်သန်သောဇွဲ၊ လုံ့လ၊ ဝီရိယအားတို့ လျော့ပါးနေ၍သာ ဤမျှ အချိန်တွေကြာနေရခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။

တရားအရသာကို အပြည့်အဝ ခံစားနိုင်သော လျှာဘဝကို လုံ့ဝီရိယပိုင်ဆိုင်သေးသော်လည်း ယောက်မဘဝမှ လွန်မြောက်ပြီးနောက် တရားအရသာကို ထိုက်သင့်သမျှ မြည်းစမ်းခွင့်နှင့် ကြုံကြိုက်ခဲ့ဖူးပေသည်။ တရားအရသာကို အပြည့်အဝခံစားနိုင်စေဖို့ တစ်နည်းအားဖြင့် မူလတန်းပညာ ပြီးမြောက်စေဖို့ ရှေ့သို့ဆက်၍ ယခုထက်ပိုပြီး ကြိုးစားရမည်မှာ မိမိဘာဝနှင့်သာဖြစ်ပေသည်။ ယခု ဘဝ၏နောက်ဆုံးထွက်သက်အထိ မျှော်လင့်ချက်ရှိပါသည်။ အကယ်၍ ဒီဘဝတွင် မအောင်မြင်ခဲ့ပါကလည်း နောင်သံသရာခရီးတွင် ဘဏ်ပညာပါရမီအထုံပါသွားမည်ဖြစ်၍ စိတ်ပျက်အားလျော့ရန်မရှိဟု ဦးမာစွာ ယုံကြည်မိပေသည်။

စာရှုသူ ဓမ္မမိတ်ဆွေသည်လည်း ယောက်မဘဝဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ ဟင်းအရသာကို ခံစားသိနိုင်သော လျှာကဲ့သို့ မခံစားဘူးသေးသော ထူးကဲသော တရားအရသာကို မြိန်ရှက်စွာ ခံစားနိုင်စေဖို့ ဒုလ္လဘတရားငါးပါးနှင့် ကြုံကြိုက်တုန်း အခါကောင်းကို မလွန်မြောက်စေဘဲ မြတ်ဗုဒ္ဓ လမ်းညွှန်ခဲ့သော နာမ်ရုပ်လေ့ကျင့်ရေးဝိပဿနာအလုပ်စနစ်ကို ကြိုးစားပွားများအားထုတ်နိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့် တိုက်တွန်းလိုက်ပါသည်။

တရားထူးရကြပါစေ။

ချစ်ဘို (ရေဘဂ္ဂန်း)

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်အမည်

PLANTAIN (OR) BANANA.

ဗုဒ္ဓဗေဒင်အမည်

MUSASAPLENTUM: MUSA-PARADISIACA.

မြန်မာဆေးကျမ်းအလိုအားဖြင့် -

ဂ ဓာတ်သစ်ရသာ ဒှက်ပျော မှာကား၊ ရသာဖန်ချို အကျိုးဆိုသော်၊ တိုယ်တွင်းပထဝီ၊ ပျက်သည်မည်၏။ ကြွေလိုပေကပ်၊ အားမဲ့လတ်မူ၊ မပြတ်စား စေ၊ စာမကြေလည်း၊ ထည်လေထန်း လျက်၊ အချိုဖက်ရှင့်၊ ဝမ်းပျက်တစ်ဖန်၊ ခိုချေပြန်လည်း၊ ဖန်ဖန်ရွှမ်းပြင်း၊ ဆက် လေသွင်းလော့၊ ရှည်ခြင်းအလွန်၊ ချဉ် ရောက်ပြန်သော်၊ ပေးရန်ဓာတ်ငုပ်၊ ကျဉ် ဝမ်းချုပ်ကို၊ ရုတ်တရက်သာ၊ ကင်းကွာ လျှောသွေး၊ မြေပထဝီအားကိုညီအောင်၊ ဆောင်သည်တစ်သွယ်၊ နာသူငယ်တို့၊ အကယ်ကျောခေါင်း အပူအောင်းကာ၊ ဆွေးမရလည်း၊ သီးလှ သူငယ်စာ၊ ပေးလေ ရာ၏ဟု ဓာတုရသလေးစောင်တွဲတွင် ဆိုထားပါသည်။

ဥတုဘောဇနကျမ်းအလို -

ဒှက်ပျောသီးမှည့်သည် ချို၏။ အေး၏။ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏။ နှုတ်ကိုမြိန်စေတတ်၏။ အသားကို ပွားစေတတ်၏။ သုက်ကိုပွားစေတတ် ၏။ လှုံ့ဝိဝေတတ်၏။ ဆာမွတ်ခြင်း၊ ရေငတ်ခြင်းကို ပျောက်နှိုင်၏။ မှက်စိနာ ကိုနှိုင်၏ဟု ဆိုထားပါသည်။

ဒဗ္ဗဂုဏ်ကျမ်းအလိုအားဖြင့် -

ဒှက်ပျောသီးမှည့်သည် သလိပ်နာ ကိုနှိုင်၏။ ဝမ်းမီးကိုတောက်စေ၏။ နှလုံး ကို နှစ်သက်စေတတ်၏။ ဆီးကိုရွှင်စေ တတ်၏။ ဝမ်းချုပ်၏။ ဒှက်ပျောမြစ်၊ ဒှက်ပျောခေါင်း၊ ဒှက်ပျောအူသည် လေ သည်းခြေကိုနှိုင်၏။ အားကိုဖြစ်စေ၏။ (ထို့ကြောင့်ပင် မုန့်ဟင်းခါးဟင်းရည် တွင် ဒှက်ပျောအူထည့်ချက်ခြင်း ဖြစ်ပါ သည်) ကြေခဲ၏။

ဒှက်ပျောသီးကို အအေး ပထဝီ၊ အတက်ဟု ဓာတုဩသဓရာသီကျမ်း တွင် ဖော်ပြထားပါ၏။

ဒှက်ပျောသီးကို မှည့်မှသာ စား ကြသည်မဟုတ်၊ ဒှက်ပျောဖူးကိုပြုတ်ပြီး သုပ်စားကြသည်။ မန်ကျည်းမှည့်၊ စောင်းလျားသီး၊ ဆီးဖြူသီးတို့နှင့်နယ်ပြီး အချဉ်ပြုလုပ်စားကြ၏။ ဒှက်ပျောအူ၊ ဒှက်ပျောခေါင်းကို မုန့်ဟင်းခါးဟင်းရည် ချက်စားကြ၏။ ဒှက်ပျောရွက်ဖြင့် မြန်မာ မုန့်ပဲသရေစာဖြစ်သော မုန့်ဖက်ထုပ်၊ ကောက်ညှင်းထုပ်လုပ်ကြ၏။

မြန်မာနိုင်ငံတွင် ဒှက်ပျောအမျိုး ပေါင်း အမြောက်အမြားရှိပါသည်။ (အိန္ဒိယတွင်မူ ဒှက်ပျောချဉ်တစ်မျိုးသာ ပိန်သေးသေးတွေ့ရပါ၏) ချက်ကြီးဒှက် ပျော၊ ဗျက်ပြည့်ဒှက်ပျော၊ ငပွဲဒှက်ပျော၊ ဒှက်ပြာဒှက်ပျော၊ ဒှက်ပျောချဉ်၊ ဒှက် ပျောနီ၊ ရွှေနီဒှက်ပျော၊ နဲ့သာပုဒှက်ပျော၊ ဝက်မလွတ်ဒှက်ပျော၊ ဆင်အံ့ဒှက်ပျော၊ ဒှက်ပျောမင်း၊ စာကလေးဒှက်ပျော၊ ဆင်စွယ်ဒှက်ပျော၊ ဆင်ပေါင်ဒှက်ပျော၊ ဆိတ်နို့ဒှက်ပျော၊ တောဒှက်ပျော၊ ဖီးကြမ်း ဒှက်ပျော၊ ထောပတ်ဒှက်ပျော၊ နွားချို ဒှက်ပျော၊ ပွားရည်ဆမ်းဒှက်ပျော၊ ပွဲတင်ဒှက်ပျော၊ ဒှက်မနားဒှက်ပျော၊ မရမ်းဒှက်ပျော၊ ရာကျဒှက်ပျော၊ ရခိုင် ဒှက်ပျော၊ ရေသီပဒှက်ပျော၊ ရှားတုံး ဒှက်ပျော၊ ရွှေဝါဒှက်ပျော၊ သီးမွေးဒှက် ပျောနှင့် ဒှက်ပျောတံခွန်ခေါ် တံခွန်တိုင် ဒှက်ပျောတို့ ဖြစ်ပါသည်။

ဒှက်ပျောတံခွန်ခေါ် တံခွန်တိုင် ဒှက်ပျောသည် အလှူပွဲများတွင် မကြာ ခဏတွေ့သော တံခွန်နှင့်တူပါ၏။ အဖီး သေးသေးလေးများ ကပ်ညှပ်နေအောင် သီးပြီး လူတစ်ရပ်အရှည်ဖြစ်၏။ ဒှက် ပျောဖီး (၁၀၀) ကျော်ပါ၏။ (အထူး အဆန်းလုပ်ပြီး သတင်းစာနှင့် ဂျာနယ် များတွင် မကြာခဏ ဖော်ပြလေ့ရှိပါ သည်) အလှူမဏ္ဍပ်များတွင် သဲဖြူခင်း ရာဇမတ်ကာပြီး အလှဆင်ရန်အတွက် အလွန်ကောင်းပါ၏။

ထိုသို့သော ဒှက်ပျောမျိုးပေါင်း များစွာရှိသည်တွင် လူများနှင့်အသင့် တော်ဆုံးဒှက်ပျောမှာ သူငယ်စာဒှက် ပျော ဖြစ်ပါ၏။ အပင်က (၁၅)ပေအထိ မြင့်ပြီး အသက်ကြီးသောဒှက်ပျောမျိုး ဖြစ်၏။ တစ်နှစ်ကျော်ကျော်လောက်မှ ဒှက်ပျောသီးပါ၏။ သူငယ်စာဒှက်ပျော မှည့်ကို ဓားထက်ထက်ဖြင့် လေးစိတ်ခွဲ ပြီး နေလှန်းကြ၏။ ထိုဒှက်ပျောခြောက် ကို ပွားရည်တွင်စိမ်ပြီးစားကြ၏။ အား ဆေးဖြစ်ပါ၏။ စားသင့်သောဒှက်ပျော ထဲတွင် သူငယ်စာဒှက်ပျောက နံပါတ် (၁) ဖြစ်ပါ၏။

နောက်ထပ်စားသင့်သောဒှက်ပျော မှာ ဖီးကြမ်းဖြစ်ပါသည်။ ဖီးကြမ်းတို့တွင် ဒှက်ပြာဒှက်ပျောက ပိုကောင်းပါ၏။ ဒှက်ပျောမှည့်မှည့်ကို အချိုကြိုက်ပါက သကြားလေးနည်းနည်းထည့်ပြီး ရေခန်း ပြုတ်စားပါ။ ကြော်စားပါ။ အာဟာရ ဖြစ်ပါ၏။ နွေရာသီတွင် ချွေးငုပ်သူများ အတွက် ဖီးကြမ်းဒှက်ပျောမှည့်ကြော် သည် ချွေးထွက်စေရန် ဆေးတစ်ပါး ဖြစ်ပါ၏။

သူငယ်စာနှင့် ဖီးကြမ်းမှလွဲ၍ ကျန်သောဒှက်ပျောများမှာ ချဉ်ချိန်စား သုံးရမည့် ဒှက်ပျောများဖြစ်ပါသည်။ တစ်နည်းအားဖြင့် တည့်တည့်ဆိုရသော် စိုက်ပျိုးသူများအတွက် ငွေရသော ဒှက် ပျော၊ စိုက်သင့်သောဒှက်ပျောများသာ ဖြစ်ပါ၏။ အသီး၏အရောင် အသွေး၊ အသီးထွားခြင်း၊ လှပခြင်းများနှင့်ပြည့်စုံ သော ဒှက်ပျောများဖြစ်ရကား ဈေး ကွက်ဝင်များဖြစ်ပါ၏။ ရွှေဒှက်ပျော၊ နဲ့သာပု၊ ဆင်အံ့၊ မရမ်းတို့သည် ရောင်း ပန်းလှပါ၏။ တစ်ဖီးလျှင် အနည်းဆုံး တစ်ထောင်အောက် မဆင်းပါပေ။ စာကလေးဒှက်ပျော၊ ဒှက်ပျောချဉ်တို့ ကသေးသဖြင့် ဈေးကွက်ဟောက်နေ၏။

ရခိုင်နှင့် ဒှက်မနားဒှက်ပျောမျိုး တို့ကလည်း ဦးစားပေးစိုက်သင့်ပါ၏။ ရသမျှတွေ ခိုင်မြဲကြစေဖို့ဆိုပြီး ရခိုင် ဒှက်ပျောသီးစိမ်းများနှင့် သာသနာပွဲ၊ ဘာပွဲညာပွဲထိုးကြ၏။ အလွန်ရောင်း အား၊ ဝယ်အားကောင်းပါ၏။

မည်သည့် ဒှက်ပျောမျိုးတွင်ဖြစ် စေ အဖီးတိုင်းတွင် ဩဇာဓာတ်ကဲသော ဒှက်ပျောသီးတစ်လုံးပါရှိပါသည်။ ထို ဩဇာပြည့် ဒှက်ပျောသီးအလုံးကို သိလိုပါက ဒှက်ပျောဖီး၏အညာတံကိုမှက်နှာ မူလိုက်ပါ။ သင်၏ လက်ယာဘက်အစွန် မှ ဒှက်ပျောသီးအလုံးသည် ဩဇာဒှက် ပျောဖြစ်ပါသည်။ အခွံက သုံးမြွှောင် သာ ပါလေ့ရှိပါ၏။ ၎င်းကို ဩဇာပြည့် ဒှက်ပျောဟု ခေါ်၏။ စာရေးသူတို့ အဘွားက ထိုဩဇာဒှက်ပျောကို ကောက်ညှင်းမှုန့်၊ ပဲနီပြုတ်တို့နယ်ပြီး ဆားလေးခတ်၍ မကြာခဏ ကြော် ကျွေးလေ့ရှိ၏။

ဒှက်ပျောသီးနှင့်တွဲဖက်မစားသင့် သောအစားများမှာ ထန်းရည်၊ ပေရည်၊ ထန်းသီး၊ ပေသီး၊ ခို့ချဉ်တို့ဖြစ်ပါသည်။

ယနေ့ တိုးတက်နေသောခေတ် ကြီးဖြစ်ရကား ဒှက်ပျောများကို မီးကိုးခဲ နှင့် စဉ်ဆိုးတွင်မအုပ်ကြတော့ဘဲ အညာ ကိုဆေးတို့၍မှည့်စေကြရာ အချို့သော ဒှက်ပျောသီးမှာ ချိုအေးမနေဘဲ ပူနေ တတ်ပါ၏။ သတိထား၍ ရှောင်ပါလေ ဟု။

ဝေစည် (ဒွေဘို)

www.burmeseclassic.com

www.burmeseclassic.com

သတို့-ငယ်ငမ်း

ကျတ်ကုန်းပေါ်က တိုက်ပွဲခေါင်း

"ဖိုးဆေး၊ ဖိုးဆေး ထစမ်း။ ကြားလား။ ဘာသံတွေလဲ"

"အင်း - ကြားတယ် ဆရာ၊ ဘာမှန်းတော့သဲသဲကွဲကွဲမကြားရဘူး။ နေဦး ဆရာ၊ အဲဒါကျတ်တွေဖြစ်မယ် ထင်တယ်"

အသံတွေက ကိုမောင်တို့ စခန်းချရာ အိပ်မွေ့မြောင်၏အပေါ် တောင်ကြောပေါ်မှ ကြားရခြင်း ဖြစ်သည်။

"ဘာလဲကွ၊ မင်းပြောတဲ့ကျတ်ဆိုတာ"

ကိုမောင်၏ အမေးကြောင့် ဖိုးဆေးက ခြင်ထောင်ထဲမှထွက်ကာ ဓာတ်ခဲဖြင့်သုံးရသော မီးအုပ်ဆောင်းလေးကိုဖွင့်လိုက်သည်။ မီးအလင်းရောင် ထွက်ပေါ်လာတော့ စောစောကကြား ရသောအသံတွေက ကိုမောင်တို့နှင့်ဝေးရာသို့ တဖြည်းဖြည်းထွက်ခွာသွားသလို မျိုး တိုးတိတ်ပျောက်ကွယ်သွားကြ၏။

"ဖိုးဆေး၊ မင်းပြောတဲ့ကျတ်ဆိုတာ ဘာလဲ။ အသံတွေကတော့ လူသံတွေပဲကွ။ အော်ဟစ်ကြိုးဝိုင်းနေလိုက်ကြတာ တိုက်ပွဲတွေဖြစ်နေတဲ့အတိုင်းပဲ"

"ကျတ်ဆိုတာ မကျွတ်မလွတ်တဲ့ ဝိညာဉ်တစ်မျိုးလို့တော့ပြောကြတာပဲ"

"ဟ - ဒါဆို သရဲပေါ့ကွ"

"သရဲတော့မဟုတ်ဘူး၊ ကျတ်တွေက လူယောင်ဖန်ဆင်းနိုင်တယ်တဲ့"

"မင်းကကြုံဖူးတယ်ပေါ့"

ကိုမောင်၏အမေးကြောင့် ဖိုးဆေးက ကြက်သီးထဟန်ဖြင့် ပခုံးတွန့်လိုက်ပြီး -

"ကျတ်ဆိုတာတော့ မကြုံဖူးပါဘူး ဆရာရယ်။ ဆင်ခေါင်းကြီးပြောတာတော့ ဒီသစ်တောကြီးဝိုင်းထဲမှာ မကျွတ်မလွတ်တဲ့ ရှေးခေတ်က စစ်သည်တော်ကျတ်တွေရှိတယ်တဲ့။ အခုလိုလပြည့်ညတွေဆို သူတို့တွေစစ်တိုက်နေတဲ့အသံတွေကြားရတယ်တဲ့"

"ဟုတ်ရဲ့လားကွာ၊ ပေါက်ပေါက်ရှာရှာ။ မကျွတ်မလွတ်ဘဲ စစ်တိုက်နေရတယ်လို့မှာ။ ဒါဆိုအခုကျဘာလို့မတိုက်တော့တာလဲ၊အသံတွေကိုတိတ်လို့။ လုပ်လိုက်လေ ငါတို့ပါဝင်နွှဲလိုက်ကြတာပေါ့။ တွေ့လား ဒါက နံကောင်သိုင်းကွ"

တရုတ်သိုင်းကားထဲမှ မင်းသားဟန်မျိုးဖြင့်ပြောလိုက်သော ကိုမောင့်စကားကြောင့် ဖိုးဆေးက အားပါးတရ ရယ်လိုက်၏။ဖိုးဆေး၏ရယ်သံက တောနက်နက်၏ ကောင်းကင်ယံဖျားသို့တိုင် အောင် ပဲ့နဲ့သွားတော့သည်။

"ဟား ဟား ဟား ဟား - ဆရာကို ကြောက်လို့နေမှာပေါ့ဆရာရယ်"

"ဖိုးဆေးရေ၊ သိမ်းရအောင်ဟေ့။ ငါဟိုဘက်အကွက်ကူးပြီး ပင်ထောင်သစ်စာရင်းတွေသွင်းဖို့ရှိသေးတယ်"

"ပြီးပြီ ဆရာရေ။ ဒီလျှိထဲက တစ်ပင်၊ နှစ်ပင်လောက်မှတ်ပြီးရင် ပြီးပါပြီ"

ကိုမောင်တို့ အလုပ်သိမ်းပြီးချိန် ရောက်တော့ နေကညီစပြုနေပြီ။

"ကျွန်တော် လိုက်ခဲ့ပေးရမလား ဆရာ"

"နေပါစေကွာ၊ အကွက်ချင်းကပ်နေတာပဲဟာ။ ငါ့ဟာနေငါသွားလိုက်မယ်။ မင်းကဒီမှာလုပ်စရာရှိတာလုပ်ထားပေး"

သစ်ကွက်နှစ်ကွက်က ကပ်လျက်ရှိပြီး အကွက်နယ်နိမိတ်အဖြစ် တောင်ကြောမကြီးက ထီးထီးကြီးစီးမိုးနေသည်။ ဆည်းဆာနေ၏အရိပ်ကြောင့် တောင်ကြောတစ်ခုလုံး မည်းမှောင်စပြုလာပြီဖြစ်လေသည်။ သစ်တောလောကရဲ့ 'ခင်ကျော် ချောင်းဖြတ် မပြုအပ်' ဆိုသော စကားပုံရှိသော်လည်း အချိန်လင့်နေပြီဖြစ်သောကြောင့် တောင်ကြောတစ်ကွေ့တစ်ပတ်ကြီးအတိုင်းမလျှောက်တော့ဘဲ တစ်ဖက်ပိတ်ချောင်း (ခြောင်း) လေးကိုကူးလိုက်ပြီး တောင်ကြောအတွေ့ကို ဖြတ်တက်လိုက်သည်။

တောင်ကြောအလုံးလျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မှာ အချိန်အတော်ကြာခဲ့သော်လည်း တစ်ဖက်သစ်ကွက်၏တဲစခန်းသို့ မရောက်နိုင်သေး။ လူသံ၊ ခွေးသံများလည်းမကြားရ။ လမ်းမှားပြီထင်သည်။ တဲစခန်းရှိလျှင် လူသံ၊ ခွေးသံကြားရပေမည်။ အခုတော့ တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ တောင်ကြောတစ်လျှောက် သစ်ပင်ကြီးများတွင် ရိုက်မှတ်ထားတတ်သော အကွက်အမှတ်အသားများကိုကြည့်ဖို့က လည်း ပတ်ဝန်းကျင်တစ်ခုလုံးက မှုန်မှောင်နေလေပြီ။ ကိုမောင့်လက်ထဲမှ ဓာတ်မီးသေးသေးလေးက လူသွားလမ်းကိုပင် အနိုင်နိုင်မြင်အောင်ကြည့်နေရ

www.burmeseclassic.com

www.burmeseclassic.com

သည်။

တောင်ကြောအတိုင်း အားတင်းလျှောက်သွားရင်း ပျဉ်းကတိုးပင်ကြီးတစ်ပင်ကို လက်နှိပ်ဓာတ်မီးရောင်ဖြင့် တွေ့ရတော့ ကိုမောင်ဝမ်းသာသွားသည်။ တောင်ကြောပေါ်ရှိ သစ်မာပင်ကြီးများတွင် သစ်ကွက်အမှတ်တံဆိပ်များရှိတတ်သည်မဟုတ်လား။ အကွက်တံဆိပ်ကို မြင်လျှင် ကိုယ်ဘယ်နေရာရောက်နေလဲ သိနိုင်ပြီ။ ပျဉ်းကတိုးပင်ကြီးပေါ်က အကွက်တံဆိပ်ကိုမြင်ချိန်မှာတော့ သူခေါင်းနားပန်းကြီးသွားရသည်။ မဖြစ်နိုင်တာ၊ အကွက်အမှတ်တံဆိပ်က အသည်းပုံတဲ့။ ဘယ်ကောင်လက်ဆော့သွားသည်မသိ။ ညအခါန်ကြီးမှာ အပြန်လမ်းကို ရှာဖို့ဆိုတာလည်း မလွယ်တော့။

ခင်ကျော် ချောင်းဖြတ် မပြုအပ်တဲ့။ တောင်ကြောတွေက တစ်ဖက်ကကြည့်လျှင် တောင်တစ်လုံးတည်းထင်ရပေမယ့် တကယ်တမ်းတော့ တောင်အထပ်ထပ်ရှိနေတတ်ပြီး တောင်ကြောမကြီးဆီမှ တောင်ကြောငယ်လေးတွေကလည်း အများအပြား ဖြာဆင်းနေတတ်တာကို ကိုမောင်လည်းအသိ။ မြန်ချင်ဇောနှင့် ချောင်းရိုးလေးတစ်ခုကိုဖြတ်လိုက်မိခြင်းက တောင်ကြောမကြီးပေါ်မရောက်ဘဲ တောင်ကြောမကြီးမှ ဖြာထွက်နေသော တောင်ကြောငယ်လေးမှ တစ်ဆင့် အခြားတောင်ကြောမကြီးပေါ်သို့ရောက်သွားဟန်တူသည်။

ဖိုးဆေးကို အဖော်ခေါ်ခဲ့လျှင် အကောင်းသားဟုတွေးရင်း သက်ပြင်းချလိုက်မိသည်။ ကိုမောင်၏ သက်ပြင်းရှိုက်သံနှင့်အတူ အခြားအသံတစ်ခုက ကိုမောင့်နားထဲသို့ တိုးဝင်လာသည်။ ကိုမောင်က သေချာစေရန် နားစိုက်ထောင်လိုက်ပြန်သည်။

သီချင်းသံ။

အမျိုးသမီးတစ်ယောက် စွဲစွဲငင်ငင်သီဆိုနေသော သီချင်းသံ။

သီချင်းဆိုသူရှိလျှင် လူရှိမည်။ လူရှိလျှင် ဒီညကို ကျော်ဖြတ်ဖို့ နားခိုစရာတစ်နေရာတော့ရှိပေလိမ့်မည်။ သူသီချင်းသံကြားရာဆီသို့ တဖြည်းဖြည်းလျှောက်လာခဲ့လိုက်သည်။ သီချင်းသံကလည်း တဖြည်းဖြည်း ပီပီပြင်ပြင်ကြားလာရလေပြီ။ တောင်ကြောငယ်ဆုံးသွားသည်နှင့် ညီညာပြန့်ပြူးသောကွင်းပြင်ကြီးကို တွေ့ရသည်။ အိမ်ကြီးအိမ်ငယ်တွေကလည်း ထိန်ထိန်ညီးလို့နေ၏။

"ဟယ် - မောင်ကြီး၊ ဘုရားပွဲလာတာလား"

ချိုလွင်သော အသံလေးကြောင့် လှည့်ကြည့်လိုက်တော့ မိန်းမပျိုတစ်ဦးကို တွေ့ရသည်။ ဖားလျားချထားသော ဆံနွယ်တွေက လရောင်အောက်တွင် လူးလွန့်နေ၏။ ဂျပ်ခုတ်ပိတ်သားဖြစ်ဟန် တူသောထဘီကို ဒူးခေါင်းအောက်နား အထိတိုတိုဝတ်ထားပြီး ရင်ဖုံးအင်္ကျီပေါ်တွင် ပဝါပါးတစ်ထည်ကို ချိုင်းအောက်မှ ပခုံးပေါ်သို့ သိုင်းပတ်ထားပြန်သည်။ သူမထံမှထွက်ပေါ်နေသည့် သင်းပျံ့ထုံအီသောအမွှေးရနံ့ကြောင့် ကိုမောင်တစ်ယောက် ပစ္စုပ္ပန်လောကကြီးကိုမေ့သွားသလို ခံစားနေရသည်။

"ဩော် - အင်း ဟုတ်ကဲ့"

"ဒါဆိုလာလေ မောင်ကြီး"

ကိုမောင်၏လက်မောင်းကို ဆုပ်ကိုင်လိုက်သော သူမလက်ကောက်ဝတ်တွင်လည်း ခပ်သေးသေးပဝါပါးလေးတစ်ထည်ပတ်ထားသည်ကို ကိုမောင်တွေ့ရပြန်သည်။ ဆန်းပြားသောအတွေ့အထိများကြောင့် ကိုမောင်တစ်ယောက် အိပ်မက်ထဲတွင် လမ်းလျှောက်နေသည့် သူပမာဖြစ်နေရတော့သည်။

❑

ရွာလယ်ကွင်းပြင်ကြီးတွင် ကညင်ဆီမီးတိုင်များထွန်းညှိထားပြီး ညီညာပြေပြစ်သောမြေပြင်တွင် ကခုန်နေကြသူများကိုတွေ့ရသည်။ ဆိုင်းသံတွေကလည်းမြိုင်လှသည်။ ဆိုင်းဝိုင်းဆိုသော်လည်း ကိုမောင်တို့တွေ့နေကျ ဆိုင်းဝိုင်းမျိုး မဟုတ်။ ဗြောဝိုင်းတွင် ဗုံတိုလေးတွေ့လေး၊ ငါးလုံးခန့်ထပ်တိုးထားသည့် ဆိုင်းဝိုင်းမျိုး ဖြစ်သည်။

ပွဲခင်းတစ်ခုလုံး လူတွေကြိတ်ကြိတ်တိုး စည်ကားနေသည်။ အားလုံး၏ မျက်နှာတွေက ပြုံးချီနေကြသည်။ တစ်ဦးနှင့်တစ်ဦး အော်ဟစ်နောက်ပြောင်ကျိစယ်လိုက်၊ ဇာတ်ပွဲကို အားပေးလိုက်နှင့် ပျော်စရာကောင်းလှ၏။ မိန်းကလေးတိုင်းက ကိုမောင့်ကို ခေါ်ဆောင်လာသောမိန်းကလေးသက်သို့ပင် ဝတ်ဆင်ထားကြသည်။ ယောကျ်ားလေးများကလျှပ်ခုတ်ပုဆိုးကို ဒူးပေါ်ရောက်အောင် တိုတိုဝတ်ဆင်ထားပြီး အင်္ကျီမပါသော တောင့်တင်းလှသည့် ခန္ဓာကိုယ်အပေါ်ပိုင်းကို မိန်းမပျိုလေးများကဲ့သို့ပင် ပဝါကို စလွယ်သိုင်းပြီးပတ်ထားကြသည်။

စီးပွားရေးကောင်းဟန်တူသောရွာကြီးက အိမ်ကြီးအိမ်ကောင်းများနှင့် ကြီးကျယ်ခမ်းနားလှသည်။ သစ်ပေါရာအရပ်ဖြစ်သောကြောင့်လားမသိ၊ ပျဉ်ထောင်အိမ်ကြီးတွေကလည်း နေ့ခင်စဖွယ် ကြီးမားလှသည်။ ရွာကြီးနှင့်ရွာသားများကိုကြည့်ရင်း ကိုမောင့်ရင်ထဲမှာ ပျော်သလို ခံစားလာရသည်။ တောထဲမှာ လမ်းမှားပြီး ဒုက္ခရောက်နေသည့် အဖြစ်ကိုပင် မေ့လျော့နေမိသည်။

"အဖေရေ၊ ဧည့်သည်ပါလာတယ်"

ကိုမောင့်အား ခေါ်ဆောင်လာသော မိန်းမပျိုကလေးစကားကြောင့် ဇာတ်ပွဲမြေပြင်တွင် မြန်မြန်ကြီးထိုင်ပြီး ဇာတ်ပွဲကြည့်နေသော လူကြီးသည် ကိုမောင့်ကို စူးစူးရဲရဲမော့ကြည့်၏။ ပြီးတော့မှ ချိုသာစွာပြုံးလိုက်ပြီး -

"အေး - လာကွယ် လာ၊ ထိုင်ပါဦး"

ကိုမောင်က ယောင်နနဖြင့်ထိုင်ချလိုက်ပြီး ရွာလူကြီးဖြစ်ဟန်တူသော လူကြီးကို မရဲတရဲကြည့်လိုက်သည်။

"စားပါဦးကွ၊ ဇာတ်ပွဲလည်းကြည့်ဦး။ ပြီးမှ မောင်ရင့်အတွက် နေရာစီစဉ်ပေးတာပေါ့"

ရွာလူကြီးလှမ်းပေးလိုက်သောမုန့်ပန်းကန်ထဲတွင် ထိုးမုန့်ကဲ့သို့သော မုန့်မျိုးကို တွေ့ရသည်။ ထိုအိနေသောမုန့်ရနံ့ကြောင့် ဝမ်းဗိုက်က ဆာလောင်နေတာကို သတိရမိသည်။ ဆာလောင်မှုကြောင့် မုန့်တစ်တုံးကိုကောက်ယူလိုက်ပြီး ပါးစပ်ထဲထည့်ဟန်ပြင်လိုက်သည်။

"အို"

ရုတ်တရက် ထွက်ပေါ်လာသော မိန်းမပျိုလေး၏ အသံကြောင့် ပါးစပ်ထဲရောက်လုလုဖြစ်နေသော မုန့်ကိုင်ထားသည့် ကိုမောင့်လက်က ရပ်တန့်သွားသည်။ ရွာလူကြီး၏မျက်နှာက မည်းမှောင်သွားပြီး မိန်းမပျိုလေးကို စူးစူးရဲရဲကြည့်လိုက်သည်။ မိန်းမပျိုလေးမျက်နှာက ညှိုးငယ်သွားပြီး ပြုံတော့မယ့်မိုးလို အုံ့ဆိုင်းသွား၏။

"ရန်သူ၊ ရန်သူ"

ရုတ်တရက် ထွက်ပေါ်လာသော အသံများကြောင့် ရွာလူကြီးက ထိုင်နေရာမှထရပ်လိုက်သည်။ ပျော်ရွှင်စွာ အော်ဟစ် အားပေးနေကြသော ပွဲခင်းတစ်ခုလုံး အပ်ကျသံမကြားလောက်အောင် တိတ်ဆိတ်သွား၏။ ကိုမောင့်ကို ခေါ်ဆောင်လာသော မိန်းမပျိုလေး

www.burmeseclassic.com

ဘ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး သက်ပြင်းရှိုက်လိုက်သည်။

"အားလုံး အသင့်ပြင်"

ရွာလူကြီးထံမှ ဝမ်းခေါင်းသံဖြင့် အမိန့်ပေးသံ ထွက်ပေါ်လာသည်နှင့် ယောကျ်ားသားအားလုံးက ပခုံးပေါ် တွင် လွယ်သိုင်းထားသောပဝါများကိုဖြတ်ယူလိုက်ပြီး ပုဆိုးပေါ် မှထပ်ကာ ခါးတွင် တင်းတင်းချည်နှောင်လိုက်ကြသည်။ အမျိုးသမီးများကလည်း လက်တွင်ရစ်ဝတ်ထားသော ပဝါငယ်လေးများဖြင့် အားလျားချထားသောဆံပင်များကိုစည်းနှောင်လိုက်ပြီး စလွယ်သိုင်းထားသော ပဝါများကို ယောကျ်ားသားများကဲ့သို့ပင် ခါးတွင် အသီးသီးချည်နှောင်လိုက်ကြသည်။ သူတို့လက်ထဲမှာတော့ ဘယ်က ရောက်လာမှန်းမသိသော ဓား၊ လုံလင်နှက်တွေကို အသီးသီးကိုင်ဆောင်ထားကြသည်။

"ရော့ - နောက်ဆို မောင်ရင်းလည်း ဒီလိုတိုက်ပွဲတွေတိုက်ရမှာပဲ"

ရွာလူကြီးက ပြောပြောဆိုဆိုနှင့် ကိုမောင်၏လက်ထဲသို့ လုံတိုတစ်ချောင်းထည့်ပေးနေပြန်သည်။ သူနားမလည်နိုင်တော့။ ရန်သူဆိုတာ ဘယ်သူတွေလဲ၊ ဘယ်ကလာကြတာလဲ။ ကိုမောင်၏စိတ်ထဲမှာတော့ စောစောကလို ပျော်ရွှင်မှုမျိုးကိုသာ ပြန်ပြီးတောင့်တနေမိသည်။

ဘုရားပွဲတွေမှာ ဖြစ်လေ့ဖြစ်ထရှိသော ရန်ပွဲမျိုးမဟုတ်မှန်းလည်း စိတ်က အလိုလိုသိနေသည်။ သူတို့ပုံစံတွေက တကယ့်စစ်သည်တော်တွေလိုမျိုး။ တိတ်ဆိတ်သွားသောရွာလေးက စစ်ချီတေးသံဆန်ဆန်သီချင်းသံများနှင့် ပြန်လည်အသက်ဝင်လာပြန်သည်။ ကိုမောင်၏စိတ်က ထိန်းချုပ်မရနိုင်လောက်အောင် တက်ကြွလာပြန်သည်။ ကိုမောင့်သွေးထဲတွင် တိုက်ချင်ခိုက်ချင်စိတ်တွေက လှုပ်ရှားစီးဆင်းနေပြန်သည်။

"ကဲ - ထွက်မယ်"

ရွာလူကြီး၏ အမိန့်ပေးသံအဆုံး အားလုံးက လက်နက်ကိုယ်စီကိုင်ဆောင်ပြီး ရွာအပြင်သို့ ဦးတည်ထွက်ခွာသွားကြသည်။ ကိုမောင်လည်း လက်ထဲမှ လုံတိုလေးအား တင်းတင်းဆုပ်ကိုင်ပြီး ရွာလူကြီးနောက်မှ လိုက်ပါလာခဲ့တော့သည်။

❑

ကိုမောင်တို့ ရွာအပြင်ရောက်တော့ တိုက်ပွဲကစနေလေပြီ။ ရန်သူစစ်သည်များ၏ တိုက်ခိုက်မှုကြောင့် ရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေကြသည်။ လပြည့်ည၏ လရောင်အောက်တွင် အပြန်အလှန် တိုက်ခိုက်ခုတ်ထစ်နေကြပုံက ကြောက်စရာကောင်းလှသည်။ ရွာသားတွေကလည်း ဘီလူး၊ သရဲစီးနေသည့်ပမာ ရက်ရက်စက်စက် တုံ့ပြန်တိုက်ခိုက်နေကြသည်။ သူတို့ခါးတွင်ချည်ထားသော ပဝါတွေက လရောင်အောက်တွင် တဖျတ်ဖျတ်လွန့်လူးနေကြ၏။ ကြည့်ရင်းကြည့်ရင်း ကြောက်စိတ်တွေက ကိုမောင်ရင်ထဲမှာ နိုးထလာပြန်သည်။

"ဘုရား ဘုရား ဘုရား"

ရုတ်တရက် ကိုမောင့်မျက်ဝန်းထောင့်မှ လင်းလက်နေသော အရာတစ်ခုကို မြင်လိုက်ရသည်။

စေတီတစ်ဆူ။

ခပ်လှမ်းလှမ်းတောင်ကုန်းပေါ် ရှိ စေတီတစ်ဆူကို လရောင်အလင်းပျပျတွင် ဖူးမြော်လိုက်ရလေသည်။ ကိုမောင့် တစ်ကိုယ်လုံး ကျဉ်စက်နှင့်အတို့ခံလိုက်ရသူလို တုံ့ဆိုင်းသွား၏။ မိဘနှစ်ပါး၊ မိတ်ဆွေအပေါင်းအသင်းများကို ရုပ်ရှင်ပြနေသလို ပြန်လည် မြင်ယောင်မိလာပြန်သည်။ နောက်ဆုံးမှာတော့ ဖိုးဆေးပြောခဲ့တာကို နားထဲမှာပြန်ကြားယောင်လာ သည်။

'မကြဲဖူးပါဘူး ဆရာရယ်၊ ဆင်ခေါင်းကြီးပြောတာ ဒီသစ်တောကြီးဝိုင်းထဲမှာ မကျွတ်မလွတ်တဲ့ သွေးခေါင်းစစ်သည်တော် ကျတ်တွေရှိတယ်တဲ့။ အခုလို လပြည့်ညတွေဆို သူတို့တစ်တွေ စစ်တိုက်နေတဲ့အသံတွေ ကြားရတယ်တဲ့"

ကောင်းကင်ပေါ် တွင် လမင်းကြီးက ထိန်ထိန်သာနေသည်။ လပြည့်ညပင် ဖြစ်သည်။ အသိစိတ်၏လှုံ့ဆော်မှုကြောင့် လက်ထဲမှလုံတိုကိုပစ်ချလိုက်ပြီး တိုက်ပွဲဖြစ်နေသည့် ကွင်းပြင်တစ်ဖက် ရှိလျှိထဲသို့ ဆင်းပြေးလာခဲ့လိုက်သည်။

"ဝုန်း ဖြောင်း ဖြောင်း"

လျှိထဲသို့ ခြေချော်ကျပြီဆိုတာကို သိလိုက်ပြီးသည့်နောက်မှာတော့ ကိုမောင်၏အသိစိတ်တို့ တဖြည်းဖြည်း ဝေဝါးမှေးမှိန်သွားတော့သည်။

❑

မည်မျှကြာအောင်သတိလစ်သွားခဲ့သည်မသိ။ သတိပြန်ရလာတော့ လျှိထဲကအအေးဒဏ်ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။ ဖိုးဆေး၏ခေါ် သံကိုလည်း ကြားနေရသည်။

"ဆရာ၊ ဆရာ ဘာဖြစ်သွားသေးလဲ။ ဟိုဘက်သစ်ကွက်က ဆရာရောက်မလာဘူးလို့သတင်းလာပို့လို့ တစ်ညလုံး ဆရာကိုလိုက်ရှာနေကြတာ မနက်ဝေလီဝေလင်းရောက်တော့ မျှစ်လာချိုးတဲ့ အမျိုးသမီးတစ်ယောက်က ဒီလျှိထဲမှာ လူတစ်ယောက်ကျနေတာတွေ့တယ်လို့ပြောလို့ လိုက်လာကြတာ"

"ဘာ - နေပါဦး ဘယ်ကအမျိုးသမီးလဲ၊ ဘယ်လိုပုံစံလဲ"

"ဆရာရယ်၊ ဆရာ့ကိုတွေ့တယ်ဆိုတော့ ဘယ်ကအမျိုးသမီးလဲ၊ ဘာလဲ ဘယ်မေးနေနိုင်တော့မှာလဲ။ ဆရာ့ဆီပဲ ရောက်အောင်လာခဲ့ကြတာပေါ့။ လက်မှာတော့ အဝါရောင်ပဝါလေးပတ်ထားတာတွေ့တာပဲ။ ဘာဖြစ်လို့လဲ၊ ဒီနားက တစ်ရွာရွာကနေမှာပေါ့ ဆရာရယ်"

ဖိုးဆေးစကားကြောင့် ကိုမောင် တစ်ယောက် ညကတွေ့ခဲ့သောမိန်းမပျိုလေး၏မျက်နှာကို ပြန်မြင်ယောင်မိရင်း သက်ပြင်းရှိုက်လိုက်မိသည်။

"ဘာမှမဖြစ်ပါဘူးကွာ။ ကဲ၊ ကဲ-ငါကိုတွဲပါဦး။ ဒါနဲ့ နေစမ်းပါဦး၊ ဒီနားမှာ စေတီတစ်ဆူရှိလား"

"စေတီ ဟုတ်လား ဆရာ၊ မရှိပါဘူး။ ဒါပေမယ့် အရင်တုန်းကတော့ တောင်ကြောပေါ်မှာစေတီတစ်ဆူရှိတယ်လို့ ရွှေလူကြီးတွေပြောတာကြားဖူးတယ်။ ဘာဖြစ်လို့လဲ ဆရာ၊ ဆရာတွေ့ခဲ့လို့လား။

ဆရာ ဆရာအခြေအနေကောင်းဟယ်နော်၊ ဘာမှမဖြစ်ဘူး မဟုတ်လား"

တတွတ်တွတ်မေးနေသောဖိုးဆေးကို ဘာမှပြန်မပြောဖြစ်တော့။

ညကအဖြစ်အပျက်တွေကိုလည်း ဘယ်သူ့ကိုမှမပြောဖို့ ဆုံးဖြတ်လိုက်မိသည်။ ပြောလည်းယုံနိုင်ကြလိမ့်မည်မဟုတ်။ လျှိပေါ် ရောက်တော့ ညကတွေ့ခဲ့သောရွာကြီးကိုတွေ့မလားဟု ကြည့်မိသေးသည်။ မျက်စိတစ်ဆုံး ကာဆီးနေသော တောအထပ်ထပ်တောင်အထပ်ထပ်မှလွဲ၍ ဘာကိုမှမတွေ့ရတော့။ အားလုံးက ပျောက်ဆုံးသွားခဲ့ပြီ။ လပြည့်ညတစ်ည၏ဆန်းကြယ်မှုတွေ၊ ချောက်ချားမှုတွေထဲမှ သူမကတော့ ကိုမောင်၏နှလုံးသားထဲ၌ ဘယ်တော့မှပျောက်ဆုံးသွားတော့မည်မဟုတ်ပေ။

သဒ္ဓံ-ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် စာဆောင်တစ်ခုတွင် မြို့ဟောင်းကျေးရွာ(မြောင်းမြို့ဟောင်း) ဦးမွန်အပျင် ကျိုက်အမွန်စေတီတော်၊ ပြည်သူများအဒေါ် ရွှေဘုံသာစေတီ (ယခင် ရွှေပုံသာစေတီ) ကို လောက်အစီအရင်များဖြင့် တည်ခဲ့သည်ဟု ဆိုသည်။ မြို့ဟောင်း ကျိုက်အမွန်စေတီတော်နှင့်ပတ်သက်၍ ဒဏ္ဍာရီဆန်သောလွမ်းမောဖွယ် မြောင်းမြို့ဟောင်း၏ အဆန်းတကြယ်ဖြစ်ရပ်များကို ယနေ့တိုင်ပြောနေကြဆဲပင်ဟု ဖတ်ရှုလိုက်ရပါ၏။

စာဆောင်ပါ အချက်အလက်များကို ကျွန်ုပ် စိတ်ဝင်စားမိပါ၏။ မြို့ဝဲဟောင်းကျေးရွာသည် ရာဇဂင်ထဲမှမြို့တစ်မြို့ဖြစ်ခဲ့ပါ၏။ နေရာဟောင်းမှ ဇာတ်လမ်းဟောင်းတို့ အပြည့်အသိပ်ရှိနေကြသည်။ ကျွန်ုပ်သည် ရေးဟောင်း ဒဏ္ဍာရီများ ပြောဆိုခိုင်သောသူကို လိုက်လံရာမွေနေမိပါသည်။

တစ်နေ့သ၌ ကျွန်ုပ်နှင့် အလွန်ရင်းနှီးခင်မင်သော မိတ်ဆွေတစ်ဦးနှင့် (၃) လမ်းရှိ တာရာလက်ဖက်ရည်ဆိုင်ဝင်ဆုံမိကြပေ၏။ မတွေ့ရတာကြာပြီဖြစ်သောကြောင့် နှုတ်ဆက်စကားပြောဆိုကြရ၏။ ကျွန်ုပ်ကပါသနာပါရာ မြို့ဟောင်းကျေးရွာရှေးဟောင်းဖြစ်ရပ်များကိုစိတ်ပါဝင်းမိ၍ လိုလိုလားလား စကားပေါက်ကြည့်မိသည်။ မြို့ဟောင်းကျေးရွာနှင့်ပတ်သက်၍တော့ သူးမှာမသိခဲ့ရပါ။ သို့သော်လည်း ကံကြီးကျေးရွာတွင် ပျံမြဆန်ဆန် အဆန်းကြယ်ဖြစ်ရပ်များကို သိ၏။ မိဘများမှတစ်ဆင့် သိရှိခဲ့ရကြောင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း ပြုံးပြုံးလေးရာ စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။

သူပြောပြသောဖြစ်ရပ်မှန်ဇာတ်လမ်းမှ သနားစဖွယ် လူရွယ်လေးတစ်ယောက်၏ ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာတို့ပြည့်နှက်ပြီး လူတို့တွင် အကုသိုလ်များရှိကြလေရာ ဘုရားဖူတ်တပါင့်တော်တို့နှင့်ကင်းဝေးနေပါက နာနာဘာဝတို့လွယ်ကူစွာ နှောင့်ယှက်ခံရနိုင်မှုရှိပုံ၊ ကံဆိုးကံညစ်များကို ပြင်းပြင်းထန်ထန်လိုက်ရမှုကြောင့် အသိကရေးပင်လာပုံတို့ကိုလည်း မြင်တွေ့နိုင်ပါ၏။

ယင်းကြောင့် ကျွန်ုပ်သည် ရာအဖိုဖိစီးများစေရန်နှင့် မသက်ဆိုးရှည်ပြုမိသော်လည်း ဆရာတော်ဘုရားကြီးထံ ဆေးရေးဆရာပြုစေရန်ကို ဆုတောင်းလျက် ပြောင်းလိုက်ရပါတော့သည်။

၂

ကံကြီးရွာ။

ပြစ်ကျွန်းပေါ် ရောက်ရှိသော မြောင်းမြို့နယ်အတွင်းရှိ ကျေးရွာကြီးတစ်ရွာဖြစ်ပါ၏။ အလွန်စည်ကားသောရွာကြီးတစ်ရွာဖြစ်ပါလေသည်။ စီးပွားရေးလုပ်ငန်းကို လယ်ယာလုပ်ငန်းဖြင့် အဓိကထားလုပ်ကိုင်ခဲ့ကြ၏။ ဝန်စီးပွားရေးတို့သည်အာဇီဝကဏ္ဍကလေးငယ်သာသောကြောင့်ပါသည်။ ထိုအချိန်က ယခုကဲ့သို့ကားလမ်းမကောင်းပါ။ ကံကြီးရွာနှင့် ပြောင်းမြို့ ဆက်သွယ်ရေးလမ်းကြောင်းကို ရေလမ်းကြောင်းအား အားထားခဲ့ကြရပါသည်။

ယခု ဆေးပိတီးလက်လာချိန်တွင် ကံကြီးရွာသည် မြောင်းမြို့ အိမ်မရှိနှစ်ကာလမျိုးကြောင်းကို ပိုမိုအားထားရင်း လှုပ်ရှားနေဆဲဖြစ်ကောင်းပါ၏။



အောင်မြင့်ဝန်း
တစ်ကောင်ပိုလ်

www.burmeseclassic.com

www.burmeseclassic.com

ပါ၏။ ကိုဖူးငုံတွင် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းမရှိပါ။ ဥစ္စာဓနကြောင့်တော့ မဟုတ်တန်ရာ။ ကိုဖူးငုံကို လူချစ်လူခင်ပေါများရခြင်းမှာ ဆတောင်းကောင်းခြင်းကြောင့်သာဟု ဆိုပါရစေ။

ကိုဖူးငုံမှာ ဥစ္စာပစ္စည်းစုလောက်အောင်လည်း စီးပွားရှာရန် စိတ်ကူးမရှိ။ မျှတသောစိတ်ထားရှိသည်။ သူတစ်ပါးထံအလုပ်လုပ်ရာတွင် ငွေရေးကြေးရေးအဓိကမဟုတ်။ သူ၏စိတ်ထဲတွင် ကူညီရန်သက်သက်ဖြစ်၏။ ထမင်းကျွေးဖြင့်ပြီးခဲ့သောအလုပ်များ၊ မုန့်ပဲသရေစာဖြင့်ပြီးသောအလုပ်များသာဖြစ်တော့သည်။

ရွာထဲရှိအိမ်အပေါင်းတို့၏ ရေခပ်၊ ထင်းခွဲ၊ အိမ်ခြံဝင်းခတ်၊ နွားကျောင်း၊ ကွဲကျောင်း ကြဲရာကျပန်းများပြုလုပ်ဆောင်ရွက်သည်။ ခိုင်းချင်ရာခိုင်း အကူအညီပေးပါသည်။

ကိုဖူးငုံ၏ ဘဝအစကို ကြားရသူတိုင်း သည်းအုခိုက်မျှ ထိရှခဲစားကြရလေကုန်၏။ သူ၏ဘဝအစက မလှပခဲ့ရာချေ။ သူဖခင်ဖြစ်လာမည့် ကိုရေချမ်းသည် ကျပန်းအလုပ်သမားလေးမျှသာဖြစ်ပါ၏။ မိခင်ဖြစ်လာမည့် မဟန်းမှူ

အပေါင်းတို့ကလည်း 'ကိုဖူး' ကြီးကို ဘထွေးအရွယ်များကလည်း 'ဖောင်ဖူး' စသဖြင့် တစ်ဝဝဆင်းရဲနေကြပါတော့လေသည်တကား။

တစ်ကိုယ်တည်းသမားဖြစ်ရာ သာကြောင့် သနားရှိလော၊ သတော်ရှိ အစွင်းရှိလော ခင်ပင်ကြ ယည်သာဖြစ်

လွန်ခဲ့သောနှစ်ပေါင်း (၆၀) (၇၀) ခန့်က ခရြစ်ဇာဖွက်။

ကံကြီးရွာတွင် မိုးသားတည်ကြည်သော ကိုဘဲ့ဆိုသော တစ်ကိုယ်တည်း သားကစံ့ယောက်ရှိခဲ့ပါ၏။ သဘော ကောင်းပြီး ကြော်ရွှေသောလူပျော် ဘဝယောက်ဖြင့်သည်း ထို့ကြောင့် သူ့နှစ်သူခင်ပေါများခဲ့ရသည်။ တစ်ရွာသုံးက သူတို့ ချစ်ခင်ကြသောကြောင့် ရွာမေတ္တာဒံယူမည့် သားဖြစ်ရပါတော့သည်။

ကံကြီးရွာရှိ အပျိုမလေးများကလည်း 'ကိုကြီးဖူးငုံ' ကာလသား

www.burmeseclassic.com

www.burmeseclassic.com

သည် ဂုဏ်ခန့အသိုင်းအဝိုင်းကြားက ကွမ်းတောင်ကိုင်မလေး။

မပန်းမှုံ နေညိုညို ညနေချမ်းမှာ ရေအိုးကိုရွက်၊ သောက်ရေခပ်ထွက်လာ ချိန်တိုင်း ကိုရေချမ်းနှင့် မျက်လုံးချင်းဆုံ ရင်ခုန်လှိုက်မောခဲ့ကြရသည်။

သူတို့ရဲ့ဘဝက မိုးနှင့်မြေပမာ ဝေးကွာလှပါဘိတော့သည်။ ကိုရေချမ်း နှင့် မပန်းမှုံတို့ သံယောဇဉ်ကြိုး တိတိပပ ခိုင်မာသွားချိန်မှာ ခနရှင်တို့၏ ထုံးစံ အတိုင်း ရိုးသားရှင်းလင်းကြောင်းသူကို တန်ဖိုးထားတတ်ကြသူများ မဟုတ်။ သူတို့အတွက် ကိုရေချမ်းသည် တန်ဖိုးမဲ့ပစ္စည်း သာဖြစ်ခဲ့ကြ၏။ ခနရှင်တို့လောကမှာ တန်ဖိုးအထားဆုံး အရာမှာ ငွေနှင့် ဥစ္စာပစ္စည်းသာဖြစ်လေ၏။ ရိုးသားကြိုးစားသော ပစ္စည်းမဲ့ လူတန်းစားအလွှာသည် လူမဟုတ်သည့် အလား အဖက်မလုပ်၊ ဆေးဖော်ကြောဖက်မလုပ်၊ သူတို့ရဲ့မျက်စိထဲမှာ မြင်နိုင်စွမ်းအားမရှိကြ။

သူတို့နှစ်ယောက်ကိုခွဲထားလိုက်ကြပါတော့၏။ သံကွန်ချာခုနစ်ဆင့်ထက်မှ မပန်းမှုံသည် အချစ်၏စွမ်းအားတို့ဖြင့် ရွန်းကန်လွှတ်မြောက်လာ၏။ ကိုရေချမ်း ရွေ့မှောက်သို့ မထင်မှတ်ဘဲရောက်ရှိလာသူက တောအလှပန်းလေး မပန်းမှုံ။ ကိုရေချမ်းနှင့် အဝေးသို့ခရီးနှင်မည်။ ထိုအချိန်က ကိုရေချမ်းမလိုက်ပါက မပန်းမှုံသည် တောင်ကလေးမြစ်ထဲမှာ သူဘဝကိုမြုပ်နှံလိုက်ပါတော့မည်။

ကိုရေချမ်းသည် မပန်းမှုံကိုငုံထားမတတ်ချစ်ရှာလေ၏။ သူမကို လက်လွတ် ဆုံးရှုံးမခံနိုင်ပါ။ သူသည် အချစ်အတွက် စွန့်စားရန်သတ္တိမွေးရသည်။ မိန်းကလေး၏သတ္တိထက် တစ်ပြားသားမျှလျော့၍ မဖြစ်ပါ။ မိန်းကလေးကစ၍ သူကိုချစ်ကြောင်း ကိုယ်တိုင်ရောက်လာခဲ့ပြီ ဖြစ်ပါ၏။

ကိုရေချမ်း တံ့ဆိုင်းမနေတော့ဘဲ ရှိသမျှခွန်အားဖြင့် မပန်းမှုံကိုခိုးပြေးရှာသည်။သူတို့နေထိုင်ရာ ပိန္နဲကုန်း-တောင်ကလေးမှ တစ်ရွာပြီးတစ်ရွာ ခရီးနှင်ကြလေ၏။ မြောင်းမြမြို့သို့ရောက်ရှိလာကြ၏။ သူတို့၏စိတ်ထဲမှာ လုံခြုံမှုမရှိပါ။ နှစ်ဦးသားတိုင်ပင်ကြရပါသည်။ ရွာလေးတစ်ရွာမှာ ခိုလှုံ၍ ဇာတ်မြုပ်နေကြရန်။ တစ်ယောက်လက်ကို တစ်ယောက်တွဲထားကြပြီး ခရီးဆက်သည်။ နောက်ဆုံး ကံကြီးရွာကို ရွေးချယ်လိုက်ကြပါ၏။

ကံကြီးရွာတွင် ဆွေမျိုးသားချင်း မရှိကြပါ။

ကံကြီးကျေးရွာသည် သူတို့နှစ်ဦးကို လုံခြုံမှုပေးစွမ်း၏။ သူတို့နှစ်ဦး၏ သတင်းအနီးအနားရွာများသို့ ပျံ့နှံ့ခြင်း မရှိခဲ့ပါ။ ကိုရေချမ်းနှင့် မပန်းမှုံတို့ကို ကူညီစောင့်ရှောက်ထားကြသောကြောင့် အေးချမ်းစွာ နေထိုင်ခဲ့ကြရပါသည်။ တစ်ဦးနှင့်တစ်ဦး ငုံထားမတတ်ချစ်ရာကြသောကြောင့် မွေးလာသော သားဦးရတနာလေးကို မောင်ဖူးငုံဟု မှည့်ခေါ်ကြလေ၏။

သူတို့လင်မယားသည် စီးပွားရေးလုပ်ရန် အရင်းအနှီးမရှိကြပါ။ သူတစ်ပါး လယ်တွင် ကောက်အငှားလိုက်စိုက်ကြပြီး ဘဝကို ရွန်းကန်ရရှာ၏။ မောင်ဖူးငုံအတွက် ပြည့်စုံမှုမရှိ ချို့တဲ့ရှာသည်။ ဘဝကို အားနှင့်မာန်နှင့်ရွန်းကန်ရင်း မောင်ဖူးငုံ အသက် (၅) နှစ်အရွယ်တွင် လင်မယားနှစ်ယောက်တို့၏ ကံကြမ္မာ ဇာတ်သိမ်းမလှခဲ့ကြပါ။

လင်မယားနှစ်ယောက် သားလေး အတွက် ကြိုးစားကြရင်း -

တစ်ခုသောမိုးဦးကျလေဦးကျကာ လမှာ လယ်ပိုင်ရှင်ဦးဗျောက်အိုး၏လယ်တွင် ကောက်စိုက်အငှားလိုက်ကြ၏။ တစ်နေကုန် မိုးရေထဲမှာ ရွှဲရွှဲစိုလျက် ကောက်ပင်ပျိုတို့ကို ကြိုးစားပမ်းစား စနစ်တကျစိုက်ပျိုးကြ၏။ ယနေ့လုပ်ငန်းခွင် စောစောသိမ်းပေး၍တော်ပါတော့သည်။

ချမ်းချမ်းစီးစီးဖြင့် ခိုက်ခိုက်တုန် ကာပြန်လာကြရင်း တောစပ်တစ်နေရာမှ တောင်ပို့အနီးတွင် ဝါဆိုပွိုများစွင့်ကားစွာပေါက်နေကြသည်ကို တွေ့လိုက်ကြရပါသည်။

"ရှင်မရေ၊ ဝါဆိုပွိုတွေကွ။ တို့တွေ နုတ်ယူသွားကြမယ်ဟေ့"

"ဒီညနေတော့ သားလေးအတွက် ဟင်းကောင်းချက်ကျွေးရပြီ မောင်ကြီးရယ်"

"အေးကွာ၊ သားလေး ဟင်းကောင်းမစားရတာကြာပြီကွ"

"ချမ်းလိုက်တာကွာ၊ မြန်မြန်နုတ်ဟေ့"

သူတို့နှစ်ဦး ပွိုရသည့်မျက်နှာဖြင့် အလုအယက်နုတ်နေကြသည်။ အမြစ်ပါမကျန် မြေကြီးထဲသို့ လက်ဖြင့်နှိုက်ကြ၏။ တစ်ခုသောပွိုသည် အမြစ်ရှည်သောကြောင့် သူတို့လက်နှစ်ချောင်းဖြင့် ပြိုင်တူ အမြစ်အဆုံးသို့ ထိုးနှိုက်လိုက်ရာ မြေကြီးကိုကျွံ၍ တွင်းထဲသို့ရောက်လာသောလက်ကို အတွင်းမှသတ္တဝါများက ကိုက်ခဲလိုက်ကြပါသည်။

သူတို့ မျက်လုံးများ ပြာဝေကာ မီးဝင်းဝင်းတောက်သွားလေတော့သည်။ အသားအရောင်မှာ ချက်ချင်း ပြာနှမ်းလာကာ လက်ထဲမှပွိုများလွတ်ကျကုန်တော့သည်။ နှစ်ဦးသား မအော်နိုင်ကြတော့ဘဲ မြေပြင်သို့လဲကျကာ အသက်ဒီဝိန်ကင်းမဲ့ကြရလေ၏။

❑

ဆွေမျိုးမရှိ၊ မိဘမဲ့တစ်ကောင်ကြွက် မောင်ဖူးငုံကို တစ်ရွာလုံးက ဝိုင်းဝန်းစောင့်ရှောက်ကြရသည်။

ကံကြီးတစ်ရွာလုံး၏ကျေးလူးကို ကိုဖူးငုံဆပ်၍မကုန်နိုင်ပါ။ ထို့ကြောင့် သူသည် တစ်ဦးတစ်ယောက်တည်းထဲ၌ သီးသန့်လုပ်ကိုင်ပေးခြင်းမရှိ။ ရွာရှိ အိမ်ပေါက်စေ့ တစ်အိမ်မကျန် လှည့်လည်လုပ်ကိုင်ပေးနေခြင်း ဖြစ်ပါတော့သည်။

ဒီမနက်မှာ ဒွေးလေးဒေါ်ပုံပု အကူအညီတောင်းခံလာသောကြောင့် ဒွေးလေး၏ အိမ်ခြံဝင်းအပေါက်အပြားများကို ဝါးလုံးများခွဲစိတ်ကာ ခြံကာပေးနေရ၏။ ခြံအပျက်အစီးနှစ်နေရာ ပြုပြင်ကာရံပေးလိုက်သည်နှင့် ပြီးစီးလေ၏။

"မောင်ဖူးငုံရယ်၊ ထမင်းခဲလေး လက်တစ်ဆုပ်စာပဲကျန်တယ်ကွယ်။ ငါးခြောက်ဖုတ်လေးနဲ့စားလိုက်ပါကွယ်နော်။ ဒွေးလေး စိတ်မကောင်းဘူးကွယ်။ ရေနွေးကြမ်းနဲ့သောက်"

"ဒွေးလေးရာ၊ စိတ်မကောင်းမဖြစ်စမ်းပါနဲ့ဗျာ၊ ရှိတာစားရမှာပေါ့။ ဟော ဒီမှာတွေ့လား၊ အကြမ်းတစ်အိုးသောက်လိုက်တော့ ဝပြဲပေါ့ဗျာ။ ကျွေးစရာမရှိဘူးဆိုပြီး နောက်တစ်ခါမခိုင်းဘဲမနေနဲ့နော်။ ကျွန်တော် ငယ်ငယ်တုန်းက ဒွေးလေးက ကျွန်တော့်ကိုဂရုစိုက်ဆုံးဆိုတာ ကျွန်တော်သိပြီးပြီ။ အခက်အခဲရှိရင် ကောင်းတဲ့ဘက်ကပဲတွေးလိုက်နော် ဒွေးလေး"

အခက်အခဲကို ကျော်လွှားရန် အကောင်းဘက်က မြင်စေချင်သည်မှာ ကိုဖူးငုံ၏ စေတနာမည်၏။ အဆိုးဆုံး အခြေအနေမှ အကောင်းဆုံးဘက်သို့ ကိုဖူးငုံကူးပြောင်းသွားပုံ ပညာအသိပါလှသည်ကို ကျွန်စာစု၏ နိဂုံးပိုင်းတွင် မြင်တွေ့နိုင်ပါ၏။

"ကဲ- ဒွေးလေး၊ ကျွန်တော်ပဲဗိုက်လည်းပြည့်သွားပြီ။ လိုအပ်ရင် အကူ

www.burmeseclassic.com

www.burmeseclassic.com

အညီပေးနိုင်အောင် ရွာထဲလှည့်လိုက်ဦးမယ်"

"သာခုပါကွယ်၊ သာခုပါ"

ကိုဖူးငုံ ဒွေးလေး ခေါ်ပုံပုကို ကျောခိုင်းထွက်လာခဲ့၏။ ဒွေးလေးသည် ကြည်နူးချမ်းမြေ့စွာဖြင့် သူ၏ကျောပြင်ကိုငေးကြည့်ရင်း -

"သူတော်ကောင်းလေး ကျန်းမာချမ်းသာပါစေကွယ်"

ကိုဖူးငုံ ရွာအစွန်သို့အရောက် -

"မောင်ဖူးငုံရေ ခဏ၊ ခဏ"

အရီးလေး ခေါ်သံနှင့်အတိုင်း ဆင်ခြေလျှောလမ်းအတိုင်း ဆင်းလာခဲ့ပြီး အရီးလေးအိမ်ထဲသို့ ဝင်ထိုင်လိုက်ပါ၏။

"ရေနွေးကြမ်းသောက်ဦးကွယ်၊ ကောက်ညှင်းပေါင်းလည်းစား။ အိမ်နောက်ဖေးက ထင်းတစ်ပုံခွဲပေးပါဦးကွယ်။ မင်းရဲ့ညီ မောင်လှသန်းပေါ့။ ဘုရားကြီးကုန်းက သူအဘတွေဆီသွားလည်တာ တစ်ညအိပ်ဆိုပြီး အခုသုံးရက်ရှိပြီ။ ပြောမပြောချင်ဘူး"

"လူငယ်ဆိုတော့ လည်မှာပေါ့ အရီးလေးရယ်၊ ညီလေးပျော်ပါစေဗျာ။ လုပ်စရာရှိတာ ကျွန်တော်လုပ်ပေးပါ့မယ်။ ပြန်လာရင်သာ မဆူပါနဲ့နော်"

"မင်းကတော့ စိတ်ကောင်းမွေးနိုင်တဲ့သူငယ်ပဲ"

ထင်းတစ်ပုံခွဲပေးပြီးနောက် အနားယူရင်း ရေနွေးကြမ်းသောက်၏။

"ကိုင်းကွယ်၊ မင်းလည်းရောက်လာတော့ ဟောဒီကောင်လေးကို ထိန်းပေးပါဦး။ အရီးလေး ရွာတောင်ပိုင်းက မိချမ်းတို့အိမ်မှာ အကြွေးသွားတောင်းဦးမယ်။ လွဲသွားရင် မရလိုက်မှာစိုးလို့ပါ။ အရီးလေးပြန်လာရင် ထမင်းစားကြမယ်။ မနေ့က လယ်ထဲကရေအိုင်လေးခန်းနေတာ အိုင်ပက်လို့ရထားတဲ့ ငါးမြေခဲ့နဲ့ ငါးရဲ့ကို သရက်သီးစိမ်းနဲ့ချဉ်ချဉ်စပ်စပ်ချက်ထားတယ်။ ဒီကလေးကြည့်ပေးဦး မင်းနဲ့ဆိုရင် စိတ်ချပြီ။ ဒါပဲ သွားပြီနော်"

"စိတ်ချ အရီးလေး"

သူကြည့်ပေးရမည့် ကလေးမှာ (၄)နှစ်သားအရွယ်ရှိသော်လည်း စကားပြေ။ ဝတ္ထုတ်တုတ်လုံးလုံးလေးဖြစ်ပြီး ဘာပါဆံနှစ်စဖြင့် ချစ်စရာကောင်းလေ၏။

"ညီလေး"

"အတိုကြီး"

"ဟာ - အစ်ကိုကြီးလုပ်ပါဟာ။ ငါ့နာယ် တိုကုန်တော့မှာပဲ။ အစ်ကိုကြီးလို့ ခေါ်ကြည့်စမ်း"

"အစ်တိုကြီး"

"တော်ပြီ တော်ပြီ။ ဒါထက် ခေါ်ခိုင်းနေရင် တိုစရာတောင်ကျန်တော့မှာ မဟုတ်ဘူး"

ကိုဖူးငုံသည် ပါးစပ်ကလည်းပြော၊ ကလေး ချိုင်းကြားကို သူ၏လက်ချောင်းလေးများဖြင့် ကလိထိုးလိုက်ရာ ကလေးလေးက ခိခိခိခိနှင့် နှစ်ဦးသား နပန်းလုံးသလို ကစားကြရင်း ပျော်ရွှင်ကြလေ၏။ ကိုဖူးငုံသည် လူကြီးများနှင့်တည့် အောင်ပေါင်းနိုင်သလို ကလေးငယ်လေးများကိုလည်း ဤကဲ့သို့ အစွမ်းအစမျိုးဖြင့် သူ၏ဘဝကို ပျော်ရွှင်စွာနေထိုင်နိုင် သူပါတကား။

❑

ယခုနှစ်နွေရာသီတွင် စပါးရိတ်သိမ်းကြပြီး အချို့သော စပါးများကို လယ်ကွင်းအနီး တလင်းပြင်တွင် စပါးလှေကြ၏။ မိမိပိုင်လယ်အနီး၌ပင် လှေပြီးစပါးများကို ပုံထားလိုက်ကြပါ၏။ ကံကြီးရွာအလယ်ပိုင်းက လယ်ပိုင်ရှင် ဦးတုတ်ကြီးသည်လည်း မြို့မှစပါးကုန်သည်နှင့် အချိန်အဆက်မမိသေး၍ စပါးများမသိမ်းနိုင်ဘဲ တလင်းထဲ၌သာ စုပုံထားရလေ၏။

လိုခေတ်ထိုအခါက စပါးများတစ်သီးစားအဖြစ်သာ စိုက်ပျိုးကြ၏။ လယ်သမားတို့သည် တစ်မိုးတွင်းလုံး နွားဖြင့်ရုန်းကာ ပင်ပင်ပန်းပန်းလုပ်ကိုင်ကြပြီးနောက် နွေရာသီ စပါးများရောင်းချပြီး အလှူအတန်းကြီးပေးကာ ပျော်ရွှင်စွာ အနားယူကြလေ၏။

ယခုနှစ် နွေရာသီတွင် စပါးမရောင်းချရသေးသော လယ်ပိုင်ရှင် ဦးတုတ်ကြီးသည် စပါးပုံစောင့်ပေးရန်ကို ဖူးငုံကိုငှားရမ်းလေ၏။ ဦးတုတ်ကြီး၏ စပါးပုံကိုစောင့်ပေးရန် ကိုဖူးငုံသဘောတူ လက်ခံလိုက်ပါ၏။ စပါးပုံစောင့်အိပ်ရန် စပါးပုံအနီး တဲထိုးလိုက်ပါ၏။ ထို့ကြောင့် ညပိုင်းတွင် တဲလေး၌ ညတိုင်းလာရောက်အိပ်စောင့်ကာ စပါးပုံမပျောက်ရှစေရန် ထိန်းသိမ်းပေး၏။ သူတို့စပါးပုံ မနီးမဝေး တလင်း၌လည်း စပါးပုံတစ်ခုရှိရာ မောင်လှအေးဆိုသူ ရွာသားလူငယ်တစ်ယောက်ကလည်း စောင့်ရှောက်ပေးလျက်ရှိပါ၏။

ကိုဖူးငုံသည် အန္တရာယ်လုံခြုံရေးအတွက် ကျွဲချိုလောက်လေးခွနှင့် လောက်စာလုံးများကို ထည့်ထားသော လွယ်အိတ်တစ်လုံး၊ ငှက်ကြိုးတောင်းတစ်ချောင်းကိုလည်း ဆောင်ထားလေ၏။ နိုးနိုးကြားကြားလည်းရှိ၊ လက်နက်ကြီးငယ်လည်း ပြည့်စုံစွာ ဆောင်ထားလေရာ စပါးပုံကို သူခိုးမကပ်နိုင်ချေတကား။

ကိုဖူးငုံတို့ကဲ့ကြီးရွာနှင့် ဘန်ဘွေးကုန်းရွာအကြားတွင် ဘန်ဘွေးတောတန်းရှိနေပါသည်။ တောတန်းအနီးတွင် အုတ်စီရေတွင်းပျက်ကြီးတစ်လုံးလည်း ရှိနေပါ၏။ ကိုဖူးငုံသည် စပါးပုံသို့ ညနေစောင်းရောက်လေ့ရှိပြီး ညဦးပိုင်းတွင် ဘန်ဘွေးတောကိုဖြတ်ကာ ဘန်ဘွေးကုန်းရွာသို့ သွားရောက် လည်ပတ်လေ့ရှိ၏။ ရွာသို့သွားလည်သည့်အခါတိုင်း ဘန်ဘွေးတောအစပ် ချဲထဲတွင် မားကို ဝှက်ထားခဲ့ပါသည်။

ကိုဖူးငုံသည် ကိုကြာဆောင်တို့အိမ်တွင် သိန်းမြိုင်၊ ခင်လှိုင်တို့နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့၏။ အိမ်ရှင် ကိုကြာဆောင်က ငါးရံခြောက်ဖုတ်ဆီဆမ်းဖြင့် ဧည့်ခံလေ၏။ ပဲဆီရနံ့သည် မွှေးကြိုင်လှသည်။ ငါးခြောက်ပန်းကန်ထဲတွင် ငါးခြောက်ကုန်သွားပြီဖြစ်ပါ၏။ ထိုအခါ ကိုဖူးငုံ ထိုင်ရာမှထလိုက်သည်။

"ဟေ့ကောင် ဖူးငုံ၊ ပြန်တော့မလို့လား။ ဘာလဲ၊ ငါးခြောက်ကုန်သွားလို့လား။ ရေနွေးအိုးတည်ထားလို့ မီးခဲရှိတယ်ကွ။ ငါးခြောက်ထပ်ဖုတ်ပေးမယ်လေ"

"တော်ပြီ ကြာဆောင်ရာ၊ ငါပြန်ချင်လာပြီ"

"စောပါသေးတယ်ကွ၊ လရောင်လည်းရှိပါရဲ့။ မကြောက်စမ်းပါနဲ့"

"ကြောက်လို့မဟုတ်ဘူးကွ။ ငါ့စိတ်ထဲမှာထင့်နေတယ်။ စပါးပုံမှာ ဘာဖြစ်နေပြီလဲမသိဘူးကွာ။ ငါ့စိတ်ကို တစ်စုံတစ်ယောက်က လှုပ်နှိုးနေသလိုပဲ"

"ဒီညကမှ မင်းကလည်း ဘာဖြစ်နေတာလဲ။ ကဲ- တားမရလည်း မောင်မင်းကြီးသား ပြန်ပေတော့ မစဉ်းစားနဲ့"

"ကိုင်း - သွားပြီကွာ သူငယ်ချင်းတို့ရေ"

ကျောခိုင်းထွက်လာသွားသူ ကိုဖူးငုံကို ကိုကြာဆောင် လှမ်းသတိပေးလိုက်၏။

"သူငယ်ချင်းရေ၊ သတိဝီရိယနဲ့သွားပါဟေ့"

"ကောင်းပြီ သူငယ်ချင်းရေ"

www.burmeseclassic.com

www.burmeseclassic.com

ကိုကြာဆောင်တို့သူငယ်ချင်းတစ်သိုက် စကားပြောရင်း ကျန်ခဲ့ကြ၏။

"ဒီကောင်က လူနိုးလူအေး၊ လူပျော်ကြီးကွ။ သွားလေလာလေရာမှာ ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ တို့တွေ ဆုတောင်းပေးကြရအောင်"

ကိုကြာဆောင်တို့လူစု ကိုဖူးငုံ အန္တရာယ်ကင်းစေကြောင်း ခရီးလမ်းပန်းချောမွေ့စေရန် ဝိုင်းဝန်း ဆုတောင်းပေးနေကြပါ၏။ ကိုကြာဆောင်တို့ ဆုတောင်းမပြည့်ခဲ့ပါ။

ကိုဖူးငုံ စပါးပုံမရောက်ခင် ခရီးလမ်း၌ အသည်းတယားယား၊ ရင်တဖိုဖို တွေ့ကြုံရင်ဆိုင်လိုက်ရပုံမှာ သည်းထိတ်ရင်ဖိုစွန့်စားခန်းဖြစ်ခဲ့ရသည်။ ဘန်ဘွေးတောကိုဖြတ်ကျော်နေစဉ် တွေ့ကြုံရပုံတို့မှာ ဤသို့ဖြစ်လေ၏။

ကိုဖူးငုံသည် ဘန်ဘွေးကုန်းရွာမှ အထွက် ရိုးချောင်းလေးကို ကူးရ၏။ ရိုးချောင်းလေးအလွန်တွင် ချိုင့်များ၊ ကျင်းများပေါ်များလေ၏။ ကောင်းကင်မှ လမင်းသာနေမှုကြောင့် ချိုင့်ခွက်ထဲချော်မကျစေရန် ရှောင်နိုင်ပါ၏။ ဘန်ဘွေးတောစပ်ချဲထဲမှ မားကို ဆွဲယူလိုက်၏။ လမ်းကြမ်းကို ဆက်လက်လျှောက်လှမ်းရ၏။ လမ်းမကောင်းသောကြောင့် ခေါင်းငုံ့၍ ဂရုတစိုက်လျှောက်ရလေ၏။ ချိုင့်များ၊ ကျင်းများလွန်တော့မှ ကိုဖူးငုံ ခေါင်းမော့နိုင်တော့သည်။

ကိုဖူးငုံခေါင်းမော့လိုက်သောအခါ သူ၏မြင်ကွင်းထဲမှာ မိန်းကလေးတစ်ဦး လမ်းပေါ်မှာ သူ့ကိုကျောခိုင်းရပ်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ မိန်းကလေးသည် စိမ်းပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားကာ ဦးခေါင်းခွက်အထိ ရှည်လျားသော နက်မှောင်သည့်ဆံစများ ဖားလျားချထား၏။ ရိုးပြတ်တော ကိုဖြတ်၍တိုက်လာသောလေနုလေအေးများက သူမ၏အင်္ကျီ၊ လုံချည်စ၊ ဆံနွယ်စများကို လှုပ်ရှားဝေ့ဝိုက်စေခဲ့ပါ၏။

ဘန်ဘွေးတောသို့ အစာရှာထွက်လာကြသော ညဉ့်ငှက်များဖြစ်သည့် လင်းဆွဲအချို့ ကောင်းကင်ယံမှာ ဝဲပျံနေကြသည်။ လရောင်အောက်တွင် အကောင်မည်းကြီးများလှုပ်ရှားနေပုံမှာ ချောက်ချားဖွယ်ဖြစ်နေပါ၏။ လင်းဆွဲများကိုက်၍ ပြုတ်ကျလာသောသစ်သီးအပိုင်းအစတို့သည် သစ်ရွက်ခြောက်များပေါ်သို့ တဖြုတ်ဖြုတ်ကြွေကျသံတို့မှာ စီးချက်ကျကျ ခြောက်လှန့်နေကြကုန်၏။

ကိုဖူးငုံမကြောက်ပါ။ မိန်းကလေးငယ်တစ်ဦး။ ကံကြီးရွာကတော့ ဟုတ်ဟန်မတူ။ သူမဘာအကူအညီလိုသလဲ၊ သူဒါပဲတွေးသည်။ အချိန်မဲ့အကာလ ညဉ့်အခါ ဒုက္ခရောက်နေဟန်ရှိပါသည်။ သူသည် မိန်းကလေးထံသို့ အမြန်လျှောက်သွားလိုက်၏။ အနီးသို့ ကိုဖူးငုံရောက်ရှိသွားသောအခါ မိန်းကလေးရုတ်တရက် ပျောက်သွားလေ၏။

ကိုဖူးငုံရင်ထဲတွင် ဒိတ်ခနဲ တစ်ချက်လန့်သွား၏။

'ငါပဲမျက်စိမှားလို့များလား'

ကိုဖူးငုံအတွေးထဲဝယ် ဇဝေဇဝါဖြစ်သွား၏။ သူလမ်းသူ ဆက်လျှောက်သည်။

"ခစ်. . . ခစ်. . . ခစ်"

ရယ်သံလွင်လွင်လေး ထွက်ပေါ်လာသည်။

"ဟော - ဟိုမှာပါလား"

ဘန်ဘွေးတောနံဘေးမှာရှိသော အုတ်စီရေတွင်းပျက်ကြီးပေါ်မှာ ထိုင်နေသော မိန်းကလေး။ ရေတွင်းပျက်နှုတ်ခမ်းပေါ်မှာ တင်ပလဲထိုင်နေ၏။ သူမ၏လက်နှစ်ဖက်ကို ရေတွင်းနှုတ်ခမ်းပေါ်မှာပင် ထောက်ထားလျက် ကိုဖူးငုံကို လှမ်းၫွှဲကြည့်နေ၏။ နှုတ်ခမ်းလွှာမပွင့်တပွင့်ပြုံးလျက် လွန်လူးနေသော ဆံယဉ်စများကြားမှ မျက်လုံးအစုံတို့သည် တောက်ပနေ၏။ လရောင်အောက်မှ မိန်းကလေးအလှပေါ်လွင်၏။

မိန်းကလေးသည် ညို့အားပြင်းစွာဖြင့် ကိုဖူးငုံကို ဖမ်းစားနေ၏။ ရမ္မက်အလိုဆန္ဒနည်းသောကိုဖူးငုံ သူ၏ စိတ်ထဲမှာ ကူညီရန်သာ ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် ကိုဖူးငုံ ရေတွင်းပျက်ဆီသို့ လျှောက်လှမ်းခဲ့ပါသည်။ မိန်းကလေးသည် ကိုဖူးငုံအတွင်းသဘောကိုသိသည့်အလား ကိုဖူးငုံရောက်လာသည်နှင့် သူမသည် ရေတွင်းနှုတ်ခမ်းပေါ်မှာမရှိတော့ပါ။

ကိုဖူးငုံသည် အနီးဝန်းကျင်တစ်ဝိုက် ဝေ့ဝဲကြည့်လိုက်သည်။

မိန်းကလေးသည် ဘန်ဘွေးတောစပ်အနီး လျှောက်လှမ်းသွားနေပါသည်။ ကိုဖူးငုံစိတ်မရှည်နိုင်တော့။ လွယ်အိတ်ထဲမှ သူ၏လက်စွဲတော် ကျဲချိုလောက်လေးခွထုတ်ကာ မိန်းကလေးထံသို့ သုံးချက်ဆင့်ပစ်တော့သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"ဘုတ်. . . ဘုတ်"

မိန်းကလေးကို လောက်စာလုံးနှစ်ချက်ဆင့်မှန်လေ၏။

ဘန်ဘွေးတောထဲသို့ ဝင်တော့မည့် မိန်းကလေး တွဲခနဲရပ်လိုက်၏။

"တောက်"

သူမ ပြင်းထန်စွာ တောက်ခေါက်လိုက်၏။ ကိုဖူးငုံဘက်သို့ လှည့်ကြည့်လိုက်သော သူမ၏မျက်နှာကြီးက မြင်ရသူ လိပ်ပြာလွင့်မတတ် ကြောက်စရာကောင်းနေ၏။ မျက်လုံးနှစ်ဖက်ဟောင်းလောင်းပေါက်ကြီးနှင့် သွားများရှေ့သို့ ငေါနေ၏။ သူမသည် ဘန်ဘွေးတောထဲသို့ လှစ်ခနဲဝင်သွား၏။

ကိုဖူးငုံ မကျေနပ်သေးပါ။ ငှက်ကြီးတောင်စေးကိုကိုင်စွဲလျက် ဘန်ဘွေးတောထဲသို့ ပြေးဝင်လိုက်၏။ သစ်ရွက်ခြောက်နင်းခြေသံများ တစ်တောလုံး ဆူညံသွား၏။ ဘန်ဘွေးတောထဲ၌ တိုက်ပွဲပြင်းထန်နေ၏။ အတန်ငယ်ကြာသောအခါမှ ဘန်ဘွေးတောထဲမှာ အရာဝတ္ထုတစ်ခု မလှုပ်တလှုပ်တစ်လှမ်းချင်းထွက်လာသည်။

သူကား ကိုဖူးငုံဖြစ်ပါလေ၏။

သူ၏အကြည့်သည် စူးရဲ၏။ မည်သည့်အရာကိုမျှ အကောင်းမမြင်တော့။ တွေ့ရာ သရဲခြောက် ဓားမဆိုင်းသတ်တော့မည်ပုံနှယ်။

❑

ကိုဖူးငုံ ယခု ပုံသဏ္ဌာန်ဖြစ်ပေါ်လာရပုံမှာ ဤသို့ဖြစ်လေ၏။

ကိုဖူးငုံသည် လူရိုးလူကောင်းမှန်၏။ မကောင်းကာမလုပ်သည်မှာလည်း မှန်ပါသည်။ သို့ရာတွင် လူသားအားလုံးတို့သည် အမှတ်တမဲ့ အကုသိုလ်လေးများ နေ့စဉ်ဖြစ်ပွားမိနေတတ်ကြပါ၏။ ထို့ကြောင့် သီလတစ်ပါးပါးကျိုးပေါက်နေကြပါသည်။ မိမိတွင် အကုသိုလ်မရှိ တစ်နာရီ မလှုပ်မယှက် တရားထိုင်ကြည့်ပါက အကုသိုလ်ကင်းစင်သူသည် မည်သည့်ဝေဒနာမျှမပေါ်ပါ။ အကုသိုလ် မစင်ကြယ်သူသည် တရားစထိုင်သည်နှင့် ဝေဒနာတက်လာတော့သည်။ ငြိမ်၍မနေနိုင်တော့ကြောင်း တရားပြဆရာကြီးတစ်ဦးမှ ရှင်းပြဖူး၏။

ထို့ကြောင့် မိမိထံ၌ အကုသိုလ်ရှိ၊ မရှိ အထက်ပါနည်းဖြင့် စမ်းသပ်ကြည့်ရှုကြပါကုန်။

ကိုဖူးငုံသည် လူကထက သူတော်ယောက်ဖြစ်ပါ၏။ သူသည် သီလကို ပေါက်နေ၏။ မကောင်းတာမှန်သမျ

www.burmeseclassic.com

ကာယကံမြောက်မလုပ်သော်ငြား ဘုရားစာနှင့်ဝေးနေသူဖြစ်၏။ သီလကိုမပေါက်နေပြီး ဘုရား၏ တန်ခိုးအာနိသင်များနှင့်ဝေးနေသူ၏ အတွင်းအလျှတ္တသန္တာန်ကို အနာဘာဝသည် ကောင်းစွာ ပိုင်စိုးနိုင်ခဲ့ပြီ ဖြစ်ပါ၏။ နာနာဘာဝ၏စိတ်နှင့် ကိုဖူးငုံ၏ခန္ဓာကိုယ်ဖြစ်လာခဲ့တော့၏။ တစ်နည်းအားဖြင့်ဆိုသော် ကိုဖူးငုံသည် လူတစ်ပိုင်း၊ နာနာဘာဝတစ်ပိုင်းဖြစ်သွားလေတော့၏။

သူသည် ဘန့်ဘွေးတောမှလွန်လာသော် သူ၏စပါးပုံနှင့်နီးလာခဲ့ပြီဖြစ်ပါ၏။ သူစောင့်ရထောစပါးပုံ၏ အနီးတွင် ဟိုဘွက်အနီးမဝေးမှ စပါးပုံစောင့် မောင်လှအေး ရောက်နေ၏။ မောင်လှအေးသည် ကိုဖူးငုံအိမ်လည်အပြန် နောက်ကျသောကြောင့် ကိုဖူးငုံစပါးပုံကို လာရောက် ကူညီစောင့်ရှောက်ပေးနေခြင်း ဖြစ်ပါ၏။ မောင်လှအေးသည် အနီးသို့ ရောက်လာသော ကိုဖူးငုံကို -

"အစ်ကိုပြန်လာတာ ညဉ့်နက်လိုက်တာဗျာ။ ကျွန်တော်လည်း အစ်ကို့စပါးပုံကို စိတ်မချလို့ လာကြည့်ပေးနေတာ"

ဟု လောကွတ်ပြုလိုက်လေ၏။

ကိုဖူးငုံ၏မျက်စိထဲဝယ် သူ၏ရှေ့မှာရှိသောမောင်လှအေးကို စိမ်းပြာရောင်ဝတ်စုံ၊ ဆံပင်ဖားလျားနှင့်မိန်းကလေးဟု မသိစိတ်က လှုံ့ဆော်နေပါ၏။ ဆံပင်ဖားလျားနှင့် မကောင်းဆိုးဝါးကို ကိုဖူးငုံက သူ၏ငှက်ကြီးတောင်ဖားဖြင့် ပိုင်းတော့၏။ မောင်လှအေးကလည်း သတိရှိသူဖြစ်ပါ၏။ ကိုဖူးငုံ၏အကြည့်သည် လည်းကောင်း၊ ဟန်ပန်အမူအရာသည် လည်းကောင်း ပုံမှန်မဟုတ်ကြောင်းကို ရိပ်မိလိုက်ပါတော့၏။

ကိုဖူးငုံ ဓားမရွယ်မီ သူက ရှေ့မှပြေးနှင့်ပြီဖြစ်၏။ ကိုဖူးငုံက နောက်မှ အပြေးလိုက်၏။ မောင်လှအေးသည် စပါးပုံကိုပတ်ပြေးနေရင်း -

"ကျွန်တော် မောင်လှအေးလေ ကိုဖူးငုံ"

ဟု သတိပေးလည်း မရတော့။ ဓားဖြင့်ရွယ်လျက် လိုက်မြဲလိုက်နေ၏။ လရောင်အောက်ဝယ် လိုက်တစ်ဖဲ့ပြေးတစ်ပိုင်းကြီးပတ်ပတ် ဒူဝေဝေဓားနေသည်နှယ်။ မောင်လှအေး ပြေးရဖန်များတော့ ခွေးသီးများဖြင့်စိုရွှဲကာ မောပိုက်လာတော့၏။ ယခုအတိုင်း ဆက်လက်ပြေးနေလျှင် ကိုဖူးငုံ၏ ဓားစာမီတော့မည်ဖြစ်လေသည်။ မောင်လှအေးသည် စပါးပုံကြီးကိုပတ်ပြေးနေရာမှ ရုတ်တရက် သူ၏ပြေးလမ်းကြောင်း လွှဲပြောင်းလိုက်ပါသည်။

မောင်လှအေး၏ပြေးလမ်းကြောင်းသည် ကံကြီးရွာဆီသို့ ဦးတည်နေပါ၏။ ကိုဖူးငုံသည် သူ၏လက်မှဓားကိုမချဘဲ မြို့ဆုပ်ကိုင်ရင်း မောင်လှအေးနောက်မှ ပြေးလိုက်လာခဲ့၏။ ညဉ့်နက်နက်မှာ ကံကြီးရွာတိတ်ဆိတ်နေပါ၏။ အိပ်မောကျနေ၏။ ကောင်းကင်မှ ဖြူလမင်းသည် ပင် ဖြူတိမ်တောင်နောက်ကွယ်ဆီသို့ပြေးဝင်ခိုလှုံသွားခေါ်ပြီ။ ကံကြီးရွာ၏ မဟူရာညအခင်းမှာ ပိုးစုန်းကြူလောက်ကိုသာ မြင်နိုင်ပါတော့သည်။

မောင်လှအေးသည် မှောင်မည်းမည်းထဲမှ နီးရာအိမ်တစ်လုံးသို့ တက်ရောက် ပုန်းခိုရလေ၏။

ကိုဖူးငုံသည် ဓားကိုဝင့်ကာဝင့်ကာ မောင်လှအေးနောက်လိုက်လာရင်း အမှောင်ကမ္ဘာထဲက မောင်လှအေးကြက်ဖျောက်ငှက်ဖျောက် ဖျောက်သွားကာ ရှာမတွေ့တော့ပြီ။ ပျောက်သွားပြီဖြစ်၏။ ကိုဖူးငုံဒေါသူပုန်ထတော့သည်။ အံကိုကြိတ်ကာ မျက်ထောင့်နီကြီးဖြင့် စားတော့ဝါးတော့မတတ် သွားရည်များကျလျက် သွားများကို ပြင်းထန်စွာကြိတ်လိုက်၏။

"ဂွိ. . . ဂွိ"

ကိုဖူးငုံ အံကိုခဲထား၏။ မောင်လှအေးကို အစာမကြေဖြစ်ကာ သည်းကြီးမည်းကြီးလိုက်ရှာနေပါ၏။ ကိုဖူးငုံသည် သူ့ရှေ့တွင် တွေ့သမျှမြင်သမျှယမ်း၏၊ ကြမ်း၏။ သူ့ရှေ့တွင်မြင်ရသော အိမ်တစ်လုံးသည် ရေနံဆီမီးခွက်အရောင်လင်းနေ၏။ ဒါကိုကြည့်မရ။ သူစိတ်ဆိုးလေ၏။ သူသည် စိတ်တိုလာကာ သူ၏တောစိတ်ဝင်နေသောစိတ်ကြမ်းကြီးဖြင့် လမ်းပေါ်မှခဲလုံးကြီးကိုကောက်၏။ မီးရောင်လင်းနေသောအိမ်ကို ခဲလုံးဖြင့်ထုတော့သည်။ မီးရောင်ပျောက်ကွယ်သွားပါသည်။ ထိုနည်းတူစွာ မီးရောင်မြင်ရသော အိမ်တိုင်းအိမ်တိုင်းကို ခဲလုံးဖြင့်လိုက်ချထုနေတော့၏။ ကိုဖူးငုံသည် ကံကြီးတစ်ရွာလုံးကို မွှေနှောက်နေပါသည်။ ကံကြီးတစ်ရွာလုံး မီးအလင်းရောင်းမဲ့သွားပြီဖြစ်သောအခါမှ ကိုဖူးငုံတစ်ယောက် သူ၏စပါးပုံရှိရာသို့ ပြန်လာခဲ့ပါတော့သည်။

ကိုဖူးငုံသည် စပါးပုံတဲသို့ပြန်ရောက်ခဲ့ပါ၏။ သူသည် စပါးပုံစောင့်တဲအတွင်းဝင်ကာ ဓားကိုလက်မှမလွှတ်ဘဲ တစ်နေကုန်အိပ်နေပါတော့သည်။

❑

အထက်ပါ ဖြစ်ရပ်များကို ကြားလိုက်ရသောအခါ စပါးပုံပိုင်ရှင် ဦးတုတ်ကြီး တုန်လှုပ်သွား၏။ ခုနေအခါ စပါးလာယူမည့် မြို့မှကုန်သည်ကြီးဦးစိန်နဂါးရောက်လာပါက မည်သို့လုပ်ရမည်နည်း။ ကံကြီးရွာသူကြီးသည်လည်း ကိုဖူးငုံအရေးကြောင့် ခေါင်းခဲရလေ၏။ ကိုဖူးငုံ၏ အန္တရာယ်မသေးပါ။ ရပ်ရွာသည် အေးချမ်းသာယာမှုမရှိတော့။ ကြီးလန့်စာစားဖြစ်ကုန်ကြလေ၏။ ရွာသူရွာသားတို့သည် စိုးရိမ်စိတ်ရင်ဝယ်ပိုက်ကာ တစ်နေ့တာဖြတ်သန်းနေကြရလေ၏။

ကိုဖူးငုံသည် သူ၏ တဲအတွင်း၌ တစ်နေကုန်အိပ်ပါသည်။ ညပိုင်းရောက် မြို့ဆို့လျှင် ကိုဖူးငုံ ရွာထဲသို့ဝင်ပါတော့သည်။ ကိုဖူးငုံ ရွာထဲရောက်ပါက ခွေးတစ်ကောင်ကြောင်တစ်မြီးတုတ်တုတ်မှမလုပ်ရဲကြတော့ပါ။ အပ်ကျသံပင်ကြားရလောက်သည်ဟု ဆိုနိုင်ပေသည်။ ရွာလမ်းမပေါ်တွင် လူသူကင်းရှင်းသွားရပါတော့၏။

လူပျိုလှည့်ကြမည့် ကာလသားတစ်သိုက်သည်ပင် ယနေ့ည သူတို့တာဝန်မကျေနိုင်တော့ပြီ။ စိတ်မကောင်းခြင်းကြီးစွာဖြင့် အလှိုလှိုအိမ်ပြန်ခဲ့ကြရလေကုန်၏။ အကျိုးမဲ့ကုန်ဆုံးသွားရသည့်အခွံန်တွေကို နှမြောတသရင်း ကိုယ်သာချစ်စိတ် တိတ်တိတ်ဖြေကြရ၏။

ကိုဖူးငုံသည် ထုံးစံအတိုင်း တစ်ရွာလုံးကို လှည့်လည်သောင်းကျန်းပစ်၏။ မီးလင်းနေသောအိမ်တွေ့လျှင် ခဲနှင့်ထုတော့၏။ ကိုဖူးငုံ ရွာထဲရောက်ပြီဆိုလျှင် မွေးကင်းစကလေးသည်ပင် အသံမပြရဲရှာ။ မိခင်ကိုင်သံဖြင့်ခွဲနေဆဲ 'အူဝဲ အူဝဲ' အသံသည် ကိုဖူးငုံရောက်ပြီဟော့ဆိုသည်နှင့် အူဝဲ အူဝဲမှသည် အွဲ့ဟု ချက်ချင်း အသံပြတ်ကာ မျက်လုံးလေးကလယ်ကလယ်နှင့်တိတ်သွားရရှာသည်။

ကိုဖူးငုံသည် တစ်ရွာလုံး လှည့်ပတ်မွှေနှောက်နေသည်။

သူသည် ကံကြီးရွာထဲတွင် အရွက်တက်သည်အထိ လှည့်ပတ်နေ၏။ အရှေ့ဂေါရာဆီမှ အရွက်ဖို့သည်နှင့် သူသည် စပါးပုံရှိရာသို့သာပြန်လေ၏။ တဲအတွင်းဝင်ကာ ဓားကိုပိုက်လျက် တစ်နေကုန်အိပ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ ဦးတုတ်ကြီး စပါးကိုဝယ်ယူမည့် မြောင်းမြို့က စပါးကုန်သည်ကြီးဦးစိန်နဂါးသည် ကံကြီးရွာသို့ပေါက်ချလာသည်။ အခြေအနေ မကောင်းသေး၍ ဦးတုတ်ကြီး မျက်လုံးပြူးရလေ၏။ ကိုဖူးငုံကြောင့် ယခုနှစ် သူ၏ စီးပွားရေးပျက်တော့မည်လော။ ဦးတုတ်ကြီး ခြေမကိုင်မိလက်မကိုင်မိဖြစ် နေရသည်။ 'ဖူးငုံ - သင်းကြောင့်၊ သင်းကြောင့်' ဟု စိတ်ထဲ တနုံ့နုံ့ဖြစ်နေပြီး အခဲမကျေနိုင်ပါ။

ဦးတုတ်ကြီး စွန့်စားရကော့သည်။

ဦးတုတ်ကြီးသည် ရွာသူကြီးနှင့် အခြားသော ရွာလူကြီးနှစ်ဦးကို အကူအညီတောင်းလိုက်ပါသည်။ သူတို့သည် ရွာအပြင်ရှိ စပါးပုံရှိရာသို့ စိတ်တထင့် ထင့်ဖြင့်ထွက်လာခဲ့ကြပါသည်။ စပါးပုံ အနီးရှိတဲရှိရာသို့ သတိကြီးစွာဖြင့် ချဉ်းကပ်လာနိုင်ခဲ့ပါ၏။ သူတို့သည် အသက် ပင်မရှူရဲ။ သူတို့အာရုံများကို တဲအတွင်း သို့ စုစည်းထားလိုက်ကြပါ၏။

"ဖြစ်ပါ့မလား၊ ဖြစ်ပါ့မလား"

ရွာလူကြီး နှစ်ယောက်တို့သည် တစ်ဦးကိုတစ်ဦးကြည့်ကာ ခေါင်းတဆတ် ဆတ်ဖြင့် မလုံမလဲအာရုံထွေပြားလာကြ၏။

တဲအတွင်း၌ ကိုဖူးငုံ အိပ်ကောင်း နေဆဲ။

ဦးတုတ်ကြီး ရင်ခုန်လှိုက်မောလာ၏။ အသက်ရှူမမှန်ချင်။ ဘယ်လိုလုပ် ရင်ကောင်းမလဲ အတွေးများချာချာလည် လာသည်။ ဦးတုတ်ကြီးသည် နောက်ဆုံး ကြံရာမရဖြစ်ကာ ဆီးစေ့ခန့်ခဲလုံးလေး ကို ကောက်ယူလိုက်ပါ၏။ ထိုခဲလုံးလေး ဖြင့် ကိုဖူးငုံကို ပစ်ပေါက်လိုက်တော့ သည်။ ခဲလုံးလေးသည် ကိုဖူးငုံ၏ ခေါင်းကိုထိမှန်လေ၏။ ကိုဖူးငုံ မျက်စိ နှစ်လုံး ဖျတ်ခနဲပွင့်လာသည်။ မျက် ထောင့်နီကြီးဖြင့် ဒေါထလာသည်။သူ၏ ရင်အုပ်သည် ဖားဖိုကဲ့သို့ နိမ့်ချည်၊ မြင့် ချည်ဖြစ်လာသည်။ ကိုဖူးငုံသည် ဓားကို ကိုင်၍ ဝုန်းခနဲထရပ်ကာ ဤသို့ ကြုံးဝါး လေ၏။

"တစ်ကောင်ဝိုလ်တဲ့ဟေ့၊ တစ် ကောင်ဝိုလ်တဲ့ကွ"

ကြောက်မက်ဖွယ်ကြီးဟိန်းသံကြီး ဖြင့် တဲအတွင်းမှ ခုန်ထွက်လာသည်။ သူကြီးနှင့်အဖွဲ့ပြေးကြလေ၏။ လူတစ်စု ပြေးရာနောက်သို့ ကိုဖူးငုံပြေးလိုက်ပါ တော့၏။ သူကြီးသည် ပြေးရင်းလွှားရင်း သူ၏ဩဇာအာဏာကိုသုံး၍ အမိန့်ပေး ကြည့်လိုက်ပါသေး၏။

"ဟေ့ကောင် ဖူးငုံ၊ ငါသူကြီးလေကွာ၊ ငါသူကြီးပါကွ။ မင်းလက်ထဲကဓား ချလိုက်စမ်း"

သူကြီးသည် ပြောရင်းပြေးလေ ၏။ ပြေးရင်းလည်းပြောလိုက်ပြန်၏။

"မင်းဓားကိုချလိုက်နော်၊ မင်း ငါ ရဲ့ထိတ်တုံးစာမိချင်နေပြီလား"

သူကြီး၏ အပေါင်းအသင်းများ လည်း ပြေးနေကြဆဲ။ ကိုဖူးငုံသည် ဦးတုတ်ကြီးတို့နောက်မှ ထုတ်ကြပ် မကွာပြေးလိုက်ရင်း -

"တစ်ကောင်ဝိုလ်တဲ့ကွ"

ဟု ကြုံးဝါး၏။ ပြေးလိုက်နေ၏။ ပြေးနေကြသူများ အခြေအနေမဟန် တော့သဖြင့် သူတို့အုပ်စု နီးရာအိမ်များ ဆီသို့ပြေးတက်ကြ၏။ ပုန်းကြရရှာပါ သည်။ ရွာထဲမှ သွားလာလှုပ်ရှားနေကြ ကုန်သော ကြီး၊ ငယ်၊ ရွယ်လတ်၊ ပုစုခရု မကျန် အားလုံးတို့သည်လည်း နီးစပ် ရာအိမ်သို့တက်ရောက်ကာ ပုန်းကြရ တော့သည်။ ရုတ်ရုတ်သဲသဲဖြစ်နေရာမှ ရွာထဲမှ လှုပ်ရှားမှုများငြိမ်ကျသွားလေ ၏။ မီးကို ရေနှင့်ငြိမ်းလိုက်သလို တိတ် ဆိတ်သွားလေ၏။

ထိုအခြေအနေကိုမြင်လိုက်ရသော ကိုဖူးငုံ ကျေနပ်သွားပါသည်။ ရွာ၏ အခြေအနေကို တစေ့တစောင်းအကဲ ခတ်ပြီးနောက် ကိုဖူးငုံ ရွာပြင်သို့ထွက် လာကာ သူ၏တဲနှစ်ဆီသို့ ခြေလှမ်းခဲ့ပါ တော့သည်။ ရွာအတွင်း အေးချမ်းသွား ပြီဖြစ်၍ ကိုဖူးငုံ သူ၏တဲအတွင်းဝင်ကာ ကောင်းစွာ အိပ်စက်လေသတည်း။

❑

တစ်နေ့တွင် -

အညာဖျင်ကြမ်းအထည်များကို အညာစောင်ကြီးဖြင့်ထုပ်ပိုးလျက် ဝါးလုံး ဖြင့်လျှိုထမ်းလာသော ဈေးရောင်းထွက် လာသူတစ်ဦး ကံကြီးရွာသို့ရောက်ရှိလာ ခဲ့ပါ၏။

"အညာဖျင်တွေရမယ်၊ အညာ ဖျင်တွေရမယ်"

မိမိ၏ပစ္စည်းရောင်းချရရေး အော် ဟစ်အသံပြုကာ ရွာထဲ လှည့်လည် ရောင်းချလေ၏။ ဈေးသည်မှာ ပထန် ကုလားကြီးဖြစ်ပါသည်။ အသားမည်း မည်း၊အရပ်ထောင်ထောင်မောင်းမောင်း (၆) ပေခန့်ရှိ၏။ ဗလကောင်းသူဖြစ်၏။ လူထူးလူဆန်းကြီးဖြစ်လေသည်။ သူ ဈေးရောင်းရာနောက်သို့ ရွာထဲမှ ကလေးသူငယ်များ တကောက်ကောက် လျှောက်လိုက်နေကြကုန်၏။ ပထန်ကြီး ဈေးရောင်းသည်ကို အထူးအဆန်း သဖွယ်လိုက်ကြည့်ကြလေ၏။

ပထန်ကုလားကြီးသည် လမ်း လျှောက်ဈေးသည်ဖြစ်ပါသည်။ ရွာထဲသို့ လှည့်လည်ကာ တစ်အိမ်ဝင်တစ်အိမ် ထွက် ရောင်းချ၏။ ရောင်းကောင်းလေ သည်။ ပထန်ကြီးသည် တစ်နေ့တာ ရောင်းချပြီးသည်နှင့် ရွာထိပ်ရှိ ညောင် ပင်ကြီးအောက်တွင် အနားယူ၏။ ပထန် ကြီးထိုင်နေသည့်ဝန်းကျင်တွင် ကံကြီး ကလေးငယ်များ ဝိုင်းဝိုင်းလည်နေ၏။ ပထန်ကြီးသည် ကလေးချစ်တတ်သော သူဖြစ်လေသည်။

ကလေးများ ဝန်းရံနေသည်ကို ပထန်ကြီးသဘောကျလေ၏။

ပထန်ကြီးက -

"ကိုင်း - ကလေးတို့ရေ၊ ဦးဦး သိုင်းကစားပြမယ် ကြည့်ကြမလား"

"ကြည့်မယ်၊ ကြည့်မယ်"

အမေးနှင့် အဖြေ ကွက်တိဖြစ်နေ လေ၏။ ဒါကိုပင် ပထန်ကြီးသဘောကျ ပါသည်။ ထိုအခါ အညာဖျင်ထုပ်ကြီး တွင်လျှိုထားသောတုတ်ကိုဖြုတ်ယူလိုက် ၏။ ပထန်ကြီးသည် မြေတလင်းပေါ် တွင် သူ၏တုတ်ကြီးကို လက်နှစ်ဖက်ဖြင့် ဟန် ပါပါမြွောက်ကိုင်ထား၏။ ဘယ်ဒူးကိုနှိမ့် ညာခြေဆန့်ကာ တုတ်ကိုလှည့်ယူလိုက် ပြီး သိုင်းကွက်စတင်နင်း၏။ ဘယ်ခြေ ညာခြေယိမ်းကာကရင်း လက်ထဲမှတုတ် သည် စကြာသဖွယ် မွှတ်နေအောင် လည်ပတ်နေပါ၏။

"ဖြောင်း ဖြောင်း ဖြောင်း"

ကလေးများက ဝိုင်းအုံလက်ခုပ် တီးကာ ဩဘာပေးကြပါသည်။ ပထန် ကြီးက ညနေစောင်းအနားယူချိန်တိုင်း ကလေးများကို သိုင်းကစားပြလေ့ရှိပါ သည်။

ဦးတုတ်ကြီးသည် ပထန်ကြီးကို သဘောကျလေ၏။

ထို့ကြောင့် ဦးတုတ်ကြီးသည် သူ ၏အခက်အခဲကိုပြောပြကာ ပထန်ကြီး ကို အကူအညီတောင်းရှာလေ၏။ ပထန် ကြီးက သူကူညီမည်ဖြစ်ကြောင်းပြော ကာ ဦးတုတ်ကြီးနှင့်လိုက်လာခဲ့သည်။

လယ်ကွင်းပြင်ကျယ်ကြီးထဲတွင် ကွားနှင့်ဆင် လယ်ပြင်မှာတွေ့ကြလေ ပြီ။ ဓားသမား ကိုဖူးငုံနှင့် တုတ်စင်သော ပထန်ကြီးတို့လက်ရည်စမ်းကြတော့ မည်။ ကြည့်ကောင်းမည်ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဓားသမား၏အကြည့် စူးရဲ၏။ ဒဏ်ကြီး၏ သိမ်းငှက်မျက်လုံးသည် သူပိုင်ရှားနေသည့်ပုံရိပ်ကို တစ်ချက် လွှတ်စေရ။ အလစ်အငိုက် အပြန်အလှန်ခြောင်းနေကြ၏။ သတိတစ်ချက် လစ်သူခံရမည်ဖြစ်၏။

ထိုတိုက်ပွဲတွင် ပြင်းထိန်စွာတိုက် ခိုက်ကြကြောင်း သိရှိရ၏။ ကိုဖူးငုံက ဒဏ်ကြီး၏ တုတ်စကြာကို ကောင်းစွာ ချောင်နိုင်သည်။ ကိုဖူးငုံ၏ - ဓားချက် အောက်မှာ တုတ်စကြာအပိုင်းပိုင်းပြတ် တောက်ကုန်တော့သည်။လက်နက်မဲ့ဖြစ် သွားသော ပထန်ကြီးသည် -

"အဘား. . . အဘား"

ဟု ကြောက်လန့်တကြားအော် ထစ်ကာ ခြေကုန်သုတ်ပြေးလေ၏။ နောက်သို့ တစ်ချက်ကလေးမျှ လှည့် ကြည့်ရဲပါ။ သတင်းကြားရသည်မှာ ဒဏ်ကြီးသည် သူကျန်ခဲ့သော အညာ နှင်ထုပ်ကိုပင် ပြန်လာမယူရဲတော့ပါ။ ဒဏ်ကြီးရွာမှ လုံးဝပျောက်ကွယ်သွားခြင်း ပင် ဖြစ်ပါ၏။

❑

ဟိုးယခင်တုန်းကနှင့် လုံးဝမတူ တော့သော ကိုဖူးငုံ၊ အကြင်နာကင်းမဲ့ သောကိုဖူးငုံ၊ ရက်စက်ကြမ်းကြုတ်သော ကိုဖူးငုံ၊ ကြောက်မက်ဖွယ်ကောင်းသော ကိုဖူးငုံဖြစ်နေတော့၏။

ဦးတုတ်ကြီး သူ၏စီးပွားရေးပျက် တော့မည့်အခြေဆိုက်လာ၏။ ဦးတုတ် ကြီး သွေးဆူကာ ပူလောင်လျက်ရှိ၏။ စိတ်ပူပန်မှုပြင်းထန်ကာ ရွာဦးကျောင်း သို့ထွက်ခဲ့၏။ ဆရာတော်အား အကျိုး အကြောင်း လျှောက်ထားကြည့်ရပြန်ပါ သည်။

ဆရာတော်က -

"ကိုင်း- ဒကာကြီး၊ ရွာသူကြီးနဲ့ ရွာ ဆိတ အားကောင်းမောင်းသန်အရွယ် ကောင်း လူနှစ်ဆယ်လောက်စုထား၊ ကျပ်လာခဲ့မယ်"

ရှေးဦးစွာ ဆရာတော်ညွှန်ကြား ထားသည့်အတိုင်း ဦးတုတ်ကြီး လူစု သိုက်ပါ၏။ သူတို့လူအုပ်ကြီးသည် ကိုဖူး ငုံတဲကို ဝိုင်းထားလိုက်ကြ၏။ လူငယ်တို့ ၏လက်ထဲမှာ ခဲလုံးကိုယ်စီကိုင်ထားကြ သည်။ ထိုအချိန်တွင် ဆရာတော်ရောက် ခဲ့လာသည်။ ဆရာတော်၏လက်ထဲမှာ ဝါးလုံးရှည်ကြီးပါလာသည်။

သူကြီးက အမိန့်ပေးလိုက်သည်။

"ပစ်"

ခဲလုံးကိုယ်စီကိုင်ထားကြသူများ သည် ကိုဖူးငုံကိုဝိုင်း၍ပစ်ပေါက်ကြ၏။ ကိုဖူးငုံ ခဲလုံးများရှောင်တိမ်းလိုက်သည်။ အကုန်လုံးမရှောင်နိုင်ခဲ့။ ဆရာတော် က ဝါးလုံးရှည်ဖြင့် ကိုဖူးငုံလက်ထဲမှဓား ကိုရိုက်ချ၏။ ကိုဖူးငုံက ဝါးလုံးကို ဓား ဖြင့်လက်ပြန်ပက်လိုက်၏။ ဝါးလုံးအဖျား တိခနဲပြတ်ကျလေ၏။ လူငယ်များက ခဲများကောက်လျက် အဆက်မပြတ်ပစ် ကြလေ၏။ ဆရာတော်၏ ဝါးလုံးကြီး ထပ်မံဝင်လာ၏။ ကိုဖူးငုံဓားချက်ဖြင့် ပြတ်ကျသွားပြန်သည်။

ဆရာတော်သည်ပင် ကိုဖူးငုံနှင့်နီး ကပ်လာခဲ့ပြီ။

ခဲလုံးထိချက်ဒဏ်ပြင်းထန်လေရကား၊ နောက်ထပ်ဝင်လာသော ဆရာ တော်၏ ဝါးလုံးကို ဌက်ကြီးတောင်ဓား ဖြင့် အားသွန်ခွတ်သော်လည်း ဒဏ်ရာ များဖြင့် ကိုဖူးငုံခွတ်အားလျော့လာ၏။ ဓားသွားသည် ဝါးလုံးအသားထဲ၌ နစ် မြုပ်လေ၏။ ဆွဲနုတ်မရတော့ပါ။ ဝါးလုံး အသားထဲညှပ်နေသောဓားကို နုတ်ယူ မစွမ်းတော့ပြီ။ လူငယ်တို့က ကိုဖူးငုံကို ဖမ်းချုပ်လိုက်နိုင်ပြီ ဖြစ်၏။

ဆရာတော်က -

"ဒကာတို့ သူကိုကျောင်းခေါ်လာ ခဲ့ကြ"

ကျောင်းပေါ် သို့ စုံညီရောက်ရှိလာ ကြ၏။ ဤနေရာတွင် ကိုဖူးငုံ၏ကပ်ရှား နေသော ပယောဂကို ပျောက်ကင်းရန် မည်သို့လုပ်ဆောင်ရမည်ကို ဆရာတော် ကောင်းစွာသိရှိလိုက်ပါ၏။ ဆရာတော် ၏နည်းသည် သုံးတတ်သူအဖို့ လွယ်ကူ ကြောင်း ထင်မြင်နိုင်ဖွယ်ရှိသည်။ ဤ နည်းသည် သူတစ်ပါး၏စိတ်ကို လှည့် စားပေးလိုက်ခြင်းမျှသာဖြစ်ပါ၏။ ဆရာ တော်အမိန့်ပေးလေပြီ။

"ကိုင်း - ဆရာတော်အမိန့် ဖူးငုံကလွဲရင် ကျန်ပုဂ္ဂိုလ်အားလုံး ကျောင်းအောက်ဆင်းကြ"

ဆရာတော်၏အမိန့်ကို မည်သူမျှ မလွန်ဆန်ရဲကြပါ။ ကြက်သီးဖြန်းဖြန်းထ ကာ ကျောင်းအောက်သို့ အားလုံးဆင်း ကြရ၏။ ဆရာတော်၏အမိန့်တွင် အား လုံးဟု ပါရှိလေရာ ကိုဖူးငုံကို ကပ်ရှားနေ သော နာနာဘာဝကပါ ရောယောင် ဆင်းသွားရတော့သည်။ ကိုဖူးငုံ၏စိတ် ပုံမှန်ဖြစ်သွားရတော့၏။ ထိုအခါမှ ဆရာ တော်သည် စိတ်ချရစေရန် သောက်ရေ တစ်ခွက်ခပ်ကာ ဘုရားဂါထာအစစ် အမှန်များ (ပြုပြင်ထားသောဂါထာ မဟုတ်သည်ကို ဆိုလိုပါသည်) ပရိတ် တော်တို့ကို ရွတ်ဖတ်လိုက်ပြီး ကိုဖူးငုံကို ရေမန်းဖြင့်တောက်၏။ ကျန်ရေမန်းများ ကိုတော့ သောက်စေလိုက်ပါ၏။

ကိုဖူးငုံစိတ်သည် သန့်စင်ကြည် လင်သွားလေ၏။

❑

ဆရာတော်၏ စောင့်ရှောက်မှု အောက်တွင် ကိုဖူးငုံသည် ကောင်းစွာ ကျန်းမာလာ၏။ ဘုန်းကြီးကျောင်းတွင် နေထိုင်ပြီး ဆရာတော်၏ဝတ်ကြီးဝတ် ငယ်ပြုစုပေး၏။ ကိုဖူးငုံသည် ဘုရားစာ၊ တရားစာတို့နှင့်လည်း ရင်းနှီးကျွမ်းဝင် လာခဲ့ရ၏။ ဘုန်းကြီးကျောင်းသည် မိုခိုရာ အစစ်အမှန်ဖြစ်ကြောင်း တရား သဘောပေါက်လာခဲ့ပါသည်။

"ဒကာဖူးငုံ၊ နေကောင်းပါရဲ့လား။ ကျောင်းမှာပဲနေနေ၊ အရပ်ထဲမှာပဲနေ နေ ဒကာ စိတ်ချမ်းသာသလို နေနိုင် ပါတယ်။ လူဆိုတာ ကိုယ့်လမ်းကိုယ် လျှောက်နေကြရတာ ကိုယ်ကိုယ်တိုင် ရွေးချယ်နိုင်ပါတယ်။ ဘုန်းကြီး ခွင့်ပြု ပါတယ်ကွယ်"

ဆရာတော်၏ စကားသည် အလွန်ပင်မှန်ကန်လှပါ၏။ သူကိုယ်တိုင် သည်လည်း သူ့လမ်းကိုရွေးချယ်ပြီးဖြစ် သည်။ ဆရာတော်ကို လျှောက်တင်ရန် ကြံစည်နေဆဲမှာပင် ဆရာတော်အမိန့်ရှိ လာခြင်း ဖြစ်၏။

"တပည့်တော် ရွေးချယ်ပြီးပါပြီ အရှင်ဘုရား။ တပည့်တော်ရဲ့ခန္ဓာကိုယ် ဟာ ဂဲကြီးတစ်ရှာလုံးရဲ့ကျေးဇူးတွေကို ခွေးနဲ့ဆပ်ပြီးခဲ့ပါပြီ။ အခု တပည့်တော် ဟာ တပည့်တော်ရဲ့ ကျေးဇူးရှင်တွေကို သာသနာတော်နဲ့ အဆုံးအမကျေးဇူး ပြုလိုပါတယ်။ ဒါကြောင့် တပည့်တော် ကိုယ် တပည့်တော် ထိန်းသိမ်းလိုက်နာ နိုင်မယ့် ကိုရင်ကြီးအဖြစ် ခွီးမြွှင့်ပေး သနားတော်မူပါ အရှင်ဘုရား"

"ကောင်းပါပေ့ကွယ် သာဓု၊ သာဓု၊ သာဓု"

တစ်ကောင်ဗိုလ်တစ်ဖြစ်လဲ ကိုဖူးငုံ တစ်ဖြစ်လဲ ကိုရင်ကြီး ရှင်ပညာသည် သာသနာတော်တွင် အသက်ထက်ဆုံး တရားဓမ္မများဖြင့်သာ ပျော်မွေ့ခဲ့လေ သတည်း။

အောင်မြင့်ထွန်း(မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

ပန်းခိုတူးလှ(ရေးဟောင်းသူတော်သန့်)

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ဘက်ကုန်း

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းသည် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာ၏ အနောက်တောင်ဘက် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12B) ၏ တောင်ဘက်၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13A) ၏ မြောက်ဘက်၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.11) ၏ အနောက်ဘက်တွင် တည်ရှိပါသည်။ G.P.S ဥွန်းမှတ်အရ မြောက်လတ္တီတွဒ် (၂၀° ၃၉' ၅၂') အရှေ့လောင်ဂျီတွဒ် (၉၃° ၉' ၃') တွင် တည်ရှိပါသည်။ ရန်ကုန် - စစ်တွေကားလမ်းကြီးနှင့် မင်းဘူး၊ စစ်တွေမီးရထားလမ်းတို့၏အရှေ့ဘက်တွင် ကျရောက်ပါသည်။

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A)မြောက်ကုန်း၏အရှေ့ဘက်တွင် လယ်ကွင်း၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.11)၊ (VSL.3) ဝေသာလီကျေးရွာ၊ အင်းရှည်ကျွဲ၊ သျှင်ကြီးတောင်၊ တောင်ဘက်တွင် လယ်ကွင်းကြီးနှင့် ပေါက်တော၊ ပြင်ကျေးရွာ၊ အနောက်ဘက်၌ လယ်ကွင်း၊ မင်းဘူး - စစ်တွေမီးရထားလမ်းနှင့် ရန်ကုန် - စစ်တွေကားလမ်းမြောက်ဘက်တွင် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.12AB) ဝေသာလီရွာဝင်းလမ်း၊ လယ်ကွင်းများနှင့် ဝေသာလီချောင်းတို့ ဝိုင်းရံနေသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းပန်းကွင်းပုံ



မတူးဖော်မီ ကုန်းပေါ်တွင် ချုံနွယ်ပင်များပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ ချုံနွယ်ပင်များကို ရှင်းလင်းလိုက်သည့်အခါ ကျောက်တုံးတခို့တစ်ပိုင်းတစ်စပေါ် နေသည်ကို တွေ့ရှိရပါသည်။ ဤဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းသည် အရှေ့-အနောက်အကျယ် (၃၅) ပေခန့်၊ တောင်-မြောက်အကျယ် (၁၁၂) ပေခန့်ရှိပါသည်။ ကုန်းအနေအထားမှာ ရှည်မျောမျောတွေ့ရှိပြီး အလယ်ပေါက်တွင်လည်း ကုန်းပိုင်းပြတ်နေသည်ကို တွေ့ရှိရပါသည်။ ဤကုန်း၏အမြင့်ဆုံးနေရာမှာ ပတ်ဝန်းကျင်မှ အနိမ့်ဆုံးမြေနေရာမှတိုင်းလျှင် (၃)ပေကျော်ကျော်ခန့်ရှိပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်း တူးဖော်သုတေသနပြုလုပ်သည့်နေရာသည် ဝေသာလီနန်းတော်ရာတံတိုင်းအစိတ်အပိုင်းအချို့နေရာပင်ဖြစ်ဟန်ရှိပါသည်။ ဝေသာလီကျောက်လှေကားခေတ် နန်းရိုးတည်ဆောက်မှုစနစ်တို့သိရှိစေနိုင်ရန်အတွက်ရည်ရွယ်၍ နန်းရိုးတံတိုင်းဖြစ်နိုင်ခြေရှိသောနေရာကိုရွေးပြီး တူးဖော်သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဝေသာလီမြို့ဟောင်းကို တူးဖော်သုတေသနပြုခဲ့ပြီးသော ကုန်းအများသည် အပြင်မြို့ရိုးနေရာကိုသာ လေ့လာတူးဖော်သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဝေသာလီနန်းတော်ရာ နန်းရိုးနေရာများကို ယခုနှစ် တူးဖော်သုတေသနပြုလုပ်ရန် ကွင်းဆင်းရှာဖွေသည့်အခါမှ တွေ့ရှိသောကုန်းများ ဖြစ်ပါသည်။

ဤနန်းရိုးတံတိုင်းသည် ဝေသာလီကျေးရွာ၏ အနောက်တောင်ဘက် (၇၇၀)ပေခန့်၊ မင်းဘူး-စစ်တွေမီးရထားလမ်းနှင့် (၁၇၀)ပေခန့်အကွာတွင်တည်ရှိသည်။ကျန်ရှိသောဝေသာလီနန်းတော်နှင့် ပတ်သက်သော အစိတ်အပိုင်းများသည် ဝေသာလီကျေးရွာအတွင်းတွင် တည်ရှိနေသောကြောင့် လူနေအိမ်များနှင့် ဖုံးလွှမ်းနေပါသည်။ ထို့အတူ

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကျန်ရှိနေသော ဝေသာလီနန်း တော်ရာ နန်းရိုးအစိတ်အပိုင်းများကို လက်ရှိလူသားတို့၏ အိမ်ရာမြေတိုးချဲ့မှုရန်ကြောင့် လည်းကောင်း၊ ဝေသာလီမြို့ဟောင်းပတ်ဝန်းကျင်နှင့်နီးသောသူတို့၏ကျောက်တုံးများကို ဖော်ယူအသုံးပြုခြင်းရန်မှု ကင်းဝေးစေရန်အတွက် လည်းကောင်း၊ လယ်ယာမြေချဲ့ထွင်ခြင်းရန်မှ ကာကွယ်နိုင်စေရန်အတွက် လည်းကောင်း၊ နန်းရိုးတည်ဆောက်မှုစနစ်ကို သိရှိစေနိုင်ရန် လည်းကောင်း ဤရည်ရွယ်ချက်များဖြင့် တူးဖော်သုတေသနပြုလုပ်ခဲ့ရခြင်း ဖြစ်ပါသည်။

သုတေသနပြုတူးဖော်သည့်နည်းစနစ်များစွာရှိသည့်အနက်မှ အဆောက်အအုံ၏မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာသိရှိနားလည်စေနိုင်ရန်နှင့် တူးဖော်ထွက်ရှိလာသော ရွှေဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများကို အလွယ်တကူမှတ်တမ်းတင်နိုင်ရန်အတွက်ကြောင့် ပထမကျင်းရှည်တူးသည့်စနစ် (Lounge Trench System) ကို အသုံးပြုပြီး ထွက်ပေါ်လာသည့်ရွှေဟောင်းအဆောက်အအုံကို ပုံဆွဲမှတ်တမ်းတင်နိုင်ရန်အတွက် ဒုတိယတစ်ဖန်(Grid System) စနစ်ကို အသုံးပြု၍ တူးဖော်သုတေသနပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းမှ တူးဖော်ထွက်ရှိလာသော နန်းရိုးပန်က်သည် အရှေ့၊ အနောက် နန်းရိုးငြိုက်အထူ (၉) ပေကျော်ခန့်ရှိပြီး နန်းရိုးတောင်-မြောက်အရှည် (၉၆) ပေခန့်ရှိပါသည်။ အလယ်တွင် ပျက်စီးနေပြီး တောင်ဘက်ခြမ်းတွင်လည်း နန်းရိုး၏ အနောက်ဘက်ဘောင် ကျောက်ရိုးတန်းပျက်စီးသွားပေပြီ။ အရှေ့ဘက်ဘောင်သာ ကျန်ရှိသည်ကို တွေ့ရှိရပါသည်။ ဤကုန်းမှ ထွက်ပေါ်လာသော နန်းရိုးအဆောက်အအုံမှာ အပျက်အစီးများသည့် အနေအထားဆို တွေ့ရှိရပါသည်။

တူးဖော်သုတေသနပြုလုပ်သော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်း၏ နန်းရိုးတည်ဆောက်မှု ဖွဲ့စည်းပုံစံမှာ တူးဖော်သုတေသနပြုလုပ်ပြီးခဲ့ပြီးသော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12AB) တို့နှင့်ပုံစံတူသည်ကို တူးဖော်တွေ့ရှိရပါသည်။ နန်းရိုးတည်ဆောက်ပုံမှာလည်း ရှေ့ဆန်သော သဘာဝမြေလွှာပေါ်တွင် ကျောက်နန်းရိုးပန်က်ချရန်အတွက် အမာခံရရှိအောင် ကျောက်ကျိုး၊ အုတ်ခဲကျိုးများရောရှိ ကျစ်လျစ်သိပ်သည်းအောင် ထုထောင်းနင်းထားသည့်မြေလွှာပြုလုပ်ပြီး ထိုမြေလွှာပေါ်တွင် နန်းရိုး၏ကျောက်ပန်က်ကို စတင်ပြုလုပ်လေသည်။ ထိုကျောက်ပန်က်ပေါ်တွင် ဒုတိယမြောက် ကျောက်စီကို ထပ်မံပြီးစီတင်သည်။ (၉)ပေကျော်နီးပါးခန့်အကျယ်ရှိသော နန်းရိုးအတွင်းတွင် ကျောက်တုံးများကို နန်းရိုးအတွင်း အပြင်ကိုသာစီထားပြီး နန်းရိုးကျောက်ဘောင်နှစ်ဖက်အလယ်တွင် ကျောက်ခဲအကျိုး၊ အုတ်ခဲကျိုးအပိုင်းအစများဖြင့် ဝမ်းစာရိုက်ထားသည်ကို တူးဖော်သုတေသနပြုလုပ်၍ လေ့လာတွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A)မြောက်ကုန်းအား တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ(၄)လွှာခန့်ကိုသာ တူးဖော်တွေ့ရှိရပါသည်။

မြေလွှာအမှတ် (၁) သည် ရေလေ၊ မြေတို့ သယ်ဆောင်ပို့ချကာ သစ်ရွက်ခြောက်ဟောင်း၊ သစ်မြစ်ဆွေးတို့နှင့် ရောနှော၍ဖြစ်ပေါ်လာသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ် (၂) မြေလွှာသည် အပေါ်ယံ သစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသော မူလအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသော ပို့ချမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၃)မြေလွှာသည် နန်းရိုး၏အောက်ခြေပန်က်အခိုင်အမာရရှိရန်အတွက် အုတ်ခဲကျိုး၊ ကျောက်ခဲအကျိုးများနှင့် ကျစ်လျစ်သိပ်သည်းစွာ ထုထောင်းပြုလုပ်ထားသော ဖို့မြေလွှာပင် ဖြစ်ပါသည်။

အမှတ် (၄) မြေလွှာသည် ကျစ်လျစ်သိပ်သည်းစွာထုထောင်းထားသော မြေလွှာအောက်တွင်ရှိသည့် ရှဲ့စေးဆန်သော သဘာဝမြေလွှာပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းကို တူးဖော်သုတေသနပြုလုပ်သည့်အခါ နန်းတံတိုင်းကျောက်ရိုးတန်းကြီးအပြင် ကြေးခွက်အပဲ့အစများ၊ စဉ့်ထည်လက်ရာအပဲ့အစများ၊ မြေဖိုတ်အိုခြင်းကွဲအပဲ့အစများနှင့် ကျောက်ဆစ်လက်ရာအချို့တို့ကိုလည်း တူးဖော်တွေ့ရှိရပါသည်။ ကြေးခွက်အပဲ့အစမှာ ကြေး(ဂျီး) တက်၍ ပါးလွှာနေသောကြောင့် ကိုင်လိုက်သည်နှင့် ကြေးခွက်မှာ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသောကြောင့် ကြေးခွက်အပဲ့အစများဘဝသို့ရောက်ရှိပါတော့သည်။ ဝေသာလီခေတ် ကြေးခွက်လက်ရာတစ်ခု တွေ့ရှိရသော်ပါလည်း အစိတ်စိတ်အဖဲ့ဖဲ့ဖြစ်သွားရခြင်းမှာ နှမြောစရာ၊ စိတ်မကောင်းစရာပင် ဖြစ်ပါသည်။

ပုံ(၁)သည် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A)မြောက်ကုန်း၊ (A_2)ကျင်း၊ ကျင်းအနက် (၃၅)cm ခန့်မှ တူးဖော်တွေ့ရှိရသော စဉ့်ပန်းကန်လုံးတစ်လုံးလက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ပုံ(၁)တွင် စဉ့်ပန်းကန်လုံးဘေးအမြင်နှင့် အထူကို အပေါ်တွင် ရေးဆွဲဖော်ပြထားပြီး အောက်တွင် စဉ့်ပန်းကန်လုံးကို မှောက်၍ အပေါ်စီးအမြင်ကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်ပန်းကန်လုံးမူရင်းလက်ရာမှာ အနားပတ်ပတ်လည် အကောင်းမတွေ့ရှိရဘဲ ပဲ့နေသည်ကို တွေ့ရှိရပါသည်။ မူရင်းစဉ့်ပန်းကန်လုံးအမြင့် (၅)cmခန့်၊ အကျယ် (၁၂½)cm ခန့်နှင့် ပန်းကန်လုံးဖင်အထူဆုံးနေရာ (၁)cmခန့်ရှိပြီး ခြေထောက်အမြင့် (၁½) cm ခန့် ရှိပါသည်။ စဉ့်ပန်းကန်လုံး၏ စဉ့်အရောင်မှာ အတွင်းရောအပြင်ပါ စဉ့်အစိမ်းဖျော့ရောင်ကို တွေ့ရှိရပါသည်။ ပန်းကန်လုံးအလယ်သားရှဲ့စေးမြေကောင်းကောင်းဖြင့်ဖုတ်ထားသောကြောင့် သဲပွင့်များပါရှိခြင်းမတွေ့သည့်အပြင် မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်း (B_5) ကျင်း၊ ကျင်းအနက် (၄၀)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၈) cmခန့်၊ အကျယ် (၇$\frac{3}{4}$) cmခန့်နှင့် အိုးခြမ်းကွဲအထူ ($\frac{3}{4}$) cmခန့်ရှိပါသည်။ ပုံ(၂)တွင် မြေမီးဖုတ်အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင်နှင့်အထူကို ရေးဆွဲဖော်ပြထားသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲ လက်ရာတွင် အတွင်းအချောတွေ့ရှိရပြီး နှုတ်မျက်နှာပြင်တွင် ကြက်ခြေခတ် အမြောက်လက္ခဏာဒီဇိုင်းကွက်များ၊ တြိဂံဒီဇိုင်း ကွက်များ၊ မတ်ရပ်လိုင်းများ၊ ကိုက်ခြစ် ဖြတ်အလျားလိုက်လိုင်းများလည်း ပါရှိသည်ကို တွေ့ရှိရသည်။ ထိုဒီဇိုင်းကွက်များအောက်တွင် အလျားလိုက် လိုင်းငါးကြောင်းဖြင့် အောက်ပိုင်းတွင်ခံထားသည်ကိုတွေ့ရှိရပါသည်။

မြေမီးဖုတ်အိုးခြမ်းကွဲမြေသားမှာ သဲပွင့်မပါသော ကျစ်လျစ်သောမြေအမျိုးအစားဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအပြင်အရောင်မှာ အရောင်ဖျော့ပြီး အတွင်းရောင်မှာ အရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဤမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာ ဒီဇိုင်းအဆင့်တန်ဆာမှာ ခပ်ဆန်းဆန်းတွေ့ရှိရသည်။ ထူးခြားသော မြေမီးဖုတ်လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၃) ကျောက်ဆစ်လက်ရာပုံဆွဲသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၈)cmခန့်၊ အကျယ် (၇$\frac{3}{4}$)cmခန့်နှင့် အထူ (၄)cm ခန့်ရှိပါသည်။ ဤကျောက်ဆစ်လက်ရာမူရင်းကို (B_9)ကျင်း၊ ကျင်းအနက် (၃၅) cmခန့်မှတူးဖော်တွေ့ရှိရပေသည်။ ပုံ(၃)၌ ကျောက်ဆစ်လက်ရာကို ရှေ့မျက်နှာပြင်နှင့် ဘေးမျက်နှာပြင်အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းလက်ရာကို သဲကျောက်ဖြင့် ထွင်းထုထားသည်ကို တွေ့ရှိရပါသည်။ ကျောက်ဆစ်လက်ရာမှာ လူရုပ်အပိုင်းအစလက်ရာတစ်ခုဖြစ်ဟန် တွေ့ရှိရသည်။ လူရုပ်၏လက်တစ်ချောင်းကို လက်ကောက်ဝတ်လောက်မှ လက်ဖျားပိုင်းကျိုးပဲ့နေသည့် အနေအထားမျိုး တွေ့ရှိရပါသည်။ လက်မှာ တံတောင်ဆစ်မှကွဲနေသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ လက်ဖြင့်ဖိထားသော ရင်ဘတ်လိုနေရာမျိုးတွင် စလွယ်သိုင်းထားသည့် ခပ်စောင်းစောင်းစလွယ်ကြိုးတစ်ပင်လို အနေအထားမျိုးကွေ့ရှိရပါသည်။ စလွယ်ကြိုးတွင် အဆစ်လေးများဖြင့် အဆင့်ဆင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ကျောက်ဆစ်ရုပ်မှာ လူရုပ်ကျောက်ဆစ်ရုပ်ကြွလက်ရာတစ်ခုပင်ဖြစ်လိမ့်မည်ဟု ခန့်မှန်းယူဆရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်း (A_1)ကျင်း၊ ကျင်းအနက် (၃၀)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအမြင့် (၇$\frac{3}{4}$) cmခန့်၊ အကျယ် (၃) cmခန့်နှင့် အိုးခြမ်းကွဲအထူ ($\frac{3}{4}$)cm ခန့်ရှိပါသည်။

ပုံ (၄) တွင် အိုးခြမ်းကွဲ၏အပြင်မျက်နှာပြင်နှင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲအတွင်းဘက်မျက်နှာပြင်တွင် အချောသာတွေ့ရှိရပါသည်။အပြင်မျက်နှာပြင်တွင် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။အစင်းကြောင်းလေးများကို အိုးခြမ်းကွဲပေါ်တွင် ဒေါင်လိုက်အစင်းကြောင်းကလေးများကို ကန့်လန့်ဖြတ် အလျားလိုက် အစင်းကြောင်းနှစ်ကြောင်းစီဖြင့် အကန့်လိုက် အကန့်လိုက် တန်ဆာဆင်ထားသည်ကို တွေ့ရှိရသည်။ အောက်ဆုံးအကန့်တွင် အစင်းကြောင်းလေးများကို ဒေါင်လိုက်အဖြောင့် အစင်းကြောင်းကလေးများမဟုတ်ဘဲ အစင်းကြောင်းကလေးများကို ခပ်တွေးတွေးလေးဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲဒီဇိုင်းများလည်း ဝေသာလီခေတ် အိုးခြမ်းလက်ရာများထဲမှ ပုံစံမတူ ခပ်ဆန်းဆန်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။



www.burmeseclassic.com



ပုံ (၅) မှာ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.13A)မြောက်ကုန်း၊ (A_1)ကျင်း၊ ကျင်းအနက်(၄၅)cm ခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်စဉ့်လက်ရာအဖဲ့အစတစ်ခုကို ကူးယူရေးဆွဲဖော်ပြထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ (၅) တွင် စဉ့်လက်ရာအဖဲ့အစကို အပြင်မျက်နှာပြင်နှင့်အတူကို ရေးဆွဲဖော်ပြထားပါသည်။

မြေမီးဖုတ်စဉ့်လက်ရာအမြင့် (၆) cmခန့်၊ အကျယ် (၁၀$\frac{3}{4}$) cmခန့်နှင့် အထူ (၁$\frac{3}{4}$)cmခန့်ရှိပါသည်။ မြေမီးဖုတ်စဉ့်လက်ရာအဖဲ့အစတွင် အတွင်းမျက်နှာပြင်အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင်ကို ဖောင်းလုံးခဲ့တစ်လုံးဖြင့် တွေ့ရှိရပါသည်။ မြေမီးဖုတ်စဉ့်လက်ရာအပဲ့အစမှာ စဉ့်ပန်းကန်ပြားအပဲ့အစ လက်တစ်ခုဖြစ်ဟန်ရှိပါသည်။ ဖောင်းခေါင်းမှာလည်း စဉ့်ပန်းကန်ပြား၏ ခြေထောက်ဖြစ်နိုင်ဖွယ်ရှိသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်စဉ့်လက်ရာ၏ အတွင်းရောအပြင်ပါ စဉ့်အစိမ်းရောင်ကို တွေ့ရှိရပါသည်။ စဉ့်ပန်းကန်ပြားအပဲ့အစကိုပြုထားသော ရွှံ့မြေမှာ သဲဆန်သော ရွှံ့စေးမြေဖြင့်ပြုလုပ်ထားသောကြောင့် မြေမီးဖုတ်အရောင်မှာ တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဤမြေမီးဖုတ် စဉ့်ပန်းကန်ပြားအပဲ့အစလက်ရာမှာ အဆင့်တန်ဆာများမပါရှိဘဲ စဉ့်အစိမ်းရောင်ဖြင့် ပြောင်းချောသာတွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်း၊ (B_2) ကျင်း၊ ကျင်းအနက် (၃၉)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ် ပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၆$\frac{3}{4}$)cmခန့်၊ အကျယ် (၄$\frac{3}{4}$)cmခန့်နှင့် အထူ ($\frac{3}{4}$)ခာခန့်ရှိပါသည်။ ပုံ(၆)တွင် မြေမီးဖုတ်အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင်နှင့် အိုးခြမ်းကွဲအထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။

အိုးခြမ်းကွဲပြုလုပ်ထားသော ရွှံ့မြေသားမှာ သဲအနည်းငယ်ပါရှိသည်ကို တွေ့ရှိရပြီး မြေမီးဖုတ်အရောင် မတောက်ပဘဲ အရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအတွင်းမျက်နှာပြင်ကို အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင်သာ အစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါသည်။ အစင်းကြောင်းကလေးများကို ခပ်စောင်းစောင်း အကန့်လိုက်အကန့်လိုက်ဖြင့် အလှဆင်ထားပါသည်။ အစင်းကြောင်းအကန့်များကို အလျားလိုက်လိုင်းနှစ်ကြောင်းစီဖြင့် ကန့်ထားသည်ကို တွေ့ရှိရပါသည်။ လယ်ယာဘက်အနား



တွင် ဒေါင်လိုက်လိုင်းနှစ်ကြောင်းလည်း ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဝေသာလီခေတ် အိုးခြမ်းကွဲတစ်မျိုး၏ အဆင်တန်ဆာတစ်ခုပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါ လက်ရာများမှာ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A) မြောက်ကုန်းမှ တူးဖော် သုတေသနပြုလုပ်၍ ထွက်ရှိလာသောရွှေဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းလက်တချို့ကို ရေးသားဖော်ပြထားခြင်းပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A)မြောက်ကုန်းမှာ အဖျက်အဆီးအများဆုံးခံထားရသောကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော ဝေသာလီနန်းရိုးလက်ရာကျောက်၊ အုတ်များကိုလည်း ရှေးရှည်တည်တံ့စေနိုင်ရန် ခြံစည်းရိုးများပြုလုပ်ခြင်း၊ ကျောက်၊ အုတ်များကို မပြိုမပျက် မလွှင့်စဉ်ရအောင် မူလလက်ရာအတိုင်း ထိန်းသိမ်းရေးလုပ်ခြင်းများကို ပြုလုပ်သင့်ပါသည်။ ဤကုန်းမှ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော ရွှေဟောင်းပစ္စည်းလက်ရာအများအပြားမှာ ဝေသာလီကျောက်လေ့ကားခေတ်လက်ရာများကို ပင်တွေ့ရှိရပါသည်။

အနန္တော်အနန္တင်းပါးကို
ထာဝရဦးထိပ်ပန်ဆင်
ကန်တော့လျက်

ပန်းချီထူးသ
(ရှေးဟောင်းသုတေသန)

မှီငြမ်းချက် -

၁။ စာရေးသူကိုယ်တိုင် တူးဖော်သုတေသနပြုမှတ်စု

၂။ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13A)မြောက်ကုန်းအစီရင်ခံစာ

၃။ စံသာအောင်၊ ဦး၊ အာနန္ဒစန္ဒြေ ရှစ်ရာစု၊ ရခိုင်ဝေသာလီမင်း ၃/ ၁၉၇၅ ခုနှစ်

၄။ ညွှန့်ဟန်၊ ဦး၊ ဝေသာလီမြို့ဟောင်း တူးဖော်သုတေသနပြုမှုအစီရင်ခံစာ ၁၂/ ၁၉၈၆ ခုနှစ်၊

၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရခိုင်ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်းက အလုပ်ကို အချိန်အကန့်အသတ်ထားသည်။ မနက် လေးနာရီခွဲ၊ ငါးနာရီ အိပ်ရာထ၊ မျက်နှာသစ်၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ ရသလောက် တရားလှမှတ်၊ မနက်စာစား၊ ခုနစ်နာရီတွင် သတင်းနားထောင်ရင်း စာဖတ်၊ ကိုးနာရီမှ ဆယ့်တစ်နာရီအထိ စာရေး၊ နေ့ခင်းတစ်နာရီ တစ်နာရီကျော်မျှအိပ်၊ နိုးလျှင် မျက်နှာသစ်၊ ရေနွေးသောက်၊ စာဖတ်၊ နှစ်နာရီကျော် သုံးနာရီတွင် စာရေး၊ ထို့နောက် ငါးနာရီခွဲ ခြောက်နာရီတွင်ရေခိုး၊ ရေနွေးသောက်၊ တရားနာ၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ စသည်ဖြင့် -

ည (၉) နာရီအချိန်လောက်တွင် အင်တာနက် Facebook တစ်နာရီဖတ်လေ့ရှိပြီး ဆယ့်နှစ်နာရီအထိ တရားရှမှတ်လေ့ရှိ၏။ အရေးတကြီးရေးသားရမည့်စာများရှိလျှင်လည်း တရားရှမှတ်မည့်အချိန်မှဖုံးပြီး စာရေးလေ့ရှိသည်။

ဤသည်မှာ ပုံသေသတ်မှတ်ထားသော်လည်း မနက်စာ၊ နေ့ခင်း စသော အချိန်များတွင်မူ ကိစ္စပေါ်ခြင်း၊ ဧည့်လာခြင်းရှိတတ်သောကြောင့် စာရေးပျက်တတ်သည်။ ထို့ကြောင့် ညကာလကိုသာ ကိုယ်ပိုင်အချိန်ဟု ဆိုရမည်ဖြစ်သည်။

ယခုလည်း ညကိုးနာရီခွဲနေပြီ၊ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေခဲ့လည်း ပြီးပြီဖြစ်၍ အင်တာနက် Facebook ဖတ်ရန် အလှည့်သို့ရောက်လာသည်။ မောင်အေးချမ်းမှာ အင်တာနက်ကို ကွန်ပျူတာမှာချိတ်မထားဘဲ အနားယူအိပ်ဖတ်ရန်အတွက် တယ်လီဖုန်းမှာသာချိတ်ထားသည်။ ထို့ကြောင့် တယ်လီဖုန်းဟမ်းဆက်ကိုလည်း မော်ဒယ်မြင့်၊ ဆိုပ်ကြီးကိုသာဆောင်ထားသည်။

ဖေဘုတ်စာမျက်နှာတစ်နေရာသို့ရောက်လျှင် တအံ့တသြဖြစ်သွားရ၏။ ပြည်ပြို့ ရွှေဆံတော်ရုပ်၌ ကဝေသောင်းကျန်းနေသည့် အကြောင်းကို ဖတ်လိုက်ရသောကြောင့်ဖြစ်၏။ ညဘက်တွင် တုတ်၊ ဓား၊ ဓာတ်မီးများကို ကိုင်ဆောင်ပြီး လှည့်လည်နေကြသည့် လူများကိုလည်း တွေ့ရ၏။ ရွှဲရွှင်မဟုတ်ဘဲ ရွှဲငြိမ်ပုံများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ကဝေအကြောင်းကိုရေးထားသော စာသည်လည်း မျက်နှာဝက်ခန့်သာရှိ၏။ ထူးဆန်းသောကြောင့် ထိုစာကိုလည်း အသေးစိတ် ဖတ်ကြည့်သည်။ ကဝေဟု ကင်ပွန်းတပ်ကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ယခု သောင်းကျန်းနေသော အကောင်ကို မည်သည့်မိစ္ဆာအမျိုးအစားဟု တိတိကျကျဖော်ပြထားခြင်းမရှိပေ။

ကဝေကောင်သည် ယောကျ်ားဖြစ်သည်။ အပြေးမြန်သည်။ ကိုယ်မှာ အဝတ်မပါ။ ခေါင်းတုံးဖြစ်ပြီး ကိုယ်လုံးထွားသည်။ ညဘက်တွင် အိမ်များကို တက်သည်။ တို့ဆေးလည်းပါသည်။ ပစ္စည်းခိုး၊ အလစ်သုတ်ပြီး အသက်ကို အန္တရာယ်ပြုရန်လည်းမဟုတ်ဘဲ အမျိုးသမီးများကို ကာယန္တေပျက်ပြား ထိပါးရဲအားထုတ်ခြင်းမျှသာဖြစ်သည်။

အမျိုးသမီးများဟုဆိုရာ၌လည်း တစ်ခုလပ်၊ အိမ်ထောင်ရှင်တို့ကို မရည်ရွယ်ဘဲ အပျိုရှိသော အိမ်များကိုသာ ရွေးတတ်သည်။ အပျိုမ၏အဝတ်များကို ချွတ်ကာ ခန္ဓာကိုယ်အပေါ်ပိုင်း၊ အောက်ပိုင်းများကို ကိုင်တွယ်ပွတ်သပ်ပြီးနောက် အခန်းထဲမှပြေးထွက်သွားသည်။ အပြေးအလွှားမှာ လေကဲ့သို့မြန်သည်။ မတရားကြံစည်ခြင်း၊ အဓမ္မကျင့်ခြင်းအလျင်းမရှိ။ ထို့ကြောင့် ထုံကူးသည်ဟု ထင်ကြသည်။

မည်မျှအထိပင် သတိနှင့်နေပြီး ခြံတံခါး၊ အိမ်တံခါး၊ အခန်းတံခါးများကို လုံခြုံစွာပိတ်ပြီး မိဘမောင်ဘွားများက သမီးပျိုလေးအတွက် အထပ်ထပ်(မအိပ်မနေ) ကင်းစောင့်နေကြသော်လည်း မလွတ်ဟု ဆိုသည်။ အလွန်လျင်မြန်ပြီး သန်မာသောကြောင့် ဖမ်းချုပ်၊ ဆွဲကိုင်ထားရှာလည်း မရနိုင်။

ထို့ကြောင့် ရပ်ကွက်သုရပ်ကွက်သားများက စနစ်တကျ စုပေါင်းဖွဲ့စည်းပြီး ဝိုင်းဖမ်း သတ်ဖြတ်ရန် ကြံစည်ကြသော်လည်း မရနိုင်ကြ။ ဓာတ်မီးရောင်ဖြင့် တိတိကျကျမြင်လိုက်လျှက်နှင့်ပင် ပျောက်သွားသည်။ နှစ်ထပ်တိုက်အိမ်ကြီးများကိုပင် ခုန်ကျော်ပျောက်ကွယ်သွားနိုင်သည်ဟု ရေးထားသည်။

မှန်နှင့် သံပရာသီးကို ကြောက်သည်ဟုလည်း ဆိုသည်။ ထို့ကြောင့် ယခုအခါ (၂၀၁၅ ခု၊ မတ်လဆန်း) ၌ ပြည်မြို့တွင် အလွန်အမင်း ချောက်ချားတုန်လှုပ်လျက်ရှိနေကြလေသည်။

ဤကဝေသည် ယခုမှ ပြည်မြို့၌ အသစ်စက်စက်အထူးအဆန်းဖြစ်ပေါ်လာသည့် အကြောင်းအရာ မဟုတ်ဘဲ ရှေးယခင်ကလည်း အခြားမြို့ရွာများတွင် ဖြစ်ပေါ်ခဲ့သည့် အကြောင်းကို ရေးသားထားသည်။

၂၀၀၈ ခုနှစ် ကရင်ပြည်နယ်၊ ၂၀၁၁ ခုနှစ် ရေလယ်ကျောက်တန်း၊ ၂၀၁၃ ခုနှစ် မုံရွာ၊ ၂၀၁၅ ခုနှစ် (ယခု) ပြည်။

ဖြစ်ခဲ့ဖူးသည့် နေရာအားလုံးမှာပင် တစ်လနီးပါးခန့်အထိ ကြာကြာဖြစ်လေ့ရှိပြီး ဖြစ်စဉ်အားလုံးတူသည်ဟု ဆိုသည်။ ပစ္စည်းအန္တရာယ်၊ လူအန္တရာယ်တစ်စုံတစ်ခုမျှမဖြစ်ဘဲ အလိုအလျောက်ချုပ်ငြိမ်းသွားသည်ဟုလည်း သိရသည်။ မည်မျှအထိပင် ကြံစည်ကြသော်လည်း မည်သည့်နေရာကမျှ ကဝေကောင်ကို ဖမ်းမိခြင်းမရှိဟု ဆိုသည်။

မောင်အေးချမ်း ဤသတင်းကို ဖတ်ရှုလိုက်ပြီးနောက် လွန်ခဲ့သော ၂၀၀၈ ခုနှစ်က ဤဖြစ်ပုံမျိုးအတိုင်း သတင်းတစ်ခုကို သတိရလာသည်။

ထိုအခိုန်က မောင်အေးချမ်းသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ဘုရားကိုင်ရပ်ကွက်သို့ရောက်နေသည်။ ဆောင်းဦးရာသီမှ နွေလယ်ရာသီရောက်သည်အထိ ငါးလကျော်မျှနေခဲ့ဖူးသည်။

ထိုအခိုန်က မောင်အေးချမ်းနှင့် တစ်နယ်တည်း ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်ရွာသား ကျော်ကျော်ထွန်းနှင့် ဆုံတွေ့ခဲ့သည်။ ညနေတိုင်း ကျော်ကျော်ထွန်းနှင့် အတော်ညနက်သည်အထိ ထွေရာလေးပါးစကားပြောနေကြသည်။

မောင်အေးချမ်းက ရန်ကုန်မှာ အနေများပြီး ရွာဘက်၊ နယ်ဘက်ကို မရောက်သည်မှာ သုံး၊ လေးနှစ်ရှိနေပြီ။ ထို့ကြောင့် ရွာအကြောင်း၊ နယ်အကြောင်းများကိုပြောရင်း ဆိုခဲ့သည့် ကဝေအကြောင်းလည်းပါလာလေသည်။ တပ်တောင်ရွာ၌ ကဝေအကြောင်းကို ကြုံခဲ့သည်မှာ လွန်ခဲ့သောနှစ်နှစ်ကျော်ကဟုဆိုသည်။

ထို့ကြောင့် ဆိုခဲ့သည့် ကဝေအကြောင်းကို ကြုံခဲ့ကြရသည်မှာ ကရင်ပြည်နယ်မှစပြီး လက်ရှိ ပြည်မြို့မှာကြုံနေကြရသည်အထိ လေးနေရာနှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်ရွာကြီးတွင် ကြုံခဲ့ရသည်ကိုပါ ထည့်ပေါင်းလျှင် ငါးနေရာပင်ဖြစ်နေလေသည်။

Facebook တွင်ပြထားသည်မှာ ၂၀၀၈ ခုနှစ် ကရင်ပြည်နယ်မှာ နံပါတ်တစ်ဟုဆိုသော်လည်း ကျော်ကျော်ထွန်းပြောသည်နှင့်စာလျှင် ကျော်ကျော်ထွန်းတို့တပ်ရွာမှာဖြစ်ခဲ့သည်က ကရင်ပြည်နယ်မှာထက် နှစ်နှစ်ကျော်စောနေသည်ကိုပင် တွေ့ရလေသည်။

Facebook တွင် ရေးထားသော လေးနေရာစလုံးတွင် 'ကဝေသောင်းကျန်းနေသည်' ဟု သာမန်မှုသာရေးထားသည်။ အခြားဘာမှမပါရှိပေ။ ကျော်ကျော်ထွန်းပြောပြသည်မှာ ကဝေသောင်းကျန်းသည်နှင့် ဆက်စပ်သည်ဟု ဆိုနိုင်သော အကြောင်းအရာတစ်ခုပါရှိနေသည်ကိုလည်း တွေ့ရလေသည်။

ထိုအကြောင်းနှစ်ခုကို ဆက်စပ်ကြည့်မှ ကဝေပေါ်ပေါက်သောင်းကျန်းခဲ့သောအဖြစ်များ ရုပ်လုံးကြွလာလိမ့်မည်ဟုထင်သည်။

ထို့ကြောင့် ဤနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စဉ်းစားဉာဏ်ကြီးကြသော ပုဂ္ဂိုလ်များ တွေးတောဆက်စပ်ကဝေသောင်းကျန်းခြင်းနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ကြလိမ့်မည်ဟု ယူဆထင်မြင်၍ ကျော်ကျော်ထွန်း ပြောပြသည်ကို အပြည့်အစုံ ရေးသားရပေတော့မည်။

❑

တလိုင်းတောင်ရွာနားတစ်ခိုတွင် သံခမောက်ဆောင်းသရဲကြီးအား လိုက်ရှာနေကြသော လူတစ်စု၏ သတင်းကို ကြားသိရသည်။

(အမ်းမြို့နယ်ထဲက တလိုင်းတောင်ရွာဟူသည် မွန်မင်းထံမှ စစ်ရှုံး၍ တလိုင်းမင်းနှင့် ရဲမက်စစ်သည်၊ နန်းတွင်းသူနန်းတွင်းသားများ တိမ်းရှောင်လာကြရာ ထိုနေရာ၌ သစ်ခက်တဲနန်းထိုးပြီး ရာသက်ပန် နေထိုင်သွားသောကြောင့် တလိုင်းတောင်၊ တလိုင်းတောင်ရွာဟု ယခုတိုင် အမည်တွင်နေခြင်းဖြစ်သည်။ တလိုင်းတောင်ရွာသည် ရန်ကုန် - တပ်တောင်ကားလမ်းဘေး အမ်းမြို့နယ်ထဲတွင်ရှိသည်။)

ထို့ကြောင့် ကြားရသူတိုင်း အံ့သြကြသည်။ သံခမောက်ဆောင်း ဟူသည်မှာ တန်ခိုးထွားသောသရဲအကြီးစားမျိုးဖြစ်သည်။ တချို့အရပ်တွင် ကွင်းပိုင်ကြီးဟုလည်း ခေါ်ကြမည်ထင်သည်။ လူတိုင်း ကြောက်လန့်နေကြသော သရဲကြီးမျိုးလည်းဖြစ်သည်။ သခ္ဓိုင်းကုန်းမှာ မနေဘဲ သူ့နေရာနှင့်သူ သစ်ပင်ကြီးကျောက်ဆောင်ကြီး စသည်များမှာနေသည်ဟုဆိုကြသည်။ နီးစပ်ရာလူများထဲ၌ ငှက်ပျောသရဲကြီး (သံခမောက်ဆောင်းနှင့် ပိုင်ကြီး) အား ပေးကမ်းကြရင်း၊ ရှေးနေကပင် အပိုင်စားရထားသော မိစ္ဆာကြီး

www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်နိုင်သည်။

သိပ်ပြီးမကြာမီပင် သံခမောက်ဆောင်းကို လိုက်ရှာနေကြသောအဖွဲ့ တပ်တောင်ရွာကြီးကို ရောက်လာကြသည်။ လူလေး၊ ငါးယောက်ပါသည်။ ဆရာများအပြင် ဒေသခံ စိုင်ဘောင်ချင်းတိုင်းရင်းသားအချို့လည်း ပါလာကြသည်။ လမ်းပြများဖြစ်ဟန်တူသည်။

တပ်တောင်ရွာသည် အမ်းပြို့နယ်တွင် အကြီးဆုံးဖြစ်သည်။ ထိုအချို့နှင့်ပင် အိမ်ခြေသုံးထောင်ကျော်ရှိသည်။ အဘယ်ကြောင့်ရယ်မသိ၊ ယခုအချိန်ထိလည်း မြို့အမည်မပေါက်သေးပေ။

သံခမောက်ဆောင်းကို လိုက်ရှာနေကြသောအဖွဲ့က ဘုန်းကြီးကျောင်းမှာ တည်းခိုကြသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းနှင့် အနီးမှာနေသော ကျော်ကျော်ထွန်းနှင့်ဆုံမိကြသည်။

ကျော်ကျော်ထွန်း၏ပင်ကိုယ်လည်း ခပ်စွာစွာဖြစ်သည်။ အထူးအဆန်းနှင့် ခွန်စားခန်းများကိုလည်း ကြိုက်သည်။ ထို့ကြောင့် သူက သံခမောက်ဆောင်းကို လိုက်ရှာနေကြသောလူများထဲ ချဉ်းကပ်ပြီး အကြောင်းခြင်းရာများကို မေးမြန်းကြည့်သည်။ သူတို့ကလည်း ဖပြာပြကြသည်။

"ကျွန်တော်တို့ ခေါင်းဆောင်တွေကတော့ ကချင်ပြည်နယ်ကပါ။ ကျွန်တဲ့လူတွေအားလုံးက လမ်းပြ၊ သတင်းမေးအဖြစ်ခေါ်လာတဲ့ဒေသခံတွေချည်းပါပဲ"

ဟုတ်သည်။ တရုတ်နွယ်ပုံရသည်၊ ခပ်ဝဲဝဲတရွတ်သံများပါသည်ကိုလည်း သတိပြုမိသည်။

"နောင်ကြီးတို့က သံခမောက်ဆောင်းကိုလိုက်ရှာနေကြတယ်ဆိုတော့ လွယ်ပါ့မလား။ သံခမောက်ဆောင်းဘယ်နေရာမှာရှိတယ်ဆိုတာကော တိတိကျကျသိနိုင်ပါ့မလား"

"နီးစပ်ရာသခ္ခိုင်းက သရဲတွေကို ခေါ်မေးရင်သိနိုင်ပါတယ်"

နီးစပ်ရာသခ္ခိုင်းက သရဲတွေကို ခေါ်မေးနိုင်သည်ဟု ဆိုသဖြင့် သည်လူများကို လျှော့တွက်၍မရပေ။ အောက်သမ်း စသောပညာရပ်များကို ကျွမ်းကျင်ရာ တတ်မြောက်ထားပုံရသည်။

"အခု နောင်ကြီးတို့ သံခမောက်ဆောင်းကို တွေ့ဖူးကြပြီလား ခင်ဗျာ"

"အစကတော့ တလိုင်းတောင်ရွာနားမှာ သံခမောက်ဆောင်းရှိတယ်ဆိုတာ သတင်းကြားလို့ လိုက်သွားတော့ မတွေ့ရပါဘူး။ ဒါကြောင့် သခ္ခိုင်းကသရဲတွေကိုခေါ်မေးတော့ သံခမောက်ဆောင်းကြီးဟာ ရခိုင်နိုးမကြီးပေါ် တက်ပြေးသွားပြီလို့ ပြောကြပါတယ်"

"နောင်ကြီးတို့ သခ္ခိုင်းကုန်းက သရဲတွေကိုခေါ်မေးတဲ့အခါ နောင်ကြီးတို့ပညာရှင်တွေအပြင် အခြားလူတွေလည်း မြင်လို့ရပါသလား ခင်ဗျ"

"ရပါတယ်၊ သူတို့ကိုမေးကြည့်ပါလား"

ဟု လမ်းပြ၊ သတင်းထောက်၊ စကားပြန်အဖြစ် လိုက်ပါနေကြသော စိုင်ဘောင်ချင်းတိုင်းရင်းသားများထဲမှ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်ကို မေးထိုးပြသည်။ ထိုစိုင်ဘောင်ကြီးက တစ်ချက်ပြုံးလိုက်ပြီး ခေါင်းညိတ်ပြကာ ပြောသည်။

"ငါဖို့အားလုံးမြင်ကြရပါတယ်။ ဒါပေမယ့် မှောင်ရိပ်ဖုံးဖြစ်နေလို့ သိပ်တော့မကွဲဘူးပ။ မြောက်ဥရောင်းသခ္ခိုင်းမှာဆိုရင် သရဲအများဆုံးပဲ"

မြောက်ဥရောင်းရွာသည်လည်း ရန်ကုန် - တပ်တောင်လမ်းမကြီး၏ ညောင်ရောင်းရွာမှ အမ်းပြို့ဘက်သို့ ခွဲထွက်သွားသောလမ်းဘေးတွင်ရှိသည်။

ကျော်ကျော်ထွန်းက သံခမောက်ဆောင်းကို လိုက်ရှာနေကြသောအဖွဲ့ တစ်ဖွဲ့ တလိုင်းတောင်ရွာဘက်ရောက်နေသည်ဟုသာ ကြားဖူးသည်။ ယခု စိုင်ဘောင်ကြီး၏ ပြောစကားအရဆို လျှင် တလိုင်းတောင်ရွာအပြင် ပတ်ဝန်းကျင်ရွာ အတော်များများကိုပင် သွားရောက် ရှာဖွေနေကြပြီဖြစ်ကြောင်းကိုပါ နားလည်လိုက်ရသည်။

"မြောက်ဥရောင်းရွာနားမှာကော သံခမောက်ဆောင်းကို တွေ့ကြရပါသလားခင်ဗျ"

"အဲဒီမှာလည်း တလိုင်းတောင်ရွာနားမှာလိုပါပဲ။ ကျွန်တော်တို့လာနေတာ သိလို့ သံခမောက်ဆောင်း ရခိုင်နိုးမကြီးပေါ် တက်ပြေးသွားပြီတဲ့"

"ဒီတော့ နောင်ကြီးတို့သံခမောက်ဆောင်းဆီက သံခမောက်ကိုရရင် ဘယ်လိုနေရာတွေမှာသုံးမှာပါလဲခင်ဗျ"

"လိုရင်းအကျဉ်းချုပ်ကတော့ဗျာ သံခမောက်ကိုရရင် ကိုယ်ဖျောက်လို့ရပါတယ်။ ဒီတော့ လိုသလိုသုံးလို့ရမှပေါ့"

ကျော်ကျော်ထွန်းက ထိုမျှသာ မေးကြည့်လိုက်သည်။ သူတို့လည်း သံခမောက်ဆောင်းရှိသည်ဟု နာမည်ကြီးနေသော တပ်တောင်ရွာ၏အနောက်ဘက်ရှိ ဖိုးသုံးတောင်ကို (၅) မိုင်ကျော် (၆) မိုင်ခန့် ဝေးသည့် ရေပုပ်ရွာဘက်သို့ထွက်သွားကြလေသည်။

❑

လူပျိုခေါင်းဆောင်တစ်ဦးဖြစ်သော ကျော်ကျော်ထွန်းကပင် ပဌာန်းပွဲသို့ကြွလာကြသော ဆရာတော်များအား ခရီးဦးကြို ပင့်ဆောင်ပြီး နေရာထိုင်ခင်းပေးရသည်။ ဆရာတော်များ၏ ဝေယျာဝစ္စအားလုံးကိုလည်း (ကျောင်းနားပိုင်း) လူပျိုများကသာ တာဝန်ယူရသဖြင့် ကျော်ကျော်ထွန်းမှာ အိမ်ကိုပင်မပြန်ဖြစ်ဘဲ ပဌာနဘဏ္ဍာကဆရာတော်ကြီးများ၏အနားမှာပင် ကပ်ွယကာရက်ပြုလုပ်ပြီးနေရလေသည်။

ညနေပိုင်းသို့ရောက်လျှင် ရွာထဲမှကျောင်းဒကာကြီးများလည်း ရောက်လာကြပြီး ဆရာတော်များနှင့် စကားစမြည် ပြောဆိုနေကြလေသည်။ ထိုမှ အထိ အစွမ်းထက်ပြီး ကမ္မဇိဿိတန်ခိုးကြီးသော သရဲကြီး၏သံခမောက်ကို ရနိုင်၊ မရနိုင် စသည်ဖြင့် . . . ။

'ရေတ်တောင်ဆရာတော်က -

"ရနိုင်လောက်ပါတယ်။ တို့ငယ်ငယ်တတော့ သံခမောက်ဆောင်းရဲ့ သံခမောက်ကို လူတစ်ယောက်ရသွားတဲ့ အကြောင်း ကြားဖူးတယ်"

ဟု စပြောသည်။

ကင်းခြေဆရာတော်ကလည်းဝင်ပြောသည်။ ကင်းခြေရွာသည်ကား ရန်ကုန်မြို့ သယ်နက်ကျွန်း ဆ/ခရပ်ကွက် အောင်ရာမြေဆရာတော်ကြီး ဦးဝရ (ကလောင်အမည် ဝရာလင်္ကာရ/ ရှင်ရာဟုလာ) ၏ ဇာတိရွာ ဖြစ်သည်။

"ဟုတ်တယ်။ တို့ငယ်ငယ်က ပေသာမော်ဆိပ်ကမ်းဇရပ်မှာ လူဖြူလေးတစ်ယောက် 'ငါသံခမောက်ပေး၊ ငါသံခမောက်ပေး'နဲ့မြစ်ဘက်ကြည့်ကြည့်ပြီး အော်ငိုနေလို့ ဝိုင်းမေးကြတော့ အဲဒီ ပတ်ဝန်းကျင်မှာ သောင်းကျန်းနေတဲ့ သံခမောက်ဆောင်းကြီး လူတစ်ယောက်က သူ့သံခမောက်ကိုလုယူသွားတာ သိကြရတယ်။ အသက် (၁၂)၊ (၁၃) နှစ်ကလေးသာသာအရွယ် လူဖြူလေးတစ်ယောက်ပဲတဲ့။ လူတွေက သနားလို့ မုန့်ပဲစတဲ့ စားစရာတွေကိုကျွေးရင်လည်း စားတယ်။ ပြီးတော့ မြစ်ဘက်ကြည့်ပြီး သူ့သံခမောက်ကို ငိုယိုတောင်းရင်းတောက်တော့ သေဆုံးသွားတယ်လို့ ကြားလိုက် ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

အခြားဆရာတော်များကလည်း ပေသာမော်က သံခဇာတ်ဆောင်းကြီး သံခမောက်အချွတ်ခံလိုက်ရသည့် အကြောင်းကို သူတို့ကျောင်းသား အရွယ်တုန်းက ကြားဖူးလိုက်သည်ဟု ထောက်ခံ ပြောဆိုကြသည်။ ထို့ကြောင့် ကင်းခြေဆရာတော်၏စကားများဖွယ် မရှိတော့ဘဲ သာ၍ပင် ခိုင်မာသွားလေသည်။

ကင်းခြေဆရာတော်က ဝင်ပြောလိုက်၍ ငရုတ်တောင်ဆရာတော်၏ သံခမောက်အကြောင်းလည်း ပြတ်သွားလေ သည်။ ထို့နောက် ဆရာတော်ကြီးများ အချင်းချင်းသာစကားပြောနေကြသဖြင့် ကျော်ကျော်ထွန်း စကားဝင်ခွင့်မရဖြစ်သွားသည်။

သို့သော်လည်း ကင်းခြေဆရာတော်၏စကားသည်ပင် လုံလောက်နေလေသည်။ မည်သည့်ပညာဖြင့် သံခမောက်ကို ရယူနိုင်သည်ဟု အတိအကျ မသိနိုင်သော်လည်း လူသားထဲက သရဲကြီး၏သံခမောက်ကို ရယူနိုင်သည်မှာ ထင်ရှားနေလေသည်။

ဆရာကြီးဖိုးကျော်၏ဝတ္ထုတိုတစ်ပုဒ်ကိုလည်း ဖတ်ရသည်။ သံခမောက်ဆောင်းကြီးကလူယောင်ဆောင်ပြီး မော်ဆရာကြီးအား ကုန်းပိုးပင့်သွားလေရာ ရွာဘက်ကိုမသွားဘဲ တောဘက်ကိုသာ ဦးတည်ပြီးလျှောက်သွားနေ၍ မသက်သောနေကြောင့် မသိမသာခေါင်းကိုထိစမ်းကြည့်၏။ ထိုအခါ သံခမောက်ကို တွေ့၍ သိမ်ဝင်အပ်နှင့်ကုပ်ပြီး အိမ်ဘက်ပြန်ထမ်းခိုင်း၏။

ထို့နောက် သံခမောက်ထဲ မင်စိမ်းကြီး (ခွေးသေးပန်းစေ့) များ ထည့်သိမ်းထားပြီး လူအသွင်ဖြင့် အိမ်မှာခိုင်းစားထား၏။ ပင်စိမ်းကြီး အပင်၊ အရွက်၊ အစေ့အားလုံးကို သရဲဘဝွေများကြောက်သည်ဟုဆို၏။

ကာလအတော်ကြာပြီးနောက် အိမ်မှာ မော်ဆရာကြီးမရှိခိုက် သံခမောက်ဆောင်း တစ်ဖြစ်လဲ ကောင်လေးက မော်ဆရာကြီး၏မယားအား ချုပ်ကပ်ပြီး အသနားခံကာ သံခမောက်ကို တောင်း၏။ မော်ဆရာကြီး၏ မယားကလည်း သနား၍ထုတ်ပေးလိုက်၏။

ကောင်လေးသည် သံခမောက်ကို ရသွား၍ ဆောင်းလိုက်သည်နှင့် သာမန်လူတို့ထက် ဆယ်ဆခန့်ကြီးသွားပြီး ကျယ်လောင်စွာဖြင့် -

"ဝါး... ဟား... ဟား..."

ဟု ထအော်ကာ မိုးပေါ်သို့ခုန်တက်ပြီး ပျောက်ကွယ်သွားလေသည်။ မော်ဆရာကြီး၏ မယားသည်လည်း ထိုနေရာမှာပင် မေ့လဲကျန်ခဲ့လေ၏ဟု ရေးထားသည်။

နောက်တစ်မျိုးကား တောင်တန်းဆရာတော်ဦးဥတ္တမ၏ အာပတ်နှင့်တကွ စုတေခဲ့လျှင် စာအုပ်မှာ ဖတ်ရသည်။ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းပြို့နယ် ထဲကရွာတစ်ရွာကို အခြေခံသည်။

ငွေသားမှ ငွေစက္ကူသို့ကူးပြောင်းရန်နီးသောအချိန်တွင် ဖြစ်သည်။ ထိုရွာကျောင်းဆရာတော်မှာ အကျော်အမော် မွေ့ကထိကကြီးဖြစ်သည်။ ဆရာတော် ပုံလွန်တော်မူခါနီးတွင် လှေကားရင်း၌ မြွေပွထားသောငွေအိုးကို အမှတ်ရသည်။ ထိုစိတ်ကြောင့် ဆရာတော် သရဲဖြစ်သွားခဲ့သည်။ ထို့ကြောင့် ကျောင်းထိုင်ရသောကိုယ်တော်များမရှိကြတော့ဘဲ ကျောင်းကြီးကို ပိတ်ထားရလေသည်။

တစ်နေ့တွင် အခြားရွာက လူတစ်ယောက် သူတို့ရွာသို့ အကြွေးတောင်းရန်လာသည်။ ထိုအိမ်၌ အိမ်ရှင်ယောကျ်ားမရှိ၍ ဘုန်းကြီးကျောင်းတက်အိပ်သည်။

ညနေမိုးချုပ်ပြီးနောက် သရဲဖြူကြီးတစ်ကောင် တရွေ့ရွေ့ဖြင့်တိုးလာသောကြောင့် လုံးထွေးသတ်ပုတ်ကြရင်း ထိုလူက သရဲဖြူကြီး၏ဦးထုပ်ကိုရသွား၍ သရဲဖြူကြီးကိုယ်မဖျောက်နိုင်တော့ပေ။ ထို့နောက် သရဲဖြူကြီးက ပြောသည်။

"ဒကာကြီး၊ ကျုပ်က ဒီကျောင်းထိုင်ဘုန်းကြီးသရဲဗျ။ လှေကားရင်းမှာ မြွေပွထားတဲ့ငွေအိုးကိုစိတ်ရောက်နေတုန်း သေလို့ သရဲဖြစ်သွားတာ။ ဒါကြောင့် အဲဒါကိုပြောပြချင်လို့ ဒကာကြီးဆီလာတာပါ။ ဒကာကြီး အဲဒီငွေအိုးကိုဖော်ယူပြီး ရောင်းချအလှူပြုလုပ်ပြီး ကျုပ်ကို လည်းအမျှဝေပါ။ ကျန်တာကို ဒကာကြီးစားပါ"

ထိုလူက မယုံ၍ ဦးထုပ်ကိုမပေးသေးဘဲ လှေကားရင်းကိုတူးကြည့်ပြီး ငွေအိုးကိုရမှ ဦးထုပ်ကိုပြန်ပေးလိုက်သည်။ ဘုန်းကြီးသရဲလည်း ဦးထုပ်ကိုရသွားမှ ကိုယ်ဖျောက်သွားလေ၏။

ဤဇာတ်လမ်းကိုကြည့်ခြင်းဖြင့် ဦးထုပ်ဆိုသည်မှာ သံခမောက်၏ကိုယ်စားဖြစ်ဖွယ်ရှိသည်။ အဆင့်မြင့်သော သရဲကြီးများသည် သံခမောက်ကို ဆောင်းပြီး အဆင့်နိမ့်သောသရဲများက ဦးထုပ် စသည်ကိုသာ ဆောင်းရဟန်ရှိသည်။

ဤ၌ ဘုန်းကြီးသရဲဖြစ်၍ လူတို့ကဲ့သို့ အကုသိုလ်များခဲ့သောကြောင့် သာမန်သရဲမျှသာဖြစ်ဟန်ပုံရှိလေသည်။ ထို့ကြောင့်လည်း သံခမောက်မရဘဲ ဦးထုပ်မျှသာဆောင်းရသည်ဟုထင်၏။ သရဲများထဲမှ အဆောင်းအဆောင်စသော တစ်ခုခုကို ရအောင်ယူနိုင်လျှင် ထိုသရဲကိုယ်ဖျောက်၍မရတော့ကြောင်းလည်း ထင်ရှားလေသည်။

❑

နောက်တစ်ပတ်ခန့်အကြာတွင် သံခမောက်ဆောင်းကို လိုက်ရှာနေကြသော ကချင်ဆရာများ ဦးဆောင်သည့် အဖွဲ့ သံခမောက်ရသွားပြီဟု သတင်းရသည်။ ထို့ကြောင့် ကြားရသူတိုင်း တအံ့တသြဖြစ်ကြရသည်။ ထိုဆရာများ အဘယ်ပညာများကိုအသုံးပြုပြီး သံခမောက်ဆောင်းကြီးဆီက သံခမောက်ကို ရယူသွားကြပါလိမ့်ဟု။

ထို့နောက် တစ်ဆက်တည်းကိုပင် တပ်တောင်ရွာထဲ၌ ထူးဆန်းသောဖြစ်စဉ်ကြီးတစ်ခုပေါ် ပေါက်လာလေ၏။ အဖျိုရှိသည့်အိမ်များကို လူဆိုးတက်သည်သတင်းပင်ဖြစ်သည်။ ထိုသတင်းသည်လည်း တိုးတိုးတိတ်တိတ်မဟုတ်။ အိမ်ပေါ် တက်လာစဉ်က တစ်ယောက်မျှ မသိလိုက်ကြသော်လည်း အဖျိုတို့၏ အခန်းထဲမှ ပြန်ထွက်အပြေးတွင် ဆူညံသွားတတ်သောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးဆူညံသွား၍ လူသိရှင်ကြားဖြစ်သွားခဲ့သည်။

သတင်းထွက်စဉ်တွင် တစ်ဦးတစ်ယောက်မျှမပြောရဲသော လူဆိုးတစ်ယောက်ယောက်က ထိုအဖျိုမကို အမွေကျင့်သွားသည်ဟု တထစ်ချယုံကြည်နေကြ။ ထို့ကြောင့် အထက်ခံလိုက်ရသော အိမ်မှအဖျိုမှာ အရှက်ရပြီး ငိုချမြည်နိုင်တော့ပေ။ မိဘမောင်ဖွားများမှာလည်း မျက်နှာမပြုံ့လောက်အောင်ပင်ဖြစ်နေကြရလေသည်။ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး တက်တဆေါက်ဆေါက်လက်တပြင်ပြင်ဖြစ်နေကြသည်။

သို့သော် ထိုအဖြစ်ဆိုးသည် အဖျိုတစ်ယောက်တည်း၊ တစ်နေရာတည်းကို မဟုတ်ပေ။ ဟိုအပိုင်းသည်အပိုင်း ဟိုလမ်းသည်လမ်းဆိုက်ဘိသို့ ကြားလာရသည်။ တစ်ညတည်းပင် နှစ်ယောက်သုံးယောက်အထိလည်း အကြောက်ခံနေ

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ထို့ကြောင့် တပ်တောင်တစ်ရွာလုံးကို ကိုင်လှုပ်လိုက်သကဲ့သို့ ဖြစ်သွားရလေသည်။

အတက်ခံရသည့်အိမ်မှာလည်း တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမစသော သူများကိုမဟုတ်ဘဲ အပျိုမအိမ်များကို ချည်းသီးသန့်တက်လေသည်။ထို့ကြောင့် သာ၍ပင် အရှက်ရကြရသည်။ ဘချို့ စုစုပေါင်းသူများမှာ ပျက်သွားရသည်၊ ရည်းစားရှိသူများ လှမ်းခွဲသွားကြသည်။

ထိုကဲ့သို့အဖြစ်များလာသောအခါ မိန်းမကြီးများက တိုးတိတ်မေးမြန်းကြရာ နှုတ်မလုံသော အပျိုမများထံမှ -

"အခမ္မတော့မကျင့်ဘူး၊ ခန္ဓာကိုယ်ကို ကိုင်တွယ်ပွတ်သပ်ပြီးထွက်ပြေးသွားတာပါ"

ဟု ပြောပြကြလေသည်။

အခြားအပျိုများကလည်း ရှက်နေနိုင်ကြတော့ဘဲ ထိုအတိုင်းပင်အဖြစ်မှန်ကို ပြောပြကြလေသည်။ ထို့ကြောင့် အနည်းငယ်မျှ စိတ်သက်သာရသလို ဖြစ်ကြရ၏။

သို့သော် ထိုအဖြစ်သည်ကား လျော့၍မသွားပေ။ ညတိုင်းလိုလိုပင်ဖြစ်နေလေသည်။ ထိုအချိန်က တပ်တောင်ရွာကြီး၏ စခန်းမှူးမှာ နိုင်ငံကျော် ရုပ်ရှင်မင်းသား နေထက်လင်း၏ အစ်ကိုဖြစ်သည်။ ဒီကိစ္စကြောင့် စခန်းမှူးလည်း ခေါင်းမီးလောင်သကဲ့သို့ဖြစ်ရလေသည်။ စခန်းမှူးကိုယ်တိုင် ရွာထဲဆင်းပြီး ရွာသား လေး၊ ငါးယောက်၊ ရဲတစ်ယောက်ခွဲ ခေးကာ လမ်းကွေ့တိုင်း၊ ထောင့်တိုင်းမှာပင် ကင်းချ၍ ညလုံးပေါက်စောင့်ကြရလေသည်။ ရွာထဲ၌ နာမည်ဆိုးရှိသော သူအားလုံးကိုလည်း ဘုန်းကြီးကျောင်းမှာ ညလုံးပေါက် (အကျယ်ချုပ်) ချထားကြလေသည်။

ထိုကဲ့သို့ တင်းကျပ်စွာဖြင့် တုတ်၊ ဓားများကိုကိုင်ဆောင်ကာ ညလုံးပေါက် အစောင့်ချထားပြီး ကင်းသလားနေကြသော်လည်း ထိုအဖြစ်သည်ကား လျော့သွားဘဲ နဂိုအတိုင်း ဆက်မြဲဆက်ဖြစ်နေသည်။ အပျိုအိမ်များကိုတက်မြဲတက်နေလေသည်။သတိထားပြီး ကင်းသလားနေကြသည့် အနီးအနားမှာပင် ဖြစ်သွားပြန်လည်း

တချို့မိန်းမပျိုများမှာ အခန်းအိပ်ရာကိုလည်း မဝင်ရဲ၊ မိဘများကိုပင် အားမကိုးရဲကြတော့ဘဲ အစ်ကိုများ၏ အကြားကိုသာတိုးဝင်လျှက်နေကြလေသည်။

ထိုအခါ အစ်ကိုများက -

"သွားအိပ်ချေ၊ တို့မအိပ်ဘဲထိုင်စောင့်နေမယ်"

ဟုပြော၍ အခန်းထဲသို့ဝင်သွားရာ တစ်ဆက်တည်းလိုပင် ညီမဖြစ်သူ၏ အော်သံကြားရလေသည်။ ထို့ကြောင့် အစ်ကိုများက ချက်ချင်း အခန်းကိုပိတ်ဆို့ရန် ပြေးလိုက်သွားကြရာ နို့ကောင်အဟုန်ဖြင့်ထွက်လာသည်ကို ရှောင်ပေးရင်း ဖင်ထိုင်ကျသွားသည်အထိ အဖြစ်က မြန်ဆန်လေသည်။

ကင်းသမားများကလည်း ထိုသို့ဆူဆူညံညံဖြင့်အတက်ခံကြရသော်အိမ်များကို အလွတ်မပေးဘဲ တစ်လမ်းကျော်ကပင် အထပ်ထပ်ပတ်ဝိုင်းပြီး ထိုအိမ် အပါအဝင် တစ်တန်းလုံးကို အိမ်ရှင်များအားမောင်းချကာ အသေးစိတ် ဝါးလုံးခေါင်းများပါမကျန် ဓာတ်မီးထိုးပြီး ရှာဖွေကြလေသည်။

သည်နေ့ရာ၌ ကင်းပတ်ပြီး အထပ်ထပ်ရှာဖွေစစ်ဆေးနေကြဆဲမှာပင် ထိုဘက်တစ်နေရာက ဆူဆူညံညံဖြင့်တက်သည့်အသံကိုကြားကြရပြန်၏။ အဖြစ်သည်ကား ထိုမျှအထိ မြန်ဆန်ပြီး ဆိုးဝါးနေလေသည်။ အဖြစ်ချင်းလည်း တူနေလေသည်။

ထိုနို့ကောင်၏ပုံစံကို ပြုကျင့်ခံရသူများအား မေးမြန်းကြရာတွင်လည်း အရပ်ငါးပေ၊ ငါးလက်မခန့်ရှိပြီး ညိုကျစ်ကျစ်ရှိသည်ဟုဆိုကြသည်။ ထို့ကြောင့် နို့ကောင်သည် တစ်ယောက်တည်း ဖြစ်ဖွယ်ရှိသည်။ တချို့ မိန်းမပျိုလေးများမှာ တပ်တောင်ရွာ၌ မနေရဲကြတော့ဘဲ ဆွေမျိုးများရှိသည့်ရွာသို့ ပြောင်းပြေးကုန်ကြသည်။ တချို့လည်း မထူးဇာတ်ခင်းကာနေမြဲနေကြသည်။

ထိုအချိန်က တပ်တောင်ရွာ၏ အိမ်ခြေသည်ပင် လေးထောင်နီးပါးရှိသောကြောင့် အပျိုဦးရေလည်းများပြား၍ တစ်ည၌ နှစ်ယောက်၊ သုံးယောက်ပြုကျင့်ခံနေရသည့်တိုင် တစ်ယောက်တည်းကို နှစ်ကြိမ်ပြုမိသည်ဟုလည်း မရှိပေ။

ထို့ကြောင့် ဤပြဿနာကို ကိုင်တွယ် ဖြေရှင်းနေရသည့် ရုခန်းမှူးမှာ အလွန်အမင်း စိုးထိတ်နေရလေ၏။ မူခင်းဖြစ်ပေါ်လာတိုင်း အဖြစ်မှန်ကို ဖော်ထုတ်ပေးရမည်မှာ စခန်းမှူး၏ တာဝန်သာဖြစ်၏။ ယခုမူကား စာစီလန်းပါးကြာလာသည့်တိုင်အောင် နို့ကောင်ကိုဖမ်းမိခြင်းမရှိသေးပေ။

ထို့နောက် မထင်မှတ်ဘဲ နို့ကောင်သည် တန့်ခနဲရပ်သွားလေ၏။ ရပ်သွားသည့်နေ့မှစ၍ ဘာသံမှကြားရတော့ပေ။ ဖမ်းဆီးမိခြင်းမရှိဘဲ ရပ်သွားသောကြောင့် အံ့ဩရမလိုပင်ဖြစ်ကြရ၏။ မယုံကြည်နိုင်သေးဘဲ စောင့်ကြည့်နေကြသေးသော်လည်း နောက်တစ်ကြိမ်မကြားရတော့ပေ။

သို့မှ ဆွေမျိုးများရှာသို့ တိမ်းရှောင်သွားနေကြသော အပျိုများလည်း တပ်တောင်သို့ပြန်လာကြလေသည်။

သည်အဖြစ်ကို နောက်မှစဉ်းစားပြီး သတ္တုဗေဒပညာရှင်များက သံခမောက်နှင့်ဆက်စပ်နေသည်ဟု ယူဆကြ၏။ ထို့ကြောင့် သံခမောက်ဆောင်းသရဲကြီးထံမှ သံခမောက်ကိုရသွားသောလူသည် သိန္ဓိတက်အောင်ပြုလုပ်ဟန်တူ၏။

ထိုဆရာများက သရဲကြီးထံမှ သံခမောက်ကိုရလျှင် ကိုယ်ဖျောက်နိုင်သည်ဟုပြောသည်ကို ကျော်ကျော်ထွန်းမှတ်သားထားသည်။ ထို့နောက် ရေပုပ်ရွာဘက်မှာ သံခမောက်ကိုရသွားကြသည်ဟုကြားလိုက်ရပြီး ယခုအဖြစ်အပျက်များလည်း ဖြစ်ပေါ်လာခဲ့ရသည်။

သိန္ဓိပိတက်စေရန်အတွက် မိန်းမပျိုဦးရေမည်မျှအထိပြုရဦးမည်။ သို့မှသံခမောက်သည် ပိုမိုသိန္ဓိတက်ပြီး ပြည့်စုံခြင်းသို့ရောက်သည်ဟုယူဆကြသည်။

အဆက်အစပ်အားဖြင့် ထို့မျှသာထင်ကြေးပေးနိုင်ကြသည်။ သည့်အပြင် သည်အဖြစ်နှင့်ပတ်သက်၍ တိကျသောအဖြေကိုပြောဆိုနိုင်သူကား တစ်ဦးတစ်ယောက်မျှ မရှိကြပေ။

စကြွင်း -

တပ်တောင်မှ သည်သတင်းကို ကြားသိရပြီးနောက် ချက်ချင်း စာရေးကာ မဂ္ဂဇင်းတစ်ခုသို့ပို့ဖူးသည်။သို့သော်လည်း ဖော်ပြခြင်းမခံခဲ့ရပေ။ ထိုအချိန်ကသာ ဖော်ပြခဲ့ပါမူ လူအတော်များများသတိရှိနေကြမည်ဖြစ်၍ သံခမောက်လိုက်ရှာနေကြသည့်သတင်းကိုရသည့် အချိန်မှစပြီး ဆင်ခြင် သုံးသပ်ကာကွယ်တားဆီးနိုင်ကြလိမ့်မည်ဟု.. ယူဆမိပါကြောင်း။

(ဤစာကိုရေးနေဆဲ၌ ယခုဖြစ်နေ (သူတို့အဆို ကဝေသောင်းကျန်းနေသော) မြည်ပြို့ သို့ဖုန်းဆက်ကြည့်သော်လည်း အဆက်အသွယ်မရခဲ့ပေ။)

မင်းဟိန်းထင်

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လမ်းနှင့်တံတားဌာနတွင် တာဝန်ထမ်းဆောင်နေစဉ်အချိန်တုန်းက အဖြစ်အပျက်လေးတစ်ခုပါ။

ရန်ကုန်မြစ်အတွင်းက ရေကြောင်းအချက်ပြမီးပြတိုက်နဲ့တစ်ဆက်တည်းရှိ ရေကာတံတိုင်းများရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနေတာတွေကို မြန်လည်ပြုပြင်ထိန်းသိမ်းနေချိန်ပေါ့။ ထိုမီးပြတိုက်ကို ရန်ကုန်ဘက်ကမ်းမှနေပြီး ဆိပ်ကြီးခနောင်တိုမြို့နယ်ကို စက်သမ္ဗန်နဲ့သွားရင် အနီးကပ်မြင်တွေ့နိုင်ပါတယ်။

စာရေးသူတို့ ဝန်ထမ်းအယောက် (၂၀) ခန့် ထိုမီးပြတိုက်နဲ့ခပ်လှမ်းလှမ်း ရေလယ်မှာ ကျောက်ချရပ်နားထားတဲ့ ပေ(၄၀)ရှည်တဲ့ဗောကြီးပေါ်မှာနေကြရပါတယ်။ ဗောအလယ်တည့်တည့်နေရာမှာ သွပ်မိုး၊ သွပ်ကာနဲ့ ဝန်ထမ်းများနားခိုခိုင်ဖို့ တဲတစ်လုံးဆောက်လုပ်ထားပါတယ်။ အဲဒီဗောပေါ်မှာ လုပ်ငန်းခွင်အတွက် လိုအပ်တဲ့ သဲ၊ ကျောက်စရစ်၊ ဘိလပ်မြေ စတဲ့ပစ္စည်းများကင်ဆောင်ထားပြီး ရေကျချိန်မှာ ဒီပစ္စည်းများကို သမ္ဗန်နဲ့အခေါက်ခေါက်အခါခါတင်ပြီး ကိုဒီးပြတိုက်ရှိရာဆီကူးကာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ စတင်လုပ်ကိုင်ရပါတယ်။

တစ်ရက်မှာ ရေတက်၊ ရေကျ နှစ်ကြိမ်ရှိတာကြောင့် စာရေးသူတို့လည်း တစ်ရက်ကို လုပ်ငန်းခွင်နှစ်ကြိမ် ဝင်ကြရပါတယ်။ ရေကျတဲ့အချိန်မှာသာ ပျက်စီးနေတဲ့နေရာများကို တွေ့မြင်နိုင်ပြီး ရေတက်သွားသောအခါ ပျက်စီးနေတဲ့ မီးပြတိုက်အောက်ခြေနဲ့ ရေကာတံတိုင်းများအားလုံး ရေလွှမ်းသွားပါတော့တယ်။ ဒါကြောင့် စာရေးသူတို့ အလုပ်ချိန်မှာ နေ့ရယ်၊ ညရယ်ဆိုတာ မရှိဘဲ ရေကျချိန်သည်သာ စာရေးသူတို့အလုပ်ချိန်ဖြစ်ခဲ့ရပါတော့တယ်။

ဒီပေ(၄၀)ဗောကြီးရဲ့ ဝမ်းဗိုက်ထဲတွင် သူ့အကန့်နဲ့သူ အခန်းလေးတွေခွဲထားပါတယ်။ ခေါင်းရင်းဘက်ထိပ်ဆုံးအကန့်မှာ သောက်ရေချိုလှောင်ကန်ဖြစ်ပြီး အလယ်အကန့်မှာ ဘိလပ်မြေနဲ့ တခြားလုပ်ငန်းခွင်သုံးပစ္စည်းများထားရှိပါတယ်။ ခြေရင်းအကန့်မှာတော့ အပေါ်အလေးသွားသူများ . ထိုအထဲဆင်းပြီး အဆင်ပြေသလို စနစ်တကျစွန့်ရန်တို့ဖြစ်ကြပါတယ်။

ထိုဗောပေါ်မှာ သူနေရာနဲ့သူ အဆင့်ဆင့်တာဝန်ကိုယ်စီထမ်းဆောင်ကြရပါတယ်။ စာရေးသူရဲ့ အဓိကတာဝန်မှာ လုပ်ငန်းခွင်အတွက် လိုအပ်တဲ့ပစ္စည်းများ အထုတ်အသွင်းလုပ်ပေးရတဲ့တာဝန်ဖြစ်ပါတယ်။သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်မှာ တာဝန်ကျတဲ့ ကြီးကြပ်ဝန်ထမ်းမှာ ကျန်းမာရေးအခြေအနေကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလို့ ၎င်းရဲ့နေရာကိုပါ ပူးတွဲထမ်းဆောင်ဖို့ အထက်ကညွှန်ကြားလာတာကြောင့် စာရေးသူမှာ ပစ္စည်းအထုတ်အသွင်းနဲ့ ကြီးကြပ်တာဝန်ကိုပါ ဆောင်ရွက်ပေးခဲ့ရပါတော့တယ်။

ဒီလိုနဲ့ လုပ်ငန်းတာဝန်များစတင်ထမ်းဆောင်နေရင်း ငါးရက်လောက်ကြာလာတဲ့တစ်နေ့မှာတော့ ဝန်ထမ်းအလုပ်သမားနှစ်ယောက်က ဒီလုပ်ငန်းခွင်မှာ အလုပ်မလုပ်လိုတော့ကြောင်း ပြောလာပါတော့တယ်။ စာရေးသူလည်း ဝန်ထမ်းနှစ်ယောက်အား အကျိုးအကြောင်းမေးမြန်းကြည့်ရာ သူတို့နှစ်ယောက်စလုံး စာရေးသူတို့နေထိုင်ရာ ဗောကြီးပေါ်မှာ သရဲခြောက်ခံရလို့ ဖြစ်ကြောင်း သိလိုက်ရပါတော့တယ်။ စာရေးသူတို့နေထိုင်ရာဗောကြီးပေါ်မှ ဝန်ထမ်းအင်အား အယောက်နှစ်ဆယ်ခန့်မှာ ညဦးပိုင်းနဲ့ ညဉ့်နက်ပိုင်းနှစ်ပိုင်းခွဲပြီး အလှည့်ကျဂျုတီခိုန်းပြီးစောင့်ရပါတယ်။ ထူးထူးခြားခြား သူတို့နှစ်ယောက်စောင့်တဲ့ညက ဗောကြီးရဲ့ခေါင်းရင်းဘက်မှာ အမျိုးသမီးတစ်ယောက် လမ်းလျှောက်နေတာကိုတွေ့လိုက်ရတယ်လို့ နှစ်ယောက်စလုံးက ပြောလာပါတော့တယ်။

စာရေးသူလည်း အလုပ်သမားခေါင်းဆောင် ကိုကျော်ဝင်းကိုခေါ်ပြီး -

"ကဲ - ကိုကျော်ဝင်းရေ ခင်ဗျားဒီဝန်ထမ်းနှစ်ယောက်ကို ညဖက်တိမစောင့်ခိုင်းဘဲ ချက်ပြုတ်ရေးတာဝန်ပေးလိုက်ပါဗျာ"

"ဟုတ်ကဲ့ပါ"

အကြောင်းစုံကိုသိနေတဲ့ အလုပ်သမားခေါင်းဆောင် ကိုကျော်ဝင်းမှာ စာရေးသူပြောတာကို လက်ခံလိုက်ပါတယ်။ တစ်ဖန် ဝန်ထမ်းနှစ်ယောက်ကိုလည်း-

"ခင်ဗျားတို့လည်းပြန်မနေနဲ့တော့၊ ချက်ပြုတ်ရေးတာဝန်ကိုသာနိုင်အောင်ဆောင်ရွက်ပါ။ ဂျုတီစောင့်စရာမလိုတော့ဘူး၊ နားတ်ပြီလား"

"ဟုတ်ကဲ့ပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

ထဝန်ထမ်းနှစ်ယောက်စလုံးလည်း ဝမ်းသာသွားကြပါတယ်။

ဒီလိုနဲ့ နောက်နှစ်ရက်လောက် အကြာ ညတစ်နာရီလောက်မှာ ရန်ကုန်မြစ်အတွင်းမှာ လှည်းကင်းတာဝန် ဆောင်ရွက်နေတဲ့ရဲများက စာရေးသူတို့ဗောရှိရာကို စက်သမွန်နဲ့ရောက်ရှိလာပြီး ဦးစီးရဲစခန်းပါတော့တယ်။ ဗောပေါ်မှဝန်ထမ်းအားလုံး ဦးစီးရဲစခန်းရောက်ထဲပါတဲ့အတိုင်း အပိုအလိုမရှိ ကွက်တိပါပဲ။ ဒါပေမယ့် ရဲများဟာ ဗောပေါ်မှာ မွေနှောက်ပတ်ရှာပြီးတော့ ဗောဝမ်းဗိုက်အတွင်းဆင်းပြီး တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်ပါတယ်။ သူတို့ဘာကိုလိုက်ရှာပြီး ဘယ်အရာကို မသက်ဖြစ်နေသလဲဆိုတာကိုတော့ စာရေးသူတို့တွေလည်း မသိရပါ။ နောက်တော့မှ ရဲအရာရှိတစ်ဦးက -

ကျွပ်တို့ အခုနက မြစ်ထဲမှာ ကင်းလှည့်နေတုန်း ခင်ဗျားတို့ဗောထိပ်မှာ အမျိုးသမီးတစ်ယောက်ရပ်နေတာ တွေ့လိုက်တယ်။ အခုဘယ်ရောက်သွားလဲ၊ ခင်ဗျားတို့ဘယ်မှာသွားဝှက်ထားလဲ"

လို့ ပြောလာတော့မှ စာရေးသူလည်းအံ့ဩပြီး -

"ဟာဗျာ - ကျွန်တော်တို့ဗောပေါ်ကဝန်ထမ်းအားလုံးဟာ ယောကျ်ားသားတွေပါဗျာ။ မိန်းမနဲ့တူတာဆိုလို့ တစ်ယောက်မှမရှိပါဘူး"

"မဟုတ်သေးဘူးဗျ၊ ကျွန်တော် ခုနလေးတင် ဗောထိပ်မှာ သေသေချာချာမြင်လိုက်တာပါ"

ထိုအချိန် ညဦးနာရီထိုးကစပြီးကင်းစောင့်နေတာပါ။ ဘာအရိပ်အယောင်မှမတွေ့ရပါဘူး"

ဟုဆိုတော့မှ ထိုရဲအရာရှိလည်း စိတ်လျှော့ပြီး :-

"ကဲကဲ - ဒါဆိုလည်းရှိစေတော့၊ ခင်ဗျားတို့ဗောပေါ်ကို ဦးသည်ရောက်ရင်သာ ကျွပ်တို့ဆီကို အကြောင်းကြားပြီး ဦးစီးရဲတိုင်ဗေးပါ"

ပြောပြီး စက်သမွန်နဲ့ပြန်ထွက်သွားကြပါတော့တယ်။

စာရေးသူတို့လည်း လုပ်ငန်းခွင်အတွင်း ဝန်ထမ်းအတိုး၊ အလျှော့ကို ဝိုလ်တထောင်မြို့နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လမ်းနှင့်တံတားဌာနကို သတင်းပို့ရပြီး ထိုသူက သက်ဆိုင်ရာအရာရှိမှတစ်ဆင့် ကြည့်မြင်တိုင်ရစခန်းကို အကြောင်းကြားကာ ဦးစီးရဲတိုင်ပေးလေ့ရှိပါသည်။

အခုနကရဲများမှာ ဗောထိပ်တွင် အမျိုးသမီးတစ်ယောက်ကို တွေ့ရပြီး ရုတ်တရက် ဦးစီးရဲလာစစ်ရတဲ့ အကြောင်းမှာ စာရေးသူတို့ဝန်ထမ်းများ ဗောပေါ်မှာ ညဉ့်ဦးပိုင်းများခေါ်ပြီး ပျော်ပါးနေတယ်လို့ထင်မှတ်ပြီး လာစစ်ခြင်းဖြစ်ကြောင်းနောက်မှသိခဲ့ရပါတယ်။ အမှန်မှာတော့ ထိုရဲများမြင်တွေ့ခဲ့တဲ့ အမျိုးသမီးမှာ ဟိုတစ်ညတုန်းက ဝန်ထမ်းနှစ်ယောက်ကို ကိုယ်ထင်ပြခဲ့တဲ့ အမျိုးသမီးဝိညာဉ်သာဖြစ်ကြောင်းကို ဝန်ထမ်းများအားလုံး သဘောပေါက်ခဲ့ကြပါတော့တယ်။

ဗောပေါ်မှာရှိတဲ့ ဝန်ထမ်းများမှာ ယောကျ်ားသားတွေဆိုတော့ အလုပ်သိမ်းပြီဆိုတာနဲ့ အသောက်အစားလေးတွေက အနည်းအများတော့ရှိကြပါတယ်။ သောက်စားပြီး အရှိန်လေးနည်းနည်းရလာတာနဲ့ ပါးစပ်က စည်းမရှိတော့ဘူး။ ပေါက်တတ်ကရတွေပြောကြပါတော့တယ်။ စာရေးသူတို့မှာ ရေလယ်ကဗောပေါ်မှာနေထိုင်ရပြီး လုပ်ရတဲ့အလုပ်ကလည်း ရေနဲ့မကင်းရာမကင်းကြောင်းမို့ အစစအရာရာဆင်ခြင်နိုင်မှ တော်ကာကျပါတယ်။ အထူးသဖြင့် စာရေးသူမှာ ပိုပြီးဂရုစိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လက်ရှိဝန်ထမ်းတွေအားလုံး ကျွမ်းကျွမ်းကျင်ကျင် ရောက်တတ်ကြပြီး စာရေးသူတစ်ယောက်တည်းသာ ရေလုံးဝမကူးတတ်။ နောက်တစ်ခုက တောကြီးပေါ်မှာပြဿနာတစ်စုံတစ်ခုပေါ် ပေါက်လာပါက အဓိကတာဝန်အရှိဆုံးမှာ စာရေးသူသာဖြစ်တာကြောင့် ဝန်ထမ်းများအား အပြောအဆိုအနေအထိုင် ဆင်ဆင်ခြင်ခြင်နဲ့ နေဖို့ဖို့အတွက် အမြဲတမ်း သတိပေးပြောဆိုဆုံးမရပါတယ်။

ဝန်ထမ်းအားလုံးထဲမှာ အလုပ်သမားခေါင်းဆောင် ကိုကျော်ဝင်းဟာ မကြာခဏဆိုသလို ရေငန်ပိုင်ဦးရှင်ကြီးအကြောင်းပြောလေ့ရှိပါတယ်။ ရေနဲ့ပတ်သက်တဲ့လုပ်ငန်းများလုပ်ကိုင်ရာမှာ အန္တရာယ်ကင်းရန်နဲ့ လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် လက်ဖက်၊ ကွမ်း၊ ငှက်ပျော၊ အုန်း၊ ကောက်ညှင်း၊ အမွှေးနဲ့သာ စသဖြင့် ရေငန်ပိုင်ဦးရှင်ကြီးအား ပင့်ဖိတ်ပြီး တင်မြောက်ပေးရမှာဖြစ်ကြောင်း၊ ဦးရှင်ကြီးတင်တဲ့ကိစ္စကို သူကိုယ်တိုင် တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ကြောင်း အမြဲပြောလေ့ရှိပါတယ်။ ပါးစပ်နဲ့သာ ခဏခဏပြောဖြစ်နေပြီး လက်တွေ့မှာတော့ ဘာတစ်ခုမှမလုပ်ဖြစ်သေးပေ။

ဒီလိုနဲ့ တစ်နေ့ ကိုကျော်ဝင်းတစ်ယောက် အကြောင်းကိစ္စတစ်ခုပေါ်ပေါက်ပြီး စာရေးသူထံ ခွင့်သုံးရက်တိုင်ကာ အိမ်ပြန်သွားပါတော့တယ်။ ကိုကျော်ဝင်းပြန်ပြီး နှစ်ရက်မြောက်တဲ့ညမှာတော့ စာရေးသူတို့ဝန်ထမ်းတစ်စု တဲအပြင်ထွက်ပြီး စကားဝိုင်းဖွဲ့ကာ လေညင်းခံနေကြပါတယ်။ အဲဒီအချိန် ညဦးပိုင်းကင်းကျွတီကျတဲ့ ဝန်ထမ်း ကိုစန်းအောင်ဟာ ဗောပေါ်ပတ်ပြီးကင်းလှည့်နေတုန်း ဗောထိပ်ကိုအရောက် 'အု ဝဲ ဝု ဝဲ' အသံတွေထွက်ကာ လက်သီးလက်မောင်းတန်းရင်း တစ်ယောက်တည်း အော်ဟစ်နေပါတော့တယ်။

ကိုစန်းအောင်မှာ အရက်အလွန ်သောက်တတ်မှန်း စာရေးသူနဲ့တကွ ဝန်ထမ်းများအားလုံးသိကြပါတယ်။ အခုဖြစ်စဉ်မှာလည်း ကိုစန်းအောင် အမူးလွန်ပြီး ကယောင်ကတမ်းနဲ့ ပေါက်တတ်ကရတွေလုပ်ကြံပြီး အော်နေတာလို့ အားလုံးကထင်မှတ်ပြီး ကိုစန်းအောင်ကို ပေါ့ပေါ့ပြက်ပြက်နဲ့သာ ဝိုင်းပြီးကြည့်နေကြပါတယ်။ အဲဒီလိုကြည့်နေစဉ်မှာပဲ ကိုစန်းအောင်ရဲ့အမူအရာမှာ မမြင်ရတဲ့အရာတစ်ခုခုက သူ့ကိုဖမ်းချုပ်နေသလို ဖြစ်ပြီး ကိုစန်းအောင်မှာလည်း ဖမ်းချုပ်မခံရရေးအတွက် အားကုန်ရုန်းကန်နေရတဲ့ပုံမျိုးပေါက်နေပါတယ်။ တစ်ယောက်တည်း ရုန်းရင်းဆန်ခတ်ဖြစ်နေရင်းက ကိုစန်းအောင်ဟာ ဝမ်းခေါင်းအသံကြီးနဲ့ အားခနဲ ကျယ်လောင်စွာ တစ်ချက်အော်ပြီး ဝိုင်းခနဲပစ်လဲကာ ငြိမ်ကျသွားပါတော့တယ်။

သည်တော့မှ စာရေးသူနဲ့အတူ ဝန်ထမ်းများအားလုံး စိုးရိမ်ကာ အပြေးအလွှားသွားပြီး ကိုစန်းအောင်ကို တဲအတွင်းကို မ,ချီလာခဲ့ကြပါတယ်။ တဲအတွင်းမှာ ဖျာခင်းပြီး ပက်လက်အနေအထားတိုင်းထားကာ ကိုစန်းအောင်ကို ဝိုင်းကြည့်နေကြပါတယ်။ ကိုစန်းအောင်ရဲ့ ပုံစံဟာ မျက်လုံးနှစ်ဖက်စလုံး နီရဲပြီး မျက်တောင်လုံးဝမခတ်ဘဲ မျက်ခွံလန်ကားပြူးပြီး စာရေးသူတို့ကို ကြည့်နေပါတယ်။

ထိုအချိန် ထမင်းချက်ဝန်ထမ်း ကိုကျော်နိုင်မှ ကိုစန်းအောင်ကိုကြည့်ရင်း အထိတ်တလန့်ဖြစ်ကာ -

www.burmeseclassic.com

www.burmeseclassic.com

"ဟာ - အဲ အဲဒါ သဲ သရဲ ဝင်ပူးနေတာထ"

လို့အော်ပြီး တဲအပြင်ဘက်ပြေးထွက်သွားသောကြောင့် ကျန်တဲ့ဝန်ထမ်းတွေလည်း အထိတ်တလန့်ဖြစ်ကုန်ကြပါတော့တယ်။

စာရေးသူမှာလည်း ထိုအချိန်က ဒါမျိုးအတွေ့အကြုံတွေမရှိသောကြောင့် ဘာလုပ်ပေးရမှန်းမသိဘူးပေါ့။ ကြောင်ပြီးကြည့်နေမိပါတယ်။ ဒီအချိန် ဝန်ထမ်းတွေအားလုံးထဲမှာ အသက်အကြီးဆုံးနဲ့လုပ်ငန်းအတွေ့အကြုံအရင့်ဆုံးဖြစ်တဲ့ ဦးလေးဦးမောင်ကြိုင်မှ ကိုစန်းအောင်ကို ကြည့်နေရင်း -

"ဒါအပမိုတာပဲ။ အကြောင်းတစ်ခုခုတော့ထူးလိမ့်မယ်ထင်တယ်။ ကဲကဲ - ဝန်ထမ်းတွေအားလုံး ပါးစပ်တွေ ဒိတ်ပြီး ငြိမ်ငြိမ်နေပေးကြပါ"

ပြောရင်း ဦးလေးဦးမောင်ကြိုင်ဟာ ပါးစပ်မှတစ်ခုခုကိုရွတ်ဆိုနေရင်း ကိုစန်းအောင်ရဲ့ခေါင်းရင်းအပြင့်တစ်နေရာမှာ အမွေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး ခွက်သန့်သန့်တစ်ခွက်အတွင်း ရေအညှာကာတင်ထားလိုက်ပါတယ်။ ပြီးတော့ ကိုစန်းအောင်အား သေချာစူးစိုက်ကြည့်ပြီး -

"ကဲ - အခု မောင်စန်းအောင်ကို ဝင်ပူးနေတာ ဘယ်သူလဲ"

မေးရာ ကိုစန်းအောင်ရဲ့နှုတ်မှ -

"ငါက ဒီဟောရဲ့အစောင့်ပဲ"

ဆိုပြီး ပြန်ဖြေပါတယ်။ ဒါပေမယ့် ကိုစန်းအောင် နှုတ်မှ ပြန်ဖြေလိုက်တဲ့အသံဟာ ကိုစန်းအောင်ရဲ့ မူလအသံမဟုတ်ဘဲ မိန်းမကြီးတစ်ယောက်ရဲ့အသံပြန်နေတာကြောင့် စာရေးသူနဲ့အတူ ဝန်ထမ်းများအားလုံး ကြက်သီးမွေးညင်းတွေထကာ အံ့သြသွားကြပါတယ်။

ဦးလေးဦးမောင်ကြိုင်မှ -

"ဒီဟောပေါ်မှာနေတာ ဘယ်လောက်ကြာပြီလဲ"

ဆက်မေးရာ -

"ဆယ်နှစ်ကျော်ပြီ"

"အခုမောင်စန်းအောင်ကိုဘာဖြစ်လို့ဝင်ပူးတာလဲ၊ ဘာအကြောင်းကိစ္စရှိလို့လဲ"

"ရှိတယ်။ ဒီဟောပေါ်မှာ ဦးရွှင်ကြီးတင်ပေးမယ်လို့ ခဏခဏပြောပြီး တင်မပေးဘူး။ ငါ အဲဒီလူကို မကျေနပ်ဘူး"

အားလုံး အံ့အားသင့်ကာ အလုပ်သမားခေါင်းဆောင် ကိုကျော်ဝင်းရဲ့ မျက်နှာကိုသာ ပြေးမြင်မိလိုက်ပါတယ်။

ဦးလေးဦးမောင်ကြိုင်မှ -

"ကဲကဲ - ဝန်ထမ်းတွေအားလုံး မောင်စန်းအောင်ရဲ့ဘေးမှာ ညီညီလေး ဝိုင်းပြီးထိုင်လိုက်ကြ"

ပြောပြီး ကိုစန်းအောင်ကိုဆက်မေးပါတယ်။

"အခုဝိုင်းပြီးထိုင်နေကြတဲ့ဝန်ထမ်းတွေထဲမှာ အဲဒီဦးရွှင်ကြီးတင်ပေးမယ် လို့ပြောတဲ့လူရှိလား"

မေးရာ -

"အဲဒီလူကိုမတွေ့တာ နှစ်ရက်ရှိပြီ"

"ဒါဆိုရင် အဲဒီလူပြန်လာရင် ဦးရွှင်ကြီးတင်ခိုင်းလိုက်မယ်။ အခုတော့ ဒီလောက်နဲ့ပဲကျေနပ်တော့၊ ဟုတ်ပြီလား"

"မကျေနပ်နိုင်သေးဘူးဟဲ့၊ နောက်တစ်ခုရှိသေးတယ်။ ငါ့ဟောပေါ်မှာ ညစ်ပတ်တဲ့လူနှစ်ယောက်ရှိတယ်။ အပေါ်အလေးသွားရင် အရှက်ကိုမရှိဘူး။ ဟောပေါ်ကနေ ကြွသလိုသွားတယ်။ ငါ မကြိုက်ဘူး"

ဟောပေါ်မှာဝန်ထမ်းများအားလုံးဟာ အပေါ့အလေးသွားရာမှာ ဟောမီးဖိုက်အတွင်းရှိ သီးသန့်ခန်းထဲဆင်းပြီး အဆင်ပြေသလို အပေါ့အလေးစွန့်ကြသော်လည်း ကိုဇော်ကြီးနဲ့ ကိုဖိုးလုံးတို့ ဝန်ထမ်းနှစ်ဦးမှာ ဟောပေါ်မှနေပြီး မြစ်ထဲ ကြွသလို အပေါ့အလေးစွန့်ကြပါတယ်။ စာရေးသူလည်း တစ်ခါ၊ နှစ်ခါလောက်တော့ သတိပေးပြီး ပြောဖြစ်ပါတယ်။ ပြောမရတဲ့အဆုံး မပြောဘဲထားလိုက်ပါတော့တယ်။ အခု ဟောအစောင့်ဆိုသူက ကိုစန်းအောင်ကိုဝင်ပူးပြီးပြောနေတဲ့ ညစ်ပတ်တဲ့လူနှစ်ယောက်ဆိုတာ သူတို့နှစ်ဦးသာဖြစ်ရမယ်လို့ အားလုံးက သိနေကြပေမယ့် ဦးလေးဦးမောင်ကြိုင်က ဘယ်သူတယ်ဝါတိတိကျကျသိစေရန် အတွက် -

"ကဲ - ဒါဆိုရင် ဒီဝန်ထမ်းတွေထဲက ညစ်ပတ်တဲ့ဝန်ထမ်းနှစ်ယောက် ဘယ်သူဖြစ်မလဲဆိုတာ တစ်ယောက်ချင်းစီ လက်ညှိုးထိုးပြမယ်။ ဟုတ်တဲ့ ဝန်ထမ်းဆိုရင် ခေါင်းညိတ်ပြ"

ဆိုပြီး ဦးလေးဦးမောင်ကြိုင်မှ ဝန်ထမ်းများအားလုံးကို တစ်ယောက်ချင်းစီ လက်ညှိုးထိုးပြရာ အားလုံးထင်တဲ့အတိုင်း ကိုဇော်ကြီးနဲ့ ကိုဖိုးလုံးတို့ အလှည့်မှာ ကိုစန်းအောင်မှ ခေါင်းညိတ်ပြပါလေတော့တယ်။

ဦးလေးဦးမောင်ကြိုင်လည်း -

"နောက်ဒါမျိုးမဖြစ်အောင်ဆုံးမပေးမယ်။ အခုတော့ ဒီလောက်နဲ့ပဲ ကျေနပ်တော့"

ပြောပြီး အခုနက ကိုစန်းအောင်ရဲ့ခေါင်းရင်းအပြင့်တစ်နေရာက အမွေးတိုင်၊ ဖယောင်းတိုင်နဲ့ အတူတင်ထားခဲ့တဲ့ရေခွက်ကိုယူကာ နှုတ်မှ ဂုဏ်တော်တစ်ခုခုကို ရွတ်ပွားနေပါတယ်။ ပြီးတော့ ခွက်ထဲကရေကို လက်ချောင်းထိပ်လေးတွေနဲ့တို့ထိပြီး ကိုစန်းအောင်ကို ဖျန်းပက်လိုက်သည့်အချိန်မှာပဲ စူးစူးရှရှအသံနှင့်အတူ ဘယ်အချိန်ကတည်းကရောက်နေမှန်းမသိတဲ့ ဝိတုန်းတစ်ကောင်ဟာ စာရေးသူတို့နေထိုင်ရာတဲရဲ့ခေါင်းရင်းမှနေပြီး ထဲအပြင်ကို ပုံသန်းပျောက်ကွယ်သွားတာကို ဝန်ထမ်းများအားလုံး မြင်တွေ့လိုက်ကြပြီး ထိုပိတုန်းကောင်လည်း တဲပြင်အရောက် ကိုစန်းအောင်လည်း ပက်လက်အနေအထားမှ ကုန်းရုန်းထပြီး တဲအပြင်ပြေးထွက်သွားပါတယ်။ တဲအပြင်ရောက်တဲ့အချိန်မှာတော့ ကိုစန်းအောင်ဟာ ဝိုင်းခနဲ တစ်ချက်ပစ်လဲသွားပြီး -

"ရေ ရေ ရေပေးပါ။ ငါ့ကို ရေပေးကြပါ"

လို့ သတိဝင်ပြီး ရေတောင်းသောက်ပါတော့တယ်။ ကိုစန်းအောင်ရဲ့ပုံဟာ မောပန်းနွမ်းနယ်ပြီး၊ အရမ်းကိုပင်ပန်းနေပြီး ဝန်ထမ်းတွေ သူ့ကိုဝိုင်းအုံပြီးကြည့်နေတာကိုအထူးအဆန်းဖြစ်နေပါတယ်။ အခုနက သူဘာဖြစ်လို့ဖြစ်ခဲ့မှန်းလဲ သူ့ကိုယ်သူမသိဘဲ -

"ငါ့ကို ဘာလို့ဝိုင်းအုံကြည့်နေကြတာလဲ။ အား ကျွတ် ကျွတ် တစ်ကိုယ်လုံးလည်း ကိုင်ရှက်ထားသလိုပဲ နာလိုက်တာ"

ပြောပြီး ရေတစ်ခွက်တောင်းသောက်လို့ တဲအတွင်း အိပ်ရာပေါ် တက်အိပ်ပါတော့တယ်။

နံနက်လင်းတော့ ကိုစန်းအောင်ဟာ တစ်ကိုယ်လုံးကိုက်ခဲနေသည်မှအပ အားလုံးပကတိအတိုင်းပါပဲ။ ညတုန်းက ဖြစ်ကြောင်းကုန်စင်ကို ကိုစန်းအောင်အား ဝန်ထမ်းများမှမေးမြန်းကြည့်ရာ -

"အေး-ငါမှတ်မိသလောက်တော့ ညက ဟောပေါ်မှာလမ်းလျှောက်ပြီး ကင်းပတ်နေတုန်း ဟောထိပ်ရောက်တော့ အရိပ်မည်းမည်းကြီးတစ်ခုက ငါ့ကို အတင်းဝင်လုံးပြီး ဖမ်းချုပ်တော့တာပဲကွ။ အဲဒါနဲ့ ငါလည်း အတင်းထိုးကြိတ်

www.burmeseclassic.com

www.burmeseclassic.com

ဆီးသွားအဂါတွင်အနာရောဂါအတွက်ဆေးမခက်ပါ

ကျွန်ုပ်၏ ဖခင်သည် အသက် (၇၅) နှစ်ရှိလေပြီ။ ကျေးလူးရှင်ဖခင်ကြီး အား မတိမ်းပါးခင် ကျေးလူးဆပ်ခွင့်ရသဖြင့် များစွာပိတိဖြစ်ရပါသည်။ အဖေ့ အမေဟု ခေါ်ခွင့်ရပြီး သက်ရှိထင်ရှား မိဘနှစ်ပါးကြောင့် ကျွန်ုပ်မှာ အခြားသူများထက် ကံကောင်းသည်ဟု ပြောကြလေသည်။

ဖခင်ကြီးလမ်းမလျှောက်နိုင်တော့ အိပ်ရာထဲတွင် လဲနေလေပြီ။ ဆေးရုံသို့ ပို့ပြီး ကုသသောအခါ ဆီးအိမ်တွင် ရောဂါရှိကြောင်း ဆီးသွားရန် ခက်နေသဖြင့် ဆီးပိုက်ဖြင့်နေရလေသည်။ ဆေးရုံမှဆင်းလာသော်လည်း ဆီးပိုက်တန်းလန်းဖြင့် ဆင်းလာရပါသည်။

ဒေါသကြီးသော ဖခင်ကြီးမှာ -

"ဆီးပိုက်ကြီးကို ဖြုတ်ပေး၊ ဖြုတ်ပေး"

ဟု တတွတ်တွတ်ပြောနေလေရာ သားသမီးများက ဖြုတ်၍မရကြောင်း ဆီးပိုက်ဖြုတ်ပါက ဆီးမသွားနိုင်ကြောင်း ရှင်းပြသော်လည်း တစ်ယူသန် တဇွတ်ထိုးနိုင်သူ ဖခင်ကြီးက လက်မခံပါ။ သားသမီးတွေမရှိခိုက် ဆီးပိုက်ကြီးကို ဇွတ်ဆွဲဖြတ်ရာ ဆီးပိုက်အဖျားတွင် ပြန်မထွက်နိုင်အောင်ထိုးထားသော ရေပူဖောင်းကြောင့် ဆွဲနုတ်၍မရဘဲ အနာဖြစ်သွားပါတော့သည်။ စိတ်မရှည်ဘဲ နီးရာဓားဖြင့် ပိုက်ကြီးကိုခုတ်ပိုင်းဖြတ်ရာ ရေပူဖောင်းမှ ရေများထွက်ကျလာပြီး ပိုက်မှာ ပြန်ထွက်လာပါတော့သည်။ ခုမှနေရတာအဆင်ပြေတယ်ဟု ပြုံးရွှင်နေပါတော့သည်။ မကြာမီ ဆီးများဆီးအိမ်တွင်းမှစုဝေး၍ တင်းလာသောအခါ ဆီးသွားမရတော့ပါ။ ဆီးမသွားနိုင်တော့ ဝေဒနာကို ပြင်းစွာခံစားရမှ ဆီးပိုက်တပ်ရတာကို သဘောပေါက်သွားလေသည်။ ဆေးရုံသို့သွားပြီး ဆီးပိုက်ပြန်တပ်ပေးရပါသည်။ ထိုအခါကျမှ ဆီးများထွက်ကျလာသဖြင့် နေရတာ အဆင်ပြေသွားလေတော့သည်။ ဆရာဝန်ကို ဖေဖေ၏ရောဂါအခြေအနေမေးကြည့်ရာ ဆီးအိမ်အဝနှင့် ဆီးလမ်းကြောင်းတွင် အနာဖြစ်နေကြောင်း၊ အသက်ကြီးရင့်နေပြီဖြစ်၍ ခွဲ၍မရတော့ကြောင်း၊ စားဆေးဖြင့်ကုပေးနေရကြောင်း ပြောလေ၏။

ကျွန်ုပ်သည် ဖခင်ကြီးကို အိမ်သို့ပြန်ခေါ်လာပြီး ဆီးလမ်းကြောင်းမှ အနာကို ဘယ်လိုကုလျှင်ပျောက်မလဲဟု စဉ်းစား၍နေ၏။

မကြာမီ ကိုမောင်ဝင်း ရောက်လာပြီး -

"ဒါမခက်ဘူးကွ။ ပိစပ်ရွက်ကို ကျိုတိုက်ရင် ပျောက်တယ်"

ဟု ပြောလေသည်။

ဖခင်ကြီးယာခင်း ပိစပ်ပင်မှ အရွက်များကို (၃) ခွက် (၁) ခွက်တင်ကျိုပြီး ရေမတိုက်တော့ဘဲ ပိစပ်ရည်ကို သာတိုက်လေသည်။ မကြာမီ ဆီးပိုက်ထဲမှ အနာဖက်များ၊ မကောင်းသောသွေးစများထွက်ကျလာသည်။ (၁) ပတ်ခန့် နေစဉ်သောက်သောအခါ ဖခင်ကြီးရောဂါမှာ လုံးဝပျောက်သွားပါတော့သည်။ ဆီးပိုက်ကို အသုံးမပြုရတော့ဘဲ ပကတိ ဆီးသွားလို့ရပြီး ကျန်းမာလာပါတော့သည်။ လူကြီးရောဂါဖြင့် အသက် (၈၀) တွင် ဆုံးပါးသွားသည်အထိ ဆီးရောဂါ လုံးဝပျောက်ကင်းသွားခဲ့ပါသည်။ ဆီးရောဂါရှိသူများအတွက် ပိစပ်ရွက်ကို အသုံးပြုနိုင်ကြောင်း တင်ပြအပ်ပါသည်။

(ပိစပ်ရွက်ကို အချို့ဒေသများက ကျာမကီရွက်ဟု ခေါ်၏။)

အဏ္ဏဝါလင်္ကိုင်း

ရွာနီးကန်နေရင်း နောက်ဆုံးမှာ အဲဒီအရိပ်မည်းမည်းကြီးက ငါ့ကိုဖမ်းချုပ်ပြီး ပစ်လဲချလိုက်တော့တာပဲ။ နောက်ပိုင်း ဘာတွေဆက်ဖြစ်သွားသလဲ ဆိုတာကို ငါလည်းမသိတော့ဘူး"

လို့ ပြန်လည်ရှင်းပြရင်း လုပ်ငန်းခွင်ဝင်ဖို့ ပြင်ဆင်ကြပါတော့တယ်။

သည်လိုနဲ့ အလုပ်သမားခေါင်းဆောင် ကိုကျော်ဝင်းတစ်ယောက်လည်း ခွင့်ရက်ပြည့်လို့ပြန်လာတော့ အကြောင်းစုံကိုသိရှိပြီး စိုးရိမ်ထိတ်လန့်ကာ စီစဉ်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်ပြီး နောက်နေ့နံနက်စောစောမှာ ရန်ကုန်ဘက်ကမ်းမှ ဦးရှင်ကြီးတင်တက်တဲ့ လူတစ်ယောက်ကို ဗောပေါ်ခေါ်လာပြီး အုန်း၊ ငှက်ပျော၊ ကောက်ညှင်း၊ လက်ဖက်၊ ကွမ်း အလွေးနဲ့သာ စသည်တို့အား ကျောင်းဆောင်နဲ့တကွ ဦးရှင်ကြီးတင်မြောက်တဲ့ကိစ္စအဝဝအား ကိုကျော်ဝင်းနဲ့အတူ ဝန်ထမ်းများအားလုံးစုပေါင်းပြီး အစမှအဆုံးအထိ စီစဉ်ဆောင်ရွက်ပေးလိုက်ရပါတော့တယ်။

ထို့နည်းတူပင် ကိုဇော်ကြီးနဲ့ ကိုဖိုးလုံးတို့ ဝန်ထမ်းနှစ်ဦးသည်လည်း ကိုယ် တွေ့ကြုံလိုက်ရတဲ့ အဖြစ်အပျက်ကြောင့် စိုးရိမ်ထိတ်လန့်ကာ အရင်လို ဗောပေါ်မှာ ကြုံသလို အပေါ့အလေးစွန့်ခြင်းမပြုတော့ဘဲ လုပ်ငန်းပြီးဆုံးသွားခ်ိန်အထိ ဆင်ဆင်ခြင်ခြင်ဖြင့် နေထိုင်သွားခဲ့ကြပါတယ်။

စာရေးသူတို့နေထိုင်ရာ ဗောအပေါ်က တဲအတွင်းမှာ အရင်က ဘုရားကျောင်းဆောင်မရှိခဲ့ပါ။ ထိုကိစ္စဖြစ်ပေါ်ခဲ့ပြီးနောက်မှာတော့ ဦးလေးဦးမောင်ကြိုင်မှ စာရေးသူတို့နေထိုင်ရာတဲရဲ့ ခေါင်းရင်းအမြင့်တစ်နေရာမှာ ဘုရားကျောင်းဆောင်တစ်ခုဆောက်လုပ်ပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့အား နေ့စဉ်မပြတ်ကပ်လှူကာ မြင့်အပ်၊ မမြင့်အပ်တဲ့ပုဂ္ဂိုလ်အသီးသီးနဲ့ ပိုင်ရာဆိုင်ရာ နတ်များ အစောင့်အရှောက်များ စသည်တို့အား မေတ္တာပို့၊ အမျှတမ်းပေးဝေခြင်းတို့ကို အမြဲမပြတ် ပြုလုပ်ပေးပါတော့တယ်။

မှတ်မှတ်ရရ ရွာရေးသူတို့ ဗောပေါ်ရှိတဲ့အတွင်းက ဘုရားကျောင်းဆောင်ဆောက်လုပ်ပြီး ဦးလေးဦးမောင်ကြိုင်မှ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း မပြတ်ကပ်လှူပူဇော်ပြီး မေတ္တာပို့၊ အမျှပေးဝေတဲ့နေ့မှစတင်ပြီး နောက်ထပ်နှစ်လခွဲခန့်အထိ ထိုဗောပေါ်မှာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့ရပါသေးတယ်။

ဒီနှစ်လခွဲအတွင်း ဓာရေးသူ အပါအဝင် ဝန်ထမ်းများအားလုံး ဗောပေါ်မှာ ကိုယ်ထင်ပြခံရခြင်း၊ ခြောက်လှန့်ခံရခြင်း၊ ဝင်ရောက်ပူးကပ်ခံရခြင်းများမရှိတော့တဲ့အပြင် လုပ်ငန်းတာဝန်များကလည်း ပြီးဆုံးသွားခ်ိန်အထိ အခက်အခဲမရှိဘဲ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါတယ်။

နေဦး (အ- စ- အောင်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်နှင့်ပတ်သက်ပြီး သင့်အတွက်အံ့သြစေမည့်အချက်များ

သိမ်းအောင်စိုး

အိပ်မက်သည် သက်ရှိလူသားများ၏ လွန်စွာ အရေးပါသော ဘဝအစိတ်အပိုင်းတစ်ခုဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အချို့သော အိပ်မက်များသည် အနာဂတ်တွင် အမှန်တကယ် ဖြစ်ပေါ် လာတတ်လေ့ရှိခြင်းကြောင့်ဖြစ်သည်။တချို့အိပ်မက်များကမူ သင်္ကေတနှင့် ဖော်ပြလိုမှုများကို သယ်ဆောင်လာတတ်ကြသည်။ သိပ္ပံပညာရပ်ကမူ အိပ်မက်ဆိုသော အကြောင်းအရာကို စိတ်ဝင်စားဖွယ်ရာအခြေအနေတစ်ခုအဖြစ် ရှုမြင်ထားပြီး သာမန်လူမသိမမြင်သော အခြင်းအရာများမှာ အိပ်မက်ထဲတွင် တည်ရှိနေသည်ဖြစ်ရာ အမှန်တကယ်လည်း အိပ်မက် ဟူသည် စိတ်ဝင်စားဖွယ်ရာအတိုင်း ပြည့်နှက်လျက်ရှိသည်။ ယခုမူ အိပ်မက်နှင့်ပတ်သက်ပြီး သင့်အတွက် အံ့သြစေမည်ဟု ဆိုထားသည်။

❑ စိတ်ကူးယဉ်အိပ်မက်

စိတ်ကူးယဉ်အိပ်မက်မျိုးဟူသည် အိပ်ရာနိုးသည်နှင့် ဘာကိုမှမမှတ်မိသည့်အခြေအနေဖြစ်သည်။ အချို့သော လူများသည် မိမိဖြစ်ချင်သည့် အနေအထားမျိုးကို လိုလားတောင့်တပြီး အစွဲမြင့်မက်တတ်ကြသည်။ဥပမာ ထိပေါက်ချင်စိတ်ပြင်းပြသောသူသည် အိပ်မက်ထဲတွင် ထိပေါက်သည်ဟုမက်ခြင်းမျိုးဖြစ်သည်။

❑ အိပ်ဆေးနှင့်အိပ်မက်

အချို့သောသူများကို ဆရာဝန်များ စမ်းသပ်ကြည့်သည်အခါ အိပ်ဆေးသုံးစွဲထားသူအဖြစ်တွေ့ရသည်။ အဆိုပါလူများ အိပ်မက်မက်ချိန်တွင် သုံးစွဲထားသည့်ဆေးအရှိန်ဖြင့် အိပ်မက်ထဲတွင် ခြင်ချင်ရာမြင်ပြီး ကိုယ်စွဲချင်ရာစွဲလမ်းလျက်ရှိသော်လည်း အိပ်ရာထလိုက်သည်နှင့် အားလုံးမှာ ပကတိအနေအထားသို့ ပြန်ရောက်သွားသည်။ ယင်းဖြစ်ရပ်မျိုးသည် မျက်လုံးကမြင်ထားသည့် အရာများကိုစွဲလမ်းပြီးမက်သည့်သဘော (REM -the Rapid Eye Movement Sleep) ဖြစ်သည်။

❑ အိပ်မက်သည် ကျားနှင့် မ ကွဲပြားသည်

ကျားနှင့် မ အိပ်မက်မက်သည့် အခါ မတူညီကြပါ။ အမျိုးသမီးများ၏ အိပ်မက်မှာ ရှည်လျားပြီး စိတ်ခံစားမှုများကို ဦးစားပေးသောအခြေအနေများကြောင့် အိပ်မက်မက်မှုအချိန် များပြားခြင်း ဖြစ်သည်။ အိပ်မက်မှုနိုးထချိန်တွင် အိပ်မက်ထဲ၌ မြင်တွေ့ရသောနေရာနှင့် လူပုဂ္ဂိုလ်များ မှတ်မိနေတတ်သည်။ အမျိုးသားများမက်သည့်အိပ်မက်သည် တိုတောင်းလွန်းသည်။ လှုပ်ရှားရုန်းကန်မှုကိုအခြေခံပြီး မက်လေ့ရှိသဖြင့် အိပ်ရာမှနိုးထချိန်တွင် နေရာများကိုသာမှတ်မိလေ့ရှိသည်။

❑ အိပ်မက်နှင့်စိတ်ရောဂါ

ကိုယ့်ကိုဒုက္ခပေးထားသူ၊ အဆိုးပြုထားသူများကို အိပ်မက်ထဲတွင် ပြန်လည်တွဲ့ပြန်မှုပြုသည့်အနေအထားမျိုး မက်တတ်သည်။ ယင်းသည် စိတ်ရောဂါဘက်သို့နီးနွယ်သည်။ မည်သူမည်ဝါဆိုခြင်းကိုမူ အိပ်မက်ထဲတွင် ပုံမထင်ချေ။

❑ မျက်မမြင်အိပ်မက်

မျက်လုံးမမြင်သောသူများလည်း အိပ်မက်မက်တတ်ကြသည်။ ၎င်းတို့ကမူ အသံနှင့် အာရုံခံစားမှုကို ဦးစားပေးပြီး မက်တတ်ကြပြီး ပုံရိပ်များကိုမူ မမြင်မက်နိုင်ကြချေ။

❑ ဗင်းဆင့်ဗင်ဂိုးအိပ်မက်

ဗင်းဆင့်ဗင်ဂိုး (Vincent - Van Gogh) သည် အိပ်မက်မက်သည့်အခါ ပန်းချီဆွဲနေသည့်အခြေအနေနှင့် ပန်းချီဆွဲပြီးသည့်အခြေအနေများကိုသာမက်လေ့ရှိရာ အစွဲအလမ်းကြီးသူအဖြစ် မှတ်တမ်းတင်ရသည်။ အချို့သော ဖန်တီးတီထွင်သူများမှာ ယင်းသို့မက်တတ်ပြီး မိမိစွဲလမ်းလွန်းသည့်အရာကို ပထမဆုံးမက်လေ့ရှိခြင်းမျိုးဖြစ်သည်။

❑ ကလေးအိပ်မက်

ကလေးများသည် အရွယ်ရောက်ပြီးသူများထက် အိပ်မက်ကို ပိုပြီးမက်လေ့ရှိသည်။ အထူးသဖြင့် စကားမပြောတတ်သည့်အရွယ်တွင် ပိုပြီးမက်လေ့ရှိတတ်သည်။ အချို့လူများကမူ ကလေးအိပ်မက်မှန်သည်ဟု ယုံကြည်လေ့ရှိသည်မှာလည်း ယင်းအိပ်မက်သည် အနာဂတ်တွင် အမှန်တကယ်ဖြစ်လာခြင်းမျိုးရှိခြင်းကြောင့် ဖြစ်သည်။

❑ မမှတ်မိသည့်အိပ်မက်မျိုး

အိပ်ချိန်များချိန်တွင် အိပ်မက်မက်တတ်ကြသည်ကပိုနေပြီး အိပ်မက်မက်သူများ၏ (၉၀) ရာခိုင်နှုန်းမှာ မမှတ်မိကြသည်ကများသည်။

❑ တိရစ္ဆာန်အိပ်မက်

တိရစ္ဆာန်များ အိပ်မက်မက်သည် ဆိုလျှင် သင်အံ့သြခြင်းကြီးစွာဖြစ်ပေလိမ့်မည်။ ခွေး၊ ကြောင်၊ ငှက်တို့သည် အိပ်မက်မတ်တတ်ကြသည့်အပြင် စိတ်ရောဂါကုဆရာဝန်များ၏ အဆိုအရ တိရစ္ဆာန်များအားလုံး အိပ်မက်မက်တတ်ကြသော်လည်း ခဏမျှသာဖြစ်သည်။

❑ ဦးနှောက်လိုင်းကြောင့်မက်သောအိပ်မက်

ဦးနှောက်လိုင်းများကြောင့်လည်း အိပ်စက်နေသောအချိန်တွင် အိပ်မက်မက်တတ်ပါသည်။ အထူးသဖြင့် ဆိုးရွားသောအခြေအနေမျိုးကို ကြုံတွေ့သူများသည် အိပ်နေသော်လည်း သူ၏ ဦးနှောက်လိုင်းများကြောင့် အိပ်မက်မက်ခြင်း ဖြစ်သည်။ မှတ်ဉာဏ်လျော့နည်းမှု ရောဂါဖြစ်သည့် ကိုမာ(Coma)ဖြစ်သော ဝေဒနာရှင်များ မြင်မက်လေ့ရှိကြသည်။ ယင်းအခြေအနေကို insomnia ဟု ခေါ်သည်။

သိမ်းအောင်စိုး

Ref:

10 Amazing Things You Didn't know About Dreams by Zehra Far-ooqb

www.burmeseclassic.com

www.burmeseclassic.com

သက်ဆောင်
ရုက္ခစိုးစာရေးဆရာ

"ဘွားဘွားတို့ငယ်ငယ်တုန်းက အခုနေတဲ့တိုက်ခေါင်းရင်းမှာ ညောင်ပင်ကြီးတစ်ပင်ရှိခဲ့ဖူးတယ်။ ဘွားဘွားက အဲဒီညောင်ပင်ကြီးအောက်မှာ နေ့တိုင်း တံမြက်စည်းလှည်းတာ ပိုက်ဆံတစ်မတ်၊ တစ်မတ် နေ့တိုင်းတွေ့တယ်။ အဲဒါ ရုက္ခစိုးကပေးတာတဲ့"

ကျွန်တော့်မြေးလေးနှစ်ယောက်သည် သူအဘွားပြောပြသော ရုက္ခစိုးပုံပြင်ကို ကလေးသဘာဝ မျက်တောင်ပုတ်ခတ်ဖြင့် နားထောင်လေ့ရှိကြသည်။ သူတို့သိချင်သော အချက်များကိုလည်း ကြားဖြတ်မေးခွန်းများ မေးတတ်ပါသေးသည်။

"ဘွားဘွားကော ရုက္ခစိုးကိုမြင်ဖူးလား"

ကျွန်တော့် မြေးလေးများလိုပင် ကျွန်တော်လည်း ငယ်ငယ်တုန်းက ရုက္ခစိုးကို စိတ်ဝင်စားခဲ့သည်။ ပုံပြင်တွေထဲက သားဆုပေးတတ်သော ရုက္ခစိုး၊ အုပ်ချုပ်ရေးပိုင်းမှာ ရှင်ဘုရင်ကို ဝင်ရောက် အကြံပေးတတ်သော တိန္ဒုက ဇာတ်ထဲမှတည်ပင်စောင့်ရုက္ခစိုး၊ ညောင်ပင်ကိုလာသော မိန်းမငယ်အပေါ် အချစ်ဓာတ် အမြစ်မပြတ်နိုင်သဖြင့် မှောင်ကြီးတိုက်ကာအပိုင်သုတ်သွားသောရုက္ခစိုး၊ မိမိညောင်ပင်မှာ ပေါရိသာဒဘီလူးက တိုင်းပြည်ရှင်ဘုရင်တွေကို ကြိုးဖြင့်တွဲလောင်းလာချထားသဖြင့် ဘာလုပ်ရမှန်းမသိသော သုတသောမဇာတ်ထဲမှရုက္ခစိုး၊ ပုဆိုးမရှိသော်လည်း တန်ခိုးရှိသော ရုက္ခစိုး စသည်ဖြင့် ရုက္ခစိုးစီးရိုးခဲ့တွဲလေ့လာဖူးပါသည်။ နောက်ဆက်တွဲအနေဖြင့် သားဆုမပေးရသဖြင့် အလုပ်လက်မဲ့ဖြစ်ကာ ညောင်ပင်ပေါ်မှာ အိပ်ငိုက်နေသော မြို့မငြိမ်း၏ ယောက်မသီချင်းထဲက ရုက္ခစိုးကိုပင် ချန်လှပ်မထားခဲ့ပါ။

အခုပြောမည့်ရုက္ခစိုးမှာ အသည်ရုက္ခစိုးတွေအရင်းထဲမှာမပါသည့် ရုက္ခစိုးတစ်ပါးအကြောင်းဖြစ်ပါသည်။ ထူးဆန်းကောင်းထူးဆန်းနေပါလိမ့်မည်။ ထစ်ခနဲရှိ စာရေးပြောချင်သည့် ရုက္ခစိုးစာရေးဆရာအကြောင်းပင်ဖြစ်ပါသည်။ မယုံချင်လျှင် မယုံဘဲနေနိုင်ခွင့်ရှိပါသည်။ သို့ရာတွင် ပုံပြင်မဟုတ်ပါ။ တကယ့်အဖြစ်အပျက်တစ်ခုဆိုတာကိုတော့ ထပ်ပြီး ပြောချင်ပါသည်။

အခုပြောမည့်အဖြစ်အ[illegible]မှာ သူရွာမဂုဇင်းတွင် လစဉ်ပါနေကျဖြစ်သည့် ကိုလိုနီခေတ် မြို့အုပ်ကြီးတစ်ဦး၏မှတ်တမ်းများနှင့် ဆက်စပ်နေပါသည်။ နောင်တော်ကြီးသဖွယ်လေးစားရသော စာရေးဆရာ အနောက်တံခါးမှူး မောင်မှူးက သူဖခင်၏မှတ်တမ်းများကို ဖတ်ရှုလေ့လာခွင့်ပြုခဲ့ပါသည်။ ဘဘကြီး၏မှတ်တမ်းများသည် သမိုင်းမှတ်တိုင်များဖြစ်သလို စိတ်ဝင်[illegible] ကောင်းသည့် ထူးခြားဆန်းကြယ်ဆန်းများလည်း ပါဝင်ပါသည်။

သည်အဖြစ်တွေထဲမှာ [illegible] ထွက်ရင်း ပစ်လိုက်သည့်သမင်က [illegible] သွားပြီး ကျားအဖြစ်ပြောင်းသွား[illegible] ကို ထပ်မံပစ်လိုက်သည့်အခါ [illegible] ဖားလား ထဘီရင်ရှားနှင့် အဘွားအ[illegible] အတွင်ပြောင်းသွားပြီး မိမိတို့ဘတ်သူ မျက်စောင်းထိုးကာ တောတွင်းသို့ပြန်ဝင်သွားပုံ၊ လူသူလေးပါးရှင်းနေသည့် အချိန် တစ်ပင်နှင့်တစ်ပင် ယှက်လိမ်လှုယမ်းနေကာ လူသံကြားသည့် အခါ တစ်ပင်နှင့်တစ်ပင် ရုတ်တရက်ခွာကာ သူတို့ဘာမှမဖြစ်သလိုနေတတ်သော 'ဂမုန်းကမြင်း' အကြောင်း စသည်များ ချန်လှပ်မထားခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခုဖော်ပြမည့်အဖြစ်အပျက်များမှာ လွန်ခဲ့သောနှစ် ရှစ်ဆယ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းမှအဖြစ်အပျက်ဖြစ်ပါသည်။ အပ်ချုပ်ရေးတာဝန်ဖြင့် ကျေးရွာတစ်ရွာသို့ရောက်ရှိခဲ့စဉ်က ကြားသိခဲ့သမျှကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်သဖွယ် ဖတ်ချင်စရာကောင်းအောင် တန်ဆာဆင်ရေးသားခြင်း မဖြစ်ကြောင်း ဝန်ခံလိုပါသည်။

❑

ဘွဲ့တော်အရင်းက ဦးသုန္ဒရ၊
ဒါပေမယ့် ရွာထဲကလူတွေကတော့

www.burmeseclassic.com

www.burmeseclassic.com

ဦးသုန်လို့ပဲခေါ်ကြသည်။ ဘုန်းကြီးသုန်ပေါ့။ ဘုန်းကြီးသုန်က ထနောင်းတောရွာသား။ ထနောင်းတောဟု ခေါ်ကြသော်လည်း တောထနေလောက်အောင် ရွာမှာ ထနောင်းပင်တွေများများစားစားမရှိပါ။ အဲသည် ထနောင်းပင်တွေထဲမှာ ဦးသုန်ကျောင်းဘေးမှာ ကပ်ပေါက်နေသည့် ထနောင်းပင်ကြီးတစ်ပင်လည်းပါသည်။

ကျောင်းနှင့် ထနောင်း ဘယ်ဟာက စောသည်မသိ။ ဦးသုန်ကျောင်းထိုင်တော့ ထနောင်းပင်ကရှိနေပြီးဖြစ်သည်။ အိမ်တော်ပါမဟုတ်၊ ကျောင်းတော်ပါဖြစ်သည်။ 'နွေထနောင်းပင်၊ ဆောင်းမန်ကျည်း' ဆိုတာလို ထနောင်းပင်က နွေမှာဆို အတော်အားကိုးရသည်။ ဒါပေမယ့် ထနောင်းပင်ကဖြာထွက်လာသည့် ကိုင်းမကြီးတစ်ခုက ကျောင်းခေါင်မိုးကို အုပ်ဆိုင်းထားသည်။ နွေမှာအားကိုးရသလောက် မိုးရောက်ပြီဆိုလျှင်တော့ ကျောင်းကိုခြိမ်းခြောက်နေ၏။ လေခပ်ပြင်းပြင်းတိုက်လျှင် ကျောင်းကို အန္တရာယ်ပေးနိုင်သည်။

"ဘုန်းဘုန်းဘုရား၊ ဒီထနောင်းပင်က ကြာရင် ဘုန်းဘုန်းကျောင်းကို ဒုက္ခပေးနိုင်ပါတယ် ဘုရား။ တပည့်တော်တို့ခုတ်ပြီး ထင်းလုပ်လိုက်ပါ့မယ် ဘုရား"

ဘုန်းကြီးကိုယ်တိုင်ခုတ်တာမဟုတ် ပေမယ့် ခွင့်ပြုပါတယ်ဆိုလျှင် အာပတ်လွတ်ချင်မှလွတ်မည်။ သည်တော့ အာပတ်လွတ်မယ့်အဖြေကိုပေးလိုက်ရသည်။

"အေး - ဒကာတို့သင့်သလိုစီစဉ်ကြပေါ့ကွယ်"

သည်ထနောင်းပင်ကို ဘယ်တုံးကများပြီးထားလိုက်ကြသည်မသိ။ ငါးမန်းလွှတွေ၊ ဓားတွေ၊ ရဲတင်းတွေကိုယ်စီနှင့်ရောက်လာကြသည်။

"ကဲ- အလုပ်စကြရအောင်ဟေ့"

တစ်ယောက်က နှိုးဆော်လိုက်သည်နှင့် အပေါ်ကိုင်းတွေကို အရင်ချိုင်ထားရန် ထနောင်းပင်ပေါ်ကို တက်သူက တက်နေကြပြီ။ ခုတ်သူကခုတ်၊ ချိုင်သူကချိုင်၊ ကျောင်းနှင့်ဆန့်ကျင်ဘက်မှာဆိုင်းကြိုးတွေက အတုတ်ကြိုးတွေ။

"ဒါဘာပါလိမ့်"

ကျောင်းပေါ် ဘုန်းကြီးထိုင်မည့်နေရာမှာ မိုင်းကိုင်စက္ကူအခေါက်ကလေးတွေ့လိုက်ရသည်။ ဘုန်းကြီးသုန်သိချင်ဇောဖြင့် ကောက်ဖတ်သည်။

"ဘုန်းတော်ကြီးဘုရာ့၊ တပည့်တော်ဗိမာန်ကို ဖျက်ဆီးတော့မှာလားဘုရာ့"

လက်ရေးကမသေမသပ်၊ ကွေ့ကွေ့ကောက်ကောက်။ 'စီလို့သာကုံးရ၊ စာလုံးတယ်မလှလေဘု မိန်းမလက်ရေး' ဆိုတာမျိုးဖြစ်သည်။ ပြီးတော့ ဘုန်းကြီးကျောင်းသားလက်ရေးတွေနှင့်ခပ်ဆင်ဆင်။

"ကာလသားများ တယ်နောက်ကြတာကိုး။ စရိုက်က တယ်မဖျောက်ချင်ဘူး"

ဘုန်းကြီးက သူ့ကျောင်းထွက်ကာလသားတွေလက်ချက်ဟု တထစ်ချမှတ်ယူစွဲချက်တင်လိုက်သည်။

ကျောင်းအောက်မှာတော့ ရွာသားတွေက အလုပ်ရှုပ်နေကြသည်။ ငါးမန်းလွှကြီးကို ဟိုဘက်ဆွဲလိုက်၊ သည်ဘက်ကဆွဲလိုက်နှင့် ခွေးတွေရွှန်စနေကြပြီ။ လွှကြောင်းနေရာမှာ သပ်ထည့်လိုက်၊ လွှကိုရေလောင်းလိုက်နှင့် တရှိန်ရှိန်တရဲရဲအသံနှင့်အတူ အပင်ခြေမှာ လွှစာမှန့်တွေက အဖွေးသား။

"ဘုတ်၊ ဘုတ်"

ဘယ်နေရာကမှန်းမသိ မိုင်းကိုင်စက္ကူခေါက်ကျလာသည်။ အံ့သြမှုနှင့်အတူ လွှဆွဲနေသည့်ရွာသားတွေလန့်သွားကြသည်။ လုပ်လက်စအလုပ်ကို ခဏနားထားလိုက်ကြသည်။ ရွာသားတစ်ယောက်က စာရွက်ခေါက်ကို ကောက်ယူပြီး ကျောင်းပေါ် သို့တက်သွားသည်။ စာရွက်ကို ဘုန်းတော်ကြီးလက်သို့ ဆက်ကပ်လိုက်၏။ တွေ့ရပြန်ပါပြီ။ လက်ရေးကောက်ကောက်ကွေးကွေးလေးတွေ့။

"ကိုယ်တော့်ကြောင့် တပည့်တော်ဗိမာန်ပျက်စီးသွားပြီ။ စာတိုက်ထဲမှာ ဘုန်းကြီးသက်နဲ့စာအုပ်တွေရှိသေးရဲလား ကြည့်လိုက်ပါဦး"

မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ ဘုန်းကြီးသုန် လူမသိသူမသိ ရင်ခုန်စပြုလာ၏။ ကိုယ်တိုင်တော့ထမကြည့်။ ကျောင်းသားကို တစ်ဆင့်ခိုင်းလိုက်၏။

"ကဲ - မောင်ကျောင်းသား၊ စာတိုက်သေတ္တာကိုဖွင့်ကြည့်လိုက်စမ်းကွာ"

ပြောသလိုလုပ်ပြီး လုပ်သလိုပြောလေသလားမသိ။ ရွှေဇဝါမြို့မှ မြို့နှင့်ကျောင်းကစာတိုက်သေတ္တာထဲမှာထည့်ထားသည့် သက်နဲ့နှင့် စာအုပ်တွေတစ်အုပ်တလေမှမရှိတော့။ လက်သည်မပေါ် ဘဲပျောက်သွားပြီ။

"တောက် - ရိုင်းလိုက်တာကွာ"

ဘာပဲပြောပြော သက်နဲ့နှင့် စာအုပ်တွေကို ဒီစာတိုက်ထဲမှာ မှတ်မှတ်ရရထည့်ထားခဲ့တာ သေချာသည်။ တစ်စက်မှနေရာမလွဲ။ နေရာမှားပြီးထည့်ထားခဲ့တာမဟုတ်။ အခုတော့ တစ်ခုမှမရှိတော့ပြီ။

လူသဘာဝအရ အမျိုးမျိုးမှတ်ချက်ပေးကြသည်။ စာစီယောက်တစ်ပေါက်ကိုယ်ထင်ရာကိုယ်ပြောကြသည်။

"ရွာထဲကကောင်မတွေနေမှာပေါ့။ ပြောလိုက်ရရင် မကောင်းဘဲရှိတော့တယ်။ ဘုန်းကြီးများ သူတို့နောက်စရာလား"

သူတို့ ကိုးကွယ်သည့်ဘုန်းကြီးကို မတော်တရော်လုပ်ရပါ့မလားဆိုပြီး စိတ်ဆိုးဆိုးနှင့် ထင်ရာမြင်ရာပြောသူကပြောကြပြန်သည်။

"ဘုတ်"

"ဟာ - ဘာကြီးပါလိမ့်၊ လာပြန်ပြီဟ"

မိုင်းကိုင်စက္ကူအထပ်လိုက်အထုပ်လိုက်ကြီးကျလာသည်။ အထုပ်ထဲမှာ စာတစ်စောင်။ အရင်တွေ့နေကျလက်ရေးပဲ။ လေသံကတော့ ခပ်ပြင်းပြင်း။

"မင်းအဖေကွ၊ မိန်းမမဟုတ်ဘူး စာရွက်လည်း တစ်ထုပ်လုံးချပေးလိုက်တယ်"

စဉ်းစားဖို့တော့ ကောင်းလာပြီ။ ဘယ်သူကဘာများပြောကြလေမလဲဟု တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ဘကြီးသာဒွန်း ခေါင်းထောင်လာသည်။ ဘာပြောမလဲမသိ။

"အေး - တို့ထင်ရာမြင်ရာတွေ လျှောက်ပြောနေကြတာကွ။ ဇကနဲ့ - ဒီစာကိုချချပေးစေတဲ့ပုဂ္ဂိုလ်ဟာ လူမဟုတ်နိုင်ဘူး။ တန်ခိုးကြီးတဲ့နတ်နောက်ပြီး ပုဏ္ဏက ဒါမှမဟုတ်ရင် သောတာပန်ရက္ခာစိုးဖြစ်နိုင်တယ်ဟ"

နှုတ်ခမ်းမွေးအဖွေးသားနှင့်ဘကြီးသာဒွန်းက ဖြည်းဖြည်းလေးလေးပြောသည်။ အားလုံးက ခေါင်းတညိတ်ညိတ်နှင့်။

ဘကြီးသာဒွန်းစကားကိုထောက်ခံလေသလားမသိ။ ဘယ်နေရာကဘယ်လိုပေါ်လာမှန်းမသိ၊ ဘုတ်ခနဲအသံနှင့်အတူ စာတစ်လိပ်ထပ်ရောက်လာပြန်သည်။ လက်ရေးကတော့ မပြောင်းအဓိပ္ပာယ်သာ အပြောင်းအလဲရှိသည်။

"မင်းတော်သားပဲ၊ ဘုန်းကြီးကို လျှောက်တင်ပါကွယ်။ ဗိမာန်စားထူထောင်ပေးပါလို့။ ဘုန်းကြီးသက်နဲ့နဲ့

www.burmeseclassic.com

စာအုပ်တွေလည်း နေသားတကျပြန်ထားပေးပါ့မယ်။ ဘုန်းကြီးအတွက် ထန်းလျက်တစ်ပန်းကန်ပါ ကျေးဇူးကလျှုလိုက်ပါတယ်လို့"

ဟယ်ခနဲ အသံနှင့်အတူ ရွာသားတွေ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

❑

"က - ဒီနေရာဆို သင့်ပါတယ်။ ကျင်းတော့ နက်နက်တူးကြကွာ"

ဘုန်းတော်ကြီးမိန့်ကြားချက်အရ ဘကြီးသာဒွန်း ဦးဆောင်သောအဖွဲ့ အလုပ်ရှုပ်ကြပြန်၏။ ဘုန်းကြီးကျောင်းအဝင် ဝင်းပေါက်ဘေးမှာ ကျင်းကို သုံးတောင်အနက်၊ အကျယ်နှစ်တောင်လောက်တူးပြီး မြေဆွေးတွေထည့်သည်။ နှစ်တောင်လောက်မြင့်သည့် ထနောင်းပင်ပေါက်လေးကို မြေလုံးနှင့်တကွယူလာပြီး မြေချစိုက်ပျိုးသည်။ ရေလောင်းသွကလောင်း၊ အပေါ်မှာအရိပ်ကလေးပါးပါးမိုးပေးထားလိုက်သည်။

"တပည့်တော် ဘုန်းကြီးလမ်းညွှန်တဲ့အတိုင်း သူ့အပင်ကိုအစား စိုက်ပေးပြီးပါပြီ ဘုရား"

ဘကြီးသာဒွန်းက ဘုန်းကြီးကို လျှောက်သည်။

"သာဓု သာဓု ဒကာကြီး၊ ကျေးလည်း စိတ်ထဲရှင်းသွားပြီ။ သူဒီမာန်အစားပေးလိုက်ပြီးပြီဆိုတာ သူ့ကိုအသိပေးဖို့ပဲလိုတော့တယ်"

သိပ်မကြာလိုက်ပါ။ စာတစ်စောင် နောက်ထပ်ရောက်လာသည်။ ညွှန်ကြားချက်ပါတစ်ပါတည်းပါလာသည်။

"စာတိုက်ကိုဖွင့်ကြည့်ပါ"

သည်တစ်ခါ မောင်ကျောင်းသားကို တာဝန်မပေးတော့။ မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် စာတိုက်ကို ကိုယ်တိုင်ဖွင့်ကြည့်လိုက်သည်။

"ဟယ်"

ဘုန်းကြီးသုနဲ့ အံ့ဩြမ်းသာမှုနှင့် အတူ နှုတ်ကထွက်သွားသည်။

နေရာတော့အကျယ်၊ စာအုပ်တွေကလည်း သူ့အထပ်လိုက်ကလေး။ သက်နှံးကလည်း အခေါက်မဟုတ်။ နောက်ပြီး ထူးခြားချက်တစ်ခု၊ သက်နှံးနှင့် စာအုပ်တွေထားတဲ့ အပေါ်ဆင့်မှာ ကြွေပန်းကန်အသစ်နှင့်ထည့်ထားသော ထန်းဖိုဦးထန်းလျက်ခပ်ဖွေးဖွေးလေး။ အနံ့လေးကလည်းသင်းနေသည်။ သည်အချိန်မျိုးမှာ ရွာထဲကလူတွေတောင် ထန်းလျက်မချက်ကြသေး။ ဘယ်လိုများ ရတတ်ပါလိမ့်။ အတွေးတွေတစ်သီချည်းပေါ်လာသည်။

သည်လိုထူးခြားချက်တွေပေါ်လာတော့ လူထုံးစံအတိုင်း ကိုစပ်စုတွေ၊ မစပ်စုတွေပေါ်လာသည်။

"ဘယ်လိုဖြစ်တာလဲ ဘုန်းဘုန်းကြီးဘုရား၊ အစနေပြီးပြန်မိန့်ပါဦး"

ဖြစ်ကြောင်းရယ်မှကုန်စင် ဇာတ်ကြောင်းပြန်ဝိုင်းသူကရှိသေး။ သည်လို သတင်းစကားမျိုးကို တစ်ဆင့်စကား၊ တစ်ဆင့်နားမျိုးကြားချင်၊ မူရင်းအတိုင်းကြားချင်ကြသည်မှာ သဘာဝ။ သည်အထဲမှာ မိန်းမတွေက အကဲဆုံး။

သဘောကောင်းတဲ့ဘုန်းကြီးဆိုတော့ တော်တော်နှင့်ကိစ္စကမပြတ်။ ပုတီးကောင်းကောင်းမစိပ်နိုင်။ ဘုရားစာမှန်မှန်မရွတ်နိုင်။ ဘယ်အချိန်မှာ ဘုန်းကြီးဘာလုပ်တတ်မှန်းသိတဲ့လူစားတွေလည်းမဟုတ်ကြ။ သူတို့လူတွေလိုပဲ ထင်မှတ်နေဟန်ရှိသည်။ ကြာတော့ ဘုန်းကြီးစိတ်ညစ်ပြီ။ ဘာဆက်လုပ်ရမှန်းမသိတော့။

ကျောင်းမှာ လူတော်တော်နှင့်စဲသည်မရှိ။ ရွာထဲကဘာမက ဘေးရွာကလူတွေပါလာပြီး လေ့လာကြ။ ဒါတင်မကသေး၊ ရာဇဝတ်အုပ်ဆိုလား၊ ဆားပုလင်းဆိုလား အဲသည့်လူတွေပါလာပြီး မေးကြစမ်းကြစုံစမ်းကြ၊ တပည့်တော်တို့အထက်ကို သတင်းပို့တင်ပြစရာရှိလို့ပါတဲ့။

တောမီးလောင်တာကမှ နှေးဦးမည်။

❑

"တော်တော်စာရေးချင်တဲ့ရွာစိုးကွယ်။ ငါတော့ သူလုပ်တာနဲ့ပဲ စိတ်ညစ်လှပါပြီ။ ကြာရင် ဒုက္ခရောက်တော့မယ်။ က - မောင်ပဉ္စင်းသာ ကျောင်းဆက်ထိုင်ပေတော့၊ ငါတော့ ဒီမှာဆက်နေလို့မရတော့ဘူး။ ကိုယ့်အလုပ်ကိုမှ ကောင်းကောင်းလုပ်ရတယ်လို့မှမရှိဘဲ၊ ဘာထူးတော့မှာလဲ၊ ငါသွားတော့မယ်"

ခန်းနေဦးပဉ္စင်းလေးကို ခေါ်ပြီး မိန့်သည်။ ဦးပဉ္စင်းလေးလည်း ဘာပြန်လျှောက်ရမှန်းမသိ။ သူမှက်နှာ ဆီးရွှက်လောက်ပဲကျန်တော့သည်။

"ဘုန်းကြီးဘုရား၊ ဆုံးဖြတ်ချက်ကို ပြန်ပြင်ပေးပါဦးဘုရား။ တပည့်တော်လည်း ဒီကျောင်းမှာဆက်မထိုင်ရဲပါဘူးဘုရား။ တော်ကြာ ဒီလိုစာတွေဆက်လာနေမှဖြင့်"

ဦးပဉ္စင်းလေးက အကြီးသင့်အကြောင်းသင့် လျှောက်ထားပြန်တော့ ဘုန်းကြီးသုန် ပြန်စဉ်းစားရပြီ။

"ခက်တော့တာပဲကွာ၊ တို့ဟာတို့ အေးအေးဆေးဆေးနေလာခဲ့တဲ့ကျောင်းလေး၊ အခုလူတော်တော်ရှုပ်လာပြီ။ တို့အလုပ်လည်း ပျက်လုတယ်"

မိန့်မည်သာ မိန့်တော်မူရသည်။ မိမိကိုရင်ဘဝကတည်းက နှစ်နှင့်ချီ၍ သီတင်းသုံးလာခဲ့သော သည်ကျောင်းကလေးသည် ဂေါစရဂါမ်သံယောဇဉ်တော့မပြတ်ချင်ပါ။ သည်ထနောင်းပင်ကိုသာခုတ်ခွင့်မပေးခဲ့လျှင်၊ သည်ရွာစိုးဒုက္ခလာမပေးလျှင် အကောင်းသားဟု တွေးမိ၏။

"ဩော် - စိတ်တွေရှုပ်ပြီး အရေးကြီးတာတစ်ခုလုပ်ဖို့ မေ့နေခဲ့တယ်။

ရွာစိုးနတ်မင်း ဘေးကင်းပါစေ၊ ဒုက္ခအပေါင်းလွတ်ငြိမ်းပါစေ၊ ကျွန်ုပ်ပြုရသောကုသိုလ်ကောင်းမှုဖြင့် ဖို့ဘဝကို သင်ရွာစိုးမင်းအား အမျှပေးဝေပါ၏။ ဝမ်းမြောက်နမော် သာဓုခေါ်ခိုင်ပါစေသတည်း။ အမျှ အမျှ အမျှ"

ဘယ်နေရာကမှ သာဓုခေါ်သံထွက်ပေါ်မလာပါ။ သာဓုသံအစား ဘုတ်ဟူသောအသံကိုသာ ကြားလိုက်ရသည်။ ဘာများပါလိမ့်၊ တွေ့ပြန်ပြီ စာတစ်ထုပ်။ ဘာတွေများရေးဦးမှာပါလိမ့်။

သိချင်ဇောနှင့် စာရွက်ကိုဖြန့်ဖတ်ကြည့်သည်။ အရင်လက်ရေးတွေအတိုင်းပါပဲ။

"ဆရာတော်ဘုရား၊ ဘယ်ကိုမှ မကြွပါနှင့်။ ထန်းလျက်ကိုဘဉ်းပေးပြီး တပည့်တော်ရဲ့ ပါရမီကိုဖြည့်ပေးပါ။ နောင်ကို ဘာမှမဖြစ်စေရပါ။ တပည့်တော်ပြုမိသောအပြစ်ကို ခွင့်လွှတ်သည်းခံတော်မူပါ ဘုရား"

စာရွက်ကလေးကို ပြန်ခေါက်ထားလိုက်သည်။ ရွာစိုးဇီနောက်ဆုံးစာကို အ ရင်စာတွေနှင့်အတူရောပြီး စာတိုက်ထဲမှာ အမှတ်တရသိမ်းထားလိုက်သည်။ အလွမ်းပြေကြည့်ရတာပေါ့။

ဘုန်းကြီးသုန် တစ်ခုစဉ်းစားနေမိသည်။

ဒီလောက် စာရေးချင်လှတာ အရင်ဘဝတုန်းက စာရေးဆရာများဖြစ်ခဲ့လေရော့သလားကွယ်။

သက်အေး

www.burmeseclassic.com

www.burmeseclassic.com



သားစိန်နှင့် ထားဝယ်ရိုး-ကြက်-ကိုး

တနင်္သာရီတိုင်းဒေသကြီးသည် ထားဝယ်၊ မြိတ် လူမျိုးစုတိုင်းရင်းသားများ အဓိကနေထိုင်ကြသည့် ပင်လယ်ကမ်းရိုးတန်းများ ဝန်းရံနေသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားများဖြစ်ကြသည့် ကရင်၊ မွန်၊ ဗမာ၊ ရှမ်းတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ကြသည်။ ထားဝယ်မြို့ကြီးသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် မပွင့်တော်မူ အချိန်အခါကပင် တည်ရှိခဲ့သည်။ ဂေါတမဗုဒ္ဓ (၁၁) ဝါမြောက် အချိန်မှစ၍ ထားဝယ်ခေါ် 'ကြရင်းအစ' ဝေမိသကတောင် (ကနန်းတောင်ထိပ်) ဝယ် ရှင်တော်မြတ်စွာ ထက်ဝယ်ဖွဲ့နွေထိုင်နေတော်မူသည်ကို အစွဲပြု၍ ယွန်းရှမ်း၊ ယိုးဒယားတို့ဘာသာဖြင့် 'ထဝ့်ပြုတော်မူသည်' ဟု သမုတ်ကြသောကြောင့် ထဝ့်ဒေါသကို 'ထဝ့်တိုင်း' တွင်သည်။ ကာလရှည်လျားလတ်တော့ 'ဝ' အက္ခရာ၌ဟထိုးပျောက်ပြီး ထားဝယ်ဟူ၍ ယနေ့တိုင် အများခေါ်ဝေါ်ကြလေသည်။

ထားဝယ်မြို့သည် ရှေးခေတ်ဘုရင်များအုပ်ချုပ်မင်းပြုတော်မူခဲ့ကြပြီး ဗုဒ္ဓဘာသာသာသနာထွန်းလင်းခဲ့သော ဒေသကြီးဖြစ်ခဲ့သည့်အတွက် သမိုင်းခိုင်မာသည့်ရှေးဟောင်းစေတီတော်များ၊ သာသနာ့အဆောက်အအုံကြီးများ၊ နန်းမြို့ဟောင်းကြီးများ ယနေ့တိုင် သမိုင်းမှတ်တမ်းပြုနိုင်ခဲ့လေသည်။ ထားဝယ်မြို့ရှိမြို့ရွာများ၏ အမည်နာမများသည်လည်း သမိုင်းမှလာသော မြို့ရွာတို့၏ အမည်နာမများသာ ဖြစ်သည်။

ဘာသာတရားလိုက်နာပြီးနိုင်းသားကြသော ထားဝယ်လူမျိုးများကို အခြားမြို့ရွာဒေသတို့ လူအချို့တို့ကမူကား ထားဝယ်သားများနှင့် စကားများ အငြင်းအခုံပြောဆိုကြရာတွင် 'ထားဝယ်ခိုးကြက်ခိုးတတ်သည်'ဟူ၍ မခံချင်အောင် ပြောဆိုတတ်ကြလေသည်။

ထားဝယ်ခိုး ကြက်ခိုး ဆိုသည်ကို ထားဝယ်သမိုင်းအလာအရဆိုရပါမူ-

ဝေဒီမြို့ နန်းတည်၍ ဝေဒီမြို့တည်ခြင်းမှ အစပြုရမည် ဖြစ်ပေသည်။

ယခု ထားဝယ်မြို့မှ အနောက်တောင်ဘက် (၆) မိုင်ခန့် ခရီးအကွာ ထားဝယ်မြစ် အနောက်ဘက်ကမ်းနှံ့ ဝေဒီရွာကား ရှေးအခါက နန်းမာမင်းများ အုပ်စိုးခဲ့ဖူးသည့် ဝေဒီမြို့ဖြစ်လေသည်

www.burmeseclassic.com

www.burmeseclassic.com

ယင်းဝေဒီမြို့ကို ကောဇာသက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် ပေါက္ကံပြည့်ရှင် အလောင်းစည်သူမင်းကြီး၏ အဆက်အနွယ်များဖြစ်၍ ထောင်ကွယ်မြို့ (ယခု ကြက်လွတ်ရွာ) ကို စည်ထောင်ကြသည့် ကနိကဝတ်မင်း၊ ၎င်းသားတော် ကနိဋ္ဌာသူ၊ ၎င်းသားတော် ကနိဋ္ဌာရဲ၊ ၎င်းသားတော် ကနိဋ္ဌာသံ။ ၎င်းသားတော် ကနိဋ္ဌာဝါ။ ၎င်းသားတော် စောသူရ ထိုမင်းလက်ထက် ထောင်ကွယ်မြို့မှပြောင်း၍ ကောဇာသက္ကရာဇ် ၇၉၂ ခုနှစ် ဝေဒီမြို့ကို တည်လေသည်။

(ဝေဒီအမည်တွင်ခြင်းအကြောင်းကား ယင်းအခါက ယင်းနေရာမြစ်ကမ်းသည် တိမ်သောရေဝဲရှိပြီး ခန်းခြောက်သွားသည့်နေရာဖြစ်သောကြောင့် ဝံတိန်ဟုခေါ်ကြရာမှ ယခု ထားဝယ်အခေါ် ဝံတီ-ဝဲဒိမှ ရွေ့လျောက်ကာ ဝေတီ - ဝေဒီ တွင်လေသည်။)

၁။ ဝေဒီမြို့၌ 'စောဃူရမင်း၊ ၎င်းသားတော် မင်းစောရောင်၊ ၎င်းသားတော် စောသွားရောင်၊ ၎င်းသားတော် ရွှေနန်းတက်၊ ၎င်းသားတော် အိမ်ရှေ့မင်း' တို့ အုပ်စိုးကြပြီးနောက် သာဂရမြို့ကို အုပ်စိုးသည့် ရှင်ဇ(နန္ဒယ)မင်းနှင့် မဟုရာစောမြဒေဝီတို့၏သားတော် ဗလစောရန်နိုင် ခေါ် စောသီလမင်း ပြောင်းရွှေ့၍ အုပ်စိုးလေသည်။

အခါတစ်ပါး စောသီလမင်းသည် မိမိထံပါးတွင် သက်တော်စောင့်ရာထူးနှင့် အမှုထမ်းသူ မောင်ဗအဲ့၏ ဇနီး မယ်စောခေါ် စောပညာကို တပ်နှစ်သက်လှရကား မောင်ဗအဲ့အား တိတ်ဆိတ်လုပ်ကြံရန် စိတ်ကူးမိလေ၏။

(မယ်စောကား ရုပ်ရှုပကာ လှုပ်ရှောမွေ့သည့်အပြင် အတွေးအခေါ်အမြော်အမြင် အဆင်အခြင် ဉာဏ်ပညာနှင့် ပြည့်စုံသူတစ်ဦးဖြစ်သဖြင့် အများ

ရှေးဟောင်းမြစ်ကုန်းစေတီတော်ကြီး၊ ကောဇံ၊ ဧနပုံ

ဝေဒီမြို့ဟောင်း နန်းတည်ရာ (ယခု ရွှင်ကြီးနတ်ကွန်း၊ တည်ထားပုံ)

ဝေဒီမြို့တည်ထောင်နန်းပြုသည့် ရွှင်အုရင် ရွှင်ဝံ (နိန္နယ) မင်း

ဗိဒုရာကြီး တောပြဓေဝီ

မောင်ဗအဲ့နတ်ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနန်ဗြို့ နန်းတော်တည်ရာ ကျောက်တုံးများ

မြစ်ကုန်း မြစ်ချောင်းအတွင်း ဓလုဟသံ (၂) ကောင်ကျခဲ့သည့် မြစ်ချောင်းထက်တက်
(စေတီတော်ကြီးဘုရားတော်တွင် တည်ရှိသည်)

စောပညာဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။)

ယင်းခေတ်အခါက ဝေဒဗြို့တွင် မင်းမျူးမတ်တို့နှင့်တကွ ပြည်သူလူထုအများတို့မှာ ကြက်ပွဲဝါသနာရှိကြလေသည်။

၂။ စောသီလမင်းနှင့် မောင်ဗအဲကြက်တည်သွားကြခြင်း။

တစ်နေ့သ၌ စောသီလမင်းသည် မိမိ၏ အကြံအစည်အရ မောင်ဗအဲကို ရွှေတော်သို့ခေါ်၍ ယခုညဉ့်အရုဏ်တက်အချိန်တွင် တောထဲသို့ ကြက်တယ်(ကြက်တည်)သွားရန် တိုက်ကြက်ကောင်းတစ်ကောင်နှင့် လာရမည်ဟု အမိန့်ပေးလိုက်လေ၏။

မောင်ဗအဲမှာ မင်းကြီး၏အကြံကို မရိပ်စားမိဘဲ အမိန့်တော်အတိုင်း ဘုတ်မွေးရင်သက်၊ တက်နက်မောက်ချွန်း၊ မြီးဝန်း တောင့်ပံဖြူ ဟု ကြက်၌ ကျွမ်းကျင်သူ မှူးညာရှိသူများ၏ အမှတ်သင်္ကေတအရ (၁) ရင်ဘတ်အတွင်း ဘုတ်ဂွက်ကဲ့သို့အမွေးအရောင်ရှိခြင်း၊ (၂)အတက်မည်းနက်ခြင်း၊ (၃) အမောက်ချွန်းခြင်း၊ (၄) အမြီးဝိုင်းခြင်း၊ (၅) တောင်ပံဖြူခြင်း ဟု ဆိုအပ်သည့် ယင်းအင်္ဂါ (၅) ရပ်နှင့် ညီညွတ်သောတိုက်ကြက်ကြီးတစ်ကောင်ကို ကြိုတင်၍ အသင့်ရှိထားပြီး စောပညာကိုလည်း ညဉ့်ဦးကပင် အသိပေးကာ အိပ်ကြလေ၏။

အရုဏ်တက်ချိန် ရောက်ရှိလာသော် စောပညာက နန်းတော်သို့ဝင်ရန် ကြက်ပိုက်လျက်ရှိသည့်မောင်ဗအဲထံပါးသို့ ချဉ်းကပ်ကာ ညီးနွမ်းသောမျက်နှာဖြင့် သီဆိုလိုက်သော ထားဝယ်သီချင်းမှာ-

ဒ နှမ်းသားမိုက်မိုက် မန်းသားကြစ်ပိုက်၊
မလိုက်လေနှင့် ကိုဗအဲရယ်

မြန်မာပြန်

ဒ နှင်းကလေးမိုက်မိုက် မင်းကလေးကြက်ပိုက်၊
မလိုက်လေနဲ့ ကိုဗအဲရယ်

ဇာတ်သဘင်သည်တို့ကပြလျှင်မူကား-

ဒ နှင်းဖွေးမှောင်မှောင် အလင်းဝယ် မိုက်သလိုပ၊
မင်းကလေးမောင်မောင် အခက်တကယ်ဆိုက်လိမ့်မထင့်။
(အမယ်မင်း) ကြက်တယ် (တည်)
မလိုက်လေနဲ့ ကိုဗအဲရယ်

ဟူသော ရသဂုဏ်မြောက်လေးချိုင့်ချင်းကဲ့သို့ မင်းသမီးက လွှဲစရာ သီဆိုပေလိမ့်မည်။

"ကျွန်မ ညဉ့်က အိပ်မက်မကောင်းမြင်မက်၍ ကိုဗအဲ၌ တစ်ခုတစ်ခုသော ဘေးဒုက္ခတွေ့ကြုံလိမ့်မည်ထင်သဖြင့် ကြက်တယ်မလိုက်ပါနဲ့"

ဟူ၍ စောပညာက အတန်တန်တားမြစ်တောင်းပန်လေ၏။

မောင်ဗအဲက -

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့စကား မိုးကြိုးသွားတဲ့ နှမ ရယ်။ မင်းအမိန့်တော်နဲ့ လိုက်ပါရမှည် ဖြစ်၍ အိပ်မက်ကို အရေးမယူပါနဲ့"

ဟု ပြောပြီး ကြက်ပိုက်ကာ နန်း တော်သို့ ဝင်လေ၏။

မှူးမတ်အခြွေအရံ တစ်စုံတစ် ယောက်မျှမပါဘဲ မင်းနှင့် မောင်ဗအဲ နှစ်ဦးတို့မှာ ဝေဒီမြို့နှင့်မနီးမဝေး တောအုပ်သို့ ထွက်ကြွတော်မူလေ၏။ တော အုပ်အတွင်းရောက်ရှိလတ်သော် မင်း ကြီးက ပွဲတော်စာတည်ရန် ရေကြည် တော်အရှာခိုင်းလေ၏။ မောင်ဗအဲက လည်း ခပ်လှမ်းလှမ်းနေရာတွင် ရေ အနည်းငယ်မျှရှိသည့် ပင်လက်ရေတွင်း တစ်ခုသို့ ဒူးထောက်ကာ ရေခပ်နေခိုက် မင်းကြီးသည် နောက်မှ တိတ်တဆိတ် လာပြီး မောင်ဗအဲအား ရေတွင်းထဲသို့ တွန်းချလျက် ကျောက်လုံးများဖြင့် ပစ် ခဲ့လေရာ မောင်ဗအဲမှာ ခန္ဓာစဲလေတော့ ၏။ မောင်ဗအဲ၏တိုက်ကြက်ကြီးလည်း ထွက်ပြေးလေ၏။

မင်းကြီးသည် ညနေချမ်းအချိန် နန်းတော်သို့ ပြန်လာပြီး မောင်ဗအဲ၏ ဇနီး စောပညာကို အခေါ်ခိုင်းပြီးလျှင်-

မောင်ဗအဲမှာ နံနက်အချိန်ကပင် ရေကြည်တော် အရှာခိုင်းလိုက်ရာ ကြာ ရှိသဖြင့် ကျွန်ုပ်ကိုယ်တော်တိုင် လိုက်လံ ရှာဖွေ၍မတွေ့ရှိသောကြောင်း စောအန္တရာယ် တစ်စုံတစ်ခုတွေ့ကြုံနေပြီထင်ကြောင်း ကိုပြောပြီး အကယ်၍ မောင်ဗအဲ မရှိက စောပညာအား ကျွန်ုပ် သိမ်းပိုက်မည့် အကြောင်းကို ပြောလေ၏။

စောပညာမှာ ပညာရှိ မိန်းမတစ် ဦးဖြစ်သည့်အတိုင်း အိမ်သို့ပြန်ပြီးလျှင် တစ်ညဉ့်လုံးစဉ်းစားကာ မင်းကြီးအပေါ် ၌ သက်မကင်းဖြစ်လေ၏။

နောက်တစ်နေ့နံနက် ညီလာခံစုံ သည့် ဦးလုံးအလယ်တွင် မောင်းမတစ်ဦး ထံ မောင်ဗအဲ သေဆုံး၍ အစိမ်းသရဲ ဖြစ်ကာ ပူးကပ်ပြီး -

မိမိမှာ မင်းကြီးက ရေတွင်းထဲသို့ တွန်းချ၍ အဆုံးစီရင်သည့်အတွက် မြို့ခံ စရာမရှိဖြစ်နေပါ၍ သင့်တော်သည့်နေ ရာတွင် နတ်ကွန်းဆောက်ကာ ဦးမြင့် ပေးပါရန်၊ ကျွန်ုပ်အား ကိုးကွယ်ပူးသ သည့်အခါလည်း ကြက်အရှင်နှင့်သာ တင်မြောက် ကိုးကွယ် ပသပါရန် အကြောင်းတို့ကို ပြောဆိုလျှောက်ထား လေ၏။

ယင်းအခါ မင်းကြီးသည် စိတ်ဆိုး သော့အမူအရာ မသာမယာသော မျက် နှာဖြင့် မိမိအား အစိမ်းသရဲက မတရား စွပ်စွဲသလိုလို ရှက်မခန်းလိလိမျက်နှာ ဖြင့် ပြောဆိုပြီး နတ်ကွန်းပေးရန် ဝန်ခံ လိုက်လေ၏။

၄။ ထားဝယ်ရိုး ကြက်ကိုး။

မောင်ဗအဲနတ်ကွန်းကို ဝေဒီအုတ် မြို့ရိုးအပြင်ဘက်၌ ဆောက်လုပ်ပေး၍ ကြက်အရှင်ဖြင့် ကိုးကွယ်ပသကြသည် ကို ထားဝယ်ရိုးရာအတိုင်း ကြက်ဖြင့် ကိုးကွယ်သည်ကို အစွဲပြု၍ ထားဝယ်ရိုး ကြက်ကိုးသည်ဟူ၍ ယခုတိုင် ဆိုထုံးပြု ကြလေသည်။

(အခြားမြို့ရွာဒေသရှိ လူအချို့ တို့ကမူကား ထားဝယ်သားများနှင့် စကားများ အငြင်းအခုံပြောဆိုကြရာ တွင် ထားဝယ်ရိုး ကြက်ခိုးတတ်သည် ဟူ၍ မခံချင်အောင် ပြောဆိုတတ်ကြ လေသည်။)

မောင်ဗအဲရေခပ်သည့်ရေတွင်း နှင့် ဒူးနှစ်ဖက်ထောက်သည့်နေရာ ယခု တိုင် ကျောက်ဖြစ်လျက်ရှိသည်ကို ဝေဒီ ရွာနှင့်မနီးမဝေး တောအုပ်အတွင်း တွေ့ မြင်ရလေသေးသည်။)

မောင်ဗအဲ၏ဇနီး စောပညာမှာ မိမိ၏ခင်ပွန်း ကွယ်လွန်ကြောင်း ကြား သိရသဖြင့် မင်းကြီးသိမ်းပိုက်မည့်ဘေး မှကြောက်ရွံ့ကာ မိန်းမဖော်တစ်ယောက် နှင့်အတူ လေ့ကြုံစီး၍ တိတ်တဆိတ် ထွက်ပြေးလေရာ ကံအားလျော်စွာ စိန့် ပြည်သို့ ရောက်ရှိလေ။ စိန့်ပြည်၌လည်း မင်းမဲ့ဖြစ်နေသောကြောင့် စောပညာ အား ဘုရင်မအဖြစ် ခီးမြှောက်၍ အုပ်စိုး စေလေ၏။

ထားဝယ်တို့သည် ယဉ်ကျေးကြ သည်၊ သိမ်မွေ့ကြသည်။ ဘာသာတရား ကိုင်းရှိုင်းကြသည်။ သူတစ်ပါးအပေါ် တွင် စေတနာထားသည်။

လွန်လေပြီးသော နှစ်ပေါင်း ၄၁၀ ကျော်က ဝဲတီမြို့ခေါ် ဝေဒီမြို့ကြီးကို တည်ထောင်နန်းပြုခဲ့သော ရှင်ဘုရင် ရှင်ဇ(နန္ဒယ)နှင့် မိဖုရားကြီး စောမြဒေဝီ၊ မိဖုရားကြီးတို့၏ သားတော် နောက်ဆုံး မင်းဖြစ်တော်မူသော ဗလဒေဝ၊ စောရန် ခိုင်(ခေါ်)စောသီလမင်း မင်းပြုစဉ် တည် ထားကိုးကွယ်ခဲ့သော မြစ်ကုန်းစေတီ တော်ကြီးကို ဝေဒီမြို့ကြီးအား အုတ်မြို့ ရိုးအပြင်ဘက် ကုန်းမြင့်တွင်တည်ထား သည်။ ရှေ့ဟောင်းစေတီတော်မြတ်ကြီး သည် မြစ်ကုန်းစေတီတော်ကြီးကို တည် ထားကိုးကွယ်ခဲ့ပြီး မိဘနှစ်ပါးဖြစ်တော် မူသော ဖခင်(နန္ဒယ)မင်း မင်းကြီးရှင်ဇ၊ မယ်တော် စောမြဒေဝီမိဖုရားကြီး တို့၏ ကျောက်ဖြစ်ရုပ်တုပုံတော်နှစ်ဆူနှင့် စောသီလမင်းလုပ်ကြံမှုကြောင့် သေဆုံး ပြီး နတ်စိမ်းဘဝသို့ရောက်ခဲ့ရသော မောင်ဗအဲမှ နတ်ကွန်းတောင်းခံရာ မြစ်ကုန်းစေတီတော်ကြီးအနီး တော အုပ်အတွင်းရှိ မူလနေရာတွင် နတ်ကွန်း ကြီးအား လည်းကောင်း၊ မြစ်ကုန်းစေတီ တော်မြတ်ကြီးအား တောများရှင်းလင်း ပြီး ထားဝယ်မြို့ ရွှေကူတောင်ဆရာ တော်ဘုရားကြီး ဦးသုမန ကြီးမှူးပြု၍ ထားဝယ်မြို့ အမှတ် (၁၀၇) သဘော ဆိပ်ရပ် ကမ်းနားလမ်းနေ ဦးသိန်းမြင့်၊ ဒေါ်ဆန်းညွှန့် အများတကာတို့မှ ပြန် လည် ပြုပြင်မွမ်းမံ တည်ထား ကိုးကွယ် ခဲ့ကြသည်။

စေတီတော်ကြီးဘုရားပြုပြင်တည် နေစဉ် ထူးခြားသည်ဖြစ်ရပ်မှာ ဘုရား ကြီး၏ မြစ်ကုန်းကမ်းလက်တက်တွင် ရွှေဟင်္သာမောင်နှံနှစ်ကောင် ဘုရားကြီး အား ဘုရားဖူးခဲ့ကြသည်ကို လူအများ က ပိုက်ကွန်များဖြင့် ဖမ်းယူထားခဲ့ရာ ဘုရားကြီးထီးတင်အပြီးတွင် ရွှေဟင်္သာ (၂) ကောင်ပြန်လည်လွတ်မြောက်သွားခဲ့ ကြောင်းကို ပိုက်ကွန်ဖြင့် ဖမ်းယူခဲ့သော ဝေဒီရွာသားကြီး ဦးမဲလှမ္မ ပြောပြခဲ့သည် ကို ဘုရားတည်ရာတွင် ပါဝင်ခဲ့သော ရွာသားကြီးများက ဟုတ်မှန်ကြောင်း ထောက်ခံခဲ့ကြသည်။

နှစ်စဉ် နတ်တော်လပြည့်နေ့ကို မြစ်ကုန်းစေတီတော်မြတ်ကြီး၏ဘုရား ပွဲအဖြစ် သတ်မှတ်ကြပြီး စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့ကြသည်။ ဘုရားပွဲကြီး နှင့်အတူ မောင်ဗအဲ နတ်ကွန်းကြီးတွင် လည်း ကြက်အရှင်များဖြင့် အနယ်နယ် အရပ်ရပ်မှ လူများတို့လာရောက်ကာ ထားဝယ်ရိုးရာဖြစ်သည့် ကြက်ကိုးပူဇော် ပသခဲ့ကြသည်မှာ ကိုးဘွားဘီဘင်လက် ထက်တို့မှစ၍ ယနေ့အထိ ဆက်ခံကျင့် သုံးခဲ့သော ဓလေ့ထုံးစံဖြစ်ကြပါသည်။

ထို့ကြောင့် ထားဝယ်ရိုး ကြက်ကိုး ခြင်းသာဖြစ်သည်ကို တစ်အုတ်ချင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမများ သိရှိကြစေရန် ရှင်းလင်း တင်ပြ ရေးသား လိုက်ရပါသည်။

သားစိန်ဒိုင်

ကိုးကြမ်း -

ရွှေဝယ်၏ ထားဝယ်ရာဇဝင်သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဒေးချမ်းဒေါင် (ရမည်းသင်း)
စပါးကြီးညီမြို့သူ

သစ်တောထွက်ကုန်ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီကြီးတွင် ကျွန်ုပ် တာဝန်ယူ၍ လုပ်ကိုင်ခဲ့စဉ်အခါက တွေ့ကြုံခဲ့ရသည်များပါ။

တောင်ဖေါ် အလုပ်စခန်းတစ်ခုသို့ ကျွန်ုပ်သည် တစ်နေ့တာလုပ်ဆောင်ရမည့်လုပ်ငန်းများအားလုံး ပြီးဆုံးသွားပြီဖြစ်၍ နေရောင်မပျောက်ခင် ရေချိုးသွားရန် သတိရမိသည်။ နေရောင်ပျောက်သွားပါက တစ်နေ့တာလုံး တောထဲခိုအောင်းနေကြသော မှက်၊ ခြင်၊ ဂျစ်ကောင်များက ပျားအုံလို ဝိုင်းဝန်းကိုက်လေ့ရှိတာကြောင့် ရေချိုးရန်ယူဆောင်စရာရှိသည်များ ယူဆောင်ကာ အလုပ်စခန်းနှင့် ခပ်လှမ်းလှမ်းတွင်ရှိနေသော ရေထွက်စမ်းချောင်းအိုင်ဆီ ရေချိုးရန် စခန်းမှအထွက် -

လူတစ်ယောက်ကို လူနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ဟတွဲခေါ်ကာ စခန်းတွင်းဝင်လာသည်ကိုတွေ့လိုက်ရ၍ အခြေအနေကို ကျွန်ုပ်ကြည့်နေမိလေသည်။ အလယ်မှတွဲလိုက်လာသူမှာ သူခြေထောက်တွေက လှမ်းတစ်ချက်မလှမ်းတစ်ချက် ခေါင်းငိုက်စိုက်ကျလျက်။ တစ်ခါတစ်ခါတော့ ခေါင်းထောင်ကြည့်လေသည်။ တစ်ခုခုဖြစ်လာလို့နေမည်။ သူတို့ ကျွန်ုပ်အနားရောက်ခဲ့လာကြသည်။

ရောက်ရောက်ချင်း -

"ကျွန်တော်တို့ ဖုန်းမကိုင်ရွာကပါ။ ဒီကောင်ကို ဆေးရုံတင်ချင်လို့ ဆရာတို့ကားကူညီပေးပါ"

အေးဗျာ - ကားက ကုန်တင်ပြီး ရုန်ကုန်ဆင်းသွားတယ်ဗျ။ ပြောပါဦး၊ ခင်ဗျားလူက ဘာဖြစ်တာလဲ"

ဟု ထိုလူကို ကျွန်ုပ်ကမေးလိုက်တော့ တွဲလာသူမှာ ခေါင်းတစ်ချက်ထောင်ကြည့်လာပြီး ခေါင်းငိုက်စိုက်ပြန်ကျသွားလေသည်။

"ဒီလို ဆရာ၊ ကျွန်တော့်တို့ (၃) ယောက်က တောင်ယာကွက်သစ်ခုတ်ကြတာ ဟိုးမြင်နေရတဲ့တောင်စောင်းမှာပါ။ နေ့ခင်း(၃)နာရီလောက်က ဒီကောင် အပြင်သွားချင်လို့ဆိုပြီးတော့ တောထဲဝင်သွားတာ။ တစ်နာရီကျော်ကြာတဲ့အထိ ပြန်မလာတာနဲ့ ဒီကောင်သွားတဲ့နေရာလိုက်ရှာတော့ စပါးကြီးမြွေကြီးရှေ့မှာ သူကိုတွေ့လိုက်ရတယ်"

"ဗျာ - ဘယ်လို"

"စပါးကြီးမြွေကြီးက ဒီကောင်ကို ညှို့ဖမ်းထားလို့ညှို့မိနေတာကိုတွေ့လိုက်ရတယ် ဆရာ"

"မြွေကဘယ်လောက်ကြီးလို့လဲဗျ"

"ကြီးတာပေါ့ဆရာ။ ပြည်တောင်းလုံးလောက်နီးပါးမြွေကြီးပေါ့။ သူကို ဆေးရုံပို့မှဖြစ်မယ်ဆရာ။ ကားမရှိဘူးဆိုတော့ ကျွန်တော်တို့ဘယ်လိုလုပ်ရမလဲမသိတော့ဘူး။ ဆရာ့ကားအားကိုးနဲ့လာခဲ့ကြတာ"

"သင်္ဘောတင်ရက်ဆိုတော့ ကုန်တင်ကားလွှတ်ပို့ခိုင်းရတာ။ ဒီလမ်းကလည်း တစ်နေ့လုံးနေမှ ကားတစ်စီး၊ နှစ်စီးလာဖို့ခဲယဉ်းတာ။ ဆေးရုံကို အချိန်မီရောက်မှဖြစ်မှာ"

ဟု ကျွန်ုပ်ကပြောပြီး လူနာကို ဆေးရုံကိုဘယ်လိုနည်းနှင့်ရောက်အောင်ပို့ပေးရမလဲစဉ်းစားနေမိသည်။ အဖြေကား မရပါ။ သူတို့တစ်တွေလည်း ကျွန်ုပ်ကို မျက်နှာငယ်လေးများနှင့် အားကိုးတကြီးကြည့်ရကြလေသည်။

ထိုစဉ် ကျွန်ုပ်တို့အနား အသက် (၇၀)ကျော်အရွယ်လူကြီးတစ်ဦးရောက်ရှိလာကာ -

"လမ်းထိပ်က စောဘရန်းပြောပြုလို့လိုက်လာတာ၊ ခုဘယ်လိုနေသေးလဲ"

ဟု ဆိုကာ စပါးကြီးညှို့မိထားသူအား အကဲခတ်ကြည့်ပြီးနောက် -

"ဒီကကားနဲ့ မြို့ဆေးရုံသွားမယ်ဆို ကားမှမရှိဘဲ။ ကားမရှိလည်းပုမနေဘဲနဲ့။ တို့ရွာမှာ မြွေကုတဲ့ဆရာကြီးရှိတယ်။ ငါပို့ပေးမယ်လို့ကံခဲ့ကြ"

"ဖထီး၊ ဖြစ်ပါ့မလားဗျာ။ လူနာက ဆေးရုံဆေးခန်းမှဖြစ်မှာလေ"

"မပူနဲ့ဆရာလေး၊ ကျွန်ုပ်ပို့မေးပါ့မယ်။ ဒီလိုစပါးကြီးမြွေအညှို့ခံရတဲ့သူနှစ်ယောက်ကိုပျောက်အောင် တို့ရွာက

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးကုပေးတာ၊ ငါလက်တွေ့။ ဒီကောင်လေးထက်တောင် ဆရာကြီးကုပေးတဲ့သူတွေက အခြေအနေဆိုးသေးတာ။ ခုဖြစ်တာမျောက်ပါတယ်"

"အဲဒီတောတောင်က အရင်က ဆို လူကိုအန္တရာယ်ပေးတဲ့အကောင်တွေ သိပ်ပေါတာ။ ခုမှ လူသံသူသံတွေကြားလို့။ တို့ငယ်ငယ်က ဆိုသွားတောင်မသွားရဲကြဘူး"

"ကဲ - လာလာ၊ သူကိုတွဲလိုက်ကြ။ သူအတွက်စိတ်ချ ဆရာလေး"

ဟု ပြောပြောဆိုဆိုပင် သူကိုယ်တိုင် လူနာကိုတွဲထူပေးလေ၏။ လူနာက အကြောတွေဆိုင်းနေသလို ခြေတစ်လှမ်းလှမ်းရွဖို့ပင် အတော့်ကိုပင်ကြိုးစားနေရရှာသည်မို့ စောင်ပုခက်လုပ်ကာ စခန်းက ယောက်ျားလေး ငါးယောက်ကို ဆေးဆရာကြီးအိမ်ရောက်သည်အထိပို့ပေးဖို့ ကျွန်ုပ်စီစဉ်ပေးလိုက်လေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်အနေနှင့် ဆေးရုံ၊ ဆေးခန်းသာသွားစေချင်သည်။ လမ်းပမ်းဆက်သွယ်ရေးဖွံ့ဖြိုးမှုအားနည်းနေသော ယခုလိုနေရာမျိုး လူလာဖြစ်ရခြင်းသည် ဒုက္ခတစ်ခုပါလားဟု တွေးနေမိပါသည်။

❑

တစ်ရက်တစ်ရက်နှင့် ရက်တွေသာကုန်သွားခဲ့ပါသည်။ စပါးကြီးညို့ခံရသူသတင်းမကြားသိရပေ။ လူနာလိုက်ပို့ပေးကြသည့်ကောင်လေးတွေပြောစကားအရ မြွေကုပေးတဲ့ဆရာကြီးနေတဲ့ရွာက အတော်ဝေးသည်ဟု သိရသည်။

ဘာပဲဖြစ်ဖြစ် အသက်ခွန်းသာရာရပါစေဟုသာ ကျွန်ုပ် ဆုတောင်းနေမိသည်။ ကုမ္ပဏီ၏လုပ်ငန်းတွေ ရာသီခွင်ပြီးသွား၍ ရွာနှင့်အဆက်အသွယ်မရှိသလောက်ဖြစ်နေသည့်အခွင့်ဆိုတော့ ဘာသတင်းမှမရ။ လုပ်ငန်းလည်ပတ်နေခွင့်ဆိုလျှင် ဝန်းကျင်ရှိကျေးရွာများမှ ကျွန်ုပ်တို့ထုတ်လုပ်သောကုန်များ တောတောင်တွေထဲမှ ရှာဖွေ၍ လာရောက်ရောင်းချပေးကြသည်မို့ အဆက်အသွယ်မပြတ်ပေ။

ဒီလိုနှင့် နှစ်ပတ်ခန့်လွန်မြောက်ပြီးနောက် လူနှစ်ယောက် ရွှေဒုံက်ဟျောခိုင်ကြီးများထမ်းကာ ရောက်လာသည်။

"ဆရာ၊ ကျွန်တော်တို့ကို မှတ်မိလား"

ကျွန်ုပ် ရုတ်တရက် မဖြေမိ၊ မြင်ဖူးသလိုတော့ရှိလေသည်။

"မြင်တော့မြင်ဖူးနေသလိုပဲ၊ စဉ်းစားနေတာ"

"စပါးကြီးညို့မိလို့ ဆရာကူညီပေးခဲ့တာလေ"

"ဩော်- မှတ်မိပြီ။ ဒါနဲ့ စပါးကြီးညို့မိခံရတဲ့သူ ကောင်းသွားပြီမဟုတ်လား။ အခြေအနေကို အဆက်အသွယ်မရှိလို့ မသိရဘူးဗျ"

ကျွန်ုပ်သိလိုဇောနှင့်မေးနေစဉ်မှာပင် ထိုလူနှစ်ယောက်က စခန်းနံရံဘေးတွင် ဒုက္ခဟျောခိုင်ကြီးများချနေသည်။ ပြီးမှ -

"သူကိုကြည့်ပါဦး ဆရာ။ သူ ဘယ်သူလဲလို့"

လက်ညှိုးထိုးပြ၍ ထိုလူကို ကျွန်ုပ်ကြည့်လိုက်သည်။ သူကိုလည်းမြင်ဖူးသလိုရှိသည်။ စဉ်းစားမရပေ။ ထိုလူက ကျွန်ုပ်ကြည့်နေမည်ကိုသိနေ၍ ခေါင်းငုံ့ထားလည်။

အတန်ကြာ စကားတိတ်သွားသည်။ ထိုသူ ခေါင်းထောင်ကြည့်လာသည်။ ကျွန်ုပ် မှတ်မိသွားလေသည်။

"ဩော် - ကောင်းသွားပြီပဲ။ ခင်ဗျားကိုမမှတ်မိဘူးဗျာ။ ဒီကိုရောက်လာတုန်းကတွဲခေါ်လာတာ ခေါင်းငိုက်စိုက်နဲ့ တစ်ချက်တစ်ချက်မှခေါင်းထောင်ကြည့်နိုင်တာလေ။ ခုလည်း ခေါင်းငုံ့နေရာက ခေါင်းထောင်ကြည့်လိုက်လို့ မှတ်မိသွားတာဗျို့။ နေကောင်းသွားပြီနော်"

"ဟုတ်ကဲ့ - ကောင်းသွားပါပြီဆရာ"

ဟု မြန်မာစကားသံဝဲဝဲနှင့်ပြန်ဖြေလေသည်။

"လာကြဗျို့၊ ကျွန်တော့်ရုံးခန်းထဲစကားလေးဘာလေးပြောရအောင်ပါ။ ကျွန်တော်က ခင်ဗျား စပါးကြီးမြွေနဲ့ဖြစ်ခဲ့တဲ့အကြောင်းတွေသိချင်နေတာဗျ"

ငင်းတို့နှစ်ဦးက ဒုက္ခဟျောခိုင်ကြီးတွေကောက်မကာ ရုံးခန်းထဲလိုက်မည်အပြု -

"အဲဒီဒုက်ဟျောခိုင်တွေ အပြင်မှာထားခဲ့လေဗျာ"

"ဒီဒုက်ဟျောခိုင်တွေဘယ်နားထားရမှာလဲ ဆရာ"

"အပြင်မှာထားခဲ့၊ ရတယ်"

"ဆရာနဲ့ကျွန်တော့်ကိုလိုက်ပို့ပေးတဲ့အစ်ကိုတွေကို လက်ဆောင်ပေးရအောင်လို့ ဒုက်ဟျောခိုင်တွေယူလာတာဆရာ"

"ခင်ဗျားတို့ထမ်းလာရတာ မသက်သာလိုက်တာဗျာ"

"ကျေးဇူးတင်လွန်းလို့ပါ ဆရာ"

"ကျွန်တော်တို့ချည်းဆို မြွေကုပေးတဲ့ဆရာကြီးဆီ ရောက်ဖို့မလွယ်ဘူးဗျ။ တစ်တောင်ဆင်း၊ တစ်တောင်တက် သွားရတာ (၅)နာရီလောက်ခရီး။ ဆရာ့တပည့်တွေပို့ပေးကြလို့သာ။ ကျေးဇူးတင်ရတာပေါ့ ဆရာ"

"ကူညီတာပါဗျာ။ လူတစ်ယောက် ဒုက္ခရောက်နေတာတွေ့ရင် ကူညီရိုင်းပင်းကြမှာ လူတာဝန်ပါ။ ဘယ်လိုကူညီပေးရင်အဆင်ပြေမလဲ ဒီလိုအသိနဲ့ကူညီပေးခဲ့တာပါ။ လက်ဆောင်မလိုပါဘူးဗျာ။ ဒုက်ဟျောခိုင်တွေအပြင်မှာပဲထားခဲ့နော်"

ဟုပြောကာ ရုံးခန်းထဲသို့ ၎င်းတို့အား ခေါ်လာခဲ့လေသည်။

"ကျွန်တော့်နာမည် စောစံထူးလို့ ခေါ်ပါတယ်။ သူကတော့ စောမွန်သာတဲ့ ဆရာ"

ဟု သူတို့နာမည်တွေကိုပြောပြ၍ မိတ်ဆက်ပါသည်။ စပါးကြီးညို့ခံရသူမှာ စောမွန်သာဖြစ်လေသည်။

"အေးဗျာ - စောမွန်သာ၊ ခင်ဗျားဖြစ်ခဲ့ကာတွေ ကျွန်တော်စိတ်ဝင်စားနေတာဗျ။ ခင်ဗျားဖြစ်ခဲ့တာတွေပြောပြပါလား"

"ဟုတ်ကဲ့ဆရာ၊ အဲဒီနေ့က ညနေ (၃)နာရီလောက်မှာ ကျွန်တော် ဝိုက်နာနေလို့ အပြင်သွားချင်တာနဲ့ တောင်ယာခုတ်နေတဲ့အောက်ဘက်လျှိုထဲဆင်းလာခဲ့တယ်။ ရာသီမဟုတ်ဘဲ မိုးနည်းနည်းရွာထားတော့ ခြေချော်တာနဲ့ ဖိနပ်ချွတ်ထားခဲ့တယ်။

အပြင်သွားပြီးပြန်လာတော့ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ်၊ ကတုန်ကယင်ဖြစ်နေတယ်။ ပြန်တာက တောင်ယာခုတ်တဲ့နေရာပြန်တာ၊ ဒီနေရာဒီနေရာကိုပဲပြန်ပြန်ရောက်နေတယ်။ ခေါင်းတွေကလည်း နောက်ကိုနေတယ် ဆရာ။ မျက်လုံးတွေကြည့်ရတာလည်း ဝေဝါးနေတယ်။ ဒီနေရာပြန်ရောက်နေတာကိုလည်းသိနေတယ်၊ တာကြောင့်ဆိုတာ မဝေခွဲတတ်ဘူး။

ဒီတောဒီတောင်က ကျွန်တော် အပြဲသွားလာနေတဲ့တောတောင်တွေ၊ ဒီကောင်တွေတောင်ယာခုတ်နေတဲ့အတွေကြားနေရတာပဲ။ ကျွန်တော့်ခုံ ကျွန်တော်လည်းဘာဖြစ်မှန်းမသိအောင်ဖြစ်နေတယ်ဆရာ"

"ခင်ဗျား အဖော်တွေလုပ်းခေါ်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစားမိဘူးလား"

ကျွန်ုပ်က ကြားဖြတ်မေးလိုက်သည်။

"အဲ့လိုခေါ်ဖို့ ကျွန်တော် ကြိုးစားတယ်ဆရာ။ ဒါပေမယ့် ပါးစပ်ဟလို့မရဘူး။ အာခေါင်တွေလည်းခြောက်လို့၊ ဆေးတွေခိုင်နေတယ်။ တံတွေးမရှိတော့သလိုပဲ"

"ခင်ဗျားကိုညို့ထားတဲ့ မြွေကြီးကို ဘယ်အချိန်မှမြင်မိတာလဲ စောမွန်သာ"

"အစကတော့မမြင်မိဘူး။ သွားရှင်းသွားရင်း ဒီနေရာချည်းပြန်ရောက်ရှင်းနဲ့ နောက်ဆုံးတော့ ဘယ်မှမသွားနိုင်အောင်လောက်အောင်ကိုဖြစ်လာပြီး ဥးတွေကမခိုင်ချင်တော့ဘူး။ မြေပေါ်ကို ဒူးတုပ်ကျသွားတော့မှ ကျွန်တော့်ရှေ့တည့်တည့်မှာ မြွေကြီးက ခေါင်းထောင်ပြီး ကျွန်တော့်အပေါ် ကမိုးကြည့်နေတာ ခြင်လိုက်တာ။ ဒါကလည်း ဝိုးတဝါးသိလိုက်တဲ့အသိပါ"

"အဲဒီတော့ မြွေကြီးရှေ့ကထွက်ပြေးဖို့ မကြိုးစားဘူးလား"

ဝင်မေးလိုက်တော့ -

"ထွက်ပြေးဖို့မလုပ်ခဲ့မိဘူး။ ပြေးရင်လွတ်မယ်ဆိုတာလည်း မသိပါဘူး။ တိုယ့်ကိုယ်ကိုယ်ဘာဖြစ်မှန်းကိုမသိဖြစ်နေတာ ဆရာ"

"ဒီလိုဖြစ်နေတာ ဘယ်လိုလွတ်ခဲ့တာလဲ"

"ကျွန်တော်မပြောတတ်ဘူး။ သူကိုမေးကြည့် ဆရာ"

သူဘေးမှ စောစ်ထူးကို လက်ညှိုးထိုးပြလေသည်။ စောစ်ထူးဆီအကြည့်ရောက်သွားတော့ -

"ကျွန်တော်တို့လည်း ဒီကောင်မလာမလာနဲ့ စိတ်မချတော့တာနဲ့ သူဆင်းသွားတဲ့လှိုဏ်ထဲ နှစ်ယောက်သားဆင်းလိုက်ခဲ့ကြတယ်။ လှိုဏ်အောက်ဘက်နားရောက်တော့ ဒီကောင်သွားထားတဲ့ခြေရာတွေတွေ့ရတယ်။ မြေကစိုနေတော့ လှည့်ပတ်သွားထားတဲ့ခြေရာတွေကထင်နေတာပဲ။ ဒါဟာ တစ်ခုခုကြောင့်ပဲလို့ သံသယရှိတာနဲ့ သတိနဲ့ သူခြေရာတွေအတိုင်းလိုက်သွားရင်း နောက်ဆုံးတော့ ဒီကောင် မြွေကြီးရှေ့မှာ ဒူးတုပ်အနေအထားနဲ့ ခေါင်းငိုက်စိုက်ကျနေတာမြင်တွေ့လိုက်ရတယ်။ စပါးကြီးညို့မိထားတာလို့ ကျွန်တော်တို့သိလိုက်ကြတယ်။

မြွေကြီးက ခေါင်းထောင်ထားပြီး ခါးက မြေကြီးမှာ။ သူခြေရာကိုညို့ထားတာ။ မြွေကြီးပါးစပ်က မီးခိုးမှုန်တွေလို သူ့တစ်ကိုယ်လုံးကိုဖုန်းနေတာ၊ အလွယ်တကူမျိုလို့ရအောင်လုပ်တာထင်တာပဲဗျ"

"ခင်ဗျားတို့ကိုရန်မမူဘူးလား"

"မလုပ်ဘူးဗျ၊ ဒီကောင်ကိုပဲအာရုံထားနေတာ။ ဒါနဲ့ ကျွန်တော်တို့လည်း တုတ်ကောင်းကောင်းတစ်ယောက်တစ်ချောင်းနှုတ်ပြီး ခေါင်းထောင်နေတဲ့မြွေကြီးခေါင်းကို နောက်ဘက်ကနေဝင်ရိုက်သတ်ပြီးတော့ ဒီကောင့်ကို ကယ်လာခဲ့တာ ဆရာ"

ဟု စောစ်ထူးက သူတို့ကယ်ခဲ့သည်များကို ယင်းကဲ့သို့ ပြောပြလေသည်။

"တောတောင်ထဲမှာနေပြီး ဒီကောင်က အမှုမဲ့အမှတ်မဲ့သွားလာလို့ဖြစ်တာ ဆရာ"

"ပြောပါဦး၊ တောတောင်ထဲသွားရင် ဘာတွေလိုက်နာလုပ်ဆောင်ရမှာလဲဗျ"

"ဒီလိုဆရာရဲ့၊ တောတောင်ထဲမှာသွားလာရင် အထူးသဖြင့်ပေါ့၊ ဖိနပ်မပါဘဲမသွားသင့်ဘူးဗျ။ ဖိနပ်ချွတ်သွားရင် စောမွန်သာဖြစ်သလိုဖြစ်တတ်တယ်။ ဖိနပ်စီးထားတဲ့ခြေရာကို စပါးကြီးမြွေကညို့လို့မရနိုင်ဘူးလို့ ကျွန်တော်တို့ အဘိုးအဘွားတွေကပြောပြဖူးတယ်။ ဒီကောင် ဒါတွေသိလျက်နဲ့ အမှုမဲ့အမှတ်မဲ့သွားလာတော့ဖြစ်တာပေါ့ ဆရာ"

ဟု ပြောပြပြီး သူဘေးမှ စောမွန်သာကို-

"စောမွန်သာ၊ ဆရာနဲ့ ဆရာတပည့်တွေကိုကျေးဇူးတင်တဲ့အကြောင်းပြောပြီး ပြန်စို့ကွာ"

"ဆရာနဲ့ ဆရာတပည့်တွေကို ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်ဗျာ။ ကျွန်တော်တို့ရွာကိုအလည်ရောက်ဖူးအောင် ကျွန်တော်လာခေါ်ပါဦးမယ်။ ဆရာတို့လိုက်ခဲ့ရမယ်နော်"

"ဟုတ်ပါပြီဗျာ၊ စောမွန်သာ ခင်ဗျားတို့ရွာကိုရောက်ဖူးချင်ပါတယ်။ ခေါ်ဖို့ကိုသာမမေ့နဲ့တို့"

သူတို့လိုပင် ရင်ထဲကအရှိအတိုင်း ကျွန်တော်ပြောလိုက်တော့ နှစ်ယောက်သား သဘောကျစွာရယ်မော၍ ကျွန်ုပ်ကို ကျေးဇူးတင်စကားအကြိမ်ကြိမ်ပြောပြီးကာ နှုတ်ဆက်ပြန်သွားကြလေသည်။

အေးချမ်းအောင်(ရမည်းသင်း)

နတ်မောက်မင်းသန့်နိုင်
ခါးကိုက်ခဲသူများအတွက်

အထိုင်များသဖြင့် ခါးနေရာတွင် ကွက်ပြီး ကိုက်ခဲမှုဝေဒနာခံစားရတတ်ပါသည်။ ကွန်ပျူတာစားပွဲ၊ လက်နှိပ်စက်စားပွဲနှင့် အထိုင်များသော (ထိုင်၍လုပ်ရသောအလုပ်များ) အလုပ်တွေနှင့် နပန်းလုံးနေရသူများတွင် ခါးနေရာတစ်ဝိုက် ကိုက်ခဲမှုဝေဒနာခံစားရတတ်ပါသည်။

ခါးကိုက်ခဲခြင်းကို အချို့သူများသည် ရေခဲတုံးကပ်ပေးခြင်းပြု၍ ပျောက်ကင်းသည်ကို စာရေးသူတွေ့ရဖူးပါသည်။ သို့သော် ထိုနည်းလမ်းသည် လူအချို့နှင့်သာသင့်သဖြင့် မပြုလုပ်သင့်ပါဟု ဆိုချင်ပါသည်။

ခါးကိုက်ခဲတတ်သူများအနေဖြင့် ရေများစွာသောက်ခြင်း၊ ဝမ်းမချုပ်အောင် ဂရုစိုက်ခြင်း၊ ခါးဘယ်ညာလှည့်သော အားကစားပြုခြင်းများ ပြုသင့်ပါသည်။ နေ့စဉ်လမ်းလျှောက်ခြင်းသည် ကောင်းသော်လည်း အသက် (၅၀) ကျော်သူများသည် နေ့စဉ်တစ်နာရီထက် ပိုမိုလမ်းလျှောက်လှည့်မသင့်ပါ။ (၁)နာရီခန့်သာ လမ်းလျှောက်လေ့ကျင့်ခန်းပြုသင့်ပါသည်။

ဝေဒနာရှင်များအတွက် လက်တွေ့သင့်တော်ပြီး ဘေးထွက်ဆိုးကျိုးမရှိသော ဓာတ်စာဆေး ဟင်းတစ်လက်တင်ပြအပ်ပါသည်။

ဝါးပင်မှ ဝါးရွက်အညွှန့်စိမ်းစိမ်းစိုစိုများ လက်တွင်းတစ်ဆုပ်၊ နှစ်ဆုပ်ခန့် ခူးယူပြီး ဟင်းချိုအရည်သောက်ချက်စားသောက်ပေးပါ။ အဲ့ဒြေလောက်အောင်ပင် ခါးကိုက်ခံသောဝေဒနာယူပစ်သလို ပျောက်ကင်းသွားပါမည်။ မှန်သည်၊ မှားသည်၊ များသည်မရှိပါ။ မိမိသောက်နိုင်သလောက် သုံး၊ လေးကြိမ် ချက်ပြုတ်သောက်သုံးနိုင်ပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကြည့်သင်း
ကျွန်တော်သိသော ဆရာမင်းသိခ်

ဝ သူတို့လွတ်လာပြီ

ကျွန်တော် ကျောင်းဆရာအလုပ် ကိုရရှိသည်။ ကျောင်းဆရာဘဝတွင် ရုန်းကန်ရင်း ကျွန်တော်အိမ်ထောင်ကျပါတော့သည်။ အသေးစိတ်မရေးလိုတော့ပါ။ အ-ထ-က(၁)တောင်ဥက္ကလာပမှ ဆရာဦးဆွေနွယ်၏ ကောင်းမှုကြောင့် လူငယ်ရေးရာဆရာတစ်ယောက်ဖြစ်လာပြန်ပါသည်။

ကျွန်တော် သင်ကြားရသော အတန်းမှာ ရှစ်တန်းနှင့် ကိုးတန်း ဖြစ်ပါသည်။ ကျွန်တော်စာသင်နေချိန်တွင် တပည့်မလေးတစ်ဦးက ကျွန်တော့်ကို မေးပါသည်။ ထိုတပည့်မလေး၏အမည်ကို ရိုရိုမြင့်ဟု ကျွန်တော် မှတ်မိနေပါသည်။ အမည်အမှန်နှင့် လွဲကောင်းလွဲနိုင်ပါသည်။ ထိုအတန်းကိုပင်တက်နေသည့်တပည့်တစ်ယောက်က ကိုကျော်မြင့်ဖြစ်ပါသည်။

ရှစ်တန်းကျောင်းသူက ကျွန်တော့်ဆီသို့လာ၍ မေးခွန်းထုတ်ပါသည်။

"ဆရာ၊ ကိုအောင်ထွန်းကို သိသလား။ ဟိုနေ့ကမှထောင်ကလွတ်လာတဲ့ ကိုအောင်ထွန်းလေ"

"ကိုအောင်ထွန်း ဟုတ်လား။ သူလွတ်လာပြီလား၊ အခုဘယ်မှာလဲ"

ကျွန်တော်က တက်တက်ကြွကြွ မေးလိုက်ပါသည်။

ထိုအခါ ကျောင်းသူကလေးက စိတ်ကျေနပ်စွာဖြင့် ပြန်ပြောပါသည်။

"အခုတော့တွေ့လို့မရဘူး။ နက်ဖြန်ခါ ကျောင်းဆင်းချိန် ဆရာအိမ်ကိုလာခဲ့လေ။ ကိုအောင်ထွန်းနဲ့တွေ့ရမှာပေါ့"

သည်လိုနှင့် နောက်တစ်နေ့သို့ ရောက်လာပါသည်။ ကျွန်တော်သည် ကိုအောင်ထွန်းကိုရော ကိုစိုးသိမ်းကိုပါ အရမ်းတွေ့ချင်နေပါသည်။ ကျောင်းဆင်းသည်နှင့် စက်ဘီးကိုဆွဲကာ ရိုရိုမြင့်တို့အိမ်သို့ ကျွန်တော်သွားပါသည်။

ရိုရိုမြင့်တို့အိမ်မှာ မဝေးလှပါ။ အ-ထ-က(၁)ကျောင်းနှင့်ဆိုလျှင် ကိုက်(၁၅၀)လောက်သာရှိမည်ထင်ပါသည်။ သိရိဇေယျာလမ်းနောက်ဘက်တွင်ဖြစ်ပါသည်။ အိမ်အမှတ်ကိုတော့ ကျွန်တော် မသိတော့ပါ။

ရိုရိုမြင့်တို့အိမ်ဦးဝကိုဝင်လိုက်သည်နှင့် ကိုအောင်ထွန်း၏ ဆွေငင်ခြင်းဓာတ် အပြည့်ပါသောအသံကြီးဖြင့် ကျွန်တော့်ကို ဆီးကြိုနေပါသည်။

"ကိုချစ်ဆွေ၊ အဲ ဟုတ်ပေါင် ဆရာဦးချစ်ဆွေ လာပါဗျာ"

ကျွန်တော်လည်း အားရဝမ်းသာဝင်ထိုင်လိုက်ပြီး နှစ်ယောက်သား ပြောမဆုံးပေါင် ဆိုလောက်အောင်ပင် စကားများပြောနေကြပါသည်။

"မင်းအိမ်ထောင်ကျသွားတယ်ဆို တာ ငါကြားတယ်။ အခုကလေးဘယ်နှယောက်လဲ"

"ကလေးနှစ်ယောက်လေ။ ဒါနဲ့ နေပါဦး။ မင်းထောင်ကလွတ်ပုံကလေး ပြောစမ်းပါဦး"

ကိုအောင်ထွန်းက သူလွတ်လာခဲ့ကို စီကာပတ်ကုံးပြောပါတော့သည်။

"ဒါနဲ့ ကိုစိုးသိမ်းတစ်ယောက်ကော သူအခုဘယ်မှာရှိမလဲ"

"သူလည်း ငါနဲ့မရှေးနှောင်းလွတ်တာပဲ။ အခုဘယ်မှာရှိတယ်ဆိုတာတော့ ပြောဖို့ခက်တယ်၊ ဒါပေမယ့် ဒီကောင်မင်းဆီကို လာတွေ့မှာပါ မပူပါနဲ့"

ကျွန်တော်က အိတ်ထဲပါသွားသော စီးကရက်ကိုထုတ်ပါသည်။ သည် စီးကရက်ကိုဖွာပြီး တစ်ခုရော သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း - - ထောင်ထဲမှာတော့ ဦးကြောင်ဦးဝှက်သောက်ရတာကို၊ အခုမှပဲ လွတ်လွတ်လပ်လပ်သောက်ရတော့တယ်"

ကိုအောင်ထွန်းသည် ဆေးလိပ်ကို တစ်ဖွာပြီးတစ်ဖွာဖွာနေပါသည်။ ပြီးမှ မေးခွန်းတစ်ခုထွက်လာပါသည်။

"ဒါနဲ့ ကျော်နိုင်တစ်ယောက်ကော၊ မင်းအဆက်အသွယ်ရှိရဲ့လား"

"အစ်ကိုကျော်နိုင်လည်း အိမ်ထောင်ကျပြီလို့ကြားတယ်။ ကျွန်တော့်ညီဝင်းမောင်ရဲ့အိမ်လေးကို မကြာမကြာလာတတ်ပါတယ်။ ကျွန်တော်နဲ့တော့ ထွေထွေထူးထူးအဆက်အသွယ်မရှိဘူး"

"အေးကွာ၊ အခုလိုမမျှော်လင့်ဘဲ ပြန်ဆုံကြတာဟာ တကယ်ပျော်စရာကြီးကွ။ ငါရယ်၊ စိုးသိမ်းရယ်၊ မင်းရယ် တို့တစ်နေရာမှာ ပြန်ဆုံကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ပြောကြဆိုကြပြီး ကျွန်တော်ပြန်လာပါသည်။ အချိန်က နေ့လယ်(၂)နာရီကျော်နေပေပြီ။ ထမင်းစားပြီး ခဏနေကာ ညနေ ကျောင်းပြန်သွားရမည်ဖြစ်ရသည်။

မှတ်မှတ်ရရ ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ကျွန်တော့်ညီများနှင့် အဖေတို့မှာ (၁၆) ရပ်ကွက်တွင်အိမ်ဝယ်၍နေထိုင်ကြပါသည်။ အိမ်မဝယ်နိုင်သော အိမ်ဌားဘဝမှ ယခုအိမ်ဝယ်နိုင်ခြင်းမှာ ညီ-ဝင်းမောင်၏ ကြိုးစားမှုကြောင့် ပြောချင်ပါသည်။ ကျွန်တော့်တွင် တူမလေးနှစ်ယောက်ရှိပါသည်။ ဖြူပြာဝင်းမောင်နှင့် မူယာဝင်းမောင်တို့ ဖြစ်ပါသည်။ ကျွန်တော့်မိခင်မှာ ၁၉၇၀ ပြည့်နှစ်ကပင် ဆုံးပါးသွားသည်။ ကျွန်တော် ရပ်ကွက်ထဲသို့ ဝင်လိုက်ပြီး ကျောင်းရှေ့ကိုဖြတ်ကျော်လိုက်သည်မှာပင် ကိုစိုးသိမ်းကို ဘွားခနဲ တွေ့လိုက်ပါတော့သည်။

BURMESE CLASSIC

"ဟာ - ကိုစိုးသိမ်း"

"ချစ်ဆွေ"

ကျွန်တော်တို့သည် လက်ချင်းဆုပ်ကိုင်ထားသော်လည်း စကားတစ်လုံးမျှ ထွက်မလာပေ။ ကျွန်တော်သည် ကိုစိုးသိမ်းမျက်နှာကိုလှမ်းကြည့်လိုက်ပါသည်။ အမျိုးအမည်မခွဲခြားတတ်သောအရောင် တောက်နေသည်ဟု ကျွန်တော်ထင်ပါသည်။

"ငါဝင်းမောင်တို့အိမ်ကိုသိတယ်။ ဝင်းမောင်ဆီကနေတစ်ဆင့် လိပ်စာမေးပြီးလာမလို့ ခုတော့ အတော်ပဲပေါ့လေ"

ကိုစိုးသိမ်းနှင့် ကျွန်တော်တို့ နီးရာလက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ စကားပြောကြပါသည်။ ဦးတည်ချက်မရှိဘဲ ထွေရာလေးပါးပြောနေခြင်းသာ ဖြစ်ရသည်။ သို့သော် အစိုးရမကောင်းကြောင်းကို တစ်လုံးတလေမှမပြောတော့ပေ။

"နေပါဦး ကိုစိုးသိမ်း။ ကျွန်တော့်အတွက် ခင်ဗျားကို မေးသေးသလား။ ဘာတွေများမေးကြတာလဲ"

"အင်း-ဒီအကြောင်းကိုပြောရရင် ကျွန်တော်အတိုချုံးပြီးပဲပြောမယ်"

ကိုစိုးသိမ်းသည် တစ်ခါတစ်ရံ ခင်ဗျားနှင့် ကျွန်တော်ပြောတတ်သော်လည်း တစ်ခါတစ်ရံတွင် မင်းနှင့်ငါပဲ တတ်ကြောင်း ကျွန်တော်သတိထားမိပါသည်။

"ထောင်ထဲရောက်တုန်းကတော့ မင်းချစ်ဆွေကို မစည်းရုံးဘူးလားဆိုပြီး အကြိမ်ကြိမ်မေးတယ်။ ငါကလည်း တစ်ခုတည်းကိုပဲအကြိမ်ကြိမ်ပြောတယ်။ သူ့အမေကို သူသိပ်ချစ်တယ်၊ သူ့အမေသေသွားရင်တော့ စည်းရုံးလို့ရကောင်းရမယ်။ အခုတော့ စည်းရုံးလို့မရသေးဘူးလို့ ငါကပြောတယ်"

"အဲဒီတော့"

"အဲဒီတော့ ဘာဖြစ်ရမှာလဲ၊ ငါ့ကို နဘန်ကျင်းတာပေါ့။ မင်းကလည်း တို့လုပ်တာကိုပါမှမပါတာဘဲဟာ။ အမှန်အတိုင်းပဲပြောရတာပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ၊ အခုတော့ ကျွန်တော့်အမေလည်းဆုံးရှာပါပြီ။ သူခမျာ ဆုံးတုန်းက ဆင်းဆင်းရဲရဲနဲ့ ကျွန်တော့်လက်ပေါ်မှာတင်ဆုံးသွားရှာတာ"

"အေးပေါ့လေ၊ မမြဘူးဆိုတာဘဲလေ"

"ခု ခင်ဗျား ဘယ်မှာနေသလဲ"

"မသေချာပါဘူးဗျာ၊ ခင်ဗျားလာမလို့လား။ မလာပါနဲ့၊ ကျွန်တော်လာတွေ့ပါ့မယ်"

"ဒါနဲ့ မမကြည်တို့ကောတွေ့သေးသလား။ မမကြည်က ကိုခင်ကြွေနဲ့ကွဲသွားပြီလို့ပြောတာပဲလေ"

"ကျွန်တော် ဘယ်သူနဲ့မှမတွေ့သေးပါဘူး။ ကဲ - သွားမယ်ဗျာ၊ နောက်မှတွေ့မယ်။ ကျွန်တော်လာခဲ့မှာပါ"

ထိုနည်းဖြင့် ကိုစိုးသိမ်းနှင့် ကျွန်တော်တို့ လမ်းခွဲလိုက်ကြပါသည်။

နောက်ဆယ်ရက်ခန့်ကြာသော အခါ ကိုအောင်ထွန်းသည် လွယ်အိတ်တစ်လုံးကိုလွယ်ကာ ကျွန်တော့်ထံသို့ ရောက်လာပါသည်။ သူလေးထောင့်ကန်ကျေးရွာဆန်စက်မှာ အလုပ်လုပ်နေကြောင်း ပြောပြပါသည်။ ပြီးတော့ ကျွန်တော့်ဆီမှ စာအုပ်လေး၊ ငါးအုပ်ယူသွားပါသည်။ ထိုစဉ်က ကျွန်တော့်အမျိုးသမီးက စာအုပ်ဆိုင်ဖွင့်ထားပါသည်။ မျိုး-မိုးစာပေ ဟူ၍လည်း သားနှစ်ယောက်နာမည်ကိုယူထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်စာအုပ်ဆိုင်က စာအုပ်များယူသွားခြင်း ဖြစ်ပါသည်။

နောက်တစ်လလောက် ကိုအောင်ထွန်းရော ကိုစိုးသိမ်းပါ ပေါ်မလာတော့ပေ။ တွေ့မည့်တွေ့တော့လည်း ကျိုက္ကစံဘုရားပွဲတွင် ပြန်ဆုံကြပြန်လေသည်။ ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့က ကလေးချစတတ်သူများ ဖြစ်ပါသည်။ ဘုရားပွဲတွင် ကျွန်တော့်သားနှစ်ယောက်ကို စကြပါသည်။ အကြီးကောင် ကိုမျိုးက မည်သို့မျှပင် မပြောသော်လည်း အငယ်ကောင် မိုးမိုးက မခံပါ။

သူ့ကို အခြောက်ဟု ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့က စ,သည်ကို သူက အခြောက်မဟုတ်ကြောင်း ဘောင်းဘီလှန်ပြပါလေတော့သည်။ ကြာတော့ ကိုအောင်ထွန်းက 'မင်းအခြောက်မဟုတ်ပါဘူးကွာ' ဟူ၍ပင် ပြောရပါတော့သည်။

ကိုအောင်ထွန်းသည် သူအလုပ်လုပ်နေသော လေးထောင်ကန်ကျေးရွာတွင် ဇာတ်လမ်းတော်တော်ရှုပ်သည်ဟု ကိုစိုးသိမ်းပြောပြဖူးပါသည်။ မည်သို့ရှုပ်သည်ကို ကျွန်တော် မမေးမိပါ။

ထို့နောက် ကိုအောင်ထွန်းသည် ကိုစိုးသိမ်းနှင့်အတူ တောင်ဥက္ကလာပ (၁၃) ရပ်ကွက်တွင် ပြောင်းနေကြောင်းကို ကျွန်တော် သတင်းကြားပါသည်။ ကျွန်တော်သည် ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့နေရာကို ရှာကြံ၍ လိုက်သွားပါသည်။

သူတို့အိမ်မှာ အ-ထ-က (၃) ကျောင်းရှေ့ဟု ကျွန်တော်မှတ်မိနေပါသည်။ သို့သော် နေရာအတိအကျကိုတော့ ကျွန်တော် မပြောနိုင်တော့ပါ။ ကျွန်တော်သွားသည့်အချိန်မှာ ညနေခင်းဖြစ်ပါသည်။ လူငယ်ရေးရာညကျောင်းကိုမသွား၊ သူတို့ဆီဝင်ခြင်းဖြစ်ပါသည်။ ကိုစိုးသိမ်း အိမ်တွင်မရှိပါ။ ကိုအောင်ထွန်းကိုခေါ်၍ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပါသည်။

ကျွန်တော်တို့သွားသောလက်ဖက်ရည်ဆိုင်မှာ (၁၃) ရပ်ကွက် စျေးအနီးရှိ လက်ဖက်ရည်ဆိုင်ဖြစ်သည်။ ထိုအချိန်က မော်ကြည်သင်း(တက္ကသိုလ်)ဟူသော ကလောင်အမည်ဖြင့် စာရေးနေခြင်းဖြစ်သည်။

"ကဲ - ခင်ဗျားက စာရေးနေပြီဆို တော့ ကျွန်တော်ရေးထားတဲ့ဇာတ်လမ်း တစ်ပုဒ်ကိုပြောပြမယ်"

ဟု အစချီကာ ဇာတ်လမ်းကိုပြောပြလေသည်။ ဇာတ်လမ်းမှာ မနုစာရီဇာတ်လမ်းဖြစ်ပါသည်။

သူ့ဇာတ်လမ်းမှာ ကောင်းကလေး တစ်ယောက် တယောထိုးနေသည်ဆိုစ,ပါသည်။ ထို့နောက် ဂျေယာနတ်သမီးလက်ပြတ်တာရော အကုန်ခံလို့ပေါ့လေ။ ဇာတ်လမ်းတစ်ခုလုံး ကြည့်လိုက်ရော အခါ ကျွန်တော် စဉ်းစားပြီး မည်ကြောင်းပြောပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် ကိုအောင်ထွန်း အငြင်

www.burmeseclassic.com

www.burmeseclassic.com

အခုပင်ဖြစ်သွားပါသည်။

ထိုနည်းဖြင့် ကျွန်တော့် လူငယ်ရေးရာညကျောင်း မသွားနိုင်တော့ပါ။ ကိုအောင်ထွန်းနှင့် စကားပြောနေသည်မှာ ည (၉) နာရီခန့်ရှိနေပြီ ဖြစ်သည်။

ကိုအောင်ထွန်းသည် သူ့ မနုစာရီကို နည်းနည်းလေးမှလျှော့ပေးချင်ပုံမရ။ အတင်းပင် လက်ခံအောင်ပြောနေပါသည်။ ကျွန်တော်ကလည်း လက်မခံ။ နောက်ဆုံးတွင် ပြည်သူ့အတွက် ဆရေးမှာလားဆိုသည့်အဆင့်ကိုရောက်သွားပါသည်။ ကျွန်တော်အိမ်ပြန်ခဲ့ပါသည်။

"နောက်နေ့တွေ့လည်းလာပါဗျာ၊ ဆွေးနွေးရတာပေါ့"

ဟု ကိုအောင်ထွန်းက လှမ်းပြီး ပြောပါသည်။

သူ ဆားပုလင်းနှင်းမောင်ရေးနေသည်ကိုမပြောပါ။ ကျွန်တော်လည်းမသိ။ နောက်မှ သူ့ဆားပုလင်းနှင်းမောင်ရေးနေမှန်း ကျွန်တော်သိရပါသည်။

ကျွန်တော် သူ့ဆီကို သွားသွားနေသည်မှာ ကျောင်းဖွင့်နေပါသည်။ ကျွန်တော်တာဝန်ယူရသော (၉)တန်းမှာ ပညာနှစ်သီပ်မရှိသော်လည်း (၈) တန်းမှာ ပြဿနာရှိနေပါသည်။ ကျွန်တော်က နောက်ကျသဖြင့် ကလေးတွေကပြောသည်။ သို့သော်လည်း ဒီတစ်ခေါက်တွေ့သွားပြီးမှဆိုကာ ကိုအောင်ထွန်းဆီသို့ ရောက်သွားပြန်သည်။ ထုံးစံအတိုင်းပင် သူက မနုစာရီကြောင်းပြောပြန်ပါသည်။ လက်ပြတ်ဂျေရာအကြောင်းလည်း ပြောပြန်ပါသည်။ သို့သော် ကျွန်တော်များများစားစားမပြောတော့ပေ။ မကြိုက်ဘူးဟု အပြတ်ပြောခဲ့ပါသည်။

တစ်ပတ်လောက်ကြာသောအခါ ကိုစိုးသိမ်း အိမ်ကိုရောက်လာပါသည်။ သယ်နှုန်းကိစ္စဖြစ်ပါသည်။ရောက်ရောက်ချင်း ကိုစိုးသိမ်းက ငွေငါးရာခံကမ်းပါသည်။ ကျွန်တော်လည်း ဒီစုံမွှဲစုထက ငွေငါးရာကိုပေးလိုက်ပြီး လက်ဖက်ရည်ဆိုင်သို့ထိုင်ကြပြန်သည်။ လက်ဖက်ရည်ဆိုင်ကိုရောက်သောအခါ ကိုစိုးသိမ်းက ကိုအောင်ထွန်းအကြောင်း ပြောပါတော့သည်။

"ဟေ့ကောင် အောင်ထွန်း ဒီမှာ ခရီတော့ဘူး။ ဘိုးတော်လိုလို၊ ဒေဒ ဆရာလိုလို နယ်ထွက်သွားတယ်"

"ဟုတ်လားကိုစိုးသိမ်း၊ ကျွန်တော်တို့ကိုအောင်ဘာမှမပြောဘူး"

"မင်းကိုမပြောတာထား၊ ငါကိုပါ မပြောဘူး၊ နောက်မှသိရတယ်"

ထိုနည်းဖြင့် ကိုဇော်ဝင်းထွန်းနှင့် ကျွန်တော်အဆက်အသွယ်ပြတ်သွားပါသည်။ ကျွန်တော်လည်း အ-ထ-က (၁) တောင်ဥက္ကလာပမှ အ-လ-က (၁) သယ်နှုန်းကျွန်းသို့ ပြောင်းရွှေ့အမှုစမ်းရပါသည်။ အ-လ-က (၁) မှာ ယခု အ-ထ-က (၄) သယ်နှုန်းကျွန်းဖြစ်သွားသောကျောင်း ဖြစ်ပါသည်။

ကျွန်တော်လည်း ကျောင်းသစ်လူသစ်ဖြစ်နေ၍ အနှည်းငယ်အလုပ်များနေပါသည်။ တစ်ဖက်ကလည်း R.L သင်တန်းကို တက်နေပါသည်။ ကလေးများကိုသင်ရသောစာနှင့် ကျွန်တော်သင်ရသောစာများမှာ အလွန်များနေပါသည်။ ထို့ကြောင့် ကျွန်တော်လည်း စာထဲတွင်နှစ်၍ထားပါတော့သည်။

တစ်နေ့တွင် မမျော်လင့်သောသတင်းကြားတစ်ရပ် ရောက်လာပါသည်။ ကိုစိုးသိမ်း အိမ်ထောင်ပြုသွားသောသတင်း ဖြစ်ပါသည်။ မည်သူက ပြောသည်ကို ကျွန်တော်မမှတ်မိတော့ပါ။ ကိုစိုးသိမ်းသည် လက်ထပ်လေသလား၊ မိန်းမယူလေသလား ကျွန်တော် မသိပါ။ ကျွန်တော့်ဆီကိုတော့ ဖိတ်စာရောက်မလာပါ။

ဆရာမင်းသိခ်

လေး၊ ငါးလလောက်အကြာတွင် ကိုအောင်ထွန်းသည် ဆရာမင်းသိခ်အဖြစ်နှင့် တစ်ခါပေါ်လာပြန်သည်။ ကျွန်တော်လည်း တုတ်၊ မဟုတ်သိရှိရန် အတွက် ဆရာမင်းသိခ်ဆီကို သွားရပါတော့သည်။ဆူးလေဘုရားလမ်း ကုလားဗလီအနီးရှိ တိုက်ခန်းတွင် ဖြစ်ပါသည်။

ကျွန်တော်အပေါ် ဆပ်သို့တက်ပြီး ညာဘက်ကို ချိုးလိုက်သောအခါ ဆရာမင်းသိခ်ခေါ် ကိုအောင်ထွန်း ထမင်းစားနေသည်ကို တွေ့ရပါသည်။ ထမင်းမှာ ကုလားဆိုင်က မှာထားသောထမင်း ဖြစ်ဟန်တူပါသည်။

"ဟေ့ကောင် ချစ်ဆွေ လာ-ထိုင်ဦး"

ကျွန်တော်လည်းထိုင်နေပါသည်။ ထိုင်နေရင်း ကိုအောင်ထွန်း ဒေဒ်တတ်သည့်အကြောင်း မေးမြန်းရန် ကြံစည်နေပါသည်။ သူ့ဆရာဘယ်သူလဲဟု ကျွန်တော်မေးရန်လည်း စိတ်ကူးထားပါသည်။ သို့သော် ထိုမေးခွန်းများကို တစ်ခုမှ ကျွန်တော် မမေးဖြစ်တော့ပါ။ ဆရာမင်းသိခ်နှင့် တွေ့ရာလေးပါးတို့ကိုသာ ပြောဖြစ်ကြပါသည်။

ထို့နောက် ကိုစိုးသိမ်း ရောက်လာပြန်သည်။ ကိုစိုးသိမ်းသည် ယခင်ကလို ဘောင်းဘီထက်ထရက်၊ အင်္ကျီတက်ထရက်နှင့်မဟုတ်တော့ပေ။ တစ်နည်းအားဖြင့် အမေရိကန်ကွန်မြူနစ်မဟုတ်တော့ပေ။ သာမန်ဝတ်စားထားသည်ကိုသာ တွေ့ရပါတော့သည်။

"ဟေ့ကောင် အောင်ထွန်း၊ ဒီနေ့ဘယ်နယ်လဲ"

ကိုစိုးသိမ်းက မေးပါသည်။ ဘယ်နယ်လဲဆိုသည်မှာ ဒေဒ်လာကြည့်သော လူများသလားဟု မေးခြင်းဖြစ်ပါသည်။

"သိပ်တော့မဆိုးဘူး ကိုစိုးသိမ်း၊ ငါ ချစ်ဆွေကိုလည်း ဒေဒ်သင်ပေးရဦးမယ်"

"တော်ပါပြီ ဆရာရယ်၊ကျွန်တော့် ဘာသာအေးအေးပဲနေပါ့မယ်"

"ဘာဖြစ်လို့လဲ ချစ်ဆွေ။ မင်း ပိုက်ဆံရှာတာ မုဟုတ်လား၊ ပိုက်ဆံရရင် မဟုတ်တာမလုပ်ဘူးဆိုရင် ဘယ်လိုပဲရရ ပိုက်ဆံရဖို့က အခိုက်အဟုတ်လား"

"အင်း-ပိုက်ဆံရဖို့က အခိုကပေါ့။ ဒါပေမယ့် ငါဝါသနာမပါဘူး"

ဆရာမင်းသိခ်နှင့် ကျွန်တော်တို့ အချီအချပြောနေသည်ကို ကိုစိုးသိမ်းက နားထောင်နေပါသည်။ ပြီးမှ

"ဟေး ၊ မောင်အောင်ထွန်း၊ သူ ဝါသနာမပါတာကို မင်းကအတင်းတိုက်တွန်းနေပြန်ပြီ။ တခြားအကြောင်းပြတာထက် သူဝါသနာမပါဘူးဆိုရင် လုံလောက်ပါတယ်ကွာ"

"အေးလေ၊ မင်းတို့သဘောပါ"

"ကဲ-မင်းတို့သဘောလုပ်မနေနဲ့၊ တို့လက်ဖက်ရည်သောက်ခွင့်တယ်"

ကိုစိုးသိမ်းက ပြောလိုက်သဖြင့် ဆရာမင်းသိခ်ခေါ် ကိုအောင်ထွန်းသည် ထိုင်နေရာမှထပြီး ပြတင်းပေါက်ကနေ လက်ဖက်ရည်သုံးခွက်မှာလိုက်ပါသည်။ သူလက်ဖက်ရည်သောက်ရန်မှာနေချိန်မှာ ကျွန်တော် သူ (ဆရာမင်းသိခ်) နှင့် ကိုစိုးသိမ်းတို့ ကျွန်တော့်ဆီကို လက်ဖက်ရည်သောက်ရန်လာကြသည့်အကြောင်း ပြန်ပြောင်းတွေးမိပါသည်။

ထိုစဉ်က ကျွန်တော်သည် ငမိုးရိပ်ရပ်ကွက် (၁) လမ်း အိမ်အမှတ် (၉၁၇/၉၁၈) တွင် နေထိုင်ပါသည်။ စနေနှင့် တနင်္ဂနွေများတွင် ဟိုစဉ်က ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့ ရောက်လာတတ်

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ရောက်လာတိုင်းလည်း ငမိုးရိပ်သမဆိုင်မှ လက်ဖက်ရည်ကို ကျွန်တော်တိုက်ပါသည်။ စားသောက်ပြီးလျှင် ကျွန်တော့်ဆိုင်မှ ကိုအောင်ထွန်း စာအုပ်နှစ်အုပ်၊သုံးအုပ်လောက်ယူသွားကြောင်း ကိုပါ ကျွန်တော် မှတ်မိနေသည်။ ကျွန်တော့်အမျိုးသမီးက အိမ်ရှေ့တွင်စာအုပ်ဆိုင်ဖွင့်ထားသည် မဟုတ်ပါလား။

"ဟေ့ကောင်၊ ဘာငေးနေတာလဲ လက်ဖက်ရည်သောက်လေ"

ဆရာမင်းသိခ်က လှမ်း၍သတိပေးပါသည်။ ကျွန်တော်လည်း အတွေးကိုဖျောက်၍ လက်ဖက်ရည်ပန်းကန်ကို ကိုင်ရင်း -

"ဩော် - ဟိုတုန်းက ကျွန်တော်က တိုက်ရသူ၊ အခုတော့ ကျွန်တော်က သောက်သုံးဖြစ်နေတာကိုတွေးမိလို့ပါ"

"မင်း အဲဒါကိုသာ တွေးနေတာ၊ နောက်ဆို ကိုအောင်ထွန်းက ဒီထက်မကအောင် ကျွေးနိုင်ဦးမှာ။ ဟုတ်တယ်မဟုတ်လား ကိုအောင်ထွန်း"

"ဟာ - သိပ်ဟုတ်တာပေါ့၊ ဒီသူငယ်ချင်းတွေမှမကျွေးရင် ဘယ်သူကို သွားကျွေးရမှာလဲ"

ကိုအောင်ထွန်းခေါ် ဆရာမင်းသိခ်သည် တစ်နေ့တခြား အောင်မြင်လာပါသည်။ ဗေဒင်မေးသူများ၊ ယတြာချေသူများ၊ နာမည်မှည့်သူများနှင့် လူစည်ကားလှပါတော့သည်။

ထို့နောက် ကျွန်တော့်ဆီ ကိုစိုးသိမ်း ရောက်လာပြန်သည်။ ဆရာမင်းသိခ် မိန်းမယူတော့မည်ဟုလည်း သတင်းစကားပါးလာပါသည်။

၁ ဆရာမင်းသိခ်လက်ထပ်ပြီ

တစ်ည နေ့တွင် ဆရာမင်းသိခ်ရော၊ ကိုစိုးသိမ်းပါ အိမ်သို့ရောက်လာပါသည်။ ကျွန်တော်လည်း ကျွန်တော့်စာသင်ချိန်မဟုတ်သဖြင့် ခေတ္တနားနေသောအချိန် ဖြစ်ပါသည်။ စာသင်ချိန်မှာ ဦးခင်မောင်တိုးအလှည့်ဖြစ်ပါသည်။ (ဦးခင်မောင်တိုး ဆိုသည်မှာ သင်္ဘောလိုက်ရင်း ရေထဲသို့ ပြုတ်ကျသလား၊ တစ်ဦးတစ်ယောက်က တွန်းချသလား မပြောနိုင်သော ဆရာဟောင်းတစ်ယောက် ဖြစ်ပါသည်။)

ကျွန်တော်သည် ကိုစိုးသိမ်းနှင့် ဆရာမင်းသိခ်တို့ ရောက်လာသဖြင့် လက်ဖက်ရည်ဆိုင်သို့လိုက်သွားရသည်။

"ကဲ-ချစ်ဆွေ၊ ငါမိန်းမယူတော့မယ်။ မင်းတို့က လက်ထပ်စာချုပ်တွေ ဘာတွေလုပ်ပေးထား ဟုတ်ထား"

"ဘယ်ကအမျိုးသမီးလဲ၊ ဘာလုပ်သလဲ၊ ဘယ်မှာနေသလဲ"

ကျွန်တော်သည် မေးခွန်းပေါင်းများစွာ မေးပါသည်။

ဆရာမင်းသိခ်က ခပ်တိုတိုပင် ပြန်ဖြေပါသည်။

"သူနာမည်က အေးအေးဆွေ။ ဗိုလ်ချုပ်စေးမှာ စက်ချုပ်ဆိုင်ဖွင့်ထားတယ်။ အိမ်ထောင်မရှိဘူး။ ဒါဆိုရင် လုံလောက်ပါပြီ"

"အင်း - အိုရချည်သေးရဲ့"

ကိုစိုးသိမ်းက ကြားမှပင် ဖောက်လာသည်။

"ငါက အခုမှ လက်ထပ်တာပါကွာ။ မင်းက အရင်လက်ထပ်တာမဟုတ်လား။ ချစ်ဆွေတို့ကိုတောင် မပြောဘူး မဟုတ်လား။ ကဲ - မင်းဘာပြောမလဲ"

"မပြောတော့ပါဘူးကွာ၊ မင်းပြောတာဟုတ်နေတော့လည်း ငါဒီလိုပဲခံရတော့မှာပေါ့"

ကျွန်တော်သည် ဘာမှမပြောဘဲ ရယ်၍သာနေပါသည်။ လက်ထပ်မယ့်နေရာက ကိုစိုးသိမ်းအိမ်။ ညဘက်ဟု ဆိုပါသည်။

နောက်နေ့တွင် ဆရာမင်းသိခ်ဆိုသို့ ကျွန်တော်သွားပါသည်။ ကျွန်တော်ထက် စောရောက်နေသူတစ်ဦးရှိနေပါသည်။ ကျွန်တော်နှင့်လည်း ရင်းနှီးပြီးသား ဖြစ်ပါသည်။ သူတ ရွှေကျွန်းစိန်ဝင်းဟု လူသိများနေသော ဦးစိန်ဝင်းပင် ဖြစ်ပါသည်။ ကိုစိန်ဝင်းနှင့် ကျွန်တော်သည် အလွန်ရင်းနှီးသူများ ဖြစ်ကြပါသည်။ ကိုစိန်ဝင်း၏ ဇနီးဆိုလျှင် အ-ထ-က(၂)သယ်နှင်းကျွန်းတွင် အတက်တန်းပြဆရာမလုပ်နေသူလည်းဖြစ်သည်။

ကိုစိန်ဝင်းနှင့် ကျွန်တော်သည် သူတို့ကျွေးမွေးသော လက်ဖက်ရည်၊ မုန့်များကို စားသောက်ပြီး လက်မှတ်ထိုးရန် ပြင်ဆင်ကြပါသည်။ ကိုစိန်ဝင်းမှာ ရွှေနေပီပီ စာချုပ်စာတမ်းအပြည့်အစုံနှင့်ဖြစ်နေပါသည်။ အဆင်သင့်ပင်။ လက်မှတ်ရေးထိုးရန်သာရှိပါတော့သည်။

လက်မှတ်ရေးထိုးပြီးသောအခါ-

"မောင်တို့၊ မယ်တို့ အိုအောင်မင်း အောင်ပေါင်းကြရပါစေ"

ဟု ကျွန်တော်က လူလည်လုပ်ကာ ဆုပေးပါသည်။

"ဝါး ဟား ဟား"

ဟု ရယ်သံများဆူညံသွားပါတော့သည်။

နောက်နေ့တွင် လက်မှတ်ထိုးသောစာချုပ်ကို တရားရုံးသို့ ကျွန်တော်သွားပြရပါသည်။ တရားသူကြီးမှာ (၃) ယောက်ဆိုင် တရားသူကြီးဖြစ်ပြီး အလယ်ကလူမှာ တရားသူကြီးခေါင်းဆောင်ဖြစ်ပါသည်။ တရားသူကြီးခေါင်းဆောင်က စိုးကျင်ဟုတ်ဟု ကျွန်တော်ထင်ပါသည်။ သိပ်ပြီးမသေချာလှပါ။ ကျွန်တော်နှင့် ရင်းနှီးသူလည်း ဖြစ်ပါသည်။ ကိုစိန်ဝင်းနှင့်ဆိုလျှင် ပို၍ပင် ရင်းနှီးသူဖြစ်ပါသည်။ (သူယခုကွယ်လွန်သွားလေပြီ။)

တရားသူကြီးအဖွဲ့က ဆရာမင်းသိခ်စာအုပ်ကို တောင်းပါတော့သည်။ ကျွန်တော်လည်း ပါလာသော စာအုပ်တစ်အုပ်ကိုသာ တောင်းပန်၍ပေးလိုက်ရပါသည်။ စာအုပ်အမည်မှာ ဒေါက်တာဆိတ်ဖွား ဖြစ်ပါသည်။

တစ်နေ့တွင် မင်းသိခ်ဆီသို့ ကျွန်တော့်ညီ ဝင်းမောင်ပါခေါ်၍လာကြပြန်ပါသည်။ ဆရာမင်းသိခ်တို့ လင်မယားကိုစိုးသိမ်းအိမ်မှာပင် ဆက်နေပါသည်။

"လာလေ ချစ်ဆွေ၊ ကိုဝင်းမောပါ ပါတာကိုး"

ဆရာမင်းသိခ်က ခရီးဦးကြိုပြုသည်။ "သူဇနီးအေးအေးဆွေကိုတော့ မတွေ့ရပါ။ ကိုစိုးသိမ်းလည်း အပြင်သွားနေသည်ဟု သိရပါသည်။ ထိုအခါ ဝင်းမောင်သည် ဗေဒင်ပညာ အတော်တတ်မြောက်နေသူလည်း ဖြစ်ပါသည်။ စကားပြောရင်း ဗေဒင်ပညာသို့ ရောက်သွားလေသည်။

ကိုဝင်းမောင်ကစ၍ ပြောပါတော့သည်။

"ဆရာမင်းသိခ် ဗေဒင်ပညာ ဘယ်လောက်တတ်တယ်တော့မသိဘူးတွေ့တဲ့လူတိုင်းကတော့ ဆရာသိပ်မတယ်လို့ ပြောကြတာပဲ။ ကဲ - ခင်ဗျားကျွန်တော်နဲ့အနည်းအကျဉ်းတွက်ကြည့်ရအောင်လားဗျာ ဘယ်နှယ်လဲ"

"ခင်ဗျားသဘောလေ"

"ကဲ - ဒီလိုဆိုရင် ခင်ဗျားမွေးနေ့သင်္ကြာဇင်ကိုပေး၊ ကျွန်တော်တွက်မယ်"

ဆရာမင်းသိခ်က သူမွေးနေ့ကို ရေးပေးပါသည်။ ကိုဝင်းမောင်က သူမွေးနေ့ကိုကြည့်ပြီး ပါလာသော ဘောလ်ပင်နှင့်တွက်ချက်ပါတော့သည်။ ကျွန်တော်က သူတို့စကားဝိုင်းထဲ ဝင်မပြောဘဲ ဆိတ်ဆိတ်သာနေလိုက်သည်။

"ခင်ဗျားကို များများပြောသွားအချက် (၃) ချက်ပဲ ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အင်း - ဆိုစမ်းပါဦး အချက် (၃) ချက်ဆိုတာ"

"၁။ ခင်ဗျားအမျိုးသမီး အယျိုဟုတ်ဘူး။

၂။ ခင်ဗျားတို့ကြောကြောမပေါင်းရဘူး။ ကွဲလိမ့်မယ်။

၃။ ခင်ဗျားပြန်ပြီးအဖမ်းခံရမယ်"

ဆရာမင်းသိခ်အနည်းငယ်မျက်နှာပျက်သွားပါသည်။ ထို့နောက် မျက်နှာကိုပြုံလိုက်ပြီး ကိုဝင်းမောင်ကို လှမ်းကြည့်ပါသည်။

"ဟောဒီမှာ ကျွန်တော့်မွေးသံဂျာရဲ့။ ခင်ဗျားအလှည့်ပဲလေ။ ဟောပေတော့"

"ကျွန်တော် မဟောတော့ပါဘူး ကိုဝင်းမောင်ရယ်၊ ခင်ဗျားနဲ့ ကျွန်တော်တို့ ကိုချစ်ဆွေကတစ်ဆင့် အကြောင်းသိတွေပဲဗာ"

"ဟုတ်ပါတယ်။ အကြောင်းသိတွေပဲ ဟောမနေပါနဲ့တော့"

ကျွန်ုော်ကပင် ဝင်၍ ဖျန်ဖြေပေးလိုက်ပါသည်။

ဝင်းမောင်တစ်ယောက်ကတော့ သိပ်ပြီးကျေနပ်ဟန်မပေါ်ပေ။

ဒီလိုနှင့် ကျွန်တော်တို့ ပြန်လာကြရပါသည်။ ကျွန်တော်တို့ လမ်းခွဲ၍ ပြန်ခဲ့ကြသည်။ အပြန်တွင် ဆရာမင်းသိခ်နှင့် ကိုဝင်းမောင်အကြောင်းကို စဉ်းစားလာပါသည်။ ဆရာမင်းသိခ်သည် ညီငယ်တစ်ယောက်ကို အနိုင်မယူချင်၍လည်း ဖြစ်နိုင်သည်။ မလောက်လေးမလောက်စားဟုအထင်သေးတာလည်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဝင်းမောင်မှာ ကျွန်ုော်သိအရင်းဖြစ်နေ၍ မဟောတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဒါက ကျွန်တော့်အမြင်နှင့် ကျွန်တော့်အတွေးသာဖြစ်ပါသည်။ ဆရာမင်းသိခ်အမြင်တွင် မည်သို့ရှိမည်ကို ကျွန်တော် မခန့်မှန်းနိုင်ပါ။

နောက်တစ်ပတ်လောက်ကြာသောအခါ ကျွန်ုော်ကျောင်းများ မှတ်ပုံတင်ဥပဒေထွက်လာပါသည်။ ကျွန်တော်သည် ကျောင်းဆရာတစ်ဦးဖြစ်၍ မှတ်ပုံတင်ခွင့်မရှိပါ။ ကျွန်တော့်ဇနီးမှာလည်း ဘွဲ့မရ၍ ကျောင်းတည်ထောင်ခွင့်သာရှိပြီး ကျောင်းဆရာလျှောက်ထားခွင့်မရှိပါ။ ကျွန်တော်သည် ဆရာမင်းသိခ်ကို ပြော၍ အမှတ်ရမိပါသည်။ ဆရာညိုကစ်ယောက်ဘွဲ့ရထားသည်ဟု ကျွန်တော်သိရပါသည်။ ကိုဇော်ဝင်းဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့် မရင်းနှီးပါ။

ကျွန်တော်သည် ဆရာမင်းသိခ်ကို လှမ်း၍ အကြောင်းကြားရပါသည်။ နောက်နှစ်ရက်လောက်ကြာသောအခါ ကိုစိုးသိမ်းအိမ်သို့ပေါက်ချလာပါသည်။ ကျွန်တော်လည်း ကိုစိုးသိမ်းအိမ်ကိုသွားမည်ဟုထွက်လာပါသည်။

ငမိုးရိပ်ရပ်ကွက်အဆုံး ရတနာလမ်းထောင့်တစ်နေရာတွင် ကိုစိုးသိမ်းနှင့်ဆုံမိကြသည်။ ကိုစိုးသိမ်းထံမှ ကိုဝင်းဇော်ပညာရေးသင်္ကသေခံကတ်ပြားကို ကျွန်တော်ရရှိခဲ့ပါသည်။ ထို့နောက် ကိုစိုးသိမ်းနှင့် ကျွန်တော် လူစုခွဲလိုက်ပါသည်။

'သုတဆွေနည်းပြ' ဟု အများက မြင်သောကျောင်းသည် ဆရာမင်းသိခ်ပေးထားသောနာမည်နှင့်ကျောင်းဖြစ်ပါသည်။ ကျောင်းမှာ တဖြည်းဖြည်း လူများလာသလို ဆရာမင်းသိခ်လည်း တဖြည်းဖြည်းလူများလာပါသည်။

နောက်တစ်ပတ်လောက်အကြာတွင် ကျွန်တော်အလုပ်ထွက်ရမည်ကိန်းကြဲနေပါတော့သည်။ ကျွန်တော်နယ်အပြောင်းခံရပါသည်။ ကျွန်တော်က နယ်မပြောင်းဘဲ အလုပ်က ထွက်လိုက်ပါသည်။ ဒီအကြောင်းကို ဆရာ့အားပြောပြသောအခါ သူစာတစ်စောင်ရေးပေးပြီး မွက်စီ၊ နှာခေါင်း၊ လည်ချောင်း၊ ဆေးရုံသို့ စာရေးပေးခြင်း ဖြစ်ပါသည်။ သို့သော် မည်သို့မျှ အကြောင်းမထူးပါ။ ကျွန်တော်လည်း ဆရာ့ကို ထိုကိစ္စ မပြောတော့ပါ။

ကျွန်တော် စိတ်ညစ်နေပါသည်။ ပင်စင်ကို မည်သည့်နည်းနှင့်တင်ရမည်ကိုသာတစ်ချိန်လုံးတွေးကောနေပါသည်။ ဖြစ်ချင်တော့ ဆရာကြီးဦးတင်ဦးဆိုသူမှာ ကျွန်တော်တို့ရပ်ကွက်ထဲတွင် နေထိုင်ပါသည်။ အာယုဌေးဆေးဖြင့် နာမည်ကြီးနေသူလည်း ဖြစ်ပါသည်။

ကျွန်တော် ပင်စင်တင်ရန် ခက်ခဲနေကြောင်း ကြားသိသောအခါ ဆရာကြီးဦးတင်ဦးက ကျွန်တော့်ကို လှမ်းခေါ်ပါသည်။ ဆရာကြီးက ငမိုးရိပ်-စဉ့်ဧရာထိပ်တွင်နေထိုင်ပါသည်။ ကျွန်တော်တို့ ဆရာကြီးခေါ်သဖြင့် သွားသောအခါ သူက ပင်စင်ကိစ္စသူအကူအညီပေးမည်ဟု ကတိပြုလိုက်ပါသည်။ ဆရာကြီးနှင့် ကျွန်တော် ယခင်ကပင် ရင်းနှီးပြီးသားဖြစ်ပါသည်။ ဆရာကြီးက ကျွန်တော် ဆေးတင်သောနေ့ကိုမေး၍ မှတ်ယူထားလိုက်ပါသည်။

ကျွန်တော် ဆေးရုံကို သွားသောနေ့တွင် သက်ဆိုင်ရာဆရာဝန်ကြီးက ကျွန်တော့်နာမည်ကို မေးပါသည်။ ပြီးလျှင် စာအိတ်တစ်အိတ်နှင့် စာရေးပြီးသားကို ကျွန်တော့်အား ပေးပါသည်။ သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့ကို ပေးလိုက်ပါသည်။ ဖွင့်မဖတ်ပါနှင့် ဟူ၍လည်း မှာလိုက်ပါသေးသည်။

လူမှုဖူလုံရေးအဖွဲ့သို့ရောက်သောအခါ သက်ဆိုင်ရာကိုပေးပြီး ဖွင့်ဖောက်ဖတ်ကြည့်ပါသည်။ ကျွန်တော့်ကို မည်သည့်ရက်နေ့မှစ၍ နာမကျန်း(ဆေး)ပင်စင်ပေးလိုက်ကြောင်း ပါရှိပါတော့သည်။တကယ်တော့ ဆရာကြီးဦးတင်ဦးသည်လည်း ကျွန်တော့်ကျေးဇူးရှင်တစ်ယောက်ပင် မဟုတ်ပါလား။

ကျွန်တော်အားရဝမ်းသာ အိမ်ကို ပြန်သွားပါသည်။ ကျွန်တော်သည် အသက်(၄၀)ကျော်မြင့် မည်သည့်ရောဂါကိုမျှမခံစားရဘဲ ဆေးပင်စင်ရပါတော့သည်။

ကျွန်တော်သည် မှတ်ပုံတင်ရှေ့နေစာမေးပွဲအောင်ထားသဖြင့် ရှေ့နေလုပ်မည်ဟု စိတ်ကူးထားပါသည်။ သို့သော် ကျွန်တော့်စရိုက်နှင့် မကိုက်ညီပါ။ ဖြစ်ပုံကဒီလို ဖြစ်ပါသည်။

အမည်မမှတ်မိသော အမျိုးသမီးကြီးတစ်ဦးက သူ့သားဦးမှကျူးလွန်သည်ဆိုကာ အဖမ်းခံရပါသည်။ ကိုဝိန်ဝင်း(ရွှေကွန်း) မှတစ်ဆင့် ကျွန်တော်အမှုလိုက်ရပါသည်။ အမှုချိန်းမှာ ပထမဆုံးအမှုချိန်းဖြစ်ပါသည်။ သယ်နိုးကွန်းတရားရုံးတွင် အမှုလိုက်ရမည်ဖြစ်သည်။ အကြောင်းကြောင်းကြောင့် အမှုမစစ်ဖြစ်ဘဲ ရုံးချိန်းချိန်းဆိုလိုက်သည်။

ကျွန်တော်သည် ပြန်ထွက်လာပြီး လက်ဖက်ရည်ဆိုင်တွင်ထိုင်နေပါသည်။ ထိုစဉ်တွင် ကျွန်တော့်ဆရာ ဦးမင်းအောင်၊ ကိုဝိန်ဝင်းနှင့် ကျွန်တော်နှင့် ရင်းနှီးပြီးသားနှစ်ယောက်ပါ ရောက်လာသည်။ ကျွန်တော့်အမှုသည်အမျိုးသမီးလည်း လာရောက်ထိုင်နေပါသည်။

ထုံးစံအတိုင်း လက်ဖက်ရည် (၆) ခွက်ကို မှာလိုက်ပါသည်။ ပြီးလျှင် စီးကရက် (၅) ဘူးကိုလည်း မှာလိုက်ပါသည်။ ကျွန်တော်တို့ လက်ဖက်ရည်သောက်ပြီးသောအခါ ပိုက်ဆံရှင်းရန် ဆိုင်ရှင်ကို ခေါ်လိုက်ပါသည်။

"အို - မဟုတ်တာ ဆရာရယ်၊ ကျွန်မရှင်းမှာပေါ့"

ဟု အမျိုးသမီးကြီးက ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံအိတ်ကိုထုတ်နေပါသည်။ ပိုက်ဆံအိတ်ထဲတွင် တစ်ကျပ်တန်နှင့် ငွေအကြွေများသာရှိပါသည်။ ကျွန်တော်က ထပြီးအတင်းပေးသော်လည်း သူမက လက်မခံ။ ပိုက်ဆံများကို ရေတွက်နေပါသည်။ ပြီးမှ လက်ဖက်ရည်ဖိုးရှင်းလိုက်ပါသည်။

ကိုစိန်ဝင်း မျက်နှာပျက်သွားပါသည်။ ဆရာ ဦးမင်းအောင်က စကားတစ်လုံးဝင်ပြောပါသည်။

"ဒါမျိုးဆ ဒီလိုဖြစ်မှာပဲ။ ကျွန်တော်တို့လောကမှာတော့ ဒါမျိုးတွေ ရှိနေပြီ"

ကျွန်တော်သည် မည်သူ့ကိုမျှ မပြောဘဲ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပါသည်။

"မင်းတို့အလုပ်ကို ငါဘယ်တော့မှမလုပ်တော့ဘူး၊ ငါ့ဘာသာငါ ကျူရှင်ထောင်တာကမှ စင်ကြယ်သေးတယ်"

ထို့နေ့မှစ၍ ကျွန်တော် ရုံးမသွားတော့ပါ။ ကိုစိန်ဝင်းက တစ်ခါ၊ နှစ်ခါ လာခေါ်ပါသေးသည်။ ကျွန်တော်မသွားတော့ပါ။ ကျူရှင်လုပ်ငန်းကို ဇောက်ချလုပ်မည်ဟူသာ စိတ်ပိုင်းဖြတ်ထားပါတော့သည်။

သုတဆွေနည်းပြအဖြစ် ကျွန်တော်ကိုယ်တိုင် ဆရာလုပ်ကာ ကျောင်းထောင်ပါသည်။ ဆရာညီညီ၊ ဆရာဦးတင်လှ၊ ဆရာဦးလှဝင်း၊ ဆရာဦးကျော်ဌေးလိုင်၊ ဆရာဦးအေးကျော်စိုး၊ ဆရာဦးအောင်စည် စသောဆရာများနှင့် ကျောင်းထပ်ထောင်ခဲ့ရာ လူအများလက်ခံကြသည်။

ကျောင်းအတော်အောင်လာသောအခါ ဟောပြောပွဲလုပ်မည်ဟု ကျွန်တော်စဉ်းစားမိရာမှ ဆရာမင်းသိခ်ကို သွား၍ သတိရမိပါတော့သည်။ ထိုစဉ်က ဆရာမင်းသိခ်မှာလည်း ဧဒေင်ကြည့်မည့်သူများပြည့်ကျပ်နေပါသည်။ ဆရာမင်းသိခ်ကလည်း သူကူညီမည် ဖြစ်ကြောင်း ကျွန်တော့်ကို ပြောပါသည်။

ဟော်ပြောပွဲနေ့သို့ရောက်လာပါသည်။ ကျွန်တော်က ဆရာမင်းသိခ်ကို ဇိုလ်ချုပ်ဈေးတွင် သွားကြိုရပါသည်။ ကံအားလျော်စွာ ကိုစိုးသိမ်းပါ တွေ့သဖြင့် လိုက်ခဲ့ရန်ခေါ်ခဲ့ပါသည်။

၁၉၇၅-၇၆ လောက်ကဖြစ်မည်ထင်ပါသည်။ ထိုအချိန်က ကားများ ယခုကဲ့သို့ ပေါပေါများများမရှိသေးပေ။ ကျွန်တော်လည်း သုံးဘီးတစ်စီးကိုခေါ်၍ ဆရာမင်းသိခ်ကို ရွှေမှာထိုင်စေကာ ကျွန်တော်နှင့် ကိုစိုးသိမ်းက နောက်မှာ ထိုင်လိုက်ရင်း စကားစမြည်ပြောကြပါသည်။

ကားလေးသည် တွေ့ပတ်မောင်းရင်း ကျွန်တော့်ကျောင်းရှေ့သို့ ရပ်ပါတော့သည်။ ကျွန်တော်က ပိုက်ဆံထုတ်ပေးသောအခါ ကားဆရာက မယူ။ ဆရာမင်းသိခ်ပေးမှယူမည်ဟုဆိုသဖြင့် ဆရာမင်းသိခ်က ကားခကိုထုတ်ပေးလိုက်ရပါသည်။ ကျွန်တော်က အိမ်နှစ်လုံး။ တစ်လုံးက အမျိုးသမီးမိဘနှစ်ပါးနှင့် သားကြီးမျိုးမြင့်ဆွေနေပြီး ကျန်တစ်လုံးမှာ အိမ်ရှေ့တွင် ကျောင်းခန်းလုပ်ထားပြီး နောက်ဘက်တွင် အမျိုးသမီး ကျွန်တော်နှင့် သားငယ် မိုးအောင်ဆွေတို့နေကြပါသည်။

အိမ်ချင်းကပ်လျက်ဖြစ်၍ ကိုစိုးသိမ်းနှင့် ဆရာမင်းသိခ်တို့ ခေါင်းရင်းဘက်ခန်းသို့ဝင်ကြပါသည်။ထူးခြားသည်မှာ ကိုစိန်ဝင်းနှင့် ဇနီးခေါ်ကြည်ကြည်တို့ ရောက်နှင့်နေကြခြင်းပင် ဖြစ်ပါသည်။

"ဟေ့ကောင် ချစ်ဆွေ၊ ဒီလိုလုပ်လို့ ဘယ်ရမလဲကွ"

"အေးဗျာ၊ ကျွန်တော်အလုပ်များနေတာနဲ့ ဖိတ်မိသလား၊ မဖိတ်မိသလား တောင်မသိတော့ပါဘူး။ ခင်ဗျားတို့လာတယ်ဆိုတော့လည်း ပိုပြီးကောင်းတာပေါ့"

ကျေးဇူးတင်ရမည့်သူတစ်ယောက် ရှိပါသေးသည်။ သူက ကျွန်တော့်တပည့်လေး မောင်ဆန်းဝင်းပါ။ ကျွန်တော်ပြန်မရောက်ခင် မောင်ဆန်းဝင်းက သူ့အိမ်မှ ကုလားထိုင်များ၊ ခုံများကို ကျွန်တော့်အိမ်ဘက်သို့ ရွှေ့လာပေးသူဖြစ်ပါသည်။ (မောင်ဆန်းဝင်းသည် သင်္ဘောကပ္ပတိန်အဖြစ်နှင့် စင်ကာပူသို့ရောက်ရှိနေသူဖြစ်ပါသည်။)

မုန့်နှင့် လက်ဖက်ရည်တို့ဖြင့် ဧည့်ခံပါသည်။ ဆရာမင်းသိခ်ရော ကိုစိုးသိမ်း၊ ကိုစိန်ဝင်းနှင့် ခေါ်ကြည့်ကြည့်တို့ စားသောက်ကြပါသည်။ ထိုစဉ်က ကိုစိန်ဝင်း ဆေးလိပ်မပြတ်သေးပေ။ ကိုစိန်ဝင်းက အိတ်ထဲမှ စီးကရက်ကိုထုတ်၍ပေးပါသည်။ ဆရာမင်းသိခ်သည် ဆေးလိပ်အလွန်ကြိုက်သူ ဖြစ်ပါသည်။ ဟောပြောပွဲမစခင် ဆေးလိပ်ကို တစ်လိပ်ပြီး တစ်လိပ်သောက်နေပါသည်။

"ဟေ့ကောင် အောင်ထွန်း၊ မင်းဆေးလိပ် ဒီလောက်သောက်ရင် တစ်နေ့ဒုက္ခတွေ့လိမ့်မယ်"

ကိုစိုးသိမ်းသည် ဆရာမင်းသိခ်ကို အောင်ထွန်းဟု အမြဲခေါ်နေပါသည်။

"ဘယ်နယ်အောင်ထွန်းလဲ၊ ဆရာမင်းသိခ်လေ"

"သူဘာသာသူ ဆရာပဲဖြစ်ဖြစ်၊ ငါကတော့ အောင်ထွန်းပဲ"

"ခေါ်ပါစေ ချစ်ဆွေရယ်၊ သူက အောင်ထွန်းလို့မခေါ်ရရင် စားဝင်အိပ်မျော်တာမှမဟုတ်ဘဲ"

ကိုစိုးသိမ်းကို ဆရာမင်းသိခ်က လှမ်း၍ဖွဲ့လိုက်ပါသည်။ ကိုစိုးသိမ်းကတော့ မကျေနပ်သောမျက်နှာဖြင့်ကြည့်နေသော်လည်း ဘာမှပြန်မပြောပေ။

ကိုစိန်ဝင်းနှင့် သား၊ ဇနီးတို့က ဝိုင်း၍ ရယ်မောကြပါသည်။

"ကဲ - စမယ်ကွာ ကြာတယ်"

ဆရာမင်းသိခ်က လောလိုက်သဖြင့် ကျွန်တော့်ကျောင်းခန်းရှိရာသို့ ဝင်လိုက်ရသည်။ ခုံတွေအကုန်လုံးပြည့်နေသည်။ ကျွန်တော့်ကျောင်းသားကျောင်းသူများသာမက သူတို့၏မိဘများပါ ပါလာလေသည်။ အပြင်ဘက်တွင်လည်း ဆရာမင်းသိခ်ဟောပြောမည်ကိုစောင့်နေသူများလည်း ကျောင်းပတ်ဝန်းကျင်တွင်အပြည့်။

ကျွန်တော်သည် မိုက်ကရိုဖုန်းကို ကိုင်ကာ ဟောပြောပွဲစမည်ဖြစ်ကြောင်း ပြောပါသည်။

"အခုခိုနကစပြီး မျှော်လင့်နေတဲ့ ဆရာမင်းသိခ်ရဲ့ဟောပြောပွဲစပါတော့မယ်။ ဆရာက စာမေးပွဲအောင်ရေးအတွက် ဘယ်လိုစာကျက်ရမည်၊ ဘယ်လိုမှတ်သားရမယ်ဆိုတာကို အရှေ့တိုင်းနည်းရော အနောက်တိုင်းနည်းတွေကိုပါ ဟောပြောပါလိမ့်မယ်။ ဆရာမင်းသိခ်ကြွပါခင်ဗျား"

လက်ခုပ်သံများဆူညံသွားပါတော့သည်။

"ကဲ - ကြွရောက်လာကြတဲ့ ဧည့်သည်ပရိသတ်များကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်"

ဟု စတင်၍ ဆရာမင်းသိခ်သည် တစ်နာရီနီးပါးလောက်ပြောပြပါသည်။ စာကျက်ပုံ အရှေ့တိုင်းနည်း၊ အနောက်တိုင်းနည်း၊ နည်းလမ်းကိုစုံအောင်ပြောပါသည်။

"မင်းတို့ ဦးထုပ်ဆောင်းရအောင် လုပ်ရမှာပဲ။ ဟိုမှာကြည့်စမ်း ဘယ်သူလဲ"

ပရိသတ်များက နောက်သို့လှည့်ကြည့်ပြီး ပြောပါတယ်။

"ဆရာဦးချစ်ဆွေ"

ဟု ဝိုင်းအော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုးကြိုးကွင်း၊ မိုးကြိုးလွဲစေသောအဓိပ္ပာယ်

နတ်မောက်မှတ်ကျောက်

ပြီးခဲ့သည့်နှစ်က မိုးများအဆက်မပြတ်ရွာသွန်းသလို မိုးကြိုးများပစ်သည်ကိုလည်း နေရာအနှံ့သတင်းကြားသိရပါသည်။ ကျွန်ုပ်၏ ကျောင်းနေဖက် သူငယ်ချင်းကိုထွန်းကြိုးမှာ ကျေးရွာထဲတွင်မနေဘဲ တောထဲ ယာမြေကျယ်ကြီးတွင် နွားတင်းကုပ်၊ လူနေတဲအိမ်ကြီးဆောက်၊ ကြက်၊ ဝက်၊ ခွေးများမွေးမြူပြီး တောင်သူလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ သူလိုပင် တောထဲထွက်နေကာ တောင်သူလုပ်သူများ၏ တဲအိမ်များအစီတိ၊ သုံးဆယ်ရှိ၍ အောင်သပြေတဲတိုက် ဟူ၍ ရွာငယ်လေးတစ်ရွာနီးပါး ရှိနေပါသည်။

ထိုမိုးကာလတွင် သူတို့တဲတိုက်၌ မိုးကြိုးသုံးကြိမ်အပစ်ခံခဲ့ရသည်။ လက်ပံပင်ကြီးကိုတစ်ကြိမ်၊ သရက်ပင်ကြီးကိုတစ်ကြိမ်၊ နွားတစ်ကောင်ကိုတစ်ကြိမ် ဖြစ်သည်။

တောထဲ တဲနှင့်ထွက်နေသောသူကဲ့သို့ တဲရှင်များသည် -

"အောင်မလေး၊ ငါတို့တဲများ မိုးကြိုးအပစ်ခံလိုက်ရရင် မတွေးဝံ့စရာပါလား"

ဟု ကြောက်ရွံ့ထိတ်လန့်စိုးရိမ်စိတ်ဖြစ်ကြပါသည်။ ကျေးရွာအတွင်းသို့ပင် အများသူငါနှင့်ပြန်နေမည်၊ ပြန်ရွှေ့မည်ဟုစိတ်ကူးပေါက်ကြကုန်လေသည်။

သို့သော် တောထဲ တဲအိမ်ကြီး၊ ကြက်၊ ဝက်၊ နွား၊ ခွေး၊ တချို့လည်းသိ၊ ဆိတ်များနှင့် တော်ထဲမှ ရွာအတွင်း သို့ပြန်ရွှေ့ရမည်မှာမလွယ်ကူသောကိစ္စ၊ အလွန်ခက်ခဲသောအလုပ်ဖြစ်နေပြန်ပါသည်။ တောထဲ တဲတိုက်မှာ ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်နေလာသည်ဖြစ်၍ ရွာထဲမှာ ဆူညံသည်ဟုထင်ပြီး မနေတတ်သလိုလည်းဖြစ်ကြပါမည်။ တောထဲတွင် မရှိအေးအေး၊ ရှိအေးအေး လောဘနည်း၊ ဒေါသနည်း အေးချမ်းစွာ ထွန်ယက် မွေးမြူ ရှာဖွေစားရသည်ကို သဘောကျနှစ်ခြိုက်ကျေနပ်နေမိကြ၏။

ထိုသို့ ရွာထဲပြန်ရွှေ့ရကောင်းနိုးနိုး၊ တဲတိုက်မှာပင် မိုးကြိုးပစ်ပစ် ဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ် စိတ်မညစ်နှင့်ဟု

တစ်နေ့တွင် ကျွန်တော်ကိစ္စတစ်ခုရှိ၍ ကျောက်မြောင်းသို့သွားပါသည်။ ထိုအခိုက်တွင် ဆရာမင်းသိခ်စီးလာသော ဆိုက်ကားကို မြင်လိုက်သဖြင့် ကျွန်တော်လည်း လက်ပြ၍ တားလိုက်ပါသည်။

"ဟေ့ကောင်၊ မင်းဘယ်လာတာလဲ"

"အဲ - ငါ. . . မဟုတ်ပါဘူး ဆရာမင်းသိခ်၊ ဒီကျောက်မြောင်းထဲကို ခဏလာတာပါ။ အခုဆရာကိုတွေ့လို့လှမ်းနှုတ်ဆက်တာ"

"လာခဲ့ဦးလေကွာ၊ ငါကျောက်ရေတွင်းလှမ်းမှာနေတယ်"

"ဟေ - လာခဲ့ပါ့မယ်"

သူဦးလာသော ဆိုက်ကားဆက်ပြီးနင်းသွားပါသည်။ ကျွန်တော်လည်း ကိုယ့်ကိစ္စရှိသည်ကိုလုပ်ပြီး အိမ်သို့ပြန်ခဲ့ပါသည်။

နောက်သုံးရက်လေးရက်လောက်ကြာသောအခါ ကျွန်တော် မင်းသိခ်အိမ်သို့ ရောက်သွားပါသည်။ လူကလည်း အသင့်အတင့်ရှင်းနေပါသည်။

(ဆက်ရန်)

တင်ကြွယ်ဝိုလ်ကြည်သင်း၊

ကျွန်တော့်အမျိုးသမီး၏ အမေနှင့်ဧည့်သည်များသည် စွေးသွားဝယ်ကြပါသည်။ စွေးဝယ်ရာတွင် စကော့စွေး (ဝိုလ်ချပ်စွေး) သို့ ရောက်ရှိသွားမည်ဟု ဆိုသည်။ မင်္ဂလာဝတ်စုံချုပ်ရန်အတွက် ပထမတွင် အချိန်မရဟု ဆိုပါသည်။

ကျွန်တော့်ယောကျမကြီးက -

"ဒီဆိုင်ဟာ ဆရာမင်းသိခ်ဆိုင်မဟုတ်လား။ ငါ့သမက်ဟာ ဆရာမင်းသိခ်ရဲ့သူငယ်ချင်းပဲ"

ဟု ပြောပါသည်။

"ဆရာမင်းသိခ်ရဲ့သူငယ်ချင်းဆိုတာ ဘယ်သူလဲ"

ဟု မအေးအေးဆွေက မေးပါသည်။

"မင်းသိခ်တို့ လက်ထပ်တုန်းက အကူအညီပေးတဲ့ မောင်ချစ်ဆွေလေ"

ဟု ပြောသောအခါ -

"ဩော် - ကိုချစ်ဆွေရဲ့ညီမကိုး။ ဒါဖြင့်လည်း ချိန်းတဲ့အချိန်ကိုရအောင် လုပ်ပေးပါ့မယ်။ ကိုချစ်ဆွေလည်း ပြောလိုက်ပါ"

ကျွန်တော်သည် ထိုစကားကို ပြန်ကြားရသဖြင့် ဆရာမင်းသိခ်ရောမအေးအေးဆွေပါ ကျေးဇူးတင်ရပါတော့သည်။

"ငါ သူ့ပုံကို ပြောတာမဟုတ်ဘူး၊ ဦးထုပ်ကိုပြောနေတာ။ ဦးထုပ်က ဘွဲ့ရမှဆောင်းရတာလေ။ မင်းတို့လည်း ဘွဲ့ရအောင်လုပ်ကြ ဟုတ်လား။ ဆရာက ဘွဲ့မရပါဘူး။ဒါပေမယ့် အပြင်ဗဟုသုတတို့ ရအောင်ရှာတယ်။ မင်းတို့လည်း အပြင်ဗဟုသုတကို ရအောင်ရှာကြပါလို့ နိဂုံးချုပ်ပါတယ်"

ဆရာမင်းသိခ်သည် မိနစ်ငါးဆယ်လောက်ဟောပြောသွားပါသည်။

"မင်း ငါတို့ကို မဖိတ်ဘူး၊ တော်တော်ဆိုးတဲ့အကောင်"

အပြစ်ပြောသူများလည်းရှိနေပါသည်။ သူတို့ကို မဖိတ်မိသည်မှာ ကျွန်တော့်အမှားဟုပင် သူတို့ကျေနပ်အောင် တောင်းပန်ရပါတော့သည်။ ထိုသတင်း သယ်နှံးကျွန်းလူငယ်ရေးရာညကျောင်းတစ်ကျောင်းလုံးပြန့်ထွက်သွားပါသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ ဘိုကလေးမြို့က အမျိုးသမီးအဒေါ်ရောက်လာပါသည်။ ကျွန်တော့်ခယ်မ မခင်လေး ဘိုကလေးမြို့တွင် မင်္ဂလာဆောင်မည်ဖြစ်ကြောင်း အဝတ်အစားလာချုပ်သည်ဟုလည်း ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်နေထိုင်ရမည်လား စိတ်ဒွိဟ ဖြစ်နေချိန်တွင် ရွာထဲမှ ဆရာလေး ဦးဘုန်းနိုင် သူတို့တဲတိုက်သို့ အလည် အပတ်ရောက်လာသည်။

ဆရာလေးမှာ မူလတန်းပြ၊ ဘွဲ့ရ ပညာတတ်ဖြစ်ပြီး ဘာသာရေးစာ အားထုတ်သူဖြစ်သည်။ ဝါတွင်းသက် သတ်လွတ်စား၊ ပုတီးစိပ်၊ ရွာဦးကိုး တောင်ပြည့်စေတီကို သန့်ရှင်းရေးလုပ်၊ ထုံးသင်္ကန်း၊ ထိုမှမှန်သင်္ကန်း၊ ထိုမှ ရွေ သင်္ကန်းများ ကပ်လှူပြီးသည်အထိ ဦးဆောင်ဦးရွက်ပြုခဲ့သည်။ လောကီ ပညာ၊ လောကုတ္တရာပညာစုံသည်။ အိမ် ထောင်လည်းမရှိ။ သူတပည့်ကျောင်း သားကျောင်းသူလေးများကိုသာ သူ့သား သမီးတွေလို နှစ်ရှစ်ချစ်နေသူဖြစ်သည်။ ဆရာလေးဦးဘုန်းနိုင်ကို တစ်ရွာလုံးက လေးစားချစ်ခင်ရိုသေသမှုပြုကြသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတိုင်း တွင်လည်း ဆရာလေးက ပါဝင်ကူညီသူ မဟုတ်ပါလား။ ရွာထဲတွင် ကိစ္စကြီးငယ်၊ အခက်အခဲမှန်သမျှ ရွာလူကြီးအပါ အဝင် တစ်ရွာလုံး ဆရာလေးဦးဘုန်းနိုင် ကို တိုင်ပင်ဆွေးနွေး အကြံတောင်းခံရ သည်။ ဆရာလေးက ပညာပြည့်ဝသလို ဗဟုသုတလည်း နှံ့စပ်လှသည်မဟုတ် လား။

ယခုလည်း ကိုထွန်းကြီးတို့ အောင်သပြေတဲတိုက်သို့ ဆရာလေး ဦးဘုန်းနိုင်ရောက်လာသည်မှာ သိကြား မင်းကြွလာသလို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ ကြက်ဥကြော်၊ မြေပဲ လှော်၊ ကန်စွန်းဥပြုတ်၊ လက်ဖက်ရည် အမြည်းတွေတစ်ပုံကြီးရောက်လာသည်။ ပြီး မိုးကြိုးပစ်ခြင်းကိစ္စဆွေးနွေးပြောဆို ကြသည်။ သူတို့အောင်သပြေတဲတိုက် တွင် မိုးကြိုးသုံးကြိမ်အပစ်ခံရသဖြင့် တဲတိုက်နေ ရွာသူရွာသားများ ကြောက် ရွံ့စိုးထိတ်နေကြကြောင်း၊ ရွာအတွင်းသို့ ပြန်ရွှေ့နေရန်လည်းမလွယ်သဖြင့် မိုးကြိုး လွဲစေသောနည်းရှိလျှင် ပြောပြပြုလုပ် ပေးရန် ဝိုင်းဝန်းပူဆာပြောဆိုကြလေ သည်။

ဆရာလေးမှ ရေနွေးကြမ်း သောက်၊ မြေပဲလှော်ဝါး၊ ကန်စွန်းဥပြုတ် များစားပြီး အေးဆေးတည်ငြိမ်စွာပြော ဆိုသည်။

မိုးရွာလျှင် ဖြစ်နိုင်ကဲ့ ကွင်းပြင်သို့ မထွက်ရန်၊ သစ်ပင်ကြီးများအောက် မိုးမခိုရန်၊ ဖိနပ်စီးပြီးသွားလာရန်၊ မိုးရွာ စဉ် ကက်ဆက်၊ ရေဒီယိုများမဖွင့်ရန် စသည်ဖြင့် ဗဟုသုတများပြောပြသည့် အပြင် လောကီအစီအရင်တစ်ခုကိုပါ ပညာပေး ပြုလုပ်ပြသွားပါသည်။ တဲတိုက်နေ ရွာသူရွာသားများ ဝမ်းသာ မဆုံး၊ အားလုံးရွှင်ပြုံးတပြုံးပြုံးဖြစ်ကြ ရသည်။

"ဟေး - ဒါမှ တို့ဆရာလေးကွ။ ဆရာလေးလာတာ သိကြား၊ မတာပဲ ဟေ့"

ဟုပင် ဝိုင်းဝန်းအော်ဟစ်ကြ သည်။

ထို့ဆရာလေးပြုလုပ်ပေးခဲ့သော လောကီအစီအရင်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုထွန်း ကြီးမှတစ်ဆင့် ကျွန်ုပ်ရရှိသိရခြင်း ဖြစ် သည်။ ဆရာလေးဦးဘုန်းနိုင်ကလည်း ကိုထွန်းကြီးတို့ အောင်သပြေတဲတိုက် နေသူများအားလုံး နားလည်အောင် ဂဃနဏာ ရှင်းပြသင်ပေးသွားလေသည်။

"ဒီလိုရှိတယ်ဗျ။ ကျွန်တော်တို့ မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ ဓမ္မစကြာ တရားထဲမှာ သစ္စာတရားလေးပါး မြတ် တရားပါဝင်ပါတယ်။ ဒီသစ္စာလေးပါး မြတ်တရားကို အခြေခံပြီး ဒီအစီအရင်နဲ့ မိုးကြိုးကာမိုးကြိုးလွဲစေပါတယ်ဗျာ။

သစ္စာတရား လေးပါးကတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ ဆိုပြီး လေးပါးပါပဲ။ အဲဒီသစ္စာတရားလေးပါးရဲ့သံခိတ်အနှစ် ချုပ်အဖြစ် ရှေ့ဆုံးစာလုံးများ ဖြစ်တဲ့ ဒု၊ သ၊ နိ၊ မ ဆိုပြီး စမလေးလုံးကို အင်းအုံးနဲ့ပေါင်းစပ်ပြီး စတုရန်းကွက် တွေမှာ ရေးသွင်းရပါမယ်။

စတုရန်းကွက်ထဲမှာ ဒု၊ သ၊ နိ၊ မ ဆိုတဲ့ သစ္စာတရားလေးပါးစမကို ရေး သွင်းသွားရပါမယ်။ ရေးသွင်းရာမှာ သူ အစဉ်အတိုင်း အကွက်မများအောင် နံပါတ်စဉ်တွေထိုးပေးထားတယ်။ (၁) အကွက်မှာ 'သ' ကိုရေး၊ (၂)အကွက်မှာ 'မ' ကိုရေး၊ (၃) အကွက်မှာ 'နိ' ကိုရေး ဒီတော့ သ-မ-နိလို့ ဖြစ်မယ်။ ပြီးရင် ဂဏန်းစဉ်အတိုင်းစာလုံးစမတွေရေးထည့် သွားရင် 'သမနိ'၊ 'ဒုနိမ'၊ 'သမဒု'၊ 'သနိဒု' ဆိုပြီး အနုလုံ၊ ပဋိလုံရေးပြီးဖြစ်သွား မယ်။

အဲဒီအင်းစမကွက်ကို သုံးပြားရေး ပြီး နေ့အိမ်အဆောက်အအုံရဲ့ ထုတ် လျောက်တွေပေါ်မှ သုံးခုစီရေးဆွဲကပ် ထားဆောင်ထားပေးရမယ်။ ဘုရားမဲ့မှ တရားမဲ့မှ၊ သံဃာမဲ့မှ ထိပ်မှာတင်မိုး ထားတဲ့သဘောလည်းပါဝင်ပါတယ်။ ဒီ အဆောင် အိမ်တိုင်းမှာဆောင်ထားရင် မိုးကြိုးလွဲစေပါတယ်။

ဒါပေမယ့် အရက်သောက် ဖဲရိုက်၊ သူ့အသက်သတ်တဲ့အကုသိုလ် တွေချည်းလုပ်နေမယ်ဆိုရင်တော့ မိုး ကြိုးမပစ်လည်း မြေမျိုး အဝီစီရောက် တတ်၊ ငရဲကျတတ်တာပေါ့ဗျာ ဟဲဟဲဟဲ

ဆရာလေးဦးဘုန်းနိုင် ဤသို့ ဤနှယ် ပညာပေးစီရင်ပြသခဲ့သဖြင့် ကိုထွန်းကြီးတို့တဲအိမ်တိုင်းတွင် ထိုအစီ အရင်စီရင်ပြုလုပ်ဆောင်ထား အေးချမ်း စွာနေထိုင်ကြသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ ရပါသည်။

ဂုဏ်အစီအရင်ပညာမှာ ပဲခူးဆရာ တော်ကြီး၏ ပညာဖြစ်ပြီး ဆရာဘုန်းပွင့် ထွန်းမှ ၂၀၀၂ ခုနှစ်၊ အမှတ် (၄/၉) ဇမ္ဗူရတနာမဂ္ဂဇင်းတွင် ရေးသားခဲ့သည် ဟု သိရပါသည်။

နတ်မောက်မှတ်တမ်းကျောက်



www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံ

သမီး

အဖေ သမီးထံ ယခင်အပတ်က ပေးခဲ့သော စာတစ်စောင်တွင် ဖေဖေတို့ အိန္ဒိယတိုက်ငယ်ထဲမှ မာဂနိုင်ငံတော် အကြောင်းကို ထည့်ရေးသားခဲ့တယ်။ အဲဒီနိုင်ငံတော်ဟာ ယနေ့ခေတ် ဗီဟာပြည်နယ်မှာ တည်ရှိသော နိုင်ငံတော်ဖြစ်တယ်။ အဲဒီနိုင်ငံတော်ဟာ ပါဋလိပုတ်ဖြစ်တယ်။ ယခု သမီးတို့ခေတ်မှာတော့ ပတ္တနာပို့ခေါ်တယ်။ အဲဒီပါဋလိပုတ်မှာ စိုးစံတဲ့မင်းရဲ့နန်းတော်မှာ စိတ်ဝင်စားဖွယ်အကြောင်းအရာတွေကို နောင်လာနောင်သားတွေသိဖို့အတွက် မှတ်တမ်းတွေရေးခဲ့တဲ့ သုခမိန်ကြီးတွေ အများကြီးရှိခဲ့တယ်။ ဒါပေမယ့် စန္ဒဂုတ္တမင်းရဲ့အကြောင်းကို အသေးစိတ် ဖွင့်ပြထားတဲ့ အလွန်တန်ဖိုးရှိတဲ့ စာမူတစ်ခုကို ဖေဖေတွေ့ခဲ့ရတယ်။ အဲဒီစာမူကတော့ ကောဋိလျ (Kautilya) ရဲ့ အတ္ထသျှတ္ထရ (Arthasastra) ကျမ်းဖြစ်တယ်။ ကောဋိလျဆိုတာ တခြားမဟုတ်ဘူး။ ဖေဖေတို့ သိခဲ့သော စာဏက္က သို့မဟုတ် ဗိရှုနဂုတ္တပဲ။ အတ္ထသျှတရဆိုတာကို တိတိကျကျ ဘာသာပြန်ဆိုမယ်ဆိုရင် 'ဘောဂဗေဒ' လို့ အနက်အဓိပ္ပာယ်ထွက်တယ်။

အထက်ဖော်ပြပါ စာပိုဒ်သည် ကျွန်တော်တို့ ကျောင်းသားလူငယ်ဘဝက အထူးလေးစားခဲ့သော အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးနေရူး၏ (ကွယ်လွန်) အကျဉ်းထောင်အတွင်းမှ ပေးစာများကို စုပေါင်းထုတ်ဝေသော 'ကမ္ဘာ့သမိုင်းအား တစေ့တစောင်းကြည့်ရှုခြင်း (Glimps of World History) ဟူသော စာအုပ်မှစာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ထိုစဉ်က အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးနေရူးအား ဗြိတိသျှအာဏာပိုင်များက ဗြိတိသျှအစိုးရအပေါ် အိန္ဒိယနိုင်ငံလူထု အကြည်ညိုပျက်စေရန် လှုံဆော် ဟောပြော စည်းရုံးသည်ဟူသော အကြောင်းပြချက်ဖြင့် အိန္ဒိယနိုင်ငံအကျဉ်းထောင်တွင် ဖမ်းဆီးထားခဲ့ခို့နှုန်ဖြစ်၏။

ထိုစဉ်ကာလက နေရူးသည် သူသမီးဖြစ်သူ အင်ဒရာဂန္ဒီ (ကွယ်လွန်)အား အကျဉ်းထောင်အတွင်းမှ စာဖြင့်ရေးသား၍ ကမ္ဘာ့သမိုင်းကို သင်ကြားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိပေစာများကိုစုပေါင်း၍ 'ကမ္ဘာသမိုင်း၊ ကစ္ဆေတစောင်း' အမည်ဖြင့် စုပေါင်း၍ စာအုပ်ထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချခဲ့ရသည့်စာအုပ် ဖြစ်သည်။ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးနေရူးမှာ အင်္ဂလိပ်ဘာသာ အရေးကောင်းသူတစ်ဦးဖြစ်ရကား၊ သူ့လူမမည်သမီးဇယ်အင်ဒရာဂန္ဒီအား ငြိုးငွေ့ဖွယ်ကောင်းသည့် ကမ္ဘာ့သမိုင်းကို စိတ်ဝင်စားဖွယ်ဖြစ်စေရာ စာဖြင့်ရေးသား၍ ထောင်မှ သင်ကြားခြင်း ဖြစ်၏။

ကျွန်တော်တို့ တက္ကသိုလ်ပရိုဂရက်ရောက်စ ကျောင်းသားအများ ထိုစာအုပ်ကို စွဲစွဲလမ်းလမ်းဖတ်ခဲ့ကြသည်။ ထိုစာအုပ်ထဲမှစာပိုဒ်အချို့ကို အလွတ်ကျက်မှတ်၍ အတုယူခဲ့ကြ၏။ ထိုစာအုပ်ကို ဖန်တစ်ရာတေအောင်စွဲစွဲလမ်းလမ်းဖတ်ခဲ့ကြ၏။ (ထိုစာအုပ်မှ ပေးစာအချို့အား ကွယ်လွန်သူ စာရေးဆရာကြီး ပါရဂူက 'ချစ်သမီးသို့' အမည်ဖြင့် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့သည်ဟု ထင်ပါသည်။ ကောင်းစွာ မမှတ်မိတော့။)

အမှန်အားဖြင့် စဏကဲ့ သို့မဟုတ် ကောင်္ဂလ္ဘအကြောင်းကို ဒုတိယကမ္ဘာစစ်ကြိုကာလကပင် အတော်အသင့်သိခွင့်ရခဲ့သည်။ မှတ်မှတ်ရရ ထိုစဉ်က ကျွန်တော်တို့ ဆဋ္ဌမတန်းကျောင်းသားများသည် ဓမ္မနီတိကို သင်ကြားကြ၏။ မြန်မာဘာသာကိုသင်ကြားသူ ဆရာကြီးဦးဘိုးစောသည် လေးကနီတိကျမ်းနှင့် စာဏကျနီတိကျမ်းတို့မှ ဆုံးမစာများကို ပါ အလျဉ်းသင့်သလို ထုတ်နုတ်သင်ကြားခဲ့၍ စဏကဲ့သုခမိန်အကြောင်းအတော် အသင့်သိခွင့်ရခဲ့သည်။

ကောဋိလ္လ (သို့) အတ္ထသ္ဌတ္ထရကျမ်းပြုရှင် ကောဋိလ္လသည် စန္ဒဂုတ္တမင်းသားကို နောက်ကွယ်မှကြီးကိုင်နိုင်သောမင်းဆရာဖြစ်သည်သာမက အိန္ဒိယနိုင်ငံသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော မောရိယမင်းဆက်ကို တည်ထောင်ရာတွင် အဓိကအခန်းမှပါဝင်ခဲ့သူဖြစ်၏။

Arthasastra ဟူသော အဓိပ္ပာယ်တိတိကျကျမှာ နိုင်ငံရေးဘောဂဗေဒကျမ်းဟု ဆိုရမည် ဖြစ်ပါသည်။ Arth။ မှာ ဘောဂဗေဒဟု အဓိပ္ပာယ်ရရှိပြီး မူရင်းကျမ်းအား သုခမိန်ကြီးသည် သက္ကတဘာသာဖြင့် ရေးသားထားခဲ့ပြီး အင်္ဂလိပ်ဘာသာပြန်ဆို၍ ထုတ်ဝေခဲ့သည်ဟု သိရသော်လည်း လက်လှမ်းမမီသဖြင့် ထိုစာအုပ်ဖတ်ရှုလေ့လာခွင့် မရခဲ့။

ကံအားလျော်စွာပင် ကျွန်တော် လမ်းမတော် အ-ထ-က (၃) (ယခင် စိန်ဂျုန်းအမျိုးသားအထက်တန်းကျောင်း) သို့ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့လာခဲ့ရသောအခါ ကျွန်တော် ကျောင်းသားဘဝက တသသစွဲမက်ခဲ့ရဖူးသော အတ္ထသ္ဌတ္ထရကျမ်းအကြောင်း ပို့မိသိခွင့်ရလာသည်။ ယင်းစာအုပ်မှာ တိမ်မြုပ်ပျောက်ကွယ်ကာ လူသိနည်းခဲ့သည်။ သို့သော် ကျွန်တော့်ကျောင်းနေဖက် မိတ်ဆွေတစ်ဦးကမူ မူရင်းကျမ်းမှာ သက္ကတဘာသာဖြင့် ရေးထားခြင်း ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာပြန်ရှိသော်လည်း ရရှိရန်လွယ်ကူမည်မဟုတ်ဟုပြောပြခဲ့၏။

သို့ဖြစ်၍ ကျွန်တော်သည် နာမည်ကျော်စာကြည့်တိုက်များသို့ ရှာပုံတော်ဖွင့်ခဲ့သော်လည်း မတွေ့ရ။ မိတ်ဆွေတစ်ယောက်၏အကူအညီနှင့်ရာမာခရစ်ရှာနာစာကြည့်တိုက်တွင်ရှာဖွေခဲ့သည်။ ထိုစာကြည့်တိုက်ကြီးတွင်ပင် အတ္ထသ္ဌတ္ထရအင်္ဂလိပ်ဘာသာပြန်ကျမ်းကိုမတွေ့ရ။ နရယန်ရေးသားသော အတ္ထသ္ဌတ္ထရအဖွင့်ကျမ်းသာ တွေ့ရ၏။ သို့ဖြစ်၍ ဆရာဦးတင်လှိုင် (မောင်ကျောက်တိုင်-ကွယ်လွန်)၏အကူအညီနှင့် ဆရာပါရဂူထံ ချဉ်းကပ်ခဲ့ရပြန်သည်။ သူ့ထံတွင်လည်း ကျွန်တော်ဖတ်ရှုလိုသော အတ္ထသ္ဌတ္ထရအင်္ဂလိပ်ဘာသာပြန်မူရင်းမရှိပေးဟိန္ဒူဘာသာပြန်သာရှိသည်။ သို့သော် ကျွန်တော်ဖတ်ရှုလိုသော အတ္ထသ္ဌတ္ထရကျမ်းစာအုပ်အကြောင်းပို၍ သိခွင့်ရလာသည်။ သိခွင့်ရလေ ထိုစာအုပ်ကိုဖတ်ရှုလိုစိတ်ပိုလာရာ လက်လှမ်းမီသလောက် ရှာခဲ့ရပြန်သည်။

၁၉၈၁ ခုနှစ်ခန့်ကဟုထင်၏။ ထိုစာအုပ်ကို လမ်းဘေးစာအုပ်အဟောင်းဆိုင်တစ်ဆိုင်မှ မထင်မှတ်ဘဲ ဝယ်ယူရခဲ့၏။ ကျွန်တော်ရရှိသော အတ္ထသ္ဌတ္ထရအင်္ဂလိပ်ဘာသာပြန်စာအုပ်မှာ ၁၉၂၃ ခုနှစ်က ဒုတိယအကြိမ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာပြန်ဆိုသူမှာ ဒေါက်တာရာမာဆပ်ထရီဆိုသူဖြစ်လေသည်။ ဒေါက်တာရာမာဆပ်ထရီမှာ အိန္ဒိယနိုင်ငံ ရွေးကောက်ပဲခ်ွေးမှုဖြစ်သည်။ ထိုစာအုပ်ဘာသာပြန်သူ၏ အမှာစာတွင် သုခမိန်ကောဋိလ္လ၏ သက္ကတဘာသာမူရင်းကျမ်းကို ခရစ်နှစ် ၁၉၀၅ ခုနှစ်က အိန္ဒိယနိုင်ငံရွေးကောက်သုတေသနဌာနက ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။ ထိုစာအုပ်အား နိုင်ငံတကာမှ နိုင်ငံရေးဘောဂဗေဒပညာရှင်များက မိုက်ကယ်လီ၏ 'မင်းသား' စာအုပ်ထက် အဆပေါင်းများစွာသာသည်ဟု အကဲဖြတ်ကြ၏။

အိန္ဒိယနိုင်ငံသူနိုင်ငံသားများတွင်းအတ္ထသ္ဌတ္ထရစာအုပ်ကိုဂုဏ်ပြုသည့်အနေဖြင့် စဏကျသုတ္တံဟု ခေါ်ဝေါ်ကြသည်။ ဤအတ္ထသ္ဌတ္ထရကျမ်းကိုပြုသူ ကောဋိလ္လ (သို့) စဏကျ (သို့) နဂရတ္တ၏ဘဝသည် များစွာလျှို့ဝှက်ဆန်းကြယ်လှပေသည်။ သူ၏ငယ်စဉ်ဘဝလည်း မည်သူမျှ တိတိကျကျမသိကြသလို သုဘဝဇာတ်ကြောင်းအကျဉ်းမူ မူဝရရက္ခပြဇာတ် (Mudraksh-တွင် တစ်စေ့တစောင်း ဖော်ပြခဲ့သည်ဆိုကြ၏။ မဟာဓင်ဋီကာကြီးတွင်မူ စဏ

www.burmeseclassic.com

www.burmeseclassic.com

ကျသုခမိန်ကြီးသည် စန္ဒဂုတ္တမင်းနှင့် တက္ကသိလာတွင် တွေ့ဆုံခဲ့သည်ဟု ရေးသား ဖော်ပြခဲ့၏။ ယင်းမဟာဝင်ဋ္ဌကာကြီးကို သိရိလင်္ကာကျွန်းသား မာလာဆေကာရ ပြုစုခဲ့ခြင်း ဖြစ်၏။ (မာလာဆေကာရမှာ သိရိလင်္ကာနိုင်ငံတွင် ပညာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်၏။)

စာကျသုခမိန် သို့မဟုတ် မဟာပညာကျော်ကောင်္ခိလ္ဘ၏ မွေးစားခဲ့သည့် ခုနှစ်သက္ကရာဇ်ကိုပင် တိတိကျကျမသိခဲ့ကြ။ ဘင်္ဂမင်ဝေါကာ ရေးသားပြုစုသော ဟိန္ဒူလူမျိုးတို့၏ကမ္ဘာ (Hindu World) ပထမတွဲတွင်မူ စာကျသုခမိန်၏ မွေးဖွားသက္ကရာဇ်ကို ခရစ်တော်မပေါ်မီ ၂၉၀ သို့မဟုတ် ခရစ်တော်ပေါ်ပြီး ၃၀၀ ခန့်ဟု မတိမကျဖော်ပြထားခဲ့သည်။ စာကျသုခမိန်သည် နန္ဒာမင်းဆက်ကို ပျက်သုဉ်းစေခဲ့မည်သူဟု ဒိဿနုပုရာဏ်ကျမ်းတွင်ဆိုခဲ့သည်ဟုသိရ၏။ စန္ဒဂုတ္တမင်းသားအား ထီးနန်းတင်မည့်သူမှာ မလွဲမသွေ စာကျဖြစ်ရပေမည်ဟူ၍လည်း ဆိုခဲ့သည်ဟု သိရသည်။

ကျွန်တော်တို့ မြန်မာစာဖတ်ဝါသတ်အဖို့ စန္ဒဂုတ္တမင်းအကြောင်းကို အတော်အသင့်သိရှိဖြစ်မည်ဟု ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်က မင်းစန္ဒဂုတ် အမည်ဖြင့် ရုပ်ရှင်ကားတစ်ကားရိုက်ကူးပြသခဲ့၏။ စာကျသုခမိန်ကြီး၏ အတ္ထုပ္ပတ္တိကို စာရေးဆရာကြီး ဦးဘသိသည် ဝတ္ထုသဖွယ် ရေးသား၍ ထုတ်ဝေခဲ့သည်ကို ကျွန်တော်တို့ဖတ်ရှုခဲ့ရသည်။

စာကျသုခမိန်ကြီးသည် တက္ကသိလာတွင် ပညာဆည်းပူးခဲ့စဉ်က ဆေးပညာကို သင်ယူခဲ့လေသည်။ ယင်း တက္ကသိလ်တွင်ပင် စန္ဒဂုတ္တမင်းသားနှင့် တွေ့ကြုံခဲ့ကြခြင်း ဖြစ်၏။ တက္ကသိလာမှာ ယနေ့ ပါကစ္စတန်နိုင်ငံ ရာဝေါပင်ဒီခရိုင်အတွင်း တည်ရှိသည်။ ထိုစဉ်က တက္ကသိလာတက္ကသိုလ်ကြီးတွင် အတတ်ပညာအမျိုးမျိုးကို သင်ကြားပေးသည်။ အတိုင်းတိုင်းအပြည်ပြည်မှ မင်းညီမင်းသားများ၊ သူဌေးသူကြွယ်၊ ဆင်းရဲသားပါမကျန် ပညာလာရောက်ဆည်းပူးသော ကျောင်းတော်မဟာ ဖြစ်သည်။

တက္ကသိလာတွင် စန္ဒဂုတ္တမင်းသား ပညာဆည်းပူးခဲ့စဉ်က သူအား နန္ဒဘုရင်က ပြည်နှင်ဒဏ်ပေးထားသော အချိန် ဖြစ်၏။ ဤကျောင်းတော်မဟာတွင် စာကျနှင့် စန္ဒဂုတ္တမင်းသားတို့ ခင်မင်ရင်းနှီးခဲ့ကြသည်။ သူတို့နှစ်ဦးမှာ ကံကြမ္မာကိုအလျှော်ပေးလိုသူများမဟုတ်ကြ။ စာကျမှာ ပညာတတ် ကြွယ်ဝသူ လူတော်လူကောင်းတစ်ဦး ဖြစ်သည်။ ဆေးပညာကိုလည်း ဝါသနာပါသူတစ်ဦး ဖြစ်၏။ သူနိုင်ငံတွင် ထိုစဉ်ကာလက လှုပ်လှုပ်တောက် ဟိုးဟိုးကျော်ခဲ့သော မဟာအလက်စန္ဒားဘုရင်ကြီး၏ပုံစံကို စံထား၍ တိုင်းပြည်ကိုအုပ်ချုပ်မည့်ဘုရင် တစ်ပါး ထွန်းကားပေါ် ပေါက်လာစေလိုသည်။ သူကိုယ်တိုင်ကမူ နောက်ကွယ်မှ ကြီးကိုင်မည့် (King Maker) ပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်မည်ဟု ရည်မှန်းထားခဲ့သည်။

မကြာမီ စာကျသုခမိန်အလိုကျ အခွင့်အလမ်း ပေါ် ပေါက်လာသည်။ မဟာအလက်စန္ဒားဘုရင်ကြီး ကွယ်လွန်ခဲ့သည်နှင့် သူမိတ်ဆွေ စန္ဒဂုတ္တမင်းသား အတွက် တစ်ခေတ်ဆန်ခြိန်ရောက်လာပြီဟု ယူဆခဲ့၏။ မဟာအလက်စန္ဒားမင်းကြီး အားပေးထောက်ခံမှုနှင့် နိုင်ငံတော်အာဏာကိုသိမ်းယူထားသော နန္ဒဘုရင်နှင့် ဂရိစစ်သည်များကို မောင်းထုတ်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့တော့၏။

စန္ဒဂုတ္တမင်းသားသည် စစ်ဆင်ရေးနှင့် စစ်သေနင်္ဂဗျူဟာကို စာကျသုခမိန်အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် ဂရိစစ်သည်များကို အိန္ဒိယနိုင်ငံမှမောင်းထုတ်နိုင်ခဲ့သည်။ ဂရိစစ်သည်တို့၏အကာအကွယ်ကိုယူထားရသော နန္ဒဘုရင် ၏ထီးနန်းကို စန္ဒဂုတ္တမင်းသား သိမ်းယူနိုင်ခဲ့တော့၏။

မှန်ပါသည်။ စန္ဒဂုတ္တမင်းသား ထီးနန်းပြန်လည်ရရှိခြင်းမှာ ကောင်္ခိလ္ဘ (သို့) စာကျသုခမိန်ကြီး၏နောက်ကွယ်မှ ကြီးကိုင်မှုကြောင့် ဖြစ်သည်။ စာကျသည် နောင်တစ်ခေတ်တွင် မောရိယမင်းဆက်ဟု လှုပ်လှုပ်တောက် ဟိုးဟိုးကျော်ခဲ့သောမင်းဆက်ကို တည်ထောင်နိုင်ရန် သူမိတ်ဆွေ ကျောင်းနေဖက် စန္ဒဂုတ္တမင်းအတွက် အတ္ထသျှတ္တရကျမ်းကြီးကို နေ့မအား၊ည့မအား တစိုက်မတ်မတ် ပြုစုပေးခဲ့သည်။ ထိုနိုင်ငံရေးဘောဂဗေဒကျမ်းကို လက်စွဲပြု၍ စန္ဒဂုတ္တမင်းသည် မောရိယနိုင်ငံတော်ကြီးကို သမိုင်းတွင် တည်ထောင်နိုင်ခဲ့၏။

စာကျသုခမိန်သည် သူရေးသား ပြုစုထားသည့် အတ္ထသျှတ္တရကျမ်းကြီးတွင် အကြောင်းအရာအမျိုးမျိုးနှင့်ပတ်သက်ပြီး အသေးစိတ် ရေးသား ဖော်ပြခဲ့သောကျမ်းဖြစ်သည်။ နိုင်ငံရေးဘောဂဗေဒကျမ်း ဟူသောအမည်ကို ခံယူထားသော်လည်း ဆေးဝါးကုထုံးများ၊ ပြည်သူလူထုအတွက် အခြေခံကျန်းမာရေးအတွက် လမ်းညွှန်များ၊ စစ်ရေးလမ်းညွှန်များ၊ အုပ်ချုပ်ရေးလမ်းညွှန်များပါမကျန် ပါဝင်ခဲ့သည်။ စာကျသုခမိန်ကြီးသည် သူ၏အတ္ထသျှတ္တရကျမ်းကြီးအား (၁၅) ပိုင်းခွဲ၍ ရေးသားပြုစုခဲ့ရာ အင်္ဂလိပ်ဘာသာပြန်ကျမ်းမှာပင် စာလုံးသေးဖြင့် စာမျက်နှာ (၆၀၀) ခန့်ရှိပေသည်။ နိုင်ငံတော်အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် ရေပက်မဝင်အောင် ရေးသားထားသောကျမ်းကြီးတစ်ကျမ်း ဖြစ်ပြီး ခေတ်မီသည်ဟု ဆိုရမည်ဖြစ်၏။

အတ္ထသျှတ္တရသည် စွယ်စုံကျမ်းတစ်ကျမ်းဟုဆိုလျှင် မှားမည်မဟုတ်ပေ။ နိုင်ငံတော်ကာကွယ်ရေးသည် အထူးအရေးကြီးသဖြင့် တပ်မတော်အင်အားတောင့်တင်းရေးကို အထူးအလေးထား၍ ရေးသားဖော်ပြခဲ့၏။ စာကျသုခမိန်သည် စစ်ဆင်ရေးများတွင် ရွေ့လျားစစ် (Mobile Warfare) သည် အထူးအရေးကြီးသည်ဟု တင်ပြထား၏။ ဤရွေ့လျားစစ်တွင် ဆင်တပ်နှင့်မြင်းစာပ်မတော်တို့၏အရေးပါပုံကို အသားပေးဖော်ပြထားသည်သာမက ဆင်များနှင့် မြင်းများကို စနစ်တကျလေ့ကျင့်မွေးမြူရေး၊ ဆင်နှင့် မြင်းများတွင်ဖြစ်ပွားလေ့ရှိသောရောဂါဝေဒနာ၊ ထိုရောဂါဝေဒနာများစွဲကပ်ခြင်းမရှိအောင် ဆင်များ၊ မြင်းများကို အထူးသတိထား၍ မွေးမြူရန်၊ ဆင်နှင့် မြင်းတို့၏အစာကိုမည်သို့မည်ပုံစုဆောင်းရန်၊ ဆင်ဆရာ၊ မြင်းဆရာများကိုလည်း စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်လည်း ညွှန်ကြားထား၏။ အထူးသဖြင့် ဆင်များတွင် ဖြစ်ပွားလေ့ရှိသော မှက်စိကွယ်သည့်ဝေဒနာ၊ ကုဋ္ဌရောဂါဝေဒနာ မဖြစ်ပွားအောင် မည်သို့မည်ပုံကာကွယ်ရန်နှင့် ကုသသည့်ဆေးနှင့် ဆင်ဆေးဆရာ၊ မြင်းဆေးဆရာများကိုအထူးစုံစမ်း စစ်ဆေးပြီးမှ ခန့်ထားရန်များကိုလည်း အကြံပေးထား၏။ ထိုဆင်ဆေး၊ မြင်းဆေးတို့တွင် ပါဝင်ရမည့် ပရဆေးနှင့် မည်သို့မည်ပုံ ထိုဆေးများကို ဖော်ပြရမည်ကိုလည်း လမ်းညွှန်ထား၏။ ရွေ့လျားစစ်ဖြင့် ဦးစွာတိုက်ခိုက်ပြီးမှ ခြေလျင်တပ်များက အရှိန်အဟုန်တို့ဖြင့် တိုက်ခိုက်ရန်ဟု ဆိုထားသည်။

စာကျသုခမိန်၏အကြံပေးသည့်

www.burmeseclassic.com

www.burmeseclassic.com

ရွှေ့လျားစစ်နှင့်လျှပ်တစ်ပြက်စစ်ဆင်နေရေးကို နာဇီကျာမန်တို့သည် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစက အသုံးပြုခဲ့သည်။ သူတို့စစ်ဗျူဟာတွင် ဆင်တပ်၊ မြင်းတပ်များအစား သံချပ်ကာတပ်များကို ရှေ့မှရွှေ့လျားစစ်အဖြစ်အသုံးချခဲ့ပြီး နောက်မှခြေလျင်တပ်များက ထက်ဝင်ကြပ် လျှပ်တစ်ပြက် အရှိန်အဟုန်ဖြင့် တိုက်ခိုက်ရာ မဟာမိတ်တို့အပေါ် အောင်ပွဲခံနိုင်ခဲ့သည်ဟု ဆိုသည်။

စစ်ဆင်နေရာတွင် အထူးအနေကြီးသောပုဂ္ဂိုလ်များမှာ သူလျှိုများဖြစ်သည်။ သူလျှိုများအား စနစ်တကျ လေ့ကျင့်သင်တန်းပေး၍ ရန်သူနယ်မြေသို့ စေလွှတ်ရန်ကိုလည်း ထိုကျမ်းတွင် အသားပေးဖော်ပြထား၏။ ယင်းအတွက် သူလွှတ်ရကျမ်းသည်မှာ အုပ်စိုးသူများ၊ ရှင်ဘုရင်များ၏ အစားအစာတွင် အဆိပ်ပါ၊ မပါ စစ်ဆေးသိရှိနိုင်ရန် သမားတော်ကြီးများက မျက်ခြည်မပြတ် တာဝန်ယူစစ်ဆေးရန် ညွှန်ကြားသည်။ အစားအစာတွင် အဆိပ်ပါ၊ မပါစစ်ဆေးသည့်နည်းကိုလည်း အသေးစိတ် ဖော်ပြထားသည်။ ထိုကျမ်းအရ အစားအစာတွင် အဆိပ်ပါ၊ မပါစစ်ဆေးရာတွင် အောက်ပါနည်းကိုသုံးရမည်ဟုဆိုသည်။

စားမည့်အစားအစာကို မီးအတွင်း ထည့်ကြည့်လျှင် -

၁။ အသံမြည်ခြင်း၊
၂။ အပြာရောင်မီးတောက်ခြင်း၊
၃။ ချက်ချင်းအေးလွယ်ခြင်း၊
၄။ လက်နှင့်ထိလျှင် အရောင်ပြောင်းခြင်း၊
၅။ အဆင်းအရောင်ပျက်ခြင်း၊
၆။ ကောင်းစွာမကျက်ခြင်း၊
၇။ အရသာပျက်ခြင်း

စသည်တို့ကို တွေ့ရမည် ဖော်ပြထား၏။ ထောပတ်၊ ဒိန်ခဲ၊ နို့နှင့် ကြံရည်တို့တွင် အဆိပ်ခတ်ထားပါက မည်သို့အရောင်ပြောင်းလဲသွားသည်ကိုလည်းပဲ အသေးစိတ် ရေးသား ဖော်ပြထား၏။

ထိုကျမ်းတွင် တိုင်းပြည်အားစိုးမိုးအုပ်ချုပ်မင်းလုပ်ရသူများ၏တာဝန်နှင့် ဝတ္တရား၊ မှုမတ်သေနာပတိတို့၏တာဝန်နှင့် ဝတ္တရားတို့ကိုလည်း တိတိပပ ရေးသား ဖော်ပြထား၏။ တိုင်းသူပြည်သားတို့၏ကူးသန်းရောင်းဝယ်ရေးမြို့ကြီးများ၊ ကျေးလက်ဒေသများတွင် တရားဥပဒေစိုးမိုးရေးမြို့ကြီးများ၊ ရပ်ကွက်ကျေးရွာများရှိ တရားဥပဒေခန်းများတွင် လာဘ်လာဘ်ယူ ကင်းရှင်း၍ တရားဥပဒေအတိုင်း စီရင်နိုင်ရန်ကိုပါမကျန် အသေးစိတ် လမ်းညွှန်ထား၏။ လမ်းပန်းဆက်သွယ်ရေး၊ ခိုးမှု၊ ဓားပြတိုက်မှု၊ ဖောက်ထွင်းမှုကင်းဝေး၍ ပြည်သူအများလုံခြုံချောမွေ့စွာ နေထိုင်ရောင်းဝယ်နိုင်ရေးနှင့် ပြည်သူတစ်ဦးချင်း၏ လုံခြုံရေးကို နိုင်ငံတော်က အာမခံရမည်ဖြစ်ပြီး အုပ်ချုပ်သူများက ဝတ္တရားပျက်ကွက်ပါက အုပ်ချုပ်သူ၊ တာဝန်ရှိသူများအား သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ရေးကိုပါ ဖော်ပြထား၏။

အထူးသဖြင့် ဧိုးရာလူမှုရေးဝေလေထုံးစံများထိန်းသိမ်းကာကွယ်ရေး၊ အမျိုးသမီးများ၏ ရပိုင်ခွင့်၊ အသက်အရွယ်ကြီးရင့်သော်လူအို၊ ဒုက္ခိတများ၊ သားသမီးမရှိသော သက်ကြီးရွယ်အိုများကို နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ရမည်ဟု ဆိုထား၏။

အမျိုးသား၊ အမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေးစသည်တို့ကိုပါ လမ်းညွှန်ဖော်ပြထားခဲ့၏။ အခွန်တော်စည်းကြပ်ရေးတွင် စနစ်တကျစည်းကြပ်ရန်နှင့် အခွန်ကောက်ခံသူများ၊ လာဘ်ပေးလာဘ်ယူကင်းရှင်းစေရမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဏာပြည့်ပြည့်ဝဝရရေးနှင့် စနစ်တကျ စည်းကြပ်စေရမည့် နည်းလမ်းများကိုပါမကျန် သတိပေးဖော်ပြထား၏။

လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး၊ လယ်ယာထွက်ကုန်များ တစ်နေရာမှတစ်နေရာ လုံခြုံချောမွေ့စွာ ပို့ဆောင်ရောင်းချနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးပါမကျန် နိုင်ငံတော်အစိုးရက တာဝန်ယူရမည်ဟု လမ်းညွှန်ထား၏။ စဏကျသုခမိန်သည် ခေတ်မီသူ၊ ကြိုတင်သိမြင်သူဟုဆိုရမည် ဖြစ်၏။ နိုင်ငံခြားနှင့်ကူးသန်းရောင်းဝယ်ရေးကို နိုင်ငံတော်က စနစ်တကျကြီးကြပ်ရမည်ဟု ဆိုသည်။ မိမိနိုင်ငံမှတင်ပို့မည့်ကုန်နှင့်အခြားတိုင်းပြည်မှတင်သွင်းမည့်ကုန်များကို ချင့်ချိန်ကြီးကြပ်ရမည်ဟုဆို၏။

မိမိနိုင်ငံမှ တစ်နိုင်တစ်ပိုင်ပြုလုပ်သည့် အိမ်တွင်းစီးပွားရေးတိုးတက်စေမှုကိုလည်း ရေပက်မဝင်အောင် ရေးသား ဖော်ပြထားခဲ့သည်။ မြို့တော်များနှင့် ကျေးရွာများ၏ စည်ပင်သာယာသန့်ရှင်းရေးကိုလည်း မမေ့မလျော့လမ်းညွှန်ထားခဲ့၏။ ပြည်သူလူထုကျန်းမာရေး၏အဓိကမှာ သန့်ရှင်းရေးဖြစ်သည်ဟု စဏကျသုခမိန်က မြင်ထား၏။ သို့ဖြစ်၍ မြို့ကျေးရွာများ၏ စည်ပင်သာယာရေးကို သူ့အတွက်သူတွက်ရကျမ်းတွင် အလေးထားဖော်ပြခဲ့သည်။ ပြည်သူများအား အညစ်အကြေး၊ အမှိုက်များကို စနစ်တကျစွန့်ပစ်စေရမည်ဖြစ်ပြီး ထိုအမှိုက်များကို သက်ဆိုင်ရာမှ စနစ်တကျ သိမ်းယူရမည် ဖြစ်၏။ ပြည်သူအများ မှက်၊ ခြင်၊ ယင် စသော ရောဂါဖြစ်စေသည့် ပိုးပွားများအန္တရာယ်မှကင်းဝေးအောင်ဆောင်ရွက်ရေး၊ ရေကောင်းရေသန့်ရရှိရေးတို့ကိုလည်း ပြည်ပိုင်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်ဟု ဖော်ပြထား၏။

ထိုစဉ်က မင်းနေပြည်တော်ကြီးသော ပါဋလိပုတ်မြို့တော်ကြီးတွင် ကျန်းမာရေးနှင့် မြို့တော်သန့်ရှင်းလွယ်ရေးကို ဆောင်ရွက်ရန် ကော်မတီအဖွဲ့ဝင် (၃၀) ဦး ပါဝင်သောအဖွဲ့ စေပြီး ထိုကော်မတီကြီး၏အောက်တွင် သီးခြားဆပ်ကော်မတီခြောက်ခုဖွဲ့စေရမည် ဖြစ်၏။ ထိုကော်မတီများတွင် အဖွဲ့ဝင် (၅) ဦး ပါဝင်စေရမည်ဖြင့် ကော်မတီအလိုက် မိမိတို့သက်ဆိုင်သည့်ပြဿနာများကို တိတိကျကျ ဆောင်ရွက်ရန် ရေးသား ဖော်ပြထား၏။ ပညာသုခမိန်စဏကျသည် ပြည်သူများအတွက် ကျန်းမာရေးအရေးကြီးကြောင်း လမ်းညွှန်ထားပြီး ပြည်သူများအတွက် အခမဲ့ဆေးခန်းများဖွင့်ရေး၊ ရောဂါသံယာများအတွက် သီးသန့်ဆေးခန်းများဖွင့်ရေးတို့ကပါ ထည့်သွင်းဖော်ခဲ့သည်သာမက ပြည်သူလူထုအား ရောဂါကျ အညစ်အကြေးစွန့်ပစ်ရေးကိုပညာပေးရမည်ဟု ဆိုထား၏။

သဘာဝဘေးဒဏ်များပေါ်ပေါက်လာပါက လူထုကျန်းမာရေးကို အရေးပေါ် ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာတော်ကြီးများအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရမည်ဟုလည်း လမ်းညွှန်ထား၏။ အဲဒီကောင်းသည်မှာ အခြားနိုင်ငံများအကြောင်းအမျိုးမျိုးနှင့်လာရောက်သူများအား စည်ကမ်းနှင့်အညီ စီစဉ်ထိုးခိုရေးပါမကျန် အသေးစိတ် ဖော်ပြသဖြင့် အတ္ထသျှတ္ထရသည် ခေတ်မီနိုင်ငံရေးဘောဂဗေဒကျမ်းဟု ဆိုနိုင်ကြောင်း။

လျှပ်ခြင်း

ကျမ်းကိုး -

Arthasastra.
By -Kautilya.

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး

တားရော့ဖြန့်ခင်းပုံနည်းစနစ်



Knight of wands -
မြင်းစီးသူရဲကောင်း
တောင်ဝှေးကားချပ်

အတည့်အဓိပ္ပာယ်

အလုပ်နှင့် လူမှုရေးလှုပ်ရှားမှု ဆိုင်ရာသတင်းချက်များကို ယူဆောင်လာသူ၊ ခရီးသွားရခြင်း၊ အိမ်ရာပြောင်းရွှေ့ခြင်းကို ဖော်ပြပေးသူဖြစ်ကြောင်း ရည်ညွှန်းသည်။

❑ Leo Type.

ပြောင်းပြန်အဓိပ္ပာယ်

တမန်တော် ရောက်မလာခြင်း၊ ဖြစ်နိုင်သောသတင်းရရှိခြင်းတို့ကို ပြသည်။ နောက်ကျနှောင့်နှေးခြင်းများက စိတ်ပုပန်မှုနှင့် စိတ်ပျက်အားငယ်ခြင်းကို ဖြစ်ကြောင်း၊ မျှော်လင့်ချက်များမပြည့်ဝကြောင်း ဖော်ပြသည်။

Knight of cup -
မြင်းစီးသူရဲကောင်းဖလားကားချပ်

အတည့်အဓိပ္ပာယ်

အချစ်၊ စိတ်ခံစားမှုတို့နှင့် ပတ်သက်၍ ကောင်းသတင်းကိုပေးသည်။ ယင်းက မွေးဖွားရှင်သန်ခြင်းဆိုင်ရာ သတင်းချက်များကိုယူဆောင်လာသည်။ ပါတီပွဲ၊ လက်ထပ်မင်္ဂလာပွဲများသို့ ဖိတ်ခေါ်ခြင်း၊ ခရီးသွားမည့်အစီအစဉ်များကို ကိုယ်စားပြုသည်။

❑ Scorpio Type.

ပြောင်းပြန်အဓိပ္ပာယ်

အချစ်နှင့်ပတ်သက်သောသတင်းစကားများရောက်မလာ၊ သားသမီးမွေးဖွားခြင်း၊ အိမ်ထောင်ပြုခြင်းဆိုင်ရာကိစ္စသတင်းမရကြောင်း ဖော်ပြသည်။ ပျက်စီးဆုံးရှုံးခြင်းသဘောကိုပြသည်။

Knight of Pentacles -
မြင်းစီးသူရဲကောင်း
ငါးမြှောင့်ကြယ်ကားချပ်

အတည့်အဓိပ္ပာယ်

စီးပွား-ဘဏ္ဍာနှင့်ပတ်သက်ခြင်းကို ပြသည်။ အမွေရခြင်း (သို့) အခြားတန်ဖိုးရှိသောအရာများ၊ အိမ်ခြံ စသည်များရနိုင်သည့် ကောင်းသော သတင်းများ၊ အိမ်ခြံ စသည်များ ရနိုင်သည့် ကောင်းသောသတင်းများ ကြားသိနိုင်သည်။ ကျန်းမာရေးကောင်းခြင်းကိုပြသည်။ ရုပ်ဝတ္ထုပစ္စည်းများစွာ ပိုင်ဆိုင်ရခြင်းနှင့် စည်းစိမ်ခံစားရခြင်းကို နှစ်သက်သည်။ ငွေများစွာ သုံးစွဲနိုင်သည့် အချိန်ကောင်း ဖြစ်သည်။

❑ Taurus Type.

ပြောင်းပြန်အဓိပ္ပာယ်

ငွေကြေးဆင်းရဲမည်။ မကောင်းသတင်းကြားရမည်။ အစီအစဉ်များ နောက်ကျနေမည်။ ပျင်းရိသည့်စရိုက်ကြောင့် ဆင်းရဲတွင်းနက်မည်။ ကာမဂုဏ်လိုက်စားခြင်းကြောင့် မကောင်းသောကိစ္စရပ်များနှင့် ကြုံမည်။

knight of Swords -
မြင်းစီးသူရဲကောင်းဓားကားချပ်

အတည့်အဓိပ္ပာယ်

ပြဿနာဒုက္ခနှင့်ပတ်သက်သော သတင်းစကားများကြားရမည်။ စိတ်ပူပင်စရာ၊ ဒေါသဖြစ်စရာများရှိမည်။ ၎င်းကားချပ်မေးမြန်းသူနှင့် အနီးကပ်ရှိနေသူ (သို့) သူမကို အဓိကရည်ညွှန်းနေသည်။ စိတ်ထောင်းကိုယ်ကြေဖြစ်ရမည်။

❑ Aquarius Type.

ပြောင်းပြန်အဓိပ္ပာယ်

ဖိတ်ကြားခြင်းများနှင့်ပတ်သက်သည်။ ကလေးမွေးခြင်း၊ ခရီးသွားခြင်း စသည့်သတင်းစကားများ ရောက်မလာခြင်းသဘောကို ညွှန်းသည်။

အတွင်းအကြိတ်တသောဆောင်ပြီး ယုံကြည်စိတ်ချခြင်းမရှိသည်ကို ပြသည်။ အခြားသူများနှင့် ထွေးရောယှက်တင်မနေတတ်သူဖြစ်မည်။ အလုပ်သဘောမပါသည့် အပြောသက်သက်သမားကို ကိုယ်စားပြုသည်။

Page of Wands -
မင်းလုလင်တောင်ဝှေးကားချပ်

အတည့်အဓိပ္ပာယ်

လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံရင့်ကျက်လိုသည်။ လွတ်လပ်မှုကို ခုံမင်ပြီး ခေါင်းမာတတ်သူလည်း ဖြစ်သည်။ လှည့်လည်လျှောက်သွားနေတတ်သည်။ ဘုရားသခင်ထံမှကံကောင်းခြင်းနှင့် မျှော်လင့်ခြင်းများ ရရှိမည်။ ယင်းမှာ ခရီးသွားရခြင်း၊ တစ်ပြည်သူ/သားနှင့် ပတ်သက်ဆက်ဆံရခြင်း၊ ဒဿနအတွေးအခေါ်စသည်တို့နှင့်ပတ်သက်သည်။

❑ Sagittarius Type.

ပြောင်းပြန်အဓိပ္ပာယ်

စိတ်မာတ်မကောင်းခြင်း၊ ပျင်းရိခြင်း၊ အလုပ်ကိုရှောင်ခြင်း၊ ပြောင်းလဲဖောက်ပြန်တတ်ခြင်း၊ သစ္စာမဲ့ခြင်း၊ ရက်စက်ခြင်း၊ ငွေကြေးဖြုန်းတီးခြင်းတို့ကို ရည်ညွှန်းသည်။

Page of Cups -
မင်းလုလင်ဖလားကားချပ်

အတည့်အဓိပ္ပာယ်

အချစ်နှင့် စိတ်ခံစားမှုကို ကိုယ်စားပြုသည်။ အချစ်ရေးနှင့်ပတ်သက်၍ကောင်းသတင်းများ ယူဆောင်လာမှုကို ကိုယ်စားပြုသည်။ ၎င်းပြင် ပါတီ၊ မွေးနေ့လက်ထပ်ပွဲတို့နှင့် ပတ်သက်သည့် သတင်းများကို ရည်ညွှန်းသည်။

❑ Pisces Type.

ပြောင်းပြန်အဓိပ္ပာယ်

အချစ်ရေးတွင် ကံခေါ်ပြီး စိတ်ပျော်ရွှင်မှုမရှိပေ။ မည်သို့မျှ ဖြည့်၍မပြည့်နိုင်သော မျှော်လင့်တောင့်တချက်ကြီးရှိနေသည်။ မိမိစွမ်းရည်အား အသုံးချ၍ ဖန်တီးနိုင်စွမ်းမရှိပေ။

Page of Pentacles -
မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ်

အတည့်အဓိပ္ပာယ်

ငွေကြေးကိစ္စလုံခြုံစိတ်ချလိုသည်။ ကြေးစားအဖြစ် ကျွမ်းကျင်လိမ္မာသည်။ သူတကာ၏ထိပ်ဆုံးသို့ရောက်ချင်သည်။ ရည်မှန်းချက်ကြီးသူ၊ ရုပ်ဝါဒဆန်သူ သဘောကို ရည်ညွှန်းသည်။

❑ Capricorn Type.

ပြောင်းပြန်အဓိပ္ပာယ်

ကျန်းမာရေးကိစ္စကို ရည်ညွှန်း

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းကိစ္စ၊ အလုပ်ကိစ္စတို့ကို စိတ်မဝင်စားတတ်။ ရည်မှန်းချက်ထား ခြင်းလည်းမရှိ၊ စိတ်ဓာတ်ခွန်အားနည်း ပြီး ပျင်းရိသူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ လောဘကြီးသူဖြစ်ပြီး ဘဝကို ပေါ့ပါး လွယ်ကူစွာဖြတ်သန်းလိုသူဖြစ်ကြောင်း ရည်ညွှန်းသည်။

Page of Swords -
မင်းလုလင်ဓားကားချပ်

အတည့်အဓိပ္ပာယ်

ပြဿနာဒုက္ခများကို ကိုယ်စားပြု သည်။ မိတ်ဆွေသစ်များနှင့် ပညာဗဟု သုတသစ်များရလိုသည်။

- Aquarius Type.

ပြောင်းပြန်အဓိပ္ပာယ်

အာရုံစိုက်ခြင်းကင်းလွတ်မှုကြောင့် ပြဿနာဒုက္ခများကျရောက်တတ်သည်။ စိုးရိမ်စိတ်ကြီးသူ၊ ကြောက်လန့်တတ်သူ ဖြစ်မည်။ မိတ်ဆွေပေါင်းသင်းဆက်ဆံ ရေးက ထိုသူမျိုးအတွက် အရေးမပါလှ ပေ။

1. Additional Information

တားရော့ကားချပ်များ၏ ကိုယ် စားပြုအဓိပ္ပာယ်များကို ဟတ်ကြားရာ၌ အောက်ပါအချက်များက အကူအညီ ပေးပါမည်။

မည်သို့သော ပုံစံနည်းလမ်းဖြင့် ဖြန့်ခင်းထားသည်ဖြစ်စေ ဖြန့်ခင်းထား သည့် နောက်ဆုံးကားချပ်က မေးမြန်း ချက်နှင့်ပတ်သက်၍ မည်သည့်အချိန် ကာလတွင် ဖြစ်ပျက်မည်ကို ကိုယ်စားပြု ဖော်ပြပါမည်။

တားရော့ကားချပ်များနှင့် ဆိုင်သော အသိပညာများလည်း ပိုမိုသဘောပေါက် လာနိုင်မည် ဖြစ်ပါသည်။

Gemini (မေထုန်ရာသီ)

လေကို ကိုယ်စားပြုသည့် သင်္ကေ တဖြစ်သည်။

တားရော့ကားချပ်များနှင့် ရာသီစက်ဝန်းတို့ ဆက်စပ်ပတ်သက်ပုံ

Wands: (ကျိုင်းတံ/တောင်ဝှေး)များ	Aries, မိဿရာသီ	Leo, သိဟ်ရာသီ	Sagittarius ဓနုရာသီ
Cups (ဖလားများ)	Cancer, ကရကဋ်ရာသီ	Scirpio, ဗြိစ္ဆာရာသီ	Pisces မိန်ရာသီ
Pentacles (ငါးမြွှောင့်ကြယ်)	Taurus, ပြိဿရာသီ	Virgo, ကန်ရာသီ	Capricorn မကာရရာသီ
Seords: (ဓား)များ	Gemini, မေထုန်ရာသီ	Libra, တူရာသီ	Aquarius ကုံရာသီ

Aries (မိဿရာသီ)

မီးကိုကိုယ်စားပြုသည့်သင်္ကေတ ဖြစ်သည်။

လှုပ်ရှားမှုနှင့်စွမ်းအင်ကိုကိုယ်စား ပြုသည်။ အဆိုပါ ပုဂ္ဂိုလ်များက အမြဲ တစေ (အငြိမ်မနေ) လှုပ်ရှားနေတတ် သည်။ ကလေးဆန်တတ်သည်။ လွတ် လပ်မှုကို ခုံမင်သည်။ သူရဏ္ဍိနှင့်ပြည့်စုံ သည်။ ဦးဆောင်နိုင်သည့်စွမ်းရည်ရှိ သည်။ အပြောင်းအလဲများလုပ်ရန် ခေါင်းမာနေတတ်သည်။

Taurus (ပြိဿရာသီ)

မြေကိုကိုယ်စားပြုသည့်သင်္ကေတ ဖြစ်သည်။

ရုပ်ဝါဒီကိုရည်ညွှန်းသည်။အဆိုပါ ပုဂ္ဂိုလ်များသည် လုံလုံကြီးစွာသော အလုပ်လုပ်တတ်သည်။ နေ့စဉ် ဝင်ငွေရ အောင်ရှာတတ်သည်။ သူတို့၏လုပ်အား နှင့်ရရှိသော အကျိုးအမြတ်ကိုသာ မျော်လင့်စွာ ခံစားတတ်သည်။ ပျင်းရိသူ၊ စိတ်တုန့်လှုပ်ခဲသူဖြစ်ပြီး ခေါင်းမာတတ် ကြသည်။

အပေါ်ယံကြောဆောင် ဆက်ဆံ တတ်သော်လည်း နှစ်လိုဖွယ်ပြောဆို ပြု မူတတ်သည်။ စိတ်ကူးယဉ်တတ်ကြ သည်။ မည်သည့်ခေါင်းစဉ် (အကြောင်း အရာ) ကို မဆို ပြောဆို (စကားပြော) နေရခြင်းကို နှစ်သက်သည်။

Cancer (ကရကဋ်ရာသီ)

ရေကိုကိုယ်စားပြုသည့်သင်္ကေတ ဖြစ်သည်။ စိတ်လှုပ်ရှားခြင်း၊ ပြုစုယုယ ခြင်းတို့ကိုကိုယ်စားပြုသည်။ အိမ်အတွင်း နွေးထွေးစွာ လုံခြုံစိတ်ချစွာနေရသည့် ဘဝကို နှစ်သက်သည်။

Leo (သိဟ်ရာသီ)

မီးကိုကိုယ်စားပြုသည့် သင်္ကေတ ဖြစ်သည်။ အားပေးခိုးမြှောက်ခြင်း အများ၏ အာရုံစိုက်ခံရခြင်းကို လိုလား သည်။ မျှော်လင့်ချက်ကြီးကြီးထားတတ် သော်လည်း တစ်ခါတစ်ရံစိတ်ပျက်လွယ် တတ်ကြသည်။

ကိုယ်ကျိုးအတွက်ကြည့်တတ်သည့် သဘောဆောင်ပြီး (၁၂) ရာသီစက်ဝိုင်း အနက် အားအကောင်းဆုံးအမှတ် သင်္ကေတပင် ဖြစ်သည်။

Virgo (ကန်ရာသီ)

မြေ၏အမှတ်လက္ခဏာဖြစ်သည့် ရုပ်ခန္ဓာ၊ ရုပ်ဝတ္ထုပစ္စည်းနှင့် ခေါင်းမာ ခြင်းတို့ကို ကိုယ်စားပြုသည်။ ၎င်းကိုယ် စားပြုခံပုဂ္ဂိုလ်များသည် (၁၂) ရာသီစက် ဝိုင်း၏လုပ်သားများ ဖြစ်သည်။ အခြေ ကြီးသောစီရင်ဆုံးဖြတ်ချမှတ် နိုင်သော သူများ ဖြစ်သည်။ အလုပ်နှင့်ပတ်သက်၍ အပြစ်ရှာတတ်သူများ ဖြစ်သည်။ တစ်ခါတစ်ရံ စိတ်ပျက်တတ်ကြသည်။

* Symbol အမှတ်သင်္ကေတ	Time အချိန်	Seasons ရာသီ	Elenent သဘာဝအင်အားစု
တောင်ဝှေး	ရက်သတ္တပတ်	နွေဦး	မီး
ဖလား	ရက်(နေ့)	နွေရာသီ	ရေ
ငါးမြွှောင့်ကြယ်	နှစ်	ဆောင်း	မြေ
ဓား	လ	ဆောင်းဦး	လေ

နက္ခတ်ဗေဒနှင့်ဆိုင်သော အမှတ်လက္ခဏာများ

ဖော်ပြပါ နက္ခတ်ဗေဒဆိုင်ရာ အမှတ်လက္ခဏာများအပေါ် ထဲထဲဝင်ဝင် (လေးနက်စွာ) နားလည်ခြင်းဖြင့်

www.burmeseclassic.com

ကျန်းမာရေးပြဿနာနှင့်ကြုံတွေ့ရတတ်သည်။

Libra (တူရာသီ)

လေ၏ အမှတ်လက္ခဏာဖြစ်၏။ တရားမျှတမှုကိုလိုလားသည်။

Scorpio (ဗြိစ္ဆာရာသီ)

ရေ၏အမှတ်လက္ခဏာဖြစ်သည်။ မနာလိုခြင်း၊ ဆန္ဒပြင်းပြခြင်းတို့ကို ပြသည်။ ၎င်းပုဂ္ဂိုလ်များအနေဖြင့် စိတ်ခံစားမှုလွယ်ကူပြီး (ဆတ်ဆတ်ထိမခံ) တတ်သူများ ဖြစ်သည်။ တစ်ပါးသူ၏ ငွေကြေးဖြင့် ဥစ္စာပစ္စည်းတို့ဖြင့် အလုပ်လုပ်ရခြင်းကို နှစ်သက်သည်။ အဆိုပါ ပုဂ္ဂိုလ်များအနေဖြင့် စွမ်းအားကြီးများပြီး တစ်သက်တာတစ်လျှောက် ပြောင်းလဲခြင်းအတွေ့အကြုံအမျိုးမျိုးဖြင့် ရင်ဆိုင်ရတတ်သည်။

Sagittarius (ဓနုရာသီ)

မီး၏အမှတ်လက္ခဏာ ဖြစ်သည်။ လွတ်လပ်မှုကို ခုံမင်သူများ ဖြစ်သည်။ ကျောပိုးအိတ်တစ်လုံးဖြင့် ကမ္ဘာပတ်၍ ရောက်လေရာဒေသများသို့ သူတကာနှင့် ပတ်သက် ဆက်ဆံတတ်ကြသည်။ အတွေးအခေါ် ဒဿနမျိုးစုံ ရှာဖွေစုဆောင်းတတ်သည်။ တစ်နေရာတည်း၌ ရေရှည်နေထိုင်ဆက်ဆံတတ်သည့် အလေ့အကျင့်မရှိပေ။

Capricorn (မကာရရာသီ)

မြေကို ကိုယ်စားပြုသည့်အမှတ်သင်္ကေတဖြစ်သည်။ ငွေကြေးနှင့် ရုပ်ဝတ္ထုများစွာကို ပိုင်ဆိုင်ထားလိုသည်။ အချို့သော ၎င်းရာသီဖွားများက အရာရာကို သူတကာထက် ရှေ့ကအောင်လုပ်ဆောင်တတ်ကြသည်။

Aquarius (ကုံရာသီ)

လေ၏ အမှတ်သင်္ကေတဖြစ်၏။ သီအစ်ကိုဘဝ၊ မိတ်ဆွေဘဝ၊ မျှော်လင့်ခြင်းနှင့် ဆန္ဒတို့ကို ရည်ညွှန်းသည်။ တီထွင်ဖန်တီးနိုင်စွာကြပြီး သူတစ်ပါး အပေါ် လူသားချင်း စာနာတတ်စွာ ကူညီလေ့ရှိသည်။ လူတိုင်း၏နှလုံးသားဆီသို့ ငြိမ်းချမ်းရေးနှင့် မေတ္တာဓောတ်များ စိမ့်ဝင်ပျံ့နှံ့စေလိုသူ ဖြစ်သည်။

Piscas (မိန်ရာသီ)

ရေ၏အမှတ်သင်္ကေတဖြစ်သည်။ စိတ်ခံစားမှုလွယ်ခြင်း၊ ဖန်တီးနိုင်ခြင်း၊ အစွမ်းအစရှိသည်။ အနုပညာရှင်တစ်ဦးကဲ့သို့ လှုပ်ရှားမှုများ (အနုစိတ်) သိမ်မွေ့စွာဖြင့် လုပ်ကိုင်တတ်သည်။

2. Love and Romance

ဤအခန်းတွင် ဖြန့်ခင်းမည့် ကားရောကားချပ်ပုံစံများ၌ အောက်ပါတို့ပါဝင်သည်။

- A New Lover (ချစ်သူသစ်ရှာခြင်း)
- A Romantic Attraction (ချစ်ရေးချစ်ရာဆွဲ ဆောင်မှု)
- Lovers (ချစ်သူများ)
- Magical Love (ကြည်နူးဖွယ်ရာ အချစ်ရေး)
- Guide for Lovers (ချစ်သူများ အတွက်ညွှန်ကြားချက်)

ကားချပ်ဖြန့်ခင်းပုံအလိုက် အမေးအဖြေများကို (ကားချပ်အမည်များ ပါဝင်မှုအလိုက်) အောက်ပါအတိုင်း ဖော်ပြပါမည်။

A New Lover



ဆိုင်ရာမေးခွန်းများအတွက် ပုံပါအတိုင်းဖြန့်ခင်းပါမည်။

ကားချပ်အမှတ်စဉ်အလိုက် မေးခွန်းတစ်ခုချင်းစီက ကိုယ်စားပြုဖြန့်ခင်းမေးမြန်းပါသည်။

၁။ ကျွန်ုပ်အတွက် မကြာမီ၌ ဆက်ဆံရေးပုံစံသစ်တစ်ခုခုကြုံရမည်လား။

၂။ ၎င်းပုဂ္ဂိုလ်အတွက် နက္ခတ်ဗေဒဆိုင်ရာ အမှတ်သင်္ကေတမှာ အဘယ်နည်း။

၃။ ကျွန်ုပ်တို့အတွက် အပြိုင်အဆိုင်ရှိမည်လား။

၄။ ဆက်ဆံရေး တာရှည် ခိုင်မြဲမည်လား။

၅။ ၎င်းပုဂ္ဂိုလ်က ဘာအတွေ့မွန်အစေ့ဖြစ်နိုင်မည်လား။

၆။ ကျွန်ုပ်အလိုဆန္ဒများ၏ အကျိုးသက်ရောက်မှုက အဘယ်နည်း။

A New Lover for Rachel
(Rachel အတွက် ချစ်သူအသစ်)

ဖြန့်ခင်းထားသည့်ကားချပ်အမည်များ

1st position Queen of pentacles (မိဖုရားငါးမြွှောင့်ကြယ်)
2nd position Ten of pentacles (ငါးမြွှောင့်ကြယ်(၁၀)ခုကားချပ်)
3rd position King of pentacles (ဘုရင့်ငါးမြွှောင့်ကြယ်)
4th position Temperance (စောင့်ထိန်းခြင်းသီလ)
5th position Seven of Wands (reversed) တောင်ထွေး(၇)ချောင်းကားချပ် (ပြောင်းပြန်)
6th position Ace of cups (reversed) ဖလား(၁)လုံးကားချပ် (ပြောင်းပြန်)

ဖတ်ကြားခြင်း

Question 1:

Will There be a New relationship for me soon.

အဖြေ

Queen of Pentacles.

၎င်းကားချပ်သည် ငွေရှာခြင်း၊ ကျန်းမာရေးနှင့် ကုသခြင်းကိစ္စများနှင့် စိစပ်ဝင်စားသည်။ Rachel သည် အတွေးအမြင်အဓိကဝါဒီဖြစ်သူ၊ ဇီဇာကြောင်သူ ဖြစ်သည်။ ယခု သူမသည် လူအများနှင့် ထိတွေ့ဆက်ဆံရာနေရာဖြစ်သည့် ကောလိပ်တစ်ခုသို့ စာရင်းပေးထားပြီး ဖြစ်သည်။ Rachel သည် (၁၇)နှစ်မျှသာ ရှိသေးသည်။ အရွက်အကြောက်ကြီးတတ်သည်။ သူမအနေဖြင့် ကျောင်းစာကိုသာပို၍ အာရုံစိုက်သည်။ ဆောင်းတွင်းကာလအတောအတွင်း ချစ်သူသစ်နှင့် တွေ့ရဖွယ်ရှိပါသည်။

Question 2:

၎င်းပုဂ္ဂိုလ်အတွက်နက္ခတ်ဆိုင်ရာ သင်္ကေတကအဘယ်နည်း။

အဖြေ

Ten of pentacles.

ငါးမြွှောင့်ကြယ်ကားချပ်အားလုံးမြေ၏အမှတ်လက္ခဏာအဖြစ် ကိုယ်စားပြုသည်။ Rachel သည် တောရေရာသီဖွားဖြစ်ပြီး မြေအမှတ်လက္ခဏာကို ဆွဲဆောင်ထားသည်။

Question 3:

ကျွန်ုပ်တို့(လိုက်ဇော်မှ) ခွဲခိုင်မည်လား။

အဖြေ

King of pentacles.

မြေအမှတ်လက္ခဏာကိုကိုယ်ား

www.burmeseclassic.com

www.burmeseclassic.com

ပြုပြီး ပြီဿရာသီကို ရည်ညွှန်းသည်။ ထိုသူသည် Rachel နှင့် လိုက်ဖက်သူ ဖြစ်လာနိုင်သည်။ Rachel အနေဖြင့် တစ်ပါးသူအပေါ် စာနာတတ်၊ကူညီတတ်သူကို လက်တွဲလိုသည်။ မကာရရာသီဖွားအနေဖြင့် အောင်မြင်လိုစိတ်ရှိပြီး သူမ၏လက်တွဲဖော်နှင့် ရည်မှန်းချက်အတိုင်း ပြည့်စုံအောင် ကြိုးစားလိုသည်။

Question 4:

ဆက်ဆံရေး တာရှည် ခိုင်မြဲမည်လား။

အဖြေ

temperance.

Rachel အနေဖြင့် သူမကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိရန်လိုပါသည်။ ၎င်းကားချပ်သည် **ဓနုရာသီ၏** အုပ်စိုးမှုခံထားရသည်။ လွတ်လပ်မှုလိုလားသည့် အမှတ်လက္ခဏာ ဖြစ်သည်။ ဓနုရာသီဖွားအနေဖြင့် အချိန်ကာလတာရှည် သောဆက်ဆံရေးဖြင့်နေနိုင်ခဲ့သည်။

Question 5:

၎င်းပုဂ္ဂိုလ်က စိတ်တူကိုယ်တူဖြစ်နိုင်မည်လား။

အဖြေ

Seven of Wands (reversed).

ဖြန့်ခင်းထားသော ကားချပ်များအတွင်း ပထမဆုံး ပြောင်းပြန်ဖြစ်နေသည့် ကားချပ်ဖြစ်သည်။ အရည်အချင်းမပြည့်မီခြင်းကို ကိုယ်စားပြုသည်။ အနာဂတ်အတွက် မသေချာမရေရာမှုကို ဖော်ပြသည်။ Rachel အနေဖြင့် ၎င်းပုဂ္ဂိုလ်အား သူမမျှော်လင့်ထားသည့် အရည်အချင်းမရှိသောကြောင့်စိတ်ပျက်သွားနိုင်သည်။ ထို့အတွက် စိတ်တူကိုယ်တူဖြစ်ရန် အခြေအနေအားနည်းနေသည်။

Question 6:

ကျွန်ုပ်အလိုဆန္ဒ၏ အကျိုးသက်ရောက်မှုက အဘယ်နည်း။

အဖြေ

Ace of cups (reversed).

Rachel အနေဖြင့် အချစ်ရေး၌ အသစ်စတင်ရမည်ကို ကြိုတင်မသိနိုင်ပေ။ စိတ်မတည်ငြိမ်မှုဖြစ်နေမည်။ သူမက ကောလိပ်ဒုတိယစာသင်နှစ်ပြန်စရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။ သူမအနေဖြင့် ကောလိပ်မတက်ရောက်မီ တစ်နှစ်ခန့်စောင့်နေရခြင်းကို ပိုနှစ်သက်ပါသည်။

Comments (ထင်မြင်သုံးသပ်ချက်)

Rachel ၏ မိဘများအနေဖြင့် ကျောင်းတက်စေခြင်း (သို့) အလုပ်လုပ်စေခြင်းဆန္ဒရှိနေသည်။ မကာရရာသီဖွားအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် အာရုံစိုက်တတ်သည်။ ပညာရေးကောင်းခြင်းက သူမအား အစစအရာရာ (ရင့်ကျက်အောင်) သင်ပေးသွားပါမည်။

A New Lover For Denny

(Denny အတွက် ချစ်သူအသစ်)

1st position (ပထမကားချပ်) ငါးမြောင့်ကြယ် (၁) ခုကားချပ် (ပြောင်းပြန်)

2nd position (ဒုတိယကားချပ်) မြင်းစီးသူရဲကောင်း တောင်ဝှေးကားချပ်

3rd position (တတိယကားချပ်) ဓားငါးလက်ကားချပ်

4th position (စတုတ္ထကားချပ်) ငါးမြောင့်ကြယ် (၉) ခုကားချပ် (ပြောင်းပြန်)

5th position (ပဉ္စမ) မင်းလုလင် တောင်ဝှေးကားချပ်

6th position (ဆဋ္ဌမ) ငါးမြောင့်ကြယ်(၁၀)ခုကားချပ်(ပြောင်းပြန်)

ဖတ်ကြားခြင်း

မေးခွန်း (၁)

မကြာမီဆက်ဆံရေးပုံစံသစ်တစ်ခုကြုံရမည်လား။

အဖြေ

ငါးမြောင့်ကြယ် (၁) ခုကားချပ် (ပြောင်းပြန်)။

၎င်းကားချပ်သည် Denny အနေဖြင့် ဆက်ဆံရေးပုံစံသစ်စဖြစ်ဦးမည် မဟုတ်ကြောင်း၊ အထူးသဖြင့် ငွေကြေးကိစ္စကိုဆိုလိုကြောင်းဖော်ပြသည်။ ယခုကာလသည့် ဖြေရှင်းနိုင်စွမ်းရှိသော အခြေအနေကို ထိန်းသိမ်းရန်နှင့် ဘတ်ဂျက်ကို မျှတစေနိုင်ခြင်းတို့ကိုသာ ကိုယ်စားပြုသည်။

မေးခွန်း (၂)

၎င်းပုဂ္ဂိုလ်အတွက် နက္ခတ်ဓေးဆိုင်ရာ အမှတ်လက္ခဏာက အဘယ်နည်း။

အဖြေ

မြင်းစီးသူရဲကောင်း တောင်ဝှေးကားချပ်။

၎င်းသည် သိဟ်ရာသီကို ကိုယ်စားပြုပြီး အလုပ်နှင့် လူမှုရေးဆောင်ရွက်ချက်တို့ကို ဖော်ပြသည်။ အလုပ်၊ ခရီးတို၊ အိမ်အပြောင်းအရွှေ့ကိစ္စတို့နှင့်ပတ်သက်၍ ကောင်းသတင်းကြားရမည်။ အခြားပျော်ရွှင်စရာအဖြစ်အပျက်များ မကြာမီရောက်လာမည်။ အကယ်၍ ချစ်သူသစ်မှာ သိဟ်ရာသီဖွားဖြစ်ပါက သိဟ်ရာသီဖွားအနေဖြင့် ဖန်တီးနိုင်စွမ်းရှိသူ ဖြစ်ပါမည်။

မေးခွန်း (၃)

ကျွန်ုပ်တို့ လိုက်ဖက်မှု ရှိနိုင်မည်လား။

အဖြေ

ဓားငါးလက်ကားချပ်။

လိုက်ဖက်မှု၊ လိုက်လျောညီထွေဖြစ်မှုဆိုသည်ကား အခြားသူများနှင့် ဆက်ဆံရေးကို ဆိုလိုသည်။

Denny အနေဖြင့် သူ၏အတ္တလွန်ကဲသော လိုအပ်ချက်အရ အခြားသူများထက် သာလိုသည်။ သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးသည်။ ထိုသို့ မဆင်မခြင် (ကမူးရူးထိုး)လုပ်တတ်ခြင်းကြောင့် မိတ်ဆွေအပေါင်းအသင်းမဲ့နေတတ်သည်။ လိုဘမပြည့်နိုင်သူဖြစ်သည်။ သိဟ်ရာသီဖွားဖြစ်ခြင်းကြောင့် အဆုံးစွန် Power ကြိုးပြီး ၎င်းကပင် ရန်သူများခြင်းကို ဖန်တီးပေးသည်။

မေးခွန်း (၄)

ဆက်ဆံရေး တာရှည် ခိုင်မြဲမည်လား။

အဖြေ

ငါးမြောင့်ကြယ် (၉) ခု ကားချပ် (ပြောင်းပြန်)။

၎င်းကားချပ်သည် ငွေကြေးကိစ္စနှင့် လွန်စွာပတ်သက်သည့် ပြောင်းပြန်ကားချပ်ဖြစ်သောကြောင့် သူတစ်ပါးအထောက်အပံ့ဖြင့် ရှင်သန်နေရသူဖြစ်သည်။ အတိတ်ကာလအတွေ့အကြုံမရခဲ့ခြင်း၊ ဉာဏ်ပညာနည်းပါးခြင်း မိတ်ဆွေအပေါင်းအဖော်မရှိခြင်း၊ အခြေအမြင်မရှိခြင်းများကြောင့် Denny ၏ ငွေကြေးကိစ္စထိခိုက်ဘူးဆိုမှသာ ဆက်ဆံရေး တည်မြဲနိုင်ပါမည်။

www.burmeseclassic.com

ကလေးငယ်တို့အတွက် ပြဿနာတိုင်းရင်းဖြေရှင်းနည်းကောင်းများ

၁။ သူငယ်နာအတက်ကျဆေး

ကလေးငယ်များတွင် ဖြစ်လေ့ဖြစ်ထရှိသော အတက်ရောဂါအတွက် ဆေးနည်းတစ်လက်မှာ ရှဉ့်မတက်ဥကို အခြောက်လှန်း အမှုန့်ကြိတ်၍ ဆားနှင့် ရောရှိတေထားသော ဆေးတောင့်ကို ကျောက်ပျဉ်တွင်ပျစ်ပျစ်ဖျော်ပြီး ကလေးပါးစပ်ထဲသို့ချိန်ဆ၍ ခွဲ့ပေးပါက အတက်ရောဂါ သက်သာ ပျောက်ကင်းစေပါသည်။

၂။ သူငယ်နာပြည်ယိုနာပျောက်ဆေး

ကလေးများတွင်ဖြစ်တတ်သော နားပြည်ယိုနာရောဂါအတွက် ကုသရန် ဆေးနည်းတစ်လက်မှာ ဝမ်းမကွဲသည့် ကြွေစေ့တစ်စေ့ကို ပြာပူတွင်အုံ၍ ထားပြီး ၎င်းကြွေစေ့ဖောင်းပွ၍ကျက်လာလျှင် အဖေးခံ အမှုန့်ကြိတ်၍ တစ်ဝက်ကို ကလေး၏နားပေါက်ထဲသို့ထည့်ပါ။ ၎င်းနောက် သံပရာရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် ထည့်ပေးပါ။ ရှူးခန့် ဆူတက်လာပါလိမ့်မည်။ တစ်ခါတည်း ထည့်ရုံမျှဖြင့် နားပြည်ယိုနာရောဂါ လုံးဝ ပျောက်ကင်းသွားပါမည်။

၃။ ကလေးများအတွက် ဝမ်းကိုက်ပျောက်ဆေး

ကလေးများ ဝမ်းပိုက်ရောဂါဖြစ်လျှင် ကုသရန် ဆေးနည်းတစ်လက်မှာ ကြက်သွန်ဖြူကိုထောင်းပြီး မုန့်လုပ်ထန်းလျက်ခဲဖြင့်ကြော်ကျွေးပါက နှစ်ခါ၊ သုံးခါကျွေးခြင်းဖြင့် ကလေးများတွင်ဖြစ်သော ဝမ်းကိုက်ရောဂါပျောက်ကင်းစေသည့် မြန်မာ့သူငယ်နာဆေးနည်းတို့တစ်လက်ဖြစ်ပါသည်။ လေနှင့်ဝမ်းကွဲ၍ ကလေးများအတွက် အစာလည်းဆေး၊ ဆေးလည်းအစာဟူသကဲ့သို့ ညွှန်းဆိုထားပါသည်။

၄။ ကလေးများမှက္ခရုပေါက်လျှင်

ကလေးငယ်များ၏ ပါးစပ်တွင် မဲ့ခရုခေါ် မှက္ခရုပေါက်လျှင် နို့စို့ဖို့အလွန်ခက်ပါသည်။ ကုသရန်ဆေးနည်းတစ်လက်မှာ မှက္ခရုပေါက်သော ကလေး၏ ကျင်ငယ်ရေကို ခွက်ဖြင့်ခံထားပြီး လက်သန့်သန့်ဖြင့် ဂွမ်းစကို လက်သန်းတွင် ပတ်ကာ ကလေးကျင်ငယ်ရေနှင့်တို့ပြီး ကလေးပါးစပ်အတွင်း လျှာပေါ်မှ မှက္ခရုကို ဂွမ်းစဖြင့်သုတ်ပေးပြီး ကုန်စင်အောင် ဆွဲယူခြင်းဖြင့် မှက္ခရုများ အလွှာလိုက် အဖတ်များကွာပြီး ဂွမ်းစတွင်ကပ်ပါလာပါလိမ့်မည်။ ၎င်းမှက္ခရုဖတ်များကုန်စင်သွားလျှင် ကလေးမှက္ခရုရောဂါပျောက်ကင်းပါသည်။

၅။ ကလေးများနာခေါင်းသွေးလွှဲလျှင်

ကလေး၏ဘယ်ညာခြေမနှစ်ဖက်ပေါ်တွင် ကွမ်းစားထုံးများကို သုတ်လိမ်းပေးခြင်းဖြင့် နာခေါင်းသွေးလွှဲခြင်းမှ ရပ်တန့်သွားပါလိမ့်မည်။ လူကြီးများလည်း ပျောက်ကင်းပါသည်။

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင်

ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် လင်းနေဥမှာ အကောင်းဆုံးဆေးတစ်လက်ဖြစ်ပါသည်။ လင်းနေဥကို ပါးပါးလှီး၍ ဆားအနည်းငယ်ထည့်ပြီးကျိုပါ။ ၎င်းဆေးကို ကလေးများကို လက်ဖက်စားဇွန်းတစ်ဇွန်းခန့် နံနက်တစ်ခါ၊ ညနေတစ်ခါတိုက်ပေးရုပါမည်။ ၎င်းဆေးသည် ဗိုက်နာခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ပန်းနာနှင့်ဖျားခြင်းတို့ကိုလည်း သက်သာ ပျောက်ကင်းစေပါသည်။ ဆေးကျိုရာတွင် သုံးခွက်တစ်ခွက် တင်အောင်ကျိုရပါမည်။

၇။ ကလေးများနာကွဲနာနှင့် ချက်အနာရောဂါ

ကလေးများ လသားအရွယ်တွင် ဖြစ်တတ်သော နားကွဲနာနှင့် ချက်တွင် အနာဖြစ်သောရောဂါများကို လွယ်ကူစွာ ပျောက်စေနိုင်သော ဆေးနည်းတို့တစ်နည်းမှာ နဂိုအိမ်ခေါ် နကျယ်အိမ်သည် ရွှဲပင်ဖြစ်သော်လည်း ဆေးအဖြစ် အသုံးဝင်ပါသည်။ ပြုလုပ်နည်းမှာ ၎င်းနကျယ်အိမ်ကိုခွာယူပြီးအမှုန့်ပြုလုပ်ပါ။ ပေါင်ဒါမှုန့်ကဲ့သို့ဖြစ်လျှင် အုန်းဆီနှင့်ရောပြီး အနာပေါ်သို့ အုံပေးခြင်းဖြင့် (၃) ရက်အတွင်း ပျောက်ကင်းစေသည်။ နကျယ်အိမ်ကို လွယ်ကူစွာရှာမရလျှင် ဆေးတို့ပတ်ကြီးဖြင့်လည်းအသုံးပြုနိုင်ပါသည်။

၈။ ကလေးငယ်များနာခေါင်းပိတ်လျှင်

နို့စို့အရွယ် လသားကလေးငယ်များ နာခေါင်းပိတ်၍ နို့မစို့နိုင်လျှင် ပင့်ကူဆွဲချခေါ် ပင့်ကူအသေးအခြောက်ကိုအမှုန့်ပြုပြီး အုန်းဆီဖြင့် ငယ်ထိပ်ဝသို့လူးပေးခြင်း၊ ကွမ်းရွက်ကို မီးကင်၍ ကပ်ပေးခြင်းဖြင့်လည်း ကလေးများ နာခေါင်းပိတ်ရာမှ ပြန်ပွင့်လာပြီး နို့စို့နိုင်ပါလိမ့်မည်။ ရှေးအစဉ်အလာမပျက် ဆေးနည်းတို့တစ်လက်လည်း ဖြစ်ပါသည်။

၉။ ကလေးများမျက်စိနာလျှင်

လသားကလေးငယ်များ အပူကဲ၍ မျက်စိနာပြီး မျက်ဝတ်များထွက်လျှင် ပထမဦးစွာ ရေသန့်အဝတ်ဖြင့် မျက်ဝတ်များကိုသန့်ရှင်းပေးပါ။ မိခင်နို့ရည်ဖြင့် ကလေးကိုမျက်စဉ်းခတ်ပေးပါ။ ကလေးများအိပ်ပျော်နေချိန်တွင် ကွမ်းရွက်ကို ကလေး၏မျက်ခွံပေါ် သို့ ဘယ်၊ ညာတင်ပေးပါ။ အပူစုပ်သောကွမ်းရွက်များကို လွှင့်ဖစ်ပေးပြီး အသစ်ကပ်ပေးခြင်းဖြင့် ကလေး၏မျက်စိနာ (၃) ရက်အတွင်း ပျောက်ကင်းပါလိမ့်မည်။

၁၀။ ရင်သွေးငယ်တို့အတွက် နို့ရည်ပေါပေါထွက်စေရန် မိခင်များအတွက် စားသုံးရန်ဆေးနည်း

သားကောင်းမိခင်တို့သည် မိမိတို့၏ရင်သွေးငယ်များကို အာဟာရပြည့်ဝစေရန် နို့ချိုတိုက်ကျွေးကြပါသည်။ မိခင်၏သွေးမှဖြစ်သောနို့ရည်သည် ဖြူစင်သန့်ရှင်းသလို ကလေးငယ်များအတွက် အာဟာရဖြစ်စေရန်အတွက် မိခင်တို့တွင် နို့လိုင်လိုင်ထွက်ဖို့ လိုအပ်ပေသည်။ ရှေးအစဉ်မပျက် မြန်မာတို့၏ဆေးနည်းကောင်းတစ်လက်ကိုလည်း ဖော်ပြပေးလိုက်ပါသည်။

ဆေးနည်းမှာ နွားအပြီးခိုခေါ် နွားပြီးခိုးကို နှပ်နှပ်စင်းပြီး ချဉ်ပေါင်နှိသီးခြောက်၊ ငါးငပိ၊ ဆား ဆီတို့ကို သင့်တော်ခဲ့ထည့်ပြီး တင်းခဲ့ချက်ပါ။ နှပ်နှပ်စင်းထားသော နွားပြီးခိုးနှုးလျှင် မီးဖိုပေါ် မှခွပြီး ငရုတ်ကောင်းမှုန့်ဖြူး၍ ပူပူလေးသောက်ခြင်းဖြင့် သားကောင်းမိခင်တို့အတွက် နို့ရည်လိုင်စေပါမည်။ တစ်နေ့လျှင် (၂) ကြိမ်မှ (၃) ကြိမ် နေ့စဉ် (၇) ရက် သောက်ပေးနိုင်ပါသည်။

ဆောမြေကျော်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်
အစဉ်အလာဆိုတိုင်း အမှန်ကိုသိမြင်မှ ဝိုင်ဖြစ်မည်

တစ်နေ့သဘ် -

ကျွန်ုပ်ထံသို့ တပည့်ဖြစ်သူ မောင်စောမြင့်သန်း ရောက်လာခဲ့ပါသည်။ ဝါဆိုဦးလာရောက်နှင့်တော့ ခြင်း ဖြစ်လေသည်။ မောင်စောမြင့်သန်းသည် သူလာလျှင် အမေးအမြန်းထူသလို ကောက်ရိုးပွေ့လာမြဲ ဖြစ်လေသည်။ ဒီတစ်ခေါက် ကျွန်ုပ်ကို ကန်တော့ပြီးသည်နှင့် ပြဿနာစလေတော့သည်။ သူဝါသနာဒီဇင်အတိုင်း သိလိုသမျှကို အောက်ပါအတိုင်း မေးပါလေတော့သည်။

"အဘ၊ ကျွန်တော် မရှင်းတာကို သိချင်လို့ မေးပါရစေ။ ကျွန်တော်တို့ ဒေသမှာဖြစ်နေကြတာပါ။ တစ်နေ့က အိမ်နားမှာ အိမ်ထောင်စုတစ်စုက အမျိုးသားဆုံးပါးသွားတာနဲ့ လုပ်ကြကိုင်ကြတာတွေရုံလို့ ပြောကြဆိုကြတာကလည်းရုံလို့ပါ။ သေဆုံးသွားလို့ အိမ်ရှေ့မှာ ကနားဖျင်းတဲထိုးတာစပြီး သင်္ဂြိုဟ်တဲ့အထိပေါ့။ လုပ်ကြကိုင်ကြပြောကြတာတွေကို ဘယ်လိုအမှားနဲ့ အမှန်ခွဲရမလဲ ဆိုတာ ရှင်းပြပေးပါ"

ဟု တောင်းဆိုလေတော့သည်။

ကျွန်ုပ်၏တပည့် ဒေါ်စောမြင့်သန်းမေးသည့်အမေးသည် ယနေ့လွန်စွာ သိသင့်သိထိုက်သော ကိစ္စတစ်ရပ်ကိုမေးသည့်မေးခွန်းဖြစ်နေပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် နည်းလမ်းတကျ သိစေရန်အတွက် အောက်ပါအတိုင်း ရှင်းလင်း ပြောပြရပါတော့သည်။

"ရှေးထုံးကိုလည်းမယဉ်နဲ့၊ ဓလေ့သုံးကိုလည်းမလွယ်နဲ့လို့ ဆိုထုံးတစ်ခုပြုခဲ့တာကို ဂနသေချာအောင် သိဖို့လိုတယ်ကွ။ အခုမင်းမေးတဲ့ကိစ္စကိုပဲ ရှင်းပြပါမယ်။

ဆိုကြပါစို့။

အိမ်တစ်အိမ်မှာ မိသားစုဝင်တစ်ယောက် ဆုံးပါးသွားတဲ့အခါမှာ ပရိဒေဝမီးတောက်လောင်ကာ ရှိုက်ကြီးတင် ငိုကြွေးနေကြပြီး အပူသောက ရောက်နေတုန်း အိမ်ထဲကို လွန်စွာရင်းနှီးသူများမဟုတ်ရင် မဝင်ချင်ကြဘူးပေါ့။ ဒီတော့ အိမ်ရှေ့မှာတင် ဝါးလုံးတိုင် (၄) တိုင်စိုက်ထူပြီး ကန့်လန့်ကာတစ်ချပ်ကို အာအုပ်အမိုးအဖြစ်မိုးထားတဲ့ ကနားဖျင်းတဲထိုးထားလိုက်တာနဲ့ တဲကိုမြင်တဲ့သူရော နာရေးကိစ္စမှန်း သိကြရတယ်။ နောက် နာရေးလာမေးသူ (အသုဘရှိလာတဲ့သူ) များလည်း လွတ်လွတ်လပ်လပ်နေထိုင်နိုင်ကြတာပေါ့။ တဲထဲမှာ ထိုင်စရာ စားပွဲ၊ တန်းလျား၊ ကုလားထိုင် စသည်တို့မပြည့်စုံတဲ့အိမ်ဆိုရင်လည်း နီးရာအိမ်နားနီးချင်းအိမ်များကနေပြီး ခေတ္တငှားရမ်းပြီး နာရေးလာမေးသူများထိုင်စရာ စီမံပေးရတာပေါ့။ နာရေးကိစ္စပြီးသွားရင်လည်း လုပ်နိုင်ကိုင်နိုင်တဲ့လူငယ်လူရွယ်တွေစုံတုန်း လူစုမကွဲခင်မှာ တစ်ခါတည်း ငှားယူထားခဲ့တဲ့အိမ်ကို ပြန်ပို့လိုက်ကြပေါ့လို့ သိနားလည်တဲ့လူကြီးသူမတွေက စီမံပြောဆိုခဲ့ကြတာပါ။ အကယ်လို့ မပို့ဖြစ်ရှင်လည်း မပြည့်စုံတဲ့အိမ်အတွက် ရက်လည်သည့်အထိ ဦးဆောင်တွေလောကြမှာပို့ ရက်လည်ပြီးမှပို့ကြလို့ ပြောခဲ့ကြတာပါ။

နောက်ထပ်တစ်ခုရှိပါသေးတယ်။ နာရေးအိမ်မှာ လူတစ်ယောက်လျော့ပါးသွားတော့ တိမ်းတိမ်းပေပွေဖြစ်နေတာမို့ ညရေးညတာစောင့်ရှောက်ဖို့လာကြတဲ့ ဆွေမျိုးများ၊ အိမ်နားနီးချင်းများ၊ လူမှုရေးကူညီတတ်သူများ လုံခုံနေတုန်း ရေနွေးကအစ တိုက်ကျွေး ဧည့်ခံဖို့နဲ့ ဟိုရှေ့အခါများက၊ ဒီဘက်ခေတ်လို ဂက်(စ်)မီးခြစ်၊ ဓာတ်ဆီဖြည့်သုံးရတဲ့ မီးခြစ်၊ ယမ်းမီးခြစ်ဆိုတာ မပေါ် ခင်အခါက အင်ကြင်းကျောက်တုံးကို သံတုံးနဲ့ ခတ်ရတယ်။ ငွမ်းတို့၊ လဲမို့တို့ကို အင်ကြင်းကျောက်မှာကပ်ထားပြီးတော့ သံတုံးငယ်နဲ့မီးပွင့်လာအောင်ခတ်ရာမှ လဲမို့တို့၊ ငွမ်းတို့ကို မီးစွဲတဲ့အချိန်မှာ မီးအားကောင်းအောင် လေနဲ့မှုတ်ပေးရပါတယ်။

ဒီလဲမို့၊ ငွမ်းတို့မှာ မီးစွဲလာတဲ့အခါမှာ လောင်စာအသင့်လုပ်ထားတဲ့ မီးဖိုမှာထည့်ပြီး မီးမွှေးရပါတယ်။ ဒါကြောင့် နာရေးအိမ်မှာ စိတ်ချောက်ချားမှုမဖြစ်စေလိုတာကြောင့် မီးခတ်လို့ခေါ်တဲ့အင်ကြင်းကျောက်ကို သံတုံးနဲ့ခတ်တဲ့အသံတဒက်ဒက်နဲ့ ဆေးလိပ်မီးညှိချင်သူများအနေနဲ့လည်း မီးဖိုမှာ အလွယ်တကူ မီးညှိယူနိုင်သလို ရေနွေးအိုးတည်

ထားလို့ရတာမို့ မီးမွှေးပြီးမီးဖိုခဲ့ကြတာပါ။

ဆောင်းတွင်းဆိုရင်လည်း မီးလုံလို့ရတာမို့ သေမီးမွှေးခဲ့တာကို ယနေ့လျှပ်စစ်မီးထိန်ထိန်သီးအောင်သုံးနိုင်တဲ့ခေတ်မှာ မီးဖိုစရာမလိုတာကို အမှန်မသိဘဲ သေမီးမွှေးနေကြတဲ့အဖြစ်မျိုး မဖြစ်သင့်တော့ဘူးပေါ့။

နောက်တစ်ခုက နာရေးအိမ်မှာ တိမ်းတိမ်းပေပွေနဲ့ သွေးလန့်တတ်တာမို့ လူမှုကူညီရေးအနေနဲ့ ညအိပ်ပြီးကူညီပေးခဲ့ကြတာကို အစွဲအလမ်းက (၇)ရက်ပြည့်အောင် အိပ်ရမှာတဲ့။ ရက်မလည်ခင်မှာ နာရေးအိမ်မှာ မအိပ်တော့ရင် အိပ်တဲ့သူဖြစ်စေ၊ သူအိမ်ထောင်စုမှာဖြစ်စေ ဒုက္ခရောက်တတ်တယ်လို့ စွဲနေတဲ့ဥပဒါန်ဖြစ်နေကြပြန်တယ်။

ပစ္စည်းများကိုလည်း ရက်ပြည့်အောင်မထားဘဲ ကြားရက်မှာ ပြန်ပို့ရင် ဒုက္ခရောက်တတ်တယ်လို့ စွဲနေကြတဲ့အသိများတွေကို အမှန်သိအောင် ရှင်းပြဖို့ တာယ်လိုတာပါ။

နောက်တစ်မျိုး ကျန်နေသေးတယ်။ ဘာလဲဆိုတဲ့အခါကျတော့ သေအလောင်းထားခဲ့တဲ့ ခုတင်၊ စင်တို့ကို သင်္ဂြိုဟ်တဲ့နေ့မှာပဲ အခင်းဖျာကြမ်းနဲ့ စင်၊ ခုတင်တို့ကို ဆေးကြောပစ်လိုက်ကြပေါ့။ သန့်ရှင်းသွားတာပေါ့။ ထို့သို့

www.burmeseclassic.com

www.burmeseclassic.com

နာရေးမှာ အညစ်အကြေးဆေးကြော သန့်ရှင်းလိုက်တဲ့ရေအိုးကို ထားမနေကြဘဲနဲ့တော့။ ဘာလို့လဲဆိုတော့ ဆွမ်း၊ ကွမ်းချက်ရာမှာ ဒီအိုးနဲ့ ရေထည့်ထားခဲ့ရင် မှားပြီးအသုံးပြုက လျှဖွယ်တန်းဖွယ်မှာ မကောင်းဘူး။ ဒါကြောင့်မို့ ပြန်ပြီးမသုံးဖြစ်အောင် တစ်လက်စတည်း ခဲ့ဖြစ်လိုက်ဆိုပြီး အခွဲခိုင်းတာပါ။

တချို့ကတော့ သေဆုံးသူနဲ့ ကျန်ရစ်သူမိသားစုများတို့ အိုးစားကွဲသွားပြီး ဘာမှမဆိုင်တော့ဘူးဆိုပြီး အိုးခွဲခိုင်းတာလို့ တချို့က အယူရှိခဲ့ကြတယ်။ အခုခေတ်ကာလမှာ သူသေအလောင်းကို ခေါင်းတလားမှာထည့်ပြီး အိမ်ထဲက ထုတ်တယ်ဆိုရင် လူကြားသူကြားထဲမှာ အိုးငယ်တစ်လုံးကို ဖွတ်ရိုက်ခွဲနေကြတာတွေ့ရကြဖူးပါတယ်။

နောက်သုသာန်ရောက်တဲ့အချိန် မြေမြှုပ်သင်္ဂြိုဟ်တော့မယ့်အချိန် ဦးစွာဦး (၃) ကြိမ်တိုက်ကြတယ်။ ဦးတိုက်တာ ကိုကြည့်ရင် သူသေကောင်ရဲ့ဦးခေါင်းကို အနောက်အရပ်ဘက်လှည့်ပြီး ခြေသလုံးအောက်နှိမ့်ချပြီး (၃) ကြိမ်တိတိ အနောက်အရပ်ကို ဦးတိုက်တာ ဘာကြောင့်လဲသိရဲ့လား။ တို့မျက်ရဲ့သုံးလောကထွတ်ထားမြတ်စွာဘုရားသခင် သမ္မာသမ္ဗုဒ္ဓအဖြစ်ပွင့်ရာ မဟာဗောဓိပင်နဲ့ တည်ရာဌာနကို ရည်မှန်းဦးတိုက်ရတာပါ။

အခုတော့ ဘာမှမသိကြတော့ဘူးလို့ ပြောရမှာပါ။ ရှေးတုန်းက လူကြီးများ လက်ဆင့်ကမ်းသယ်ပိုးခဲ့တဲ့၊ မှတ်စရာကောင်းတဲ့၊ သူ့နေရာနဲ့သူ အသုံးပြုနေရတဲ့ နည်းလမ်းစည်းကမ်းထားခဲ့ကြတာဆိုရင် မှတ်လောက်သားလောက်တာပါ။

- မြေတိုက်၊ ပုန်းခိုကျင်တို့ကို လေးထောင့်ကျ ကျင်းတူးရတယ်။
- မီးလင်းဖိုသုံးဖို့ကျင်းကို တောင်၊ မြောက်တူးရတယ်။
- သင်္ဂြိုဟ်မယ့်ကျင်းကို အရှေ့၊ အနောက်ပဲတူးရတယ်။

အဲဒါတွေဟာ လောကီစည်းကမ်းတွေပါ။ လိုက်နာသင့်တဲ့ အကြောင်းကောင်းတွေပါ။

ဟိုရှေးအခါက အသုဘပို့ကြရတဲ့ အခါမှာ လေးဘီးတက်လှည်းနဲ့ လူသေအလောင်းထည့်ထားတဲ့ ခေါင်းတလားကို ယာယီလှည်းခေါ်တဲ့လှည်းပေါ် မှာ တင်ပြီး လှည်းကို ဝဲ၊ ယာဘေးကနေပြီးတော့ သန်မာသူ ယောကျ်ားတွေက တွန်းကြ၊ ရှေ့ကကျတော့ ပိတ်အုပ်ကြီးများကို လှည်းအရှေ့ကချည်ထားပြီး ယောကျ်ား၊ မိန်းမတွေက လှည်းကို ချည်ထားတဲ့ ပိတ်စကြိုးကို လက်နဲ့ကိုင်ဆုပ်ပြီးသွားကြတာနဲ့ပဲ ပေါ့ပေါ့ပါးပါး ခေါင်းတလားတင်ထားတဲ့ ယာယီလှည်းကို လွယ်ကူစွာ ဆွဲတွန်းပြီး သုသာန်အရောက်ပို့ဆောင်နိုင်ခဲ့ကြတာပါ။

သုသာန်ရောက်တော့လည်း လက်တစ်ဆုပ်စာမျှကစပြီး ဝိုင်းပြီးမြေမြှုပ်သင်္ဂြိုဟ်တဲ့လွန်စွာကောင်းမွန်တဲ့ ဓလေ့ထုံးတမ်းပါ။ ဒီခေတ်မှာတော့ ည့ေးကား ပေါ်က မဆင်းကြတော့ဘူး။ ဟိုစဉ်က အသုဘကမ္မဋ္ဌာန်းရှုကြတဲ့ ဓလေ့ရှိခဲ့ကြတာပါ။

နောက်ကျန်နေတာတစ်ခုကတော့ လိပ်ပြာခွဲတယ်ဆိုပြီး အိမ်ထောင်ဦးစီးတစ်ယောက် ဆုံးပါးချိန်မှာ ကျန်ရစ်သူမိသားစုတို့ရဲ့ ကိုယ်တစ်ရပ်စာ အပ်ချည်ကြိုးနဲ့တိုင်းပြီး သေသူနဲ့အတူ ထည့်ကြရတယ်။

နောက်ပြီးတော့ သေဆုံးသူရဲ့ လက်မ (၂) ချောင်းကိုပူးပြီး ဆံပင်နှင့် ချည်နှောင်ရတယ်။ ခြေမ (၂) ချောင်းကို လည်း ပူးပြီးချည်နှောင်ထားကြပါတယ်။ ဘာလို့ ချည်ထားတယ်ဆိုတာ သေချာအောင်မသိတဲ့သူများလောက်ပါတယ်။

ဘာလို့ချည်နှောင်ရသလဲဆိုလျှင် သူသေအလောင်းဟာ မဖွယ်မရာ ကိုးနှိုက်ကားရားများဖြစ်နေရင်ဖြစ်စေ၊ မဖွယ်မရာမဖြစ်စေအောင် (အမြင်ကောင်းအောင်) ချည်နှောင်ရတာပါ။

နောက် ကူးတို့ခဆိုပြီး ဟိုစဉ်က ငွေတစ်မတ်၊ မတ်စေ့တစ်စေ့ထည့်ကြတယ်။ တမလွန်မှာ မြစ်ကူးချောင်းကြားမှာ အခက်အခဲမရှိအောင်ဆိုပြီး ထည့်ကြတဲ့သဘောတဲ့။ ဒါဟာ ထေရဝါဒဗုဒ္ဓဘာသာရဲ့အလုပ်မဟုတ်ဘူး။ ဗြာဟ္မဏအယူဝါဒပါ။

အမှားတစ်ခုကိုထပ်လုပ်ကြသေးတယ်။ အသုဘကိစ္စသင်္ဂြိုဟ်ပြီးတဲ့အချိန်မှာ အိမ်မှာရှိတဲ့ မီးဟုသမျှအကုန်ငြိမ်းရတယ်။ နောက်အိမ်နားနီးချင်းအိမ်မှ မီးပြန်ကူးပြီးမီးမွှေးရသတဲ့။ အသိညာဏ်အတော်နည်းတာပဲလို့ ပြောရမှာပါ။ ကိုယ့်ကိုယ်ပူလောင်စေတဲ့မီးအေးချင်ရင် တကယ်ငြိမ်းအောင်လုပ်ရမယ့်အစား သူများဆီကမီးကို အိမ်ထဲသွင်းပြီးလောင်စေတာကိုထောက်ရင် အတော်ကိုသနားစရာဖြစ်ရပ်တွေပါ။

စိတ်ကူးတစ်ခုပေါ် လာလို့ တွေ့ခဲ့တဲ့မီးခြစ်များကို ခေတ်လူငယ်များ သုတရစေဖို့ ရေးသား တော်ခြင်လိုက်ပါတယ်ခင်ဗျာ

❑ မီးခတ်

အင်ကြင်းကျောက်တုံးကို သံတုံးလေးနှင့်မီးပွင့်လာအောင်ခတ်ရသည်။

❑ ဓာတ်ဆီမီးခြစ်

သတ္တုအိမ်ဖြင့် ပြုလုပ်ထားသည့် မီးစာချည်၊ ဝွမ်းတို့ထည့်ပြီး ဓာတ်ဆီဆွတ်ရသည်။ မီးခြစ်ကျောက်နှင့်ဘီးတို့ခြစ်ရသည်။

❑ ယမ်းမီးခြစ်ပုံး

ထင်းရှူးသားအစလေးများ ထိပ်မှာ မီးစုန်းထည့်လုံးထားပြီး သစ်သားဘူးဘေးနှစ်ဖက်တွင် ယမ်းကို ကော်ဖြင့်စိမ်သုတ်ထားသည်။ မီးခြစ်ဆန်များကို အလယ်အနှံဖြင့် ထည့်ထားသောဘူးကို မီးခြစ်ပုံးဟုခေါ်သည်။

သစ်သားမီးခြစ်ပုံးအမျိုးမျိုးပေါ်ခဲ့သည်။

မြောက်သုံးကောင်သုံးပွင့်ဆိုင်ထားသည်။ တစ်ကောင်က မျက်စိကို လက်နှင့်ပိတ်ထားသည်ပဲ၊ တစ်ကောင်က နားနှစ်ဖက်ကို လက်ဖြင့်အုပ်ထားသည်။ တစ်ကောင်က ပါးစပ်ကို လက်ဖြင့်ပိတ်ထားသည်။ နတ်သမီးပုံပါ မီးခြစ်ပုံး၊ ရွှက်လေပုံပါ မီးခြစ်ပုံး၊ တယောပုံပါ မီးခြစ်ပုံး၊ ကျားပုံပါသည့် မီးခြစ်ပုံးတို့ ဖြစ်သည်။

ယခုခေတ်မှာတော့ ဂက်(စ်)မီးခြစ်တွေ သုံးနေကြပါပြီ။ လူငယ်အတော်များများမသိနိုင်သည့် မီးခြစ်များဖြစ်ပါသည်။

ကျွန်ုပ်သည် ရှေးထုံးစဉ်လာဆိုတိုင်း မျက်စိစုံမှိတ်ပြီး လက်မခံသင့်ကြောင်းနှင့် သဘာဝဖြစ်စဉ်ဖြစ်ရပ်များကို သေချာအောင် ထဲထဲဝင်ဝင်လေ့လာပြီး ပြုပြင်သင့်တာတွေပြုပြင်ပြီး ထိန်းသိမ်းသင့်တာကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ယနေ့လူငယ်မှာတာဝန်ဖြစ်ကြောင်းကို ရည်လှမ်းစွာဖြင့် ကျွန်ုပ်၏ တပည့် မောင်စောမြင့်သန်း၏ အမေးကို ဖြေဆိုပြောပြလိုက်ရပါတော့သည်။

အမှန်ကို မြင်ကြသဖြင့် မိမိတို့နိုင်ငံနှင့်လူမျိုး၏စဉ်မှန်သောယဉ်ကျေးမှုလေ့ထုံးစံတို့ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ။

ပညာတိုးပွားရှိ အကျိုးများကြပါစေ

ပညာကျော်

www.burmeseclassic.com

www.burmeseclassic.com

သူရဒူမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်

ဆရာဦးမောင်မောင်သန်း

(ရင်ဆိုးသူးခြုံစေသား)

ပညာရှင်

(အင်္ဂလိပ်ဘုရင်အခန်းဆက်ဝတ္ထုရှည်)

ကျွန်ုပ်သည် -

ကိုယ့်ကိုယ်ကိုယ် စူးရှလွန်းသည်ဟု ထင်ရသောအကြည့်နှင့် ထိုပုဂ္ဂိုလ်၏ မျက်လုံးနှစ်ခုအကြား နှာယောင်ထောင်အား သေချာစိုက်ကြည့်နေလိုက်မိ၏။ မျက်နှာလုံးဝမလွဲတော့။ မျက်တောင်လည်းမခတ်တော့။ ကိုယ့်ကိုယ်ကိုယ်သိလိုက်ပါသည်။ ကျွန်ုပ်၏ နှုတ်ခမ်းများ တဖြည်းဖြည်း ပြူးလာနေလောက်ပါပြီ။

ဤအမူအရာနှင့် ဤအကြည့်၏ နောက်တွင် များသောအားဖြင့် လျှပ်စီးလက်သလိုလက်ပါသွားတတ်သောကြောင့် စိတ်အာရုံပြောင်းသောအနေနှင့် အဘကို ကြည့်လိုက်ပါသည်။ အဘလည်းပြူးနေပြန်ရာ စဉ်းစားစရာများ လျှပ်တစ်ပြက် ဝင်လာ၏။ အသက်ကိုမှန်မှန်ရှူလိုက်ပြီး မခံချင်ဖြစ်တတ်သောစိတ်ကို ချိုးနှိမ်လိုက်ပါ၏။

သူ၏စကားမှာ ကျွန်ုပ်ကို စိန်ခေါ်လိုက်သလိုဖြစ်သွားပြီး ကျွန်ုပ်၏နားသယ်ငွေးများထောင်လာသလားဟုထင်လိုက်ရ၏။

သို့သော် -

အဘ၏ ပြူးနေသောမျက်နှာမှာ အကြောင်းမဲ့မဖြစ်တန်ရာ။

ထို့ပြင် ကျွန်ုပ်အား ပြောနေသူမှာလည်း ရန်လိုနေပုံမပေါက်၊ အလွန်နွေးထွေးနေပြန်၏။

သည်ထက်ပို၍ စဉ်းစားလိုက်သည်မှာ ကျွန်ုပ်အားခိုင်းစေလိုက်သော ဆရာသခင်၏ အဓိပ္ပါယ်ဖြစ်၏။ ဆရာသခင်ပေးထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်သူဟု ဆရာကိုယ်တိုင် ယုံကြည်စွာလွှတ်လိုက်သည်ဖြစ်ရာ ကျွန်ုပ်၏ စိတ်များကို ဦးတည်ချက်

www.burmeseclassic.com

www.burmeseclassic.com

ပျောက်မသွားအောင် ထိန်းချုပ်ရတော့မည် ဖြစ်၏။ အလကားနေရင်း ဒေါသတွေ၊ မာနတွေလုပ်နေ၍မဖြစ်တော့။ ဆရာသင်ပေးထားသည့်အတိုင်း ရေစီးကြောင်းသဖွယ် လိုက်လျောညီထွေပေါင်းသင်းဆက်ဆံရပေတော့မည်။ ကြောင်လက်သည်းဒုက်လို နေသင့်နေရတော့မည်။

"ဘာတွေငိုင်သွားတာလဲညီလေး"

"ဟာ"

"အစ်ကိုလိုပြောနိုင်လားလို့"

"ဘယ်ပြောနိုင်ပါ့မလဲ အစ်ကိုရယ်၊ ကြံကြံဖန်ဖန်"

ဩော် - ဟုတ်လား။ ဒါဖြင့် အစ်ကိုသင်ပေးမှာပေါ့။ အစ်ကိုကဟောစားတဲ့လူမဟုတ်လို့ ပညာသင်ပေးရမှာဝန်မလေးပါဘူးကွာ။ ဒါပေမယ့် ငါ့ကိုမင်း ဆရာအဖြစ် မသတ်မှတ်နဲ့။ အစ်ကိုက ဒါချုတယ်"

သူ၏ ညာဘက်လက်မလေးကို ထောင်ပြီး ပါးစပ်နားဆီသို့ ကပ်ပြ၏။ ရောက်သောက်ဟန်ဖြစ်၏။

မင်းက မင်းအဘိန်ကြိုးနဲ့ အကျွင်တွေဘာတွေကျင့်တယ်ဆိုတော့။ အေးလေ - ထားပါကွာ၊ မင်းနဲ့တွေ့ချိန်က

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးအခါဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့ - သိပါတယ်"

"အဲဒီ ဗုဒ္ဓဟူးအခါမှာ အကြီးအကဲ တစ်ဦးဦး၊ ပညာရှိတစ်ဦးဦးကိုတွေ့လိုက်တော့ အင်း - ဆရာစိန်ကြီးပေါ့ကွာ။ သူ့ကိုတွေ့လိုက်တော့ မင်းကို အထက်ဆောင်ပြီး အစ်ကိုမေးလိုက်တယ်။ မင်းကလည်း မငြင်းနိုင်ဘူး။ ဒီတော့ ဒီအခါဟာ ခိုင်မာပြေပါ့ကွာ။ ဒါဖြင့် နိုးနိုးလေးကြည့်။ ဗုဒ္ဓဟူးကို သမသတ်မျှော် နောက်တစ်ခွင့်ဆုတ်"

ထိုအစ်ကိုသည် ရှည်လျားစွာ ပြောပြနေ၏။

ကျွန်ုပ်ပင်လျှင် အလွန်ဦးနှောက် ခြောက်သွားရပါသည်။

ဤပညာကွက်မှာ 'လက်၊ ထုပ်၊ ပေါက်၊ ပန်း၊ ပညာခန်း' နှင့် ဆရာသင်ကြားပေးထားပြီးပြီဖြစ်၍ ကျွန်ုပ် အတန်အသင့် တတ်မြောက်ပြီးသား ဖြစ်၏။

ထိုအစ်ကိုပြောသလို တိုင်ထူလိုက်လျှင် ဗုဒ္ဓဟူး ဟူသော (၄) ဂဏန်းတည်နေရာသည် 'ပန်း' ဖြစ်၏။ ထိုအခါကြာသပတေးကို တန်းစီပြ၍ သုံးတန်ပေါ်နိစ်တိုင်ထူရပါသည်။

ဤသို့ထူလိုက်သည်နှင့် သောကြာနှင့်တနင်္လာ နိစ်-ပြဖြစ်နေသောကြောင့် သယ်နှုန်းအရပ်မတည့်ခြင်းကိုလည်း ကောင်း၊ ဖခင်မရှိသည်ကို တနင်္ဂနွေတိုင် ခြေရောက်နေခြင်းအား ကြည့်၍လည်း ကောင်း ပြောခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် -

မွေမွေပျောက်ပျောက်လိုဖြစ်နေသောပညာခန်း ဖြစ်ပါသည်။ မသုံးဖြစ်ပါ။ ထိုအစ်ကိုပြောမှ ဤပညာခန်း၏ သတ္တိကို မျက်ဝါးထင်ထင်ကြုံခဲ့ရသောကြောင့် ထိုအစ်ကိုကို ကျေးဇူးတင်နေမိပါသည်။

"သဘောပေါက်လား ညီလေး"

"ဟုတ်ကဲ့ - အစ်ကို၊ ပေါက်ပါပြီ"

"ပေါက်ရင် ညီလေးဟာ ဟိုစပ်စပ် ဒီစပ်စပ်သိတယ်လို့ ဆရာစိန်ကြီးပြောပြခဲ့ဖူးတယ်။ ငါ့ဘက်ကပေးပြီးပြီ။ မင်းကကော"

ကျွန်ုပ်၏မျက်လုံးတို့သည် အဘဘက်သို့ လှည့်ကြည့်လိုက်၏။ စွေကြည့်လျှင် ရိုင်းရာကျသွားမှာ စိုးရိမ်သောကြောင့် အဘကိုဒဲ့ကြည့်လိုက်ပြီး ထိုအစ်ကိုဘက်သို့ ပြန်လှည့်၍ -

"အစ်ကိုဘာသိချင်လို့လဲခင်ဗျာ"

"အစ်ကိုက ဘာမှမသိချင်ပါဘူး။ ခုလိုပဲ ဟိုစပ်စပ်ဒီစပ်စပ်ကနေလည်း ဘာမှဖြစ်လာမှာမဟုတ်ပါဘူး"

"ဟာ-မဟုတ်သေးပါဘူး၊ အစ်ကို့မှာ ကျွန်တော်လိုက်မမိတဲ့အရည်အချင်းတွေရှိနေတာ ကျွန်တော်သိနေတယ်။ ဘာလို့အစ်ကိုမဖြစ်လာရမှာလဲ"

"မဟုတ်ဘူးကွာ၊ အစ်ကိုက သောက်ဟယ်စားဟယ်တွေကလည်းရှိနေတယ်လေ။ ဘယ်သူကလာလေးစားမှာလဲ။ ဒီက ငါသူငယ်ချင်းကိုတော့ ညီလေးလုပ်ပေးလိုက်ကွာ။ ဒါသူ့အိမ်"

ကျွန်ုပ်အကြည့်တို့ လမ်းကြောင်းပြောင်းသွားပါပြီ။

အစ်ကိုပြောလိုက်သည့်အတွက် အိမ်ကို သတိထားကြည့်လိုက်၏။ အိမ်မှာ ခပ်သေးသေးဖြစ်ပြီး သူ၏အိမ်ခြေရင်းမှအိမ်မှာ အဆမတန် အကြီးကြီး ဆောက်ထား၏။ ခေါင်းရင်းအိမ်များမှာ ရွယ်တူမျှသာရှိ၏။

"သြော်- ဒါအစ်ကိုကြီးအိမ်လား"

"ဟုတ်တယ်ညီ"

"တစ်ခုမေးမယ်နော်။ အစ်ကိုကြီးအိမ်ရဲ့ ခြေရင်းကအိမ်အကြောင်းကို အစ်ကိုကြီးသိမှာပေါ့။ အဲဒီအိမ်ထောင်ဦးစီးဟာ သူဇနီးလို အရည်အချင်းမရှိဘူး။ သူဇနီးက ဦးဆောင်နိုင်တယ်။ ပြောရရင် မိန်းမခိုစားရမယ့် လူစားမျိုး။ အဲဒီအိမ်မှာ မိန်းမဦးစီးနေလို့မယ် ဟုတ်လား၊ မဟုတ်လား အစ်ကိုကြီးတို့ သိကြပါလိမ့်မယ်"

အိမ်ရှင်သည် ကွမ်းအလွန်စားထား၍ ကွမ်းချိုးတက်ပြီး နီညိုရောင်ဖြစ်နေသောသွားများပေါ် အောင် ပြုံးသလို၊ ရယ်သလိုလုပ်လိုက်ပြီး ဆရာစိန့်ဘက် လှည့်ကြည့်လိုက်၊ ကျွန်ုပ်ကိုကြည့်လိုက် နှင့် -

"ဟာ - ဟုတ်သားကွာ၊ အဲဒီလူက ဆိုင်းသမားယောင်ယောင်ဘာယောင် ယောင်နဲ့ သူ့မိန်းမက အပေါင်ခံစားတာ ဟာကွာ. . . "

"ဒါက မဆန်းဘူး အစ်ကိုကြီး။ အစ်ကိုကြီးအိမ်ကသေးပြီး ခြေရင်းအိမ်က ကြီးနေတာကိုး။ ဆန်းသဘောနဲ့ စဉ်းစားလိုက်တာပါ ။တစ်ခုတော့ရှိတယ်၊ ခြေရင်းအိမ်ကလူက ကျွန်တော့်ကိုလာမေးရင်တော့ သူ့ရဲ့ခေါင်းရင်းဖြစ်တဲ့ အစ်ကို့အိမ်ကသေးနေတာမို့ ဒီလိုမျိုး ဟောကွက်ထွက်လာမှာ မဟုတ်တော့ပါဘူး"

"ဩ - ဒီလိုလည်းရှိသေးသကိုး"

"ဒါတောင်မှ ပြောရရင် အစ်ကိုကြီးလည်း ထိတတ်တာပဲ။ အကြီးအကဲတွေ ထိတတ်တယ်"

"မိဘတွေမရှိတော့ပါဘူး ညီ"

"အစ်ကိုကြီးနာမည်ဘယ်လို့ခေါ်လဲ"

"သက်စိုးပါ"

"ကောင်းပါတယ်၊ ဒါပေမယ့် သောမရိုဟ်သောကြာနဲ့ 'သက်'က သံရည် ဒီယဖြစ်ရမယ့်အစား သံတို့ 'ရဿ' ကြီးဖြစ်နေတယ်။ 'စိုး' ဆိုတဲ့ ပါပက သံတို့ 'ရဿ' ဖြစ်ရမယ့်အစား သံရည်'ဒီယ'ကြီးဖြစ်နေပြန်တယ်။ ဒီသဘောဟာ မိတ်ဆွေကောင်းမဖြစ်နိုင်ဘူး။ ရပြန်ရင်လည်း ကိုယ့်ကြောင့် မိတ်ကောင်းဆွေကောင်းတွေကခွာသွားတတ်တယ်။ ဘာလို့လဲဆိုတော့ ဆွေသား ဆိုတဲ့ မိတ်ရဲ့ဆန့်ကျင်ဘက် သားဆွေ (သက်စိုး) ဖြစ်နေလို့ပါ။ ဒါဟာ ကာလပမာဏမိတ်ပျက်ပြီး ဌာနပမာဏရန်ကြီးပဲ"

"ညီပြောတာတွေ အစ်ကိုကြီးဘာမှတော့နားမလည်ဘူး။ ကြားလည်း မကြားဖူးဘူး။ ဒါပေမယ့် မိတ်မဖြတ်၊ မိတ်ဆွေစစ်မရတာတွေကတော့ ဟုတ်နေတယ်"

"ဟုတ်ရင် အစ်ကိုကြီးအသက်ဘယ်လောက်ရှိပလဲ"

"ခုဆိုရင် (၃၄) ပေါ့။ ပြည့်တော့မပြည့်သေးဘူး။ တပေါင်းလကျမှ (၃၄) တင်းတင်းပြည့်မှာ"

"သောကြာသားပဲလား"

"ဟုတ်တယ် ညီ"

ကိုကြီးသက်စိုး၏ကံမှာ တနင်္ဂနွေသက်ရောက်တွင်ရောက်နေပြီး သူ၏မွေးနံ့ကို ကောဇာ၏ ဒွေးဒဟတ္ထိုင် တနင်္ဂနွေကပ်နေသောကြောင့် ဌာနပမာဏမိတ်ပျက်၍ ကာလပမာဏရန်ဘက်သို့ရောက်နေချေပြီ။ ဤကံမည်သည် အိမ်ထောင်ရှိသူ လူငယ်လူရွယ်များဖြစ်လျှင် ဖောက်ပြန်သောကိစ္စများ ဖြစ်တတ်ကြောင်း ကျွန်ုပ် အကြိမ်ကြိမ်တွေ့ခဲ့ဖူးလေရာ -

"ကိုကြီးသက်စိုး၊ မိန်းမရှိလား"

"ဟိုခပ်လှမ်းလှမ်းမှာ အကြောင်းကြောင်နေတာ အစ်ကိုကြီးမိန်းမပဲ ညီ"

"ဟင်-ဟုတ်လား၊ ဒါဆိုရင်တော့ အစ်မကြီးကို ကျွန်တော်သနားသွားပြီ"

"ဘာဖြစ်လို့လဲ ညီ"

ကျွန်ုပ် ဘာမှမပြောတော့ ကိုကြီးသက်စိုးကိုသာ ပြုံး၍ကြည့်နေလိုက်တော့သည်။

ကိုကြီးသက်စိုးလည်း အကဲခတ်၏။ ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

ရင်း တဖြည်းဖြည်းပြုံးလာပြီး မျက်လွှာချလိုက်ကာ ခေါင်းနှစ်ချက်၊သုံးချက်ညိတ်နေတော့တ်။

ကျွန်ုပ်အား ပညာတစ်ကွက်ပေးလိုက်သော အစ်ကိုသည် ကျွန်ုပ်ကို မျက်တောင်မခတ်ကြည့်နေရင်းမှ တဖြည်းဖြည်းပြုံးလာပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေတ်။ အဘက အားရပါးရပြုံး၍ ခေါင်းလေးတညိတ်ညိတ်လုပ်ရင်း တစ်ဖက်သို့ မျက်နှာလှည့်သွားတ်။

ကိုကြီးသက်စိုးသည် ဖင်စီခံနားကပ်နေပြီဖြစ်သော ဆေးပေါ့လိပ်တိုကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး မီးညှိ၍ ဖွာနေပြန်တ်။

"အစ်ကိုကြီးအခုဘာအလုပ်လုပ်လဲ"

"ဝါးခနိုကားနောက်လိုက်ပါတယ်။ တစ်ခါတစ်ခါအလုပ်ပြတ်တယ်။ ခုဆိုရင် ဘာမှအဆင်မပြေဘူး ညီ"

"အစ်ကိုကြီး၊ အဲလိုဆို ကျွန်တော်လုပ်ပေးမယ်။ ကျွန်တော့်ကို ဘာဆုချမလဲပြောလေ"

"အမလေး - ညီရယ်၊ ဒါတွေမေးနေစရာမလိုပါဘူး။ အဆင်ပြေအောင်သာ မင်းလုပ်ပေး"

"အလကားပြောတာပါ။ လုပ်ပေးမှာပေါ့။ အစ်ကိုကြီးသာ ကျွန်တော်ပြောတဲ့အတိုင်းလုပ်နော်"

"လုပ်မယ် ညီ"

ဆန်းကျမ်းပညာရပ်တွင် နာမည်ကျော် 'ပဋိပုဒ္ဓာဟာကရဏာဂတ်ရိုက်နည်း' ဟူသည် ရှိတ်။ အနိမ့်၊ အမြင့်၊ အယုတ်၊ အလတ်၊ အမြတ်းကို ခွဲခြမ်းစိတ်ဖြာ၍ယတြာပေးရသောနည်း ဖြစ်တ်။

ဤနည်းသည် ဆန်းကျမ်းပညာရှင်ဆရာကြီးများတ်၊ အလွန်အောင်မြင်ကျော်ကြားလှသောနည်း ဖြစ်သည်ဟု ကျွန်ုပ်တ်၊ ဆရာသခင်က ပြောပြခဲ့ပြီး ကျွန်ုပ်ကိုသင်ပေးခဲ့သောနည်း ဖြစ်တ်။

ဆရာကိုယ်တိုင် ဆန်းကျမ်းပညာရှင်ကြီးများကို အလွန်ရိုသေသူဖြစ်ရာ ဆန်းကျမ်းပညာရပ်နှင့် ဆန့်ကျင်သောကိစ္စအချို့ကိုမြင်လျှင် 'ဆန်းကျမ်းပညာကို ဘာမှတ်လဲ။ ရုတ်ရုတ်ရုတ်ရုတ်သွားမလုပ်နဲ့၊ ကာလနာတိုက်သွားလိမ့်မယ်' တဲ့ မကြာခဏပြောတတ်တ်။

ထို့ကြောင့် ဆန်းကျမ်းပညာရပ်နှင့် ပတ်သက်လာလျှင် ဆရာသင်ပေးထားသလောက်လေး ကျွန်ုပ်သိထားသမျှလေးနှင့်သာပြောတတ်တ်။

အရှိန်အဝါကြီးလှသော ပညာရပ်ကြီးတစ်ခုဖြစ်၍ မလေးမစားမလုပ်ရဲပါ။

ဆရာသင်ပေးထားသည့်အတိုင်း သာပြောတတ်တ်။

ယခုလည်း ကိုကြီးသက်စိုးကို ယတြာပေးတော့မည်ဖြစ်၍ နောင်ဖြစ်လာမည့်သဘောကို နိမိတ်ယူရတော့မည်ဖြစ်သောကြောင့် ပဋိပုဒ္ဓာဟာကရဏာဂတ်ရိုက်နည်းနှင့် မေးကြည့်လိုက်ခြင်းဖြစ်ပါသည်။

အောင်မြင်လျှင် ဘာပေးမလဲဟု မေးလိုက်၍ အကျီ (သို့) ပုဆိုးပေးမည်ဆိုလျှင် သက်ကြီးရွယ်အို့များအား ကိုယ့်နာမည်တ်၊ နံအလိုက်ပစ္စည်းသွားလှူခိုင်းရပါသည်။

ဆရာ့ကို ဆရာစီးဖို့ဖိနပ်ဝယ်ပေးမည်ဟုဆိုပါလျှင် -

အလွန်ဆင်းရဲလွန်းသူများ၊ တောင်းရမ်းစားသူများ၊ ကလေးသူငယ်များကို ကျွေးမွေးခိုင်းခြင်းပြုရတ်။

ငွေပေးမည်၊ ဘယ်လောက်ပေးမည်၊ ဘယ်၍ပေးမည်ဟု ဆိုလာလျှင် လှုခိုင်းရတ်။

ကိုကြီးသက်စိုးမှာ တစ်စုံတစ်ခုပေးရန် အကြောင်းမရှိသော မရမရာစကားထွက်လာသည်ဖြစ်၍ ယတြာပြုခိုင်းလျှင် ဆိုင်းတိုင်းဆိုင်းတိုင်းဖြစ်နေလိမ့်မည်သာဖြစ်တ်။ ချက်ချင်း မအောင်မြင်တတ်။ အချို့ဆရာကြီးများဆိုလျှင် နောက်ထပ်ချိန်ခေါ်ပြီးမှ ထပ်လုပ်ပေးတတ်ကြောင်း ဆရာပြောပြသင်ပေးခဲ့သည်များကို မှတ်သား နာယူခဲ့ရဖူးပါသည်။ ယခု ကိုကြီးသက်စိုးကိုတော့ ကျွန်ုပ်ဘာမှမပြောတော့ပါ။

"အစ်ကိုကြီးဟာ ကျွန်တော်တို့ ပညာနဲ့ သောကြာတိုင်ထိပ်ရောက်တယ်လို့ခေါ်တယ်။ အစ်ကိုကြီးအဆင်ပြေအောင် လောက်သေတို့ လသာတို့ ဝိုက်ရလိမ့်မယ်။ ဒါပေမယ့် လသာပင်က ကျွန်တော်တောင်မမြင်ဘူးတော့ လောက်သေပဲစိုက်"

"စိုက်မယ်လေ ညီ၊ ဘယ်မှာစိုက်ရမလဲ"

"သောကြာနေ့တစ်ရက်ကိုရွေး။ မနက် (၉) နာရီ (၎) တိတိမှာ ဟောဟိုက အစ်ကိုကြီးအိမ်ခေါင်းရင်းနားမှာရှိတဲ့ သရက်ပင်အောက်မှာ မြောက်ဘက်ကို မျက်နှာလှည့်ပြီး လက်ဘယ်အရင်းစားရမယ်။ စားပြီးတာနဲ့ အဲဒီသရက်ပင်အောက်ကမြေကို လက်နဲ့ (၆) ဆုပ်ဆုပ်ပြီးယူ။ တခြားမြေနဲ့ရော။ သဲပုံးတစ်ခုခုထဲထည့်။ ရွှေရေငွေရေလောင်းပြီးစိုက်ပေတော့"

"စိုက်ရမယ့်နေရာ ညီပြောလေ"

"အိမ်ပေါ် သာတင်စိုက်ဟာ။ အိမ်ရှေ့နားလေးမှာ ကျကျနနတင်စိုက်ထား။ သူများတကာကွမ်းတံတွေးမထွေးအောင် လည်းကြည့်ထား။ သန့်သန့်လေးစိုက်။ အဲဒါရှင်လာရင် အစ်ကိုကြီးအလုပ်ဖြစ်ပြီ"

တစ်ခြိန်လုံး နှုတ်ဆိတ်စွာထိုင်နေပြီး ကျွန်ုပ်ပြောသမျှကို ပြုံးရင်းနားထောင်နေသော အဘ၏ လက်ကလေးကာလိုက်သောအမူအရာကြောင့် ကျွန်ုပ်ဆက်မပြောတော့ဘဲ အဘကိုကြည့်နေလိုက်တ်။

"လူလေး"

"ဗျာ"

"အဆောင်သစ်ပင်စိုက်ခိုင်းတာကတော့ ကောင်းလိုက်သမှ။ ဒါပေမယ့် သက်စိုးအိမ်သာက ရာဟုထောင့်မှာဖြစ်နေတာ မင်းသတိထားမိလား"

အဘ၏စကားကြောင့် ကိုသက်စိုး၏အိမ်မှ အိမ်သာကို လှမ်းကြည့်လိုက်ပြီး -

"ဟာ-ဟုတ်တယ် ကိုကြီးသက်စိုး။ အဲဒီအိမ်သာကြီးရွှေ့လိုက်၊ တော်သေးတာပေါ့ အဘပြောပေလို့။ နို့မို့ ဘာမှထူးမှာမဟုတ်ဘူး။ အဘကျေးဇူးပဲ။ အဘသာထောက်မပြခဲ့ရင် ကျွန်တော် သိမှာမဟုတ်ဘူး။ လောက်သေစိုက်လည်းထူးမှာမဟုတ်ဘူး"

မွန်းလွဲပြီဖြစ်တ်။

အခြားအာလာပသလ္လာပများကို ပြောကြဆိုကြပြီးမှ အဘပြန်မည်ပြုတ်။

ထို့နေ့က ဗောင်ဟောခအဖြစ် အကြော်အလကားစားခဲ့ရတ်။

ကိုကြီးသက်စိုးတို့သည် ကျွန်ုပ်အား ညီလေးကဲ့သို့ ချစ်ခင်သွားကြပြီး ဆရာစိန်မပါလျှင်လည်း လာလည်ပါရန် ပြောကြတ်။ အဘနှင့်နီးနီးကပ်ကပ်နေရပြီးသည့်နောက်ပိုင်း ကျွန်ုပ်မှာ မိတ်ဆွေများတိုးလာရပါတော့သည်။

အဘသည် ဘာမှမပြောသေးဘဲ တိတ်ဆိတ်စွာလျှောက်ရင်း ကျိုက္ကဆံသစ်ပင်ကိုဖြတ်၍ သယ်နန်းကျွန်းဘက်ထွက်သော လမ်းလေးအတိုင်း လျှောက်နေတ်။

ကျွန်ုပ်က ခပ်လှမ်းလှမ်းမှာကျန်ခဲ့ပြီဖြစ်သော ပျဉ်းမပင်ကြီးကို လှည့်ကြည့်လှည့်ကြည့်နှင့် အဘနောက်နားက ကပ်

www.burmeseclassic.com

www.burmeseclassic.com

သံလုံစွာလျှောက်၏။

"လူလေး"

"ဗျာ - အဘ"

"အရမ်းအရမ်းမဟောနဲ့ကွ၊ ချင့်ချိန်ဟော့ရတယ်။ မင်း ခုန သက်စိုးအသက်ကိုမေးပြီး ဟောမယ်မြုပြီးမှပြန်ထိန်းလိုက်တာ အဘသိတာပေါ့။ အဲလိုပဲ ချင့်ချိန်ဟောပါ"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော် နာခံမှတ်သားပါ့မယ်"

"အေး - တနင်္ဂနွေသက်ရောက်မှာ သောကြာသားရောက်နေလို့ တိုင်ထိပ်မှာ သောကြာကို တနင်္ဂနွေကပ်တာနဲ့ သက်စိုးကို အငယ်အနှောင်းရှိနေပြီလို့ မင်းပြောချင်မှန်း အဘသိတာပေါ့"

"ဟုတ်ကဲ့"

"အေး - သက်စိုးကိုယ်တိုင်လည်း အဲဒီလိုဖြစ်နေတော့ မင်းများဟောလိုက်မယ်ဆိုရင် မလွဲဘူးပေါ့ကွာ။ တကယ်လို့များ အသက်ကြီးတဲ့ (၆၀) ကျော် (၇၀) အရွယ်တွေဆို ဘယ့်နယ်လုပ်ပါ့မလဲ။ ကိုကျင်မောင်ဆို မင်းကြည့် အဘထက် အသက်ကြီးတယ်။ ဒါပေမယ့် အဘရဲ့ထိန်းထိန်းသိမ်းသိမ်းပြောတတ်တဲ့အကျင့်ကြောင့် သူတို့ဟာ အဘကို အသက်ငယ်ပေမယ့် မိဘလိုပဲ လေးစားတာတွေ့တယ်မို့လား။ အဘပြောရင် တစ်ခွန်းပဲ။ လူဆိုတာ အဲဒါပဲ။ သူများတကာ လေးစားအောင်နေတတ်ရမယ်။ နှုတ်ကို ကြပ်ကြပ်သတိထားနိုင်ရမယ်။ လွတ်ခနဲ လွတ်ခနဲမဟောမိစေနဲ့"

"ဟုတ်ကဲ့ပါ အဘ၊ နားထောင်ပါ့မယ်အဘာ"

"အေး"

"အဘနဲ့ နီးခွင့်ရလာပြီ ဆိုတော့ ကျွန်တော် အများကြီး သတိထားတတ်လာပါပြီ အဘ။ အခု ကိုကြီးသက်စိုးလို ကိန်းမှီးတွေနဲ့အများကြီးကြုံခဲ့ဖူးပါတယ်။ အဘပြောသလို သောကြာတိုင်ထိပ်ရောက်တဲ့ အသက် (၆၀) ကျော် (၇၀) ကျော်ကြီးတွေတွေ့ခဲ့ဖူးပါတယ်။ 'ဦးသာ' ဟာ သာဦး ဖြစ်ရပြီဆိုတော့ သူတို့လည်း ကံအရ ဌာနပမာဏမိတ်ပျက်ပြီး ကာလပမာဏရန်ဖြစ်ရတဲ့အတိုင်း သားအရင်းနဲ့မနေဘဲ သမက်နဲ့သွားနေတာမျိုးတွေ၊ သမီးအရင်းနဲ့မနေဘဲ ချွေးမနဲ့သွားနေတာမျိုးတွေ၊ သားသမီးအရင်းတွေရှိနေပါလျက်နဲ့ ဘိုးဘွားရိပ်သာကို ရောက်သွားရတာတောင် တွေ့ခဲ့ဖူးပါတယ်။ ဒါကြောင့်မို့ ထိန်းဟောတတ်လာခဲ့ရတာပါ အဘ။ အဘနဲ့ နီးနီးကပ်ကပ် နေခွင့်ရလာတော့ အဘကို အားကျလွန်းလို့ ပိုပြီးတော့ ထိန်းဟောတတ်လာပါပြီ အဘာ"

အဘသည် ကျွန်ုပ်အား ပြုံးကြည့်ရင်း ရပ်လိုက်၏။ သူ၏ညာဘက်လက်နှင့် ကျွန်ုပ်၏ပခုံးအား ညင်သာစွာလှမ်းဖက်လိုက်ပြီး ခေါင်းလေးတညိတ်ညိတ် လုပ်ရင်း -

"လူလေးရဲ့ အတွေးအခေါ်ကို အဘက သဘောကျပြီးသားပါ။ မြင်တတ်ပုံကိုလည်း သိပြီးသားပါ။ အဘက ထပ်ဆင့်သတိပေးတဲ့သဘောပါ။လူလေးဟာ နေလည်းနေတတ်ပါတယ်။ လူရိပ်လူခြည်ကိုလည်း ကြည့်ပြီးပြောတတ်ဆိုတတ်နေတတ်ပါတယ်။ အင်မတန်မှကို လိမ္မာရေးခြားရှိပါတယ်။ဒါကြောင့် အဘသဘောလွှဲဖြစ်ရတာပေါ့"

ကျွန်ုပ်သည် အားရပါးရပြုံးရှဲ့အဘ၏ခါးကိုဖက်လိုက်ပြီး အဘကိုမော့ကြည့်လိုက်၏။

ကျွန်ုပ်ကို ပြုံးရင်းကြည့်နေသော အဘ၏အပြုံးသည် မည်သည့်အခါမျှ ကျွန်ုပ်၏ရင်ထဲကထွက်တော့မည်မဟုတ်ပါပေ။ ရင်ထဲအထိရောက်သွားသော အဘ၏အပြုံးကိုကြည့်နူးရင်း အဘနှင့် အတူလျှောက်လာလေရာ သံယ်နှံးကျွန်းဘက်သို့ထွက်ရာ လမ်းမကြီးပေါ်သို့ ရောက်သည်နှင့် တစ်ဖက်ယပ်တဲထိုးရှိ ရောင်းနေသော စုတ်ချာချာထမင်းဆိုင်လေးထဲသို့ ဝင်ရောက်လိုက်ကြတော့၏။

"မောင်မောင်သန်းရေ"

"ဗျာ၊ ဟော - တိုမောင်မောင်လာလေ"

"အေး"

"ဂစ်တာတီးကြမလား၊ အားတယ်လေ"

"အေး - ဒီတစ်ခါလာတာ ဂစ်တာတီးမလို့မဟုတ်ဘူးကွ။ မင်းကို ငါပြောစရာရှိလို့"

ကိုမောင်မောင်သည် လက်ဝိုင်လက်တန်းလှလှလေးကျိုက်သွား၍ လက်ရာမလှတော့သော လက်တန်းနှင့်ဖြစ်နေသည့် ခုံတန်းလျားရှည်ကြီးပေါ် သို့ထိုင်လိုက်ပြီး -

"မင်း Father ကြီး ခြေထောက်ကိစ္စလေ"

"ဟုတ်ကဲ့"

"အေး - ငါ ခုပဲ ရွာမသံရည်ကျီစက်ဘက်ကပြန်လာတယ်။ အဲဒီမှာ ဘုတာရှိတယ်ကွ"

"ဟုတ်ကဲ့ - သိတယ်"

"အေး - အဲဒီဘုတာနဲ့ကပ်နေတဲ့ လမ်းထဲမှာ နှစ်ထပ်အိမ် အိမ်အကြီးကြီးပဲ။ အဲဒီအိမ်ကြီးပေါ်မှာ ဆရာကြီးတစ်ယောက် ငါတွေ့ခဲ့တယ်ကွ။ သူက ဒီရန်ကုန်ကမဟုတ်ဘူး။ နယ်ကထွဲ။ ပရိသတ်တွေလည်းများတယ်။ မင်းသွားကြည့်ကြည့်ပါလား"

"ဟို - ဘိုးတော်လိုင်းလား"

"မဟုတ်ဘူး မဟုတ်ဘူး၊ ဘိုးတော်လိုင်းမဟုတ်ဘူး၊ တော်တော်လေးသိတဲ့သဘောရှိတယ်။ ငါရောက်ခဲ့ပြီးသွားပြီ ငါ့သူငယ်ချင်းတစ်ယောက်နဲ့လိုက်သွားတာ။ သူကအစုံပဲ။ ပယောဂလည်းကုတယ်၊ ဗေဒင်လည်းဟောတယ် အဆောင်တွေလည်းပေးတယ်"

"ပူးတာခွာတာ၊ အလံရူးတို့ဘာတို့"

"မဟုတ်ဘူး၊ အဲဒီလိုင်းတွေကို မဟုတ်ဘူး။ ငါမပြောတတ်ဘူးကွ၊ သိပ်နားမလည်ဘူး။ တော်တော်စွမ်းတာလောက်တော့သိတယ်။ လူနာမည်ကို တန်းခေါ်တာကွ။ အဲဒါ မင်းအတွက်များ အထောက်အကူဖြစ်မလားလို့"

"ဟုတ်တယ် ကိုမောင်မောင်ရယ်၊ ကျွန်တော်လည်း အဖေ့ကို တိမ်မြုပ်ကြီးဘက်မှာ မနေစေချင်တော့ဘူး။ ရာဇဝတ်အေးလွန်းတယ်တဲ့"

"အေးကွာ၊ မင်းပြန်ခေါ်လိုက်"

"ကိုမောင်မောင်ရယ်၊ ကျွန်တော်လေ အဖေ့ကိုသွားခေါ်ပါသေးတယ်ပြီးခဲ့တဲ့ ဟိုးဘက်လတွေတုန်းက"

"ဩော်"

"ကျွန်တော်တို့သားအမိတွေ့သွားတာ။ ကြို့ပင်ကောက်က ဖေဖေ့ကိုခေါ်ပြီးမှ အုတ်ဖိုကိုသွားခေါ်တာ"

"ဟုတ်လား၊ အုတ်ဖိုရောက်သွားသေးလား"

"ရောက်တယ်၊ အဖေဘယ်သွားသွား ဘာကိစ္စလုပ်လုပ် ကျွန်တော်လိုက်တယ်လေ။ အဖေဘယ်ရောက်ရောကျွန်တော်လိုက်တယ်။ အဖေက ရန်ကနေ သထုံ၊ သထုံကနေပြီးမှ ဒီအုတ်ဖိုကိုရောက်အောင်သွားတယ်။ ကျွန်တော်တောင်မသိလိုက်ဘူး။ ကျွန်တော်တို့အဖေအကြောင်းမကြားဘူး။ သူဘာရောက်အောင်သွားတာ"

"အေး - သံယောဇဉ်ဖြတ်တတ်တူပါရဲ့ကွာ"

"ကျွန်တော် . . . ကျွန်အုတ်ဖိုရောက်ပြီဆိုတာကြားတော့

www.burmeseclassic.com

www.burmeseclassic.com

မလို့ အကြိမ်ကြိမ်ကြိုးစားပါသေးတယ် ကိုမောင်မောင်ရယ်။ . လဟာပြင်စေး ထွက်ရတာတစ်ဖက်၊ ကျွန်တော့်ဆရာ ခိုင်းထားတဲ့ကိစ္စ သွားသွားနေရတာ တစ်ဖက်နဲ့ မသွားနိုင်ဖြစ်နေတယ်။ အဲဒီမှာ အမေက ကျွန်တော်စိတ်မချမ်းသာ နေတာတွေ့တော့ စိစဉ်ပြီးသွားဖြစ်ခဲ့တာ"

"ဩော် - တွေ့လား"

"အဲဒါလေပြောမလို့။ အုတ်ဖိုက လယ်ပြင်ကျောင်းဆရာတော်ကြီး ဦးကဝိဆိုတာ အဖေ့ရဲ့ငယ်ဆရာပဲ။ ကျွန်တော်တို့အဘိုး ဘိုးဘိုးခက်ကြီးနဲ့ ကျွန်တော်တို့အဘွား အမေကြီးဒေါ်ပုတို့ ကိုးကွယ်ကြတဲ့ ဆရာတော်ကြီး။ အဖေက အဲဒီကျောင်းကြီးမှာ ပြန်နေတယ်လေ။ အဲဒီသတင်းကြားတော့ စောစောကပြောသလိုပေါ့။ အမေရယ်၊ ကျွန်တော်ရယ်၊ ညီမလေးရယ် ကြွပင်ကောက်ကို အရင်သွား၊ ဖေဖေဖိုးကို ခေါ်ပြီးမှ အုတ်ဖိုလယ်ပြင်ကျောင်းကို သွားကြတာ။ ဟိုလည်းကျရော. . . "

ကျွန်ုပ်ပြောမထွက်နိုင်ဖြစ်နေ၏။ ကိုမောင်မောင်ကလည်း ကျွန်ုပ်ကို စိုက်ကြည့်နေ၏။ တံတွေး (၃) ခါခန့် မျိုချလိုက်ပြီးမှ အတော်လေးအားယူလိုက်ပြီး -

"ဟိုလည်းကျရော အဖေက အုတ်ဖိုအရှေ့ဘက်က တိမ်မြူပ်ကြီးကို ထွက်သွားပြီတဲ့။ ကျွန်တော်တို့သားအမိ တွေ့ရောက်သွားတဲ့ရက်နဲ့ဆို တစ်ပတ်ပဲကြာတယ်"

"ဟာကွာ - စိတ်မကောင်းစရာ"

"ကျွန်တော်ဆို ကြမ်းပြင်ပေါ် ကို ဖင်ထိုင်ရက်ပစ်ကျသွားသလိုဖြစ်ပြီး လူဟာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ အဲဒီက အဖေနဲ့ အမျိုးတော်တဲ့ ဦးမြည့်နဲ့ ရယ်၊ ဆရာတော်ဘုရားကြီးရယ်က စိတ်မကောင်းလို့ မင်းတို့အဖေဟာ တရားတော်တော်ပေါက်သလိုတောင်ဖြစ်နေပြီတဲ့။ အချိန်ပြည့်တရားထိုင်နေတာပဲတဲ့။ မင်းတို့လိုက်လာလိမ့်မယ်ဆိုတာ သူစိတ်ကထင်နေတာလား၊ ကြိုသိနေတာလား မသိဘူးတဲ့။ ကလေးတွေများလိုက်လာရင် တပည့်တော်ကိုကြည့်ပြီးသံယောဇဉ်တွေတအားဖြစ်နေမှာစိုးရိမ်တယ်ဘုရား။ ပြတ်လက်စနဲ့ပြတ်စေ့ချင်ပါတယ်ဘုရား။ သားလေးဆို တပည့်တော်သွားလေရာ တဲ့ကောက်ကောက်လိုက်ပြီး ဘာမဆိုသူပဲစိစဉ်ပေးနေရှာတာပါဘုရား။ ကလေးတွေ သံယောဇဉ်တအားဖြစ်ကုန်ကြရင် မကောင်းဘူးဆိုပြီး အဲဒါပဲတဖွဖွပြောရင်း တိမ်မြူပ်ကြီးဘက်ကလာတဲ့ သံယာတော်တစ်ပါးနဲ့ စကားလက်ဆုံကျပြီး လိုက်သွားတော့တာပဲ။ ဘယ်-တစ်ပတ်မှ တစ်ပတ်ပဲရှိသေးတယ်ဆိုပြီး သေချာပြောပြတယ်"

ကျွန်ုပ် . တွေဝေသွားပြန်၏။ ကိုမောင်မောင်ထိုင်နေသော ခုံတန်းလျားရှည်ကြီးမှာ အဖေငယ်ငယ်က ကြီးပြင်းခဲ့သော အုတ်ဖိုအိမ်ကြီးမှ သယ်လာခဲ့ခြင်း ဖြစ်၏။ အဖေ့ကိုသတိရလို့၊ သောကြောင့် ခုံတန်းကြီးကို ငေးကြည့်နေမှန်း ကိုမောင်မောင်ကလည်း အလိုက်သိစွာငြိမ်ပေးနေ၏။

"ကျွန်တော် အဲဒီမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိဘူး။ ကျောင်းအောက်ကိုဆင်းသွားလိုက်တယ်။ စိတ်မထိန်းနိုင်တော့ဘူး။ ရှိုက်ကြီးငင်ကြီးငိုချလိုက်တယ်။ ကျွန်တော့်ကို အရိပ်တကြည့်ကြည့်လုပ်နေတဲ့ အမေရယ်၊ ဖေဖေဖိုးရယ်က ကျောင်းအောက်ကိုလိုက်ဆင်းလာပြီး ချော့တယ်။ သားလိုက်သွားမယ်။ အဖေ့နောက်လိုက်သွားမယ်လို့ ပြောပြီး ခရီးသွားရင် အမေဆင်ပေးထားတဲ့ ကျောက်စိမ်းလက်စွပ်ကြီးကိုချွတ်ပြီး အမေ့ကိုပေးလိုက်တယ်။ အဲဒီလက်စွပ်က အဖေနောက်ဆုံးရှာပေးခဲ့တဲ့ စီးပွားပဲ"

"အဲလိုချွတ်ပေးတော့ ဒေါ်ဒေါ်လည်း ဘယ်စိတ်ကောင်းမလဲ"

"ဟုတ်တယ်။ အမေက မသွားပါနဲ့ သားလေးရယ်၊ ငါ့သားသွားရင် အမေအသက်ထွက်သွားလိမ့်မယ်ဆိုပြီး ငိုငိုပြီး တောင်းပန်တယ်။ ဖေဖေဖိုးကလည်း တောင်းပန်တယ်။ ပြီးတော့ ဦးမြည့်နဲ့ကပါ လာတောင်းပန်တယ်။ ကျွန်တော်ဟာ မိဘနဲ့ပတ်သက်လာရင် ဘာကိုမှ ကြောက်စိတ်မရှိဘဲ အသက်ပါပေးရဲတယ်လို့ပြောတော့ သားရယ် မင်းကိုယုံပါတယ်။ ငါမယုံတာက တောကြမ်းတောင်ကြမ်း ခြေကျင်လျှောက်ရမယ့် ခရီး။ ရာသီဥတုကြမ်းတယ်။ ငှက်ရိုင်းတယ်။ မင်းအဲဒီကဒုက္ခဖြေလာရင်ခိုနိုင်မှာမဟုတ်တော့ဘူး။ မင်းအမေကို မင်းထားခဲ့ရက်သလားလို့ မေးတယ်"

"အေးပေါ့၊ မင်းတစ်ခုခုဖြစ်သွားရင် ဒေါ်ဒေါ်သွားပြီ။ မင်းညီမလေးကလည်းသေးတယ်လေ"

"အင်းပေါ့၊ ကျွန်တော်လည်း စိတ်တွေလျော့ချလိုက်ပါတယ်။ ခရီးကြမ်းကြောင့်တော့ မဟုတ်ပါဘူး။ သေရင်တောင် အဖေ့ဆီသွားရင်နဲ့ သေတာပဲ ဘာဖြစ်လဲဆိုတဲ့စိတ်ပဲရှိတယ်။ အင်း - အမေ့ကိုသနားဇီပါ။ မသွားဖြစ်တော့ ဘဲပြန်လည့်လာခဲ့တယ်။ အဲဒါနဲ့ တိမ်မြူပ်ကြီးကိုလိုက်ဖို့တာစူနေတာ နှစ်လကျော်သုံးလထဲတောင်ဖြစ်နေပြီ။ ဒီတစ်ခါတော့ အင်း - အမေမသိအောင်သွားရမှာပဲ။ မပြောနိုင်ဘူး၊ အသက်အန္တရာယ်နီးလည်းမတတ်နိုင်ဘူး ကိုမောင်မောင်ရယ်"

"အေးလေ၊ မင်းပြောပြလို့ ငါစိတ်မကောင်းဘူး။ ငါကလည်း ဘယ်နေရာမှာ ဘယ်သူဆိုကြားရင် မင်းအဖေအတွက် စဉ်းစားနေတာကွ"

"ကျေးဇူးတင်ပါတယ် ကိုမောင်မောင်ရယ်"

"အေး - ဒါဖြင့် ငါပြောတဲ့ဆရာကြီးဆီ မင်းသွားဖြစ်အောင်သွားလိုက်"

"ကိုမောင်မောင်လိုက်ပို့လေ"

"ပို့ရမလား။ အေးလေ၊ ဒါဆိုလည်း အိုကေ --မနက်ဖြန်ပေါ့"

❑

ဘုရားဆောင်မှာ အတော်ကိုလူပခမ်းနားပြီး ဘုရားမှာ သပ္ပာယ်လှ၏။ သာသနာပွဲမှာ ငါးဖီးပွဲဖြစ်၏။ ပုံတော်များမှာလည်း မနည်းလှ။ ကျွန်ုပ်စိတ်ဝင်စားသည်မှာ ဘုရားဆောင်အပြင်အစပ်နားတွင် ခုံတစ်လုံးနှင့်တင်ထားသော ပွဲဖြစ်၏။ ဘာပွဲမှန်းတော့မသိ။

လူ လေး၊ ငါးယောက်ခန့်ရှိပြီး ဘုရားဆောင်ရှေ့တွင် ထိုင်နေသူမှာ အသက်(၆၀)ကျော်အရွယ်ခန့်ရှိလောက်မည် ဖြစ်၏။ ညာဘက်ပါးနှင့် နှုတ်ခမ်းထောင့်အထက်နားတွင် မွဲကြီးရှိပြီး ထင်းနေ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမထားသောကြောင့် ရုပ်ရည်မှာချောမောနေ၏။ လူနာမည်များကို ဒေါက်ခနဲ ခေါ်နေသံနှင့် ရွေ့မှာထိုင်နေသော ပရိသတ်၏ တဝဲဝဲအသံများကြောင့် ဘာပြောချင်ပြောနေမှန်းတော့မသိ။

ကျွန်ုပ်နှင့် ကိုမောင်မောင်သည် ဆရာကြီးထိုင်နေရာနှင့် မနီးမဝေး ညာဘက်တံခါးထောင့်လေးနားတွင် နေရာယူလိုက်ကြ၏။

ဟာ

ဆရာကြီး၏ လက်တစ်ဖက် လေထဲမြှောက်ပြီး ပြန်အချတွင် လက်ထဲမှာ ပါလာသောပစ္စည်းကြောင့် ကျွန်ုပ်၏ နှုတ်မှလွတ်ခနဲထွက်သွား၏။ အလွန်သပ္ပာယ်သော ရုပ်ပွားတော်တစ်ဆူ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း - ရော့၊ မင်းပူဇော်ပေတော့"

"ဟာ - ဝမ်းသာလှပါပြီ ဆရာကြီးခင်ဗျာ။ ကျွန်တော် ရိုရိုသေသေ အနေကဇာတင်ပြီးပူဇော်ပါ့မယ်"

ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏။ ရွှပ်ပွားတော်ကို ရိုရိုသေသေ လက်နှစ်ဖက်နှင့် ပင့်ယူသောသူမှာ အတော်ဝမ်းသာနေ၏။ သူမပြောနှင့် ကျွန်ုပ်ပါဝမ်းသာ၏။ ပီတိဖြစ်ရ၏။

ဆရာကြီးသည် စကားပြောနေရင်းမှ ကြေးပြားများကို အင်းချပြီး လိပ်ထားဟန်ရှိသော အနီရောင်ကြိုးများနှင့် လက်ဖွဲ့ကြိုးတစ်ခုကို လေထဲမှယူပြလိုက်ပြီး ဘုရားပင့်ရသောသူ၏ ဘေးနားမှ အမျိုးသားတစ်ယောက်အား လှမ်းပေးလိုက်၏။ ထိုသူသည် အလွန်ရိုသေစွာနှင့်ယူလိုက်၏။

ဤပညာခန်းကို ကျွန်ုပ်သိလိုက်ပါသည်။ ကျေးဇူးရှင်ဆရာအရှင်ဖြစ်သော ဆရာအောင် မကြာခဏ ပြောဆိုဆုံးမသင်ကြား ပြသပေးသောကြောင့် ဤပညာခန်းသည် ရုက္ခစိုးမှော်ပညာဖြစ်ကြောင်း သိလိုက်ပါသည်။ ကိုမောင်မောင်သည် ကျွန်ုပ်နားနားကပ်၍ -

"မောင်မောင်သန်းရေ"

"ဗျာ"

"ဒါ တို့ဆရာ ဆရာအောင် တို့တွေကို အပျင်းပြေဇာတ်ပြပြနေတဲ့ ပညာကွ"

"ဟုတ်တယ်လေ၊ ရုက္ခစိုးမှော်လေ"

"အေး - တို့နှစ်ယောက်နော် ညည ဆရာ့နားမှာနေခွင့်ရတဲ့ရက်တွေဆိုရင် ကရင်ဆော်ဒါတွေလည်း သောက်ရတယ်။ ဇလုံကြီးထဲကို သူ့အလိုလို ရောက်လာတဲ့ ခေါက်ဆွဲကြော်တွေလည်းစားရတယ်နော်"

"အင်းလေ - ဇလုံကို ဒိပြင်ဇလုံတစ်ခုထပ်အုပ်ထားပြီး အပေါ် ကဇလုံကိုဖယ်လိုက်ရင် ခေါက်ဆွဲကြော်၊ တစ်ခါတစ်ခါ ထမင်းကြော်မွှေးမွှေး။ လီမွန်ဘာလီပါ အဆစ်သောက်ရသေးတယ်"

"အေးကွ၊ စားလို့ကလည်းကောင်းတယ်"

"ကိုမောင်မောင် ကျွန်တော့်ကို ပြောတော့ ဘိုးတော်လိုင်းမဟုတ်ဘူးဆို"

"အေးလေ- ဟိုနေ့ကပယောဂကုတာတွေ၊ ဒီတိုင်းလွှတ်ခနဲပြောနေတာတွေပဲ ငါမြင်ခဲ့တာကိုး။ ဒီလိုတော့ လေထဲကယူမပြဘူးလေ။ အဆောင်တွေဆိုရင်လည်း သူ့ဘေးမှာချထားတဲ့ ဟိုလွယ်အိတ်ကြီးထဲကယူပေးနေတာကိုး။ ငါဘယ်သိမလဲ"

"အမယ် - ဟိုနှစ်ယောက်တွတ်တွတ်ထိုးနေလိုက်တာ ငါလှမ်းခေါ်တာတောင် မကြားကြဘူး"

အသံကြားမှ ကြည့်လိုက်မိ၏။ ကျွန်ုပ်တို့နှစ်ယောက်ကို ဆရာကြီးပြုံးပြီး ကြည့်နေ၏။ ဘေးနားမှာထိုင်နေသော ဧည့်သည်ပင်လျှင် နှစ်ယောက်တည်းဖြစ်နေချေပြီ။ သုံး၊ လေးယောက်က ဘယ်အချိန်ကပင် ထပြန်သွားမှန်းမသိတော့။ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြောနေကြ၍ ဘာမှမကြားလိုက်။

"လာကွယ့် - ရှေ့တိုး"

ကိုမောင်မောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်သား ရှေ့နားတိုး၌ ဘုရားဝတ်ပြုလိုက်ချိန်တွင် ဘုရားဆောင်အတွင်း ဘက်ဆီလောက်မှထင်ရသော အိမ်မျှောင်စုတ်ထိုးသံခပ်လေးတွဲ့တွဲ့ထွက်လာ၏။

"ဩော် - မောင်မောင်ကိုး"

ကိုမောင်မောင်သည် ကျွန်ုပ်ဘက်သို့လှည့်၍ အားရပါးရရယ်နေသည်မှာ ပါးစပ်မစေ့တော့။ ကဲ-တွေ့လားဟူသော သဘောဆောင်နေ၏။

"ကျွန်တော်က လိုက်ပို့ပေးတာပါ ဆရာကြီး။ လာတာက..."

"ဩော် - သူကိစ္စလာတာကိုး။ သူကိစ္စလည်းမဟုတ်သေးဘူး၊ သူ့အဖေကိစ္စကွ"

ကျွန်ုပ်ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပြီး ထခနဲခုန်စိတ်တွေဖြစ်သွား၏။ ဟုတ်ပြီ - ငါ့အဖေခြေထောက်အတွက် ငါလာတာကို ဆရာကြီးသိပြီ။ ပြောစရာတောင်မလိုဘူး တော်တော်စွမ်းသားဟူတွေးနေ၏။

ဆရာကြီးသည် ကျွန်ုပ်ကိုသေချာစိုက်ကြည့်နေ၏။ သူ့အကြည့်ကို ကျွန်ုပ်ခံနိုင်ရည်ရှိ၍ပြန်ကြည့်နေလိုက်ပါသည်။ ဘာမှလိမခံစားရပါ။

"မင်းတို့နှစ်ယောက်က ဘာမှမတော်စပ်ကြပေမယ့် မင်းက သန်းတစ်လုံးတည်းပိုနေပါလား ကွယ့်ဟေ"

"ဟုတ်ကဲ့ - ကျွန်တော် မောင်မောင်သန်းပါ ခင်ဗျ"

"အေးအေး၊ ဒေါ်...ငွေ...သိန်းရောကွယ့်"

"အမေရှိပါတယ် ခင်ဗျ။ အိမ်မှာပါ"

ကိုမောင်မောင့်မျက်နှာကို ကြည့်လိုက်ပြီး ကျွန်ုပ်လည်း ဘာပြောရမှန်းပင်မသိတော့။ ရင်တော့နည်းနည်းခုန်လာ၏။

"မင်းအဖေက ဘဝပြောင်းထားတယ်နော်"

"ဟုတ်ကဲ့ - ရဟန်းတော်အဖြစ်နဲ့ တရားအားထုတ်နေပါပြီ"

"မင်းက သူ့ကိစ္စလာတာကိုး"

"ဟုတ်ကဲ့ - အဖေ့ကိစ္စပါ"

ဘုရားဆောင်ဆီမှ အိမ်မျှောင်စုတ်ထိုးသံလေးတွဲ့တွဲ့နှင့်ထွက်လာပြန်၏။ ဆရာကြီးသည် မျက်လုံးကိုမှိတ်လိုက်ပြီး အတော်ကြာအောင်ငြိမ်နေ၏။ 'တစ်စုံတစ်ယောက်နှင့် စိတ်ချင်းဆက်သွယ်ပြောနေသလား' ဟု ကျွန်ုပ်တွေးနေမိ၏။ ကျွန်ုပ်နှင့်ကိုမောင်မောင်လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်၊ ဆရာကြီးကိုကြည့်လိုက်နှင့်။

မကြာပါ။ ဆရာကြီး မျက်လုံးပြန်ဖွင့်လာပြီး ကျွန်ုပ်ကိုကြည့်နေသည်မှာ တစ်မျိုးဖြစ်နေ၏။ လူငယ်တစ်ယောက်ကို သနားကြည့်နှင့်ကြည့်နေသလိုမျိုး။

ကျွန်ုပ်ကလည်း ကိုယ့်ကို သူများသနားမှာ အလွန်ကြောက်သောသူ ဖြစ်၏။

"မောင်...မောင်..သန်း...နော်"

"ဟုတ်ကဲ့ - ဆရာကြီး"

"အေးအေး - မင်းက မျက်နှာကြည့်ရတာ မာန်တော့ရှိသား။ ကောင်းပါတယ်ကွာ၊ စိတ်ဓာတ်မာကျောအောင်ထား"

"ဗျာ"

"ဩော် - မင်းစိတ်ဓာတ်ကို မာကျောအောင်ထားလို့"

"ခင်ဗျာ၊ ဘာဖြစ်လို့လဲဆရာကြီး"

"မင်းအဖေရဲ့ ခြေထောက်မှာ ဝေဒနာရှိတယ်ဟုတ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ကလေး၊ မင်းပြန်ဦး"

"ဟာ ? ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီနေ့ကနေစပြီး ရေတွက်ကွာ၊ တစ်လပြည့်တဲ့နေ့ကျတော့ ပြန်လာခဲ့"

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဆရာကြီး ဘာမှမပြောတော့။ ကျွန်ုပ်ကို စိုက်ကြည့်နေသည်။ ပြီးမှ ကိုမောင်မောင့်ကိုကြည့်နေပြန်၏။ ပြီးမှ မျက်နှာလွှဲသွား၏။ ဘာမှမပြော၊ ဆက်ထိုင်နေပါသေးသည်။

ဆရာကြီး တစ်ခုခုမှားနိုးပြီး

www.burmeseclassic.com

www.burmeseclassic.com

နှင့်ဆက်ထိုင်နေပါသေးသည်။ ဆရာကြီးမှာ နှုတ်ဆိတ်လွန်းလှ၏၊ ဘာမှမပြော။ သို့သော် ဘေးနားရှိ ညီ့သည် နှစ်ယောက်နှင့် တောင်ပြောမြောက်ပြောပြောနေ၏။ ကျွန်ုပ်ကလည်း ပေထိုင်နေ၏။ ကိုမောင်မောင့်မျက်နှာကိုပင် လှည့်ကြည့်။

"အင်း - မင်းဟာ မင်းအဖေကို ဆော်တော် သံယောဇဉ်ကြီးတာပဲ။ အေးလေ - ငါပြောတဲ့နေ့ကျ လာခဲ့ပေါ့ကွယ်"

ကျွန်ုပ်ငုံထိုင်နေပါသေးသည်။

ကျွန်ုပ်၏ ဦးကို လာထိသော ကိုမောင်မောင်၏လက်ကြောင့် စဉ်းစားခြင်းများရပ်သွား၏။

"သွားကြရအောင်လေ"

"ဟုတ်ကဲ့ - သွားမယ်"

ထိုနေ့မစ၍ တစ်ပတ်ပြည့်ခါနီးထိ ကျွန်ုပ် ဘယ်မှဝေးဝေးလံလံမသွားဖြစ်တော့။ အဘစိန်ထံသို့ပင်လျှင်မရောက်၊ လေဟာပြင်ဈေးလည်းမရောက်။ ဘာကိုဘယ်လိုဖြစ်နေမှန်းမသိ။

တစ်ည -

အိပ်နေရင်းနှင့် တစ်ယောက်ယောက်အနားမှာရောက်နေသလိုခံစားရပြီး ဇောချွေးများပြန်ကာနီးလာ၏။

"ဟဲ့ - လူလေး၊ လူလေး"

"ဗျာ - အမေ၊ ဘာဖြစ်လို့လဲ"

မီးခလုတ်ဖွင့်လိုက်ရင်း အမေထွက်လာ၏။

ကျွန်ုပ်က ဘုရားဆောင်ရှေ့တွင် အိပ်သောကြောင့် ဘုရားဆောင်ရှေ့ထိထွက်လာပြီးထိုင်လိုက်၏။

"လူလေး၊ အမေအိပ်မက်မကောင်းဘူး"

"ဘယ်လိုမက်လို့လဲ"

"အမေ့အပေါ် အဲသွားတွေအုံလိုက်ပြုတ်ကျကုန်တယ်ဆိုပြီးမက်တယ်"

"ဟာ - သားလည်း ဟိုနေ့က ဘုရားတစ်ဆူဆူက ထီးပုံစံမျိုးပဲ ခြတွေးပြီးမှနေလို့ကိုင်လိုက်တာ ကြွေကုန်တယ်ဆိုပြီးမက်တယ်"

"အေး - ဘယ်လိုတွေလဲတော့ သိဘူး"

သားအမိနှစ်ယောက် တစ်ယောက်နှာက်နှာတစ်ယောက်ကြည့်ရင်းငြိမ်နေကြ၏။ ပြောတော့ပြောချင်ပါလိမ့်မည်။ ကျွန်ုပ်မစ၍ အမေလည်းငြိမ်နေပုံရ၏။ ဤလိုနှင့် ထိုည မိုးလင်းခဲ့ရပါသည်။

နောက်နေ့ မနက်မိုးလင်းချိန်မှပြီး စိတ်တွေလေးနေ၏။ ထိုနေ့သည် မှတ်မှတ်ရရ စနေနေ့ဖြစ်၏။

သောရီအချိန်သည် လူပ်ရှားမှုများရပ်ဆိုင်းသွားတတ်သောအခါဖြစ်၍ မနက်(၇)နာရီခွဲပြီးမှ ကျွန်ုပ်မှာ သက်ပြင်းချရ၏။ တဖြည်းဖြည်း ညနေစောင်းလာပြန်ရာ သောရီအချိန် ပြန်ဝင်လာပြန်ပြီဖြစ်၏။

ည (၇) နာရီလောက်တွင် အဖေနှင့် အမေ ရဟန်းခံထားသောဘုန်းဘုန်းကြွလာ၏။

ဘုန်းဘုန်းသည် အေးအေးဆေးဆေးနှင့်ထိုင်နေ၏။ ကြွလာနေကျဖြစ်၍ ဘာမှမထူးဆန်းပါ။ အမေနှင့် စကားပြောရင်း ကျွန်ုပ်ကို ကွက်ကြည့်ကွက်ကြည့်ကြည့်နေသည်ကိုတော့ သတိထားမိ၏။ ကျွန်ုပ်တို့မောင်နှမကို ကလေးများဟုဆိုပြီး ဘုန်းဘုန်းတ စကားသိပ်ပြောလေ့မရှိ။

ယခု ကျွန်ုပ်ကို ကြည့်လိုက်ပြန်လှည့်သွားလိုက်နှင့် ထူးတော့ထူးနေသည်ဟု တွေးနေစဉ် -

"မင်းအဖေ ဆုံးပြီ"

"ဟာ - ဗျာ ဘုရား"

"မင်းအဖေမရှိတော့ဘူး၊ ဆုံးပြီ"

အိမ်သည် ချာလပတ်ကြီးတစ်ခုလည်သလိုလည်နေသည်ဟု ကျွန်ုပ် ခံစားပြီး အသက်ရှူခြင်းများရပ်သွားသလားထင်ရအောင် ကျပ်လွန်းလာသောကြောင့် -

"ဟဲ့ - လူလေး လူလေး၊ ကြိတ်မထားနဲ့"

မရတော့ပါပေ။

ကျွန်ုပ် အားရပါးရ ငိုချလိုက်ရပါတော့သည်။

အဖေ။

သွားပြီ၊ လူဖြစ်လာကတည်းက မိဘနှစ်ပါးနှင့်အတူနေလာခဲ့ရင်း ယခုပထမဦးဆုံး ဖခင်ကဲ့ကုန်ခဲ့ရပါပြီ။

အဖေ။

ထိထိမိမိ ဝဝလင်လင်ဖြစ်အောင် ကျွန်ုပ်လုပ်မကွေးလိုတ်ရပါ။

အဖေ့အရိပ်အဖေ့မေတ္တာနှင့်သာ လူလားမြောက်ခဲ့ရပါသည်။

အဖေသည် ကျွန်ုပ်ကို ချစ်လွန်း၍ ဗဟန်းရဲဌာနတွင်နေခဲ့စဉ်က ငါသားပါလျှင် အမှုတွေပေါ်သည်ဟုဆိုကာ အမှုစစ်သွားတိုင်း ကျွန်ုပ်လိုက်လိုက်သွားရလေ့ရှိ၏။ မျက်စိအောက်က အပျောက်မခံခဲ့။ အဖေ့အရိုန်အဝါနှင့် ကြီးပြင်းခဲ့ရပါသည်။

ယခု ငှက်ပေါင်းများစွာ နားခိုခဲ့ကြသောသစ်ပင်ကြီး ပြိုလဲခဲ့ရပြီ။

မိဘကျေးဇူးကိုသိသာခိုန် -

'ငါ့အဖေခြေထောက်ကို ငါရအောင်ကုမည်' ဟု ကြိုးပမ်းရင်း ကုသိုင်သောဆရာကိုရှာရင်း အဖေနှင့် ဘဝခြားခဲ့ရပါပြီ။ အဖေ့ခြေထောက်ကို ကုမပေးနိုင်ခဲ့ပါ။ ကျွန်ုပ် အလွန်ညှဉ်းဖျင်းခဲ့ပါသည်။ မိဘအားကိုးထိုက်သောသား အဖြစ် မရပ်တည်နိုင်ခဲ့ပါ။

ကိုယ့်ကို ကျန်းမာအောင် စောင့်ရှောက်ခဲ့သောဖခင်ကို ခြေထောက်ကောင်းအောင် ကျွန်ုပ် ပြန်မကုပေးနိုင်ခဲ့ပါ။

"မင်း မနက်စောစော စာပို့နဲ့ အုတ်ဖိုလိုက်သွားတော့။ အုတ်ဖိုကို မင်းကြီးဒေါ်နဲ့ အေးအေးသန်းနဲ့ ဒီနေ့ပဲလိုက်သွားကြပြီ။ ငါ့ကို အေးအေးသန်းဖုန်းဆက်တာ

အုတ်ဖိုမြို့ -

လယ်ပြင်ကျောင်းရှေ့တွင် ညီမလေးထွက်ကြို၏။

ကျောင်းကြီးပေါ် မတက်မီကျောင်းရှေ့သစ်ပင်အောက်နားလေး တစ်နေရာတွင် အဖေ့ကိုတွေ့လိုက်ရပါသည်။

အဖေ အေးချမ်းစွာ အနားယူသွားပါပြီ။

သူသမီးနှင့် သူသား သူ့ကိုကြည့်နေမှန်း သူမသိနိုင်တော့ပါပေ။

ကျွန်ုပ်သည် အဖေ့ကိုတ,လိုက်၏။ ခပ်လှမ်းလှမ်းတွင် လမ်းခွေးလေးငဲ့ကော်င် ဆွဲဆွဲငင်ငင်အူရင်း ကျွန်ုပ်တို့မောင်နှမနား ရောက်လာ၏။

"ကိုကို လာ၊ ကျောင်းပေါ် တက်မယ် လာ"

ဆရာတော်ကြီးကို ဝတ်ပြုနေစဉ်ပင် ခြင်းတိုင်းရင်းသား (၃) ဦး ရောက်လာ၏။ အဖေ့တောင်းလေးကိုထမ်းလာရင်း မောင်နှမနှစ်ယောက်အနားလာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်လည်း ဆရာတော် ဦးကဝိရွှေ့တွင်ပင် ဆရာတော်အား လျှောက်ထားရင်း အဖေ့ဘော်လုံးနှင့် ဆေးတောင့်ကို ပုတီးခေါင်းလုပ်ထားသော ဆေးလုံးပုတီးကိုသာယူလိုက်ပြီး ကျန်တာအားလုံး ဆရာတော်ကို လှူခဲ့လိုက်၏။

"အေး - ဘုန်းကြီးကို တို့ကဆွမ်းကပ်တာကွ။ ဘုန်းကြီးကပြောတယ်၊ သူမှာ သားရှိတယ်တဲ့။ ဒီနေရာမှာနေမှန်း ဒီကောင်သိရင် နေမှာမဟုတ်ဘူး၊ လိုက်လာမှာသေချာတယ်လို့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူသားဆိုတာ ဘယ်မှာလဲကွ"

"ကျွန်တော်ပါ"

"သြော် - အေးအေး"

"ကျေးဇူးတင်ပါတယ် ဦးလေးတို့ရယ်။ အချိန်မီအောင် အဖေ့ဆွေးလေးတွေလာပို့ပေးလို့ပါ။ ကျွန်တော်တို့မောင်နမတွေ ခုတော်ကြာ အားလုံးပြီးရင် ရန်ကုန်တန်းပြန်တော့မှာ"

"သြော် - အေးအေး"

မောင်နမနှစ်ယောက် ဆရာတော်၏ မိန့်ကြားချက်များကိုနာခံရင်း အဖေ့ကို ကြက်ဆူထောဘက်သွားသော နေရာလေးတစ်နေရာမှာ အားလုံးပြီးစီးအောင် ဆောင်ရွက်ခဲ့ကြပါတော့သည်။ ပြီးမှ ဆရာတော်ကြီးကို ကန်တော့ကြပြီး အဖေ့ပစ္စည်းတွေကို အတော်ဝေးလံသောနေရာမှ ထမ်းပိုးသယ်လာပေးသော ချင်းတိုင်းရင်းသား ဦးလေးကြီးများကို ကျွန်ုပ် ထိုင်ကန်တော့လိုက်ပါသည်။ ဦးလေးတစ်ယောက်ဆို တရွှမ်းရွှမ်းနှင့် မျက်ရည်မဆည်နိုင်။ အဖေ့ကို တော်တော်ခင်ပုံရ၏။

အဘိုး၊ အဘွားနှင့် အဖေတို့ အိပ်စက်အနားယူသွားကြပြီဖြစ်သော အုတ်ဖိုပြုံလေးကို တော်တော်နှင့် ရောက်ဖို့မလွယ်တော့ပါ။

ရန်ကုန်ပြန်ရောက်သည်နှင့် -

အမေသည် အိမ်ရှေ့တံခါးဝတွင် ထိုင်ရင်း မောင်နမနှစ်ယောက်အလာကို ဆီးကြိုနေ၏။

မြင်သည်နှင့် မျက်နှာချက်ချင်း ပျက်သွားပြီးငိုရင်း -

"အင်း - ငါ့သားလေးနဲ့ ငါ့သမီးလေး မိဘနှစ်ပါးရှိရက ဘက်ပဲ့သွားပြီ။ ဖအေကြီးမရှိတော့ဘူး"

ဟု ဆိုကာ ပြောနေသောကြောင့် ညီမလေးနှင့် ကျွန်တော်က ပြန်ချော့နေရပါသည်။

ကျွန်ုပ်သည် -

အမေ့ကို နှစ်ဆစောင့်ရှောက်ရပါပြီ။ အမေ့အရိပ်ကိုပိုကြည့်နေရပါပြီ။

ကိုမောင်မောင်နှင့် အတူသွားခဲ့သော ရွာမသံရုပ်ကျွေစက်ဝင်းနှားက နှစ်ထပ်အိမ်ကြီးတွင်တွေ့ခဲ့သည့် ဆရာကြီးစွမ်းပါပေသည်။ သူ၏ပညာနှင့်သိလှပါသည်။ ကျွန်ုပ်ကို အဖေ့အတွက် ဆေးပေးရန် အင်တင်တင်လုပ်ရင်း ချိန်းလိုက်သည်မှာ သူသိနေ၍ဖြစ်မည်မှန်းယခုမှ သဘောပေါက်တော့၏။ သူချိန်းသည့်ရက်အတွင်းတွင်ပင် အဖေကံကုန်ခဲ့ရပါပြီ။ သူပြောခဲ့သော မင်းစိတ်ဓာတ်မာကျောအောင်ထားဟူသည်ကို ကျွန်ုပ်ယခုမှ သဘောပေါက်သွားပါပြီ။

တစ်ရက် -

နှစ်ရက် -

သူငယ်ချင်းတွေ လာကြသည်။ ကျွန်ုပ်မမျော်ပါ။ ဝစ်တာလာတီးကြ၊ သီချင်းတွေဆိုကြနှင့် သူတို့သည် ကျွန်ုပ်ကိုအလွန်ခင်ကြပြီး ကျွန်ုပ်စိတ်သောကကို တတ်နိုင်သမျှ လာဖြေရှင်းပြီမ်းအေးပေးနေကြခြင်းသာ ဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့"

"မောင်မောင်သန်း၊ မင်းဟိုဆရာကြီးဆီပြန်သွားသင့်တယ်"

ဘယ်ဆရာကြီးလဲကိုမောင်မောင်"

"တို့ဟိုရွာမသံရည်ကျွေစက်ရှေ့နားကကွာ"

"သြော်-ဟိုရုက္ခစိုးမော်ဆရာကြီး"

"အေး - မင်း ငါ့ကို ဟိုတုန်းက ခဏခဏပြောဖူးတယ်လေ။ ရုက္ခစိုးမော်ပညာလိုချင်တယ်ဆို။ အဲဒီဆရာကြီးနဲ့ ရင်းနှီးသွားပြီဆိုရင် မင်းအတွက် တစ်ခုမဟုတ်တစ်ခုတော့ ထူးလာမလားလို့"

"ကိုမောင်မောင်ရယ်၊ အဖေ ခြေထောက်ကိုကုချင်လွန်းလို့ ကျွန်တော် ဆရာရှာခဲ့တာ လူပေါင်းစုံသွားပါပြီ၊ ဘာမှလဲမထူးခဲ့ပါဘူး။ ဟိုနေရာမှာကြောင့် ရင်ပြေးရပြန်ပြီ၊ ဒီနေရာမှာကြောင့်ရင်ပြေးရပြန်ပြီ။ ဘာမှလဲမရခဲ့ပါဘူး။ နောက်ဆုံး ဆရာတွေကို တွေ့ဖူးတာသာများခဲ့တာ အဖတ်တင်တယ်။ အဖေလည်းမရှိတော့ဘူးလေ၊ မလိုတော့ပါဘူး"

"မဟုတ်ဘူးလေ၊ မင်းအဲလိုတော့ မပြောနဲ့။ မင်းအဖေမရှိတော့ပေမယ့် မင်းအတွက် ဘယ်လိုမှတန်ဖိုးမဖြတ်နိုင်တဲ့ ဒေါ်ဒေါ်ရှိသေးတယ်လေ၊ မင်းအမေ"

ကိုမောင်မောင်မျက်နှာကို ကြည့်လိုက်မိပါသည်။

မှန်၏။

အမေ၊ အမေရှိသေးသည်။

အမေကျန်းမာနေဖို့လိုသည်။

ကျွန်ုပ်၏ဘဝမှာ မရှိမဖြစ် အမေရှိကိုရှိရမည်။ အမေကျန်းကိုကျန်းမာနေရမည်။ အဖေမဲ့သွားသော်လည်း ကျန်ခဲ့သောအမေ့ကို စောင့်ရှောက်ရမှာ ကျွန်ုပ်၏တာဝန်။

"ကျွန်တော့်အတွေးတွေ လွဲချော်နေတာကို ပြန်တည့်မတ်ပေးတဲ့အတွက် ကိုမောင်မောင့်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ၊ မလိုပါဘူး"

"ကျွန်တော် ဘဝမှာမကြုံဘူးတဲ့ သောကဖြစ်တဲ့ အဖေ့စိတ်နဲ့ ဒီလိုခံစားနေမိတာပါ။ ဟုတ်တယ်၊ ကိုမောင်မောင် ပြောသလို အမေ့အတွက် ကျွန်တော်သွားမယ်"

ရွာမ -

"ဟိုတစ်လောကလာတဲ့ ကောင်လေးမို့လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သြော် - အေး၊ အေး"

"ကျွန်တော့်ကို ဆရာကြီးသွယ်ဝိုက်ပြောလိုက်တဲ့အတိုင်း အဖေဆုံးသွားပါပြီ ဆရာကြီး"

"ဟုတ်လား အေးကွယ်၊ ဓမ္မတာအတိုင်းသွားကြတာပေါ့။ အင်းအင်း - ဝဋ်ကျွတ်သွားရှာတာပေါ့ကွယ်"

"ဟုတ်ကဲ့"

"ခုကော"

ယခင်တစ်ခေါက်တုန်းက အဖေ့ကိစ္စလာသည်ကို ဒေါက်ခနဲဟောလိုက်သော်လည်း ယခု ဘာမှမပြော။

"ခုက ကျွန်တော်. . . ကျွန်တော် ရုက္ခစိုးမော်ပညာလိုချင်လို့ပါ ဆရာကြီး၊ တကယ်ကိုတတ်ချင်တဲ့ပညာပါ။ တကယ်လို့များ ဆရာကြီးဆီမှာ သင်ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အားလုံး လိုက်နာပါမယ်ခင်ဗျာ။ ပွဲတွေထိုးဆိုလည်းထိုးပါမယ်"

ဆရာကြီးသည် ခေါင်းလေးညိတ်လိုက်၏။ မျက်လုံးလည်းမှိတ်ထား၏။

"အင်း - မင်းမှာ ဒီပြင်ပညာတွေ ရှိတယ်နော်။ မင်းကိုငါကြည့်ရတာပညာတစ်မျိုးမျိုးတတ်ထားတယ်"

"ဟုတ်ကဲ့ - ဂဏန်းသင်္ချာနဲ့တွယူရတဲ့ပညာနည်းနည်းပါးပါးသင်ခဲ့ဖူးတယ် ဆရာကြီး။ အတတ်ကြီးတော့မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော် တတ်ချင်တဲ့ပညာက ဆရာကြီးလိုမျိုး နာမည်တန်းခေါ်ပြတာတို့၊ လေထဲပစ္စည်းတွေယူပြတာတို့ တတ်ချင်တာ ဘာသာတရားကို မလေးမစားလုပ်တဲ့သူမျိုးတွေဆိုရင် အဲဒီလို လက်တွေ့ပြီးချွတ်ချင်လို့ပါ။ ဒီလိုလက်တွေ့ပြတဲ့အခါ ပါးစပ်အဟောင်းသားဖြင့် ငြိမ်သွားတော့မှ ဘယ်လိုပုတီးစိပ်၊ ဘုရားကိုသွား၊ ဘယ်ဒါနကိုပြု၊ သီလကိုထိန်း၊ ဘယ်လိုအဓိဌာန်၊ ဘယ်ဒါနကိုပြုဆိုတာမျိုးတွေနဲ့ တင်သားကိုအရောပ်တင်ချင်လို့ပါဆရာ။ ဒီလိုလက်တွေ့ပြနိုင်လာရင် ကျွန်

www.burmeseclassic.com

ဦးက်ဆံလုံးဝမယူဘဲ မေတ္တာနဲ့သာ ကူညီပါမယ်ဆိုတာကို သစ္စာဆိုဝံ့ပါတယ်"

"အင်း - စိတ်ထားကောင်းတယ်ကွယ်၊ ရည်ရွယ်ချက်ကောင်းတယ်။ ဒါပေသိ ဒီပညာကသင်ယူလို့ရတာမဟုတ်ဘူးကွယ်၊ ကျင့်ယူရတာ"

"ဗျာ"

"ဩော် - မင်းကို ငါက ရောအင့်ဆိုပြီး ပေးလို့မရဘူး။ ရုက္ခစိုးဆိုတာကလည်း မင်းပဌာန်းဆက်နဲ့မင်း၊ ငါပဌာန်းဆက်နဲ့ငါကွ၊ မတူနိုင်ဘူး။ ပြီးတော့ မင်း သူ့ကိုလိုရာခိုင်းနိုင်ဖို့ မင်းမှာ သီလဘယ်လောက်ရှိလဲ၊ မင်းကဘယ်လောက်ခိုင်းချင်တာလဲ။ (၁၀) နှစ်လား၊ အနှစ် (၂၀) လား။ အဲဒီနှစ်ပြည့်သွားပြီးရင် သူအတွက် မင်းဘာပြန်ပေးဆပ်မလဲ။ ဒါမျိုးလည်းရှိတယ်နော"

"ဟာ - တစ်မျိုးပဲနော်။ ခုမှကြားဖူးတယ်။ ပြန်ပေးဆပ်ရတာတွေရှိနေတာကိုး"

"ရှိတာပေါ့ကောင်လေး၊ ဘယ်အရာမှ အလကားမရဘူး။ ယူထားပြီဆိုရင် ပြန်ပေးရပြီသာမှတ်တော့။ ဒါကြောင့် ကျင့်ယူရတယ်လို့ ငါပြောတာပေါ့"

စကားပြောနေရင်းနဲ့ ည့ဉ်သည် (၅) ဦးခန့် ရောက်လာသောကြောင့် ကျွန်ုပ်လည်း အလိုက်သိစွာ ဘေးထောင့်ဘက်ဖယ်ပေးလိုက်၏။ ထိုးစံအတိုင်း နာမည်ကို ဒေါက်ခနဲ လှမ်းခေါ်ပြီး လေထဲမှလက်ဖွဲ့များ၊ လက်စွပ်များ၊ အင်းများ ယူပြပြီး ထိုသူတို့ကို အဆောင်ပေးနေ၏။ ကျွန်ုပ်သဘောကျလိုက်သည့်ဖြစ်ခြင်း။

ထိုနေ့က အိမ်ပြန်ရောက်သော အခါ ဆရာကြီးလုပ်သလို လေထဲတွင် လက်ကိုဝှေ့ယမ်းပြီး ပစ္စည်းယူသလိုလုပ်နေသောကြောင့် -

"လူလေး၊ ဘာလုပ်တာလဲဒါ"

"ရုက္ခစိုးမှော်လေ ဟဲဟဲ။ အမေဘာလို့ချင်လဲပြော၊ လေထဲကယူပြမယ်"

"အမယ် - အဟုတ်"

"ကြည့်လိုက်လေ၊ ဘာလိုချင်လဲသာပြော"

"ဟယ် - ငါသားလေး ဘယ်တုံးက သွားသင်လိုက်တာပါလိမ့်"

"မကြာသေးဘူး"

"ဒါဖြင့် အမေ့ကို ပုတီးတစ်ကုံးယူပြ"

ကျွန်ုပ်သည် မျက်လုံးကိုမှိတ်ထားလိုက်ပြီး ညာဘက်လက်သီးကိုဆုပ်ရင်း လေထဲတွင်ဝှေ့လိုက်၏။ (၃) ချက်ခန့် ဝှေ့ပြီးမှ ထိုင်နေရာမှအသာထလိုက်ပြီး ဘုရားဆောင်တွင်ချိတ်ထားသော အမွေပုတီးလေးကိုသွားဖြုတ်လိုက်၏။ ပြီးမှ-

"ရော့ - အမေ့ပုတီး"

"ဟဲ့ - ငါကအဟုတ်မှတ်လို့"

ဤမျှသာပြောခိုင်ပြီး ပုတီးလှမ်းယူရင်း အူတက်နေ၏။ ကိုယ်မှာယိမ်းထိုးပြီး ရယ်နေလိုက်သည်မှာမပြီးတော့။

"ဩော် - ရုက္ခစိုးမှော်ကောင် အောင်နေပါလား ငါ့သား"

ပြောရင်းအူတက်နေပြန်ရာ ဆောင်းများပင်ဆိုးလာသောကြောင့် ကျွန်ုပ်မှာ ကျောကုန်းသွားဖိပေးလိုက်ရ၏။

❑

ဤတစ်ကြိမ်သည် -

ဆရာကြီးထံ (၅) ကြိမ်မြောက် ရောက်ခြင်း ဖြစ်၏။

"မင်းဇွဲအတော့်ကိုကောင်းသကိုး" ကျွန်ုပ်ရယ်နေလိုက်ပါသည်။

"ဒါမျိုးမှလည်း အောင်မှာကွ"

"ဟုတ်ကဲ့"

"အေး - ဒီနေ့တော့လူရှင်းတယ်။ ဒီတော့ ငါ မင်းကို ပြောပြတော့မယ်"

ကျွန်ုပ် ထခုန်မတတ် ဝမ်းသာသွားပါသည်။

"မင်းမေတ္တာသုတ်ရလား"

"ဟုတ်ကဲ့ - ရပါတယ်"

"အေး - အဲဒါဆိုရင် စေတီပုထိုးတစ်ဆူဆူက ညောင်ပင်ကိုသွားရလိမ့်မယ်"

"ဟုတ်ကဲ့"

"သွားရမှာက ညသန်းခေါင် (၁၂) နာရီပဲ"

"ဗျာ - ဒီ. . . ဒီ. . . ဒီပြင်အချိန်များ. . . ဟို. . ."

"မရဘူးလေကွာ၊ ဒီပြင်အချိန်သွားလို့မရဘူး။ အဲဒီအချိန်ကနေစပြီး နံနက်အရုဏ်တက်(၄)နာရီထိုးတဲ့အထိ မေတ္တာသုတ်ကို မနားတမ်းရွတ်နေရမယ်။ (၄) နာရီထိုးလို့ ရောင်နီဖို့ခါနီးရင်ပြီးပြီး အဲဒါမျိုး(၉)ရက်ဝင်ရတယ်။ ငါအဲသလို စဝင်ခဲ့ရတာ။ အပင်ကြီးကြီး၊ အသီးသေးသေးဆိုတာ ညောင်ပင်ပဲဇလကွာ။

အေး - သတိထားရမှာကတော့ ပွဲပြင်ရတယ်။ အုန်း၊ ငှက်ပျောနဲ့ပေါ့။ ပြီးတော့ မုန့်ဖြူ မုန့်နီ၊ ယို (၃) မျိုး၊ ပန်း (၄) မျိုး၊ အသီး (၄) မျိုး၊ အလင်းတိုင် (၂) တိုင် အဲဒါတွေနဲ့ တင်ရမြောက်ရတယ်။ ပြီးမှ ခုန ငါပြောသလို (၉) ရက် ရွတ်ပေတော့ပဲ။ ငါအဲသလိုကစခဲ့ရတာကွ"

ကျွန်ုပ်သည် ဘိုစိန်ကိုပြေးသတိရလိုက်၏။ ကျွန်ုပ်သွားလေရာ တကောက်ကောက်လိုက်သူ၊ ကျွန်ုပ်ကဲ့သို့ ရာသက်ပန်သက်သတ်လွတ်စားသုဟူ၍ သူပင်ရှိ၏။

"ဆရာကြီး၊ အဲဒါ သူငယ်ချင်းနှစ်ယောက်သွားရွတ်ရင်လည်း ရတယ်မို့လား၊ အဲဒီမေတ္တာသုတ်လေ"

"ဘယ် - ကြံကြီးစည်ရာ၊ ဘယ်ရလိမ့်မတုံး"

"ဟင်"

"တစ်ယောက်တည်းကျင့်ရတာကွ။ ဦးဆုံး ရုက္ခစိုးကြီးကို မိတ်ဆွအဆွေခင်ပွန်းဖွဲ့ရတာ။ အဲသလိုတော့ ငါစခဲ့တာပဲ"

"စတော့ ဟို - အခြောက် . . ."

"ဟာ-ကောင်လေး၊ အခြောက်အလှန့်ကတော့လာတာပေါ့ကွာ။ အခြောက်အလှန့်မကြောက်နေရင်လည်း ရုက္ခစိုးမှော်ဘယ်တော့မှမအောင်ဘူးသာမှတ်"

"ဟုတ်ကဲ့ - ဟို. . . ကြမ်းလား ဆရာကြီး၊ ခြောက်. . . ခြောက်တာ"

"အေးပေါ့။ ပထမဆုံး စပြီးရွတ်တဲ့နေ့ကတော့ အနံ့လေးတွေလောက်ပါပဲ။ ဆစ်ပင်ကလေတိုက်တာပဲလား။ လှုပ်ခါတာပဲလား တဝုန်းဝုန်းနဲ့တော့ရှိနေတာပေါ့။ ငါလည်း မေတ္တာတွေပို့ပြီးအားလုံးကို အဆွေခင်ပွန်းဖွဲ့ထားတော့ မေတ္တာသုတ်ကိုပဲအာရုံပြုပြီး မနားတမ်းရွတ်နေလိုက်တာပေါ့။

ဟော - ဒုတိယနေ့ကျတော့ လာတယ် ကိုရင်ရေ။ ခြေသံတွေလာတော့တာပဲ တရှုပ်ရှုပ်နဲ့။ မျက်လုံးဖွင့်ကြည့်လို့ကလည်းမဖြစ် ဇွတ်ပေမှိတ်ထားပြီး ရွတ်ရတာပဲ၊ မေတ္တာပို့ရတာပဲ"

"လူကိုတော့ အန္တရာယ်မပြုဘူးပေါ့နော်"

"မပြုပါဘူး ဒါကအကျင့်လေး အကျင့်ကျင့်ပြီဆိုရင် ဒီလိုပဲစမ်းမှာပဲ။ ဒါကို ခံနိုင်ရည်မရှိရင် အစကတည်းက စေတာကောင်းတယ်။ ဘဝိုလ်ရည်တွေကလွယ်လွယ်နဲ့တော့မရဘူး ကိုရင်"

"ဟုတ်ကဲ့"

"အေး - နောက်နေ့တွေလည်းကျရော မျက်လုံးကိုမခွတ်ခဲ့လောက်အောင် မြင်တော့တာပဲ။ စမ်းတိုပြောဆိုကတည်းက စပြီးမြင်တော့တာပဲ"

(ဆက်ရန်)

ဆရာဦးမောင်မောင်လှိုး

(ရင်ကိုအေးမြေ၊ ၁၉၅၀သား)

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမ(စလင်း)

နွားဝင်စား မင်းအောင်

စာရေးသူလူဝင်စားတွေအကြောင်း ရေးမှန်းသိတော့ ရန်းပင်ကန်ရွာက ဦးကျော်နီဇနီး ဒေါ်ညွှန့်က သူတို့ရွာက နွားဝင်စားအကြောင်းရေးဖို့ ပြောလာပါသည်။ ဒေါ်ညွှန့်က စာအလွန်ဖတ်တယ်။ ရှေးဟောင်းနှောင်းဖြစ်တွေလည်း မှတ်မိတယ်။ ပြီးတော့ စီကာပတ်ကုံးလည်း ပြန်ပြောတတ်တယ်။ စာရေးသူကို သူပြောပြတဲ့ဇာတ်လမ်းတွေ မနည်းဘူး။ ဝတ္ထုရေးလိုက်၊ ဆောင်းပါးရေးလိုက်၊ အက်ဆေးရေးလိုက်ပေါ့။

တစ်ချိန်က ရွန်းပင်ကန်ရွာမှ ဦးဖိုးစွန်း၊ ဒေါ်ခွန်း ဆိုတာရှိပါတယ်။ သူတို့မှာ ဂေါင်စာလို့ခေါ်တဲ့ နွားချောနွားလှကြီးတစ်ကောင်ရှိတယ်။ စာဥနဲ့အဝါရောစပ်ထားတဲ့အရောင်နဲ့ ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်းနွားကြီးပါ။ ဦးဖိုးစွန်းတို့၊ ဒေါ်ခွန်းတို့က ဂေါင်စာဆိုတဲ့နွားကို သားတစ်ယောက်လိုပဲ ဆက်ဆံတယ်။ တိရစ္ဆာန်လိုမဆက်ဆံဘူး။ သား၊ သဲားနဲ့ နွားနဲ့စကားပြောလိုက်၊ ပွတ်သပ်ပေးလိုက်၊ အစာရေစာကောင်းကောင်းကျွေးလိုက်ပေါ့။အရွယ်ရောက်လာတော့ နွားလှပြိုင်ပွဲ၊ ဘုံးပြိုင်ပွဲတွေဝင်တယ်။ နိုင်တာပဲ။ စလင်းဆင်ဖြူကျွန်းတင်မက ပွင့်ဖြူ၊ စကူမင်းဘူး၊ မကွေး၊ ချောက်၊ ရေနံချောင်း၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ မြင်းခြံ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းထိအောင် ပြိုင်ပွဲတွေ တစ်ခါမှမချုံးဖူးဘူး။

ဦးဖိုးစွန်းတို့က ဂေါင်စာနွားကို သားအမှတ်နဲ့ချစ်ပြီး ကောင်းကျိုးပေးတဲ့ဂေါင်စာကို လယ်ထဲယာထဲမခိုင်းဘူး။ သူတို့က တောင်သာတဲ့သူတွေဟုတ်လား။

ဒီလိုနဲ့ နှစ်တွေကြာလာတော့ ဦးဖိုးစွန်း၊ ဒေါ်ခွန်းတို့လည်းဆုံးပါးကုန်

www.burmeseclassic.com

www.burmeseclassic.com

ကြသလို ဂေါင်စာကြီးလည်း သေကုန်တယ်လေ။ သေပြီး တစ်နှစ်လောက်ရှိတော့ ဦးဖိုးစွန်းတို့နဲ့ ကျောချင်းကပ် အိမ်နီးချင်း ဦးလှထွန်း၊ ဒေါ်စိန်မြိုင်တို့မှာ သားလေးတစ်ယောက်ပေါ်ပေါက်လာပါရော။ ဦးလှထွန်း၊ ဒေါ်စိန်မြိုင်တို့ရဲ့ တတိယမြောက်သားရတနာပေါ့။ ၁၃၃၂ ခု နယုန်လဖွား၊ ကြာသပတေးသား။ ဒါကြောင့် ဒီသားလေးကို မင်းအောင်လို့ နာမည်ပေးလိုက်ကြတယ်လေ။မင်းအောင်အောက် သားသမီး(၃)ယောက် မွေးဖွားပါသေးတယ်။

မင်းအောင်လေး (၄)နှစ်သားရှိမှ စကားပြောလာတယ်။ တစ်နေ . ရွာမြောက်ပိုင်းက အဘိုးအဘွားဖြစ်တဲ့ ဦးလှေး၊ ဒေါ်စောတို့အိမ်အလည်သွားတော့ မင်းအောင်က တောင်ပိုင်း သူတို့နေတဲ့အိမ်ကိုအမြန်ပြေးလာပြီး -

"အဖေရေ အမေရေ၊ မြောက်ပိုင်းမှာ အရင် ကျုပ်နွားဘဝတုန်းက ကျုပ်ကိုမောင်းခဲ့တဲ့ နွားနှင်ဦးလှဘူးကြီးတွေ ခဲ့တယ်ဗျာ"

ဆိုပြီး မျက်လုံးပြူးကြီးနဲ့ပြောပါလေရော။

အဲဒီကတည်းက သူအတိတ်ဘဝက ဂေါင်စာဆိုတဲ့နွားဖြစ်ခဲ့တဲ့အကြောင်း၊ သူနဲ့ပြိုင်ဘက် သမင် ဆိုတဲ့ နွားအိုကြီး ခုထိရှိသေးကြောင်း၊ ပြိုင်ပွဲတိုင်း ဆုတွေရခဲ့ကြောင်း၊ သခင် ဦးဖိုးစွန်း၊ ဒေါ်ချွန်းတို့က သူ့အား သားလိုလူလိုချစ်ခင်ကြောင်း၊ ကျွေးမွေးပြုစုကြောင်းတွေ စီကာပတ်ကုံးပြောလာပါတော့တယ်။

သူပြောတာတွေကလည်း အမှန်တွေချည်းပါပဲ။ မင်းအောင်က ကလေးချင်း ကစားရင်လည်း နွားလုပ်တမ်းချည်း ကစားပါတယ်။ ခလောက်ကလေးတွေ ဆွဲတာတို့၊ မြက်စားတာတို့၊ နွားလိုသွားတာတို့၊ လှည်းရုန်းတာတို့ပေါ့။ တစ်ခါတစ်ခါ နွားလိုတွန်ပါသေးတယ်။

အသက် (၁၀) နှစ်ကျော်တော့ မင်းအောင်က နွားချေးကျိုးတယ်၊ နွားရေတိုက်တယ်၊ နွားစာကျွေးတယ်၊ နွားတွေနဲ့စကားပြောတယ်၊ ပွတ်သီးပွတ်သပ်လုပ်တယ်၊ နွားတွေကို အရမ်းခင်တယ်၊ သနားတယ်၊ နွားကျောင်းရမှာမျော်တယ်။ သူများတွေနွားကို ဆဲရင်ရိုက်ရင် မကြိုက်ဘူး။ ကိုယ်ချင်းစာပါ၊ မရိုက်ပါနဲ့၊ မဆဲပါနဲ့လို့ အမြဲပြောရှာတယ်လေ။ မင်းအောင်က လိမ္မာတော့ မိဘကရော ပတ်ဝန်းကျင်ကပါ ချစ်ကြတယ်။ သူက နွားဝါသနာပါလွန်းလို့ (၂)တန်းလောက်နဲ့ ကျောင်းထွက်တယ်။ မင်းအောင်ရဲ့ ရုပ်ရည်က ရွှက်ကြမ်းရေကျို၊ အသားညိုတယ်၊ ပိန်တယ်၊ အရပ်ရှည်တယ်လေ။ စိတ်ကောင်းရှိပေမယ့် မင်းအောင်က သီလ နည်းပုံရပါတယ်။ အသက် (၁၄) နှစ်အရွယ်မှာပဲ ဆုံးရှာတယ်။ နေထိုင်မကောင်းလို့မဟုတ်ပါဘူး။ သူတို့အိမ်လေ့ကားအဆင်းက မြွေပွေးလက်ကောက်ဝတ်လောက်ရှိတဲ့အကောင်ကြီး ကိုက်လို့သေတာရယ်။

တန်းမသေဘူး၊ မြွေကုရာမှာ နာမည်ကြီးတဲ့ စလင်းမြို့ အရှေ့တောင်အရပ်က အုတ်ဖိုဆရာတော်ဆီ လှည်းနဲ့ သွားကုသေးတယ်။ သတိမေ့နေတဲ့ မင်းအောင်က အုတ်ဖိုဆရာတော်နဲ့ ထစကားပြောပါလေရော။ ဒီနောက် သတိမရတစ်ချက်ရတစ်ချက်ဖြစ်ပြီး -

"အဖေ၊ အမေ ကျွန်တော့်ကိုလာခေါ်နေကြပြီ၊ လိုက်သွားရတော့မှာ"

လို့ပြောတော့ မိဘတွေကငိုတာပေါ့။ သေခါနီး ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်ပေါ့။ သူက ဒါမဲ့ထပ်ထပ်ပြောပြီး -

"အဖေ၊ အမေ မယုံရင်ကြည့်၊ ကောင်းကင်မှာ ပန်းရထားဆိုက်နေတာကြည့်ပါလား"

လို့ပြောပြီး သေသွားရော။

သားသေလို့ ဝမ်းနည်းပူဆွေးကြရပေမယ့် ပန်းရထားနဲ့လာတယ်လို့ပြောတာကြောင့် ဖြေသာကြရပါသေးတယ်။

ဦးစန္ဒိမ (စလင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းအကုန် နွေအကူးမှာ ဥသြဇင်္ကတွေလည်း တွန်သံမြူးကြပြီပေါ့။ ချိုင့်ဝှမ်းလေးတွေကလည်း ဖိုမသံပေးပြီး တစ်ပင်မှတစ်ပင်သို့ကူးလျက်၊ ရေခဲမင်းကိုစောင့်နေကြသော ချိုင်းတစ်အုပ်ကလည်း ရေစပ်ကျင်းအိုင်တစ်နေရာမှာ ဟိုဒီလှုပ်ရှားလျှောက်လှမ်းပါပဲ။

တစ်နေ့တော့၏ ဝမ်းစာအတွက် တိရစ္ဆာန်တို့၏ဘဝက မဆန်းပါသော်လည်း သမုဒ္ဒရာဝမ်းတစ်ထွာဟု အဆိုရှိလူသားတို့အတွက်မှာက ဆန်းလှပါ၏။ သားကွေးမှု၊ မယားကွေးမှုဟူသည်ကား ဆင်းရဲသားတို့ဘဝအတွက် ခါးလှပါ၏။ ဘဝခါးပေမယ့် သဘာဝတရားကိုတော့ မလွန်ဆန်နိုင်ပါ။ လူလောက လူဘဝမှာ ရှင်သန်ပြီးနေကြရတဲ့သူတို့အဖို့ကတော့ အလှတရားကို မလွဲမသွေ နှစ်သက်ကြစမြဲပါ။

ယခုလည်းကြည့်စမ်းပါဦး။ ကိုရင်နှောင်းတစ်ယောက် ရွာဦးထိပ်က ထုံးဖြူဖြူစေတီလေးရဲ့အနီးဝန်းကျင် အရိပ်ရကုက္ကိုပင်ကြီးအောက်မှာ မခမ်းစဖူးအခမ်းထူးတဲ့ချောင်းလေးကိုကြည့်လျက် ငွေဗျိုင်းဖြူတို့က လန့်ပြီးထပျံသွားကြတာကိုကြည့်ရင်း တက်ခေါက်သံကို ကြားရလေသည်။

"တောက်"

လောက်လေးခွကိုယ်စီနှင့်သွောင်ပေစူးလူငယ်သုံးဦးက ပုဆိုးကိုစလွယ်သိုင်းလျက် အတွင်းခံဘောင်းဘီနက်ပြာရောင်ကို ဆင်တူဝတ်ဆင်ထားကြပြီး စွပ်ကျယ်လက်ပွအဖြူရောင်က အရောင်မထွက် ညစ်ထေးထေးကို သုံးယောက်ဆင်တူဝတ်ဆင်လျက် စလွယ်သိုင်းထားသောပုဆိုးများတွင် လောက်လေးသီးများကို တစ်ဦးလျှင် ဆယ်လုံးခန့် ကိုယ်စီလွယ်ဆောင်လျက် တစ်ယောက်သော သူ နက်တူးက 'တောက်'ဟုတက်ခေါက်သံခပ်ပြင်းပြင်းဖြင့် -

"မှုံတေဆိုတဲ့ကောင် အရမ်းလောကြီးတာပဲကွာ။ ချိုင်းဆိုတာ ချောင်းပြီးမှ ပစ်ရတာကွ။ အုပ်လိုက်ထဲကို ရမ်းသန်းမှန်းစမ်းပစ်ထည့်လိုက်တော့ ချိုင်းတွေက လန့်ပြီးပျံကုန်တော့တာပေါ့။ မနက်လင်းအားကြီးထဲကထွက်လာခဲ့တာ အခုချိန်ထိ ငှက်ကတစ်ကောင်တောင်မရသေးဘူး"

နက်တူးကလည်း -

"မင်းက လူကိုအရမ်းအပြစ်တင်ဖို့ပဲ။ ငါလည်း ထိမလားဆိုပြီး ပစ်လိုက်တာပဲ။ မထိတာတော့လည်း မတတ်နိုင်ဘူး"

ဟု မှုံတေက ပြန်ပြောလေသည်။ သူတို့သုံးဦးထဲတွင် အကြီးဆုံးဖြစ်သူ သံလုံးက -

"ဟေ့ကောင်တွေ၊ မင်းတို့တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်မနေကြနဲ့။ ဟောဟိုက ဘုရားဖြူလေးနားက ကုက္ကိုပင်ပေါ်မှာ ဗျိုင်းတွေနားနေတာ မြို့ပွင့်ကြီးအတိုင်းပဲ။ တို့အပင်အောက်ကို အရောက်သွားကြမယ်"

သံလုံး၏ဦးဆောင်မှုဖြင့် မှုံတေနှင့် နက်တူးတို့သည် လေးခွများကိုဖွက်ပြီး အပင်အောက်သို့ ရောက်သောအခါ အကင်းပါးသော ဗျိုင်းတစ်အုပ်က လူရိပ်မြင်တာနှင့် အုပ်စုလိုက်ထပျံသွားလေတော့သည်။ ငွေဗျိုင်းဖြူများထပျံသွားသလို ထုံးဖြူဖြူကိုးတောင်ပြည့်စေတီလေးဆီမှ ဆည်းလည်းသံလေးတွေကလည်း သာယာနာပျော်ဖွယ်ပင်။

တက်ခေါက်သံ နောက်တစ်ချက်ကိုတော့ သံလုံးက ပီပြင်စွာတက်ခေါက်ပြီး -

"နာတယ်ကွာ၊ ဒီနေ့ ငါတို့အစ်ကိုတွေ ကံမကောင်းဘူးကွ။ အကြီးဆိုင်က ဦးဘမောင်ကြီးမှာထားတဲ့ ဝံသားမရတဲ့အပြင် ငါးမရရေချိုးပြီးပြန်မယ့်ပုံမျိုးလိုဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

ကိုရင်နှောင်းတစ်ယောက် ကုတ္တိုပင်ကြီးအောက်တွင်ထိုင်နေရာမှ -

"မင်းတို့ညီအစ်ကိုတွေ ပါးစပ်တိပါတာအလုပ်ကို မလုပ်ကြပါနဲ့ကွာ။ သတ္တဝါတွေလည်း သူတို့အသက်ဘေးသေရမှာကို တွေးကြောက်ကြတာပဲ။ အစာစားတာတောင် မျက်စိက ဘေးဘီလေးဖက်လေးတန် အငြိမ်မနေနိုင်ဘဲ ရန်သူကိုကြည့်ရတာ သနားစရာပါ"

ကိုရင်နှောင်း၏စကားကို အငယ်ကောင်ဖြစ်သူနက်တူးက ဆုံးအောင်နားမထောင်ဘဲ -

"ဒီမှာ ကိုရင်နှောင်း၊ ခင်ဗျားက ဘုရားကျောင်းကန်နားနေပြီး ဘုရားစကားတရားစကားတွေပြော၊ ဟိုယောင်ယောင်ဒီယောင်ယောင်လုပ်၊ အချိန်တန်တော့ ရွာဦးကျောင်းက ဆရာတော်က ကျွေးထားလို့ ခင်ဗျားထမင်းဝပြီး စကားပြောနိုင်ပေမယ့် ကျုပ်တို့က ခင်ဗျားလို ယောင်ခြောက်ဆယ်သမားတွေမဟုတ်ဘူးဗျ။ ကျုပ်တို့က သူများအသက်သတ်တယ်ဆိုတာ လူလူချင်းကို သတ်တာမဟုတ်ဘူး၊ သတ္တဝါကိုသတ်တာဗျ။ သတ္တဝါဆိုတာ လူချွတ်မှကွတ်မှာ။ အမြဲတမ်း သူတော်ခေကောင်းစိတ်မမွေးနိုင်ဘူး။ ကျုပ်တို့က လက်လှုပ်မှပါးစပ်လှုပ်ရတဲ့ဘဝဗျ။ သတ္တဝါတွေအသက်ရှင်ဖို့ထက် လူတွေအသက်ရှင်ဖို့က အရေးကြီးတယ်ဗျ"

ကိုရင်နှောင်းသည် နက်တူး၏ တစ်ယူသန်စကားကိုပြန်လည်မချေပလိုသော်လည်း စကားနည်းရန်စဲပမာ ဆက်လက်၍မပြောတော့ဘဲ ခပ်ဆိတ်ဆိတ် နေလိုက်မှ တော်ကာကျမည်ဟု စိတ်ထဲကတွေးပြီး-

"အေး - မင်းတို့ဝမ်းစာရေးအတွက် ချမ်းသာမပေးနိုင်တော့လည်း လုပ်ကြပေါ့ကွာ။ သေချိန်တန်က သေကြရမှာ ဘယ်သူမှရှောင်လွှဲလို့မရပါဘူး"

ဟု စိတ်ထဲမှပြောပြီး ဘုရားဖြူ

ရောဂြေ-ကျော်ဝေ

မြစ်ပြင်ကျယ်နှင့် ထူးဆန်းသော ကမ္ဘာရွာတလေး

www.burmeseclassic.com

www.burmeseclassic.com

လေးဘက်သို့ တရွွေ့ရွွေ့ထွက်ခွာသွားလေတော့သည်။ ဘုရားဖြူလေးတွင် ဝါးဇရပ်လေးက ငွားငွားစွင့်စွင့်ကြွားကြွားဝုံဝုံပင်။ ထိုဇရပ်လေးပေါ် တွင် သူတော်စင်တစ်ဦးက ဝတ်ဖြူစင်ကြယ်ဖြင့် ပုတီးကိုစိပ်လျက်။ ကိုရင်နှောင်းက ထိုသူတော်စင်ကြီး၏အနီးသို့ ရောက်ရှိသွားပြီး သူတော်စင်ကြီးကိုသေသေချာချာကြည့်သောအခါ မကြာသေးမီတစ်လလောက်က ကွယ်လွန်သွားခဲ့သော သူ၏အဘိုးဖြစ်သူ ဦးဟန်သော်နှင့်ရုပ်ချင်းတူသဖြင့်-

"ဒီသူတော်စင်ကြီးက ငါ့အဘများဖြစ်နေမလား။ အိုး-မဖြစ်နိုင်ပါဘူး၊ ငါ့အဘက သေသွားပြီပဲ။ လူတူမရှား နာမည်တူမရှားဆိုတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု စိတ်ထဲက တွေးထင်မိလေသည်။

ထိုသူတော်စင်ကြီးက မမျှော်လင့်ဘဲ -

"လူလေး"

ဟု ကိုရင်နှောင်းကို မျက်စိဖွင့်မကြည့်ဘဲခေါ်လိုက်သောအခါ -

"ဗျာ - အဘ၊ ကျွန်တော့်ကိုအဘကသိလို့ခေါ်သလားခင်ဗျာ"

ဟု ရှိသေစွာပြန်လည်ပြောသောအခါ-

"အဘက မင်းကိုကောင်းကောင်းကြီးသိတာပေါ့ကွယ်။ မင်းကို အဘက ခရီးအတူသွားရအောင် လာခေါ်တာကွယ့်။ ငါ့မြေးလိုက်မယ်မဟုတ်လား"

ကိုရင်နှောင်းသည် အတန်ငယ် စဉ်းစားပြီး -

"ကျွန်တော် အဘနောက်ကိုလိုက်ချင်ပါတယ်။ ဒါပေမယ့် ဘထွေးဘုန်းကြီးရဲ့ခွင့်ပြုချက်ကိုယူရဦးမယ်"

"ဒီအတွက်တော့ မပူပါနဲ့ကွယ်။ အဘ မင်းရဲ့ဆရာတော်ဘထွေးဘုန်းကြီးကို ခွင့်ပန်ပြီးပါပြီ၊ ခွင့်ပြုပါတယ်။ ဒီညအဘက ပုတီးပတ်ပေါင်း(၉၀၀၀)စိပ်ရမယ်။ ဒီမှာကွယ့်၊ မင်းက အဘပုတီးစိပ်တဲ့ဘုရားရင်ပြင်တော်မှာ အဘနှင့်အတူ ပုတီးစိပ်ပြီး တရားထိုင်ရမယ်။ ဘယ့်နယ် လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ် အဘ"

"အေး - ကောင်းပြီ၊ ဒါဆို အဘတို့ တရားထိုင်ပြီးတာနဲ့ မြစ်ပြင်ကြယ်ကရွာတစ်ရွာကိုခရီးထွက်ကြတာပေါ့"

"ဟုတ်ကဲ့ အဘ"

အဘသည် ပုတီးပတ် (၉၀၀၀) ပြည့်တာနှင့် ဆက်လက်ပြီး တရားထိုင်လေသည်။ ကိုရင်နှောင်းကလည်း အဘကဲ့သို့ပင် ဝင်လေသိ၊ ထွက်လေသိ ဟူသောဆောင်ပုဒ်နှင့်အညီ တင်ပျဉ်ခွေပြီး ဘယ်ဘက်လက်ဖဝါးကို ပက်လက်အနေအထား၊ ညာဘက်လက်ဖဝါးက ဘယ်ဘက်လက်ဖဝါးပေါ် မှောက်လျက် တင်ပြီး မျက်စိကိုစုံမှိတ်လျက် အာနာပါနရှုမှတ်ခြင်း၊ ထိသိသတိကို အမြဲနှလုံးသွင်းထားခြင်းဖြင့် တဒင်္ဂအတွင်း အိပ်မျော်သကဲ့သို့ဖြစ်သွားခဲ့လေရာ ပြန်လည်နိုးကြားလာသောအခါ စေတီဖြူလေးမှ ဆည်းလည်းသံက တချွင်ချွင်ဖြင့် သာယာ နာပျော်ဖွယ်ပင်ရှိလေတော့သည်။ ဘုရားဖြူလေးက တောင်ကုန်းကမူလေးတစ်ခုပေါ် တွင် သပ္ပာယ်စွာတည်ထားသလို ဘုရား၏ ဘေးတွင်လည်း တစ်ထပ်တိုက်အဆောင်တိုက်ခန်းတွေက (၆) ခန်း ဖြစ်သည်။

ဘုရားနှင့်နီးသော အစွန်ဆုံးတိုက်နံပါတ် (၁) တွင် ဆောင်းနှင်းချို ဟူသော အမျိုးသမီးမိန်းမပျိုလေးက သူ၏မိခင်၊ ဖခင်တို့နှင့် အတူနေသလို ကပ်လျက်နံပါတ် (၂) တိုက်ခန်းတွင်လည်း ကိုရင်နှောင်း၏ အဘိုး၊ အဘွားနှင့် ကိုရင်နှောင်းက အတူနေသည်။ ကျန်သော တိုက်ခန်း (၄) ခန်းတွဲကတော့ ကိုရင်နှောင်းမသိသော မျက်နှာစိမ်းများကနေကြသည်။ ကိုရင်နှောင်းသည် မမျှော်လင့်ဘဲ ဆောင်းနှင်းချိုကို တွေ့လိုက်ရသောအခါ မေတ္တာသက်ဝင်ချစ်ခင်မိလေတော့သည်။

တစ်နေ့တွင် စေတီလေးသို့ ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့ချစ်သူနှစ်ဦးသည် သစ္စာတိုင်တည်ရန်သွားကြလေသည်။

ကိုရင်နှောင်းက -

"ဘုရားတပည့်တော်သည် ဟော ဒီမြစ်ကြီးဧရာဝတီနဲ့ မြစ်ပြင်ကျယ်ရွာကြီးမှ အချောအလှပိုင်ရှင် နှမတော် ဆောင်းနှင်းချိုနဲ့ ရာသက်ပန်ပေါင်းရပါလို၏အရှင်ဘုရား"

ဟု သစ္စာဆိုသလို ဆောင်းနှင်းချိုကလည်း -

"တပည့်တော်မသည် ဒီဧရာဝတီမြစ်ပြင်ကျယ်ကြီးကိုလည်း အသိသက်သေပြုသလို ဟောဒီက စေတီလေးမှာလည်း သစ္စာပြုပါသည်။ ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့ဘဝ ထာဝရမခွဲမခွာဘဲ ရာသက်ပန် ပေါင်းသင်းရပါလို၏၊ အရှင်ဘုရား"

ဟု သစ္စာပြုလေသည်။

ဆည်းလည်းသံလေးတွေကလည်း သူတို့နှစ်ဦးကို ကလူကျီစယ်သလို အသံသာယာလျက် မြစ်ပြင်ထဲမှ လှိုင်းလုံးကြီးတွေကလည်း ဝုန်းခနဲ ဝုန်းခနဲဖြင့် လှိုင်းပုတ်သံတွေက သာယာလှပနေပေသည်။ သူတို့နေသောရွာကလေးက မြစ်ကို အကြောင်းပြု၍ ကုန်းကမူတစ်ခုပေါ်တွင် ကိုးတောင်ပြည့်စေတီလေးကို အခြေပြုထားသော မြေပြန့်၏လှုနည်းစုရွာလေးတစ်ရွာပင်ဖြစ်ပေသည်။

ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့ကို နှစ်ဖက်လူကြီးများက သဘောတူပေးစားခဲ့ကြသလို သူတို့နှစ်ယောက်ကလည်း ချစ်ကြသည်မှာ မိုးမမြင်လေမမြင်ပင်။ မနက်စာ၊ ညစာ မှန်မှန်စားသောက်နေကြရသော်လည်း အလုပ်အကိုင်က မည်မည်ရရမရှိသေး။

တစ်နေ့သော လသာညတစ်ည တွင် ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့လင်မယားနှစ်ယောက် မြစ်ပြင်ကြီးကို ငေးမောကြည့်နေစဉ် အမှတ်မထင် ကောင်းကင်ထက်မှ အလင်းရောင်ကြီး ဝိုမို တောက်ပလာပြီး မြစ်ပြင်ထဲသို့ ကောင်းကင်မှ သစ်ပင်ကြီးများပြုတ်ကျသလို သစ်ကိုင်းသစ်ခက်များကလည်း မြစ်ပြင်ကျယ်ရွာထဲသို့ အပိုင်းပိုင်းအစဉ်ပြုတ်ကျခဲ့လေသည်။ ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့သည် အနီးရှိတဲ့တစ်လုံးအတွင်းသို့ဝင်ပြီး သစ်ကိုင်းကိုးတို့၏ဒဏ်မှလွတ်ရန်ရှောင်ကြရလေသည်။

ကိုရင်နှောင်းနှင့် ဆောင်းနှင်းချိုတို့ ပုန်းရှောင်နေသောတဲအနီးသို့ အုန်းပင်ကြီးတစ်ပင် အပိုင်းပိုင်းအထစ်ထစ်ပြုတ်ကျခဲ့သလို အုန်းသီးများကလည်း တဗုန်းဗုန်းဖြင့်ကျလေသည်။ ကိုရင်နှောင်းသည် အုန်းသီး (၄) လုံးကို အသာကောက်ပြီး တဲဘေးတွင်ပုံထားလေသည်။ ကောင်းကင်မှ ကယ်ပါယူပါ တစာစာဖြင့်အော်မြည်သံများက ငရဲတမျှခံစားကြရသူများ အလား ကောင်းကင်ထက်တွင် ရွာလုံးလိုက်မီးလောင်ပြီး ပြုတ်ကျကြသည်များမှာ လူတွေနှင့် တိရစ္ဆာန်တွေ အများအပြားသေကျေပျက်စီးကြ၏။ လေမုန်တိုင်းဟူသောလေနီကြမ်းကြီးက ကောင်းကင်တွင် ရွာလုံးကျွတ်မီးစွဲလောင်နေပုံမှာ ကမ္ဘာပျက်သည့်အလားထင်မှတ်လောက်စရာပင်။ အချို့လည်း နွားတွေ၊ လှည်းတွေနှင့် လူတချို့က ကမ်းစပ်အနားတွင် ကျရောက်သဖြင့် ကယ်သူနှင့်တွေ့ကြရသည်အသက်ရှင်ကြရသည်။ မြစ်လယ်ကောင်တည့်တည့်ကျသူတို့ကတော့ မြစ်ခွင်

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ချည်ဖြင့် နောက်ဆုံး ရေမွန်း၍သေ
ဆုံးကြရသည်။ ဝါးပိုးလုံးရှည်နှစ်လုံးနှင့်
ဝှေးတွဲလျက် ကျွဲလှည်းတစ်စီး၊ လှည်းပိုင်
ရှင်နှင့် ကျွဲနှစ်ကောင်သည် မြစ်၏ကမ်း
ပေါ်နားကိုကျခဲ့သဖြင့် ထိုသူတို့အသက်
ရှင်ကြသည်။ ထိုမကောင်းမှုအာရုံများ
ကို မျက်မြင်ကိုယ်တွေ့အဖြစ် ကိုရင်
နှောင်း တွေ့ခဲ့ရပါသော်လည်း ဆောင်း
နှင်းချီတစ်ယောက်ကတော့ -

"ဒါတွေကလိုးနေပါပြီ"

ဟု မကြောက်မလန့်ပြောလေ
သည်။ ကိုရင်နှောင်း ကြောက်ဒူးတွေ
တုန်ခဲ့ပြီပေါ့။ ကောင်းကင်ယံကို မီးမောင်း
ဆလိုက်လေးဖက်လေးတန်ထိုးထားသလို
ထင်လင်းစွာမြင်ရသည်မှာ သစ်ပင်ကြီး
တွေ၊ လူနေအိမ်တွေ၊ ယောကျ်ား မိန်းမ
ကလေးများပါ တဖြတ်ဖြတ်ပြုတ်ကျခဲ့
ကြသည်မှာ ငွေသင်ဖြူးပမာ ကျယ်ဝန်း
သောမြစ်ပြင်ကျယ်ကြီးထဲမှာပါ။

"ကိုရင်နှောင်းရေ ကျွန်တော်တို့
တို့ ကယ်ပါဦးဗျာ"

ကောင်းကင်ထက်တွင် ကုက္ကိုပင်
ကြီးကိုခွစီးလျက် အကျီမပါ၊ ဘောင်းဘီ
တိုနှင့် သံလုံး၊ မုံတော၊ နက်တူးတို့ ညီ
အစ်ကိုတစ်တွေကို ကိုရင်နှောင်းကောင်း
ကောင်း မှတ်မိသည်။ ကိုရင်နှောင်းသည်
ထိုသုံးယောက်ကို သွားရောက်ကယ်
ခဲ့ပုံဟု ခြေလှမ်းရှဲရှဲသေး၊ ဆောင်းနှင်း
ချီက အတင်းဆွဲထူးသဖြင့် မကယ်
လိုက်ရပေ။ သူတို့ညီအစ်ကိုသုံးဦးသည်
လည်း သစ်ပင်ကြီးနှင့်အတူ မြစ်လယ်
ကောင်ထဲသို့ကျသွားပြီး နစ်မြုပ်သွား
လေတော့သည်။ အတန်ကြာမှ သစ်တုံး
ကြီးကပြန်ပေါ် လာပြီး လူသုံးယောက်က
ပါမလာတော့ပါ။ မြစ်ထဲတွင် တစ်ချိန်က
ရေပြင်ဖွေးဖွေးသည် နောက်ကျိ၍ ရွံ့
ဖွက်ရည်များပမာ နီကြင်ကြင် မည်းမည်း
အရောင်ကိုသာ တွေ့ရလေတော့သည်။
ထူးဆန်းသော ကောင်းကင်ထက်တွင်
မီးမုန်တိုင်းနှင့် တွေ့ကြုံခဲ့ရသော ရွာလေး
တစ်ရွာသည် မြစ်ပြင်ထဲတွင် တစ်စစီ
ကျိုးပဲ့ပျက်စီးသွားခဲ့သလို ယောကျ်ား၊
မိန်းမနှင့် ကလေးများကလည်း အကျီ
မပါ၊ ကိုယ်ခန္ဓာအောက်ပိုင်းတွင်သာ
အရှက်လုံရုံဖုံးကွယ်ထားရသော ပုဆို၊
ထဘီနှင့် ဘောင်းဘီတိုများကိုသာတွေ့
ကြရလေသည်။

ကိုရင်နှောင်းက သူတစ်ခါမှမတွေ့
ကြုံဘူးခဲ့ရသော ကိုယ်တွေ့လေးတစ်ခု
ကို ဇနီးဖြစ်သူ ဆောင်းနှင်းချီကို မေး
ကြည့်သောအခါ ဆောင်းနှင်းချီက
အံ့သြခြင်း၊ ထူးခြားတုန်လှုပ်ခြင်းအရိပ်
အယောင်ပင်မပြဘဲ -

"ဒါတွေက ဆောင်းနှင်းချီတို့
အတွက် ရိုးနေပါပြီ မောင်ကြီး။ ဘုရား
တရားမမြဲသူတွေ၊ အကုသိုလ်ကြီးကြီး
မားမားပြုလုပ်သူတွေအတွက် ခံစားရ
တဲ့ ငရဲဘုံတစ်ခုပါ။ ဟောဟိုကမြစ်ပြင်
ကြယ်ရောင်တွေလို အရောင်တလက်
လက်တောက်ပနေတဲ့ မြစ်လယ်ကောင်
ကို သေချာစွာကြည့်ပါ မောင်ကြီး။ အဲဒါ
ရေတွေမဟုတ်ဘူး။ သာမန်ကြည့်ရင်
တော့ ရေတွေပေါ့။ တကယ်တော့ အဖြူ
ရောင်ထနေတဲ့ ငရဲမီးကန်ကြီးတစ်ကန်
ပါပဲ။ အဲဒီမြစ်ပြင်ထဲက ကြယ်ရောင်
တွေ တလက်လက်တောက်ပနေတာကို
အကြောင်းပြုပြီး လူ (၂၀)- နဲ့ ရွာလေး
တစ်ရွာကို တည်ခဲ့တာကတော့ အဘ
ဦးသူရိယပါပဲ။ ရွာနာမည်ကိုလည်း
အဘကပဲ မြစ်ပြင်ကျယ်ရွာလို့ အမည်
ပေးထားတာပါ။ ဒီရွာမှာ သူခိုးဓားပြ
လူဆိုးမရှိပါဘူး။ မောင်ကြီးနှမနေလာ
တာ နှစ်ပေါင်းရာထောင်ချီခဲ့ပြီပေါ့"

ကိုရင်နှောင်းသည် အသက်(၁၈)
နှစ်အရွယ်ခန့်ဟု ထင်ရလောက်အောင်
လှပသော ဆောင်းနှင်းချီ၏မျက်နှာကို
သေချာစွာကြည့်ပြီး ဆောင်းနှင်းချီ၏
လွတ်ခနဲထွက်ရှဲသွားသော နှစ်ပေါင်း
ရာထောင်ချီခဲ့ပြီဟူသောစကားကို မယုံ
သက်သလိုကြည့်မိသောအခါ အကင်း
ပါးသောဆောင်းနှင်းချီက -

"ဘာလဲ၊ မောင်ကြီးက ဆောင်း
နှင်းချီကိုမယုံလို့လား။ ယုံပါ မောင်ကြီး
ရယ်၊ ဆောင်းနှင်း အမှန်စကားတွေကို
ပြောပြနေတာပါ"

ကိုရင်နှောင်းသည် ဦးခေါင်းတွင်
ပေါင်းထားသောခေါင်းပေါင်းကို ပြန်
လည်ပြုပြင်ပြီး သူ၏သျှောင်ထုံးနှင့်
အဆင်ပြေသလို ပြန်လည်ပေါင်းလေ
သည်။

"ဒါထက် ချစ်နှမ၊ မောင်ကြီးကို
အဘယ်ရပ်ကလာခဲ့တာလဲ၊ ဘယ်လို
အမျိုးကောင်းသားလဲ၊ ဘာလုပ်ငန်းလဲဆို
တာတွေကော စစ်ဆေးမေးမြန်းခြင်းမပြု
တော့ဘူးလား"

"ဒါတွေက နှမအတွက်အရေးကြီး
ဆုံးအရာတွေပါ။ ဒါပေမယ့် မောင်ကြီး
ကို နှမယုံပါတယ်။ အဘက သူတော်
ကောင်းဖြစ်တဲ့အတွက် မောင်ကြီးက
လည်း သူတော်ကောင်းဖြစ်မှာပါ။
မောင်ကြီးကို ဆောင်းနှင်း အကြွင်းမဲ့
ယုံကြည်ပါတယ်။ နှမတို့ရွာမှာ ကိုးကွယ်
စရာဆိုလို့ ဟောဟိုက ကိုးတောင်ပြည့်
စေတီလေးတစ်ဆူသာရှိခဲ့ပါတယ်။ ဒီ
ဘုရားစေတီလေးရဲ့ဆည်းလည်းသံလေး
ကိုကြားရသူတိုင်း စိတ်ဘဝင်နှလုံးရွှင်ပြုး
ကြရပါတယ်။ နှမတို့ယခုနေကြရတဲ့ရွာ
ကလေးက မြေအောက်ခြောက်ထပ်မှာ
ဖြစ်တဲ့အတွက် အောက်နတ်ဘုံလေး
တစ်ခုပါ။ မဟာအဝီစိငရဲနဲ့လည်းနီးပါ
တယ်။ ဟောဟိုကရွာရဲ့အနောက်ဘက်
ကိုလှမ်းကြည့်လိုက်ရင် တောင်ကြီးတွေ
က ကာရန်ထားသလို ဆင်ပုံသဏ္ဌာန်၊
မြင်းပုံသဏ္ဌာန်၊ ကုလားအုပ်ပုံသဏ္ဌာန်နဲ့
အသွင်ထူးလှတဲ့ တောင်တန်းကြီးတွေ
အစီအရီရှိကြပါတယ်။ အရှေ့ဘက်က
တော့ မောင်ကြီးတွေ့မြင်နေကျ မြစ်ပြင်
ကျယ်ကြီးပါပဲ။ တောင်နဲ့ မြောက်နှစ်
ဘက်မှာကတော့ အမြစ်မိုးလုန်းတဲ့သစ်
တောတွေပါပဲ။ နတ်ဘီလူးတွေနေကြ
တယ်။ သစ်တောစောင့်နတ်တွေလည်းရှိ
တယ်။ နှမတို့နဲ့က ပိုင်နက်ချင်းမတူလို့
သူတို့ကလည်း စည်းစောင့်ကြတယ်။ လူ
စည်းဘီလူးစည်းပေါ့"

ကိုရင်နှောင်းသည် ဇနီးဖြစ်သူ
ဆောင်းနှင်းချီ၏စကားများကို မှတ်သား
ဖွယ်ရာနားထောင်ပြီး -

"ကဲ - ချစ်နှမ၊ ဟောဟိုက ဘုရား
ဖြူလေးကိုသွားကြရအောင်။ ထုံးဖြူ
သင်္ကန်းလည်း တောက်ပအောင်ကပ်ရ
အောင်"

ဟု ကိုရင်နှောင်းက ဆိုသောအခါ
ဆောင်းနှင်းချီက -

"ထုံးသင်္ကန်းကပ်ရင် ဘာဆုတွေ
များတောင်ဦးမှာလဲ မောင်ကြီး"

"တခြားဆုတွေတော့မဟုတ်ပါဘူး
ကွာ၊ ရတနာသုံးပါးကို ဘဝအစဉ်အဆက်
ဆည်းကပ်ရပါလို၏ဆိုတဲ့ တစ်ခုတည်း
သောဆုကိုသာတောင်းမှာပါ။ ဒီရွာမှာ
မောင်ကြီးအနေကြာခဲ့ပေမယ့် သူတော်
စင်ပုဂ္ဂိုလ်ကြီးခဲ့လည်း မတွေ့ရ ရဟန်း
သံဃာဆိုတာကလည်း ဝေလာဝေး။
ဘုရားရှိပေမယ့် ဘုရားမှန်းမသိကြတဲ့
သူတွေက ခပ်များများ။ တရားသံလည်း
မကြားရ ဘုရားကဆည်းလည်းသံလေး
ကိုသာ တရားအမှတ်ခဲ့သိမှတ်နေရတာ။
မောင်ကြီးနဲ့နှမက ဘယ်ဘဝက ရေစက်
ကြောင့်လာဆုံခဲ့ရတာကိုလဲသိချင်လို့ပါ"

မောင်ရင်နှောင်းနှင့်ဆောင်းနှင်းချီ
တို့၏ တစ်ယောက်နှင့် တစ်ယောက်
စကားအပေးအယူကိုကြားရသော အဘ
ဦးသူရိယက စေတီ၏ရင်ပြင်တော်ပေါ်
မှဆင်းလာခဲ့ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"အေး - မင်းတို့ဇနီးမောင်နှံက ဟိုဘဝက ဘုရားစေတီတစ်ဆူမှာ ထုံးသင်္ဃန်းကပ်ခဲ့လို့ ယခုလိုအကျိုးပေးတဲ့ အောက်နတ်ဘုံတစ်ခုဖြစ်တဲ့ အိမ်ထောင်သားမွေး အသူရကာယ်ဘုံမှာ ဆုံကြရတာပေါ့။ ဒါပေမယ့် အဘကတိပေးခဲ့တာ ဒီနေ့ဆိုပြည့်ပြီပေါ့။ မောင်ရင်နှောင်းလည်း သာသနာပြုဖို့ အချိန်တန်ပြီ။ အဘနဲ့ လူပြည်ကို ခရီးထွက်ရအောင် မင်းလိုက်ခဲ့ရမယ်"

ဟု သူတော်စင်ကြီးဦးသူရိယက ပြောသောအခါ ဆောင်းနှင်းချိုသည် ကိုရင်နှောင်းကို အတင်းဖက်ထားပြီး -

"မောင်ကြီးကို ခေါ်မသွားပါနဲ့ အဘရယ်။ ဆောင်းနှင်းမှာ မောင်ကြီးရဲ့ ရင်သွေးလေးရှိနေပြီ။ ကလေးမွေးဖွားပြီးမှ သွားချင်သွားပါလား အဘရယ်။ ဆောင်းနှင်း မောင်ကြီးကိုမခွဲနိုင်ဘူး။ မောင်ကြီးမရှိရင်တော့ ဆောင်းနှင်းဘဝက သေတာနဲ့ အတူတူပါပဲ။ လိုက်မသွားနဲ့နော် မောင်ကြီး။ ဆောင်းနှင်းနဲ့ အတူနေရတဲ့ဘဝလေးတွေက မောင်ကြီးအတွက် သာယာပါတယ်။ စားဝတ်နေရေး ဘာပူစရာရှိလို့လဲ။ အချိန်တန်တော့ စား၊ ဝတ်၊ နေရထိုင်ရတာလည်း ကောင်းမွန်ပါတယ်။ အဘရယ် မောင်ကြီးကိုခေါ်မသွားပါနဲ့။ ဆောင်းနှင်း တောင်းပန်ပါတယ်။ ရှိခိုးပါတယ် အဘရယ်၊ ဆောင်းနှင်းတို့ချစ်ခြင်းကိုမခွဲပါနဲ့ အဘရယ်"

ဟု ဆောင်းနှင်းချိုက မျက်ရည်ခံထိုး၍ငိုသောအခါ ကိုရင်နှောင်းသည် ခေါင်းတခါခါဖြင့် -

"အဘနဲ့ မောင်ကြီးက ခေတ္တခဏ ခရီးသွားကြမှာပါ။ ပြီးရင် ပြန်လာကြမှာပါ။ ဟောဒီက နှမလေး ဆောင်းနှင်းကို မောင်ကြီးတစ်သက်မခွဲပါဘူး။ မောင်ကြီးကို စိတ်ချယုံကြည်ပါ။ ဒီဘုရားမှာလည်း သစ္စာပြုခဲ့ပြီးပါပြီ"

"ကဲ - မောင်ရင်နှောင်း အဘတို့ သွားရမယ့်ခရီးက အတော်ဝေးတယ်။ ဒီညတွင်းရောက်မှဖြစ်မယ်။ သမီးဆောင်းနှင်းချိုကလည်း အဘရဲ့စကားကိုနားထောင်ပါ။ မောင်ရင်နှောင်းကိုလည်း နားလည်ပေးပါ။ သံယောဇဉ်ဆိုတာ လူတိုင်းကိုယ်စီရှိကြပါတယ်။ သံသရာဆိုတာ မြန်မကြာလည်နေတာ အပြန်တစ်ရာမကပါဘူး"

မောင်ရင်နှောင်းသည် အဘ၏ ပြောစကားကိုနားထောင်စွာဖြင့် ဆောင်းနှင်းချိုကိုနှုတ်ဆက်ပြီး ဘုရားစေတီလေးရင်ပြင်တော်ပေါ် သို့ အဘဦးဆုရိယနှင့်အတူတက်သွားပြီး ဘုရားကိုဦးခိုက်ဖူးလိုက်ကြပါတော့သည်။ ဘုရား၏ ဆည်းလည်းသံလေးများကလည်း သာယာသလို ကျောခိုင်း၍ထွက်ခွာသွားသော ဆောင်းနှင်းချိုကို သမင်လည်ပြန်လှည့်ကြည့်လိုက်သောအခါ ဆောင်းနှင်းချိုဆိုသောမိန်းမချောသည် လူစိမ်းယောကျ်ားတစ်ဦးနှင့် အတူလက်တွဲလျက်ထွက်ခွာသွားသည်မှာ မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသလို ဒေါသလည်းထွက်မိသည်။ ကိုရင်နှောင်း၏ တက်ခေါက်သံနှင့်အတူ -

"သစ္စာမရှိတဲ့မိန်းမ၊ မာယာများတဲ့မိန်းမ၊ ဝါးစိမ်းမြင်ငါးကင်ပစ်တဲ့မိန်းမ"

ဟူ၍ နှုတ်ကတဖွဖွဖြင့်ပြောဆိုပြီး အဘသူတော်စင်ကြီးဦးသူရိယ၏နောက်သို့ စိတ်နာစွာဖြင့်လိုက်သွားလေတော့သည်။ ကိုရင်နှောင်း၏ သံယောဇဉ်ကို လွယ်လွယ်နှင့်ဖြတ်မရမှန်းသိခဲ့ရသော အဘသူတော်စင်ကြီးဟာ သူတတ်ကျွမ်းသော ဂန္ဓိရပညာဖြင့် ကိုရင်နှောင်းတစ်ယောက် အထင်လွဲအောင် ဆောင်းနှင်းချိုကို လူစိမ်းယောကျ်ားတစ်ဦးနှင့်တွဲသွားသည်ပုံကို ဖန်ဆင်းပြလိုက်သောပြကွက်တစ်ခုသည် ပီပြင်လှပါပေသည်။

ရက်ပေါင်းလပေါင်းအတော်ကြာ ပျောက်သွားခဲ့သော ကိုရင်နှောင်းကို ဘုရားဖြူလေး၏ဘေး ဝါးတဲလေးတစ်လုံးပေါ်တွင် တွေ့ခဲ့ရပြန်သောအခါ ရွာသာကုန်းကျေးရွာက ရွာသူရွာသားတွေက အံ့သြခဲ့ကြရသလို ကိုရင်နှောင်းကိုမေးစမ်းကြပေမယ့် ကိုရင်နှောင်းက သူ၏ဖြစ်ရပ်မှန်ကိုမယုံမှာစိုး၍ပြောမပြရွာဦးကျောင်းဆရာတော် ဦးတိလောကကမေးမှ ဖြစ်ရပ်မှန်ကို လုံးစေ့ပတ်စေ့ပြောပြလေတော့သည်။ ကိုရင်နှောင်း ရွာကပျောက်မသွားခင် ဆရာတော်ဦးတိလောကကို အိပ်မက်ပေးခဲ့သော သူတော်စင်ပုဂ္ဂိုလ်ကြီးကို အိပ်မက်ထဲမှ ကတိအတိုင်းဆိုခဲ့ရသည်။

"အေး - ငါသိပြီ ငါမှတ်မိပြီ။ ငါ့ကို သူတော်စင်ကြီးက မင်းကို သူနဲ့အတူ ခရီးထွက်ဖို့ ငါ့ဆီမှာ ခွင့်တောင်းတာ အိပ်မက်ထဲမှာ ငါကလည်းခွင့်ပြုလိုက်ပါတယ်။ ဒါကြောင့် မင်းဒီရွာကထွက်ခွာသွားတာကိုး။ မသေကောင်းမပျောက်ကောင်း အခုလိုပြန်တွေ့ရတော့ ဝမ်းသာတယ်ကွာ။ မင်းပျောက်သွားတာ မှတ်မှတ်ရရ (၆) လရှိပြီကွ"

ဟု ဆရာတော်သည် ကိုရင်နှောင်း၏ပခုံးကိုပုတ်ပြီးပြောသောအခါ ကိုရင်နှောင်းက -

"ဘထွေးဆရာတော်ဘုရား၊ ရွာထဲက သဲလုံးတို့၊ မှုံတေတို့၊ နက်တူးတို့ညီအစ်ကိုတစ်တွေကော စားဝတ်နေရေးအဆင်မှပြေကြရဲ့လား ဘုရား"

ဟု မေးသောအခါ ဆရာတော်က -

"မင်းမေးလို့ပြောပြရဦးမယ်၊ သူတို့တွေသေတာ (၃) လတောင်ရှိပြီကွယ်။ ညီအစ်ကိုသုံးယောက်စလုံး မြစ်ထဲမှာ ဟင်္သာဆိုတဲ့ ဘဝါကြီးတွေကို လိုက်ဝေရင်း ရေနစ်ပြီးဆုံးကြရတာ အလောင်းတောင်မရပါဘူးကွယ်။ သူတို့ကလည်း ခပ်ပေပေတေတေတွေဆိုတော့ ရေနောက်ပဲမျောပါသွားသလားမသိပါဘူးကွယ်။ အဖေ၊ အမေမရှိရှာတော့ ရွာထဲကပဲ စုပေါင်းပြီး ဆွမ်းသွတ်ပေးကြတယ်။ အသေဆိုးတွေပေါ့ကွယ်။ ဆင်းရဲရတဲ့အထဲ အကုသိုလ်အလုပ်က ဖိစီးလေတော့ ကောင်းတဲ့နေရာတော့ရောက်မယ်မထင်ပါဘူးကွယ်"

ကိုရင်နှောင်းသည် ဆရာတော်၏ ပြောပြသောစကားများကိုနားထောင်ပြီး သူတွေ့ခဲ့ရသောဖြစ်ရပ်ကို ဆရာတော်အားပြောပြပြီး ဆရာတော်က -

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ်။ ကောင်းကံ၊ မကောင်းကံဆိုတာ လူတိုင်းမှာ တိုယိီစီကိုယင် ထာဝရပိုင်မှာပါ"

"ဘထွေးဟော်ဘုန်းကြီး၊ တပည့်တော် ဒီနေ့ကစပြီး ဒီလုပ်တော်ကြောင်းကို စွန့်လွှတ်ပါတော့မယ်။ တပည့်တော် သံသရာကို ငြီးငွေ့လှပါပြီ။ ရဟန်းဘဝနဲ့ပဲရာသက်ပန်တရားအားထုတ်ပါတော့မယ် ဘုရား"

ဆရာတော်ဦးတိလောက ထိုသို့ပြောစပြီး ကိုရင်နှောင်းကို ဦးပဉ္စင်ဦးရေအဖြစ် ဘွဲ့အမည်ပေး၍ သင်္ဃန်းသပေးလိုက်ပါတော့သည်။

ဤဖြစ်ရပ်မှန်ဇာတ်လမ်းသည် ဆရာတော်ဦးရေဝတ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ပင်ဖြစ်ပါသည်။ ဆရာတော်သည် ယခုအသက်တော်(၇၀)အရွယ် ကျန်းမာလျက်ရှိပါသည်။

(မိတ်ဆွေတစ်ဦး၏ပြောပြချက်အမည်နာမများလွဲ၍ ဆီလျော်အောင် ရေးသားထားခြင်း ဖြစ်ပါသည်။)

ဇရာပြေးကျော်

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ်မြင့် (တောင်တွင်း)

ဆေးနည်းအစုံစုံဘက်စုံအသုံးဝင်ပေါက်ပန်းဖြူပင်

ပေါက်ပန်းဖြူအပင့်နှင့်အရွက်

'ကြီးမြန်သစ်ပင်၊ စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှုံ' ဟူသော သစ်တောဦးဦးဌာနမှဆိုင်းဘုတ်ကြီးကို မြင်တွေ့လေတိုင်း ကျွန်တော့် စိတ်ထဲတွင် လုတိုင်းအတွက် အသုံးဝင်အကျိုးပြုသည့် 'ပေါက်ပန်းဖြူပင်စိုက်ထားလျှင်၊ ဆေးသုံးလည်းရ၊ စားလည်းရ' ဟူ၍ ပြောင်းလဲကြည့်မိပါသည်။ ဆရာမောင်ဃဉ်နွယ်က တစ်ပင်လုံးကို စားသုံးရ၏၊ တစ်ပင်လုံးကို ဆေးသုံးရ၏ဟု ရေးခဲ့တာ မှတ်သားဖူးပါသည်။ လွန်ခဲ့သော(၁၅)နှစ်က ဆရာမောင်ကြည်ဝင်း (ထားဝယ်) ရေးခဲ့သည့် ဆောင်းပါးကိုလည်း မှတ်သားခဲ့ဖူးပါသည်။ စိုက်ပျိုးရေးဌာနမှထုတ်ဝေသော 'မြန်မာ့ဆေးဓာတ်ဝင်အပင်များ' စာအုပ်တွင်လည်း ပေါက်ပန်းဖြူပင်၏ အသုံးဝင်ပုံများကို သိရှိမှတ်သားခဲ့ပါသည်။

ပေါက်ပန်းဖြူပင်သည် နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းလွယ်ကူသော နှစ်ရှည်ခံအပင်ငယ်မျိုး ဖြစ်ပါသည်။ အပင်ကဝေပြီး အမြဲစိမ်းလန်းနေသည့်အတွက် အရိပ်အာဝါသလည်းရ၊ အသီး-အပွင့်-အရွက်တို့မှာ ဆေးဖက်လည်းဝင် စားသုံးလို့လည်းရတဲ့အတွက် မိမိတို့မတ်ဝန်းကျင်မှာစိုက်ပျိုးထားသင့်သောအပင်မျိုးဖြစ်ခြင်းကြောင့် ပေါက်ပန်းဖြူပင်အကြောင်းကို ထပ်မံ၍ စုစည်းမှတ်သား တင်ပြအပ်ပါသည်။

ပေါက်ပန်းဖြူတွင် အဖြူနှင့် အနီနှစ်မျိုးရှိပြီး အကျိုးသွားမှာ အတူတူဝင်ဖြစ်ပါသည်။ အပွင့်၏အရောင်ကိုကြည့်ပြီး ခွဲခြားသိနိုင်ပါသည်။ အပွင့်မှာ ကြားထွက်ပန်းခိုင်ဖြစ်ပြီး တစ်ခိုင်လျှင် နှစ်ပွင့်မှ လေးပွင့်အထိပွင့်တတ်ပါသည်။ အပွင့်သည် ကြက်တူရွေးနှုတ်သီးကဲ့သို့ ကောက်ကွေးသည်။ အပင်၏အခေါက်မှာပွပြီး အကိုင်းများဆတ်သည်။ အသားမှာဖြူပြီး အလယ်တွင် အူချောင်းရှိသည်။ အသီးမှာ သေးငယ်သောအတောင့်ရှည်ဖြစ်သည်။ အသီးနု၊ အပွင့်၊ အရွက်တို့ကို ပြုတ်၍ တို့ဖြူပ်စားသုံးလေ့ရှိကြသည်။ ငါးကင်၊ ပုစွန်ကင်၊ ပုစွန်ခြောက်၊ မန်ကျည်းရွက်၊ သံပုရာရည်တို့နှင့်သုပ်စားနိုင်သည်။ အရွက်ကို ကြော်ချက်၍ စားနိုင်သလို ချဉ်ရည်ဟင်းချက်၍လည်း စားလေ့ရှိကြသည်။

မြန်မာ့ဆေးကျမ်းများအလိုအရ ပေါက်ပန်းဖြူပင်သည် အေး၏။ လေကို မွှားစေ၏။ ခါးသက်သက်ရှိ၏။ သည်းခြေရောဂါ၊ သလိပ်ရောဂါ၊ နှာရည်ယိုခြင်းရောဂါတို့ကိုပယ်နိုင်၏။ အပွင့်သည် အေး၏။ ခါးသက်သက်ရှိ၏။ သုံးရက်ခြားဖျား၊ ကြက်မျက်သင့်ခြင်းတို့ကို ပျောက်စေ၏။ အရွက်သည် စပ်၏။ ချို၏။ ခါးသက်သက်ရှိ၏။သွေးကိုစင်ကြယ်စေ၏။ အသီးသည် ဝမ်းသက်စေ၏။ စိတ်ကိုကြည်လင်စေ၏။ ထိုးအောင့်နာ၊ အဆိပ်နာ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါတို့ကို ပျောက်ကင်းစေ၏။

❑ ပေါက်ပန်းဖြူပင်၏ဆေးအသုံးပြုနည်းများ

မျက်စိမှုန်၊ အားနည်း၊ မျက်စိဝေဖြစ်လျှင် ပေါက်ပန်းဖြူပွင့်ကြိတ်ညှစ်ရည်ကို မျက်စဉ်းခတ်ပေးရသည်။

လေရောဂါ၊ သလိပ်ထ၊ အစာမကြေ၊ သုက်ခန်းအဖျား၊ ဇက်ကြောထိုးဖြစ်လျှင် အပွင့်၊ အရွက်တို့ကို ငါးခဲ့တင်၊ ငါးရံပြုတ်နှင့်ကြော်စားရသည်။

ခေါင်းတစ်ခြမ်းကိုက်ရောဂါဖြစ်လျှင် အပွင့် သို့မဟုတ် အရွက်၊ အသီးကို အရည်ညှစ်၍ သတ္တုရည်ကိုတိုက်ပြီး သတ္တုရည်ကို ခေါင်းမကိုက်သောဘက်မှနှာခေါင်းပေါက်အတွင်းထည့်၍ ရှူပေးရ၏။

ကြက်မျက်သင့်ရောဂါဖြစ်လျှင် အပွင့်ကိုပြုတ်၍စားခြင်း၊ အသီးသတ္တုရည်နှင့် မျက်စဉ်းခတ်ခြင်းပြုလုပ်ပေးရ၏။

လေငန်း၊ ပါးစပ်ရွဲ့၊ သလိပ်ထ၊ အစားမှာ၊ ဆေးမှာ၊ ငန်းဖမ်း၊ ငန်းတက်၊ အဆိပ်အတောက်ရောဂါ၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နှာဖြစ်လျှင် အရွက်အပွင့်တို့ကို ငါးကြင်းကင်နှင့်ကြော်စားရ၏။

သွေးဝမ်း၊ လေသလိပ်၊ သုက်ခန်း၊ ဝမ်းပျက်၊ ဝမ်းတွင်းထိုးအောင့်ဖြစ်လျှင် အပွင့်၊ အရွက်တို့ကို ပုစွန်တုပ်နှင့်ကြော်စားရ၏။

မီးယပ်၊ ဝမ်းပျက်၊ လေဖြန်း၊ ဖောရောင်၊ သွေးအားနည်းလျှင် အရွက်ကို ငါးသလောက်ပြုတ်နှင့်ကြော်ချက်စားရ၏။

တုပ်တေးဖားဖြစ်လျှင် အရွက်ကို ကြက်သွန်နီနှိုင်းနှင့်ကြော်စားရ၏။

ဝမ်းပျက်၊ လေထိုးလေအောင့်၊ သကျည်းကိုက်၊ ငန်းမန်းအားကြီးလျှင် အရွက်၊ အပွင့်တို့ကို ငါးခူ၊ ငါးကျည်းတင်နှင့် ကြော်ချက်စားရ၏။

လေထိုး၊ ချွေးငုပ်၊ ဝမ်းထဲပူလောင်၊ သလိပ်သည်းခြေ၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လျှင် အပွင့်၊ အရွက်တို့ကို ဝက်သားနှင့်ကြော်စားရ၏။

အနာအို၊ အနာဆွေးများကို အရွက်ကို ကြိတ်ညှစ်၍ အုံပေးလျှင်

www.burmeseclassic.com

www.burmeseclassic.com

(အမ်းလည်းဆေး၊ ကားလည်းအဖ)

ရောဂါလည်းပျောက် လျှာလည်းလေးစားသည့်

ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) (၁၈)

ရဲယိုရွက်၊ ရဲယိုသီးမှာ ပါဝင်နေသော ဆေးဖက်ဝင် အာနိသင်အစွမ်းသတ္တိများကို ဆေးသိပ္ပံသုတေသနတွေ့ရှိအတည်ပြုချက်များအရ ကမ္ဘာသိဆေးဖက်ဝင်အပင်တစ်မျိုးအဖြစ် အသိအမှတ်ပြုလာပြီး ကမ္ဘာမှာ အစာလည်းဆေး၊ ဆေးလည်းအစာအနေဖြင့်သော်လည်းကောင်း၊ ဆေးဓာတ်စာဖော်ရည်အဖြစ်လည်းကောင်း တွင်ကျယ်စွာသုံးစွဲလာကြပါသည်။

ထို့အတူ စာရေးသူတို့၏ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာရှင်ကြီးများကလည်း ရှေးဦးမစွတပင် ရဲယိုရွက်၊ ရဲယိုသီးတို့၏ အစွမ်းအာနိသင် ထက်မြက်မှုကို သိရှိကြပြီး ရောဂါအမျိုးမျိုးအထွေထွေအလိုက် ဆေးဖက်ဝင် ဟင်းလျာဆေးဓာတ်စာအနေဖြင့် ပေးကျွေးကုသခဲ့သည်တို့ကို စုံလင်အောင် တင်ပြပေးပါဦးမည်။

၁။ **ရဲယိုရွက်ကိုပြုတ်၍တို့မြှုပ်စားပေခြင်းဖြင့်** အစာလည်းဆေး ဟူသကဲ့သို့ မိသားစုထမင်းဝိုင်းတွင်တို့မြှုပ်စားပေခြင်းဖြင့် လေချုပ်ခြင်း၊ သွေးချုပ်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ လေမသက်ဘဲ အထက်သို့ လေဆန်တက်နေခြင်း၊ သည်းခြေဖောက်ပြန်ခြင်း စသည်တို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

၂။ **ဆီးချို နှလုံးသွေးကြောကျဉ်း သွေးတိုးရောဂါများ**အတွက် ငါးရံ့မီးကင်ပြီး အသားထွင်၍ ကြက်သွန်ဖြူဖားပြားရိုက် (၁၀) ဥခန့်၊ ငရုတ်ကောင်းသင့်ရံထည့်ပြီး ရဲယိုရွက်နှင့် ဒန့်သလွန်ရွက်

(၂) မျိုးရောစပ်ပြီး ဟင်းချိုအဖြစ်ချက်၍ စားသုံးပေးပါက လွန်စွာသင့်တော်ပါသည်။ (အချိုမှန့် လုံးဝ မသုံးပေါ့။ သဘာဝငါးရံ့ငါး၏ အချိုအရသာဖြင့် သာချက်ပါ။)

၃။ **အမျိုးသမီးများ မီးယပ်သွေး** အနာရှိ ပြည်နှင့်သွေးပုပ်တို့ကိုစုပ်ယူပြီး အသားနုတက်မြန်ကာ ပျောက်စေပါသည်။

ပန်းသေ၊ ပန်းညှိုး၊ အားအင်ကုန်ခန်း၊ လေသလိပ်၊ သည်းခြေဖောက်ပြန်သောရောဂါများကို အသီးအရွက် အပွင့်တို့ကို ဆီတ်သားနှင့် ကြော်ချက်စားက ပျောက်စေပါသည်။

သံစူးခြင်း၊ ဓားထိခြင်း၊ ထိမိခိုက်မိခြင်းဖြစ်လျှင် အရွက်ကြိတ်ညှစ်ရည်အကြမ်းပန်းကန်တစ်လုံးစာသောက်ပေးက မေးခိုင်ရောဂါကာကွယ်ပြီး အနာဝင်ငန်းမန်းလိုက်ခြင်းမှ ကင်းဝေးစေပါသည်။

အနာစိမ်း၊ အနာဝင်ညှော်ဝင်ခဲ့လျှင် အရွက်ကိုကြိတ်ပြီး ထမင်းရည်ပျစ်ပျစ်နှင့် အုံစည်းပေးက ငန်းမန်းကြေပြီး ပျောက်ကင်းစေပါသည်။

အမျိုးသမီးများအတွက် အရေးပါသော ဓမ္မတာသွေးဆိုင်ရာ ဝေဒနာများအတွက်အသုံးပြုနိုင်ပါသည်။ အမျိုးသမီးများရာသီလာချိန်မမှန်လျှင် ပေါက်ပန်းဖြူပွင့်ကို တို့မြှုပ်စားခြင်း၊ ပြုတ်၍သုပ်စားခြင်းဖြင့် ဓမ္မတာလာစဉ် ခံစားရသော တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ခေါင်းအုံ့ဇက်လေးခြင်း၊ ဆီးစပ်ကိုက်ခဲခြင်းများကို ပျောက်ကင်းစေပါသည်။

အပူများ၍ ပါးစပ်တွင် အာကွဲ၊ လျှာကွဲ၊ အနာပေါက်ခဲလျှင် အရွက်၊ အပွင့်တို့ကို ဟင်းချိုချက်သောက်ခြင်း၊ အရွက်ကြိတ်ညှစ်ရည်ကိုသုတ်လိမ်းပေးခြင်း၊ အခေါက်ကို သုံးခွက်တစ်ခွက်တင်ကျိ၍ ငုံပေးခြင်းပြုလုပ်ပေးက ပျောက်စေပါသည်။

အဆိပ်ရှိသောအကောင်ကိုက်ခဲလျှင် အရွက်ကြိတ်ညှစ်ရည်ကိုသောက်ပြီး အရွက်ကြိတ်ဖတ်များကို ကိုက်သောဒဏ်ရာပေါ် တွင် အုံစည်းပေးက သက်သာပျောက်ကင်းစေပါသည်။

ရေနွေးပူ မီးပူလောင်က အရွက်၊ အပွင့်ကြိတ်ညှစ်ရည်ကိုသုတ်လိမ်းပေးရပါသည်။

ဆီးပူ၊ ဆီးအောင့်၊ ဆီးကျန်၊ ဆီးကျဉ်၊ ဆီးကျောက်တည်၊ ဆီးခဲန်း၊ ဆီးချုပ်ဖြစ်လျှင် အပွင့်ကို အခြောက်လှန်း၊ ပေါက်ပွင့်ခြောက်နှင့်ရော၍ လက်ဖက်ရည်ကြမ်းလုပ်၍သောက်ပေးက သက်သာပျောက်ကင်းစေပါသည်။

ဝဲစို၊ ဝဲခြောက်၊ နှင်းခူး၊ ပွေး၊ ညှင်း၊ ယားနာများကို အရွက်၊ အပွင့်အခြောက်မှုန့်နှင့် အုန်းဆီရောၤ၍ဖျော်ပြီး လိမ်းပေးက ပျောက်စေပါသည်။ ခေါင်းကိုလိမ်းပေးက ဗောက်၊ သန်းကင်းစေပါသည်။

ပေါက်ပန်းဖြူရွက်နှင့် ငရုတ်ကောင်းကို ဆတူရော၍ နွားကျင်ဆီရည်နှင့်ကြိတ်၍ ရှူပေးက ဝက်ရူးနာကို ပျောက်စေပါသည်။

အရွက်ကို အရည်ညှစ်၍ ချင်းခြောက်၊ ဝိတ်ချင်း၊ ကြံသကာတို့နှင့် ဆတူရော၍ ရှူပေးက စိတ်ဖောက်ပြန်မြန်လွင့်သောရောဂါကို ပျောက်စေသည်။

ပေါက်ပန်းဖြူမြစ်ကို ရေနှံ့ကြိတ်၍ မီးဖြင့်နွေးပြီး အဆစ်အဆစ်ရောင်သောနေရာများတွင် လိမ်းပေး ပျောက်ကင်းစေပါသည်။

ညွှန်ကြားမှုဖြင့် (ဗောဒိတွင်း)

ကိုးကား -

မြန်မာ့ဆေးဖက်ဝင်အပင်များ (စိုက်ပျိုးရေးဌာန)

မြန်မာ့လူမျိုးဂုက်ဆေးနှင့်အသုံးနွယ်မြက်သစ်ပင် (မောင်ယဉ်နွယ်)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ မောင်ကြည်(ထားဝယ်)

သိဒ္ဓိမိုးမဂ္ဂဇင်းပါ သုခ၊ (ဉာဏ်ဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com

မှန်ခြင်း၊ သွေးသွန်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်၍ ဆီးပူ၊ ဆီးဝေ၊ ဆီးကျဉ်ခြင်း တို့အတွက် ရေချိုပုစွန်တုပ်အကောင်ကြီးကြီး (၁) ကောင်ကို ပုစွန်အခွံနှီပြီး ကျက်လောက်ရုံ မီးအုံးပြီး အသားပါးပါးလှီး၍ ရဲယိုရွက်နှင့် ဒန့်သလွန်ရွက်၊ ကန်ချပ်နွယ်ရွက် (၃) မျိုး ဆတူစပ်၍ နှမ်းဆီဖြင့် ကြော်ချက်ပြုလုပ်၍ ဆေးဓာတ်စာဟင်းလျာအဖြစ်ကျွေးပေးပါက သက်သာပျောက်ကင်းစေပါသည်။

၄။ သားသည်မိခင်များ နို့ချောင်းပိတ်ခြင်း၊ နို့မထွက်ခြင်း၊ သကျည်းကိုက်ခြင်း၊ ဝမ်းရစ်နာ၍ ပီးယပ်ဝမ်းဖြစ်ခြင်း စသည်တို့တို့ နွားပြီးကို ကြက်သွန်ဖြူချင်းနှိုင်နှိုင်ဖြင့် စွပ်ပြုတ်ကဲ့သို့ပြုလုပ်ပြီး ၎င်းနွားပြီးစွပ်ပြုတ်အရည်ကျက်ပြီး နွားအမြီးမှ ခြင်ဆီအဆီအနှစ်ထွက်၍ နူးအိနေသည့်အနေတွင် ရဲယိုရွက်ကို ပါးပါးလှီးပြီး ဟင်းချိုအိုးပေါ်မှအုပ်လိုက်ပြီး မီးဖိုပေါ်မှချလိုက်ပါ။ ဟင်းရည်အပူဒွေဖြင့်သာ ရဲယိုရွက်အနေတော်ကျက်ရုံ အဆင့်ရလျှင် အထက်ပါရောဂါများအတွက် အကောင်းဆုံး ဆေးဖက်ဝင်ဟင်းလျာဖြစ်ပါတော့သည်။

၅။ လေငန်းရောဂါ၊ အာရုံကြောအားနည်းရောဂါများအတွက် ငါးရှဉ့်ပါးနှပ်အကောင် အနေအတော်အရွယ်တစ်ကောင် သန့်စင်ဆေးကြောတိုက်ချွတ်ပြီး ဝမ်းဗိုက်ကိုခွဲ၍ ကလီစာများကိုထုတ်လိုက်ပြီး ၎င်းငါးရှဉ့်ဝမ်းတွင်းကို စပါးလင်အနေတော်(၁)ပင်ကို ထုထောင်းရှာဖြေးရိုက်၊ စပါးလင်အပင်လိုက် ငါးရှဉ့်ဝမ်းတွင်းမှာသွတ်လိုက်ပြီး ငါးရှဉ့်ကိုမီးကင်ပါ။

၎င်းငါးရှဉ့်မီးကင်အသားထွင်ပြီး သားများကို ရဲယိုရွက်၊ လယ်ပတူရွက် (၂) မျိုးဖြင့် တွဲဖက်၍ နှမ်းဆီစစ်စစ်ဖြင့် ကြက်သွန်ဖြူဓားငြားဗျိုက်ကိုနှိုင်နှိုင်အုပ်ထည့်ပြီး ကြော်စားပေးပါက လေငန်းရောဂါ၊ အာရုံကြောအားနည်းရောဂါသမားများ၊ သွေးကြောလေကြောပွင့်လင်းလာပြီး အာရုံကြောများကို အားဖြည့်သန့်စွမ်းလာစေနိုင်ပါသည်။

၆။ ပင်လယ်အုန်းရောဂါ၊ ဝမ်းဗိုက်နာခြင်း၊ ဝမ်းဗိုက်ရစ်ခြင်းတို့ကို ငါးမြွေထိုးကျပ်တိုက်အသားထွင်ပြီး ရဲယိုရွက်ကို ကြက်သွန်ဖြူနှိုင်နှိုင်ထည့်၍ ဆီပြန်ချက်စားပေးပါ။

၇။ အနာမန်းဝင်ရောင်ကိုင်းနေခြင်း၊ ခါးနာခြင်း၊ ခူးနာခြင်းတို့အတွက် ပုစွန်ဆိတ်ကို အမြီးနှင့် ခေါင်းခွဲခွာပြီး ကိုယ်ပိုင်းမှအခွံကို ကျန်အောင် ချန်ထားပြီး ရဲယိုရွက်နှင့် ပေါက်ပန်းဖြူရွက် (၂) မျိုး စပ်ပြီး ကြော်ချက်ချက်စားပေးပါက ငန်းမန်းကြေပြီး ခါးနာ၊ ခူးနာအတွက်ကောင်းပါသည်။

၈။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် မကြာခဏ ရဲယိုရွက် မနုမရင့်အနေကို ဒန့်သလွန်ရွက်၊ ငါးရံ့ပတူရွက် (၃) မျိုးကို ရေနွေးဖြောပြီး ပါးပါးလှီး၍ ကြက်သွန်နီများများ၊ ပုစွန်ခြောက်မှန့်၊ သံပရာရည်ရွှဲရွှဲဆမ်းပြီး ငရုတ်သီးစိမ်းပါးပါးလှီးထည့်၍ နှမ်းဆီစစ်စစ်အနည်းငယ်ဆမ်းပြီး အစပ်တည့်အောင်သုပ်ပြီး ဆေးဓာတ်စာဟင်းလျာအဖြစ် မကြာခဏကျွေးပေးပါက လွန်စွာကောင်းမွန်ပါသည်။

ယခုတင်ပြခဲ့သည်တို့မှာ ရဲယိုရွက်၏ ဆေးစွမ်းအာနိသင်ကို အသုံးပြု၍ ရောဂါအမျိုးမျိုးအဲလိုက် ဆေးဖက်ဝင်ဟင်းလျာ ဆေးဓာတ်စာစီမံချက်လုပ်ပုံနည်းများ ဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင် အလွယ်တကူ စီမံချက်ပြုတ်နိုင်ပြီး လွန်စွာ ဆေးဖက်ဝင် အစွမ်းထက်သည့် ဆေးဟင်းလျာများ ဖြစ်ပါသည်။

စာဖတ်ပရိသတ်ကြီးအတွက် ရဲယိုရွက်၊ ရဲယိုသီး ဆေးဖက်ဝင် ဟင်းလျာများ၏ဆောင်းပါးအစမှ နိဒါန်းချီခဲ့သော စာရေးသူ၏ အဘွားလက်ဖွဲ့သုံးခဲ့သော ရဲယိုသီးယိုဆေးဓာတ်စာနည်းကို နိဂုံးချုပ်လက်ဆောင်အဖြစ်တင်ပြပေးပါမည်။

ဆေးဖက်ဝင် အစွမ်းထက်သည့် ရဲယိုသီး ဆေးဓာတ်စာယိုပြုလုပ်နည်း

ရှေးဦးစွာ ရဲယိုသီးရွှမ်းပြင်းအမှည့်များကို ရသလောက်၊ လိုချင်သလောက် ခူးယူပြီး မီးဖိုဘေးတွင်ထားသော ဆားအိုးထဲတွင် သိပ်ထားပြီး အမှည့်ညှီ၍ ပျော်လာကာ လက်ဖြင့်ဖျစ်ကြည့်လိုက်လျှင် အလွယ်တကူ ပျော့သွားသည့်အနေတွင် စကာစိပ်ဖြင့် ၎င်းရဲယိုသီးများကို အနှစ်တိုက်ချပါ။ စကာပေါ်တွင် ရဲယိုလီး၏အစေ့များကျန်နေပြီး ရဲယိုသီးအသားအနှစ်များသာ စုဆောင်းယူပါ။

ရရှိလာသော ရဲယိုသီးအနှစ်များနှင့် သင့်တော်သည့်အလေးချိန်ရှိသော ထန်းလျက်သန့်သန့်ကိုထုခြေပြီး ၎င်းရဲယိုသီးအနှစ်များနှင့်ရော၍ မီးအေးဖြင့်ချက်ပါ။ မပြတ်မွှေပေးနေရန် လိုအပ်ပါသည်။

တဖြည်းဖြည်း ရေခန်းလာပြီး ဆေးယိုများလက်ကော်ရလောက်သည့် အနေအထားတွင် ဆားမီးဖုတ်ကို အချို့အငန် သင့်တော်ရုံကြည့်၍ထည့်ပြီး နှံ့အောင်မွှေပါ။ အားလုံးအနေတော်ဖြစ်ပြီဆိုလျှင် နှမ်းဆီသင့်ရုံထည့်ပြီး (၅) မိနစ်ခန့်ဆက်မွှေပြီး ဆေးယိုအိုးကိုချလိုက်ပါ။

ပြီးလျှင် လေလုံသော ဖန်ဘူးတွင် ထည့်၍ နံနက်၊ ည စားပွဲခွန်း (၁) ခွန်း မှန်မှန်စားပေးပါက သွေးကြော၊ လေကြောပွင့်ပြီး ပေါ့ပါးသွက်လက်တာ သွေးတစိုစိုဖြင့် ကျန်းမာပြီး အလွန်နေလို့ကောင်းသည်ကို လက်တွေ့သိရပါလိမ့်မည်။

သတ္တဝါများ
စားသမျှအားဖြစ်ကျန်းမာကြပါစေ

ဒွေနှဝင်း (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ဟောင်း မောရစ်ကောလစ်

လုမိုး(ပညာရေး)

ပိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာမောရစ်ကောလစ်

ကျွန်တော်သည် သခင်အောင်ဆန်း သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာနိုင်ငံတွင် အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အဖြစ် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က မတွေ့ခဲ့ရပါ။ ကျွန်တော် အသက် (၂၃) နှစ်အရွယ်၊ ၁၉၁၂ ခုနှစ်က အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း အိုင်စီအက် သို့မဟုတ် အရပ်အခေါ် မိုးကျရွေကိုယ်အမှုထမ်းအဖြစ် ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော်တို့သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား ဝိတိုရိယဘုရင်မကြီး၏ နေမဝင်သော အင်ပါယာကြီးအတွင်း သွတ်သွင်းခဲ့ပြီး နောက် အုပ်ချုပ်ရေးအမှုထမ်းများကို ခန့်ထားပြီး အုပ်ချုပ်စေခဲ့ပါသည်။

မြန်မာနိုင်ငံအား စတင်သိမ်းပိုက်သည့်အခါ အိန္ဒိယနိုင်ငံ၏ ပြည်နယ်ခွဲတစ်ခုဟု သတ်မှတ်ပြီး အိန္ဒိယဘုရင်ခံအား အုပ်ချုပ်စေခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံသည် အိန္ဒိယနိုင်ငံ ဒေလီမြို့တွင်ရုံးစိုက်သော အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံဖြစ်သည်။

ဤသို့ဖြင့် သိမ်းပိုက်ထားသော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အား အထက်ဖော်ပြပါ အိုင်စီအက်(စ်)အရာရှိများက အုပ်ချုပ်ခဲ့ကြပါသည်။ ထိုစဉ်က ကျွန်တော်တို့ ပညာတတ်များသည် အိုင်စီအက်(စ်)ရာထူးကို အထူးမက်မောကြပါသည်။ အင်္ဂလန်နိုင်ငံမှ ဟိုးဟိုးကျော်ခဲ့သော တက္ကသိုလ်ကျောင်းတိုက်ကြီးနှစ်ခုဖြစ်သည့် အောက်စဖို့(ဒ်)နှင့် ကင်းဘရစ်(ဂျ်)တို့မှထွက်သူများသည် အိုင်စီအက်(စ်)ရာထူးများရကြပါသည်။ (နောင်အခါ ရန်ကုန်တက္ကသိုလ်ကျောင်းထွက်မြန်မာများ အိုင်စီအက်(စ်)ရာထူးရခဲ့ကြ၏။) ထိုစဉ်ကာလက ကျွန်တော်တို့အိုင်စီအက်(စ်)များသည် မြို့အုပ် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) တိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးအရာရှိ) အတွင်းဝန်နှင့် အတွင်းဝန်ချုပ်အထိ ရာထူးကြီးများကိုရကြပါသည်။ ကံကောင်းသူများမှာ ဒုတိယဘုရင်ခံ ဘုရင်ခံရာထူးများအထိရခဲ့ကြပါသည်။

အငြိမ်းစားယူကြသည့်အခါတွင်လည်း ဘွဲ့ထူးဂုဏ်ထူးကြီးများရကြပါသည်။ ကျွန်တော်သည် ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကာ အတွင်းဝန်ရုံးတွင် သတင်းပို့ခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိသော တောမြို့ကလေးတစ်မြို့ဖြစ်သည်။ စစ်ကိုင်းမြို့တွင် တာဝန်ကျခဲ့ပါသည်။ စစ်ကိုင်းသည် ရေးပဝေဏီက မြို့တော်ဟောင်းတစ်မြို့ဖြစ်၍ နိုင်ငံခြားနှင့်အဆက်အသွယ်ရှိခဲ့ဖူးလေသည်။ တရုတ်နိုင်ငံ မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော ရွှန်လီသည် တရုတ်နိုင်ငံမှ ထွက်တိမ်းရှောင်လာပြီး မြန်မာမင်းလက်အောက်တွင် ခိုအောင်းနေခဲ့သည်မှာ စစ်ကိုင်းမှာပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော် အုပ်ချုပ်ရေးအရာရှိအဖြစ် စစ်ကိုင်းသို့ရောက်လာသည့်အခါတွင် စစ်ကိုင်းသည် အတော်ခေါင်သောမြို့ကလေးတစ်မြို့ဖြစ်နေပြီ ဖြစ်သည်။ ထိုစဉ်ကာလကမူ နောင်အခါ လူထုခေါင်းဆောင်ဖြစ်လာသည့် သခင်အောင်ဆန်းကား ဖွားမြင်ခြင်းမရှိသေးပါ။

အထက်ဖော်ပြပါ စာပိုဒ်သုံးပိုဒ်စဉ်က မြြိတိသျှကိုလိုနီနိုင်ငံတွင်း အတော်အသင့် ထင်ရှားခဲ့သော မြန်မာ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသို့ အိုင်စီအက်(စ်) ခေါ် အိန္ဒိယ ပဋိညာဉ်ခံဝန်ထမ်းအရာရှိအဖြစ် အုပ်ချုပ်ရေးတာဝန်ကိုယူခဲ့ရသော မစ္စတာ မောရစ်ကောလစ် ရေးသားး၍ ၁၉၇၀ ပြည့်နှစ်က ထုတ်ဝေသော The Journey UP စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ဆီလျော်အောင် မြန်မာဘာသာပြန်ဆို ဖော်ပြထားခြင်းဖြစ်သည်။ထိုစာအုပ်တွင် မစ္စတာမောရစ်ကောလစ်သည် ၁၉၃၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ သူတွေ့ကြုံရသည့်ဖြစ်ရပ်များကို မှတ်တမ်းတင်ဖော်ပြခဲ့ပါသည်။

ဤဆောင်းပါးကို ရေးသားသူ ကျွန်တော်သည် အရေပိုင်ဟောင်း ကမ္ဘာကျော် စာရေးဆရာကြီး မောရစ်ကောလစ်ကို မမိလိုက်ပါ။ မြန်မာနိုင်ငံ အရေပိုင်ဘဝမှ အငြိမ်းစားယူသွား၍ စာရေးဆရာလောကသို့ ခြေစုံပစ်၍ ဝင်သွားသောအချိန်တွင် ကျွန်တော်မှာ ပထမအရွယ် လူမမည်ဘဝသာဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်၏ စစ်ရိပ်စစ်ငွေ့များ လွှမ်းမိုးလာသောအချိန်တွင် ကျွန်တော်မှာ မြန်မာဘာသာပြန်စာအုပ်များကို လူလူသူသူဖတ်စပြုပြီဖြစ်သော အလယ်တန်းကျောင်းသားတစ်ဦးဖြစ်နေပြီဖြစ်ရာ အရေပိုင်ဟောင်း မောရစ်ကောလစ်ရေး၍ ကွယ်လွန်သူ စာရေးဆရာမကြီး 'ဒေါ် အမာ မြန်မာဘာသာပြန်ဆိုသော 'မြန်မာပြည်တွင်စစ်ဆေးခဲ့သော အမှုအခင်းများ နှင့် 'စန္ဒမာလာ' ဟူသောစာအုပ်များကို ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ပြီး ဖြစ်ပါသည်။

ထို့အတူ သူရိယသတင်းစာကြီးတွင် နေ့စဉ်ဖော်ပြသည့် မြန်မာဘာသာပြန်ဆိုသူ ကလောင်ရှင်ကို မမှတ်မိသော သူရေးသားထုတ်ဝေသည့် စာဒေဝီနှင့် ယိုးဒယားဝိုက် မြန်မာဘာသာပြန်များကိုလည်း သဲသဲမဲမဲဖတ်ရှုခဲ့ရပြီးဖြစ်ရာ မြန်မာနိုင်ငံ အရေပိုင်ဟောင်း ကမ္ဘာကျော် စာရေးဆရာကြီး မောရစ်ကောလစ်သည် စာရေးဆရာလောကသို့ အလွန်နောက်ကျမှဝင်ရောက်ခဲ့သူဖြစ်သော်လည်း စာရေးအားအလွန်ကောင်းသူ ဖြစ်ပါသည်။ သူ စာရေးဆရာလောကသို့ ဝင်ရောက်လာသည်မှာ ၁၉၇၂ ခုနှစ် သူကွယ်လွန်သည့်နေ့အထိ စာအုပ်ပေါင်း (၃၀)ကျော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။သူ စာအုပ်များအနက် အချို့သောစာအုပ်များမှ ဂန္ထဝင်မြောက်စာအုပ်များဖြစ်သည်ဟု စာပေအကဲဖြတ်သူများက တညီတညွတ်တည်းအကဲဖြတ်ခဲ့ကြသော စာအုပ်များဖြစ်ရာ ယခု ဆောင်းပါးရေးနေသောအချိန်အထိ အကြွေမကြွေမ် ပုံနှိပ်ထုတ်ဝေခဲ့ရပါသည်။ (သူစာအုပ်အချို့အား မြန်မာစာရေးဆရာကြီးများဖြစ်သော စာရေးဆရာမကြီး ဒေါ် အမာ၊ ဦးခင်မောင်ကြီး၊ ဆရာကျော်အောင်၊ ဆရာမြသန်းတင့်၊ ဝိုလ်အောင်စိန်၊ တောင်တွင်းဦးကိုကိုကြီးနှင့် ဦးလှဒင်တို့က မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။)

မြန်မာနိုင်ငံ အရေပိုင်ဟောင်း အိုင်စီအက်(စ်) မောရစ်ကောလစ်မှ သူနှင့်ခေတ်ပြိုင် အိုင်စီအက်(စ်)လောကမှ ဗြိတိသျှအရာရှိများနှင့် လုံးဝသဘောထား တိုက်ဆိုင်သူမဟုတ်ပေ။ သူသည် မြန်မာလူမျိုးများအပေါ် သံယောဇဉ်ရှိသူ၊ မြန်မာကျေးလက်နေလူထုနှင့်လက်ပွန်းတတီးဆက်ဆံသူ၊ မြန်မာတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစား၍ လေ့လာလိုက်စားသူဖြစ်လေရာ ထိုစဉ်က ဗြိတိသျှအိုင်စီအက်(စ်)အရာရှိများက သူအား မြန်မာအလိုတော်ရိပ်မှတ်ယူထားကြသည်။ ထိုစဉ်က မောရစ်ကောလစ်၏ အတွေးအခေါ်များသည် ရှေ့သို့ နှစ်ပေါင်းများစွာကျော်ရောက်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ သူ မြန်မာနိုင်ငံတွင် အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် မြန်မာလူမျိုးတို့က လွတ်လပ်ရေးအတွက် နည်းမျိုးစုံနှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့်ကာလဖြစ်ရာ မြန်မာလူမျိုးတို့က မျိုးချစ်စိတ်ကို အကဲခတ်နိုင်သူဖြစ်၏။ ဗြိတိသျှတို့သည် သူတို့၏ ခေတ်နောက်ကျနေသော သဘောထားအမြင်ကို မပြောင်းလျှင် ဗြိတိသျှတို့၏ရှေးခေတ် သို့မဟုတ် နေမဝင်သောအင်ပါယာခေတ်သည် ကုန်ဆုံးပေတော့မည်ဟု ကြိုတင်သိခဲ့သူဖြစ်၏။

ဗြိတိသျှဗျူရိုကရက်တို့၏ မြန်မာလူထုအပေါ် အပေါ်စီးမှကြည့်တတ်ပုံကို မောရစ်ကောလစ်ကစက်ဆုပ်သည်။ သို့ဖြစ်၍ ဗြိတိသျှအုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိကြီးများက သူကို မလိုလားအပ်သော အိုင်စီအက်(စ်)အရာရှိတစ်ဦးဟုလည်းကောင်း လွှဲချစာအိုင်စီအက်(စ်)တစ်ယောက်ဟုလည်းကောင်း သတ်မှတ်ထား၏။ ဤကဲ့သို့ သတ်မှတ်ခံထားခြင်းခံရသော အရာရှိများကို ထေးလဲ၍အသွားအလာခက်ခဲသည့် မဲဇာဟု ကင်ပွန်းတပ်ခံရသော ချောင်ကျသည့်ဒေသများသို့ပို့လေ့ရှိ၏။ ဗြိတိသျှအာဏာပိုင်များသည် မောရစ်ကောလစ်အား ထိုစဉ်ကာလက လမ်းပန်းအဆက်အသွယ်ခက်ခဲသည့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရွှေချောင်ကျသောဒေသများသို့ ဖိထားခဲ့သည်။ အိုင်စီအက်(စ်) မစ္စတာကောလစ်အား ချောင်ကျသော တောတောင်ပြန့်နှင့် မြန်မာနိုင်ငံ၏ တောင်ဘက်ခွန်း မြို့တခွင် အရေပိုင်အဖြစ်ပို့ခဲ့၏။ သူအဖို့ 'စိုင်းကော်၍ ချပေါ်ရောက်သည်' ဟု ဆိုရပေတော့မည်။ ထိုဒေသများတွင်နေထိုင်စဉ် တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံများရရှိခဲ့ရာ သူအား ကမ္ဘာကျော်စာရေးဆရာကြီးအဖြစ်ပို့ဆောင်ပေးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

သူရေးသော သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်စိတ်တစ်ပိုင်းနှင့် မြန်မာနိုင်ငံအကြောင်းစာအုပ်များ သမိုင်းနောက်ခံအတ္ထုပ္ပတ္တိများဝတ္ထုများသည် ယောက်

www.burmeseclassic.com

www.burmeseclassic.com

သောက်လဲရောင်းချရသည့်စာအုပ်များ ဖြစ်ခဲ့သည်။ မြန်မာ့အလိုတော်ရိ အိုင်စီအက်(စ်)ဟောင်းမောရစ်ကောလစ်ကား ကမ္ဘာ့စာပေလောကဇာတ်ခုံပေါ် တွင် လျှမ်းလွှ ဘတာက် ဟိုးဟိုးကျော်ခဲ့သော စာရေးဆရာကြီးတစ်ဦးအဖြစ် နေရာရရှိခဲ့၏။ သာဓကအားဖြင့် ထိုစဉ်ကာလက မြန်မာနိုင်ငံ၏ မဲဇာဟု ကင်ပွန်းတပ်ထား သော မြိတ်မြို့တွင် မောရစ်ကောလစ် သည် နှစ်နှစ်မျှ အရေးပိုင်တစ်ဦးအဖြစ် အမှုထမ်းခဲ့ရာမှ ယိုးဒယားပြိုက် အမည်ဖြင့် သမိုင်းအတ္ထုပ္ပတ္တိတစ်အုပ် ရေးသား ထုတ်ဝေခဲ့ပြီး ယနေ့အထိ ကျွန်တော့် အကြိမ်ကြိမ်ပြန်ဖတ်လေ့ရှိသည့် စန္ဒ မာလာဝတ္ထုမှာလည်း မြိတ်မြို့အား အခြေခံ၍ ဗြိတိသျှအမျိုးသား ပန်းချီ ဆရာတစ်ဦးနှင့် မြန်မာအမျိုးတော်ဝင် ဆွေတော်မျိုးတော်အန္တယ်တစ်ဦးတို့၏ အချစ်ရေးကို စာဖတ်သူများတသသဖြစ် စေရန် ရေးသားနိုင်ခဲ့သည်။

စန္ဒမာလာသဲသည် မောရစ်ကော လစ်၏ စိတ်ကူးဉာဏ်ကွန့်မြူ၍ သူ အတွေ့အကြုံများကို အခြေခံကာ ရေး သားခဲ့သောဝတ္ထုတစ်ပုဒ်ဖြစ်သော်လည်း စာဖတ်သူများအဖို့ ထိုဝတ္ထုကို ဖတ်မိပါ က လက်မှမချချင်အောင်စာဖတ်သူများ အား ဆွဲဆောင်နိုင်သော ဝတ္ထုတစ်ပုဒ် ဖြစ်၏။ ထိုဝတ္ထုတွင် ကိုလိုနီယန္တရား လည်ပတ်ပုံ တစ်စိတ်တစ်ဒေသအား ဖွဲ့ဆိုထားခဲ့ပါသည်။ (ယင်းဝတ္ထုအား ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်အမာက စန္ဒမာလာအမည်ဖြင့်ပင် တိုက်ရိုက်လုံးစေ့ပတ်စေ့ မြန်မာဘာသာ ပြန်ဆို၍ ဒုတိယကမ္ဘာစစ်ကြို ၁၉၄၀ ပြည့်နှစ်ခန့်က ထုတ်ဝေခဲ့ပြီး ယနေ့အထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသော စာရေးဆရာ မြန်မာအလိုတော်ရိ မောရစ်ကောလစ်၏ ထူးထူးခြားခြား အောင်မြင် ပေါက်ရောက်သော ဝတ္ထု တစ်ပုဒ်ဖြစ်ခဲ့သည်။

မောရစ်ကောလစ်၏ ဤဝတ္ထု သည် မြန်မာလူငယ်များ၊ ကျောင်းသား များအား ထူးထူးခြားခြား ဂယက်ရိုက်ခဲ့ သောဝတ္ထု ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ တိတိပပ လွတ်လပ်ရေးရ သောအခါ ကွယ်လွန်သူ စာရေးဆရာ ကြီး တင့်တယ်က ရွှမဝဗဂ္ဂဇင်ကြီး (မှား နိုင်ပါသည်။). တွင် 'ရွှေချစ်၊ ငွေချစ်' အမည်ဖြင့် မြန်မာအမျိုးသားညီအစ်ကို နှစ်ယောက်နှင့် ဗြိတိသျှအမျိုးသမီး တစ်ဦးတို့၏ ၃၀ ခန့်မောတသဖွယ် အချစ် ဝတ္ထုတစ်ပုဒ်ကို ရေးသား ထုတ်ဝေခဲ့ သည်။ ထိုဝတ္ထုကို စာရေးဆရာကြီး တင့်တယ်က စာရေးဆရာကြီး မောရစ် ကောလစ်ကို ရည်ညွှန်းရေးပါသည်ဟု ဖော်ပြရေးသားထားခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာ အလိုတော်ရိ မောရစ်ကောလစ်ရေးသား ခဲ့သော မြန်မာနိုင်ငံနောက်ခံသမိုင်းဝတ္ထု များနှင့် သူ့အတွေ့အကြုံများကို မှတ် တမ်းတင်ရေးသားခဲ့သော မြန်မာနိုင်ငံ အခြေအနေပြစာအုပ်များတွင် မောရစ် ကောလစ်သည် ကျွန်တော်တို့ ထဲထဲ ဝင်ဝင် မသိခဲ့ရသော ဗြိတိသျှကိုလိုနီ နယ်ချဲ့စနစ်ပုံသစ်ကို တိတိကျကျ ခရေ စေ့တွင်းကျ ရေးသားခဲ့၏။ မှန်ပါသည်။ ဒုတိယကမ္ဘာ စစ်ကြိုကာလက ဗြိတိသျှ တို့ကျင့်သုံးခဲ့သော ကိုလိုနီစနစ်သည် ထိုစဉ်က ခေတ်ပြိုင် အခြားနယ်ချဲ့နိုင်ငံ များဖြစ်သော ပေါ် တူဂီ၊ ပြင်သစ်၊ ဒပ်(ချ်) တို့နှင့်လည်းမတူဘဲ လှည့်ပတ်နိုင်ဆုံး သောစနစ်ကို ကျင့်သုံးခဲ့ကြောင်း ရေး သားခဲ့၏။ သို့သော် ထိုစဉ်က ကျွန်တော် တို့အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ် အောင်ဆန်းမှာ ကျောင်းသားငယ်တစ်ဦး သာဖြစ်ခဲ့၏။

သို့သော် ၁၉၃၆ ခုနှစ်ခန့်တွင် အင်္ဂလန်နိုင်ငံသို့ ခွင့်ရက်ရှည်ယူလာ သော ရှမ်းပြည်နယ် အထူးတိုင်းမင်းကြီး အဖြစ်ဆောင်ရွက်နေသူ မစ္စတာဖီလစ် ဖိုဂါတီနှင့် အမှတ်မထင် မိတ်ဆွေတစ်ဦး အိမ်တွင်တွေ့ကြရာမှ မောရစ်ကောလစ် အား ထိုစဉ်က လူသိနည်းသော ရှမ်းပြည် နှင့်ရှမ်းစော်ဘွားများအကြောင်း စာအုပ် ရေးသားသင့်သည်ဟု တိုက်တွန်းခဲ့သည် သာမက မောရစ်ကောလစ်အား မြန်မာ နိုင်ငံသို့ အလည်အပတ် လာရောက်ရန် ဖိတ်ကြားခဲ့သည်။

မြန်မာအလိုတော်ရိ စာရေးဆရာ ကြီး မောရစ်ကောလစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအခါ မြန်မာနိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအ ကျင်းသည် သူ့အရေးပိုင်ဘဝက အခြေ အနေနှင့်မတူတော့။ ရန်ကုန်ယူနီဗာစတီ သမဂ္ဂမှ အမျိုးသားနိုင်ငံရေးကို စိတ်ဝင် စားသူလူငယ်များ၊ မန္တလေးကောလိပ်မှ လူငယ်အများအပြားသည် ဗြိတိသျှ အစိုးရအား ပြောင်ပြောင်တင်းတင်း ဆန့်ကျင်တိုက်ပွဲဝင်နေကြသည်။ ထိုလူ ငယ်များဖြစ်ကြသော မောင်နု၊ ကိုအုံး၊ လှဖေ (ဗိုလ်လက်ျာ) ကျော်ငြိမ်း၊ ရာရှမ် နှင့် ကိုအောင်ဆန်းတို့အကြောင်းအား မောရစ်ကောလစ်၏ မိတ်ဆွေများက ပြောပြခဲ့ကြသည်။

ဤကဲ့သို့ စာရေးဆရာကြီး မောရစ်ကောလစ် မြန်မာနိုင်ငံသို့ရောက် ရှိလာသောအချိန်တွင် ရန်ကုန်တွင် ခေတ္တနေထိုင်၍ သူ့မိတ်ဆွေဟောင်းများ နှင့်တွေ့ခဲ့ရသော်လည်း သူ့နှင့် သခင် အောင်ဆန်းတို့မတွေ့ခဲ့ရ။ ထိုအချိန်တွင် မြန်မာ့အမျိုးသားတို့၏ အထွေထွေလှုပ် ရှားမှုဒီရေမှာ တစ်နေ့တခြား တိုးတက် လာခဲ့ပြီ ဖြစ်၏။ သူမြန်မာနိုင်ငံတွင် အရေးပိုင်အဖြစ် တာဝန်ယူခဲ့ရစဉ်က မြန်မာမျိုးချစ်တို့၏ အထွေထွေလှုပ်ရှား မှုအား ဦးဆောင်ခဲ့သူများ၏ ဓနရာတွင် အထက်ဆောင်းပါးတစ်နေရာ၌ ဖော်ပြ ခဲ့သော ရန်ကုန်ယူနီဗာစတီကျောင်းသား ခေါင်းဆောင်သစ်များက နေရာယူလှုပ် ရှားလာခဲ့ပြီဖြစ်သည်။ ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလတွင်မူ ယခင်က ဗြိတိသျှ အာဏာပိုင်များ၏ အုပ်ချုပ်စနစ်အား တအုံနွေးနွေးနှင့် ဆန့်ကျင်နေကြသော ရန်ကုန်ယူနီဗာစတီကျောင်းသားများသည် သမဂ္ဂဥက္ကဋ္ဌ ကိုနုနှင့် ရန်ကုန်ယူနီဗာစတီ သမဂ္ဂမှထုတ်ဝေသော အိုးဝေမဂ္ဂဇင်း တာဝန်ခံကိုအောင်ဆန်းတို့အား ကျောင်း မှထုတ်ပစ်ခဲ့သည့်အတွက် ကျောင်းသား များ သပိတ်မှောက်ခဲ့ကြတော့၏။ ဤ ကျောင်းသားသပိတ်တိုက်ပွဲအား အထက် ဖော်ပြပါကျောင်းသားများက စုစုစည်း စည်း တက်ညီလက်ညီ လုပ်ဆောင်၍ သပိတ်တိုက်ပွဲကြီး ဆင်နွှဲခဲ့ကြသည်။ ထိုသပိတ်ကြီးကား ဗြိတိသျှအာဏာပိုင် များ ထင်ထားသည်ထက် ပို၍နက်ရှိုင်း ကျယ်ပြန့်လာခဲ့သည်။

ရန်ကုန်ယူနီဗာစတီသပိတ်အား မန္တလေးကောလိပ်နှင့် နယ်အထက်တန်း ကျောင်းများမှ ကျောင်းသားအများက လည်း ပါဝင်လာခဲ့၏။ ထိုစဉ်က တို့ဗမာ အစည်းအရုံးနှင့်ပြည်သူအများကလည်း မားမားမတ်မတ်ရပ်ခဲ့ပြီး ကျောင်းသား သပိတ်ကို အားပေးခဲ့ကြ၏။ ဤကျောင်း သားသပိတ်သည် အမျိုးသားပဋိပက္ခ တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ဗြိတိသျှအာဏာပိုင်များသည် ကျောင်း သားတို့ဘက်မှ တောင်းဆိုချက်အခ အားပေးခဲ့ကြသည်။ သို့သော် ထိုသပိတ် ကြီးသည် ဗြိတိသျှကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုကြီးတွင် ထင်ရှားသောမှတ် တိုင်ဖြစ်ခဲ့ရသည်။ ထိုကျောင်းသား သပိတ်ကြီးကား မြန်မာလွတ်လပ်ရေး လှုပ်ရှားမှုကြီးအတွင်း ထင်ရှားသော အဆင့်တစ်ဆင့်ဖြစ်ခဲ့ရ၏။ ထို့အ အိုးဝေမဂ္ဂဇင်းတာဝန်ခံ ကိုအောင်ဆန်း အဖို့လည်း ထင်ရှားသော အမျိုးအင်္ဂ

www.burmeseclassic.com

တစ်ခုဖြစ်လာခဲ့သည်။ မုန်တိုင်းထန်နေသောမြန်မာနိုင်ငံရေးတွင် တဖြည်းဖြည်းကိုအောင်ဆန်း တိုးဝင်လာခဲ့ပြီဖြစ်၏။ ဤသို့သော အခြေအနေများတွင် မောရစ်ကောလစ်သည် မြန်မာနိုင်ငံသို့ ခေတ္တပြန်ရောက်လာခဲ့ပြီး ရှမ်းပြည်တစ်နံတစ်လျား ခြေရာချင်းထပ်မျှသွားခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံမှထုတ်ဝေသော မြန်မာသတင်းစာများနှင့်အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာကြီးများတွင် ကိုအောင်ဆန်းအကြောင်း မကြာခဏ ပါဝင်ခဲ့သည်ကို မောရစ်ကောလစ်သည် တွေ့ခဲ့ရသော်လည်း သူတို့နှစ်ဦးမဆုံခဲ့ကြ။ ထိုစဉ်က တရုတ်နိုင်ငံ၌ဖြစ်ပွားနေသော မကြေညာသော စစ်ပွဲသည် အရှိန်အဟုန်မြင့်လာခဲ့ပြီဖြစ်သည်။ ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့သည် တရုတ်နိုင်ငံရှိ သူတို့အကျိုးစီးပွားများကို ကာကွယ်ရန် တရုတ်ကွန်မင်တန်အစိုးရအား နောက်ကွယ်မှ စစ်ရေး၊ စီးပွားရေးအကူအညီပေးခဲ့ကြ၏။ လူမသိသူမသိဖောက်လုပ်ထားသော တရုတ် - မြန်မာလမ်းမကြီးမှတစ်ဆင့် လက်နက်ခဲယမ်းမီးကျောက်များ၊ စစ်အသုံးအဆောင်ပစ္စည်းများ အကူအညီပေးဖို့ခဲ့ကြရာ မြန်မာနိုင်ငံသည် ဖက်ဆစ်ဂျပန်တို့၏ပစ်မှတ်ဖြစ်လာသည်။

ထိုကာလက ဥရောပတိုက်တွင် လည်း စုပါပါဝါနိုင်ငံဖြစ်လာသော နာဇီဂျာမနီနိုင်ငံသည် ဒုတိယကမ္ဘာစစ်ဆင်နွှဲရန် ပြင်ဆင်လာခဲ့ပြီးဖြစ်ရာ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကာကွယ်ရေးအတွက် ထက် သူနိုင်ငံ၏ ကာကွယ်ရေးကိုသာ အားသွန်ခွန်စိုက် လုံးပမ်းနေရတော့သည်။

မောရစ်ကောလစ်သည် မြန်မာနိုင်ငံမှ အင်္ဂလိပ်သို့ပြန်ရောက်လာခဲ့ပြီး မြန်မာနိုင်ငံ၏အခြေအနေအရပ်ရပ်ကို သက်ဆိုင်ရာ တာဝန်ရှိသူ သူမိတ်ဆွေများအား သတိပေးခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် မောရစ်ကာလစ်သည် သူ၏ခရီးသွားမှတ်တမ်းဟုဆိုရမည့် Lords of The Sun Set စာအုပ်ကို ထုတ်ဝေခဲ့၏။ ဤစာအုပ်တွင် ရှမ်းပြည်နယ်နှင့် ရှမ်းစော်ဘွားများအကြောင်း ခရေစေ့တွင်းကျ ရေးသားဖော်ပြခဲ့ပြီး ရှမ်းပြည်နယ်နယ်နိမိတ်နှင့်ဆက်စပ်နေသော တရုတ်နိုင်ငံအကြောင်းကိုလည်း ရေးသားခဲ့၏။ (ထိုစာအုပ်အား ဆရာကျော်အောင်က 'နေဝင်ဘုရင်များ' အမည်ဖြင့် လုံးစေ့ပတ်စေ့ ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။)

၁၉၃၉၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်မီးကြီးတောက်လောင်ကာ မြန်မာနိုင်ငံသို့ကူးစက်လာခဲ့သည်။ ဂျပန်နိုင်ငံဘုရင်တပ်မတော်အကူအညီနှင့် သခင်အောင်ဆန်းနှင့်ရဲဘော်လူငယ် (၃၀) တို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းခဲ့သည့်အကြောင်းများကိုမူ အင်္ဂလိန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများနှင့် အိန္ဒိယမှထုတ်ဝေသောသတင်းစာများ၊ အင်္ဂလန်နိုင်ငံမှ ထုတ်လွှင့်သောသတင်းများတွင် ဖော်ပြရှိသဖြင့် မြန်မာအလိုတော်ရှိ မောရစ်ကောလစ်အဖို့ သူတို့လိုလျက် မတွေ့ခဲ့ရသော သခင်အောင်ဆန်းအကြောင်း သိခွင့်ရခဲ့သည်။ သခင်အောင်ဆန်းမှာ ထိုအချိန်တွင် မြန်မာလူထု လေးစားကြည်ညိုသောဗိုလ်ချုပ်အောင်ဆန်းဖြစ်နေပြီ ဖြစ်သည်။

၁၉၄၅ ခု၊ မေလတွင် ဒုတိယကမ္ဘာစစ်ကြီး ဥရောပတိုက်၌ပြီးဆုံးခဲ့ပြီး ဩဂုတ်လတွင် အရှေ့တောင်အာရှ၌ တောက်လောင်ခဲ့သော ဒုတိယကမ္ဘာစစ်မီးကြီးပြီးဆုံးခဲ့ရသည်။ ဤတွင် သူစိတ်ဝင်စားသော သံယောဇဉ်ရှိခဲ့သော မြန်မာနိုင်ငံ၏သတင်းများမှာ နားမဆံ့အောင်ကြားခဲ့ရတော့၏။ အသက်(၃၀) အရွယ် ရိုးသားဖြောင့်မတ်သည့် လူထုခေါင်းဆောင်ဖြစ်လာသော ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှဘုရင်အစိုးရ၏ အရှေ့တောင်အာရှ စစ်သေနာပတိဗိုလ်ချုပ်ကြီး မောင်တာတ်တန်ကိုယ်တိုင် လေးစားသော မြန်မာနိုင်ငံ လူထုခေါင်းဆောင်အမျိုးသားခေါင်းဆောင်ဖြစ်လာခဲ့ပြီဖြစ်၏။

ထိုစဉ်က အင်္ဂလန်နိုင်ငံမှ ဩဇာတိက္ကမအကြီးများဆုံးသတင်းစာကြီးများဖြစ်သော လန်ဒန်တိုင်း(မ်)သတင်းစာ၊ ဒေးလီမေး(လ်)နှင့်ဒေလီတယ်လီဂရပ်(စ်)သတင်းစာကြီးများတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖော်ပြသည်ကို ဖတ်ရှုခဲ့ရသော မောရစ်ကောလစ်သည် မြန်မာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို ပို၍ တွေ့လိုသောစိတ်ဖြစ်ပေါ် လာခဲ့၏။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ၁၉၄၇ ခု၊ ဇန်နဝါရီ ဈေးတွင် မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန် လန်ဒန်သို့ရောက်ရှိလာသည့် သတင်းနှင့် လန်ဒန်မြို့ ဒိုင်ခက်စတာဟိုတယ်၌ တည်းခိုနေသည် ဟူသော သတင်းကို အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများက မှတ်နှာပုံးသတင်းအဖြစ် ဖော်ပြခဲ့သည်။

မောရစ်ကောလစ်အဖို့ သူတွေ့ဆုံလိုသောဗိုလ်ချုပ်အောင်ဆန်းကို ရင်းရင်းနှီးနှီးစကားပြောရန် အခွင့်အရေးတစ်ရပ်ရပေတော့မည်ဟု မျှော်လင့်မိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာကိုယ်စားလှယ်အဖွဲ့အား အကြံပေးအဖြစ် လိုက်ပါလာသူမှာ အိုင်စီအက်(စ်)ဦးတင်ထွဋ်ဖြစ်၍ မောရစ်ကောလစ်နှင့်ခင်မင်ခဲ့သူဖြစ်၏။ သို့ဖြစ်၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဒိုချက်စတာဟိုတယ်၌ ကျင်းပသော ညစာစားပွဲသို့တက်ရောက်ရန် မောရစ်ကောလစ်အား ဖိတ်ကြားခဲ့သည်။ မောရစ်ကောလစ်အဖို့ မြန်မာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံရန် အခွင့်အရေးရခဲ့ခြင်းဖြစ်သည်။ ထို့နေ့ညစာစားပွဲမထိုင်မီမှာပင် ဦးတင်ထွဋ်၏ စီစဉ်ပေးမှုကြောင့် မြန်မာအလိုတော်ရှိ အရေးပိုင်ဟောင်း မောရစ်ကောလစ်သည် မြန်မာလူထုခေါင်းဆောင်အဖြစ် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်နေသော ဗိုလ်ချုပ်အောင်ဆန်းအား ပထမဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် တွေ့ရခြင်း ဖြစ်သည်။ သူ့အဖို့ အံ့အားသင့်ခဲ့ရ၏။ မြန်မာလူထုခေါင်းဆောင်မှာ အသက် (၃၀) အရွယ် စစ်ဝတ်စုံဝတ်ထားသည့် ရိုးသားပွင့်လင်းသောလူငယ်တစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်၏။

ထိုတွေ့ဆုံပွဲတွင် မောရစ်ကောလစ်သည် သူရေးသားထုတ်ဝေသော Foreign Mud စာအုပ်အား သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ မေတ္တာလက်ဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းအားပေးခဲ့သည်သာမက ဗိုလ်ချုပ်အောင်ဆန်းသက်တော်ရာကျော်ရှည်၍ လူထုခေါင်းဆောင်အဖြစ် အောင်မြင်ပေါက်ရောက်ပါစေဟု ဆုမွန်ကောင်းတောင်းခဲ့သည်ဟု မောရစ်ကောလစ်က နောင်အခါ သူရေးသားထုတ်ဝေခဲ့သော Journey up စာအုပ်တွင် ရေးသားဖော်ပြခဲ့ပါကြောင်း။

လှဦး (မညာရေး)

ကျမ်းကိုး -

Journey up - Maurice Collis.

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာစရဏသမ္ပန္နဘုရားရှင်တော်ပညာ

ဆရာဦးဆက်ထွန်းလင်း (အောယုဗေဒ)

၁၆

ဝိဇ္ဇာစရဏပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

၁ ကိုယ်ပိုင်တန်ခိုးနှင့်တစ်ဆင့်ခံတန်ခိုး

အင်္ဂါရတ်လမ်းစဉ်လိုက်စားသည့် ပုဂ္ဂိုလ်တစ်ဦး၏အဖြစ်ချင်ဆုံးသောဆန္ဒမှာ တန်ခိုးအရှိဆုံးသော ဓာတ်လုံးတစ်လုံးကို ရရှိပိုင်ဆိုင်ရေးပင် ဖြစ်၏။ ထိုဓာတ်လုံးမျိုးကို အရပ်သားလောကဥ ဝဥပြဒါးရှင်လုံးအဖြစ် သိရှိကြ၏။ နားလည်လက်ခံကြ၏။

ထိုပြဒါးရှင်လုံးရရှိခြင်းသည် နည်းလမ်းအမျိုးမျိုးရှိကြ၏။ အချို့သည် မိမိကိုယ်တိုင် ဓာတ်ထိုးပြီးရရှိခြင်းမျိုးလည်း ရှိသလို အချို့သည် အခြားသောဝိဇ္ဇာရေကျင့်စဉ်အချို့ကို ကျင့်သုံးအောင်မြင်သဖြင့်ရရှိခြင်းမျိုးလည်း ရှိ၏။ အချို့ကလည်း ခိုးယူခြင်း၊ အခြောင်ရယူခြင်း စသည့် မသမာသော နည်းလမ်းများဖြင့် ရယူခြင်းများလည်းရှိ၏။ အချို့ကလည်း အောင်မြင်ပြီး ရရှိထားသော ပြဒါးရှင်လုံးကို ငှားရမ်းယူခြင်းလည်း ရှိ၏။ ဤသို့ဖြင့် ဓာတ်လုံးရရှိခြင်းတို့သည် နည်းလမ်းအမျိုးမျိုးရှိ၏။ အထက်ပါနည်းလမ်းများမှ မည်သည့်နည်းလမ်းဖြင့် ဓာတ်လုံးကို ရရှိစေကာမူ ဓာတ်လုံးရရှိမှုသက်သက်သည် ကိုယ်ပိုင်သိဒ္ဓိမဟုတ်ပေ။ အငှားသိဒ္ဓိသာဖြစ်၏။ အဆိုပါ ပြဒါးရှင်လုံးမှသိဒ္ဓိကို မိမိ၏သုံးဆယ့်နှစ်ကောဋ္ဌာသဥ်လည်းကောင်း၊ ခန္ဓာငါးပါးတို့၌လည်းကောင်း၊ ရုပ်-နာမ်နှစ်ပါးတို့၌လည်းကောင်း ကူးယူပြီး အကြိမ်ပေါင်းများစွာ ထုံခြင်း၊ မွဲခြင်း၊ မြဲခြင်းတို့ပြုကာ သတ်မှတ်ချက်ပြည့်မီပြီး ရင့်ကျက်လာသောအခါတွင်မှ ကိုယ်ပိုင်သိဒ္ဓိဖြစ်လာမည် ဖြစ်၏။

ထိုကဲ့သို့ မိမိကိုယ်၌ မထုံဘဲထားပါက ပြဒါးရှင်လုံး၏သိဒ္ဓိသည် ပြဒါးရှင်လုံးထဲ၌သာရှိနေမည်ဖြစ်သည်။ ထိုအခါကာယက်ရှင်သည် တန်ခိုးသိဒ္ဓိကို အလိုရှိပါက ဓာတ်လုံးကို ဆောင်ထားရမည်ဖြစ်၏။ ဆောင်ထားရာတွင်လည်း ကိုယ်နှင့်မကွာဆောင်ထားရမည် ဖြစ်သည်။ အကယ်၍ မိမိသည် ဓာတ်လုံးနှင့်ကင်းသည်နှင့်တစ်ပြိုင်နက် သာမန်ပုဂ္ဂိုလ်အဆင့်မျှသာဖြစ်သွားပါလိမ့်မည်။

ထိုကိစ္စသည် သာမန်မျှစဉ်းစားကြည့်ပါက သိပ်မလေးနက် အရေးမကြီးဟု ထင်ရသော်လည်း အသေအချာသုံးသပ်ကြည့်ပါက အလွန်ပင် အရေးကြီးကြောင်းနှင့် ဘေးအန္တရာယ်နီးကပ်လှကြောင်း တွေ့ရှိရမည် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ပြဒါးရှင် ဓာတ်လုံးကိုဆောင်ထားနိုင်သည့် ပုဂ္ဂိုလ်သည် ကောင်းကင်ခရီးဖြင့်လိုရာသို့သွားနိုင်၏။ ရေပေါ်တွင် လမ်းလျှောက်နိုင်၏။ မြေလျှိုးနိုင်စွမ်းရှိ၏။ စိတ်အလိုဆန္ဒရှိသည့်အတိုင်း သွားလာနိုင်၏။ မြေလျှိုးနိုင်စွမ်းရှိ၏။ စိတ်အလိုဆန္ဒရှိသည့်အတိုင်း သွားလာနိုင်၏။

ပြဒါးရှင်လုံးကိုဆောင်ထားသည့် ပုဂ္ဂိုလ်များသည် နည်းလမ်းမျိုးမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြ၏။ အချို့က ခံတွင်းထဲတွင် ငုံ၍လည်းကောင်း၊ အချို့က ဆံကျစ်ထဲတွင်ထည့်ထုံး၍လည်းကောင်း၊ လက်ဖြင့် ဆုပ်ကိုင်၍လည်းကောင်း၊ တောင့်ခေး၊ ကြိမ်လုံး စသည်တို့အထဲတွင်ထည့်၍လည်းကောင်း စသည့် နည်းအမျိုးဖြင့် ဆောင်၍ သွားလာကြ၏။

ဤတွင် သုံးသပ်ကြည့်ရန်မှာ ဓာတ်လုံးကို ခံတွင်းထဲငုံ၍လည်းကောင်း လက်ဖြင့် ဆုပ်၍လည်းကောင်း ကောင်းကင်ခရီးသွားနေစဉ်တွင် ဓာတ်လုံးသည် ရုတ်တရက် မမျှော်လင့်ဘဲထွက်ကျခြင်း၊ လွတ်ကျသွားခြင်းဖြစ်ပါက မိမိလည်း ဓာတ်လုံးဖြင့်ကင်းသည်နှင့်တစ်ပြိုင်နက် ကောင်းကင်ပေါ်မှနေ မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေးပြုတ်ကျသေဆုံးခြင်း ဖြစ်နိုင်ပါသည်။ အကယ်၍ ရေပေါ်တွင် သွားနေသည်ဆိုလျှင်လည်း ဓာတ်လုံးဖြင့်ကင်းသည်နှင့်တစ်ပြိုင်နက် မိမိသည် ရေထဲသို့နစ်မြုပ်သွားနိုင်ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ပဋိဘာဏမင်းသားနှင့် ပြဒါးရှင်လုံးကိစ္စတွင်တွေ့နိုင်ပါသည်။

အဆိုပါ အိန္ဒိယမှ ပဋိဘာဏမင်းသားသည် ကိုယ်တိုင်ကား အဂ္ဂရုတ်ပညာရှင်တစ်ဦးမဟုတ်ပေ။ အခြားသော အကြောင်းတစ်မျိုးမျိုးဖြင့် ပြဒါးရှင်လုံးကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဖြစ်၏။ သူသည် ကောင်းကင်ခရီးဖြင့်သွားလာလိုသောအခါ ပြဒါးရှင်လုံးကို ခံတွင်း၌ငုံ၍ သွားလာလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ပဋိက္ခရားမင်းသားသည် ဓာတ်လုံး၏အစွမ်းဖြင့် ကောင်းကင်ခရီးသွားရောက်ကာ ပုဂံပြည်ရှိ ကျန်စစ်သားမင်းကြီး၏သမီးတော် ရွှေအိမ်စည်စံတော်မူသည့် တစ်ပင်တိုင်မြနန်းထက်သို့တက်ကာ လူဖျိုလှည့်ပုံပန်းခဲ့သဖြင့် ရည်ငံခဲ့၏။ ထိုကဲ့သို့ ရွှေအိမ်စည်အားရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမှာ ပဋိက္ခရားမင်းသား၏ ကိုယ်ပိုင်စွမ်းရည်အစစ် မဟုတ်ပေ။ ပြဒါးရှင်လုံး၏ အစွမ်းကြောင့်သာဖြစ်၏။ အကယ်၍ ပဋိက္ခရားမင်းသား ထံ၌ ပြဒါးရှင်လုံးသာမရှိခဲ့ပါက ဘုရင်၏ နန်းတော်ဝင်းအတွင်းရှိ ဘုံဝုခနစ်ဆင့်အမြင့်တွင် စစ်သည်ရဲမက်အစောင့်အကြပ် ထူထပ်စွာဖြင့် စောင့်ရှောက်နေသော ပင်တိုင်စံဘုရင့်သမီးတော်တစ်ပါး၏အပါးသို့ ပဋိက္ခရားကလားမင်းသားသည် မည်သို့မျှ ချဉ်းကပ်နိုင်မည် မဟုတ်ပေ။ ချဉ်းကပ်ရည်ငံနိုင်ဖို့ဆိုသည်ကား ပို၍ဝေလာဝေးအခြေအနေမျိုးဖြစ်၏။ ထို့ကြောင့် အဆိုပါ ချစ်ကြိုက်ရည်ငံနိုင်ခြင်းသည် ပြဒါးရှင်လုံး၏အစွမ်းကြောင့်သာဟု ဆိုရမည်ဖြစ်ပေသည်။ ထိုကဲ့သို့ အစွမ်းရှိသော ဓာတ်လုံးမျိုးကို ရရှိသော်လည်း ပဋိက္ခရားသည် မိမိကိုယ်တိုင် သိရှိဝင်ခန္ဓာကိုယ်အဖြစ်သို့ မပြောင်းလဲဘဲ အပေါ်ယံအသုံးချရုံအဆင့်သာ အသုံးပြုခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း တစ်ချိန်တွင် ဘေးဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်း ဖြစ်၏။

ရွှေအိမ်စည်မင်းသမီးမှာ ကျန်စစ်မင်းကြီး၏သမီးတော်ဖြစ်၏။ များမကြာမီပင် ရွှေအိမ်စည်နှင့် ပဋိက္ခရားတို့၏အကြောင်းကို ကျန်စစ်မင်းကြီးသိသွားခဲ့၏။ ထိုအခါ ရွှေအိမ်စည်၏အိမ်ထောင်ရေးကိစ္စကို အမြန်စီစဉ်လေတော့၏။ ထို့နောက် စောလူးမင်းနှင့် မွန်မင်းသမီးတို့မှ ဖွားမြင်သော စောယွန်းမင်းသားဖြင့် လက်ဆက်စေကာ မင်္ဂလာပွဲသဘင်အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့လေတော့၏။

ထိုမင်္ဂလာပွဲကျင်းပသောနေ့တွင်ပင် ပဋိက္ခရားမင်းသားသည် ရောက်ရှိလာခဲ့၏။ သူရောက်ရှိလာပုံမှာ ပြဒါးရှင်လုံးအကူအညီဖြင့် ကောင်းကင်ခရီးမှ လာရောက်ခြင်း ဖြစ်၏။ ထိုအချိန် ပုဂံနေပြည်တော်၏ ကောင်းကင်ယံ၌ ပဋိက္ခရားသည် ဈာန်ဖြင့်ကြွလာသော ရဟန်းတော်တစ်ပါးကို အဝေးမှပင် ဖူးတွေ့ရလေသည်။ တဖြည်းဖြည်းနှင့် အနီးသို့ရောက်ရှိသောအခါ အဆိုပါ ရဟန်းသည် ရှင်အရဟံဖြစ်ကြောင်း သိရှိရသဖြင့် ပဋိက္ခရားက -

"အရှင်ဘုရား၊ အဘယ်အရပ်မှကြွလာပါသနည်း"

ဟု မေးလျှောက်လေလိုက်ရာ ရှင်အရဟံက -

"ယနေ့ဟာ ကျန်စစ်သားမင်းကြီးရဲ့သမီးတော် ရွှေအိမ်စည်နဲ့ မင်းသားစောယွန်းတို့ရဲ့ လက်ထပ်မင်္ဂလာပွဲဆင်ယင်ကျင်းပတဲ့နေ့ဖြစ်တယ်။ ဒါကြောင့် မင်္ဂလာဆွမ်းကျွေးပွဲက ပြန်ကြွလာခြင်း ဖြစ်တယ်"

ဟု မိန့်ကြားသံကို ကြားလိုက်ရသောအခါ ပဋိက္ခရားသည် မမျှော်လင့်သောကိစ္စဖြစ်နေသဖြင့် အလွန်ပင်ဝမ်းနည်းကြေကွဲကာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး 'ဟိုက်'ဟုတစ်လုံးတည်းသာ ရေရွတ်လိုက်နိုင်သည်။ ထို့နောက် ပဋိက္ခရားသည် ကောင်းကင်ယံမှမြေပြင်ပေါ် သို့ တလိမ့်ခေါက်ကွေးပြုတ်ကျသွားပါလေတော့၏။ ထို့နောက် မြေပြင်ပေါ်ရှိ ဝါးရုံမင်္ဂုံးအကြားတွင် ခေါင်းညှပ်ပြီး သေပွဲဝင်သွားခဲ့လေတော့၏။ ထိုကဲ့သို့ ပဋိက္ခရားပြုတ်ကျရခြင်းမှာ ရှင်အရဟံထံမှ ကြားလိုက်ရသောစကားကြောင့် အံ့သြသွားပြီး အာမေဋိတ်ပြုလိုက်စဉ် ခံတွင်းထဲမှ ပြဒါးရှင်လုံးသည် ထွက်ကျသွားသဖြင့်သူ၏ ရုပ်ခန္ဓာကိုယ်ကြီးသည် ကောင်းကင်ယံ၌တည်တံ့ခြင်းငှာ မည်သို့မျှ မစွမ်းသာတော့ဘဲ ပြုတ်ကျသေပွဲဝင်ရခြင်း ဖြစ်၏။

ထို့ကြောင့် အတု၊ အစား၊ အငှားတန်ဆိုးစွမ်းအားတို့သည် အမှန်တကယ် အားကိုးမှီခိုရန်မရပေ။ ကိုယ်ပိုင်စွမ်းအားမဟုတ်သောကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင်ပြဿနာပေါ်ခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့ရခြင်းမျိုးရှိနိုင်သည်ကို သတိပြုရမည်ဖြစ်ပေသည်။

❑ ဓာတ်လုံး၏အစွမ်းဖြင့် ကောင်းကင်ဈာန်ပျံသော ဆရာတော်ဦးသူရိယ

မိမိ၏ကိုယ်ပိုင်တန်ခိုးစွမ်းအားဖြင့် မဟုတ်ဘဲ ဓာတ်လုံးအစွမ်းဖြင့် ကောင်းကင်ယံတွင် ဈာန်ပျံနိုင်သဖြင့် ဈာန်ပျံခြင်းတွင်လည်း ဆင်ခြင်သုံးသပ်ရန်လို၏။ ဈာန်ပျံ၍ရတိုင်း အဆင်ခြင်မဲ့စွာ ပျံခြင်းသည်လည်း အန္တရာယ်ရှိနိုင်၏။ ပြဿနာပေါ်နိုင်၏။ ဈာန်ကို လိုအပ်သောအခါမျိုးတွင်မှ၊ မဖြစ်မနေကိစ္စမျိုးကြုံသောအခါတွင်မှ အသုံးပြုသင့်၏။ ဝိဇ္ဇာဓရပညာသည် စည်းလုံတံဝါးလွတ်လုပ်တတ်သူမျိုးနှင့် လားလားမျှ မအပ်စပ်သော ပညာရပ်ဖြစ်၏။ ထို့အပြင် မိမိကိုယ်မိမိလည်း လိုအပ်သည်ထက်ပို၍ စိတ်ကြီးဝင်ခြင်း၊ မာန်မာနထားခြင်း ထောင်လွှားခြင်း၊ ဝါကြွားခြင်းမျိုးလည်း မရှိသင့်ပေ။ ထိုကိစ္စနှင့် ပတ်သက်၍ အနည်းငယ်ချဲ့ထွင်ပြီး သုံးသပ်ကြည့်သင့်ပါသည်။

မိမိသည် ဈာန်ရသည်၊ ဈာန်ပျံနိုင်သည်ဆိုပြီး ကောင်းကင်ပေါ်မှ ဈာန်ပျံချင်တိုင်းပျံနေလျှင် အောက်ဘက်မြေပြင်ပေါ်၌ နေရာအနှံ့အပြားတွင် ဘုရားစေတီပုထိုးများစွာ၊ သူတော်စင်သူတော်မြတ်ပေါင်းများစွာတို့ တည်ရှိနေနိုင်သည်ကိစ္စကိုလည်း သတိပြုရမည်ဖြစ်ပါသည်။ ထိုသို့ သတိမမူဘဲ ပျံလို့ရတိုင်းပျံနေမည်ဆိုပါက မလိုလားအပ်ဘဲ အပြစ်များကိုယူနေသကဲ့သို့သာဖြစ်နေပါတော့မည်။

ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ဓာတ်လုံးအားကိုးဖြင့် ကောင်းကင်ဈာန်ပျံချင်သလိုပျံခြင်း၊ မသင့်လျော်သောကိစ္စတွင် အဆင်ခြင်မဲ့မြုပ်မိသဖြင့် ဘေးအန္တရာယ်ဖြစ်သွားသော ဆရာတော်တစ်ပါး၏အကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။

ထိုဆရာတော်၏ ဘွဲ့အမည်မှာ ဦးသူရိယဖြစ်ပါသည်။ ဆရာတော်သည် အကြောင်းအကျိုး တိုက်ဆိုင်သဖြင့် အစွမ်းထက်သော သိဒ္ဓိဝင်ဓာတ်လုံးတစ်လုံးကို ရရှိခဲ့၏။ ထိုဓာတ်လုံး၏အစွမ်းမှာ မိမိသွားလိုသောနေရာသို့ ဈာန်ခရီးဖြင့်ပို့ဆောင်ပေးနိုင်သောသိဒ္ဓိရှိ၏။ ထို့ကြောင့် ဆရာတော် ဦးသူရိယသည် ထိုဓာတ်လုံးကို သူတကာကဲ့သို့ ခံတွင်းထဲတွင်ငုံ၍မဆောင်ဘဲ သစ်သားတုတ်တစ်ချောင်းကို အခေါင်းပေါက်ထွင်း၍ ထိုအထဲတွင် ဓာတ်လုံးကို မြှုပ်နှံကာ အသေအချာပိတ်ပြီးထားကာ ထိုတုတ်ငယ်ကို လက်တွင်ကိုင်ထားပြီး ကောင်းကင်တွင် မကြာခဏဈာန်ပျံလေ့ရှိ၏။

တစ်နေ့တွင် ဆရာတော်ဦးသူရိယသည် ဈာန်ခရီးဖြင့် ကောင်းကင်ယံမှ ရွှေတိဂုံဘုရားပေါ် သို့ကြွရောက်လာလေသည်။ ဤတွင် ဆရာတော် ဦးသူရိယ၏ဆိုးရွားသောအပြုအမူမှာ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ ဖိနပ်စီးထားခြင်းပင်ဖြစ်၏။ ဆရာတော် ဦးသူရိယသည် ဤကဲ့သို့ ဘုရားရင်ပြင်တော်ပေါ်၌ ဖိနပ်စီးထားခြင်းမှာ အမှုအမှတ်မဲ့ သတိ

www.burmeseclassic.com

မေလျှောခြင်းမျိုးလော၊ ငါနဲ့ငါသာ နှိုင်းစရာ ဟု ထင်မြင်ကာ မိမိကိုယ်မိမိမာန်မာနတက်ပြီးဖိနပ်စီးခြင်းမျိုးလော၊ ဘယ်သူ့ကိုမှထီမထင်ဟုသဘောပိုက်၍စီးခြင်းမျိုးလော ဟူ၍ အမျိုးမျိုးထင်မြင်ယူဆစရာရှိပါသည်။

ဤကဲ့သို့ ဆရာတော် ဦးသူရိယသည် ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ လမ်းလျှောက်လာရင်း တနင်္ဂနွေထောင့်အနီးသို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်းအနီးမှ ဆရာတော်တစ်ပါး ထွက်လာလေ၏။ ထိုဆရာတော်က ဆရာတော်ဦးသူရိယအနီး သို့ကပ်လာကာ-

"အရှင်ဘုရား၊ တပည့်တော်နဲ့ ခဏလောက်လိုက်ခဲ့ပါ"

ဟု မိန့်လိုက်သဖြင့် ဆရာတော် ဦးသူရိယလည်း အခြေအနေကိုရိပ်စားမိပြီး ထိုဆရာတော်နောက်သို့လိုက်သွားခဲ့ရလေ၏။ လာခေါ် သည့်ဆရာတော်လည်း ဦးသူရိယအား လူရှင်းသည့်ကန်ဆောင်းတစ်ခုအတွင်း ခေါ်ဆောင်သွားလေတော့၏။ ထိုတန်ဆောင်းအတွင်းသို့ရောက်ရှိသောအခါ လာခေါ်သည့် ဆရာတော်က -

"အရှင်ဘုရား၊ ဘွဲ့အမည်ဘယ်လို ခေါ်ပါသလဲ"

"တပည့်တော်ဘွဲ့က ဦးသူရိယလို့ ခေါ်ပါတယ်"

"ကဲ - ဒါဆို တပည့်တော်လိုရင်းပဲပြောပါမယ်။ အရှင်ဘုရားကိုယ့်အပြစ်ကိုယ်သိပါသလား"

"တင်ပါ့၊ သိ. . . သိ. . . . သိပါတယ်"

"ကောင်းပါပြီ သိတယ်ဆိုရင် အဲဒီအပြစ်အတွက် အရှင်ဘုရားပေးဆပ်ရမယ်"

"တင်ပါဘုရား၊ တပည့်တော်ဘယ်လိုအပြစ်ဒဏ်မျိုးခံရမှာပါလဲ"

"အဲဒီအပြစ်နဲ့ပတ်သက်ပြီး အရှင်ဘုရားလက်ထဲမှာကိုင်ထားတဲ့ တုတ်ကလေးကိုပေးခဲ့ပါ"

ဟု ဆိုလိုသောအခါ ဆရာတော် ဦးသူရိယသည် ချက်ချင်းပင် ထိတ်ထိတ်ပျာပျာနှင့် တုန်တုန်လှုပ်လှုပ်ဖြစ်သွားလေတော့၏။ မျက်စိမျက်နှာလည်းပျက်သွားလေတော့၏။ ထို့ကြောင့်ပင် စိုးရိမ်ထိတ်လန့်စွာဖြင့် ပြန်လည်လျှောက်ထားသည်မှာ-

"အ. . . ရှင်. . . ဘုရား ဒီ. . . ဒီတုတ်လေး. . တော့မလုပ်ပါနဲ့ဘုရား။ ကျန်တာ အရှင်ဘုရားကြိုက်တာယူပါ . . . ဘုရား၊ ကြိုက်တာလုပ်ပါ ဘုရား"

ဟု အမျိုးမျိုးတောင်းပန်တိုးလျှိုးလေတော့၏။

ထိုအခါ ဦးသူရိယအား အရေးယူသည့် ဆရာတော်က -

"မရဘူး ဦးသူရိယ၊ တခြားကျန်တာ ဘာမှမသိမ်းနိုင်ဘူး။ အဲဒီလက်ထဲက တုတ်ကလေးကိုသာသိမ်းရမှာပါ"

ဟု ဆိုလိုက်သောအခါ ဦးသူရိယ၏မျက်နှာသည် ပို၍ညှိုးငယ်သွားပြီး -

"တပည့်တော် တောင်းပန်ပါတယ် ဘုရား၊ အဲဒီလိုတော့မလုပ်ပါနဲ့ဘုရား၊ တပည့်တော်အဖို့ ဒီဥစ္စာက အရေးကြီးဆုံးဖြစ်နေလို့ပါ"

"ကိုယ်တော့်အဖို့ အရေးကြီးတာ၊ မကြီးတာကို ရွေးချယ်ခိုင်းနေတာမဟုတ်ဘူးဆိုတာ နားလည်ထားပါ။ အဲဒီတော့ အခုတောင်းနေတဲ့တုတ်လေးကို အမြန်ပေးပါ"

ဟု တင်းတင်းကြပ်ကြပ်တောင်းလာသောအခါ နောက်ဆုံး ဦးသူရိယသည် မည်သို့မျှမတတ်နိုင်တော့ဘဲ သူလက်ထဲရှိ တုတ်ကလေးအား ပေးအပ်လိုက်ရလေတော့၏။

ဤအဖြစ်အပျက်တွင် ဦးသူရိယသည် ကြီးကျယ်သောအပြစ်ကြီးကို ကျူးလွန်ခဲ့ခြင်း ဖြစ်၏။ ထိုအပြစ်ကား ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် တွင်ဖိနပ်စီးခြင်း ဖြစ်၏။ ထိုအပြစ်သည် သာမန်လူများပင် ကျူးလွန်ခြင်းမရှိသောအပြစ်မျိုးကို ဗာန်ပဲ့နိုင်သည့်ပဋိဂ္ဂါလိတစ်ဦးက ကျူးလွန်ခြင်းသည် မည်သို့မျှခွင့်လွှတ်နိုင်ဖွယ်မရှိသောအဖြစ်မျိုး ဖြစ်၏။

ထို့ကြောင့်လည်း သူ၏ဓာတ်လုံးထည့်သွင်းသိမ်းဆည်းထားသော တုတ်ကို အသိမ်းခံရခြင်း ဖြစ်၏။ ဤတွင် ဦးသူရိယသည် သူကိုယ်တိုင် ဓာတ်လုံးအစွမ်းဖြင့် ဗာန်ဝင်ပဲ့နိုင်သော တန်ခိုးသိဒ္ဓိရှိသည်။ ထိုအဆင့်အတန်းရှိသော ပဋိဂ္ဂါလိကို သာမန်လူတို့၏အမြင်ဖြင့် ကြည့်လျှင် သူ၏တုတ်ကိုလာသိမ်းသော ဆရာတော်အား မပေးဘဲ ငြင်းဆန်လျှင်ကော မဖြစ်ပေဘူးလောဟု စောကြောရန်ရှိပါသည်။

အပြောကား မပေးဘဲနေလျှင်သော် လည်းကောင်း၊ လုံးဝငြင်းဆန်ခြင်းသော် လည်းကောင်း မည်သို့မျှပြု၍မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဝိဇ္ဇာရေပညာရပ်တို့တွင် ပညာယေသူသည် ပညာကြီးသူအား မည်သို့မျှလုန့်၍မရနိုင်ပေ။ ဆန့်ကျင်၍လည်း ရန်ငြိုးစံခံရပေ။ ဦးသူရိယထံမှ ဖွေးလာသမျှတို့ဆိုကတည်းက ဦးသူရိယထက် ညောင်ကြီးသည့်ပဋိဂ္ဂါလိမျိုးသာဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဦးသူရိယသည် ညည်းသို့မှလွန်ဆန်ရန်ဖြစ်နိုင်မည်မဟုတ်ပေ။

ထိုကဲ့သို့ ဦးသူရိယသည် သူထံမှ ဓာတ်လုံးသိမ်းခံလိုက်ရသောခါ မည်သို့မျှ မတတ်သာတော့ဘဲ ပေးလိုက်ရခြင်းနောက်တွင် စိတ်ဓာတ်လည်း အကြီးအကျယ်ကျဆင်းသွားလေတော့၏။ သူထံတွင် ဓာတ်လုံးမရှိတော့သဖြင့် ကောင်းကင်ခရီးဌ ဈာန်ပျံလို့လည်း မရတော့ပေ။ ထို့ကြောင့် သူသည် ခြေကျင်ခရီးဖြင့်သာ ရွှေတိဂုံဘုရားပေါ်မှ လမ်းလျှောက်၍ ဆင်းလာရတော့၏။ သူ၏စိတ်ထဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်ပြီး ယူကျုံးမရသောသောက၊ ပရိဒေဝသာ တောက်လောင်ပူပြင်းလှုပ်ရှိနေတော့၏။

ဦးသူရိယသည် ရွှေတိဂုံဘုရား၏ အရှေ့ဘက်မုခ်မှ ဆင်းသွားပြီးနောက် ဗဟန်းကြားတောရလမ်းအတိုင်း လေးကန်သောခြေလှမ်းများဖြင့် လမ်းလျှောက်၍သွားလေ၏။ ထိုမှတစ်ဆင့် ရေခဲဆိုင်မှတိုင်အနီးသို့ရောက်သောအခါ လမ်းတစ်ဖက်သို့ကူးပြီး နတ်မောက်လမ်းဘက်သို့ ကွေ့ဝင်သွားလိုက်၏။ ထိုအချိန်တွင် အနောက်ဘက်မှ အရှေ့ဘက်သို့ အရိပ်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီးက လမ်းပေါ်တွင် လမ်းလျှောက်နေသောဦးသူရိယအား အနောက်ဘက်မှဝင်တိုက်သွားတော့၏။ ထိုအခါ ဆရာတော် ဦးသူရိယလည်း ကတ္တရာလမ်းပေါ်သို့ လဲကျသွားတော့၏။ သူ၏ဦးခေါင်းမှသွေးများသည် ပန်းထွက်လာကာ မကြာမီပင် အိုင်ထွန်းသွားတော့၏။

ထိုအချိန်တွင် အနီးပတ်ဝန်းကျင်ရှိလူအများက ဝိုင်းဘုံရောက်ရှိလာကြပြီး -

"ဟာ - ဟိုမှာဟိုမှာ ဘုန်းကြီးတစ်ပါးကို ကားတိုက်သွားပြီ"

ဟု ဆိုပြီး ကြည့်ရှုကြ၏။

ထိုအထဲမှတစ်ဦးက -

"ဟင် - လုံးဝမလှုပ်တော့ဘူး"

ဟု ဆိုရာ တစ်ဦးက -

"ဒါဆို သေသေချာချာကြည့်ကြစမ်းပါဦး၊ အသက်ရှိသေးရဲ့လားလို့ ဒုက္ခပါပဲ"

ဟုဆိုရာ တစ်ဦးက အသေအချာစမ်းသပ်ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"သနားစရာပါပဲ၊ အသက်မရှိတော့ဘူးထင်တယ်"

ဟု ဆိုလိုက်ရာ အနီးရှိလူအားလုံးက စိတ်မကောင်း ဝမ်းနည်းစွာဖြင့် စုတ်တသပ်သပ်ဖြစ်ကြရလေတော့သတည်း။

အထက်ပါ ဆရာတော် ဦးသူရိယ၏ဖြစ်စဉ်တွင် ထင်ရှားသည့်အချက်မှာ ဂါရဝတရား ရှေ့သွားပြုရမည့်နေရာတွင် အဂါရဝသဘောဆောင်သည့်လုပ်ဆောင်မှုမျိုးကို ပြုမူကျင့်ဆောင်ခဲ့ခြင်း ဖြစ်၏။ လူအများ၏အမြင်တွင် ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇာဧရလမ်းစဉ်ကျင့်သုံးပြီး သိဒ္ဓိမဟိဒ္ဓိပြီဆိုပါက အရာရာတိုင်းကို လုပ်ချင်တိုင်းလုပ်နိုင်ပြီဟု အထင်ရှိကြ၏။ ဤသို့မဟုတ်ခေ့။ ဝိဇ္ဇာဧရပုဂ္ဂိုလ်အနေဖြင့်ကား သာမန်လူများထက်ပင် ပို၍လိုက်နာရသည့်၊ ရှောင်ကြဉ်ရသည့် ပြုကျင့်ရသည့်တာဝန်က ပိုများ၏။ ဝိဇ္ဇာဧရပညာနှင့် ပတ်သက်၍ ဆရာရှင်တို့မှ အမြဲတမ်း ဩဝါဒပေးလေ့ရှိသည်မှာ စကားတိုး၊ ခေါင်းလျှိုး၊ အပွင့်မကားနဲ့၊ ခြေဖျားမထောက်နဲ့ ဟူ၍ ဖြစ်၏။

စကားတိုး ဆိုသည်မှာ စကားကို ဟောင်ဖွာဟောင်ဖွာမပြောရခြင်း၊ စကားကြိုး စကားကျယ်မဆိုရခြင်း၊ ငါနှင့်သာ နှိုင်းစရာအဓိပ္ပာယ်သက်ရောက်စေသည့် စကားမျိုးမဆိုရခြင်း စသည်တို့ ဖြစ်၏။

ခေါင်းလျှိုး ဆိုသည့်အဓိပ္ပာယ်မှာ နေရာတကာ ထောင်ထောင်လွှားလွှားမနေရခြင်း၊ မာန်မာနမထောင်လွှားရခြင်း၊ မိမိကိုယ်မိမိနှိမ်နှိမ်ချချနေရခြင်း စသည်တို့ ဖြစ်၏။

အပွင့်မကားနဲ့ ဟူသည့် စကား၏ အဓိပ္ပာယ်မှာ ဝါကြွားမှုမရှိရခြင်း၊ ပလွှားမှုမရှိရခြင်း၊ မိမိရှိသောဂုဏ်ထက် ပိုမိုသော ပြုမူလုပ်ကိုင်မှုမျိုးမရှိရခြင်း စသည်တို့ဖြစ်၏။ အပွင့်သည် ကားလွန်းလျှင် မကြာမီ ညှိုးနွမ်းသွားရနိုင်သည့် သင်္ကေတကို ဖော်ဆောင်ခြင်း ဖြစ်၏။

ခြေဖျားမထောက်နဲ့ ဟူသော စကား၏အဓိပ္ပာယ်မှာ မိမိကိုယ်မိမိစိတ်ကြီးဝင်မှုမျိုးမရှိရခြင်း။ ဘဝမြင့်မှုမရှိရခြင်းတို့ကို ဖော်ဆောင်ခြင်း ဖြစ်၏။ ခြေဖျားထောက်သည့်ပုဂ္ဂိုလ်သည် မည်သည့်နည်းနှင့်မျှ အချိန်ကြာကြာကြီး ခြေဖျားထောက်၍ နေနိုင်မည်မဟုတ်သည့်သင်္ကေတကို ဖော်ဆောင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိဇ္ဇာဧရလမ်းစဉ်သို့ လိုက်ပါဆောင်ရွက်မည့် ပုဂ္ဂိုလ်တို့သည် သတိကြီးကြီးထားရမည် ဖြစ်ပါသည်။ သတိတစ်ချက်လွတ်သည်နှင့်ရရှိလာနိုင်သည့်အခွင့်အရေးကြီး လက်လွတ်ဆုံးရှုံးရခြင်း၊ ကြီးစားခဲ့သမျှ အလဟဿဖြစ်ရခြင်း စသည်တို့ဖြစ်နိုင်ပြီး ထိုထက်ဆိုးပါက ဆရာတော်ဦးသူရိယကဲ့သို့ ဘေးအန္တရာယ်ဆိုးများကြုံတွေ့ရခြင်းတို့ ဖြစ်ရနိုင်ပေသည်။

ဤနေရာ၌ ဆရာတော်ဦးသူရိယ၏အဖြစ်ကို သုံးသပ်ကြည့်မည်ဆိုပါက သူသည် အသက်ကို ရုတ်တရက်ဖြတ်တတ်သော ဥပဒ္ဓေဒကကံမျိုးကျရောက်သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရပါမူ အ,ကာလမရဏကျရောက်ခြင်းမျိုးဟုဆိုရမည် ဖြစ်ပါသည်။ ထိုဖြစ်စဉ်အခြင်းအရာ၌ လူတိုင်း ဘုရားပေါ်ယခုကဲ့သို့ ဘုရားပေါ် ဖိနပ်စီးတိုင်း ဥပဒ္ဓေဒကကံ,အကာလမရဏကံစွမ်းကြုံတွေ့ရန်ရှိပါသလောဟု စောကြောရန်ရှိပါသည်။

သို့သော် ဝိဇ္ဇာဧရလမ်းစဉ်မလိုက်စားသည့် သာမန်လူတစ်ဦးက အဆိုပါ ဘုရားအပေါ် ဖိနပ်စီးသည့်ကိစ္စကိုပြုသည်ဆိုပါက ထိုသူသည် ထိုအပြစ်အတွက် လက်ငင်းချက်ချင်း ကျရောက်ချင်လည်း ကျရောက်မည်။ လတ်တလောမကျရောက်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ နောင်သောတစ်ချိန်ချိန်တွင်မှကျရောက်ချင်လည်း ကျရောက်နိုင်ပါသည်။ သို့တည်းမဟုတ် တမလွန်ဘဝတွင်မှကျရောက်ချင်လည်းကျရောက်နိုင်ပါသည်။ ထိုကိစ္စသည် သူ၏ လက်ရှိကံကြွမှာ အနေအထားပေါ် ကွင် မူတည်မည် ဖြစ်ပါသည်။

ဝိဇ္ဇာဧရလမ်းစဉ်သို့ လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ်၏အဖြစ်ကား ထိုသို့မဟုတ်ပေ။ သူနှင့်တိုက်ရိုက်ပတ်သက်သောသက်ဆိုင်သည့်ပုဂ္ဂိုလ်ရှိ၏။ စနစ်ဇယားကြီးများ၏။ စောင့်ထိန်းရမည့် သီလရှိ၏။ နက်နဲသော သစ္စာတရားရှိ၏။ မည်သည့်အခါတွင်မျှ ဖောက်ဖျက်၍မရသော ကတိကဝတ်များရှိ၏။ မဖြစ်မနေကျင့်ရမည်ဖြစ်သည့် ကျင့်စဉ်များရှိ၏။ ထိုကဲ့သို့ များပြားလှစွာသော မူဘောင်များအတွင်းတွင် ဝိဇ္ဇာဧရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်သည် ဖြစ်တည်ရခြင်း ဖြစ်၏။ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်၏ အခြေအနေသည် အခြားသောသာမန်ပုဂ္ဂိုလ်တို့၏အခြေအနေနှင့်လုံးဝမတူညီပေ။

သာမန်ပုဂ္ဂိုလ်တို့ ကျူးလွန်ဖောက်ဖျက်သောပြစ်မှုနှင့် ဝိဇ္ဇာဧရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်တို့ ကျူးလွန်သည့်ပြစ်မှုချင်းတူလျှင်တောင် ပြစ်ဒဏ်ချင်းမတူပေ။ ဝိဇ္ဇာဧရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်က ပြစ်ဒဏ်ပိုကြီး၏။ အထူးသဖြင့် ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စနှင့်ပတ်သက်သောအမှုအခင်းမျိုးတွင် ပို၍ဆိုး၏။ ဝိဇ္ဇာဧရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်များ အတွက်ကား ချက်ချင်းလက်ငင်းအကျိုးပေးတတ်သည်ကို သတိပြုရမည် ဖြစ်ပါသည်။

အထက်ပါကိစ္စများနှင့်ဝတ်သက်သည့်အကြောင်းအရာများသည် မည်မျှအထိ အရေးကြီးပါသနည်းဟူမူ ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စကဲ့သို့သော ကြီးလေးသောကိစ္စမျိုးမဟုတ်ဘဲ မိမိ၏ တစ်ကိုယ်တည်းဆိုင်ရာမာန်မာနကိစ္စမျိုးတွင်ပင် မည်မျှအထိဖြစ်သွားနိုင်သနည်းဟူသည့်အကြောင်းနှင့် ပတ်သက်ပြီး သာဓကတစ်ရပ်ဖော်ပြလိုပါသည်။

စိတ်ကူးတစ်ချက်ပြောင်းရုံမျှနှင့်ဘဝတစ်ခုလုံးပြောင်းသွားနိုင်ခြင်း

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော ဆရာကြီးဦးသာပို့နှင့် ပတ်သက်သည့် အကြောင်းခြင်းရာတစ်ရပ်ကို ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဖော်ပြမည်ဖြစ်ပါသည်။

ဆရာကြီး ဦးသာပို့သည် ဆရာသခင်တစ်ဦးနှင့် မမျှော်လင့်ဘဲ တွေ့ရှိပြီး လိုက်ပါပညာသင်ကြားခဲ့သဖြင့် အင်းပညာနှင့်ပတ်သက်၍ အတော်ပင်အဆင့်မြင့်မြင့် တတ်မြောက် ကျွမ်းကျင်ခဲ့သည်ဟုဆိုရမည် ဖြစ်ပါသည်။

ဆရာကြီးသည် ဝိဇ္ဇာဧရယဉ်နှင့် ပတ်သက်ပြီး မည်မျှအဆင့်အတန်းမြင့်စွာတတ်မြောက်ပါသနည်းဟူမူ မည်သည့် သိုက်မျိုးကိုမဆို အချိန်မှန်ရွေး ဝင်ထွက်သွားလာနိုင်၏။ သိုက်ထဲမှလည်း လိုအပ်သောပစ္စည်းများကို တောင်းယူနိုင်၏။ ဆရာကြီးလိုအပ်သည်ဆိုပါက တောင်မှန် ပင့်ဆောင်လျှင် ကောင်းကင်မှ ဗုဒ္ဓရုပ်ပွားတော်များ ကြွလာလေ့ရှိ၏။ ၎င်းတွင် ကောင်းကင်မှ ရွှေသားပစ္စည်းများလည်း ကျလာလေ့ရှိ၏။

ထို့ပြင် ဆရာကြီးသည် ပယောဂပညာရပ်များတွင်လည်း အထူးပင်ကျွမ်းကျင်၏။ အောက်လမ်းတိုက်၊ နတ်တိုက်စုန်းတိုက်၊ ပယောဂတိုက်များကိုလည်း ကျွမ်းကျင်နိုင်နင်း၏။ သာဓကအားဖြင့် အိမ်တစ်အိမ်တွင် အောက်လမ်းတိုက်ထားသည်ဆိုပါကလည်း အိမ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် ဘယ်နေရာတွင် ဘာလုပ်ထားသည်ကို ဧကန်သိ၏။ ဘယ်နေရာတွင် အတိုက်ပစ္စည်းထားသည်၊ အိမ်၏ဆင့်အောက်၊ လှေကားခုံအောက်၊ မီးဖိုချောင်စသဖြင့် အတိအကျသိရှိပြီးလုပ်ထားသည့်ပစ္စည်းတို့ကို ကာယကံရှင်ကိုယ်တိုင်က ထုတ်ယူနိုင်အောင် ညွှန်ပြလေ့ရှိ၏။

အကယ်၍ အိမ်ဝင်းထဲတစ်နေရာရာတွင် အောက်လမ်းပစ္စည်းများ မြှုပ်ထားသည်ဆိုပါကလည်း ဆရာကြီးဦးသာပိုသည် ဆန်များကိုမန်း၍ ခြံဝင်းထဲတွင်လိုက်လံကြပက်လိုက်၏။ မကြာမီပင် အဆိုပါ ဆန်မန်းများသည် အတိုက်ပစ္စည်းရှိသောနေရာတွင်သွားစုတော့၏။ အဆိုပါနေရာတွင် တူးကြည့်လိုက်လျှင် အတိုက်ပစ္စည်းတစ်မျိုးမျိုးကို တွေ့ရမြဲဖြစ်၏။

တစ်ကြိမ်သောအခါက အိမ်၏ဥရုတိုင်ကျင်းထဲတွင် တိုက်အင်းတစ်ချပ် မြှုပ်ထား၏။ ထိုကိစ္စအား ဆရာကြီးအား အပ်သောအခါ ဆရာကြီးသည် ထိုအိမ်သို့ ရောက်သောအခါ မိုင်းကိုင်စက္ကူအင်းတစ်ချပ်ကို အလှည်အမြန်ချလိုက်ပြီးနောက် ထိုအင်းကို အဆိုပါအိမ်တိုင်ကျင်းထဲချလိုက်သည်နှင့် အောက်ပိုင်းအတော်နက်နက်နေရာတွင် မြှုပ်ထားသော သိမ်ဝင်းသပိတ်ကွဲအင်းသည် မြေပေါ်သို့တက်လာလေ၏။ ထိုတိုင်ကျင်းထဲတွင် ရေများပြည့်နေသဖြင့် သိမ်ဝင်းသပိတ်ကွဲအင်းအပေါ် သို့တက်လာသည်ကို မမြင်နိုင်သဖြင့် အနီးရှိ ကာယကံရှင်နှင့် ပတ်သက်သူတစ်ဦးအား -

"ဟေ့-မောင်ပိန်၊ တိုင်ကျင်းထဲမှာ မြှုပ်ထားတဲ့သိမ်ဝင်းသပိတ်ကွဲအင်းတက်လာနေပြီ၊ အမြန်နှိုက်လိုက်"

ဟု ညွှန်ကြားလိုက်သဖြင့် အနီးရှိ ကိုပိန်ဆိုသူသည် တိုင်ကျင်းရေထဲသို့ အနည်းငယ်နှိုက်လိုက်ရုံဖြင့် တစ်စုံတစ်ခုကို နှိုက်ယူနိုင်ခဲ့၏။ ထိုအရာသည်ကား အမှန်တကယ်ပင် သိမ်ဝင်းသပိတ်ကွဲတစ်ခုပေါ် ၌စီရင်ထားသောအင်းဖြစ်နေပါသည်။

ဆရာကြီးသည် ထွဲ့တေးနယ်သားဖြစ်၏။ တစ်ခိုန်သောအခါက တွဲတေးနယ်တစ်ဝိုက်တွင် အိုးလုပ်ငန်းများ အလွန်ပင် ဖွံ့ဖြိုးစည်ပင်ကြ၏။ ထိုတွင် အိုးလုပ်သူအချင်းချင်း လုပ်ငန်းအပြိုင်အဆိုင်ဖြစ်ကာ တစ်ဖက်သည် တစ်ဖက်အား အောက်လမ်းအတိုက်ပညာဖြင့် အစီအရင်ပြုကြ၏။ အဆိုပါအစီအရင်ကလည်း ပေါ့သေးသေးအစီအရင်မျိုးမဟုတ်ပေ။ အလွန်ကြီးကျယ်ပြင်းထန်သည့် ခုနစ်စဉ်တိုက်ဟု အမည်ရသော အစီအရင်မျိုး ဖြစ်၏။

အဆိုပါ ခုနစ်စဉ်တိုက် ဟူသည်မှာ တော်ရုံအစီအရင် မဟုတ်ပေ။ ဆွေစဉ်မျိုးဆက် ခုနစ်ဆက်လုံးလုံး တစ်ဆက်ပြီးတစ်ဆက် သေစေနိုင်သော အစီအရင် ဖြစ်၏။ အလွန်ပင် ကြောက်မက်ဖွယ်ကောင်း၏။ ထိုအစီအရင်ကို အိုးများအား မီးဖုတ်သည့်ဖိုတွင်အောက်၌ အစီအရင်ပြုထားခြင်း ဖြစ်၏။ ထိုကိစ္စအား အခြားသောဆရာပေါင်းများစွာက လာရောက်ဖြေရှင်းခဲ့၏။ ဖြေရှင်း၍မရပေ။ မည်သို့မျှဖော်ထုတ်ရန်သော် လည်းကောင်း၊ ဖယ်ရှားရှင်းလင်းခြင်းပြုရန်သော် လည်းကောင်း မစွမ်းသာကြပေ။ နောက်ဆုံးတွင် ဆရာကြီး ဦးသာပိုအား အပ်နှံသဖြင့် ဆရာကြီးပညာစွမ်းကို အသုံးချသောအခါတွင်မှသာ အိုးဖိုအောက်တွင် မြှုပ်နှံထားသော ခုနစ်စဉ်တိုက်အစီအရင်များထွက်လာပြီး အောင်မြင်စွာဖြင့် ဖော်ထုတ်နိုင်ခဲ့၏။

တစ်ကြိမ်တွင်လည်း အိမ်တစ်အိမ်၌ ဘီလူးဖြင့်အတိုက်လုပ်ထားသည့် အစီအရင်ကို ဆရာကြီးဦးသာပိုအား ခေါ်၍ ရှင်းခိုင်း၏။ ထိုအိမ်သို့ရောက်သောအခါ ဆရာကြီးသည် တစ်ချက်မျှကြည့်လိုက်ရုံဖြင့် ဘီလူးအတိုက်အမှန်းသိ၏။ ထို့ကြောင့် ဆရာကြီးအား အိမ်ရှင်ဖြစ်သူအား -

"ကဲဟေ့ မောင်စံရေ၊ မင်းတို့အိမ်မှာ ဘာတွေဖြစ်နေလဲ ပြောစမ်း"

ဟု မေးလိုက်ရာ အိမ်ရှင်က -

"မပြောပါနဲ့တော့ ဆရာကြီးရယ်။ အခု ကျွန်တော်တို့အိမ်မှာ လူအသေအပျောက်ကများသေးကလား။ တစ်ယောက်ပြီး တစ်ယောက် အသုဘဖြစ်နေတယ်။ ဒါထက်ကို ဒီမိသားစုတွေထဲမှာ မွေးတဲ့ကလေးတွေ အဖတ်မတင်ဖြစ်နေတာကလည်း ပိုပြီး မသက်စရာကောင်းနေပါတယ်ဆရာကြီး။ ကူညီပေးပါဦး ဆရာကြီးရယ်"

ဟု အတူအညီတောင်းလိုက်သောအခါ ဆရာကြီးက -

"အေး-မောင်စံရေ၊ မင်းတို့မိသားစုကလေ့ အကြီးအကျယ်ထိခိုက်ပျက်စီးမှဲ့ပေါ့ကွာ။ တိုက်ထားတာက ဘီလူးနဲ့ တိုက်ထားတာကိုးကွယ့်"

ဟု ဆိုလိုက်ရာ၊ အိမ်ရှင်ဖြစ်သူလည်း ဘီလူး ဟူသောအသံကြားလိုက်သဖြင့် အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားပြီး -

"ဟာ-ဘီလူးဟုတ်လားဆရာကြီး၊ ကြောက်စရာကောင်းလိုက်တာ ဆရာကြီးရယ်။ ဒါကြောင့်လည်း တွန်တော်တို့ အိမ်မှာလူတွေ အခုလိုသေတာဖြစ်မယ်။ ကယ်ပါဦး ဆရာကြီးရယ်"

ဟု တောင်းပန်တိုးလျှိုးလေ၏။

ထို့နောက် ဆရာကြီးက ဆန်အနည်းငယ်ကို တောင်းယူပြီး မန်းလေတော့၏။ မန်း၍ပြီးသောအခါ ထိုဆန်မန်းများကို အိမ်ဝင်းထဲအနှံ့ကြဲပက်လိုက်တော့၏။ ထိုအိမ်သည် ပျဉ်ခင်း၊ ပျဉ်ကာအိမ်ဖြစ်၏။ ထို့ကြောင့် ကြမ်းခင်းအောက်သို့ပါ ဆန်မန်းများကို ကြဲပက်ရလေ၏။ မကြာမီပင် ဆန်မန်းများသည် တစ်နေရာသို့ သွားရောက်စုကြလေ၏။ အဆိုပါဆန်များသွားစုသောနေရာသည် အိမ်၏ကြမ်းခင်းအောက် အိပ်ခန်းရှိသောနေရာတည့်တည့်လောက်တွင်ဖြစ်၏။ ထိုအခါ ဆရာကြီးက အိမ်သားတစ်ဦးအား ညွှန်ပြပြီး -

"ကဲဟေ့ - မောင်မျိုးဝင်း၊ ဟိုမှာတွေ့လား၊ အဲဒီမှာ ဆန်တွေသွားစုနေပြီ၊ အဲဒီအောက်မှာ ဘီလူးရှိတယ်၊ သွားယူလာခဲ့ပေတော့"

ဟု မှာလိုက်သောအခါ မောင်မျိုးဝင်းဆိုသူလည်း အိမ်ကြမ်းအောက်သို့ ဝင်သွားပြီး ကုန်းကုန်းကုန်းကုန်းဖြင့် သွားရောက်လေ၏။ ဆန်ပုံလေးဆီသို့ ရောက်သောအခါ ဆန်ပုံအောက်သို့ စမ်းလေတော့၏။ ထို့နောက် အတန်ကြာအောင်ပင် ဆန်ပုံအောက်သို့ စမ်းနေသဖြင့် ဆရာကြီးက -

"ဘယ်လိုလဲ၊ စမ်းလို့မတွေ့ဘူးလား"

ဟု မေးလိုက်ရာ မောင်မျိုးဝင်းဆိုသူလည်း ဝေခွဲရခေသော မျက်နှာပုံဖန်ဖြင့် -

"ဟုတ်တယ် ဆရာကြီး၊ ဆန်တွေအောက်မှာ ဘာမှမတွေ့ပါဘူး"

"တာ - မင်းကလည်း သေသေချာချာစမ်းပါ။ ဆန်ပုံကိုဖြိုးရာကွာ"

ဟု ဆိုလိုက်သဖြင့် မောင်မျိုးဝင်းလည်း ဆန်ပုံမှာ ဆန်များကို ယက်၍ရှာလေသည်။ အတော်ကြာအောင်ပင် သေသေချာချာရှာ၏။ ထို့နောက်တွင် -

"ဆရာကြီး၊ ကျွန်တော်လည်း ဆန်တွေကို အားလုံးယက်ထုတ်ပြီး သေသေချာချာရှာပါတယ်။ ဘာမှမရှိတာ သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အေး - အဲဒါဆို မင်းပြန်ထွက်လာပေတော့"

ဟု မှာလိုက်သဖြင့် -

မောင်မျိုးမင်းလည်း အိမ်အောက်မှ ပြန်ထွက်လာတော့၏။ ထိုအခါ ဆရာကြီးက အိမ်ရှင်အား -

"ကဲ - ဆန်နည်းနည်းထပ်ယူလာခဲ့ဦး"

ဟု မှာလိုက်ပြီး ဆန်များရောက်ရှိလာသောအခါ မန်းပြန်လေ၏။ ထို့နောက် ဆန်များအား ယခင်တဲ့သို့ပင် အိမ်နေရာအနှံ့ အိမ်အောက်မကျန်ကြွပက်ပြန်၏။ မကြာမီပင် ဆန်များသည် တစ်နေရာသို့ ပြေး၍ စုကြပြန်၏။ ယခု ဆန်စုသောနေရာမှာ မီးဖိုဆောင်အောက်နေရာတွင် ဖြစ်နေ၏။ ထိုဆန်စုပုံနေသောနေရာသို့ လူတစ်ယောက်ဝင်ပြီး နှိက်စမ်းပြန်၏။ သို့သော်လည်း ယခင်အတိုင်းပင် ဘာမှမတွေ့ရသဖြင့် ဆန်များကိုယက်ပြီး ရှာဖွေရာတွင်လည်း အကြောင်းမထူးသဖြင့် ဆရာကြီး၏ မျက်နှာသည် အထူးပင် လေးနက်ပြီး တည်သွားတော့၏။ အချိန်အနည်းငယ်ကြာသောအခါတွင်မှ ဆရာကြီး၏နှုတ်က အသံထွက်ပေါ်လာ၏။

"ကဲပေါ့၊ ဟောဟိုက လေးထောင့်သံပုံးတွေနဲ့ ရေတွင်းထဲက ရေတွေခပ်ယူလာခဲ့ကြ"

ဟု အမိန့်ပေးလိုက်၏။ ရေများခပ်လာပြီးသောအခါ ဆရာကြီးက -

"ဟောဒီ ရေတွေကို အိမ်ခြံထဲနဲ့ အိုမ်ကြမ်းခင်းအိမ်အောက်မကျန်လိုက်လောင်းကြ၊ ရေလိုရင် တွင်းထဲမှာသွားထပ်ပြီးခပ်ပြီး များနိုင်သမျှ များများလောင်းကြစမ်း"

ဟု ပြောလိုက်သည်နှင့် အိမ်ထဲရှိလူအားလုံးက ရေပုံးများကို ဆွဲပြီးလိုက်လောင်းကြတော့၏။ အားရအောင်လောင်းပြီးသောအခါတွင်မှ ဆရာကြီးက -

"ကဲကဲ - အဲဒီလောက်ဆို ရေလောင်းတာရပြီ။ ဆန်နည်းနည်းထပ်ယူလာပေးဦး"

ဟု မှာလိုက်သဖြင့် အိမ်ရှင်လည်း ဆန်များကို ယူလာပေးရာ ဆရာကြီးလည်း ဆန်ကိုမန်းပြန်၏။ ထိုအခြင်းအရာကို အိမ်ထဲရှိ လူအားလုံးကလည်း စိတ်ဝင်တစားဖြင့် ဆရာကြီး၏လုပ်ပုံကိုင်ပုံတို့ကို အသေအချာကြည့်နေကြလေ၏။ ဆန်များကို မန်းပြီးသောအခါ ဆရာကြီးလည်း ရှေ့နည်းတိုင်းပင် ခြံတွင်း၊ အိမ်ပေါ်၊ အိုမ်အောက်မကျန်လိုက်လံကြပက်ပြန်၏။ မကြာမီပင် ဆန်များသည် တစ်နေရာသို့ပြေးသွားပြီးစုကြပြန်၏။ ထိုဆန်စုသောနေရာသည် ဧည့်ခန်းဆောင်ရှိသော ကြမ်းအောက်နေရာတွင် ဖြစ်၏။ ထို့နောက် လူတစ်ယောက်ကို ဝင်၍ ဆန်စုပုံနေသည့် နေရာအောက်သို့စမ်းခိုင်းရာ ထိုလူက ရှုတ်တရက် -

"တွေ့ပြီ၊ တွေ့ပြီ ဆရာကြီး"

ဟု အားရဝမ်းသာစွာ အော်ဟစ်လိုက်ပြီး ကြမ်းအောက်မှ အပြင်သို့ ပြန်ထွက်လာခဲ့၏။ အပြင်ရောက်သောအခါ လက်ထဲမှဆုပ်ထားသောအရာကို ဆရာကြီးလက်ထဲသို့ထည့်လိုက်၏။ ဆရာကြီးလည်း လက်ထဲရောက်လာသော အရာကို အသေအချာကြည့်လိုက်သော အခါ ပန်းပုရုပ်လေးတစ်ခုဖြစ်နေသည်ကို တွေ့ရ၏။

ထိုအရုပ်ကို အသေအချာလေ့လာပြီး ဆရာကြီးက -

"ဟောဒီမှာ လာပြီးအသေအချာကြည့်ကြ၊ ဘီလူးရုပ်တွေ့လား"

"ဟုတ်ကဲ့ - ဘီလူးရုပ်ပါ"

ဟု ဖြေလိုက်ကြ၏။

ထိုအခါ ဆရာကြီးက တစ်ဆင့်တက်ပြီး -

"အဲဒီဘီလူးဘာစီးထားလဲ အသေအချာကြည့်စမ်း"

ဟု မေးလိုက်ရာ ကျန်လူအများလည်း ဘီလူးအောက်မှ အရုပ်ကို အသေအချာကြည့်ကြ၏။ အတန်ကြာသောအခါတွင်မှ တစ်ဦးက -

"အတောင်ပံတော့ပါတယ်"

ဟု လည်းကောင်း၊ အခြားတစ်ဦးက -

"ခြင်္ကောင်လိုလို၊ ယင်ကောင်လိုလို၊ ပျားလိုလိုပဲ ဆရာကြီး"

ဟု ဖြေကြသဖြင့် ဆရာကြီးက-

"အဲဒါ ပိတုန်းခေါ်တယ်။ တို့ပိန္တာရေပညာမှာ ခြင်ကောင်တွေ၊ ယင်ကောင်တွေကို မသုံးဘူး။ ပိတုန်းပဲသုံးတယ်။ အခုဒီကိစ္စမှာ ဘီလူးဟာ ပိတုန်းကို စီးထားတဲ့ပုံ စီရင်ထားပြီး ဒီအိမ်ကို ဘီလူးနဲ့တိုက်ထားတယ်"

ဟု ပြောလိုက်ရာ တစ်ဦးက -

"ဆရာကြီးရယ်၊ ဒီအစီအရင်ကို လုပ်တဲ့သူက ဘာစိတ်ကူးလဲ။ ဘီလူးနဲ့ တိုက်မယ်ဆို ဘီလူးချည်းပဲ သီးသန့်မလုပ်ဘဲ ဘာလို့ အောက်က ပိတုန်းကို ခံထားရတာလဲ၊ တစ်မျိုးပဲနော်၊ တစ်ခါမှ မတွေ့ဖူးဘူး"

ဟု မေးလိုက်သဖြင့် ဆရာကြီးက-

"တစ်မျိုးပဲမလုပ်ခဲ့၊ အဲဒါကို စီရင်တဲ့လူရဲ့အစွမ်းက သာမန်မဟုတ်ဘူး။ ပိုပြီးနက်နက်နဲနဲကြံစည်ထားတာပဲ။ ခုနတုန်းက ငါ အဲဒီဘီလူးကို ဆန်မန်းနဲ့ချပ်ပြီး ဖမ်းဖို့လုပ်တာ -မအောင်မြင်ဘူးမဟုတ်လား၊ ဆန်မန်းတွေက စုံလာပြီး ဘီလူးကိုဖမ်းဖို့ပြေးဝင်လာတော့ ဒီဘီလူးချည်းပဲဆိုရင် မြေပြင်ပေါ်ကပဲ လျှောက်ပြီးပြေးထွက်သွားရမယ်။ ဘီလူးဆိုတာ ကောင်းကင်ပျံနိုင်တဲ့သတ္တဝါမဟုတ်ဘူးလေ။ မြေပြင်ပေါ်မှာပဲလျှောက်သွားရတဲ့ အမျိုးအစားမဟုတ်လား"

ဟု ပြောပြီး ဆရာကြီးသည် သူ၏စကားစကို ခေတ္တမျှ ဖြတ်ထားလိုက်၏။ ပြီးမှ-

"အေး - ဒီလိုမြေပြင်ပေါ်မှာလျှောက်ပြီးပြေးဆွားရမယ်ဆိုရင် သူ့ဆီကို အရပ်လေးမျက်နှာကနေ ဖမ်းဖို့ပြေးဝင်လာနေတဲ့ ဆန်မန်းတွေရဲ့စက်ဝိုင်းကနေ ဘယ်လိုမှမလွတ်နိုင်ဘူး။ ဖောက်ထွက်လို့လည်းမရနိုင်ဘူး။ တစ်ခါ ဆန်မန်းတွေဆိုတာလည်း မြေပြင်ပေါ်မှာလျှောက်ပြီးပြေးသွားနိုင်စွမ်းရှိတယ်။ ကောင်းကင်ပေါ် အထိတော့ မစွမ်းနိုင်ဘူး။ အဲဒီတော့ ပိတုန်းက ဘီလူးကိုသယ်ပြီး ကောင်းကင်ကနေပျံပြီး ထွက်ပြေးသွားနိုင်တယ်လေ။ ဒါကြောင့် ပထမနှစ်ကြိမ်စလုံး ဒီဘီလူးကို ဖမ်းတာမမိဘူး။ ပိတုန်းက ကယ်တုတ်သွားတာချည်းပဲ။ အဲဒါကြောင့် နောက်ဆုံးတွေ့နဲ့ လိုက်ဖျန်းတော့မှ ဒီပိတုန်းလည်းအတောင်တွေရေစိုပြီး မပျံနိုင်မပြေးနိုင်မလွှားနိုင်ဖြစ်တော့မှ ဆန်မန်းနဲ့ဖမ်းတာသူတို့ဘယ်လိုမှမတတ်နိုင်ဘဲမိတော့တာပေါ့"

ဟု အကျယ်တဝင့်ရှင်းပြလေ၏။

ထို့ကြောင့် ဆရာကြီးဦးသာပိုင်အင်းပညာသည် အတော်ပင် အဆင့်အတန်းမြင့်သောပညာရှင် ဖြစ်၏။ ထိုမှအဆင့်မြင့်သောပညာရှင်ဖြစ်လင့်ကစား ဆရာကြီးသည် ပညာနှင့်ပတ်သက်ပြီး တစ်ကြိမ်မျှ ပမာဒလေခဖြစ်မိခဲ့မှုမပြုသာပေါ်ခဲ့ရသည်ကို ဆက်လက်ဖော်ပြပါမည်။

(ရွှေလဆက်)

ဆရာဦးဆောက်ထွန်းလင်း

(မာယုဇွေး)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာတံဆိပ်ခေါင်းလောကကို မြှင့်တင်ခဲ့ကြသူများ

ကြည်လွင်

မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းစုဝါသနာရပ်ကို မည်သည့်ခုနှစ်မှစတင်ခဲ့သည် ဟူသည်ကို အတိအကျမသိရှိကြရပေ။ သို့ရာတွင် ၁၈၉၄ ခုနှစ်ခန့်ကပင် တံဆိပ်ခေါင်းအသင်းတစ်ခု ရန်ကုန်မြို့တွင်တည်ရှိခဲ့သည် ဟူသည့် အထောက်အထားများ တွေ့ရှိထားကြရသည်။ ထို့ကြောင့် ထိုခုနှစ်ခန့်မှစတင်၍ မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းစုဝါသနာရပ်မှာ တဖြည်းဖြည်းချင်း တိုးတက် ထွန်းကားလာသည်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းလောက၏ခေတ်ဦးပိုင်း၌ တံဆိပ်ခေါင်းဝါသနာရှင်အများစုတို့မှာ အင်္ဂလိပ်များ၊ ဥရောပတိုက်သားများ၊ တရုတ်နှင့်အိန္ဒိယနွယ်ဝင်များဖြစ်ကြပြီး မြန်မာလူမျိုးထဲမှ တံဆိပ်ခေါင်းဝါသနာလိုက်စားသူများမှာ နည်းပါးလှသည်။ ခေတ်အဆက်ဆက်များတွင် တံဆိပ်ခေါင်းဝါသနာကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း ပေးအပ်ခဲ့ခြင်းကြောင့် သာ ယနေ့ခေတ်ရောက်သည့်တိုင် ဤဝါသနာရပ်မှာ ရှင်သန်တိုးတက်နေခြင်း ဖြစ်ပါသည်။ ထိုခေတ်အဆက်ဆက်တွင် မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်ကို တိုးတက်ပြန့်ပွားစေရန် ကြိုးပမ်းမြှင့်တင်ခဲ့ကြသူများကို ဤဆောင်းပါးဖြင့် စာရင်းပြုစု မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ခေတ်ဦးပိုင်း၌ မြန်မာ့တံဆိပ်ခေါင်းလောကကို တိုးတက်အောင် မြှင့်တင်ခဲ့ကြသူများမှာ အင်္ဂလိပ်များ၊ တရုတ်နှင့် အိန္ဒိယနွယ်ဝင်များဖြစ်ကြပြီး လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း၌မူ မြန်မာအမျိုးသားများက ဦးဆောင်၍ တံဆိပ်ခေါင်းဝါသနာ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းဝါသနာ့ ခေတ္တမှေးမှိန်ခဲ့သော ကာလများတွင်လည်း ပြည်ပနိုင်ငံများရှိ မြန်မာတံဆိပ်ခေါင်းဝါသနာကို စိတ်ဝင်စားကြသူများက စဉ်ဆက်မပြတ်စေရန် ကြိုးပမ်းအားထုတ်မှုတို့ကိုလည်း တွေ့ရှိခဲ့ကြသည်။

တံဆိပ်ခေါင်းဝါသနာရပ်ကို မြှင့်တင်သည်ဆိုရာ၌ မည်ကဲ့သို့သောပုံစံများဖြင့် လုပ်ဆောင်ခဲ့ကြဝါသနည်း။

"မြှင့်တင်သည်"ဟူသော ဆိုနိုင်သော လုပ်ရပ်အမျိုးမျိုးရှိသည့်အနက် -

၁။ မြန်မာတံဆိပ်ခေါင်းမြောက်မြားစွာကို စုဆောင်း ထိန်းသိမ်း၍ အမွေအနှစ်အဖြစ်ထားရှိခြင်း၊

၂။ တံဆိပ်ခေါင်းစာပေနှင့် ထိုခေတ်ထိုစဉ်ကာလများက ခေတ်စားခဲ့သော မီဒီယာလုပ်ငန်းများဖြင့် ဝါသနာပြန့်ပွားစေခြင်း၊

၃။ တံဆိပ်ခေါင်းအသင်းအဖွဲ့များကို ဦးဆောင်၍ ဝါသနာတိုးတက်ပြန့်ပွားစေခြင်းနှင့်

၄။ သာမန်တံဆိပ်ခေါင်းဝါသနာရှင်များကြားတွင် ကိုယ်တိုင်ကိုယ်ကျ

ဒုဇုဝ ပြည့်နှစ် မြန်မာနိုင်ငံ တံဆိပ်ခေါင်းဝါသနာရှင်များအသင်း အမှုဆောင်အဖွဲ့
(နောက်တန်း) ဦးသိန်းအန်း၊ ဦးသိန်းဟုတ်၊ ဦးမင်းစိန်၊ ဦးဝင်းမြင့်၊ ဦးချစ်စံ
(ရှေ့တန်း) ဦးသိန်းလွင်၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကလေး (ဥက္ကဋ္ဌ)၊ ဦးခင်မောင်စိ၊ ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်၍ ဝါသနာရပ်ဆိုင်ရာ ကျင့်ဝတ်၊ နည်းစနစ်၊ အတွေးအခေါ် တို့ကို အနီးကပ်မျှဝေပေးခြင်း စသည့် ဆောင်ရွက်ချက်များကို မြှင့်တင်သည်ဟု ခေါ်ဆိုပါသည်။ တံဆိပ်ခေါင်းလောကဇာတ်၊ ခေတ်အဆက်ဆက် တွင်ကျင်လည်ခဲ့ကြသူများအနက် မည်သူများကို တံဆိပ်ခေါင်းဝါသနာရပ်ဆိုင်ရာ မြှင့်တင်ကြသူများ ဟူ၍ သတ်မှတ်ရပါမည်နည်း။ အထက်တွင် ဖော်ပြခဲ့သော ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ခဲ့သည့် အတိုင်းအတာဖြင့် ချိန်ထိုးရွေးချယ် သတ်မှတ်ရမည် ဖြစ်သည်။

မြန်မာ့တံဆိပ်ခေါင်းလောကကို မြှင့်တင်ခဲ့ကြသူများအဖြစ် ဤဆောင်းပါးတွင် စာရင်းပြုစုဖော်ပြထားသော ပုဂ္ဂိုလ်များမှာ အထက်ဖော်ပြပါ စံနှုန်းနှင့်ကိုက်ညီပြီး ဆောင်ရွက်ချက်မြင့်မားသူများကို ဤဆောင်းပါးရှင်မှ ရွေးချယ်ပြုစုထားခြင်း ဖြစ်သည်။ ရွေးချယ်မှတ်တမ်းတင်ရာ၌ ထိုပုဂ္ဂိုလ်တို့၏ လူမျိုး၊ အယူဝါဒ၊ နိုင်ငံသား၊ နိုင်ငံခြားသား စသည့် အခြေအနေများမှာ ရွေးချယ်ရာတွင် ပုံဝင်အကျိုးသက်ရောက်ခြင်းမရှိပေ။ မြန်မာ့တံဆိပ်ခေါင်းလောကကို ယနေ့တိုင် ကြီးပမ်းမြင့်တင်နေသော်သက်ရှိထင်ရှားပုဂ္ဂိုလ်များနှင့် ယခင်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ကွယ်လွန်သွားသူများအား လုံး အကျုံးဝင်သည်။ စာရင်းပြုစုရာ၌ ထိုပုဂ္ဂိုလ်တို့၏ အကျဉ်းချုပ်အကြောင်း အရာများသာ ဖော်ပြမည် ဖြစ်သည်။ တစ်ဦးချင်းစီ၏ စွမ်းဆောင်ချက်၊ ထူးခြားမှု စသည်တို့ကို ကွင်း၏ ကွင်းပိတ်အတွင်း ဖော်ပြထားသည်။ စာရင်းကို ပြုစုရာ၌ ရှေ့၊ နောက်အစီအစဉ်မှာ ကျပန်းစီရီထားခြင်းဖြစ်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခေတ်ကာလ၊ အသက်အရွယ်၊ အမည်နာမ၊ ကျော်စောမှု စသည်တို့နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပေ။

ဤဆောင်းပါးအတွက် ပြုစုမှတ်တမ်းတင်မည့် ပုဂ္ဂိုလ် (၁၂) ဦး စီစစ်ရွေးချယ်ထားသည်။ ထိုပုဂ္ဂိုလ်တို့၏ အမည်များရှေ့တွင် မြန်မာနိုင်ငံသားများဖြစ်ပါက 'ဦး' ဟူသည့် ဂုဏ်ပုဒ်ထည့်သွင်းထားသော်လည်း အင်္ဂလိပ်၊ အိန္ဒိယနွယ်ဝင်၊ တရုတ်တို့၏ အမည်များရှေ့တွင် 'မစ္စတာ' ဟူသော ဂုဏ်ပုဒ်ပါရှိမည်မဟုတ်ပေ။ စစ်ဘက်အရာရှိကြီးများ၏ 'ဗိုလ်မှူးကြီး' စသည့် ရာထူးများကိုမူ ထည့်သွင်းစာရင်းပြုစုထားသည်။ သက်ရှိထင်ရှားလျှက်ရှိသူများ၏ အမည်နံဘေး၌ (*) ဖြင့် ပြသထားသည်။

၁။ ဦးတန်ရွှေချူ

ဦးတန်ရွှေချူ (Tan Swee Choo) မှာ ငွေကြေးချမ်းသာသူဖြစ်ပြီး တံဆိပ်ခေါင်းစုဆောင်းခြင်း၊ ရောင်းဝယ်ခြင်း အလုပ်များကို ၁၉၂၀ ပြည့်နှစ်မတိုင်မီကပင် လုပ်ဆောင်ခဲ့သူဖြစ်သဖြင့် မြန်မာ့အစောဆုံး တံဆိပ်ခေါင်းရောင်းဝယ်သူဟု ဆိုရမည်ဖြစ်သည်။ ၁၉၃၈ ခုနှစ် မြန်မာတံဆိပ်ခေါင်းများ စတင်ထုတ်ဝေရာမှစ၍ သူ၏ကိုယ်ပိုင် ပထမနေ့ထုတ် တံဆိပ်ခေါင်းကဒ်စာအုပ်များကို ထုတ်လုပ်ခဲ့သည်။ မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်း အမြောက်အများစုဆောင်းနိုင်ခဲ့သူဟူ၍လည်း သတ်မှတ်ကြ၏။ ဦးတန်ရွှေချူ နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်ပြီးနောက်၌ သူ၏စုဆောင်းမှုများ (collections)ကို ခွဲ၍ အခြားတံဆိပ်ခေါင်း ဝါသနာရှင်များထံသို့ ရောင်းချခဲ့သည်။ (ယနေ့ မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်အချို့လက်ထဲတွင် ရောက်ရှိနေသော အကောင်းဆုံးသော မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ စုဆောင်းမှုများမှာ ဦးတန်ရွှေချူ၏ စုဆောင်းမှုကြီးမှ ဖြာထွက်ခဲ့ခြင်းဖြစ်သည်။)

၂။ နယ်လ်ဆင်ယူစတစ်(စ်)

နယ်လ်ဆင်ယူစတစ်(စ်) (Nelson Eustis)မှာ ဩစတြေးလျနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ အပါအဝင် ဂျပန်တို့၏ သိမ်းပိုက်နယ်မြေ တံဆိပ်ခေါင်းများ ကက်တလောက် ပြုစုထုတ်ဝေသူ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ တံဆိပ်ခေါင်းဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် မြန်မာတံဆိပ်ခေါင်းများကို နိုင်ငံခြားတွင် ရောင်းချရေးအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ခန့်ထားခြင်းခံရသူ ဖြစ်သည်။ (သူ၏မြန်မာတံဆိပ်ခေါင်းများကို ပြည်ပနိုင်ငံများတွင် ရောင်းချနိုင်ရန်အတွက် တံဆိပ်ခေါင်းထုတ်ဝေနည်းစနစ်ပြောင်းလဲရန် အကြံပြုချက်များ၊ မြန်မာတံဆိပ်ခေါင်းများအတွက် ရွေးချယ်သင့်သော ဒီဇိုင်းပုံများဆိုင်ရာအကြံပြုချက်များ၊ တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ ထုတ်ဝေရန် အကြံပြုချက်များကို လိုက်နာ ကျင့်သုံးဆောင်ရွက်ခဲ့ပါက တိုးတက်ကောင်းမွန်သော တံဆိပ်ခေါင်းများ ထုတ်ဝေနိုင်ပြီး တံဆိပ်ခေါင်းထုတ်လုပ်ရေးတွင် မလွဲမသွေ အောင်မြင်နေပြီ ဖြစ်ပေမည်။)

၃။ အယ်လင်မီးချ် *

အယ်လင်မီးချ် (Alan Meech) မှာ ကနေဒါနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်ပြီး အယ်လ်ဘားတား (Alberta) ပြည်နယ် ဝန်ကြီးချုပ်ရုံးတာဝန်ခံ အရာရှိတစ်ဦးဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် ကမ္ဘာတစ်လွှား အထူးပြုလေ့လာသော တံဆိပ်ခေါင်း အသင်းငယ်များစွာ ပေါ်ထွန်းလာခဲ့ရာတွင် သူက ထိုင်းနိုင်ငံတံဆိပ်ခေါင်းများကို စုဆောင်းလျက်ရှိသည်။ ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အထူးပြုလေ့လာသောအသင်းရှိ၊ မရှိ စုံစမ်းခဲ့ရာ မရှိကြောင်းသိရှိခဲ့ရာမှ မြန်မာတံဆိပ်ခေါင်းများကို စတင်စုဆောင်းခဲ့သည်။ အယ်လင်မီးချ်မှာ မြန်မာတံဆိပ်ခေါင်းများကို စုဆောင်းရန် သက်သက်မဟုတ်ဘဲ ကိုယ်တိုင်အကျန်အကျခံ၍ 'မြန်မာတံဆိပ်ခေါင်းလေ့လာသူများအသိုင်းအဝန်း' ကို တည်ထောင်ပြီး 'မြန်မာဥဒေါင်းတံဆိပ်ခေါင်းကျာနယ်' (The Burma Peacock) ကို ၁၉၇၉ ခုနှစ်မှစ၍ ကိုယ်တိုင် တည်းဖြတ် ထုတ်ဝေခဲ့သည်။

အယ်လင်မီးချ်မှာ ဂျပန်ဘာသာ တတ်ကျွမ်းသူဖြစ်သဖြင့် မြန်မာနိုင်ငံ ဂျပန်ခေတ်တံဆိပ်ခေါင်းများအကြောင်းကိုလည်း နှိုက်နှိုက်ချွတ်ချွတ်လေ့လာနိုင်သူ ဖြစ်သည်။ မြန်မာနိုင်ငံသို့ (၄)ကြိမ်မြောက်လာရောက်လည်ပတ်ပြီး ရန်ကုန်မြို့တံဆိပ်ခေါင်းဝါသနာရှင်များနှင့်တွေ့ဆုံဆွေးနွေး၊ နှီးနှောခဲ့သည်။ မြန်မာ့အဋ္ဌမတံဆိပ်ခေါင်းများစာအုပ်၊ မြန်မာတံဆိပ်ခေါင်းများ၏ကက်တလောက်နံပါတ်များသဟဇာတညီညွတ်မှုပြဇယားစာအုပ်၊ မြန်မာ့တံဆိပ်ခေါင်းစာပေစာရင်းစာအုပ်တို့ကို ရေးသား ထုတ်ဝေခဲ့သူဖြစ်သည်။ ယခုအခါ အသက်အရွယ်၊ ကျန်းမာရေး အခြေအနေတို့ကြောင့် တံဆိပ်ခေါင်းလောကမှ အနားယူခဲ့ပြီ ဖြစ်သည်။ (၁၉၇၀ ပြည့်နှစ်နောက်ပိုင်း မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းဝါသနာမှေးမြူနေခဲ့ရုံတွင် နိုင်ငံတကာရှိ မြန်မာတံဆိပ်ခေါင်းစိတ်ဝင်စားသူ ဝါသနာရှင်များကို သူ၏ 'အသိုင်းအဝန်း' နှင့် 'ဥဒေါင်းကျာနယ်' တို့က စုစည်းနိုင်ခဲ့ရုံသာမက သူ၏စာအုပ်များကလည်း မြန်မာတံဆိပ်ခေါင်းဝါသနာဆိုင်ရာအသိုင်းအဝ

www.burmeseclassic.com

များစွာကို မှတ်တမ်းတင်နိုင်ခဲ့သည်။)

၄။ ဂျယ်ရယ်ဒေးဗစ်

ကမ္ဘာ့တံဆိပ်ခေါင်းလောကသို့ 'မြန်မာ' ကို တွန်းတင်ပွဲထုတ်နိုင်ခဲ့သူ ဂျယ်ရယ်ဒေးဗစ်

ဂျယ်ရယ်ဒေးဗစ်(Gerald Davis) မှာ မြို့ပြဝိသုကာတစ်ဦးဖြစ်ပြီး တံဆိပ်ခေါင်းသုတေသီတစ်ဦးလည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာ့စစ်မြေပြင်၌ တော်ဝင်အင်ဂျင်နီယာတပ်ဖွဲ့ဖြင့် လိုက်ပါခဲ့ပြီး ဂျပန်ခေတ်တံဆိပ်ခေါင်းများ၊ စာအိတ်ခွဲများ၊ စာရွက်စာတမ်းများကို စည်သွတ်ဘူး၊ စီးကရက်ဘူးများဖြင့် လဲလှယ်ယူပြီး မြန်မာတံဆိပ်ခေါင်းများကို စုဆောင်းခဲ့သူ ဖြစ်သည်။ ၁၉၇၁ ခုနှစ်၌ ဗိုလ်မှူးကြီးမာတင် (Col. Martin) နှင့် တွဲဖက်၍ 'မြန်မာ့စာပို့သမိုင်း' (Burma Postal History) စာအုပ်ကို ရေးသားပြုစုခဲ့သည်။ နာမည်ကြီး လန်ဒန်တံဆိပ်ခေါင်းဝါသနာရှင်ကျာနယ်၌ 'ခွဲထွက်ရေးစမ်းသပ်မှုများ' (Separation Trials) ဟူသော (၃) ခန်းဆက် ၁၉၃၇ ခုနှစ်တံဆိပ်ခေါင်းများအကြောင်း ဆောင်းပါးရှည်ကြီး ရေးသားခဲ့သည်။ ကနေဒါနိုဖီဇင်မှ အယ်လင်မီးချ်နှင့်တွဲဖက်၍ မြန်မာအခွန်တံဆိပ်ခေါင်းများစာအုပ်ကို ၁၉၉၈ခုနှစ်က ရေးသားထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းများအတွက် ရေးသား သုတေသနပြုမှုများအတွက် ဘွဲ့တံဆိပ်များစွာ ရရှိခဲ့သည်။ လန်ဒန်တော်ဝင်တံဆိပ်ခေါင်းအသင်းဝင်တစ်ဦး ဖြစ်သည်။ တင်းလီရပ်ဆုတံဆိပ် (Tilleard Medal) ကို ၁၉၇၄ ခုနှစ်တွင် လည်းကောင်း၊ တက်ပလင်းဆုတံဆိပ် (Tapling Medal) ကို ၁၉၈၀ ပြည့်နှစ်တွင် လည်းကောင်း ရရှိခဲ့သူဖြစ်သည်။ ၂၀၀၂ ခုနှစ်၌ ရိုလင်ဟီးလ် (Rowland Hill Award) ဆုတံဆိပ်ရရှိခဲ့သည်။ သူ၏ စုဆောင်းမှုများကို ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ရောင်းချခဲ့သည်။ ၂၀၀၅ ခုနှစ်တွင်ပင် ကွယ်လွန်ခဲ့ရာ မြန်မာတံဆိပ်ခေါင်းလောက အတွက် ဆုံးရှုံးမှုကြီးတစ်ရပ်ဟု ပြောစမှတ်ပြုကြသည်။ (ဂျယ်ရယ်ဒေးဗစ်မှာ မြန်မာတံဆိပ်ခေါင်းကျွမ်းကျင်သူဟု သတ်မှတ်ကြပြီး ကမ္ဘာ့တံဆိပ်ခေါင်းလောကထဲသို့ 'မြန်မာ' ကို တွန်းတင်ပွဲထုတ်နိုင်သူဟု ဆိုကြသည်။)

၅။ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကလေး

ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကလေးမှာ မိုးကုတ်မြို့ဇာတိဖြစ်ပြီး အစွဲလာ (မိ)ဘာသာဝင်ဖြစ်သည်။ ငယ်စဉ်အရွယ် ခရစ်ယာန်သာသနာပြုကျောင်း၌တက်ခဲ့စဉ်က အနောက်တိုင်းသား ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး၏ အားပေးသွန်သင်မှုဖြင့် တံဆိပ်ခေါင်းစုဝါသနာစိတ်ဝင်စားခဲ့ရသည်။ မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်ကြီးကူးစက်ချိန်တွင် ထို ဘုန်းတော်ကြီးက သူ့အား တံဆိပ်ခေါင်းအယ်(လ်)ဘမ်(၃)အုပ်အား ထိန်းသိမ်းရန်ပေးအပ်ခဲ့ရာ စစ်ကြီးအတွင်း ကိုယ်နှင့်မကွာ သိမ်းဆည်းခဲ့ရသည်။ စစ်ကြီးပြီးသောအခါ မန္တလေးတက္ကသိုလ်၌ တက်ရောက် သင်ကြားပြီး တွဲ့ရပြီးသောအခါ မြန်မာ့တပ်မတော်တွင် အရာရှိတစ်ယောက်ဖြစ်လာခဲ့သည်။ တပ်မတော်တာဝန်ဖြင့် နယ်စပ်ဒေသများတွင် တာဝန်ကျနေခဲ့ရာမှ ၁၉၆၅ ခုနှစ်တွင် ကုန်သွယ်ရေးကော်ပိုရေးရှင်း (၃) ၏ ဥက္ကဋ္ဌအဖြစ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်မြို့သို့ရောက်သောအခါမှ တံဆိပ်ခေါင်းများစုဆောင်းခြင်းအလုပ်ကို ပြန်လည်လုပ်ကိုင်နိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် 'တံဆိပ်ခေါင်းစုနည်းနိဿရည်း' ဟူသောစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်းစုဝါသနာရှင်များအသင်းကို ဦးစီး တည်ထောင်ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အသင်းတည်နေရာကို သူ၏ကုန်သွယ်ရေး(၃)ရုံးချုပ်အဆောက်အအုံတွင်ထားရှိခဲ့သည်။ နောက်တစ်နှစ်တွင်ပင် မြန်မာနိုင်ငံတံဆိပ်ခေါင်းအကြံပေးအဖွဲ့ ကို ဖွဲ့စည်းတည်ထောင်ပြီး မြန်မာတံဆိပ်ခေါင်းများထုတ်ဝေရေးတွင် အကြပြုခဲ့ရုံသာမက နိုင်ငံခြားသို့ မြန်မာတံဆိပ်ခေါင်းများရောင်းချရန်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၉၇၂ ခုနှစ် နောက်ပိုင်းတွင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကလေးမှာ မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ခဲ့ရပြီး သူတည်ထောင်ခဲ့သော 'ဝါသနာရှင်များအသင်း' နှင့် 'အကြံပေးအဖွဲ့' တို့မှာလည်း ပျက်ပြယ်သွားခဲ့တော့သည်။ ဓနမဂ္ဂဇင်းတွင် ရေးသားခဲ့သော သူ၏ 'စွေးကောင်းနေသော မြန်မာတံဆိပ်ခေါင်းများ' ဆောင်းပါးမှာ စာဖတ်သူများ စိတ်အဝင်စားဆုံး တံဆိပ်ခေါင်းဆောင်းပါးဖြစ်ခဲ့ပါသည်။ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးခင်မောင်ကလေးမှာ ၂၀၀၉ ခုနှစ် အသက် (၈၁) နှစ်တွင် နာတာရှည်အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။ (မြန်မာနိုင်ငံတော်လုံခြုံရေးအစိုးရတက်လာပြီးနောက် အဖွဲ့အစည်းအသီးသီးမှေးမှိန်ပျောက်ကွယ်လုမတတ်ဖြစ်နေချိန်၌ တံဆိပ်ခေါင်းဝါသနာရှင်များအသင်းကို တည်ထောင်နိုင်ခဲ့သူဖြစ်သည်။ သူ၏ 'တံဆိပ်ခေါင်းစုနည်းနိဿရည်း' စာအုပ်မှာ မြန်မာ့ပထမဆုံးတံဆိပ်ခေါင်းစုဆောင်းနည်းစာအုပ်ဖြစ်သည်။)

၆။ ဦးအောင်မြင့်

ဦးအောင်မြင့် (ခေါ်) ဦးလင်ပင်ဟောင် (Lim Peng Hong) ကို ရန်ကုန်မြို့၌ ၁၉၁၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နောက် ငယ်ရွယ်စဉ် မိဘများကွယ်လွန်ခဲ့၍ ကျူပျော်မြို့ရှိ ဦးလေးတော်စပ်သူထံတွင် ကြီးပြင်းခဲ့ရသည်။ ဦးအောင်မြင့်

"ဆန့်ကယ်ကြီး" ဟု တံဆိပ်ခေါင်းဝါသနာရှင်များက နာမည်ပေးစေးရသော ဦးအောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

မှာ တံဆိပ်ခေါင်းများကို ငယ်စဉ်ကပင် စူးစူးစိုက်စိုက် အပတ်တကုတ် ကြိုးစား စုဆောင်းခဲ့သူဖြစ်သည်။ ဂျပန်ခေတ် အတွင်းရှိ ဝါးတံဆိပ်ခေါင်းများဝယ်ယူရန် အင်္ဂလိပ်လေယာဉ်များ ငုံးကြဲချမည့် အန္တရာယ်ကြားမှ စပါးတင်သောလှေဖြင့် ရန်ကုန်မြို့သို့ သက်စွန့်ဆဲဖျားသွား ရောက်ခဲ့သူ ဖြစ်သည်။ ဦးအောင်မြင့် စုဆောင်းခဲ့သော ဂျပန်ခေတ်စာအိတ်များစွာမှာ Lim Peng Hong ဟူသော လိပ်စာအမည်ဖြင့် ကမ္ဘာ့စေးကပ်ဆုံး ပုံနှိပ်လျက်ရှိသည်။ ရန်ကုန်မြို့ရှိ တံဆိပ်ခေါင်းဝါသနာရှင်များကြား၌ 'အန်ကယ်ကြီး' ဟူသောဂုဏ်ပုဒ်ဖြင့် ချစ်ခင်လေးစားရသူတစ်ဦးဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းဝါသနာရှင်များအသင်းဖြစ်မြောက်ရန် အကြံဉာဏ်များစွာပေးခဲ့သူဖြစ်သည်။ မြန်မာဥခေါင်း တံဆိပ်ခေါင်းဂျာနယ်တွင် မှတ်တမ်းတင်သင့်သော တံဆိပ်ခေါင်းဆိုင်ရာ သတင်းပေးပို့ချက်များစွာပေးပို့ခဲ့သူလည်း ဖြစ်သည်။ ၂၀၀၃ ခု အသက်(၉၁)အရွယ်၌ ကွယ်လွန်ခဲ့ပြီး မကွယ်လွန်မီက မျက်စိမမြင်တော့သည့်တိုင် တံဆိပ်ခေါင်းသတင်းနှင့် စာပေများကို သူ၏သားဖြစ်သူ ဒေါက်တာကျော်ဝင်းဖတ်ပြသည်ကို နားထောင်ရင်း ဝါသနာရပ်နှင့် နောက်ဆုံးအချိန်အထိ ခံစားထိတွေ့သွားသူ ဖြစ်သည်။ (ဦးအောင်မြင့်မှာ ရန်ကုန်မြို့ရှိ တံဆိပ်ခေါင်းဝါသနာရှင် ကြီး၊ ငယ်မဟုတ်တို့၏မေးခွန်းများကို စိတ်ရှည်လက်ရှည် ဖြေကြားပေးလေ့ရှိသည်။ ဝါသနာရှင်တို့ကို တံဆိပ်ခေါင်းဆိုင်ရာကျင့်ဝတ်လိုက်နာရန်နှင့် တံဆိပ်ခေါင်းပညာစနစ်တကျလေ့လာရန်တို့ကို ကွင်းဆင်းပညာပေးသကဲ့သို့ မှာကြားပြောဆိုခဲ့သူ တံဆိပ်ခေါင်းဝါသနာရှင်ကြီး ဖြစ်သည်။)

ဂု။ ဗိုလ်မှူးကြီး ဂျီ ရောဘတ်

ဗိုလ်မှူးကြီး ဂျီ။ရောဘတ် (Col. G.Roberts) မှာ မြန်မာတံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်နှင့် သုတေသီတစ်ဦး ဖြစ်သည်။ နောင်အခါ၌ ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံတွင် စစ်မှုထမ်းခဲ့စဉ်က မြန်မာတံဆိပ်ခေါင်းများနှင့် အချက်အလက်များစွာ စုဆောင်းနိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်၌ အီး၊ အေ၊ စမစ်သီး (E.A Smythies) နှင့် တွဲဖက်၍ 'ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများ ၁၉၄၂-၁၉၄၅' စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၄၅ ခုနှစ်ခန့်က ရရှိခဲ့သော 'ဟသ်တပုံစံခေါင်းတံဆိပ်' ဖောင်းကြွတံဆိပ်တုံး (die) ကို ၁၉၈၁ ခုနှစ်တွင် လန်ဒန်မြို့ရှိ တော်ဝင်တံဆိပ်ခေါင်းအသင်းသို့လှူဒါန်းခဲ့သည်။ သူ၏ စုဆောင်းမှုအားလုံးကို သူ၏ သား အတွက် အမွေပေးခဲ့သည်။ သူသားက ၂၀၀၄ ခုတွင် ထိုတံဆိပ်ခေါင်းစုဆောင်းမှုကို စတင်လေဝစ်ဘွန်း (Stanley Gibbons) ကုမ္ပဏီသို့ ရောင်းချခဲ့သည်။ (သူ၏ ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများ ၁၉၄၂ - ၁၉၄၅ စာအုပ်မှာ ယနေ့အချိန်အထိ ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများအကြောင်းလေ့လာလိုသူတို့အတွက် အကျိုးရှိလှသော စာအုပ်တစ်အုပ် ဖြစ်လျက်ရှိသည်။)

ဃ။ အမ်၊ ကေ၊ ဒီ၊ နိုင်ဂမ်ဝါလား

အမ်၊ ကေ၊ ဒီ၊ နိုင်ဂမ်ဝါလား (N.K.D Naigamwalla) မှာ အာမခံကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး တံဆိပ်ခေါင်းစုဆောင်းခြင်း၊ ရောင်းဝယ်ခြင်းတို့အပြင် ခရီးသွားကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည်။ 'မြန်မာတံဆိပ်ခေါင်းအေဂျင်စီ' ဟူသော အမည်ဖြင့် တံဆိပ်ခေါင်းရောင်းဝယ်ရေးလုပ်ခဲ့သူဖြစ်သည်။ ၁၉၃၈ ခုနှစ်ထုတ် အစဉ်သုံးတံဆိပ်ခေါင်းများမှ (၈) ပဲတန်တံဆိပ်ခေါင်း၏ ရွက်လှေပုံဒီဇိုင်းမှာ နိုင်ဂမ်ဝါလားရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ၁၉၃၃ ခုနှစ်အထိ မြန်မာနိုင်ငံတံဆိပ်ခေါင်းနှင့်ဝါသနာရပ်များဖလှယ်ရေးအသင်း၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်အထိ မြန်မာတံဆိပ်ခေါင်းအသင်း၏ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ၁၉၅၆ ခုနှစ် ပထမဆုံး အကြိမ် မြန်မာတံဆိပ်ခေါင်းပြပွဲတွင် ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမောင် (နောင်အခါ သမ္မတဖြစ်ခဲ့သူ) က နိုင်ဂမ်ဝါလားအား မြန်မာနိုင်ငံ တံဆိပ်ခေါင်းဝါသနာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

BURMAဟုအမည်ရသောမဂ္ဂဇင်း၌ မြန်မာ့တံဆိပ်ခေါင်းလောကမြင့်တင်ရေးအတွက် 'မြန်မာ့တံဆိပ်ခေါင်းဝါသနာ - အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်' ဟူသော ဆောင်းပါး ရေးသားခဲ့သူ ဖြစ်သည်။ အမေရိကန်နိုင်ငံ FIPEX တံဆိပ်ခေါင်းပြပွဲ၌ မြန်မာကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သူလည်း ဖြစ်သည်။ (နိုင်ဂမ်ဝါလားမှာ မြန်မာ့တံဆိပ်ခေါင်းလောကတိုးတက်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် လှုပ်ရှားဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။)

င။ ရစ်ချပ်ဝါရင်*

ရစ်ချပ်ဝါရင် (Richard Warren) မှာ အင်္ဂလန်နိုင်ငံမှဖြစ်ပြီး အလယ်တန်းပြဆရာတစ်ဦးဖြစ်သည်။ အနောက်တိုင်းသားတစ်ယောက်အနေဖြင့် ထူးထူးခြားခြား ခေတ်သစ် မြန်မာတံဆိပ်ခေါင်းများကို စိတ်ဝင်စားစွာဖြင့် စုဆောင်းသူတစ်ဦးလည်း ဖြစ်သည်။ သူ၏အဘိုးမှာ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ရောပ်အရာရှိတစ်ယောက်အဖြစ် ပါဝင်ခဲ့ပြီး သူ၏ဦးလေးတော်စပ်သူမှာ 'မြန်မာနိုင်ငံဆက်ဆံရေးရုံး' (Burma Office) တွင် အရာရှိဝန်ထမ်းတစ်ဦးဖြစ်ခဲ့သည်။ ငယ်ရွယ်စဉ်ကပင် 'မြန်မာ' နှင့်မစိမ်းသူတစ်ယောက်ဖြစ်၍ မြန်မာတံဆိပ်ခေါင်းများကို စိတ်ဝင်စားသည်မှာ မဆန်းလှပါခေ။

သို့ရာတွင် တံဆိပ်ခေါင်းများကို စုဆောင်းရုံဖြင့် သာမဟုတ်ဘဲ ၂၀၀၄ ခုနှစ်တွင် 'မြန်မာဥခေါင်းတံဆိပ်ခေါင်းဂျာနယ်' ထုတ်ဝေမှု ရပ်ဆိုင်းပြီးနောက် အင်္ဂလန်နိုင်ငံမှထုတ်ဝေသော 'မြန်မာ့အောင်စာတံဆိပ်ခေါင်းဂျာနယ်' (The Burma Fantail) တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၈ ခုနှစ်တွင် 'မြန်မာ့စာပို့စာရေးကိရိယာများ စာအုပ်' ကို ရေးသား ထုတ်ဝေခဲ့သည်။ နောက်ပိုင်း၌ မြန်မာတံဆိပ်ခေါင်းစိတ်ဝင်စားသူများ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန် သူ၏စာအုပ်များကို အင်တာနက်မှ အခမဲ့ ဖြန့်ချိခဲ့သည်။ ထိုစာအုပ်များထဲမှ 'မြန်မာ့တံဆိပ်ခေါင်းလောကမှ မည်သူကမည်သူနည်း'၊ 'ချလိုဒေလီတံဆိပ်ခေါင်း-ဖြစ်ရပ်မှန်ဇာတ်လမ်း' စသည်တို့ ပါဝင်သည်။ (ရစ်ချပ်ဝါရင်မှာ မြန်မာနိုင်ငံသို့ တစ်ကြိမ်တစ်ခါဘူးမျှ ရောက်ဖူးခြင်းမရှိသော်လည်း ပြည်ပဝါသနာရှင်များ စိတ်ဝင်စားမှုနည်းသော မြန်မာ့စာစာရေးကိရိယာများအကြောင်းကို ပြည်တွင်းမှ ဝါသနာရှင်တို့ကို ဖြတ်ကျော်၍ လက်ခွဲစာအုပ်အဖြစ် စနစ်တကျ ရေးသား ပြုစုနိုင်သူဖြစ်ပြီး ထိုစာအုပ်မှာ မြန်မာနိုင်ငံမှ ဝါသနာရှင်များအတွက် များစွာအထောက်အကူဖြစ်ပေသည်။)

၁၀။ ဦးမောင်မောင်လင်း

ဦးမောင်မောင်လင်းမှာ ပုသိမ်ရွာတွင် မွေးဖွားပြီး ရန်ကုန်တက္ကသိုလ် ၁၉၅၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ မြန်မ

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာရှင်မဟုတ်သော်ထည်း တံဆိပ်ခေါင်းစာအုပ်ရေးသားခဲ့သူ ဦးမောင်မောင်ထင်း

နိုင်ငံစာတိုက်နှင့်ကြေးနန်းဌာနသို့ ၁၉၅၄ ခုနှစ်တွင် ဝင်ရောက်လုပ်ကိုင်ပြီး ၁၉၅၇ ခုနှစ်တွင် တိုင်းအဆင့်ကြီးကြပ်ရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် စာတိုက်နှင့်ကြေးနန်းဌာန၏ ဒုတိယညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ရသည်။ ၁၉၇၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ တံဆိပ်ခေါင်းဆိုင်ရာ ကိစ္စများ အပါအဝင် စာတိုက်ဘက်ဆိုင်ရာသင်တန်းကို တစ်နှစ်နီးပါးခန့် သွားရောက် သင်ကြားခဲ့သည်။ ကမ္ဘာ့စာပို့သမဂ္ဂညီလာခံကြီး(၂)ခုကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။ အခါအားလျော်စွာ တံဆိပ်ခေါင်းဆိုင်ရာဆောင်းပါးများရေးသားလေ့ရှိပြီး ၂၀၀၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် Stamps of Myanmar စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။ (ဦးမောင်မောင်လင်းမှာ တံဆိပ်ခေါင်းဝါသနာရှင်မဟုတ်သည့် တံဆိပ်ခေါင်းစာအုပ် ရေးသား ထုတ်ဝေသူဖြစ်သဖြင့် သူ၏စာအုပ်၌ အချက်အလက်အချို့များယွင်းသည်ကို တွေ့ရှိရသော်လည်း မြန်မာနိုင်ငံသားထဲမှ အင်္ဂလိပ်ဘာသာဖြင့် တံဆိပ်ခေါင်းစာအုပ်ရေးသားသူအဖြစ် ထင်ရှားသည်။ သူ၏စာအုပ်မှာ မြန်မာတံဆိပ်ခေါင်းများအကြောင်းကို မိတ်ဆက်သဘောအနေဖြင့် သိရှိလိုကြသော နိုင်ငံရပ်ခြားမှ တံဆိပ်ခေါင်းဝါသနာရှင်များအတွက် များစွာအကျိုးရှိပေသည်။)

၁၁။ ဦးအောင်လှ

ရန်ကုန်တက္ကသိုလ်မှ သင်္ချာပါမောက္ခ ဦးအောင်လှမှာ ၁၈၉၆ ခုနှစ်က သာယာဝတီမြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်မြို့ စိန့်ပေါ်(လ်)ကျောင်း၌ ပညာသင်ကြားခဲ့ပြီး ကင်းဗရစ်တက္ကသိုလ်မှ သင်္ချာမဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ မြန်မာနိုင်ငံတံဆိပ်ခေါင်းနှင့် ဝါသနာရပ်များဖလှယ်ရေးအသင်း၏ဒုတိယဥက္ကဋ္ဌဖြစ်ပြီး နောင်တွင် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ မြန်မာတံဆိပ်ခေါင်းကလပ်၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး တံဆိပ်ခေါင်းစာစောင်အယ်ဒီတာလည်းဖြစ်သည်။ ဗြိတိန်နိုင်ငံမှ FRPS (London) တော်ဝင်တံဆိပ်ခေါင်းဝါသနာအသင်း၏ ဂုဏ်ထူးဆောင်အသင်းသားအဖြစ် ၁၉၆၃ ခုနှစ်က အပ်နှင်းခြင်းခံခဲ့ရသည်။ မြန်မာတံဆိပ်ခေါင်းပြပွဲများကို ဦးစီးကျင်းပနိုင်ခဲ့သူ ဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ကွယ်လွန်ပြီး ဇနီးဖြစ်သူ ရုပ်ရှင်မင်းသမီးနှင့် အဆိုတော်အေဝမ်(ဒေါ်)မေသန်းနှင့် သားတစ်ယောက်၊ သမီးတစ်ယောက်ကျန်ရစ်ခဲ့သည်။ သူ၏ တံဆိပ်ခေါင်းစုဆောင်းမှုများကို စင်ကာပူမှဝါသနာရှင်တစ်ဦးက ဝယ်ယူခဲ့သည်။ (မြန်မာနိုင်ငံသားထဲမှ တော်ဝင်တံဆိပ်ခေါင်းအသင်းကြီး၏ ဂုဏ်ထူးဆောင်အသင်းသားအဖြစ်အပ်နှင်းခြင်းခံရသော တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်ပြီး တံဆိပ်ခေါင်းဝါသနာတိုးတက်ရေးအတွက် ၁၉၃၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့သူဖြစ်သည်။)

၁၂။ ဦးဝမ်ကိုဟော

ဦးဝမ်ကိုဟော (Vum Kho Hau) မှာ ဗြိတိသျှအစိုးရလက်ထက်က ဖလမ်းမြို့ အရေးပိုင်ရုံးမှ လက်ရေးတိုစာရေးငယ်တစ်ဦးဖြစ်ခဲ့သော်လည်း နောင်အခါတွင် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် နိုင်ငံအတော်များများ၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ စာရေးငယ်ဘဝကပင် OHMS ဟု ပုံနှိပ်ထားသော စာအိတ်ခွံ မြောက်မြားစွာကို စုဆောင်းထားခဲ့သူ ဖြစ်သည်။ ချင်းတောင်တန်းဒေသမှာ ဂျပန်လက်တွင်းသို့ကျရောက်စဉ်က ချင်းတော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ချင်းတောင်တန်းဒေသရှိ ခရိုင် (၄) ခရိုင်မှ စာအိတ်များကို ရာဂဏန်းချီ၍ စုဆောင်းနိုင်ခဲ့ရာ သူ၏ စာအိတ်များအကြောင်းကို အင်္ဂလိပ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဘဝက အင်္ဂလိပ်နိုင်ငံသတင်းစာတစ်စောင်တွင် ဆောင်းပါး ရေးသားခဲ့သည်။ သူ၏ ဆောင်းပါးကို အမေရိကန်တံဆိပ်ခေါင်းကျောနယ်ကြီး (The American Philatelist) က ကူးယူဖော်ပြခဲ့သည်။ (ဦးဝမ်ကိုဟောကွယ်လွန်သောအခါ သူ့မိသားစုထံမှ ချင်းတောင်တန်းစာအိတ်များစွာထွက်ပေါ်ခဲ့ပြီး တံဆိပ်ခေါင်းဝါသနာရှင်များထံသို့ ရောက်ခဲ့သည်။ ထိုချင်းတောင်တန်းစာအိတ်များမှာ တစ်အိတ်လျှင် အမေရိကန်ဒေါ်လာတစ်ထောင်ခန့် ဈေးပေါက်လျက်ရှိသည်။)

အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကြီး (၁၂) ယောက်မှာ သူတို့၏ လုပ်ရပ်များ၊ ကြိုးပမ်းအားထုတ်မှုများ၊ မျှဝေပေးမှုများတို့ကို သုံးသပ်ကြည့်ခြင်းဖြင့် မြန်မာ့တံဆိပ်ခေါင်းလောကကို တိုးတက် အောင်မြင်ရန် မြှင့်တင်ခဲ့ကြသူများဖြစ်သည်ဟုသည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါပေ။ ထိုပုဂ္ဂိုလ်ကြီးများ၏ အကျဉ်းချုပ် အကြောင်းအရာများကို ခြုံငုံကြည့်ရှုခြင်းဖြင့် တံဆိပ်ခေါင်းဝါသနာရပ် တိုးတက်ဖွံ့ဖြိုးရန်အတွက် တစ်ဦးချင်းစီမှာ တစ်နည်းတစ်ဖုံအားဖြင့် အားတက်သရောဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည် ဖြစ်သည်။ ယနေ့ခေတ် တံဆိပ်ခေါင်းဝါသနာရှင်များကြားတွင် ဝါသနာရပ် ပြန့်ပွားတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်မည့် ဝါသနာရှင်များ လိုအပ်နေသည်မှာ သေချာလှပေသည်။ အမှုဆောင်တာဝန်၊ ဆောင်းပါးအတိုအစရေးသားသူ၊ ပညာပေးဟောပြောသူ စသည့် အလုပ်များကို အခါအားလျော်စွာ လုပ်နေကြရုံဖြင့် ဝါသနာရပ်ကို ထိထိရောက်ရောက် ဖွံ့ဖြိုး တိုးတက် ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ အမှန်စင်စစ် ကိုယ်ကျိုးစွန့်၍ တာဝန်ကြီးတစ်ရပ်အနေဖြင့် စူးစူးစိုက်စိုက် ဆောင်ရွက်ကြပါမှ ဝါသနာရှင် မိုးဆက်သစ်များထံလက်ဆင့်ကမ်းပေးအပ်ကာ ဝါသနာရပ်ရှင်သန်တိုးတက်စေနိုင်မည့်အခြေအနေသို့ ဆိုက်ရောက်မည်ဖြစ်သည်။ သို့ဖြစ်၍ တံဆိပ်ခေါင်းပညာပြန့်ပွားရေးကို စိမ်ကိန်းချ၍ တံဆိပ်ခေါင်းဝါသနာလောကကြီးကို မြှင့်တင်နိုင်ရန် ကြိုးစားကြရမည့် အချိန်တန်ပြီ ဖြစ်သည်။

ကြည်လွင်

ကိုးကားမှုများ -

1. R.Warren (2008) Who was who in Burma Philately - <www.burmastamps. hom-ecall.co.uk>.
2. Various issues of THE BURMA FANTAIL Journals.

www.burmeseclassic.com

www.burmeseclassic.com

□ သမုဒ္ဒရာမှ နဂါးများ လာရောက်ပူတော်ခြင်း

မောင်ထွန်းမြိုင်သည် ရေပြင်အစပ်မှ ကြွတက်လာသောအရာကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ထိုအရာသည် အတန်ငယ်ရှည်လျားသော အရာဖြစ်၏။ အစိမ်းရင့်ရောင်တောက်နေ၏။ ထိုအချိန်တွင် အန်းရှိ ရဟန်းတော်နှစ်ပါးက မောင်ထွန်းမြိုင်အား ထိတ်လန့်ခြင်းမဖြစ်စေရန် သတိပေးလိုက်၏။ ထိုအရာသည် တဖြည်းဖြည်းနှင့် ရေစပ်ကုန်းပေါ် တက်လာ၏။ ထိုအရာသည် ကုန်းပေါ် သို့ရောက်သောအခါ ရှည်မျောမျောအရာသည် အသွင်ပြောင်းပြီး မင်းညီမင်းသားအသွင် ဝတ်စားဆင်ယင်ထားသူတစ်ဦးကဲ့သို့ ဖြစ်သွားလေတော့၏။ ထိုပုဂ္ဂိုလ်၏အရောင်အဆင်းမှာ မြစိမ်းရောင်တောက်နေ၏။

ထို့နောက် သူသည် မောင်ထွန်းမြိုင်တို့ရှိရာဘက်သို့ လျှောက်လာလေ၏။ အန်းသို့ရောက်သောအခါ လက်အုပ်ချီပြီး -

"အရှင်ဘုရားတို့ ဘာများအလိုရှိကြပါသလဲဘုရား"

ဟု မေးလျှောက်လေ၏။

ထိုအခါ ရဟန်းတော်တို့က -

"တခြားတော့ ဘာမှအလိုမရှိပါဘူး ဒကာ။ ဟောဒီပုဂ္ဂိုလ်လေးကို ရောက်သင့်ရောက်ထိုက်တဲ့နေရာတွေ၊ ဖူးသင့်ဖူးထိုက်တာတွေကို ဖူးရအောင် လိုက်ပို့ပေးတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေကို အကြောင်းကြားထားပြီးပြီမဟုတ်လား"

"ဩော် - ဟုတ်ပါတယ်။ ရဟန်းတော်နှစ်ပါးနဲ့ လူပုဂ္ဂိုလ်ကလေးတစ်ဦးပဲ။ အဲဒီပုဂ္ဂိုလ်တွေက စောစောကလာသွားပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ် ဒကာ။ အခုက ဒီဆံတော်အတွင်းဘက်ကနေပြီး နောက်တစ်ခေါက်ပြန်ဝင်တာပါ"

"စိတ်မရှိကြပါနဲ့ အရှင်ဘုရားတို့၊ တပည့်တော်မှတ်မိပါပြီ"

"တပည့်တော်က ဒီရေပြင်ကို တာဝန်ယူရတဲ့သူပါ။ အရှင်ဘုရားတို့ အေးအေးဆေးဆေးနေတော်မူကြပါ။ စိုးရိမ်ကြောင့်ကြမ္မလည်းမရှိကြပါနဲ့ဘုရား"

ဘာဖြစ်လို့လဲ ဒကာရဲ့"

"ဘာမှတော့မဟုတ်ပါဘူး။ တပည့်တော်တို့ရဲ့ နဂါးမျိုးနွယ်တွေ မကြာမီဘုရားဖူးဖို့ရောက်လာကြမှာမို့လို့ဘုရား။ သူတို့တွေက အရေအတွက်များတယ်ဘုရား။ ဒါကြောင့် အရှင်ဘုရားတို့တွေ မြင်ရင် စိုးရိမ်မိမှာစိုးလို့ ကြိုပြီးလျှောက်ထားတာပါဘုရား"

"ကျွပ်တို့လည်း ခဏနေရင်အခြားနေရာကို သွားစရာရှိပါတယ်။ ဒါပေမယ့် ခုလိုနဂါးမျိုးနွယ်တွေကို တစ်စုတစ်ဝေးကြီးတွေ့ရမယ်ဆိုတော့ မြင်တွေ့လိုပါတယ်။ အထူးသဖြင့်ကတော့ ဒီပုဂ္ဂိုလ်လေးကိုမြင်တွေ့ဖူးစေချင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်တို့အပေါ်မှာ သက်ရောက်မှုတင်မကပါဘူး။ တပည့်တော်တို့အဖို့တော့ အဓိကအချက်အချာပါပဲဘုရား။ အခုလိုရွှေတိုက်ဘုရားအောက်ကရေပြင်နဲ့ ရန်ကုန်မြစ်ထဲကရေပြင်တစ်ဆက်တစ်စပ်တည်းရှိနေတာ၊ ရန်ကုန်မြစ်ရေပြင်နဲ့ ပင်လယ်ရေပြင်တို့တစ်ဆက်တစ်စပ်တည်းဆက်နေတဲ့ လမ်းကြောင်းကိုက တပည့်တော်တို့ နဂါးမျိုးနွယ်တွေ အချိန်မရွေးအခါမရွေး ဘုရားလာဖူးဖို့နဲ့ နောက်ပြီး အဲဒီနဂါးမျိုးနွယ်တွေကတစ်ဆင့်ပဲ ကမ္ဘာ့သမုဒ္ဒရာကြီးတွေအပြင် သူတို့နဲ့ဆက်စပ်တဲ့နေရာဒေသတွေအားလုံးကို ထိန်းချုပ်မှုတွေ ညွှန်ကြားမှုတွေ လုပ်ဆောင်နိုင်မယ့် မဏ္ဍိုင်လည်းဖြစ်တယ်၊ ဗဟိုချက်လည်းဖြစ်တယ်၊ ဒီဗဟိုချက်ကနေပြီး မဏ္ဍလစွမ်းအင်တွေကို ဖြန့်ကြက်မယ်ဆိုရင် ဖြန့်ကြက်နိုင်သလောက် ဖြန့်ကြက်လို့ရပါတယ်ဘုရား။ ဟောဟိုမှာ ပြောရင်းဆိုရင်း တပည့်တော်တို့ရဲ့ နဂါးမျိုးနွယ်တွေလာနေကြပါပြီ"

ဟု ပြောဆိုညွှန်ပြရာသို့ မောင်ထွန်းမြင့်သည် ကြည့်လိုက်သောအခါ ရေပြင်တစ်ခုလုံးသည် တည်ထားသော ရေနွေးအိုးတစ်လုံး၏ ဆူပွက်နေသော ရေမျက်နှာပြင်ပမာ ရေပြင်တစ်ခုလုံး ပွက်ပွက်ထသွားသည်ကို တွေ့ရလေ၏။

သူတို့၏ အရိပ်အယောင်ပုံသဏ္ဌာန်တို့လည်း တစ်စထက်တစ်စ ထင်ရှားလာလေကြကုန်၏။ အရေအတွက်ကား အလွန်များပြားလှစွာသော အရေအတွက်ဖြစ်ကြ၏။ သူတို့

www.burmeseclassic.com

www.burmeseclassic.com

သည် ကုန်းပေါ်သို့ရောက်သောအခါ လူအသွင်သို့ပြောင်းကုန်ကြ၏။ အချို့လည်း ယောကျ်ားပုံသဏ္ဌာန်ဖြစ်ပြီး အချို့လည်း မိန်းမပုံသဏ္ဌာန်ဖြစ်သွားကြပြီး နောက် မောင်ထွန်းမြိုင်တို့ဝင်လာသည့် လမ်းကြောင်းအတိုင်း ဆံတော်တွင်း စေတီတော်မှတစ်ဆင့် စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ပြီး ဘုရားသွားဖူးကြပုံရလေ၏။ အတန်ကြာသောအခါတွင်မှ ရေပြင်ထဲမှတက်လာသောနဂါးများစဲသွားကြလေ၏။

ထိုအခါတွင်မှ မောင်ထွန်းမြိုင်တို့လည်း ဆံတော်တွင်းမှထွက်ခွာခဲ့ကြ၏။ ထိုဆံတော်တွင်းဘုရားမှ တစ်ဖန် ရဟန်းတော်နှစ်ပါးသည် မောင်ထွန်းမြိုင်အား နောက်ဘုရားတစ်ဆူသို့ ခေါ်သွားကြ၏။ ထိုဘုရားကလည်း ယခင်ဖူးခဲ့ရသည့် နောင်တော်လတ်စေတီတော်ကဲ့သို့ပင် ခေါင်းလောင်း သပိတ်မှောက်တွင် အရပ်ရှစ်မျက်နှာအလိုက် ဘီလူးရုပ် (၈) ရုပ်ရှိသော စေတီတော်ပင်ဖြစ်၏။ ထိုဘီလူးများသည်လည်း လက်ရုံးနှစ်ဖက်ကို ကွေးထား၏။ ဤစေတီတော်၏စည်းမှာ ယက္ခစည်း၊ ကုမ္ဘဏ်စည်းပင်ဖြစ်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်က မည်သည့် ဘုရားစေတီဖြစ်ကြောင်း သိလိုသဖြင့် ရဟန်းတော်တို့က ရှင်စောပုစေတီတော်ဖြစ်ကြောင်း၊ ကတိသစ္စာနှင့် ဆုတောင်းလျှင် အလွန်ပင် ဆုတောင်းပြည့်သည့် စေတီတော်ဖြစ်ကြောင်း၊ ဤစေတီတော်သည် သိဂုံတွာရဂုန်းမြေပေါ်တွင် ပဉ္စမမြောက် တည်ထား အောင်မြင်ခဲ့သော စေတီဖြစ်ကြောင်း၊ ဤစေတီတော်သည် ဝိဇ္ဇာရေထွက်ရပ်ပေါက် ဗားလေးဗား ပုဂ္ဂိုလ်များ၏ အောင်မြေဖြစ်ကြောင်း၊ ဗားလေးဗားပုဂ္ဂိုလ်များမှာ ဗားထီးဆရာတော်၊ ဗားမဲ့ဆရာတော်၊ ဗားတမော့ဆရာတော်၊ ဗားမြိုက်ဆရာတော်တို့ဖြစ်ကြောင်း၊ ဗားထီးဆရာတော်ဆိုသည်မှာ ပုဂံခေတ်ကတည်းက ပေါက်ကျော်ရာမနေပြည်တော်မှ အဂ္ဂိရတ်လမ်းဖြင့် ထွက်ရပ်ပေါက်ခဲ့သော ဆရာတော်ရှင်မထီးဖြစ်ကြောင်း ရှင်းလင်းပြောဆိုမိန့်ကြားခဲ့၏။

ဤတွင် 'စည်း' ဆိုသည့်ဝေါဟာရနှင့် ပတ်သက်၍ ဖွင့်ဆိုရပါမူ စည်းဟူသည် အပိုင်းအခြား အကန့်အသတ်ဟူ၍လည်းကောင်း၊ စောင့်ထိန်းခြင်းဟူ၍လည်းကောင်း၊ စောင့်ရှောက်ခြင်းဟူ၍လည်းကောင်း၊ သတ်မှတ်ခြင်းဟူ၍လည်းကောင်း အဓိပ္ပာယ်ရှိပါသည်။ အချို့သော စေတီတော်များတွင် ယက္ခစည်း၊ ကုမ္ဘဏ်စည်း ဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းသည် ဘီလူးများ၊ ယက္ခများ၊ ကုမ္ဘဏ်များ စောင့်ရှောက်သည်၊ အကာအကွယ်ပြုသည်၊ သက်ဆိုင်ရာတို့အတွက် အထောက်အပံ့ပြုသည်ဟု အဓိပ္ပာယ်ရှိပါသည်။ သာဂေအားဖြင့် ဖော်ပြခဲ့ပြီး သောဆံတော်တွင်း စေတီတော်သည် ဘုမ္မိစည်း၊ နာဂစည်းဖြစ်သည်။ ဘုမ္မိယပုဂ္ဂိုလ်များ၊ နဂါးများနှင့်သက်ဆိုင်သည်ဟု ဆိုလိုခြင်းပါသည်။ သီဟရာဇာစည်း၊ ဂဇရာဇာစည်းဟူသည် ကေသရာဇာခြင်္သေ့မင်း၊ ဆင်မင်း စသည်တို့နှင့် သက်ဆိုင်သည်ဟု ဆိုလိုပါသည်။ ဒေဝါစည်းဟူသည် နတ်၊ သိကြားများနှင့်သက်ဆိုင်သည်ဟုဆိုခြင်း ဖြစ်၏။ ထို့နောက် မောင်ထွန်းမြိုင်အား ရဟန်းတော်နှစ်ပါးက ခေါ်ဆောင်သွားသည့်နေရာမှာ အင်းစမများဖြင့် စီရင်ထားသော စေတီတော် ဖြစ်၏။

❑ အင်းစည်း၊ စမစည်းစေတီတော်

အဆိုပါစေတီတော်သည် သိဂုံတွာရကုန်းမြေတော်မြတ်တစ်ခုလုံးတွင် အင်းစမတို့ဖြင့် တည်ထားသည့်တစ်ဆူတည်းသော အင်းစမစေတီတော်ကြီး ဖြစ်၏။ ထိုစေတီတော်ကြီးသည် ရွှေတိဂုံစေတီတော်၏ အရွှေဘက်၌ရှိ၏။ ထိုဘုရား၏ ဘွဲ့တော်ကိုသိလိုသဖြင့် မောင်ထွန်းမြိုင်က မေးမြန်းရာ ရဟန်းတော်များက ဓမ္မစေတီ၊ အင်းစမစေတီတော်ဖြစ်ကြောင်း၊ ဓမ္မစေတီမင်းကြီးကို အချို့သော ပုဂ္ဂိုလ်များက အဂ္ဂိရတ်ပညာ၊ ဓာတ်ပညာတို့ဖြင့် ထွက်ရပ်ပေါက်သည့် ဝိဇ္ဇာမိုရ်ဟုထင်ကြကြောင်း၊ အမှန်မှာ အင်းစမပညာတို့ဖြင့် ထွက်ရပ်ပေါက်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ဓမ္မစေတီမင်းကြီး၏ အင်း၊ စမလမ်းစဉ်မှာ အဋ္ဌာရသကပ္ပာလက်ာရ အင်း၊ စမလမ်းစဉ်ဖြစ်ကြောင်း၊ ဓမ္မစေတီမင်းကြီးသည် ရွှေပြား၊ ငွေပြားများပေါ်တွင် အဋ္ဌာရသကပ္ပာလက်ာရဟုခေါ်တွင်သော မင်းကိုးမင်းအင်းများ၊ စမများ၊ ရုပ်များကိုစီရင်၍ စေတီတော်၏ဌာပနာတိုက်ထဲတွင် အဆူဆူသောအင်းကျမ်း၊ ဓမကျမ်းများ အဆူဆူသောအင်းပုရပိုက်များ၊ အင်းစမတက်စဉ်ပညာများနှင့် အတူ ဌာပနာထားခဲ့သဖြင့် သိဂုံတွာရကုန်းတော်ပေါ်တွင် အင်း၊ စမပညာနှင့် ပတ်သက်လျှင် တစ်ဆူတည်းသော စေတီတော်ဖြစ်ကြောင်း ရှင်းပြသဖြင့် မောင်ထွန်းမြိုင် သိရှိခဲ့ရ၏။

ထို့နောက် ရဟန်းတော်များက မောင်ထွန်းမြိုင် အင်း၊စမစေတီတော်ကြီးများ၏ ရှေ့မုခ်ဝဘေးတစ်ဖက်တစ်ချပ်ရှိ ကျားရုပ်၊ ခြင်္သေ့ရုပ်များထားရှိသောနေရာသို့ခေါ်သွားပြီး အဆိုပါ ကျားရုပ်နှင့် ခြင်္သေ့ရုပ်အကြားရှိနေရာသည် အင်း၊စမအောင်မြေဖြစ်ကြောင်း လက်တွေ့ပြသသဖြင့် ထူးခြားစွာသိရှိခဲ့ရ၏။ ထို့အပြင် အင်း၊စမစေတီတော်ကြီး၏ မုခ်ဝလက်ယာဘက်တွင်တည်ရှိနေသော ကျားရုပ်၏ အောက်တည့်တည့်တွင်ရှိသည့် ဌာပနာတိုက် ရွှေသင်္ဘောကြီးရှိရာ ဥမင်လိုဏ်တွင်းကြီးသို့ ခေါ်သွားပြီး ရေတွက်ပေါက်ကြီးတစ်ခုကို ပြသလေ၏။ ထိုသို့ ပြသနေစဉ် ရဟန်းတော်များက မောင်ထွန်းမြိုင်အား နှုတ်မှလည်း -

"ဤအခြင်းအရာသည် သိဂုံတွာရကုန်းမြေနေရာအတွက်ရော ရွှေတိဂုံစေတီတော်မြတ်ကြီးရေရှည်တည်တံ့မှု၊ ခိုင်ခံ့မှုတို့အတွက်ပါ အရေးကြီးတဲ့အကြောင်းဖြစ်တယ်ကွယ်"

ဟု မိန့်ကြားကြ၏။

ထိုအခါ မောင်ထွန်းမြိုင်က နားမလည်စွာဖြင့် -

"ဒီရေထွက်ပေါက်ကြီးက ရွှေတိဂုံစေတီတော်ကြီးအတွက် ဘာဖြစ်လို့ အရေးကြီးတာလဲဘုရား"

ဒီလိုရှိတယ် မောင်ထွန်းမြိုင်ရဲ့။ ဒီရွှေတိဂုံစေတီတော်ကြီးရဲ့ ဥဏ်တော်အမြင့်နဲ့ အတိုင်းအတာထုထည်ပမာဏဟာ ပေါ့သေးသေးမဟုတ်ဘူး။ ဒီစေတီတော်ကြီး ရေရှည်နှစ်ပေါင်းထောင်သောင်းချီပြီး တည်တံ့ခိုင်မြဲဖို့အတွက် ဝိဇ္ဇာရေနည်းစနစ်တွေ၊ မဟာဂန္ဓာရီနည်းစနစ်တွေနဲ့ တွက်ချက်ပြီးစီရင်ထားလို့ပဲကွယ်။ ကြီးမားလှတဲ့ဖြပ်ထုကြီးရဲ့အလေးချိန်ကို ခံနိုင်ရည်ရှိဖို့ မြေချိန်သာမကဘူး ရေချိန်နည်းစနစ်တွေနဲ့ပါ ထည့်သွင်းတွက်ချက်ထားလို့ပဲကွယ်။ သာမန်နည်းစနစ်တော့မဟုတ်ဘူး။ အဆင့်မြင့်နည်းစနစ်တွေနဲ့ စီရင်ထားလို့ပဲ နားလည်ဖို့တော့ခက်လိမ့်မယ်"

ဟု ရှည်လျားစွာ ရှင်းပြ၏။

ထိုအခါ မောင်ထွန်းမြိုင်က ရေထွက်ပေါက်ကြီးကို အသေအချာကြည့်ပြီးနောက်-

"အရှင်ဘုရားတို့ဒီရေထွက်ပေါက်ကြီးကို လက်ရှိဌာပနာတိုက် ရေပြင်ညီရဲ့ ဟိုးအပေါ်မှာ ဘာလို့ဖောက်ထားတာလဲဘုရား"

ဟု မေးလိုက်ရာ ရဟန်းတော်နှစ်

www.burmeseclassic.com

www.burmeseclassic.com

ပါးလည်း တစ်ပါးကိုတစ်ပါးကြည့်ပြီးပြုံးလိုက်ကာ -

"မောင်ထွန်းမြိုင်ကလည်း ဘယ်ဆိုးလို့လဲကွယ့်၊ အလာကြီးပါလား။ မင်းက ဖျာပုံမှာနေခဲ့တော့ ပင်လယ်နဲ့နီးတယ်။ ပင်လယ်ဟာ ဒီရေအတက်အကျရှိတယ်ဆိုတာ သိတယ်မဟုတ်လားကွယ့်"

"တင်ပါ့၊ ဒီရေဟာ သူ့အချိန်နဲ့သူ၊ သူ့ရက်နဲ့သူ အတက်အကျရှိတယ်ဆိုတာ သိပါတယ်ဘုရား"

"ဟုတ်လိုက်လေ မောင်ထွန်းမြိုင်ရယ်။ အခုလည်း ဟောဒီရွှေတိဂုံစေတီတော် ဌာပနာတိုက်ကြီးရဲ့အောက်မှာရှိတဲ့ ရေပြင်ဟာ ရန်ကုန်မြစ်ရေ၊ ပင်လယ်ရေတွေနဲ့ ဆက်စပ်နေတော့ ဒီဌာပနာတိုက် ရွှေသင်္ဘောကြီးဟာလည်း ဒီရေအတက်အကျကိုလိုက်ပြီး မြင့်လာလိုက်၊ နိမ့်ကျသွားလိုက် အခြေအနေမျိုးရှိနေတယ်။ ဒီအခြေအနေဟာ ပုံမှန်အခြေအနေမျိုးမှာ ပြဿနာတစ်စုံတစ်ရာမရှိပေမယ့် ပင်လယ်ရေတွေတအားတက်လာတဲ့အခါမျိုးမှာတော့ ပြဿနာရှိလာနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုတဝါဟနယန္တရားပညာရှင်တွေရဲ့ အလိုအရတော့ ဒီရေထွက်ပေါက်ရဲ့ အထက်ကို ရေမတက်စေချင်ဘူး။ ဒီရေထွက်ပေါက်နေရာမှာပဲ ဒီဝန်းကျင်တစ်ဝိုက်မှာရှိတဲ့ အလေးချိန်ဖြေပထုပမာဏတို့ရဲ့ မျှခြေအနေအထားကိုရမယ်လို့ တွက်ချက်ထားတာကြောင့်ပဲ။ ဒါကြောင့် ဒီရွှေဘက်မှခံရဲ့အရွှေဘက်တည့်တည့်နေရာမှာ ကြီးမားလှတဲ့ ကန်တော်ကြီးကို တူးထားရခြင်းပဲဖြစ်တယ်။ ဒီလို ကန်ကြီးရှိနေမှ ရွှေတိဂုံစေတီတော်ကြီးရဲ့ဌာပနာတိုက်ဥမင်လိုဏ်အောက်မှာရှိတဲ့ပင်လယ်ရေလမ်းကြောင်းနဲ့ ဆက်နေတဲ့ ရေပြင်ဟာ ရေတက်လာခဲ့လို့ရှိရင် ပိုလျှံတဲ့ရေတွေကို ပေးထွက်ဖို့ ရေထွက်ပေါက်နဲ့ ရေကန်ကြီးဟာ မရှိမဖြစ်လိုအပ်လာတာပေါ့ကွယ့် မဟုတ်ဘူးလား။ ဒီစနစ်ကို သဘောပေါက်သွားပြီလား မောင်ထွန်းမြိုင်"

"တင်ပါ့ဘုရား၊ သဘောပေါက်ပါပြီ။ ဒါနဲ့ဘုရား အခုလို ဌာပနာတိုက်ရဲ့ ရေထွက်ပေါက်ဟာ ဒီတစ်ခုတည်းပဲလား၊ နောက်ထပ်ရေထွက်ပေါက်တွေရှိသေးလားဘုရား"

"ရှိတာပေါ့ မောင်ထွန်းမြိုင်ရဲ့။ ဒီမွေစေတီတော်ရဲ့အရှေ့ဘက်ရေထွက်ပေါက်က ကန်တော်ကြီးထဲစီးဝင်သလို စနေထောင့်အနောက်တောင်ဘက်ကနေ၊ လဘုရားရဲ့ အောက်တည့်တည့်ဌာပနာဥမင်လိုဏ်မှာလည်း ရေထွက်ပေါက်ကြီးရှိတယ်။ အဲဒီရေတွေက ကန်တော်မင်ကန်ထဲကိုစီးဝင်တယ်။ ဒီလိုပဲ မြောက်ဘက်မုခ် အောက်တည့်တည့်မှာလည်း သွေးဆေးကန်ထဲကိုဆင်းတဲ့ ရေထွက်ပေါက်တွေရှိသေးတယ်"

"ဒါဆို ဒီရေကန်ကြီးတွေက အကြောင်းမဲ့တော့မဟုတ်နော်။ ရွှေတိဂုံဘုရားကြီးရဲ့ ရေထွက်ပေါက်တွေနဲ့ အဆက်အစပ်ရှိနေတာပေါ့နော်ဘုရား"

"အဆက်အစပ်တွေရှိနေတယ်။ ဒါကြောင့် ဒီကန်ကြီးတွေ တည်ရှိနေမှ ကလည်း ဘုရားကြီးအတွက် အရေးပါတယ်။ ဒီကန်ကြီးတွေကို တူးထားတာ အကြောင်းမဲ့မဟုတ်ဘူး။ လိုအပ်ချက်အရ စီရင်ထားတာပဲကွယ့်"

"ဒါဆို ဒီကန်ကြီးတွေဖြစ်အောင် တမင်စီရင်ထားတာဟုတ်လားဘုရား"

"ဟုတ်တယ်ကွယ့်။ အချို့ကတော့ ဒီရွှေတိဂုံဘုရားကြီးတည်တော့ အုတ်ဖို့ဖို့ မြေတွေတူးရင်း ကန်ကြီးတွေဖြစ်လာတယ်တော့ထင်ကြတယ်။ အမှန်တကယ်ကတော့ ဒီကန်စွာတဲ့မြေတွေကို အုတ်တော့ဖုတ်ကြတယ်။ ဒီအုတ်တွေကို တခြားနေရာတွေမှာသုံးတာ။ ဘုရားကြီးမှာသုံးတဲ့အုတ်တွေကတော့ ဒီနေရာကယူတာမဟုတ်ဘူး။ ဒီကန်တွေက ရေထည့်ဖို့လိုတဲ့အတွက် တမင်တူးထားတာ။ နောက်ပြီး အဲဒီနေရာတွေမှာ လူနေထူထပ်တဲ့နေရာတွေ မဖြစ်စေချင်တာလည်းပါတယ်။ နောင်ကာလကြာလာတဲ့အခါမယ် ထူထည်တွေအဆောက်အအုံကြီးတွေ အလေးချိန်တွေ၊ ဝန်အားတွေ အကန့်အသတ်မရှိ ဖြစ်မလာစေချင်ဘူး။ ဒါကြောင့် ပုံမှန်ဖြစ်စေနိုင်တဲ့ရေအလေးချိန် ရေချိန်ကိုပဲ တမင်ရွေးချယ်ထားတာပဲ။ တကယ်လို့ အဲဒီကန်ကြီးတွေနေရာမှာ ရေမဟုတ်ဘဲ တခြားသောအလေးချိန်တွေဝန်အားတွေအဖြစ် အလွန်အကဲခြောင်းသွားမယ်ဆိုရင် ဘုမိသဘောတရားအရ စေတီတော်ကြီးအပေါ်မှာ အားသက်ရောက်မှုတွေ ဖြစ်လာနိုင်တယ်။ အဲဒီအားသက်ရောက်မှုတွေနဲ့အတူ ထိခိုက်စရာတွေအများကြီး ဖြစ်လာနိုင်တယ်။ နောက်ပြီးတော့ တခြားဒီသုကာသဘောတရားတွေ ဝိဇ္ဇာရေသဘောတရားတွေလည်း ရှိသေးတယ် ကွယ့်"

"အခုဆို ဒီကိစ္စနဲ့ပတ်သက်ပြီး တော်တော်လေး သဘောပေါက်သွားပါပြီဘုရား"

"ကဲ - ဒါဆိုလည်းလာ မောင်ထွန်းမြိုင်၊ ပြစရာဖူးစရာတွေကုန်သေးတယ် သွားကြစို့"

ဝိဇ္ဇာရေပညာပုရိုက်စည်းစေတီတော်

ထို့နောက် ရဟန်းတော်နှစ်ပါးသည် မောင်ထွန်းမြိုင်အား စေတီတစ်ဆူသို့ ခေါ်ဆောင်သွား၏။ အဆိုပါ စေတီတော်၏ မုခ်ဝပြာသာဒ်ပေါ်တွင် ဝိဇ္ဇာရုပ်များ၊ ဇော်ဂျီရုပ်များ ထုလုပ်ထားသည့်ဘုရားတစ်ဆူဖြစ်၏။ ထိုဘုရားနှင့် ပတ်သက်၍ မည်သည့်ဘုရားဖြစ်ကြောင်း မေးမြန်းရာ ရဟန်းတော်နှစ်ပါးက ရှင်းပြလေသည်။

ဤစေတီတော်၏ ဘွဲ့အမည်မှာ ဝိဇ္ဇာဇော်ဂျီခေါ် ဝိဇ္ဇာညီနောင်စေတီတော်ဖြစ်၏။ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်တောင်အရပ်၊ စနေထောင့်ထွင်ရှိသောဘုရားဖြစ်၏။ ဤဘုရားကို တည်သွားသည့် ပုဂ္ဂိုလ်များမှာ ဝိဇ္ဇာဓရပညာဖြင့် ထွက်ရပ်ပေါက်သွားကြသူညီအစ်ကို(၃)ဦးဖြစ်၏။ ထိုပုဂ္ဂိုလ်(၃)ဦးသည် ဝိဇ္ဇာဓရပညာရပ်ဆိုင်ရာငွေပုရိုက် (၃) ဆူကို တစ်ဦးလျှင် တစ်ဆူကျစီရရှိကြပြီးနောက် ရရှိလာသောပညာများကို ကျင့်ကြံအားထုတ်လုပ်ကိုင်ဆောင်ရွက်ပြီးနောက်ဆုံးတွင် ပညာရပ်၏အန္တိမစခန်းကိုပါ ကျင့်ကြံပေါက်ရောက်အောင်မြင်ပြီး အရှင်ထွက်ထွက်ခွင့်ရသည့်ပုဂ္ဂိုလ်များ ဖြစ်သွားကြ၏။ ထိုအခါတွင် သူတို့ပြီးမြောက်အောင်မြင်ခြင်းအမှတ်သင်္ကေတအဖြစ် သူတို့ရရှိထားခဲ့ကြသော ဝိဇ္ဇာရေပုရိုက် (၃) ဆူကို ဌာပနာ၍ ဤဝိဇ္ဇာဇော်ဂျီဘုရားခေါ် ဝိဇ္ဇာညီနောင်ဘုရားကို တည်ခဲ့ကြခြင်း ဖြစ်၏။ သို့ဖြစ်ပါသောကြောင့် ဤဘုရားကို ဝိဇ္ဇာဓရငွေပုရိုက်များ ဌာပနာထားသည့်အတွက် ဝိဇ္ဇာရေပညာပုရိုက်စည်းဘုရားဟု ခေါ်ဆိုကြခြင်း ဖြစ်၏။

ထိဇ္ဇာရေအင်္ဂရက်ပညာဓာတ်ပုရိုက်စည်းဘုရား

မောင်ထွန်းမြိုင် ဘုရားဖူးရသည့် နောက်ထပ်ဘုရားတစ်ဆူမှာ ရှင်မထီးဘုရားဖြစ်၏။ ရှင်မထီးဘုရားသည် ရှင်မထီးတန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိ၏။ ရှင်မထီးဆရာတော်သည် ရှင်အဇ္ဇဂေါဏဆရာတော်၏ ပညာကို ဆက်ခံခဲ့၏။ ရှင်မထီးဆရာတော်၏ပညာကို ဆက်ခံသည့် ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com

မှာ မြန်မာ့အင်္ဂါရတ်ပညာတွင် နာမည်ကျော်ကြားထင်ရှားလှသည့် ဣန္ဒာစရိယတြိနေတြဓာတ်ကျမ်း စီရင်သည့် ဆရာတော် အရှင်ဣန္ဒာစရိယဖြစ်၏။ ရှင်မထီးဆရာတော်သည် ပုဂံခေတ်ကတည်းက ဝိဇ္ဇာရေအင်္ဂါရတ်ဓာတ်ပညာဖြင့် အန္တိမထွက်ရပ်ပေါက်စနန်းကို ကောင်းစွာပေါက်ရောက် အောင်မြင်ခဲ့သည်ဟုဆိုလိုဖြစ်၏။

ဆရာတော်သည် စခန်းသိမ်း၍ အရှင်ထွက်ထွက်ခါနီးတွင် ဤဘဒ္ဒကမ္မာ၏ ကမ္ဘာဦးဘုရားဖြစ်သည့် သိဂုံတွာရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏အနီးတွင် ဘုရားတစ်ဆူတည်ထားခဲ့၏။ ထိုဘုရားတွင် သူကိုယ်တိုင် ပေါက်မြောက်အောင်ခဲ့သည့် ဝိဇ္ဇာခရအင်္ဂါရတ်ပညာလမ်းစဉ်ကို ဓာတ်သားပုရိုက်တွင်စီရင်၍ ဌာပနာထားခဲ့ပါသည်။ အဆိုပါဘုရားကို ရှင်မထီးဘုရားတော်ကိုယ်တိုင် တည်ထားခဲ့သဖြင့် 'ရှင်မထီးဘုရား' ဟု ဘွဲ့အမည် ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရှင်မထီးဘုရားသည် 'ဓာတ်ပုရိုက်စည်း ဘုရား ဖြစ်ပါသည်။

❑ သာသနာပြုအာဇာနည် မင်းယောက်ျား စည်းစေတီတော်

ရဟန်းတော်နှစ်ပါးက မောင်ထွန်းမြိုင်အား နောက်ထပ်ပို့ဆောင်ပေးသည့် ဘုရားမှာ စေတီတော်၏ ပြာသာဒ်ဆောင်ပေါ်တွင် မုခ်ဝ၏ တစ်ဖက်တစ်ချက်စီ၌ ခြေလှေ့ရုပ် (၃) ရုပ်စီဖြင့် နှစ်ဖက်ပေါင်း (၆) ရုပ်စီအပြင် ဝိဇ္ဇာရုပ်၊ ဇော်ဂျီရုပ်များပါ ထုလုပ်ထားသည့် စေတီတော်တစ်ဆူဖြစ်၏။ ထိုဘုရားသည် မည်သည့်ဘုရားစေတီဖြစ်ကြောင်း မောင်ထွန်းမြိုင်ကမေးမြန်းရာ ဆရာတော်များက ရှင်းပြလေသည်။

အဆိုပါ စေတီတော်၏ဘွဲ့အမည်မှာ သီဟရာဇာစေတီတော် ဖြစ်၏။ စေတီတော်သည် သိဂုံတွာရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ အင်္ဂါထောင့်တွင် တည်ရှိ၏။ အင်္ဂါထောင့်ဗောဓိညောင်ပင်သို့သွားရာလမ်းတွင်ရှိ၏။ စေတီတော်၏ မုခ်ဝသည် အရှေ့ဘက်သို့ မျက်နှာမူထား၏။ စေတီတော်၏ဖြစ်တည်လာရသည့်အကြောင်းအရင်းမှာ သာသနာတော်နှစ် ၂၀၀၈ ခုနှစ်၊ ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် ပြင်းထန်စွာသော ငလျင်တုန်လှုပ်မှုကြောင့် စေတီတော်ကြီးပြိုကျခဲ့ရ၏။ ထိုအချိန်ကာလသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူသော ဟံသာဝတီပြည့်ရှင်မင်း ဘုရင်နောင်မင်းတရားကြီး ထီးနန်းအုပ်ချုပ်နေသည့်ကာလ ဖြစ်၏။

ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး ငလျင်ဒဏ်သင့်ခဲ့ရသည့်အကြောင်းကို ဟံသာဝတီဆင်ဖြူရှင်ဘုရင်မင်းကြီးကြားသိတော်မူသောအခါ ကိုယ်တော်တိုင်ပင် ရွှေတိဂုံဆံတော်ရှင်သို့ ကြွချီတော်မူလာပြီး ဦးရီးတော်မင်းဒေဝ၊ ဗလကျော်ထင်၊ ဗညားကြွန္ဒ၊ ဗညားရံနှင့် ဘယသကြိန် စသည့် မူးကြီးမတ်ရာတို့ကို အမှုပြုကာ မြန်လည်ပတ်ဆောက်ပြုပြင်လေရာ (၈) နှစ်တိုင်သောအခါတွင်မှ ပြုပြင်မှုပြီးမြောက်လေ၏။ ထိုသို့ပြုပြင်မှုကြောင့် ရွှေတိဂုံစေတီတော်ကြီးပြီးမြောက် အောင်မြင်သည့် အမှတ်သင်္ကေတအဖြစ် ဤသီဟရာဇာစေတီတော်ကို တည်ထားခဲ့ခြင်း ဖြစ်၏။

ဆင်ဖြူများရှင်မင်းကြီးသည် နောင်သဲသရာ၌ မြန်မာလူမျိုး ဗုဒ္ဓဘာသာအဖြစ်ဖြင့် လူဘဝကို ကြုံဆုံရလတ်သော်မိမိ၏တိုင်းပြည်၊ လူမျိုး၊ဘာသာ၊သာသနာအတွက် သက်စွန့်ကြိုးပမ်းရသည့်၊ သာသနာ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရသူ အာဇာနည် မင်းယောက်ျား သာသနာပြုပုဂ္ဂိုလ်ဖြစ်ရပါလို၏ဟူသော ဆုကိုတောင်းပြီး ဤသီဟရာဇာစေတီတော်ကို တည်ထားခဲ့သည်။ ထို့ကြောင့် ရွှေတိဂုံစေတီတော်၏ မူလဓာတ်ပန်းတိုင်အား နောက်ထပ်ပို့ဆောင်ပေးသည့် ဘုရားမှာ စေတီတော်၏ ပြာသာဒ်ဆောင်ပေါ်တွင် မုခ်ဝ၏ တစ်ဖက်တစ်ချက်စီ၌ ခြေလှေ့ရုပ် (၃) ရုပ်စီဖြင့် နှစ်ဖက်ပေါင်း (၆) ရုပ်စီအပြင် ဝိဇ္ဇာရုပ်၊ ဇော်ဂျီရုပ်များပါ ထုလုပ်ထားသည့် စေတီတော်တစ်ဆူဖြစ်၏။ ထိုဘုရားသည် မည်သည့်ဘုရားစေတီဖြစ်ကြောင်း မောင်ထွန်းမြိုင်ကမေးမြန်းရာ ဆရာတော်များက ရှင်းပြလေသည်။

အဆိုပါ စေတီတော်၏ဘွဲ့အမည်မှာ သီဟရာဇာစေတီတော် ဖြစ်၏။ စေတီတော်သည် သိဂုံတွာရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ အင်္ဂါထောင့်တွင် တည်ရှိ၏။ အင်္ဂါထောင့်ဗောဓိညောင်ပင်သို့သွားရာလမ်းတွင်ရှိ၏။ စေတီတော်၏ မုခ်ဝသည် အရှေ့ဘက်သို့ မျက်နှာမူထား၏။ စေတီတော်၏ဖြစ်တည်လာရသည့်အကြောင်းအရင်းမှာ သာသနာတော်နှစ် ၂၀၀၈ ခုနှစ်၊ ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် ပြင်းထန်စွာသော ငလျင်တုန်လှုပ်မှုကြောင့် စေတီတော်ကြီးပြိုကျခဲ့ရ၏။ ထိုအချိန်ကာလသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူသော ဟံသာဝတီပြည့်ရှင်မင်း ဘုရင်နောင်မင်းတရားကြီး ထီးနန်းအုပ်ချုပ်နေသည့်ကာလ ဖြစ်၏။

ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး ငလျင်ဒဏ်သင့်ခဲ့ရသည့်အကြောင်းကို ဟံသာဝတီဆင်ဖြူရှင်ဘုရင်မင်းကြီးကြားသိတော်မူသောအခါ ကိုယ်တော်တိုင်ပင် ရွှေတိဂုံဆံတော်ရှင်သို့ ကြွချီတော်မူလာပြီး ဦးရီးတော်မင်းဒေဝ၊ ဗလကျော်ထင်၊ ဗညားကြွန္ဒ၊ ဗညားရံနှင့် ဘယသကြိန် စသည့် မူးကြီးမတ်ရာတို့ကို အမှုပြုကာ မြန်လည်ပတ်ဆောက်ပြုပြင်လေရာ (၈) နှစ်တိုင်သောအခါတွင်မှ ပြုပြင်မှုပြီးမြောက်လေ၏။ ထိုသို့ပြုပြင်မှုကြောင့် ရွှေတိဂုံစေတီတော်ကြီးပြီးမြောက် အောင်မြင်သည့် အမှတ်သင်္ကေတအဖြစ် ဤသီဟရာဇာစေတီတော်ကို တည်ထားခဲ့ခြင်း ဖြစ်၏။

ဆင်ဖြူများရှင်မင်းကြီးသည် နောင်သဲသရာ၌ မြန်မာလူမျိုး ဗုဒ္ဓဘာသာအဖြစ်ဖြင့် လူဘဝကို ကြုံဆုံရလတ်သော်မိမိ၏တိုင်းပြည်၊ လူမျိုး၊ဘာသာ၊သာသနာအတွက် သက်စွန့်ကြိုးပမ်းရသည့်၊ သာသနာ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရသူ အာဇာနည် မင်းယောက်ျား သာသနာပြုပုဂ္ဂိုလ်ဖြစ်ရပါလို၏ဟူသော ဆုကိုတောင်းပြီး ဤသီဟရာဇာစေတီတော်ကို တည်ထားခဲ့သည်။

❑ မဟာပထမ်အောင်မြေစည်းဘုရား

နောက်တစ်ဆူအဖြစ် မောင်ထွန်းမြိုင်အား ခေါ်ဆောင်သွားသည့်နေရာမှာ တန်ဆောင်းကြီးတစ်ခုအတွင်းရှိသော ရုပ်ပွားတော်ဆင်းတုတော်ကြီးတစ်ဆူ ဖြစ်၏။ ထိုတန်ဆောင်းအဝတွင် တန်ဆောင်းအား လက်ညှိုးထိုးပြီး ညွှန်ပြနေသော ဇော်ဂျီရုပ်များ တစ်ဖက်တစ်ချက်တွင်ရှိသည့်ဘုရား ဖြစ်၏။ ထိုဘုရားနှင့်ပတ်သက်၍လည်း မောင်ထွန်းမြိုင်သည် အသေအချာပင် လေ့လာဖူးမြော်ခဲ့၏။

အဆိုပါ ဘုရားသည် ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်မုခ်သို့ သွားရာလမ်းတွင်ရှိပါသည်။ ထိုတန်ဆောင်း၏အညိုကို ဝိဇ္ဇာတန်ဆောင်းဟု ခေါ်တွင်၏။ ထိုတန်ဆောင်း၏ ထူးခြားချက်မှာ တန်ဆောင်းမုခ်ဝပြာသာဒ်တွင် တပ်ဆင်ထားသော ကြေးပြားပေါ်တွင် စီရင်ထားသည့် အင်းချပ်ကြီးဖြစ်၏။ အဆိုပါ အင်းချပ်ကြီးသည် အလွန်ပင်ကြီးမားလှကြောင်းတွေ့ရ၏။ ထိုအင်းချပ်ကြီးနှင့်ပတ်သက်ပြီး ရဟန်းတော်နှစ်ပါးက ရှင်းပြရာတွင် -

"ဤအင်းချပ်ကြီးသည် သာမန်အင်းချပ်မဟုတ်ကြောင်း။ ဝိဇ္ဇာရေမဟာပထမံပညာဖြင့် စီရင်ထားသော အင်းဘုရားတစ်ဆူဖြစ်ကြောင်း၊ စီရင်ထားသောပုံတော်မှာ ပလ္လင်ခံထားသော ဗုဒ္ဓရုပ်ဖြစ်ကြောင်း၊ ဤတွင် ဗုဒ္ဓရုပ်အားခံထားပလ္လင်သည် အလွန်ထူးခြားသည့် အစီအရင်ဖြစ်ကြောင်း၊ ဝေဒါသာဏဂါထာတော်နှင့် ဒေဝါကာနိဂါထာတော်တို့ကို ပလ္လင်အင်းအဖြစ် စီရင်ထားခြင်းဖြစ်ကြောင်း ရှင်းပြလေ၏။ ထိုအခါ မောင်ထွန်းမြိုင်က သူသိလိုသည်များကို မေးမြန်းလိုက်၏။

"အရှင်ဘုရားတို့ အခုမိန့်တဲ့ ဝေဒါသာဏဂါထာတော်နဲ့ ဒေဝါကာနိဂါထာတော်တွေဆိုတာ ဘယ်လိုဂါထာတော်တွေမျိုးမို့လို့ အင်းဘုရားဗုဒ္ဓရုပ်မှာ ပလ္လင်တော်အင်းအဖြစ် သုံးရပါသလဲ ဘုရား"

"ဒီမယ် မောင်ထွန်းမြိုင်ရဲ့၊ ဝေဒါသာဏ စတဲ့ ဂါထာတော်တွေဟာ အလွန်ပဲ အစွမ်းထက်တဲ့ ဂါထာတော်တွေပဲ။ တို့ဘုရားသာသနာတော်မှာ ရန်ငြောင့်ရန်စွယ်၊ အဖျက်အဆီး၊ အနှောင့်အယှက်တွေက များသားကလားကွယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်လာရင် ဒီဂါထာတော်တွေဟာ အထူးပဲအစွမ်းအာနိသင်ရှိတယ်ကွယ်။ မင်း သဘောပေါက် နားလည်သွားအောင် သာဓကတစ်ခုလောက် ပြောပြမယ်။ မင်းသိကြားမင်းနဲ့အသုရာတို့ စစ်ဖြစ်တာကြားဖူးလား"

"တင်ပါ့ဘုရား၊ ကြားဖူးပါတယ်။ ဒီကိစ္စမှာ ဒီဂါထာတော်တွေ ပတ်သက်နေလားဘုရား"

"အေး - ပတ်သက်နေတယ်"

"အဲဒီအကြောင်း မိန့်တော်မူပါ ဘုရား"

(ရွှေလဆက်ဖတ်ရန်)

ပထမဆောင်းအေးအေး

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လိုင်(သုဝဏ္ဏ)

တရုတ်ကမ္ဘာ့ ဗုန်းရွှေပညာ

တရုတ်လူမျိုးအားလုံးတို့၏ အကွ ရာစာလုံးများ၊ ဓာတ်ပုံ၊ ပန်းချီကားများ နှင့်အသုံးအဆောင်ပစ္စည်းများစီရင်ထား ရှိမှု၊ နေရာချထားမှုအားလုံးတို့က ဗုန်းရွှေ ပညာသဘောတရားများနှင့် များစွာ ဆက်စပ်နေပါသည်။ ထို့ပြင် အသုံးပြု စကားလုံး (Character - အက္ခရာစာလုံး) တို့၏အသံထွက် (Phonetic) များ၌ပင် ဗုန်းရွှေသဘောများပါဝင်နေသည်ကို လေ့လာတွေ့ရှိရပြီး ၎င်းတို့က သက်ဆိုင် ရာပုဂ္ဂိုလ်အတွက် တံကောင်းခြင်း၊ ကံဆိုးခြင်းများဖြစ်စေကြောင်း ဗုန်းရွှေ ပညာရှင်တို့ကဆိုသည်။

ဗုန်းရွှေပညာရပ်၌ နှံ့စပ်သူများ အဖို့ မိမိနေထိုင်ရာအိမ်၊ အလုပ်လုပ်ကိုင် ရာရုံးခန်းအတွင်း၊ အပြင်နေရာများနှင့် ဝင်းခြံတို့၌ ဗုန်းရွှေအစီအရင်များကို သူ နေရာနှင့်သူစီစဉ်ထားရှိတတ်ခြင်းကြောင့် တိုးတက်အောင်မြင်ခြင်း၊ ကံကောင်း ခြင်းများ အဘက်ဘက်ကရရှိသော် လည်း အမှတ်တမဲ့နေသူများအဖို့ ကံဆိုး ခြင်းများဖြစ်ပေါ်စေသည့် အဆိပ်များ အဓိပ္ပာယ်ပါ စီရင်ထားရှိမှုများပြုမိတတ် ကြသည်။

ဗုန်းရွှေပညာရပ်နှင့်အညီနေထိုင် တတ်သော တရုတ်လူမျိုးများ၏ နေအိမ် ၌ ရေမြေတောတောင်သဘာဝခြင်းပုံ ပန်းချီကားများ ချိတ်ဆွဲထားကြောင်း မကြာခဏတွေ့ရတတ်သည်။ သာမန် အမြင်အရ ပန်းချီအနုပညာသဘောကို သာ တွေ့မြင်ရပြီး ဗုန်းရွှေအမြင်ဖြင့် လေ့လာစိစစ်ပါက ပန်းချီကားတွင်ပါရှိ သော မတ်စောက်မြင့်မားသည့် တောင် နံရံအားနောက်ခံပြုလျက် ထင်းရှူးပင်များ ရှင်သန်ပေါက်ရောက်နေခြင်းသဘောက သက်ကြီးရွယ်အိုများ ဆက်လက် အသက် ရှည်စွာနေထိုင်ရမည့်ကံကောင်းခြင်းကို ဖြစ်စေကြောင်း တွေ့ရပါမည်။

ဗုန်းရွှေပညာအလိုအရ ကံကောင်းခြင်း ဖြစ်စေသောအရာများ

အနီရောင်လင်းနို့ရုပ် - အနီရောင် လင်းနို့က မိမိနေအိမ်သို့ကံကောင်းခြင်း များယူဆောင်လျက် ပုံသန်းဝင်ရောက် လာခြင်းကြောင့် စီးပွားဥစ္စာတိုးတက်စေ ပြီး ကံဆိုးခြင်းများ မဝင်ရောက်နိုင်ရန် လည်း ကာကွယ်ပေးပါမည်။ အကယ်၍ ထိုအနီရောင်လင်းနို့အိမ်အတွင်း အမှန် တကယ်ဝင်ရောက်ခဲ့ပါက ဖမ်းဆီးမောင်း ထုတ်ခြင်းမပြုသင့်ပါ။အင်္ဂလိပ်စကားလုံး၏အသံထွက်နှင့် တရုတ်အက္ခရာစကား လုံးတို့၏အသံထွက်တို့ အပြန်အလှန် ဖလှယ်မှုအရ ဗုန်းရွှေဆိုင်ရာကံကောင်း၊ ကံဆိုးခြင်းများ အဓိပ္ပာယ်သက်ရောက် စေပါသည်။ ထိုအခါ သံတုကြောင်းကွဲ အ နေဖြင့် (bat - လင်းနို့) ဟူသော အသံထွက်က ဗုန်းရွှေအရ (Great wealth - ဥစ္စာခေတိုးတက်ကြီးပွားခြင်း)

www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် အဓိပ္ပာယ်သက်ရောက်စေပါသည်။ အလားတူပင် mandarin oranges (မန်ဒရင်းလိမ္မော်) သည် ဖုန်းရွှေအရ gold (ရွှေ) အဓိပ္ပာယ်ရှိပြီး အဆိုပါ လိမ္မော်သီး လက်ခံရရှိသူအနေဖြင့် ရွှေ (သို့) ကံကောင်းခြင်း ဟူသည့် အဓိကတ်ကောင်းနိမိတ်ကောင်းများ ရရှိလာပါမည်။ ၎င်းအပြင် (8) အသံထွက်သည့် ရှင်သန်ခြင်း၊ မွေးဖွားခြင်း၊ တိုးတက်စည်ပင်ခြင်းအဓိပ္ပာယ်ရှိပြီး (4) အသံထွက်က ပျက်စီးခြင်း၊ သေဆုံးခြင်း အဓိပ္ပာယ်သက်ရောက်စေပါသည်။ သို့သော် (4) ဂဏန်းသည် ဖုန်းရွှေနည်းပညာအရ Flying Star (ကြယ်ပျံ) အောက်တွင်ရှိနေသော် မင်္ဂလာရှိသည့် (Auspicious) အဓိပ္ပာယ်သက်ရောက်စေပါသည်။

ဖုန်းရွှေပညာအလိုအရ ကောင်းကင်ဘုံကိုယ်စားပြု(ဒဏ္ဍာရီလာ)သတ္တဝါများ၏ရုပ်ပုံများကလည်း အပိုင်းကဏ္ဍအလိုက် အကျိုးသက်ရောက်မှုရှိစေပါသည်။ ကောင်းကင်ဘုံဆိုင်ရာ အစောင့်အရှောက်သဖွယ်ဖြစ်သည့် သတ္တဝါရုပ်ပုံလေးများကိုလည်း အောက်ပါအတိုင်း စီရင်ထားရှိရပါမည်။

အစိမ်းရောင်ရှိ တရုတ်နတ်နဂါး - အဆုံးစွန် ကံကောင်းခြင်း၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံခြင်းအမှတ်သင်္ကေတအဖြစ် ၎င်းကို အရှေ့အရပ်တွင် ထားရှိအပ်သည်။

အရောင်အသွေးစုံသည့်တောင်ပုံပါ ဖီးနပ်(စ်)ငှက် - အဆိုပါလှပ၍ ကျက်သရေရှိသောငှက်ပုံအား မိမိထံသို့ကောင်းသောချီ(chi)ဓာတ်များ ဝင်ရောက်လာစေရန် တောင်အရပ်၌ထားရှိပေးပါ။

အမြွှေရောင်ကျား (သို့) ကျားမြွေ - မကောင်းသောဘေးဥပဒ်များဝင်ရောက်လာခြင်း မရှိစေရန် အကာအကွယ်အဖြစ် အနောက်အရပ်တွင်ထားရှိပေးပါ။

လိပ် - ကျက်သရေမင်္ဂလာရှိစေရန်နှင့် ကံကောင်းခြင်းများဖြစ်လာစေရန် မိမိနေထိုင်ရာအိမ်အတွင်း (သို့) ဝင်ပြေအတွင်း၌ထားရှိပေးပါ။

ကံကောင်းခြင်းနှင့် ကျက်သရေမင်္ဂလာရှိစေသော (ဒဏ္ဍာရီလာ) သတ္တဝါများသည် အတိတ်တစ်ခါက အမှန်တကယ် အသက်ရှင်ရပ်တည်ခဲ့ခြင်းရှိ၊ မရှိ မည်သူမျှတိကျစွာပြောဆိုနိုင်ခြင်း မရှိပေ။ သို့သော် ထိုသတ္တဝါများ ယနေ့ကာလ၌ အသက်ရှင်လှုပ်ရှိသည့်တိုင် ဖုန်းရွှေပညာရှင်ထောင့်အရ ကောင်းချီးများ ဆက်လက်ပေးနေဆဲဖြစ်ကြောင်း အခိုင်အမာ သက်သေထူနိုင်ပါသည်။

ကံကောင်းခြင်းနှင့် သက်ရှည်ကျန်းမာခြင်းကိုပေးစွမ်းနိုင်သော ရုပ်တုများနှင့်

စာတန်းများ

စီးပွားဥစ္စာ ကြွယ်ဝချမ်းသာစေခြင်းနှင့် လုပ်ငန်းကြီးများဖြစ်ထွန်းအောင်မြင်စေရေးအတွက် Sau အမည်ရှိ လေးစားကြည်ညိုဖွယ်အဘိုးအို နတ်ရုပ်တုကို စောင့်ရှောက်ပေးပါသည်။ အလားတူ တရုတ်ရှေးဟောင်းဒဂံးစေ့များကိုလည်း စီးပွားလာဘ်လာဘ ကောင်းစေရန် အသုံးပြုနိုင်ပါသည်။

အဆိုပါ ဒဂံးစေ့များကို အလယ်တည့်တည့်မှ စတုရန်းကွက်တိုးလျှို ပေါက်ဖောက်လျက် (ပုံပါအတိုင်း) ကံကောင်းခြင်းနိမိတ်ဆောင်သော အနီရောင် (ဖဲ) ကြိုးဖြင့် သိုင်းချည်ကာ မိမိ နေ့စဉ် ထိတွေ့အသုံးပြုနေသည့် ပိုက်ဆံအိတ် (သို့) စာအုပ်ကြားတွင်ထား၍ ဆောင်ထားရပါမည်။ ဖော်ပြပါ ဒဂံးစေ့အစိအရင်ကို စီးပွားရေးသက်သက်အတွက်သာမကဘဲ အချစ်ရေး၊ အိမ်ထောင်ရေးတို့၌ တာရှည်ခိုင်မြဲစွာ လက်တွဲနိုင်ရန်အတွက်ပါ အသုံးပြုနိုင်ပါသည်။

အသက်ရှည်ကျန်းမာစေခြင်းအစ အရင်အတွက် တရုတ်ဂန္ဓိရုဖုန်းရွှေပညာအရ မက်မွန်သီးနှင့် ကြိုးကြောင့်က်စုံတွဲ

www.burmeseclassic.com

ပါသည်။

အနီရောင်သည် ကံကောင်းခြင်း၊ ကျက်သရေမင်္ဂလာရှိခြင်းအဓိပ္ပာယ်သက်သက်ရောက်ကြောင်း အများသိရှိပြီးဖြစ်သော်လည်း ဖုန်းရွှေ့ထောင့်အရ အဝါရောင်နှင့် ခရမ်းရောင်တို့သည်လည်း အောင်နိမိတ်ဆောင်သောအရောင်များအဖြစ် ပါဝင်ကြပါသည်။ အဝါရောင်သည် တရုတ်ဧကရာဇ်မင်းတို့၏ ရာဇဝတ်ရုန်နှင့် နယ်ပယ်များစွာအား စိုးမိုး

ဟုတ်(ဟသ်ပဒါးရောင်)သည် ကံကောင်းခြင်းများကို ပေးစွမ်းနိုင်ခြင်းကြောင့် မွေးနေ့မင်္ဂလာ၊လက်ထပ်မင်္ဂလာတို့နှင့် အခြားအရေးကြီးသောအခမ်းနားတို့၌ တွင်ကျယ်စွာအသုံးပြုကြသည်။

ဖုန်းရွှေ့ပညာအရ အနီရောင်သည် ကျက်သရေမင်္ဂလာအပေါင်း ခပြောင်းသည့် နိမိတ်လက္ခဏာဖြစ်ခြင်းကြောင့် တရုတ်နိုးရာနှစ်သစ်ကူးပွဲတော်ကာလတစ်လျှောက် တွင်ကျယ်စွာတွေ့ရတတ်သည်။ တရုတ်လူမျိုးတို့၏ ထုံးစံအရ မင်္ဂလာအခမ်းအနား၌ သတို့သမီးအား အနီရောင်ဆင်မြန်းပေးရပါသည်။

ကံကောင်းခြင်းနှင့် ပျော်ရွှင်ခြင်းနှစ်ဆဖြစ်စေသည့် အမှတ်လက္ခဏာအဖြစ် Double Happiness Symbol ခေါ် အနီရောင်စာတမ်း သို့မဟုတ် နဂါး-ဇီးနပ်(စ်)စုံတွဲပုံတစ်ခုခုကို အသုံးပြုရ



ထိန်းချုပ်ထားနိုင်သည့်သဘောကို ကိုယ်စားပြုပြီး ခရမ်းရောင်အနေဖြင့် အနီရောင်ထက် သာလွန်သော ကံကောင်းနိမိတ်များပေးစွမ်းနိုင်သည့်သဘောရှည်ညွှန်းပါသည်။ တရုတ်လူမျိုးတို့အနေဖြင့် အရေးကြီးပစ္စည်းများထုပ်ပိုးရာ၌ စက္ကူ(သို့) အဝတ်စအား အနီ (သို့) အဝါ (သို့) ခရမ်းရောင်တစ်ခုခုအသုံးပြုတတ်ကြသည်။ထင်းပြင် မင်္ဂလာရှိသောသတင်းကောင်းကြားရစေရေးအတွက် တစ်ဦးတစ်ယောက်အားပေးကမ်းမည့်ပစ္စည်းအထုပ်အပိုးနှင့် ကွန်တိန်နာများလေ့ရှိ

အရောင်နှင့်ပတ်သက်၍ အနီရောင်တောက်တောက်အရောင် သို့မ

www.burmeseclassic.com

www.burmeseclassic.com

ပြောင်သက်သက်မထားဘဲ ကံကောင်းခြင်းလက္ခဏာအပြောက်အမွှမ်း၊ စာတမ်းတစ်ခုခု ရေးဆွဲပေးတတ်ကြသည်။

တရုတ်ရာသီစက် (သို့) (၁၂)ရာသီစက်ဝိုင်း (Twelve Animals of the Chinese Zodiac)

တရုတ် (၁၂) ရာသီစက်ဝိုင်းကို အောက်ပါအတိုင်း (၁၂) ရှုပ်ဖြင့် ကိုယ်စားပြုဖွဲ့စည်းထားသည်။ ယုန်၊ နွား၊ ကျား၊ ကြွက်၊ နဂါး၊ မွေး၊ မြင်း၊ သိုး၊ မျောက်၊ ခွေး၊ ကြက်၊ ဝက် ဟူ၍ဖြစ်သည်။ ဖော်ပြပါရာသီရုပ်တစ်ခုချင်းစီက သက်ဆိုင်ရာအရပ်ထောင့်နှင့် နယ်ပယ်တစ်ခုစီအား (၃၀) ဒီဂရီစီနေရာယူထားကြသည်။ တစ်ဖန် အရပ်ထောင့်တစ်ခုချင်းစီ၌ နယ်မြေခွဲအဖြစ် အစိတ်အပိုင်းနှစ်ရပ်စီပါရှိပြန်သည်။ ရာသီရုပ်တစ်ခုချင်းစီက သက်ဆိုင်ရာပုဂ္ဂိုလ်၏ကိုယ်စားပြုအရပ်ထောင့်နှင့် မည်သည့်နှစ်တွင် မွေးဖွားကြောင်းဖော်ပြသည့် Birth Chart ကို ရှင်းလင်းစွာ နားလည်အောင် ရည်ညွှန်း ဖော်ပြပါသည်။

(၁၂) ရာသီစက်၏ အရပ်ထောင့်နှင့် ကိုယ်စားပြုထားသော ဓာတ်ကြီး ငါးပါး မီး၊ မြေ၊ ရေ၊ သတ္တု၊ သစ်သား

တောင် - မီး - လီ

အနောက်တောင် - မြေအကြီး - ကွန်

အနောက် - သတ္တုအသေး - တွိ

အနောက်မြောက် - သတ္တုအကြီး - ချီယင်

မြောက် - ရေ - ကန်

အရှေ့မြောက် - မြေအသေး - ကင်

အရှေ့ - သစ်သားအကြီး - ချင်

အရှေ့တောင်-သစ်သားအသေး-ဆွန်

အရပ်ထောင့်တစ်ခုချင်းစီက ကိုယ်စားပြုသောစွမ်းရည်များ

လီ (သို့) တောင်အရပ်သည် ဂုဏ်သတင်း ထင်ပေါ်ကျော်စောမှုကို စိုးမိုးသည်။

ကွန်(သို့)အနောက်တောင်အရပ်သည် အိမ်ထောင်သုခနှင့် စီးပွားတိုးတက်မှုကိုရည်ညွှန်းသည်။

တွိ (သို့) အနောက်အရပ်သည် သားသမီးများ၏ ကံဇာတာနှင့် နောက်ပိုင်းမျိုးဆက်ကို စိုးမိုးအုပ်ချုပ်ထားသည်။

ချီယင် (သို့) အနောက်မြောက်အရပ်သည် ကူညီရှင်းပင်းသူများရှိခြင်းကို စိုးမိုးသည်။

ကန် (သို့) မြောက်အရပ်သည် လုပ်ငန်းတိုးတက်ကြီးပွားမှုကို စိုးမိုးထားသည်။

ကင် (သို့) အရှေ့မြောက်အရပ်သည် အသိဉာဏ်ပညာစိုးမိုးမှုကိုရည်ညွှန်းသည်။

ချင်(သို့)အရှေ့အရပ်သည် မိသားစုအတွင်းဆက်ဆံရေးနှင့် ကျန်းမာရေး

ကို ကိုယ်စားပြုထားသည်။

ဆွန် (သို့) အရှေ့တောင်အရပ်သည် ဥစ္စာဓနကြွယ်ဝချမ်းသာမှုကို စိုးမိုးထားသည်။

ဖုန်းရွှေပညာအရ သင်၏ မွေးနှစ်နှင့်ရာသီရုပ်တို့က ကိုယ်စားပြုထားသော အရပ်ထောင့်ကို သိရှိပြီးပါက သင်နှင့် သက်ဆိုင်သော ဖုန်းရွှေအစီအရင်ကို လုပ်နိုင်ပြီဖြစ်ပါသည်။ အကယ်၍ သင်သည် ကြက်နှစ်တွင် မွေးဖွားသူဖြစ်ပါက၊ ၎င်း၏ကိုယ်စားပြု အနောက်အရပ်ကို ရည်မှန်း၍ မိမိနေအိမ်ဧည့်ခန်းအတွင်း အနောက်အရပ်၌ ကြွေဖြင့်ပြုလုပ်သော ကြက်ရုပ်ကို ထားရှိပေးပါ။ အကယ်၍ ကျားနှစ်တွင်မွေးဖွားသူဖြစ်ပါက (ဖော်ပြပါဇယားအရ) ကိုယ်စားပြု အရှေ့ (သို့) အရှေ့မြောက်အရပ်ကိုရည်မှန်း၍ ဧည့်ခန်းတွင်း ၎င်းအရပ်ထောင့်၌ ကျားရုပ်ကို ထားရှိပေးပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)



ရာသီရုပ်နှင့် ကိုယ်စားပြုအရပ်		
#	ရာသီရုပ်	ကိုယ်စားပြုအရပ်
၁	ကြွက်	မြောက်အရပ်
၂	နွား	မြောက်/အရှေ့မြောက်
၃	ကျား	အရှေ့/အရှေ့မြောက်
၄	ယုန်	အရှေ့အရပ်
၅	နဂါး	အရှေ့/အရှေ့မြောက်
၆	မွေး	တောင်/အရှေ့တောင်
၇	မြင်း	တောင်အရပ်
၈	သိုး	တောင်/အနောက်တောင်
၉	မျောက်	အနောက်/အနောက်တောင်
၁၀	ကြက်	အနောက်အရပ်
၁၁	ခွေး	အနောက်/အနောက်မြောက်
၁၂	ဝက်	မြောက်/အနောက်မြောက်

www.burmeseclassic.com

www.burmeseclassic.com

အစွမ်းထက်မြက်သော ခင်ပုပ်မြစ်နှင့်နွားလားဥသဘဆေးမြစ်ဥ

နေဝင်းဝင်း(လွှန်ဆေး)

အဖုအကိုတ် အနာမျိုးစုံနှင့် ရင်သားကင်ဆာ စသည့်ရောဂါများကို ခင်ပုပ်မြစ်ဆေးအစွမ်းဖြင့် ပျောက်ကင်းနိုင်ကြောင်း လက်တွေ့ပွဲတွေ့သာကေများဖြင့် ရေးသား တင်ပြခဲ့ပြီး ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ယူကြဆဲ၊ မှာကြားသုံးစွဲနေကြဆဲ ဖြစ်ပါသည်။

ယခုနှစ် မဟာသံကြိန်ကာလ မတိုင်မီက ကရင်ပြည်နယ် ကျိုင်းမြို့မှ ကရင်တိုင်းရင်းသား ဦးမြင့်စိုးဆိုသူ မြန်အောင်မြို့သို့ ရောက်ရှိလာခဲ့သည်။ မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးစာရေးကိုမြင့်သိန်း (ဖုန်း - ၀၉၄၂၂၅၀၆၅၈၈၊ ၀၉၉၇၃၀၀၈၂၂၁) ၏ စီစဉ်ပေးမှုဖြင့် ခင်ပုပ်မြစ်များ ရရှိသွားခဲ့ပါသည်။ ရန်ကုန်မြို့မှတစ်ဆင့် မြန်အောင်မြို့သို့ မွန်းလွဲ (၂) နာရီခန့်တွင် ရောက်ရှိပြီး ဆေးမြစ်များ ယူဆောင်လျက် ညနေ (၁၈း၃၀) နာရီ မြန်အောင်-ရန်ကုန်ကားဖြင့် ပြန်သွားခဲ့ပါသည်။

ထိုမှ ရက်သတ္တသုံးပတ်ခန့်အကြာတွင် ကျိုင်းမြို့နေ ဦးမြင့်စိုးမှ ဖုန်းဆက်အကြောင်းပြန်လာပါသည်။ ဦးမြင့်စိုး၏သမီးဖြစ်သူတွင် ဖြစ်ပေါ်ခဲ့စားနေရသော ရင်သားကင်ဆာရောဂါကို ခင်ပုပ်ဆေးမြစ်များဖြင့် ဂရုတစိုက် သွေးလိမ်းပေးခဲ့ကြောင်း၊ ယခုအခါ သိသာထူခြားစွာ သက်သာ ပျောက်ကင်းလာသဖြင့် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလာပါသည်။ ကရင်ပြည်နယ် ကျိုင်းမြို့သို့ စာရေးသူနှင့် ကိုမြင့်သိန်းတို့ အလည်အပတ် လာရောက်ပါရန်နှင့် အစစအရာရာ တာဝန်ယူပါကြောင်း ဖိတ်ကြားလာခဲ့ပါသည်။

❑

အဖုအကိုတ်အနာမျိုးစုံ၊ ရင်သားကင်ဆာနှင့် အခြားသောကင်ဆာရောဂါများကို ထိရောက်အစွမ်းထက်မြက်စွာ ပျောက်ကင်းစေနိုင်သည့်နွားလားဥသဘဆေးမြစ်ဥအကြောင်း ၂၀၁၅ ခုနှစ်၊ မေလထုတ် သူရဿဝဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။

မန္တလေးမြို့မှအငြိမ်းစားပါမောက္ခ ဦးသန်းညွန့်ဆိုသည့်ဆရာကြီးသည်လည်း နွားလားဥသဘဆေးမြစ်ဥ မှာကြားသူများတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ဆရာကြီး ဦးသန်းညွန့်ထံသို့ ညီငယ် ကိုဝင်းဇိုက မြန်အောင်-မန္တလေး နေ့စဉ် ပုံမှန်ပြေးဆွဲနေသည့် မန္တလာတွဲနီးမှန်လုံယာဉ်နှင့် တန်ဆာပြုလုပ်တင်ပို့ပေးပါသည်။ ဆရာကြီးက ဝါသနာအရ ဆေးပင်၊ ဆေးမြစ်ဥ၊ ဆေးရွက်များရှာဖွေစုဆောင်းသူဖြစ်သကဲ့သို့ စမ်းသပ်မှုများလည်း ပြုလုပ်သည်ဟု တွက်ဆမိပါသည်။ နွားလားဥသဘဆေးမြစ်ဥများကို ကိုယ်တိုင်သုံးစွဲရန် မလိုအပ်သော်လည်း အိမ်နီးချင်း လူငယ်တစ်ဦး၏ ခြေထောက်တွင်ပေါက်နေသော အနာများကို ဆေးမြစ်အား ရေစင်စင်ဆေးကာ သွေးလိမ်းစေခဲ့ပါသည်။ မပျောက်နိုင်အောင် အချိန်ကြာမြင့်နေသော အနာများသည် ဆေးလိမ်းပြီး ရက်ပိုင်းနှင့်ပင် ချပ်ရပ်ခြောက်သွေ့ကာ သက်သာပျောက် ကင်းခဲ့ပါသည်။

မြန်အောင်မြို့တွင်လည်း လည်ပင်းကြီးနေ၍ ဆေးမြစ်ဥစမ်းသပ်သုံးစွဲနေသူ အမျိုးသမီး ဝေဒနာရှင်နှစ်ဦးရှိပါသည်။ စာရေးသူမှာကြားသည့်အတိုင်း ပုံမှန် ဂရုတစိုက်နှင့်လိမ်းနေသည်ပင် တစ်လတော်တော်ရှိပြီပြီ။ လုံးဝကင်းစင်မပျောက်နိုင်သေးသော်လည်း အကျိတ်ဖုမှာ တဖြည်းဖြည်း လျော့ကျ သေးငယ်လာသည်ဟု သိရပါသည်။ သက်သာပျောက်ကင်းမှုကို လက်တွေ့သိရှိရသည့်ကြောင့် ရောဂါကင်းရှင်းပျောက်သည်အထိ ဆက်လက်လိမ်းကျံမည်ဟုပြောပြကြပါသည်။

❑

နွားလားဥသဘဆေးမြစ်ဥမှာကြားသည်များ၊ ကိုယ်တိုင်လာယူသည်များကို ညီငယ် ကိုဝင်းဇိုက ဒိုင်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ နွားလားဥသဘဆေးမြစ်ဥအကြောင်း ၂၀၁၅ ခုနှစ်၊ မေလထုတ် သူရဿဝဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည်မှ ယနေ့အထိ မြန်မာနိုင်ငံတစ်နံတစ်လျား အပြုံပြုံအနယ်နယ်မှ ကိုယ်တိုင်လာယူသူ၊ တစ်ဆင့်မှာကြားသူ၊ ဖုန်းဆက်မှာကြားသူ စသည်ဖြင့် ဦးရေ (၂၀၀) ကျော် ရှိပါပြီ။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြည်၊ ပုသိမ်၊ ဟသံတ၊ ကျောက်ပန်းတောင်းမြို့တို့မှ မှာကြားသူများအတွက် ခရီးသည်တင်မှန်လုံယာဉ်များနှင့် တန်ဆာခပေးဆောင် တင်ပို့ပေးရှိရသည်။

တောင်ကြီး၊ ဟိုပုံး၊ မိုးမိတ်၊ သိန္နီ၊ ပုံရွာ၊ ကလေး၊ ကလေး၀၊ မော်လမြိုင်၊ ကော့ကရိတ်မြို့များဆိုပါမူ ဆက်သွယ်ရေးစာတိုက်မှတစ်ဆင့် ပါဆယ်ချောပို့ဖြင့်သာ တင်ပို့ပေးရပါသည်။

ယနေ့အချိန်တွင် ဆေးမြစ်ဥများလည်း အတူးအဆွများ၍ ကုန်လုလု အခြေအနေမှာရှိပါသည်။ ဆေးမြစ်ဥများ မိုးရေထိ အစိုများ ထွက်ပြူလာနေပါပြီ။ တိုဝင်းဇိုတို့ဇနီးမောင်နှံက သူတို့ခြံမြေတွင် မြောင်းပေါင်းများ ပြုလုပ်စိုက်ပျိုးလျက်ရှိပါသည်။

ဆေးမြစ်မှာကြားသူ တစ်ဦး၊ နှစ်ဦး ဆိုလျှင် ပြဿနာမရှိနိုင်။ ယခုကဲ့သို့ ဦးရေ (၂၀၀) ကျော်မျှရှိလာသည့်အခါ ကားတန်ဆာခ၊ စာတိုက်ပါဆယ်ခကုန်ကျမှုနှင့် မည်သို့လည်ပတ်နေကြောင်း တိုဝင်းဇိုနှင့် တွေ့ဆုံခိုက်မေးမြန်းရပါသည်။ ကိုဝင်းဇိုက မြောင်းပေါင်းလုပ်ကာ မြေဆွေးထည့်ရင်းက စာရေးသူကို ရှင်းပြပါသည်။ ဦးရေ (၂၀၀) ကျော်ထံ နည်းလမ်းအသွယ်သွယ်ဖြင့် ပေးပို့ကုန်ကျငွေပေါင်း (၁၇၀၀၀၀) ကျော်ရှိပါသည်။ ဆေးမြစ်ဥ ပို့ပေးရသူ (၂၀၀) ဦးထဲမှ အချို့သောမှာကြားသူတို့၏မေတ္တာဖြင့် ပုံပိုးမှုရှိသည်ကြောင့် စရိတ်ကျေ၊ လက်ဆောင်စားလျက် ဇိဝိတဒါနကုသိုလ်တရားပွားများနေသည်ဟု ကြားသိရပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။

နေဝင်းဝင်း(လွှန်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

(ဝါးခယ်မ)

ကျော်မိုးလွင်

ပညာရှင်များနှင့်တွေ့ဆုံခြင်း

ရယ်စရာကောင်း၍ သံဝေဂရစရာလည်းကောင်းသော ဖြစ်ရပ်နှစ်ခုကို အသုဘပို့သွားရင်း မထင်မှတ်ဘဲကြုံခဲ့ရပါသည်။

ကျွန်ုပ်သည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့တစ်ဖက်ကမ်း ရွာသစ်ရွာတွင်နေသူ ဖြစ်ပါသည်။

ရွာမှလူများ ကွယ်လွန်လေလျှင် ဝါးခယ်မမြို့ဘက်ကမ်းရှိ သင်္ဂြိဟ်စက်ကိုပို့ကာ သင်္ဂြိဟ်ရပါသည်။

ဘုတ်ဝယ်ကိုတင်ထားပါသည်။

ကွယ်လွန်သူ၏ဆွေမျိုးသားချင်းများမှ အမျိုးသားများ၊ ရင်းနှီးသူအမျိုးသားများက ထိုပဲ့ထောင်မှာလိုက်ပါကာ ပို့ဆောင်ကြပါသည်။

ပဲ့ထောင်မှာ ကြေးစည်ထုသူက နှစ်ယောက်ပါသည်။ ကျွန်ုပ်မှာ ကွယ်လွန်သူနှင့်အမျိုးတော်သူဖြစ်သောကြောင့် ထိုပဲ့ထောင်မှလိုက်ပါကာ ပို့ဆောင်ခဲ့ပါသည်။

အသိအကျွမ်းများသူဖြစ်၍ လိုက်ပါပို့ဆောင်သူကများသည်။ ပဲ့ထောင်ဆယ်စီးမျှရှိမည်ထင်သည်။

ဝါးခယ်မမြို့ထဲမှာ ပဲ့ထောင်စက်သံတွေကညံနေသည်။ နာရီဝက်သာသာတွင် ဝါးခယ်မမြို့သချိုင်းမြေကို ပဲ့ထောင်အားလုံးရောက်သွားခဲ့သည်။

ခေါင်းတင်ထားသော ကျွန်ုပ်ပါလာသည့်ပဲ့ထောင်ကပ်ခါနီးတွင် သချိုင်း

ထိုနေ့က တူမဝမ်းကွဲတစ်ယောက် အသုဘကို ကျွန်ုပ်လိုက်ပို့ခဲ့ပါသည်။

အသုဘလိုက်ပို့သူများအတွက် အိမ်ရှင်များက ပဲ့ထောင်သင်္ဘောများ စီစဉ်ထားပါသည်။

ပဲ့ထောင်တစ်စီးမှာ ကွယ်လွန်သူ၏ခေါင်းကိုလိုက်ဆင်ကာ ပန်းကုံးများ လေးဖက်လေးတန်ချိတ်ဆွဲထားပါသည်။ ခေါင်းအပေါ်မှာက ကွယ်လွန်သူ၏ အမည်နှင့်အသက်ရေးထားသော ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com

မြေတွင် ကြိုတင်ရောက်နေသောလူငယ် တစ်ဦးက အော်မေးလိုက်သည်။

"နောက်လာဦးမလားဗျော့" တဲ့။

ရွှံ့နှင့် ပဲ့ထောင်ကို လှမ်းပစ်ကာ မေးလိုက်ခြင်းဖြစ်သည်။ ပဲ့ထောင်နှင့် လိုက်ပါလာသော လူငယ်တစ်ဦးက အော်ဟစ်ကာ ပြန်ပြောလိုက်သည်။

"မလာတော့ဘူးဟေ့"

မည်သို့သောပုဂ္ဂိုလ်ကထွင်သွားသည်မသိပါ။ ထိုစဉ်လေ့မှာ ယနေ့တိုင်ရှိနေပါတော့သည်။ ဒါက အစဉ်အလာဖြစ်၍ ကျွန်ုပ်အတွက် မထူးဆန်းလှပါ။ ထူးဆန်းသည်ကား ကျွန်ုပ်အနားတွင် ကပ်ထိုင်လိုက်ပါလာသော အသက်ခြောက်ဆယ်အရွယ် မျက်နှာစိမ်းလူကြီး ထအော်လိုက်ခြင်း ဖြစ်ပါသည်။

"တရားသဘောအရ မေးစရာမလိုဘူးဟေ့။ တစ်ယောက်ဆင်းရင် တစ်ယောက်တက်ပဲဟေ့" တဲ့။

ကျွန်ုပ်အပါအဝင် ပဲ့ထောင်မှာပါလာသူအားလုံးမျက်လုံးပြူးကာ ထိုလူကြီးကို ဝိုင်းကြည့်မိခဲ့ကြသည်။

အော်သည့်လူကြီးကား ခပ်တည်တည်ပင် ပဲ့ထောင်ဆိုက်သည်နှင့် ဆင်းသွားခဲ့ပါသည်။

တခြားသူများတော့မသိပါ။

ကျွန်ုပ်ကား စာရေးဆရာဖြစ်၍ ကုန်ကြမ်းတစ်ကွက် ထိုနေ့က ရသွားခဲ့ပါသည်။

သခ္ဗျိုင်းမြေမှာ စီနီယာဦးသူတစ်ဦးရှိနေပါသည်။ ဝါးခယ်မမြို့ထဲကပင်ဖြစ်၏။

ဇရပ်အဝတွင် စက်ဘီးများ၊ ဆိုင်ကယ်များတန်းစီရှိနေသည်ကိုတွေ့လိုက်ရသည်။

ကျွန်ုပ်မှာ မြို့ထဲသွားစရာအကြောင်းကရှိနေသည်။ ထို့ကြောင့် သင်္ကြံဖျက်ပြီးသည်အထိမစောင့်နိုင်တော့။ မြို့ထဲသို့ခြေကျင်ပင်လျှောက်လာခဲ့သည်။

သည်မှာ တိုက်တိုက်ဆိုင်ဆိုင် အသုဘနှင့်ပတ်သက်၍ ကုန်ကြမ်းတစ်ကွက်ရပြန်လေသည်။

မြို့ပေါ် အသုဘများကား နာရေးကူညီမှုအသင်းကားနှင့်ချတတ်ကြသည်။

လိုက်ပါပို့ဆောင်သူများက စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ခြံမ်းသာသူများက ကားစီးကာပို့တတ်ကြသည်။

အသုဘပို့ဆောင်တိုင်း မဖြစ်မနေပါတတ်သည်ကား ဆိုက်ကားတစ်စီးနှင့် သံဝေဂတရားရွတ်ဖတ်သူပါရမြင်းပင်ဖြစ်ပါသည်။ (ယခုအခါမူ တရားခွေသာဖွင့်ပါသည်။)

ကျွန်ုပ်သည် သခ္ဗျိုင်းမြေမှလမ်းလျှောက်ပြန်သူဖြစ်၍ သခ္ဗျိုင်းမှ တရားစာရွတ်ပြီးပြန်လာသူဆိုက်ကားနှင့် ထိလှည့်လည်ရောင်းနေသော ထိလှည်းတစ်စီးကို လမ်းမှာတွေ့လိုက်ရပါသည်။

ဆိုက်ကားက သခ္ဗျိုင်းမြေမှ အတက်ဖြစ်၍ ထိလှည်းကား အဆင်းဖြစ်ပါသည်။

ထို့ကြောင့် လမ်းမှာမျက်နှာချင်းဆိုင်တိုးပါတော့သည်။ ထိလှည်းတွန်းသူနှင့် အသုဘပို့သူ၊ တရားစာရွတ်သူမှာ အသိအကျွမ်းဖြစ်ဟန်တူပါသည်။တရားစာရွတ်သူက ထိလှည်းတွန်းသူကို လှမ်းအော်မြောလိုက်သည်။

"ကံကုန်တဲ့လူကတော့ ပြန်မဆုံနိုင်တဲ့လမ်းသွားရှာပြီ" တဲ့။

'ကံကုန်'

'ပြန်ဆုံ'

ကာရန်နဲ့အဓိပ္ပာယ်နေ၍ စာရေးဆရာ၊ ကဗျာဆရာကျွန်ုပ် စိတ်ထဲမှ တရားစာရွတ်သူကို ချီးကျူးနေမိလိုက်သည်။

သည်မှာ ထိလှည်းသမားကလည်း အားကျမခံ ပြန်အော်ပြောလိုက်သည်။

"ကံယုံတဲ့ လူတွေအတွက်တော့ အကျန်ကုန်အောင် ကျုပ်ကတော့ ရောင်း ရဦးမယ်ဟေ့" တဲ့။

ဘိုးသူတော်ဦးမင်းနှင့် လွှဲမင်းများ ဝင်စားလေရော့သလား။ ထိလှည်းသမား ပြန်အော်ပြောသည့် စကားကလည်း ကဗျာဆန်ဆန် ကာရန်နဲ့အဓိပ္ပာယ်နေခဲ့သည်။

'ကံယုံ

အကျန်ကုန်' တဲ့လေ။

ရွေးလှည့်ကြိုးများပြောစကားရှိခဲ့ပါသည်။

'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်' တဲ့။

ကျွန်ုပ်ကား မသာတစ်ခေါက်နှင့်ပင် ကုန်ကြမ်းနှစ်ကွက် ရခဲ့ခဲ့ပါသည်။

အိမ်ရောက်သည်နှင့် ထိုမြင်ကွင်းနှစ်ကွက်ကို စာရေးကာ မဂ္ဂဇင်းသို့ပို့ဖြစ်သွားခဲ့ပါတော့သည်။

(လောကတွင် ပညာရှင်ရွက်ပုန်းသီးများရှိတကား)

လေးစားစွာဖြင့်

ကျော်မိုးလွင် (ဝါးခယ်မ)

နတ်မောက်မင်းသနှိုင်
ဆေးဖက်ဝင်
ဖန်ခါးသီး

ဖန်ခါးသီးကို အတို့အမြှုပ်အသီးအဖြစ် လည်းကောင်း၊ အသားဟင်းထဲတွင်ထည့်ချက်ခြင်းဖြင့် လည်းကောင်း စားသုံးကြပါသည်။

ထို့အပြင် ထင်ရှားသော စကားပုံမှာ 'ဆီးဖြူ၊ ဖန်ခါး ရဟန်းစား' ဟူ၍ပင် ဖြစ်ပါသည်။ ဖန်ခါးသီးအစိုများကို နွားနက်ကျင်ငယ်ရေနှင့်စိမ်ထားပြီး နေ့စဉ်နှစ်လုံးမှ သုံးလုံးအထိ စားသုံးပေးလျှင် ရောဂါကင်းစင်စေးပြီး အသက်ရှည်ဆေးတစ်ပါးဟု သိမှတ်သားရပါသည်။

၎င်းအပြင် ဖန်ခါးသီးအစိုသုံး၊ လေးလုံးကို ထုခွဲထားပြီး ရေထဲတွင် တစ်ညစိမ်ကာ နောက်နေနံနက်တွင် အပေါ် အရည်ကြည်ကိုစစ်ယူပြီး မျက်စိကိုဆေးပေးလျှင် မျက်စိကြည်ကောင်းကြည်လင်အေးမြစေပါသည်။

အထူးမှာ နောက်ကြောတက်သူများ၊ ဇက်ကြောတက်တတ်သူများ၊ ခြေသလုံး၊ ပေါင်အကြောတက်တတ်သူများအတွက် ဖန်ခါးသီးတစ်ပိသာ (အစေ့မပါစေရပါ) ကို ထုထောင်းပြီး ထန်းလျက်တစ်ပိသာနှင့် ဆီးယိုကျိုသလို ကျိပြီး ဖန်ပုလင်းတွင်ထားပါ။ နံနက်တိုင်း ဟင်းစားခွန်းတစ်ခွန်းစားပြီး ရေအေးဝေသောက်ပေးပါ။အလွန်အကြောတက်တတ်သူများ ညအိပ်ရာမဝင်မီပါတစ်ခွန်းမှီဝဲပေးပါ။ ဆေးတစ်ဖုံမကုန်မီပင် အကြောတက်ခြင်းများ လက်တွေ့သက်သာ ပျောက်ကင်းသွားပါမည်။

မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိဘဲ လက်တွေ့ သုံးစွဲခဲ့သူတွေများခဲ့ပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးနည်းကောင်းတစ်လက်ဖြစ်သည့်အပြင် လူတိုင်း အလွယ်တကူ မိမိနေအိမ်မှာပင် ပြုလုပ်ဖော်စပ်နိုင်သော ဆေးတစ်ပါးဖြစ်၍ လက်ဆင့်ကမ်း တင်ပြ ရေးသား အပ်ပါသည်။

နတ်မောက်မင်းသနှိုင်

www.burmeseclassic.com

www.burmeseclassic.com

"အကြောင်းဆိုလျှင် ×××အလည် တစ်ခေါက်လာရောက်စေချင်တာ ××× ရိုးမတောင်ခြေခန်း ဖျိုးဖျမှောင် ဝေသန်း ××× လုပ်းမျှော်ကြည့် ××× ရင်ထဲမချိစရာ ××× (ညီညီမွှေးကာ တောင်တန်းပြာကြီးမငေးလုပါ ××× ညီ လေးတို့ရွာ သဘာဝအလှရှုခင်းများနဲ့ သာ×××)' ထနောင်းပင်တွေ ညီညာ ××× စီကာသွယ်တန်းတဲ့ သံပြူးပြူးလမ်း ကလေးများနဲ့သာ×××လှည်းယဉ်ကလေး တွေနဲ့ ပန်ရလို့နေပြန်တာ ××× ညီလေး တို့ရွာ သာသာယာယာ ×××'

မဂ္ဂဇင်းတိုက်သို့ စာမူပေးပို့ရန် အဆောသတ်နေနေစဉ် သားဖြစ်သူ အောင်သူရက သန်းထွန်းလေး၏ ညီလေးတို့ရွာသီချင်းကိုဖွင့်လိုက်သော ကြောင့် နားစွင့်နေမိပါသည်။ ထိုသို့ ရုတ်တရက်ခံစားမိရင်း ငယ်စဉ်ကနေခဲ့ရ ဖူးသည့် သာယာကုန်းရွာလေးကို 'တစ်ခဏ စိမ့်ကွေးရင်းပြင့် တသိမ့်သိမ့်ဆွေးရပါ သည် မွေးရပ်ရွာကိုကွယ်' တူသော သီချင်းစာသားလေးလို ပွေ့ရပ်ရွာကို ပြေးကာ မြင်ယောင်မိပါလေသည်။

သာယာကုန်းရွာသည် မြစ်ကမ်းပါး ပြိုနယ် အိုင်ကလောကေးရွာ၏ (ရာဝတီမြစ်) အရှေ့ဘက်ကမ်းတွင်တည်ရှိ၏။ တစ်ရွာလုံးတွင် တလုပ် (တရုတ်) မန်ကျည်းပင်များ၊ ဆီးပင်များမှလွဲ၍ ဘာပင်မှမည်မည်ရရမရှိပေ။ ကျွန်တော် တို့ကလေးများက တရုတ်မန်ကျည်းပင် အောက်တွင်ဆော့ကစားရင်း အသီးများ ကိုလည်းခူးခ်၍စားကြသည်။

အများစုမှာ ကျွန်းကြီးရွာတွင်နေ ထိုင်ကြပြီး ဆောင်းနှင့် နွေအခါ ကိုင်း လုပ်ခိုန်တွင် သာယာကုန်းရွာကလေးသို့ ခေတ္တပြောင်းလာ၍ ကိုင်းလုပ်ကြသည်။ ကိုင်းပြီးခိုန်တွင် ကိုယ်နေထိုင်ရာရွာများသို့ ပြန်လည် ပြောင်းရွှေ့သွားကြသည်။ တခါ့ကလည်း သာယာကုန်းရွာတွင် နွေ ခိုး ဆောင်း တစ်နှစ်ပတ်လုံးနေထိုင် ကြသည်။

ကျွန်တော်တို့မိသားစုသည် အစ ပိုင်း၌ သာယာကုန်းရွာကလေးတွင်နေ ထိုင်ခဲ့ကြ၍ နောက် နောက်မှ ကျွန်းကြီးရွာ ဘို့ဘွား၌ အိမ်နှင့်ခြံကို ဝယ်ယူခဲ့ခြင်း ဖြစ်၏။ သာယာကုန်းရွာသည် အိမ်ခြေ (၁၅-၃၀)ခန့်သာရှိသည်။ စာသင်ကျောင်း နှင့် ဘုန်းကြီးကျောင်းမရှိ။ ကလေးများ (၃) မိုင်ခန့်ဝေးသော ကျွန်းကြီးရွာသို့ ခြေကျင်သွား၍ ကျောင်းတက်ရသည်။

မနက်မိုးလင်းလျှင် လွယ်အိတ် ထီး ထမင်းထုပ်ကိုယ်စီနှင့် ကျောင်း တက် သွားကြသော ဖိုးလုံး၊ ဖိုးပြားတို့ညီ အစ်ကိုကို ကျွန်တော် အားကျမိ၏။ ကျောင်းမှပြန်လာလျှင် သူတို့ညီအစ်ကို အား စောင့်ကြည့်မိသည်မှာ နေ့စဉ်ဖြစ် ၏။ ဖိုးလုံး၊ ဖိုးပြားတို့ကလည်း ကျောင်း မှသင်လိုက်သောစာများကို အားပါးတရ ဆိုလာလျှင် ကျွန်တော်က သံယောင် လိုက်၍ဆိုမိသည်။

'က ကညစ် ပေမှာခြစ်
ခ ခရာ အသံသာ
ဂ ဂဏန်း ရေမှာဖမ်း
ဃ ငရုတ်စိမ်း စပ်ရှိန်းရှိန်း

www.burmeseclassic.com

www.burmeseclassic.com



(မြန်အောင်)

စိုးလင်းဒေါင်

ညိုလေးတို့ရွာ

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသောအခါ-

"သားက ဘာဖြစ်လို့ကျောင်းတက် ချင်တာလဲပြောစမ်းပါဦး သား‌ရဲ့"

ဟု ပြန်မေးပါသည်။

"ဖိုးလုံး၊ ဖိုးပြားတို့လို စာတွေဆို ချင်လို့ပါ အဖေ"

"စာတွေကို ဘာပြုလို့ဆိုချင်တာ လဲ"

"စာတွေကိုဆိုနေရရင် သားမှော် စရာကောင်းတယ်ထင်လို့ပါ အဖေ၊ နောက်ပြီးတော့"

"နောက်ပြီးတော့ ဘာဖြစ်သေးလဲ ပြောပါဦး သား‌ရဲ့"

"သားတို့ မြစ်ကိုရေချိုးသွားရင် သင်္ဘောကြီးတွေတွေ့ရတယ်လေ။ အဲဒီ သင်္ဘောကြီးမှာနေထားတဲ့စာတွေလည်း ဖတ်ကြည့်ချင်တယ်။ သင်္ဘောကြီးကို လည်း စီးချင်တယ်၊ မောင်းချင်တယ်"

"အေးပါ သား‌ရယ်၊ သားကငယ် သေးလို့ အဖေက ကျောင်းမထားသေး တာပါ။ သားသိပ်ပြီးကျောင်းတက်ချင် ရင် သား‌ရဲ့အစ်ကို စိုးဝင်းနဲ့အတူ ဟို မြန်အောင်ရဲ့ တောင်ဘက်က ကံပေး ကွင်းကျောင်းကိုသွားထားမှာပေါ့ သား ရဲ့။ သားအစ်ကို စိုးဝင်း ကျောင်းပိတ် လို့ပြန်လာပြီး ကျောင်းတွေပြန်ဖွင့်ရင် သားအစ်ကိုနဲ့အတူ အဲဒီကျောင်းမှာ လိုက်ပြီးကျောင်းအပ်ပေးမှာပေါ့ သား ရယ်။ ဟိုကျောင်းက အတန်းကျောင်း သက်သက်မဟုတ်ဘူးကွ။ ဘုန်းကြီးစာပါ ဖက်သင်တော့ စာပို့တတ်တာပေါ့ သား ရဲ့"

ကျွန်တော့်မှာ အစ်ကိုစိုးဝင်း ကျောင်းပိတ်၍ ပြန်လာမည့်ရက်ကို မျှော်တွေးရင်း လွမ်းဆွတ်နေမိပြန်သည်။ ဖိုးလုံး၊ ဖိုးပြားတို့ကျောင်းမှ စာဆို၍ ပြန်လာတိုင်း ကျောင်းနေချင်စိတ်က ပို၍ပို၍ပြင်းပြနေမိ၏။ အဖေသည် ကျွန်းကြီးရွာမှအိမ်ကိုမိုးရန် ပြည်မြို့သို့ တက်၍ သွပ်များဝယ်လာသည်။ (ထိုစဉ် က မြန်အောင်တွင်သွပ်ရောင်းသည့်ဆိုင် မရှိသေးပေ။ သွပ်တစ်ချပ်ကိုလည်း (၃)ကျပ်ပေးရသည်ဟု သိရသည်။)

တစ်အိမ်သားလုံး သွပ်မိုးအိမ်နှင့် နေရတော့မည်ဖြစ်၍ ပျော်ရွှင်နေကြ၏။ သို့သော် ကျွန်တော့်မှာ ပျော်ရမှန်းမသိ။ အစ်ကိုစိုးဝင်း ကျောင်းပိတ်၍ပြန်လာ မည့်ရက်ကိုမျှော်ရင်း ကျောင်းပြန်ဖွင့် လျှင်ကျောင်းတက်၍ စာတွေအားရပါးရ ဆိုရမည်ကိုသာ တွေး၍ပျော်မိပါသည်။

ထိုနှစ်တွင် ကျွန်တော်တို့မိသားစု မှာ ကိုင်းထွက်သီးနှံများ အောင်မြင်ဖြစ် ထွန်း၍ ရွာထဲရှိ ရှင်မပြုနိုင်သောကလေး များကို အဖေက ဦးဆောင်လျက် ရွာဘုံ ရှင်ပြုပွဲပြုလုပ်ပေးမည်ဟု တိုင်ပင်နေကြ ၏။

လာမည့်နှစ်တွင်လည်း သာယာ ကုန်းရွာ၌ စုပေါင်း၍ ကျောင်းဆောက် ပေးပြီး ကျွဲတဲကုန်းရွာမှ ဆရာလေးဦးစံ တင်က စာသင်ပေးမည်ဟု သိရသည်။ သို့သော် အဖေက အမှေကိုပြောသော စကားများအား ကျွန်တော် ခုတိုင်မှတ်မိ ၍ကြားယောင်မိသည်။

"သိန်းတင်ရယ်၊ နင်ဘာမှမပူနဲ့။ ဟိုစကားပုံ နင်ကြားဖူးတယ်မဟုတ်လား။ 'သားချစ်ရင်ပစ်' တဲ့။ကံပေးကွင်းကျောင်း ကိုသွားထားတာက အစစအရာရာစိတ် ချရတယ်။ ဘုန်းကြီးစာရော အတန်းစာ ပါတတ်မှာ။ တို့တွေက ဘုန်းကြီးစာသာ တတ်တာဟာ။ ငါ့သားတွေကျရင် ခုခေတ် ပညာတွေတတ်အောင် သူတို့ထူးချွန်ရင် ထူးချွန်သလောက် ဘီအေ၊ ဘီအက်စစ် ဆိုလားဟာ ငါမပြောတတ်ပါဘူး။ အဲဒီ ဘွဲ့တွေရအောင် လခစားကြီးတွေ၊ အရာရှိကြီးတွေဖြစ်အောင်ကိုထားမယ် ဟာ။ ဘကြီးဘုန်းကြီးကလည်း စိတ်ချ ရတယ်ဟာ။ တစ်နှစ်ကုန်လို့ ကျောင်း ပိတ်မှအိမ်ပြန်ခေါ်တာပေါ့။ ဒါမှလည်း တို့တွေ ကိုင်းထဲမှာဖိဖိစီးစီး စိတ်ချလက် ချလုပ်နိုင်မှာပေါ့။ သားတွေကိုလည်း တို့ တွေလို ကိုင်းကျွန်းတောင်ယာ နေပူစပ် ခါးထဲမှာ ကာယအားကိုးနဲ့မရပ်တည် စေချင်ဘူး။ပညာတတ်ပြီး ဘာဏာအားကိုး နဲ့ ဘဝကိုထူထောင်စေချင်လို့ပါဟာ"

အဖေနှင့်အမေတို့၏ပြောစကား များသည် သားသမီးများအပေါ် ထားရှိ သော မိဘများ၏ စစ်မှန်သည့်ရင်တွင်း က မေတ္တာအရင်းခံစကားများဖြစ်သော် လည်း ထိုစကားများ၏ အတိမ်အနက် သဘောထားကို ငယ်စဉ်က မသိခဲ့ရိုး အမှန်ပါ။မိမိကိုယ်တိုင် မိဘနေရာရောက် သော်မှ ကိုယ့်အပေါ် ထားရှိခဲ့သော မိဘ များ၏ မေတ္တာစေတနာကို လေးစား ကြည်ညိုမိပါသည်။

နှင်းမှုန်ကွယ်ပျောက် နွေသို့ ရောက်ခဲ့လေပြီ။ ရော်ရွက်ဝါမြေမှာလူး၍ နွေမင်းသား ရွှေဥဩ၏တွန်ကျူး သံက လွှင့်မြူးလာခဲ့လေသည်။

မြစ်ကမ်းနားသို့ရေချိုးရောက်တိုင်း ကျောင်းပိတ်၍ပြန်လာမည့် အစ်ကို စိုးဝင်းကိုမျှော်မိ၏။ သင်္ဘောကြီးပေါ် တွင် ပါလာလေမလား၊ ဖုန်လုံးကြီးများ နှင့်အတူ ပြေးလွှားမောင်းနှင်လာသည့် မြန်အောင်စျေးမှ ပြန်လာသော ကား ပေါ်တွင် ပါလာလေမလားနှင့် တစ်နေ့ တစ်နေ့ မျှော်ကိုးတမ်းတ၍သာနေမိ ပါသည်။

တစ်ခါတစ်ရံ ဘုရားဖူးသွားကြ သောမော်တော်များပေါ်မှ သန်းထွန်း လေး၏ညီလေးတို့ရွာသီချင်းသံကိုကြားရ လျှင် အစ်ကိုစိုးဝင်းကို ပို၍ပို၍သတိရ ပြန်ပါသည်။

မြေပဲများနုတ်ပြီး ဖရဲခင်း၊ ငရုတ် ခင်းများသိမ်းပြီးချိန်တွင် အဖေကိုယ်တိုင် အစ်ကိုစိုးဝင်းကိုသွားခေါ်သည်။ အစ်ကို စိုးဝင်း ရွာကိုရောက်လာသည့်အချိန်၌ ကျွန်တော်မှာ ပျော်လိုက်သည့်ဖြစ်ခြင်း။ ပြောလို့ပင်ကုန်မည်မထင်ပါ။

အစ်ကိုစိုးဝင်းကလည်း ရထားစီး ရ၊ ကားစီးရသည်မှာ ပျော်ဖို့ကောင်း ကြောင်းနှင့် မြန်အောင်မြို့က ခမ်းနား ထည်ဝါသော ခေါက်ဆွဲဆိုင်ကြီးတွင် ခေါက်ဆွဲကြော်စားခဲ့ရကြောင်းကိုပြော သောအခါ ကျွန်တော့်မှာ ငါလည်း ကျောင်းတက်သွားရင် ရထားတွေစီး၊ ကားတွေစီးပြီး ခေါက်ဆွဲကြော်စားရမည် ကိုမှန်း၍တွေးကာ ပျော်ရွှင်နေမိသည်။

နွေသင်္ကြန်ရက်တွင် အစ်ကိုစိုးဝင်း အပါအဝင် ရွာထဲမှကလေးများကို အဖေ က ကျွန်တော်တို့အိမ်တွင် ရှင်ပြုပေး သည်။ ရှင်ပြုပွဲတွင် ရှင်လောင်းဝတ်စုံနှင့် မြင်းကိုယ်စီစီးနေသောရှင်လောင်းများ ကို ကျွန်တော်မြင်ရပြန်၍ အဖေ့ကို -

"သားပါရှင်ပြုပေးပါ"

ဟု ပူဆာပြန်သည်။

ထိုအခါ အဖေက -

"သားက ကျောင်းမတက်ရသေး ဘူးကွ။ ကျောင်းတက်ပြီးစာတတ်ရင် ရှင် ပြုပေးပါပေါ့ သား‌ရဲ့။ အဲဒီတော့ သား အစ်ကိုလိုစာတတ်အောင်ကျောင်းတက် ပေါ့။စာတွေတတ်လာရင် သားကိုလည်း ရှင်ပြုပေးမယ်။ မြင်းကြီးလည်းစီးရမယ် လေ"

ဟု ပြောသောအခါ ကျွန်တော့် မှာ ဖိုးလုံး၊ ဖိုးပြားတို့ညီအစ်ကိုရွှတ်ဆို သောစာတွေကို ရွှတ်ဆိုချင်တာထက် မြင်းကြီးစီးပြီးရှင်ပြုရမှာကို ပိုမိုနှစ်သက် လာပြန်သည်။ ထို့ကြောင့် 'ငါ စာတတ် အောင် ကျောင်းတက်မယ်' ဟူသော အတွေးက ရင်ထဲမှာ လွမ်းမိုးသွားသည်။ 'ခုနေသာ ငါစာတတ်ရင် အစ်ကိုစိုးဝင်း တို့လို ရှင်လောင်းဝတ်စုံလှလှလေးနဲ့ မြင်း ကြီးစီးရမှာ' ကိုတွေး၍ ပျော်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖွင့်ရက်တွင် ကျွန်တော်တို့သားအဖ (၃)ယောက်သည် အိုင်ကလောဘက်ကမ်းသို့ကူးကာ ရေကာတာ (တာကြီး)ပေါ်မှကားစီး၍ မြန်အောင်သို့ လာခဲ့ကြသည်။ ကျွန်တော့်ဘဝတွင် ကားစီးပြီး မြန်အောင်သို့ ပထမဦးဆုံး ရောက်ဖူးခြင်း ဖြစ်၏။

မြင့်မားလှသော တိုက်ကြီးများ၊ ခမ်းနားထည်ဝါလှသော စျေးဆိုင်ကြီးများ၊ ဆိုက်ကား၊ စက်ဘီး၊ မြင်းလှည်းနှင့် ကားများက မျက်စိထဲတွင်ရှုပ်ယှက်ခတ်နေသည်။ စျေးတွင် လူတွေစည်ကားသိုက်မြိုက်စွာသွားလာနေကြသည်မှာ ကျွန်းကြီးရွာတွင် တွေ့မြင်ခဲ့ရသော ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဘုရားပွဲထက် စည်ကားလှ၏။

အစ်ကိုစိုးဝင်း ပြောပြသော ခေါက်ဆွဲဆိုင်ကို သတိရပြီး အဖေ့ကို ပူဆာ၍ တရုတ်ခေါက်ဆွဲဆိုင်တွင် သားအဖတွေ ခေါက်ဆွဲကြော်စားခဲ့ကြသည်။ ဤမျှကြီးကျယ်ခမ်းနားပြီး လူစည်ကားသောဆိုင်ကြီးတွင် ခေါက်ဆွဲကြော်စားရခြင်းကို ယခုထက်တိုင် မမေ့နိုင်ပေ။ (အရွယ်ရောက်သောအခါ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များတွင် စားသောက်သော်လည်း ယင်ယင်ကလို ရင်မခုန်တော့ပါ။)

လမ်းတစ်လျှောက်လုံးတွင် သိချင်သမျှ၊ တွေ့သမျှများကို မေးမြန်းသော်လည်း မမောနိုင်မပန်းနိုင် ရှင်းလင်းဖြေကြားခဲ့သော အဖေ့အကြောင်းကိုတွေးမိတိုင်း မြင်ယောင်မိ အောက်မေ့မိပါသည်။ မြန်အောင်ဘူတာမှ ဆန်နိုချောင်သို့ မီးရထားကြီးစီးရသည်မှာလည်း မျော်စရာကောင်းပါသည်။

လောကမံတရား၏ လှည့်စားမှုအတိုင်း အမျော်ရက်များကုန်ဆုံးပြန်တော့ ကျွန်တော့်အတွက် ငိုပွဲဆင်ရသောနေ့ရက်တို့နှင့် ကြုံရပြန်ပါသည်။

ဆရာကြီးနှင့်ဘုန်းတော်ကြီးဆီမှာ ကျောင်းအပ်ပြီး အဖေပြန်မည်ဟုဆိုသောအခါ ကျွန်တော့်ဘဝအတွက် မျက်ရည်မိုးတို့ရွာခဲ့ရလေသည်။ တစ်ခါမှ အဖေ၊ အမေတို့နှင့်မခွဲဘူးသော ကျွန်တော့်မှာ ဒုက္ခလှလှကြီးတွေ့ရပါတော့သည်။ ဖိုးလုံး၊ ဖိုးပြားတို့လို စာဆိုချင်စိတ်လည်းမရှိတော့၊ ရွှင်လောင်းဝတ်စုံလှလှလေးဝတ်ပြီး မြင်းကြီးစီးရမှာကိုလည်း မလိုလားတော့ပေ။

အဖေ့လည်ပင်းကိုဖက်ကာ ရွာကိုပြန်လိုက်ဖို့သာ ငိုယိုပြီးအတင်းတောင်းဆိုတော့သည်။ အဖေကလည်း အမျိုးမျိုးချော့မော့နေ၏။ အဖေ့လည်ပင်းကို ဖက်ရင်း ရွာကိုပြန်လိုက်ဖို့ အတင်းတောင်းဆိုနေရာက အစ်ကိုစိုးဝင်းကို ကြည့်လိုက်သောအခါ မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် အားငယ်ညှိုးနွမ်းစွာ ကျွန်တော့်တို့သားအဖကို ကြည့်နေပါသည်။

"လွတ်ပါ သားရယ်၊ အစ်ကိုလည်း ရှိသားပဲကွာ။ အဖေသွားတော့မယ်။ ရထားမမီဘဲဖြစ်နေမယ်။ သိပ်မကြာဘူး၊ အဖေပြန်လာမှာပေါ့ကွာ။ အဖေလာရင် မုန့်တွေ အများကြီးဝယ်လာမှာပေါ့။ တော်ကြာ သားကို ဘကြီးဘုန်းကြီးရိုက်နေဦးမယ်။ လွတ် လွတ် သား အဖေသွားတော့မယ်"

"ဖြန်း. . . ဖြန်း. . . ဖြန်း"

ကြမ်းပြင်ကို ဘကြီးဘုန်းကြီးက ကြိမ်လုံးဖြင့် (၃-၄)ချက်ရိုက်လိုက်၍ ငိုနေသော ကျွန်တော် လန့်သွားပါသည်။

"ဟေ့ကောင် စံသိန်း၊ သွားတော့လေ။ တော်ကြာ ရထားမမီလို့ ခြေကျင်လျှောက်ရရင် မော်တော်မမီလို့ ဒုက္ခရောက်နေလိမ့်မယ်။ဟေ့ကောင် ဖိုးလင်းမင်း အဖေကိုလွှတ်လိုက်စမ်း။ ဟိုအကြီးကောင်စိုးဝင်း၊ မင်းညီကိုခေါ်ထားစမ်း၊ ငါ ရိုက်မိတော့မယ်"

ဟုဆိုကာ ကြမ်းပြင်ကို ကြိမ်လုံးဖြင့် ဖြန်းဖြန်းဟူ၍ ရိုက်လိုက်ပြန်သည်။ တစ်ကျောင်းလုံးရှိ ကိုရင်၊ ကျောင်းသား၊ ကျောင်းသူတို့မှာ အပ်ကျသံကြားလောက်အောင်တိတ်ဆိတ်ငြိမ်သက်သွားကြပြီး ကျွန်တော်တို့ သားအဖ (၃) ယောက်ကို ဝိုင်း၍ကြည့်နေကြသည်။ ကျွန်တော့်မှာ ဘကြီးဘုန်းကြီးကို ကြောက်ရွံ့သွားသဖြင့် အဖေ့ကိုဆွဲထားသောလက်များ အလိုလိုပြေကျသွား၏။ အစ်ကိုစိုးဝင်းခေါ်ရာ ကျောင်းရှေ့က ကုက္ကိုပင်အမြစ်ဆုံကြီးပေါ်သို့ ငိုရိုက်စွာ ဖြင့်လိုက်ခဲ့ရပါတော့သည်။

တစ်စတစ်စဖြင့် ရွာပြန်ချင်သောစိတ်၊ အဖေ အမေကို လွမ်းသည့်စိတ်များ ပြေပျောက်လာ၏။ အဖော်များနှင့် ဘောလုံးကန်ခြင်း၊ ထုပ်ဆီးတိုးခြင်း၊ ပြေးတန်းလိုက်တမ်းကစားခြင်းတို့ဖြင့် ပျော်ရွှင်နေတော့သည်။

ကံပေးကွင်းကျောင်းသည် မနက်စောစော ဘုန်းကြီးစာသင်၍ ဆန်နိုချောင်ဘူတာသို့ ရထားဆိုက်လာပြီး ဆရာ၊ ဆရာမများ ရောက်လာသောအခါ အတန်းပညာ(မူလတန်း) ကို သင်ပေးသည်။ည နေ (၃)နာရီ ဆရာကျောင်းဆင်းသော် ဘုန်းကြီးစာဆက်သင်ပြန်၏။ အဖိတ်ဥပုသ်နေ့များတွင် ဆရာကျောင်းပိတ်သော်လည်း ဘုန်းတော်ကြီးကျောင်းမပိတ်ပေ။ အဖိတ်နေ့တွင် မနက်ပိုင်း စာသင်၍ နေ့ခင်းပိုင်းတွင် ပန်းကန်ခွက်ယောက်များကို တိုက်ချွတ်ပြီး တံခွက်စည်းလှည်းသန့်ရှင်းရေးလုပ်ကာ ဥပုသ်နေ့တစ်နေ့သာ ကလေးငယ်များနှင့် မိန်းကလေးများကို ကျောင်းပိတ်သည်။ ကြီးသော ယောကျ်ားလေးများမှာ တစ်နှစ်ပတ်လုံး ကျောင်းပိတ်ရက်မရှိပေ။

နွေရာသီ ကျောင်းပိတ်ရက်တွင် ဆရာ(အတန်း)ကျောင်းများပိတ်သော်လည်း ဘုန်းကြီးကျောင်းမှာ အထက်ပါပုံစံအတိုင်း ဖွင့်လှစ်ထားသည်။ အတန်းကျောင်းဖွင့်သည့်ရက်များတွင် ဘုန်းကြီးစာကို သင်ပုန်းကြီး၊ နမက္ကာရ၊ မင်္ဂလသုတ်၊ လောကနီတိ၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ကြိုဟ် စသည်တို့ကို အစဉ်လိုက်သင်ကြားပေး၏။

နွေရာသီကျောင်းပိတ်ရက်တွင် ထိုစာများကိုဖြတ်၍ ပြဿဒါး၊ ရက်ရာဇာရွေးနည်း၊ မြေခံ၊ နဂါးလှည့်၊ လာဘ်နေ၊ နတ်နေ စသော လောကီပညာရပ်များအပြင် ဗေဒင်ပညာ၊ (၃) ချက်တွက်၊ စပါးတွက်၊ သစ်တန်တွက်၊ ရွှေတွက် စသောပညာရပ်များကိုပြောင်း၍ သင်ပေးပြန်သည်။

ကျွန်တော် (၂) တန်း၊ (၃) တန်း လောက်ကသင်ကြားခဲ့ရသော သခ္ခါတွက်နည်းအချို့မှာ (၇)တန်း (အလယ်တန်း)ရောက်မှ ထပ်မံသင်ရတော့သည်။ အတန်းကျောင်းသက်သက်တက်ခဲ့သူများနှင့် ယှဉ်လိုက်လျှင် မြန်မာစာ၌ စာလုံးသတ်ပုံ၊ ပါဠိဆင့်ပါဠိသား ရေးဖတ်ရာတို့တွင် ကျွန်တော်တို့လို ဘုန်းကြီးကျောင်းနှင့်တွဲဖက်၍ သင်ကြားခဲ့ရသူများက တစ်ပန်းသာနေသည်။

ဤသို့ဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အဖေလာခေါ်၍ ရွာကို (၁၀) ရက်ခန့်ပြန်နားရပြီး ကျောင်းပြန်တက်ရသည်။ကျွန်တော် ဒုတိယတန်းသို့ရောက်သောအခါ ဘုန်းကြီးစာလည်း လောကနီတိသို့ရောက်နေပေပြီ။

အိမ်တွင် သာရေး၊ နာရေးရှိ၍ လူများစုဝေးမိသော် လုပ်အလယ်တွင် အလှူမင်္ဂလာဆောင်ဖိတ်စာ၊ သင်္ကြန်စာများကို အဖေတ အဖတ်ခိုင်းသည့် ကျွန်တော်တို့ကလည်း အထစ်အငေါ့မရှိ

www.burmeseclassic.com

ဒိုးဒိုးဒေါက်ဒေါက်ဖတ်ပြလိုက်၏။

အားလုံး ဝိုင်းဝန်းခြီးမွမ်းသည့်ကြားက ဝမ်းသာဂုဏ်ယူဝင့်ကြွားစွာပြုရင်း အဖေ့အသံဝါဝါကြီးဖြင့် -

"ဒါမှငါ့သားကွ၊ ငါ့သားတွေက စာသိပ်တော်တာ။ ငါ့သားတွေကိုဘွဲ့ရအောင် လခစားကြီးဖြစ်အောင် အဖေတို့ကျောင်းဆက်ထားမယ်ကွ"

ကျွန်တော် တတိယတန်းတက်သောနှစ်တွင် အစ်ကိုစိုးဝင်းက စတုတ္ထတန်းအောင်၍ ကျွန်းကြီးရွာမှ ပဏ္ဏော်အလယ်တန်းကျောင်းသို့ ဆက်တက်သည်။ တစ်ယောက်တည်း ကံပေးကွင်းကျောင်းသို့သွား၍ တက်ရမည်ကိုတွေး၍ ဝမ်းနည်းနေမိသည်။ အရင်နှစ်များက မိဘများနှင့်ခွဲခွာနေရသော်လည်း အစ်ကိုရှိနေ၍တော်သေး၏။ ယခုတော့ မိမိတစ်ဦးတည်းဖြစ်နေ၍ အားကိုးရာမဲ့ဘဝလိုဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ကျွန်တော့်မှာ ကံပေးကွင်းကျောင်းတွင် စတုတ္ထတန်းအောင်သည်အထိ ဆက်၍တက်ခဲ့ရသည်။ ဘကြီးဘုန်းကြီးကိုကြောက်၍လည်း ဖြစ်ပါသည်။

တစ်ခါတစ်ရံ သူငယ်ချင်းများနှင့် သာယာကုန်းရွာကလေးတွင် တလုပ်မန်ကျည်းသီးခူးစားနေကြပုံ၊ မြစ်ကမ်းနားမှာ သင်္ဘောကြီးတွေ ခုတ်မောင်းသွားလာနေသည်ကို အငမ်းမရကြည့်နေပုံနှင့် ဘကြီးပြုး၏ ကိုင်းထဲတွင် ဖရဲသီးတွေစား၊ ပြောင်းဖူးတွေပြုတ်စားခဲ့ကြသည်များကို တွေးမိပြီး ချက်ချင်းပင် ရွာကိုပြန်ပြေးချင်စိတ်တွေဖြစ်ပေါ်လာသည်။ သို့သော် ဤကဲ့သို့ ပြန်ပြေးလျှင် ဘကြီးဘုန်းကြီး၏ကြိမ်လုံးက အလွတ်ပေးမည်မဟုတ်။

ကိုင်းထွက်သီးနှံများပေါ်ခါနိုတွင် မြေပဲ၊ ဖရဲသီး၊ ပုစွန်တုပ်ကြော်၊ ငါးတန်ချက်၊ ငါးသလောက်ချက်နှင့် ဘကြီးဘုန်းကြီးကြိုက်သောငုံဆေး စသည်တို့ဖြင့် ကံပေးကွင်းကျောင်းသို့ အဖေရောက်လာတတ်၏။ အဖေရောက်လာတိုင်း ကျွန်တော့်မှာ မိုးမမြင်လေမမြင် ပျော်ခဲ့ရသော်လည်း အဖေပြန်သည့်ရက်တွင် လ၊ နေကွယ်ပျောက် အမှောင်ရောက်၍ အားကိုးတွယ်တာစရာမဲ့သလို ပူဆွေးသောကတို့ကြုံရပြန်သည်။

သို့ဖြင့် (၂)နှစ်တာကာလသည် ဝမ်းနည်းကြေကွဲစွာဖြင့် ဖြတ်သန်းကျော်လွန်ကုန်ဆုံးခဲ့သည်။

နွေရောက်၍ ကိုင်းများသိမ်းပြီးခါနိုတွင် အဖေသည် ကံပေးကွင်းကျောင်းတွင် ရဟန်းခံ၊ ရှင်ပြုအလှူပြုလုပ်ပါသည်။ ကျွန်တော်တို့ညီအစ်ကို အပြင် ကံပေးကွင်းရွာက (၃)ယောက်ကို ရှင်ပြုပေးပြီး ကျောင်းမှကိုရင်တစ်ပါးကို ရဟန်းခံ၏။

အဖေက အနုပညာကို အတော်ဝါသနာပါသူဖြစ်သည်။ အလှူဒါနပြုလုပ်တိုင်း ဆိုင်း၊ အရပ်ပြဇာတ်၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ စသည်တို့ တစ်ခုခုထည့်လေ့ရှိ၏။ ကျွန်တော်တို့ငယ်ငယ်က အငြိမ့်များခေတ်စားသည်။

ပြည်မြို့မှ အငြိမ့်ဖွဲ့လေးတစ်ဖွဲ့ကို အလှူတွင်ကပြရန်ငှားလာ၏။ အငြိမ့်တွင် လူရွှင်တော် (၂) ဦးသာပါပြီး လူရွှင်တော်တစ်ဦးမှာ အလှူကပြမည့်ညတွင် ဖျားပါတော့သည်။ ထို့ကြောင့် ဇာတ်ခုံပေါ်တွင်, လူရွှင်တော်တစ်ဦးတည်းဖြစ်နေ၍ အငြိမ့်ကရာတွင် ဆိုလော်သော်လည်း ပြက်လုံးထုတ်သောသည့်အခါ အခက်အခဲတွေ့နေ၏။ ထို့ကြောင့် လူရွှင်တော်က ဇာတ်ခုံပေါ်မှ အကျိုးအကြောင်းပြောပြီး-

"ပြောတတ်ဆိုတတ်တဲ့လူရှိရင် ဇာတ်ခုံပေါ်ကြွပါ၊ ကူညီပါ"

ဟု ဖိတ်ခေါ်နေသည်။

အဖေသည် ကျောင်းပေါ်တွင် ညည့်သည်များနှင့် စကားပြောနေရာမှ အမှတ်မထင် ဇာတ်ခုံပေါ်မှဖိတ်ခေါ်သံကြောင့် ရင်ထဲက အနုပညာစိတ်ဓာတ် (အနုပညာပိုး) တို့က နိုးကြွလာပြီးထင့်ဆတ်ခနဲ ဇာတ်ခုံရှိရာကျောင်းရှေ့သို့ဆင်းသွားသည်။ အဖေထသွားသည်ကို ဘကြီးဘုန်းကြီးက လှမ်းမြင်လိုက်သဖြင့် -

"ဟေ့ကောင် စံသိန်း၊ မင်းဇာတ်ခုံပေါ်မတက်နဲ့နော်၊ မင်းအလှူရှင်ကွ။ ဧည့်သည်တွေနဲ့နော်"

စသည်ဖြင့် လှမ်းပြော(တား)သံကိုကြားလိုက်ရ၏။ အဖေသည် အမေနှင့်မညားခင် လူပျိုဘဝက အငြိမ့်ထဲသို့ (၃)၊ (၄)နှစ်လိုက်ခဲ့သည်။ တစ်ခါတစ်ရံ စကားစပ်မိလျှင် အမေက ပြောပြတတ်၏။

"နင့်အဖေ အမေနဲ့မညားခင်က မင်းသမီးနောက်ပိုးပြီး အငြိမ့်ထဲလိုက်သွားတာ ရွှေကြယ်သီးတစ်စုံနဲ့ လက်စွပ်တစ်ကွင်းပြုတ်မှ အိမ်ပြန်ကပ်တာ"

ဤကဲ့သို့ အမေကပြောလေတိုင်း အဖေ ဘာမှပြန်မပြောဘဲ ရှက်သွေးဖြာသည်မျက်နှာမျိုးဖြင့် ပြုံးစိစိလုပ်ကာ အမေနှင့်သားသမီးများရှေ့တွင်ငြိမ်နေတတ်ပါသည်။

ထို့အလှူညတွင် အဖေသည် ဇာတ်စင်ပေါ် သို့တက်၍ ပြက်လုံးထုတ်နေသောကြောင့် ဘကြီးဘုန်းကြီးက ကြိမ်လုံးနှင့်လိုက်၍ထွက်ပြေးခဲ့ရ၏။

အဖေ၊ အမေတို့၏ ဦးဆောင်မှုဖြင့် ကျွန်တော်တို့မိသားစုသည် ခြေဖဝါး၊ လက်ဖဝါး လက်လုပ်လက်စား ဘဝမှ မြစ်ဧရာနဒီကြောမှ ကိုင်းများကို လုပ်ရင်း ချမ်းချမ်းသာသာ ပြည့်စုံသောဘဝသို့ ရောက်ရှိခဲ့ပါသည်။

❑

လရေးရေးသာသာညတွင် ဖြစ်သည်။ သာယာကုန်းတစ်ရွာလုံး အိပ်မောကျခါစအချိန်ဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းကိုဖောက်ထွင်း၍ သေနတ်သံ (၃)၊ (၄) ချက် ထွက်ပေါ်လာသည်။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

"ဟေ့ကောင်တွေ တစ်ယောက်မှ မလှုပ်နဲ့ကွ။ ကိုယ်နဲ့မဆိုင်ရင် အသာနေနော်၊ သေချင်တဲ့ကောင်ထွက်ခဲ့ကြ"

ဟူသောအသံက တစ်ရွာလုံး လွှမ်းမိုးသွားပြီး ခွေးဟောင်သံများ၊ လူသံများကလည်း ထွက်ပေါ်လာသည်။ အဖေက ကျွန်တော်တို့မိသားစုအားလုံးကို လေသံအုပ်အုပ်ဖြင့်နှိုးကာ နားကပ်များ၊ လက်စွပ်များနှင့် ဆွဲကြိုး စသော ရွှေထည်ပစ္စည်းများကိုစုရှင်းထားဖို့ အမေ့ကိုပြောလိုက်၏။ အမေကလည်း လုပ်နေကျမို့ မရင်လှုပ်(အစ်မ)ဆီမှ ရွှေထည်ပစ္စည်းများကိုပါယူ၍ အိတ်ရှိုလေးတစ်ခုထဲထည့်ပြီး သင့်တော်မည့်နေရာသို့သွား၍ သိမ်းထားလိုက်သည်။

ခေတ်ကာလဆိုသည် တော်လှန်ရေးကောင်စီတက်ခါစဖြစ်၏။ သူခိုး၊ ဓားပြတို့ရန်ကအေးချမ်းသွားပြီဆိုသော်လည်း ကျွန်တော်တို့ဒေသတစ်ဝိုက်တွင် သူခိုးဓားပြရန်က ကြောက်နေရသေးသည်။ သူကြီးကလည်း ကျွန်းကြီးရွာတွင်နေထိုင်သောကြောင့် ယခုလိုအချိန်အခါမျိုးတွင် သာယာကုန်းရွာ၌ ဓားပြများကစိန်ခေါ်၍တိုက်နေ၏။ အုပ်ချုပ်မှုနှင့်ဝေးသည်ကတစ်ကြောင်း၊ ရွာသေးရွာငယ်လေးဖြစ်သည်က တစ်ကြောင်းတို့ကြောင့် ဓားပြများက ထင်တိုင်းကျဲနေကြခြင်းဖြစ်သည်။

ကျွန်းကြီးရွာ၏အုပ်ချုပ်မှုအာဏာရှိရှိသော သာယာကုန်းရွာကလေးတွင်

www.burmeseclassic.com

www.burmeseclassic.com

အဖေ အပါအဝင် ကာကွယ်ရေးအဖွဲ့ (၅) ဦး ဖွဲ့ထားပြီး သေနတ်(လက်နက်) ကိုယ်စီရှိကြသည်။ အဖေသည် မြေပဲဆန်(စေ့)ထည့်ထားသောပိပါဘေးတွင် ကပ်၍ ရွာလှည်းလမ်းကြောင်းမှ သွားလာလှုပ်ရှားနေကြသော ဓားပြများကို အကဲခတ်ကြည့်ရှုနေ၏။ အစ်ကိုအကြီးဆုံးဖြစ်သော အစ်ကိုစိုးလှိုင်က အဖေ့အား -

"အဖေ ဟိုမှာမြင်နေရတဲ့ဓားပြတွေကို သေနတ်နဲ့လှမ်းပစ်ပါလား"

ဟု ပြောလိုက်သည်။

ထိုအခါ အဖေက -

"တိတ်တိတ်နေကွ၊ အခြေအနေကြည့်လုပ်ရတာပေါ့။ သူတို့က ဘယ်နှယောက်မှန်းမသိသေးဘူးကွ။ သေနတ် ဘယ်နှလက်မါတယ်ဆိုတာ ကြည့်နေတာ။ တို့အဖွဲ့တွေလည်းမစုံမိသေးလို့ကွ။ အခြေအနေစောင့်ကြည့်နေတာ"

ထိုအခါ အစ်ကိုစိုးလှိုင်က -

"အဖေမပစ်ရင် သေနတ် ကျွန်တော့်ကိုပေး၊ ကျွန်တော်ပစ်မယ်"

ဟု တောင်းလေ၏။

အဖေကလည်း -

"သားရယ်၊ အသာနေစမ်းပါဦးကွာ။ မသေသင့်တာ မသေအောင်လို့ပါကွာ။ အဲဒီဓားပြတွေက (×××)ရွာက သံလုံးတို့အဖွဲ့ကွ။ ဒီကောင်တွေဆင်းရဲပါတယ်ကွာ။ အဖေသေနတ်နဲ့ပစ်လိုက်လို့ သူတို့သေသွားရင် သူတို့မယားနဲ့သားသမီးတွေ ဒုက္ခရောက်ကုန်မှာပေါ့ သားရယ်"

"အဖေရယ် ဒီလောက်တောင်ဆဲဆိုပြီး သူများပစ္စည်းမှတရားယူချင်တဲ့လူတွေသေမှကောင်းမှာတဲ့။ ပစ်သာပစ်စမ်းပါ အဖေရာ"

ကျွန်တော်ကိုယ်တိုင်ကလည်းပဲ ဗိုလ်ကျဆဲဆိုကာသောင်းကျန်းနေသော ဓားပြများကို သေနတ်နှင့်ပစ်၍သတ်စေချင်သည်။ သို့သော် ကျွန်တော့်မှာ ဒူးဆစ်သာသာလောက်ရှိသောတဲဆင့်အောက်က ပဲအိတ်ဘေးတွင် ကြောက်ဒူးတုန်ပြီး ခွေးအောင်နက်ကြီးနှင့်အတူ ဝပ်နေရပါသည်။

မကြာမီ ကျွန်တော်တို့ရွာတည်တည်တဲမှ ဦးထွန်းဝေက အရက်မူးသောလေသံဖြင့် -

"ဟေ့... ကောင်တွေ မပြေးနဲ့၊ (×××)ဓားပြတွေ တွေ့မယ်"

ဟု အော်ဟစ်ကြိမ်းမောင်းပြီး တဲရှေ့ကနားဖျင်းထဲသို့ သေနတ်ကိုင်၍ ထွက်လာသည်။ ဦးထွန်းဝေအသံကို လည်းကြားရော ဓားပြများဆီမှ မီးဝင်းခနဲဝင်းခနဲ (၂)ခါမြင်လိုက်ကာ ဗိုင်းဗိုင်းဟု သေနတ်သံ(၂)ချက်ဆက်တိုက်ထွက်ပေါ်လာသည်။ ဦးထွန်းဝေတို့တဲအတွင်းမှလည်း -

"ဟေ့ကောင် ထွန်းဝေ၊ အပြင်မထွက်နဲ့၊ တဲထဲပြန်ဝင်... ပြန်ဝင်"

ဟု ဘကြီးဖိုးမြစ်၏အော်ခေါ်သံကိုပါကြားလိုက်ရ၏။

ဦးထွန်းဝေမှာ ဓားပြများက သေနတ်နှင့်ပစ်လိုက်သောကြောင့် ကနားဖျင်းတိုင်ကို လက်နှင့်ကိုင်၍ တဲဘက်သို့လှည့်လိုက်ရာ အရက်မူးနေသောအရှိန်ကြောင့် ဆတ်ခနဲဒူးကျိုးကျသွားသည်။ လက်ထဲမှကိုင်လာသောသေနတ်ကလည်း မောင်းတင်ပြီးသားဖြစ်နေပြီး သေနတ်ပြောင်းဝသည် ရင်ဘတ်တည့်တည့်သို့ ရောက်ချိန်တွင် လက်ညှိုးက ခလုတ်မောင်းကို ဆွဲလိုက်သလိုဖြစ်သွားကာ သေနတ်မှ ဗိုင်းခနဲ အသံအုပ်အုပ်တစ်ချက်နှင့်အတူ -

"အား- အမေ့"

ဟူသော အသံကိုပါ တစ်ဆက်တည်းကြားလိုက်ရပါတော့သည်။ ထိုနေရာတွင်ပင် ဦးထွန်းဝေတစ်ယောက်ကိုယ့်သေနတ်နှင့်ကိုယ်မှန်၍ အသက်ဆုံးရှုံးခဲ့လေသည်။

ထိုညတွင် ကာကွယ်ရေးအဖွဲ့နှင့် ရွာသားတို့၏ စည်းလုံးညီညွတ်မှုကြောင့် ဓားပြတို့သည် ဓားပြမတိုက်နိုင်ဘဲ ခွေးပြေးဝက်ပြေး ပြေးသွားခဲ့ကြသည်။

မနက်မိုးလင်းသည်နှင့် ကျွန်းကြီးရွာသူကြီးဦးစံမြင့်ထံသို့ သွားရောက်သတင်းပို့ကြ၏။ အကျိုးအကြောင်းသိသွားသောသူကြီးက -

"အမှုတွေ့ရှုပ်နေဦးမယ်၊ ဓားပြပစ်သတ်လို့ သေတာလို့ပြော"

ဟု ဆိုကာ သေဆုံးသွားသော ဦးထွန်းဝေအလောင်းကို လှည်းပြင့်တင်၍ နီးရာရဲစခန်းကို ထင်ဆောင်သွားကြသည်။ ဦးထွန်းဝေတစ်ယောက် မထင်မှတ်ဘဲ သေဆုံးသွားရသည်မှာ ခေတ်ကာလမတည်ငြိမ်မှု၊ ပတ်ဝန်းကျင်ကွေးရွာများနှင့်ထေးကွာလွန်းမှုတို့ကြောင့်ဟု ဆိုကာ ကျွန်းကြီးရွာသို့ အပြီးပြောင်းရွှေ့ရန် စီစဉ်ပါတော့သည်။

သာယာကုန်းရွာမှ ကိုင်းများကို (၁၅)နှစ်ခန့်လုပ်ကိုင်ခဲ့ပြီးလျှင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကိုင်းများ ကမ်းပြိုလာသည်က တစ်ကြောင်းတို့ ကြောင့် ကျန်သောကိုင်းများကို သင့်တော်သောဈေးဖြင့် ရောင်းချကာ သာယာကုန်းရွာမှ အပြီးတိုင်ပြောင်းခဲ့ပါသည်။

ထို့နောက် ကျွန်းကြီးကျေးရွာနှင့် နီးစပ်သော အလယ်ခုံမြေနှကျွန်းကိုင်းများကိုဝယ်ယူလျက် ဆက်လက်လုပ်ကိုင်ပြန်၏။ အလယ်ခုံမှကိုင်းများကို ကိုင်းလုပ်ခိုန်လောက်သာ တဲပြောင်းလုပ်ကိုင်၍ ကိုင်းသိမ်းချိန်၌ ကျွန်းကြီးရွာသို့ပြန်နေကြသည်။

ကျွန်တော်တို့ပြောင်းပြီး (၂)နှစ်၊ (၃)နှစ်ခန့်ကြာသောအခါ ဧရာဝတီမြစ်က မွေးဖွားပေးခဲ့သော မော်တော်ခုံ၊ သာယာကုန်း၊ မြောက်ကုန်း စသော ကျေးရွာများနှင့် မြေနှကျွန်းကိုင်းများသည် ရောဝတီမြစ်၏ တိုက်စားဝါးမျိုမှုကြောင့် ဧရာဝတီရေအောက်မှာပင် ဆုံးရှုံးပျောက်ကွယ်ခဲ့ရလေတော့သည်။

ယခုအခါ၌ သာယာကုန်းရွာကွယ်ပျောက်ပြီး ထိုနေရာတည့်တည့်တွင် ရွှေသောင်ဟူသောရွာလေးတစ်ရွာကို မိခင်ဧရာဝတီက မွေးဖွားပေးလိုက်ပြန်ပါသည်။ ထို့အတူ ကွယ်လွန်သွားကြသောမိဘနှစ်ပါးနှင့်အတူ အစ်ကိုစိုးဝင်းတစ်ယောက်လည်း သံသရာရထားကြီးပေါ်မှာ ဘဝသစ်တစ်ခုဖြစ်နေမှာ ဧကန်မုချပင်ဖြစ်ပါသည်။ မည်သို့ဆိုစေသန်းထွန်းလေး၏ 'ညီလေးတို့ရွာ' သီချင်းသံကြားတိုင်း အတိတ်က သာယာကုန်းရွာပုံရိပ်ကို အမြဲသတိရတမ်းတနေမိပါတော့ သည်။

စာကြွင်း -

သာယာကုန်းရွာတွင် ဓားပြတိုက်ခဲ့သော ဦးသံလုံးဆိုသူနှင့် ဘဝတစ်လွှေ့တွင် စာနေသူတွေ့ဆုံခဲ့ရသည်။ အတိတ်အကြောင်းများကိုပြန်ဖေးသောအခါ သူသည် ယခုအခါ ဘုရားဒကာ၊ ကျောင်းဒကာနှင့် နိုးနိုးသားသားလယ်လုပ်စားနေကြောင်းနှင့် သူမြေးမလေးတစ်ယောက် စီးပွားရေးတက္ကသိုလ်မှဘွဲ့ရပြီး နိုင်ငံဝန်ထမ်းဖြစ်နေကြောင်း သိရပါသည်။ အကယ်၍ ဓားပြတိုက်ချိန်က အဖေသာ ဦးသံလုံးကို သေနတ်နှင့်ပစ်သတ်ခဲ့ပါလျှင် ယခုမျိုးဆက်သစ်သည်လည်း ...။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင် (မြန်အောင်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစဉ်မြေ-စောခက်

နောင်တော်ပင်လယ်နှင့်စီးချင်းထိုးခဲ့သောကျွန်တော်

၁၃ - ၃ - ၂၀၁၅ (သောကြာ)နေ့ ညအချိန်တွင် ရခိုင်ကမ်းရိုးတန်း နောင်တော်ပင်လယ်၌ စစ်တွေ-တောင်ကုတ် ပြေးဆွဲနေသော အောင်တံခွန်(၃) သင်္ဘောနှစ်မြှောပ်ကြောင်း၊ ပိုက်သမားများ ကယ်ဆယ်မှုကြောင့် ခရီးသည် (၁၆၉) ယောက်အသက်ရှင်ကြကြောင်း အသေအပျောက်များပြီး အလောင်းရှာမရသူများလည်းရှိကြောင်း သတင်းရရှိ၏။ အနိဋ္ဌာရုံသတင်းမို့ လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။

နောင်တော်ပင်လယ်သည် ဘင်္ဂလားပင်လယ်အော်ထဲမှ ရခိုင်ကမ်းရိုးတန်း အလယ်ဗဟို ကျွန်းစဉ်ဒေသသို့ တိုးဝင်နေသော ပင်လယ်ငယ် ဖြစ်သည်။ ရေစီးပြင်းထန်ပြီး - လှိုင်းအလွန်ဆိုးသည်။ ပင်လယ်ရေပြင်ကျယ်ပြောမှုကို အကြောင်းပြုပြီး ငှက်မကျော်သော မြစ်နောင်တော်ဟု တင်စားကြသည်။ မြန်မာနိုင်ငံကို မြေတိသျှတို့ အုပ်ချုပ်စဉ်ကာလက ကောင်ဘာမိယာပင်လယ်ဟု ခေါ်ခဲ့ကြပါ၏။

ဤမည်သောနောင်တော်ပင်လယ်ကမ်းနံဘေးရှိ ငပသုန်မည်သော တံငါရွာကလေး၌ ကျွန်တော့်အား မွေးဖွားခဲ့ပါသည်။ ကျွန်တော် (၁၀) တန်းမအောင်မီကာလ ဝန်ထမ်းမဖြစ်မီအချိန်က ဘဝကြမ်းကိုဖြတ်သန်းရင်း ဤမည်သော နောင်တော်ပင်လယ်ရေပြင်ကျယ်၌ လှိုင်းသရမ်းများနှင့် စီးချင်းထိုးပြီး ဘဝစစ်သည်တော်အဖြစ် အောင်ပွဲခံခဲ့ပါသည်။

❑

နောင်တော်ပင်လယ်ရေပြင်ကျယ်ကြီး၏ လှိုင်းလုံးကြီးများသည် တစ်လုံးနောက်ကတစ်လုံးလိုက်ကာ ခပ်ကြမ်းကြမ်းကခုန်နေကြသည်။ ပသူးပိုက်လေ့များက လှိုင်းသရမ်းများပေါ် ခွထိုင်ပြီး ထီမထင်တန်တုနေကြ၏။ ပင်လယ်ရေပြင်တစ်ခုလုံးမှာတော့ ပသူးပိုက်လေ့များမှာ ရွက်ကလေးတယမ်းယမ်းနှင့် ဖွေးဖွေးလှုပ်လှုပ်။

ကျောက်ပြုမြို့နယ်နှင့် မြေပုံပြို့နယ်အစပ် နောင်တော်ပင်လယ်၌ ဘယ်နှရောအခါကပင် ကျက်စားနေခဲ့ကြလေသည်မသိ။ နွေကာလ ရေကြီးရေထရက်များတွင် ကတ်ကူရဲများအုပ်နှင့်သင်းနှင့် ရှိတတ်ကြသည်။ ခေတ်အဆက်ဆက် ကာလအတန်တန် ရေတံငါမိုးဆက်များ ထောင်ဖမ်းကြသော်လည်း ကုန်ခန်း

www.burmeseclassic.com

www.burmeseclassic.com

သွားသည်ဟူ၍မရှိ။ ယနေ့ထိတိုင်ရှိနေကြဆဲပင်။

ကျွန်တော့်မှာ ပိုက်သမားအသစ်ကလေး။ အတွေ့အကြုံအနုနယ်ဆုံးရေတံငါ။ မိခင်ကျောင်းတော်ရင်ခွင်မှာ အလံဖြူမလွှင့်ထူနိုင်ဘဲ အနှတ်လက္ခဏာပြသကော်တနှင့် ကျောင်းတော်မြေမှ ထွက်ခွာခဲ့ရသည်။ အကျည်းတန်ဘဝအတွက် ရေပင်လယ်ထဲပြေးဆင်းခဲ့ရပါ၏။ အရှင်းဆုံးပြောရလျှင် တံငါနားနီး၍ တံငါဖြစ်ခဲ့ရခြင်းပင်။

ကျွန်တော်၏ ရေတံငါဘဝ ပြေးလမ်းကတော့ သိပ်မဆိုးဟု ပြောရပေမည်။ အမြင့်ဆုံးအဆင့်သို့ မမီသော်လည်း အနိမ့်ဆုံးသို့လည်း မကျခဲ့ပေ။ အထိုက်အလျောက်အောင်မြင်ပေသည်။ သည်တော့ လူ့ဓမ္မတာအတိုင်း ပင်ပန်းသော်လည်း ရွှင်လန်းခဲ့ရသည်။

ပင်လယ်ပြင်ကြီးတစ်ခုလုံး မှိုင်းမှိုင်းညီညီ ဆိုင်းဆိုင်းဆို့ဆို့ဖြစ်နေ၏။ ပိုက်စီးကြောင်းကို သဘောမကျသော ပိုက်လှေအချို့မှာ ဟိုမှသည်မှ တက်ခတ်သွားလာရင်း ပိုက်ခွင်ကောင်းကောင်းကို လိုက်ရှာနေကြ၏။

"ကဲ - ရေကျပြီ၊ ရွှေငါးလိုက်မယ်ဟော့။ တင်ထူး တက်ဆွဲခတ်ထား၊ ဖိုးချစ် ဖော့ပစ်တော့"

"ကွို... ပွမ့်... ကွို... ပွမ့်"
"ဖန်း... ဖုန်း... ဖန်း... ဖုန်း"

နာယာ (ပိုက်ရေ၏အကြီးအက) ဦးစံသာ၏စကားအဆုံးတွင် ရွှေဦးစီးကျွန်တော်၏ ခတ်တက်ဆွဲခတ်သံ၊ အလယ်ထိုင် ပိုက်ကိုင် ဖိုးချစ်၏ ဖော့ပစ်သံ ပိုက်ချသံတို့မှာ ရေပြင်တစ်ဝိုက် မင်းမူသွားခဲ့ပေသည်။ နာယာဦးစံသာကလည်း ပိုက်လမ်းကြောင်းဖြောင့်ရေးအတွက် မြီးတံရှည်တက်မကြီးဖြင့်ကြိတ်၏၊ ကန့်၏၊ လှော်၏။

"ဝှီး... ဖန်း"

နောက်ဆုံး လက်ရင်းဖော့ကြီးကို လှမ်းပစ်လိုက်သံက ပိုမြီး မြည်ဟီးသွားသလား ထင်လိုက်ရသည်။ ကျွန်တော်တို့ ပိုက်သမားသုံးဦးစလုံး တော်တော်

www.burmeseclassic.com

www.burmeseclassic.com

မော်သွားကြသည်။ ပသျှူပိုက်မှာ လိုက်လံ (၁၀၀) ရှည်သော ပဝတ်ပိုက်ဖြစ်သဖြင့် ပိုက်တစ်ဖောင်လုံးကို အစအဆုံး ပိုက်ချရသည်မှာ မလွယ်။

ပိုက်တစ်ဖောင်လုံးချအပြီးတွင် လည်ချောင်းထဲတွင် စေးစေးပျောင်းပျောင်းဖြစ်ကုန်ကြ၏။ ဖိုးချစ်မှာ ပိုက်ချအပြီးတွင် ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာရှိုက်နေလိုက်၏။ ကျွန်တော်ကတော့ ဆေး၊ ကွမ်းဆိုလျှင် အနံ့ပင်မခံနိုင်သူမို့ လှေဦးချောင် ရေအိုးထဲက ရေတစ်ခွက် ခပ်သောက်ပစ်လိုက်သည်။ နာယာဦးစီးသာကဲတော့ ခါးကြားထဲမှ ဆေးတံကို ဆွဲနုတ်လိုက်ပြီး လေနုတွင် တဒေါက်ဒေါက်ခေါက်ပစ်လိုက်၏။ ပြီးလျှင် မာန်အောင်ဆေးတစ်ဆုံစာကို ဆေးတံဝတွင် လက်မဖြင့်သိပ်ထည့်ပြီးမီးညှိကာ ဖွာရှိုက်လိုက်သည်။

ကျွန်တော်တို့ ပိုက်သမား (၃) ယောက်မှာ (၆)လံအရှည်ရှိသော ပသျှူပိုက်လှေ၏ စ-လယ်-ဆုံး သုံးနေရာတွင် အသီးသီးနေရာယူပြီး ပိုက်ချခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရ၏။ ပိုက်သမားများမှာ ချစ်ချစ်တောက်ပလောင်နေသော နေရောင်ဒဏ်ကို စလူခမောက်ကလေးတစ်ထည်စီကိုယ်စီဆောင်းခြင်းဖြင့် ကာကွယ်ကြရ၏။ ထွက်နေသည့် နေလည်းကျော၊ ပြင်မှာ၊ ဝင်တဲ့ နေလည်းကျော၊ ပြင်မှာ ဆိုသည်မှာ ကျွန်တော်တို့လို အလုပ်ကြမ်းသမားများကို ရည်ညွှန်းဖွဲ့ဆိုထားခြင်းပဲ ဖြစ်တန်ရာသည်။

"ပိုက်တန်းကတော့ မဆိုးဘူးကွ အသွားလှတယ်"

ပိုက်နာယာဦးစီးသာသည် လှေပဲစင်မှ မတ်တတ်ရပ်ကြည့်ရင်း တစ်ကိုယ်တည်းရေရွတ်လိုက်၏။

"ဝှီး. . . ဝှီး. . . ဝှီး. . . ဝှီး. . . ဝှီး"

ပင်လယ်ပြင်ကြီးတစ်ခုလုံး ညှို့မှိုင်းမှိုင်းအုံ့ဆိုင်းနေရာက လေပြင်းအသွင် ဖန်တီးပြီး ကဆုန်စိုင်းလို့လာခဲ့ချေလေပြီ။

"ဟာ - လေကြမ်းဝင်လာတယ်ဟေ့"

ပင်လယ်ရေပြင်တစ်ခုလုံး ချက်ချင်းပဲမှောင်မည်းသွားလေပြီ။ အနောက်မြောက်ထောင့်အရပ်က သက်ရှိသတ္တဝါကြီးတစ်ကောင် ကဆုန်စိုင်းပြီးပြေးလာသည်ဟန် လေပြင်းနှင့်အတူ လိုင်းခေါင်းပြုကြီးတစ်တန်း ပိုက်ခွင်အတွင်းသို့ချက်ချင်းရောက်ရှိလာခဲ့လေပြီ။ အိမ်လောက်နီးနီး လိုင်းလုံးကြီးများ ဗိန်းတောင်းဆိုင်းတီးပြီး သောင်းကျန်းနေကြလေပြီ။ ပင်လယ်ရေပြင်ကြီးထဲတွင် ထီးထီးမားမား ရပ်တည်နေကြသော နောင်တော်ကြီး၊ နောင်တော်လေး တောင်တွေကို တောင် ဘယ်ဆီရော်ရမ်းမှန်းဆမသိနိုင်ပြီ။

"ဟေ့ကောင်တွေ၊ ဘာကြောင့်နေကြတာလဲ။ ပိုက်မြန်မြန်ဆွဲကြ"

ကျွန်တော်နှင့် ကိုဖိုးချစ်တို့မှာ နာယာကြီး အော်လိုက်မှ ပိုက်ကို ကမန်းကတမ်း ကောက်ဆွဲလိုက်ကြသည်။ သို့သော် ထင်တိုင်းကားမပေါက်။ ပဝတ်ပိုက်ကိုဆွဲရသည်မှာ ဆန်အိတ်ကြီးများကို ဆွဲတင်ရတိုသကဲ့သို့လေးလံလှသည်။ သွေးဆိုးဝင်နေသော လိုင်းလုံးကြီးများမှာ ကျွန်တော်တို့အား ပြင်းစွာအနိုင်ကျင့်နေကြလေပြီ။

"ဆွဲကြ၊ ဆွဲကြ၊ မြန်မြန်ဆွဲကြ"

နာယာဦးစီးသာက ရင်ခေါင်းသံကြီးဖြင့် အားတုန်ညှစ်ကာ အော်လိုက်ပြန်၏။ ဦးစီးသာမှာ လုပ်ငန်းသဘောအရ အမိန့်ပေးနေရသော်လည်း သူတက်မ သူတောင် မနိုင်ချင်တော့။ လှေကို လိုင်းတစ်လုံးစီ ရိုက်တင်လိုက်တိုင်း ပဲ့ကိုင်တက်မနိုးမှာ ရေပြင်နှင့်မထိတော့ဘဲ ဟင်းလင်းပြင်ထဲရောက်ရောက်နေထော့သည်။ လိုင်းလုံးကြီးများ ဝိုင်းခဲကြွေဆင်းသွားတော့သည်။ ကျွန်တော်တို့မှာ လိုင်းခေါဘကီတပ်၏ ဝိုင်းတိုက်ခြင်းကို မရှုမလှုခံနေကြရသည်။ ကျွန်တော်တို့ကလည်း အညံ့မခံ။ ယောကျ်ားပဲဆိုသော မာနဖြင့် အံခဲပြီး တိုက်ပွဲဝင်ကြ၏။ စီးချင်းထိုးကြ၏။ ပိုက်ကို ရသလောက် အားပြုဆွဲတင်ကြသည်။

"မရတော့ဘူးဟေ့၊ ဖိုးချစ် ပိုက်ကို ဖြတ်ချလိုက်တော့"

ကိုဖိုးချစ်သည် မားမတိုလေးကို အလျင်စလိုဆွဲယူပြီး လှေနံတွင် တင်းတင်းရင်းရင်းတင်နေသောပိုက်ကို တတိတိလိုးဖြတ်လိုက်တော့သည်။ ဤတွင် တစ်ဖက်သို့စောင်းနေသော လှေမှာ လည်း ပက်လက်အနေအထားသို့ ပုံမှန်ရောက်သွားသည်။ လှေမှာ ကျောကွင်းမှ လွတ်လာသော သားကောင်သဖွယ် ပေါ့ပါးသွားသလိုဖြစ်သွား၏။ ကျွန်တော်တို့ ပိုက်လှေမှာ လိုင်းလုံးကြီးများ ခေါင်းပေါ်ကို ဖိနင်းပြီး မြင့်တက်လိုက်၊ နိမ့်ကျလိုက်နှင့် ခုန်တမ်းကစားသလိုမျိုးဖြစ်နေ၏။ သို့သော် ကျွန်တော်တို့ကတော့ မာန်ထောင်နေသော လိုင်းလုံးကြီးများသည် ကျွန်တော်တို့အသက်တွေကို ဇိဝိန်ခြွေဖို့ ကြိုးစားနေကြသည်ဟု ခံယူထားလိုက်ကြသည်။

"ကဲ-ဖိုးချစ်၊ မင်း ထမင်းတောင်းနဲ့ အလယ်ခန်းကနေ ရေတွေ ပတ်ထုတ်ထား၊ ခပ်မြန်မြန်လေးလုပ်။ ရေတွေ တော်တော်ပြည့်နေပြီ"

နာယာကြီး၏အသံတွင် အမောလုံးများဆို့နေပြီဟု ကျွန်တော်နားလည်လိုက်၏။ ကိုဖိုးချစ် လေဝမ်းထဲဆင်းပြီး ရေတွေကို ထမင်းတောင်းဖြင့် ဟင်းကြမ်းပက်ထုတ်လိုက်၏။

"တင်ထူး၊ မင်း ဦးရွက်ကလေးကို ထူ၊ တစ်ဝက်ဖွင့်"

ကျွန်တော်သည် လှေနံကိုမြဲမြံနင်းပြီး ဦးရွက်ကို ဖွင့်စဉ် -

"ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဖုန်း"

"အယ်. . . အယ်. . . အယ်. . . အား"

အဖြစ်အပျက် မြန်ဆန်လွန်းလှသည်။ လေက အစွမ်းကုန်ကြမ်းနေပေရာ ရွက်တိုင်အထူတွင် ရွက်တစ်ဖုံလုံး ဖုန်းခနဲပွင့်သွားပြီး ရွက်မှာ လှေဦးကို ကျော်ကာ ပင်လယ်ရေပြင်ထဲ ထိုးကျသွားတော့သည်။ ရွက်ကိုင်သူ ကျွန်တော့်မှာ လှေနံကိုခွကာ မြစ်ထဲမှာ ခြေတစ်ဖက်၊ လှေဝမ်းထဲမှာ ခြေတစ်ဖက်ဖြစ်နေသည်။ ကိုဖိုးချစ်မှာအတွေ့အကြုံရှိသည့်အပြင် မြန်လည်းမြန်သည်။ ကျွန်တော့်ကို ချက်ချင်း လှမ်းဆွဲထားလိုက်သည်။ ရွက်ကြီးကတော့ လိုင်းလုံးကြီးများခေါ်ဆောင်ရာသို့ ပါသွားခဲ့လေပြီ။ ကိုဖိုးချစ်သာမမီလျှင် ကျွန်တော်တို့ဖြင့်မှာ မတွေးရဲစရာ။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဖိုးချစ်၊ မင်းပဲ အလယ်ရွာက်ကြီးထူတော့ကွာ။ တစ်ကောင်လောက်ပဲဖွင့်။ ရွာက်ကို ကြိုးဖောက်ချည်ပြီးတော့မှထူ"

သိပ်မကြာလိုက်။ ကိုဖိုးချစ်၏ရွာက်ထူရွာက်ဖွင့်မှုလုပ်ငန်းပြီးစီးသွားသည်။

"တင်ထူး၊ ထလို့ရပြီလား"

"ဟုတ်ကဲ့ - ရပါပြီ"

"ဖိုးချစ်၊ မောရင် ရောင်ပက်။ တစ်ယောက်တစ်လှည့်စီပက်ကြ"

နာယာကြီးက လုပ်ငန်းစီမံခန့်ခွဲမှုကို ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။ ရွာက်မှာ လေစားအားပြင်းသဖြင့် ရွာက်တိုင်ကလေးမှာ လေးကိုင်းသဏ္ဌာန်ကွေ့ဝိုက်နေ၏။ ရွာက်တိုင်ကလေးမှာ မလင်းမျဉ်းသစ်မျိုးမို့ မကျိုး။ လေတိုးအားကို အံကြိတ်ခံနေ၏။ ကျွန်တော်တို့ စီးချင်းထိုးပွဲအား ကူညီနေသည်ဟု ဆိုရပေမည်။ နာယာဦးစံသာမှာ လေကြောင်းသင့်ရာ ရွာက်လွှင့်ပေးလိုက်၏။ လူသုံးယောက်စလုံး တာဝန်ကိုယ်စီယူထားကြ၏။ သဘာဝတရားက ရွာက်လွှင့်ခွင့် အခြေအနေပေးနေခဲ့ပြီမို့ လေ့ပြေးအားကြောင့် လှိုင်းကသိပ်ဒုက္ခမပေးနိုင်တော့ချေ။ ကမ်းမြင်သော ပင်လယ်ခရီးဌ်ပဲ့ကိုင်ကို အားကိုးပြုရာ၏။ ဆိုသည်မှာ ဤနေရာ၌ သိပ်မှန်နေခဲ့ပေပြီ။

မာန်ဖီနေသော လှိုင်းလုံးကြီးများကတော့ ရွပ်ပုံထဲတွင် နဂါးကြီးတွေ အမောက်ထောင်နေသလိုမျိုး ပိုက်လေနောက်က စီးမိုးလိုက်ပါနေကြ၏။ လေ့မှာ တစ်ချီတစ်ချီတိမ်ညွှန့်များသို့ရောက်သွားသလား အောက်မေ့ရသည်။ ပြန်အကျတွင် လှိုင်းလုံးကြီးများအောက် ချောက်ထဲသို့ကျသွားရာ နှလုံးသည်းပွတ်ကျတ်ထွက်မတတ် ခံစားရ၏။ ပင်လယ်ပြင်တစ်ခုလုံးတွင် လှိုင်းနံရံကြီးများဆီးကာထားသည့်နှယ် ကြည့်လေရာရာ လှိုင်းသရမ်းများနှင့် ကျွန်တော်တို့ဘဝတော့ ဘတ်စ်ပြန်ကျားတစ်ပြန်။

"ဟိုမှာ ဟိုမှာ ကမ်းပဲ ကမ်းပဲ"

ကျွန်တော့်မှာ ကမ်းရိပ်တစ်ခုကို တွေ့၍ အရမ်းပျော်သွားကာ ကမ်းသို့ လက်ညှိုးထိုးပြလိုက်၏။

"အေး - အဲဒါ ကမ်းရိပ်ပဲ၊ ဘယ် ကမ်းပါလိမ့်"

ပိုက်နာယာကြီးက ကမ်းကို ကြည့်ပြီး စဉ်းစားလိုက်၏။

ကျွန်းကို ဖြုန်းခနဲ မှတ်မိနိုင်ပုံမပေါ်။ ဦးစံသာမှာ ပဲ့ကိုင်တက်မရိုးကြီးကို လေတိုးအားနှင့် အပြိုင်အားခဲပြီး

ကန့်ကြိတ်ထားရာ လက်ဖျံကြောကြီးများထောင်ထကာ တဆတ်ဆတ်တုန်ခါနေ၏။ ကျွန်တော်နှင့် ကိုဖိုးချစ်မှာလည်း ရေပက်ထုတ်နေကြရ၏။ ဘေးလှိုင်းတွေကျော်နင်းပြီး မပြတ်ဝင်နေသဖြင့် လေဝမ်းထဲတွင် ရေက ခန်းသွားသည်ဟူ၍မရှိ။ လေ့မှာ ကျွန်းနှင့်ပိုမိုနီးကပ်လာ၏။ ကျွန်တော့်နှလုံးအိမ်တွင် ပျော်မောမှ ကယက်ကလေးရိုက်ခတ်သွားသည်။

"အဲဒါ ဝက်ကျွန်ကျွန်းပဲ၊ ပင်လယ်ထဲက ကျွန်းလွတ်ကြီး၊ လူတစ်ယောက်မှ မရှိဘူး"

ဦးစံသာမှာ ပြောရင်းပဲ လေ့ကို ကမ်းနှင့် ကွာအောင် ကော်ထုတ်လိုက်သည်။

"ဦးလေး၊ ကမ်းကပ်လိုက်ပါလား"

"ကမ်းကပ်လို့မဖြစ်ဘူးလေကွာ"

ကမ်းခြေကို တွေ့နေပါလျက်နှင့် ကမ်းမကပ်သည့်အဖြစ်ကို ကျွန်တော့်မှာ ဘဝင်မကျဖြစ်နေ၏။ လှိုင်းသရမ်းတို့၏ထိုးစစ်ကြောင့် ပင်လယ်ပြင်သတ်ကွင်းထဲရောက်နေပြီဟု ကျွန်တော်ခံယူထားသည်။ ကမ်းတစ်ခုခုသို့ရောက်မှ အသက်ချမ်းသာရာရမည်ဟု ကျွန်တော်နားလည်ထားသည်။

"ဘာဖြစ်လို့တဲ့ကမ်းမကပ်ရတာလဲ ဦးလေးရယ်"

"မင်းကလည်းကွာ၊ အဲဒီကျွန်းကမ်းစပ်မှာ ကျောက်ဆွယ်၊ ကျောက်ချွန်တွေချည်းပဲဟေ့။ ကမ်းကပ်လိုက်တာနဲ့ လှိုင်းဆောင့်ရိုက်ပြီး လေ့ကွဲရုံမက လူတွေပါ သေကုန်လိမ့်မယ်"

ကျွန်တော်ဦးစံဆာစကားကြောင့် ကြက်သီးမွေးညှင်းများပါထသွားသည်။ နောက်တော့ သေဘေးကြုံ ရဲဂုဏ်ပြုရပေလိမ့်မည်ဟုပဲ ခံယူချက်ပြင်းပြင်းနှင့် စိတ်ကိုတင်းထားလိုက်၏။ လှိုင်းဟောင်းကျွန်းတွေကတော့ ကျွန်တော်တို့ အဝစစ်သည်တော်တွေကို ထိုးစစ်ဆင်တုန်းတိုက်ခိုက်တုန်း။

ကောင်းကင်ပြင်တစ်ခုလုံးကတော့ မှိုင်းညို့ဆိုင်းဆို့နေတုန်း။ နေဝန်းခိုကြီးကတော့ အနောက်ဘက် မီးကုပ်စက်ဝိုင်းပင်လယ်ပြင်အောက်သို့ငုပ်လျှိုးတော့မလိုဖြစ်နေပေပြီ။ လေက မြောက်လေကြမ်းမို့ ပိုက်လှေမှာ တောင်ဘက်စူးစူးသို့ ဦးလည်မြေးလွှားနေသည်။ နေဝင်တရောအချိန်လေးတွင် ရွေ့က တောင်ဝန်းရှည်ကြီးတစ်ခု ထီးထီးမားမားပေါ်လာပြန်သည်။

"ရွေ့က ပေါ်လာတာ တဲ့ခါးရိုးတောင်တန်းပဲ။ အဲလိုဆို တို့ကျောက်ဖြူမြို့နယ်ထဲရောက်သွားပြီ။ အဲဒီတောင်ခြေမှာ လေကွယ်၊ လှိုင်းကွယ်ရှိတယ်"

လေတွန်းအားက အရမ်းကောင်းနေပေရာ သိပ်တောင်မကြာ တောင်တန်းကြီး၏ရင်ခွင်တွင်းသို့ရောက်သွားတော့သည်။ ဦးစံသာမှာ တစ်သက်လုံး တံငါအလုပ်ဖြင့် ပရိယေသနဝမ်းမီးကို ငြိမ်းသက်လာခဲ့သူပီပီ အတွေ့အကြုံရှိသည်။ နယ်မြေကျွမ်းသည်။ လေ့ကို တောင်တန်းငယ်လေးတစ်ခုကွေ့ပတ်ပြီး လေကွယ်ချိုင့်ဝှမ်းတစ်နေရာတွင် ထိုးကပ်လိုက်၏။

ကျွန်တော်တို့ သုံးဦးစလုံး၏ နေလောင်မှုက်နှာပြင်များမှာတော့ အောင်ပြင်မှုတစ်ခုအတွက် ဝမ်းသာမှုကယက်လှိုင်းများထင်ဟပ်သွားကြ၏။ သို့သော်လူတွေမှာ ခွေးအကိုက်ခံထားရသော မျောက်နှင့် ဘာမှမခြား။ အဝတ်တစ်ထည်ကိုယ်တစ်ခုမှာလည်း ခွဲခွဲခွိုလို့။

"အဲဒါပေါ့ကွာ၊ တို့ဒေသက ရေလုပ်သားတွေကို ခရာခရာခဲ့ပို့ပေးနေတဲ့ ရာဟုလေကြမ်းဆိုတာပေါ့။ အချိန်ဇာတ် လေဖျက်လို့ ခေါ်ကြတယ်လေ။

ဘာပဲပြောပြော ကွာ၊ တို့ကတော့ ဒီဝင်လယ်ပြင်မှာ ဒီအလုပ်ကို လုပ်စားနေသမျှတော့ ဒီလိုပဲ လှိုင်းလုံးကြီးတွေနဲ့ စီးချင်းထိုးနေကြရမှာပဲ"

"ခု ကျွန်တော်တို့နိုင်လိုက်တာပဲ မဟုတ်လား"

"နိုင်တာပေါ့ကွာ"

နာယာကြီးဦးစံသာနှင့် ကျွန်တော်တို့နှစ်ယောက် ပြောစကားကို ကိုဖိုးချစ်က အမောကြားက ပြုံးလိုက်ပါတော့၏။

ကျွန်းစဉ့်မြေစောက်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ကြည့်(စာဆို)

မက္ခရာနယ်မြေရှိ ပုဂံခေတ် ပန်းရန်ဆရာတစ်ဦး၏ အလှူမှတ်တမ်းကျောက်စာငယ်မှပြောပြနေသည့်

အနာဂတ်လိုက်နာကျင့်သုံးဖွယ် သမိုင်းစကားများ

ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာရာတွင် ရှေးဟောင်း ကျောက်စာများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါအရာရောက်လှသည်။ ရှေးယခင်က မိမိတို့ပြုမူလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့် အကြောင်းအရာများကို နောင်လာနောက်သားများ သိမှတ်နိုင်ရန်အတွက် ကျောက်ထက်အက္ခရာရေးထိုး၍ သမိုင်းမှတ်တမ်းတင်(ကျောက်စာများ) ရေးထိုးခဲ့သည်များရှိလေသည်။

ရှေ့ဧကေတ် ရှေးဟောင်း သမိုင်းပင် ကျောက်စာများတွင် မှတ်တမ်းတင်ထားသူ သို့မဟုတ် အလှူအတန်းပေးသူများမှာ မင်း၊ မိဖုရား၊ အမတ်နှင့် ဝန်ကြီး၊ ဝန်လေး၊ စစ်သူကြီး၊ မြို့ဝန်မြို့စားများ၊ သူဌေးသူကြွယ်များနှင့် သူကြီးများ စသည့် အထက်တန်းလွှာလူတန်းစားများသာ အလှူအတန်းပေးကျောက်စာရေးထိုးလေ့ရှိလေသည်။အခြေခံလူတန်းစားပြည်သူများအနေဖြင့် မိမိတို့၏ကောင်းမှုအလှူမှတ်တမ်းများအတွက် ကျောက်စာရေးထိုး မှတ်တမ်းတင်နိုင်ခြင်းများ မရှိချေ။

စဉ့်ကိုင်မြို့နယ် မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ရှေးကတည်းက မြို့ပြအဖြစ်ရပ်တည်ခဲ့သောနယ်မြေတစ်ခုဖြစ်လေသည်။ မက္ခရာမြေသည် ဘုရားရှင်လေးပါးလက်ထက်တော်အခါကတည်းက အမည်နာမအမျိုးမျိုးဖြင့် ရပ်တည်ခဲ့သော နယ်မြေဖြစ်လေသည်။ သမိုင်းမတင်မီခေတ်မှသည် ယနေ့မျက်မှောက်ခေတ်တိုင်အောင် တည်ရှိခဲ့သော နယ်မြေတစ်ခုဖြစ်သဖြင့် သမိုင်းလေ့လာဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုံလင်စွာဖြင့် ပြည့်စုံကုံလုံနေသည့် နယ်မြေတစ်ခုဖြစ်သည်ဆိုက မှားမည်မထင်ပါ။ မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပျုများနေထိုင်ခဲ့ကြောင်း မှတ်သား လေ့လာနိုင်သည့် ပျုခေတ် အသုံးအဆောင်များ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စေတီပုထိုးများ၊ မြို့ရိုးတံတိုင်းများ၊ ရှေးဟောင်းသမိုင်းဝင် ကျောက်စာများ တည်ရှိရာ မြို့ဟောင်းတစ်မြို့ဖြစ်ပြီး ကျောက်ခေတ်လက်နက်များလည်း တည်ရှိရာနယ်မြေ ဖြစ်လေသည်။ ရှေးဟောင်းမက္ခရာယဉ်ကျေးမှုနယ်မြေသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် လယ်တွင်း(၁၁)ရွာ အဖြစ်လည်းကောင်း၊ ကင်းတပ်စခန်းမြို့(၄၃) မြို့အနက် တစ်မြို့အဖြစ် လည်းကောင်း ပါဝင်ရပ်တည်ခဲ့သောနယ်မြေဖြစ်သည်။

ယင်းနယ်မြေတွင် ပုဂံခေတ် ပန်းရန်ဆရာတစ်ဦး၏ ကောင်းမှုအလှူမှတ်တမ်းကျောက်စာတစ်ချပ်၏ စိတ်ဝင်စားဖွယ်အနာဂတ်သမိုင်းအတွက် ဆုံးမစာများဖြင့် ပြည့်နှက်နေသောကြောင့် တစ်ဆင့်ပြန်လည်တင်ပြရသော် -

ပုဂံခေတ် ရှေးဟောင်း ပန်းရန်ဆရာတစ်ဦး၏ အလှူမှတ်တမ်းကျောက်စာငယ်သည် မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေအမှတ်(၄၃)မြို့ရိုးစေတီတော်အတွင်း တည်ရှိခြင်း ဖြစ်သည်။ ပန်းရန်ဆရာ၏အလှူမှတ်တမ်းကျောက်စာတစ်ချပ်ဖြစ်ပြီး အညတရပန်းရန်ဆရာတစ်ဦးမှ ငင်းတတ်မြောက်ထားသည့် ပန်းရန်ပညာရပ်ဖြင့် ဘုရားအားဆီမီးတိုင်ပူဇော်(တည်ဆောက်)လှူဒါန်းသည့် အလှူမှတ်တမ်းကျောက်စာဖြစ်လေသည်။ ကျောက်စာအရွယ်အစားမှာ

(၁) ပေပတ်လည်ခန့်သာသာသာရှိပြီး စာကြောင်းရေ(၁၀)ကြောင်း ပါဝင်လေသည်။

ကျောက်စာပါ စာသားများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁ သက္ကရာဇ် ၆၈၃ ခုနှစ် ပြဿနှစ် (တွင်) ညဉ့်ဦးယံ

(၂) ပုဂံသား ပန်းရံ(ဆရာ)ပြုခဲ့သော ဆီမီးတိုင်ဖြစ်သည်။

တည်(လုပ်)သောနေ့ကား အင်္ဂါနေ့ ညခင်း(၃)ပြုသတည်း။

(အ)ရှင်ငစပ်သင်ဆရာ(တော်)လက်ထက်(တွင်)ပြုသတည်း။

ငါပြုသော ကောင်းမှုအကျိုး(ကို) ကား သခင်ငစပ်သင်

သင်ဆရာ(တော်)(လည်း)ရပါစေသတည်း နိဗ္ဗာန်ဆုကို လိုသတည်း

ငါပန်းရံလည်း နိဗ္ဗာန်ဆုကိုလို သတည်း။

သမ္မသမ္ဗာဝါ လူတကာလည်း ရပါစေသတည်း

ဟူ၍ ဖြစ်လေသည်။

ကျောက်စာမှာ သက္ကရာဇ်အတိအကျ ရေးထိုးဖော်ပြထားပြီး တရားဖျားမင်းလက်ထက် ရေးထိုးထားသည့် ကျောက်စာတစ်ချပ် ဖြစ်လေသည်။ နေ့ရက်အချိန် အတိအကျ ရေးသားဖော်ပြထားခြင်းဖြစ်သည့်အတွက် အလှူရှင် ပန်းရန်ဆရာ ငယ်သည် လုပ်ငန်းတစ်ခု လုပ်ကိုင်ရာတွင် စေ့စပ်သေချာခြင်း တိကျခြင်း၊ ခိုင်မာခြင်းများရှိကြောင်း မြင်သာစေပါသည်။

အလှူရှင် ပန်းရန်ဆရာအနေဖြင့် မိမိကောင်းမှုမှတ်တမ်းအား နှောင်းလူများသိရှိစေရန် ရည်ရွယ်လျက် ကျောက်ထက်အက္ခရာ ရေးထိုးမှတ်တမ်းတင်ခဲ့သည့်စိတ်ကူးစိတ်သန်များသည် အလွန်အလေ့အမြင်ရှိမှုဆိုသည့်အချက်များကို ပေါ်လွင်စေသည့်လုပ်ရပ် ဖြစ်လေသည်။ ဆီးကျွန်းဖွယ်ကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအချက်များပေတည်း။ ၎င်း အပြင် ကျောက်စာပါအရေးအသားဖြစ်သည့် **'ငါပြုသော ကောင်းမှုအကျိုးကို ကား သခင် ဧစပ်သင်ဆရာတော်လည်းရပါစေသည်း'** ဟူသော အရေးအသားမှာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာသမား၏ ကျေးဇူးအားသိမြင်ပြီး ဆရာကောင်း တပည့်ပီသစွာဖြင့် ဆရာအားလည်း မိမိ ကောင်းမှုအတိုင်း ကုသိုလ်ရစေခြင်းငှာ ရည်ရွယ်လျက် မှတ်တမ်းတင် ရေးထိုး ထားသည်ကိုတွေ့မြင်ရပါသည်။ ပန်းရန် ဆရာအနေဖြင့် ၎င်းအား ပညာသင်ပေး ခဲ့ကြသော သင်ဆရာနှင့်ဆရာတော်တို့ အားရည်မှတ်၍ လျှဒါန်းပူဇော်ခြင်းဖြစ် ကြောင်း တွေ့မြင်ရသဖြင့် **နောင်းလူငယ် များသည် ဆရာ့ကျေးဇူးအား သိရှိနားလည် ကာ ဆရာ့ကျေးဇူးဆပ်ပူးသည့် တပည့် ကောင်းများဖြစ်စေရန် ရည်ရွယ်ရေးထိုး ခြင်း ဖြစ်လေသည်း** ထို့အပြင် လောကီ အာရုံ ကာမဂုဏ်ငါးပါးအား စွန့်ခွာ၍ လွတ်မြောက်ရာအမှန် မြတ်နိုဗ္ဗာန်အား ရလိုကြောင်း တရားသဘောများလည်း ပါဝင်ရေးသားထားသည်။ သတ္တဝါအား လုံးအားလည်း နိဗ္ဗာန်ဆုရပါစေဟူ၍ ဆုတောင်းပေးထာခြင်းမှာလည်း တစ်ကိုယ် ကောင်းစိတ်မွေးမြူခြင်းမပြုပါနှင့်ဟူသော တရားသဘောကို ညွှန်ပြနေခြင်းလားဟု တွေးထင်ရပါသည်။

ပုဂံသား ပန်းရန်ဆရာ ငယန်၏ ကောင်းမှုကျောက်စာသည် သေးငယ်သော်လည်း တရားသဘောများစွာပါရှိ နေပြီး လူမှုပတ်ဝန်းကျင်တွင်လိုက်နာရမည့် လူမှုကျင့်ဝတ်များအား မီးမောင်းထိုးပြသနေသည့် ကျောက်စာတစ်ချပ် ဖြစ်ပေသည်။

သမိုင်းဝင် ကျောက်စာများသည် ယင်းတို့၏ဘဝစရိုက်အဆင့်အတန်းများ ကို ပြသနေခြင်းဖြစ်သည်ဟူသောစကား ရပ်များနှင့်အညီ ပုဂံခေတ် အခြေခံ လူတန်းစားများတွင် ပါဝင်သည့် ပန်းရန် ဆရာငယန်၏ စိတ်နေသဘောထား များကို တွေ့ဆုံမြင်ယောင်ရပါသည်။ ကောင်းမှုအလှူမှတ်တမ်းကျောက်စာရေး ထိုးမှတ်တမ်းတင်သည့် ဆီမီးတိုင်အလှူ ရှင် ပုဂံသား ပန်းရန်ဆရာ ငယန်သည် ပန်းရန်ဆရာတစ်ဦးဖြစ်သည့်အားလျော် စွာ ကျောက်စာတွင် ပန်းရန်ဆရာဟု တိတိကျကျ ရေးသား ဖော်ပြထားခြင်း သည် မိမိလုပ်ကိုင်သည့်လုပ်ငန်းအပေါ် မြတ်နိုးတန်ဖိုးထားသည့်သဘောရှိပြီး မောက်မာ တောက်ကြားလိုသည့်စိတ် အလျဉ်မပါရှိပေ။ ၎င်းလုပ်ငန်းအပေါ် တွင် ရိုးသားစွာဖြင့် တင်ပြရေးထိုးထား ခြင်းဖြစ်ကြောင်း ပေါ်လွင်စေသဖြင့် လေ့လာမှတ်သားသင့်သည့် ကျောက်စာ တစ်ချပ်ပင်ဖြစ်ကြောင်း မှတ်ချက်ပြုရ မည်သာဖြစ်ပါ သည်။

အညာတရ ပန်းရန်ဆရာတစ်ဦး အနေဖြင့် ဘုရားအား ထုလုပ်ပူဇော် ကြောင်း ဆရာသမားများအပေါ် ကျေးဇူးသိတတ်ခြင်းကို ပေါ်လွင်စေပြီး သတ္တဝါအားလုံးအား မေတ္တာထားတတ် သည့် စိတ်နေသဘောထားများ ပြည့်စုံ ကာ နောင်းလူများအား တွေ့မြင်မှတ် သားသိရှိနိုင်ရန် ကျောက်စာရေးထိုး မှတ်တမ်းတင်ထားမည်ဆိုသည့် စိတ်ကူး စိတ်သန်းများသည် အထူးခံ့ကျူးဖွယ် လုပ်ရပ်များအဖြစ် ရပ်တည်လျက်ရှိ သဖြင့် လေ့လာ မှတ်သားသင့်သည့် ရှေးဟောင်း ကျောက်စာငယ်တစ်ချပ် ပင် ဖြစ်သည်။

ထိုကျောက်စာသည် ယခုအခါ တွင် နှစ်ပေါင်း (၇၀၀) ကျော်သို့ရောက် ရှိနေပြီး များစွာ တန်ဖိုးကြီးမားသည့် ရှေးဟောင်း အမွေအနှစ်တစ်ခုဖြစ်ကာ လာရောက်လေ့လာသင့်သည့်ရှေးဟောင်း အခြေခံလူတန်းစားတစ်ဦး၏ကောင်းမှု အလှူမှတ်တမ်းကျောက်စာဖြစ်လေသည်။ အလှူရှင်အနေဖြင့် ဘာသာသာသနာ အပေါ် တွင် ယုံကြည်သက်ဝင်မှုများရှိ သော်လည်း အခြားသူများကဲ့သို့ ဘုရား ကျောင်းကန်ဝတ္ထုကမြေနှင့် ဆင်းတု တော်များအား လှူဒါန်းလိုသော်လည်း အခြေခံလူတန်းစား ပန်းရန်ဆရာတစ်ဦး ဖြစ်သောကြောင့် များစွာသောအလှူ မပြုနိုင်ပေ။သို့သော်လည်း ပန်းရန်ဆရာ သည် မိမိတတ်မြောက်သည့် ပညာရပ် ဖြင့် ဘုရားရှင်အား ဆီမီးတိုင်ထုတ်လုပ် ပူဇော်ကာ ကုသိုလ်တရားရအောင် ယုတတ်သူတစ်ဦးဖြစ်လေသည်။

ကျောက်စာမှပေးသည့် သင်ခန်းစာ များသည် ယနေ့ခေတ် လူငယ်များအပေါ် တွင် ခွန်အားကိုဖြစ်စေခြင်း ဆရာ့ကျေးဇူး ဂုဏ်ကိုသိတတ်စေခြင်း ဘာသာသာသနာ အပေါ်တွင် တာဝန်ကျေပွန်စေခြင်းတို့ကို တွေ့မြင်နိုင်မည်ဖြစ်ကာ ပွန်ဦးတီထွင်မှု များပြုလုပ်တတ်သည့်အမှုအကျင့်များကို ရရှိစေမည့် ရှေးဟောင်းကျောက်စာမှ စကားပြောသောသမိုင်းကျောက်စာတစ်ချပ် ဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါ သည်။

တိုက်ကြည် (စဉ့်ကိုင်)

နတ်မောက်မင်းသန့်နှင့် ရာကျော်ဆရာတော်ကြီး၏ မျက်စိကြည့်အေး

နတ်မောက်မြို့နယ် ကျောက်ပုံကျေးရွာ တောင်ပေါ်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသုမနသည် သက်တော် (၁၀၂) နှစ်အထိ အသက်ရှည်ခဲ့ပြီး ပျံလွန်တော်မူသည်အထိ မျက်စိကြည်လင်စွာ မြင်တော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏သီလ၊ သမာဓိ၊ တရားဘဝနာတို့ကြောင့်ဖြစ်သကဲ့သို့ ရိုးရာမြန်မာ့တိုင်းရင်းဆေးအစွမ်းဟု လည်း ဆိုနိုင်ရပါသည်။

အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီး၏ သက်တော် (၅၀) ပြည့် ရွှေရတုသဘင် မွေးနေ့ပွဲတွင် ကျောက်ပုံရွာမှ ရှေးမြန်မာဆေးဆရာကြီး ဦးထွန်းညိုက ဆေးဝါးတစ်မျိုး ဖော်စပ်လှူဒါန်းခဲ့ပါသည်။ ထိုဆေးတစ်ဖုံ တစ်လခန့် မှီဝဲရာမှ ဆရာတော်မှပါဦစာပေကျန်းဂန်များ ဝိုမိုဖတ်ရှု၍လာနိုင်ပြီး မျက်စိပိုမိုကြည့်ကောင်း ကြည်လင်လာသဖြင့် ၎င်းဆေးကို အပြတ်မခံဘဲ အမြဲဖော်စပ်မှီဝဲခဲ့သောကြောင့် ဖြစ်ပါသည်။

ဆေးဖော်စပ်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အညာဒေသ လယ်ကွက်များထဲတွင် အလေ့ကျပေါက်သော ကြိတ်မှန်ရွက်များကို ခူးယူအခြောက်ခံပြီး အမှုန့်ထောင်းထားရပါသည်။

ဆီဖြူသီးများကိုလည်း ထုထောင်းအစေ့ဖယ်၍ အခြောက်ခံကာ အမှုန့်ထောင်းထားရပါမည်။

ကြိတ်မှန်ရွက်မှုန့်နှင့် ဆီးဖြူသီး အမှုန့် အလေးချိန်နှစ်ခုပေါင်း ပျားရည်ကိုထည့်ကာရောတေမွေထားရပါသည်။

ဖန်ပုလင်းတွင်းထား၍ ညစဉ့်အိပ်ရာမဝင်မီ လက်ဖက်စားလုံးတစ်လုံး ပုံမှန်မှီဝဲသွားရပါမည်။ အသက် (၄၀) အရွယ်မှစတင်မှီဝဲသွားလျှင် ရာသက်ပန် မျက်စိမှုန်ခြင်း၊ မျက်စိဝေနာကင်းရှင်း ကြည်လင်စေပါကြောင်း ဆေးနည်း ကောင်းတစ်လက် ဖော်စပ် အသုံးပြုနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာနဲ့မြေ
ငွေစိုး
ဦးအော်နှင့် ငန်းဦးကွက်မြွေမကြီး

"စာရေးဆရာ၊ ခင်ဗျားငန်းမြွေကို ဘယ်လောက်ကြီးကြီးမြင်ဖူးလဲ"

မြို့နယ်စာရေးဆရာအသင်းရုံးအနီးတွင်ရှိသော ကောင်းလက်ဖက်ရည်ဆိုင်ကလေးတွင် ဦးအော်နှင့် ကျွန်တော်နှစ်ယောက်သား လက်ဖက်ရည်ထိုင်သောက်နေရင်းမှ ကောက်ကာငင်ကာဆိုသလို ဦးအော်က မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ ဦးအော်မေးသည့်မေးခွန်းက ရိုးရှင်းသော်လည်း အဖြေပြန်ပေးရမည့် ကျွန်တော့်အဖို့တော့ ခက်လှသည်။ မှန်သည်။ ငန်းမြွေကို ရန်ကုန်တိရစ္ဆာန်ရုံသွားကြည့်စဉ်ကသာ မြင်ဖူးခဲ့သည်။ အကောင်ဘယ်လောက်ကြီးသည်၊ မကြီးသည်ကို ကျွန်တော်မမှတ်မိတော့။

"မြွေနဲ့ပတ်သက်ရင် ကျွန်တော့်မှာ ရန်ကုန်တိရစ္ဆာန်ရုံအတွေ့အကြုံပဲရှိပါတယ် ဦးအော်ရာ။ တောတွင်းအတွေ့အကြုံမရှိပါဘူး"

ကျွန်တော့်အဖြေကြောင့် ဦးအော်ဟက်ဟက်ပက်ပက်ရယ်တော့သည်။

"ထားပါတော့ဗျာ၊ မေးလက်စနဲ့ ထပ်မေးပါရစေ။ ငန်းမြွေမကြီးတွေသူတို့ရဲ့ဥတွေကိုဘယ်လိုသယ်သလဲဆိုတာကော ခင်ဗျားသိလား"

ခက်ချေပြီ။ မသိပါဘူးဟုဆိုနေသူကိုမှ ဦးအော်တစ်ယောက် အမေးပဟေဠိအကြိမ်ကြိမ်ထုတ်နေလေသည်။ ကျွန်တော် ခေါင်းခါပြလိုက်ရပြန်သည်။

ကျွန်တော့်အမူအရာကိုကြည့်ပြီး ဦးအော် နှစ်ခြိုက်စွာပြုံးပြန်သည်။

"ပြောရရင် ကျွန်တော်လည်း တောတွင်းအတွေ့အကြုံမရှိပါဘူး စာရေးဆရာရယ်။ ဒါပေမယ့် ကြဖန်ပြီးကြုံခဲ့ရတဲ့ ငန်းဦးကွက်မြွေမကြီးအကြောင်းကို ပြောပြချင်လို့ စာရေးဆရာကို အရင် ဦးနှောက်စားနေတာ"

"ဦးအော်ရာ၊ ကိုယ်ပြောချင်တဲ့ဟာပဲပြောရောပေါ့။ အခုတော့ မေးခွန်းတွေထုတ်လိုက်တာဗျာ၊ သောက်နေတဲ့လက်ဖက်ရည်အရသာတောင် ဘယ်မျောက်ကုန်လဲမသိဘူး"

ကျွန်တော့်စကားကြောင့် ဦးအော်တစ်ယောက် အားရပါးရ ရယ်မောပြန်သည်။ ပြီးမှ -

"စာရေးဆရာတွေဆိုတာ သူများကိုပဲ ဦးနှောက်စားအောင်လုပ်တဲ့သူတွေဆိုတော့ တစ်ခါတလေ ပြန်ပြီး စာရေးဆရာကို ဦးနှောက်စားအောင်လုပ်ကြည့်တာပါဗျာ"

ဦးအော်က ကျွန်တော့်ကို သို့နှင့်စကားနာထိုးကာ သူစကားကို ပြန်ဆက်လေ၏။

"ဒီနေ့သောက်တဲ့လက်ဖက်ရည်ကို စာရေးဆရာက ဒကာခံယူဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က စာရေးဆရာ ရေကွက်ရ အောင် ငန်းဦးကွက်ပြွေမကြီးအကြောင်း ကို ပြောပြမယ်။ ဒါဆို စာရေးဆရာ ကျေနပ်မဟုတ်လား"

"သိပ်ကျေနပ်တာပေါ့ ဦးအော်ရာ ဒီလိုမျိုးဆိုရင် နောက်တစ်ခွက်တောင် ထပ်တိုက်ချင်သေးတယ်"

ကျွန်တော်နှင့် ဦးအော် အပေး အယူတည့်သွားပြီ ဖြစ်သည်။ မှန်သည်။ ဦးအော်နှင့်တွေ့တိုင်း ကျွန်တော့်အဖို့ ရေးစရာ၊ တွေးစရာများ တစ်ခုမဟုတ် တစ်ခုတော့ အမြဲကျန်ရစ်ခဲ့စမြဲ။

❑

၁၉၆၈ ခုနှစ်ကာလက ဦးအော်

www.burmeseclassic.com

www.burmeseclassic.com

သည် ဘီးလင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် တာဝန်ခံအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရလေ၏။ ထိုစဉ်က ဦးအော် အသက်မှာ နှစ်ဆယ်ကျော် အစိတ်နီးနီခန့် လူပျိုလူလွတ်လူငယ် အရာရှိတစ်ယောက်အဖြစ် ကိုယ့်မြို့ ကိုယ့်ရွာမဟုတ်သော ဘီးလင်းမြို့လေးတွင် ဒေသခံများ၏ လိုက်လဲပျူငှာမှုကြောင့် ဦးအော်တစ်ယောက် စိတ်ချမ်းသာစွာဖြင့် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ တစ်ကိုယ်တည်းသမားမို့ ရုံးနံဘေးရှိ အခန်းလွတ်တစ်ခုတွင် ဦးအော် တစ်ယောက်တည်းနေသည်။ တခြား လျှပ်စစ်ဝန်ထမ်းများကား အိမ်ထောင်သည်လိုင်းခန်းများတွင် သူ့မိသားစုနှင့် သူသီးခြားနေထိုင်ကြသည်။ မြို့ငယ်ကျဉ်းကျဉ်းလေးကို လျှပ်စစ်ဖြန့်ဖြူးပေးရသောကြောင့် ဝန်ထမ်းအင်အားက သိပ်မများလှ။ မြို့နယ်လျှပ်စစ်ဝန်ထမ်းဆိုလို့ မိမိ အပါအဝင် (၅) ဦးမျှသာရှိသည်။ ရုံးပိတ်ရက်များတွင် ဒေသခံမိတ်ဆွေများနှင့်အတူ ရင်းဖုံ-နတ်ကြီးသွားကား လမ်းနံဘေးနှင့် တောအုပ်များတွင် ငှက်ပစ်ထွက်သည်။ ရလာသည်နှင့် ငှက်မျိုးစုံကို ကြော်လှော်ချက်ပြုတ်ကာ ဆန်အရက်မီးတောက်ဖြင့် တစ်ခွက်တစ်ဖလားမော့သည်။ တစ်ခါတစ်ရံ မိတ်ဆွေများ ဖိတ်ကျွေးသည့် ထမင်းဟင်းလျာများကို တစ်အိမ်တက်တစ်အိမ်ဆင်းလိုက်စားသည်။ အဖော်ကောင်းလျှင် ပိုကာဒေါင်းလိုက်သေး၏။ ထို့ကြောင့်လည်း ဦးအော်တစ်ယောက် ဘီလင်းမြို့ကလေးကို မောင်မကြိုးမခွာနိုင်ဖြစ်နေရခြင်းပင်။ အရာရှိငယ်တစ်ယောက်ဖြစ်သော်လည်း လူငယ်တစ်ဦးဖြစ်သောကြောင့် ထိုကာလက မသိဘူး၊ မတက်ဘူးသောကိစ္စလေးများကို ဦးအော် တစ်ယောက်သိအောင်၊ တတ်အောင် အတတ်ဆန်းသည်။ တစ်နေ့ ဦးအော်၏လက်အောက် ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးရွှေမြက ကေလာသတောင်တွင် ရေသွားချိုးရန် အဖော်ညှိလာသည်။

"နေပါဦး ဦးရွှေမြရ၊ ရုံးမှာရေချိုးလည်းရရဲ့သားနဲ့ ဘယ့်နှယ်ကြောင့် ကေလာသတောင်တက်ပြီး ထူးထူးခြားခြား ရေချိုးချင်ရတာတုံး"

"ကေလာသမှာက စိမ့်စမ်းရေတံခွန်တွေပေါတယ် ဆရာအော်ရဲ့။ ရာသီဥတုကလည်း ပူတယ်လေ။ လန်းလန်းဆန်းဆန်းဖြစ်သွားအောင် စိမ့်ကောင်းကောင်းမှာ ရေသွားစိမ်လိုက်ရင် ပန်းသမျှတွေအကုန်ပျောက်ရော"

ဦးရွှေမြ အဆွယ်ကောင်းသောကြောင့် ကေလာသတောင်သို့တက်၍ ရေချိုးရန် ဦးအော်သဘောတူလိုက်၏။

မှန်သည်။ တပေါင်း၊ တန်ဆူးနေ၏ အပူရှိန်က ကျောကော့အောင် ပူလှသည်။ သို့ဖြင့် ဦးရွှေမြ အပါအဝင် နေ့စားလျှပ်စစ် ဝန်ထမ်း ကျော်သန်းကို ပါ အဖော်အဖြစ်ခေါ်၍ ညနေ (၃)နာရီခန့်တွင် ကေလာသတောင်သို့ ဦးအော်တို့သုံးယောက်တက်ခဲ့ကြလေ၏။

❑

မြို့နယ်လျှပ်စစ်အင်နီယာရုံးသည် ကေလာသတောင်ခြေအနီးတွင်ရှိသောကြောင့် ဦးအော်တို့ (၃) ယောက်အဖို့ တောင်တက်ခရီးကို လွယ်ကူစွာတက်လှမ်းခဲ့လေ၏။ တောင်ပေါ်သို့စတက်သည်နှင့် တောရိပ်တောင်ရိပ်အေးချမ်းမှုကို ဦးအော် စတင်ခံစားလိုက်ရသည်။ တစ်နေ့လုံး တစ်စိမ့်စိမ့်သုတ်မနိုင်အောင်ဖြစ်နေသော ခွေးသီးခွေးပေါက်ကြီးများက တောင်တက်ခရီးတွင် တဝီဝီပင့်ကာဖြတ်ကာ တိုက်ခတ်နေသည့် လေနုအေးများကြောင့် ခန်းခြောက်ကုန်သည်။ တောင်တက်ခရီးကို ဦးရွှေမြက သီချင်းလေးတကြော်ကြော်ဆို၍ရှေ့မှဦးဆောင်တက်လှမ်းနေသည်။ တောင်တက်လမ်းကလေးအတိုင်း မိုင်ဝက်ခန့်တက်ပြီးသောအခါ သဘာဝက လှပစွာ ဖန်တီးပေးထားသော စိမ့်မြိုင်တစ်ခုအတွင်းသို့ ရောက်ရှိလေတော့၏။ စိမ့်မြိုင်လေး၏ အထက်ပိုင်းတွင် ပေသုံးဆယ်ခန့်မြင့်သည့် ကမ်းပါးရေတံခွန်တစ်ခုရှိပြီး ရေတံခွန်၏ တစ်ဖက်တစ်ချက်၌ သစ်ပင်ပိတ်ပေါင်း ထူထပ်အုပ်ဆိုင်းစွာ ပေါက်ရောက်၍ နေပြောက်မထိုးနိုင်သောကြောင့် အေးစိမ့်နေလျက်ရှိလေသည်။

"ဆရာအော်ဘယ်လိုလဲ၊ သဘောကျရဲ့လား။ အတိုးချပြီး အပန်းဖြေဖို့သာပြင်တော့"

ဦးရွှေမြက ရေအိုင်ချိုင့်အတွင်းသို့ ဆင်း၍ ရေတံခွန်မှကျလာသော စမ်းရေများအောက်တွင် အားရပါးရ ရေစိမ်နေသည်။ ဦးအော်နှင့် ကျော်သန်းတို့နှစ်ယောက် မနေသာတော့။ ကြည်လင်စိမ်းစိုနေသော ကျောက်ခွက်အိုင်ကြီးအတွင်းသို့ ပြိုင်တူခုန်ချကာ ရေချိုးဆင်းလိုက်လေ၏။ စိမ့်စမ်းရေ၏ အအေးဓာတ်ကြောင့် ဦးအော်တို့ (၃) ယောက် ကြာကြာ ရေမစိမ်နိုင်။

"ဦးရွှေမြ၊ ပြန်ကြရအောင်ဗျာ။ အပူလည်း တော်တော်သက်သာသွားလောက်ရှိပါပြီ"

"ပြန်တာပေါ့ ဆရာအော်ရ၊ ခဏတစ်ဖြုတ်တော့နားပါဦး။ ပြီးမှ တောင်ခြေကို ပြန်ဆင်းတာပေါ့"

ဦးရွှေမြက တောင်ခြေကို ပြန်ဆင်းရန် စေ့ဆော်နေလေ၏။

"သိပ်နောက်ကျလို့မဖြစ်ဘူး ဦးရွှေမြရေ။ နယ်မြေခံ တပ်ရင်းမှူးကြီးက ကျွန်တော့်ကို သွားတာလာတာတွေ ဆင်ခြင်ခိုင်းထားတယ်။ ဒီနယ်မြေအခြေအနေကို ဦးရွှေမြလည်း သိသားပဲ"

မှန်သည်။ ထိုကာလက ဘီးလင်းနယ်က အညိုရောင်မြေ။ ဘီးလင်း - ဖာပွန်လမ်းမကြီးတစ်ဝိုက်တွင် KNU ဗိုလ်မှူးကြီးစောကျော်ဟိုး ကွပ်ကဲသော တပ်မဟာ(၁) လှုပ်ရှားနေသည်။ ထိုတပ်မဟာနှင့် အစိုးရတပ်ရင်းများ ထိတွေ့မှုများဖြစ်ကာ ဘီးလင်းနယ်တစ်ခွင်တွင် တိုက်ပွဲများဖြစ်ကာ ယမ်းငွေ့များမပြယ်နိုင်သေးရှိနေ၏။ ၁၉၆၆ ခုက ကျိုက်ထိုခလ(×××)မှ တပ်ခွဲမှူးဗိုလ်ကြီးကြည်မောင် ဦးစီးသောတပ်ခွဲကို ဘီးလင်းမြို့အနီးရှိ ဝင်းတလုတ်ရွာတွင် KNU ဘိုးမြအဖွဲ့က အင်အား (၁၅၀) ခန့်ဖြင့် ချုံခိုတိုက်ခိုက်ခဲ့ရာ အကျအဆုံးများခဲ့သေးသည်။ ထိုသာဓကများကြောင့် ဦးအော်တို့လို အစိုးရဝန်ထမ်းများအဖို့ မှက်စိနှင့်နားကို အစဉ်ဖွင့်ကာ သတိထားနေရလေ၏။ သို့ဖြင့် နာရီဝက်ခန့်နားကာ တောင်ပေါ်မှ ပြန်ဆင်းခဲ့လေသည်။

❑

နေဝင်တော့မည်။ တောရိပ်တောင်ရိပ်ကြောင့် ကေလာသတောင်အလုံးသည်ပင် တောင်ဒိုးမြှုပ်နှံမှုများဖုံးလွှမ်းကာ မှုန်ဝါးပျောက်ကွယ်လုမတတ်ဖြစ်နေသည်။ သည်ဒေသက တပေါင်း၊ တန်ဆူးဆိုသော်လည်း နေဝင်သည်နှင့် အအေးဓာတ်ကလေးက ခေါင်းထောင်ကြွလာ၏။ တောင်ပေါ်ရှိ ကျောက်ခွက်အိုင်ကြီးတွင် အားရပါးရ ရေစိမ်ခဲ့သည့်အတွက် ဦးအော်တစ်ယောက် လန်းလန်းဆန်းဆန်းဖြစ်နေသောကြောင့် ရုံးရှေ့တွင် ပက်လက်ကုလားထိုင်ဖြင့်ထိုင်ကာ တောင်ဆွယ်အကွယ်၏အလှကိုကြည့်ရှုခံစားနေသည်။ ဝန်ထမ်းလိုင်းခန်းအသီးမှ အိမ်ရှင်မများ ချက်ပြုတ်ကြော်လှော်ရာမှထွက်လာသော မီးခိုးတန်းများ

www.burmeseclassic.com

သည် မြန်မိုးတောင်ခိုးများအနှံတုကာ ကောင်းကင်ယံတွင် ရောယှက်သွားသည်။ အိပ်တန်းတက်ရန် အုပ်ဖွဲ့ရှိပျံသန်းလာသော ကျေးငှက်တို့သည် မြို့ခိုးများဝေနေသော ကေလာသတောင် အတွင်းသို့ တိုးဝင်ပျောက်ကွယ်ကုန်သည်။

"ဒွိုး... ဒွိုး... ဒွိုး... ဂျူး... ဂျူး... ဂျူး"

"အမလေး - မြွေကြီး"

"လုပ်ကြပါဦးဟ၊ ငန်းမြွေကြီး ရုံးထဲဝင်လာပြီ"

စီခနဲထွက်ပေါ်လာသော အလန့်တကြားအော်ဟစ်သံတို့ကြောင့် ဦးအော်၏ အတွေးအာရုံများ ပျက်စီးပျောက်ကွယ်သွား၏။ အသံလာရာဘက်ဆီသို့ ဦးအော်လှမ်းကြည့်လိုက်သည်။ မြင်ကွင်းက အသည်းယုတ်ဖွယ်လိလိ။ ဦးအော်ဘဝတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့်အရာ။ မှန်သည်။ လုံးပတ်ကွမ်းသီးပင်ပျိုခန့်၊ အရှည် ပေ (၂၀) နီးပါးခန့် ရှိသည့် အုတ်ခဲရောင် အညိုစင်းကျားများရှိနေသော ဧရာမငန်းမြွေကြီး။ စကောတစ်ချပ်ထက်ပင် ကြီးမားသော ပါးပျဉ်းကြီးကို ဘယ်၊ ညာယမ်းကာ ကားထားသောမျိုးစောင်ထဲမှ လျှာကို ထုတ်လိုက်သွင်းလိုက်လုပ်ကာ တစ်စုံတစ်ခု၏အနံ့ကိုခံနေဟန်ဖြင့် တရှူးရှူး တန်ခိုးဂီမာန်ဖီနေသည်။

ရွှေမြတို့၊ ကျော်သန်းတို့၊ အုန်းခင်တို့ မြွေကြီးကို ရုံးထဲအဝင်မခံခဲ့ဟေ့။ တားထား၊မကြောက်ကြနဲ့။ ဝါးရင်းတုတ်တွေ၊ မားတွေနဲ့ ကာကွယ်ထားကြဟေ့"

လျှပ်စစ်ဝန်ထမ်းများတွင် လုပ်သက်အရင့်ဆုံးဖြစ်သူ ဦးစိန်မောင်၏ သတိပေးစကားကြောင့် ဝန်ထမ်းအိမ်ရာအတွင်း၌ရှိနေသော ဝန်ထမ်းများအားလုံးရော လက်နက်စွဲကာ ငန်းမြွေကြီးကို ရင်ဆိုင်ဟန့်တားထားကြလေ၏။ ဦးအော်လည်း အနီးတွင်ရှိနေသည့် ထွန်ခြစ်ကြီးကို ဆွဲကိုင်ကာ ဝန်ထမ်းများနှင့်အတူ ငန်းမြွေကြီးကို ရင်ဆိုင်လိုက်သဲ့။ လက်နက်ကိုယ်စီနှင့် ဟန့်တားနေသော လူအုပ်ကိုတွေ့လိုက်ရသောကြောင့် ငန်းမြွေကြီးရှေ့မတိုးဝံ့တော့။

ငန်းမြွေကြီးကို ဟန့်တားထားသောလူအုပ်ထဲတွင် ဦးစိန်မောင်ထံအလည်အပတ်ရောက်နေသော ဒေသခံရွာသား စောဘလှလည်း ပါလေသည်။ စောဘလှက ဘီးလင်းနယ်တစ်ခွင်၏ တော်ပျော်မုဆိုးကျော်တစ်ဦး။ ထို့ကြောင့် တောတွင်းသားများ၏စရိုက်ကို နှံ့စပ်သူဖြစ်သည်။

"ဦးစိန်မောင်၊ ဒီကောင်ကြီး ဒီကို အကြောင်းမဲ့လာတာမဟုတ်ဘူးဗျ။ ဒီရုံးထဲကလူတစ်ယောက်ယောက် သူ့ကို ထိခိုက်အောင်လုပ်ထားလို့လိုက်လာတာဗျ။ ခင်ဗျားလူတွေကို ခင်ဗျားပြန်မေးကြည့်ပါဦး။ ဒီနေ့ ဘယ်သူတွေဘာတွေ လုပ်ခဲ့သလဲလို့"

စောဘလှက ဦးစိန်မောင်ကို သတိပေးစကားပြောသည်။ ဝန်းမြွေကြီးကလည်း တရှူးရှူးနှင့် မာန်သွင်းကာ အားနည်းသည့်ဘက်မှ ရုံးအတွင်းသို့ ဝင်ရောက်ရန် တာစူနေသည်။

"သတိထားကြနော်၊ ရုံးထဲကို မဝင်စေနဲ့။ ရှေ့ကို တိုးလာတာနဲ့ တုတ်သမားက တုတ်နဲ့ရိုက်၊ မားသမားက မားနဲ့ပိုင်း။ ငန်းမြွေတော့ ငန်းမြွေပဲ။ ဒီငန်းကြီးက ရိုးရိုးငန်းကြီးမဟုတ်ဘူးနော်။ ငန်းဦးကွက်ကြီးနော်။ သွပ်စုံစက်ကြည့်ရတာ သားဇောကပ်နေပုံရတယ်"

ငန်းမြွေကြီးသည် နှာတရူးရူးမှုတ်ကာ ဝန်ထမ်းအိမ်ရာဘက်သို့တိုးဝင်ရန် အားထုတ်နေသည်။ စောဘလှ၏ ဦးဆောင်ဆော်သြမှုကြောင့် ငန်းမြွေကြီးလည်း ရှေ့မတိုးနိုင်ဖြစ်နေသည်။ ဒေါသစိတ်ကြောင့် ထွန်ထွန့်လှုံးနေသော ငန်းမြွေမကြီး၏ကိုယ်ခန္ဓာကြီးကိုကြည့်ရသူအဖို့ ကြက်သီးတဖြန်းဖြန်းကိုယ်စီထနေလျက်။ ငန်းမြွေမကြီးသည် စောဘလှပြောသည့်အတိုင်း သာမန်ငန်းပုပ်မကြီးမဟုတ်သည်မှာ သေချာလှသည်။ မှန်သည်၊ ငန်းမြွေမကြီး၏ ဦးခေါင်းပေါ်၌ အကြေးခွံများကတလက်လက်ထနေပြီး အမောက်ကြီးတစ်ခုကလည်း နဂါးသဏ္ဌာန်ထောင်ကားနေသည်။ မျက်လုံးနှစ်လုံးကလည်း မီးကျီးခဲကဲ့သို့ စူးရှစွာ ဝင်းဝင်းတောက်နေသည်။ ပါးစပ်ကိုဖြဲ၍ အစွယ်ထုတ်ကာ တရှူးရှူးမာန်ဖီလိုက်တိုင်း ပါးစောင်အတွင်းမှ အဆိုးအဆေးများက တဖွားဖွားထွက်နေသည်။

"လုံးဝအလစ်မပေးနဲ့နော်။ မျက်စိလျင်လျင်ထားကြ။ ငန်းမကြီးဒေါသကြီးလာတယ်။ ဘယ်တောင်ကများ သူ့ဥတွေယူလာသလဲမသိဘူး"

စောဘလှက ငန်းဦးကွက်မြွေမကြီးကို ဟန့်တားရင်းဖြင့် ညည်းတွားလိုက်သည်။

"ဖထီး၊ ကျွန်တော် ကေလာသတောင်ပေါ် ရေတက်စိမ်တုန်းက သစ်ခေါင်းတစ်ခုထဲမှာ ဥသုံးလုံးတွေ့တာနဲ့ ဖွတ်ဥထင်လို့ယူလာခဲ့တယ်။ အဲဒီဥတွေက ဒီငန်းမြွေမကြီးရဲ့ဥတွေလားမသိဘူးဖထီး"

နေ့စားဝန်ထမ်း ကျော်သန်းက စောဘလှကို ကြောက်လန့်တကြားဖြင့် သူ့အဖြစ်အပျက်ကို လှမ်းပြောလိုက်သည်။ မှန်သည်။ ကျော်သန်း၏မျက်နှာ၌သွေးမရှိတော့။

"တကောင်ရေ - မင်းယူလာတဲ့ဥတွေ အမြန်ယူပြီး မြွေကြီးကို ပြန်ပေးလိုက်တော့။ ဒီထက်ပိုပြီး သူ့ကို တို့တစ်တွေ ဆက်ထားနိုင်မှာမဟုတ်ဘူး။ အခွံနဲ့ကြာလာရင် အကုန်မသာတွေဖြစ်ကုန်တော့မယ်။ ငန်းဦးကွက်မြွေဆိုတာ သူတို့လောကမှာ ငန်းရာဇာဖြစ်လို့ အသေသာခံမယ်၊ ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်ဘူး"

ကျော်သန်းတစ်ယောက် သူနေသည့်လိုင်းခန်းအတွင်းသို့ ပြေးဝင်ကာ ဆန်အိုးထဲတွင်ထည့်ထားသော ဥကြီးသုံးလုံးကိုယူပြီး ငန်းဦးကွက်မြွေမကြီးရှေ့ရှိ မြက်ခင်းပြင်ပေါ် သို့ အသာလှိမ့်ပေးလိုက်လေ၏။ ငန်းဦးကွက်ကြီးသည် ကျော်သန်း တစ်လုံးချင်းလိမ့်ပေးလိုက်သော သူ၏ရင်သွေးလောင်း ဥကြီးသုံးလုံးကို နှာခေါင်းဖြင့်တရူးရူးတို့ထိနမ်းရှုပ်၍စစ်ဆေးလိုက်၏။ ပြီးနောက် သူ၏ပါးစပ်ကြီးကို အားကုန်ဖြဲကာ မြွေဥသုံးလုံးကို တစ်လုံးချင်း မျိုချသိမ်းယူပြီး လာလမ်းအတိုင်း လျှင်မြန်စွာပြန်လှည့်၍ အမောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ တုတ်၊ မား လက်နက်ကိုယ်စီဖြင့် ငန်းဦးကွက်မြွေမကြီး၏ အန္တရာယ်ကို ဦးဆောင် ကာကွယ်ပေးသော ဖထီးစောဘလှကို ကျေးဇူးတင်စကားလိုက်လှဲစွာ ပြောကြားပေးသည့် အပြင် ပုဆိုးတစ်ထည် နှီဆိုဘူး (၃) လုံးနှင့် လက်ဆောင်ရထားသော အာမီရမ် (၁) လုံးပြင့် ထပ်ဆောင်းဂါရဝပြုလိုက်လေ၏။ ဦးအော်အဖို့ ကျော်လွှန်ဖြတ်သန်းလာခဲ့ပြီးသော အတိတ်ကာလ၏ နေ့ရက်များစွာအတွင်း ဖြစ်ပျက်ကြုံတွေ့ခဲ့သော အဖြစ်သနစ်များကို ပြန်လည်တွေးမိသည့်အခိုန်တိုင်း ကေလာသတောင်မှ ငန်းဦးကွက်မြွေမကြီးကို တသသ သတိရနေဆဲဖြစ်လေတော့သတည်း။

သဒိသံ ပါကံ ဇနေတိ
ဌေးဦး(ရွှေကြန့်ကြေး)

www.burmeseclassic.com

www.burmeseclassic.com

(အောင်လံ)
တင်အေးကျော်
မြေသိုက်ပေါ်မှ နဂါးရုပ်ဘုရား

အကောင်အထည်ဖော် တည်ဆောက်ရန် ပကာမလုပ်ငန်းတစ်ခုဖြစ်သော မြေပြုပြင်ရှင်းလင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထိုနေရာသည် မြို့ကြီး၏ဆင်ခြေဖုံးနေရာတွင်တည်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် လူနေအိမ်ခြေမရှိဘဲ ဖုန်းဆိုးတောကြီးပြင်ကား သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ဝှေ့ထုပ်စွာပေါက်

ပူပြင်းလှသော နေအပူရှိန်ကို အနှံတုလျက် ဘူဒိဇာမြေထိုးစက်ကြီး တစ်စီးသည် စက်သံတဒီးဒီးပေးကာ မောင်းနှင်အလုပ်လုပ်လျက်ရှိနေသည်။ တစ်ချက်တစ်ချက် ပရမ်းပတာတိုက်ခတ်လိုက်သော နွေလေရူးကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မြူနှင်းများထူထပ်စွာ ကျရောက်သွားသလို ဖုန်မှုန့်၊ သဲမှုန့်များကလည်း တစ်ခါတစ်ရံ ဖုံးအုပ်သွားတတ်ပြန်သည်။ လူနေအိမ်ရာစခန်းတစ်ခု

မတ်လဆန်းသို့ ရောက်ရှိနေပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး ရာသီဥတုပူပြင်းကာ ခြောက်သွေ့နေသည်။ နေ့ပူ၊ ညချမ်း တပေါင်းလဆန်းဟု ဆိုစမှတ်ပြုထားသည်နှင့်အညီ ညပိုင်းနှင့် နံနက်ခင်းပိုင်းများတွင်သာ အအေးဓာတ်ရှိသေးသော်လည်း နေအနည်းငယ်မြင့်လာသည်နှင့် ပူပြင်းလာသော နေရောင်ခြည်ကြောင့် အပူရှိန်က သိသိသာသာမြင့်တက်လာသည်။

www.burmeseclassic.com

ရောက်လျက်ရှိသည်။ ရှေ့မီနောက်မီ သက်ကြီးရွယ်အို လူကြီးများ၏ တစ်ဆင့် စကားတစ်ဆင့်ကြားပြောကြားချက်များ အရ ထိုနေရာသည် ယခင်နှစ်ပေါင်း များစွာက ကြီးမားလှသော ရေအိုင်ကြီး တစ်အိုင်ဖြစ်ခဲ့ပြီး တဖြည်းဖြည်းနှင့် မိုးရေ တိုက်စားမှုကြောင့် သဲနုန်းများပို့ကာ နောက်ဆုံးတွင် ရေများခန်းခြောက် သွားခဲ့သည်ဟု သိရှိကြရသည်။

ရေကန်ကြီးသည် လှပ ဆန်းကြယ်သော ကြာပင်ကြာ ပန်းများ ဝေဝေဆာဆာပေါက် ရောက်ဖူးမွှေ့လျက်ရှိပြီး ကြည်

နောက်ပိုင်းတွင် မိုးရေတိုက်စား ကာ သဲနုန်းများကတဖြည်းဖြည်းပို့လာ သည့်အပြင် ပြုပြင်ထိန်းသိမ်းမည့်သူ များလည်း မရှိသောကြောင့် ရေများခန်း ခြောက်ကာ ရေကန်ကြီးကောသွားခဲ့ သည်။ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက် တွင် နေထိုင်သူများ၏ အပြောအရဆို လျှင် ထိုကောသွားခဲ့သည့်ရေကန်ကြီး သည် တဖြည်းဖြည်း ဖုန်းဆုံးတောကြီး ဖြစ်သွားသည့်အပြင် အနားတစ်ဝိုက်သို့ လည်း မည်သူမျှအသွားအလာမလုပ်ရဲ ကြဟု သိရသည်။

အကြောင်းမှာ ထိုဖုန်းဆုံးတော ကြီးတွင် မြွေဆိုးများ အလွန်ပေါများ သတ္တဝါများအကိုက်ခံရကာ သေဆုံးကြ ရသည်။

ထို့ကြောင့် နှစ်ပေါင်းများစွာ ထိုကန်ဟောင်းကြီးရှိ ဖုန်းဆိုးတောကြီး တစ်ဝိုက် မည်သူမျှအသွားအလာမရှိ တော့ဘဲ ကြီးမားလှသော သစ်ပင်ကြီး များ၊ မြက်ပင်ရိုင်းကြီးများ ဖုံးအုပ်ကာ ရှိနေခဲ့သည်။

သို့သော်လည်း နောက်ပိုင်းတွင် တိုးပွားလာသော လူဦးရေကြောင့် မြို့မြ နေရာများကို ချဲ့ထွင်ကာ လူနေအိမ်ရာ များ တိုးချဲ့ဆောက်လုပ်လာခဲ့ကြရာ ယခု နောက်ဆုံး ထိုကန်ဟောင်းကြီး နေရာတွင် လူနေအိမ်ရာစခန်းကြီးတစ်ခု ဆောက်လုပ်ရန် သက်ဆိုင်ရာမှ စီစဉ် ခဲ့သည်။



ပထမဦးစွာ အိမ်ရာဆောက်လုပ် မည့်မြေနေရာအား ချုံနွယ်ပိတ်ပေါင်း များ ရှင်းလင်းခြင်းလုပ်ငန်းကိုလုပ်ဆောင် ကြရာတွင် မြွေနှင့်အဆိပ်ရှိသောသတ္တ ဝါများ ပေါများသည်ကို သိရှိကြသဖြင့် တောရှင်းလင်းမည့်အဖွဲ့များ မရှင်းလင်း ရဲတဲရှိနေခဲ့ကြသည်။ ရှင်းလင်းမည့်အဖွဲ့ များ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာရောက်ကြ သော်လည်း နှစ်ပေါင်းများစွာ အသွား အလာမရှိခဲ့သည့်အတွက် ပိန်းပိတ်ခန့်

လင်စိမ်းလဲ့နေသော ရေမျက်နှာပြင်ရှိ ကာ ဟသ်၊ ကြိုးကြာ အစရှိသည့် ရေ ပေါ်ကျေးငှက်သာရကာတို့၏ ပျော်မြူး ဟစ်ကြွေးသံများနှင့် အလွန်ပင် ကျက် သရေရှိလှသော ရေကန်ကြီးတစ်ကန် ဖြစ်ခဲ့ကြောင်း ရှေးလူကြီးများက ပြောပြ ကြသည်။

သောကြောင့် ဖြစ်သည်။ အနီးပတ်ဝန်း ကျင်သို့ အကြောင်းကိစ္စတစ်စုံတစ်ရာ ဖြင့် ဖြတ်သန်းသွားမိသူများ တောကြီး ထဲမှ ကြီးမားလှသော ငန်းမြွေကြီးများ ထွက်လိုက်တတ်သလို တောကြီးထဲသို့ ဝင်သွားမိသည့် ကျွဲ၊ နွားစသည့်တိရစ္ဆာန် မှန်သမျှသည်လည်း အဆိပ်ရှိသော

www.burmeseclassic.com

www.burmeseclassic.com

အောင်ထူထပ်လှသော ချုန်ယွန်များကို ကြည့်ပြီး လက်လျှော့ကာ ပြန်သွားကြသည်။

ထို့ကြောင့် နောက်ဆုံးတွင် ထိုမြေကွက်လပ်ကြီးအား လူအင်အားဖြင့် မရှင်းလင်းတော့ဘဲ ချုန်ယွန်များ၊ သစ်ပင်ကြီးများ ရှင်းလင်းခုတ်ထွင်ခြင်းနှင့် မြေမျက်နှာပြင်ညီခြင်းလုပ်ငန်းများလုပ်ဆောင်ရန် ကန်ထရိုက်ရထားသော ဆောက်လုပ်ရေးကုမ္ပဏီကြီးမှ မြေထိုးစက်ဘူဒိုဇာကြီးတစ်စီးနှင့် အထွေထွေလုပ်ငန်းများ ကူညီဆောင်ရွက်နိုင်ရန် အလုပ်သမားအဖွဲ့တစ်ဖွဲ့ကို စေလွှတ်လုပ်ဆောင်စေခဲ့သည်။

လုပ်ငန်းကိစ္စအဝဝကို ကြီးကြပ်ကွပ်ကဲလုပ်ဆောင်နိုင်ရန် တာဝန်ခံတစ်ဦးအဖြစ် ကုမ္ပဏီမှဆိုဒ်မန်နေဂျာတစ်ဦးဖြစ်သူ ဦးထွန်းဝေအား တာဝန်ပေးကာ လုပ်ငန်းကို အမြန်စတင်စေခဲ့သည်။ ဦးထွန်းဝေမှာ ဆောက်လုပ်ရေးကုမ္ပဏီကြီးတွင် လုပ်သက်ရှင်မန်နေဂျာတစ်ဦးဖြစ်ပြီး လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံများသူ ဖြစ်သည်။

ထို့ကြောင့်ပင် လုပ်ငန်းစတင်မီ ထိုနေရာတစ်ဝိုက်ရှိ မြင်အပ်၊ မမြင်အပ်သောပုဂ္ဂိုလ်များ၊ ပရလောကသားများအား မေတ္တာပို့ အမျှအတန်းပေးဝေခဲ့ပြီး ထိုနေရာတစ်ဝိုက်မှဖယ်ရှားပေးပါရန်နှင့် အကယ်၍ လုပ်ငန်းဆောင်ရွက်နေစဉ် မတော်တဆ အပြစ်တစ်စုံတစ်ရာကျူးလွန်မိခဲ့ပါကလည်း ခွင့်လွှတ်ပေးပါရန် တောင်းပန်ခဲ့သည်။

မိမိကိုယ်တိုင်လည်း အဆိပ်ရှိသောသတ္တဝါများရန်မှကင်းဝေးစေရန် အတွက် မေတ္တာသုတ်၊ ခန္ဓသုတ်နှင့် ပရိတ်တရားလေးသုတ်တော်များကို မပြတ်ရွတ်ဆိုပူဇော်နေခဲ့ပြီး အခြားသူများကိုလည်း ရနိုင်သမျှ ဘုရားစာများ ရွတ်ဖတ်ကာ လုပ်ငန်းဆောင်ရွက်ကြရန် မှာကြားထားခဲ့သည်။

ထို့အပြင် လုပ်ငန်းဆောင်ရွက်နေရင်း မြွေနှင့်အဆိပ်ရှိသောသတ္တဝါများတွေ့ပါက သတ်ဖြတ်ခြင်းမပြုလုပ်ကြရန် အထူးပင် မှာကြားထားခဲ့သည်။ တစ်ခုထူးခြားသည်မှာ မြွေဆိုးများနှင့်အဆိပ်ရှိသောသတ္တဝါများ အလွန်ပေါများသည့် ဆိုသောဖုန်းဆိုးတောကြီးတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ တစ်ပတ်ကျော်လာခဲ့ပြီဖြစ်သော်လည်း တစ်ကောင်တလေမှပင် မတွေ့ရခြင်း ဖြစ်သည်။

သို့ရာတွင် လုပ်ငန်းအားလုံး မပြီးဆုံးသေးသောကြောင့် သတိဝီရိယကို တေ့မပြတ်ထားကာ ဂရုစိုက်၍ လုပ်ဆောင်နေကြရသည်။ သို့ဖြင့် လုပ်ငန်းစတင်ခဲ့သည်မှာ တစ်ပတ်ကျော်လာခဲ့ပြီး နောက်ထပ်တစ်ရက်၊ နှစ်ရက်ဆို လျှင် ကွင်းပြင်ကြီးတစ်ခုလုံး ရှင်းလင်းပြီးတော့မည် ဖြစ်သည်။

❑

ဦးထွန်းဝေ လက်မှနာရီကိုကြည့်လိုက်သောအခါ အပူရှိန်အပြင်းထန်ဆုံး အချိန်ဖြစ်သော နေ့လယ်တစ်နာရီ ကျော်ခန့်ရှိနေပြီဖြစ်ကြောင်း သိလိုက်ရသည်။ အပူချိန်က ပြင်းထန်လှသောကြောင့် အလုပ်လုပ်နေသည့်နေရာနားအထိ သွားမကြည့်နိုင်တော့ဘဲ ကွင်းအစပ်တွင်ရှိသော ကြီးမားလှသည့် သစ်ပင်ကြီးတစ်ပင်အောက်တွင် အရိပ်ခိုရင်း ဖုန်တထောင်းထောင်းထအောင် အလုပ်လုပ်လျက်ရှိသောမြေထိုးစက်ကြီးနှင့် အလုပ်သမားများအား ဦးထွန်းဝေ လှမ်းမျှော်ကာ ကြည့်နေမိသည်။

ထိုအခိုက်မှာပင် ရုတ်တရက် စက်ရှိန်သတ်လိုက်သော မြေထိုးစက်ကြီး၏အသံနှင့်အတူ အလုပ်သမားများ၏ အလန့်တကြား အော်ဟစ်လိုက်သံကို ဦးထွန်းဝေ ကြားလိုက်ရသည်။ အလုပ်သမားအချို့က ဦးထွန်းဝေရပ်နေသော သစ်ပင်ကြီးဆီသို့ ပြေးလာနေသည်။

ထို့ကြောင့် ဦးထွန်းဝေ သစ်ပင်အောက်မှ အမြန်ထွက်လိုက်ကာ ပြေးလာနေသော အလုပ်သမားများဆီသို့ ခပ်သွက်သွက်လျှောက်သွားလိုက်မိ၏။

"ဟေ့ကောင်တွေ ဘာတွေတွေ့လို့လဲ၊ ဘာဖြစ်လို့လဲ"

ရှေ့ဆုံးမှပြေးလာသော အလုပ်သမားခေါင်းဆောင်ဖြစ်သူ အောင်မောင်းမှာ ရုတ်တရက်ဘာမှပြန်မပြောနိုင်သေးဘဲ အရှိန်သတ်ထားသောစက်ကြီးဆီသို့သာ လှည့်ကြည့်ထိုးပြနေသဖြင့် ဦးထွန်းဝေ စိတ်မရှည်နိုင်တော့ဘဲ ခပ်ငေါက်ငေါက်မေးလိုက်မိသည်။

"ဟေ့ကောင် အောင်မောင်း၊ ဘာတွေဖြစ်လို့လဲကွ။ မြန်မြန်ပြောစမ်းပါ"

"ဆရာ. . . ဆရာ လိုက်ခဲ့ပါဦး။ စက်ဆရာက ဆရာ့ကို အမြန်ခေါ်ခိုင်းလိုက်လို့ ကျွန်တော်ပြေးလာတာပါ"

အောင်မောင်းစကားဆုံးသည်နှင့် ဦးထွန်းဝေ မပြေးရဲတမယ် စက်ကြီးအလုပ်လုပ်နေသည့်နေရာသို့ ခပ်မြန်မြန်ပင်ထွက်လာခဲ့သည်။ မြေထိုးစက်ကြီးနှားရောက်သည်နှင့် စတ်ပေါ်မှ စက်မောင်းကိုမြင့်မောင်အား လှမ်းမေးလိုက်သည်။

"ကိုမြင့်မောင်၊ ဘာတွေ့လို့လိုက်လို့လဲ။ ဒါမှမဟုတ်ရင် စက်တစ်ခုခုဖြစ်သွားလို့လား"

"စက်ကဘာမှမဖြစ်ပါဘူး ဆရာ။ ရုတ်တရက်တွေ့လိုက်တော့ ဘယ်လို ဆက်လုပ်ရမှန်းမသိလို့ ဆရာ့ကိုပြေးခေါ်ခိုင်းလိုက်တာပါ"

ထိုအခါကမှ ဦးထွန်းဝေ အလုပ်သမားများ ဝိုင်းကြည့်နေကြသော စက်ကြီးရှေ့ဘက်ဆီသို့ သတိထားကြည့်လိုက်မိပြီး ခပ်သွက်သွက်ကပ်သွားပြီး ကြည့်လိုက်သောအခါ တွေ့လိုက်ရသောမြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့သည်။ ထို့ကြောင့်ပင် အလုပ်သမားများအား လှမ်း၍ သတိပေးစကားပြောကြားလိုက်သည်။

"ဟေ့ကောင်တွေ၊ ဘာမှသွားမလုပ်ကြနဲ့ဦးနော်။ အနောက်ဘက်ကို ဆုတ်ပြီးကြည့်ကြ။ ဒီလိုခြေတောင်ပို့တွေမှာ မြွေတွေဘာတွေတွင်းအောင်းပြီး အသိုက်လုပ်နေတတ်ကြတယ်"

ဦးထွန်းဝေ သတိပေးစကားပြောလိုက်သောကြောင့် အလုပ်သမားများ နောက်ဘက်သို့အမြန်ဆုတ်ပြေးကြတော့သည်။ မြင်တွေ့လိုက်ရသည့်အရာများမှာ ခြေတောင်ပို့များဖြစ်ပြီး တောချုန်ယွန်များက တစ်ဝက်တစ်ပျက်ဖုံးအုပ်နေသဖြင့် မည်မျှများပြားမှန်း မသိရသေးသောကြောင့် စက်ကြီးပေါ်သို့ တွယ်တက်လိုက်ကာ ကြည့်လိုက်မိသည်။

"ထူထပ်လှသော်ချုန်ယွန်များကြောင့် ခြေတောင်ပို့များကို ရှင်းရှင်းလင်းလင်း မတွေ့ရသော်လည်း ကြီးမားလှသည့် မြေနောင်ရှိသော ခြေတောင်ပို့ကြီးတစ်ခု၏ ထိပ်ပိုင်းကိုတော့ စက်ကြီးပေါ်မှ မြင်တွေ့လိုက်ရသည်။

"ကိုမြင့်မောင်ရေ၊ ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော် ကြားဖူးသိဖူးထားတာကတော့ ဒီလိုခြေတောင်ပို့တွေမှာ မြွေတွေဘာတွေအသိုက်လုပ်ပြီးနေတတ်ကြတယ်တဲ့ဗျ။ ပြီးတော့လည်း ဒီခြေတောင်ပို့တွေကိုတွေ့ရင်မဖျက်ဆီးရဘူး။ ကောင်းတဲ့လက္ခဏာဖြစ်လို့ သဲတွေဘာတွေခင်းပြီး အကာအရံတောင်လုပ်ထားတတ်ကြတယ်လို့ကြားဖူးတယ်။ အမွှေးတိုင်ထွန်းပြီး ရိုရိုသေသေထားရင် စီးပွားတောင်တက်သတဲ့ဗျ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်းကြားဖူးတယ်။ ဒီတောကြီးကိုရှင်း

www.burmeseclassic.com

www.burmeseclassic.com

တာ ထူးခြားတာတစ်ခုကို ဆရာသတိထားမိသလား မသိဘူး။ မြွေတွေအလွန်ပေါပါတယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့အလုပ်လုပ်လာတာ အခုဆိုတစ်ပတ်တောင်ကျော်လာပြီ။ တောကြီးတစ်ခုလုံးလည်း ရှင်းလို့ပြီးတော့မယ်။ အခုအချိန်ထိ မြွေမပြောနဲ့၊ အဆိပ်ရှိတဲ့သတ္တဝါဆိုလို့ ကင်းတစ်ကောင်တောင် မတွေ့ရသေးဘူး။ တော်တော့်ကို ထူးခြားနေတယ်။ ဒါကြောင့် ဒီခြေတော်ပို့တွေထဲမှာများ မြွေတွေဝင်အောင်းနေသလားလို့ ကျွန်တော် သံသယဖြစ်မိတယ်"

"အေးဗျ၊ ခင်ဗျားပြောမှပဲ ကျွန်တော်လည်း သတိထားမိတော့တယ်။ မဖြစ်နိုင်ဘူးလို့လည်း ပြောလို့မရဘူး။ အဲဒီတော့ အခြေအနေတိုင်း ကျကျမသိရသေးခင်မှာ ဘာမှသွားမလုပ်တာကောင်းမယ်ထင်တယ်။ မနက်ဖြန် မနက်ကျရင် ကျွန်တော် ရုံးကိုသွားပြီး သတင်းပို့လိုက်ဦးမယ်။ လောလောဆယ်တော့ ဒီခြေတော်ပို့နေရာတွေကို စက်နဲ့ မထိုးဘဲ လူအားနဲ့သတိထားပြီးရှင်းလိုက်ရင် ကောင်းမယ်ထင်တယ်။ တော်ကြာ စက်နဲ့ထိုးလိုက်လို့ မြွေသိုက်တွေဘာတွေ ဖြစ်နေရင် မြွေတွေမနိုင်မနင်းထွက်လာလိမ့်မယ်။ အဲဒီအခါကျရင် မယ္မာယ်ဘူးဗျ။ တော်တော်အန္တရာယ်ကြီးမယ်"

"ဟုတ်ပါတယ် ဆရာ၊ ဆရာပြောသလိုပဲလုပ်လိုက်တာ ကောင်းမယ်ထင်ပါတယ်"

"ကဲ - ဒါဆို လူအားနဲ့ပဲသတိထားပြီးရှင်းလိုက်ကြတာပေါ့။ ဟေ့ကောင် အောင်မောင်း မင်းအဖွဲ့နဲ့ခပ်ဖြည်းဖြည်းသတိထားပြီး ရှင်းကြရအောင်။ အခြေအနေမကောင်းရင် တစ်မိုးစီစဉ်ကြသေးတာပေါ့။ မင်းလူတွေကို သေချာပြောထားနော်၊ မြွေတွေဘာတွေထွက်လာရင် မသတ်ရဘူး။ အတတ်နိုင်ဆုံး မထိခိုက်အောင်လုပ်ကြ"

"ဟုတ်ကဲ့ ဆရာ"

ရှိသည့် လူအင်အားနှင့်ပင် ခြေတောင်ပို့များပတ်ပတ်လည်ကို သတိထားပြီးရှင်းလင်းကြရာ ညနေစောင်းခါနီးအချိန်လောက်တွင် ရှင်းလင်းပြီး ဖြစ်သွားသည်။ အိမ်ကြီးတစ်လုံး၏ အကျယ်ခန့်ရှိသောမြနေရာပေါ်တွင် ခြေတောင်ပို့အရွယ်အစားမျိုးစုံတို့ကို တွေ့လိုက်ကြရပြီး ထိုအထဲတွင် အကျယ်အဝန်းလင်ပန်းကြီးတစ်ချပ်စာခန့်ရှိ၍ လူကြီးတစ်ယောက်၏ အရပ်အမောင်းခန့်ကြီးမားလှသော ခြေတောင်ပို့အနီရောင်ကြီး တစ်ခုကိုလည်း ထူးထူးခြားခြားတွေ့ကြရသည်။

ကျန်သည့် ခြေတောင်ပို့များမှာ ထိုနေရာဇစ်ပို့ကိတွင်တွေ့ရတတ်သော မြေကြီးအရောင်ပြဲသော်လည်း အလယ်ကောင်တည့်တည့်ရှိ ခြေတောင်ပို့ကြီးမှာမူ ထိုနေရာရှိ မြေကြီးအရောင်မဟုတ်ဘဲ တစ်မူထူးခြားကာ နီရဲလျှံလျှံရှိသည်။

"ကိုမြင့်မောင်ရေ၊ ထူးတော့ထူးခြားတယ်ဗျ။ ဒီအသက်အရွယ်အထိ ကျွန်တော် တွေ့ဖူးမြင်ဖူးသမျှထဲမှာ ဒီလောက်ကြီးတဲ့ ခြေတောင်ပို့ကို အခုပထမဦးဆုံးမြင်ဖူးတာပဲ။ ပြီးတော့လည်း ကျွန်တော်တွေ့ဖူးတဲ့ ခြေတောင်ပို့တွေက အဲဒီနေရာတစ်ပို့ကိမှာရှိတဲ့ မြေအရောင်အလိုက် မြေနီဆို အနီရောင်၊ မြေဝါဆိုရင် အဝါရောင်ပဲ။ အခုတော့ ထူးထူးခြားခြား မြေအဝါတွေပဲရှိတဲ့နေရာမှာ မြေနီရောင်ခြေတောင်ပို့ကြီးကို တွေ့ရလို့ သာမန်မဟုတ်ဘဲ ထူးခြားနေတယ်။ ကဲ-ဒီနေ့တော့ ဒီလောက်နဲ့ပဲ 'အလုပ်သိမ်းလိုက်ကြရအောင်။ ကျွန်တော် မနက်ဖြန် မနက် ရုံးချိန်ကိုသွားပြီး ဒီကအခြေအနေကို သွတင်းသွားပို့လိုက်ဦးမယ်။ ဒီကြားထဲမှာတော့ ခင်ဗျား ဝက်ကြီးကို ခဏနားထားဦး။ တခြားလူတွေလည်း မနက်ဖြန်တစ်ရက် အလုပ်နားကြ။ အောင်မောင်းနဲ့ အလုပ်သမားတစ်ယောက်တော့ မနက်ဖြန် အလုပ်ဆင်း။ လူတစ်ယောက်မှ မရှိရင်လည်း မဖြစ်ဘူး။ ပစ္စည်းတွေဘာတွေပျောက်ရှနေဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

ထိုအခါကျမှ စက်ဆရာဖြစ်သူ ကိုမြင့်မောင်ကလည်း သူ့လက်ထောက်စက်မောင်းဖြစ်သူ မြင့်ခိုင်ကို လှမ်းပြောလိုက်သည်။

"ဆရာဦးထွန်းဝေပြောတာဟုတ်တယ်။ တော်ကြာ ဆိုဒ်တစ်ခုလုံး လူတစ်ယောက်မှမရှိလို့ စက်ထဲကဆီတွေလာဖောက်ယူနေရင်ခက်မယ်။ မြင့်ခိုင်၊ မင်းလည်း မနက်စောစောလာလိုက် ကြားလား။ ငါ မနက်ဖြန် ဆရာနဲ့ရုံးကိုလိုက်သွားလိုက်မယ်"

"ဟုတ်ကဲ့ အစ်ကို"

"ငါတို့လည်းမရှိဘူး၊ အလုပ်လည်းလုပ်စရာမရှိဘူးဆိုပြီး သုံးယောက်ပေါင်းပြီး သောက်စားလည်းမနေကြနဲ့ဦး"

"ဟုတ်ကဲ့ပါ အစ်ကို စိတ်သာချသွားပါ"

အလုပ်သမားခေါင်းဆောင်ဖြစ်သူ အောင်မောင်းနှင့် လက်ထောက်စက်မောင်း မြင့်ခိုင်တို့က သောက်တတ်စားတတ်ကြသဖြင့် ကိုမြင့်မောင် စိတ်ချရမှာကြားနေရခြင်း ဖြစ်သည်။ အဆုံးသဖြင့် သူ၏ လက်ထောက်စက်မောင်း မြင့်ခိုင်က အရက်မမူးလျှင် သဘောကောင်းသလောက် အရက်နည်းနည်းမူးလာပြီဆိုသည်နှင့် ဘယ်သူမှထိန်းသိမ်းရှိမရတော့ဘဲ စိတ်ထဲထင်ရာမြင်ရာကို စွတ်ရွတ်လုပ်တတ်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ကိုမြင့်မောင် သေသေချာချာဂရုစိုက်၍ မှာကြားနေရခြင်း ဖြစ်သည်။

❑

အလုပ်ခွင်ရပ်နားထား၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အောင်မောင်း၊ မြင့်ခိုင်နှင့် အလုပ်သမားတစ်ဦးဖြစ်သူ ကျော်သန်းတို့မှာ ခြေတောင်ပို့များနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော သစ်ပင်ကြီးတစ်ပင်အောက်တွင်ထိုင်ရင်း ထွေရာလေးပါးပြောဆိုလျက် မနက်ခင်းအချိန်ကုန်ဆုံးသွားခဲ့သည်။

နေ့လယ် ဆယ့်နှစ်နာရီခန့်တွင် မနက်စာထမင်းစားကြပြီး ဘာအလုပ်မှလည်းလုပ်စရာမရှိသည့်အတွက် သစ်ပင်ကြီးအောက်တွင်ပင် ငုတ်တုတ်ထိုင်နေကြရသည်။ အချိန်ကြာလာသောအခါ ပျင်းရိငြီးငွေ့ခြင်းကို သည်းမခံနိုင်တော့သဖြင့် မြင့်ခိုင်က အောင်မောင်းကို အဖော်စပ်စကားပြောလာခဲ့သည်။

"ဟေ့ကောင် အောင်မောင်း၊ လုပ်စရာ ဘာမှလဲမရှိတော့ ပျင်းလိုက်တာကွာ။ နေကလည်းဒီလောက်တောင်ပူနေတာ ဆရာတို့လည်း တော်တော်နဲ့လာကြဦးမှာမဟုတ်ဘူး။ မင်းနဲ့ငါဟိုနားဒီနားလျှောက်ကြည့်ကြရအောင်။ ကျော်သန်း၊ မင်းစောင့်ကျန်ခဲ့၊ ငါတို့သိပ်မကြာဘူးပြန်လာမယ်"

မြင့်ခိုင်တို့၏ အကြံအစည်ကို ကျော်သန်း ရိပ်မိသော်လည်း မိမိမှာ သာမန်အလုပ်သမားတစ်ယောက်သာဖြစ်သည့်အပြင် အသက်အရွယ်ကလည်း နှစ်ယောက်လုံး မိမိထက်ကြီးသူများဖြစ်ကြ၍ ဘာမှမပြောရဲဘဲ ခေါင်းကိုသာညိတ်ပြလိုက်သည်။

ညနေ (၃) နာရီခန့်အချိန်တွင် မြင့်ခိုင်နှင့်အောင်မောင်းတို့နှစ်ယောက် ပြန်လာကြသည်။ အတော်ပင် ရေခဲနှိုက်လာပြီး လမ်းကိုပင်မြောင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

မလျှောက်နိုင်ကြတော့ပေ။ နို့ရဲနေသော မျက်လုံးကြီးများနှင့် အရက်နံ့ကလည်း တထောင်းထောင်းထလျက်ရှိသည်။

"ဟေ့ကောင် ကျော်သန်း၊ ဆရာတို့ပြန်လာကြပြီလား။ ငါတို့အပြင်သွားနေတုန်း ဘာထူးသေးလဲ"

"ဆရာတို့ ပြန်မလာကြသေးဗျ၊ ဘာမှလဲမထူးပါဘူး"

"အဲဒါကြောင့် ငါ မင်းကိုပြောတာပေါ့ကွ။ သိလား အောင်မောင်း၊ ဆရာတို့က တော်တော်ကိုအကြောက်လွန်ကြတယ်။ ခြတောင်ပို့တွေပဲကွာ၊ ဘာထူးမှာမို့လို့လဲ။ မြွေသိုက်မကလို့ နဂါးသိုက်ကြီးရှိတယ်ဆိုရင်တောင် ငါကတော့ မကြောက်ဘူး။ စက်ကြီးနဲ့ထိုးပြီးတက်နင်းပစ်လိုက်ရင် ဘာတတ်နိုင်မှာလဲ"

"မင်းပြောတာဟုတ်တယ်မြင့်ခိုင်၊ ငါလည်း အဲဒါကိုပြောမလို့။ မနေ့ကတည်းက စက်ကြီးနဲ့ထိုးပစ်လိုက်ရင် ပြီးတဲ့ကိစ္စကို။ မြွေသိုက်ရှိလို့ မြွေတွေဘာတွေထွက်လာရင်လည်း အလုပ်သမားတွေနဲ့ ဝိုင်းပြီးရိုက်သတ်လိုက်ရင်ရတဲ့ဥစ္စာ။ မြွေဆားရရင် အရက်နဲ့တောင် မြည်းလို့ရသေးတယ်။ အခုတော့ ဆရာတို့က မကြောက်သင့်တာကိုတွေးပြီး ကြောက်နေတော့ အလုပ်လုပ်ရတာ အချိန်ကြာတာပဲ အဖတ်တင်တယ်"

"ဒါဆို အခုဆရာတို့ပြန်မလာခင် ငါစက်ကြီးနဲ့ထိုးပစ်လိုက်မယ်။ ဆရာတို့ ပြန်လာမှဆိုရင် တားနေကြဦးမှာ။ မင်း ဘယ်လိုသဘောရသလဲ"

"လုပ်လိုက်လေကွာ၊ ဘာခက်တာမှတ်လို့။ ဘာမှကြောက်စရာအကြောင်း မရှိဘူး"

ထိုအခါကျမှ ကျော်သန်းက မပြောရဲပြောရဲနှင့် ဝင်ပြောလိုက်သည်။

"အစ်ကိုတို့ကလည်းဗျာ၊ ဆရာတို့ကိုစောင့်ပြီးလာမှလုပ်ကြပါလား။ တော်ကြာ ဆရာတို့မရှိခင်လုပ်လိုက်လို့တစ်ခုခုဖြစ်ရင် မကောင်းဘူးဗျ"

"ဟေ့ကောင်ကျော်သန်း၊ မင်းဟာ မင်းကြောက်ရင် ခပ်ဝေးဝေးဖယ်နေ။ ငါတို့လုပ်တာ ငါတို့တာဝန်ယူတယ်"

ကျော်သန်းလည်း တားရ၍မရနိုင်မှန်းသဘောပေါက်သွားသဖြင့် စက်ကြီးနှင့် ခပ်ဝေးဝေးရှိ သစ်ပင်ရိပ်ရှိရာသို့သွား ရှောင်နေလိုက်သည်။

"အောင်မောင်း၊ မြွေတွေဘာတွေထွက်လာရင် ရိုက်ရုပ်တရအောင် တုတ်တစ်ချောင်းလောက်ယူထားလေကွာ"

မြင့်ခိုင် စက်ကြီးပေါ်သို့ ဒယီးဒယိုင်တက်သွားရင်း လှမ်းပြောလိုက်သောကြောင့် အောင်မောင်း မလှမ်းမကမ်းမှ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ကိုင်ထားလိုက်သည်။ ခဏအကြာတွင် ထူးခဲနဲ့ အင်ဂျင်စက်နှိုးလိုက်သံနှင့်အတူ ဘုဒ္ဓိဇာမြေထိုးစက်ကြီးသည် အသက်ဝင်လှုပ်ရှားလာပြီး ခြတောင်ပို့များဆီသို့ တဖြည်းဖြည်းချဉ်းကပ်သွားခဲ့သည်။

ခြတောင်ပို့များအစပ်သို့ရောက်သည်နှင့် လက်တံကြီးကိုနှိမ့်ချလိုက်ပြီး စတင်ဖြိုချလိုက်တော့သည်။ သာမန်မြေကြီးခြတောင်ပို့များ ဖြစ်သော်လည်း အလွန်မာကျောလှသောကျောက်တောင်များကိုဖြိုချရသလို ရုတ်တရက် စက်ကြီးက ရှေ့သို့ဆက်မတိုးနိုင်ဘဲရှိနေခဲ့သည်။

ထို့ကြောင့် စက်မောင်း မြင့်ခိုင် တစ်ယောက် အရက်ကလည်းမူးနေ၊ လူကလည်းစိတ်တိုစိတ်ဆတ်တတ်သော သူတစ်ဦးဖြစ်သောကြောင့် မျှစ်မျှစ်နှစ်နှစ် ဆရေးတိုင်းထွာလိုက်ပြီး စက်ကြီး၏ အရှိန်ကို အစွမ်းကုန် မြင့်မောင်းလိုက်တော့သည်။ ဆူညံစွာမြည်ဟည်းသွားသောအင်ဂျင်စက်သံနှင့်အတူ ခြတောင်ပို့သံ။ လေးခု၊ ငါးခုခန့် ပြိုလဲသွားပြီး တစ်ဆက်တည်းပင် စက်ကြီး၏အင်ဂျင်မှာ ရုတ်တရက်ထိုးရပ်သွားတော့သည်။

မြင့်ခိုင် စိတ်တိုတိုနှင့် စက်ကြီးကို ပြန်နှိုးသော်လည်း ဘယ်လိုမှနှိုးမရဘဲရှိနေစဉ်ပင် အောက်ဘက်မှလှမ်းအော်လိုက်သော အောင်မောင်းနှင့်ကျော်သန်းတို့၏ အသံများကြောင့် စက်ကြီး၏ အောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။

"ဟေ့ကောင် မြင့်ခိုင်၊ မြွေတွေထွက်လာနေပြီ။ စက်ပေါ်က မြန်မြန်ဆင်းလာခဲ့တော့"

"အစ်ကိုတို့မြန်မြန်ပြေးကြတော့၊ မြွေတွေအများကြီးထွက်လာပြီ"

မြင့်ခိုင်တွေ့လိုက်ရသည်က ပြိုကျသွားသော ခြတောင်ပို့များဆီမှ အထွေးလိုက်အထွေးလိုက်ထွက်လာနေသော အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံမြွေများ ဖြစ်သည်။ ထို့ကြောင့်ပင် မြင့်ခိုင် ကြောက်ကြောက်လန့်လန့်နှင့် စက်ကြီးပေါ်မှ အောက်ဘက်ဆီသို့ ဝုန်းခနဲခနဲခုလိုက်ပြီး ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့လေတော့သည်။ အောင်မောင်းနှင့် ကျော်သန်းတို့ကိုလည်း မတွေ့ရတော့ဘဲ မြင့်ခိုင်ကိုလှမ်းအော်ကာ သတိပေးပြီး သည်နှင့် ထွက်ပြေးခဲ့ကြပြီး ဖြစ်သည်။

ညနေစောင်းချိန် ဦးထွန်းဝေတို့ ရောက်လာကြသောအခါ မည်သူကိုမျှ မတွေ့ရတော့ဘဲ ပြိုကျပျက်စီးနေသော ခြတောင်ပို့အချို့နှင့် ထိုးလှန်သားရပ်ထားခဲ့သည့် မြေထိုးစက်ကြီးကိုသာ တွေ့ကြရတော့သည်။ ခပ်စောစောပိုင်းက ခြတောင်ပို့များဆီမှထွက်လာသော မြွေအုပ်ကြီးကိုတော့ တစ်ကောင်တလေမျှ ပင် မတွေ့ကြရတော့ပေ။ ထို့ကြောင့် အခြေအနေကို သုံးသပ်ကြည့်ကြသောအခါ မြင့်ခိုင်တို့အုပ်စု မိမိတို့မရှိခိုက် အရက်သေစာသောက်စားကြပြီး မူးမူးရွရွနှင့် ခြတောင်ပို့များကို ဖြိုချနေကြပုံရသည်။

စက်ဆရာကိုမြင့်မောင်မှာ တတ်တခေါက်ခေါက်နှင့် သူ၏တပည့်ဖြစ်သူ မြင့်ခိုင်အား စိတ်ဆိုးဒေါသထွက်နေသဖြင့် ဦးထွန်းဝေမှ မနည်းပင်ဖျောင်းဖျပြောဆိုခဲ့ရသည်။

"ကဲ - ကိုမြင့်မောင်ရေ၊ ကျုပ်တို့ မရှိတုန်း ဒီကောင်တွေသောက်စားကြပြီး မူးမူးရွရွနဲ့ ဒုတ္တကာရလုပ်ထားကြပုံရတယ်။ အခုလောလောဆယ် ဘာမှလဲ တိတိကျကျမသိရသေးတော့ မနက်ဖြန် မနက်ပိုင်းကျမှ သေသေချာချာမေးကြည့်ပြီးအရေးယူတာတွေဘာတွေလုပ်ရမယ်။ အလုပ်ဖြုတ်သင့်ရင်လည်းဖြုတ်ပစ်တာပေါ့ဗျာ။ ဒါကြောင့် စိတ်လည်း သိပ်ပြီးတိုမနေပါနဲ့။ ဒီကောင်တွေ မူးရွနေတော့ အခုနေ အိမ်ကိုသွားမေးကြည့်ရင်လည်း ဘာမှသိရမှာမဟုတ်ဘူး။ စိတ်တိုပြီး ဒေါသထွက်ရတာပဲ အဖတ်တင်လိမ့်မယ်။ ဒါကြောင့် ညစောင့်လာရင်မှာသင့်တာမှာပြီး အိမ်ပြန်ကြရအောင်"

ညစောင့်လာသောအခါ မှာသင့်သည်များကိုမှာကြားပြီး ဦးထွန်းဝေတို့ အိမ်သို့ပြန်ခဲ့ကြသည်။

❑

အိမ်သို့ ပြန်ရောက်သောအခါ ရေမိုးချိုး ညစာထမင်းစားပြီး ဦးထွန်းဝေ စိတ်မောလူမောနှင့် ခပ်စောစောပင် အိပ်ရာဝင်ခဲ့သည်။ အိပ်ပျော်သွားပြီး နောက် ဦးထွန်းဝေ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် ဦးထွန်းဝေတစ်ယောက်ကြီးမားလှသော လိုက်ဂုကြီးတစ်ခု အတွင်းသို့ရောက်ရှိနေပြီး ဂုကြီးမှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဂုကြီးတစ်ခုဖြစ်ကာ မြင်မားလှသော ဂုအိုးကြီးတွင် ကျောက်စက်ပန်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com

များနှင့် ပြည့်နှက်လျက်ရှိသည်။

ရှည်လျားကျယ်ပြန့်လှသောဂူကြီး၏အတွင်းပိုင်းတွင် သဘာဝအလျောက်ဖြစ်ပေါ် နေသည့် စမ်းချောင်းလေးတစ်ခုက တသွင်သွင်ဖြတ်သန်းစီးဆင်းလျက်ရှိနေပြီး ကြည်လင်သန့်ရှင်းနေသောရေထဲတွင် ရွှေငါးကလေးများ ကူးခပ်သွားလာနေသည်ကိုပင် မြင်နေရသည်။

စမ်းချောင်းကလေး၏ဘေးဘက်များတွင် သစ်သီးဝလံပန်းမန်ပင်များကလည်း ပေါက်ရောက်လျက်ရှိနေသောကြောင့် သစ်သီးမှည့်များမှထွက်သော မွှေးကြိုင်သည့်ရနံ့များ၊ ပန်းပွင့်များမှထွက်နေသော မွှေးကြိုင်လှသည့်ပန်းရနံ့များကြောင့် မည်သည့်ရနံ့ဟူ၍ ပြောမပြတတ်အောင် မွှေးရနံ့များက ထုံအီသင်းပျံ့နေသည်။

ဦးထွန်းဝေ အံ့သြလှစွာဖြင့် ဂူကြီး၏အတွင်းပိုင်းဆီသို့ ခပ်ဖြည်းဖြည်းဝင်လာခဲ့ရာ ခရာအကြာတွင် ရုတ်တရက် မြင်တွေ့လိုက်ရသောအရာများကြောင့် လှုပ်လက်စခြေလှမ်းများ တုံ့ခနရပ်သွားမိခဲ့သည်။ မြင်တွေ့လိုက်ရသည့်အရာများက အခြားမဟုတ်ဘဲ အထွေးလိုက် အထွေးလိုက်ရှိနေသော အရွယ်အစားမျိုးစုံ အရောင်မျိုးစုံရှိ မြွေများဖြစ်သည်။

မြွေအမျိုးအစားကလည်း စုံလင်လှပြီး သစ်ပင်များ၏အပေါ်တွင် လည်းကောင်း၊ အပင်ခြေရင်းများတွင် လည်းကောင်း အခွေလိုက်အထွေးလိုက်ရှိနေသည့်အပြင် အခို့မြွေများကလည်း လျှာကလေးများတစ်လစ်တစ်လစ်နှင့် တလှုပ်လှုပ်လူးလွန့်ကာ သွားလာနေကြသည်မှာ မြင်ရသူအဖို့ အလွန်ပင် အသည်းယားစရာကောင်းလှပေသည်။ ထို့ကြောင့်ပင် ဦးထွန်းဝေ ကြောက်စိတ်ဝင်လာပြီး ဆက်မသွားရဲတော့သဖြင့် နောက်ကြောင်းသို့ပြန်လှည့်ရန်ပြင်လိုက်မိသည်။

ထိုအခိုက်မှာပင် နောက်နားဘက်ဆီမှ ရှူးခနဲခနဲမှုတ်လိုက်သံပြင်းပြင်းကြီး ကိုကြားလိုက်ရပြီး လေဟပ်သွားသလိုပင် ခံစားလိုက်ရသဖြင့် ဦးထွန်းဝေ နောက်ဘက်ဆီသို့ ချာခနဲလှည့်ကြည့်လိုက်မိသည်။ ကြီးမားလှသည့် အနီရောင်ရှိသော မြွေကြီးတစ်ကောင်ကို ပါးပျဉ်းကြီးထောင်လျက်သားတွေ့လိုက်ရပြီး ခေါင်းပေါ်တွင်လည်း သာမန်မြွေများကဲ့သို့မဟုတ်ဘဲ ထောင်လျက်ရှိသည့် အမောက်ကြီးပါရှိသည်ကို တွေ့လိုက်ရသည်။

ထွက်ပြေးရန်လည်း မလွတ်နိုင်တော့သဖြင့် ဦးထွန်းဝေ မျက်လုံးကို စုံမှိတ်လိုက်ကာ ဘုရားကိုသာတလိုက်မိတော့သည်။ ထိုအခိုက်မှာပင် မြူလိုလို မီးခိုးလိုလို အဖြူရောင်အငွေ့များက ပိတ်ဖုံးသွားပြီး ခဏကြာသောအခါမှ ဘဖြည်းဖြည်းနှင့် ပွင့်ပျယ်သွားခဲ့သည်။ ဦးထွန်းဝေ မျက်လုံးကိုဖွင့်၍ မြွေနဂါးဆီသို့ ပြန်ကြည့်မိလိုက်သောအခါ စောစောပိုင်းက မြင်တွေ့ခဲ့ရသလို မြွေနဂါးကြီးမဟုတ်တော့ဘဲ အရပ်အမောင်းမြင့်မား ထွားကျိုင်းလှသော နီရဲသည့် အသားအရောင်နှင့်လူကြီးတစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ရပြန်သည်။ ဒေါသအလွန်ထွက်နေသောကြောင့် လူကြီး၏ မျက်လုံးနှစ်လုံးမှာ မီးကိုးခဲလိုရဲရဲတောက်လျက်ရှိနေပြီး ဦးထွန်းဝေအား ပြာကျသွားတော့မတတ် စူးစူးစိုက်စိုက်ကြည့်နေသဖြင့် ဦးထွန်းဝေ မျက်လုံးချင်းရင်မဆိုင်ရဲတော့ဘဲ မျက်လွှာကိုအသာချလိုက်မိသည်။ အတန်ကြာသောအခါမှ ထိုလူနီကြီးက စူးရှကျယ်လောင်လှသောအသံကြီးနှင့် စကားပြောလာခဲ့သည်။

"အသင်လူသားတို့သည် ကျွန်ုပ်တို့ခွင့်မပြုဘဲ ကျွန်ုပ်တို့နယ်မြေကို ကျူးကျော်ဝင်ရောက်ကာ ဖျက်ဆီးခဲ့ကြသည့်အပြင် အသင်လူသားမျိုးနွယ်များ၏ အဆင်ခြင်တင်းမဲ့၍ ရက်စက်သော်လုပ်ရပ်များကြောင့် ယနေ့ပင် ကျွန်ုပ်၏ မျိုးနွယ်များ သေကျေပျက်စီး ဒဏ်ရာများရခဲ့ကြပြီ။ ထို့အတွက် ကျွန်ုပ်တို့ကို ကျူးလွန်စော်ကားမှု ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသော အသင်လူသားတို့အား ကျွန်ုပ်တို့ကလည်း ယနေ့ပင် ပြန်လည် လက်စားချေတို့ပြန်တော့မည်။ ထို့ကြောင့် သင်တို့အနေနှင့် ကျွန်ုပ်တို့ပိုင်ဆိုင်သောနေရာအား ကျူးကျော်ဝင်ရောက်ကာ ထပ်မံဖျက်ဆီးခြင်းများမပြုလုပ်ကြရန် ကျွန်ုပ်သတိပေးလိုက်သည်။ ထပ်မံပြုလုပ်ခဲ့ပါက ယခုထက်ပို၍ ပြင်းထန်သော လက်စားချေတို့ပြန်မှုကို သင်တို့ ထပ်မံရင်ဆိုင်တွေ့ကြုံရလိမ့်မည်"

ထိုသို့ ပြောဆိုပြီးနောက် အနီရောင်လူကြီးသည် တဖြည်းဖြည်းနှင့် ကြီးမားလှသော အနီရောင်မြွေနဂါးကြီး အဖြစ်သို့ ပြောင်းလဲသွားသည်ကိုတွေ့မြင်လိုက်ရပြီး အနောက်ဘက်ဆီသို့ပြန်လည် ထွက်ခွာသွားခဲ့သည်။ ထိုအခါကမှ ဦးထွန်းဝေ ပြန်လည်သတိဝင်လာခဲ့ပြီး ကြောက်ကြောက်လန့်လန့်နှင့် ဂူကြီး၏ အပြင်ဘက်ဆီသို့ အမြန်ပြေးထွက်လာခဲ့တော့သည်။

အိပ်မျော်နေရာမှ ဖျတ်ခနဲ နိုးလာသောအခါ လင်းကြက်တွန်သံများ အဆက်မပြတ်ကြားလိုက်ရသဖြင့် နေ့ကိုးလင်းခါနီးနေပြီဖြစ်ကြောင်း သိလိုက်ရသည်။ ဆက်အိပ်၍လည်းမရတော့သဖြင့် မျက်နှာသစ်၊ သွားတိုက်လိုက်ကာ ရေနွေးကြမ်းထိုင်သောက်ရင်း ညကမက်ခဲ့သည့်အိပ်မက်ကို ပြန်စဉ်းစားကြည့်နေမိသည်။ ထိုအခါကမှ ယမန်နေ့ကဖြစ်ပျက်ခဲ့သည်များနှင့် ဆက်စပ်တွေးကြည့်မိရင်း တစ်စုံတစ်ခုကို စဉ်းစားမိသွားသဖြင့် အဝတ်အစားအမြန်လဲကာ စက်ဆရာကိုမြင့်မောင်၏အိမ်သို့ ထွက်လာခဲ့သည်။

ကိုမြင့်မောင်နေသောလမ်းထိပ်သို့ ရောက်သည်နှင့် လမ်းထဲမှခပ်သုတ်သုတ် ထွက်လာနေသော ကိုမြင့်မောင်ကို လှမ်းတွေ့လိုက်ရသည်။

"ဟာ - ဆရာရောက်လာတာနဲ့ အတော်ပဲ။ ကျွန်တော်လည်း အခုဆရာ့ဆီကိုထွက်လာတာ"

"ဘာအရေးတကြီးကိစ္စပေါ် လာလို့လဲ ကိုမြင့်မောင်"

"ညတုန်းကမက်ခဲ့တဲ့အိပ်မက်က မကောင်းဘူးဆရာ။ အဲဒါကြောင့် ဆရာ့ကိုပြောပြပြီး ဘာဖြစ်နိုင်သလဲမေးကြည့်ရအောင် ကျွန်တော် အခုထွက်လာတာပါ"

"ကျွန်တော်လည်း ညတုန်းက အိပ်မက်ထူးထူးဆန်းဆန်းမက်ခဲ့တယ်ဗျ။ အဲဒါကြောင့် ခင်ဗျားဆီစောစောထွက်လာခဲ့တာ။ ပြောစမ်းပါဦးဗျာ၊ အိပ်မက်အကြောင်းကို"

နှစ်ယောက်သား ခပ်သွက်သွက် လမ်းလျှောက်လာကြရင်း ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို ကိုမြင့်မောင်ကပြန်လည်ပြောပြခဲ့သည်။ စကားဆုံးသောအခါ ဦးထွန်းဝေ အလွန်ပင် အံ့အားသင့်သွားပြီး ကိုမြင့်မောင်အား ပြောလိုက်သည်။

"ထူးထူးဆန်းဆန်းတိုက်ဆိုင်လိုက်တာဗျာ။ အခု ခင်ဗျားပြောပြခဲ့တဲ့အတိုင်း ကျွန်တော်လည်းမက်ခဲ့တာဗျ"

"ဒါဆိုရင်တော့ မနေ့တုန်းက ဆိုဒ်ထဲမှာအစောင့်ထားခဲ့တဲ့ မြင့်ခိုင်ရယ်၊ အောင်မောင်းရယ်၊ ကျော်သန်းရယ် သုံးယောက်စလုံး တစ်ခုခုများဖြစ်ကုန်ကြပြီလားမသိဘူး ဆရာ။ အခြေအနေသိရအောင် အိပ်အနီးဆုံး မြင့်ခိုင်တို့အိမ်ကို အမြန်သွားကြရအောင်"

နှစ်ယောက်သား အငှားကား တစ်စီးကိုငှားကာ မြင့်ခိုင်တို့အိမ်သို့

www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့ကြသည်။ မြင့်ခိုင်၏အိမ်ရှေ့သို့ ကားရပ်လိုက်သည်နှင့် အိမ်ထဲမှ အော်ဟစ် ငိုယိုနေသော မြင့်ခိုင်၏ ဇနီးနှင့် ဆွေမျိုးသားချင်းများ၏ အသံများကို ကြားလိုက်ကြရသည်။

ဦးထွန်းဝေနှင့် ကိုမြင့်မောင်တို့ အိမ်ထဲသို့ဝင်လိုက်သည်နှင့် အိမ်ရှေ့ည့်ခန်းထဲတွင် ပက်လက်အနေအထား ဖြင့်ချထားသော မြင့်ခိုင်၏ အသက် ဝိညာဉ်ကင်းမဲ့နေသည့်ခန္ဓာကိုယ်ကို မြင်တွေ့လိုက်ကြရသည်။ အနားသို့ကပ်သွားပြီး သေချာကြည့်လိုက်သောအခါ တစ်ကိုယ်လုံး အဆိပ်တက်ထားသဖြင့် မည်းနက်ပြာနှမ်းနေပြီး သွေးစို့နေသော မြွေစွယ်ရာများကိုလည်း ခန္ဓာကိုယ်အနှံ့ တွေ့ရသည်။

မြင့်ခိုင်၏ဇနီးဖြစ်သူက ငိုရှိုက်ရင်း မှ ဦးထွန်းဝေတို့ကိုပြောပြခဲ့သည်။

"မနေ့ညနေက ကိုမြင့်ခိုင်အလုပ်က အစောကြီးပြန်လာတယ် ဆရာ။ သူ ပုံစံက တစ်စုံတစ်ခုကို တော်တော်ထိတ်လန့်နေတဲ့ပုံစံဖြစ်နေလို့ ကျွန်မ မေးကြည့် ပါသေးတယ်။ မေးသမျှကို ဘာတစ်ခွန်း မှ ပြန်မဖြေဘဲ အိမ်မှာ အရက်ကိုပဲထိုင် သောက်နေတယ်။ ညစာတောင် မစား တော့ဘဲ အရက်အမူးလွန်ပြီး မထနိုင် တော့လို့ ဒီဧည့်ခန်းထဲမှာပဲ အိပ်ရာပြင် ပြီးသိပ်လိုက်ရတယ်။ ညသန်းခေါင်ကျော် ကျော်လောက်လည်းကျရော ကျွန်မ ရေ ဆာလာလို့ ထသောက်ပါတယ်။ အဲဒီ အချိန်မှာပဲ အိမ်ဘေးပတ်ပတ်လည်က နေ တရှိရှိနဲ့မြွေတွန်တဲ့အသံတွေကိုကြား လိုက်ရလို့ ကျွန်မကို မြင့်ခိုင်ကိုနှိုးကြည့် ပါသေးတယ်။ ဘယ်လိုမှနှိုးမရလို့ ကျွန်မ လည်း ကြောက်ကြောက်နဲ့ပြန်အိပ်ရာထဲပြန် ဝင်ပြီး စောင်ခေါင်းမြီးခြုံနေခဲ့ပါတယ်။ ကျွန်မတို့ ဒီအိမ်မှာ နေလာခဲ့တာ နှစ် ပေါင်း မနည်းတော့ပါဘူး ဆရာရယ်။ ညတုန်းကလို မြွေတွန်သံအများကြီးကို ဒီတစ်ခါပဲကြားဖူးပါတယ်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ပြန်အိပ်ပျော်သွားပြီး အခုမနက်မိုးလင်း ကိုမြင့်ခိုင်ကို အလုပ် သွားဖို့ သွားနှိုးလိုက်တော့မှ အသက် မရှိတော့မှန်းသိရတာပါ"

ကိုမြင့်ခိုင်၏ဇနီး စကားဆုံးသွား သောအခါ ဦးထွန်းဝေနှင့် ကိုမြင့်မောင် တို့လည်း ကျန်သည့်နှစ်ယောက်အတွက် စိတ်မသွားပြီး အောင်မောင်း၏ အိမ် ဘက်ဆီသို့အမြန်ထွက်ခဲ့ကြ၏။ အောင် မောင်းမှာလည်း မြင့်ခိုင်ကဲ့သို့ပင် မြွေ စွယ်ရာများဝရွနှင့် အဆိပ်များတက် ကာ သေဆုံးနေပြီဖြစ်ကြောင်းတွေ့လိုက် ကြရသည်။

နှစ်ယောက်သား ကျော်သန်း အိမ်ဘက်ဆီသို့ အမြန်ဆက်ခဲ့ကြရာ ကျော်သန်းမှာမူ ဘာမှမဖြစ်ဘဲ အကောင်း အတိုင်း တွေ့ကြရသည်။ ကျော်သန်း ပြန်လည်ပြောပြသဖြင့် ယမန်နေ့က မြင့်ခိုင်နှင့် အောင်မောင်းတို့နှစ်ဦး သူတို့ မရှိခိုက် ဆိုဒ်ထဲတွင် လုပ်ခဲ့သမျှကို သိ လိုက်ကြရသည်။

ခြတောင်ပို့များကို ဖျက်ဆီးခဲ့ကြ သူနှစ်ဦးသေဆုံးသွားခဲ့သူ တပည့်နှစ်ဦး အတွက် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ကြတော့ပါ။ နောက်တစ် နေ့ ဆိုဒ်ထဲသို့သွား၍ မြေထိုးစက်ကြီးကို စက်နှိုးပြီးဖယ်လိုက်သောအခါ စက်ကြီး၏ လက်တံအောက်တွင် ပြိုကျနေသော ခြတောင်ပို့အချို့နှင့်အတူ မြွေအသေ ကောင်များကို တွေ့ကြရသည်။

❑

ထို့နောက်ပိုင်းတွင် အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆက် လက် ဆောင်ရွက်ခဲ့သော်လည်း ထိုခြ တောင်ပို့များရှိသောနေရာအား ခြံခတ် ထားလိုက်ကာ မူလအတိုင်းမဖျက်ဆီးဘဲ ထားခဲ့သည်။

သို့သော်လည်း လူ ၃ အိမ်ရာများ ဆောက်လုပ်ပြီးစီး၍ ရောင်းချသောအခါ ဝယ်ယူနေထိုင်မည့်သူ နည်းပါးခဲ့သည်။ အထူးသဖြင့် အိမ်ရာစခန်းထဲတွင် မြွေ သိုက်ကြီးရှိနေကြောင်း ဆောက်လုပ်နေ စဉ်ကပင် တစ်ဆင့်စကားတစ်ဆင့်ကြား ထားကြသောကြောင့် တိုက်ခန်းများ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော်လည်း နေရဲသူသိပ်မရှိခြင်း ဖြစ်သည်။

ထို့ကြောင့် တာဝန်ရှိသူများ တိုင် ပင်ကြပြီး ထိုခြတောင်ပို့များနေရာတွင် အိမ်ရာစခန်းတွင် နေထိုင်ကြသူများ ဘာသာရေးလုပ်ငန်းများလုပ်နိုင်စေရန် ရည်ရွယ်ပြီး မမွာရုံကြီးတစ်ရုံဆောက် လုပ်ရန်နှင့် နဂါးရုံဘုရားတစ်ဆူ တည် ထား ကိုးကွယ်ကြရန် စီမံဆောင်ရွက်ခဲ့ ကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာ တော်များအား ပင့်ဖိတ်၍ မေတ္တာဆုတ်၊ ခန္ဓသုတ် အစရှိသည့် သုတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မြေသန့်ကမ္ဘဝါများ ရွတ်ဖတ်ခြင်း အစရှိသည်များကိုပြုလုပ် ခဲ့ကြသည်။

ထို့နောက် ကန်တော့ပွဲများပေး၍ ခြတောင်ပို့များကို ရှင်းလင်းဖယ်ရှားခဲ့ ကြသည်။ ခြတောင်ပို့များကို ရှင်းလင်း ဖယ်ရှားကြရာတွင် အခက်အခဲမရှိဘဲ သာမန် သံတောင်ပို့များကို ဖြိုချရသကဲ့ သို့ အသာအယာ ဖြိုချလိုက်ရုံနှင့်ပင် အလွယ်တကူ ပြိုကျသွားခဲ့သည်။

ထို့အပြင် ခြတောင်ပို့များအောက် တွင် မြွေသိုက်ကြီးတစ်ခုရှိနေသည်ကို သိထားမြင်ထားကြသော်လည်း အမှန် တကယ် ဖြိုချလိုက်သောအခါ ထူးဆန်း စွာပင် မြွေများကိုတစ်ကောင်တလေမျှ ပင်မတွေ့ရတဲ့ဘဲပေ။

ဖြိုချလိုက်သော ခြတောင်ပို့များ နေရာတွင် ကြီးမားခဲ့ညားလှသော မမွာ ရုံကြီးတစ်ရုံနှင့် နဂါးရုံဘုရားတစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြသည်။ နဂါးရုံ ဘုရားမှာ ကြီးမားလှသည့် ကိုယ်လုံးအနှံ့ ရောင်ရှိသော နဂါးကြီးတစ်ကောင်၏ ခွေထားသော အခွေပုံကြီးပေါ်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော ထိုင်တော် မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထုလုပ် ပူဇော်ထားသည်။

နဂါးရုံဘုရားကြီးတည်ထားပူဇော် ကိုးကွယ်ကြပြီးနောက် ညနက်ပိုင်းအချိန် များထွင် အနီရောင်ရှိသော ကြီးမားလှ သည့် မြွေကြီးတစ်ကောင် ဘုရားဖူးလာ တတ်သည်ကို တိုက်ခန်းတွင်နေသူအချို့ တစ်ခါတစ်ရံတွင် တွေ့ရတတ်သည် ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် လည်း နဂါးရုံဘုရားကြီးမှန် ဂါးကြီးသည် မျက်လုံးများလှုပ်ရှားလာကာ အသက် ဝင်လာတတ်သည်ဟု လည်းကောင်း ပြောဆိုကြသည်။

အချို့ကလည်း လပြည့်၊ လကွယ် ညများတွင် ညနက်ပိုင်းလူခြေတိတ်ချိန် များ၌ နဂါးရုံဘုရားကြီး၏ ရင်ပြင်ဆီမှ လူသံသူသံများ ဆူညံစွာကြားရတတ် သည်ဟု ပြောဆိုကြပြန်သည်။

သို့သော်လည်း နံနက်စောစော နဂါးရုံဘုရားကြီးတွင် အရုဏ်ဆွမ်းထ ကပ်ကြသူများသည် နံနက်ပိုင်းတွင် အချိန်မည်မျှစော၍ ဆွမ်းထကပ်စေ ကာမူ ဆွမ်းကပ်သည့်သူများကိုလည်း တစ်ကြိမ်တစ်ခါမှပင်မတွေ့ရဘဲ ဘုရား ကြီးရှေ့တွင် အင်္ဂေ့တထောင်းထောင်း ထနေသောဆွမ်းများက အရင်ဦးဆုံးကပ် ထားပြီးဖြစ်နေတတ်သည်မှာ ယခုထက် တိုင်အောင်ပင်ဖြစ်တော့သည်။

(ဖြစ်ရပ်မှန် အဖြစ်အပျက်တစ်ခု အား အခြေခံကာ ဇာတ်လမ်းဖွဲ့ရေးသား ထားပါသည်။)

တင်အေးကျော်(အောင်ဝံ)

www.burmeseclassic.com

www.burmeseclassic.com

ကိုးတွင်း(ဥပဒေ)
တိုးတုရဲ့ ကမ္ဘာ့အသိအမှတ်ပြုသောမြို့

ပဲခူးရိုးမရဲ့×××အနောက်ခြမ်း××ရခိုင်ရိုးမရဲ့ အရှေ့ဘက်ခြမ်း ××× ဧရာဝတီမြစ်ရဲ့×××တစ်ဖက်ကမ်းမှာ×××သာကီဝင်ပျူနွယ်ဖွားတို့ ××× ထူထောင်ထားတဲ့×××သရေခေတ္တရာတို့ပြည်×××တို့မြေ×××လာလည်လှည့်ပါလေ×××

တန်ခိုးကြီးမားလှ×××ရွှေဆံတော်အရှင်တော်ဘုရားရဲ့ ခြေတော်ရင်း×××ဝပ်စင်းခို××အောင်အတိတ်××အောင်နိမိတ်ကိုဆောင်×××အောင်မြေနင်းကာ××ရွှေပုံသာ××××ငွေပုံသာ××အုံမခန်းလောက်စရာ×××တန်ခြေညှိတောင်တန်းရဲ့ထိပ်မှာ×××အရှင်တော်ဘုဇျာဒိတ်တော်အရ ××× ကြက်ပျံကျမရ ××× စည်ကားလှတဲ့×××တို့ပြည်×××တို့မြေ××× လာလည်လှည့်ပါလေ××××

သာကီဝင် ပျူနွယ်ဖွားတို့ ×××× တည်ထားကိုးကွယ်×××ဘုရားကြီး××× ဘုရားမာ××× ဘောဘောကြီး××× ဘဲဘဲလေး×××အုံမခန်းနိုင်စရာ××× နန်းတော်ရာ×××ရွှေဟောင်းယဉ်ကျေးမှုတက္ကသိုလ်×××ထူထောင်ရာ×××သရေခေတ္တရာ×××တို့ပြည်×××တို့မြေ ×××× လာလည်လှည့်ပါလေ×××

ဒီသီချင်းစာသားဖတ်ပြီး ဒီစာကသမိုင်းကြောင်းနဲ့ ဘာမှမဆိုင်ပါလားလို့ ပြောစရာရှိပါတယ်။ အလျှင်းမဆိုင်တာတော့ မဟုတ်ပါဘူး။ သရေခေတ္တရာမြို့ရဲ့အကြောင်းကို စိတ်ရှည်လက်ရှည်ပြောပြမယ့် ကျွန်တော့်ရဲ့တိုးရစ်ဂိုက်ကမြို့ဟောင်းကိုလိုက်ပြရင်း သီဆိုနေတဲ့သီချင်းလေးပါပဲ။ သူကရေးသားရေးပြီး တီးဝိုင်းနဲ့ စင်တင်ခဲ့တာမို့းတော့ မဟုတ်ပါ ဘူး။

ဒါကြောင့် ဒီသီချင်းစာသားကို နှစ်သက်သူ ဘယ်သူဖြစ်ဖြစ် စင်တင်တေးအဖြစ် အသုံးပြုချင်တယ်ဆိုရင် သုံးလို့ရအောင်ရေးထည့်လိုက်တာပါပဲ။ တိုးရစ်ဂိုက်လို့သာဆိုတယ်။ တကယ် တိုးရစ်ဂိုက်တော့ မဟုတ်ပါဘူး။ ပေါင်းတလည်မြို့က ဘောစိလေးတစ်ဦးပေါ့။ ကျွန်တော့်ရဲ့တူလည်းတော်ပါတယ်။ ဒီတူလေး ကိုမိုးက ကျွန်တော်သီချင်နေတဲ့ သရေခေတ္တမြို့ဟောင်းအကြောင်းကို လိုက်လည်းပြ၊ ပြရင်းလည်း ရှင်းပြခဲ့တာကြောင့် သူကိုဂုဏ်ယူပြီး တိုးရစ်ဂိုက်လို့ ချစ်စနိုးနဲ့ခေါ်လိုက်တာပါ။ ဘာကြောင့် တုံးထုပြီး အသိအမှတ်ပြုလိုက်တဲ့မြို့ဖြစ်ကြောင်းကိုတော့ သူအပြောလေးအတိုင်း တင်ပြပါတော့မယ်။

❑



ဘောဘောကြီးစေတီတော်

နန်းပြိုမြို့နဲ့ သရေခေတ္တဂုဏ်ပြုဂုဒေါက်၊ ကမ္ဘာ့အသိအမှတ်ပြုကျောက်ဆောင်ရွှေတွင် ဓာရေသူနှင့် ကိုမိုး အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ဒုတ္တဗောင်မင်းကြီး၏ နန်းဦးစေတီ

ရဟန္တာဝုအတွင်းမှ အနှစ် (၁၀၀၀) ကျော်ရှိ ဘုရားရုပ်တုများ



ရဟန္တာဝု

ကမ္ဘာ့အသိအမှတ်ပြု ရှေးဟောင်းမြို့ဆိုတာ အနည်းဆုံး နှစ်(၁၀၀၀)တော့ ကျော်ရပါမယ်။ ကျွန်တော်တို့အစိုးရက သရေခေတ္တရာနဲ့ ဗိသနိုးမြို့ဟောင်းကို သမိုင်းကြောင်းနဲ့ဖော်ပြပြီး ယူနက်(စ်)စကိုအဖွဲ့ချုပ်ကို တင်ပြတယ်။ ယူနက်(စ်)စကိုအဖွဲ့က တင်ပြတိုင်းတော့ လက်မခံပါဘူး။ တကယ့်ကွင်းဆင်းပြီး စစ်ဆေးတာ လေးလေးရဲ့။ နန်းမြို့ရိုးရဲ့ အုတ်လက်ကျန်တွေကို သိပ္ပံနည်းနဲ့စမ်းသပ်ပြီးမှ နှစ် (၁၀၀၀) ကျော်ကြောင်း လက်ခံလိုက်တာပါ။ ဒီလိုလက်ခံပြီးတာနဲ့ ယူနက်(စ်)စကိုအဖွဲ့ချုပ်က သစ်သားတူနဲ့ခုံကိုခေါက်လိုက်ပြီး သရေခေတ္တရာမြို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်မြို့လို့ သတ်မှတ်ကြောင်း ကမ္ဘာ့ကိုကြေညာလိုက်တာပါ။

ကဲ - ဒီမြို့အကြောင်းကိုပြောမယ်ဆိုရင် ပုဂံရာဇဝင်နဲ့ဆင်ဆင်တူလိမ့်မယ်။ ပုဂံရာဇဝင်အကြောင်းကိုပြောရင် တုတ်ထမ်းဓားထမ်းပြောရတယ်လို့ ပြောစမှတ်တွင်တယ်လေ။ အခုလည်း သရေခေတ္တရာအကြောင်းပြောရမယ်ဆိုရင် တုတ်ထမ်း၊ ဓားထမ်းမျိုးတော့ မဟုတ်ပါဘူး။ဘုရားဟောသမိုင်းနဲ့ ရာဇဝင်သမိုင်းကို နှစ်ခုပေါင်းပြီးတင်ပြမှ ပြည့်စုံလိမ့်မယ် လေးလေးရဲ့။

သီဟိုဠ်ကျွန်း ဥဒ္ဒဘာသာဝင်တွေက ဘယ်လိုဝေဖန်သလဲဆိုရင် ဘုရားရှင်ဟာ အိန္ဒိယနိုင်ငံကလွဲလို့ ဘယ်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

မှ မကြွဘူးလို့ဆိုတယ်။ မြန်မာ့ဘုရားသမိုင်းမှာတော့ မော့တင်စွန်းကနေ မင်းဘူးအထိရောက်ရှိတဲ့အထိမ်းအမှတ်တွေကရှိနေတယ်။ အဲဒီအချက်ကစပြီး တစ်နိုင်ငံအယူအဆနဲ့ တစ်နိုင်ငံအတွေးအခေါ်တွေ မတူနိုင်တော့ပါဘူး။ ကျွန်တော်ကတော့ ပုဒ္ဓမြတ်စွာဘုရားရှင် မြန်မာပြည်ရောက်ခဲ့တဲ့ဘက်ကနေ သရေခေတ္တအကြောင်းကို ပြောတော့မှာပါ။

အခု ပြည်မြို့နယ်တည်ရှိတဲ့နေရာဟာ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်ကျော်လောက်မှာ ပင်လယ်တိမ်ဒေသဖြစ်ခဲ့တယ်လို့ သမိုင်းကဆိုပါတယ်။ အားလုံးရေပြင်ကြီးတော့မဟုတ်ဘူးပေါ့။ ရွှေဆံတော်မြတ်ရှိတဲ့တောင်ကုန်း၊ ဖိုးဦးတောင်ကုန်း၊ တန်ကြည့်တောင်ကုန်းတွေကတော့ ရေပေါ်မှာရှိနေမှာပေါ့။ အခုလို ဖိုးဦးတောင်ပေါ်နေမှ ဘုရားရှင်က ကြွလာလို့ရမှာကိုး။

အခုလို ဖိုးဦးတောင်ထိပ်ကို မြတ်စွာဘုရား ကြွရောက်တဲ့အချိန်မှာ ပွေးငယ်တစ်ကောင်က မြေကို နှုတ်သီးနဲ့ကော်ပြီး ပူဇော်တယ်။ ဒီလိုပူဇော်တာကို ဘုရားရှင်က ပြုံးတော်မူတယ်။ ဘေးမှာရှိနေတဲ့ အရှင်အာနန္ဒာမထေရ်က အဘယ်အတွက် ပြုံးတော်မူတာလဲလို့မေးလျှောက်တော့ -

'ချစ်သား အာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန်စံပြီးနောက် ဤနေရာဤဒေသတွင် သရေခေတ္တရာပြည်ကြီးပေါ်လတ္တံ့။ ဤပွေးငယ်သည် ထိုတိုင်းပြည်၌ ဒွတ္တပေါင်ဟူသောအမည်ဖြင့် မင်းပြုပေလိမ့်မည်။ ထိုမင်းလက်ထက်တွင် ငါ၏သာသနာတော် ထင်ရှားဖြစ်လတ္တံ့'

လို့ ဘုရားက ဗျာဒိတ်စကားပြောတော်မူတယ်။

အခုလို ပွေးဖိုက ပူဇော်နေချိန်မှာ ပွေးမက အိပ်ပျော်နေလို့ မသိလိုက်ဘူးတဲ့။ ဒီလိုနဲ့ ဘုရားရှင်က ဆက်ကြွသွားတယ်။ တောင်ထိပ်တစ်ခုရောက်တော့ ရပ်တန့်ပြီးပြုံးကြည့်ပြီးနေရာကို 'တန့်ကြည့်တောင်' လို့ အခုတိုင် အမည်တွင်သွားတယ်။ အခုလိုရပ်တန့်ခဲ့ခြင်းဟာ အိပ်နေရာကနိုးလာတဲ့ ပွေးငယ်ဘာမှမလျှုဖြစ်လို့ ဘုရားရပ်တန့်ပြီးနေရာကို ခရီးပြင်းနှင်ပြီးလိုက်ခဲ့တယ်။ ဘုရားရှင်ရှေ့ရောက်တော့ မြက်တစ်ဆုပ်ကို ပူဇော်ပြန်လေတယ်။

ဒီသမိုင်းပြီးတော့ မြန်မာ့သမိုင်းပြန်ပြီးစရမယ်။ မြန်မာအစ တကောင်းကလို့ ဆိုနိုးရှိတယ် မဟုတ်လား။ အဲဒီတကောင်းပြည်မှာ သတိုးမဟာရာဇာမင်းကြီးစိုးစံချိန်မှာ ဝက်ကြီးက မြို့တွေရွာတွေဖျက်ဆီးနေတယ်တဲ့။ ဒါကြောင့်

ပျဉ်ထပ်မြို့တို့၏ အရိုးပြာသရဖို့ငြိုး

ရာဇဝတ်သားများထုတ်သည့် တံခါးပေါက်

ရဟန္တာဂူဘုရားအနီး ကျောက်စာ

အာဇီယ (၁၀) နိုင်ငံတွင် စုတီးထားရှိဟိုတယ်ရွှေ့ သရေခေတ္တရာအကြောင်း ရှင်းပြနေသည့် ကိုမိုး

www.burmeseclassic.com

www.burmeseclassic.com



နန်းဦးဓဝတီနှင့် နန်းပြုဖုတ်ရာတိုနိုင်ကြီး

မင်းကြီးက အိမ်ရှေ့မင်းသား ခေပဒူတ ကို 'ဝက်အား အဆုံးတိုင်စီရင်လေ' ဟု မိန့်တော်မူလိုက်တယ်။ အိမ်ရှေ့မင်းသား ခေပဒူတကလည်း 'ဝက်မသေလျှင် နေပြည်တော်သို့မပြန်' လို့ ရဲရဲတောက် အာမခံပြီး လက်နက်ငါးပါးနဲ့ ဝက်ကြီး ရှိရာသို့ သွားခဲ့တယ် လေးလေးရဲ့။

ခေပဒူတက ဘုန်းကြီးတဲ့သူဖြစ်လေတော့ ဝက်ကြီးက ပထမရှမ်းပြည် ဘက်ပြေးတယ်။ဝက်ဝင်ပြီးပြေးတဲ့နေရာကို 'ဝက်ဝင်အရပ်' လို့ တွင်သွားတယ်။ နောက် ဝက်ကြီးက ဧရာဝတီမြစ်ကိုဖြတ်ကူးတယ်။ မြစ်ရေထဲကိုဆင်းတဲ့အခါ သူ့ဗိုက်ကို ရေမစိုဘူးလို့ပြောကြတယ်။ ရေမစိုတာကို ရေမစွတ်ဘူးလို့ အဲဒီအရပ်က ခေါ်ကြတယ်။ အခုတိုင်အောင် ဝက်မစွတ်ရွာ ရှိပါသေးတယ်။ နောက်တော့ သရေခေတ္တရာဖြစ်မယ့်ဒေသအရောက်မှာ ဝက်ကိုပြုန်းနိုင်လို့ ဝက်ထိုးကျွန်း၊ ဝက်ထိုးရွာလို့ အမည်နာမတွင်ပြီးကျန်ခဲ့တယ် လေးလေးရဲ့။

ဒါကြောင့် အိမ်ရှေ့မင်းသား ခေပဒူတ ဝက်နောက်လိုက်တဲ့ခရီးကို ကြည့်ရင် တကောင်းမြို့ကနေ သရေခေတ္တရာ (ပြည်)အထိ မိုင်(၄၀၀)တော့ ကျော်ပါလိမ့်မယ်။ အခုလို ဝက်ကြီးသေခြိန်မှာ နေပြည်တော်ကိုပြန်ပြီးပြောတောင် ဘုရင်က မမြင်ရလို့ ယုံမှာ မဟုတ်ဘူး။ ဒီအရပ်မှာနေပြီး တရားဘာဝနာရှာမယ်လို့ ဆုံးဖြတ်လိုက်တယ်တဲ့။

အဲဒီအရပ်ဒေသလူတွေက မွေးလာတဲ့သားသမီးတွေကို ချစ်စနိုးနဲ့ ခွေးပု၊ ဆင်ပေါက်၊ ကျွဲကြီး၊ မြောက်ညှီ၊ ဥဩလို့ မွေးစမှာခေါ်လိုက်တာနဲ့ ကြီးတဲ့အထိ အဲဒီနာမည်တွေ တွင်သွားတော့တာပဲ။ ဒီလိုမှည့်တဲ့နာမည်ထဲမှာ 'သမင်မလေး' လို့ ချစ်စနိုးခေါ်တဲ့ကလေးမကြီးလာတော့လည်း 'သမင်မ'လို့ အမည်တွင်တာပေါ့။ အဲဒီ 'သမင်မ'နဲ့ ဝက်ထိုးကျွန်းမှာနေတဲ့ ခေပဒူတတို့မေတ္တာမျှပြီး 'ဘေဒါရီ'ဆိုတဲ့ သမီးလေးကိုမွေးခဲ့တယ်ဗျ။

ဒါကြောင့် တိရစ္ဆာန်သမင်မက ရဲသွေးကြီးရဲ့ရေဟောင်းကိုသောက်မိပြီး ဘေဒါရီမွေးတာကို ကျွန်တော်တို့ဒေသက လက်မခံပါဘူး။ လူနာမည် သမင်မက ခေပဒူတနဲ့အကြောင်းပါပြီး ဘေဒါရီကိုမွေးတာပဲ လက်ခံကြပါတယ်။ မွေးတဲ့အချိန်မှာလည်း ကျွမ်းကျင်တဲ့ဆေးပညာရှင်မရှိလို့ ဘေဒါရီအပြင်ရောက်တာနဲ့ သမင်မလည်း သေတာပါပဲ။

အိမ်ရှေ့မင်းသား ခေပဒူတဟာ သူ့ဇနီးသည်သေဆုံးသွားတော့မှ တရားဘာဝနာဘက်ကို လုံးလုံးလိုက်ခဲ့တာပါ။ ဒါပေမယ့် သူ့ရဲ့ရင်သွေး ဘေဒါရီသမီးလေးကို လူလားမြောက်အောင် ခက်ခက်ခဲခဲ ပြုစုပျိုးထောင်တဲ့အချိန်မှာ တရားဘက်ကို ဇောက်ချပြီးလုပ်နိုင်မှာမဟုတ်ပါဘူး။ နို့ဆာလို့ငိုတဲ့ကလေးကို နို့သီးခေါင်းနဲ့တူတဲ့ လက်ညှိုးထိပ်ကို အာသာပြေငုံခိုင်းတဲ့ဓလေ့လည်း ရှိပါလိမ့်မယ်။ အဲဒီအချက်ကို သိချင်ရေးဆရာတွေက လက်ညှိုးကနို့ထွက်တဲ့ သစ္စာပြုချက်အနေနဲ့ သိဆိုကြတယ် မဟုတ်လား။ သဘာဝတရားနဲ့ ကိုက်ညီတဲ့ဖြစ်ရပ်ကတော့ ကလေးက အာသာပြေ လက်ညှိုးကို ငုံတာပဲဖြစ်နိုင်ပါတယ်။

ဒီလိုနဲ့ ဘေဒါရီ လူလားမြောက်လာတော့ ရသေ့ရဟန်းလုပ်ရင် မိန်းကလေးနဲ့ တစ်မိုးအောက်ထဲမှာ ကြာရှည်မနေသင့်ဘူးဆိုပြီး ဘူးသီးခြောက် အပေါက်သေးသေးနဲ့ ရေခပ်ခိုင်းတယ်လေ။ ဒီလိုအပေါက်သေးမှ ရေခပ်ရတာကြာမယ်။ ကျောင်းမှာရှိတဲ့အိုးတွေ ရေပြည့်ဖို့ဆိုရင် တစ်နေ့လုံးခပ်နေရမှာပေါ့။ ဒီနည်းက ဘေဒါရီကို ကျောင်းမှာ ကြာရှည်မနေဖြစ်အောင် စီမံတဲ့နည်းပါပဲ။ ဒီလိုနဲ့ ဝက်ထိုးကျွန်းဒေသမှာ ဘေဒါရီတစ်ယောက် အပျိုပေါက်ဘဝရောက်တဲ့အထိ ရေခပ်နေရတယ် လေးလေးရဲ့။

သရေခေတ္တရာတိုင်းပြည်အဖြစ်ပေါ်လာမယ့် ဝက်ထိုးကျွန်းဒေသက ဘေဒါရီနဲ့ မဟာသမ္မတ၊ စူဠသမ္မတ ဆက်စပ်လာပုံကို ဆက်ပြီးပြောပါမယ်။ ခေပဒူတရသေ့ကြီးဟာ တကောင်းပြည်က အိမ်ရှေ့မင်းဖြစ်တာ ပြောပြီးပြီနော်။ အဲဒီတကောင်းမင်းကြီးသတိုးမဟာရာဇာရဲ့ မိဖုရားကြီးက သားယောကျ်ားလေးနှစ်ယောက်မွေးဖွားတယ်။ အမြွာပူးမွေးတာမျိုးဖြစ်ပါလိမ့်မယ်။ အကြီးကို မဟာသမ္မတ၊ အငယ်ကို စူဠသမ္မတလို့ မှည့်လိုက်တယ်။ သားယောကျ်ားလေးနှစ်ယောက်ဖွားပေမယ့် မျက်မမြင်ညီနောင်ဖြစ်နေလို့ ဘုရင်ကြီးကရှက်တော်မူတာနဲ့ 'လူမသိအောင်ဖျောက်လေ' လို့မိန့်လိုက်တယ်။

မိဖုရားကြီးက သူ့သားတော်နှစ်ပါးကို ဘယ်လာသတ်ရက်ပါ့မလဲ။ ဝှက်ထားတာပေါ့။ ဒီလိုဝှက်ထားလိုက်တာ လူလားမြောက်တဲ့အရွယ်ရောက်မှ မင်းကြီးသိသွားတာပါ။ 'မင်းနားတခဏောင်' ဆိုတဲ့ စကားပုံလိုပေါ့။ မှုခိုတဲ့မှုမတ်

www.burmeseclassic.com

www.burmeseclassic.com

တွေက ကုန်းချောကြတယ်လေ။ အခု ချက်ချင်းသတ် ဆိုတဲ့အမိန့်ကို ချမှတ်လိုက်ပေမယ့် မိခင်ဆိုတော့ ဘယ်လာသတ်ရက်ပါမလဲ။ မျက်ကွယ်ရာမှာ သေချင်သေပါစေဆိုပြီး မသိုးထမင်း၊ မသိုးဟင်းတွေကို ဖောင်ပေါ်မှာတင်ပြီး ထကောင်းပြည်ကနေ အောက်ပြည်အောက်ရွာကိုမျှောလိုက်တယ်။

မဟာသမ္ဘဝနဲ့ စူဠသမ္ဘဝတို့ဖောင်ဟာ စစ်ပင်ကြီးအကိုင်းက ဖောင်နဲ့ငြိတဲ့နေရာကို စစ်ကိုင်း၊ စပြီးကုတဲ့အရပ်ကို စက္ခု၊ မျက်စိပြန်မြင်တဲ့နေရာကို စလင်းလို့ခေါ်တာတွေကိုတော့ လေးလေး သိပြီးသားဖြစ်မှာပါ။ နောက် ဘေဒါရီ ရေခဲ့နေတာကိုတွေ့တယ်။ နားမထွင်းသေးတဲ့ ဘူးသီးခြောက်နဲ့ ရေခဲ့နေတာကို တွေ့ပြီး သန်လျက်နဲ့ မျက်နှာဝကို လိုးတယ်။ အစ့ေတွေကိုထုတ်ပြီးမှ ရေကို ခပ်စေတယ်။ အဲဒီအချိန်ကစပြီး 'ဘူးလုံးနားမထွင်း' ဆိုတဲ့ စကားပေါ် လာတယ်လေးလေးရဲ့။

နောက်ပိုင်း ရသေ့ကြီးနဲ့ တွေ့တယ်။ တကောင်းပြည်ကရောက်လာတဲ့ သူ့ရဲ့တူတော်မောင်ဆိုတာလည်း ရသေ့ကြီးက သိသွားတယ်။ ဒါကြောင့် သူ့ရဲ့ သမီး ဘေဒါရီနဲ့ မဟာသမ္ဘဝကို လက်ဆက်ပေးလိုက်တယ်။မဟာသမ္ဘဝရောက် ရှိတဲ့နေရာက သက္ကအင်းအရပ်တဲ့။ အဲဒီဒေသမှာ ပျူမိဖုရား နန်းခမ်းနေတယ်။ နောက်ပိုင်း ပျူမိဖုရားက မဟာသမ္ဘဝကို မင်းမြောက်ပြီး နန်းအပ်တယ်။ အဲဒါကြောင့် မဟာသမ္ဘဝမှာ ဘေဒါရီနဲ့ပျူမိဖုရားနန်းခမ်းဆိုပြီး မိဖုရားနှစ်ပါးဖြစ်လာတယ်။ ပျူမိဖုရားက သက်ဆိုးမရှည်ဘူး။ သမီးတော်တစ်ပါးဖွားပြီး သေသွားတယ် လေးလေး။

ဘေဒါရီက ဒွတ္တဘောင်မင်းဖြစ်မယ့်ကလေးကို ပဋိသန္ဓေသွင်းလေးအရောက်မှာ မဟာသမ္ဘဝ အနိစ္စရောက်တယ်။ ထီးနန်းကို စူဠသမ္ဘဝက ဆက်ခံပြီး ဘေဒါရီကိုပဲ မိဖုရားမြှောက်ခဲ့တယ်။ အခုလို မိဖုရားမြှောက်ချိန်မှာ သူမှက်စိကို အလင်းရအောင်ကုပေးခဲ့တဲ့ စန္ဒမုခီဘိလူးမက သူ့ရဲ့ပထမဇနီးလေး။ အဲဒါကြောင့် မိဖုရားခေါင်နေရာကို ဘေဒါရီရသွားတော့ ဝမ်းနည်းကြေကွဲပြီး သမီးတော်နဲ့ ပဝွားဘက်ကို ထွက်သွားတယ်။ ဒီဿနိုးမြို့ကို ဒီသမီးတော်က ထူထောင်တာလေ။

ဒီဇာတ်လမ်းမှာ ဘေဒါရီက ပထမသားတော်ကြီး မဟာသမ္ဘဝနဲ့အိမ်ထောင်ကျတယ်။ ကိုယ်ဝန်(၃)လအရောက် မှာ စူဠသမ္ဘဝနဲ့ လက်ဆက်ခဲ့တယ် မဟုတ်လား။ ဒါကြောင့် ဒီဆိုတာ နှစ်ကိုပြောတဲ့စကား လေ။ သမိုင်းမှာ အဖည်နောင် ဒွတ္တဘောင်လို့တွင်တာကို လေးလေးသိနေမှာပေါ့။ ဒီဒွတ္တဘောင်မင်းကြီးကမှ သရေခေတ္တရာမြို့ကြီးကိုတည်ခဲ့တာပါပဲ။

သရေခေတ္တရာမြို့ကြီးအကြောင်း မပြောခင် ဟိန္နူတွေရဲ့ပါးစပ်ရာဇဝင်မှာ ရေပန်းစားတဲ့အချက်တစ်ခုကို ပြောပြမယ် လေးလေး။ ကမ္ဘာကြီးတည်စမှာ နတ်ဘုရားကြီးက ကွန်းမြို့ခေ့ကို မြန်မာနိုင်ငံဘက်ချလိုက်တယ်လို့ ပြောကြတယ်။ ဒါကြောင့် အခြားနိုင်ငံထက် မြန်မာနိုင်ငံက ကွန်းပင်အများဆုံးပေါက်တဲ့နိုင်ငံဖြစ်လာတာတဲ့။ ကွန်တော်တို့ ဒေသက ပျူလူမျိုးကို သာကီဝင်ပျူနွယ်ဖွားလို့လည်းခေါ်ကြတယ်။ 'သာ' ဆိုတဲ့ ဝေါဟာရက ကွန်းပင်ကိုဆိုလိုကြောင်း၊ 'ကီဝင်' ဆိုတာက မြင့်မြတ်တဲ့ အမျိုးအနွယ်လို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ အဲဒါကြောင့် 'သာကီဝင်ပျူနွယ်ဖွား' ရဲ့ အဓိပ္ပာယ် အစုံအလင်ကတော့ ကွန်းတွေပေါတဲ့ အရပ်ဒေသမှာနေထိုင်တဲ့ မြင့်မြတ်တဲ့ ပျူလူမျိုးတွေလို့ ဆိုလိုပါတယ်။

အဲဒီသရေခေတ္တရာပျူနိုင်ငံကြီးဟာ အစ်လိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ တော်တော်လေး အဖျက်အဆီးခံလိုက်ရတယ် လေးလေး။ နယ်ခဲ့အစိုးရဟာ နိုင်ငံကို သိမ်းခဲ့တင်မဟုတ်ဘူး။ မြန်မာတွေရဲ့ မြင့်မြတ်တဲ့စိတ်ဓာတ်ကို ပျက်စီးအောင်လုပ်လိုက်တယ်။ ပြည်မြို့ရဲ့အနီးမှာ သရေခေတ္တရာမြို့ဟောင်းကြီးက ရွေးမူမဖျက်တော်တော်လေးကျန်ခဲ့တာ လေးလေးရဲ့။ ပထမဆုံး နန်းမြို့ရိုးကျိုးကြီးကို ပြည်နဲ့ပေါင်တလည်ကားလမ်းအဖြစ်လုပ်လိုက်တယ်။ ကားလမ်းအတွက် မြေမာကိုရွှေ့စရာမလိုဘဲ လမ်းမကြီးလည်းဖြစ်၊ ဇာတိသွေးဇာတိမာန်လည်း ပျောက်အောင် ဖျောက်လိုက်တဲ့ သဘောပါပဲ။

သရေခေတ္တရာ ကောင်းစားစဉ် အခါက 'သောဣမ္မာ'၊ 'ညည်းညည်း'၊ 'စည်းစည်း'၊ 'ပေါပေါ'၊ 'လျောလျော'၊ 'မြသီတင်'၊ 'မြင်ဟဟု' စတဲ့ စေတီတော်တွေ တည်ခဲ့တယ်။ လက်ရှိအချိန်အထိရှိသေးတဲ့ဘုရားကတော့ 'နန်းဦးဘုရား'၊ 'ဘောဘောကြီး'၊ 'ဘုရားကြီး'၊ 'ဘုရားမာ' တော့ရှိသေးတယ်။ ဒီဘုရားတွေကိုကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့ နှစ် (၁၀၀၀) ကျော်ပုဂံမတိုင်မီကတည်းက အုတ်ဖုတ်တဲ့ပညာ၊ အင်္ဂတေကိုင်တဲ့ပညာတွေကို တတ်နေပြီလို့ သက်သေပြနေပါတယ်။

နောက်ပျူလူမျိုးတွေဟာ သေဆုံးရင်မီးသင်္ဂြိုဟ်တဲ့နည်းကို ထုံးစံကြောင်းထင်ရှားနေပါတယ်။ အိုးလေးတွေနဲ့ အမြီးပြာအိုးတွေကို တွေ့ရတာကြောင့် အိုးကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်နေသလို အရိုးအိုးလေးတွေကို တစ်နေရာထဲမှာ စနစ်တကျထားတာလည်းတွေ့ရတယ် လေးလေး။ နယ်ခဲ့အစိုးရဟာ 'ပြည်နဲ့ရန်ကုန်' ကို မီးရထားလမ်းလည်းဖောက်ရော ထင်ရှားတဲ့ ဘုရားကြီးတစ်ဆူကို လမ်းခင်းအုတ်တွေလုပ်လိုက်တယ်။ သရေခေတ္တရာမြို့ထဲက တန်ဖိုးကြီးတဲ့ သမိုင်းဝင်ပစ္စည်းမှန်သမျှလည်း သူတို့တွေအကုန်ယူတာပါပဲ။

ဒီလိုယူလို့လည်းကုန်ရော နန်းစိုက်တဲ့နေရာကို ဘယ်သူမှမဝင်မထွက်ရလေအောင် သူတို့စစ်စခန်းတွေ ဆောက်လိုက်တယ်။ ပျူလူမျိုးတွေရဲ့ တစ်ချိန်ကလှမ်းလှမ်းတောက်ထင်ရှားတဲ့ နေပြည်တော်ကြီးကို တောရိုင်းချုံတွေလွှမ်းမိုးတဲ့နေရာဖြစ်အောင်ဖန်တီးလိုက်တယ်လေ။ ဒါမှ ဇာတိသွေးဇာတိမာန်တွေ ပျောက်အောင် ဖန်တီးလိုက်တာပေါ့။

အခုအချိန်မှာ အပြစ်ပေးတဲ့အမဂ်္ဂလာတံခါး၊ မြို့တော်ကြီးရဲ့ ဝင်ပေါက်၊ နန်းမြို့ရိုးရဲ့ပင်မအုတ်ရိုးကြီး၊ နန်းဦးဧတေတီ၊ ဘောဘောကြီး၊ ဘုရားကြီး၊ ဘဲဘဲဘုရား၊ ရဟန္တာဂူ၊ ပျူသချိုင်း စတာတွေတော့ အထင်ကရရှိပါသေးတယ်။ သရေခေတ္တမြို့ကြီးကောင်းစားတဲ့အချိန်က အသုံးအဆောင်တွေ စုဆောင်းရသမျှကိုလည်း ပျူပြတိုက်အဖြစ်ဖွင့်ထားပါတယ်။

နှစ်ပေါင်း (၁၀၀၀) ကျော်က မြန်မာလူမျိုးတွေဟာ ကိုယ့်မင်း၊ ကိုယ့်နန်း၊ ကိုယ့်မြို့ကြီးနဲ့အတူ လူ့အသုံးအဆောင်မှန်သမျှ ယခုခေတ်နဲ့မခြား မြူလုပ်နိုင်စွမ်းရှိကြောင်း သရေခေတ္တရာပျူမြို့ကြီးက သက်သေပြနေပါတယ်။ တစ်ခါတစ်ခေါက် ပြည်မြို့ကို အလည်သွားရင် သရေခေတ္တရာပျူမြို့ကြီးကို ရောက်ပါတယ်လို့ လမ်းညွှန်ပါရစေ။

ဦးထွန်း(ဥပဒေ)

ကိုးကားသောကျမ်းများ -

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး
၂။ ဦးကုလားမဟာရာဇဝင်ကြီး
၃။ ဦးဘသန်း၏
ကျောင်းသုံးမြန်မာရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ဂျပန်စစ်တပ်များ ဝင်ရောက်လာ၍ အုပ်ချုပ်နေသော အချိန်ကာလကဖြစ်၏။

မြို့ငြိမ်ရွာကြီးတွင် မားမထွန်းဟု ကျော်ကြားလှသော အမျိုးသမီးကြီး တစ်ဦးရှိခဲ့၏။

မားမထွန်းသည် အသားညိုညို၊ လူကောင်ကထွားထွား၊ လုံးကြီးပေါက်လှ အမျိုးကြီးတစ်ဦးဖြစ်၏။ အသက်က (၄၀) ကျော်လောက်သာရှိမည်။

အဘိုးဖြစ်သူသည် သူမြေးမလေး မထွန်းကို (၁၀) နှစ်သမီးအရွယ်ခန့်မှ စတင်၍ သိုင်းပညာကို သင်ပေးထား၏။ မထွန်းသည် အသက်အရွယ်ရလာသောအခါ ငှက်ကြီးတောင်မားတစ်ချောင်းကိုကိုင်လျက် မားသိုင်းအတတ်ကိုပါ အလွန်ကျွမ်းကျင်စွာတတ်မြောက်ထား၏။

မြို့ငြိမ်ရွာကြီးမှ အဂ္ဂရတ်ဖိုထိုးသည့် ဆရာကြီးတစ်ဦးက မား မထွန်းအား စမအင်းများတိုက်၍ ဆေးရိုးကြီးဆိုသော ဆေးကိုထိုးပေးထား၏။ မားမထွန်းသည် မားပြီး၊ တုတ်ပြီးသည်ဟုလည်း ကျော်ကြားလေ၏။

မားမထွန်းသည် အပျိုကြီးတစ်ဦးဖြစ်ပြီး တူတော်မောင် နောက်တိုးဆိုသော လူငယ်လေးနှင့် အတူတူနေ၏။

မိဘများ အမွေပေးထားခဲ့သော လယ် (၁၀) ဧကကို စာရင်းငှားများနှင့် အတူတူထယ်ထိုး၏။ လယ်ထွန်၏။ မြက်ဖြတ်စက်ခုတ်၏။

သူ၏ စာရင်းငှားများတို့က လယ်ယာလုပ်ငန်းကို နွားများဖြင့်ထယ်ထိုး၏။ မားမထွန်းက အလွန်အားကောင်းသော ကျွဲပေါက်ကြီးတစ်ရှဉ်းဖြင့် ထယ်ထိုး၏။ ခွန်အားဗလလုံးကောင်း၏။ ဉာဏ်ရည်လည်း ထက်မြက်၏။ မဟုတ်မခံတတ်သော မိုးချစ်စိတ်သတ္တိလည်းရှိ၏။

မြို့ငြိမ်ရွာလုံးက ရွာသူရွာသားများက 'အစ်မကြီး' ဆိုပြီး လေးလေးစားစား ဆက်ဆံကြ၏။ အမျိုးသမီးငယ်လေးများကဆိုလျှင် သူတို့၏ 'အစ်မကြီး' ကို အလွန်ချစ်ခင်ကြ၏။ အားလည်း အားကိုးကြ၏။ ညဘက်ဆိုလျှင် အမျိုးသမီးငယ်လေးများ သူတို့၏ အစ်မကြီး မားမထွန်းအိမ်မှာ စုပြုံလာအိပ်ကြ၏။

ညဘက်မှာ မုန့်လုံးရေပေါ် မုန့်၊ မုန့်ဗိုင်းတောင့်၊ မုန့်လက်နှိပ်မုန့်များကို ပြုလုပ်စားသောက်ကြ၏။

အဆိုပါ အမျိုးသမီးလေးများအား ခုခံကာကွယ်နိုင်သည့် သိုင်းကွက်များကိုလည်း သင်ကြားပေး၏။ ဝါသနာပါသူများက ထူးထူးချွန်ချွန် ပညာရအောင် ကြိုးကြိုးစားစားသင်ယူကြ၏။

မြို့ငြိမ်ရွာထဲမှာ ရွာသားအချင်းချင်း တုတ်ဆွဲဆေးဆွဲရန်ဖြစ်ကြလျှင် မားမထွန်းရောက်သွားက ရန်ပွဲသည် ငြိမ်းအေးသွား၏။ မားမထွန်း၏ အစွမ်းသတ္တိကို လည်း ကာလသားများကပါလေးစားကြရ၏။

ရွာဦးဘုန်းတော်ကြီးက မထွန်း 'မားပြီးသည်' ဟု ပြောပြထားသည်ကိုလည်း ယုံကြည်ထားကြ၏။ တကယ်

မင်းဖြတ်သိဟ

မားမထွန်း

www.burmeseclassic.com

www.burmeseclassic.com

လည်း တုတ်၊ ဓားပြီးဟန်တူပါသည်။

တစ်ညတွင် မြို့ရွာထဲမှ လယ်သမားသူဌေးကြီး ဦးလှဘော်အိမ်သို့ ဓားပြ (၅) ယောက်တို့ဝင်ပြီးဓားပြတိုက်ပါ၏။

ရွာသူကြီး၏ စိမ်ထားမှုကြောင့် ဓားပြတိုက်လျှင် ဝါးကလတက်များခေါက်ရမည်ဆို သဖြင့် ဦးလှဘော်၏အိမ်ကို ဓားပြတိုက်နေသည်ကို ဘေးနားကအိမ်မှ ဦးသာရင်သိသောအခါ သူ့အိမ်မှ ဝါးကလတက်ကို စခေါက်တော့၏။

တစ်ရွာလုံးနိုးကြပြီး ဝါးကလတက်များ ခေါက်ကြ၏။ တစ်ရွာလုံးဆူညံသွား၏။

ဓားမထွန်းသည် ကလတက်သံကြားကြားချင်း သူ၏ ငှက်ကြီးတောင်ဓားကြီးကိုဆွဲပြီး အိမ်ပေါ်မှပြေးဆင်းသွား၏။

လယ်သမားကြီး ဦးလှဘော်အိမ်မှာ ဓားပြများရောက်ရှိနေပြီး ဓားပြတိုက်နေကြသည်ဟု သိသိချင်း ဦးလှဘော်အိမ်ကြီးဆီသို့ပြေးဝင်သွား၏။

မြို့ရွာကြီးထဲမှာ ခွေးတွေက ဆူညံစွာဟောင်နေကြ၏။ ရွာသားတချို့လည်း တုတ်၊ ဓား၊ လုံမှားကိုင်လျက် ထွက်လာကြ၏။

လယ်သမားကြီး ဦးလှဘော်၏ ခြံကြီးထဲတွင်စောင့်နေကြသော ဓားကိုင်ဓားပြ (၃) ဦးကို ဓားမထွန်းသည် လက်နှိပ်ဓာတ်မီးထိုးပြီး အတင်းဝင်ခုတ်ပါတော့၏။

ဓားကိုင်ဓားပြတစ်ယောက် လဲကျသွားပြီး ဓားပြနှစ်ယောက်က ခြံထဲမှ ထွက်ပြေးကြပါတော့၏။

ဓားမထွန်းသည် ဦးလှဘော်၏ အိမ်ကြီးပေါ်သို့ 'ဓားမထွန်း လာပြီဟေ့' ဟု အော်ပြီး ပြေးတဲ်က်သွားတော့၏။

ဦးလှဘော်နှင့် သူ၏ဇနီးဖြစ်သူ ဒေါ်သောင်းကို ဓားပြများက လှုပ်ထိတ်ခတ်ထား၏။

ဓားမထွန်းသည် သူ၏ငှက်ကြီးတောင်ဓားကိုချပြီး ဓားပြနှစ်ဦးတို့အား ခြေဖြင့်ကန်၍ အတင်းဝင်လုံးပါတော့၏။

ထိုအချိန်ဝယ် အိမ်အောက်ခြံကြီးထဲမှ ရွာသားများ တုတ်၊ ဓားများကိုင်လျက် အိမ်ပေါ် သို့ပြေးတက်လာပါ၏။

ရွာသားများက ဦးလှဘော်နှင့် ဒေါ်သောင်းတို့ကို ချည်ထားသော လက်ပြန်ကြိုးများကို ဖြေပေးလိုက်ပါ၏။

ဓားပြနှစ်ဦးကိုလည်း လက်ရဖမ်းဆီးရမိလိုက်ပါတော့၏။

ရွာသားများက ဓားပြနှစ်ဦးကို လက်ပြန်ကြိုးများ တုပ်နှောင်လျက် သူကြီးအိမ်သို့ပို့ထားလိုက်တော့၏။

တစ်နေ့သဉ်မြို့ရွာကြီးသို့ ကျပန်စစ်တပ်များ ဝင်ရောက်လာပါတော့သည်။

ကျပန်စစ်တပ်သည် စစ်မှုသဖြင့် ထွက်ပြေးလာသောတပ်ဖြစ်၏။

ထိုနေ့ နံနက်ပိုင်းက မြို့ရွာထဲမှ ကလေးမလေး မိဆိတ်နှင့် မကျေးတော တို့နှစ်ယောက်သည် မြို့ရွာကြီးနှင့် မနီးမဝေးသော တောအုပ်ကြီးတစ်အုပ်ထဲတွင် ထင်းများသွားခွေနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ် (မန်းတက္ကသိုလ်)

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတီသစ္စာတည်သောခါ၊ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

ဤကမ္ဘာပေါ်တွင် နွယ်မြက်သစ်ပင်တို့သည်ကား ဆေးပင်အတိသာ ဖြစ်ကြပါ၏။ အလားတူ ကမ္ဘာပေါ်တွင် ရှိသော သတ်ရှိ၊ သက်မဲ့အရာတို့သည်လည်း လူသားတို့ကို အကျိုးပြုသော ဆေးများသာ ဖြစ်ကြပါ၏။

မှန်ပါသည်။ မည်သည့်အရာသည် မည်သို့ဆေးပင်ပါ၏။ မည်သို့အသုံးပြုလျှင် ဤမည်သောရောဂါတို့ ပျောက်ကင်းချမ်းသာကြပါ၏။ ပြောစမှတ်ပြုကြပါ၏။

ယင်းကြောင့်လည်း အသုံးပြုတတ်လျှင် ဆေးဖြစ်ပါ၏။ အသုံးမချတတ်လျှင် ဆေးအဖြစ်အသုံးမဝင်ပါချေ။ ဆေးပညာရပ်သည်ကား လွယ်မယောင် နှင့်ခက်၏။ တိမ်မယောင်နှင့်လည်း နက်ရှိုင်းလှပါ၏။

'ယောက်ျားမှာ ဆီး၊ မိန်းမမှာ မီး' ဟု ဆိုစမှတ်ပြုကြ၏။ အလားတူပင် ယောကျ်ားမှာ ဒူလာ၊ အမျိုးသမီးမှာ မီးယပ် အနည်းနှင့်အများ ဒုက္ခပေးတတ်ကြ၏။ ဒူလာမှာ သွေးဒူလာ၊ လေဒူလာ၊ မြင်းသရဲက်၊ လိပ်ခေါင်း စသည်ဖြင့် ထွေပြားလာပါ၏။

လိပ်ခေါင်းမှာလည်း လိပ်ဒေါင်းပဒိုင်း၊ လိပ်ခေါင်းညောင်သီး၊ လိပ်ခေါင်းပက်ကို၊ လိပ်ခေါင်းညောင်တန်း စသည်ဖြင့် အမျိုးမျိုးရှိကြ၏။

ယင်းဒူလာရောဂါမှာ ပိုးကြောင့်ဖြစ်ပေါ်လာပါ၏။ တစ်ခါတစ်ရံပိုးကြွလှုပ်ရှားခြင်းကြောင့် ဝစ္စမဂ်ယားယံခြင်း၊ သွေးကျခြင်းတို့ဖြစ်လာတတ်ပါသည်။ ယင်းသို့ ဖြစ်ပေါ်လာသောရောဂါကို ပျောက်ကင်းသွားစေရန် ဒူလာပိုးတို့ကို ချေပေးရ၏။ ဒူလာပိုးဆင်းသွားပါက ယားယံခြင်းမရှိတော့ပါ။

ယင်းကြောင့် ဒူလာပိုးထုတ်ဆေးကို ဖော်ပြပေးပါမည်။

ဆေးကား

ဖားပြုပ်(အာနီ-အနီ)အသေတစ်ကောင်၏ပါးစပ်ထဲ အိမ်သုံးဆားကို အပြည့်ထည့်ပါ။

ပြီးလျှင် ဖားပြုပ်ကို နေတွင် အခြောက်လှန်းထားပါ။ ခြောက်သွေ့လာလျှင် အိုးသစ်တစ်လုံးမှာထည့်ပြီး မြှုပ်ကျအောင်ချပါ။ ပြာကျသွားလျှင် ဆေးတော်ကိုရရှိပါ၏။ လေလုံသောပုလင်းတွင်ထည့်ထားပါ။

အသုံးပြုနည်း

ဒူလာပိုး၊ တုတ်ပိုးထလာပါက ဆေးကို တစ်ပဲ၊ နှစ်ပဲ၊ တစ်မတ် စသည်ဖြင့် ချင့်ချိန်၍ သုံးဆောင်ကြပါလေ။

အကျိုးကျေးဇူး

ဆေးကို သုံးလိုက်ခဲ့ဖြင့် လူသားတို့ကို ဒုက္ခပေးနေကြသော ဒူလာပိုးများ၊ တုတ်ကောင်ပိုးများ ကျလာပါလိမ့်မည်။ လက်တွေ့ပါ။

အတွင်းဒူလာပိုးတုတ်ကောင်ပိုးထုတ်ဆေး

အဝတ်အစားတွင် ထည့်သော ပရုတ်လုံးတစ်ပဲသား၊ ဝမ်းနုတ်ဆေးတစ်မျိုးမျိုးက တစ်ကျပ်သား။

ပြုလုပ်နည်း

ဆေးနှစ်ခုကို ပေါင်းစပ်ပါ။ လေလုံသောပုလင်းမှာထည့်ထားပါ။

အသုံးပြုရန်

ဆေးကို ငရုတ်ကောင်းစေတစ်စေ့ခန့်မျှသာ တစ်ခါစားအဖြစ် သုံးပါလေ။

ဝိုမစားရပါ။ သတိပြုရပါမည်။

သတိချပ်ရပါမည်။

အကျိုးသွား

လူသားတို့ကို ဒုက္ခပေးနေသော ဒူလာပိုးများ၊ တုတ်ကောင်ပိုးများ အဆုပ်အဆုပ်ကျလာပါလိမ့်မည်။

လက်တွေ့စမ်းသပ်နိုင်ပါသည်။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။ တိုင်းရင်းဆေးနည်းများကို လေ့လာမှတ်သား အကျိုးများကြပေလိမ့်မည်။

တိုင်းရင်းဆေးဗဟုသုတကြွယ်ဝဖြည့်စုံကုံလုံနိုင်ကြပါစေ။

လေ့လာသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

တိုင်းရင်းဆေးအပေါ်မှာ
သစ္စာရှိစွာဖြင့်

မဟာနွယ် (မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

◘ အဂ္ဂရတ်အတတ်ထွန်းကားခြင်း

အဂ္ဂရတ်အတတ်စတင်ထွန်းကားခဲ့သောဒေသမှာ အိန္ဒိယနိုင်ငံဖြစ်သည်ဟု ယူဆမည်ဆိုက ယူဆနိုင်ပါ၏။ အဂ္ဂရတ်ပညာသည် အိန္ဒိယမှတစ်ဆင့် အနောက်ဘက်တွင် အာရပ်၊ အီဂျစ်နှင့် ဂရိလူမျိုးများဆီသို့လည်းကောင်း၊ ထိုမှတစ်ဆင့် နောက်ပိုင်းတွင် ဥရောပအလယ်ပိုင်းသို့ လည်းကောင်း၊ အရှေ့ဘက်တွင် မြန်မာနှင့် ထို့ထက်ပို၍ ရှေးကျသော တရုတ်သို့ လည်းကောင်း ပျံ့နှံ့သွားခဲ့သည်။ တရုတ်နှင့် မြန်မာတို့၌ ခရစ်နှစ် ၅ ရာစုကတည်းက အဂ္ဂရတ်ပညာလိုက်စားလျက်ရှိကြပြီး တစ်ကမ္ဘာလုံးအနေဖြင့်ဆိုပါက ခရစ်နှစ် ၅ ရာစုနှင့် ၆ ရာစုခန့်တွင် အဂ္ဂရတ်ပညာသည် အထွန်းကားဆုံးဖြစ်ခဲ့၏။ အဂ္ဂရတ်ပညာသည် ခေတ်သစ် သိပ္ပံပညာရပ်များစတင် ထွန်းကားချိန်မှစ၍ မှေးမှိန်လာခဲ့သည်။

မြန်မာနိုင်ငံတွင် အဂ္ဂရတ်ပညာ အထွန်းကားဆုံးကာလမှာ ခရစ်နှစ် ၅ ရာစုနှင့် ၁၁ ရာစုအကြား ဖြစ်၏။ ထိုစဉ်ကာလက အဂ္ဂရတ်အတတ်ပညာသည် သာမန်မှသာမကတော့တဲ့ ယုံကြည်ကိုးကွယ်မှုတစ်ရပ်ထိပင် ဖြစ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံ ပုဂံခေတ်တွင် ထေရဝါဒ ထွန်းကားလာခဲ့ရာ ၁၁ ရာစုတွင် အဂ္ဂရတ်ပညာလိုက်စားမှုများမှေးမှိန်လာခဲ့သည်။ ထေရဝါဒ ဗုဒ္ဓဘာသာက အဂ္ဂရတ်ပညာကို လက်ခံခြင်းမရှိပါ။ သို့တိုင် ယုံကြည်သူတချို့က လိုက်စားမြဲလိုက်စားလျက်ရှိနေရာ တဖြည်းဖြည်း တိမ်ကောလာခဲ့သော်လည်း လုံးဝပျောက်ကွယ်သွားခြင်းမရှိပါ။ ယုံကြည်ကိုးကွယ်မှုအဆင့်အထိ မရောက်တော့ပါ။

◘ အဂ္ဂရတ်ပညာ၏မျော်လင့်ချက်

အဂ္ဂရတ်ပညာဆိုသည်မှာ မီးနှင့် ဆက်နွယ်သောအလုပ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အဂ္ဂရတ်ပညာလိုက်စားသူတို့က သတ္တုကို ပြောင်းလဲသွားအောင် မီးဖြင့်လုပ်ရသောကြောင့် ဖြစ်၏။ မီးဖြင့်ပြောင်းလဲအောင်လုပ်ဆောင်ရာတွင် သာမန်အခြေခံသတ္တုဖြစ်သောကြေး၊ ခဲ စသည်တို့ကို အဖိုးတန်သတ္တုရွှေဖြစ်အောင်၊ ငွေဖြစ်အောင် အားထုတ်ကြခြင်းဖြစ်သည်။ ဤသို့ သာမန်သတ္တုမှနေ၍ ရွှေဖြစ်၊ ငွေဖြစ် ကြိုးပမ်းမှုမှာ မြန်မာတို့၏ ထူးခြားချက်သက်သက်မှ မဟုတ်ပါ။ ကမ္ဘာတစ်ဝန်းရှိ အဂ္ဂရတ်လိုက်စားသူများလုပ်ဆောင်လေ့ရှိသော အစဉ်အလာဖြစ်သည်။

ဧအောင်ကောင်း

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ခဆိုသည်မှာ

မြန်မာ့အဂ္ဂရတ်ပညာရှင်အနေဖြင့် ခဲမှ ငွေ၊ ကြေးမှ ရွှေဖြစ်အောင် ကျားကုတ်ကျားခဲ ကြိုးပမ်းရ၏။ ဤသည်မှာ ပထမအဆင့်ပင်ဖြစ်၍ ပြဒါးရှင်လုံးရရှိသည်အထိ ဆက်လက် ကြိုးပမ်းကြ၏။ ပြဒါးရှင်လုံးပိုင်ဆိုင်ပါက မြေကိုလည်း လျှိုးနိုင်၏။ မီးကိုလည်းပျံနိုင်၏။ ပြဒါးရှင်လုံးကို နှုတ်ခွံငုံ၍ဖြစ်စေ၊ ဆံထုံး၌ထိုး၍ဖြစ်စေ၊ လက်မှာဖြစ်စေ၊ ချိုင်းမှာဖြစ်စေ၊ မိမိ၏ ခန္ဓာကိုယ်ပေါ်တွင်ဆောင်ထားပါက တုတ်၊ ဓား၊ သေနတ်ပြီး၍ မည်သည့်ရန်သူ၊ မည်သည့်လက်နက်နှင့်မျှ ရန်မပြုနိုင်ချေ။ ပင်ပန်းနွမ်းနယ်ခြင်း၊ ဆာဝါအန္တရာယ်ဖြစ်ခြင်းလည်း မရှိတော့ပါ။ ပြဒါးရှင်လုံးပိုင်ဆိုင်သူမှာ သာမန်လူခန္ဓာကိုယ်ပင်ဖြစ်၍ မြေလျှိုးခြင်း၊ မီးပျံခြင်းမှာ သူ့အစွမ်းမဟုတ်၊ ပြဒါးရှင်လုံး၏အစွမ်းသာ ဖြစ်ပေသည်။ ပြဒါးရှင်လုံး၏အစွမ်းဖြင့် ပြဒါးရှင်လုံး

www.burmeseclassic.com

www.burmeseclassic.com

နှင့်ထိရုံမျှဖြင့် ခဲမှင်ဖြစ်နိုင်သည်။ ကြေးမှန်ဖြစ်နိုင်သည်။ ဤသို့ အစွမ်းသတ္တိရရန်မှာ ပြဒါးရှင်လုံးကို ကိုယ်တိုင်ဖိုထိုးဖို့မလိုပါ။ မည်သူပင်ဖိုထိုးသည်ဖြစ်စေ ပြဒါးရှင်လုံးလက်ဝယ်ပိုင်သူသာ ထိုအစွမ်းကိုရရှိမည်ဖြစ်သည်။

ထို့ကြောင့်လည်း အဂ္ဂိရတ်အတတ်ပညာလိုက်စားကြသူများအဖို့ ပြဒါးရှင်လုံးရရှိသည်နှင့် တစ်ပြိုင်နက် မကောင်းဆိုးဝါးများ၊ မနာလိုသောမှော်ဆရာများ၏ လုယက်တိုက်ခိုက်မှုခံရတော့သည်။ မြန်မာ့ရိုးရာပုံပြင်များတွင် ပြဒါးရှင်လုံးနှင့်ပတ်သက်သောပုံပြင်များ အမြောက်အများရှိသည်။ ကုလားမင်းသားပဋိက္ခရာသည် ပြဒါးရှင်လုံးအစွမ်းကြောင့် ကောင်းကင်ခရီးပျံသန်းနိုင်ပြီး ပုဂံဘုရင်၏ သမီးတော်ကို ပိုးပန်းခဲ့ကြောင်း မြန်မာရာဇဝင်၌ ပါရှိသည်။ ထိုကုလားမင်းသားမှာ ပြဒါးရှင်လုံးကို ကိုယ်တိုင် အဂ္ဂိရတ်ထိုး၍ ရရှိခြင်းမဟုတ်ပါ။ တစ်နည်းနည်းဖြင့် ရရှိခြင်းသာဖြစ်ပါလိမ့်မည်။

▫ထုံးကျူခြင်း

အဂ္ဂိရတ်လိုက်စားသူများအနေဖြင့် ပြဒါးရှင်လုံးရရှိရုံမျှဖြင့် ကျေနပ်နှစ်သိမ့်နေလေ့မရှိပါ။ ပြဒါးရှင်လုံးကို အသုံးပြု၍ ရွှေဆက်ကြိုးပမ်းကြစမြဲ ဖြစ်သည်။ ဤသို့ ဆက်လက် ကြိုးပမ်းရာတွင် မိမိကိုယ်မိမိ ထွက်ရပ်ပေါက်ဖို့ဖြစ်သည်။ ထွက်ရပ်လမ်းမြန်နိုင်မည့် ဓာတ်ပြာရရှိရေးဖြစ်သည်။ ထိုဓာတ်ပြာရရှိသောအခါ တတိယအဆင့်သို့ရောက်သွားပြီဖြစ်၏။ ထွက်ရပ်ပေါက်လူစွမ်းကောင်းဖြစ်ရန် ဓာတ်ပြာကို သာမန်ဆေးဝါးကဲ့သို့ ဖြစ်သလိုမစားသုံးပါ။ ဓာတ်ပြာကို ခန္ဓာကိုယ်ထဲစိမ့်ဝင်သွားအောင် စနစ်တကျ စီရင်ရပါသည်။

ထိုသို့ စီရင်ရာတွင် ရှေးဦးစွာ ဓာတ်ပြာကိုမျိုချပြီး လူသေကဲ့သို့ဖြစ်လာသည်။ လူသေအနေအထားကို မြေကြီးထဲ၌ ခုနစ်ရက်တိတိ မြှုပ်နှံထားရမည်။ အကယ်၍ ခုနစ်ရက်မပြည့်မီ ခန္ဓာကိုယ်ကိုဖော်ထုတ်ခဲ့ရပါက တဒင်္ဂသေဆုံးခြင်း၊ ထာဝရသေဆုံးခြင်း၊ မေ့မြောရာမှတကယ်သေဆုံးသွားခြင်းသို့ရောက်လိမ့်မည်။ မြေအောင်းသည့် ခုနစ်ရက်တာသည် မိမိကိုယ်တိုင် ဘာမှမတတ်စွမ်းနိုင်။ ရန်သူများ၊ မကောင်းဆိုးဝါးများ၊ မှော်ဆရာများ ပြုသမျှနေရမည့် အခြေအနေမျိုးဖြစ်သည်။ မကောင်းဆိုးဝါးများက မနာလိုမှုဆက်သက်ဖြင့် အနှောင့်အယှက်ပေးမည်ဖြစ်ပြီး မှော်ဆရာကတော့ သူ့အသားကို စားလို၍ လိုက်လံရှာဖွေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဓာတ်ပြာစားသုံးထားသူ၏ ရုပ်ကလာပ်သည် မွေးရန့်သင်းကြူ၍ အရသာကောင်းမွန်ရုံသာမကဘဲ စားသုံးသူသည် လူစွမ်းကောင်းဖြစ်လာနိုင်သောကြောင့် ဖြစ်သည်။

သဆုံးပြည်မှ သူရဲကောင်းဗျတ်ဝိ၊ ဗျတ္တညီနောင်တို့သည် ဘုန်းတော်ကြီးအတွက် မီးကင်ထားသော ဇော်ဂျိဖိုလ်ဝင်သားကိုစားသုံးရသဖြင့် တုတ်ပြီး၊ ဓားပြီး လူစွမ်းကောင်းဖြစ်လာကြောင်း ရာဇဝင်များ၌ ဖော်ပြထားသည်။

ထို့ကြောင့် အဂ္ဂိရတ်အတတ်ပညာကိုလိုက်စားသူတို့အဖို့ မိမိအလိုရှိသောဓာတ်ပြာကိုရရှိပြီးပါက ပထမဦးဆုံးလုပ်ရမည့်အလုပ်မှာ သစ္စာရှိသောတပည့်ရရှိအောင် ရှာကြံမွေးမြူရေးပင်ဖြစ်သည်။ ထိုသစ္စာရှိသောတပည့်သည် ဆရာကို လူသူအရောက်အပေါက်နည်းသည့် တောတွင်းတစ်နေရာ၌ မြေမြှုပ်ကာ မကောင်းဆိုးဝါးများ၊ မှော်ဆရာများ အန္တရာယ်မှကင်းအောင် ကာကွယ်စောင့်ရှောက်ရပေမည်။ ဆရာကိုမြှုပ်နှံ၍ စောင့်ကြပ်ကြည့်ရှုပေးရမည်။ ခုနစ်ရက်ပြည့်သောအခါ ဆရာသည် ထွက်ရပ်ပေါက်သွားပြီး ဝိဇ္ဇာအဖြစ်ရောက်ရှိသွားသည်။ ထိုအခါကမှ ပြဒါးရှင်လုံး၏ အစွမ်းသတ္တိအားလုံးသည် မိမိ၏ကိုယ်ပိုင်ဖြစ်ကာ သူ၏ခန္ဓာကိုယ်သည်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းလျက် ထာဝရနုပျိုအသက်ရှည်သူဖြစ်လာမည်။ ပြဒါးရှင်လုံးမလိုဘဲ အစွမ်းသတ္တိများပြည့်စုံနေမည်။ ထိုအခါ မိမိအတွက် အသုံးမလိုတော့သော ပြဒါးရှင်လုံးများကို သစ္စာရှိတပည့်ဖြစ်သူအား ဆုလာဘ်အဖြစ် ပေးအပ်လိုက်တော့သည်။ ထို့နောက် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်သည် မဟာမြိုင်တောသို့ဝင်ကာ လူပြည်လူရွာကို ထာဝရကျောခိုင်းသွားတော့သည်။ သို့မှမဟုတ် အကြောင်းကြီးငယ်အရေးကြုံလာကာမှ ရှားရှားပါးပါး ပြန်လည်ရောက်ရှိလာလေ့ရှိသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်သည် လူသားသဘာဝကို ကျော်လွန်ကာ မြေလို့မိုးပျံနိုင်သည်။ မိမိအလိုရှိရာ ထုတ်ချင်းပေါက် လေကဲ့သို့လည်လည်သွားလာနိုင်သည်။ ခန္ဓာကိုယ်သည် ပင်ပမ်းနွမ်းနယ်မှုမရှိတော့ဘဲ အာဟာရတစ်စုံတစ်ရာမှီဝဲခြင်းလည်း မပြုတော့ပေ။ သူသည် နှစ်ပေါင်းထောင်ပေါင်းများစွာ အသက်ရှင်နေနိုင်ပြီး မအို၊ မနာ နုပျိုလျက်သာ နေပေသည်။

စင်စစ် ဗုဒ္ဓဘာသာမထွန်းကားမီ မြန်မာတို့စိတ်၌ အိုခြင်း၊ သေခြင်းကင်းစွာ အသက်ရှင်နေနိုင်မည့်နည်းရှိသည်ဟု တွေးထင်လျက်ရှိကြပြီး အမြဲရှင်သန်ရန် ထွက်ရပ်ပေါက်လမ်းကို ရှာကြံခဲ့ကြသည်။ ဗုဒ္ဓဘာသာထွန်းကားပြီးနောက် အနိစ္စသဘောကို ဆင်ခြင်၍ အားလုံးသေရမည်ဟု လက်ခံလာကြသော်လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်သေဆုံးသောအခါ ခန္ဓာကိုယ်သည် မပုပ်မသိုး မဟုတ်ဘဲ တည်နေနိုင်သည်ဟု ဆက်၍ ယူဆလုံ့ကြည်နေကြဆဲဖြစ်သည်။

▫ ထွက်ရပ်လမ်းနှင့်ဗုဒ္ဓဘာသာ

မြန်မာအဂ္ဂိရတ်ပညာ၏ရည်ရွယ်ချက်မှာ ထွက်ရပ်ပေါက်၍ ထာဝရနုပျိုသော ခန္ဓာကိုယ်ရရှိရေးပင် ဖြစ်သည်။ ယိုယွင်းပျက်စီးခြင်းမရှိသောခန္ဓာကိုယ်နှင့် နုပျိုလှပကာ သေခြင်းကင်းသောဘဝကို အလိုရှိကြသည်။ သို့သော် မိမိဆန္ဒအလျောက် ထွက်ရပ်လမ်းကို ပေါက်မြောက် အောင်မြင်ပြီးသူတို့သည် အမှန်တကယ် စိတ်ချမ်းသာမှုရနိုင်မည်လား စဉ်းစားစရာပင်။ ယေဘုယျအားဖြင့် စိတ်နှလုံးပျော်ရွှင်ချမ်းသာပါ၏ဟု ဆိုကောင်းဆိုဖွယ်ရာရှိပါသည်။ သို့သော် သူမှာလည်း သူ့ပြဿနာနှင့် သူရှိနေပြန်ပါသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ခေါ် ဝိဇ္ဇာဇော်ဂျီတို့သည် အပေါင်းအသင်းမဲ့ကာ တစ်ကိုယ်ရေတစ်ကာယဖြစ်သွားကြ၏။ သစ်သီးဝလံကို ရံဖန်ရံခါစားသုံးသည်ဆိုသော်လည်း အာဟာရသိဒ္ဓိပြီး၍ အစာအာဟာရမှီဝဲရန်လည်း မလိုတော့ခေ့ သားငါးရန်ကိုညှဉ်း၍ မခံနိုင်။ ထို့မှတပါး သားငါးစားသုံးသောလူသားတို့၏အနံ့မှာလည်း သူတို့အတွက် ပြင်းထန်စော်လှသဖြင့် လူသားများနှင့် တစ်ခဏမျှ ထိတ်ပို၍ တွေ့ဆုံဆက်ဆံခြင်းမပြုနိုင်။ တစ်ဖန် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဝိဇ္ဇာ-ဇော်ဂျီတို့သည်လည်းကောင်း မေထုန်မှီဝဲမှုကင်းသည်ဖြာဟွန်စရိယကျင့်သူလည်း မဟုတ်ကြ၊ ရသေ့ရဟန်းလည်း မဟုတ်ကြသဖြင့် နုပျိုသောခန္ဓာကိုယ်ဖြင့် ကိလေသာကို ငြိမ်းသတ်နိုင်မည် မဟုတ်သေး။ ကိလေသာ ကာမဂုဏ်စိတ်တို့ ထိန်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

ဝွမ်းထက်နောင်

ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါ

(YOKKAICHI ASTHMA)

ယိုကိုင်းချိ ပန်းနာရင်ကျပ်ရောဂါ ဆိုသည်မှာ ဂျပန်နိုင်ငံ၌ အလွန်ကြီးမား သော ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူများ ရောဂါများဖြစ်ပွားခဲ့သော ရောဂါ (၄) ခုအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဂျပန်နိုင်ငံ ယိုကိုင်းချိမြို့၌ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ပါသည်။ ရေနံနှင့် ရေနံစိမ်းများလောင်ကျမ်းရာမှ ဆာလဖာဒိုင်အောက်ဆိုဒ် စသော ဓာတ်ငွေ့များစွာ ထွက်ရှိမှုကြောင့် မြူမီးခိုးတိမ်များဖြစ်ပေါ်လာပြီး ထိုမြူမီးခိုးများကို လူအများရှူရှိုက်ရသဖြင့် ရောဂါဖြစ်ပွားရခြင်းဖြစ်ပါသည်။

မြူမီးခိုးများကို လူအများရှူရှိုက်ရခြင်းကြောင့် နာတာရှည်အဆုတ်ရောဂါ (Chronic Pulmonary Disease) နှင့် လေပြွန်ရောင်ခြင်း (Bronchitis)၊ အဆုတ်ပွခြင်း (Pulmonary Emphysema)၊ ပန်းနာရင်ကျပ်ရောဂါများ ထိုဒေသပတ်ဝန်းကျင်တွင် နေထိုင်သူများဖြစ်ပွားရပါသည်။ လေထုအတွင်း ဆာလဖာဒိုင်အောက်ဆိုဒ်များ ပျံ့နှံ့ရခြင်းမှာ ၁၉၅၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ရေနံဓာတုထုတ်လုပ်မှုလုပ်ငန်းများနှင့် ရေနံချက်စက်ရုံများမှ ထွက်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ ၁၉၅၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် အဓိကစွမ်းအင်ထုတ်လုပ်မှုကို ကျောက်မီးသွေးလောင်စာမှ ရေနံသို့ ပြောင်းလဲသုံးစွဲရန် စတင်ခဲ့ပါသည်။ အစိုးရ၏ မူဝါဒပြောင်းလဲကျင့်သုံး၍ ရည်မှန်းချက် အောင်မြင်ရန် ဒိုင်အီခို (Daichi) ရေနံဓာတုလုပ်ငန်းကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ထိုလုပ်ငန်းတွင် ရေနံစိမ်းဆီများကို သန့်စင်ချက်လုပ်၍ လောင်စာများထုတ်လုပ်ခြင်း ရေနံဓာတုစီမံကိန်းနှင့် စွမ်းအင်ထုတ်လုပ်သည့်လုပ်ငန်းများပါဝင်ပြီး ဂျပန်နိုင်ငံတွင် ပထမဆုံး တည်ဆောက်သည့် ရေနံဓာတုလုပ်ငန်း ဖြစ်ပါသည်။

၁၉၆၀ ပြည့်နှစ်တွင် ဂျပန်အစိုးရဝန်ကြီးချုပ် ဟာရာတိုအီခေးဒ (Hayato Ikeda) က (၁၀)နှစ်အတွင်း ဂျပန်လူမျိုးများ၏ တစ်ဦးချင်းဝင်ငွေနှစ်ဆတိုးရန် ရေနံဓာတုလုပ်ငန်းများကို အရှိန်အဟုန်မြင့်ခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်မှာပင် အပြည်ပြည်ဆိုင်ရာစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ဒုတိယရေနံဓာတုလုပ်ငန်းစက်ရုံများကို ယိုကိုင်းချိမြောက်ပိုင်းတွင် တည်ဆောက်ခဲ့ပါသည်။ ဝယ်ယူမှာကြားမှုများနှင့် ရောင်းအားတိုးတက်မှုကြောင့် ရေနံဓာတုထုတ်လုပ်ကုန်များနှင့် မွေ့ဆေး၊ ထုံဆေးတွင်အသုံးပြုသော အီသိုင်းဓာတ်ငွေ့ (Ethylene) များ ထုတ်လုပ်သော တတိယစက်ရုံကို တည်ဆောက်ခဲ့ပါသည်။ ဝယ်ယူမှာကြားမှုများနှင့် ရောင်းအားတိုးတက်မှုကြောင့် ရေနံဓာတုထုတ်လုပ်ကုန်များနှင့် မွေ့ဆေး၊ ထုံဆေးတွင်အသုံးပြုသော အီသိုင်းဓာတ်ငွေ့ (Ethylene) များ ထုတ်လုပ်သော တတိယစက်ရုံကို တည်ဆောက်ခဲ့ပါသည်။ ဝယ်ယူမှာကြားမှုများနှင့် ရောင်းအားတိုးတက်မှုကြောင့် ရေနံဓာတုထုတ်လုပ်ကုန်များနှင့် မွေ့ဆေး၊ ထုံဆေးတွင်အသုံးပြုသော အီသိုင်းဓာတ်ငွေ့ (Ethylene) များ ထုတ်လုပ်သော တတိယစက်ရုံကို တည်

ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ ၁၉၅၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် အဓိကစွမ်းအင်ထုတ်လုပ်မှုကို ကျောက်မီးသွေးလောင်စာမှ ရေနံသို့ ပြောင်းလဲသုံးစွဲရန် စတင်ခဲ့ပါသည်။ အစိုးရ၏ မူဝါဒပြောင်းလဲကျင့်သုံး၍ ရည်မှန်းချက် အောင်မြင်ရန် ဒိုင်အီခို (Daichi) ရေနံဓာတုလုပ်ငန်းကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ထိုလုပ်ငန်းတွင် ရေနံစိမ်းဆီများကို သန့်စင်ချက်လုပ်၍ လောင်စာများထုတ်လုပ်ခြင်း

မည့်အစား မိမိအာရုံခံစားမှုနောက်သို့ သာ ခံစားစံစားရန် ကြီးပမ်းကြသည်ဖြစ်ရာ ကာမဂုဏ်အချစ်စိတ်ကိုလည်း မျိုသိပ်နိုင်စွမ်းမရှိကြပေ။ သို့တိုင် လူသားမိန်းမသားထဲ ချဉ်းကပ်၍လည်း မဖြစ်။ လူသားမိန်းမတို့၏ သားငါးစားသုံးမှုကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သည့်ရန်ကို သူတို့မခံစားနိုင်ကြပါ။

ထိုအခါ မိမိ၏ကာမဂုဏ်စိတ်ကို ကိုယ့်နည်းကိုယ်ဟန်ဖြင့် ရသေ့စိတ်ဖြေကြီးပမ်းကြသည်။ သာမန်လူသားမိန်းမ ပျိုတစ်ဦး၏ပုံသဏ္ဌာန်အရွယ်အစားနှင့် တူသောအသီး (သူယောင်မယ်သီး) သီးသည်သူယောင်ပင်များ ဟိမဝန္တာတောင်စောင်းတွင် ပေါက်ရောက်လျက်ရှိရာ ထွက်ရပ်ပေါက်ဇော်ဂို၊ ဝိဇ္ဇာတို့သည် မိမိ၏အစွမ်းဖြင့် သူယောင်သီးကို အသက်သွင်းကာ သူယောင်မယ်နှင့် စိတ်တိုင်းကျပျော်ပါးကြလေတော့သည်။ သို့သော် သူယောင်မယ်သီးသည် သစ်သီးမျှသာဖြစ်သဖြင့် သစ်သီးသဘာဝအတိုင်း မကြာမီ ကွဲကြေပျက်စီးကာ ရင့်မှည့်ပုပ်သိုးသွားတော့သည်။ ထိုမျှမက ဟိမဝန္တာတောင်စောင်းမှာပင် သူယောင်ပင်များ ရှားပါးသဖြင့် သူယောင်မယ်သီးကို ထွက်ရပ်ပေါက်ပိဇ္ဇာ၊ ဇော်ဂျီတို့အချင်းချင်းလုယက်ရင်း ခိုက်ရန်ဖြစ်ပွားမှုလည်း မကြာခဏကြုံကြရသေးသည်။

ဖော်ပြပါ သူယောင်မယ်၊ သူယောင်သီးဒဏ္ဍာရီများမှာ အဂ္ဂိရတ်ပညာကိုဆန့်ကျင်ရာမှပေါ် ပေါက်လာခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာပုံနှံ့ထွန်းကားပြီးမှ ကျယ်ပြန့်လာခြင်းလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် အဂ္ဂိရတ်ပညာလိုက်စားခြင်း၊ ဖိထိုးခြင်းကို အခိုန်ဖြုန်းသည့်အလုပ်ဟု သဘောထားကြသည်။ သို့မဟုတ် လွှဲဖြစ်ငွေ့ဖြစ်ထက်မပိုဟု ယူဆကြသည်။

အဂ္ဂိရတ်ပညာကို ယုံကြည်လိုက်စားသောသူတို့ကမူ အထက်ပါ အယူအဆကို တုံ့ပြန်သောအားဖြင့် ထွက်ရပ်လမ်းလိုက်စားသူသည် နှစ်ပေါင်းထောင်ရှည်၍ အသက်ရှည်ရှည်နေလိုသည်မှာ နဂိုဓွာဖြင့် ကာမဂုဏ်ခံစားလိုရှိ မဟုတ်ပါ။ ဘဒ္ဒကမ္ဘာတွင် နောင်ပွင့်လာမည့် ဘုရားကိုဖူးခွင့်ရ၍ ဖူးမြင်ပြီးသကာလ တရားနာယူခွင့်ရသဖြင့် နိဗ္ဗာန်ဝင်နိုင်ရေးအတွက် အသက်ရှည်လိုခြင်းဖြစ်သည်ဟု ဆိုပြကြသည်။

ထိုဆိုပုံချက်ကို တုံ့ပြန်သောအားဖြင့် အဂ္ဂိရတ်ဆန့်ကျင်သူများက ဤသို့ဆိုပြန်သည်။

နောင်နှစ်ပေါင်းထောင်ပေါင်းများစွာကြာမြင့်ပြီးနောက် ဘုရားတစ်ဆူပွင့်တော်မူလာသောအခိုန်တွင် ထွက်ရပ်ပေါက်သူတို့အနေဖြင့် အခိုန်ကာလကို သတိထားမကြမည်မဟုတ်ဘဲ သူယောင်မယ်ရှိရေးအတွက်သာ လုယက်တိုက်ခိုက်နေကြသဖြင့် အခိုန်ကုန်တာ ပွင့်တော်မူလာသော ဘုရားရှင်ကို သွားရောက်ဖူးမြော်ရန် သတိပင်ရနိုင်မည်မဟုတ်ဟု ဆိုပေသည်။

အောင်ကောင်း

Ref: The Cult of Alehemy;
by Maung Htin Aung

www.burmeseclassic.com

www.burmeseclassic.com

ဆောက်၍ ၁၉၇၂ ခုနှစ်တွင် ထုတ်လုပ်မှုစတင်ခဲ့ပါသည်။ ယိုကိုင်းချိစက်ရုံများသည် စွမ်းအင်လောင်စာများ ထုတ်လုပ်မှုပြုခဲ့ရာတွင် အခြားနိုင်ငံများထက် ကျောက်မီးသွေးမှ ရေနံထုတ်လုပ်မှုလုပ်ငန်းသို့ လျင်မြန်စွာ ကူးပြောင်းနိုင်ခဲ့၏။

အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရေနံစိမ်များကို အဓိကတင်သွင်းခဲ့ပြီး ထိုရေနံများတွင် ဆာလဖာ (၃) ရာခိုင်နှုန်းထက် ပိုမိုပါဝင်သည့် ဓာတ်ပေါင်းများပါဝင်၏။ အဖြူရောင်ရှိသော မြူမီးခိုးတိမ်များ မြို့ပေါ် အနှံ့အပြား ဖြစ်ပေါ်နေခြင်းမှာ ဆာလဖာကြောင့် ဖြစ်ပါသည်။

၁၉၅၆ ခုနှစ်တွင် ပထမရေနံဓာတုစက်ရုံ စတင်ဖွင့်လှစ်လုပ်ကိုင်စဉ်ကပင် အဆုတ်အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ ပတ်ဝန်းကျင်ရှိ လူအများခံစားရပါသော်လည်း ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားခံစားနေရကြောင်း မသိရှိကြပါ။ အဆောက်အအုံများထက်မြင့်မားသော ကောင်းကင်ထက်တွင် မီးခိုးမြူတိမ်များ ဖြစ်ပေါ် နေကြသည်ကို တွေ့မြင်နေရပါသည်။ သို့သော်လည်း ထိုမီးခိုးမြူတိမ်များညစ်ညမ်းမှုများသည် ကျယ်ပြန့်သည့်ဧရိယာတွင် လေနှင့်အတူ ပြိုကွဲသွား၍ ကျန်းမာရေးထိခိုက်မှု၊ ခံစားမှုများကိုကူညီရန် တောင်းခံသတင်းပို့မှုများသည်လည်း မရှိခဲ့ပါ။

ထိုအခြေအနေတွင် ထူခြားသည့် အကြောင်းအရာမှာ ထိုပတ်ဝန်းကျင်ရှိ အီးဆေးပင်လယ်အော် (Ise Bay) မှ ဖမ်းဆီးရမိသော ငါးများသည် အရသာမကောင်းတော့သဖြင့် ငါးဖမ်းသမားများက ၁၉၆၀ ပြည့်နှစ်တွင် အစိုးရထံသို့ ငါးများ၏ အခြေအနေပြောင်းလဲမှုကြောင့် ရောင်းမရသည့်ငါးများအတွက် လျော်ကြေးငွေပေးရန် အသနားခံခဲ့ခြင်း ဖြစ်ပါသည်။

ထို ယိုကိုင်းချိ (Showa Yokkaichi) ရေနံဓာတုစက်ရုံမှ ဆီများနှင့်ထုတ်ကုန်များ မဝယ်ယူရန် အစိုးရက တရား ဥပဒေအရ အရေးယူ ဆောင်ရွက်မှုကို ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် စတင်ခဲ့ပါသည်။ တရားဝင် လူပေါင်း (၅၄၄) ဦးခန့် ထိခိုက်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သော်လည်း ထိုနှစ်မှာပင် ရောဂါဖြစ်ပွားသည့်အရေအတွက် တိုးတက်များပြားခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် သုတေသနပညာရှင်များ (Mie University Granduate School of Medicine) (Hiroshima University Natural Science Centre For Basic Research and Development) က လေ့လာခဲ့ရာ တရားဝင် ထုတ်ပြန်ထားသည်ထက် (၁၆) ဆမှ (၂၀) ဆအထိ သေဆုံးရမှုများ ပိုမိုများပြားကြောင်း တွေ့ရှိခဲ့ပါသည်။ ယိုကိုင်းချိစက်မှုလုပ်ငန်းများက ထုတ်လွှင့်စွန့်ပစ်ခဲ့သော ဆာလဖာပါဝင်သည့် ညစ်ညမ်းသောလေများကို ရှူရှိုက်ခဲ့ရပြီး လေထုညစ်ညမ်းမှုများကြောင့် ပန်းနာရင်ကျပ်ရောဂါများဖြင့် သေဆုံးခဲ့ကြောင်းကို အတည်ပြုခဲ့ပါသည်။ လေထုအတွင်း ပုံမှန်မဟုတ်သော ဆာလဖာပါဝင်သည့် မီးခိုးငွေ့များ များစွာဖုံးလွှမ်းနေသည့် အတွက် ဒေသအတွင်းရှိလူများ၏ ကျန်းမာရေးကို ထိခိုက်ရခြင်းဖြစ်၍ ထိုဧရိယာများတွင် ထိခိုက်ရောဂါဖြစ်ပွားမှုများ၏ ပြဿနာများကို စတင်ဖြေရှင်းကြိုးပမ်းမှုများမှာ မီးခိုးငွေ့မြူများကို ဖယ်ရှားရန် ဖြစ်၏။

ထို ယိုကိုင်းချိ ပန်းနာရင်ကျပ်ရောဂါဖြစ်ပေါ် မှုသည် စက်မှုလက်မှုလုပ်ငန်းတိုးတက်သည့် နေရာဒေသများ၊ မက္ကဆီကိုနှင့် တရုတ်ပြည်တို့တွင်ပါ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၀၇ ခုနှစ်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများတွင် ရောဂါကျရောက်မှုကို လေ့လာခြင်းနှင့် ဂျပန်နိုင်ငံ ယောက်ကိုင်းချိ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားမှုကို သင်ခန်းစာယူရန် မိုင်းတက္ကသိုလ် (MIE University Graduate School of Medicine Department of Public Health and Occupiational Medicine မှ Katsumri Yoshida, Kumimasa Morio and Kazuhilo Yokoyama တို့မှ လေ့လာတင်ပြထားသည့် ပတ်ဝန်းကျင်လေ့လာမှုအရ အစီရင်ခံစာကို ဖော်ပြလိုပါသည်။

ပတ်ဝန်းကျင်အား အလွန်ထိခိုက်ခဲ့သည့် ပြဿနာပေါ် ပေါက်ခဲ့ခြင်းများသည် ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ ထပ်တလဲလဲဖြစ်ပေါ် ခဲ့ပါသည်။ ရေညစ်ညမ်းမှုကြောင့် မာကျူရီပြဒါးအဆိပ်သင့်ခြင်း၊ (မီနာမာတာရောဂါများ) မီနာမာတာနှင့် နီဂါတာတွင်ဖြစ်ပွားခြင်း၊ ကတ်တမီယမ်အဆိပ်သင့်ခြင်း (Kumamoto Minamata Disease, Niigata Minata Disease, Ititai disease) ဖြစ်ပွားမှုနှင့် လေထုညစ်ညမ်းမှုကြောင့်ဖြစ်သည့် ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါဖြစ်ပွားမှု (Yokkaichi Asthma) (၄) ခုသည် ဂျပန်နိုင်ငံ၏ အထင်ရှားဆုံး ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပါသည်။ ယိုကိုင်းချိပန်းနာရင်ကျပ်ရောဂါသတိပြုခဲ့သည်မှာ အဆုတ်ရောဂါ၊ အဆုတ်ပွဋ်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါ စသည့် အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါဖြစ်ပွားသောလူနာများ တိုးတက်များပြားလာမှုကြောင့် ဖြစ်ပါသည်။ လေထုထဲတွင် မြင့်မားသော ပြင်းအားရှိသည့်ဆာလဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ များစွာပါဝင်ခြင်းကြောင့် ဖြစ်၏။ ထိုပြဿနာသည် ၁၉၅၇ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး အနှစ် (၂၀) ခန့် ဆက်တိုက်ဖြစ်ပွားနေခဲ့ပါသည်။ ဆာလဖာအောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှင့်ခြင်းကို ၁၉၇၂ ခုနှစ်က ဥပဒေပြဋ္ဌာန်းခဲ့၍ တဖြည်းဖြည်းနှင့်လျော့နည်းစေရန် ဆောင်ရွက်ခဲ့ပြီးမှ ထိုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ခဲ့၏။ ထို အကြောင်းအရာသည် ကမ္ဘာတစ်ဝန်းထင်ရှား ကျော်ကြားခဲ့သော လွန်စွာ အရေးကြီးသည့် သင်ခန်းစာ အတွေ့အကြုံများ ဖြစ်ခဲ့ပါသည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် စက်မှုလုပ်ငန်းထုတ်ကုန်များလုပ်ငန်းများ၏ (၈၀) ရာခိုင်နှုန်းဆုံးရှုံးခဲ့ရပါသည်။ သွင်းကုန်များဖြစ်သော စက်မှုလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ရေနံနှင့် တွင်းထွက်ပစ္စည်းများ၊ အလူမီနီယမ် စသည်များသည် အမေရိကန်ဧတပ်၏ တိုက်ခိုက်မှုနှင့် ဂျပန်နိုင်ငံပြိုပေါင်း (၂၀၀) ခန့်ကို ဗုံးကြဲတိုက်ခိုက်ခံရသောကြောင့် ဆုံးရှုံးခဲ့ရ၍ ၁၉၄၅ ခုနှစ်တွင် စက်မှုထုတ်ကုန်များ လျော့နည်းသွားပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုသည် ၁၉၁၀ ပြည့်နှစ်အခြေအနေအထိ နိမ့်ကျရောက်ရှိသွားခဲ့ပါသည်။ ၁၉၅၅ ခုနှစ်တွင် စစ်မဖြစ်မီက အခြေအနေကဲ့သို့ စက်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ၂၀ ရာစု အကုန်း စက်မှုထုတ်ကုန်များ တစ်နှစ်တွင် (၁၀) မှ (၁၅)ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ရ စီးပွားရေးအလွန်တိုးတက်သောအခိုက်အကာလဟု ခေါ် ဆိုကြ၏။ စက်ရုံအသစ်များ တည်ဆောက်ပြီး စက်မှုလုပ်ငန်းတိုးတက်နေသည့် အမေရိကန်နှင့်ဥရောပနိုင်ငံများကို အမီလိုက်နိုင်ရန် ကြိုးပမ်းကြ၏။

အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရေ

www.burmeseclassic.com

www.burmeseclassic.com

နံစိမ်းများကိုအသုံးပြု၍ စက်မှုလုပ်ငန်းများအနက် အလွန်ကြီးမားသည့် ရေနံဓာတုလုပ်ငန်းကို ယိုကိုင်းချီမြို့ (Yokicaich) တွင် လုပ်ကိုင်ခဲ့ကြ၏။ ထိုစက်ရုံကို ၁၉၅၇ ခုနှစ် စတင်လည်ပတ်ခဲ့စဉ်ကပင် များစွာသောလူနာများ ရှီအိုဟမ (Shiohama) ဆေးရုံသို့ ခေါင်းဆိုးခြင်း၊ ချေသလိပ်ထွက်ခြင်း၊ လည်ချောင်းနာခြင်းနှင့် ရင်ကျပ်ခြင်းကြောင့် အိပ်မရခြင်းစသည့် ရောဂါများဖြင့် ရောက်ရှိလာခဲ့ပါသည်။ ထိုနည်းတူ ပတ်ဝန်းကျင်ရှိ အီဆိုဇု မီဟာမ အခေဘိုနို (Isozu Mihama Akebono) ဒေသများတွင်လည်း ဖြစ်ပွားခဲ့ပါသည်။ ထိုဒေသတွင် နေထိုင်သူများက မည်သည့်အတွက်ကြောင့်ဖြစ်ပွားသည်ကို မသိရှိဘဲ ကံအကြောင်းမလှလို့ဖြစ်တာပါဟု ယူဆနေကြပါသည်။ ထိုမြို့၏ ခရိုင် (၁၃) ခုတွင် ကျန်းမာရေးဝန်ထမ်းများက လေ့လာမှုအရ အသက်ရှူလမ်းကြောင်းရောဂါကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယိုကိုင်းချီ (Yokkaichi) မြို့သည် လူဦးရေထူထပ်ပြီး ကျပန်နိုင်ငံ၏အလယ်တွင်ရှိပါသည်။ ထိုမြို့သည် စက်မှုလုပ်ငန်းမြို့ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာဘက် ကျပန်အာခိုပ်လေဂိုက္ခန်းစု အီဆေး (Ise) ပင်လယ်အော်ကို မျက်နှာမူထားပါသည်။

ထိုလုပ်ငန်းသည် ကျပန်နိုင်ငံတွင် အကြီးဆုံးဖြစ်ပြီး ဆီများကို လောင်ကျွမ်းစေသည့် စွမ်းအင်စက်ရုံနှင့် ဆီများသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။ ထိုစက်ရုံသည် ဆာလဖာပါဝင်မှု (၃) ရာခိုင်နှုန်းထက်များသော ရေနံစိမ်းများကို အသုံးပြုခဲ့သည်။ ဆာလဖာပါဝင်မှုကို လျှော့ချခြင်းများကို သင့်တော်သည့်တိုင်းတာမှုများ မပြုလုပ်ခဲ့ခြင်းကြောင့် တစ်နှစ်တွင် ဆာလဖာဒိုင်အောက်ဆိုဒ် ထုတ်လွှင့်မှုသည် တန် (၁) သိန်းထက် ကျော်လွန်တိုးတက်များပြားလာပြီး လူနေထူထပ်သည့်နေရာဒေသများတွင် (၁) ပီပီအမ် (1 ppm) ထက်များနေခြင်းကြောင့် ရောဂါများဖြစ်ပွားကြောင်း သိရှိရပါသည်။

၁၉၆၀ ပြည့်နှစ်က ထိုဒေသတွင် အသက်ရှူလမ်းကြောင်းရောဂါများတိုးတက်ဖြစ်ပွားမှုများသည် ကျပန်နိုင်ငံတွင် အဓိကကျန်းမာရေးပြဿနာတစ်ခုဖြစ်လာခဲ့ပါသည်။ ၁၉၇၂ ခုနှစ်အထိ ထိုအကျိုးဆက်ကို တိုင်းတာစစ်ဆေး၊ ထိန်းသိမ်းရေး လုပ်ဆောင်ခဲ့ရပါသည်။ ကျန်းမာရေးကို ထိခိုက်စေသည့် လေထဲတွင် ဆာလဖာဒိုင်အောက်ဆိုဒ် ပါဝင်ညစ်ညမ်းခြင်းကို လျှော့နည်းရန်နှင့် အခြားဒေသများကဲ့သို့ ပုံမှန်ဖြစ်ရန် ဆောင်ရွက်နိုင်မှုသည် ၁၉၇၀ ပြည့်နှစ် နှစ်ကုန်တွင်မှ ပြီးစီးခဲ့ပါသည်။ လေထုအတွင်း စုံစမ်းစစ်ဆေးမှုများကို ၁၉၉၀ ပြည့်နှစ်အထိ ပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှုများအရ အလွန်ဆိုးဝါးသော ပန်းနာရင်ကျပ်ရောဂါများကြောင့် သေဆုံးရသူများပြားလာခြင်းကို လေထုညစ်ညမ်းမှုကြောင့် ဖြစ်ရသည်ကိုသိရှိပြီး ချက်ချင်းအရေးယူဆောင်ရွက်ခဲ့သော်လည်း ထို့ဇရိယာများ၌ လေထုညစ်ညမ်းမှုလျှော့နည်းရန်ဆောင်ရွက်မှုမှာ (၄) နှစ်မှ (၅) နှစ်အထိ ကြာခဲ့ပါသည်။ အလွန်ကြီးမားသည့် စက်မှုထုတ်ကုန်လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း၊ ပတ်ဝန်းကျင်အတွက် စဉ်းစားဆောင်ရွက်ရန်အားနည်းခဲ့ကြောင်း ကျပန်အစိုးရက ဝန်ခံထားခဲ့ပါသည်။ ထိုညစ်ညမ်းမှုများကို ထုတ်ဖော်နိုင်ခဲ့ခြင်းမှာ ကျပန်နိုင်ငံ၏ ခေတ်မီတိုးတက်မှုကြောင့်ဖြစ်ပါသည်။ သို့သော်လည်း မဖွံ့ဖြိုးသည့်နိုင်ငံများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားမှုများကို မသိရှိရုံတင်မက မိမိတွင်ဘာရောဂါဖြစ်နေသည်ကို မသိရှိဘဲ သေဆုံးမှုများစွာရှိခဲ့ပါသည်။ ဥပမာအားဖြင့် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကြောင့် ရောဂါဖြစ်ပွားမှု၊ သတ္တုတူးဖော်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဓာတုပစ္စည်းများကို အသုံးပြုထုတ်လုပ်မှုများကြောင့် ပတ်ဝန်းကျင်ညစ်မှု၊ ဓာတုပစ္စည်းများကို အသုံးပြုထုတ်လုပ်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် လေထုညစ်ညမ်းမှုများ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ပြည်သူများ ရောဂါဖြစ်ပွားခံစားနေရပါသော်လည်း မိမိဘာကြောင့်ရောဂါဖြစ်ရသည်ကို သိရှိသူများနည်းပါးလျက်ရှိသည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရပါသည်။

ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၏အစိုးရများက လေထုညစ်ညမ်းမှုကို လေ့လာစောင့်ကြည့်ပြီး လေ၏အရည်အသွေးကို တိုင်းတာစစ်ဆေးနေကြပါသည်။ လေထုအတွင်း ညစ်ညမ်းစေသည့်ပစ္စည်းများ ပါဝင်မှုနှင့် လုံခြုံစိတ်ချရသော လေထု၏ အရည်အသွေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သဘာဝအရင်းအမြစ်များ ထိခိုက်ပျက်စီးမှုများအပေါ် လည်း ဆန့်ကျင်အရေးယူဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးစနိုင်ငံများ၏ အစိုးရများသည် နိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများမှထွက်ရှိသော လေထုညစ်ညမ်းမှုများကို ထိန်းချုပ်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ အစိုးရများက နိုင်ငံ၏စီးပွားရေး စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောဖြစ်ပေါ်မည့် အကျိုးစီးပွားကိုသာ ဦးစားပေးမဆောင်ရွက်ဘဲ ထိုလုပ်ငန်းများမှ ထွက်ပေါ်တတ်သည့် သဘာဝပတ်ဝန်းကျင်နှင့်လူအများအပေါ် သက်ရောက်စေသည့် ဆိုးကျိုးများကို ဉာဏ်ပညာအမြော်အမြင်များဖြင့် တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင် တည်တံ့ရေးကို လေ့လာသုံးသပ်ဆောင်ရွက်နေကြပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးသည် ကမ္ဘာ့လူသားများအဓိက ရင်ဆိုင် တွေ့ကြုံနေရသည့် ပြဿနာများဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းတည်တံ့ရေးနှင့် ညစ်ညမ်းမှုမဖြစ်စေရေးသည် အလွန်အရေးကြီးပါသည်။

အထက်ပါ ဆာလဖာဓာတ်ငွေ့အဆိပ်သင့်သည့် အဖြစ်အပျက်သည် လူသားများ၏ အရေးပါသော နေထိုင်မှုဘဝဖြစ်စဉ်များကို သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ပျက်သုဉ်းစေနိုင်ကြောင်းကို သတိပေးနေသော သင်ခန်းစာယူသင့်သည့် အဖြစ်အပျက်များဖြစ်သည်။ထိုသင်ခန်းစာယူသင့်သည့် ဆာလဖာဓာတ်ငွေ့အဆိပ်သင့်ပြီး ယိုကိုင်းချီပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားခြင်းအကြောင်းအရာများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် သဘာဝသစ်ပင်တောတောင်မြစ်ချောင်းများကို မြတ်နိုးချစ်ခင်တတ်ပြီး တည်တံ့နိုင်ရေးအတွက် ပြည်သူပြည်သားများအား တွန်းအားပေးသည့်အင်အားတစ်ခုပင် ဖြစ်ပါလိမ့်မည်ဟု ထင်မြင်မှော်လင့်မိပါသည်။

စွမ်းထက်နွေဦး

www.burmeseclassic.com

www.burmeseclassic.com



(ရွှေယွန်ချိုင်)
မောင်လင်းခန့်
ကျောက်ကြီးကျင်း

ကျွန်တော်သည် ရခိုင်ပြည်နယ် ဂွမြို့ (ရွှေယန်ချိုင်)ကျေးရွာတွင်နေထိုင်ပြီး (အ-ထ-က) ဂွမြို့တွင် ကျောင်းတက်နေသော တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြေပေါင်း တစ်ရာကျော်ခန့်ရှိသည်။ ရွာသူရွာသားအများစုမှာ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ကြသည်။ ယခုကျွန်တော် ရေးသားသည့် ဇာတ်လမ်းသည် ကျွန်တော်တို့ကျေးရွာတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ယခုလို မိုးဦးကျရာသီရောက်သည်နှင့် ကျွန်တော်တို့ကျေးရွာရှိ လယ်သမားများသည် လယ်ကိုတည်ခဲ့ရန် ပြင်ဆင်နေကြသည်။ လယ်သမားများကား တစ်နွေလုံး လယ်ထဲတွင် ပင်ပန်းဆင်းရဲစွာအလုပ်လုပ်ကိုင်ကြပြီး ရွာသို့ပြန်ကြသည်မှာထုံးစံပင်။ အချို့လယ်သမားများကား လယ်ထဲတွင် တစ်မိုးတွင်းလုံး ညအိပ်ပြီး အလုပ်လုပ်ကြ၏။ ဤသို့ဖြင့် လယ်ထဲတွင် တစ်နေ့လုံး ပင်ပန်းစွာ အလုပ်လုပ်ပြီး ညဘက်မိုးရွာလျှင် ဖားရိုက်ထွက်ရသည်မှာ ရွာ၏ဓလေ့တစ်ခုပင် ဖြစ်သည်။ ကျွန်တော်တို့ကျေးရွာတွင် ဖားစေ့းက တစ်ဆယ်သားလျှင် ကျပ် (၄၀၀) ပင် ဖြစ်သော်လည်း ဂွမြို့တွင်မူ ကျပ်(၁၂၀၀)အထိ ဈေးတက်သည်။ ထို့ကြောင့်ပင် ဖားရိုက်ထွက်ခြင်းကို ဝါးပွားရေးသဘောအနေဖြင့်လုပ်ကိုင်ကြသည်။ ဖားများသည် နွေနှင့် ဆောင်းရာသီတွင် တောင်ပေါ်ရှိ တွင်းပေါက်လေးများတွင် ခိုအောင်းနေကြပြီး မိုးဦးကျ ရာသီရောက်သည်နှင့်ပင် ဖိုသံ၊ မသံပေးကာ ရေသောက်ရန် လယ်ကွင်းထဲသို့ ဆင်းကြလေသည်။ ရေသောက်ပြီးစီးသည်နှင့် မူလတွင်းထဲသို့ ပြန်ဝင်သွားကြလေသည်။ ထိုရေသောက်မည့်အချိန်ကိုပင် စောင့်ဆိုင်းကာ ဖားရိုက်ကြရလေသည်။ ဖားများကို မိုးဦးကျရာသီအစတွင်သာ ရိုက်ယူနိုင်ကြသည်။ သို့သော် မိုးမရွာလျှင်မထွက်၊ မိုးရွာမှသာလျှင် ဖားများကား ရေသောက်ရန်ထွက်လာကြ၏။

ယနေ့တွင်မူ ကောင်းကင်ယံတွင် မိုးသားတို့ အလိပ်လိုက်အလိပ်လိုက် တက်လာကြပြီး မည်းမှောင်နေလေသည်။ မိုးကား မနက်ထစောစောကပင် တဖွဲဖွဲရွာသွန်းနေလေသည်။ မိုးခြိမ်းသံများကား ဆူညံနေလေ၏။ ဦးကျော်ရွှေတစ်ယောက် တဖွဲဖွဲရွာသွန်းနေသော မိုးကိုကြည့်ကာ တက်ကြွနေမိသည်။ ဤမိုးသာ ညအထိ တဖွဲဖွဲရွာသွန်းနေလျှင် သူအတွက်အကွက်ပဲဟုတွေးတောနေမိသည်။ ညနေစောင်းသည်လည်း မိုးကား မတိတ်ပါ။ ထို့ကြောင့် ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေ ထမင်းကို တက်သုတ်ရိုက်စားလိုက်ပြီး ဖားရိုက်ရန် ဓာတ်မီး၊ သားရေခွေ၊ လွယ် အိတ်၊ ဖားထည့်ရန် ပိုက်အိတ်၊ ကြိမ်လုံး၊ ကွမ်းယာ၊ ဆေးလိပ်တို့ကို သူ့ ဇနီးအား ပြင်ဆင်ခိုင်းလိုက်လေသည်။

"မိန်းမရေ၊ မြန်မြန်လုပ်စမ်းပါကွ။ တော်ကြာ သူများဖားရိုက်တာဦးသွားလို့ ဘာကောင်မှမရဖြစ်နေမယ်"

"တော်ကလည်း မလောစမ်းပါနဲ့၊ ဖားရိုက်ရမယ့်နေရာကဖြင့် အများကြီး"

"ဟ - မလောလို့ဘဲရမလား။ မင်းမသိပါဘူး မိန်းမရာ၊ ဖားရိုက်တဲ့လူတွေကဖြင့် တစ်ပုံကြီး၊ နေရာအနှံ့စုံသွားနေကြတာ။ အဲဒီတော့ ငါစောစောသွားမှ ဖားများများရမှာပေါ့။ နောက်သာတူလို့

www.burmeseclassic.com

www.burmeseclassic.com

ဘာကောင်မှမရဘဲ မင်းရောငါပါထမင်း
ငတ်ဖို့သာပြင်ထား။ ဟွန်း-ဘာမှကိုနား
မလည်တဲ့မိန်းမ အလကား"

ဦးကျော်ရွှေတစ်ယောက် သူမိန်းမ
ကို အပြစ်တင်ကျိန်ဆဲလိုက်ပြီး ဖားရိုက်
ရန် ပစ္စည်းအစုံအလင်ကို သယ်ဆောင်
ကာ မှောင်စပျိုးချိန်တွင် မိုးထဲလေထဲတို့
တစ်ယောက်တည်း ထွက်ခွာသွားလေ
သည်။ ရာသီဥတုကား မကြည်လင်။
ကောင်းကင်တွင်မူ မိုးကြောင့်မည်းမှောင်
နေသည်။ ဦးကျော်ရွှေ ဓာတ်မီးကို ဆတ်
ခနဲထိုးလိုက်ပြီး လယ်ကွင်းထဲတွင် ဟိုမှ
သည်သို့ လိုက်လံထိုးကြည့်လိုက်လေ
သည်။ ဖားရိုက်ရာတွင် ဓာတ်မီးကို
မကစားရဘဲ ငြိမ်ငြိမ်သက်သက်လိုက်လံ
ထိုးပေးရလေသည်။ တစ်နေရာတွင်
မျက်လုံးနှစ်လုံး ညီးခနဲတွေ့လိုက်ရ၍
အသာအယာပင် လှမ်းလာလိုက်လေ
သည်။ အနားရောက်တော့ ကြိမ်လုံးနှင့်
လွှဲရိုက်လိုက်လေသည်။ ဘုတ်ခနဲ အသံ
နှင့်အတူ ဖားသည် လျှာထွက်၊ ကျော
ဆန့်သွားလေသည်။ ဤနည်းဖြင့်ပင်
လယ်ကွင်းတစ်ကွင်းပြီးတစ်ကွင်းကျော်
ကာ လိုက်လံရိုက်နှက်သည်။ သို့သော်
ဖားကား သုံး၊ လေးကောင်ခန့်သာရရှိ
သေးသည်။ သူ ပတ်ဝန်းကျင်သို့ မျက်စိ
ကစားလိုက်သည်။ ခပ်လှမ်းလှမ်းတွင် သူ
လိုပင် ဖားရိုက်နေကြသူများကိုတွေ့ရ
လေသည်။

ဦးကျော်ရွှေသည် ရွာကွင်းတွင်
ရိုက်လို့ကတော့ အကျိုးမထူးသည်ကို
တွေးတောလိုက်ပြီး တောကွင်းဘက်သို့
ခြေဦးလှည့်လိုက်လေသည်။ အတန်ကြာ
အောင်သွားပြီးသော် ကွမ်းစားချင်လာ
သဖြင့် ကွမ်းတစ်ယာကို ထုတ်စားလိုက်
လေသည်။ ကွမ်းငုံပြီးသည်နှင့် ဆက်
လက်၍သွားလေသည်။ တောလမ်းလေး
နှင့်တောင်ကုန်းတစ်ကုန်းကိုကျော်ဖြတ်
ပြီးနောက် မောင်ပေါက်ကင်းတို့လယ်ထဲ
သို့ ရောက်လာလေသည်။ မောင်ပေါက်
ကင်းတို့လယ်ကွင်းအထက်နားတွင် နွား
များကို ရေတိုက်သော ကန်လေးတစ်
ကန်ရှိလေသည်။ ဦးကျော်ရွှေသည် ကန်
လေးနားကိုသာသွားရိုက်လိုက်လျှင် ဖား
ရနိုင်သည်ဟုတွေးမိပြီး လှမ်းလာလိုက်
လေသည်။ ဤနားသို့ရောက်သည်နှင့်
ခြေသံလုံလုံဖြင့် အသာအယာလှမ်း
လိုက်ပြီး ဓာတ်မီးဖြင့်ထိုးလိုက်လေသည်။
ကန်စပ်နားတွင် လက်လေးလုံးအရွယ်ရှိ
ဖားတစ်ကောင်ကိုတွေ့လိုက်ရ၍ ရိုက်
သတ်လိုက်ပြီး ပိုက်အိတ်ထဲသို့ထိုးထည့်
လိုက်သည်။ ထို့နောက် ဓာတ်မီးကို
ကန်ထောင့်သို့လှမ်းထိုးလိုက်လေသည်။
ထိုစဉ်ပင် ကန်ထောင့်နားတွင်ဝပ်နေ
သော ဖားဝါကြီးကို တွေ့လိုက်ရ၍
ဦးကျော်ရွှေ လောဘတက်သွားလေ
သည်။ ဖားကား အကောင်အလွန်ကြီး
မားသည်။သုံးဆယ်သားခန့်ပင်ရှိသည်။
သည်အကောင်မျိုးကား ရှားပါးသောနှစ်
ချို့တွင်းအောင်းဖားကြီးမျိုးဖြစ်သည်။
တော်ရုံတန်ရုံ မိုးဖွဲရုံဖြင့် အပြင်ထွက်
သည် မဟုတ်။ ယခုမူမိုးသည်နေသဖြင့်
သာ အပြင်ထွက်ခြင်း ဖြစ်သည်။

ဦးကျော်ရွှေ သားရေစွပ်ထား
သောဓာတ်မီးကို ပါးစပ်ဖြင့်ကိုက်လိုက်
ပြီး ခြေသံမကြားအောင် ဖြည်းဖြည်းချင်း
လျှောက်လာလေသည်။ သို့သော် ဖား
ကား အကင်းပါးလွန်းလှသည်။ ဦးကျော်
ရွှေအနားမရောက်မီမှာပင် ဆတ်ခနဲဆို
အပြင်ဘက် ခုန်စပ်စပ်ထဲသို့ ခုန်သွားလေ
သည်။ ဦးကျော်ရွှေ ဖားပျောက်သွားမည်
ကိုစိုးသဖြင့် ထိုချစ်စပ်စပ်နားသို့ ပြေး
သွားလိုက်ပြီး ဓာတ်မီးဖြင့်ထိုးကာ ဖြဲကွဲ
ရှာလိုက်သည်။ တွေ့ပါပြီ။ မောင်မင်းကြီး
သား ဖားကား သစ်ကိုင်းများအောက်
တွင် အသေအချာပင်ဝပ်နေလိုက်သေး
သည်။ ဦးကျော်ရွှေ ထိုဖားကို ကြိမ်လုံး
ဖြင့်ရိုက်လည်း ဖားကား အကောင်ကြီး
သဖြင့် တစ်ချက်တည်းနှင့်သေမည်
မဟုတ်။ ထို့ကြောင့် ကြိမ်လုံးကို အသာ
အယာပင် ဘေးဦးချလိုက်ပြီး သားရေခွဲ
လွယ်အိတ်ထဲမှ လောက်စာလုံးနှင့်
သားရေခွကိုထုတ်ကာ လောက်စာလုံးကို
သားရေခွဲ တပ်လိုက်ပြီး ဖားရှိရာသို့
အသေအချာပင်ချိန်ကာ သားရေကုန်ဆွဲ
လိုက်ပြီး ပစ်ထည့်လိုက်သည်။

ဘုတ်၊ ကွဲခနဲအသံနှင့်အတူ ဖား
ကား ခါးဆစ်ရိုးပြုတ်ကာ သေနေပြီ။
ထို့ကြောင့် ထိုဖားကို သစ်ကိုင်းများ
အောက်မှ နှိုက်ယူလိုက်ပြီး ပိုက်အိတ်
ထဲသို့ထည့်ကာ ကန်နားမှပြန်ဆင်းလာ
ပြီး ကန်အောက်ရှိ လယ်ကွင်းထဲတွင်
လှည့်ပတ်ရိုက်လေသည်။ နာရီဝက်ခန့်
ကြာသော် ဖားကား တစ်ပိဿာကျော်
ခန့်ရပြီ ဖြစ်သည်။ ထို့ကြောင့် ထိုကွင်းမှ
ခွာကာ တခြားနေရာကိုသွားရန်စဉ်းစား
မိလေသည်။ ဘယ်နေရာကိုသွားရမည်
နည်း။ ဦးကျော်ရွှေ အတန်ကြာအောင်
စဉ်းစားလိုက်ပြီးမှ ဖားပေါသောနေရာ
တစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။
ထိုနေရာကား အခြောက်အလှန့်ရှိသည်
ဟု သတင်းထွက်နေသောနေရာ ဖြစ်
သည်။ သို့သော် ဦးကျော်ရွှေကား
မကြောက်တတ်။ရွာသားများပြောသော
စကားကိုလည်းမယုံ။ တစ်ယူသန်
တဇောက်နန်းဖြစ်သည်။ ဖားသာရမည်
ဆိုပါက ဘယ်နေရာကိုသွားရသွားရ
သွားမည့်သူဖြစ်သည်။ ထို့ကြောင့်
ထိုနေရာကို ခြေဦးလှည့်လိုက်သည်။
သို့သော် ကွမ်းစားချင်လာပြန်သဖြင့်
ကန်သင်းပေါင်ပေါ်တွင် ကွမ်းယာလိုက်
ပြီး ကွမ်းရွက်ကိုလိပ်ကာ ပါးစောင်သို့
ထိုးထည့်လိုက်ပြီးမှ ထိုနေရာကိုထွက်ခွာ
သွားလေသည်။ အတန်ကြာအောင်သွား
ပြီးသော် သူတို့ရွာမှ မောင်ဖိုးထွန်းကို
တွေ့လိုက်ရ၍ လှမ်းရှုန့်တ်ဆက်လိုက်
သည်။

"ဟေ့ကောင် ဖိုးထွန်း"

"ဟာ - ဘယ်သူများလဲမှတ်တယ်
ဦးကျော်ရွှေကြီးပါလား"

"ဘယ်လိုလဲ၊ မင်းမှာ ဘယ်
လောက်ရပြီလဲ"

"သိပ်မရပါဘူးဗျာ၊ တစ်ပိဿာခွဲ
လောက်ပဲရသေးတယ်"

"ဟာ - တစ်ပိဿာခွဲကနည်းတာ
မှတ်လို့။ ဒါနဲ့ မင်းဘယ်ကွင်းမှာရိုက်တာ
လဲ"

"သြော် - ဘကြီးစိန်သောင်းကွင်း
ဘက်မှာပါ။ နေစမ်းပါဦး၊ ဦးကျော်ရွှေ
ကြီးက ကျွန်တော့်ကို လာမေးနေတာ
ဦးကျော်ရွှေကြီးမှာ တော်တော်တွက်ခြေ
ကိုက်နေပြီနဲ့တူတယ်"

"ဘယ်ကလာကွာ၊ တစ်ပိဿာ
ကျော်လောက်ပဲရသေးတယ်"

"ဟာ - ဟိုဖားဝါကြီးကအကောင်
ကြီးပါလား"

"အေးကွ၊ ပေါက်ကင်းတို့ နွားရေ
တိုက်တဲ့ ကန်ထောင့်လေးကတွေ့လို့
သားရေခွနဲ့ပစ်ပြီးယူလာခဲ့တာ"

"သြော် သြော်- ဒါနဲ့ ဦးကျော်ရွှေ
ဘယ်နေရာသို့သွားပြီးရိုက်ဦးမှာလဲ"

"အေးကွာ၊ ငါ ကျောက်ကြီးကျင်း
ဘက်ကိုသွားပြီးရိုက်ဦးမယ်"

"ဘာ - ကျောက်ကြီးကျင်းဟုတ်
လား"

"ဟကောင်ရ၊ ကျောက်ကြီးကျင်း
လို့ပြောလိုက်တာနဲ့ ဘာလို့ဒီလောက်
တောင်မှ ထိတ်လန့်သွားရတာလဲ"

"ဦးကျော်ရွှေကြီးမသိဘူးလားဗျ။
ဒီလောက်တောင်ခြောက်လှန့်နေတာ"

"သူ့ဘာသာသူ ဘယ်လောက်ပဲ
ခြောက်ခြောက် ငါက ကိုယ့်ဝမ်းစာ
အတွက်ဖားရိုက်တာ။ သူကိုက အနှောင့်

www.burmeseclassic.com

www.burmeseclassic.com

အယ့်ကပေးတဲ့ဓာလည်း မတုတ်ဘူး။ တကယ်လို့ ငါကိုလာခြောက်လို့ကတော့ ဟောဒီ လောက်လေးခွန်ဆော်မစ်လိုက်မယ်။ ကဲကဲ - ဖယ်ဖယ်၊ ငါသွားလိုက်ဦးမယ်"

မောင်ဖိုးထွန်းကား ဦးကျော်ရွှေလို လူခွစာကြီးတစ်ဦးကို တားလို့မရမှန်းသိသဖြင့် ဖယ်ပေးလိုက်လေသည်။

"ဦးကျော်ရွှေကြီး၊ သတိဝိရိယလည်းထားပြီးသွားဦးနော်"

"အေးပါကွာ၊ မင်းစကားမရှည်စမ်းပါနဲ့"

ဦးကျော်ရွှေ မောင်ဖိုးထွန်းကို တုဆတ်ဆတ်ပြောလိုက်ပြီး သွက်လက်စွာ လှမ်းလာလိုက်သည်။ မောင်ငပုတို့ ခင်တန်းကုန်းလေးကို ကျော်ဖြတ်လိုက်ပြီးသည်နှင့် ဦးမြင့်သိန်းလယ်သို့ရောက်လာသည်။ ဦးမြင့်သိန်းတို့လယ်ကား သုံး၊ လေးကေခန့်ရှိသည်။ ထိုလယ်တွင် လှည့်ပတ်ရိက်ရာ ဖားလေး၊ ငါးကောင်ခန့် ရရှိသည်။ သို့နှင့်ပင် သူသည် ရှေ့သို့ တော်တော်ကြာအောင်လျှောက်ပြီးသော် ဆည်ဖို့ထားသောတာကြီးကို တွေ့ရလေသည်။ ထိုတာကိုကျော်ဖြတ်ပြီးသည်နှင့် ခပ်လှမ်းလှမ်းတွင် ကျောက်ကြီးကျင်းကို ရောက်ရှိသည်။ မိုးကမှ သဲသဲမဲမဲနှင့်ရွာကောင်းဆဲ။ ဦးကျော်ရွှေတစ်ယောက်မည်သို့ပင် မကြောက်ဘူးဟု စိတ်အားတင်းထားသော်လည်း စိတ်ထဲကမူ ခပ်ရွံ့ရွံ့။ သို့နှင့်ပင် သူကျောက်ကြီးတောင်ကုန်းလေး၏ တောင်ဘက်တွင် စတင်၍ ရှိက်သည်။ ဖားရိုက်ပြီးသည်နှင့် တောင်ကုန်းလေးပေါ်ရှိ ထဲကလေးသို့ ခေတ္တဝင်နားမည်။ တဲတွင်းကား လူတစ်ယောက်မျှမရှိ။ သူများတွေက ဤတောင်ကုန်းတွင် ဘာရှိသည်ညာရှိသည်ဟု ပြောဆိုသော်လည်း ဦးကျော်ရွှေကား ဂရုမစိုက်။ ဂရုစိုက်စရာလည်းမလို။ သူအတွက် နားရန်နေရာရလျှင် တော်ပြီ။ ဤလယ်ကွင်းပိုင်ရှင် ဦးမြင့်ဦးကား လယ်ထဲတွင် ညမအိပ်ရဲ။ နေဘက်တွင် လယ်ထွန်ပြီးစီးသည်နှင့် နွားများကို မောင်းကာ ပြန်လေပြီ။ ညနေစောင်းအထိပင်မနေ။ တစ်ခါတလေ မိုးမှောင်ကျနေလျှင် နေခင်းဘက်ကတည်းကပင် ပြန်သည်။ ပတ်ဝန်းကျင်တွင် မိုးစက်ကျသံ၊ ဖားအော်သံ၊ လေတိုးသံများကလွဲလျှင် ဘာသံမှမကြားရ။ ဦးကျော်ရွှေ ဖားတစ်ကောင်ကို ရိုက်သတ်ပြီး ပိုက်အိတ်ထဲထည့်ကာ ရုတ်တရက် သရက်ပင်ဆီသို့ ဓာတ်မီးထိုးကြည့်လိုက်သည်။

မျက်လုံးနှစ်လုံးကို ညီးခနဲတွေ့လိုက်ရ၍ နှလုံးခုန်မြန်သွားလေသည်။ သို့သော် သေသေချာချာပင်ကြည့်လိုက်တော့မှ တောကြောင်တစ်ကောင် သရက်သီးမှည့်များစားသုံးနေကြောင်း သိလိုက်ရ၍ အကြောက်ပြေသွားသည်။ သို့ဖြင့်ပင် သူလယ်တစ်ကွင်းပြီးတစ်ကွင်းကျော်ကာ သွက်လက်စွာဖြင့်ရိုက်နေသည်။ ဤလယ်ကွင်းတွင် ဖားရိုက်မည့်သူမရှိသဖြင့် ဖားများကား ပေါချင်တိုင်းပေါလျက်ရှိသည်။ ဖားများကား လယ်တစ်ကွက်တည်းတွင်ပင် ဟိုတစ်ကောင်သည်တစ်ကောင်ဖြင့် ဖိုသံမသံ ပေးနေကြသည်။ ဓာတ်မီးဖြင့်ထိုးလျှင် မျက်လုံးနှစ်လုံးညီးနေ၏။ လူလာလျှင်တော့ အသာအယာပင်ဝပ်သွားသည်။ ထိုအခါ လူက တစ်ချက်တည်းနှင့် ရိုက်သတ်ရုံသာ။ ဤကျောက်ကြီးကျင်းလယ်ကား ဆယ်ဧကခန့်ပင်ရှိသည်။

ဦးကျော်ရွှေ တစ်ကွင်းလုံးလှည့်ပတ်ရိုက်ပြီးသည်နှင့် ဖားထည့်အိတ်ကို လွယ်ပြီး တောင်ကုန်းလေးပေါ်ရှိတဲ့ဒီသို့ လှမ်းလာလိုက်သည်။ ဖားကား တော်တော်များသည်။ လေးငါးပိဿာခန့် ရှိ၏။ ဦးကျော်ရွှေ ဖားအိတ်ကြီးကိုလွယ်ပြီး ကျေနပ်ဝိတိဖြစ်စွာဖြင့် တဲလေးထဲသို့ ဝင်လိုက်သည်။ မနက်ဖြန်ကျလျှင်တော့ ရွာထဲရှိလူများက သူ့အား တော်လိုက်တာဟု ချီးမွမ်းမည်ကို စိတ်ကူးဖြင့် တွေးတောလိုက်ပြီး တဲပတ်ဝန်းကျင်မှ ထင်းခြောက်များကို လိုက်လံစုဆောင်းသည်။ ထို့နောက် ထင်းခြောက်များကို မီးဖိုတွင် ဝိုင်းအုံလိုက်ပြီး နွားစာကျွေးသောမြက်ခင်းထဲမှ ကျောက်ရိုးများဖြင့် မီးမွှေးလိုက်သည်။ ထင်းများကား စိုထိုင်းနေသဖြင့် ခက်ခက်ခဲခဲပင် မီးမွှေးရသည်။ ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ မီးပုံတစ်ပုံရရှိသွားသည်။ ဦးကျော်ရွှေတစ်ယောက် အချမ်းပြေစေရန် မီးလှုံလိုက်၏။ ဆေးလိပ်ဘူးထဲမှ ဆေးလိပ်တစ်လိပ်ထုတ်ကာ မီးညှိစွာရှိုက်လိုက်ပြီး တဲရှေ့ပိုမှစ်ပေါ်တွင် ထိုင်လိုက်သည်။ သူထိုင်နေသောနေရာနှင့်မီးဖိုကား ဆယ်ပေခန့် ကွာဝေးသည်။ အပြင်မှာတော့ မိုးကား သဲသဲမဲမဲရွာသွန်းနေဆဲ။ ဦးကျော်ရွှေကတော့ သည်မိုး သဲသဲမဲမဲရွာပြီး စဲသည်နှင့် ရွာပြန်ရန် စိတ်ကူးလိုက်သည်။ ထို အတွေးနှင့်အတူ ဆေးလိပ်ကို မီးရဲနေအောင် ဖွာရှိုက်လိုက်သည်။

ထိုစဉ် သူနားထဲသို့ သစ်ရွက်ခြောက်များကိုနင်းပြီး လမ်းလျှောက်လာသောခြေသံကို ကြားလိုက်ရသည်။ ဘာကြောင့်မသိ သူ့ကောထဲ စိမ့်ခနဲဖြစ်သွားပြီး ကြက်သီးများပင်တဖြန်းဖြန်းထလာသည်။ ခြေသံကြားရသည်ကာ တစ်ဝပ်ဘေးဘက်မှဖြစ်သည်။ ခြေသံကား တဲနှင့် တဖြည်းဖြည်းနီးကပ်လာသည်။ မကြောက်ဘူးဟု အမြဲပြောလေ့ရှိသော ဦးကျော်ရွှေစိတ်ထဲသို့ ကြောက်ရွံ့စိတ်များကာ တစ်စတစ်စဝင်ရောက်လာ၏။ ခဏကြာသော် ခြေသံရှင်ကား တဲထဲသို့ ဝင်ရောက်လာသည်။

ခြေသံရှင်ကား သူ့လိုလူတစ်ယောက်ပင်ဖြစ်သည်။ သို့သော် အရပ်က သူ့ထက်ပို၍မြင့်မားသည်။ ထိုလူဝင်ရောက်လာသည်နှင့် တဲထဲတွင် ဆိုးဝါးလှသောအပုပ်နံ့ကြီးက တစ်ပြိုင်နက်ဝင်ရောက်လာသည်။ အပုပ်နံ့ကြီးက အော်ဂလီဆန်စရာကောင်းလှလေသည်။ ဦးကျော်ရွှေ ခေါင်းမူးလာပြီး ရင်ထဲတွင် ပို့တက်လာသဖြင့် ကွပ်ဖျစ်ပေါ်မှ တဲအောက်သို့ အန်ချလိုက်သည်။ ဦးကျော်ရွှေ ထိုသို့ အန်ချလိုက်သော်လည်း သူ့ရှေ့ခပ်လှမ်းလှမ်းတွင်ရှိသောသူကား ဘာမှမဖြစ်သလိုပင်။ သူ့ကို ကြည့်ရသည်မှာ တစ်ကိုယ်လုံး စိမ့်ရွဲလျက်ရှိ့များပင်ပေကျံနေသည်။ မျက်နှာကိုကား မမြင်ရချေ။ ဘုံကုပ်ခမောက်ကို ခပ်ငိုက်ဆောင်းထားပြီး သူ့ကိုကျောပေးလျက်ရပ်နေသည်။ ဆံပင်များစုတ်ဖွာပြန့်ကျဲနေသည်။ ခဏအကြာတွင် ထိုလူသည် တဲထဲရှိ တိုင်တစ်တိုင်တွင် ချိတ်ထားသော ဖားအိတ်ကြီးကို ဘာမပြောညာမပြောနှင့်ယူလိုက်သည်။

ဘုတ်ခနဲအသံနှင့်အတူ ဖားအိတ်ကြီးကို မီးဖိုဘေးရှိမြေပြင်ပေါ်တွင် ပစ်ချလိုက်သည်။ ထို့နောက် မီးဖိုဘေးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်လေသည်။ မီးရောင်ကြောင့် ထိုသူလုပ်သမျှကို ဦးကျော်ရွှေ အကုန်မြင်နေရသည်။ သူကတော့ ဘာမှဝင်မပြောရဲ။ ထိုသူက ဖားအိတ်ထဲသို့ လက်နှိက်လိုက်ပြီး ဖား တစ်ကောင်ကိုထုတ်လိုက်သည်။ ထိုလူ၏လက်များကား ဖြူဆွတ်လျက် ပဲကြီးစေ့ခွဲကဲ့သို့ခွဲတွေနေသည်ကို မီးရောင်ဖြင့် မြင်လိုက်ရသည်။ ထိုလူကား ထိုဖားကို မီးဖိုထဲထည့်၍ မီးဖုတ်လိုက်ပြီး ယူစားလိုက်သည်။ ကျက်၊ မကျက်မူကိုမသိ။ ထိုလူ ဖားမီးဖုတ်ပြီးစားသည်မှာ လေးစက္ကန့်လောက်ပဲကြာသည်။ မစားခင် ထိုလူကား ဦးကျော်ရွှေထံသို့ လက်ကို နောက်ပြန်၍ အင့်ခနဲ အသံပြုရုံလေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး ပါးစပ်ထဲသို့ ပလုတ်ပလောင်း ထည့်စားလိုက်သည်။

ဦးကျော်ရွှေကမူ ခေါင်းကား တင်းတောင်းလောက်ကြီးထွားလာသည် ဟုထင်ရသည်။ ခေါင်းမွေးများထောင်ထ လာပြီး ကြက်သီးများတဖြန်းဖြန်းထလာ သည်။ ယခုလိုအခွံခွာတွင် သူသည် အဖော်တစ်ယောက်အား တမ်းတမိ သည်။ အဖော်ပါလျှင်တောင် ဒီလောက် မဆိုး။ ယခုမူကား သူတစ်ယောက် တည်း။ အခွံခွာကား ညဆယ့်နှစ်နာရီ ခန့်ပင်ရှိပြီဖြစ်သည်။ ယခုလိုအခွံခွာတွင် မည်သည့် ဖားရိုက်သမားမျှ တယ်ကွင်း တွင်ဖြစ်ဖြစ် မရှိကြတော့ချေ။ မိုးက လည်းသည်းကောင်းတုန်းပင်ဖြစ်သည်။ ညီ၏ အမှောင်ကား နက်ရှိုင်းလွန်းလှ သည်။ ဦးကျော်ရွှေ၏ထိတ်လန့်မှုကား ပြောဖွယ်ရာပင်မရှိတော့။ ထိုလူကား ဖားထုပ်ကြီးထဲမှဖားကို တစ်ကောင်ပြီး တစ်ကောင်မီးဖုတ်စားနေ၏။ သူသားရေ ခွဖြင့်ပစ်သတ်လိုက်သော ဖားဝါကြီးကို ပင် တစ်လုတ်တည်းစားပစ်လိုက်သည်။ ဦးကျော်ရွှေ ကြောက်လန့်တကြားနှင့် ထိုလူကို သားရေခွဖြင့်ပစ်ရန် ဖျတ်ခနဲ သတိရမိသည်။ သို့သော် သူလက်များ က ချွေးစေးများပြန်နေပြီး သားရေကြိုး ကလည်း ထူးထူးခြားခြားပြုတ်နေသဖြင့် ပစ်၍မရတော့။ ထိုလူကား ဖားကို တစ်ကောင်ပြီးတစ်ကောင်ယူစားနေရာ နောက်ဆုံး လေးငါးပိဿာခန့်ရှိသော ဖားထုပ်ကြီးမှာ သုံး၊ လေးကောင်ခန့်ပင် ကျန်ရှိတော့သည်။ ဦးကျော်ရွှေ ဘာလုပ် ရမှန်းမသိတော့ပေ။ ဖားကုန်လျှင် လူ ဘက်လှည့်လာတော့မည်။ ထို့လူကား ကျန်ရှိသည့် ဖားသုံးကောင်အနက် တစ် ကောင်ကို ပါးစပ်ထဲသို့ မီးဖုတ်ပြီးပစ် သွင်းလိုက်သည်။ ထို့နောက် ပါးစပ်က တဟီးဟီးတဟင်းဟင်းအသံကြီးပြုလိုက် သည်။ အသံကား တုန်လှုပ်ချောက်ချား ဖွယ်ကောင်းပြီး ကျက်သရေကင်းမဲ့ဖွယ် ကောင်းသည်။

ဦးကျော်ရွှေ ဆုံးဖြတ်ချက်ချက် တဲ့ပေါ် မှ လျှင်မြန်စွာ ပြေးဆင်းလိုက်ပြီး ထိုမိန္ဓာကောင်၏မျက်စောင်းထိုးရှိ မီးဖို ထဲမှ လက်မောင်းလုံးလောက်ရှိသော ထင်းချောင်းကို ဆွဲထုတ်လိုက်သည်။ ထင်းချောင်းကား မီးအရှိန်ဖြင့် ရဲရဲ တောက်နေသည်။ ထိုထင်းချောင်းဖြင့် ဖားကို ပါးစပ်ထဲသို့သွင်းရန်ပြုနေသော မိန္ဓာကောင်၏မျက်နှာကို ယောကျ်ား ကြီးအားကုန်လွှဲရိုက်ပစ်လိုက်ပြီး တဲထဲမှ လျှင်မြန်စွာဖြင့်ပင် ပြေးထွက်လိုက်လေ သည်။ မိန္ဓာကောင်ကား တဲထဲတွင် စူးစူး ဝါးဝါးအော်ဟစ်လိုက်ပြီး ပက်လက်လန် လျှက် ကျန်ခဲ့သည်။ ဦးကျော်ရွှေကား ခြေကုန်သုတ်ပြေးလေသည်။ လမ်းတွင် ခလုတ်တိုက်၊ ဆူးခြစ်သည်တို့ကို ဂရု မစိုက်နိုင်တဲ့ ထိတ်လန့်စွာဖြင့်ပင် အော် ဟစ်ပြီးပြေးလေသည်။ ဦးကျော်ရွှေ ရွာ နှင့်နီးလာလေလေ ခြေလှမ်းပိုသွက်လေ ဖြစ်သည်။ နောက်တွင်မူ ထိုမိန္ဓာကောင် ကား 'မပြေးနဲ့ ဟူသော ဝမ်းခေါင်းသံကြီး ကိုပြု၍ လိုက်လာသည်။ ဦးကျော်ရွှေ ရွာထဲသို့ဝင်လိုက်သည့်နှင့် ကယ်ကြပါဦး၊ လာကြပါဦးဟူသောအသံကိုပြု၍ အိမ် သို့ခုန်းစိုင်းသွားလေသည်။ ခွေးများကား ရွာလမ်းတစ်လျှောက်တွင် စူးစူးဝါးဝါး အူကြ၊ ဟောင်ကြသည်။ ရွာထဲတွင် အိပ်နေကြသောလူများကား အံကုန်လုံး နီးပါးလန့်နိုးလာကြပြီး လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် မိုရွာထဲကြားထဲ ဦးကျော် ရွှေအိမ်သို့ သတင်းမေးကူညီရန် တုတ် များ၊ ဓားများ၊ လုံများဆွဲ၍လိုက်လာ သည်။ အခွံ့ကား မီးအိမ်များကိုဆွဲကာ ပြေးထွက်လာကြသည်။ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်သွားသည်။

ဦးကျော်ရွှေ အိမ်ခြံထဲဝင်ပြီး အိမ် ပေါ် သို့ပြေးတက်လိုက်သည်နှင့် ထိုမိန္ဓာ ကောင်ကြီးကား ခြံအပြင်၌ကျန်ရစ်ပြီး ဦးကျော်ရွှေကို မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်သည်ကို ထိတ်လန့်ဖွယ်တွေ့ လိုက်သည်။ ထိုမိန္ဓာကောင်ကြီးကား ဦးကျော်ရွှေကိုတစ်ချက်ကြည့်ပြီး လှည့် ပြန်သွားလေသည်။ ရွာထဲရှိလူများအား လုံး ဦးကျော်ရွှေအိမ်သို့သတင်းမေးရန် ရောက်ရှိလာသည်။ သို့သော် ဦးကျော် ရွှေကား စကားပင်ပြန်ပြောဖော်မရဘဲ ကယောင်ကတမ်းအော်ဟစ်ပြီး တစ်ပတ် ခန့် အပြင်းဖျားသည်။ သူကျန်းမာရေး ကောင်းမွန်လာသောအခါ သူဖြစ်ရပ် အား ရွာသူရွာသားများကိုပြောပြလိုက် ရာ အားလုံးက ထိတ်လန့်သွားကြသည်။ ဦးကျော်ရွှေကား ထိုအခွံခွာစတင်၍ ဖားရိုက်ရန် မည်သည့်နေရာကို မည် သည့်အခါမျှမသွားတော့ချေ။

(ဖြစ်ရပ်မှန်ကို အမည်ပြောင်းလဲ ရေးဖွဲ့ထားသည်။)

မောင်လင်းခန့်(ရွှေယာချိုင့်)

နှတ်မောက်မင်းသန့်နိုင်
ဝမ်းကျအော့အန်
ပျောက်စေရာ

ဝမ်းကျအော့အန်ဝေဒနာကို 'ရေ ငတ်ဝမ်းကျရောဂါ' ဟုလည်း ပြောဆို သုံးစွဲကြပါသည်။

တဝေါ့ဝေါ့အန်နေပြီး ဝမ်းမှာ လည်း မနားတမ်းသွားပါသည်။ ဝမ်း တွင်းမှာ အလွန်ပူလောင်ပြီး အလွန်ရေ ဆာရေတော်ဖြစ်ပါသည်။ ရေသောက် သောအခါ တစ်ဖန် အန်ပြီး ဝမ်းဆက် တိုက်သွားပြန်ပါသည်။ လူ၏ ခန္ဓာကိုယ် အတွင်းမှ လိုအပ်သော သကြားဓာတ် ဆားဓာတ်များကုန်ခန်းပြီးမေ့မြော်သွား သည်အထိ အားအင်များဆုတ်ယုတ် တတ်သကဲ့သို့ ခြေသလုံးကြွက်သားများ တက်ကာကြွက်တက်လာတတ်ပါသည်။

ထိုမျှအထိ အခြေအနေမဆိုးစေ ရန်အတွက် နှစ်ကြိမ်၊ သုံးကြိမ် ဝမ်းသွား အော့အန်ပြီဆိုကတည်းက ရေနွေးအိုးကို သကြားဟင်းသောက်ဇွန်းတစ်ဇွန်း၊ ဆားမန်ကျည်းစေ့နှစ်စေ့ခန့်၊ ရေတစ် မတ်ခွက်တွင် ထည့်ဖျော်၍ တစ်ဇွန်းချင်း အဆက်မပြတ် ခပ်သောက်ပေးပါ။ ခန္ဓာ ကိုယ်အတွင်းမှ ဆားဓာတ်၊ သကြားဓာတ် များ ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါ သည်။

အနည်းငယ် နေသာထိုင်သာရှိ သွားလျှင် ဇကရာဇ်ပင်မှအမြစ်ကို ဆန် ဆေးရည်နှင့် ပျစ်ပျစ်သွေးပြီး ဟင်း သောက်ဇွန်းတစ်ဇွန်း သောက်ပေးပါ။ နာရီခြား၍ သုံးကြိမ်အထိသောက်ပေး ပါ။

ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ရေတ် ဝမ်းကျ (ဝါ) အော့အန်ဝမ်းကျ (ဝါ) ဝမ်း ကျအော့အန်ခြင်း ရောဂါဝေဒနာ လေး ငါးနာရီအတွင်း လက်တွေ့ သက်သာ ပျောက်ကင်းသွားပါမည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်သို့ သူငယ်ချင်းဖြစ်သူ ဦးကျော်ဝင်းနှင့်အတူ လိုက်လာခဲ့ပါဟု သားဖြစ်သူကမှာ၍ အမေရိကန်ပြည်သို့ ခရစ်နှစ် ၂၀၀၁ ခု၊ မေလတွင် ရောက်ပါသည်။ သားငယ်မှာ အမေရိကန်တွင်ပညာသင်ရန် ခေတ္တရောက်ရှိနေခြင်း ဖြစ်ပါသည်။ အဘိုးကြီး၊ အဘွားကြီး (၂) ဦးအတွက် အမေရိကန်သံရုံး၌ ဗီဇာလျှောက်ထားရာ အခက်အခဲမရှိ အမေရိကန်၌ (၆) လနေခွင့်ရပါသည်။ အမေရိကန်ပြည်သို့ လေယာဉ်ဖြင့်သွားရသည်မှာ ဝက်ဘာတောင်သို့ စေတမုဆိုး၏လမ်းညွှန်ချက်ဖြင့်သွားသကဲ့သို့ မဟုတ်သဖြင့် ရန်ကုန်-မင်္ဂလာဒုံမှ ဘန်ကောက်သို့၊ ဘန်ကောက်မှ အမေရိကန် ဒက်ထရွိုက်၊ ၎င်းမှ ပစ်(စ)ဘတ်သို့ လေယာဉ် (၃) စီး ပြောင်းစီးရုံမျှနှင့် ရောက်လေသတည်းဆိုသော် လုံလောက်ပါပြီ။

၁၉၄၆ ခုနှစ်လောက်က စလင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ပထဝီဝင်ပြသော ဆရာကြီးဦးစိန်ကြွယ် လက်စွဲပြုသော ဒက်တလီစတက်(မ်) စာအုပ်ပါအတိုင်း ဖော်ပြချက်မှာ ပစ်(စ်)ဘတ်မြို့မှာ သံချက်စက်ရုံများဖြင့်ပြီး သောစက်မှုမြို့တော်ဟု ဖော်ပြပါသော်လည်း ၂၀၀၁ ခု ပစ်(စ်)ဘတ်မှာ သံချက်စက်ရုံများကို မတွေ့ပြင်ရပြီး တောင်ပေါ်အပန်းဖြေမြို့၊ ဘဏ်သူဌေးများဖြင့်ပြီးသောမြို့ဖြစ်သည်။ သန့်ရှင်းလှပသောမြို့ဖြစ်သည်။ သံချက်စက်ရုံများရှိခဲ့ပါသည်ဆိုသောအချက်ကို တောင်တန်းများပမာရှိသော သံချက်စက်ရုံများမှစွန့်ပစ်ထားသော ချော်များ၊ ပြာများက သက်သေပြပါသည်။ ထိုချော်များ၊ ပြာများကို ပတ်ဝန်းကျင်သဘာဝမပျက်မစီးစေရန် တောင်တန်းများပမာပြုထားသည်။ ထိုနေရာများအနီး၌ မော(လ်)ခေါ် မဟာစေးဆိုင်ကြီးများတို့သည်ရှိကြ၏။ ဆရာသင်ကြားသောကာလသည် ကြာပေပြီ။ သူသင်ခဲ့သော ပစ်(စ်)ဘတ်မဟုတ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ဝင်း၏ညီ ဒေါက်တာတင့်လွင်အိမ်မှာ ဆောက်သင်ဟင်(လ်) (Southern hill) ၌ ရှိ၏။ ရောက်ရှိပြီး နောက်တစ်နေ့ မြို့ထဲသို့ထွက်ရာ အိမ်မှအထွက် ကားလမ်းမှ ကားလမ်း(၄)ခွ ဆုံသို့ရောက်သောအခါ ကိုကျော်ဝင်းက ကားကိုရပ်၏။ ခေတ္တရပ်ပြီးမှ ထွက်လေသည်။ ကွန်ပ်ကမူ ဘာကားမှမရှိဘဲ ရပ်ပြီးထွက်ရခြင်းအကြောင်းကိုမေးသော်-

"ပစ်(စ်)ဘက်ထုံးစံက လမ်းဆုံမှာ ကားရပ်ပြီး စိတ်နဲ့ တစ်ကနေပြီး တစ်ဆယ်အထိရေတွက်ပြီး တစ်ဆယ်မှာ ကားဆက်မောင်းရတယ်ဗျ"

ဟု ဆို၏။

မြို့ထဲရောက်သော် ဦးကျော်ဝင်း၏ခယ်မဖြစ်သူ ဒေါ်မေက စတိုးဆိုင်ထဲသို့ဝင်သွားပြီးနောက် ယခင်(၂)လက ကားအတွက် လက်ကိုင်ဘီးအစွပ်ဝယ်ခဲ့ရာ မကိုက်၍မလိုချင်သဖြင့် ငွေပြန်လိုချင်သည်ဟုဆို၏။ ဆိုင်မှပေးလိုက်သည့် အတိုင်း ဘူးမဖောက်သေးကြောင်းနှင့် ဘောက်ချာကိုပြ၏။ ဆိုင်မှ ငြင်းဆိုခြင်းမရှိ၊ ငွေပြန်အမ်းလေသည်။ ဟုတ်လိုက်လေဟု ကွန်ပ်မောင်မှူးက သြဘာပေးရသည်။

ရောင်းပြီးပစ္စည်း ပြန်မလဲပါ၊ 'ကောင်တာမှ မထွက်ခွာမီ ပစ္စည်းများစစ်ပါ' ဆိုသော မောင်မှူးတို့ဆီမှစာတန်းများကို မြင်မိသည်။ သူတို့ဆီမှာလုပ်ရလျှင် တို့ဆီမှာလည်း ဒီလိုလုပ်နိုင်ရမှာပေါ့ဟုတွေးသည်၊ ပေါ်လာသည်။

သို့နှင့် အိမ်သို့ပြန်ရောက်သောအခါ ကွန်ပ်မောင်မှူးသည် ဒေါ်လာ (၃)သန်းတန်အိမ်ကြီးကိုပတ်ကာ ကြည့်မိသည်။

သူငယ်ချင်းဖြစ်သူ ကိုကျော်ဝင်းကလည်း အနားမှလိုက်၍ပြသည်။ ကွန်ပ်မှာ အိမ်ရောက်ကတည်းက အိမ်ကြီးအိမ်ကောင်းတို့၏အင်္ဂါမပြည့်စုံဟု ထင်မိသည်။ အိမ်ပြင်ရောက်မှ-

"ဟာ - ခုမှတွေ့တယ်၊ အိမ်ကြီးကို ဝိုင်းထရံမခတ်သေးပါကလား"

ဟုမေးမိ၏။

သူက -

"ဟ - ဒါကလှုံ့ထံရပ်ကွက်ကွ။ ဘယ်သူမှ မင်းမြေကြီးကိုခိုးယူဖို့မရှိဘူးကွ။ ဝိုင်းခတ်လေ့မရှိပါဘူး။ မြက်ခင်း (Landsape) နဲ့ ပိုင်းထားတာပါ"

ဟုဆို၏။

စပရင်းရာသီဥတုပေမို့ သူတို့အိမ်တွင် ပတ်ဝန်းကျင်အလှဆင်ရန် ကွမ်းကျင်သူတို့ကိုငှားပြီး လုပ်နေပါပြီ။ မဒမ်မောင်မှူးကမူ ဦးရည်တိုင်ရှာ၏။ သူက ဝါဝင်ဝါထွက် ဂိုးရာနတ်များကို ကန်တော့နေကျ။ ဥရုတိုင်ရှိသော အိပ်ခန်းတွင် မိန်းမတို့မအိပ်ရ ဟူသော အတွေးသည် သုမဒ္ဒရာခြားသော်လည်း စွဲမြဲစွာအယူသီး၏။

သူတို့အိမ်ကိုလေ့လာရာ အညစ်အကြေးများ ရေဆိုးများစီးဆင်းသောမြောင်းမတွေ့ရ။ ထို့ကြောင့် အိမ်ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်ရာတွင် ငယ်သူငယ်ချင်းအကြောင်းသိသူ ဦးကျော်ဝင်းက -

"ခင်ဗျားရှာတာသိပါတယ်၊ လာကြည့်"

ဟု ဆို၍ မြက်ခင်းအလယ် ငါးလေးများနှင့်ပြီးသောကန်အနီးရှိ သံအဖုံးတံခါးကိုလှစ်ခါပြလေသည်။ သံတံခါးမှအောက်သို့ကြည့်သောအခါ လူတစ်ရပ်စာမျှရှိသောပြွန်လုံးကြီးသည် တောင်ကြောတစ်လျှောက် မြေအောက်အနက် (၉) ပေခန့်တွင် အရှေ့မှ အနောက်သို့ မြေအောက်တွင်မြှုပ်ထားသည်ကိုတွေ့ရပါသည်။

"ကိုယ်တို့ ဒီအိမ်ကိုဆောက်ဖို့ မြေဝယ်လိုက်တော့ မြေကပြုပြင်ပြီးသားဗျ။ ရေဆိုးထုတ်ဖို့ အညစ်အကြေးထုတ်ဖို့လည်း ဒီပိုက်ကြီးက စီစဉ်ထားပြီးပါပဲ။ မြေဝယ်တော့လည်း ဘယ်လိုအိမ်ဆောက်မှာလဲဆိုပြီး ပုံစံထုတ်ပေးရတယ်"

ဟု ဆိုသည်။

အမေရိကန်တွင် လမ်းကို သုံးဆင့်နှင့်သူခွဲထားပါသည်။ ပိုက်(P)၊ အမြန်လမ်းမကြီး၊ ဟိုက်ဝေး (High Way) လမ်းမတော်၊ ရပ်ကွက်လမ်း (Street)၊ သီးသန့်လမ်း (Drive)၊ လမ်းကြားကလေး (Lane) ဟူ၍ ဖြစ်၏။

အမေရိကန်ပြည်၌ မတရားစောင်ဒဏ်နှင့် ဂိုဏ်းဒဏ်ထွက်ပြေးနေရသူများကြောင့် မက်စီကို-အမေရိကန်နယ်စပ်



အမေရိကန်ပြည်နှင့် မက်စီကိုပြည်နယ်ခြားတွင်ရှိသော ပြည်နှစ်နောင်တို့မှာထည်း၊ တံတိုင်းထားရှိသထို နယ်ခြားတစ်လျှောက်တွင်ထည်း တံတိုင်းများဖြင့် ကာရံ၍ မတရားဝင်မှုများကို တားဆီးရသည်း ညာတက်က မက်စီကိုဆိုရုံနှင့်ဝေ။ တယ်တက်က အမေရိကန်ဆိုရုံနှင့်ဝေ။ သူတို့ဆီမှာထည်း နယ်စပ်ကုန်သွယ်ရေး ရှိသည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့နေသော ရပ်ကွက်တွင် သီးသန့်လမ်းများရှိရာ လမ်းလျှောက်ရသည်မှာ ကောင်းပါ၏။ သို့ဖြင့် ကျွန်ုပ်သည် နောက်တစ်နေ့တွင် လမ်းလျှောက်ရာ သူတို့အိမ်မှ (၃)အိမ်ကွာတွင် ဒိုးတာမင်ခွေးတစ်ကောင်ကို အိမ်ရှေ့မြက်ခင်းတွင် အိပ်လျက်တွေ့၏။ ကျွန်ုပ်သည် ခွေးမွေးရာတွင် ဝါသနာပါသူဖြစ်သည့်နှင့်အညီ ခွေးမြင်လျှင် စိတ်ဝင်စားမိသည်။ ခွေးကလည်း သူ့ကို စိတ်ဝင်စားစွာကြည့်သော် ပြန်လည် တုံ့ပြန်လေသည်။ နားရွက်(၂)ခုကို ကျွန်ုပ်ဘက်သို့ စွင့်လိုက်သည်။ ညီမောင်းသော သူငယ်အိမ်တစ်စုံသည် ကျွန်ုပ်အား စူးစမ်းကြည့်တော့သည်။ သူ၏နှာဝတွင် ကျွန်ုပ်ထံမှ အမေရိကန်တို့တွင်မရှိအပ်သော ငါးပိရန့်သည်သင်းလေသည်။ ထူးဆန်းစွာရောက်ရှိလာသောသူကို အဝင်မခံတိုက်ခိုက်ရန်ပြင်တော့သည်။ ကိုက်(၈၀) မျှသောအကွာအဝေးသည် အမေရိကန်ဒိုဘာမင်ခွေးများအတွက် စက္ကန့်အနည်းငယ်အတွင်းရောက်နိုင်သော ခရီးတာအတွင်းသာရှိသည်။ ကျွန်ုပ်ထံ လွှားခနဲ ပြေးလာသည်။ ဘွယ်ဇေရှင်းမွေးခဲ့သော ကျွန်ုပ်အဖို့ ဒိုဘာမင်တို့အမဲလိုက်ပုံကို သိပြီးဖြစ်ရာ ခံဖို့သာပြင်ရတော့မည်။

ခြံများကို ဝင်ထရံမကာသည့် လူချမ်းသာတို့က ခွေးဆိုးမွေးထားသည်မှာ တိုပြည်မှာဆိုလျှင် ရိုင်းလိုက်လေဟု ဆိုရပါမည်။ ကမ္ဘာမှာ ဗမာဟုကြားလေ့ရှိသော ကျွန်ုပ်မှာ အမေရိကန်ခွေးကြောက်၍ပြေးရသည်ဟူသော မော်ကွန်းအထိုးမခံနိုင်။ ခပ်တည်တည်ဖြင့် လမ်းကိုဆက်၍လျှောက်ပါသည်။ ခွေးကြီးကလည်း ပြေးလိုက်လာပါသည်။ ကိုက်မည့်ခွေးဟောင်လေ့မရှိ။ ကျွန်ုပ်နှင့် (၅) ကိုက်အကွာ သူအိမ်ရှေ့ မြက်ခင်းစပ်ရောက်သောအခါ မမြင်နိုင်သောလက်အစုံက ဆွဲ၍တားဘိအလား ရပ်သွားပါသည်။ မြက်ခင်းစပ်ကသာ ဖိန်းလျက်နေခဲ့ပါတော့သည်။ ဒီလိုလိမ္မာသောခွေးလည်း ရှိသကိုးဟု မှတ်ယူရပါသည်။

နောင်သော် ကိုကျော်ဝင်းက ခွေးမွေးလိုသော် အိမ်နီးချင်းများက ကန့်ကွက်မှုမရှိမှုမွေးရသည်။ လည်ပတ်တွင် အချက်ပြထားရသည်။ ခြံမြေမကျော်ရန် လည်ပတ်တွင် အချက်ပေးကိရိယာထားပေးရသည်ဟုဆို၏။ ဒီလိုဆိုတော့ မဆိုးဘူးဟု ယူဆရ၏။ အကယ်၍ မောင်မှူးပြေးမိသော် ရယ်ဖွယ်ဖြစ်တော့မည်။

ပစ်(စ်)ဘတ်ခ်ခရောက်ပြီး (၄)ရက်မျှနေပြီးသောအခါ သားများရှိရာ ဘရိန်းယားသို့လိုက်သွားပါသည်။ သူတို့အိမ်ရောက်သောအခါ အမေရိကန်ရောက်သောအခါကပင် စ၍လုပ်သင့်သော အလုပ်တစ်ခုမလုပ်ခဲ့သည်ကို သတိရပါသည်။ သို့ကြောင့် သားတို့အား -

"ဟေ့- ည့ဲစာရင်းမတိုင်ကြေးဘူးလား"

ဟု သတိပေးရပါသည်။

သူတို့က -

"ည့ဲစာရင်းက ဒီတိုင်းပြည်မှာ မလိုဘူးဗျ"

ဟုဆိုသည်။

သူတို့တိုင်းပြည်မှာ နိုင်ငံခြားသား ဘယ်လိုထိန်းမလဲဟု စဉ်းစားမိသည်။ ည့ဲစာရင်းမတိုင်ကြား၍ စိတ်မလုံဘဲ နေသော မောင်မှူးကို ကိုကျော်ဝင်းနှင့် ကျွန်ုပ်၏သားများက ရယ်သွမ်းကြလေသည်။

ကျွန်ုပ်က -

"မင်းတို့က ည့ဲစာရင်းတိုင်ကြားခြင်းအကြောင်း နားမလည်ဘူးကွ။ ည့ဲစာရင်းက တို့အထက်မြန်မာပြည်ကို ဗြိတိသျှကစအုပ်ချုပ်တော့ မျိုးချစ်များက ပြန်လည်တိုက်ခိုက်ကြသကွ။ လက်နက်အား၊ ငွေအား၊ နည်းပညာအားသာတဲ့ ဗြိတိသျှက အနိုင်ရတာမဆန်းပါဘူး။ ဒါပေမယ့် ကျေးရွာတွေမှာ လူဆိုးဓားပြများပေါလာတယ်။ ဒီတော့ လူဆိုးဓားပြများလှုပ်ရှားမှုသိရအောင် ကျေးရွာဥပဒေ၊ မြို့ပြဥပဒေမှာ ည့ဲစာရင်းတိုင်ပြီးနေရမယ်ဆိုတဲ့အချက်ကို ပြဋ္ဌာန်းရာက ည့ဲစာရင်းပေါ်လာတာပါ။ လူကောင်းများမှာ ဘယ်သို့မျှဧည့်ခိုက်ခေမည့် ဟုတ်တာတွေလုပ်မည့်သူတွေအတွက်ကတော့ သူတို့အသွားအလာ အဆက်အသွယ်ဖော်ပြရလို့ ည့ဲစာရင်းဟာ ထိရောက်တယ်။ မတရားနိုင်ငံနေထိုင်တဲ့ ပြည်နိုင်ငံခြားသားများကိုလည်း ဟန့်တားစေတဲ့အတွက် အကျိုးနဲ့အပြစ်ကိုကြည့်သော် တိုင်းပြည်အတွက် အကျိုးများပါတယ်"

ဟု ရှင်းပြရသည်။

ပစ်(စ်)ဘတ်တွင်ရှိစဉ်က ပြတိုက်တစ်ခုသို့ ရောက်ပါသည်။ ပြတိုက်ဝင်ကြေးပေးရသည်။ ပြတိုက်အတွင်းတွင် ဓာတ်ပုံရိုက်ခွင့်ပြုသည်။ ဓာတ်ပုံရိုက်သူများကို အမှတ်တရရိုက်ယူစေရန် အမေရိကန် လူရွင်းနီအကြီးအကဲအဝတ်အစားနှင့် ပြတိုက်ဝန်ထမ်းတစ်ဦးက ကြိုဆိုသည်။ သားများက ဝါရှင်တန်ရှိ စမစ်ဆိုနီယမ်ပြတိုက်သို့ လိုက်ပို့သည်။ ဝါရှင်တန်ရှိပြတိုက်များတွင် ဝင်ကြေးမရှိ၊ ကြိုက်သလောက်ကြည့်၊ ကြိုက်တာကိုရွေးပြီး ဓာတ်ပုံရိုက်ရသည်။ ဓာတ်ပုံမရိုက်ရဟု တားမြစ်ချက်မရှိ။ သို့သော် မောင်မှူးကို ဒီနေရာမှာ ဓာတ်ပုံမရိုက်ပါနှင့်ဟုပြောတာခံရသောနေရာရှိပါသည်။ မော(လ်)ခေါ် မဟာဈေးခန်းကြီးတစ်ခုတွင်မိကျောင်းရုပ်ကြီးရှိသည်။ မိကျောင်းကြီးက ရေထဲမှပေါ် လာပြီး ပါးစပ်ဖြဲပြသည်။ အသွေးအရောင်နှင့် ရေထဲ၌ရှိသောငါးများနှင့်ပန်ရသည်။ မောင်မှူးကလည်း ရန်ကုန်ရောက်လျှင် ငမိုးရိပ်ပုံ ဒီလိုလုပ်ရလျှင်ကောင်းမှာဟု ယူဆပါသည်။ သို့ဖြစ်၍ မဒမ်မောင်မှူးကို မိကျောင်းကြီးနောက်ခံထား၍ ဓာတ်ပုံရိုက်ယူရန် ဟန်ပြင်ပါသည်။ စွေးလုံခြုံရေးဝန်ထမ်းကစ်ဦးကလာ၍ ဆိုင်ပြခန်းဖွစ်ပြီး အတုယူပြီးမလုပ်စေလိုသဖြင့် ဓာတ်ပုံရိုက်ခြင်းကိုမပြုပါရန် ယဉ်ကျေးစွာ တောင်းပန်ပါသည်။ အမေရိကန်တွင် ဤတစ်ခါသာ ဓာတ်ပုံမရိုက်ရခြင်းဖြစ်ပါသည်။

လုဝင်မှကြီးကြပ်ရေဦးစီးအရာရှိ (ငြိမ်း) ဦးမန်ဘိုမှာ မေရီးလင်း၊ ဖရယ်ဒ် ဘတ်(ဂ်)တွင်ရှိသည်။ သူထံသွားတွေ့သည်။ သူငယ်ချင်းထံသွားလို၍ သားများက လိုက်ပို့ပေးသည်။ ကျွန်ုပ်၏ သူငယ်ချင်းမှာ ကိုယ်တစ်ခြင်းလေဖြတ်၍ လက်တွန်းလှည်းနှင့် နေရသည်။ အဖေးမိဖျားသဖြင့် ဆေးခဲ့တင်ထားရသည်။ သူသားက သူ့အဖေကျန်းမာရေး အခြေအနေကိုပြောပြသည်။ ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မှာ စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအလုပ်ရသည်။

တစ်နေ့ ကားဖြင့်အလုပ်သွားရာ လမ်းတွင်လေဖြတ်ခြင်းဖြစ်သည်။ လေဖြတ်သည်တွင် ကားကို လမ်းဘေးရပ်၍ သတိလစ်သွားသည်။ ကားမရပ်ရမည့် နေရာ၌ ကားရပ်သောကြောင့် ကင်းလှည့်ရဲကားရောက်လာသည်။သတိလစ်နေသည်ကိုတွေ့ရာ အနီးကပ်ဆုံးဆေးရုံကြီးသို့ သယ်ဆောင်သွားသည်။ သူ့၏မှတ်ပုံတင်တွင် လူမှုရေးအာမခံအမှတ်၊ ကျန်းမာရေးဝန်ဆောင်မှုအာမခံစသည်တို့ပါသည်။ ရဲက သက်ဆိုင်ရာတို့ခေါ်သည်။ ဆေးရုံက အချိန်မီခွဲစိတ်သည်။ ပထမအကြိမ်ခွဲရာကောင်းသည်ဟုဆိုပြီးမှ အကြောအနေအထားမမှန်သောကြောင့် ပြန်ခွဲရသည်။ ဒုတိယအကြိမ်ခွဲရာ ကိုယ်တစ်ခြမ်းသေသွားသည်။ အာမခံကုမ္ပဏီများက ဆေးရုံကို လျော်ကြေးတောင်းသည်။ ဦးမန်ဘိုလည်း (Nursing home) နာတာရှည်ဆောင်တွင် သူနာပြုအစောင့်အရှောက်နှင့် ထားသည်။ ဆေးဖိုးဝါးခတို့ကို အာမခံကယေးသည်။သူငယ်ချင်းက အမေရိကန်လာလှည့် အတူလည်ကြရန်ပြောခဲ့သည်။ သူပြောလိုတာကို စာနှင့်ရေးပြသည်။ သူ့ထံမှပြန်လာ၍ တစ်ပတ်ပြည့်သော် သူကွယ်လွန်ကြောင်း အကြောင်းကြားသည်။ ဖရယ်ဒီဘတ်(ဂ်)သို့သွားပြီး ဦးမန်ဘိုစာပန့် တက်ရောက်ပါသည်။ သူတို့ကိုးကွယ်သော ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းဝတ်ပြုကြသည်။ ဦးမန်ဘို၏စာပန့်မှာ စည်ကားသည်။ ဆွေမျိုးအင်အားတောင့်သည်။ မြန်မာလိုတစ်ခါ၊ ချင်းဘာသာနှင့်တစ်ခါ၊ အင်္ဂလိပ်လိုတစ်ခါ၊ မေတ္တာပို့ဆုတောင်းကြသည်။ ကျွန်ုပ်ကို ဦးမန်ဘို၏ အရင်းအနှီးဆုံး သူငယ်ချင်းတစ်ဦးအနေဖြင့် လာရောက် နှုတ်ဆက်ကြသည်။ ကျွန်ုပ်ကမူ စိတ်ထားကောင်းသော သူငယ်ချင်း ဦးမန်ဘို ကျွန်ုပ်ပြုသော ဒါန၊သီလ၊ ဘာဝနာအစုစုကို အမျှရယူပါဟု အမျှဝေရသည်။

အပြန်တွင် အမေရိကန်၌ Home ဆိုသောဝေါဟာရအကြောင်းကို သားများကပြောပြသည်။ သက်ကြီးရွယ်အိုများနေထိုင်သော အပါတ်တမက်အိမ်ရာများအကြောင်းလည်း ပါဝင်သည်။ အမေရိကန်တွင် အသက်ကြီးလာသော အခါ သီးသန့်အိမ်နှင့် နေထိုင်ခြင်းမှာ စားစရိတ်ကြီးသည်။ မြက်ခင်းပြင်တိန်းသိမ်းရသည်ကတစ်မျိုး၊ အိမ်ကြီးသန့်ရှင်းရသည်ကတစ်မျိုး စသောဒုက္ခကိုမခံလိုသောအခါ သက်ကြီးရွယ်အိုများအတွက် သီးသန့်နေထိုင်နိုင်သော အိမ်ခန်းအပါတ်တမင့်များ ပေါ်လာသည်။ ကိုယ်ကြိုက်ရာ မှာစားနိုင်သည်။ ချက်ပြုတ်နိုင်သည်။ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးတာဝန်ယူပေးသည်။ ဆေးခန်းဆရာဝန်အပြည့်အစုံနှင့် အခန်းများရှိသည်။ မျက်နှာစာမှာလည်း ပန်းခြံနှင့်မြက်ခင်းနှင့်စိစဉ်ထားသည်။ မိမိအိမ်တွင်နေသကဲ့သို့ လွတ်လပ်စွာ နေနိုင်အောင် စီစဉ်ထားသည်။ အဘိုးကြီး၊ အမယ်ကြီးများ စုံတွဲနေကြသည်။ လူအိုရုံမဟုတ်ပါ။ ငွေကြေးပြည့်စုံသူတို့နေထိုင်လေ့ရှိသည်။

နောက် နာတာရှည်လူမမာများအတွက် လူမှုရေးဒုက္ခမများစေရန် Nursing Home များရှိသည်။ သူတို့ဆီမှာ လူမှုဖူလုံရေး၊ အသက်အာမခံစသည်တို့မှာ အပြည့်အဝ တာဝန်ယူ ဆောင်ရွက်သည်။ နာတာရှည်လူမမာများအတွက် သီးသန့်အခန်းများရှိသည်။စောင့်ရှောက်ရသောသူနာပြုများနှင့်ထားသည်။အစားအသောက်ကို အဆောင်မှ စီစဉ်ပေးသည်။ လူနာစိတ်မညစ်စေရ ပြုစုသည်။ အသက်အာမခံ၊ လူမှုဖူလုံရေးတို့မှ ဥပဒေနှင့်အညီ ကုန်ကျစရိတ်ခံသည်ဟု သိရပါသည်။ မေရီလင်းရှိ နာတာရှည်ဆောင်သို့ ရောက်ခဲ့ဖူးပါဘာည်။ ထိုနာတာရှည်ဆောင်တွင် လုံခြုံရေးအရာရှိလုပ်သော ချင်းအမျိုးသားလေးမောင်နှံမှာ အိန္ဒိယပြည် နာဂလင်းမှသူများဖြစ်ပါသည်။ မြန်မာစကားပြောတတ်ပါသည်။ အဆောင်ပိုင်ဝန်ကြီးအတွင်း ချဉ်ပေါင်ပင်များ ကန်ထရိုက်ယူပြီးစိုက်ထားရာ ချဉ်ပေါင်ရွက်ကြိုက်မြန်မာများက သူတို့ထံသွားရောက်၍ တစ်လစာ၊ နှစ်လစာ စသည်ဖြင့် ဝယ်ကြရသည်။

နောက် နှလုံးအစားထိုးရန်လိုသူများ၊ ကျောက်ကပ်အစားထိုးရမည့်သူများ၊ အသည်းအစားထိုးရမည့်သူများ စသဖြင့် အစားထိုးကုသရန်လိုသူတို့မှာ မိမိတို့ပြေသ ကုသခံသည့်ဆေးရုံမှ သတ်မှတ်ထားသောအိမ်တွင် အစားထိုးရမည့် အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ် စသည်တို့မရမီ အရန်သင့်စောင့်နေရန် သတ်မှတ်ထားသောအိမ်ရှိ၏။ ထိုအိမ်တွင် လူနာကနေထိုင်ရသည်။ မိမိကြိုက်သလို ချက်စားနိုင်သည်။ ထိုအိမ်တွင် အင်ဂျင်နီယာလည်းရှိသည်။ ဆရာဝန်လည်းရှိသည်။ သူနာပြုလည်းရှိသည်။ အရေးပေါ်ဆေးခန်းလည်းရှိပါသည်။ ဆေးရုံသို့ ငါးမိနစ်အတွင်းရောက်နိုင်အောင် သွားလာရေးစီစဉ်ထားသည်။ အစားထိုးကုသဖို့ အသင့်စောင့်ရန်ပြုလုပ်ထားခြင်းဖြစ်၏။ လူနာအခန်းတွင်းတွင် အိပ်ရန်ခုတင်ရှိသည်။ ည့ေသည်လာလှည့်ည့ေခံရန် ကုလားထိုင်၊ စားပွဲနှင့် ည့ေခံခန်းကလေး၊ တယ်လီဖုန်းခွင့် စသည်တို့အရန်သင့်။ အိမ်သာ၊ ရေချိုးခန်းပါရှိသည်။

အဝတ်လျှော်ရန် အဝတ်လျှော်စက်၊ ထမင်းစားခန်းတို့မှာ သီးခြားဖြစ်၏။ ကိုယ်ကြိုက်သလို ချက်စားနိုင်၏။ ပစ်(စ)ဘတ်တွင် သားငယ်အသိ သူငယ်ချင်းမှာ နှလုံးရပ်သွား၍ အစားထိုးကုသရန် နှလုံးအတုစက်ဖြင့် ဂျက်ဖာဆန် ဆေးရုံမှ (Family house) တွင် သွားတွေ့ရပါသည်။ ကံကောင်းသည်မှာ ကျန်းမာရေးဝန်ဆောင်မှု အာမခံထားပြီး (၃) လအကြာမှာဖြစ်သဖြင့် ကုန်ကျသမျှစရိတ်တို့ကို အာမခံကုမ္ပဏီမှကျခံသည်ဟုဆိုသည်။ သူ့အတွက် နှလုံးအစားထိုးကုရန် သင့်တော်သောနှလုံးမရရှိမီစောင့်ရမည် ဖြစ်ပါသည်။ နှလုံးမပိုက်(၂)လုံးဖြင့် စက်သို့ သွေးများလည်ပတ်နေသည်ကို ပိုက်မှမြင်ရပါသည်။ နှလုံးအတုစက်မှာ ခရီးဆောင်သားရေသေတ္တာငယ်အရွယ်မျှ ရှိပါသည်။ ဘီး(၂)ခုပေါ် တွင်တင်ထားပြီး လူနာသွားရာကို လက်ဖြင့်တွန်းဆွဲယူနိုင်ရန် စီစဉ်ထားပါသည်။အပြင်ထွက်သော အခါ သူနာပြုတစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦး လိုက်ပါစောင့်ရှောက်ပေးပါသည်။ စက်ချို့ယွင်းသော် စက်အသစ်လဲပေးရန် အပိုဆောင်းစက်တစ်ခုနှင့် တပ်ဆင်ပေးမည့် အင်ဂျင်နီယာပါ အသင့်လိုက်ရခြင်းဖြစ်ပါသည်။ ကောင်းပေစွတဲ့ သားခေါ်ပါသည်။

သို့ဖြင့်-

၁။ အသက်အရွယ်ကြီး၍ အိမ်မှုကိစ္စဒုက္ခခံလိုသူများ၊ ကိုယ့်အိမ်ခန်းနှင့် ကိုယ်နေထိုင်ရာ အပါတ်တမင့်အိမ်ရာ (Apartment home for Aged people)

၂။ နာတာရှည်လူမမာများပြုစုနေထိုင်ရာအိမ်ရာ (Nursing home)

၃။ အစားထိုးကုသရန်အတွက် လူမမာများကို သီးသန့် ၎င်းတို့သဘောလိုက်နေပြီး ဆေးရုံမှ ၎င်းတို့အား အစားထိုးရန် အဆုတ်၊ အသည်း၊ နှလုံး၊ ကျောက်ကပ် စသည်တို့ကို ရရှိလျှင်

www.burmeseclassic.com

ချက်ချင်းခွဲစိတ်ကုသရန် လိုအပ်သော အခိုန်၌ အရန်သင့်စောင့်ဆိုင်းပြီးနေထိုင်ရန် အိမ်ရာတို့ တွေ့ရပါသည်။ (Family home)

၄။ ထို့အပြင် အောက်မေ့ဖွယ်ရာဥယျာဉ်ဟု (Memorial Garden) အမည်နှင့်သုသာန်များလည်းတွေ့ရသည်။ ၎င်းတို့နှင့် မလှမ်းမကမ်းတွင် အသုဘကိစ္စကို ဆောင်ရွက်သောအိမ် (Funeral home) များလည်း တွေ့ရပါသည်။

သားတို့နေထိုင်ရာအိမ်မှ အလုပ်အားလျှင် ဝါရှင်တန်ရှိ စမစ်ဆိုနီယမ်ပြတိုက်သို့ လိုက်ကြည့်လေ့ရှိပါသည်။ သူတို့ကားနှင့် ပင်တာဂွန်အမေရိကန်စစ်ရုံးချုပ်အထိ သူတို့နှင့်အတူ အိမ်ကကားကိုစီးပါသည်။ ကားကို ပင်တာဂွန်ရုံးကြီးရှေ့တွင်ရပ်နားထားခဲ့ပြီး ပင်တာဂွန်မှ မြေအောက်ရထားစီးပြီး စမစ်ဆိုနီယမ်ပြတိုက်သို့ မကြာခဏသွားရောက်ကြည့်ပါသည်။ ညနေ ပြတိုက်ပိတ်ခါနီးမှ သားများကလာခေါ် သည်။ သူတို့နှင့် အတူလာစဉ်ကအတိုင်း ပြန်လာပါသည်။

အမေရိကန်ပြည်၌ (၆) လတာမှ နေထိုင်စဉ် ၉-၁၁-၂၀၀၁ နေ့ရက်တွင် အိမ်တွင် တယ်လီဗီရှင်းဖြင့် နံနက်ပိုင်းတွင်ကြည့်စဉ် အမြွှာမျှော်စင်ညီနောင်အား အကြမ်းဖက်သမားများကတိုက်ခိုက်သည်ကိုဖြင်ရ၏။ အမြွှာမျှော်စင်ညီနောင် (Twin tower) တိုက်ခိုက်ခံရပြီးနောက် အမေရိကန်စစ်ဌာနချုပ် (Pentagon) ကို အတိုက်ခံရပုံကိုလည်း မြင်ရပါသည်။ မည်သို့မည်ပုံကိုတိုက်သည်ကို အများသိကြပြီးဖြစ်သဖြင့် မဖော်ပြလိုပြီ။ တစ်ယူသန် အကြမ်းဖက်သမားတို့၏ အယူအဆကိုလည်း မဖော်ပြလိုပြီ။ လူမိုက်တွင် ဆေးမရှိ အတွေးအခေါ် မရှိဟုဆိုသောစကားသည် မှန်သည်ဟုဆိုရပါမည်။

သားများကလည်း လုပ်ငန်းသွားနေရာ သူတို့ကိုလှမ်း၍မေးရပြောရသည်။ သူတို့ပြန်လာသောအခါ နေဝင်စပြုပါပြီ။ သားကြီးက ပင်တာဂွန်သွားကြည့်ရန်ပြော၏။ ကျွန်ုပ်တို့လည်း သားကြီးလိုက်ပြ၍ကြည့်ခဲ့ရပါသည်။ အိမ်မှ (၅) မိုင်မျှသာ ဝေး၏။ ပင်တာဂွန်မှာ မြန်မာလိုအားဖြင့် ပဉ္စမင်္ဂံ(ငါးထောင့်)ပုံစံအဆောက်အအုံဖြစ်၏။ အဆောက်အအုံကြီး၏တစ်မျက်နှာမှာ မီးလောင်လျက်တွေ့ရသည်။ လာရောက်ကြည့်ရှုကြသောသူများမှာ ပန်းစီးကလေးများကို



အမေရိကန်-မက်ဆီကိုနယ်စပ်မှာ ထူဝင်မှုပြဿနာတွေကို တံတိုင်းစည်းမျဉ်းစည်းကမ်းထိန်းရသည်

မီးလောင်နေသောအဆောက်အအုံမျက်နှာစာရှိ မြက်ခင်းကြီးရှေ့တွင်ချကြ၍ မေတ္တာပို့နေကြသည်ကို တွေ့ရပါသည်။ နောက်တစ်နေ့များတွင် ကားများ၌ အမေရိကန်အလံများလွှင့်လျက် လမ်းများပေါ် တွင်တွေ့ရသည်။ တပ်သားစုဆောင်းရေးစခန်းများ၌ လူအများတန်းစီလျက်တွေ့ရသည်။ တပ်ထဲသို့ဝင်ရန် လူများတန်းစီလျက်တွေ့ရသည်။ ဩဇော်-သူတို့ကတော့ တိုင်းပြည်မှာ အရေးကြီးက တကယ်တိုက်ကြမည့်သူတွေ အလုံအလောက်ရှိပါတကားဟု မှတ်ယူရသည်။ နောက် (၂) ရက်မျှရှိသောအခါ လုပ်ကြံသူများကို ဖော်ထုတ်နိုင်သည်။ သို့သော် ရာဇဝတ်မှုတစ်ခုဖြစ်ပွားပြီးမှ စုံစမ်းဖော်ထုတ်နိုင်ခြင်းထက် မဖြစ်ပွားမီ ကာကွယ်နိုင်သည်က ပိုကောင်းပါသည်။

တစ်နေ့တွင် အမေရိကန်ပြည်မှ မက်ဆီကိုသို့ ကွန်တိန်နာကားကြီးဖြင့် ကုန်ပို့နေသော မောင်သက်ထွန်း ဆိုသူမှာ နယူးယောက်လာရင်း သားများထံ ဝင်လာသည်။ ကျွန်ုပ်၏ သူငယ်ချင်းကိုကျော်ဝင်းမှာ အမေရိကန်ပြည် အာရီဇိုနားပြည်နယ် အာရီဇိုနားတက္ကသိုလ်တွင် ပညာသင်ခဲ့၍ တူဆင်မြို့လေးတွင် နေခဲ့ဖူးရာ ကိုကျော်ဝင်းနှင့် မောင်သက်ထွန်းတို့အကြား မက်ဆီကိုနယ်ခြားတစ်လျှောက် အမေရိကန်လူဝင်မှုကြီးကြပ်ရေးမှ လူဝင်မှုဆိုင်ရာထိန်းသိမ်းမှုတို့ကို ကြားနာမှတ်ယူ၍ လေ့လာရပါသည်။

အမေရိကန်နိုင်ငံဘက်မှပြည်နယ်လေးပြည်ထောင်၊ မက်ဆီကိုနိုင်ငံမှ ပြည်နယ်ခြောက်ပြည်ထောင်တို့သည် အမေရိကန်မက်ဆီကို နှစ်နိုင်ငံနယ်စပ်မျဉ်းတွင် ထိတွေ့လျက်ရှိသည်။ နယ်စပ်ကို ဖြတ်ကျော်သော နယ်စပ်ကုန်သွယ်ရေးမီးရထားလမ်းနှစ်ဆယ်ရှိသည်။ အပြည်ပြည်ဆိုင်ရာ နယ်စပ်အဖြစ် သတ်မှတ်ထားသောနယ်ခြားဖြစ်ပြီး ကာလီဖိုးနီးယားမှ မက်ဆီကိုပင်လယ်တွေ့အထိ မိုင်ပေါင်း (၁၉၆၉) မိုင်ရှိသည် ဆို၏။ တစ်နှစ်လျှင် နယ်စပ်ဖြတ်ကျော်ကူးသန်းမှုပေါင်း (၃၅၀၀၀၀၀၀) ခန့်ရှိသည်ဟု ဆိုသည်။ အထက်ပါကိန်းတို့မှာ အပြည်ပြည်ဆိုင်ရာ နယ်မြေသတ်မှတ်မှုနှင့် သယံဇာတာ(ရေ)ကော်မရှင် (International Boundary and water commission) က ထုတ်ပြန်သောကိန်းများဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ဝင်ထွက်မှုများရှိသကဲ့သို့ ကူးသန်းမှုများလည်းရှိသည်။ ကူးသန်းမှု၊ ကုန်သွယ်မှုရှိလျှင် ငွေးရား

www.burmeseclassic.com

www.burmeseclassic.com

မဝင် ဆက်လက်နေသူများလည်းရှိလာသည်။ သူတို့ကိုလည်း လုံခြုံရေးရှုထောင့်ကကြည့်ရပြန်သည်။ အကြမ်းဖက်သမားသည် နည်းမျိုးစုံနှင့်နေသည်။ ကိုယ်ယောင်ဖျောက်ကြသည်။ သူတို့လိုပင် တိုင်းပြည်ကို အန္တရာယ်ပေးသော ကုန်ပစ္စည်းများလည်းသွင်းလာသည်။ မူးယစ်ဆေးဝါးများပင် ဖြစ်သည်။ မူးယစ်ဆေးဝါးသည် တစ်ဖက်နိုင်ငံမှ တိုပီတို/ဒုံးပျံတို့နှင့်ဝင်သည်မဟုတ်။ လူတို့ဖြင့်သယ်ဆောင်လာခြင်းဖြစ်သည်။ မတရားဝိုးဝင်မှုသည် မူးယစ်ဆေးဝါးများ၊ ကုန်စည်ခိုးသွင်းမှုများနှင့် ဆက်စပ်နေသည်။ ထို့အပြင် နယ်စပ်ဒေသများမှာ မြင်းများ၊ တိရစ္ဆာန်များဖြတ်ကျော်မှုများလည်းရှိနိုင်သည်။ ကူးသန်းမှုပြုရာတွင်လည်း တိရစ္ဆာန်များ ပါဝင်မည်။ သူတို့ထံမှ ရောဂါများလည်းပါလာနိုင်သည်။ ကျွဲများ၊ နွားများ၊ ဝက်များတို့တွင် ရောဂါပါမလာရန် အရေးကြီးသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော တိရစ္ဆာန်များလည်း ကူးသန်းရောင်းဝယ်မှုပြုလာကြသည်။ ထိုကိစ္စများနှင့်အတူ လိင်ကိစ္စများတွင်သုံးရန် လူကုန်ကူးမှုများလည်း ပါရှိလာသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးသည် အရေးကြီးလာသည်ကို ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနကမြင်လာသည်။ လူဝင်မှုကြီးကြပ်ရေးကို အထောက်အကူပြုမည့် အဖွဲ့အစည်းရှိမှဖြစ်မည်ဟု မြင်လာသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် အကောက်ခွန်ဆိုင်ရာဥပဒေတို့ကို အထောက်အကူ အင်အားဖြည့်ရန် အဖွဲ့အစည်းလိုသည်ဟု ယူဆလာသည့်အလျောက် အိုင်စီအီးအဖွဲ့ဟု လူဝင်မှုကြီးကြပ်ရေးတိုစွအဝဝကို အကူအညီပေးရန် ဖွဲ့ပေးရသည်။

နယ်စပ်ဝန်းထဲရဲကို နယ်မြေမက်ဆီကိုမှ တက်(ခ်)ဆပ်အယ်ဝါစိုနေရာမှ စပြီး ကာရံခဲ့သည်။ ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန၂ မှ အိုင်စီအီးအဖွဲ့ ?သည် ဝါရှင်တန်ဖြို့တွင် အခြေစိုက်သည်။ စုံစမ်းမှုများပြုလုပ်သည်။ ကျွန်ုပ်တို့တွင် နယ်စပ်ဒေသများ၌ နယ်စပ်ဒေသအထူးစစ်ဆေးရေးအဖွဲ့ကဲ့သို့ သူတို့လည်း အိုင်စီအီးဖွဲ့လာကြသည်။ ထိုအဖွဲ့သည် လိုအပ်လျှင်လိုအပ်သလို လှုပ်ရှားဆောင်ရွက်သည်။ မတရားဝိုးဝင်မှုကာကွယ်ရန်အတွက် အထောက်အကူပြုသောအဖွဲ့များလည်းရှိသည်။ လူဝင်မှုနှင့်ကုန်စည်များ မှောင်ခိုကူးသန်းမှုဥပဒေအား ကူညီပံ့ပိုးရန်အဖွဲ့ကို ပြည်ထဲရေးမဖွဲ့ထားပြီး လိုအပ်လျှင် လိုအပ်သလိုကူညီသည်။[၄]

ကိုကျော်ဝင်းက -

"နယ်စပ်တစ်လျှောက်မှာ ခြေလျင်ကင်းလည်းရှိတယ်။ ရဟတ်ယာဉ်နဲ့လည်း စောင့်ကြည့်ရတယ်။ လူတစ်ကိုယ်သယ်နိုင်တဲ့ ရေဒါစနစ်နဲ့လည်း စောင့်တယ်။ ရန်ကုန်မှာ လှုပ်စစ်ဌာနကသုံးတဲ့လင်းမီးလုံးတွေ ပြုပြင်တဲ့ကားမျိုးနဲ့လည်း နယ်စပ်တောလမ်းတွေကိုထိန်းထယ်။ သူတို့ကားရပ်ပြီး ကားနောက်မှာလူစီးတဲ့အဝိုင်းကို ခင်ဗျားတို့ဆီက မီးလုံးလဲတဲ့ကားကလူပါတဲ့ခွက်ကို ဟိုင်းဒရောလစ်နဲ့မ,သလိုမပေးတော့ ကားလမ်းဘေးမှာ သစ်ပင်တွေကျော်ပြီး လင့်စင်ကလေးနဲ့ ကင်းထောက်နိုင်တာပေါ့ဗျာ"

ဟု ပြောပြသည်။

ယခုအခါ ယနေ့မျက်မှောက်ကာလ၌ အိန္ဒိယပြည်သည်လည်း သူ့နယ်စပ်တစ်လျှောက်တွင် ခိုးဝင်ခိုးထွက်ပြဿနာများ ရေဒါစနစ်သုံး၍ထိန်းနေပြီ။ အောက်ပါပုံမှာ သူတို့သုံးစွဲနေသော ရေဒါစနစ်ဖြစ်လေသည်။

အနောက်တံခါးမှူးမောင်းမှူး

BEL BFSR-SR display at Aero India-2007. The Display unit is seen in the background. This BFSR unit has an integrated Thermal imaging camera on top of the Radar Array. The power battery is suspended from the tripod for added stability.

အိန္ဒိယနိုင်ငံခြစ် မတရားဝိုးဝင်သူများကို စောင့်ကြပ်ထောက်ထုန်းသော ရေဒါပြောင်းရသော ရေဒါ

၁ ထိုသူငယ်မှာ နှလုံးပြန်၍ကောင်းလာ၍ မြန်မာပြည်ပြန်လာပြီး လက်ထပ်သွားသည်။

၂ US Department of Homeland Security (DHS)

၃ US - Immigration and Custom Enforcement.

၄ Immigration and Custom Enforcement.

Ref-

1. BEL Battle Field Surveillance Radar.
2. Immigration: Border Patrol And Mexican Police Make History At Mexican Border.
3. U.S Immigration and Customs Enforcement.

www.burmeseclassic.com

www.burmeseclassic.com

ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်တီ)

ကလေးများအတွက် အာဟာရပြည့်ဝသော အေးနာဝမ်းကျ လက်တွေ့ကျကျ ထုံးဖွဲ့နည်း

လွန်ခဲ့သောအနှစ် (၃၀) ခန့်က စာရေးသူ အထက်တန်းကျောင်းတစ်ကျောင်းတွင် အလုပ်ဝင်ခါစ စာရေးသူ ကျောင်းသွားရာလမ်း၏ (၅) အိမ်ကျော်တွင် စာရေးသူ၏ တူကလေးသည် (၁၀) လသားခန့် ဝဝကစ်ကစ်၊ အသားဖြူဖြူလေးနှင့် ချစ်စရာကောင်းလှပေသည်။

စာရေးသူသည် ကျောင်းသွား၊ ကျောင်းပြန် တူကလေးအား ဝင်ရောက်ချီပိုးပြီး ချော့မြူရသည်မှာ အမြဲပင်။ တူကလေးကလည်း စာရေးသူ ချော့မြူသောအခါ ခိုးခိုးခစ်ခစ်နှင့် ရယ်ရွှင်သဘောကျလျက်ရှိ၏။ အပြစ်ကင်းစင်သောကလေးများဘဝသည် အင်မတန်မှပင် ချစ်စရာကောင်းလှပေ၏။ဖြူစင်သန့်ရှင်း အပြစ်ကင်းသောကလေးများဘဝပါတကား။

နွေရာသီကျောင်းပိတ်ရက် ပူပြင်းခြောက်သွေ့လှသော တန်ခူးလတွင် တချို့သစ်ပင်များတို့သည် ရော်ရွက်ဝါများတို့အား ပင်ယံမှ ခွေခြလျက်ရှိသလို တချို့သစ်ပင်များတို့မှာ နွေရာသီ၏ အပူဒဏ်အား ခုခံကာကွယ်ရန် မြသားကမ္ဘာမှ ရေဓာတ်များကို ပင်ယံထက်တွင် နုထွေးစွာ ဖြာဝေလျက်ရှိသည်။

ပူပြင်းသော နွေရာသီ၏နေ့တစ်နေ့တွင် တူတော်မောင်လေးသည် ရေဝတ်ဝမ်းကျရောဂါ ဖြစ်ပွားလေတော့သည်။ အဒေါ်များ၊ အစ်မများသည် တူကလေးအား အမျိုးမျိုးကုသကြပါသည်။ ကလေးမှာ နို့စို့လျှင် နို့ရည်များပြန်အန်ထွက်သလို ဝမ်းမှာလည်းသွားလျက်ရှိသည်။ ရေတိုက်ပြန်ပါသော်လည်း ထို့အတူပင် ရေများပြန်အန်ထွက်ပြီး ဝမ်းသွားပြန်ပါသည်။ ကြာတော့ ကလေးမှာ ရေကလည်းတတ်၊ ဝမ်းသွားရဖန်များတော့လည်း ဝမ်းဗိုက်ထဲကဆာ၊ ရေခွက်မြင်ပြန်လျှင် အငမ်းမရ ရေခွက်ကိုယူပြီး သောက်ပြန်ပါသည်။ အန်လိုက်၊ ဝမ်းသွားလိုက်၊ နို့စို့လိုက်၊ ရေသောက်လိုက်နှင့် သံသရာလည်နေပါတော့သည်။ ကြာတော့ ကလေးမှာ မငိုနိုင်တော့ပါ။ 'အန်အန်'ဟုသာ ခပ်တိုးတိုးလေး ညည်းတွားစွာသော အသံကလေးသာ ပြုနိုင်ပါတော့သည်။

စာရေးသူသည် ကလေးအားမြင်ရသည်မှာ စိတ်မသက်သာလှပါ။ ဤသို့ဖြင့် (၃) ရက်မြောက်သောညနေစောင်းတွင် တူတော်မောင်လေးမှာ ရေတဝမ်းကျရောဂါဖြင့် အသက်ဆုံးရှုံးသွားရပါတော့သည်။ တူကလေး၏ ရောဂါဝေဒနာ ခံစားနေရုပ်အား ယခုထိတိုင် မျက်စိထဲ မြင်ယောင်လျက်ရှိပါသည်။

စာရေးသူတို့သည် နှစ်စဉ်နှစ်တိုင်း အမြဲမပြတ် ပုံမှန်ကျင်းပလျက်ရှိသော ရွှေထောင့် MEDIA GROUP (သတင်းမီဒီယာအဖွဲ့) ၏ နှစ်ပတ်လည်အထိမ်းအမှတ်ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအား ၅-၁၁-၂၀၁၃ နေ့ ညနေ(၅)နာရီအချိန် ပြည်မြို့ခေတ္တရာမြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ အနယ်နယ်အရပ်ရပ်မှ သတင်းမီဒီယာသမားများတို့ လာရောက်တက်ရောက်ကြသည်။

အခမ်းအနားသို့ ရပ်ဝေးမှကြိုတင်ရောက်ရှိနေကြသူများနှင့် ကျင်းပမည့်နေ့မှ ရောက်ရှိလာကြသူများတို့သည် တစ်နှစ်တစ်ခါ ပြန်လည်ဆုံတွေ့ကြရသဖြင့် စကားလက်ဆုံပြောရင်းမကုန်ခဲကြသည်။ တချို့က သတင်းကိစ္စ၊ အချို့က ကျန်းမာရေးကိစ္စ အထွေထွေစကားရပ်များတို့အား အခမ်းအနားမစမီပြောဆိုလျက်ရှိကြရာမှ ပဲခူးမြို့ သတင်းမီဒီယာအဖွဲ့မှ မှူခင်းသတင်းထောက် ဒေါ်ရှင်းသန့်မှ ကလေးများရေတဝမ်းကျရောဂါအား ကုသပေးနေလျက်ရှိရာ သက်သာပျောက်ကင်းကြောင်း ပြောပြ၍ သိရှိရသဖြင့် စာရေးသူ၏ တူကလေးအား သတိတရရှိလှသဖြင့် ဆေးရုံ၊ ဆေးခန်းနှင့် ဝေးကွာလှသော နေရာဒေသများတို့တွင် ကလေးငယ်များ ရေတဝမ်းကျရောဂါဖြစ်ခဲ့လျှင် ပျောက်ကင်းပါစေရန် အောက်ပါအတိုင်း ဆေးနည်းအား တင်ပြလိုက်ရပါသည်။

ကလေးများ အေးနာဝမ်းကျလက်တွေ့ကျထုံး

၁။ နှမ်းဆီ ၁၀ ကျပ်သား၊
၂။ လေးညှင်း ၅ မူးသား၊
၃။ ဇာတီပို့လ် ၅ မူးသား၊
၄။ ပရုတ်အမှုန့် ၅ မူးသား၊

စသည့်ဆေးကို အသုံးပြုပေးပါ။ ဤဆေးနည်းမှာ သောက်ဆေးမဟုတ်ပါ။ 'လိမ်းဆေး' သာ ဖြစ်ပါသည်။ ဆေးကြောင့် ဥပဒ်ဖြစ်မသွားကြောင်း ရဲရဲဝံ့ဝံ့ အာမခံသည်။

ဆေးစပ်နည်း

လေးညှင်း၊ ဇာတီပို့လ်၊ ပရုတ်အမှုန့်သုံးပါးကို ညက်စွာကြိတ်၍ နှမ်းဆီနှင့်ရောစပ်ပြီးလျှင် တစ်ကိုယ်လုံး (ခြေဖဝါး၊ လက်ဖဝါးချန်) ၍ လိမ်းပေးပါ။

ထိုလိမ်းဆေးအား လိမ်းပြီးပါက ထိုကလေးအား စောင်ဖြင့်ခေါင်းမြီးခြုံပေးပါ။ အတန်ကြာလျှင် ကိုယ်ရေပူ၍ ချွေးထွက်လာပါလိမ့်မည်။ ထိုကလေးတွင်ထွက်နေသောချွေးများပြန်ဝင်မသွားအောင် အဝတ်သန့်သန့်ဖြင့် ပြောင်စင်အောင်သုတ်ပေးခြင်းဖြင့် ကလေးမှာကျရောက်နေသော အေးနာဝမ်းကျရောဂါသက်သာ၍ ချမ်းသာမှုရလာပါလိမ့်မည်။

ဆေးရုံ၊ ဆေးခန်းနှင့်ဝေးကွာလှသော အရပ်ဒေသများရှိ လူမမည်ကလေးငယ်များတွင် အေးနာဝမ်းကျရောဂါဖြစ်ပွားခဲ့သော် လက်တွေ့ကုထုံးတစ်ရပ်ကို တူတော်မောင်ကလေးအား သတိတရရှိလှသဖြင့် ဤဆေးနည်းလေးအား လက်ဆင့်ကမ်း၍ သူရဲ့မဂ္ဂဇင်းမှတစ်ဆင့်တင်ပြလိုက်ရပါသည်။

ချစ်မုန်းခင်
(ကြို့ပင်ကောက်-လယ်တီ)

www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်း
(ကသာ)

ကျေးငှူးဆပ်ခွင့်ပြုပါ အဖေ

❑သောကလွမ်းသော အိမ်ပြန်လမ်း

ပညာရေးကို အကြောင်းပြု၍ ဆယ်နှစ်သမီးအရွယ်မှစပြီး မိသားစုနှင့် ခွဲခွာခဲ့ရသော ငြိမ်ငြိမ်းသည် အခွင့်သာတိုင်း မိသားစုကို တွေ့လိုသည့်ဇောဖြင့် ဇာတိမြေသို့ ပြန်လာတတ်သည်။ အိမ်အပြန်ခရီးစဉ်တစ်လျှောက်လုံး တွေ့မြင်သမျှ ရှုခင်းများသည် မိမိ၏ဝမ်းသာပီတိကြောင့် အလွန်သာယာလှပသည်ဟု ခံစားရသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်း အတွက် သစ်သီးနှင့်မုန့်များ၊ ဖခင်အတွက် ကောင်းနိုးရာရာ ဘာသာရေးစာအုပ်များ၊ တရားတိပ်ခွေများ၊ လက်ဖက်၊ အကြော်နှင့် သစ်သီးယိုမျိုးစုံ၊ ညီမငယ်အတွက် အဝတ်အထည်၊ ဖိနပ်၊ ဆံညှပ်လှလှလေးများ စသည်ဖြင့် မိမိတတ်နိုင်သမျှ ဝယ်ယူခဲ့သော လက်ဆောင်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

မျက်ကို စိတ်ကူးဖြင့် ပေးဝေ့ရင်း ကြည်နူးရသည်။

ယခုတစ်ခေါက် ငြိမ်းငြိမ်း၏အိမ်ပြန်လမ်းမှာ ပျော်ရွှင်ကြည်နူးစရာနှင့်ထို။ သောကလွမ်းသောစိတ်နှလုံး။ မျက်ရည်ပြည့်လျှမ်းသော မျက်လုံးတို့ဖြင့် လတပေါင်း၏ ရှုခင်းများသည် ပူပြင်းခြောက်သွေ့လှသည်။

အဖေ့အတွက် ငြိမ်းငြိမ်းယူလာသော လက်ဆောင်ပစ္စည်းများမှာလည်း

www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်းနှင့်မတူပါ။ သွေးသွင်းရန် သွေးခံပုလင်းနှင့် သွေးပိုက်များ၊ အားဖြည့်ဆေးရည်ပုလင်းများ၊ ပဋိဇီဝဆေး၊ ကိုက်ခဲနာကျင်ပျောက်ဆေးနှင့် အသက်ကယ်ဆေးများသာ ဖြစ်ပါသည်။

ငြိမ်းငြိမ်းနှင့် အစ်မကြီး ဒေါ်သိန်းသိန်းသည် တာဝန်အသီးသီးဖြင့် ရပ်ဝေးတွင်နေထိုင်ကြပြီး ဖခင်သည် ညီမငယ် စိမ်းစိမ်းနှင့် ဇာတိရွာတွင် အတူနေထိုင်ပါသည်။ ဖခင်သည် ရပ်ဝေးမှ သမီးများပြန်လာမည့်သတင်းကိုရလျှင် ဆိပ်ကမ်း၌ သင်္ဘောဆိုက်ကပ်သည့် ဥဩသံကို စောင့်မျှော်နေရှာသည်။ ထို့နောက် အကြီးထောက်သူများနှင့်အတူ လှေကားမှတက်လာမည့် သမီးများ၏ခြေသံကို နားစွင့်၍ တရားစာများရေးရင်း စောင့်ကြိုနေတတ်သည်။

ဒီတစ်ခေါက်မှာတော့ ငြိမ်းငြိမ်းသည် သင်္ဘောဖြင့် အေးအေးဆေးဆေး လာရသည်မဟုတ်ဘဲ တာဝန်ကျရာတောင်ပေါ်မြို့မှ မိုင်(၁၅၀)မျှဝေးသော အထက်အညာ ဇာတိရွာသို့ ဆိုင်ကယ်ဖြင့် အပြေးအလွှားလာခဲ့ရသည်။ သူမသည် ခရီးကြမ်း၍ မောပန်းရခြင်းမဟုတ်ဘဲ သောကအတွေးများကြောင့် စိတ်မောနေရှာသည်။

ယနေ့နံနက် အိမ်ကိုရောက်လျှင် ဖခင်ကို မည်သို့မည်ပုံ တွေ့မြင်ရမလဲ။ သူသည် အခြေအနေမဆိုးလှဘဲ စိုးရိမ်စိတ်ဖြင့် အပြေးရောက်လာသည့်မိမိကို ကရုဏာအပြုံးဖြင့် စောင့်ကြိုနေမည်လား။ သို့မဟုတ် ရောဂါဝေဒနာပြင်းထန်စွာခံစားပြီး သတိလစ်မေ့မြောနေပြီလား။ ဆွေမျိုးများ၏ အစီအစဉ်ဖြင့် မြို့နယ်ဆေးရုံကို ရောက်နေပြီလား။ မိမိမရောက်မီ အသက်ကုန်ဆုံး၍ ရုပ်အလောင်းကိုသာ တွေ့ရှိရလေမလား။

ငြိမ်းငြိမ်းတစ်သက်မမေ့နိုင်သော ထိုနေ့ရက်မှာ ၂၀၀၂ ခု၊ မတ်လ ၁ ရက်နေ့ ဖြစ်ပါသည်။ ညနေပိုင်း ဆေးရုံအလုပ်မဆင်းမီ ငါးနာရီအချိန်တွင် ဇာတိမြို့နယ်အိတ်ချိန်းမှ သူမ၏ဖခင်သွေးအန်၍ သွေးဝမ်းများသွားကြောင်း၊ အခြေအနေစိုးရိမ်ရကြောင်း ဆက်သွယ်အကြောင်းကြားလာပါသည်။ ငြိမ်းငြိမ်းတို့ဇနီးမောင်နှံသည် လိုအပ်သည်များကို အမြန်စီစဉ်၍ ဆိုင်ကယ်စီးကျွမ်းကျင်သည့်တပည့်နှစ်ဦးကို ဇာတိရွာသို့လိုက်ပို့ခိုင်းရပါသည်။ လွန်ခဲ့သော (၁၄) နှစ်။ ထိုခေတ်အခါက ကိုယ်ပိုင်ကားစီးနိုင်သူ အလွန်နည်းသေး၍ ငြိမ်းငြိမ်းအနေဖြင့် ကားစီးလုံးဝငှားရန်လည်း မတတ်နိုင်ပါ။

ငြိမ်းငြိမ်းသည် လက်ထောက်ဆရာဝန်ဘဝမှ ဆေးရုံမှူးရာထူးတိုး၍ မြို့သို့ ပြောင်းရွှေ့ခဲ့ရာ ရာထူးတိုး၍ တာဝန်များစွာ ပိုလာသော်လည်း လစာမှာမတိုး။ ပြင်ပဆေးခန်းဖွင့်ရန် အချိန်နည်းသောကြောင့် အပိုဝင်ငွေလည်း မရှိ။ နာမည်ကြီး ထမင်းတင်ဆိုသလို လက်ထောက်ဆရာဝန်ဘဝမှ စုဆောင်းခဲ့သောအထုပ်ကိုဖြေ၍ သားသမီးများ ပညာရေးနှင့် စားဝတ်နေရေးကို ဖန်တီးရလေသည်။

ငြိမ်းငြိမ်းမှာ ဖခင်နှင့်ပတ်သက်၍ သူမကိုယ်သူမ မကျေနပ်သော အချက်တစ်ခုရှိခဲ့သည်။ ငြိမ်းငြိမ်းသည် ရာထူးတိုးပြောင်းရွှေ့ခဲ့ပြီး တစ်နှစ်ကျော်တွင် နိုင်ငံခြားခရီးစဉ်တစ်ခုအတွက် ရန်ကုန်ရုံးချုပ်သို့ သွားရောက် သတင်းပို့ရသည်။ ထိုခရီးစဉ်မှာ သတ်မှတ်ပုံစံများ ဖြည့်စွက်တင်ထားရပြီး ဆက်သွယ်ရေးနှင့်သွားလာရေးမှာလည်း ယနေ့ခေတ်လို အဆင်မပြေ၍ ရန်ကုန်မြို့ရှိ ယောက်မအိမ်တွင် မသေချာ မရေရာဘဲ နှစ်လခန့် သောင်တင်နေခဲ့သည်။

ထိုစဉ်က စိမ်းစိမ်း၏သမီးကြီးမှာ ရန်ကုန်ဆေးတက္ကသိုလ်၌ တက်ရောက်နေပါသည်။ ကျောင်းဖွင့်ချိန် တူမငယ်ရွာမှပြန်လာသောအခါ အဘိုး (ငြိမ်းငြိမ်းတို့ဖခင်) သည် ဆီးဝါး၍ အစာကောင်းကောင်းမစားကြောင်း၊ ဝိုက်အောင့်ကြောင်း၊ သို့သော် သူမတတ်စွမ်းသမျှပြုစုခဲ့၍ အနည်းငယ်ကောင်းမွန်လာပြီဖြစ်ကြောင်း ငြိမ်းငြိမ်းအား အသိပေးပါသည်။

ငြိမ်းငြိမ်းသည် ရုံးချုပ်က ခေါ်ထားသော မသေချာသည့် နိုင်ငံခြားခရီးစဉ်ကို ဆက်လက်စောင့်စားရကောင်းနိုး။ ရွာပြန်ပြီး ဖခင်ကို ပြုစုစောင့်ရှောက်ရကောင်းနိုးဝေခွဲမရဖြစ်ခဲ့ရသည်။ နိုင်ငံခြားသို့ သွားဖူးလိုသောဆန္ဒရှိသည့်ပြင် ဖခင်ကျန်းမာရေးကောင်း၍ နိုင်ငံခြားမသွားလိုတော့ကြောင်း အထက်လူကြီးများကို မပြောရဲခဲ့ရှာပါ။ ထို့ပြင် သူမ၏ဖခင်သည် သက်သတ်လွတ်စားပြီး အကျင့်သိလကောင်းမွန်သူဖြစ်၍ အသက်ရှည်စွာနေရလိမ့်မည်ဟု ကလေးဆန်စွာ တွေးမိခဲ့သည်။ မည်သို့ဆိုစေ ငြိမ်းငြိမ်းသည် နိုင်ငံခြားမသွားဖြစ်ဘဲ အလုပ်ကြွေးများပို၍ ဒီဇင်ဘာလမှသာ ဖခင်ထံရောက်ဖြစ်ခဲ့တော့သည်။

မကျန်းမာသော ဖခင်ကြီးကို စောင့်ရှောက်ကြရာ၌ ငြိမ်းငြိမ်းထက် အစ်မကြီး၊ သိန်းသိန်းက ပို၍ အနစ်နာခံ၊ ပင်ပန်းဆင်းရဲခဲ့ရသည်ဟု ဆိုရပါမည်။ ဒေါ်သိန်းသိန်းသည် အထက်တန်းသုနာပြုဆရာမကြီးတစ်ယောက်ဖြစ်ပြီး ငြိမ်းငြိမ်းထက်ပို၍ ဝေးလံခက်ခဲသော၊ နယ်မြေမငြိမ်သက်သော တိုက်နယ်ဆေးရုံတစ်ခုတွင် တာဝန်ကျပါသည်။ ထို့ပြင် ဒေါ်သိန်းသိန်းမှာ ယာဘက်ခြေ၊ လက်များလေဖြတ်သဖြင့် အားပျော့ပြီး လမ်းကောင်းကောင်းမလျှောက်နိုင်ချေ။ ထို့အချိန်က လမ်းပန်းဆက်သွယ်ရေးမဖွံ့ဖြိုးသေး၍ ရထားလက်မှတ်၊ သင်္ဘောလက်မှတ်များရရှိရန်ခက်ခဲသည်။ ထို့ပြင် တာဝန်ကျရာ စစ်တောင်းမြစ်ကမ်းဘေးရှိ ရွာလေးမှ အထက်အညာ ဇာတိရွာအထိ အဖော်မပါတစ်ကိုယ်တည်းလာခဲ့သောဒေါ်သိန်းသိန်းမှာ မော်တော်ကား၊ ရထား၊ သင်္ဘောစသည်ဖြင့် အဆင့်ဆင့် ကူးပြောင်းလိုက်ပါရချေရာ အတက်၊ အဆင်းများတွင် များစွာဒုက္ခဖြစ်ရလေသည်။ ဒေါ်သိန်းသိန်းသည် အေးဆေးသူဖြစ်သော်လည်း အထက်လူကြီးကခွင့်မပေးလို၍ အလုပ်ထွက်ချင်ထွက်ရပါစေ ဖခင်ထံသွားမည်ဟု အတိုက်အခံပြောဆိုခဲ့ရကြောင်း ဒေါ်သိန်းသိန်းက ပြောပြရှာသေးသည်။

ခက်ခက်ခဲခဲလာခဲ့ရသော အစ်မဒေါ်သိန်းသိန်းသည် ရွာမှာ ရက်ကြာကြာနေပြီး ဖခင်ကို ကောင်းကောင်းပြုစုသည်။ ငြိမ်းငြိမ်းသည် ကိုယ်ကျိုးကို ဦးစားပေးပြီး ဖခင်ကို အလေးမထားသလိုဖြစ်ခဲ့ရသော သူမ၏စိတ်ဓာတ်ကို အစ်မကြီးနှင့်နှိုင်းယှဉ်၍ သူမကိုယ်သူမ ပြစ်တင်ရှုတ်ချမိသည်။ ဤကမ္ဘာတွင် သူမလောက်မိုက်မဲသူမရှိဟုထင်မိသည်။

ငြိမ်းငြိမ်းတို့သည် ဖခင်အသက်မိုးအောင် မနားတမ်းမောင်းနှင်ခဲ့ကြသည်။ ဆရာဝန်မကြီးဖြစ်သော သူမကို ဖခင်သည် အားကိုးကြီးစွာ မျှော်လင့်စောင့်စားနေရှာပေလိမ့်မည်။ ငြိမ်းငြိမ်း၏စိတ်တွင် မြည်တမ်းနေသည်မှာ -

'သမီးကိုစောင့်ပါအဖေရယ်၊ သမီးအဖေ့ကို ပြုစုပေးပါရစေ။ မသေလိုက်ပါနှင့်ဦး'

❑ ဆီးစေ့နှင့် မြင်းမိုရ်တောင်

ငြိမ်းငြိမ်း ဒီဇင်ဘာလအတွင်း ဖခင်ထံရောက်ရှိစဉ်က ဖခင်၏ရောဂါအခြေအနေမှာ ဆီးနှင့် အရေပြားဝါ

www.burmeseclassic.com

သည်။ ခြေထောက်ဖော်ရောင်သည်။ ဝမ်းပိုက်နှင့် နောက်ကျောအောင့်၍ မြေးများကိုနှိပ်ခိုင်းတတ်သည်။ ဝါရင့်သူနာပြုဆရာမကြီးဖြစ်သော ဒေါ်သိန်းသိန်းက ဖခင်၏ရောဂါကို အသည်းကင်ဆာဟုဆိုသည်။ ငြိမ်းငြိမ်းကတော့ အဆင့်မြင့်နည်းပညာများဖြင့် စစ်ဆေးခြင်းမပြုရသေးသောကြောင့် အခြားရောဂါများလည်း ဖြစ်နိုင်သည်ဟု စဉ်းစားသည်။

ငြိမ်းငြိမ်းတို့ဖခင်သည် အတော်အတန်နှင့် ညည်းညူတတ်သူ မဟုတ်ပေ။ ဝေဒနာကို ကြိတ်မှိတ်ခံစားတတ်သည်။ သို့သော် အလွန်နေရခက်သော အခါ သူ့ဆန္ဒကိုဖွင့်ပြောရသည်။

"ဝိုက်ကို ဓားနဲ့ခွဲပြီး အထဲက ဝေဒနာကိုထုတ်ပစ်ချင်တယ်"

သမီးများသည် ဆရာဝန်၊ ဆရာမများဖြစ်၍ လူနာများကို ခွဲစိတ်ကုသပေးပြီး သူ့ကိုဘာကြောင့်ခွဲမပေးသနည်း။ ကင်ဆာဖြစ်ပြီး ရောဂါရင့်နေ၍ခွဲမပေးသလားဟု ဖခင်တွေးကောင်းတွေးပါလိမ့်မည်။

ငြိမ်းငြိမ်းသည် ဖခင်ကို မန္တလေးသို့ခေါ်သွားပြီး ကုသပေးရန် စဉ်းစားခဲ့သေးသည်။ သို့သော် ဖခင်အသက်မှာ (၈၁) နှစ်ရှိပြီး ရောဂါမှာ အရေးကြီး၍ အကျိုးရလဒ်မှာလည်း မသေချာ။ မြန်မာ့သက်ကြီးရွယ်အိုများမှာ ဇာတိရပ်ရွာကို ခင်တွယ်ကြပြီး ဇာတိရပ်ရွာမှာ ခေါင်းချချင်ကြသည်။ ဖခင်သည် လမ်းခရီးတွင်ဖြစ်စေ၊ မန္တလေးတွင်ဖြစ်စေ ရောဂါအခြေအနေတို့ ဆိုးဝါးခဲ့လျှင် ငြိမ်းငြိမ်းသည် ရောဂါပျောက်ကင်းနိုင်သည့် မျှော်လင့်ချက်ဖြင့် မစဉ်းစားဘဲ စိုးရိမ်စိတ်ဖြင့်သာ စဉ်းစားပြီး ဆေးကုသသွားမည့်အစီအစဉ်ကို စိတ်ကူးထဲမှာပင် ပယ်ချခဲ့လေသည်။ အစ်မကြီးကတော့ ကင်ဆာဟု သတ်မှတ်ထားပြီးဖြစ်၍ အထူးအထွေမပြောပါ။

ငြိမ်းငြိမ်းသည် ခရီးစဉ်တစ်လျှောက်လုံး သူမကိုယ်သူမ ဝေဖန်ပြစ်တင်၍မဆုံးချေ။ ဖခင်သေဆုံးမါက မြို့သို့ခေါ်ပြီး ကြိုးစားပမ်းစားကုသမပေးခဲ့သော မိမိမှာ အပြစ်ကင်းရဲ့လား။ မိမိသည် ကိုယ်ကျိုးရှာသူ၊ ကျေးဇူးမသိသူ၊ တာဝန်မကျေသူ၊ အားကိုးရကျိုးမနပ်သူ၊ လူမိုက်. . . မိမိနောင်တသည် နောက်ကျသွားလေပြီလား။

ငြိမ်းငြိမ်းသည် ဖုန်ထူထပ်၍ လှပြတ်သော တောလမ်းခရီးတွင် ဆိုင်ကယ်ကို အနိုင်နိုင်ထိန်း၍ မောင်းနှင်နေသော မောင်မြင့်အောင်၏ နောက်မှပြုတ်မကျအောင် မြဲမြံစွာကိုင်ရင်း ဖခင်ကိုသာ မြင်ယောင်နေမိသည်။ ခရီးသွားရသည့်အတွက် အိပ်ရေးပျက်သည်၊ ညောင်းညာပင်ပန်းသည်ဟု တွေးမိလျှင် မိမိတို့ကို လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့သော ဖခင်၏ ပင်ပန်းမှုနှင့် နှိုင်းယှဉ်၍ ဖြေဖျောက်လိုက်ပါသည်။

ဖခင် အသက် (၄၀)၊ ငြိမ်းငြိမ်း (၁၃) နှစ်သမီးအရွယ်တွင် မိခင်ကွယ်လွန်ခဲ့သည်။ ဖခင်သည် မုဆိုးဖိုဘဝကို ကြုံကြိုက်ခံရင်း လက်သမားအလုပ်ဖြင့် သမီးသုံးယောက်ကို ဘွဲ့ရပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ခဲ့သည်။ သမီးများ တစ်တန်းပြီးတစ်တန်းတက်လာ၍ ပညာသင်စရိတ်မြင့်မားလာသောအခါ ဖခင်သည် စားကြီးသောအသားငါးများကိုရှောင်ခဲ့သည်။ တစ်နေ့နိုးမှာပင် ထ၍ဖွာတတ်သော သူအလွန်နှစ်သက်သည့်ဆေးလိပ်ကို တုံးတိုဖြတ်ခဲ့သည်။

ငြိမ်းငြိမ်းတွေးမိတိုင်း အသည်းနှင့်အောင်ခံစားရသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း(၅၀)ကျော် လ-လ-သ-သခေတ်က ဆန်ခွဲတမ်းအပြည့်မရ၍ ထမင်းငတ်မလိုဖြစ်ခဲ့ကြရသည်။ ထိုစဉ်က ဖခင်သည် သမီးများကိုသာ စားစေပြီး သူကိုယ်တိုင်ကမူ ခြံထွက်ဥက်ပျောသီး၊ နာနတ်သီး၊ သင်္ဘောသီးများဖြင့် ရောင့်ရဲတင်းတိမ်ခဲ့ရသည်။ ကာမဂုဏ်အာရုံခုမင်သည့်အရွယ်ဖြစ်သော်လည်း သမီးများ၏တက်လမ်းကို အဟန့်အတားဖြစ်နိုင်သောကြောင့် စစ်ဟပ်လာသူများကို ခေါင်းခဲခဲ့သည်။ ဖခင်လည်းသူ၊ မိခင်လည်းသူ အလွန်တာဝန်ကျေပွန်ခဲ့ပေသည်။ ဖခင်သည် ဆင်ခြင်ဉာဏ်ကင်းမဲ့သူ၊ လောကဓံကိုအနှိုးပေးတတ်သူဖြစ်ပါက ငြိမ်းငြိမ်းတို့သည် ဆရာဝန်၊ ဆရာမ၊ ဥပဒေဘွဲ့ရများဖြစ်ရန် အိပ်မက်ပင်မက်နိုင်မည်မဟုတ်ပါ။

ငြိမ်းငြိမ်း တာဝန်ကျသည့် တောရွာတွင် ဆေးရုံအသစ်ဆောက်ရာ၌ တတ်သည့်ပညာ မနေသာအဖေ ပါဝင်သည်။ ရေအခက်အခဲရှိ၍ အဖေကိုယ်တိုင် ရေတွင်းတူးသည်။ ဆေးရုံဝင်းအတွင်း အရိပ်ရအပင်နှင့် အုန်းပင်များကို ကိုယ်တိုင်စိုက်ပျိုး၍ ကိုယ်တိုင်ရေလောင်းသည်။ ဆေးရုံအကြီးအကဲဆရာဝန်၏ဖခင်အဖြစ် အခန့်သားမနေရာသည့်အပြင် လူနာများရောဂါပျောက်ကင်းရေးအတွက် ပရိတ်တရားတော်များ ရွတ်ဆို၍ ဆုတောင်း မေတ္တာ ပို့သပေးသည်။

ငြိမ်းငြိမ်းတို့ဖခင်သည် သူ့ဘဝတစ်ခုလုံးကို သမီးများအတွက် ပေးဆပ်၍ အစွမ်းကုန် ပါရမီဖြည့်ခဲ့လေသည်။ ဖခင်၏မေတ္တာသည် မြင်းမိုရ်တောင်လောက်ကြီးမား၍ သမီးများ၏တံခြိမ်မှသည် ဆီးခေ့ပမာဏမျှလောက်သာရှိပေလိမ့်မည်။ ငြိမ်းငြိမ်းသည် ဖခင်၏စေတနာ၊ မေတ္တာများပြည့်လျှမ်းသော အတိတ်ပုံရိပ်များကို အောက်မေ့သတိရ၍မဆုံးနိုင်သလို မိမိကိုယ်မိမိ အပြစ်ဖို့ပြီးရင်းဖို့ရင်းဖြင့် ဖြေမဆည်နိုင်ဖြစ်ရလေသည်။

မြတ်စွာဘုရား၊ ကယ်တော်မူပါ။ ဒီတောင်ကိုကျော်နိုင်ပါစေ။ အဖေ့ကို ကျေးဇူးဆပ်ပါရစေ။

အလောကောင်းပမယ့် အခါနောင်းလေ

ငြိမ်းငြိမ်းတို့သည် တောလမ်း၊ လယ်ကြားလမ်းများကို ခက်ခက်ခဲခဲ မောင်းနှင်ရင်း နံနက် (၅) နာရီခန့်တွင် ဇာတိရွာသို့ရောက်ခဲ့ကြသည်။ ဖခင်မှာ ဘုရားကျောင်းဆောင်အနီး သူ့ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် မှေ့မြောနေပြီ ဖြစ်ပါသည်။ ယခင်ကလို လွေကားမှတက်လာသော သမီး၏ခြေသံကို စာရေးရင်း နားဖွင့်နေသည့်အနေအထားမဟုတ်ပါ။ ငြိမ်းငြိမ်း၏သမီးကြီး ထိုက်ထိုက်နှင့် ဖခင်ကို အလွန်ချစ်ခင်လေးစားသော ဒေါ်သိန်းသိန်းသည် ရက်အတော်ကြာကပင် ကြိုဟင်ရောက်နေကြလေသည်။

ငြိမ်းငြိမ်းသည် ဖခင်ကို ဦးချကန်တော့၍ ခြေ၊ လက်များကို စမ်းကြည့်ရာ အေးစက်နေပါသည်။ အသက်ရှူနှုန်းမှာနှေးပြီး တိမ်လွှမ်းသည်။ လက်ကောက်ဝတ်တွင် သွေးလုံးမျှင်းမျှင်းလေးတော့ စမ်းလို့ရသေးသည်။ ဖခင်သည် ငြိမ်းငြိမ်းကိုစောင့်နေဆဲ ဖြစ်ပါသည်။ ငြိမ်းငြိမ်းသည် စိမ်းစိမ်း၏တပည့်ဖြစ်သူ မောင်ဖြူလင်း၏သွေးကိုဖောက်၍ ဖခင်ကို သွေးသွင်းပေးသည်။ အသက်ကယ်ဆေး (SOLUCORTEF) ကိုလည်း ထိုးပေးသည်။ ဖခင်သည် သမီးဆရာဝန်ခြိုး၏ပြုစုမှုကို သူ၏နောက်ဆုံးအချိန်တွင် ခံယူခဲ့ရသော်လည်း သိပ်နှိုင်းတော့မည်မထင်ပါ။

ဖခင်၏ ညီမငယ်ဖြစ်သူ အေးအေး

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဖေနှင့် ဆွေမျိုးများသည် ငြိမ်းငြိမ်း၏ အစ်မ၊ ညီမများနှင့်အတူ ဖခင်၏ ခုတင်ဘေး၌ သူ၏နောက်ဆုံးအချိန်ကို စောင့်ပေးနေကြပါသည်။ ငြိမ်းငြိမ်းက ဖခင်အား စမ်းသပ်၍ လုပ်ကိုင်ပေးနေသည်များကို အားပေးခြင်းလည်းမပြု၊ ကန့်ကွက်တားဆီးခြင်းလည်းမပြု။ ဆိုးသည်၊ ကောင်းသည်မပြောဘဲ အသာကြည့်နေကြလေသည်။ သူတို့၏နှတ်မှ ထုတ်ဖော်မပြောသော်လည်း စိတ်တွင်းကမူ -

'ဖအေကိုစောစောကလာရောက် မပြုစုဘဲ ပစ်ထားပြီး သေခါနီးမှ အပို တွေလာလုပ်နေတယ်'

ဟု ပြစ်တင်နေကြပေလိမ့်မည်။

ငြိမ်းငြိမ်းသည် ဖခင်ကို ပြုစုပေးပြီး စိတ်ကိုဖြေလျှော့၍ အိပ်ခန်းထဲတွင် ခေတ္တနားနေပါသည်။ တစ်နာရီကျော် ခန့်နားနေပြီး ဖခင်၏အခြေအနေကို ပြန်ကြည့်သောအခါ အစ်မကြီးသည် ငြိမ်းငြိမ်းသွင်းပေးထားသော သွေးပုလင်းကို ဖြုတ်ထားပြီး ဖြစ်ပါသည်။ ဆွေမျိုးများက သွေးသည် အဖေခန္ဓာကိုယ်ထဲသို့ မဝင်တော့ဟု ပြောပါသည်။ သူတို့သည် လူနာ၏ နောက်ဆုံးအချိန်တွင် နာကျင်ပင်ပန်းရမှုကိုလည်း ဖြစ်စေလိုဟန်မတူကြပါ။

ငြိမ်းငြိမ်းသည် စိတ်ကို အနိုင်နိုင် ထိန်း၍ အိမ်ကပြင်ကိုထွက်ပြီး အဝေးတစ်နေရာကို မျှော်ငေးနေမိသည်။ အဖေမသေစေရဘူး၊ အဖေ့ကိုရအောင် ကယ်မည်။ အဖေသည် လွယ်လွယ်နှင့် သေမည့်သူမဟုတ်ဟု တင်းထားသော ငြိမ်းငြိမ်း၏စိတ်ဓာတ်ခွန်အားများသည် အားကိုးရာမရှိ လွင့်ပျောက်၍သွားပေပြီ။ ဖခင်ကို သေမင်းလက်ထဲမှလုယူနိုင်တော့မည်မဟုတ်။ဖခင်ကိုအမှန်တကယ် ဆုံးရှုံးရတော့မည်ဟူသော အသိသည် သူမကိုယ်သူမ စိတ်ဓာတ်ကြံ့ခိုင်သည်ဟုထင်တစ်လုံးဖြစ်ခဲ့သော ငြိမ်းငြိမ်းကို အနိုင်ယူသွားခဲ့ပေပြီ။

"ငြိမ်းငြိမ်း၊ လာဦး"

သုဝဏ်ချင်း မြလွင်က ပူဆွေးသောကဖြင့် ကျောက်ရုပ်လိုရပ်နေသော ငြိမ်းငြိမ်းကို လက်တို့၍ခေါ်ပါသည်။ ငြိမ်းငြိမ်းရင်ဆိုင်ရမှာ ကြောက်ရွံ့နေသော ဖခင်၏ နောက်ဆုံးအချိန်ကို ရောက်ပြီဟု နားလည်လိုက်ပါသည်။ ဖခင်၏ခုတင်ဘေးသို့ ငြိမ်းငြိမ်းရောက်ရှိသောအခါ ဖခင်၏ မျက်လုံးအစုံသည် ငြိမ်းငြိမ်းရပ်ခဲ့ရာ ကပြင်ဘက်သို့ ကြည့်နေသည့်နှယ် ဝဲဘက်ထောင့်သို့ကပ်နေပါသည်။ နောက်ဆုံးထွက်သက်ကို သမီးများစုံလင်အောင်ငံ့လင့်နေသကဲ့သို့ပင်။

ထိုအချိန်တွင် ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ကိုးအင်္ကောင်ပေါင်းများစွာသည် တအားအားအော်မြည်၍ တစ်ကောင်ပြီးတစ်ကောင် ဝဲပျံပြီး တဖွဖွရောက်ရှိလာပါသည်။ ငြိမ်းငြိမ်းတို့အိမ်ရှေ့မျက်နှာစာနှင့် လမ်းပေါ်တွင် ကိုးများဖြင့်ပြည့်ပြီးမည်းနက်နေပါသည်။ ငယ်ရွယ်သူတွေနားမလည်သော်လည်း သက်ကြီးဝါကြီးများ သေဆုံးချိန်တွင် ကိုးပြုံတတ်သည်ဟု လူကြီးများက ပြောပြပါသည်။

သမီးများကို အလင်းရောင်နှင့် နွေးထွေးမှုကိုပေးခဲ့သော၊ လောကဓံကို အနိုင်မခံ အရှုံးမပေးခဲ့သော မေတ္တာမိုးအိမ်ဖခင်ကြီးသည် မိုးစာကုန်ဆီခန်း၍ ၂၀၀၂ ခု၊ မတ်လ ၂ ရက်၊ နေ့(၁)နာရီ အချိန်တွင် သေမင်းကို လက်ခြောက်အရှုံးပေးခဲ့ရလေသည်။ ငြိမ်းငြိမ်းမှာလည်း ဖခင်ဆုံးရှုံးမှုကို မည်သည့်အရာနှင့်မျှ အစားထိုးဖြေဖျောက်၍မရနိုင်တော့ပါ။

❑ သမီးရှင်

ဖခင်၏ အသုဘကိစ္စအဝဝကို ဘထွေးကျော်ဖေ ဦးဆောင်၍ ဆွေမျိုးမိတ်သင်္ဂဟများက ရပ်ရွာခရေ့အတိုင်း စီမံဆောင်ရွက်ကြပါသည်။ ငြိမ်းငြိမ်းသည် တစ်ဦးတည်း သီးသန့်နေလို၍ တူမောင်နေမင်း၏ အခန်းတွင်းခွဲခွေနေလိုက်ပါသည်။ ငြိမ်းငြိမ်းတွေးမိသမျှမှာ ဖခင်သည် မိသားစုအပေါ် အလွန်တာဝန်ကျေခဲ့ပြီး မိမိတို့သည် သားသမီးဝတ္တရား မကျေပွန်ဘဲ ဖခင်ကို ဒုက္ခပေးသောသမီးများဟူ၍သာ။

သားယောကျ်ားလေး မမွေးဘဲ သမီးချည်းမွေးထားသည့်ဖခင်၏စကားများထဲတွင် ငြိမ်းငြိမ်းအကြိုက်ဆုံးစကားမှာ-

"လူတွေက ယောကျ်ားလေးမွေးရင် ယောကျ်ားလေးမွေးတယ်နဲ့ ဘကြီးဖြစ်တော့မယ့်အတိုင်း ဂုဏ်ယူလိုက်ကြတာ။တကယ်တမ်းကျတော့ အိမ်ထောင်ကျသွားရင် မိဘကို ပြန်ကြည့်တဲ့သားကနည်းတယ်။ မိန်းမစိမ်းရာပါသွားကြတာများတယ်။ သမီးမိန်းကလေးကမှ မိဘအိမ်ကို ဟင်းတစ်ခွက်ပို့ဖော်ရဦးမယ်'

ဖခင်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ သားယောကျ်ားလေးမွေးဖွားပြီး ရှင်သာမဏေပြုပေးရသည့်ဝိတိသုခကို ရလိုပေလိမ့်မည်။ သမီးများ၏ လုပ်စာကို မျှော်ကိုးမည့်သူလည်း မဟုတ်ပါ။ သို့သော် ကံကြမ္မာက သူ့ကိုသမီးများသာပေးသောကြောင့် သမီးမွေးဖွားတာကောင်းသည်ဟု သူ့ကိုယ်သူဖြေသိမ့်ခြင်းဖြစ်နိုင်ပါသည်။

ငြိမ်းငြိမ်းသည် ဖခင်ကို ဟင်းတစ်ခွက်မက ကျွေးမွေးပြုစုလိုပါသည်။ သို့သော် ဘဝပေးအခြေအနေအရ ဖခင်နှင့်အတူနေခွင့်မရခဲ့ပါ။ စိတ်မကောင်းခြင်းကြီးစွာဖြင့်ခွေနေသော ငြိမ်းငြိမ်းထဲသို့ ရွာလယ်ပိုင်းရှိ အသံခွဲစက်မှ သီချင်းတစ်ပုဒ်ပို့လွှင့်လာပါသည်။

'ပြုထိုက်လှစွာ×××ခြေဆုပ်လက်နယ်×××ခဲဖွယ်ရသာ×××စုံစွာဆောဝါး ×××မလပ်စေရာ×××ရှင်တုန်းပြုကြပါမှ ×××ရှင်ခိုက်ပြုကြပါမှ×××မင်္ဂလာရှိသော သားသမီးဝတ္တရား×××ရှင်ပြု(မင်္ဂလာ)' မည်ပေတာ×××

အဆိုတော် (ဒေါ်)မာမာအေးဟု ထင်ပါသည်။) သည် မိဘကျေးဇူးကို သိတတ်စေကြရန် ပိုင်ပိုင်နိုင်နိုင်သီဆိုထားပါသည်။ သီချင်းဖွင့်သူသည် စိတ်ကူးတည့်ရာဖွင့်ခြင်း ဖြစ်သော်လည်း ငြိမ်းငြိမ်းသည် သူမကို ရည်ညွှန်းသလို ထင်မိလေသည်။

❑ စိတ်တန်ဆေ

ညနေစောင်းအချိန် အိမ်ရှေ့သို့ ငြိမ်းငြိမ်းထွက်လာသောအခါ _ အဖေ့ရုပ်ကလာပ်ကို ခုတင်ပေါ်တွင် ပြင်ဆင်ထားကြပြီးဒေါ်သိန်းသိန်းနှင့်ဆွေမျိုးများသည် သတင်းလာမေးသူများကို ဧည့်ခံနေကြသည်။ စိမ်းစိမ်းသည် ဧည့်သည်များကို ဆေးလိပ်၊ လက်ဖက်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ဝတ်ပြုရင်း အိမ်ဦးခန်းမီးဖိုချောင် ကူးချည်သန်းချည်ဖြစ်လုပ်များနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်စပျိုးသောအခါ မောင်နေမင်းက မီးစက်ခိုးခဲ့၍ အိမ်အပေါ်ထပ်နှင့် လှေကားကို မီးထွန်းပေးထားပါသည်။ သို့သော် ရွာတွင် ဆီစျေးကြီးသောကြောင့် ညလုံးပေါက်မထွန်းနိုင်ပါ။

အမောင်သည် လူ၏စိတ်ကို ချောက်ချားစေသည်။ ငြိမ်းငြိမ်းသည် ဖခင်၏ရုပ်အလောင်းကိုကြာကြာမကြည့်ရဲချေ။ ယင်ကောင်မနားအောင်ထောင်ပေးထားသော ခြင်ထောင်ကလုပ်နေသလိုလို၊ အလောင်းသည် အသက်ဝင်၍ ရင်ဘတ်က နိမ့်တုံမြင့်တုံဖြင့်အသက်ရှူနေသလိုလို။

ငြိမ်းငြိမ်းသည် ဆရာဝန်ဖြစ်သောကြောင့် လူသေအလောင်းများနှင့်ရင်းနှီးပြီး ဖြစ်ပါသည်။ သူမသည် လက်တွေ့အကောင်အထည်ပြုနိုင်သောရုပ်ဒြပ်ကို သာလက်ခံ၍ အကောင်အထည်မပြုနိုင်သောဝိညာဉ်လောကကို အယုံအကြည်မရှိဟုလည်း ပြောဖူးပါသည်။ သို့သော် ငယ်စဉ်က ကြားဖူး၊ ကြည့်ဖူးသော တစ္ဆေ၊ သရဲ ပုံပြင်၊ ရုပ်ရှင်တွေကြောင့် လားမသိ တစ္ဆေ၊ သရဲကြောက်တတ်ခဲ့လေသည်။

ငြိမ်းငြိမ်းသည် ည(၁၀)နာရီကျော် မီးစက်မပိတ်မီ အိမ်ရှေ့ခန်းသို့တစ်ချက်ကြည့်လိုက်သောအခါ ဒေါ်သိန်းသိန်းသည် ဖခင်၏ခုတင်ဘေးကြမ်းပြင်ပေါ်တွင် အကျအနအိပ်စက်နေသည်ကိုတွေ့ရလေသည်။ သူမသည် ညအချိန်မှာ အကြောက်အလန့်မရှိ သေသူနှင့်နီးနီးကပ်ကပ်နေရသောအစ်မကြီးကို များစွာအံ့သြချီးကျူးမိလေသည်။ သူမမှာ ဤကဲ့သို့နေဖို့ဝေးစွ၊ စေ့စေ့ပင်မကြည့်ရဲချေ။ ငြိမ်းငြိမ်းသည် အစ်မနှင့်မိမိ ဤသို့ကွာခြားမှုကို အစ်မက သတ္တိပိုရှိကောင်းသောကြောင့်လား၊ သီလပိုရှိကောင်းသောကြောင့်လား၊ သူမချစ်သည်ထက် ဖခင်ကို ပိုချစ်သောကြောင့်လား။ အစ်မနှင့် နှိုင်းယှဉ်စဉ်းစားရင်း သူမကိုယ်သူမ စိတ်အားမရဖြစ်မိလေသည်။

မီးပိတ်ရန် အချက်ပြသောအခါ အမောင်ကိုကြောက်သောငြိမ်းငြိမ်းသည် သူမ၏ အိပ်ရာခြေရင်းတွင် ဖယောင်းတိုင်ထွန်းလိုက်သည်။ သူမ၏ အိပ်ဖော်များမှာ သမီးထိုက်ထိုက်နှင့် တူမောင်နေမင်းတို့ဖြစ်ကြပါသည်။ ဖခင်သည် သမီးနှင့် မြေးများ ထိတ်လန့်အောင် ခြောက်လှန့်လိမ့်မည်မဟုတ်ဟု သူမကိုယ်သူမ အားပေးလိုက်ပါသည်။

ငြိမ်းငြိမ်းသည် ညအိပ်ရာဝင်ဘုရားရှိခိုးခြင်းကို အိမ်ရှေ့ခန်းရှိ ဘုရားကျောင်းဆောင်ရှေ့တွင် မပြုလုပ်ဘဲ အိပ်ရာထဲမှာပင် ရှိခိုးကန်တော့လိုက်ပါသည်။ ပူပူနွေးနွေး ဖခင်၏ ဝိညာဉ်ကိုလည်း နှုတ်မှ မရဲတရဲရွတ်ဆို၍ အမျှပေးဝေလိုက်ပါသည်။ ဖခင်သည် သူမကို ကိုယ်ယောင်ပြလေမလားဟု မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။ ဘာမှ မတွေ့ရမှ စိတ်သက်သာရာရသွားလေသည်။ အလွန်ချစ်ခင်တွယ်တာကြသော အဖေနှင့် သမီးများသည် ဘဝခြားရ၍ ဝေးသွားကြပြီဟုလည်း ခံစားရလေသည်။

ထိုက်ထိုက်နှင့် မောင်နေမင်းမှာ အိပ်ပျော်နေကြပေပြီ။ အိမ်ရှေ့ခန်းတွင် စကားပြောဆိုနေကြသော ဆွေမျိုးများ၏အသံမှာ တဖြည်းဖြည်းတိတ်၍ အိပ်ပျော်သွားကြပြီထင်ပါသည်။ ငြိမ်းငြိမ်းသည် သူတို့အားလုံးကို သူမနှင့်အတူ အိပ်မပျော်ဘဲ နိုးနေစေချင်ပါသည်။ ယခင်က ဘာမီတွန်တစ်ပြားသောက် လျှင် အိပ်ကောင်းသော်လည်း ယခုနှစ်ပြားနှင့်ပင် အိပ်မရနိုင်ပါ။ ကြောက်တာ ဆေးမရှိဟု ပြောကြသည်မှာ အမှန်ဖြစ်ပေသည်။

ငြိမ်းငြိမ်းသည် အိပ်မရနိုင်ဘဲ ဖယောင်းတိုင်ကိုသာ မကြာမကြာကြည့်နေမိသည်။ မီးငြိမ်း၍ အမောင်ထဲတွင် နေရမည့်အဖြစ်ကို စိုးထိတ်နေသည်။ ဖခင်၏ဝိညာဉ်သည် သူခန္ဓာကိုယ်အနီးမှာလား၊ ပိမိတို့အနီးမှာလား သို့မဟုတ် နတ်ပြည်ကိုရောက်သွားပြီလား။ အမှန်တော့ ဖခင်၏ ဝိညာဉ်က မခြောက်ဘဲ သူမ၏စိတ်က ခြောက်လှန့်နေခြင်းသာဖြစ်ပါသည်။

သူမသည် ပထမထွန်းထားသော ဖယောင်းတိုင်မကုန်မီ ဒုတိယဖယောင်းတိုင်ကို ထပ်ထွန်းသည်။ ဤသို့ဖြင့် ငြိမ်းငြိမ်းသည် ဖယောင်းတိုင်တစ်တိုင် မကုန်မီ တစ်တိုင်ထပ်ထွန်းရင်း တိတ်ဆိတ်သည့် ညအမောင်အမြန်တွယ်ဟောက်၍ အလင်းရောင်ရှိန် ဆုတောင်းနေရှာပါသည်။

၁ တရားအမွေနှင့် အမှတ်တရလေးတွေ

ငြိမ်းငြိမ်းတို့အဖေဆုံးပြီးနောက် တစ်နေ့ (ဒုတိယနေ့) ၌ စိမ်းစိမ်းသည် အိမ်ရှေ့စားပွဲပေါ်ရှိ အဖေ့တရားစာအုပ်များ၊ တရားတိပိဋကတ်များကို စီကာစဉ်ကာ သိမ်းဆည်းနေသည်။ အဖေသည် စာပေဌာမွေ့လျော်၍ ဘာသာရေးစာအုပ်အမျိုးမျိုးကို ဖတ်ရှုလေ့လာသည်။ သုနှစ်သက်ရာများကို ကောက်နုတ် ရွေးချယ်၍ ကတ်ထူစာအုပ်များဖြင့် သေသပ်စွာ ရေးမှတ်သည်။ ထိုစာအုပ်များ၏ပထမစာမျက်နှာတွင် သမီးနှင့် မြေးများ၏ နာမည်များကို ရေးထိုးထားသည်။

ထိုခေတ်က တောရွာများတွင် လျှပ်စစ်မီး၊ ဆိုလာမီးများမရှိသေး၍ အပေါ်စက်၊ အောက်စက်များ မသုံးနိုင်သေးပါ။ ဖျော်ဖြေရေးမှာ ကက်ဆက်ကိုသာ အားထားနေရသောအချိန် ဖြစ်ပါသည်။ သမီးများသည် အလုပ်ကိုယ်စီနှင့် မအားလပ်ကြသောကြောင့် အဖေသည် မြေးများကို အခွင့်သာသလောက် သူ့အပါးတွင်ရှိစေချင်လှ၏။ ဇာတ်နိပါတ်များကို မြေးများမငြီးငွေ့အောင် ဇာတ်လမ်းသဖွယ် တန်ဆာဆင်၍ ပြောပြသည်။ ပဌာန်း၊ ဓမ္မစကြာနှင့် ပရိတ်တရားတော်များကို မြေးများနှင့်အတူ ကက်ဆက်ဖြင့် အသံသွင်းသည်။ တရားအဆုံးတွင် တစ်ယောက် ကြေးစည်တီးပေးရသည်။ ဖခင်ရေးမှတ်ထားသော တရားမှတ်စုများနှင့် အသံသွင်းထားသော တရားတိပိဋကမြားသည် သားစဉ်မြေးဆက် ဖခင်ပေးခဲ့ချင်သော တရားအမွေများ ဖြစ်ပါလိမ့်မည်။

စိမ်းစိမ်းသည် စာအုပ်နှင့် တိပိဋကမြားကို သိမ်းဆည်းပြီးနောက် အဖေအဝတ်အစားထည်သော ဂျပ်ဖာနှင့် မုန့်ပုံးဟောင်းတစ်ခုကို အိပ်ခန်းတွင်းသို့ သယ်ယူလာသည်။ အိပ်ရှေ့၌ ဧည့်သည်များရှိ၍ လွတ်လပ်မှုမရှိပါ။ ငြိမ်းငြိမ်းလည်း အိပ်ခန်းတွင်းသို့ လိုက်သွားပြီး အဖေ့ပုဆိုးကောင်းကောင်းသုံးထည်နှင့် တိုက်ပုံအင်္ကျီတစ်ထည်ကို လိုအပ်သူများအား အဖေ့ဆွမ်းနေ့မတိုင်မီ ပေးလှူရန် ရွေးချယ်လိုက်ကြသည်။ အဖေ့အဝတ်အစားများနှင့် ခေါက်ခိုးကျိုးနေသော အမွေနှုန်းလွန်းအင်္ကျီအဖြူရောင်တစ်ထည်ကို တွေ့ကြရသည်။ အမွေကိုယ်စားအသက်သေသည်အထိ အဖေအမြတ်တနိုးသိမ်းဆည်းထားခဲ့ဟန်တူပါသည်။ သို့သော် သမီးများကို ဖွင့်ဟမပြောခဲ့ဘူးပါ။ ထုတ်ယူကြည့်သည်လည်းမတွေ့ကြပါ။

ငြိမ်းငြိမ်းသည် ဖခင်ဝတ်နေကျ ပုဆိုးဟောင်းနှစ်ထည်၊ အင်္ကျီနှစ်ထည်နှင့် မိခင်၏ မှန်လွန်းအင်္ကျီကို မိဘများကိုယ်စား အမှတ်တရ ယူထားလိုက်ပါသည်။ တရားမရရှိနိုင်သေးသမျှတော့ ငြိမ်းငြိမ်းသည်လည်း ဤပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com

မစွန့်လွှတ်နိုင်ဘဲ သိမ်းဆည်းထားရှာပေလိမ့်မည်။

ဖခင်တို့လိမ္မတ်စထည့်ထားသော မုန့်ပုံးကိုဖွင့်ကြည့်ကြသောအခါ တစ်ချိန်က သိန်းသိန်း၊ ငြိမ်းငြိမ်းတို့ကန်တော့ထားသော လစာထုတ်သည့် (၅) ကျပ်၊ (၁၀) ကျပ်၊ (၂၀) ကျပ်တန် ငွေစက္ကူပါကင်အသစ်ကလေးများကို တွေ့ကြရပါသည်။ ထိုစဉ်က ငြိမ်ငြိမ်း၏ဇာတ်လမ်းမှာ (၄၅၀/ ၂၅/ ၇၀၀) ကျပ်ဖြစ်ပါသည်။

ဖခင်သည် အများနည်းတူ လူချင်တန်းချင်း၌ စုဆောင်းထားသော်လည်း သမီးများကို ဝန်ထုပ်ဝန်ပိုးဖြစ်အောင် ဖွင့်ဟပြောရှာပေ။ ဖခင်၏ဆန္ဒသည် အတက်ကြမ်းသော ကုန်စျေးနှုန်းကို လိုက်မီဟန်မတူပါ။ သမီးများသည် ဖခင်ကွယ်လွန်ပြီးမှသာ ဖခင်၏ဆန္ဒကို တွေးတောမှန်းဆရပါသည်။ ငြိမ်းငြိမ်းသည် ရွာဦးဘုန်းတော်ကြီးကျောင်း၌ ငြိမ်းငြိမ်းနှင့် စိမ်းစိမ်းတို့၏သားသမီးများသာသနာ့အမွေပေးသော ရှင်ပြုပွဲတွင် ဝမ်းမြောက်ကြည်နူးနေသော ဖခင်၏ မျက်နှာကို မြင်ယောင်မိသည်။

သူမသည် ဖခင်စုဆောင်းထားသော ငွေကျပ်နှစ်ထောင်ကျော်ကို ဖခင်၏ကောင်းမှုအဖြစ် ရုပ်ပွားဆင်းတုတော်တစ်ဆူ ဝယ်လှူဒါန်းရန် စိမ်းစိမ်းကို တိုင်ပင်ရာ စိမ်းစိမ်းက သဘောတူပါသည်။ အစ်မသိန်းသိန်းသည် ရာနာသုံးပါးကိုင်းရှိုင်းသူဖြစ်၍ ဘဝူးပြောဖွယ်မလိုပါ။ ဖခင်အိုကို လုစ်လျူရှုထားခဲ့သလို ဖြစ်ရသော ငြိမ်းငြိမ်းသည် လို အပ်ငွေကို ဖြည့်စွက်၍ ကွယ်လွန်ပြီးသော ဖခင်ကို ဘုရားဒကာဖြစ်အောင် ဆောင်ရွက်ပေးရပါတော့သည်။ ဤနည်းသည် ဖခင်ဆက်လျောက်ပတ်မှုမ်းရမည့် သံသရာခရီးအတွက် အထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ကြပါသည်။ သူမသည် ရွာဦးကျောင်းမှ ဦးပဉ္စင်းတစ်ပါးအား ဖခင်ရက်လည်ဆွမ်းမစေအောင် မန္တလေးသို့ အမြန်ဆင်း၍ ကြေးဆင်းတုတစ်ဆူဝယ်ပေးရန် အကူအညီတောင်းရပါသည်။

ငြိမ်းငြိမ်းတို့ညီအစ်မ ဤကဲ့သို့ ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းများကိုကြည့်ရှုစီမံနေကြစဉ် ထူးခြားသောအနုတ်စိမ့်များကို သတိထားမိလာကြသည်။ အသားများ အနည်းငယ်နာ၍ထွက်သောအနှုန့်ဆင်တူပါသည်။ ထိုအကြောင်းကို ညီမနှစ်ယောက် နောက်မှပြောဖြစ်ကြပါသည်။

ထိုနှစ်ည (၇) နာရီလောက်တွင် ဒေါ်သိန်းသိန်းနှင့် စိမ်းစိမ်းတို့ အိမ်သားများသည် မီးရောင်ဖြင့်လင်းနေသော အိမ်ရှေ့ခန်း၌ ဆွေမျိုးများနှင့် ဝိုင်းဖွဲ့စကားပြောနေကြပါသည်။ ငြိမ်းငြိမ်းသည် အိပ်ရာ၌ တစ်ယောက်တည်းလဲနေရာမှ မည်သည့်ရည်ရွယ်ချက်မျှမရှိတဲ့ မိသားစုထမင်းစားလေ့ရှိသောကုပြင်သို့ ထွက်လာခဲ့သည်။ ထိုနေရာသည် နံရံကွယ်နေ၍ အိမ်ရှေ့ခန်းမှ မီးရောင် မရောက်ရှိနိုင်ဘဲမှောင်နေပါသည်။

သူမသည် တစ်စုံတစ်ခုမှ ညှို့ယူထားသလို အသိစိတ်မပါဘဲ အိမ်နောက်ဖေး မီးစက်ခုံအနီး ဖခင်ထိုင်နေကျမြေကွက်လပ်လေးကို ငေးကြည့်နေမိသည်။ ထိုစဉ် မမြင်ရသော တစ်စုံတစ်ခုသည် အနောက်ဓလေ့ကားမှ တက်လာပြီး သူမ၏ ယာဘက်ဘေးတွင် ရပ်လိုက်သလို အာရုံခံစားရပါသည်။ နေ့ခင်းက ညီမနှင့် အတူရရှိသောအပုပ်နံ့တစ်မျိုးရပြီး ကြက်သီးများလည်း ဖြန်းခနဲထသွားခဲ့လေသည်။ ဖခင်၏ ဝိညာဉ်လေလားဟု ဖွတ်ခနဲတွေးမိလိုက်သည်။

အသိစိတ်ပြန်ဝင်လာပြီး အမှောင်ထဲတွင် မိမိတစ်ဦးတည်းဖြစ်နေသည်ကို သတိထားမိကာ လူအများရှိရာ အိမ်ရှေ့ခန်းသို့ ဝင်လာခဲ့သည်။ သို့ရာတွင် သူမကြုံတွေ့ခဲ့ရသည့်အဖြစ်ကို သူတို့အားမပြောပြခဲ့ပါ။ အမှောင်ကိုကြောက်သောသူမသည် အဘယ်ကြောင့် အမှောင်ကို ထွက်လာမိသည်ကိုလည်း မတွေးတတ်နိုင်ခဲ့။

ဝိညာဉ်လေလား စိတ်ချောက်ချား

ငြိမ်းငြိမ်းတို့ဖခင်ဆုံးသည့်နေ့မှစ၍ ဝတ်ပြုနေ့တွင် ဖခင်၏ညီမဖြစ်သူ ဒေါ်ခင်ရီ၏မြေး မစန္ဒာရောက်ရှိလာသည်။ ဒေါ်ခင်ရီ၏မှာကြားချက်အရ နာရေးကိစ္စအတွက် တကောင်းမြို့မှ လာရောက်ခြင်း ဖြစ်ပါသည်။

ဘထွေးကျော်ဖေသည် ဖခင်၏ရုပ်အလောင်းကို သင်္ဂြိဟ်ရန် သမီးများ၏ သဘောထားကို မေးမြန်းပါသည်။ ငြိမ်းငြိမ်းက ဂူသွင်း၍ သင်္ဂြိဟ်လိုကြောင်း ပြောကြားရာ အစ်မဒေါ်သိန်းသိန်းက ဘေးဆေးသူပီပီ သဘောတူပါသည်။ ငြိမ်းငြိမ်းသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာကို နှံ့စပ်ကျွမ်းကျင်၍ ဂူသွင်း သင်္ဂြိဟ်ရန် ရွေးချယ်ခဲ့ခြင်း မဟုတ်ချေ။ ဂူသွင်းထားလျှင် ဖခင်ကို တွေ့မြင်လိုသောတစ်ခဏခဏ ပြန်လည်တွေ့မြင်ခွင့်ရနိုင်သည်ဟူသော ကလေးဆန်သည့် အတွေးဖြင့် ရွေးချယ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဖခင်ကို ခေါင်းမသွင်းမီ ညီအစ်မသုံးယောက်နှင့်အတူ မြေးများ၊ ဆွေမျိုးများ ဝိုင်း၍ကန်တော့ကြသည်။ အခေါင်းကိုထမ်း၍ အိမ်ပေါ် မှချသွားကြသောအခါ ဖခင်နှင့် အပြီးအပိုင်ခွဲခွာရတော့မည်ဟူသောအသိကြောင့် အားငယ်မှုပူးဆွေမှုတို့မှာ စာဖွဲ့၍မပြနိုင်တော့ချေ။ သခ္ခိုင်းတွင် သွားလေသူကို သရဏဂုံတင်ပြီး ဂူမသွင်းမီ ငြိမ်းငြိမ်းသည် အခေါင်းဖုံးကို အနည်းငယ်ဖွင့်စေ၍ ဖခင်၏မျက်နှာကို စိတ်နှလုံးတွင်စွဲမြဲနေအောင် နောက်ဆုံးကြည့်ခြင်းဖြင့်ကြည့်ပါသည်။ သံသရာတွင် သည်အဖေနှင့် သည်သမီး ထပ်မံ ဆုံတွေ့ခွင့်ရရှိရန် မသေချာလှပါ။

ညဦးပိုင်းတွင် ဘထွေးကျော်ဖေက ငြိမ်းငြိမ်းတို့ညီအစ်မသည် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရမည်ဖြစ်၍ ရက်လည်ဆွမ်းကို ငါးရက်မြောက်နေ့တွင် ကျွေးနိုင်ကြောင်း ပြောကြားပါသည်။ ဖခင်သည် အသက် (၄၂) နှစ်မှ ကွယ်လွန်ချိန်အထိ သက်သတ်လွတ်စားသူဖြစ်၍ အခြားဆွမ်းများလို ဝက်မပေါ်ဘဲ ငါးခြောက်ဟင်း၊ မျှစ်ချဉ်သုပ်၊ မဲဇလီဟင်းချို့တို့ဖြင့်ကျွေးရန် သဘောတူကြပါသည်။

ရပ်မျှာလေ့အရ အခြားအသုဘအိမ်များ၌ ဖဝိုင်းရှိသော်လည်း ဖခင်၏အသုဘတွင် ဖဝိုင်းမရှိ။ တိတ်ဆိတ်နေပါသည်။ အကျင့်သီလကောင်းသော ဖခင်ကို လေးစားသဖြင့် လည်းကောင်း၊ ငြိမ်းငြိမ်းတို့လက်ခံမည်မဟုတ်သည်ကို သိ၍လည်းကောင်း ဖဝိုင်းကိစ္စသည် ဘထွေးနှင့်ပင် ပြီးပြတ်သွားဟန်တူပါသည်။

ထိုညက ငြိမ်းငြိမ်းသည် သမီးထိုက်ထိုက်၊ တမောင် နေမင်း၊ ဝမ်းကွဲတူမ မစန္ဒာတို့နှင့်အတူ အိပ်ပါသည်။ ဆွေမျိုးများသည် ယခုလို နာရေးကိစ္စစုံညီရောက်ရှိကြသည်ဖြစ်၍ သူတို့သည် အိမ်ရှေ့ခန်း၌ လဲလျောင်းရင်း ထွေးလေးပါးပြောနေကြဆဲဖြစ်၏။ ငြိမ်းငြိမ်းသည် ဘုရားဝတ်ပြုပြီး သူမတတ်အားသမျှ ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်များကို ဖခင်၊ မိခင်တို့ကို အမျှပေးဝေသည်။ ဝမ်းနည်းမှုအဟုန်ကြောင့် မှားရည်ပူများသည် သူတော်သိမ်း၍မရနိုင်

www.burmeseclassic.com

အောင် စီးကျလာသဖြင့် အမျှပေးဝေမှု ပြီးဆုံးအောင် အားတင်း၍ရွတ်ဆိုရလေသည်။

ည (၁၁) နာရီခွဲခန့် မီးစက်ပိတ်မည်အချက်ပြသောအခါ ငြိမ်းငြိမ်းသည် သူမ၏ အိပ်ရာခြေရင်းတွင် ဖယောင်းတိုင်ထွန်းပါသည်။ ယခင်ညများကဲ့သို့ ဖယောင်းတိုင်မီးအဆက်မပြတ်စေရန် အထူးသတိထားသည်။ လူငယ်များသည် အိပ်ပျော်နေကြပေပြီ။ ဆွေမျိုးများ၏ စကားပြောသံလည်း မကြားရတော့ပြီ။ ငြိမ်းငြိမ်းတစ်ယောက်သာ အိပ်မပျော်နိုင်ပါ။

ညသန်းခေါင်အချိန်တွင် သချိုင်းကုန်းရှိရာ ရွာဟောင်ပိုင်းမှ ခွေးအူသံများကြားရပြီး ခွေးအူသံများသည် တဖြည်းဖြည်းနှင့် ငြိမ်းငြိမ်းတို့အိမ်ရှေ့သို့ ရောက်လာခဲ့သည်။ ငြိမ်းငြိမ်းသည် သူမဖတ်ဖူး၊ ကြားဖူးသည့် အနိဋ္ဌာရုံ ခွေးအူသံများနှင့်တူသည်ဟု တွေးမိပြီး ကြောက်ရွံ့စိတ်မဝင်အောင် တင်းထားလိုက်သည်။ အိမ်တွင် မွေးမြူထားသော ခွေးကြီးနှစ်ကောင်က သူစိမ်းကိုတွေ့ဘိသကဲ့သို့ ထိုးဟောင်နေကြသည်။ ခွေးဟောင်သံရပ်သည့်ခဏ အိမ်ရှေ့လေကားမှခြေသံလို တစ်ချက်တစ်ချက် ကြားလိုက်ရပြီး ခြေသံသည် လေကားထိပ် တံခါးမကြီးနားတွင်ရပ်သွားခဲ့သည်၊ ခွေးများကဟောင်နေဆဲ။

ထို့နောက် ခွေးများသည် အိမ်ရှေ့ဘက်မှ ခေါင်းရင်းဘက်သို့ တရှူးရှူးနှင့်ထူးခြားသောအသံပြုရှိလိုက်နေကြသည်။ ခွေးများလိုက်သည့်အသံသည် အိမ်နောက်လေကားတွင်ရပ်သွားသည်။ မကြာမီ ထိုလေကားမှ တောင်ဝှေးဖြင့် ထောက်၍ တက်လာသကဲ့သို့ 'တောက် တောက် တောက် တောက်' ဟု ကြားရပါသည်။

ငြိမ်းငြိမ်းသည် ခေါင်းကြီးသွားပြီး ရင်ခုန်စွာဖြင့် ဆက်လက် နားစွင့်နေသည်။ ဖခင်၏ ဝိညာဉ်သည် အိမ်ကို သံယောဇဉ်မပြတ်၍ လာရောက်ခဲ့ပြီး အကာအရံမရှိသော အနောက်ကပြင်သို့ တက်လာခဲ့လေသလားဟု တွေးမိလိုက်သည်။

"အဖေဆိုရင် ဘာကြောက်စရာရှိလဲ"

သူမကိုယ်သူမ အားပေးရင်း ဘာများဆက်ဖြစ်လာမလဲဟု အခြေအနေကို တထိတ်ထိတ်နှင့်စောင့်နေမိသည်။အတူအိပ်နေသူများကို နှိုးရန်လည်း သတိမရချေ။ ခဏကြာလျှင် လေကားမှ တောက် တောက် တောက် တောက်ဟု တောင့်ဝှေးထောက်၍ ဆင်းသွားသကဲ့သို့ အသံမျိုး ကြားရလေသည်။

ငြိမ်းငြိမ်းသည် ခွေးများထူးခြားစွာဟောင်ပြီး သူမ မမြင်ရသော်လည်း ကြားခဲ့ရသော အသံရှင်သည် ဤမျှနှင့် ပြန်သွားလေပြီဟု တင်းထားသောစိတ်ကို ဖြေလျှော့လိုက်ပါသည်။ ဖယောင်းတိုင်မီးကိုကြည့်ရာ တစ်ဝက်ခန့်ကျန်သေးသည်ကို တွေ့ရ၍ အသာမှိန်းနေလိုက်ပါသည်။

"ကြီးကြီး၊ ကြီးကြီး ထပါဦး၊ ဘာသံကြီးလဲ"

တူမငယ် စန္ဒာက အထိတ်တလန့် လှုပ်နှိုး၍ ငြိမ်းငြိမ်းနိုးလာသည်။ အိပ်ပျက်ညတွေများ၍ သတိထားနေသည့်ကြားမှ မှေးခနဲအိပ်ပျော်သွားဟန်တူပါသည်။ ဖယောင်းတိုင်မီးမှာ ဘယ်အချိန်က ငြိမ်းသွားသည်မသိ မှောင်မိုက်နေသည်။

"အတိုးက ထိုက်ထိုက်တို့၊ နေမင်းတို့ကို ဘယ်လိုခေါ်သလဲ ကြီးကြီး"

မစန္ဒာက အဆက်အစပ်မရှိ မေးပါသည်။

"ဟိုတုန်းကတော့ ငါ့မြေး၊ ငါ့မြေး လို့ခေါ်တယ်။ နောက်တော့ မြေး၊ မြေး တို့လို့ခေါ်တယ်"

"အင်း - ဟုတ်မှာပါ"

"ဘာဟုတ်မှာပါလဲ သမီးရဲ့"

"သမီးတို့အိပ်နေတဲ့အိမ်အောက်က 'မြေးတို့၊မြေးတို့' လို့ ခေါ်သံကြီးကြားတယ်။ လေးပျစ်ပျစ်နဲ့ကြောက်စရာကြီး"

မစန္ဒာက အသံတုန်တုန်ဖြင့် ဖြေပါသည်။ ငြိမ်းငြိမ်းသည် စောစောက သူမကြုံတွေ့ထားသည်များကို လူငယ်များအား မပြောပြဘဲ ဖယောင်းတိုင်ကို ထွန်းလိုက်သည်။

"နင်ကလည်းကြောက်တတ်လိုက်တာ၊ အဖေက မဟုတ်တာ ဘာမှမလုပ်ဘူး၊ အခုဆို နတ်ပြည်ရောက်နေမှာ၊ ကြီးကြီး မအိပ်ဘဲစောင့်ပေးမယ်၊ စိတ်ချလက်ချအိပ်"

မစန္ဒာကို အားပေးသည့်စကားအတိုင်း ငြိမ်းငြိမ်းမှာ မအိပ်နိုင်တော့ပါ။

ဖခင်ဘယ်ဘဝရောက်နေသလဲ၊ ခွေးဟောင်သံ၊ ထူးခြားသောခြေသံ၊ တောင့်ဝှေးထောက်သံ၊ မစန္ဒာကြားရသောခေါ်သံတို့သည် လှလား၊ တိရစ္ဆာန်လား သို့မဟုတ် မိမိတို့အကြောက်လွန်၍ အာရုံထွေပြား အကြားမှားလေသလား။

အတွေးများစွာဖြင့်မအိပ်နိုင်သော ငြိမ်းငြိမ်းသည် နံနက်မိုးသောက်၍ အစ်မနှင့် ဆွေမျိုးများ၏ ချောင်းဟန့်သံ၊ စကားပြောသံများကြားမှ အားရှိပြီး စိတ်ချလက်ချအိပ်နိုင်တော့သည်။ မစန္ဒာပြန်လည်အိပ်ပျော်မပျော်တော့မသိချေ။ သူမသည် ငြိမ်းငြိမ်း၏အဆုအပြောခံရမည်စိုး၍ တိတ်တိတ်နေခြင်းလည်း ဖြစ်နိုင်ပါသည်။

၁၀ တရားသိပေမယ့် အမှားရှိနိုင်

စတုတ္ထနေ့နံနက်တွင် မီးဖိုချောင်၌ ထိုက်ထိုက်က သူမ၏အနေနှင့် အခေါ်ကို ပြောပြပါသည်။

"ညက သမီး အဘိုးကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အဘိုးက မတ်တတ်ရပ်ပြီး ရေတွေကိုအားရပါးရ လောင်းချိုးနေတယ်"

ညီအစ်မနှစ်ယောက်တစ်ယောက် မျက်နှာတစ်ယောက် လှမ်းကြည့်ပြီး စိမ်းစိမ်းက ပြောပါသည်။

"ရွာမှာတော့ မသာပြင်ရင် ရေချိုးပေးကြတာ ထုံးစံလိုဖြစ်နေတယ်။ မြို့မှာဆို မိတ်ကပ်တွေဘာတွေတောင် လိမ်းပေးတယ်ကဲ့။" အဖေ့ကို ပြင်တော့ အဖေကချွေးလည်းမထွက်တူး။ ဘာအညစ်အကြေးမှလည်းမရှိဘူး။ တစ်ခါတလေလည်း ဒုန့်ပေးတယ်။ သားငယ် (မောင်နေမင်း)တောင် ကြွက်များသေနေသလားဆိုပြီး လိုက်ရှာသေးတယ်"

"သူများတွေတော့မဖြစ်ဘဲ တို့အဖေမှ ဖြစ်ရတယ်လို့ကွယ်။ ဒါလောက်ကောင်းကောင်းမွန်မွန်နေခဲ့တဲ့ ဥစ္စာ။ အဖေကဘာမှားလို့လဲ။ သမီးတွေ့၊ မြေးတွေ သံယောဇဉ်ကြောင့်လား။ ဝေဒနာခံစားရတာ ပြင်းထန်လွန်းလို့လား။ ငါကလည်း အဖေဆုံးခါနီးမှာ ဘွေးကြော်ကို မရရအောင်ရှာပြီး သွေးသွင်းပေးခဲ့တယ်။အကြောရှာတာနာလို့များ ခေါသိစိတ်ဖြစ်သွားသလား၊ ငါကလေ အဖေ့ကို သေတဲ့အထိ ခုက္ခပေးခဲ့တာ"

ငြိမ်းငြိမ်းက သူမ တွေးမိသည့် အတိုင်း စိတ်ကောင်းခြင်းကြီးစွာပြောပါသည်။

"သူများတွေလည်း အဖေလိုဖြစ်နိုင်တာပေါ့ မမရယ်။ ဒါပေမယ့် ကျနော်ရဲ့သတ္တေက ပြောခွင့်မပြောကြမှာပေါ့။ သိချင့်မှလည်းသိကြမှာ။ ဘုရားတောတွေလည်းရှိတာပဲ။ အမေယ်လေးဘုံဆိုတာ အဝေးကြီးမမှတ်နဲ့၊ စုတေစိတ်နှင်း

www.burmeseclassic.com

www.burmeseclassic.com

မှာလို့ ဘုန်းကြီးတရားဟောတာနာဖူးတယ်။သေခါနီးအချိန်ဟာ အရေးအကြီးဆုံးမို့ ကောင်းမှုကုသိုလ်ကို အာရုံပြုဖို့ တရားနှလုံးသွင်းဖို့ ပြောတာ။ တရားသိပေမယ့် ဝေဒနာနဲ့ဆိုတော့ သတိလွတ်ချင်လွတ်သွားနိုင်တာပေါ့။ သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ မမရယ်။ ကိုစိုးဝင်းကို ဘုန်းကြီးဆီလျော်ကိုခိုင်းပြီး အဖေကောင်းရာပွဲရာရောက်အောင် လုပ်ပေးကြတာပေါ့။ မန္တလေးကို ဘုရားသွားပင့်တဲ့ ဦးပဉ္စင်း အချိန်မီရောက်ပါစေလို့သာ ဆုတောင်းရတာပဲ"

ငြိမ်းငြိမ်းသည် ဝမ်းထမ်းဘဝတွင် ကျင်လည်၍ ရွာတွင်နေသော စိမ်းစိမ်းလောက် ဘုရားကျောင်းကန်နှင့် မနီးစပ်ပါ။ စိမ်းစိမ်းသည် ကြားဖူးနားဝရိသမျှ တရားစကားများဖြင့် အစ်မဖြစ်သူကို စိတ်ချမ်းသာအောင် နှစ်သိမ့်ပြီး နောက်တစ်နေ့ (ငါးရက်မြောက်နေ့) ၌ ရက်လည်ဆွမ်းကျွေးရန် အချက်အပြုတ် သမားများနှင့် အလုပ်ရှုပ်နေပါတော့သည်။ ငြိမ်းငြိမ်းကမူ ဟိုနားနည်းနည်း ဒီနားနည်းနည်းဖြင့် မန္တလေးမှပြန်လာမည့်ဦးပဉ္စင်းကိုသာ မျှော်နေပါတော့သည်။

နေ့လယ်ခင်း ငြိမ်းငြိမ်းသတိထားမိသည့်အချိန်မှာ စန္ဒာမရှိတော့ပါ။ သူမသည်လည်း ငြိမ်းငြိမ်းကဲ့သို့ ကြောက်တတ်သူဖြစ်ဟန်တူပါသည်။ အိမ်သားများကို နှုတ်ဆက်ဖော်ပင်မရဘဲ မည်သည့်အချိန်ကပြန်သွားသည်ကို မသိလိုက်ကြပေ။

ငြိမ်းငြိမ်းတို့ မျှော်နေကြသော ဦးပဉ္စင်းသည် ညနေငါးနာရီတွင် ရွာသို့ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဦးပဉ္စင်းပင့်ဆောင်လာသော ကြေးဆင်းတုတော်မှာ ဉာဏ်တော်နှစ်ဆယ်လက်မခန့်ရှိပြီး သပ္ပာယ်ပါသည်။ ဖခင်၏ ရက်လည်ဆွမ်းအမှီရောက်ရှိလာသဖြင့် အားလုံး ဝမ်းသာကြရပါသည်။ ဘထွေးကျော်ဖေသည်လည်း အစဉ်အလာအတိုင်း သခ္ခိုင်းသို့သွား၍ နောက်တစ်နေ့ရက်လည်ဆွမ်းကျွေးပြီး ဘုရားဆင်းတုတော်လှူဒါန်းမည်ဖြစ်သောကြောင့် နေအိမ်သို့ ကြွရောက်၍ ကုသိုလ်အမျှယူပါရန် ဖခင်၏ဝိညာဉ်ကို ဖိတ်ခေါ်ပါသည်။

□ သေလွန်ပြီးမှ ဘုရားဒကာဖြစ်သူ

ပဉ္စမနေ့ ဖခင်အား ရည်စူးပြီး ဆွမ်းဒါနပြုသည့်နေ့မှ ၃ ရွာဦးကျောင်းဆရာတော်၊ တောင်ကျောင်းဆရာတော်နှင့် သံဃာသုံးပါး ကြွရောက်ဆွမ်းပြွှင့်ပါသည်။ ရွာဦးကျောင်းဆရာတော်ကြီးမှ အနုမောဒနာတရားခွေက်ကြားရာတွင်-

"... ကွယ်လွန်သူ မိဘဘိုးဘွားများဟာ နိမ့်ကျတဲ့ဘုံဘဝမှာရောက်ရှိနေရင် မိမိတို့သားသမီးများက ဘယ်တော့များ ကောင်းမှုကုသိုလ်တွေလုပ်ပြီး သူတို့ကို အမျှပေးဝေပါ့မလဲလို့ မျှော်လင့်နေကြရှာတယ်။ မြတ်စွာဘုရားလက်ထက်တော်က ဗိမ္ဗိသာရမင်းကြီးဟာ ဘုရားအမှုဂရိုတဲ့ သံဃာတော်အရှင်သူမြတ်များကို ဆွမ်းနှင့်တကွ အခြားရဟန်းစွန်းများ လှူဒါန်းပူဇော်ခဲ့တယ်။ ဒီကောင်းမှုကို ကုသိုလ်အမျှပေးဝေတဲ့အခါ ကမ္ဘာပေါင်းများစွာက မကွတ်မလွတ်သေးတဲ့ ဆွေမျိုးပြိတ္တာများဟာ သာဓုခေါ်ဆိုပြီး ကောင်းရာသုဂတိဘုံကို ရောက်ရှိသွားခဲ့ကြတယ်။

ယခု ကွယ်လွန်သူ ဦးထွန်းမြကို ရည်စူးပြီး ပြုလုပ်တဲ့ဆွမ်းဒါနမှာ ဦးထွန်းမြရဲ့ဝတ္ထုငွေနဲ့ မြတ်စွာဘုရားဆင်းတုတော်တစ်ဆူ လှူဒါန်းပူဇော်တဲ့အတွက် ဦးထွန်းမြဟာ ဘုရားဒကာကြီးဖြစ်သွားပါပြီ။ အလွန်ထူးခြားမွန်မြတ်လှပါတယ်။ ဦးထွန်းမြရဲ့အဝတ်အထည်၊ အသုံးအဆောင်များကို လိုအပ်သူများကို ပေးဝေတဲ့ဒါနတို့ကြောင့်လည်း ဦးထွန်းမြရဲ့ တမလွန် ဘဝခရီးမှာ မဆင်းရဲ မချို့တဲ့အောင် အထောက်အကူဖြစ်ပါလိမ့်မယ်"

"က - ၂. ၃. ၂၀၂၂ ရက်၊ တပေါင်းလဆန်း ၁၂ ရက်၊ မွန်းလွဲတစ်နာရီ အချိန်မှာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့တဲ့ ဒကာကြီး ဦးထွန်းမြကို အမျှပေးဝေကြရအောင်။ ဒီဒါနပွဲမှာ ရောက်ရှိနေတဲ့ ဒကာကြီး ဦးထွန်းမြကလည်း အတိတ်ဘဝက မိမိပြုခဲ့တဲ့ဒါန၊ သီလ၊ ဘာဝနာ၊ ကောင်းမှုအဖြာဖြာကို ဆင်ခြင်ပြီး ယခုပြုတဲ့ဒါနများနဲ့ ပေါင်းစုကာ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုပါ။ ဆွေမျိုးမိတ်သင်္ဂဟများကလည်း အမျှယူသူ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်အောင် ငိုသံရှိန်သံမပါဘဲ ကြည်ကြည်လင်လင် သုံးကြိမ်သုံးခါ အမျှပေးဝေကြပါ"

ငြိမ်းငြိမ်းတို့ ညီအစ်မသုံးယောက်နှင့်တကွ ကြွရောက်လာသူများက ဆရာတော်ဩဝါဒအတိုင်း ဖခင်ကြီးဦးထွန်းမြအား အမျှ၊ အမျှ၊ အမျှဟု သုံးကြိမ်သုံးခါ သံပြိုင်ညီညာစွာ အမျှပေးဝေကြပါသည်။

ကျေးဇူးရှင် ဖခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။ ကောင်းရာသုဂတိရောက်ရှိပါစေ။

□ အဖေ (သို့) ဓမ္မ

ဖခင်ကွယ်လွန်ပြီး ဆယ်နှစ်ကျော်သောညတစ်ည -

ဤနေ့ ဤရက် ဤအချိန်အထိ ဘုရားတပည့်တော် ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့ကို ကွယ်လွန်ခဲ့သော မွေးသဖခင် ကျေးဇူးရှင်ကြီး ဦးထွန်းမြအား အမျှ၊ အမျှ၊ အမျှ ပေးဝေပါ၏။ သာဓု၊ သာဓု၊ သာဓု ခေါ် ဆိုနိုင်ပါစေ"

ဘုရားဝတ်ပြုပြီး ဆောင်ရွက်နေကျအတိုင်း ဖခင်ကို အမျှပေးဝေသော ငြိမ်းငြိမ်းကို ရန်ကုန်မှ အလည်ရောက်ရှိနေသော ညီမစိမ်းစိမ်းက ပြောပါသည်။

"အဖေက ကျွန်မသမီးဆီမှာ ဝင်စားလို့ ကျွန်မမြေး ပြည့်ဖြိုးအောင် ဖြစ်နေပြီလေ။ သမီးကိုယ်ဝန်ရှိတုန်းက အိပ်မက်ဖေးတာရော သည့်ပြင်ထူးခြားတာတွေရော အဖေက ပြည့်ဖြိုးအောင်ဆိုတာ သေချာပါတယ်။ အဖေ့ရက်လည်ဆွမ်းနေ့ကစပြီး ဘာအခြောက်အလှန့်မှမရှိတော့ဘူးလို့ မမကိုပြောသားပဲ။ မမက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီး ဒုက္ခရှာနေတာကိုး"

စိမ်းစိမ်းသည် သူမ၏သမီးဖြစ်သူ လှသူဇာမှ မွေးဖွားသော သားဦး မောင်ပြည့်ဖြိုးအောင်ကို ဖခင်ဝင်စားသည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါသည်။ ငြိမ်းငြိမ်းသည် ဤကိစ္စများကို နားမလည်၍ မည်သို့မျှ မဝေဖန်လိုပေ။ မည်သို့ဆိုစေ စိမ်းစိမ်းသည် သူမ၏ဖခင်ကို မြေး ပြည့်ဖြိုးအောင်အဖြစ် ပြန်လည်ရရှိသည်ဟူသော ယုံကြည်ချက်ကြောင့် ဆုံးရှုံးရမှုကို အစားထိုး ဖြေသာနိုင်မည်ထင်ပါသည်။

ငြိမ်းငြိမ်းအနေနှင့်မူ ဖခင် သိနိုင်သည်ဖြစ်စေ၊ မသိနိုင်သည်ဖြစ်စေ ဖခင်၏ဂုဏ်ကျေးဇူးကို အမြဲအောက်မေ့၍ သူမမြင်သမျှ ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ အမျှပေးဝေနေဦးမည်ဖြစ်ပါသည်။ ဖခင်သက်ရှိထင်ရှားရှိစဉ်က မဆပ်လိုက်နိုင်သော ကျေးဇူးတရားများကို ဤနည်းနှင့်ပေးဆပ်ရုံမှတစ်ပါး အခြားမရှိတော့ပါဟု။

(အဖြစ်မှန်ကိုရေးဖွဲ့ပါသည်။)

အင်ကြင်း (ကသာ)

www.burmeseclassic.com

www.burmeseclassic.com

ဤ ထဆင်ထူး လုံးကြီးတင်ထိမထင် တဲ့ရွှေကျောင်းသား အမည်ရှိသော ပီယန္တတ်ဝုံလက်ဖွဲ့အစီအရင်ကို စာရေးသူ၏ဖခင်ရေးသားခဲ့သည့် မှတ်စုစာအုပ်တစ်အုပ်မှာတွေ့ရ၏။ ခေါင်းစဉ်နှင့် အထက်ပါအတိုင်း ရေးသားပြီး မှတ်ချက်ရေးရာ၌ 'ဤနှတ်ဝုံလက်ဖွဲ့မှာ မိမိအားသတိရန်လာသူပင် လက်နက်ချရသော အဆောင်ကောင်းတစ်ခု ဖြစ်သည်။ ကိုယ်တွေ့' ဟု ရေးသားထားသဖြင့် ဆက်လက် ဖတ်ရှုကြည့်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစတွင် နိုင်ငံတစ်ဝန်း မငြိမ်မသက် ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့သည်။ သောင်းကျန်းသူများစုတို့၏ဒဏ်ကိုခံခဲ့ကြရသည်။ လွတ်လပ်ရေးရပြီးသည့် အချိန်မှစပြီး နယ်စားပယ်စားစစ်ဘုရင်တွေ၏အောက်၌ ပြားပြားဝပ်ခဲ့ကြရသည်။ ၎င်းတို့၏ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုတွေကို ပြည်သူတွေအလူးအလဲခံခဲ့ကြရသည်။ ခိုးသားဓားပြ တွေလည်း အလွန်ထူပြောခဲ့သည်။ နိုင်ငံရေးပါတီတွေကလည်း သူလူငှါလူဖြင့် ပါတီနိုင်ငံရေးစွဲတွေ၊ ဝါဒစွဲတွေနှင့် ခွဲခြားကာ တပည့်မွေး ဆရာမွေးစနစ် ထူထောင်ခဲ့ကြသည်။ အမြင်ကျဉ်းမြောင်းသည့် လက်နက်ကိုင်တပ်ဖွဲ့တွေကို သိမ်းသွင်းကာ ခါးပိုက်ဆောင်တပ်ဖွဲ့အဖြစ် အသုံးချခဲ့ကြသည်။ တိုင်းပြည်ကနေ့ မုန်တိုင်းကထန်ထန်ဆိုသောအချိန် ဖြစ်သည်။

ထိုအချိန်က ဤစာရေးသူ၏ တူတော်မောင်တစ်ယောက်မှာ ပြောက်ကျားခေါင်းဆောင်အဖြစ်မှ နိုင်ငံရေးပါတီတစ်ခုအတွင်း ကူးပြောင်းပြီး ပါတီနိုင်ငံရေးလုပ်နေသောအချိန်ဖြစ်သည်။ စာရေးသူက မည်သည့်ပါတီဝင်မှ မဟုတ်သော်လည်း တူတော်မောင်နှင့် ပတ်သက်၍ နိုင်ငံရေးပယောဂမကင်းဖြစ်လာခဲ့၏။ အခြားနိုင်ငံရေးပါတီများ၏ မျက်မုန်းကျိုးပုတ်ခတ်စွပ်စွဲခြင်းကိုခံခဲ့ရ၏။

တစ်နေ့ ပြည်သူ့လွှတ်တော် အမတ်မဲရွေးကြသည်။ ထိုမဲရွေးပွဲ၌ တူတော်မောင်က အပြတ်အသတ်အနိုင်ရလိုက်သည်။ သို့သော် ထိုမဲအနိုင်ရသောနေ့၌ပင်လျှင် တူတော်မောင်လည်း ရန်ကုန်သို့ထွက်ပြေးရသည်။ ဤစာရေး

(ဖီးကုန်း)
ရွှေကျောင်းသား
တခေါင်ထူးလုံးကြီးတင် ထိမထင်တဲ့ ရွှေကျောင်းသား

သူတို့ကိုလည်း အမတ်၏ဘက်မှ ဘေးမွားအန္တရာယ် အဖမ်းခံခဲ့ရသည်။ တရားဝင် ဥပဒေတစ်ခုခု ဖောက်ဖျက်၍ ရာဇဝတ်ကြောင်းအရ အဖမ်းခံရခြင်းမျိုးမဟုတ်ဘဲ နိုင်ငံရေးပါတီကြီးတစ်ခု၏ ခါးပိုက်ဆောင်တပ် (တရားဝင်လက်နက်ကိုင်အဖွဲ့) မှ လူမသိသူမသိ ဖမ်းဆီးခံခြင်း ဖြစ်သည်။ ဤသို့ အဖမ်းခံရရာ၌ တူတော်မောင်၏ ညီနှစ်ယောက်နှင့် ယောက်ဖတစ်ယောက်လည်းပါ၏။ ထိုဖမ်းဆီးသောတပ်ဖွဲ့၏ခေါင်းဆောင်မှာ မယင်းခြောက်ရွာမှ ဗိုလ်အောင်ညွှန့်ဆိုသူဖြစ်ကြောင်း နောက်တော့သိရသည်။

စာရေးသူတို့ကို ခေါ်ခြင်းမဟုတ်ဘဲ တောရွာတစ်ရွာသို့ခေါ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြသည်။ ထိုဖမ်းဆီးခံရချိန်းကြောင့် ပင် အမတ်ဖြစ်သူ တူတော်မောင်၏ ညီနှစ်ယောက်နှင့်ယောက်ဖတစ်ယောက် တို့ ပြန်လမ်းမဲ့ခဲ့ကြရသည်။

စာရေးသူကိုလည်း အထွေအထူး စစ်ဆေးမေးမြန်းမှုမပြုဘဲ လက်ပြန်ကြိုး တုပ်၍ ရွာပြင်ကိုင်းတောထဲဆွဲခေါ်ခဲ့ကြ၏။ ကိုင်းတောစပ်ရောက်သည်နှင့် ၎င်း တို့ချင်း တီးတိုးစကားပြောကာ လက်နက် ကိုင် (၃) ယောက်နှင့် စာရေးသူကိုထား ခဲ့ပြီး ဝိုလ်အောင်ညွှန့်ဆိုသူနှင့် ကျန် အဖွဲ့က ရွာဆီပြန်သွားကြသည်။

စာရေးသူလည်း မိမိအား သူတို့ ဘာလုပ်မည်ကိုသိနေသည်။ ထိုအချိန် က နိုင်ငံရေးပါတီများနှင့် ဆက်နွယ်နေ သူများ (တရားမဝင်) အဖမ်းခံရပါက ဘာလုပ်သည်၊ ဘာဖြစ်တတ်သည်ကို အတပ်သိနေသောကြောင့် ဖြစ်သည်။ သို့ကြောင့်ပင် ဘုရား၊ တရားအာရုံပြု၍ မည်သည့်စကားမျှမဆိုဘဲ ၎င်းတို့ဆွဲ ခေါ် ရာနောက်လိုက်ခဲ့သည်။

ကိုင်းတောထဲသို့ရောက်သည်နှင့် စာရေးသူအား ၎င်းတို့ (၃)ယောက်ထဲ မှ အသက်ကြီးကြီးလူတစ်ယောက်က ဝေဖန်သလိုလိုနှင့် -

"ဦးနှောက်ကြည့်ရတာ နိုင်ငံရေးသမား တော့်မဟုတ်လောက်ပါဘူးနော်"

ဟု မေးသည်။

"မဟုတ်ပါဘူး ဝိုလ်ကြီးရယ်၊ ကျုပ် တို့က လူကောင်းတွေပါ"

စာရေးသူလည်း ကြောက်ကြောက် လန့်လန့်ဖြင့် ဖြေလိုက်၏။

ထိုအခါ ထိုသူက ရယ်မောရှာ -

"ဘာလဲ၊ ဒါဆို နိုင်ငံရေးသမား တွေက လူကောင်းမဟုတ်ဘူးလို့ ဦးနှောက် ချင်တာလား"

"မ. . . မဟုတ်ပါဘူး ဝိုလ်ကြီးရာ၊ အဲဒီလိုမဟုတ်ပါဘူး။ ကျုပ်တို့က တော မှာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးရာ အေးကြောင်းနေတာကိုပြောတာပါ"

ဟု စာရေးသူက ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ကျွဲတို့သိပါတယ်ဗျာ။ ဘယ်သူ မကောင်းဘူး၊ ဘယ်သူကောင်းတယ်ဆို တာ"

ထိုသူက စကားဆုံးသည်နှင့် စာရေးသူအား တုပ်ထားသောကြိုးများ ကို ဖြေပေးကာ -

"ကဲ - သွားတော့၊ ဝိုလ်ကြီးက လည်း ဦးနှောက်ကို မင်းတို့သဘောပဲဆို အမိန့်ပေးလိုက်တယ်။ ကျုပ်တို့ ဦးနှောက် လွှတ်ချင်လည်းရတယ်၊ သတ်ချင်လည်း ရတယ်။ ဒါကြောင့် ဦးနှောက်ကို ကျုပ်တို့ လွှတ်လိုက်တယ်"

ဟု ပြော၍ လွှတ်လိုက်သည်။

ဤသည်မှာ ကန္တလီကျောင်းဆရာ တော်ပြုလုပ်ပေးထားသော ဝိယန္တတ်ငုံ လက်ဖွဲ့၏အစွမ်းကြောင့်ပင်ဖြစ်ကြောင်း စာရေးသူ ယုံကြည်လိုက်၏။ ထိုအချိန် က လက်ဖွဲ့ကိုလည်း စာရေးသူငုံထား သည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုမှာလည်း မြေယာကိစ္စများနှင့် မကျေမနပ်ဖြစ်နေ သော ရွာထဲမှ လူတစ်ယောက်သည် တစ်ညနေ စာရေးသူ ဘုန်းကြီးကျောင်း ကအပြန် လမ်းမှ သတ်ရန် ဌက်ကြီး တောင်ကိုင်၍စောင့်နေသည်။ စာရေးသူ ကိုမြင်သည်နှင့် ပုန်းကွယ်ရာမှ ဓားမိုး၍ ထွက်လာ၏။ သို့သော် စာရေးသူအနား ရောက်သည်နှင့် ဓားကိုချ၍ သူများ ကြောင်း၊ ယခုလို ကြုံစည်မိသည်ကို ခွင့်လွှတ်ဖို့အကြောင်း တောင်းပန်သွား လေသည်။ ဤသည်တို့မှာ ကိုယ်တွေ့ အဖြစ်များဖြစ်၏။

စာရေးသူအား ဝိယန္တတ်ငုံလက်ဖွဲ့ လေး စိရင်ပြုလုပ်ပေးသည့် ဆရာတော် က ဤလက်ဖွဲ့မှာ ထဆင်ထူးအစိအရင် ဖြစ်ပြီး ဝိယအရာ၌ သူမတူအောင်စွမ်း ကြောင်း၊ မိမိကိုသတ်ရန်လာသူပင်ဖြစ် လင့်ကစား မေတ္တာထား၍ လက်နက်ချ ရကြောင်း မိန့်ခဲ့သည်။

(ဖခင်၏ တူဆိုသူမှာ ဇီးကုန်းမြို့ လွှတ်တော်အမတ်ဖြစ်ခဲ့သူ သခင်ညီဖြစ် ပါသည် - စာရေးသူ)

အထက်ပါအကြောင်းအရာတို့မှာ စာရေးသူ၏ဖခင်ရေးသားခဲ့သည့် မှတ်စု စာအုပ်ထဲမှ 'ထဆင်ထူး လုံးကြီးတင် ထိမထင်တဲ့ ရွှေကျောင်းသား' အမည်ရှိ ပီယန္တံတ်ငုံလက်ဖွဲ့နှင့်ပတ်သက်၍ မှတ် တမ်း ဖြစ်၏။

အောက်တွင် တင်ပြမည်မှာ ဖခင် ၏မှတ်စုစာအုပ်ပါ ပီယန္တတ်ငုံလက်ဖွဲ့ စိရင်ပြုလုပ်နည်း ဖြစ်သည်။ မူမပျက် စေရန် ဖခင်၏မှတ်စုစာအုပ်ပါအတိုင်း ဆက်လက်၍ တင်ပြအပ်ပါသည်။

ဤလက်ဖွဲ့ကို စနေဆန်းသောလ ၏ အဝင်နက္ခတ်ကြိမ်သောနေ့၌ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလတစ်မျိုးမျိုး ခံယူ ဆောက်တည်ပြီး ရွှေပြား၊ ငွေပြား တစ်ခုခု၌ -

ပကကြီးဂု အထက်၊ ယပက်လက် ကို အောက်ထား၍ အောက်ဖော်ပြပါပုံ အတိုင်း ထဆင်ထူးနှင့်တူအောင်ဝိုင်းဝိုင်း လှလှရေးရမည်။

ထို့နောက် 'ဣ' နှင့် 'နံ' ကို ထဆင် ထူးအတွင်း၌ထည့်ပြီး ထဆင်ထူး၏ လက်ဝဲ၌ 'ဂ' အက္ခရာကို ရေးသား၍ လက်ယာဘက် ၌ 'ခ' အက္ခရာကို ရေး ကာ 'ဂ' နှင့် 'ခ' ကို လုံးကြီးတင်ဆံခတ် ဖြစ်အောင် ထဆင်ထူး၏အပေါ်မှ ပုံပါ အတိုင်း ဝိပြင်အောင် သေချာစွာတင် ရေးရမည်။

မှတ်ချက် - ယင်းသို့ရေးရာ၌ ဆောင့်ကြောင့် မုဆိုးဖားထောက်ထိုင်၍ ဘယ်ဘက်ဖနောင့်က ပုရွက်ဆိတ်တွင်း ကိုပိတ်၊ ညာဘက်ဖနောင့်က မိမိ၌ရကို ပိတ်ပြီး မပြီးမချင်း အသက်အောင့် ရေးရမည်။

ထို့နောက် ထိုအနေအထားအ တိုင်း ထိုင်လျက်ပင် လက်ဖွဲ့ကိုလိပ်၍ ဘုရားဂုဏ်တော် (၃၇) အုပ် စုတ်ရမည်။

နောက် အောက်ပါအနှီးမန္တန်ဖြင့် (၃) ကြိမ်နှီးရမည်။

အနှီးမန္တန်

ဣ ထဆင်ထူး လုံးကြီးတင် ထိ မထင်တဲ့ရွှေကျောင်းသား၊ ထဆရာ ထကြွဆရာကြွ။ ။

ထိုသို့ နှီးပြီးပါက အသင့်နှုတ်၌ ငုံ၍ဆောင်နိုင်ပြီ ဖြစ်၏။



လက်ဖွဲ့ပုံစံ

ထိုထဆင်ထူးပီယန္တတ်ငုံလက်ဖွဲ့၏ အစွမ်းကား ဆိုဖွယ်ရာမရှိပြီ။ ဣတ္ထိသို့၊ ရာဇသို့၊ သဇ္ဇသို့၊ သို့ (၃) ပါး၌ အပြီး တိုင်၏။ သစ္စာရှိစွာဖြင့် စိရင်ပြုလုပ်၍ ဆောင်ထားကြပါလေ။

(အထူးအမှာအထားမှာ သူတစ် ပါး၏ဇနီးမယားအား ပြစ်မှားကျူးလွန် လျှင် ရူးတတ်သည်။)

မေတ္တာအစွမ်းကမ္ဘာလုံး
ငြိမ်းချမ်းကြပါစေ

အေးသဇ္ဇ (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ နိဝင်္ဘာလအတွက်

စီးပွားရေးဗေဒင်ဟောကိန်း

မင်းခိုင်ဆောင်



၁-၁-၂၀၁၅ နေ့
ဇာတာခွင်



၁၁-၁၁-၂၀၁၅ နေ့
ဇာတာခွင်



၂၁-၁၁-၂၀၁၅ နေ့
ဇာတာခွင်

ပထမ (၁၀) ရက်ကာလတွင် ရွှေစေးကွက် အတက်နှေး အကျယိုင်တတ်မည်။ ငွေကြေးစေးကွက်ကမောက်ကမဖြစ်တတ်မည်။ ကျောက်မျက်စေးကွက်ငြိမ်နေမည်။ အိမ်ခြံမြေစေးကွက်မကောင်းသေးသော်လည်း လှုပ်လှုပ်ရွရွဖြစ်လာမည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောင်လုပ်ရေးပစ္စည်းများ စေးကွက်ထိုင်းမိုင်းနေမည်။ စားသောက်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးကုန်ပစ္စည်းများ တက်ရိပ်ကျရိပ်ပြင်းထန်နေမည်။ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ ဖြေဖျော်ရေးနှင့် အနုပညာလုပ်ငန်းစေးကွက်များ မကောင်းသေး။ ဓာတုဗေဒပစ္စည်းများ တက်ရိပ်တွေ့လာရမည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မျှော်လင့်ချက်ကောင်းကို တွေ့ရမည်။ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းများ စေးကွက်မြောက်ကြွလာမည်။ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ စေးကွက်မကောင်းသေး။ မီဒီယာနှင့် စာနယ်ဇင်းစေးကွက်ကောင်းနေမည်။ လောင်စာဆီစေးကွက်မကောင်းသေး။ တက်ရိပ်၊ ကျရိပ်ရောထွေးနေမည်။ တွင်းထွက်ပစ္စည်းစေးကွက်မကောင်းသေး။

ဒုတိယ (၁၀) ရက်ကာလတွင် ပညာရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်းစေးကွက်ငြိမ်နေသော်လည်း တက်ရိပ်ကိုမြင်လာရမည်။ စားကုန်သောက်ကုန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းစေးကွက်ထိုင်းမှိုင်းနေမည်။ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းမှော်ကြွလက်လာမည်။ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းတက်ရိပ်မြင်လာရမည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်းများ တက်ရိပ်အားကောင်းလာမည်။ ကောက်ပဲသီးနှံစေးကွက်ထောင်ကြွလာမည်။ ရွှေစေးကွက် ငွေကြေးစေးကွက် ထိုင်းမှိုင်းနေမည်။ ကျောက်မျက်စေးကွက်ကောင်းလာမည်။ စာနယ်ဇင်းစေးကွက်၊ မီဒီယာစေးကွက်တက်ရိပ်ကျရိပ်အားပြိုင်နေမည်။ လောင်စာဆီနှင့် လောင်စာများ တက်ရိပ်ရှိသော်လည်း ရုတ်တရက်ထိုးကျတတ်မည်။ စားသုံးဆီစေးကွက်နှေးကွေးနေမည်။ သတ္တုတွင်းထွက်ပစ္စည်းများစေးကွက် ရုတ်တရက်ဖောက်ပြန်တတ်မည်။

တတိယ (၁၀) ရက်ကာလတွင် ငါးနှင့်ရေထွက်ပစ္စည်းစေးကွက်ပျက်မည်။ ကောက်ပဲသီးနှံစေးကွက်နိမ့်ဆင်းမည်။ ပညာရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်းကျရိပ်တွေ့လာရမည်။ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပနှင့် ဖက်ရှင်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းတို့ တက်စေးမိတတ်မည်။ ငွေကြေးစေးကွက်ကမောက်ကမဖြစ်တတ်မည်။ ရွှေစေးကွက်ပုံမှန်မဟုတ်သော်လည်း အတက်ဘက်သို့ ရွေ့တတ်သည်။ လောင်စာဆီစေးကွက်တက်စေးရှိသော်လည်း ပြုတ်ကျတတ်မည်။ တွင်းသတ္တုပစ္စည်းစေးကွက်မမှန်သေး။ ကျောက်မျက်စေးတက်ရိပ်ရှိသည်။ ဆေးနှင့် ဆေးပစ္စည်းများ၊ သစ်နှင့်ဆက်စပ်လုပ်ငန်းများ မကောင်းသေး။ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းများ စေးကွက်အတက်ဘက်သို့ ပို့ညွှန်းတတ်သည်။

မင်းခိုင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကျော့

ဂန္ဓာရီသမား အယူမှားသော်...

သူရဒုမဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည်

(ယခင်လမှအဆက်)

"ရှင်ယောင်ငယ်တို့၊ အဲဒါတွေလို ချင်ရင် ကောက်ယူလာကြလေ။ သွားကြမယ်"

"မလိုချင်ပါဘူး ဘရသေ့"

ဟု ပြန်ပြောလိုက်စဉ် ဘရသေ့က ပတ္တမြားရှင်၊ ပြဒါးရှင်၊ ဓာတ်လုံးရှင်ဟု ပြောသော ရောင်စုံအလုံးအသေးအကြီး များမှာ အပေါ်ပုံတက်သွားကြပြီး ဂူထဲတွင် ဝဲပုံတောက်စားနေကြသည်။

ရှင်ငယ်ညီနောင်တို့မှာ အုံသြပြီး ရင်းအုံသြရင်းနှင့် ဂူထဲတွင် ပျော်မြူးပုံသန်းနေကြသော ပိုးစုန်းကြူးကောင်တစ်ဖြစ်လဲ ပတ္တမြားရှင်၊ ပြဒါးရှင်၊ ဓာတ်လုံးရှင်တွေကိုမေ့ကြည့်ကာ ဘရသေ့နောက် လိုက်လာကြစဉ် -

"ရော့ ရော့၊ ဒါစားထားကြ"

ဘရသေ့က သွားရင်းလာရင်း သူတို့နှစ်ယောက်ကို ငှက်ပျောသီးတစ်လုံးနှင့် နရွဲသီးတစ်ယောက်တစ်လုံးကျစီပေး၏။

"လာ လာ လာကြ။ ရှင်ယောင်ငယ်တို့မလိုချင်ဘူးဆိုရင် ဒါတွေမှော်ကြည့်မနေကြနဲ့၊ သွားကြမယ်"

ဆိုသဖြင့် ငှက်ပျောသီး၊ နရွဲသီးစားရင်း ဘရသေ့နောက်လိုက်လာကြရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ယခု ဘရသေ့နောက်ကလိုက်ပါနေရသောလမ်းမှာ အလာတုန်းကလမ်းမဟုတ်တော့ဆိုသည်ကိုတော့ သတိပြုမိကြ၏။ ကွမ်းတစ်ယာညက်ပင်မကြာသူတို့ရှေ့က အလင်းရောင်ပျပျတစ်ခုကို လှမ်းမြင်ရ၏။ တဖြည်းဖြည်းနှင့် ရောင်စုံကွန်မြူးနေကြသော ပတ္တမြားရှင်၊ ပြဒါးရှင်၊ ဓာတ်လုံးများ၏ လျှပ်စီးရောင်စုံများမှာ ပါးလျားး၍ နောက်တွင်ကျန်ခဲ့ကြသည်။

ဤကျောက်တောင်၊ ကျောက်ဂူထဲဝင်လာခဲ့ကြသောဂူပေါက်နှင့်စာလျှင် ယခု အလင်းရောင်မြင်နေရသော ဂူပေါက်ကြီးမှာ ဆင်ဝင်၍ရလောက်အောင်ပင်ကျယ်၏။ ဂူဝကိုရောက်သောအခါ အပြင်က နေရောင်ခြည်နှင့်သစ်ပင်ထိပ်ဖျားများကို မြင်လာရသည်။ ဘရသေ့က ရှင်ငယ်ညီနောင်တို့ကိုစောင့်ကြည့်၍ရပ်နေ၏။

ရှင်ယောင်ငယ်တို့၊ သင်တို့မြင်ခဲ့တွေ့ခဲ့ကြတဲ့ သီလာသတ္ထရာန်ထဲက ဝိဇ္ဇာဓိရိများလို့မဖြစ်ချင်ဘူးလား"

"မဖြစ်ချင်ပါဘူး ဘရသေ့"

သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်ပြီးမေးလာသဖြင့် 'မဖြစ်ချင်ပါဘူး' ဟုဖြေလိုက်ကြ၏။

"ဘာဖြစ်လို့လဲ"

"လူမနေရမှာပျင်းလို့"

"လူမိုက်တွေ၊ ဒါဆို ဘာဖြစ်ချင်လဲ"

"နာနာရုပ်အတတ်တတ်သူပဲဖြစ်ချင်တယ်"

"ဟင် - ငါထင်ထားတာထက်တောင်မိုက်နေကြပါလား"

"ဘာပဲဖြစ်ဖြစ် တပည့်တို့ကို နာနာရုပ်အတတ်ပဲသင်ပေးပါ ဘရသေ့"

"ခက်တော့တာပဲ၊ ရှေ့ဆက်ဘယ်လောက်ထိမိုက်မဲကြမယ့် ရှင်ယောင်ငယ်တွေပါလိမ့်။ ကဲ- လာလာကြ ဒီတောင်ပေါက်ထဲမှာ ဇလက်သာသိန္ဓောဆောနေလို့ အတွင်းအားပြင်းတယ်။ အပြင်ကို အမြန်ရောက်ဖို့လိုတယ်။ သတိထားကြ"

ဟုပြောပြီး ဘရသေ့က ရှင်ငယ်ညီနောင်တို့၏လက်တစ်ဖက်စီကိုဆွဲပြီး ခုန်လိုက်ရာ အိပ်မက်ပမာ လေဟုန်မြင်းကျောက်တောင်ခြေရင်းရောက်လာကြသည်။

အောက်ကိုဆက်ဆင်းလာကြရာ ခဲလုံးအကြီး၊ အသေးတွေ ရောပြွမ်းနေသော တောင်အောက်တစ်နေရာ၌ ဘရသေ့ကရပ်လိုက်၏။

သူခြေရင်းရှိ ခဲလုံးတွေကို လက်ညှိုးထိုးပြပြီး-

"ဒီခဲလုံးလေးတွေက ဘာလုံးလေးတွေလဲ သိကြလား"

"မသိပါ ဘရသေ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ မီးခဲ၊ မီးလုံးလေးတွေပေါ့။ ကောက်ပြီးပွတ်ကြည့်ကြပါလား"

ဘရသေ့က ကောက်ပွတ်ကြည့်ဆိုသဖြင့် သံပရာသီးခန့်ရှိသော ခဲလုံးနှစ်လုံးကို ပြိုင်တူကောက်ပွတ်ကြည့်လိုက်ကြ၏။ မှန်သည်၊ မီးဖွားများ တဖျပ်ဖျပ်ပွင့်လာသည်။

"တွေ့လား၊ ဒါသံဓာတ်စီးနေတဲ့ သံခဲ၊ သံလုံးတွေပဲ၊ ကျောက်ခဲမဟုတ်ဘူး။ဒီတောင်ကို သံတောင်လို့ခေါ်တယ်"

ဘရသေ့ ပြောလိုက်တော့မှ ကျောက်ခဲထက် အလေးချိန်စီးနေသည်ကို သတိပြုမိကြသည်။

"ရှင်ငယ်တို့လိုချင်ရင် တစ်ယောက်တစ်ခဲ ကောက်ယူခဲ့ကြ"

"မလိုချင်ပါဘူး ဘရသေ့"

"ဟေး - တယ် တကယ်မိုက်တဲ့ ရှင်ယောင်ငယ်တွေပဲ။ တစ်နေ့နေ့မှာ ရှင်ယောင်ငယ်တို့အတွက် အသုံးဝင်လာလိမ့်မယ် ယူခဲ့ကြ။ နောက်ဘရသေ့ပြဦးမယ် လာ"

ဘရသေ့က ကောက်ယူခဲ့ကြဆိုမှ ရှင်ငယ်ညီနောင်တို့မှာ တစ်ယောက်တစ်ခဲကောက်ယူခဲ့ကြ၏။

တောင်အောက်ကိုဆင်းလာကြ၍ တစ်ဝက်လောက်ရောက်သောအခါ ရေတံခွန်တစ်ခုနားဌ ဘရသေ့ကရပ်ပြီး -

"ဟိုအခဲလေးတစ်ခဲကောက်ပြီးရေထဲချကြည့်လိုက်စမ်း"

သူတို့အနားတွင်ရှိသော ကျောက်ခဲလို၊ ဖားပြုပ်ကျောကုန်းလို ဆူးကလေးတွေပေါက်နေသော ကျောက်ခဲတစ်လုံးကို ဘရသေ့ခိုင်းသည့်အတိုင်းကောက်ပြီး ရေထဲချလိုက်၏။ ရေထဲက ကျောက်ခဲပတ်ပတ်လည်တွင် မီးထတောက်နေသည်။ ဘရသေ့က သူ့တောင်ဝှေးနှင့် ထိုးကလော်ရန်လုပ်ပြီးမှ -

"အဲဒီကျောက်ခဲလေးကို ကုန်းပေါ်ကော်တင်ကြည့်ကြပါဦး"

ဆိုသဖြင့် နာရဒက သစ်ခက်ခြောက်တစ်ခုကို ဒူးနှင့်ကန့်ချိုးလိုက်ပြီး ရေထဲက ကျောက်ခဲလေးကို ကုန်းပေါ်ကော်တင်လိုက်သည်။

ကုန်းပေါ်ရောက်လာသည်အထိ ကျောက်ခဲလေးပေါ်ကမီးညွှန့်မှာ တစ်တောင်လောက်ထိတက်ပြီး တောက်လောင်နေသေး၏။

"ဒီသံတောင်ပေါ်က ကျောက်ခဲတွေအားလုံးဟာ ဒီလိုချည်းပဲ။ ရေနဲ့ထိတာနဲ့မီးထတောက်တယ်။ ကဲကဲ - ရွေ့ဆက်ကြဦးစို့"

ဘရသေ့က သံတောင်ဟုပြောသောတောင်အဆုံးတို့ ရောက်လာကြ၏။ ထိုနေရာ၌တွေ့ရသော ကျောက်ခဲ၊ ကျောက်တုံးများမှာ ဝါဂွမ်းလိုဖြူဆွတ်နေသည်။ တစ်နေရာအရောက်တွင် ဘရသေ့ကရပ်လိုက်ပြန်ရာ ရှင်ငယ်ညီနောင်တို့မှာလည်း ဘရသေ့နည်းတူလိုက်ရပ်မိပြီးသားဖြစ်သွားကြသည်။

"ဒီကျောက်ခဲအဖြူလေးတွေက ဘာတွေလဲသိကြလား"

"မသိပါ ဘရသေ့"

"ဒီကျောက်ခဲတွေကို လေမီးကျောက်လို့ခေါ်တယ်။ သစ်ရွက်ခြောက်တစ်ရွက်နဲ့ ဒီကျောက်ခဲကိုကပ်ထားပြီး လေနဲ့ပြင်းပြင်းမှုတ်ကြည့်လိုက်စမ်း"

ဘရသေ့ခိုင်းသည့်အတိုင်း ရှင်ငယ်ညီနောင်တို့မှာ ကျောက်ခဲဖြူလွလွတစ်လုံးစီကိုကောက်ပြီး ဘရသေ့ပြောသလို သစ်ရွက်ခြောက်နှင့်ကပ်ပြီး လေမှုတ်ကြည့်လိုက်ကြ၏။

အံ့သြစရာပင် ခဏချင်း သစ်ရွက်ခြောက်ကို မီးစွဲလောင်သွားသဖြင့် ရှင်ငယ်ညီနောင်တို့မှာ သစ်ရွက်ခြောက်ရောကျောက်ခဲကိုပါ မြေပေါ် ပစ်ချလိုက်မိကြသည်။

ဤသည်ကို ကြည့်နေသော ဘရသေ့က -

"ကျောက်ခဲကိုဘာလို့ပစ်ချလိုက်ကြတာလဲ။ တစ်ယောက်တစ်ခဲကောက်ယူခဲ့ကြ။ ရှင်သူငယ်တို့ဆီမှာ ဒီလို ကျောက်ခဲမျိုးတွေရှိနေရင် မီးခတ်ကျောက်တို့၊ မီးပုတ်တို့လိုဦးမလား။ မီးကို အလိုရှိတဲ့အခါ ချက်ချင်းမရနိုင်ဘူးလား။ တစ်ယောက် တစ်ခဲကောက်ယူလာခဲ့ကြ။ လာကြ သွားမယ်"

ဘရသေ့ပြောမှ ထိုကျောက်ခဲမှာ အသုံးဝင်မှန်း၊ တန်ဖိုးရှိမှန်းသိသွားကြသဖြင့် ရှင်ငယ်ညီနောင်တို့မှာ ထိုဝါဂွမ်းလို ဖြူဖွေးနေသော ကျောက်ခဲကို တစ်ယောက်တစ်ခဲ ကောက်ယူလာခဲ့ကြသည်။

သည်လိုနှင့် အတန်ကြာသွားမိကြသောအခါ ပထမကတော့ သူတို့ရှေ့ဘက်က တူရိယာတစ်မျိုးစုံတို့၏တီးမှုတ်နေကြသံကိုသဲ့သဲ့ကြားလာရသည်။ သွားရင်းလာရင်းနှင့်ပင် တူရိယာသံတွေက တဖြည်းဖြည်း ကျယ်လောင်လာ၏။ အသံတွေမှာ ကျယ်လောင်လာသော်လည်း သာယာနာပျော်ဖွယ်ရှိသည်။

အံ့သြဖွယ်ရာကောင်းသော မြင်ကွင်းတစ်ခုကို မြင်လိုက်ကြရပြန်၏။ ရေတံခွန်ဘေးနားရှိ သဲတလင်းပေါ်တွင် မိန်းမပျိုနှစ်ဆယ်၊ သုံးဆယ်ယောက်တို့သည် သီချင်းဆို၍ တီးမှုတ်ကခုန်နေကြသည်။အကုန်လုံးမှာ အချောအလှချည်း။ ယောကျ်ားသားဆို၍ကား တစ်ဦးတစ်ယောက်ကိုမျှ မမြင်ကြရ။ အတီးအမှုတ်သမားအားလုံးမှာလည်း မိန်းမပျိုအရွယ်ကောင်းကလေးတွေချည်းဖြစ်၏။

ပို၍ အံ့သြစရာကောင်းသည်မှာ သူတို့၏တစ်ကိုယ်လုံးမှာ အဝတ်အဆင်ဆို၍ တစ်ဖဲ့တစ်စမှမမြင်ရ။ သူတို့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား ပန်းဝတ်ပန်းပွင့်တွေနှင့် တန်ဆာဆင်ထားကြသည်။ ထို့ကြောင့်လည်း ဣန္ဒြေကိုမမြင်ကြရခြင်း ဖြစ်သည်။ သူတို့ကိုယ်ပေါ်ဝတ်ဆင်ဆွဲထားကြသောပန်းတွေမှာ အဖူး၊ အငုံ၊ အပွင့်ရောကာ ရောင်စုံပန်းမျိုးစုံတို့ ဖြစ်သည်။

ဘရသေ့နှင့် ရှင်ငယ်ညီနောင်တို့ ထိုအနားကဖြတ်လာကြရာ ထိုအမျိုးသမီးငယ်များက သူတို့ကိုမြင်သွားကြ၏။

ထိုအခါ -

"ရသေ့ကြီး ရသေ့ကြီး၊ အဲဒီမင်းသားလေးနှစ်ယောက် ကျွန်တော်မတို့ဆီပေးထားခဲ့ပါ။ အဲဒီမင်းသားလေးနှစ်ယောက်ကို ကျွန်တော်မတို့ကိုပေးထားခဲ့ပါ"

ဟုအော်ပြီး နောက်ကပြေးလိုက်လာကြသည်။

ဘရသေ့က -

"ရှင်ယောင်ငယ်တို့ လှည့်မကြည့်ကြနဲ့နော်။ လှည့်ကြည့်ရင် ဒုက္ခရောက်မယ်"

ဆိုသဖြင့် လှည့်မကြည့်ဝံ့ကြ။ သူတို့ကသာ လှည့်မကြည့်ဝံ့ကြသော်လည်း ပန်းဝတ်ရုံမင်းသမီးများကမူ -

"ရသေ့ကြီး ရသေ့ကြီး၊ အဲဒီမင်းသားလေးနှစ်ယောက်ကို ကျွန်တော်မတို့ဆီပေးထားခဲ့ပါ။ ရသေ့ကြီးလိုချင်တဲ့ ဆေးဝါးဓာတ်စာ ကျွန်တော်မတို့လာပေးပါ့မယ်။ အဲဒါ မင်းသားလေးနှစ်ယောက်ကိုသာပေးထားခဲ့ပါ"

ဟု နောက်မှတကြော်ကြော်အော်ခေါ်၍ ပြေးလိုက်လာကြသည်။

"ကဲ - ရှင်ယောင်ငယ်တို့၊ သူတို့နဲ့နေလိုက်ကြမလား"

"မ... မနေပါဘူး ဘရသေ့။ တပည့်တို့ ဘရသေ့နဲ့ပဲအတူနေကြမှာပါ။ သူတို့နဲ့မနေခဲ့ပါဘူး။ မနေပါရစေနဲ့ ဘရသေ့"

ရှင်ငယ်ညီနောင်တို့ကလည်း ထိတ်

www.burmeseclassic.com

www.burmeseclassic.com

ပျာပျာနှင့် ပြုံးတူအော်ပြောကြသည်။

"နေခဲ့ကြပါ မင်းသားလေးတို့ရယ်။ ကျွန်တော်မတို့က မင်းသားလေးတို့ကို ဝတ်ကြီးဝတ်ငယ်ပြုစုပါ့မယ်။ကျွန်တော်မတို့ရဲ့အရှင်သခင်အဖြစ်နေခဲ့ကြပါ။ မင်းသားလေးတို့ရယ် နေခဲ့ကြပါ နေခဲ့ကြပါ"

နောက်ကအော်ပြောလိုက်လာကြသော ပန်းဝတ်ရုံမင်းသမီးလေးတွေက အနားရောက်လာကြပြီး ရှိခိုးဦးတင်တောင်းပန်ပြောကြားနေကြသည်။

"မနေဘူး၊ မနေတူး"

"နေလို့မရဘူး၊ ငါတို့က သာမဏောတွေ၊ မာတုဂါမတွေနဲ့ မနေရဘူး။ မနေဘူး"

စိတြက ထိုမိန်းမတွေကိုကြောက်ကြောက်နှင့် အော်ပြောလိုက်၏။

"ဘရသေ့ ဘရသေ့ကြီး၊ ပြောပေးပါဦး။ ဒီမင်းသားလေးနှစ်ပါးကို ကျွန်တော်မတို့ အရှင်သခင်လို့ ကိုးကွယ်ထားကြမှာပါ ဘရသေ့။ ဒီမင်းသားလေးနှစ်ပါးကို ကျွန်တော်မတို့ကိုပေးခဲ့ပါ။ ဒီကောဒီတောင်က ဘရသေ့လိုချင်တဲ့ဆေးရွက်၊ ဆေးမြစ်၊ ဆေးပင်တွေကို ကျွန်တော်မတို့ တစ်သက်လုံးရှာပေးပါ့မယ်။မင်းသားလေးနှစ်ပါးကိုသာ ကျွန်တော်မတို့ကိုပေးခဲ့ပါ"

"ဟာ - ဒီကောင်မတွေနဲ့ ခက်တော့တာပဲ။ ကဲ - မင်းတို့ကကော သူတို့နဲ့နေလိုက်ခဲ့ကြမလား"

"မနေဘူး၊ မနေဘူး"

"ဘရသေ့၊ တပည့်တို့မနေခဲ့ပါရစေနဲ့။ ဘရသေ့နဲ့ပဲ အတူနေပါရစေ"

"ဟော့ကောင်မတွေ၊ ကြားတယ်မှတ်လား။ သူတို့က နှင်တို့နဲ့မှမနေချင်တာ၊ ဘာတတ်နိုင်မလဲ"

"ဘရသေ့တပည့်သားတွေပဲ၊ ပေးခဲ့ပါ ဘရသေ့။ ကျွန်တော်မတို့ကို သနားပါ။ ကျွန်တော်မတို့မှာ အရှင်သခင်မရှိဘဲနေလာခဲ့ရတာ နှစ်ပေါင်းအသခ္ချေအနန္တရှိနေပါပြီ။ကျွန်တော်မတို့ကိုသနားသောအားဖြင့် မင်းသားလေးနှစ်ပါးထဲက စာစ်ပါးပါးကိုဖြစ်ဖြစ်ပေးထားခဲ့ပါ ဘရသေ့။ ကျွန်တော်မတို့ကိုသနားပါ။ ဘရသေ့အလိုရှိတာကို ကျွန်တော်မတို့ ရှာပေးပါ့မယ်။မင်းသားလေးနှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ် ကျွန်တော်မတို့ကိုပေးခဲ့ပါ ဘရသေ့"

"ဘ. . . ဘရသေ့၊ တပည့်တို့ကို ပေးမပစ်ခဲ့ပါနဲ့။ တပည့်တို့ကိုပေးမပစ်ခဲ့ပါနဲ့။ သူတို့နဲ့ တပည့်တို့ မနေချင်ပါဘူး။ မနေဝံ့ပါဘူး။ ဘရသေ့ တပည့်တို့ကို ကယ်ပါ။ သူတို့ကို တပည့်တို့မလိုချင်ပါဘူး။ တပည့်တို့ကို ပေးမပစ်ခဲ့ပါနဲ့"

ပန်းမင်းသမီးတွေက အနားဝိုင်းလာကြပြီး ရှိခိုးဦးတင်ငိုယိုတောင်းပန်နေကြပြီး ရှင်ငယ်ညီနောင်တို့ကိုလည်း ယခုချက်ချင်း ဝင်းဆွဲလုယူကြတော့မည့်ပုံပေါ်လာသောအခါ ရှင်ငယ်ညီနောင်တို့မှာလည်း ဘရသေ့၏ ဝတ်ရုံစကိုဆွဲပြီး သူတို့နှစ်ဦးကို ပန်းမင်းသမီးများအားပေးထားခဲ့ရန် ငိုသံပါကြီးနှင့် ဘရသေ့ကို အော်ဟစ်တောင်းပန်နေကြ၏။

"ဟော့ကောင်မတွေ၊ သူတို့ကမှနင်တို့နဲ့မနေချင်ပါဘူးပြောနေတာ နင်တို့ အကြားပဲ၊ ငါဘာတတ်နိုင်မှာလဲ။ ရုတ်ရုတ်သဲသဲမလုပ်ကြပါနဲ့။ သူပိုင်နက်ထဲလာပြီး နင်တို့တွေနဲ့ ရုတ်ရုတ်သဲသဲလုပ်သွားပါတယ်ဆိုပြီး ငါ့ကို ဂန္ဓဗ္ဗတွေက ပြဿနာရှာတော့မှာပဲ။ မြန်မြန်ပြန်ကြပါ။ သူတို့ကမှ နင်တို့နဲ့မနေချင်တာ ငါဘာတတ်နိုင်မှာလဲ။ မြန်မြန်ပြန်ကြပါဆို။ ဂန္ဓဗ္ဗတွေ ငါ့ကိုပြဿနာလာရှာရင် တော့ ပြဿနာရှာတာက နင်တို့ပဲလို့ ငါပြောရလိမ့်မယ်နော်"

ရှင်ငယ်ညီနောင်တို့ကိုပေးထားခဲ့ရန် ငိုယိုတောင်းပန်နေကြသော ပန်းမင်းသမီးတွေကို ဘရသေ့က ဘယ်လိုပြောပြော သူတို့ကား ဘရသေ့နားကမခွာနိုင်ကြသေး။ အတင်းငိုယိုရှာသော ရှင်ငယ်ညီနောင်ကိုပေးထားခဲ့ရန် တောင်းပန်နေကြ၏။ ဘရသေ့အော်ငေါက်သံ၊ ပန်းမင်းသမီးလေးများ ငိုယိုတောင်းပန်နေကြသံ၊ ရှင်ငယ်ညီနောင်တို့၏ ကြောက်ကြောက်ရွံ့ရွံ့နှင့်အော်သံတို့မှာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေ၏။

ပန်းနတ်သမီးတွေက ဘရသေ့ဆီမှာသူတို့ကိုတောင်းမရလျှင် အတင်းဝင်ဆွဲလုယူကြတော့မည့်အသွင်သဏ္ဌာန်ကို ပြလာကြသည်။

"ဘရသေ့ ဒီကိုရောက်လာရင် ကျွန်တော်မတို့နဲ့နေချင်ချင်၊ မနေချင်ချင် နေကိုနေခဲ့ရမယ်။ ဒီနယ်မြေဟာ ဘရသေ့ပိုင်နက်နယ်မဟုတ်ဘူး။ ဂန္ဓဗ္ဗနတ်မင်းကြီးက ကျွန်တော်မတို့ကိုနေခွင့်ပေးထားတဲ့ နယ်မြေပါ။ အဲဒီတော့ မင်းသားလေးနှစ်ယောက်ကို ရသေ့ကြီး ကျွန်တော်မတို့ကိုပေးကိုပေးထားခဲ့ရမယ်။ သူတို့မနေချင်လို့ မပေးနိုင်ဘူးဆိုရင် ကျွန်တော်မတို့ကလည်း ကျွန်တော်မတို့နည်းနဲ့ မင်းသားလေးနှစ်ယောက်ကို ကျွန်တော်မတို့နဲ့ နေချင်အောင်လုပ်ရတော့မှာပဲ။ တောင်းပန်လို့မှမရရင် ရတဲ့. . . "

ပန်းမင်းသမီးများထဲမှာ အကြီးအမှူးဟုထင်ရသော ပန်းမင်းသမီးတစ်ယောက်က ဘရသေ့အား အတင်းအကျပ် ပြောလိုက်သောစကားကို ကြားရသော အခါ ရှင်သူငယ်ညီနောင်တို့မှာ ကြောက်ကြောက်နှင့် ဘရသေ့ခါးကို ဖက်ပြီး အော်ဟစ်ငိုယိုလိုက်ကြသည်။

ဘရသေ့သည် သူတို့အားအတင်းယူရမည်ဆိုသော ပန်းမင်းသမီးကို စေ့စေ့ကြည့်ကာ -

"တောက် - ဒီလောက်တောင် ပြောမရတဲ့တဏှာကောင်မတွေ၊ သေကြပေရော့ဟာ"

ဟု ပြောပြီး သူတော်ဝင်ဝေးကို ခေါင်းပေါ် မြှောက်မွှေ့ပစ်လိုက်ရာ တဝိဝိတ် တရဲရဲအသံထွက်လာပြီး ဘရသေ့ခေါင်းပေါ်တွင် ထီးဝန်းဆောင်းထားသလား ထင်ရလောက်အောင် လှည့်လာသော အခါ ပန်းနတ်သမီးတွေမှာ ငိုယိုပြီးသူတို့နေရာကို သူထက်ငါဦး ပြန်ပြေးသွားကြလေသည်။

"တော်တော်ဆိုးတဲ့တဏှာကောင်မတွေ။ ငါကသခ်မ်းမြန်မြန်နှောက်အောင်လို့ ဖြတ်လမ်းကလာမိခါမှ ပိုကြာတော့မလိုဖြစ်သွားပြီ။ လာ၊ လာ - ရှင်ယောင်ငယ်တို့ မြန်မြန်လာကြ၊ နောက်ကိုလုံးဝလှည့်မကြည့်နဲ့နော်။ ရှင်ယောင်ငယ်တို့ လှည့်ကြည့်ရင် သူတို့ခဲ့နေခဲ့ခဲ့လို့ လှည့်ကြည့်တယ်ထင်ပြီး ပြန်ပြေးလိုက်လာကြမှာစိုးရတယ်။ မြန်မြန်လာကြ"

ဘရသေ့က မြန်မြန်လာကြ၊ နောက်ကိုလှည့်မကြည့်ကြနဲ့ဟု ဆိုသည့်အတိုင်းပင် ပန်းနတ်သမီးတွေကို အကြောက်ကြီးကြောက်သွားကြသဖြင့် ယခုထိ ဘရသေ့၏ကိုယ်ရုံကို လက်မလွှတ်ဘဲ ဆုပ်ကိုင်ထားကြတုန်း။

"ဘရသေ့၊ အဲဒီမိန်းမတွေက ကိုယ်ပေါ်မှာ အဝတ်လည်းမရှိကြဘူး။ ဘယ်လိုမိန်းမတွေလဲ"

သွားရင်းလာရင်း ဘရသေ့ကို စိတြကမေး၏။

နာရဒကလည်း -

"ဟုတ်တယ်လေ၊ ဘယ်လိုမိန်းမတွေလဲ ဘရသေ့။ တပည့်တို့ကိုချက်ခင်းပဲ ဆွဲလုကြတော့မယ့်အတိုင်းပါလား ကြောက်စရာကြီး"

"အိမ်း-တိလေသာရမွက်ဆိုတာ ကြောက်စရာကြီးပေါ့။ သူတို့အတူသိုလ်နဲ့သူတို့ ဒီတောဒီတောင်မှာ နှစ်ပေါင်း အသခ္ချေအနန္တလင်ဆာနေကြတဲ့ဘဝတွေ မတွေပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ဟင်-ဘီလူးမတွေ့။ ဘီလူးမတွေ့သာဆိုတယ်၊ ရုပ်ချောတွေချည်းပါလားဘရဏ္ဍေ"

"ဟုတ်ပါတယ်ဆို၊ ဘာလဲ ရှင်ယောင်ငယ်တို့က ဘရဏ္ဍေစကားကိုမယုံလို့လား။ အဲဒါဆို အဲဒီမိန်းမတွေဆီပြန်သွားချင်ကြလား။ သွားချင်ရင် ခရီးကမဝေးသေးဘူး။ ပြန်သွားရင်ရသေးတယ်"

"မ. . . မဟုတ်ပါဘူး ဘရဏ္ဍေ၊ မတွေ့ဖူးမြင်ဖူးလို့မေးမိတာပါ။ နာနာရုပ်အတတ်ကလွဲပြီး တုပည့်တို့ဘာမှ အာသာဆန္ဒမရှိကြပါဘူး"

"ရှင်ယောင်ငယ်တို့ကို ပြောလိုက်ရင် ဒီလူမိုက်စကားပဲ၊ ခက်ပဲခက်ရချည်ရဲ့။ လာ၊ လာ - မြန်မြန်လာကြ၊ အချိန်နည်းနေပြီ"

ဘရဏ္ဍေဆီက အချိန်ဆိုသောစကားကိုကြားလိုက်ရမှ ရှင်ငယ်ညီနောင်တို့မှာ အချိန်ကိုသတိရမိကြ၏။ အချိန်မှာ ဆည်းဆာဝင်ကွယ်လုဖြစ်နေလေပြီ။

မှောင်ရီဖျိုးဖျအချိန်တွင် တောင်စောင်းက ချောက်ကမ်းပါးတစ်ခုကိုဖြတ်လာကြရာ မည်သည့်အကောင်ဟုပြောပြရန်ခက်ဧသော လူနှင့်မတူ၊ တိရစ္ဆာန်လည်းမဟုတ်သောအကောင်တစ်ကောင်ကြောင့် ရှင်ငယ်ညီနောင်တို့သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘရဏ္ဍေကိုယ်ရံကို လှမ်းဆွဲထားကြ၏။

အသွင်သဏ္ဌာန်မှာ လူကဲ့သို့ပင်ခြေ၊ လက်အင်္ဂါအစုံပါသော်လည်း ဓား သွား၊ လုံသွားနှင့်တူသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသည်။ ဓား သွား၊ လုံသွားလို ချွန်ထက်နေသော လက်သည်းတို့နှင့် မိမိကိုယ်မှအသားတို့ကို ကုတ်ဖဲ့ဆွဲခွာစားနေသည်မှာ သွေးသံရဲရဲနှင့် မကြည့်ဝံ့စရာဖြစ်သည်။ ထို့ကြောင့်လည်း လန့်ဖျပ်သွားကြသော ရှင်ငယ်ညီနောင်တို့က ဘရဏ္ဍေကိုယ်ရံကိုလှမ်းဆွဲကြပြီး -

"ဘ. . . ဘရဏ္ဍေ၊ ဘာကောင်ကြီးတုံးဗျ။ ကြောက်စရာကြီးပါလား"

ဟု အသံတုန်တုန်ယင်ယင်ထစ်ထစ်အအနှင့် မေးလိုက်ကြ၏။

ဘရဏ္ဍေက ဘေးကိုတစ်ချက်စောင်းကြည့်လိုက်ပြီး -

"ပြိတ္တာတစ်ကောင်ပါ ရှင်ယောင်ငယ်တို့ရယ်"

ဟု ပေါ့ပေါ့ပင်ဆိုလေသည်။

ရှင်ငယ်ညီနောင်တို့မှာ သွားရင်းလာရင်း ထိုပြိတ္တာဆိုသောအကောင်ကို စောင်းကြည့်စောင်းကြည့်နှင့် ဘရဏ္ဍေနောက်လိုက်လာကြသည်။ မကြာမီမှာပင် ထူးဆန်းသောအကောင်တစ်ကောင်ကိုတွေ့ပြန်၏။ ထိုအကောင်မှာ ခေါင်းဟူ၍ သီးသန့်မရှိဘဲ မျက်လုံးကြီးနှစ်လုံးမှာ ဟင်းသောက်ပန်းကန်လောက်ရှိပြီး ရင်ဘတ်တွင်ရောက်နေသည်။ မျက်လုံးနှစ်လုံးသာမဟုတ် ပါးစပ်ပေါက်ကျဉ်း ကျဉ်းလေးကလည်း ရင်ဘတ်၌သာရှိနေလေသည်။ ထိုအခါ ဘရဏ္ဍေကိုမေးကြရပြန်၏။

"ဘရဏ္ဍေ၊ ဟိုရင်ဘတ်မှာ မျက်လုံး၊ ပါးစပ်ပေါက်နေတဲ့ အကောင်ကလည်း ပြိတ္တာပဲလား"

"ဟုတ်ပါတယ်။ ခု ရှင်ယောင်ငယ်လေးတို့တွေ့ရတာ နှစ်ကောင်ပဲရှိသေးတယ်။ နောက်ဆို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြိတ္တာကောင်တွေ အများကြီးတွေ့ရပါလိမ့်မယ်။ ပြိတ္တာတွေကို ကြောက်စရာမလိုပါဘူး။ သနားစရာကောင်းတာပါ"

ဘရဏ္ဍေကမူ 'ဘာမှမထူးဆန်းဘူး' ဟူသောလေသံနှင့်ပြော၏။

ဘရဏ္ဍေပြောသည်မှာ အမှန်ပင်။ နောက်တော့ စိတြနှင့်နာရဒတို့လျှောက်လာကြသော လမ်းတစ်လျှောက်တွင် အသွင်သဏ္ဌာန်အမျိုးမျိုးနှင့်ရှိကြသော ပြိတ္တာကောင်တွေကို မရေတွက်နိုင်အောင် တွေ့လာကြရသည်။

ပြိတ္တာ ဆိုသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကယ် ဟူသော အပါယ်လေးဘုံတို့တွင် ပါဝင်သော လူပြည်လောကၠ်ပင်ရှိနေသော သတ္တဝါတစ်မျိုးဖြစ်သည်။ ထိုပြိတ္တာဟု ကျမ်းကန်၌လာသောဝေါဟာရတွင် လူတို့ခေါ် ဆိုကြသည့် တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲ၊ သဘက်၊ ဖုတ်၊ ကျတ်၊ ဥစ္စာစောင့်၊ ရက္ခစိုး၊ စုန်း၊ ဘီလူး အစရှိသည်တို့မှာလည်း ပြိတ္တာများပင်ဖြစ်လေသည်။

ပြိတ္တာဖြစ်ရခြင်းအကြောင်းမှာ လူဘဝ၊ လူလောက၊ လူပြည်၌ အကြင်သူတို့သည် ဥစ္စာစွဲ၊ သားမယားစွဲတို့ဖြင့် သေလွန်ကုန်ကြ၏။ ငြူစူခြင်း၊ ဝန်တိုခြင်းများကုန်၏။ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်းမရှိ။ သူတစ်ပါးတို့ပေးကမ်းလှူဒါန်းသည်ကိုလည်းတားမြစ်၍ အန္တရာယ်ပြုတတ်ခြင်း၊ ထိုသူတို့သည် ပြိတ္တာဘုံ၌ဖြစ်ရကြောင်း ပုဒ္ဓရှင်တော်မြတ်ဘုရားဟောကြားတော်မူအပ်သော ပေတ (ပြိတ္တာ) ဇာတကများစွာရှိလေသည်။

ပြိတ္တာတို့ဘဝသည် အမြဲမပြတ် ငတ်မွတ်ခြင်းတို့ကိုသာ နေ့စဉ်နှင့်အမျှ ခံစားနေရကြရသည်။ အနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း ပတ်လုံး လည်းကောင်း၊ ဘုရားတစ်ဆူနှင့် တစ်ဆူကြားကလတ်လုံးလည်းကောင်း မစားရမသောက်ရသောဒုက္ခကို ခံစားကြရသည်။

မြတ်စွာဘုရားရှင်လက်ထက်တော် အခါက ဗိမ္ဗိသာရမင်း၏ ဆွေမျိုးပြိတ္တာများအကြောင်းမှာ -

လွန်ခဲ့သော (၉၂) ကမ္ဘာထက်၌ ဖုဿဘုရားရှင် ပွင့်ထွန်းတော်မူသည်။ ထိုဘုရားရှင်၏ ဖခမည်းတော်မှာ မဟိန္ဒမင်းကြီးဖြစ်၏။ မင်းကြီး၏သားတော်များလည်းဖြစ်၊ ဖုဿဘုရားရှင်၏ ညီတော်များလည်းဖြစ်ကြသော မင်းသားသုံးယောက်တို့သည် မိမိတို့၏ပစ္စည်းဥစ္စာများကို အကြီးအမှူးပြုသူနှင့် ဘဏ္ဍာစိုးတို့ကိုအပ်နှင်းကာ မိမိတို့၏ အခြံအရံတစ်ထောင်နှင့်အတူ ဘုရားကျောင်းသို့သွားကာ ဖန်ရည်စွန်းဓာတ်အဝတ်ကို ဝတ်လျက် ဆယ်ပါးသိလေစောင့်ထိန်းပြီး ဝါတွင်းသုံးလပတ်လုံး ကျောင်း၌နေကြလေ၏။

ယင်းသို့နေထိုင်ကြစဉ် အကြီးအမှူးနှင့် ဘဏ္ဍာစိုးတို့သည် ဖုဿဘုရားအမှူးပြုသော သံဃာတော်ကိုးသောင်းနှင့်တကွ မင်းသားတို့အတွက်ပါ နေ့စဉ်ဆွမ်းချက်ပြုတ်ပြီး ဆက်ကပ်ကြရလေသည်။ ထိုအခါ အကြီးအမှူးပြုသူနှင့် ဘဏ္ဍာစိုးတို့၏ ဆွေမျိုးသားချင်းရှစ်သောင်းလေးထောင်တို့သည် ဆွမ်းချက်ပြုတ်ရေးတာဝန်ကို လုပ်ဆောင်ကြရသည်။ ထိုသူတို့သည် သံဃာတော်များအကွက် ချက်ပြုတ်ထားသော စားဖွယ်သောက်ဖွယ်တို့ကို သံဃာတော်များအားမကပ်မီ ငိုယိုပူဆာနေကြသော မိမိတို့၏ကလေးများကို နေ့စဉ်နေ့တိုင်း ခွဲခတ်ကျွေးပြီး မိမိတို့လည်း ဦးဦးဖျားဖျား ယူငင်စားသောက်ကြလေသည်။

ယင်းသို့ စားသောက်ကြသဖြင့် ရှစ်သောင်းလေးထောင်သောဆွေမျိုးတို့သည် သေလွန်သောအခါ ပြိတ္တာဘုံ၌ဖြစ်ကြရလေသည်။ (၉၂) ကမ္ဘာလုံးသုဂတိ၊ ဒုဂ္ဂတိဘဝအားဖြင့် ကျင်လည်ခဲ့ကြပြီးမှ ဤဘဒ္ဒကမ္ဘာ၏အစလောက်မှစ၍ ဘုရားလေးဆူတို့၏ အကြား ကာလပတ်လုံး ပြိတ္တာဘုံ၌ဖြစ်ကြရပြီး စားရမဲ့သောက်ရမဲ့ဘဝ၌ ကျင်လည်နေကြရလေသည်။

www.burmeseclassic.com

ကကုသန်ဘုရားပွင့်တော်မူသော အခါ ယင်းပြိတ္တာတို့သည် ဘုရားရှင်ထံ ချဉ်းကပ်ကာ မိမိတို့၏ အစားအစာရ မည့်ကာလကို မိန့်ကြားပေးပါရန် လျှောက်ထားကြလေသည်။

ထိုအခါ ကကုသန်ဘုရားရှင်က-

"ယခု ငါဘုရားတွင် မလျှောက်ထားကြနှင့်။ ငါဘုရားနောက် မြေကြီးတစ်ယူဇနာတက်လာသောအခါတွင် ကောဏာဂုံဘုရားပွင့်တော်မူလိမ့်မည်။ ထိုအခါကျမှ လျှောက်ထားကြကုန်"

ဟု မိန့်ကြားလေသည်။

ဤဘဒ္ဒကမ္ပာဝယ် ဒုတိယမြောက် ကောဏာဂုံဘုရားပွင့်တော်မူလာ၏။ ထိုအခါ ဘုရားရှင်ထံချဉ်းကပ်ကာ အထက်ပါအတိုင်း လျှောက်ထားကြပြန်၏။

ထိုအခါ ကောဏာဂုံဘုရားရှင်က-

- "ငါဘုရားနောက်တွင် မြေကြီးတစ်ယူဇနာမြင့်တက်ကာ ကဿပဘုရားပွင့်လိမ့်မည်။ ထိုအခါကျမှလျှောက်ထားကြကုန်"

ဟု မိန့်ကြားခဲ့ပြန်သည်။

ထို့နောက် ကဿပဘုရားရှင်ပွင့်တော်မူလာသောအခါ အထက်ပါအတိုင်း မေးလျှောက်ကြပြန်သည်။

ထိုအခါ ကဿပဘုရားရှင်က -

"ငါဘုရားနောက် မြေကြီးတစ်ယူဇနာတက်မြောက်လာသောအခါတွင် ဂေါတမဘုရားရှင်ပွင့်တော်မူလိမ့်မည်။ ထိုအခါ လွန်ခဲ့သော (၉၂) ကမ္ဘာထက် သင်တို့၏ဆွေမျိုးဖြစ်သော အကြီးအမှူးလုပ်ခဲ့ဖူးသောသူသည် ဗိမ္ဗိသာရမင်းကြီးဖြစ်၍ ဘုရားအမှူးရှိသောသံဃာတော်များကို ဆွမ်းအလှူပေးလှူကာ သင်တို့အား အမျှပေးဝေပေလိမ့်မည်။ ယင်းပေးဝေသောအမျှကို သာခုခေါ်ကြရသောအခါ၌ သင်တို့စားသောက်ဝတ်ဆင်မှုတို့ကိုရကြလိမ့်မည်"

ဟု မိန့်တော်မူလေသည်။

ယင်းသို့ ဘုရားရှင်၏ ဗျာဒိတ်စကား မိန့်ကြားသံကိုကြားရသောအခါ ပြိတ္တာအပေါင်းတို့သည် မနက်ဖြန်ခါပင် စားသောက်ကြရတော့မည် ဟူသော စကားကိုကြားလိုက်ရဘိသကဲ့သို့ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြကာ ဂေါတမဘုရားပွင့်၍ ဗိမ္ဗိသာရမင်းကြီး အလှူပေးမည့်ကာလကို မျှော်လင့်စောင့်စားနေကြရသည်။

သို့ဖြင့် ဂေါတမဘုရားပွင့်တော်မူလာ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင် အမှူးပြုသော သံဃာတော်များကို နွေဦးစွာ ဆွမ်းကပ်လှူဒါန်းသည်။ သို့သော် ဆွေမျိုးပြိတ္တာများကို အမျှမဝေမိ။ ဝေရကောင်းမှန်းလည်းသိပုံမရပေ။ ဗိမ္ဗိသာရမင်းကြီး၏အမျှဝေမည့်အသံကို ကမ္ဘာနှင့်ချီ၍ စောင့်နေခဲ့ကြသော ပြိတ္တာများမှာ ဗိမ္ဗိသာရမင်းကြီး၏ကုသိုလ်အဖို့ဘာဂကိုမရကြသဖြင့် အလွန်ပင် စိတ်မကောင်းဖြစ်ကြကာ ဝမ်းနည်းပက်လက်ဖြစ်ကုန်ကြသည်။

သို့နှင့် ထိုပြိတ္တာတို့သည် ညဉ့်အချိန်၌ မင်းကြီးအားကိုယ်ထင်လာပြကြကာ အလွန်ကြောက်မက်ဖွယ်ရာအသံများကိုပြုကြသည်။ မင်းကြီးသည် အလွန်ကြောက်ရွံ့ထိတ်လန့်ကာ နံနက်လင်းလျှင် ဘုရားရှင်ထံသို့သွားပြီး အကြောင်းစုံကိုလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က မင်းကြီးကို မကြောက်ရွံ့ရန် မိန့်ကြားပြီး ထိုပြိတ္တာတို့၏ ဘဝဖြစ်စဉ်ကို ဟောကြားတော်မူသည်။ ထိုအခါကျမှ မင်းကြီးသည် (၉၂)ကမ္ဘာထက်၌ ဆွေမျိုးတော်စပ်ခဲ့ဖူးသောပြိတ္တာများကို ရည်စူးကာ ထိုနေ့နံနက်၌ပင် ဘုရားအမှူးရှိသော သံဃာတော်များကို လှူဒါန်းကာ -

"ဤအလှူဒါန်းသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက်ဖြစ်ပါစေ"

ဟု အမျှပေးဝေလိုက်သည်။

ထိုအခါမှ ပြိတ္တာများသည် သာခုခေါ်ခွင့်ရကြပြီး သာခုခေါ်လိုက်ကြသည်နှင့်တစ်ပြိုင်နက် နတ်ခဲဖွယ်ဘောစည်များ၊ နတ်ဝတ်တန်ဆာများ၊ နတ်ဘုံဗိမာန်များ၊ နတ်ရေကန်နှင့် နတ်ဥယျာဉ်၊ နတ်ရထားများ ချက်ချင်းဖြစ်ပေါ်လာပြီး ခံစားစံစားကြရလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ပြိတ္တာတို့နှင့်ပတ်သက်သောတရားကို ဗိမ္ဗိသာရမင်းကြီးအား အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

"၁။ မင်းကြီး၊ ပြိတ္တာတို့သည် မိမိတို့အိမ်သို့လာကြ၍ နံရံ၏အပြင်ဘက်တို့၌လည်းကောင်း၊ လမ်းဆုံလမ်းခွ၊ အိမ်ခြံစပ်တို့၌လည်းကောင်း၊ တံခါးပေါက်တို့၌လည်းကောင်း ရပ်တည်နေကြကုန်၏။

၂။ များစွာသော ထမင်းအဖျော်ခဲဖွယ်ဘောစဉ်တို့ကိုလှူဒါန်းရန်အတွက် ပြုလုပ်စီစဉ်ကြသော်လည်း ယင်းပြိတ္တာတို့၏ကံအကြောင်းကြောင့် ယင်းပြိတ္တာတို့ကို တစ်ဦးတစ်ယောက်မျှ သတိမရ၊ အမှတ်မရကြပေ။

၃။ သနားတတ်သောသူတို့သည် ဆွေမျိုးပြိတ္တာတို့ကပ်ရောက်လာကြသော အခါ (သပ္ပုရိသဒါနမျိုး၌ ပါဝင်သော လှူနည်းအတိုင်း) စင်ကြယ်သော၊ မွန်မြတ်သော၊ အခါကာလအားလျော်စွာ လျောက်ပတ်သော အလှူကိုခံရမည်။ သံဃာများနှင့်အပ်စပ်သောဘောစဉ်တို့ကို 'ဤအလှူဒါန်းသည် ဆွေမျိုးဖြစ်သော ပြိတ္တာတို့အား ဖြစ်စေသတည်း။ ဆွေမျိုးပြိတ္တာတို့သည် ချမ်းသာကြစေကုန်သတည်း' ဟု ရည်ဝန်၍ ပေးလှူကြကုန်၏။

၄။ ယင်းသို့ပေးလှူကြကုန်သည်ရှိသော ဆွေမျိုးဖြစ်သောပြိတ္တာတို့သည် ထိုအရပ်သို့ စုံလုံးလျက် လာရောက်ကြကုန်ပြီးလျှင် များစွာသောထမင်းအဖျော်အလှူဒါန်း၌ လေးစား ရိုသေစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်ပြီး အလေးအနက် သာဓုခေါ်ကြကုန်၏။

၅။ ယင်းကဲ့သို့ ဆွေမျိုးတွေက ပေးလှူခြင်းကြောင့် စည်းစိမ်ချမ်းသာကို ငါတို့အကျိုးငှာလည်း ပူဇော်ကြကုန်၏။ ပေးလှူသူ ဆွေမျိုးတို့လည်း အကျိုးကြီးမြတ်ကုန်၏။ ငါတို့၏ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေကုန်သတည်းဟု ပြိတ္တာတို့က ပြန်လည်ဆုတောင်းပတ္ထနာပြုကြကုန်၏။

၆။ ပြိတ္တာတို့ဘုံ၌ -

- လယ်လုပ်ခြင်းလည်းမရှိ။
- နွားကျောင်းခြင်းလည်းမရှိ။
- ပစ္စည်းဥစ္စာရကြောင်းဖြစ်သော ကုန်သွယ်ခြင်းလည်းမရှိ။
- ရွှေ ငွေဖြင့် ရောင်းဝယ်ခြင်းလည်း မရှိ။

သို့ဖြစ်၍ တမလွန်ဘဝသို့ပြောင်းသွားရောက်ရှိကြကုန်သော ပြိတ္တာတို့သည် လူ့ဘုံဘဝက ဆွေမျိုးတို့ပေးအပ်သော ကုသိုလ်အဖို့ဘာဂ (အမျှဝေမှု) ဖြင့်သာလျှင် ထိုပြိတ္တာဘုံ၌ မျှတကြကုန်၏။

၇။ ကုန်းမြင့်သောအရပ်၌ ရွာသောမိုးရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးဆင်းသွားသကဲ့သို့ ဤလူ့ဘုံမှပေးဝေအပ်သော ကုသိုလ်အဖို့ဘာဂ အမျှဝေမှုသည် ပြိတ္တာတို့ဘုံ၌ ကပ်ရောက်၏။

၈။ မြစ်ရေ ချောင်းရေတို့သည် သမုဒ္ဒရာကိုပြည့်စေကုန်သကဲ့သို့ ဤလူ့ဘုံမှပေးအပ်သော ကုသိုလ်အဖို့ဘာဂ (အမျှဝေမှု) သည် ပြိတ္တာတို့ထံ ကပ်ရောက်၍ ပြည့်စုံစေ၏။

၉။ ရှေးအခါက ဤသူကား ဤသို့အား ပစ္စည်းဥစ္စာပေးဖူးပြီ။ ငါ့ဆွေများသို့

www.burmeseclassic.com

www.burmeseclassic.com

ပြုပုံးပြီးဟူ၍ သူကျေးဇူးကို လည်း ဂကောင်း၊ ဤသူကား ငါ၏ဆွေမျိုးတည်း၊ ငါ၏ခင်ပွန်း တည်းဟူ၍လည်းကောင်း၊ ရှည်ကြာလှသော ကာလပတ်လုံး အောက်မေ့သတိရသော အလှူဒါနကို ပေးလှူရာ၏။

၁၀။ ငိုကြွေးခြင်း၊ စိုးရိမ်သောက ဖြစ်ခြင်း၊ ပြောဆိုမြည်တမ်းခြင်းတို့သည် ပြိတ္တာအကျိုးငှာမဟုတ်တံ့။ (ပြိတ္တာအတွက် အကျိုးမရှိကုန်)။ သို့သော် ဆွေမျိုးတို့သည်ကား ငိုကြွေးနေကြကုန်၏။

၁၁။ တမလွန်ဘဝသို့ပြောင်းသွား သူကိုရည်စူးကာ သံဃာ၌ ကောင်းစွာ တည်၍ သံယိကဒါနအဖြစ် ပေးလှူသော ဤအလှူဒါနသည်သာလျှင် ပြိတ္တာတို့၌ ရှည်ကြာလှစွာသောကာလ ပတ်လုံး စီးပွားချမ်းသာအကျိုးငှာ တစ်ခဏချင်း ထပ်ရောက်နိုင်သည်။

၁၂။ တမလွန်ဘဝသို့ပြောင်းသွား သူကိုရည်စူး၍ပေးလှူခြင်း (ပေတဝါန) ကို ဆွေမျိုးတို့ပြုရသောတာဝန်တစ်ခု ဟူ၍ ငါဘုရားညွှန်ပြအပ်၏။ ထိုသို့ပေး လှူခြင်းဖြင့် ပြိတ္တာတို့အား မြတ်သော ပူဇော်ခြင်းကိုပြုအပ်သည်လည်းမည်၏။ ထို့ကြောင့် သင်တို့သည် ကြီးကျယ်သော ကုသိုလ်ကို ပွားများဆည်းပူးအပ်၏။

ဤဖြစ်စဉ်တွင် -

၁။ ဗိမ္မိသာရမင်းကြီးသည် အတိတ်ဘဝက ဆွေမျိုးပြိတ္တာများကို သေသေချာချာရည်စူး၍လှူဒါန်းခြင်း၊

၂။ ပြိတ္တာများအနေနှင့် သာဓုခေါ်နိုင်ရန် အသင့်ရှိနေခြင်း၊

၃။ လှူဖွယ်ဝတ္ထုကလည်း အကပ်ဝယအနာမာသံသမဟုတ်ဘဲ ဆွမ်း၊ သင်္ကန်း ဖြစ်ခြင်း၊

၄။ အလှူခံပုဂ္ဂိုလ်ကလည်း ဘုရားအမှူးရှိသော အရိယာသံဃာဖြစ်ခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံနေသောကြောင့် ပြိတ္တာများအနေနှင့် ဗိမ္မိသာရမင်းကြီး၏ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်နိုင်၍ ကောင်းကျိုးချမ်းသာ ချက်ချင်းလက်ငင်း ရရှိခံစားသွားနိုင်ခြင်းဖြစ်သည်။

(ခုဒ္ဒကပါဋ-တိရောကုဋ္ဌသုတ်)

ပြိတ္တာတို့ဘုံသည် ငရဲရွှမ်းထပ်တို့ အထက်လူပတ်ဝန်းကျင်၌ တည်ရှိကြသည်။ ယင်းတို့၏နေရာဘုံသည် တော၊ တောင်၊ ချောင်း၊ မြစ်၊ သုသာန်၊ သစ်ပင်၊ လိုဏ်ဂူ၊ ကျောင်းပျက်၊ ဇရပ်ပျက်၊ အိမ်ပျက်၊ ဥယျာဉ်ပျက် စသည့် သူ့ကုသိုလ် အကုသိုလ် အကျိုးအပြစ်အတိုင်းနေ ထိုင်ကြရသည်။

စန္တတပြိတ္တာ- သူတစ်ပါးစွန့်ထား ခဲ့သော တံတွေး၊ နှပ်၊ အန်ဖတ်စားရ သောပြိတ္တာများ။

ကုဏပါသပြိတ္တာ - မြွေ၊ ခွေး၊ လူသေ စသော အကောင်ပုပ်များကိုစား ရသောပြိတ္တာ။

ပုဏခါဒကပြိတ္တာ- လူမစင်ကိုစား ရသောပြိတ္တာများ။

အဂ္ဂိဇာလမုခပြိတ္တာ - အစားအ စာမစားဘဲပါးစပ်မှမီးလျှံထွက်နေသော ပြိတ္တာ။

သုစိမုခပြိတ္တာ - ခန္ဓာကိုယ်ကြီး ပြီး ပါးစပ်က အပ်နှံဖားပေါက်မျှရှိသော အစားအစာများကို ပါးစပ်ကမသွင်းနိုင် သဖြင့် နှာခေါင်းပေါက်၊ နားပေါက်တို့ ကသွင်းစားရသောပြိတ္တာများ။

တဏှာဒိုကပြိတ္တာ - ရေမသောက် ရသောပြိတ္တာများ။ ရေကို တွေ့သော် လည်း ရေများခန်းခြောက်သွားပြီး ရေ က သွေး၊ ပြည်၊ ကျင်ကြီးတွေဖြစ်သွားရ သောပြိတ္တာ။

သုန်ဂူပကပြိတ္တာ - မီးလောင် ထားသောသစ်ငုတ်နှင့်တူပြီး ကြဲလှီပိန် ကပ်သော အရိုးပြိုင်းပြိုင်းဖြစ်နေသည်။ အဝတ်မရှိ၊ ကိုယ်တုံးလုံးနေရ၏။ အနံ့ အသက် အလွန်ဆိုး၏။ လက်၊ ခြေတို့ ခွင်နေပြီး မျက်လုံးမှာ အပြင်ဘက်ပြူ ထွက်နေသည်။ ထမင်းဆာရေငတ်သော ဒုက္ခကို အပြင်းအထန်ခံနေရသော ပြိတ္တာများ။

သဏ္ဌာဂ်ပြိတ္တာ- လက်သည်း၊ ခြေ သည်းများက ဓားလုံကဲ့သို့ချွန်ထက်နေ ပြီး ကိုယ်သွေး ကိုယ်အသားကိုကုတ်ဖဲ့ စားနေရသောပြိတ္တာများ။

ပမ္မတာ်ပြိတ္တာ - ကိုယ်ခန္ဓာတောင် လောက်ရှိသည်။ မျက်နှာက ဇီးကွက် မျက်နှာရှိပြီး ကိုယ်ခန္ဓာက အိုးအလှဲ တွေအမြဲထွက်ကာ တစ်ကိုယ်လုံး မီး လောင်ခံနေရသောပြိတ္တာများ။

အဇဂရပြိတ္တာ - စပါးကြီးမြွေနှင့် တူသောကိုယ်ခန္ဓာရှိပြီး ညဉ့်အခါ တပြောင်ပြောင်တောက်လောင်နေသော ကိုယ်ခန္ဓာနှင့်သွားလာနေသည်။နေ့အခါ ဆင်းရဲအမျိုးမျိုးကိုခံစားနေရသောပြိတ္တာ များ။

ခုပ္ပိပါသိကပြိတ္တာ - ထမင်းငတ်၊ ရေငတ် အမြဲခံစားနေရသော ပြိတ္တာများ။

နိဇ္ဈာမတဏှိကပြိတ္တာ - ပါးစပ်က မီးလျှံတပြောင်ပြောင်ထွက်နေပြီး ရေ ငတ်၊ အစာဆာဒုက္ခအမြဲခံနေရသော ပြိတ္တာများ။

ပရဒတ္တူပဇီဝိပြိတ္တာ - မိမိအစွမ်းအစ နှင့် ဘာမှမစားရဘဲ လူပြည်ရှိဆွေမျိုး များက ကုသိုလ်ပေး အမျှအတန်းဝေ မှစားရ အသက်ရှင်ရသောပြိတ္တာများ။

ကာလကဉ္စိကပြိတ္တာ - ကိုယ်ခန္ဓာ မှာ သုံးဂါတ်ရှိပြီး အသားအသွေး နုည်းကာ အိုရိုးကျဲကျဲနှင့်ပါးစပ်ကလည်း အပ်နှံဖားပေါက်လောက်သာရှိပြီး စား သောက်သောအခါ ဇောက်ထိုးမိုးမျှော် နေပြီးမှ စားသောက်တတ်သော ပြိတ္တာ များ။

ဝေမာနိကပြိတ္တာ - နေ့ခံ၊ ညစံ ပြိတ္တာများ။ နေ့အခါ ငရဲထိန်းလုပ်ရပြီး ငရဲခွေးအကိုက်ခံရသည်။ ဓား၊ လုံနှင့် လိုးဖြတ်ကာခံရသည်။ ညအခါ နတ် ကဲ့သို့ စည်းစိမ်ခံစားရသည်။

မဟိဒ္ဓိကပြိတ္တာ - ဝေမာနိက ပြိတ္တာများဖြစ်သည်။ ငရဲပြည်မှာ ယမမင်း သွားလုပ်ရသည်။ အဆင်းလှသည်။ စည်းစိမ်ကြီးသည်။စားသောက်ချင်တိုင်း မစား ရ၊ တစ်ခါတစ်ရံမှ စားသောက်ရ သည်။ တောင့်တမှုအာသာဆန္ဒပြင်းပြ စွာခံရသောပြိတ္တာများ။

တစ်ခါက ကာလကဉ္စိကပြိတ္တာ ကြီးတစ်ကောင်သည် ရေငတ်လွန်းအား ကြီး၍ အနက်တစ်ယူဇနာ၊ အကျယ် တစ်ယူဇနာရှိသော မဟာဂင်္ဂါမြစ်ကြီးထဲ သို့ ရောက်ရန်ဆင်းလာသည်။ပြိတ္တာ ကြီးရောက်သည်နှင့် ဂင်္ဂါမြစ်ရေသည် ခန်းခြောက်ကုန်၏။ အခိုးအလှဲတွေ ထွက်ပြီး မြစ်ကြီး၏အောက်၌ ကျောက် ပြားကြီးသာတွေ့ရတော့၏။ ပြိတ္တာကြီး သည် ရေစီးကျသံကိုမူ ကြားနေရသည်။ ထို့ကြောင့် ရေကိုဆက်လက်ရှာဖွေနေ သည်။

ဤသို့ ရေရှာရင်း နံနက်အရုဏ် သာရောက်လာသည်။ရေကိုကား မတွေ့ ရသေး။ ထိုအချိန်တွင် ပြိတ္တာသည် နံနက်အရုဏ်ဆွမ်းခံထွက်လာကြသော သံဃာအပေါင်းသုံးဆယ်နှင့် ကြုံတွေ့ရလေ သည်။

ပြိတ္တာသည် တစ်စုံတစ်ခုကို လိုက် ရှာနေသည်ကိုမြင်သော ရဟန်းတစ်ပါး က -

"ပြိတ္တာကြီး၊ မဟာဂင်္ဂါမြစ်ကြီးထဲ မှ သင်အဘယ်အရာကို ရှာနေသနည်း" ဟု မိန့်လိုက်၏။

"အရှင်ဘုရားတို့၊ တပည့်တော်သည် ရေတွင်းလွန်း၍ ရေလိုက်ရှာနေပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ပြိတ္တာကြီး၊ သင့်ရှေ့မှာ မဟာဂင်္ဂါမြစ်ကြီးပဲ။ ရေတွေတသွင်သွင်စီးဆင်းနေတယ်လေ"

"တုပည့်တော်နားထဲမှာ ရေစီးသံကို ကြားနေရပါတယ် ဘုရား။ ရေကို တော့ မတွေ့ရပါ"

ရဟန်းတော်များသည် ပြိတ္တာကြီး၏အကုသိုလ်ကံကို သဘောပေါက်သွားကြပြီး အလွန်သနားသွားကြသဖြင့် -

"ပြိတ္တာကြီး၊ သင်ဒီလောက်တောင် ရေသောက်ချင်နေရင် မဟာဂင်္ဂါမြစ်ပြင်မှာလဲအိပ်လိုက်၊ ငါတို့ ရေတိုက်ပေးမယ်"

ဟု မိန့်လိုက်၏။

ပြိတ္တာကြီးသည် ရဟန်းများပြောသည့်အတိုင်း လဲအိပ်လိုက်သည်။ ရဟန်းအပါး(၃၀)တို့သည် သပိတ်အလုံး (၃၀) နှင့် တစ်မနက်လုံး ပြိတ္တာကြီးပါးစပ်ထဲ ရေလောင်းထည့်ကြသည်။

ရဟန်းအပါး (၃၀) သပိတ်အလုံး (၃၀)နှင့်လောင်းထည့်ကြသောရေသည် ပြိတ္တာ၏ပါးစပ်ထဲသို့ တစ်လက်ဆွမ်းမျှသာဝင်၏။ ပြိတ္တာကြီးကား အာသာမပြေချေ။

ပြိတ္တာတို့တွင် စားသောက်ကြရသောဘဝချင်းကလည်း မတူကြချေ။ အချို့ပြိတ္တာတို့သည် မိမိ၏ အာဟာရအလို့ငှာ လူတစ်ဦးတစ်ယောက်ကိုပူးဝင်ကာ စားသောက်ရသောအမျိုး။

အနဲ့ခံရုံနှင့်အာဟာရပြည့်ဝသောအမျိုး။

ချက်ကြော်ပြီးသော အစားအစာကိုကြိုက်သောအမျိုး။

အစိမ်းလိုက်စားရမှာ တင်းတိမ်သောအမျိုး။

အရှင်လတ်လတ် ကြွေပ်ကြွပ်မြည်အောင်ဝါးစားရမှ ကျေနပ်သောအမျိုးစသည်ဖြင့်လည်းကောင်း။

သစ်ပင်၊ ချုံပုတ်တို့၌ နေရသောအတန်း၊

ဇရပ်အို၊ ကျောင်းအို၌နေရသောအတန်း၊

သုသာန် သချိုင်း၌နေရသောအတန်း၊

တောတောင်ချောက်ကမ်းပါး၌နေရသောအတန်း၊

ဝိမာန်၌နေရသောအတန်းစသည်ဖြင့်လည်းကောင်း၊

ဘုရားသံ၊တရားသံကိုမကြားချင်မကြားနိုင်၊ မကြားဝံ့သောအစားမျိုး၊

ဘုရားသံ၊ တရားသံကိုကြားချင်နာချင်သော်လည်း ကြားနာခွင့်မရသောအမျိုး၊

ဘုရားသံ၊ တရားသံကိုကြားရ၍ ထွက်ပြေးရသောအမျိုး၊

ဘုရားသံ၊ တရားသံကိုကြားနာခွင့်ကြုံကြိုက်ပြီး သာဓုခေါ်နိုင်ကာ အဆင့်အတန်းမြင့်မားပြီး တန်ခိုးကြီးသောဘဝသို့ရောက်သွားသောအစားမျိုးစသည်ဖြင့် ပြိတ္တာတို့သည် အဆင့်အတန်းအမျိုးမျိုး ကွဲပြားခြားနားကြကုန်သည်။

တစ္ဆေ၊ သရဲစသည်တို့သည် လူမဟုတ်၊ နတ်မဟုတ်၊ တိရစ္ဆာန်လည်းမခေါ် ငရဲသားနှင့်လည်း မတူသဖြင့် ၎င်းတို့ကို မည်သည့်အမျိုးအစားထဲ၌ ထည့်သွင်းရမည်နည်းဟု မင်းကွန်းအလယ်တောရဆရာတော်က မေး၍ မန်လည်ဆရာတော်ကဖြေကြားရာတွင် အောက်ပါအတိုင်း တွေ့ရသည်။

မေး - ပြောကြချင် လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိရဲလား၊ သိပါချင်ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

ဖြေ - ပြောပြချင် လောကတွင် တစ္ဆေရှိသည်ဟု နံ့သိကျော်ကြား၊ မျိုးတူဆွေသည် တစ္ဆေရှိမည်မဟုတ်ပါဘူး။ မြေဖုတ်ကို တစ္ဆေပြောကြတယ် လောကလူများ။

ဤဆရာတော်များ၏ အမေး၊ အဖြေအရ တစ္ဆေ ဆိုသည်မှာ ဖုတ်၊ ပြိတ္တာများပင်ဖြစ်ပါသည်။

ထို ဖုတ်၊ ပြိတ္တာတို့သည် လူတို့ကို ခြောက်လှန့်တတ်သောကြောင့် တစ္ဆေဟု ခေါ်ကြသည်။ တစ္ဆေ ဆိုသည်မှာ 'တဇ္ဈေတိ' ဟူသောသဒ္ဒါကိုစွဲ၍ ခေါ်ကြခြင်း ဖြစ်သည်။ 'တဇ္ဈေတိ' သဘောအနက်မှာ ကြောက်လန့်အောင် ခြိမ်းခြောက်သည်ဟု အဓိပ္ပာယ်ရလေသည်။

(ကာလကြာသောအခါ 'တဇ္ဈေ' ကို တစ္ဆေဟု ဆလိမ်ဖြင့်ရေးသားရာက တစ္ဆေ ဟူ၍ မြန်မာဝေါဟာရ၌ တွင်ကျယ်စွာအသုံးပြုလာကြခြင်းသာ။)

တစ္ဆေခြောက်သည်ဟုဆိုရာဝယ် ကိုယ်ထင်ပြခြင်း၊ ညည်းညူခြင်း၊ အနဲ့ပေးခြင်း၊ ပူးဝင်ခြင်း၊ ခြောက်လှန့်ခြင်းစသည်တို့ဖြစ်ပေသည်။

တစ္ဆေက လူကိုခြောက်လှန့်ရာဝယ် အကြောင်းအမျိုးမျိုးရှိသည်။

အခြောက်ခံရသူ ကံနိမ့်နေ၍ အခြောက်ခံခြင်း၊

နောက်ပြောင်ကိုယ်လို၍ ခြောက်ခြင်း၊

ချစ်ခင်၍ ခြောက်ခြင်း၊

အမျှအတန်းပေးဝေမှုကိုခံယူလို၍ ခြောက်ခြင်း၊

စားသောက်လို၍ ခြောက်ခြင်း၊

ဥစ္စာပေးလို၍ ခြောက်ခြင်း၊

မှာထားလို၍ ခြောက်ခြင်း၊

နှုတ်ဆက်လို၍ ခြောက်ခြင်း၊

သားမယားများကို စွဲလမ်းခင်မင်၍ ခြောက်ခြင်း၊

ဘုရားသံ၊ တရားသံကြား၍ မလွတ်ဆိုလေအောင်ခြောက်ခြင်း

စသည်ဖြင့် ခြောက်ခြင်းအမျိုးမျိုးရှိသည်။

အမှန်မှာ ပြိတ္တာတို့က ခြောက်သည်မဟုတ်။ သူတို့ဆန္ဒကို လူတို့အားပြောပြလို၍ အကုအညီတောင်းလို၍ ကိုယ်ထင်ပြရာ သူတို့၏အကုသိုလ်ကံကြောင်း သူတို့၏အတ္တဘောကိုယ်သည် ကြောက်လန့်ဖွယ်၊ ရွံရှာဖွယ်ရှိနေသည်။ ထိုအတ္တဘောကို လူတို့က ရုတ်တရက်မြင်လိုက်ကြရသောအခါ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ကြသည်။ ထိုသည်ကိုပင် တစ္ဆေခြောက်သည်ဟု ပြောကြခြင်းဖြစ်သည်။

တွေ့မြင်ဖူးသူတို့က ခေါင်းကပုတ်လောက်၊ မျက်လုံးကြီးက လင်းကွင်းလောက်၊ ကိုယ်ခန္ဓာကထန်းပင်လောက်၊ လျှာကတစ်တောင်လောက်၊ အမွေးတစ်ပင်တစ်ပင်က ထန်းမြစ်လောက်စသည်ဖြင့် အမျိုးမျိုးပြောဆိုကြသည်။

အမှန်မှာ ထိုအတ္တဘောသည် သူတို့၏အကုသိုလ်ကံကြောင့်ဖြစ်နေ၊ ခံစားနေရသော ပင်ကိုအတ္တဘောသာဖြစ်သည်။ တမင်ကြောက်အောင်၊ လန့်အောင်လုပ်ကြံ၍ပြခြင်းမဟုတ်။ ထိုသို့သောပြိတ္တာတို့သည် အလွန်သနားစရာကောင်းသောပြိတ္တာများပင်။

အနဲ့ပေး၍ခြောက်ခြင်းဆိုသည်မှာ အပုပ်နံ့ပေးခြင်းသည် အကုအညီတောင်းလို၍ လာခြင်းဖြစ်သည်။ အပုပ်နံ့သည် သူ၏ပြုခဲ့သော မကောင်းမှုကံကြောင့်ဖြစ်ပေါ် နေခြင်းသာ။ ထိုအနံ့ကိုလည်း လူတို့က ခြောက်သည်ဟုထင်နေကြခြင်းသာ။

အမွေးနံ့ပေးခြင်းမှာ ခွဲခွာခါနီးလာ၍ နှုတ်ဆက်ခြင်းဖြစ်သည်။ တုသိုလ်အနဲ့ဘဝအမျှရ၍ ချမ်းသာသောဘဝ

www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားကြသူတို့က ကျေးဇူးတင်ကြောင်း လာရောက်ပြောဆိုပြီး ကိုယ်ထင်ပြခြင်း၊ အမွေးနုံပေးခြင်းဖြစ်သည်။

ပူးခြင်း၊ ကပ်ခြင်းဆိုသည့်အရာ၌လည်း တစ္ဆေသရဲတို့သည် အရက်တဲ့ကလင်းအားကြိုးချိန်၊ မွှန်းတည့်ချိန်၊ နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် ပူးတတ်၊ ကပ်တတ်၊ ခြောက်တတ်ကြသည်။

နာတာရှည်ရောဂါသည်များကိုလည်းကောင်း၊ ရုတ်ခြည်းသေသူများကိုလည်းကောင်း ပူးဝင်ကပ်ရောက်နိုင်သည်။ ယင်းကို ယနေ့လူတို့ဝေါဟာရအရ ဖုတ်ဝင်သည်ဟု ပြောကြသည်။ ထိုဖုတ်၊ ပြိတ္တာတို့သည် ညဉ့်အခါ လူသူလေးပါးတိတ်ဆိတ်သောအခါ၌ ခိုးစားတတ်သည်။ အစားမက်မောသည်။ အသားငါးကို ပိုမက်မောသည်ဟုလည်း ပြောကြသည်။

ဖုတ်ဝင်နေသည်ဟု ဆိုသော မြန်မာတို့၏အယူအဆ၌ ဖုတ်ဝင်သူအိပ်ရာအောက်၌ဩဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံး၌ လွှာဖိနပ်တို့ခြင်း၊ လက်ဖွဲ့ချည်ပေးခြင်း၊ ပရိတ်ကမ္ဘဝါဖတ်၍နှင်ထုတ်ခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိကြသည်။

ဖုတ်၊ ပြိတ္တာ တစ္ဆေတို့သည် လူကောင်း၊ ကံနိမ့်သူတို့၌လည်း ပူးကပ်တတ်သည်ဟု ယူဆသည်။ ပူးကပ်ပုံမှာ ပထမဇက်လေးလာတတ်သည်။ ထိတ်ခနဲလန့်သွားတတ်ခြင်း၊ အပုပ်နံထိုး၍ စိတ်တစ်မျိုးပြောင်းလဲသွားတတ်ခြင်း၊ ကြက်သီးထခြင်း၊ ခေါင်းကြီးသွားတတ်ခြင်း စသည် တစ်ခုခုဖြစ်ပြီးနောက် ဗျက်ထောင့်နိန်၊ မျက်နှာထားတင်းတင်း၊ ကိုယ်လက်အမူအရာနှင့်သာစကားပြောပြီး ရွဲ့နုံးရင်းဆန်ခတ်ကြမ်းတမ်းလာခြင်း စသည်ဖြစ်ပေါ်လာပြီး ပူးကပ်နေသူက လက်ဟန်ခြေဟန်နှင့်ပြောသော အစားအသောက်တို့ကို ကျွေးမွေးပေးကမ်းလိုက်ပါက ပျောက်ကင်းသွားတတ်သည်ဟု ဆိုသည်။

ပြိတ္တာ၊ တစ္ဆေတို့သည် ကြီးအောင်၊ ငယ်အောင်၊ ပြူးအောင်၊ မည်းအောင်၊ ကွယ်ပျောက်အောင်၊ ထင်မြင်အောင် ပြုလုပ်နိုင်မှု၊

ခွေးယောင်၊ မြင်းယောင်၊ တိရစ္ဆာန်တစ်ကောင်ကောင်၏ အသွင်သဏ္ဌာန်ကိုလည်း ဖန်ဆင်းနိုင်မှု၊

အရာဝတ္ထုအကြီး၊ အသေးစသည်တို့ကိုလည်း ဖန်ဆင်းနိုင်မှု၊

လူအသွင်သဏ္ဌာန်ကိုလည်း ဖန်ဆင်းနိုင်မှု

စသည်အပြင် အတွေးမရောက်နိုင်သောအဖြစ်ဆန်း၊ အမြင်ဆန်းစသည်တို့ကိုလည်း ပြသနိုင်မှုကြောင့် နာနာဘာဝ (အထူးထူးအမျိုးမျိုးအဖြစ်များကို ပြသနိုင်သူ၊ ပြသတတ်သူ) ဟု ခေါ်ဆိုကြသည်။

ဥစ္စာစောင့်ကို အဘိဓမ္မာသံခိပ်၌ ဖော်ပြထားသည်မှာ -

ကြီးသောဝမ်းဗိုက်ရှိကြကုန်သော၊ ကျယ်သော၊ ပြူးသော၊ နီသောမျက်စိရှိကြကုန်သောရက္ခိုက်တို့ကို ကုမ္ဘက်ဟူ၍ ဆိုကုန်၏။ ထိုကုမ္ဘက်တို့ကို ယခုလောကဌ ဥစ္စာစောင့်ဟု ခေါ်ဝေါ်ကြကုန်၏ဟု ဆိုထား၏။

ဥစ္စာစောင့်သည် မြေဖုတ်ဘီလူးအနွယ်ဝင်များဖြစ်ကြသည်။ ကုဝေရနတ်မင်းကြီးအောက် အတန်အသင့် တန်ခိုးကြီးသော ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်ချုပ်ခံ ဘုန်းတန်ခိုးနည်းပါးသော ပြိတ္တာအမျိုးအနွယ်ဝင်ဖြစ်သည်။

ယင်းဘုမ္မစိုးနတ်ဘီလူးတို့၏ စေခိုင်းရာမြေတွင်းရှိ ဥစ္စာသိုက် စသည်များကို စောင့်ကြပ်ကြသူများဖြစ်သည်။ ယင်းဥစ္စာစောင့်ခေါ် မြေဖုတ်ဘီလူးမှာ မူလရုပ်အဆင်းသည် ဆိုးရွာသူများ ဖြစ်ကြသည်။

သို့သော် မိမိကိုယ်ကိုလှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြကြောင်း၊ သူတို့ဘဝကိုသူတို့ စွဲလမ်းသာယာနေကြသူများဖြစ်သည်။ ဤလူပြည်ရှိလူသားများကို ဆက်ဆံနိုင်သော အခြေအနေရှိသည်။ လူတို့ကဖိတ်ကြားလျှင် တရားနာနိုင်သည်။ အမျှပေးဝေကာ သာဓုခေါ်နိုင်သ်။ အိပ်မက်ပေးနိုင်သည်။ ကိုယ်ထင်ပြ၍ လူနှင့်စကားယှဉ်ပြောနိုင်သည်။ လူရုပ်ပေါ်အောင် ဖန်ဆင်းပြနိုင်သည်။ လူတို့အား ရွှေ၊ ငွေမှအစ အခြားအရာဝတ္ထုများကိုလည်း ပေးကမ်းနိုင်သည်။ ကျေးဇူးတင်တတ်သည်။ သိတတ်သော သဘောရှိသည်။ ထိုသို့စွဲလမ်းသာယာနေကြ၍ ကျောင်းကန်ဘုရားနှင့်နီးစပ်ပြီး လူပြည်က သာမန်ကုသိုလ်ပြု၍ အမျှပေးဝေသည့်တိုင် ကျွတ်လွတ်သူ နည်းပါးကြသည်။

သစ်ပင်တွင်း၊ သစ်ခေါင်းတွင်း၌ နေကြသောပြိတ္တာများကို ဂန္ဓဗွနတ်ဟု ခေါ်သည်။ ယင်းနတ်များကို သစ်ဘီလူးဟုလည်း ခေါ်ကြသည်။ ယင်းတို့သည် သစ်တုံးဆွေးသည့်တိုင်အောင် မှီခိုနေထိုင်ကြသည်။ (အိမ်တိုင်၊ ကျောင်းတိုင်တို့၌ အများဆုံးပါသည်။ သစ်ခြောက်ပါသည်ဆိုသည်မှာ ဤနတ်များပါလာခြင်းကိုဆိုသည်။)

ရုက္ခစိုးဟူသည်ကား ဘုမ္မဒေဝ (ခေါ်) ဘုမ္မစိုးနတ်များအပါအဝင်ဖြစ်သည်။ သစ်ပင်ကိုစွဲ၍ ဗိမာန်ပြုကာနေသဖြင့် ရုက္ခစိုးဟုခေါ်ကြသည်။ သစ်ပင်၌နေသည်မဟုတ်။ သစ်ပင်ကိုစွဲ၍ သူ့ကံအားလျော်စွာဖြစ်ပေါ်လာသော ဗိမာန်သိခြားရှိသည်။ သို့သော် သစ်ပင်လဲလျှင်၊ သေလျှင်၊ နတ်ဖြတ်ဖျက်ဆီးခံရလျှင် သူ့ဗိမာန်လည်းပျက်လေသည်။ သစ်ပင်ကြီးငယ်တိုင်းတွင်ရှိကြသော်လည်း ယင်းနတ်တို့၏ တန်ခိုးကြီးခြင်း၊ မကြီးခြင်းအပေါ် မှာတည်၍ အန္တရာယ်ပေးနိုင်မှု၊ မပေးနိုင်မှုသတ္တိတန်ခိုးကွာခြားသည်။ ယင်းတို့ကို ပူဇော်ရာ၌လည်း ကွာခြားမှုအကျိုးအနည်းအများအပေါ် သက်ရောက်မှုရှိသည်။

ဘုမ္မစိုး၊ ရုက္ခစိုးတို့ ဟူသည် စတုမဟာရာဇ်အပါအဝင် အောက်နတ်မျိုးဖြစ်သည်။ အချို့နတ်များမှာ ပြောပလောက်အောင် တန်ခိုးမရှိကြသော်လည်း သူတို့ကုသိုလ်ကံအလျောက် အချို့နတ်များသည် အလွန်အသက်ရှည်၍ အလွန်လည်း တန်ခိုးကြီးကြသည်။ သူတို့၏ သက်တမ်းမှာ အတိအကျမရှိ။ အချို့ရုက္ခစိုးတို့သည် အထက်နတ်များထက်ပင်အသက်ရှည်၍ တစ်ကမ္ဘာကုန်သည်အထိ နေနေကြသည်။

ရုက္ခစိုးတို့သည် တရားထူးကိုလည်းနာနိုင်ကြသည်။ အားထုတ်နိုင်ကြသည်။ အကယ်၍ ၎င်းဘဝဖြင့် အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာဖြစ်နေသည့်တိုင်အောင် သက်တမ်းကုန်ဆုံးသည်အထိ နေသွားနိုင်သောသတ္တိထူးရှိသည်။

လူတို့သည် လူ့ဘဝနှင့်ရဟန္တာဖြစ်လျှင် ချက်ချင်း သက်န်းဝတ် ရဟန်းခံမှ သက်တမ်းကုန်အောင်နေရသည်။ လူဝတ်ကြောင်သည် အရဟတ္တဖိုလ် တရားမြတ်၏အချိန်ကို မခံယူနိုင်။ ရုက္ခစိုး၊ ဘုမ္မစိုးတို့ကား ရဟန်းတော်များကဲ့သို့ ရဟန္တာအဖြစ်ဖြင့် နေနိုင်စွမ်းရှိကြသည်မှာ ထူးခြားသောတန်ခိုးဖြစ်သည်။

ထို့ကြောင့် အချို့သော ဆရာတော်ကြီးများ (အထူးသဖြင့် တောင်ငူလာဆရာတော်ကြီး) သည် ဤလူ့ဘဝမှ ပျံလွန်လျှင် ဘုမ္မစိုးနတ်အဖြစ်ရှုတောင်းခဲ့သည်။

www.burmeseclassic.com

ဘုရားဟောကျမ်းဂန်လာ ပေတ
ဇာတ်ဝတ္ထုများစွာတို့တွင် -

မြတ်စွာဘုရား၌သည် သာဝတ္ထိ
ပြည်၌နေတော်မူစဉ် ဇနပုဒ်တောအရပ်
၌ ဝါဆိုဝါကပ်ကြသော ရဟန်းတော်
ရှစ်ပါးတို့သည် ဝါကျွတ်သဖြင့် မြတ်စွာ
ဘုရားအား ဖူးမြော်ရန် သာဝတ္ထိသို့ကြွ
လာကြရာ သာဝတ္ထိပြည်၏မနီးမဝေးရှိ
ရွာတစ်ရွာနားမှာ အရိပ်အာဝါသ၊ ရေ
တို့ဖြင့်ပြည့်စုံသည့် တောအုပ်တစ်အုပ်ကို
တွေ့၍ ထိုအရပ်၌ ခေတ္တခဏနေတော်
မူကြသည်။

ထိုအခါ ပြိတ္တာမတစ်ကောင်သည်
မထေရ်တို့အား မိမိကိုယ်ကိုပြသလိုက်
လေ၏။ ထိုအခါ မထေရ်တို့က -

"သနားစဖွယ်မျက်နှာငယ်လေးနှင့်
လှည့်လည်သွားလာ၍နေရှာသော အို-
နှမ၊ အသင်သည်ကား အဝတ်မပါဗလာ
ကိုယ်တည်းဖြစ်၍ မကြည့်ရက်မရှသာ
လွန်စွာဆိုးဝါးလှသောရုပ်အဆင်းလည်း
ရှိပေသည်။ သင်၏ခန္ဓာကိုယ်သည်ကား
မနှစ်မြို့ဖွယ် တကယ်ဆိုးဝါးအပုပ်နံ့များ
နံစော်နေသည်ဖြစ်၍ ယင်ကောင်အမျိုး
မျိုးတို့က ကိုက်ထိုးဝိုင်းအုံ၍နေကြပေ
သည်။ သနားစရာ ဝိုးကာတမ်းတ ဟစ်
အော်၍နေရသော သင်နှမသည် ဘယ်
မြို့ရွာ ဘယ်အမျိုးမှ မကောင်းညစ်ဆိုး
ဘယ်လို အကုသိုလ်ဆိုးမျိုးများကိုပြုမိခဲ့
သဖြင့် ယခုလို တောတောင်ထူထပ်လှ
သောအရပ်ဌာန၌ ညည်းတပူဆွေး ဝိုင်
ကြွေးစာစာ လှည့်လည်ကာနေပါသ
နည်း"

ဟု မေးမြန်းတော်မူလေသည်။

ထိုအခါ ပြိတ္တာမက -

"တပည့်တော်မ၏ အဖြစ်ဆန်း
ကျယ်ကို မေးမြန်းတော်မူသော
အရှင်မြတ်ဘုရား၊ တပည့်တော်မသည်
ဟိုရှေးယခင် လူဖြစ်စဉ်က ဤအနီး
အနားရှိရွာ၌ပင် သူကြွယ်တစ်ဦး၏သား
သမီးမထွန်းကားသော မယားတစ်
ယောက်ဖြစ်ခဲ့ပါသည်။ ခင်ပွန်းသူကြွယ်
၏ဆွေမျိုးများက သင်၏မယားကြီးသည်
သားသမီးမထွန်းကားသဖြင့် နောက်ထပ်
တစ်ယောက်နှင့် ပေးစားကြမည့်
အကြောင်းပြောကြသော်လည်း သူကြွယ်
က တပည့်တော်မအပေါ် မြတ်နိုးလှ
သဖြင့် လက်မခံခဲ့ပါ။ ထိုအခါ မယား
ကြီးဖြစ်သော တပည့်တော်မက လက်ခံ
ရန်တိုက်တွန်းသဖြင့် နောက်ထပ်ပေးစား
ခြင်းကို လက်ခံခဲ့ပါသည်။

ထို့နောက်ထပ်ပေးစားထားသော
မယားငယ် သားသန္ဓေတည်သည်ကို
တပည့်တော်မ သိသောအခါ ဘုရား
တပည့်တော်မသည် အိမ်ထောင်အုပ်စီး
ရေးစိတ်မအေးလှသဖြင့် မနာလိုကျသော
ဖိစီးလာသောကြောင့် သားသန္ဓေဖျက်
ရေး မျှော်တွေးကြံဆလမ်းစကိုရှာသော
အခါ ပရိဒိုဂံမတစ်ယောက်နှင့်ဆက်မိ
သဖြင့် အစားအသောက်ခွဲမြှောက်ပေး
ဝေမိတ်ဆွေဖွဲ့လျက် မယားငယ်၏သား
သန္ဓေကို ဖျက်ချခိုင်းခြင်းကောင်းမှုကို
ပြုခဲ့မိပါသည်။

ထိုမယားငယ်၏နှစ်လမျှသာ ရ
ထားသောသားသန္ဓေသည် ပျက်စီး
ယိုယွင်း သွေးအဖြစ်ကျဆင်း၍ သွားခဲ့ပါ
သည်။ ထိုအခါ မယားငယ်၏မိခင်က
တပည့်တော်မအား စိတ်ဆိုးဒေါသဖြစ်
ပွားကာ သူ၏ဆွေမျိုးများကို စုရုံးစေပြီး
တပည့်တော်မကို ဆဲဆိုကြိမ်းမောင်းကြ
လျက် မကောင်းထိုထို ကိုန်စာဆိုခိုင်း
ပါတော့သည်။

တပည့်တော်မသည် ကြောက်
အားပိုကာ အကယ်၍ သန္ဓေပျက်ကျ
ဆေးကိုတိုက်ကွေးခဲ့ပါအံ့၊ ဖြစ်ရာဘဝ
မကောင်းသောဘုံဘဝနှဉ် မိမိရင်မှပေါက်
ဖွားလာသောသားသမီးများကို မေတ္တာ
မကပ် သတ်ဖြတ်၍စားရပါစေသားဟူ၍
မဟုတ်မမှန်လော်မာဘဂ်ဖြင့် ကြမ်း
တမ်းသောကိုန်စာကိုဆိုမိခဲ့ပါသည်။

ထိုသို့ သန္ဓေကျဆေးတိုက်ကွေး
သတ်ဖြတ်မှု၊ မဟုတ်မမှန် ကိုန်စာဆိုမှု
တည်းဟူသော အကုသိုလ်ကံနှစ်မျိုးတို့
၏ အကျိုးဝိပါက်စွမ်းဖြင့် ပြည်၊ သွေး
တွေအတန်တန်လိမ်းကျံ၍နေသော မိမိ
ရင်မှပေါက်ဖွားသောသားငယ်၊ သမီး
ငယ်များအား ပူဆာလောင်မြိုက်ခြင်းကို
ပယ်ဖျောက်သည့်အနေဖြင့် မေတ္တာ
မသက် ရက်စက်ခါခါ စားသောက်၍
နေရပါသည်ဘုရား"

ဟူ၍ သနားဖွယ်ရာလျှောက်ထား
ရှာလေသည်။

ပြိတ္တာမက မိမိဆင်းရဲဒုက္ခရောက်
ပုံကို မိမိ၏ခင်ပွန်းသည်သူကြွယ်အား
သိစေလိုသဖြင့်-

"အရှင်ဘုရားတို့၊ တပည့်တော်မ
သည် အခြားအရပ်တမဟုတ်ပါ။ ဤရွာ
မှာနေထိုင်သည့် ဤမည်သောသူကြွယ်
၏မယားကြီးဖြစ်ခဲ့ဖူးပါသည်။ တပည့်
တော်မသည် မိမိကိုယ်တိုင် သားသမီး
မထွန်းကားသူဖြစ်ရာကား သားသမီး
ထွန်းကား နောက်ထပ်ယူမယားငယ်
အပေါ်၌ မနာလိုကျသာဖိစီးကာ သား
သန္ဓေကျဆေးတိုက်ကွေးခြင်းမကောင်း
မှုကြောင့် ရုပ်ရည်မလှ၊ ဒုက္ခလွန်မင်း၊
ဆာလောင်ပြင်းပြ ပြိတ္တာမကြီးဖြစ်နေရ
ပါသည်ဘုရား။ တပည့်တော်မ တောင်း
ပန်စကား လျှောက်ထားလိုက်ပါရစေ။
တပည့်တော်မ၏ ခင်ပွန်းသည် ထိုသူ
ကြွယ်အိမ်သို့ ကြွရောက်တော်မူကြပါ။
သူကြွယ်က အရှင်ဘုရားများအား ဆွမ်း
ခဲဖွယ်တို့ဖြင့် ကျွေးမွေးပြုစုပါလိမ့်မည်။
ထိုဆွမ်းလှူအဖို့ဘဂကို တပည့်တော်မ
အား စိတ်သွန်းရည်မှန်း အမျှအတန်း
များပေးဝေခိုင်းတော်မူကြပါ ဘုရား။ ဤ
ကဲ့သို့ အမျှအတန်းများပေးဝေပါလျှင်
တပည့်တော်မသည် ဝမ်းမြောက်နုမော်
သာစုခေါ်နိုင်သည်ဖြစ်၍ ဆင်းရဲကြီးလှ
၍ ဤပြိတ္တာမဘဝဆိုးကြီးက ဆောလျင်
မကြာ လွတ်မြောက်ချမ်းသာရပါလိမ့်
မည် ဘုရား"

ဟု လျှောက်ထားမှာကြားရှာလေ
သည်။

မထေရ်များကလည်း ပြိတ္တာမ
စကားကိုကြားသိရ၍ သနားကရုဏာ
မေတ္တာရေ့ထားကြလျက် ပြိတ္တာမအား
ချီးမြှောက်ကြသည့်သဘောဖြင့် ထိုသူ
ကြွယ်အိမ်သို့သာ ဆွမ်းခံကြတော်မူကြ
သည်။ သူကြွယ်ကလည်း မထေရ်တို့ကို
တွေ့မြင်ရသောအခါ ကြည်နူးရွှင်ပျစွာ
ဖြင့် ခရီးဦးကြိုဆိုကာ သဝိတ်များကိုယူ
ဆောင်ပြီး မထေရ်တို့ကို သင့်တင့်စွာနေ
ထိုင်စေပြီးလျှင် မွန်မြတ်သောဆွမ်းဘော
ဇဉ်အာဟာရဖြင့် ကျွေးမွေးဆက်ကပ်ရန်
အားထုတ်ကြီးစားလေသည်။

မထေရ်များကလည်း ပြိတ္တာမ၏
အမှာစကားတို့ကို သူကြွယ်အား ပြော
ကြားတော်မူကြ၍ ထိုဆွမ်းဘောဇဉ်
အလှူဒါန၏အဖို့ဘဂကို ပြိတ္တာမအား
ရည်ညွှန်းစိတ်မှန်း အမျှအတန်းကို ပေး
ဝေစေတော်မူကြလေသည်။

ထို အလှူဒါန အမျှပေးဝေသော
ခဏမှာပင် ဝမ်းမြောက်နုမော်သာခုခေါ်
ရသောပြိတ္တာမသည် ပြိတ္တာဘဝတွင်
တွေ့ကြုံနေရသော ဆင်းရဲဒုက္ခအပေါင်း
မှ ကင်းကွာ လွတ်မြောက် သုခချမ်းသာ
များပေါ် ပေါက်ရရှိလာသော နတ်စည်း
စိမ်တမျှ ကြီးကျယ် များပြားလှသော
စည်းစိမ်ချမ်းသာအမြောက်အမြားတို့ကို ရရှိ
ခံစားလျက် ထိုနေ့ည၌မှ အစပြု၍
ခင်ပွန်းဟောင်း သူကြွယ်အား မိမိကိုယ်
ကို ပြသကာ ဝမ်းမြောက်ရှာလေသည်။

(ဒွေလအဆက်ရှင်)

ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com

မိုးစက်အလှူခံ(ရောဝတီ)

လိပ်ခေါင်းရောဂါဝေဒနာရှင်တို့အတွက် အစွမ်းထက်သော လိပ်မင်းဆေးပင်

အကိုင်းအခက်များနဲ့ဖြာထွက်၍ ဝေဆာစွာပေါက်ရောက်နေသော ဆေးပင်မှာ လိပ်မင်းဆေးပင်

လိပ်မင်းဆေးပင်၏အဖူးတံအား အနီးကပ် မြင်တွေ့ရစဉ်



လိပ်မင်းဆေးပင်ပေါက်ငယ်လေးများ

စာရေးသူ ဓမ္မစာပေများလေ့လာသင်ယူရာ ဘုံးဘုံးကျတောရ ပရိယတ္တိစာသင်တိုက်ကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ သီတင်းသုံး နေထိုင်ကြ၏။ မြန်မာ၊ ရှမ်း၊ ကရင်၊ ပအို(ဝ်)၊ ခန့်၊ ထားဝယ် စသော သာမဏေ ရှင်ရဟန်းတို့ သီတင်းသုံး စံပျော်ရာလည်းဖြစ်ပေ၏။

စာသင်သားရှင်ရဟန်းတော်များ အားလုံးသည် မိဘ၊ ဆရာသမား၊ ဆွေမျိုး၊ ညီကိုမောင်နှမ၊ မိမိရပ်ရွာကိုစွန့်ခွာပြီး လာရောက် ပညာသင်ကြားရသည်မို့ စာသင်တိုက်တွင် တစ်ပါးနှင့်တစ်ပါး ညီနောင်သားရင်းသဖွယ် ကူညီရိုင်းပင်းခင်မင်စွာနေထိုင်ကြခြင်းသည် စာသင်သားများ၏သဘာဝပင် ဖြစ်ပေသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် စာရေးသူနှင့် အလွန်ခင်မင်ရသော သူငယ်ချင်းတစ်ပါးထံသို့ အလည်လိုက်သွားဖြစ်၏။ စာရေးသူ၏ သူငယ်ချင်းနေထိုင်သောရွာမှာ ရေမြို့နယ် အစင့်စံပြကျေးရွာဖြစ်သည်။ ကျောင်းတိုက်တော်မှာ စွန်းလွန်းဂူ ဓမ္မယောသကရိပ်သာကျောင်းဖြစ်လေသည်။ ကျောင်းတိုက်ကြီးသည် ကုန်းမြေမြင့်ပေါ်တွင် အဆောက်အအုံများတည်ဆောက်ထားပြီး အနောက်ဘက်၌ တောင်တန်းကြီးက ကာရန်ထားသဖြင့် အင်မတန်မှအေးမြကြည်နူးဖွယ်ကောင်းသောနေရာဖြစ်လေသည်။ ထိုကျောင်းမှဆရာတော်ကြီးသည် သစ်ပင်ပန်းမန်မျိုးစုံ၊ ဆေးပင်မျိုးစုံကို သေချာစွာ စိုက်ပျိုးထားသဖြင့် အပင်မျိုးစုံကိုလည်း လေ့လာ တွေ့မြင်နိုင်ပေသည်။

စာရေးသူတို့သူငယ်ချင်းနှစ်ပါး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုရင်း တစ်နေရာအရောက်တွင် သစ်ပင်တစ်ပင်အားညွှန်ပြလျက် -

"အရှင်ဘုရား၊ အဲဒီအပင်က ဆေးစွမ်းသိပ်ထက်တာ။ လိပ်မင်းဆေးပင်လို့ခေါ်တယ်။ လိပ်ခေါင်းဝေဒနာရှင်တို့ အားထားရတဲ့ဆေးတစ်လက်ပေါ့။ အရှင်ဘုရားက သူရဇ္ဈမဂ္ဂဇင်းမှာ ဆေးနည်းဆောင်းပါးတွေရေးနေတော့ တစ်နှိုင်ငံလုံးသိအောင် ဒီလိပ်မင်းဆေးပင်အကြောင်း သူရဇ္ဈမဂ္ဂဇင်းကတစ်ဆင့် ဆေးနည်းဒါနပြုပေးပါဦး ဘုရား"

ဟု စာရေးသူ၏ သူငယ်ချင်းမှ ပြောသဖြင့် ထိုလိပ်မင်းဆေးပင်အား စာရေးသူ သေချာစွာလေ့လာပြီးနောက် သူငယ်ချင်းဖြစ်သူအား -

www.burmeseclassic.com

www.burmeseclassic.com

"ဆောင်းပါးရေးပြီးပို့ရတာတော့ မခက်ပါဘူးဘုရား။ ဆေးပင်နဲ့ပတ်သက်တဲ့ အချက်အလက်ကိုတော့ သေသေချာချာသိချင်တယ် ဘုရား"

ဟု ပြောလိုက်ရာ စာရေးသူ၏ သူငယ်ချင်းမှ -

"အဲဒီအတွက်တော့မမှုနဲ့ စာရေးဆရာရေ ပြောပြပါ့မယ်။ အဲဒီဆေးပင်ကို တပည့်တော်တို့ဆရာတော်ကြီးစိုက်ထားတာ။ အဲဒီဆေးပင်ကြောင့် လိပ်ခေါင်းရောဂါသက်သာပျောက်ကင်းသွားသူတွေမနည်းတော့ဘူးလို့ ဆရာတော်ကြီးက မကြာခဏသြဝါဒပေးလေ့ရှိတယ်။ လိပ်ခေါင်းရောဂါဝေဒနာရှင်ကိုလည်း ဒီဆေးပဲအမြဲညွှန်တယ်။ ဒီဆေးသောက်တဲ့သူက ပျောက်ကင်းတာများတယ်။ မော်လမြိုင်မြို့မှာ ဆရာတော်ကြီးရဲ့ကျောင်းခွဲရှိတယ်။ အဲဒီမှာနေတဲ့ ဆရာတော်ကြီးရဲ့ တပည့်တစ်ပါးဆို လိပ်ခေါင်းရောဂါကြောင့် စအိုဝမှာ သွေးတွေယိုပြီး အတော်လေးခံစားနေရတာ။ ဆရာတော်ကြီးကလမ်းညွှန်လို့ ဒီဆေးပင်သောက်လိုက်တာ အခုအမြစ်ပြတ် ပျောက်ကင်းသွားပြီ။ အခု မော်လမြိုင်ကျောင်းမှာလည်း ဒီဆေးပင်တွေကို မျိုးယူစိုက်ပြီး လိပ်ခေါင်းရောဂါဝေဒနာရှင်တွေကို ပြန်ပြီးဒါနပြုနေတယ်လို့သိရတယ်"

ဟု စာရေးသူအား ပြောပြလေသည်။ စာရေးသူလည်း လိပ်မင်းဆေးပင်အား မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူပြီး စာသင်တိုက်သို့ ပျံုးပင်များယူဆောင်လာကာ စိုက်ပျိုးထား၏။

ထားဝယ်မှလာရောက်ပညာသင်ကြားနေပြီး စာရေးသူနှင့်လည်း ရင်းနှီးသော ဦးကျန္နကဟူခေါ် သောဦးပဉ္စင်းမှ လိပ်ခေါင်းဆေးပင်များကိုကြည့်ရင်း -

"အဲဒီဆေးပင် ထားဝယ်ဘက်မှာလည်းရှိတယ်။ တော်တော်လည်း ဆေးစွမ်းထက်တယ်။ ရွာကဦးပဉ္စင်းတစ်ပါး လိပ်ခေါင်းရောဂါခံစားရပြီး စအိုဝမှာ တောင်သွေးယိုတဲ့အထိဖြစ်နေတာ အဲဒီဆေးပင်ကြောင့် ခုတော့ ရောဂါပျောက်သွားပြီ"

ဟု ပြောပြသဖြင့် စာရေးသူလည်း ဤဆေးပင်၏ ဆေးစွမ်းနှင့်ပတ်သက်၍ ပိုမိုသိရှိခွင့်ရခဲ့လေသည်။

လိပ်မင်းဆေးပင်မှာ ချံုပင်များကဲ့သို့ အကိုင်းအခက်များပြာထွက်၍နေ၏။ အပင်အကိုင်းအခက်တို့၏အမြင့်မှာ ခါးဝက်ခန့်ရှိ၍ အပင်သန်ပါက လူတစ်ရပ်စာမျှရှိလေသည်။ ပင်စည်ရင်း၏ လုံးပတ်မှာ ခြေမခန့်ထိရှိတတ်ပြီး အထက်အဖျားကိုင်းမှာတော့ သေးသေးသွယ်သွယ်သာဖြစ်၏။ မျိုးစေ့မှပေါက်သော အပင်ငယ်လေးများကို စိုက်ပျိုးယူရသောအပင်လည်းဖြစ်၏။ အပင်ပေါက်ခါစတွင် အရွက်ဝိုင်းလေးနှစ်ရွက်ဟိုဘက်ဒီဘက်ဖြာထွက်ပြီး ဒုတိယအရွက်ထွက်မှ သူ့ရဲ့ပင်ကိုအရွက်လေးများ စတင်ထွက်လေသည်။ အဆစ်တစ်ဆစ်၏ အရင်းတိုင်းတွင် ဆူးမွှင်ကလေးများပါရှိ၏။ အဆစ်မှဖြာထွက်နေသော အရွက်နှစ်ရွက်၏ကြားတွင် အတက်ငယ်လေးများထွက်ကြပါသည်။ ရေနှင့် အေးသောရာသီဥတုကိုအထူးနှစ်သက်သော အပင်များဖြစ်ပြီး မွန်ပြည်နယ်နှင့်ထားဝယ်ဒေသများတွင် များစွာတွေ့ရှိရလေသည်။ အရွက်မှာ ကြိတ်မှန်ရွက်နှင့် ခပ်ဆင်ဆင်တူ၍ အရွက်ချွန်များဖြစ်၏။ အရွက်၏အလယ်တွင်ရှိသောအကြောမှာ နီညိုရောင်ထင်ရှားစွာပေါ်နေလေသည်။ အဖူးတံ၌ အစိမ်းရောင်ပွင့်ချပ်အထပ်ထပ်နှင့် (၂) လက်မမှ (၃) လက်မအထိ ရှည်တတ်သည်။ ထို့ပွင့်ဖတ်များကြေးမုံတိုးထွက်၍ အဝါရောင်အပွင့်ငယ်လေးများပွင့်ပြီး ထိုပွင့်ဖတ်များကြားမှာ ပင်မျိုးစေ့များဖြစ်ထွန်း၏။ အစေ့များရင့်မှည့်ခြောက်သွေ့ပြီး အပင်အောက်၌ ကွဲအက်ကျကြပါသည်။ ရေထိလျှင် အပင်မကြီးအောက်၌ အပင်ပေါက်ငယ်လေးများ များပြားစွာပေါက်ကြပါတော့သည်။

ဆေးအဖြစ် အသုံးပြုပုံမှာ လိပ်ခေါင်းဝေဒနာရှင်များသည် လိပ်မင်းဆေးရွက်အား ရေစင်အောင်ဆေးပြီး လျှင် အရည်ညှစ်၍ လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးခန့် တစ်နေ့ (၃) ကြိမ် သောက်ပေးရပါမည်။ ဆေးရွက်အား (၃)ခွက်(၁)ခွက်တင်ပြုတ်သောက်၍ပျောက်ကင်းကြသူများလည်းရှိ၏။ ဤဆေးဖြင့် အဆင်ပြေသူများသည် နှစ်ရှည်လများခံစားနေသော လိပ်ခေါင်းရောဂါဝေဒနာကို တစ်ပတ်ခန့်ပင် မသောက်လိုက်ရဘဲ ယုပစ်သလို ပျောက်ကင်းသွားကြောင်း ကိုယ်တွေ့ပျောက်ကင်းသူများ၏ ပြောပြချက်အရသိရပါသည်။ ရောဂါသက်သာပျောက်ကင်းသွားလျှင် ဆေးကိုဖြတ်ထားနိုင်ပါသည်။

လိပ်ခေါင်းရောဂါပွားဖြစ်ခြင်း၏ အကြောင်းရင်းများဖြစ်သော အညောင်းထိုင်လွန်းခြင်း၊ အပူအစပ်များစွာစားသုံးခြင်း၊ ဝမ်းချုပ်ခဲခြင်းတို့ကိုလည်း

လိပ်မင်းဆေးပင်အကြောင်း ရှင်းပြနေသော ဒေါက်တာသိန်း (ရွှန်းထွန်းစုဝမ္မဆေးရိပ်သာဓနုဆောင်း)

တတ်နိုင်သမျှ ရှောင်ကြည်ရန်လိုအပ်ပါသည်။ ဘေးထွက်ဆိုးကျိုးကင်းပြီးအစွမ်းထက်လှသော ဤလိပ်မင်းဆေးပင်၏ အကြောင်းကို စာဖတ်သူမိဘပြည်သူများအတွက် ရေးသား တင်ပြလိုက်ပါသည်။

ဤလိပ်မင်းဆေးပင်၏ အရွက်များ၊ အပင်ပေါက်ငယ်လေးများကို ရယူလိုပါက -

မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကုန်းကုန်းကြီးတောရကျောင်းတိုက်သို့ ဆက်သွယ်ရယူနိုင်ပါသည်။ လိပ်မင်းဆေးပင်နှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ၀၉၇၉၄၃၉၆၆၄၇၊ ၀၉၇၉၂၄၂၂၀၀၉၆၊ ၀၉၂၅၉၈၃၀၉၆၆၄ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

လောကုတ်၊ လောကီ နှစ်လိုအကျိုး ပွားတိုးစည်ပင်နိုင်ကြပါစေဟု ထာဝစဉ် ဆန္ဒပြုလျက်။

ခိုးစက်အဏ္ဏဝါ (ဒဿဝတီ)

(ဤဆောင်းပါးဖြင့် ရေမြို့နယ် အစင်စပြကေးရွာ စွန်းလွန်းဂူ ဓမ္မဃောသကကျောင်း၏ ဦးစီးပဓာနနာယက၊ မွန်ပြည်နယ် သံဃာ့နာယကအဖွဲ့ မဟာဒါရိုက်တာ၊ ဘဒ္ဒန္တတိလောကဆရာတော်ဘုရားနှင့် စာရေးသူအား အစစအရာရာ ကူညီပြည့်ဆည်းပေးခဲ့သော အရှင်မာယိန္ဒအား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သုန်း

(ရုပ်ကိုနေးနွေးခေသူ)

ဆပ္ပတ်ဆောင်-အောင်စေရာ

"မောင်မိုး"

"ဗျာ - ဆရာ"

"ဘယ်လိုလဲကွ ငါ့သား။ ပျောက်ပျောက်သွားလိုက်ရင် တစ်နှစ်ပဲ။ သီတင်းကျွတ်ကျမှပဲပေါ် ပေါ်လာတော့တယ်"

နားထောင်ရင်း တဟားဟားရယ်နေ၏။ သူ့လက်ထဲမှ စီးကရက်မကုန်သေးသောကြောင့် ကျွန်ုပ်နားမကပ်။ ဆေးလိပ်သောက်လာလျှင် ဤသို့ ဝေးဝေးမှာသာနေလေ့ရှိ၏။ အိမ်ထဲမှာထိုင်စကားပြောနေပြန်လျှင်လည်း သူ့ဆေးလိပ်သောက်ချင်လာလျှင် အိမ်ပြင်ခြံဝထွက်သောက်လေ့ရှိ၏။

ယခုလည်း လက်ထဲမှ စီးကရက်ခပ်ရှည်ရှည်ကျန်နေသေးသည်ကို မီးသတ်၍လွှင့်ပစ်လိုက်ရင်း -

"အလုပ်နည်းနည်းများနေလို့ မလှည့်သာလို့ပါ ဆရာ"

"အေးပေါ့ သားရယ်။ ငါ့ဆီက

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်လာလာရပါတယ်။ အလုပ်သာကြွစား။ လာ - ထိုင်"

သူမရောက်ရသည့်အကြောင်းများကို စီကာပတ်ကုံးလည်းမဟုတ်၊ တိုတိုတုတ်တုတ်လည်းမဟုတ် ပုံမှန်ပြောရင်းနှင့် ကွန်ပ်ကို အကဲခတ်နေ၏။

"ဆရာထိုက်ချိဆော့ဖြစ်လား"

"အေး - ဘာဖြစ်လို့လဲ"

"ဒါကြောင့်ကြည်နေတာပဲမျက်နှာ"

"အေးပေါ့ သားရယ်၊ ကျန်းမာရေးက ခေါင်းခေါင်းကြည်နေတာကိုး ဘာရောဂါမှလဲမရှိဘူးလေ"

အငြိမ်နေ၊ မျက်လုံးတဝိုက်ကြည့် ဒီကြည့်ကြည့်ရင်း ခေါင်းရင်းဘက်နားမှ နံသာဖြူတုံးကြီးနှင့်နံသာဖြူတုံးအသေးနှစ်တုံးကို မျက်တောင်မခတ်ကြည့်နေ၏။ ပြီးမှပြုံးရင်း -

"ဒါကြောင့်နဲ့တူတယ်"

သူပြောမှ ကွန်ပ်လည်း လှည့်ကြည့်လိုက်၏။

"အေး - ဒါလည်းပါရင်ပါမှာပေါ့။ ငါက သစ်မွေးဆိုရင် ကြိုက်ကိုကြိုက်တာကိုး၊ ရနံ့မွေးပြီးသင်းနေတာက လွဲလေကွာ"

"ဟုတ်တယ် ဆရာ၊ လွဲတွေအား

www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေသလားလို့"

"ဖြစ်နိုင်တယ်၊ ငါ့စားပွဲပေါ်လည်း ဒီလိုပဲ ဒါနဲ့သာဖြူတုံး၊ ဒါကနဲ့သာပုတီးလက်မှာစွပ်ထားတာ။ မွေးတဲ့သစ်တွေချည်း အနားမှာများနေတယ်ပေါ့"

ပြောရင်းနှင့် ဘယ်ဘက်လက်မှာစွပ်ထားသော နဲ့သာပုတီးကလေးကို မြွောက်ပြလိုက်၏။

အောင်ကျော်မိုးသည် ရှေ့နားတိုးပြီးမွေးကြည့်ရင်း -

"ဟာ-တော်တော်မွေးတာပဲနော်"

"အေးလေ၊ အစ်မကြီးပဲပေးထားတာ၊ ရွေးနဲ့သာကပဲ"

"ဩော် - ဟိုအန်တီ"

"အေး"

"တကယ့်ကွဲတွေချည်းပဲနော်"

"အေးပေါ့ သားရယ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်မှုတွေနဲ့ အားတွေဖြည့်၊ ကွဲတွေတတ်နိုင်သလောက်အားတွေဖြည့်၊ အဲဒီလိုတွေအားတွေဖြည့်နေမှ ကိုယ့်ဆီလာတဲ့မိတ်ဆွေတွေအတွက် ကိုယ်အလုပ်လုပ်ပေးနိုင်မှာပေါ့သားရဲ့။ မေတ္တာများများပို့ပေးနိုင်မှာပေါ့"

"ဟုတ်ကဲ့ - ကျွန်တော်ဆို ဆရာစပြီးသင်ပေးလိုက်ကတည်းက အဲဒီဆပွတ်အစီအရင်ကို အရမ်းစိတ်ဝင်စားခဲ့တာ။ ကိုယ်လည်းလိုက်နာတယ်။ ဒါကြောင့် ဒီသစ်မွေးတုံးကြီးတွေကို ကျွန်တော်အရမ်းစိတ်ဝင်စားသွားတာ"

"အရင်ထဲကလည်းရှိနေတာပဲ"

"အရင်က စာအုပ်တွေတစ်ပုံကြီးကြားထဲရောက်နေတော့ ခုလိုရှင်းနေအောင် မမြင်ရဘူးလေဆရာ။ ဒါကြောင့် လည်း ကျွန်တော်စိတ်မဝင်စားခဲ့တာနဲ့တူတယ်"

"အေး - ဟုတ်လောက်တယ်"

"ကျွန်တော်က အိမ်ရဲ့မြောက်ဘက်မှာ သံစုံခွဲတ်ထားတယ် ဆရာ"

"ဟာ - ကောင်းတာပေါ့"

"ရာထူးအဆင့်ဆင့်တက်သွားတာပဲ။ ဒီ CROWN ဆိုရင် ကုမ္ပဏီက ကျွန်တော့်ကိုပေးထားတာ"

"အေး - တော်တော်ကောင်းတဲ့ကားကွာ၊ လှလိုက်တာ။ ဝမ်းသာတယ်သား"

"ဒီတိုင်းတော့မနေပါဘူး။ ဆရာသင်ပေးထားတဲ့အတိုင်း အသံကျယ်ကျယ် ပီပီသသနဲ့ ဘုရားရှိခိုးပြီးတာနဲ့ ဆပွတ်အဆောင် သံစုံကိုတော့ အသက်ဝင်အောင် နေ့တိုင်းလှုပ်လှုပ်ပေးပါတယ်"

"အေး - လူကိုယ်တိုင်ကြိုးစားလို့ စီးပွားတွေတက်တာဆိုတာ ငါလက်ခံတယ်၊ မှန်တယ်။ ဒါပေမယ့် လောကီနယ်မှာ လောကရဲ့သဘာဝတွေထဲကနေ မလွတ်မြောက်နိုင်သေးခင်မှာတော့ ခုလို ကွဲတွေ၊ အနိဋ္ဌတွေရှိနေဦးမှာပဲ သားရဲ့"

"ဟုတ်ကဲ့ - ဆရာ ဟိုးတုန်းက အမေကြော့်ကြီးကို နှင်းဆီပန်းဆောင်ခိုင်းပြီး သူဘဝမှာ အေးအေးချမ်းချမ်းနေသွားရအောင် အစီအရင်ပေးခဲ့ကထဲက ကျွန်တော် အရမ်းသဘောကျခဲ့တာ"

"အမေကြော့်တင်ဘယ်ဟုတ်မလဲကွ။ ပေးလို့ရတဲ့သူတွေဆိုရင် ငါအကုန်ပေးတာ"

"ဟင် - ဆပွတ်အဆောင်ဟာ ပေးလို့မရတာမျိုးကောရှိလား ဆရာ"

"ရှိတာပေါ့ သားရဲ့"

"မင်းနားလည်အောင် ငါပြောရရင် ခပ်လွယ်လွယ်ပြောမယ်။ ဟိုးတုန်းကပေါ့ကွာ၊ လွန်ခဲ့တဲ့ အနှစ်(၃၀)ကျော်ကအနေနဲ့ပြောမယ်။ လမ်းဘေးမှာ အရက်ထိုင်ရောင်းနေတဲ့သူဆိုရင် ဆပွတ်အဆောင်သွားပေးလို့မရဘူးလေသား။ ပြီးတော့ ရန်လိုနေတဲ့သူမျိုးကို ဆပွတ်အဆောင်ပေးလို့မရဘူး။ မိုးမလင်းသောက်စားနေကြတဲ့သူမျိုးကို ဆပွတ်အဆောင်ပေးလို့မရဘူး။ ရတနာမြတ် (၃) ပါးမှာ ကြည်ညိုမှုကင်းမဲ့သူမျိုးကို ဆပွတ်အဆောင်ပေးလို့မရဘူး။ သူများကို အပြစ်ချည်းပြော၊ အပျက်သဘောချည်းပြောတတ်တဲ့သူမျိုးကို ဆပွတ်အဆောင်ပေးလို့မရဘူး။ မိဘတွေကို ပြန်ခံပြော၊ ပြန်ပြီးတိုင်းထွာပြော၊ မိဘတွေကိုလိုက်ဟန့်တတ်တဲ့သူမျိုး ဆပွတ်အဆောင်ပေးလို့မရဘူး။မင်းဘယ်နှနာရီထလဲ"

"ကျွန်တော် မနက် (၅) နာရီခွဲရင်ထပြီဆရာ။ မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှိခိုးပြီ"

"အေး - နေမြင့်အောင်အိပ်တတ်တဲ့သူမျိုးကို ဆပွတ်အဆောင်ပေးလို့မရဘူး"

"ဩော် - ဒီလိုတွေရှိနေတာကိုး"

"ရှိတာပေါ့ သားရဲ့။ ငါဟာလူတစ်ယောက်ကို ဖိုးသားတာရယ်၊ တကယ်ပင်ပင်ပန်းပန်းကြီးစားတာရယ်၊ မိဘကို ရိုသေတာရယ်ကြောင့် ဆပွတ်အဆောင်ပေးလိုက်တယ်။ သူက သောကြာသား၊ သောကြာနာမည်ရှင်။ ကဲ - ငါဘာပေးလိုက်လဲပြောစမ်း"

အေးဆေးစွာ နားထောင်နေရာမှ ကျွန်ုပ်၏စကားကြောင့် သူမျက်လုံးများဖွတ်ခနဲအရောင်တောက်သွားပြီး အပေါ်သို့ ဟိုဝေ့ဒီဝေ့နှင့်ကြည့်လိုက်ရင်း -

"ဆရာ သူကို တောင်ဘက်အရပ်မှာ ရေဘူးထားခိုင်းလိုက်တယ်လို့ ကျွန်တော်ထင်ပါတယ်"

မောင်မိုးဟု ကျွန်ုပ်တို့တွေ ချစ်စနိုးခေါ်သော အောင်ကျော်မိုးသည် သူထက် (၁၅) နှစ်နီးပါး ပညာဝါကြီးသော ညီလေး မောင်အောင်မြတ်ကို အလွန်သဘောကျသူဖြစ်၏။ ထို့ကြောင့်လားမသိ ပညာအမြင်ဖြင့် ဆုံးဖြတ်ရာတွင် ညီလေးကဲ့သို့ ရှင်းခနဲလင်းခနဲဆုံးဖြတ်တတ်၏။ တွေဝေမှုမရှိ။ သူတို့ရှေ့တွင် ညီလေးပြောပုံဆိုပုံ၊ ဆုံးဖြတ်ပုံတွေကို သူအလွန်သဘောကျသူဖြစ်၏။

"အေး - မင်းပြောတာမမှားဘူး၊ မလွဲဘူး"

"ဒါပေမယ့် မမှန်သေးဘူးပေါ့နော် ဆရာ အဟဲဟဲ"

ရယ်ကြဲကြဲလေးနှင့် ရယ်နေပြီး ကျွန်ုပ်ကိုကြည့်နေ၏။

"မှန်ပါတယ်ကွာ။ ဟုတ်တယ်၊ ရေဝေထားခိုင်းလိုက်တယ်။ ရေကနှစ်ထပ်ပေါ့ကွာ"

"ဗျာ - ကျွန်တော် နားမလည်ဘူး ဆရာ"

"သူ့အိမ်ရဲ့ တောင်ဘက်မှာရှိနေတဲ့ စားပွဲခုံပေါ်မှာပဲ ဖန်ပေါင်းချောင်လို့မျိုး၊ ဟို - ငါးမွေးတဲ့ဟာမျိုး၊ အိုင်းပုံမျိုး ဖန်ပေါင်းချောင်ပေါ့ကွာ"

"ဟုတ်ကဲ့ - သိတယ် ဆရာ"

"အေး - အဲဒီထဲမှာ ရေအသန့်ထည့်ခိုင်းထားလိုက်တယ်"

"ဟာ - ရှယ်ပဲနော်။ ရေကြည်ဓာတ် ဗုဒ္ဓဟူး၊ ကျွန်တော် မမြင်လိုက်မိဘူး"

"မြင်ပါတယ်၊ မင်းမြင်တာလည်းရေကြည်ပဲလေ။ ဒါပေမယ့် ရေဘူးထဲရောက်တော့ ရေကမျောက်နေသေးလို့ပါ"

အောင်ကျော်မိုး တဟားဟားနှင့် ရယ်နေ၏။

"ဆရာ၊ နှစ်ထပ်ဆိုတာက"

"နှစ်ထပ်ဆိုတာ သူ့အိမ်ရဲ့တောင်ဘက်ဘေးမှာ လမ်းရှိတယ်။ ကားနှစ်စီးတော့ရှောင်လို့မရဘူး။ တစ်စီးတော့သွားလို့ရတယ်။ အဲဒီတော့ သူ့အိမ်ဘေးအပြင်တောင်ဘက်မှာ သောက်ရေအိုး

www.burmeseclassic.com

www.burmeseclassic.com

စင် တည်ခိုင်းလိုက်တယ်။ ရေကြည်ပဲ၊ ဒါပေမယ့် သူများအကျိုးရှိမယ်ရေကြည်၊ အများသူငါအကျိုးရှိမယ့် ရေကြည်၊ ကုသိုလ်ရမယ့်ရေကြည်၊ အများအတွက် ရေကြည်၊ ကုန်လိုက်ထည့်လိုက်လုပ်နေရတာဆိုတော့ ရှင်သန်နေတဲ့ရေကြည်၊ ဒါပဲလေ သား။ တောင်ဘက်တွေမှာ ရေကြည်တွေချည်းပဲ"

"အထဲမှာ ရောဘူးထားရင် သိပ်ကောင်းမယ်တဲ့သဘောလား ဆရာ"

"ထားတာက ဘာကောင်းလဲ"

"ရေကြည်"

"အေးလေ၊ ရေကြည်ကိုအမြဲတမ်းမြင်နေရတာ အဲဒါ ကောင်းထိတာပေါ့သားရဲ့။ ရင်ထဲမှာမအေးဘူးလား"

ရယ်ကြကြနှင့် ဟိုကြည့်ဒီကြည့် အေးဆေးမှားလျှောက်ကြည့်နေ၏။ကျွန်ုပ်သိပါသည်။ ဤလိုအမှုအရာဖြစ်နေပြီဆိုလျှင် သူ့ရင်ထဲသို့ပညာရောက်သွားပြီဖြစ်၏။

"လဲခိုင်းလိုက်တယ်၊ နေ့တိုင်း။ ရေဟာ နောက်သွားလို့မရဘူး။ ကြည်နေရမယ်။ မုန်လိုက်ကြည်နေရမယ်။ ဒါမှ သူအတွက် ကောင်းမှာလေ။ တက်တာပဲစီးပွား။ အိမ်ဆောက်ပစ္စည်းရောင်းတာ။ တစ်ဆိုင်က နှစ်ဆိုင်တောင်ဖြစ်သွားပြီ။ အိမ်လည်း နောက်တစ်လုံးတောင်ထပ်ဆောက်ပြီးပြီ၊ ဟီးနေတာပဲ"

"ပိတိဖြစ်စရာနော် ဆရာ"

"အေးပေါ့ သားရယ်။ ကိုယ်ကူညီလိုက်လို့ တစ်ဖက်သားစီးပွားတက်သွားပြီဆိုတာ ဘယ်လောက်ပိတိဖြစ်ဖို့ကောင်းလဲ၊ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ"

"အဲလိုဖြစ်သွားရင် ကျွန်တော် အရမ်းသဘောကျတာပဲ"

"ဒါပေါ့ သား။ သူများချမ်းသာစေ၊ ကျန်းမာစေဆိုတဲ့ မေတ္တာတရားဟာ ကိုယ့်ဆီမှာ အချိန်ပြည့်ရှိကိုနေရမယ်။ မေတ္တာတရားဟာ ကိုယ့်အတွက်ပြန်လာပြီဆိုရင် အဲဒီလိုအေးမြတဲ့မေတ္တာတရားတွေချည်းပြန်လာတာပဲ။ ငါ အများကြီးလက်တွေ့တွေ့ကြုံရတယ်"

"ကျွန်တော်သိတယ်လေ"

"ငါက ငါနဲ့ဆုံလို့၊ ငါ့မှာစိန်ရှေ့မှာ ငါမြင်လိုက်ရလို့ တစ်ဖက်ပုဂ္ဂိုလ်ဟာ တစ်ခုခုလို့နေပြီဆိုရင် နေလို့ကိုမတတ်တော့ဘူး၊ မနေနိုင်တော့ဘူး

အောင်ကျော်မိုး သဘောကျလွန်း၍ တဟားဟားရယ်နေ၏။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင်ရယ်ပြီးမှ -

"သိတယ်လေ၊ ဘယ်သူ့ကိုဘယ်လို အိတ်စိုက်ပြီးကူညီရပါ့မလဲဆိုတာ၊ အိတ်ထဲပါသွားတာမကုန်မချင်းပေးတတ်တာ၊ လမ်းစရိတ်ကျန်မှပဲရပ်တတ်တာ ကျွန်တော်တို့အသိဆုံး။ လေး၊ ငါး၊ ဆယ် ခါမက ကြုံဖူးခဲ့တာပဲ။ နောက်ပြီး တွေ့သမျှကလေးတွေကြည့်။ နေမကောင်းတဲ့ကလေးကြုံရင် မေးမြန်းပြီး နာမည်တစ်ခါတည်းမှည့်ပေးခဲ့တာတို့"

"အေး -မင်းပြောလို့ငါပြောရဦးမယ်။ ငါ တစ်ခါကွာ ပုဇွန်တောင်သွားပြီး ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးမှာ ပဋ္ဌာန်းသွားရွတ်တုန်းက ငါလည်း ပဋ္ဌာန်းရွတ်ပြီးရော ငွေအေးနားမှာ လူတစ်ယောက်ကို သတိထားမိတယ်။ သူက ငါ့ကိုပြုံးကြည့်နေတယ်။ ပဋ္ဌာန်းဥဒ္ဒေသတော်ကို အာဝဇ္ဇောင်တယ်နော်တဲ့။ ငါက ဟုတ်ကဲ့လို့ပြောတော့ ခုလို ပုဆစ်တုပ်ထိုင်ပြီး လက်အုပ်ချီ မျက်လုံးမှိတ် အာရုံစူးစိုက်ပြီး ပိပိသသရွတ်တာတော့ မမြင်ဖူးသေးဘူးတဲ့။ ရှိပါတယ်၊ ရွတ်ကြပါတယ်၊ အစ်ကိုကြီးမဆုံသေးလို့ပါလို့ ပြန်ပြောပြီး ပြုံးနေလိုက်တယ်။ သူက ငါ့ထက်အသက်ကြီးတယ်၊ သိသာတယ်။ အဲဒါနဲ့တောင်စကားပြောမြောက်စကားပြောပြောရင်း သူ့ရဲ့သောကတွေ၊ ဒုက္ခတွေကို ငါ့ကိုပြောပြရှာတယ်ကွာ။ အဲဒါနဲ့ ငါလည်း သူ့နေရာကိုမေးလိုက်ပြီး သူ့အိမ်ရဲ့ အရှေ့တောင်ထောင့်ဘက်ကိုပဲ စဉ်းစားလိုက်တယ်"

"သူက ကြာသပတေးလား ဆရာ"

"အေး - ကြာသပတေး၊ ငါအဲလို စဉ်းစားတော့ သူ့အိမ်ရဲ့ အရှေ့တောင်ထောင့်မှာ စိန်ရောင်ခြည်ဘုရားရှိတယ်။ ဟုတ်ပြီ အင်္ဂါနဲ့တွဲတော်ဖြစ်တဲ့ စိန်ရောင်ခြည်ဘုရားကိုသွားပြီး သရဏဂုံ-၃၀ကို ပုတီး (၁၀) ပတ်စိပ်ခိုင်းလိုက်တယ်"

"နေ့တိုင်းလား ဆရာ"

"နေ့တိုင်းတော့မဟုတ်ပါဘူး။ သုံးရက်တစ်ခါလောက်ပေါ့ကွာ။ ဖယောင်းတိုင် (၃) တိုင်ထွန်း၊ ဘုရားပူဇော်ပြီးစိပ်ခိုင်းတာ။ မပျက်မကွက်တော့စိပ်ပါလို့ ပြောထားရတာပေါ့။ ခင်ဗျားရဲ့ သောကမီးတွေကို ဒီနေ့ကစပြီး ကျွန်တော်ငြိမ်းသတ်ပြမယ်။ ဘာနဲ့ငြိမ်းမလဲသိလား။ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော်နဲ့ပဲငြိမ်းမယ်။ ခင်ဗျား ဒိုင်ယာရီမှာ ရေးမှတ်ထားလိုက်။ ဒီနေ့ကစ နောက်နှစ် ဒီအချိန်ရောက်ပြီဆိုရင် ခင်ဗျားခုအခြေအနေနဲ့ လုံးဝမတူစေရတော့ဘူး၊ ကျွန်တော်ပြောတယ်လို့ပြောလိုက်တော့ သူ့မျက်နှာလေးဟာ ဝင်းလက်သွားပြီး တုပ်ပါ့မယ်ဖြစ်တော့တာပဲ။ ဒါပြင့် အစ်ကိုကြီး အချိန်တွေအခါတွေလုပ်နေနဲ့တော့။ ဒီနေ့ပဲစတော့ဆိုပြီး အားလေးလိုက်တော့တယ်"

"ဆရာ၊ တကယ်လို့ အိမ်ရဲ့အရှေ့တောင်ထောင့်ဘက်မှာ စိန်ရောင်ခြည်ဘုရားသာမရှိခဲ့ရင်ကော"

"သူနေတဲ့သူ့အိမ်ရဲ့အရှေ့တောင်ထောင့်မှာရှိတဲ့ ဘုရားစေတီတစ်ဆူဆူရဲ့ အင်္ဂါထောင့်ပေါ့ကွာ"

"ဩော် - ရလား"

"ရတာပေါ့ ဘုရားဝတ်ပြုတာပဲ၊ ဘာလို့မရရမှာလဲ။ ဒီလိုမှမဟုတ်သေးရင် အိမ်ထဲမှာပဲ အိမ်ရဲ့အင်္ဂါထောင့်မှာ ယပ်တောင်အသစ်လေးတစ်ချောင်းချိတ်ထား၊ အဲဒီယပ်တောင်လေးနဲ့ သရဏဂုံရွတ်ပြီး ဘုရားရှင်ကိုယပ်တော်သွင်းပြီးရင် အင်္ဂါထောင့်မှာပဲချိတ်ထား။ ဒါ-လေကိုဖြစ်စေတဲ့ပစ္စည်းပဲလေကွာ"

"ဟုတ်တယ်နော်"

"ကြည်ညိုလို့ ပူဇော်တာပဲလေ၊ ဘာဖြစ်လဲ"

၄၉

ဆပွတ် - ၃ - အရှေ့တောင်ထောင့်ရှိ
ကြာသပတေး ၅ အင်္ဂါနဲ့ဘွဲ့တော်ရှိသော
၁ ဘုရားတွင် သရဏဂုံ-၃၀
၄ ပုတီးစိပ်ခြင်း
၀

"ဘယ်လိုမှ အဆင်မပြေရင် ဇီး(ဆီး)သားပုတီးနဲ့ အိမ်မှာပဲ သရဏဂုံ-၃၀ ကို အဓိဋ္ဌာန်ပုတီးစိပ်။သရဏဂုံ-၃၀ ကို မရရင်လည်း သရဏဂုံကို ပုတီး (၃) ပတ်စိပ်၊ ဖြစ်တယ်၊ ထူးတယ်။ ဒါဆပွတ်သက်သက်ပဲ"

"စိန္တာမဏိဂါထာကို ပုတီးစိပ်လည်းရတယ်နော် ဆရာ၊ အင်္ဂါနဂါထာလေ"

"ရတာပေါ့၊ တချို့ဆို ငါအဲသလို စိပ်ခိုင်းတာတွေလည်းရှိတယ်။ အဆင်ပြေကြတယ်၊ အောင်မြင်ကြတယ်"

"စောစောက ရေကြည် ဝံသေအစီအရင်ကျတော့ ရွက်တာဖတ်တာတွေမပါဘူးလား ဆရာ"

"လိုအပ်ရင်တော့ ပါတာပေါ့။ ဝစကြာဂါထာတို့ဘာတို့ရွတ်ရတာပေါ့။ ကျန်းမာရေးဆိုရင်လည်း ရတနာသုတ်တော်ကို အဓိဋ္ဌာန်ဝင်ပြီး ရွတ်ခိုင်းတာပေါ့။ မလိုရင်တော့ မပါပါဘူး။ ငါက

www.burmeseclassic.com

ဓာတ်ရိုက်တာပဲလေ။ ဓာတ်ထိဖို့က အဓိကပဲ"

"စောစောက အဲဒီအန်ကိုကြီး စိန်ရောင်ခြည်ဘုရားမှာပဲ ပုတီးသွားစိပ်ဖြစ်တယ်ပေါ့"

"အေး - ဘုရားသွားပြီး ပုတီးစိပ်ရုံတောင်မကဘူး အောင်ကျော်မိုးရေ။ သူဟာသူကြည်ညိုပြီး အလင်းတိုင်တွေ၊ အမွှေးတိုင်တွေ၊ ပန်းတွေပူဇော်၊ ဘုရားမှာ တံမြက်စည်းတွေလည်းပေါ့ကွာ"

"ထိပြီပေါ့ ဓာတ်က"

"အေး - ထိတာပေါ့။ သူဟာ တော့်တော်လေးကိုအဆင်ပြေလာတယ်။ သူသားသမီးတွေရဲ့ အပူသောကတွေ တဖြည်းဖြည်းငြိမ်းလာတယ်။ သူ့ဩဇာ ညောင်းလာတယ်ပေါ့ကွာ။ ဘယ်လိုပြောပြောဘယ်လိုမှပြောမရတဲ့သူ့ရဲ့သားဆိုရင် စာမေးပွဲတွေဘာတွေပြန်ဖြေဖို့ စာတွေကျက်၊ ကျူရှင်တွေပြန်တက်ပေါ့ကွာ။ သူဟာ သူ့ကိုယ်သူတောင်အံ့အားသင့်နေမိတဲ့အကြောင်း ခဏခဏပြောတယ်။ ပြီးတော့ လူမှာ အဓိကအကျဆုံးဖြစ်တဲ့ သူ့ကိုယ်သူ ယုံကြည်ချက်တွေပြည့်လာတယ်။ လူဟာ ကိုယ့်ကိုယ်ကိုယ် မှမယုံရင် ဘယ်သူက ကိုယ့်ကိုလာယုံတော့မှာလဲ၊ ဟုတ်ဖူးလား မောင်မိုး"

"ဟုတ်ကဲ့ - ဆရာ"

"အေး - အဲဒါဝဲ။ ခင်ဗျားဗျာ ဆပွတ်အဆောင်ကို ဒီလိုလေးဆောင်ထားဆိုရုံလောက်နဲ့ကတော့ ပညာကို မြင်တတ်မှာမဟုတ်ဘူး။ ဒါကြောင့်လည်း ရှေးရှေးက ပညာရှင်ကြီးများက နှစ်ထပ်၊ သုံးထပ်ဆိုပြီး အထပ်ထပ် ဓာတ်ရိုက်ပြခဲ့ကြတာပဲ။ ငါမြင်ဖူးတယ်၊ နယ်တစ်နယ်ကိုသွားတုန်းက ဆေးဆရာကြီးတစ်ဦးဟာ ပဲသီးကြော်ကို စားချင်ချင်မစားချင်ချင် နေ့တိုင်း တစ်ခွက်တစ်ခွက်စားတယ်တဲ့။ စတိုဖြစ်ဖြစ်စားတယ်တဲ့။ စားပုံကိုလည်းကြည့်ဦး။ သဲပန်းကန်ထဲမှာ မန်ကျည်းသီးလေးစတိထည့်၊ ပဲသီးကြော်ထည့်စားတာတဲ့။ ငါသေသေချာချာ လေ့လာလိုက်တော့ တနင်္ဂနွေသားဖြစ်နေတယ်"

"ဟာ-အထက်ဆောင်ပန်းနော်"

ပညာကောက်ကြောင်းတစ်ခုခု ပြောလိုက်လျှင် တွေဝေမနေစဲ ဒေါက်ခနဲမြင်တတ်ကြသူများထဲတွင် အောင်ကျော်မိုးလည်းပါ၏။

သူတို့ ဤလိုမြင်တတ်အောင် ကျွန်ုပ်လည် ကြုံသလိုမေးခွန်းထုတ်နေလေ့ရှိသူဖြစ်၏။ ညီလေး မောင်အောင်မြတ်ဆိုလျှင် ခရီးတစ်ခုတည်းအတူတူသွားနေရင်း နာရီကိုကြည့်ပြီး ရှေ့နှုးကျဘယ်နိမိတ်ရှိနေသည်၊ ဘယ်နိမိတ်တွေ့နိုင်သည်ဟုပြောနိုင်သူဖြစ်၏။ ဤသည်မှာလည်း သူတို့၏ မနှုးမနေ လေ့လာနိုင်စွမ်းသော ဇွဲ၊ လုံ့လ၊ ဝီရိယများကြောင့်ပင် ဖြစ်ပါသည်။ ကျွန်ုပ်မည်မျှသင်ပေးသင်ပေး သူတို့၏ လေ့လာမှုမရှိလျှင်၊ သူတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယမရှိလျှင် အီလည်လည်ကြီးဖြစ်နေပါလိမ့်မည်။

မင်းကသ { ၅ ၀ ၆ } သဲပန်းကန်၊ ပဲသီးကြော်၊ မန်ကျည်းသီး

တနင်္ဂနွေ ၁၁

၉.၀

၃

မောင်မိုး ပြောသော အထက်ဆောင်ပန်းပညာခန်း ဖြစ်၏။ ထနင်္ဂနွေသားဆေးဆရာကြီးသည် သူ၏အထက်ဆောင်ပန်းဖြစ်သော (မင်း-က-သ) ကို အဆောင်အဖြစ်၊ တစ်နည်းဆိုရလျှင် အာဟာရဖြစ်စေသော အာဟာရအဖြစ် ကွဋ္ဌနိမိတ်ဆောင်ကာ စားသုံးသွားခဲ့သည်။

ပညာရပ်တစ်ခုကို တန်ဖိုးရှိရာလိုက်နာသွားခဲ့သည်။ ပညာရပ်ကို ယုံကြည်စွာနှင့်လိုက်နာပြခဲ့သော စိတ်ဓာတ်ကို ဂါရဝမပြုဘဲမနေနိုင်ပါ။ အကျိုးရှိပုံကို လက်တွေ့ပြသွားခဲ့ပါသည်။

ထိုဆရာကြီးသည် (၉၀) နီးပါးထိကျန်းမာစွာနေထိုင်သွားနိုင်ခဲ့သည်။ ကံကုန်ချိန်ထိ ရောဂါကြီးကြီးမားမားမခံစားခဲ့ရဟု ဆိုကြပါသည်။

"အေး - အရမ်းကို အားရအတုယူဖို့ကောင်းတယ်၊ စွဲစွဲမြဲမြဲကြီးနော်"

"ဟုတ်တယ်နော်"

"ပညာဆိုတာ အထပ်ထပ်မိလာရင် ဓာတ်ထိတာပဲသား။ ဒါကို အကျိုးရှိအောင်စားသွားပြတာပဲ"

"ကျွန်တော်လည်း စားချင်လာပြီ"

"စားပေါ့သား၊ ရယ်၊ ဒါဟာကောင်းခြင်းကိုသာဖြစ်လာစေတာပဲ။ မင်းဟာ သဲပန်းကန်ပြားကို ဖင်ခုထိုင်စားမှာမှ မဟုတ်တာ။ ဒီလိုပဲ တဖြည်းဖြည်းနဲ့ ဓာတ်ထိလာမှာပေါ့။ အသက်ရှည်ရာ အနာမဲ့ကြောင်းကတော့ဖြစ်လာမှာပဲ"

"စားမယ် ဆရာ"

"စားကွာ-ကောင်းတယ်။ ငါပြောသလိုပေါ့၊ ဓာတ်ထိလာမှာပဲ"

"ဆရာပြောသလို ဟုတ်တယ်နော်။ အထပ်ထပ်မိလာရင် ဓာတ်ထိတယ်ဆိုတာ ခေါင်းလောင်းတို့၊ ငွေလာတို့ဓာတ်ဆင်တာလည်းရှိတယ်"

"ရှိတာပေါ့။ ငွေဝင်အောင် ဓာတ်ဆင်ကြတဲ့နည်းတွေထဲကတစ်နည်းပေါ့။ ဘုရားဝတ်ပြုပြီးတာနဲ့ ညာဘက်လက်ထဲမှာ ခေါင်းလောင်းလေးကိုင်ပြီး ဘုရားရှေ့မှာ ဝလုံးပုံလက်ယာရစ်ဝိုင်းပြီး ခေါင်းလောင်းလေးကိုလှုပ်တာ ငါ နှစ်ဦး သုံးဦးမကဘူး မြင်ဖူးတယ်။ ဒါလည်းကောင်းတာပဲ။ ပူဇော်ခြင်းနဲ့ဆိုင်တာကိုး။ ယုံကြည်မှုပိုအားကောင်းတာပေါ့။ အဲဒီလို ဓာတ်ထိအောင်အထပ်ထပ်စီရင်တာမျိုး ငါဟိုတုန်းကတွေ့ခဲ့ဖူးတယ်။ လေ့ကားမှာ ဝါးလုံးကို ဗုဒ္ဓဟူးအကွာရာတစ်ခုရေးပြီး ကပ်ထားတာ။ ဝါးလုံးက လက်လေးလုံးလောက်ရှိတယ်။ ဒါကတော့ မကောင်းဘူး"

"ဟာ - လေ့ကား၊ ဝါးလက်လေးလုံး၊ ဗုဒ္ဓဟူး"

"သူတို့အိမ်က သူတို့သားက ငါ့ဆီမှာ ကရာတေးကစားတာကွ။ ငါက သူ့ကိုသင်ပေးရင်း သံယောဇဉ်ဖြစ်လို့ သင်ပေးရင်း သူ့အိမ်ကို မထင်မှတ်ဘဲ ရောက်သွားတာ။ အဲဒါကြီးသွားတွေ့တယ်။ ငါမေးကြည့်တော့ သူတို့လည်း မသိဘူး။ ဒါပေမယ့် ငါက စပ်စပ်စုစုဟိုမေးဒီမေးမေးကြည့်တော့ သူတို့အိမ်မှာ သူတို့အစ်ကိုအငယ်ရဲ့ မိန်းမနာမည်က ဗုဒ္ဓဟူးဖြစ်နေတယ်"

"ဟာ - ဒါဆို"

"အေး - တရှောင်ရှောင်နဲ့ပေါ့။ နောက်တော့ ငါသိရသလောက် သူကတအားဆိုးတာ။ ဘယ်သူမှမခံနိုင်ဘူး။ ယောကျ်မကိုလည်း လူမထင်ဘူး။ ဒါကြောင့်များ ဒီလိုဓာတ်နဲ့တွေ့သွားတာလားမသိဘူး။ ဒါကျတော့နံတူတွေကွ"

"ဟုတ်တယ် နံတူတွေ"

"ဆိုးတာတော့ မဆိုးနိုင်တော့ပေမယ့် တရှောင်ရှောင်ကြီးဖြစ်သွားရတာတော့ မကောင်းဘူးပေါ့ကွာ။ ငါနဲ့မဆိုင်ပေမယ့် ငါ့ဆီမှာသင်နေတဲ့ ကောင်လေးကို တိုးတိုးတိတ်တိတ်ပြောရတာပေါ့ကွာ။ ဒါကြီးက လာဘ်ပိတ်တတ်တယ် ဖယ်ပစ်လိုက်လို့။ လေ့ကားကြေးမှာဆိုတော့ တော်ရုံနဲ့မတွေ့နိုင်ဘူး။ ငါမြင်လို့တောင် အဲဒီကောင်လေးက အံ့သြနေတယ်။ သူလည်း ဘုမသိဘမသိနဲ့ ဖယ်လိုက်ပါတယ်။ အဲဒီလိုတွေလည်း ကြုံခဲ့ဖူးပါတယ်။ ဓာတ်ကအထပ်လပ်မိလာ

www.burmeseclassic.com

www.burmeseclassic.com

ရင်ထိတာပဲ။ ဒီလိုအထပ်ထပ်မိတာမျိုးကို ခုနလို ဆပ္ပတ်ဘက်ကောင်းတဲ့ဘက်ပေါ်ကွာ ယူမယ်၊ မကောင်းဘူးလား"

"ဟုတ် - ကောင်းပါတယ်"

"အေး - ဘယ်သူမှလဲမထိခိုက်ဘူး၊ ကိုယ်လည်း အကျိုးကျေးဇူးဖြစ်တယ်၊ ပြီးပြီပေါ့။ ကောင်းသောဓာတ် ထိခြင်းပေါ့။ အနေကြီးတာ ဓာတ်ထိဖို့၊ ကောင်းသောဓာတ်ဖြစ်ဖို့။ ကောင်းသောဓာတ်ဖြစ်ဖို့ဆိုလို့ ငါမြေလတ်ဘက်သွားတုန်းက ငါမိတ်ဆွေတစ်ယောက်အိမ်ကို ဝင်လည်ဖြစ်တယ်။ သူက သားအမိနှစ်ယောက်ထဲ။ မိခင်ကြီးကိုလုပ်ကျွေးနေတာ။ ကျန်တဲ့ ကလေးတွေက အလုပ်သမားတွေပဲ။ သူက ပဲတွေအရောင်းအဝယ်လုပ်တာ။ သူနာမည်က အင်္ဂါနာမည်။ ငါကြည့်လိုက်တော့ သူ့အိမ်က ဘုရားဆောင်ပုဇော်ထားတာ အရှေ့မြောက်ထောင့်ဖြစ်နေတယ်။ သူ့ကို နေထွက်တာနဲ့မကြည့်ဘူးနော်"

"ဟို - သူ့အိမ်မျက်နှာစာကိုပဲ အရှေ့သတ်မှတ်ပြီး"

"အေး - ဟုတ်တယ်၊ သူ့အိမ်မျက်နှာစာကို အရှေ့သတ်မှတ်ပြီးကြည့်တော့ ဘုရားဆောင်ဟာ အရှေ့မြောက်ထောင့်ဖြစ်နေတယ်။ ဟန်ကျပြီ၊ လျှပ်စစ်ပစ္စည်းရောင်းတဲ့ဆိုင်တွေမှာ ပန်းပွင့်ပုံပလတ်စတစ်နဲ့ လှလှပပပုံဖော်ထားတဲ့ အလှမီးရှိတယ်လေ"

"အနီရောင်ကြာပွင့်တွေ၊ ကြာဖူးတွေ ကျွန်တော်သိတယ်ဆရာ။ ရွှေလိုင်းအစင်းလေးတွေအနားကပ်လို့တော်တော်လှတယ်။ အနီရောင်တွေများတယ်"

"ဟုတ်တယ်၊ အဲဒီအနီရောင်ကိုပဲလိုချင်တာ။ အဲဒီအနီရောင်ပလတ်စတစ်လား၊ ကော်ကြွပ်လားမသိဘူး။ အဲဒီပန်းပွင့်ကို ဘုရားဆောင်မှာတပ်ပြီး မီးပူဇော်ခိုင်းလိုက်တယ်။ သူကလည်း ချက်ချင်းကိုထလုပ်တာ။ ဘုရားဆောင်လင်းနေအောင်လို့ ဒီပြင် မီးလုံးတွေလည်းထွန်းခိုင်းတာပေါ့ကွာ။ အဲဒီထိန်နေတဲ့အလင်းတွေကြားမှာ ထူးထူးခြားခြား ခုန အနီရောင်ကြာပန်းပွင့်ကြီးက ထင်းနေတာပေါ့"

"အင်္ဂါရဲ့ဆပ္ပတ်အပိုအပြင်ပဲနော် ဆရာ။ အနီရောင်လည်းဖြစ်၊ အန္တောလည်းဖြစ်၊ မီးတောင်မှ တနင်္ဂနွေ မီးခဲဆိုတော့ မီးခဲနဲ့တူတဲ့ မီးလုံးအနီရောင်ကို ဒဲ့ပဲပေးလိုက်တာ၊ ကောင်းလိုက်တဲ့ဓာတ်"

"ထိသလားမမေးနဲ့။ အလုပ်သမားတွေဆို ထပ်ခေါ်ရတယ်။ ဒီထက်ပိုပြီး အကျိုးကျေးဇူးများသွားတာက သူ့အမေကလည်း အင်္ဂါနာမည်ဖြစ်နေတယ်ကွ"

"ဟာ - ပြီးပြီ"

"အေး - တက်လိုက်တဲ့စီးပွား၊ ဒီရေအလား စီးပွားတက်တယ်ဆိုတာ ဒါမျိုးများလားလို့တောင် ငါတွေးနေမိတယ်။ သူ့ရဲ့လုပ်ရည်ကိုင်ရည်၊ ဂွဲ၊ လုံ့လ၊ ကံကောင်းခြင်းတွေလည်းပါတာပေါ့ကွာ။ အဲဒီကောင်းခြင်းတွေအတွက် တံခါးကြီးပွင့်သွားသလိုအကျိုးပေးသွားတာက ခုန ဆပ္ပတ်အစီအစဉ်နဲ့ ဘုရားပူဇော်လိုက်တာလို့ ငါမြင်တယ်။ သူက ငါ့ကိုမေးတယ်။ ဆရာတဲ့၊ ကျွန်တော်ဘုရားစေတီတွေမှာ အဲဒီလို လျှပ်စစ်မီးလုံးတွေ ပူဇော်ချင်တယ်တဲ့။ ပူဇော်လို့ရလားတဲ့။ ဘာလို့မရရမှာလဲ။ ပူဇော်ခြင်းဟာ မရဘူးဆိုတာ ဘာမှမရှိဘူး။ ကြိုက်သလိုပူဇော်လို့ပြောတော့ မီးလုံးအနီရောင်တွေချည်းမရရင်ကောတဲ့၊ စေတီကဘုရားတွေမှာ မီးလုံးအနီတွေ ပူဇော်တာရှားတယ်တဲ့။ ရတယ်၊ အနီမရလည်း အန္တောခွာတ်နဲ့ ပူဇော်တာမို့ မီးလုံးနဲ့ပူဇော်ကတည်းက ဓာတ်ထိနေပြီ။ ပူဇော်ပေတော့လို့ပြောလိုက်ရတယ်။



အင်္ဂါနာမည်ရှင်၏ ဆပ္ပတ်စီရင်ပုံဖြစ်ပါသည်။

စကြဝဠာတွင်းမှ အောင်မြင်မှုစွမ်းအားများ တဖြည်းဖြည်းဝင်ရောက်လာစေရန်အတွက် အောင်မြင်မှုတံခါးကို တွန်းဖွင့်လိုက်သည်သို့နှယ်။

ရှယ်ပဲနော် ဆရာ

"အေး - အဲလိုပဲပြောရတော့မှာပေါ့။ တကယ်စွမ်းတာကိုး သားရဲ့။ တကယ်ထိရောက်တာကိုး"

"ဆရာ၊ ပထဝီဓာတ်သဘောကျတော့ကော ပန်းတို့၊ သစ်သီးတို့ ပူဇော်လို့ရတယ်မို့လား၊ ဆပ္ပတ်အရပ်မှာကောထားလို့ရတယ်မို့လား"

"ရတယ်၊ တကယ်လို့ ဆပ္ပတ်အရပ်ဟာ ဘုရားပူဇော်ထားတဲ့ဘက်ဖြစ်လို့ကတော့ အော့ဉ်ပြီပေါ့ကွာ။ ထူးခြားအောင်မြင်မှုတွေပြည့်သာတာပေါ့။ ဘုရားဆိုရင် ကော်ပန်းကန်ပြားထဲကို ပေါင်မုန့်၊ မုန့်လုံးရေစေါ်၊ ခေါက်ဆေါက်ပန်းပွင့်တွေပူဇော်ရတာပေါ့"

"စနေဆိုရင်လည်း ဝလတ်စတစ်ပန်းကန်တို့၊ ဖန်ပန်းကန်ပြားကိုထမဂ္ဂကျောက်ကျောတို့၊ ကိတ်မုန့်တို့ရသေးဆရာ"

"ရတာပေါ့၊ ဆပ္ပတ်ဓာတ်ထိရင်ပြီးတာပဲပေါ့ သားရယ်။ အနေကြီးတာ ဓာတ်ထိဖို့ပဲ။ ကောင်းကျိုးပွားစီးအောင်လည်း ပူဇော်တာမျိုး၊ ထားတာမျိုးဖြစ်ရမယ်"

"ဒါဆို နေ့တိုင်း သမ္မဒ္ဓေ (၁၀)ခေါက်ရွတ်ဦးမယ်။ သံစုံလည်းမြို့သမ္မဒ္ဓေလည်းထပ်ပူဇော်၊ ပူဇော်ဦးမယ်။ ပြီးရင် ကျွန်တော့်အပေါ် အရမ်းကောင်းတဲ့သူငယ်ချင်း ကိုဇော်ကြီးဆီသွားပြီး အရှေ့မြောက်ထောင့်မှာဘာရှိလဲသွားကြည့်ဦးမယ်။ ဘုရားပူဇော်ဖို့အဆင်ပြေရင် အဲဒီခုန ကြာပန်းပုံအနီရောင်မီးပွင့်မျိုးတယ်ပေးလို့ကဦးမယ်။ ကျွန်တော်လည်း ကုသိုလ်ရတာပေါ့။ အဆင်မပြေရင် အရှေ့မြောက်ထောင့်က အပြင့်လေးတစ်နေရာမှာပဲ အလှထားခိုင်းလိုက်တော့မယ်"

စကားတွေ အားရပါးရပြောပြီး တဟားဟားရယ်နေပြန်တော့၏။

မောင်မိုး။

ကရာတေးပညာကိုခါးစည်းအနက်ရသည်ထိ တစိုက်မတ်မတ်ကစားခဲ့သော သူ၏ဇွဲသည် အင်္ဂဝိဇ္ဇာပညာသင်ကြားရာတွင် အားပြည့်အင်ပြည့်စူးစိုက်မှုများဖြစ်လာခဲ့ရ၏။ ဆရာဘီလူးဟုဆိုလျှင် သူကိုသိကြ၏။ ကျွန်ုပ်၏ ဇွဲအား၊ လုံ့လအား၊ ဝီရိယအား စမ်းသပ်မှုများစွာကို အပြုံးမပျက်ကြုံကြိုခဲ့ရင်း ပညာကိုရအောင်သင်ယူခဲ့ရရှာသူဖြစ်သောကြောင့် သံယောဇဉ်များစွာဖြစ်ခဲ့ရပါသည်။

"ဆရာ"

"ဟေ"

"ပညာတော့ရပြီးပြန်ပြီ။ ညီလေးဦးခန်းဘက်ကူးပြီး ဝစ်တာသွားတီးလိုက်ဦးမယ် ညီအစ်ကိုနှစ်ယောက်"

"အေး - သွားလေ သား။ မင်းညီလေးကလည်း မနက်ထဲက ဝစ်တာတီးဖို့စောင့်နေတာ၊ ဖုန်းဆက်ထားတယ် ဆိုလို့ သွားသားသွား"

ဆရာဦးအောင်အောင်သန့်
(ရင်ကိုအေးခြောက်ဆယ်)

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း

ဘဝရှင်သန်ရာ သင့်လက်မှာ

ကျန်းမာသော်လည်း စိုးရိမ်သောကလွန်ကဲနေသည့် (မာလျက်နာ) ဝေဒနာရှင် (Hypochondrias) ၏ လက်ဝါးပုံစံ

အသက် (54) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသား၏ကျန်းမာသော်လည်း စိတ်ပိုင်းဆိုင်ရာသောကပွေ့နေခြင်းကြောင့် 'မာလျက်နာ' ဝေဒနာဖြစ်နေပုံကို ဒေါက်ပါအတိုင်း လေ့လာ တွေ့ရှိရသည်။

ဖော်ပြပါလက္ခဏာရှင်သည် ဥစ္စာဒွေကြေးကြွယ်ဝသော်လည်း ဘဝတစ်သက်တာအတွင်း မည်သည်ကိုမျှ မည်မည်ရရစိတ်ဝင်စားခြင်းမရှိတတ်သူဖြစ်သည်။ သူသည် 1914 မှ 1918 အတွင်း ဖြစ်ပွားခဲ့သောစစ်ပွဲအတွင်း၌ ဒဏ်ရာအကြီးအကျယ်ရရှိခဲ့သူဖြစ်သည်။

သရုပ်လေ့လာခြင်း

လက်ချောင်းများကိုလေ့လာပါက လက်ညှိုးသည် လက်သူကြွယ်ထက် တိုတောင်းနေခြင်းကြောင့် မိမိကိုယ်မိမိ တန်ဖိုးမထားတတ်သူ၊ စိတ်သိမ်ငယ်စိတ်များဖြင့် ရှုပ်ထွေးနေတတ်သူဖြစ်သည့်အပြင် လက်မတည်ဆောက်ပုံအားပျော့ခြင်းကြောင့် စိတ်ဓာတ်ခွန်အားပျော့ညံ့သူအဖြစ်ပါ တွေ့ရှိရသည်။

၎င်းပြင် ဦးခေါင်းလမ်းကြောင်းကို လေ့လာပါက ကျိုးပြတ်ရာများနေခြင်းကြောင့် ဦးခေါင်းနေရာ၌ ထိခိုက်ဒဏ်ရာရခဲ့ဖူးသူအဖြစ်တွေ့ရသည်။ လက်ဝါးပြင်ပါ လမ်းကြောင်းများ တည်ဆောက်ပုံမကောင်းခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါများရရှိတတ်ပြီး နှလုံးလမ်းကြောင်း သွားမန်ထက်မြင့်တက်နေခြင်းကြောင့် သနားကြင်နာစိတ်လျော့နည်းနေတတ်သူအဖြစ်တွေ့ရသည်။

ကောက်ချက်ချခြင်း

ဦးခေါင်းလမ်းကြောင်းအဆုံးသတ်ခါနီး၌ အပေါ်ဘက်သို့အနည်းငယ်ကွေးတက်နေခြင်းသည် အာရာရာသိမ်းပိုက်ရယူလိုစိတ်ရှိကြောင်းနှင့် ယောကျ်ားဆန်သောအမျိုးသမီးနှင့်လက်ထပ်ပြီးနောက်ပိုင်း အိမ်ထောင်ရေး၌ စိုးရိမ်လွန်ကဲရသောအဖြစ်များနှင့် ကြုံတွေ့ရသူ ဖြစ်ကြောင်း ဖော်ပြနေပါသည်။

ဖို-ပက်ရွယ်ဖြင့် စိုးရိမ်နေရသူ၏လက်ဝါးပြင်

အသက်(20)အရွယ်(အိမ်ထောင်မရှိသူ) မိန်းကလေးအား လေ့လာစစ်ဆေးရာ၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

ဖော်ပြပါလက္ခဏာရှင်မိန်းကလေးသည် စိတ်ရှုပ်ထွေး အနှောင့်အယှက်ဖြစ်စရာများကြုံတွေ့ပြီးနောက် စိတ်ပြန်လည်တည်ငြိမ်မှုရရန် ထိန်းချုပ်နိုင်စွမ်းမရှိသူဖြစ်သည်။ သူမ၏ဖခင်ဖြစ်သူမှာ မကြာခင်က ဆစ်ဖလစ်ရောဂါဇေဒနာရှင်ဖြစ်ခဲ့ခြင်းကြောင့် ဖခင်နှင့်ပတ်သက်၍ စိတ်သောကရောက်စရာများ ကြုံတွေ့ခဲ့ရသူဖြစ်သည်။

သရုပ်ခွဲလေ့လာခြင်း

ကာယကံရှင်၏လက်ချောင်းများ တည်ဆောက်ပုံအရ စိတ်ခံစားမှုဖြင့် အရာရာ ခံစားသိရှိ နားလည်တတ်သူဖြစ်သည်။လက်ညှိုးရှည်လွန်းပြီးလက်မ တည်ဆောက်ပုံအသင့်အတင့်ကောင်းနေခြင်းကြောင့် စိတ်ဓာတ်ခွန်အားရှိခြင်းကို ဖော်ပြပြီး လက်ချောင်းထိပ်ပိုင်း လက်ဆစ်ရိုးနေရာပျော့ပြောင်းခြင်းကြောင့် တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါလုပ်တတ်သူအဖြစ် တွေ့ရှိရသည်။

၎င်းအပြင် လက်ဝါးပြင်ပါ လမ်းကြောင်းများ အလွန်သေးမွှင်၍နည်းပါးနေခြင်းကြောင့် ခံစားတုံ့ပြန်မှုလျင်မြန်ကြောင်းတွေ့ရှိရသည်။ ရှည်လျားသော ဦးခေါင်းလမ်းကြောင်းသည် စဉ်းစားစားလုပ်တတ်သည်၊ အရာရာလေ့လာတွက်ချက်တတ်သည့်သဘောရှိကြောင်းဖော်ပြပြီး နှလုံးလမ်းကြောင်းတည်ဆောက်ပုံကောင်းခြင်းကြောင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်း၌ ညီညွတ်မှုတမှုရှိနေသည်ကို တွေ့ရသည်။

နမူနာလက်ဝါးပြင်မှာ (A)နေရာရှိ (via Lasciva) နှင့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ အားကောင်းခြင်းတို့ကြောင့် လိင်ကိစ္စများ၌ ဆန္ဒပြင်းထန်တတ်သူအဖြစ် တွေ့ရသည်။

မျက်နှာတည်ဆောက်ပုံလေ့လာရာ၌ ဘဲဥပုံမျက်နှာပုံရှိပြီး နှိညှိရောင့်ရဲဆင်မှုပါရှိသည်။ အရပ်အမောင်းအားဖြင့် အသင့်အတင့်ရှည်(ကြီး)ပြီး နှိန့်ရောင့်အသားအရေပါရှိသည်။ လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com

ပြင်(နမူနာ)ပုံပါ(B)နေရာသည် အသက် (၁၀) နှစ်မှ (၁၂) နှစ်အတွင်း ဘဝရပ်တည်နေထိုင်ခဲ့ရပုံများကို ဖော်ပြသည်။

ကောက်ချက်ချခြင်း

လက်ဝါးပိုင်ရှင်၏ကံလမ်းကြောင်းထင်ရှားခြင်းနှင့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ အားကောင်းခြင်းတို့ကြောင့် ဘဝရပ်တည်မှုအတွက် ခွန်အားဖြစ်စေသော်လည်း စိတ်ပိုင်းဆိုင်ရာအရ ဖို-မကိစ္စ၌ ဝီးရိမ်ထိတ်လန့်မှုလွန်ကဲနေသူဖြစ်သည်။

အိမ်ထောင်ရေး၌ သဟဇာတမဖြစ်သူ အမျိုးသမီး၏လက်ဝါးပုံစံ

အသက် (29) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသမီးတစ်ဦးအား လေ့လာရာ၌ဘဝတစ်သက်တာတစ်လျှောက် အရာရာစိတ်ဝင်စားမှုနည်းသူ၊ ပျင်းရိဦးငွေ့ဖွယ်ဘဝ၌ ရပ်တည်နေရသူ၊ သားသမီးလုံးဝမထွန်းကားသူအဖြစ် တွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

အဆိုပါ လက်ဝါးပိုင်ရှင်၏ လက်ချောင်းများတည်ဆောက်ပုံအရ လက်ချောင်းထိပ်ဖျားများချွန်နေသောကြောင့် စဉ်းစဉ်းစားစားလုပ်တတ်သူ၊ အနုပညာရသကို ခံစားတတ်သူအဖြစ် ဖော်ပြနေသော်လည်း လက်တွေ့ဘဝနှင့် လုံးဝကွာခြားနေသည်ကို တွေ့ရှိရသည်။ လက်ဝါးပြင်အပြင်ဘက်ခွန်းနေရာပြားနေပြီး လက်မအနေအထား ထူးထူးခြားခြား တောင့်တင်းသန်မာခြင်းမရှိသောကြောင့် မထုံတက်သေးနိုင်သူ၊ သွေးဆောင်ဖြားယောင်းရန်လွယ်ကူသူ၊ မိမိဘဝ ကိုယ်တိုင် စိမ်ဆုံးဖြတ်ရန်အတွက် စိတ်ဓာတ်ခွန်အားမရှိသူအဖြစ် တွေ့ရသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများ အလွန်သေးမွှင်၍ များပြားခြင်းမရှိသောကြောင့် အာရုံခံစားသိရှိမှုအပေါ် တွဲမြန်နိုင်မှုနှေးကွေးသူအဖြစ်တွေ့ရပြီး အသက်လမ်းကြောင်းမှန်ဝါးသေးမွှင်သောကြောင့် ကိုယ်ခံစွမ်းအားလျော့နည်းနေသူအဖြစ်ပါ တွေ့ရှိရသည်။ အသက်လမ်းကြောင်းသည် အသက် (22) နှစ်အရွယ်၌ သေးမွှင်စွာ အစပြုခဲ့သည်။

အဓိကလမ်းကြောင်းကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းဖြောင့်တန်း၍ မိုနိုဖျောနေခြင်းကြောင့် လက်တွေ့တွက်ချက်စိမ်ဆုံးဖြတ်နိုင်သူအဖြစ်လည်းကောင်း၊ နှလုံးလမ်းကြောင်းရှည်လျားဖြောင့်တန်းပြီး လက်ညှိုးအောက်မှအစပြုနေခြင်းကြောင့် တိကျမှန်ကန်သောတွေးခေါ်စိတ်ကူးမှုများရှိသူအဖြစ်လည်းကောင်း လေ့လာတွေ့ရှိရသည်။

ထို့ပြင် လက်ချောင်းများအောက်ခြေမှပတ်ထားသော သောကြာခါးပတ်တည်ဆောက်ပုံက စိတ်ပိုင်းဆိုင်ရာခံစားသိရှိလွယ်သူအဖြစ် ဖော်ပြပါသည်။

ကောက်ချက်ချခြင်း

ဖော်ပြပါလက္ခဏာရှင်အမျိုးသမီး၏ခင်ပွန်းသည်အနေဖြင့် နှစ်လိုဖွယ်၊ ခင်မင်ဖွယ်ကောင်းသော်လည်း ရုပ်ဝါဒအပေါ် ဦးစားပေးလွန်းသောကြောင့် အိမ်ထောင်ရေး၌ သဟဇာတမဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

လက္ခဏာရှင်၏ အသက်လမ်းကြောင်းသည် အသက်(22) နှစ်အရွယ်၌ စတင်ထင်ရှားလာခဲ့ပြီး အိမ်ထောင်ကျပြီးနောက် ခံးသီးသောအတွေ့အကြုံများနှင့် စတင်ရင်ဆိုင်ခဲ့ရသုဖြစ်သည်။

အလိုဆန္ဒများအား ထိန်းချုပ်ထားသူ၏ လက်ဝါးပုံစံ

အသက်(30)အရွယ် အိမ်ထောင်မရှိသူအမျိုးသားအား လက္ခဏာပညာဖြင့်လေ့လာရာ၌ စိတ်ပိုင်းဆိုင်ရာချုပ်တည်းမှုအမျိုးမျိုးကြောင့် သွေးတိုးရောဂါနှင့် အိပ်မပျော်သောရောဂါဝေဒနာတို့ကို ခံစားနေရကြောင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်မမှလွဲ၍ ကျန်ရှိလက်ချောင်း (၄)ချောင်းစလုံး တိုတောင်းခြင်းကြောင့် ဝီဇစိတ်ဖြင့် ထိုးထွင်း၊ သိမြင်၊ နားလည်တတ်သူ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းခံစားမှုအမျိုးမျိုးအပေါ် တုံ့ပြန်မှုလျင်မြန်သူအဖြစ် တွေ့ရပြီး လက်ချောင်း(၄)ချောင်းစလုံး၏ထိပ်ဖျား၌ အလိပ်လိုက်ပွေ့ကိုယ်စီပါရှိခြင်းကြောင့် လွတ်လပ်မှုကိုမြတ်နိုးသူဖြစ်သော်လည်း ဝိမိအလိုဆန္ဒကို ထိန်းချုပ်နိုင်သူအဖြစ် တွေ့ရှိရသည်။

လက္ခဏာရှင်၏ လက်မတည်ဆောက်ပုံကို သိခြားလေ့လာပါက လက်မ၏ထူခြားစွာကြီးမားနေမှုကြောင့် စိတ်ဓာတ်ခွန်အား (သို့) စိတ်တန်ခိုးရှိသူ (သို့) အလိုဆန္ဒရှိသည့်အတိုင်း အရာရာအစိုးရသူအဖြစ် တွေ့ရှိရသည်။

၎င်းအပြင် လက်ဝါးပြင်ပါလမ်းကြောင်းများ များပြားရှိ ထင်ရှားနက်ရှိုင်းနေခြင်းက စိတ်ပိုင်းဆိုင်ရာအလိုဆန္ဒအားလုံးအား တင်းကျပ်စွာ ထိန်းချုပ်နိုင်သူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းနေခြင်းကြောင့် အတွက်အချက်တော်သူ၊ အမြော်မြင်ကြီးသူ၊ အပိုင်ကြံတတ်သူအဖြစ် သတ်မှတ်နိုင်ပြီး နှလုံးလမ်းကြောင်းအောက်သို့နိမ့်ဆင်းလျက် ၎င်း၏လမ်းကြောင်းခွဲတစ်ခုက ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းအစနေရာသို့ ရောက်ရှိနေခြင်းကြောင့် မိမိချစ်ခင်နှစ်သက်သူ (သို့) ရုပ်ဝတ္ထု၊ ပစ္စည်းများအား ပိုင်စိုးပိုင်နင်းသဘောထားတတ်သူ (သို့) တစ်ဦးတည်းမူပိုင်လုပ်တတ်သူအဖြစ် လေ့လာတွေ့ရှိရသည်။

ထို့ပြင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပြုနေရာ၌ တင်းကျပ်စွာချိတ်ဆက်နေခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အရာရာ သတိကြီးစွာထားတတ်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

ၦင်းပြင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့၏အစပြုရာနေရာ၌ ကျန်းခံနေခြင်းကြောင့် ငယ်ရွယ်စဉ်ကာလများအတွင်း လက်ရှိအနေအထားထက်ပိုသော ဆတ်ဆတ်ထိမခံနိုင်သည့် စိတ်ရှိသူဖြစ်ကြောင်းဖော်ပြသည်။

နမူနာပုံတွင်ပါရှိသည့် လက်ဝါးပြင်၏ (A) အမှတ်တွင် အသက်လမ်းကြောင်း၏အကူလမ်းကြောင်းတစ်ခုပါရှိနေခြင်းကြောင့် ပြင်ပမှရောဂါဝေဒနာနှင့် ကူးစက်ရောဂါများမဝင်ရောက်လာစေရန် အကာကွယ်ပေးနေကြောင်း လေ့လာတွေ့ ရှိရသည်။ အဆိုပါ အကူလမ်းကြောင်းအား ဇီဝကမ္မဆိုင်ရာအားနည်းမှုရှိနေသူများထံ၌သာ တွေ့ရတတ်သည်။

လက်ဝါးပြင်ပါလမ်းကြောင်းများ (အားလုံးလိုလို)ပေါ်၌ အစက်အပြောက်များပါရှိခြင်း၊ လမ်းကြောင်းအဆုံး အနားသတ်များမထင်ရှားခြင်းနှင့် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ကြားနေရာကွက်လပ်၌ ထွန်ကြောင်းပုံစံအမြောင်းမြောင်းအစင်းရာများရှိနေခြင်းတို့က ခန္ဓာကိုယ်တွင်းလည်ပတ်နေသည့် သွေးအတွင်း အက်စစ်ပါဝင်မှုအခြေအနေ (မကောင်းခြင်း) ကို ဖော်ပြနေပါသည်။

ကောက်ချက်ချခြင်း

လက်ချောင်းထိပ်များများပေါ် အလိပ်လိုက်ပွေပါရှိခြင်းကြောင့် သိုသိုသိပ်သိပ်လုပ်တတ်သူ၊ အလိုဆန္ဒရှိခြင်းကို သိသာအောင် ထုတ်ဖော်ပြသခြင်း မရှိဘဲ နိုင်နင်းစွာထိန်းချုပ်နိုင်သူ၊ သတိကြီးသူအဖြစ်သတ်မှတ်နိုင်ပြီး ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံဖြောင့်တန်းအားကောင်းခြင်းကြောင့် အတွက်အချက်ကောင်း၍ အမြော်မြင်ကြီးသူအဖြစ်ပါ တွေ့ရှိရသည်။

လက်ဝါးပြင်ပါ(B)အမှတ်သားကဖော်ပြချက်အရ အိပ်မပျော်သောရောဂါခံစားရမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် သွေးလည်ပတ်မှု၌ ပြဿနာရှိလာပါသည်။ အလိုဆန္ဒများအပေါ် ချုပ်တည်းနိုင်ခြင်းကြောင့် ကောင်းကျိုးများရှိခဲ့သော်လည်း လွန်ကဲမှုရှိခဲ့ခြင်းကြောင့် နောက်ဆုံး၌ ကင်ဆာရောဂါ (ကြီးတင်လက္ခဏာ)များ ပေါ် ပေါက်လာနိုင်ကြောင်း ကြိုတင်ကောက်ချက်ချနိုင်ပါသည်။

ပစ်ကျွေးထရိုဂလင်း Active ဖြစ်နေသော သူ၏ လက်ဝါးပုံစံ

အသက် (36) နှစ်အရွယ် (အိမ်ထောင်မရှိသူ)အမျိုးသား၏ ခေါင်းကိုက်မူးဝေခြင်းဝေဒနာခံစားနေရခြင်းအပေါ် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံအရ စိတ်ပိုင်းဆိုင်ရာ ခံစားတုံ့ပြန်မှုများ လျင်မြန်သွက်လက်ကြောင်း တွေ့ရှိရသည်။ သို့သော် လက်မကိုလေ့လာရာ၌ တည်ဆောက်ပုံ အားနည်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားလျော့နည်းချို့တဲ့သူဖြစ်ပြီး ဦးခေါင်းလမ်းကြောင်းရှည်လျားသော်လည်း မထင်ရှားသောကြောင့်(သို့) လမ်းကြောင်းပေါ်၌ ဖွာနေသောအရာများနှင့် ချိုင့်ခွက်ပုံစံများပါရှိခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါတစ်ခုခုရနိုင်ကြောင်း ထင်ရှားစွာဖော်ပြနေပါ သည်။

တစ်ဖန် နှလုံးလမ်းကြောင်းကို လေ့လာပါက အောက်ဘက်သို့နိမ့်ဆင်းနေသောကြောင့် စိတ်ထားနုံ့ညံ့သိမ်မွေ့သူ၊ စိတ်ကူးယဉ်တတ်သူ၊ သနားကြင်နာစာနာတတ်သူအဖြစ် တွေ့ရှိရသည်။

ထို့ပြင် လက်ဝါးပြင်ပေါ်၌ အစင်းအမြောင်းရာများပါရှိပြီး (အထူးသဖြင့်) ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့အကြားရှိ တြိဝံအတွင်း၌ အစင်းအမြောင်းရာများရှိနေခြင်း၊ ဦးခေါင်းလမ်းကြောင်း၏ အဆုံးသတ်နေရာမှ အသက်လမ်းကြောင်းအထိရှိနေသော လမ်းကြောင်းတစ်ခုအား အခြားလမ်းကြောင်းတို့များက ဖြတ်တောက်နေခြင်းတို့ကြောင့် ခန္ဓာကိုယ်အတွင်း မရှိမဖြစ်သော ဆားဓာတ်များချို့တဲ့နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကောက်ချက်ချခြင်း

လက္ခဏာအရေးအကြောင်းများ၏ ဖော်ပြချက်အရ စိတ်ဓာတ်ခွန်အားလျော့နည်းသူဖြစ်ခြင်းကြောင့် စိတ်အလိုလိုက်၍ တစ်ခါတစ်ရံ အရက်၊ ဘီယာသောက်သုံးတတ်သည်။ ထို့အပြင် ဦးနှောက်အောက်တွင်ရှိ ခန္ဓာကိုယ်ဖွံ့ထွားမှုအတွက် ဟော်မုန်းဓာတ်ထုတ်ပေးသော ပစ်ကျွေးထရိဂလင်း Activeဖြစ်နေခြင်းကြောင့် ကျန်းမာရေးထိခိုက်လာဖွယ်ရှိနေသူ ဖြစ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသူ၏ လက်ဝါးပုံစံ

အသက် (45) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသားတစ်ဦးအား လေ့လာရာ၌ အောက်ပါအတိုင်း တွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံအရ လျင်မြန်စွာစဉ်းစားဆုံးဖြတ်နိုင်သည့် သဘောဖော်ပြပြီး လက်ညှိုးတိုတောင်းလွန်းခြင်းက မိမိကိုယ်မိမိ တန်ဖိုးထားရကောင်းမှန်းမသိသူဖြစ်ကြောင်း အသိပေးနေပါသည်။

ၦင်းပြင် လက်မတည်ဆောက်ပုံတောင့်တင်းခိုင်မာမှုရှိသော်လည်း ထိပ်များပိုင်း လက်ဆစ်ရိုးပျော့ပျောင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်ခံစားမှုနောက်လိုက်တတ်သူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူအဖြစ်ပါ တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းရှည်လျား ဖြောင့်တန်းခြင်းကြောင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းမျှတသူ စိစစ်တွက်ချက်ချင့်ချိန်တတ်သူအဖြစ်တွေ့ရပြီး အသက်လမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အစပိုင်း၌ တစ်ခုနှင့်တစ်ခုတင်းကျပ်စွာ ချိတ်ဆက်နေခြင်းကြောင့် အားငယ်ဝမ်းနည်းတတ်သူအဖြစ် တွေ့ရှိရသည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက လက်ဝါးပြင်အပြင်ဘက်အစွန်းနေရာထိရောက်ရှိနေပြီး အစက်အပြောက်များပါရှိသည်ကိုတွေ့ရသည်။

ကောက်ချက်ချခြင်း

လေ့လာ တွက်ချက်မှုများအရ အသက်အရွယ် ကြီးရင့်လာလေလေ အာရုံကြောဆိုင်ရာရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါများ ပိုမိုဝင်ရောက်လာတတ်သည်။

နှလုံးကြွက်သားအားနည်းယိုယွင်းသောရောဂါရှိနေသူ၏ လက်ဝါးပြင်

အသက် (30) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသားတစ်ဦးအား အောက်ပါအတိုင်း လေ့လာ၍ အဖြေထုတ်ခဲ့သည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံအရ စဉ်းစားဆင်ခြင်စွာလုပ်ကိုင်တတ်သူ၊ ခွဲခြမ်းစိတ်ဖြာတတ်သူအဖြစ်တွေ့ရသော်လည်း လက်မတည်ဆောက်ပုံအားနည်းခြင်းကြောင့် စိတ်ဓာတ်ခွန်အားလျော့နည်းသူအဖြစ် တွေ့ရပါမည်။ လက်ဝါးပြင်ပါ လမ်းကြောင်းများသည် နက်ရှိုင်းထင်ရှားပြီး ဦးခေါင်းလမ်းကြောင်းအနေဖြင့် ဖြောင့်တန်းကျယ်ပြန့်လျက်ရှိသည်ကိုတွေ့ရမည်။ သို့သော်လည်း ဦးခေါင်းလမ်းကြောင်း၏ အထက်အောက်အစွန်း(၂)ဖက်က ညီညာမှုမရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာအလိုဆန္ဒများကို ထိန်းချုပ်နိုင်သူအဖြစ် တွေ့ရသည်။

ထို့ပြင် လတ်မအောက်ခြေမှလမ်းကြောင်းများက အသက်လမ်းကြောင်းအား ကန့်လန့်ဖြတ်ထားခြင်းမရှိသောကြောင့် လွတ်လပ်စွာတွေးခေါ်စိတ်ကူးတတ်သူအဖြစ် တွေ့ရသည်။

နှလုံးလမ်းကြောင်းကို လေ့လာပါက ထူထဲထင်ရှားသော်လည်း လမ်းကြောင်းတစ်လျှောက် အစင်းအမြောင်းရာများ ပါရှိနေသည်ကို တွေ့ရှိရသည်။ အသက်လမ်းကြောင်းသည် မှန်ဝါးသေးမျှင်ရာမှ တဖြည်းဖြည်းပျောက်လာလုနီးဖြစ်လာသောကြောင့် နှလုံးကြွက်သားအားနည်း ယိုယွင်းသော ရောဂါများဝင်ရောက်လာခြင်း ဖြစ်သည်။

ကောက်ချက်ချခြင်း

လက်ဖဝါးလမ်းကြောင်းများအရ စိတ်ပိုင်းဆိုင်ရာအလုပ်လုပ်ပုံ မြင့်တက်နေပြီး အသေးအဖွဲတလေးများပါမကျန် ခွဲခြမ်းစိတ်ဖြာတတ်သူဖြစ်သည်။ နှလုံးလမ်းကြောင်း အားကောင်းသည့်ပြင် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်း ကြားနေရာကျယ်ပြန့်နေခြင်းကြောင့် စဉ်းစားတွေးတောမှုများ အကန့်အသတ်မရှိ (လွတ်လပ်စွာ) နယ်ချဲ့နိုင်သူဖြစ်သည်။ သို့သော်လည်း ဦးခေါင်းလမ်းကြောင်း ကျယ်ပြန့်ဖြောင့်တန်းနေခြင်းကြောင့် စိတ်ကူးရှိသလို ပြုမူနိုင်ခြင်းမရှိစေရန် ထိန်းချုပ်ပေးနိုင်သူဖြစ်သည်။

အထက်ပါနှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အနေအထားအရ အားသာ-အားနည်းချက်များအပေါ် ညီညွတ်စွာ မျှတစွာ ထိန်းပေးနိုင်သော်လည်း အသက်လမ်းကြောင်း (ပျောက်လုနီးပါး)မှိန်ဖျော့နေခြင်းကြောင့် အသက်အန္တရာယ်ရှိသည်အထိ ကျန်းမာရေးအခြေအနေဆိုးရွားလာနိုင်ပါသည်။

နှလုံးရောဂါရှိနေသူ၏ လက်ဝါးပုံစံ

အသက် (45) နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသားတစ်ဦးအား လေ့လာစစ်ဆေးရာ၌ အောက်ပါအတိုင်း တွေ့ရှိရသည်။

သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများတည်ဆောက်ပုံတိုတောင်းနေခြင်းကြောင့် ခံစားမှုအပေါ် လျင်မြန်စွာတုံ့ပြန်နိုင်သူ၊ ထိုးထွင်းသိမြင်တတ်သူအဖြစ် တွေ့ရသည်။ လက်ဝါးပြင်ပိုင်ရှင်၏ လက်ခလယ်ထိပ်ဖျားပိုင်း၌ စုပေါင်းဝေပါရှိနေခြင်းကြောင့် လက်တွေ့ကျကျ ပြောဆိုလုပ်ကိုင်တတ်သူ၊ ရုပ်ပိုင်းဆိုင်ရာဘက်သို့အားသန်သူ၊ အရာရာ၌ တစ်လမ်းသွားနည်းကိုသာ လက်ကိုင်ပြုပြီး အလျှော့၊ အတင်းဖြင့် ညှိနှိုင်းရှင်းမရတတ်သူဖြစ်နေသည်ကိုတွေ့ရသည်။

လက်မတည်ဆောက်ပုံကိုလေ့လာပါက တောင့်တင်း သန်မာပြီး ထိပ်ဖျားပိုင်း (လက်ဆစ်နှိုးအပေါ်ပိုင်း)၌ အနည်းငယ်ဖောင်းကားစူထွက်နေသည်ကို တွေ့ရသည်။ ထိုအနေအထားသည် ခေါင်းမာတတ်သူ (သို့) ဇွတ်တရွတ်နိုင်သူအဖြစ် ဖော်ပြသည်။

ဦးအောင်ခင်

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သိကြားမင်းသည် အရှင်မြတ်တို့၏ မိန့်ကြားတော်မူသည့်အတိုင်း သာသနာပြုနိုင်မည့် တာဝတိံသာရှိ နတ်သားတစ်ဦးကို တောင်းပန်ရာ ထိုနတ်သားကလည်းဝန်ခံပြီး ပုဏ္ဏားမကြီး ထစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေခဲ့သည်။ မြန်မာနှစ် ၃၉၄၊ အေဒီ ၁၀၃၂ ခုနှစ်တွင် ဓမ္မဒဿီမည်သော ရှင်အရဟံ မထေရ်လောင်းလျာကို ဖွားမြင်ခဲ့သည်။ ၎င်းသည် သာမဏေမပြုမီကပင် ပေဒင်လေးပုံတို့ကို ကျွမ်းကျင်စွာတတ်မြောက်ခဲ့သည်။ ၎င်းကို အရှင်သီလဗုဒ္ဓိအမည် ရှိသော ရဟန္တာအရှင်မြတ်က စောင့်ရှောက်ခဲ့သည်။

၎င်းသည် သာမဏေပြုပြီးနောက် ပိဋကတ်သုံးပုံကို ပါဠိ၊ အဋ္ဌကထာနှင့် ကဲကုသိုလ်ပြုသူ ဖြစ်သည်။ မိခင်ကြီးသည် စာရေးသူအား အသက်ထစ်ဆယ့်နှစ်နှစ်ခန့်အရွယ်မှစတင်၍ 'ရှင်အရဟံ ပုတီးစိပ်နည်း' ကိုသင်ကြားပေးပြီး နေ့စဉ် သက်စေ့ထက်တစ်လုံးပိုကာ စိပ်ခိုင်းခဲ့သည်။ ထို့နောက် ရှင်အရဟံအကြောင်းနှင့် ရှင်အရဟံပုတီးစိပ်နည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ပြောပြခဲ့သည်။

❑ ရှင်အရဟံမထေရ်မြတ်၏ထေရပ္ပတ္တိ

တမ္ဗဒီပတိုင်း အရိမဒ္ဒပုရပုဂံပြည်တွင် မြတ်စွာဘုရားရှင်၏ သာသနာတော် ထွန်းကား စည်ပင်လိမ့်မည်ဟူသော ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားစေရန် ရည်ရွယ်၍ ရဟန္တာအရှင်မြတ်များသည် သီကြားမင်းထံသို့ သွားရောက်၍ သာသနာပြုနိုင်မည့် ပုဂ္ဂိုလ်အား တောင်းပန်ပေးရန် မိန့်ကြားတော်မူခဲ့သည်။

လူသားများ၏အဝဟူသည်ကား-

ဇာတိဟုခေါ်သော မွေးဖွားခြင်းမှ အစပြု၍ မရဏ တည်းဟူသော သေခြင်းတွင် လမ်းဆုံးသည်။ ထိုခရီးသို့ လျှောက်လှမ်းစဉ် ပျော်ရွှင်ကြည်နူးခြင်းများနှင့်တွေ့ကြုံရပြီး ပန်းခင်းသောလမ်းကိုလျှောက်လှမ်းရသကဲ့သို့ ဆင်းရဲပင်ပန်းခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ အခက်အခဲအတားအဆီးများနှင့်ကြုံတွေ့ရခြင်းဟူသော ဆူးခင်းလမ်းကိုလည်းလျှောက်ကြရပါသည်။ ထိုသို့သော ခက်ခဲကြမ်းတမ်းသည့် လောကဓံတရားနှင့်ရင်ဆိုင်ရသောအခါ လူတို့၏စိတ်၌ သောကဗျာပါဒတရားတို့ဖြစ်ပေါ်လာပါသည်။

ဗုဒ္ဓဘာသာဝင်များအတွက်မူကား-

ရတနာမြတ်သုံးပါးကိုဦးထိပ်ထားပြီး ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်များ ပြုခြင်းကြောင့် ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်းမှ သက်သာကင်းဝေးနိုင်သည်ဟု ယုံကြည်ကြသည်။ အည့ဲကိန်းနှင့်ကြုံသည့်တိုင် အောင် အည့ဲမှသက်သာခြင်း ကင်းဝေးလွင့်စင်ပပျောက်စေသည်ဟု ယူဆကြပါသည်။ ကောင်းမှုကုသိုလ်ကံစေတနာကြောင့် တစ်ထောင်ရမည့်ကိန်းရှိသူသည် တစ်သိန်းရကိန်းရှိပေသည်။

စာရေးသူ၏ မိခင်ကြီးသည် ဗုဒ္ဓဘာသာကို လွန်စွာကြည်ညိုသူဖြစ်ပြီး နေ့စဉ် ဘုရားဆွမ်းတော်ကပ်ခြင်း၊ ပန်းလှူခြင်း၊ ဥပုသ်နေ့တိုင်း သီလဆောက်တည်ခြင်း၊ စိပ်ပုတီးစိပ်ခြင်းဖြင့် အာစိဏ္ဏ

ရိရိငြိုး

ဝိဇ္ဇာရိရဒေါ်မြမလေး လှုံ့ဆြံ့နိုးသည့် ရွာကွေ့ယမရှင်အရဟံနောက်ဆက်တွဲဂါထာတော်

www.burmeseclassic.com

www.burmeseclassic.com

တက္ခ်ိဳသင်ကြား တတ်မြောက်ခဲ့သည်။ ထို့နောက် သထုံပြည်၌ အပပမာဒတရား တော်ကို လက်ကိုင်ထားပြီး ကမ္ဘဋာန်း တရားအားထုတ်ခဲ့ရာ ရဟန္တာအရှင်မြတ် ဖြစ်ခဲ့သည်။ မြန်မာနှစ် ၄၁၅၊ အေဒီ ၁၀၅၃ ခုနှစ်တွင် ရှင်အရဟံသည် သုဝဏ္ဏဘူမိ သထုံပြည်မှ ပုဂံပြည်သို့ကြွ ရောက်လာခဲ့သည်။ ပုဂံပြည်အနီးရှိ တောအုပ်တစ်ခုတွင် သီတင်းသုံးနေစဉ် မုဆိုးတစ်ဦးနှင့် တွေ့ဆုံရာမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com

အနော်ရထာမင်းနှင့် တွေ့ဆုံခဲ့သည်။ ရှင်အရဟံသည် ထေရဝါဒတရားတော်ဖြစ်သည့် အပ္ပမာဒတရားတော်ကို ဟောကြားရာ မင်းကြီးလည်း အတိုင်းထက် အလွန် သဒ္ဓါတရားပြင်းပြစွာဖြင့် ကြည်ညိုခဲ့သည်။ ရှင်အရဟံသည် သာသနာတော်သို့ ဝင်ရောက်လိုသည့် တိုင်းသူပြည်သားအပေါင်းတို့ကို ဝိနည်းတော်နှင့် အညီ ရှင်သာမဏေပြုပေးလိုသောကြောင့် ပိဋိကတ်သုံးပုံနှင့်ဗုဒ္ဓဓာတ်တော်မွေတော်များရှိသည့် သုဝဏ္ဏဘူမိမင်းထံတောင်းခံရန် လမ်းညွှန်ခဲ့သည်။ အနော်ရထာမင်းကြီးသည် ကျောက်သံပတ္တမြားစသည့် လက်ဆောင်ပဏ္ဏာများဆက်သပြီး ကောင်းမွန်စွာ တောင်းခံသော်လည်း သုဝဏ္ဏဘူမိပြည့်ရှင် မနုဟာမင်းက မခွေမငဲ့ဆက်ဆံသောကြောင့် နှစ်နှိုင်ငံစစ်မက်ဖြစ်ပွားခဲ့ရပါသည်။ နောက်ဆုံးတွင် အနော်ရထာမင်း စစ်နိုင်သဖြင့် ပိဋကတ်သုံးပုံနှင့်တကွ ဓာတ်တော်မွေတော်များအပြင် ပိဋကတ်တတ်မြောက်သော အရိယာသံဃာတစ်ထောင်ကိုပါ ပုဂံပြည်သို့ ပင့်ဆောင်လာခဲ့သည်။

သို့ဖြင့် ထေရဝါဒသာသနာတော်သည် ပုဂံပြည်တွင်နေလိုလလိုထွန်းလင်းတောက်ပခဲ့ပါသည်။ ရှင်အရဟံသည် အနော်ရထာမင်း၊ စောလူးမင်း၊ ကျွန်စစ်သားမင်း၊ အလောင်းစည်သူမင်း စသည့် မင်းလေးဆက်တိုင်တိုင် သာသနာတော်ကြီးသန့်ရှင်းရေး၊ တည်တံ့ပြန့်ပွားရေးများကို အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။ ရှင်အရဟံသည် နှစ်ပေါင်း (၆၀) ခန့် သာသနာပြုပြီးနောက် ဘုရားထီးဆောင်းနေရာတော်၌ ပရိနိဗ္ဗာန်ပြု သွားခဲ့သည်။

❑ ရှင်အရဟံပုတီးစိပ်နည်းပေါ်ပေါက်လာခြင်း

ရှေးယခင်က ထိုပုတီးစိပ်နည်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်နေခဲ့သည်။ ဆဋ္ဌသင်္ဂါယနာပွဲကို မြန်မာပြည်ရှိ ကမ္ဘာအေးစေတီတော်ရှိလိုဏ်ဂူတော်၌ကျင်းပစဉ်ကြွရောက်လာသော ဆရာတော်တစ်ပါး၏ ဖြန့်ဝေမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရှင်အရဟံပုတီးစိပ်နည်း ပျံ့နှံ့သွားခဲ့ပါသည်။

ပုတီးစိပ်နည်းစာအုပ်တွင် ရေးသား ဖော်ပြထားသည်မှာ -

ဆရာတော်ကြီးတစ်ပါးသည် တောအရပ်၌ တစ်ပါးတည်း ဧကစာရိကျင့်တော်မူစဉ် အမျိုးသမီးငယ်တစ်ယောက် ရောက်ရှိလာခဲ့သည်။ ဆရာတော်ကြီးက စကားမပြောလို၍ တရားဆက်ကျင့်နေရာ ထိုအမျိုးသမီးသည် နာရီပေါင်းများစွာကြာသည့်တိုင်အောင်စောင့်ဆိုင်းနေခဲ့သည်။ နောက်ဆုံးတွင် ထပြန်သွားခဲ့သည်။ ဤသို့ဖြင့် သုံးရက်တိတိ ထပ်မံရောက်လာခဲ့သည်။ထိုအခါ ဆရာတော်ကြီးသည် ဤအမျိုးသမီး၌ အကြောင်းတစ်စုံတရာရှိမည်ဟုယူဆပြီး -

"ဒကာမ၊ ဤနေရာသို့ မည်သည့် အကြောင်းကြောင့်ရောက်ရှိလာသနည်း"

ဟု မေးမြန်းရာ အမျိုးသမီးငယ်က-

"တပည့်တော်မလာရောက်ရခြင်း အကြောင်းရင်းမှာ ရှင်အရဟံပုတီးစိပ်မန္တန်တော် လျူဒါန်းလို၍ လာရောက်ခြင်းဖြစ်ပါတယ် ဘုရား"

ဟုပြန်လည်လျှောက်ထားခဲ့သည်။

ထိုအမျိုးသမီးမှာ အသက် (၁၈) နှစ်အရွယ်မျှထင်ရသော်လည်း သုဝဏ္ဏဘူမိပြည်တွင် မနုဟာမင်း နန်းတက်တော်မူသည့်နေ့က သူမ မင်္ဂလာဆောင်နှင်းသောနေ့ဖြစ်ကြောင်း ပြောပြရာ ဆရာတော်ကြီးပင် အံ့အားသင့်သွားခဲ့သည်။ ထိုမှဆက်၍ ဤသို့နှုတ်ကာ အသက်ရှည်ခြင်းမှာ ရှင်အရဟံအရှင်မြတ်၏မန္တန်တော်ကြီးကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပုတီးစိပ်ကာ ပွားများအားထုတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ သူမ၏ ခင်ပွန်းသည် အနည်းငယ်မျှ အားထုတ်ခြင်းဖြင့် အသက်တစ်ရာကျော်နေသွားရကြောင်း လျှောက်တင်ခဲ့သည်။

သူမသည် ဆန်ရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသူဖြစ်ပြီး ဤမန္တန်တော်ကြီးကို နေ့စဉ်ရွတ်ဖတ်ခြင်းကြောင့် သူမဆန်များမှာ နေ့စဉ်ရောင်းချသော်လည်း လျော့သွားခြင်းမရှိဘဲ တောင်းထဲ၌ အပြည့်ရှိနေကြောင်း လျှောက်တင်ခဲ့ပါသည်။

ဤသို့ဖြင့် စာရေးသူလည်း ရှင်အရဟံပုတီးစိပ်နည်းဖြင့် ပုတီးစိပ်ခဲ့ပါသည်။ စာရေးသူသည် အိမ်ထောင်ကျပြီး သားသမီး(၄)ဦးမွေးဖွားကာ အစစအဆင်ပြေခဲ့ပါသည်။

စာရေးသူ အသက်(၃၅)နှစ်တွင် သေဘေးနှင့်ကြုံတွေ့ခဲ့ပါသည်။ စာရေးသူနှင့် ခင်ပွန်းဖြစ်သူတို့သည် ညနေစောင်း၌ မင်္ဂလာဒုံစစ်ဆေးရုံမှ စမ်းချောင်းသို့ ဆိုင်ကယ်ဖြင့်ပြန်လာခဲ့ပါသည်။ ထိုအချိန်အခါက ဆိုင်ကယ်မီးဦးထုပ်ဆောင်းရန်ခေတ်မစားသေးသဖြင့် စာရေးသူတို့နှစ်ယောက်စလုံး ဦးထုပ်ဆောင်းမထားပါ။ (၉) မိုင်သို့အရောက်တွင် အိမ်ပြန်လာသည့်နွားတစ်အုပ်နှင့် တွေ့ခဲ့သည်။ ထိုနွားအုပ်ထဲမှ နွားတစ်ကောင်သည် စာရေးသူတို့စီးလာသည့် ဆိုင်ကယ်နောက်သို့အပြေးလိုက်လာပြီး ခွေ့တော့သည်။ စာရေးသူ၏ခင်ပွန်းကလည်း နွားလိုက်မမိနိုင်ရန် အရှိန်ပြင်းပြင်းနှင့် မောင်းနှင်ခဲ့ပါသည်။

စာရေးသူလည်း ကြောက်လန့်ကာ ရှင်အရဟံမန္တန်တော်ကို ရွတ်ဆိုခဲ့ပါသည်။ သို့သော် အရှိန်ပြင်းစွာပြေးလာသောနွားနှင့် အရှိန်မြှင့်ထားသောဆိုင်ကယ်တို့ ပြည်လမ်းပေါ်တွင် အရှိန်ပြင်းပြင်းနှင့် ဝင်ရောက်တိုက်မိခဲ့ပါသည်။ စာရေးသူမှာ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်သွားပြီး ကတ္တရာလမ်းဆီသို့ ဦးတည်နေကြောင်း စာရေးသူသိလိုက်ပါသည်။ ဒီအရှိန်နှင့် လွင့်စဉ်သွားပြီး ကတ္တရာလမ်းနှင့်ဦးခေါင်းရိုက်မိကာ ပွဲချင်းလည်းပြီးနိုင်သည်။ ကံကောင်းလျှင် ဆေးရုံပေါ်ရောက်မှ သတိရဖေမည်ဟု တွေးရင်း ရှင်အရဟံမန္တန်ကိုဆက်၍ရွတ်မိပါသည်။ ဖြစ်ချင်တော့ စာရေးသူနှင့်အတူ တိုက်မိသွားသောနွားမကလည်း စာရေးသူကဲ့သို့ ဝိုးခနဲလွင့်စဉ်ကာ သူက အရင်လမ်းမပေါ်၌လဲကျသွားပါသည်။ စာရေးသူက သူမ၏ဝမ်းဗိုက်ပေါ်သို့ ဘုတ်ခနဲကျသွားသည်။ ပဲထမတွင် စာရေးသူလည်း နွားမမှန်းမသိဘဲကြောင်သွားသည်။ နောက်မှကြည့်လိုက်သောအခါ နွားမမှာဗိုက်ပေါ်ရောက်နေမှန်းသိ၍ ကန်းကတန်း

www.burmeseclassic.com

ထပြေးခဲ့ရသည်။ ခြေထောက်နှစ်ချောင်း စလုံးမှာ ကတ္တရာလမ်းနှင့်ရိုက်မိသည့် အရှိန်ကြောင့် ပေါက်ပြဲပြီး သွေးများစီးကျနေပါသည်။ စာရေးသူသည် ကိုယ့် ခြေထောက်ကအနာကို ဂရုမစိုက်နိုင်ဘဲ ခင်ပွန်းသည်အား ကြည့်လိုက်သောအခါ လမ်းဘေးရှိမြက်ခင်းထဲကျသဖြင့် ပွန်းပဲ့ ခဲ့သာရှိပါသည်။ ဆိုင်ကယ်မှာ ဓတ်ဆီများ မှောက်ကျပြီး မီးလောင်သွားပါသည်။ ကျွန်မတို့နှစ်ယောက်လုံး ဒဏ်ရာကြီးကြီးမရခဲ့ပေ။ အမှန်မှာမူကား နွားမငါးဝမ်းဗိုက်ပေါ် သို့သာမကျပါက ယနေ့ ရှိရှိဌေးဖြစ်လာနိုင်မည် မဟုတ်ပေ။ ဤသည်ကား ရှင်အရဟံဂါထာတော်မြတ် ရွတ်ဆိုခြင်းကြောင့်သေဘေးမှကင်းလွတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချိန်မှစ၍ စာရေးသူသည် ယုံယုံကြည်ကြည်ဖြင့် ရှင်အရဟံပုတိးစိပ်ခဲ့ပါသည်။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးသည် စာရေးသူထံသို့ ရောက်ရှိလာပြီး ရှင်အရဟံပုတိးစိပ်နည်းတွင် နောက်ဆက်တွဲဂါထာတစ်ပုဒ်ရှိကြောင်း ပြောပြရာ စာရေးသူလည်း လွန်စွာစိတ်ဝင်စားသွားပြီး -

"ဒါဆိုရင် အစ်ကိုကြီးဆီမှာ အဲဒီအပိုဒ်ရှိသလား"

ဟု မေးမြန်းခဲ့သည်။

"ကျွန်တော့်ဆီမှာတော့ မရှိဘူး။ သန်လျင်ဘက်က ပုဂ္ဂိုလ်တစ်ဦးမှာရှိတယ်လို့ သတင်းကြားလို့လိုက်ပြီးသွားတောင်းခဲ့တယ်။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကပြောတယ်။ အဲဒီအပိုဒ်ဟာ ခက်ခက်ခဲခဲနဲ့ရရှိထားပြီး ဝိဇ္ဇာမိုရ်တစ်ဦးက ရဟန်းတော်တစ်ပါးကိုပေးခဲ့တာ ဖြစ်တယ်။ ခက်ခဲစွာရရှိထားတာမို့ တစ်မိသားကို မပေးနိုင်ပါလို့ပြောလို့မရခဲ့ဘူး"

ဟု ပြန်ပြောပါသည်။ ထို့နောက် မိတ်ဆွေမှဆက်၍ -

"ကျွန်တော်ကတော့ အဲဒီအပိုဒ်ကို သိပ်လိုချင်တာပဲဗျာ။ အဲဒီအပိုဒ်သာရခဲ့ရင် ဒီဂါထာတော်ပိုပြီးပြည့်စုံသွားမယ်လို့ ကျွန်တော့်ရဲ့စိတ်မှာ ယုံကြည်တယ်"

"မရတာတော့ ဘယ်တတ်နိုင်မလဲ၊ ဒါပေမယ့် ကျွန်မတို့ခဲ့ထိုက်ရင် ဒီကျွန်တဲ့ အပိုဒ်ကိုရမှာပါ။ အချိန်တစ်ခုတော့ စောင့်ရမှာပဲ"

ထိုသို့ဖြင့် စာရေးသူတို့အုပ်စုမှာ ကျွန်ဂါထာတစ်ပိုဒ်ကို လွန်စွာ လိုချင်တောင့်တခဲ့ပါသည်။ ထိုဂါထာတော်ကို စောင့်မျှော်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ တစ်နေ့တွင် စာရေးသူတို့ အိမ်သို့ ဆွမ်းခံကြွသည့် ရဟန်းတော် တစ်ပါးမှ 'မွေးနေ့မင်္ဂလာ' အမည်ရှိ သောစာအုပ်တစ်အုပ်စွန့်ခဲ့ပါသည်။ ထို စာအုပ်ထဲတွင် ပုရိတ်တော်များ၊ သုတ်များ အစရှိသည့် ဓမ္မစာများ ရေးသား ပူဇော်ထားပြီး ရှင်အရဟံပုတိးစိပ်နည်း လည်း ပါရှိပါသည်။ စာရေးသူလည်း အထူးစိတ်ဝင်တစားဖတ်ကြည့်ရာ မူလ ငါးပိုဒ်အပြင် 'ဆုတောင်းဂါထာတော်' ဟု ရေးသားထားသည့် အပိုဒ်တစ်ပိုဒ်ပါ ရှိပါသည်။ ထိုဆုတောင်းဂါထာတော် သို့မဟုတ် နောက်ဆက်တွဲဂါထာတော်မှာ -

ဣအနန္တံ ဂုဏာ သမ္မာန္နာဂတံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
ဧတေသံ အာနုဘောဝေန၊
စတ္တာရော ဓမ္မာ ဝပန္တိ၊
အာယုဝဏ္ဏံ သုခံဗလံ၊
အနေက အန္တရာယာပိ ဝိနာသန္တု
အသေသတော။

ဤသို့ ပါရှိပါသည်။

ထိုစာပိုဒ်ကို ဖတ်ရသောအခါ စာရေးသူမှာ လွန်စွာ ဝမ်းသာသွားခဲ့ပါသည်။ ထိုအပိုဒ်သည် ရှင်အရဟံပုတိးစိပ်နည်း၏ နောက်ဆက်တွဲဂါထာတော် ဖြစ်လေမည်လောဟူ၍ တွေးတောနေမိပါသည်။

မကြာမီအချိန်တွင် စာရေးသူ၏ မိတ်ဆွေကြီးရောက်ရှိလာခဲ့သည်။ ထို မိတ်ဆွေမှ ရှင်အရဟံပုတိးစိပ်နည်း၏ နောက်ဆက်တွဲဂါထာတစ်ပုဒ် ရရှိလာကြောင်းပြောပြပြီးပြသရာ စာရေးသူရရှိထားသော ဆုတောင်းဂါထာတော်နှင့် အတူတူဖြစ်နေကြောင်း တွေ့ရှိရသဖြင့် စာရေးသူတို့နှစ်ဦးစလုံး ပျော်ရွှင်သွားပါသည်။ ထို့နောက် မိတ်ဆွေကြီးမှ နောက်ဆက်တွဲဂါထာတော်ကို သူ၏မိတ်ဆွေတစ်ဦးထံမှ ရရှိခြင်းဖြစ်ပြီး ရရှိခဲ့မှာ ထူးခြားဆန်းကြယ်လှကြောင်း ပြောပြခဲ့ပါသည်။

တစ်နေ့သောအခါ၌ ရဟန်းတော် တစ်ပါးသည် ဗုဒ္ဓဘာသာသာသနာ စတင်ရာ ဘုမိနက်သန်းဖြစ်သော သထုံနယ်တစ်ဝိုက်တွင်ရှိသော အဓိကရတောင်တစ်တောင်၌ အဓိဌာန်စခန်းဝင်နေစဉ် နုနယ်ပျိုမြစ်သော ဒကာမတစ်ဦးသည် ဆင်စွယ်ငှက်ပျောသီး၊ သင်္ဘောသီး၊ ကမွလာသီး အစရှိသည့် သစ်သီးများကိုယူဆောင်လျက် ကပ်လှူပူဇော်ရန် ရဟန်းတော်ထံသို့ ရောက်ရှိလာခဲ့သည်။ ထိုရဟန်းတော်သည် ထိုဒကာမကို မြင်ကတည်းက မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို ရိပ်စားမိသော်လည်း ပို၍သေချာစေရန်အတွက် အခြားတောင် (ကုလားမ) တွင်ရှိသော ထူးခြားသည့် ဂရုတ်သိုးနှင့် ဆွမ်းဘဉ်းပေးလိုကြောင်း မိန့်ကြားခဲ့ပါသည်။

ထိုတောင်နှင့် ဂရုတ်ပင်ကား လွန်စွာထူးခြားအံ့ဩဖွယ်ကောင်းလှပေသည်။ ထိုကုလားမတောင်ကြီးသည် အဓိကရတောင်ကြီးဖြစ်ပြီး ထိုတောင်ကြီး၌ ဂရုတ်ပင်ကြီးရှိသည်ဟုဆိုသော်လည်း လိုတ်ရှာသူများအဖို့ တွေ့ချင်မှတွေ့သည်။ တွေ့သည့်တိုင်အောင် ဂရုတ်သီးရှိချင်မှရှိသည်။ ထိုဂရုတ်ပင်ကြီးမှာ သာမန်မြင်နေကျအပင်ငယ်မျိုးမဟုတ်ဘဲ ညောင်ပင်ကြီးခန့် ကြီးမားလှပေသည်။ အကိုင်းအခက်များ ဝေဆာနေပြီး နီရဲသောဂရုတ်သီးတောင့်ကြီးများ အပြွတ်လိုက်သီးနေသည်။ ဂရုတ်သီးတောင့်များကလည်း တစ်ထွာကျော်ကျော်ရှည်ပြီး လုံးပတ်မှာ ကျပ်လုံးကြီးခန့်ရှိသည်။ အရသာမှာ ချိုမြိန်လှပြီး ထိုဂရုတ်သီးကိုစားပါက အနည်းဆုံး (၂) ရက်၊ (၃) ရက်ခန့် ဆာလောင်ခြင်းမဖြစ်ဘဲ အာဟာရသိပ်ပြီးသည်ဟု ဆိုကြပါသည်။

ဂရုတ်ပင်ကြီးရှိသည့် တောင်မှာလည်း ရဟန်းတော်သိတင်းသုံးနေသည့် တောင်နှင့် ဝေးကွာလွန်းသည့်အတွက် သာမန်လူအဖို့ တစ်နေကုန်သွားလျှင်ပင် မရောက်နိုင်သည့်နေရာမျိုး ဖြစ်သည်။

ထို့ကြောင့် ရဟန်းတော်မှ ထိုဒကာမအား ဂရုတ်သီးစားလိုကြောင်း မိန့်တော်မူလိုက်ရာ ထိုဒကာမသည် ပြန်သွားပြီး မိနစ်ပိုင်းအတွင်း နီနီရဲရဲအရောင်ရှိသော ဂရုတ်သီးငါးတောင့်နှင့်အတူပြန်ရောက်လာပြီး လှူဒါန်းရာ ရဟန်းတော်လည်း ထိုဂရုတ်သီးနှင့် ဆွမ်းဘဉ်းပေးလိုက်သည်။ ထို့နောက် ဒကာမအား မည်သည့်အန္တယ်ဖြစ်သနည်းဟုမေးမြန်းရာ ဒကာမမှ မိမိသည် ဝိဇ္ဇာဓိရ ဒေါမမလေးဖြစ်ကြောင်း ပြောပြပါသည်။

"ဒကာမ၊ ဒီနေရာသို့ အဘယ်အကြောင်းကြောင့်လာရသလဲ"

ဟုထပ်မေးရာ -

"တပည့်တော်မဟာ သာသနာပြုပုဂ္ဂိုလ်များကို အမြဲတစေ စောင့်ရှောက်နေသူပါ ဘုရား။ ယခုလာရင်းကိစ္စကတော့ ရှင်အရဟံပုတိးစိပ်နည်းရဲ့နောက်ဆက်တွဲဂါထာတစ်ပုဒ်ကို လူဒါန်းသော်လို့၍ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ ဒီနောက်ဆက်တွဲဂါထာတော်ကို ရွတ်ဆို

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ရင် ပိုပြီးတော့ အကျိုးကျေးဇူးများပါတယ် ဘုရား"

"ဘယ်လိုအကျိုးကျေးဇူးများတာပါလဲ"

"အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း တို့အပြင် အန္တရာယ်များ ကင်းစင်ပပျောက်ပါတယ် ဘုရား"

"အိမ်း - ကောင်းလေစွ၊ ဒါဆိုရင် နောက်ဆက်တွဲဂါထာတော်ကိုကပ်ပါ"

"တင်ပါ့ဘုရား၊ ဒီဂါထာတော်ကို ဒကာ၊ ဒကာမများကို ဆင့်ပွားဖြန့်ဝေပေးတော်မူပါ ဘုရား"

"အိမ်း - ကောင်းလှပြီ"

ထိုသို့ လျှောက်ထားပြီးနောက် ရှားပါးလှသောနောက်ဆက်တွဲဆုတောင်း ဂါထာတော်တစ်ပိုဒ်ကို ဆက်ကပ်လျှူဒါန်းခဲ့ပါသည်။ စာဖတ်သူများအတွက် ရှင်အရဟံပုတီးစိပ်နည်း အပြည့်အစုံကို ပူဇော်ခိုင်ရန် အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

□ ရှင်အရဟံပုတီးစိပ်နည်း □

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
၅။ အနုန္တံ ဗလဝံ ဗုဒ္ဓံ၊
အနုန္တံ ဂေါစရံဓမ္မံ၊
အနုန္တံ အရိယံ သံဃံ၊
အနုန္တံ တောဓိ မုတ္တမံ။ ။

□ ထိုဂါထာတော်၏ နောက်ဆက်တွဲဂါထာတော် □

၆။အနုန္တံ ဂုဏ သမ္ဘာန္နာဂတံ၊
အဟံ ဝန္ဒာမိ သတ္ထဒါ။
တေသံ အာနုဘောဝေန၊
စတ္တာ ရော ဓမ္မာ ဝပန္တိ၊
အာယုဝဏ္ဏံ သုခံဗလံ၊
အနေက အန္တရာယာပိ ဝိနာသန္တု
အသေသတော။

□ အနက်

၁။ **ဗုဒ္ဓံ**-ဗုဒ္ဓတ်စွာဘုရားကို၊ **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ** - နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ၊ **ဒုက္ခံ** - ဆင်းရဲ၏၊ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၂။ **ဓမ္မံ** - တရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ၊ **ဒုက္ခံ** - ဆင်းရဲ၏၊ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၃။ **သံဃံ** - သံဃာတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏။ **နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ၊ **ဒုက္ခံ** - ဆင်းရဲ၏၊ **အနတ္တာ** - အနှစ်ကင်းပ အစိုးမရ။

၄။ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏၊ **ဓမ္မံ** - ဓမ္မတရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏၊ **သံဃံ** - သံဃာတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏၊ **နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ** - အမြဲမရှိ၊ **ဒုက္ခံ** - ဆင်းရဲ၏၊ **အနတ္တာ**- အနှစ်ကင်းပ အစိုးမရ။

၅။ **ဗလဝံ** - အားတော် ဆယ်တန်၊ ဉာဏ်တော်လေးပါးနှင့် ပြည့်စုံတော်မူသော၊ **ဗုဒ္ဓ** - မြတ်စွာဘုရားသည်၊ **အနန္တံ**- အတိုင်းမသိ တန်ခိုးကြီးမြတ်လှပါပေ၏၊ **ဂေါစရံ** - မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တို့၏ကျက်စားရာဖြစ်သော၊ **ဓမ္မံ** - တရားတော်မြတ်သည်၊ **အနန္တံ** - အတိုင်းမသိတန်ခိုးကြီးမြတ်လှပါပေ၏။

အရိယံ - မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာဖြစ်သော သံဃာတော်မြတ်သည်၊ **အနန္တံ** - အတိုင်းမသိ တန်ခိုးကြီးမြတ်လှပါပေ၏။

□ နောက်ဆက်တွဲ ဆုတောင်းဂါထာတော်၏အနက် □

အနန္တံ - အတိုင်းမသိ၊ **ဂုဏသမ္ဘာန္နာဂတံ** - ဂုဏ်ကျေးဇူးတော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **သတ္ထဒါ**- အခါခပ်သိမ်း၊ **အဟံ**-တပည့်တော်သည်၊ **ဝန္ဒာမိ**- ရှိခိုးပါ၏။

တေသံ - ထိုမြတ်စွာဘုရား၏ အတိုင်းမသိသော ဂုဏ်တော်တို့၏၊ **အာနုဘာဝေန**- အစွမ်းအာနုဘော်တော်ကြောင့်၊ **အာယုစ** - အသက်ရှည်ခြင်း လည်းကောင်း၊ **ဝဏ္ဏာစ** - အဆင်းလှခြင်းလည်းကောင်း၊ **သုခဉ္စ** - ချမ်းသာကြီးခြင်းလည်းကောင်း၊ **ဗလဉ္စ** - ခွန်အားကြီးခြင်းလည်းကောင်း၊ **ဇာတိ**- ဤသို့၊ **စတ္တာရော**- လေးပါးကုန်သော၊ **ဓမ္မာ**- အကျိုးတရားတို့သည်၊ **ဝပန္တိ** - တိုးပွားလေကုန်၏၊ **အန္တရာယာပိ** - အန္တရာယ်အပေါင်းတို့သည်လည်း၊ **အသေသတော** - အကြွင်းအကျန်မရှိသောအားဖြင့်၊ **ဝိနာသန္တု**- ကင်းစင်ပပျောက်ကြပါစေကုန်သတည်း။

အဋ္ဌန်းအရ -

ဤဂါထာတော် (၆)ပိုဒ်ကို နေ့စဉ် အစမှအဆုံး အားလုံးပြီးမှ ပုတီးတစ်လုံး ချ၍ မိမိသက်စေ့စိပ်ပါ။ ထို့အပြင် အနန္တောအနန္တဇိန်ပါးကိုရည်စူး၍ ပုတီးငါးလုံးခန့်ပိုစိပ်ပါ။ အရေးကြုံလာသော် (၁၀၈) လုံး ပုတီးတစ်ပတ်စိပ်ပါ။

စာရေးသူသည် နောက်ဆက်တွဲဂါထာတော်လျှုဒါန်းသည့် ဝိဇ္ဇာမိခိုရဲ့ ဒေါ်မမလေး၏ စိတ်စေတနာကို ကူညီပံ့ပိုးခြင်းငှာ ဤဂါထာတော်နှင့်တကွ အနက်ကိုပါ ဖော်ပြလိုက်ပါသည်။

□ ရှင်အရဟံပုတီးစိပ်ခြင်း၏ ကောင်းကျိုးများ

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းစသော်လည်း လောကီကောင်းကျိုးအဖြာဖြာကို ရရှိစေမည့်အပြင် ရောဂါဘယကင်းဝေးခြင်း၊ အခက်အခဲနှင့် အန္တရာယ်အပေါင်းမှကင်းဝေးနိုင်ခြင်း စသည့် အကျိုးထူးများရရှိစေနိုင်ပါသည်။

ဤဂါထာတော်၏ အစပထမပိုင်းမှာ သရဏ်ဆောက်တည်ခြင်းဖြစ်ပြီး ဒုတိယပိုင်းမှာ ရုပ်၊ နာမ်နှစ်ပါးတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကို ဆင်ခြင်၍ ဝိပဿနာပွားများခြင်းဖြစ်ပါသည်။ ဝိပဿနာတရားတော်ကို သေချာစွာ ကျင့်ကြံပွားများပါက နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိပေမည်။ ဤသို့လောကီ၊ လောကုတ် နှစ်ဖြာသော ကောင်းကျိုးများ ရရှိစေနိုင်သော ဤဂါထာတော်ပုတီးစိပ်နည်းကျင့်စဉ်ကို ဝါတွင်း (၃) လတွင် အခိုင်္ဂာန်ဝင်နိုင်ပါကြောင်း တင်ပြလိုက်ပါသည်။

ရိုခိုင်ဌေး

ကျမ်းကိုး -

ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ)
မွေးနေ့မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲခြင်းပြုအမှတ်နေရာတွင်ရှိနေသည့် 1 နှင့် 0 ပေါင်းစပ်နေသော 10 ဂဏန်း

အောက်တွင် 10ဂဏန်းကိုယ်စားပြုထားသည့် စိတ်အခြေအနေအဆင့် (၁၀) ဆင့်အပါအဝင် (၁၁) ခုမြောက် ထူးခြားထက်မြက်သည့် ဉာဏ်အလင်းရောင်တို့အား ဖော်ပြထားသည်။

၁။ အလိုအလျောက် တုံ့ပြန်နိုင်သည့် အသိစိတ်
၂။ တွေးတောစဉ်းစားခြင်းကို ခံစားသိရှိခြင်း
၃။ အကျိုးအကြောင်းခိုင်လုံခြင်း
၄။ တွေးတောခြင်းဖြစ်စေသည့်စိတ်
၅။ သိရှိလိုသောစိတ်
၆။ စိတ်ကူးရစေသည့်စိတ်
၇။ ထိုးထွင်းသိမြင်ခြင်း
၈။ စွာနဝင်စားခြင်း
၉။ ဖန်တီးနိုင်စွမ်းရှိခြင်း
၁၀။ စကြဝဠာနှင့်ဆိုင်သောစိတ်
၁၁။ ထူးခြား ထက်မြက်သည့် ဉာဏ်အလင်းရောင်

10 ဂဏန်းသည် အခြေအနေအကြောင်းအရာတစ်ရပ်လုံးအား ရည်ညွှန်းပြီး လူသားဘဝဖြစ်တည်ခြင်းကိုယ်စားပြု 1 ဂဏန်းနှင့် ဘုရားသခင်အား ကိုယ်စားပြု 0 ဂဏန်းတို့ ပါဝင်လျက်ရှိသည်။

10 ဂဏန်းပိုင်ရှင်များသည် ၎င်းတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကောင်းခြင်းအမျိုးမျိုးကို ဆောင်ရွက်တတ်ကြသည်။

10 ဂဏန်းပိုင်ရှင်များသည် ထိပ်တန်းကျသော အမှုကိစ္စများအတွက် အထူးတာဝန်ယူတတ်သူများလည်း ဖြစ်သည်။

10 ဂဏန်းပိုင်ရှင်များသည် စိတ်အတွင်း အလိုဆန္ဒရှိသည့်အတိုင်း စွမ်းရည်ပြည့်ဝစွာဖြင့် အကောင်ထည်ဖော်ဆောင်ရွက်တတ်ကြသည်။

၎င်းအပြင် တာဝန်ယူလိုစိတ်၊ တာဝန်သိလိုစိတ်ရှိသူများပီပီ ကြိုးတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်တတ်ကြသည်။

10 ဂဏန်းရစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာများ

အစွမ်းထူးမျိုးနွယ်စု (၁၂) ခုအဖြစ် နောင်တွင်ပေါ် ပေါက်လာမည့်အကြောင်းဟော ပြထားသည်။ ၎င်းအပြင် မျိုးနွယ်စုတစ်ခုစီသည် သန့်ရှင်းဂဏန်းနှင့် ရာသီခွင်ဆိုင်ရာ အကြောင်းအရာများအား ကိုယ်စားပြုထားသည်။ထို့ကြောင့် (၁၂)ရာသီခွင်အတွက် မျိုးနွယ်စု (၁၂) ခုက တစ်ခုစီအလိုက် ကိုယ်စားပြုထားကြောင်း မှတ်ယူနိုင်ပါသည်။

12 ဂဏန်းသည် အစွမ်းထူးမျိုးနွယ်စု (၁၂) ခုနှင့် ရာသီခွင် (၁၂) ခုအား ရည်ညွှန်းထားသလို အဖိုးတန်ကျောက်မျက် (၁၂)မျိုးကိုလည်း ရည်ညွှန်းဖော်ပြသည်။ အဖိုးတန်ကျောက်မျက်(၁၂)မျိုး၏အမျိုးအစားတစ်ခုစီအလိုက် သက်ဆိုင်ရာ အနက်အဓိပ္ပာယ်အသီးသီးတို့ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ခိုင်မာသောအလိုဆန္ဒ	စည်းကမ်းရှိခြင်း	ကံရာသီဖွား
Strong Will Power	Discipline	Aquarian
129657 5933 76559	4913973955	18319915
82/10	55/10	37/10

အခန်း (၇)
အထူးဂဏန်းများ

အထူးဂဏန်းများဆိုသည်မှာ 10 မှ 20 အတွင်းရှိသော 12, 13, 14, 16, 19... ဟူသောဂဏန်းများ ဖြစ်သည်။

11 ဂဏန်းသည် မဟာကိန်းဂဏန်းဖြစ်သည်။

12 ဂဏန်း

12 ဂဏန်းသည် အတွေ့အကြုံတို့ဖြင့် ပြီးပြည့်စုံခြင်းသဘောကို ရည်ညွှန်း၍ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့၌ 12 နှင့် ပတ်သက်သော အကြောင်းအရာအချို့ပါရှိသည်။

ဥပမာ - ဓမ္မဟောင်းကျမ်းတွင် 'ယာကုပ်' (Jacob) ၏သား (၁၂)ဦးသည်

Sardius	Topaz	Carbunkle
Emerald	Sapphire	Diamond
Ligure	Agate	Amethyst
Beryl	Onyx	Jasper

အဖိုးတန်ကျောက်မျက်	ဆိုလိုရင်းအဓိပ္ပာယ်
ဆားဒီးယပ်စ် (Sardius)	တည်ငြိမ်-အေးဆေးခြင်း
ဥဿဖရား (Topaz)	ယုံကြည်ခြင်း
အနီရောင်နက်သွေး (Carbunkle)	ပေးကမ်းစွန့်ကြဲခြင်း
မြ (Emerald)	သစ္စာရှိခြင်း၊ မဖောက်ပြန်ခြင်း
နီလာ (Sapphire)	ငြိမ်းချမ်းခြင်း
စိန် (Diamond)	အောင်မြင်ခြင်း
လီဂါ (Ligure)	တရားမျှတခြင်း
(ပတ္တမြားနှင့်ဆင်တူသည့်ကျောက်)	
သဘောမဟူရာ (Agate)	သူ့ရသတို့ရှိခြင်း
နီလာခရမ်း (Amethyst)	ချစ်ခြင်းမေတ္တာ
ဘာရေး (Beryl)	နှိမ့်ချတတ်ခြင်း
မဟူရာ (Onyx)	စိတ်ဓာတ်မြင့်မြတ်ခြင်း
ဂျက်စ်ပါ (Jasper)	သစ္စာရှိခြင်း၊ လုံခြုံစိတ်ချခြင်း

ထိပ်တန်းကျသောအမှုကိစ္စများအား အထူးတာန်ယူဆောင်ရွက်ခြင်း

Paramount Mission
719146352 4911965
73/10

ပြောင်းလဲခြင်းကိုဖော်ပြသည့် အမှတ်/နေရာ

Conversion Point
3654591965 76952
82/10

www.burmeseclassic.com

www.burmeseclassic.com

13 ဂဏန်း

13 ဂဏန်းအား ကံမကောင်းခြင်း နိမိတ်လက္ခဏာပြသည့် ကိန်းဂဏန်း အဖြစ် မှတ်ယူကြသည်မှာ လွန်စွာများ ယွင်းသော အယူအဆတစ်ခုပင် ဖြစ်သည်။ အချို့ဆိုလျှင် 13 ဂဏန်းအား သေမင်းတမန်ဂဏန်းဟုပင် ခေါ်ကား တင်စားတတ်ကြသည်။

13 ဂဏန်းသည် စင်စစ်အားဖြင့် ရုပ်ခန္ဓာသေဆုံးခြင်းကို လုံးဝမရည်ညွှန်းပါ။ မကောင်းသော ဟောင်းနွမ်းနေသည့်အခြေအနေများ၊ ခေတ်မမီတော့သည့်စိတ်ကူးများကိုသာရည်ညွှန်းသည်။ တစ်နည်းအားဖြင့် အဟောင်းများကုန်ဆုံး အဆုံးသတ်သွားပြီးနောက် အသစ်တစ်ဖန် ပြန်လည်စတင်ခြင်းသဘောကို ရည်ညွှန်းခြင်းသာဖြစ်သည်။ အသစ်တစ်ဖန်စတင်ခြင်း ဟူသည် စိတ်ခံစားမှုနှင့်ထားရှိအပ်သော စိတ်အခြေအနေ စိတ်ကူးအတွေးအခေါ် သစ်များဖြင့် ဘဝ လမ်းကြောင်းအား ပြန်လည်ခြေလှမ်းစတင်ခြင်းပင် ဖြစ်သည်။

13 ဂဏန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ (၃) မျိုး စဉ်းစားနိုင်သည်။

တိုးတက်ခြင်း
(ဖန်တီးနိုင်စွမ်းရှိခြင်း)
ယုတ်လျော့ခြင်း
(ဂုဏ်သိက္ခာကျဆင်းခြင်း)
အသစ်တစ်ဖန်စတင်ခြင်း
(မြင့်မားသောသိစိတ်ကို ပိုင်ဆိုင်ထားခြင်း)

13 ဂဏန်းသည် သူတစ်ပါး အပေါ် အရာရာကူညီပေးနိုင်စွမ်းရှိခြင်းကို ရည်ညွှန်းပြီး တစ်လုံးတည်းသော 4 ဂဏန်းထက် (1+3=4)... ဟူသည့် 13 ဂဏန်းအား တစ်လုံးတည်းရအောင် ပေါင်းခြင်း 4 ဂဏန်းက ပို၍စွမ်းအင်ကြီးမားသည်ကို လေ့လာတွေ့ရှိရသည်။

13 ဂဏန်းသည် လူသားအားလုံးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်ခြင်း၊ ပညာရှိခြင်း၊ တရားမျှတစွာစီရင်ခြင်းတို့ကို ကိုယ်စားပြုထားသည်။ 13 ဂဏန်းအဓိပ္ပာယ်အပေါ် အပြည့်အဝ နားမလည်နိုင်သူများသာ ကံမကောင်းသောဂဏန်းအဖြစ် ဆက်လက်သတ်မှတ်နေမည်ဖြစ်သည်။

14 ဂဏန်း

14 ဂဏန်းဖြင့် မွေးဖွားလာသူများ (သို့) အမည်၊ မွေးနေ့အားပေါင်းခြင်းဖြင့် 14 ဂဏန်းရရှိသူ ဂဏန်းပိုင်ရှင်များဆည် လွတ်လပ်ခြင်း၊ ကိုယ်ထူးကိုယ်ချွန်တတ်ခြင်း၊ စည်းလုံးခြင်း၊ တရားမျှတခြင်းများကို ပိုင်ဆိုင်ထားကြသည့် 14 ဂဏန်းပိုင်ရှင်များသည် ကံကောင်းစေမည့် အခွင့်အရေးများအား အမြဲတစေစောင့်ကြည့်လျက် လိုအပ်သလို အပြောင်းအလဲလုပ်တတ်ကြသည်။

၎င်းပြင် 14 ဂဏန်းပိုင်ရှင်များသည် အလွယ်တကူအလျှော့မပေးတတ်ဘဲ ခေါင်းမာတတ်သူများဖြစ်သည်။ 14 သည် ပေါင်းခြင်း (1+4=5)... ရစေသောကြောင့် သူတံကာထက် သြဇာအာဏာကြီးထွားတတ်သည်။

အကယ်၍ 14 ဂဏန်းသည် 'အသက်ဝိညာဉ်ဆိုင်ရာ' ဂဏန်းဖြစ်ပါက အတိတ်ကာလ၌ အံ့သြဖွယ်ဖန်တီးနိုင်ခဲ့ခြင်းများအပေါ် ပြန်လည်ခံစားပြီး စိတ်အာရုံတွင်း နစ်မြုပ်နေတတ်သူဖြစ်ကြောင်းဖော်ပြသည်။

အကယ်၍ 14 ဂဏန်းသည် 'ပင်ကိုစရိုက်လက္ခဏာပြု' ဂဏန်းဖြစ်ပါက လက်ရှိကာလ၌ ရုပ်ပိုင်းဆိုင်ရာအလှဆန္ဒ (အာသီသ) များအတွက်စောင့်နေသူဖြစ်ကြောင်း ရည်ညွှန်းသည်။

14 ဂဏန်းပိုင်ရှင်များသည် အများအားဖြင့် လက်တွေ့စမ်းသပ်မှုအတော်များများကိုလုပ်တတ်ကြသည်။ ထိုသို့စမ်းသပ်မှုများကြောင့်ပင် အကျပ်အတည်း ပြဿနာအတော်များများအား ရင်ဆိုင်ဖြေရှင်းရတတ်သည်။

ရှေးခေတ်က 14 ဂဏန်းအား အသိဉာဏ်အလင်းရောင်ရှိခြင်း၊ ပညာဗဟုသုတကြွယ်ဝခြင်း အဓိပ္ပာယ်ဖြင့် တန်ဖိုးထားခဲ့ကြသည်။

ထိုခေတ်က 14 ဂဏန်းအား ရွှေသစ္စာတရားတို့ဖြင့် ခိုင်းနှိုင်းခဲ့ကြသည်။

အခြေအနေစောင့်ကြည့်ခြင်း

တိုက်တွန်းမှု ဟူသမျှသည် 14 ဂဏန်းပိုင်ရှင်၏ ရည်မှန်းချက်များအတွက် အန္တရာယ်ရှိစေတတ်သည်။

16 ဂဏန်း

16 ဂဏန်းပိုင်ရှင်များသည် အလိုဆန္ဒအရ ရယူနိုင်စွမ်းမြင့်မားကြပြီး အရာရာဦးဆောင်နိုင်စွမ်းရှိကြသည်။ အခက်အခဲပြဿနာအရပ်ရပ်အား ရဲဝံ့စွာကျော်လွှားရှင်းလင်းမှုကို ရယူတတ်ကြသည်။

အကယ်၍ 16 ဂဏန်းသည် အမည် (သို့) မွေးနေ့အား ပေါင်းခြင်း ဂဏန်းဖြစ်ပါက သူတကာ၏စမ်းသပ်မှု၊ ယှဉ်ပြိုင်တိုက်ခိုက်မှုများရှိနေကြောင်း ရည်ညွှန်းသည်။ 16 ဂဏန်းသည် မမြင်ရသော ကြိုတင်မမျှော်လင့်ထားသည့် အခြေအနေများ ရောက်ရှိလာတတ်သည့်သဘောကို ဖော်ပြသည်။

16 ဂဏန်းပိုင်ရှင်အား အများဆုံးတိုက်ခိုက် နှောင့်ယှက်မည့်အခြေအနေများမှာ အချစ်ရေးဦးကျရှုံးခြင်း။ ငွေကြေးလက်လွတ်ဆုံးရှုံးရခြင်းတို့ပင် ဖြစ်သည်။

16 ဂဏန်းရစေသည့် အခြေအနေတစ်ရပ်မှာ တာဝန်ဝတ္တရား - DUTY

4 3 2 7 = 16 ပင် ဖြစ်သည်။

(၁၃) ဂဏန်းရစေသည့် ဆက်စပ်ပတ်သက်နေသော အကြောင်းအရာအခြေအနေများ

အခြေအနေတစ်ရပ်မှ ကျဆင်းခြင်း	ဝိညာဉ်-အသက်	နည်းလမ်း	ရှာဖွေခြင်း
Fall	Soul	Way	SEEK
6133	1633	517	1552
13	13	13	13

(၁၄) ဂဏန်းရစေသည့်ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာ

နိုးကြားခြင်း	ကံကြမ္မာ	ပျော်ရွှင်ခြင်း	ရည်မှန်းချက်
Awake	Fate	Joy	Aim
15125,	6125	167	194
14	14	14	14

www.burmeseclassic.com

www.burmeseclassic.com

16 ဂဏန်းသည် အသက်ဝိညာဉ် ဆိုင်ရာဂဏန်းဖြစ်ပါက စိတ်ကူးအတွေး အခေါ်များအကောင်းဆုံးအနေအထား မှ ကျဆုံး၊ ယုတ်လျော့ခြင်းကို ရည်ညွှန်းပြီး 16သည် ကံကြမ္မာကိုယ်စားပြုဂဏန်း ဖြစ်နေပါက အချစ်ရေးဌ ကျရှုံးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ အိမ်ထောင်ရေးဌ စိတ်ပျက်အားငယ်စရာ များကြုံခြင်းကို ဖော်ပြသည်။

အကယ်၍ 16 ဂဏန်းသည် ပင်ကိုစရိုက်လက္ခဏာပြဂဏန်းဖြစ်နေ ပါက မိမိနှင့်မသင့်တင့်မလိုက်ဖက်သော သူနှင့် မေတ္တာသက်ဝင်မိခြင်း၊ သားပုပ် လေလွင့်အပြောခံရခြင်းတို့ရှိနိုင်ကြောင်း ရည်ညွှန်းသည်။

16 ဂဏန်းပိုင်ရှင်တို့အတွက် ဆုံး ဖြတ်ချက်အားလုံးအနေပါသော အခြေ အနေတွင်ရှိနေတတ်သည်။

19 ဂဏန်း

19 ဂဏန်းပိုင်ရှင်အားလုံးလိုလို အသင်းအဖွဲ့အုပ်စုအလိုက် အလုပ်လုပ် တတ်ပြီး ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်တတ်ကြသည်။ 19 ဂဏန်း ရရှိစေသည့်အခြေအနေအကြောင်းအရာ တစ်ရပ်မှာ သစ္စာတရား၊ မှန်ကန်ခြင်းပင် ဖြစ်သည်။

True
2935 = 19

19 ဂဏန်းပိုင်ရှင်အားလုံး သနား ကြင်နာစိတ်ကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် ဘဝတစ်သက်တာလမ်းကြောင်းလုံခြုံ ချောမွေ့စေမည် ဖြစ်သည်။

အခန်း (၉)

0 ပါဝင်သည့် ဆယ်ပြည့်ဂဏန်းများ

0 ပါဝင်သော ဆယ်ပြည့်ဂဏန်း များဆိုသည်မှာ 20, 30, 40, 50, 60, 70, 80, 90... တို့ကို ဆိုလိုသည်။

0 သည် ဘုရားသခင်၏ နာမ တော်အားကိုယ်စားပြုသည်။ ထို့ကြောင့် တစ်လုံးတည်းသော ဂိန်းဂဏန်းများ နောက်မှ (10 မှလွဲ၍) 0 ပေါင်းထည့် ပေးခြင်းဖြင့် အရာရာဦးဆောင်ခြင်း၊ ယုံကြည်ချက်ခိုင်မာခြင်းတို့ဖြင့် ဂိန်း ဂဏန်းပိုင်ရှင်၏ မူလအရည်အသွေး များအား ပိုမိုလင်းလက်တောက်ပြောင် စေမည် ဖြစ်သည်။

20 ဂဏန်း

လူသားချင်းစာနာထောက်ထား သောသူအဖြစ် လူအဖြစ်ဝင်စားလာ သော ဂဏန်းပိုင်ရှင်များကို ရည်ညွှန်း သည်။

20 ဂဏန်းပိုင်ရှင်များသည် ဘဝ တစ်သက်တာအတွင်း မမျှတသောဆုံး ဖြတ်ချက်များအား အသိဉာဏ်၊ ပညာ ကောင်းများဖြင့် ပြန်လည်မျှတစေသည်။ ကောင်းသော အကျိုးရလဒ်များအတွက် အပင်ပန်းခံဆောင်ရွက်တတ်ကြသည်။

20 ဂဏန်းပိုင်ရှင်များသည် မွေး ရာပါအထုံပါရမီကောင်းများ၊ စကြဝဠာ နေစွမ်းအင်များအား ပိုင်ဆိုင်ထားခြင်း ကြောင့် အများကောင်းကျိုးရှိစေသော သူများအဖြစ် သတ်မှတ်ပေးနိုင်သည်။

20 ဂဏန်းသည် 0 ပါရှိသော ဂဏန်းဖြစ်ခြင်းကြောင့် ဘဝတစ်သက် တာအတွင်း ထာဝရဘုရား၏ အစောင့် အရှောက်အောက်၌ ရှိနေမည်ဖြစ်သည်။ 20 ဂဏန်းသည် ကောင်းခြင်းသဘော များကို ပိုမိုတောက်ပြောင် တန်ဖိုးတက် စေသည့် မိန္ဒာ၏ အကျိုးသက်ရောက် တိုက်ခိုက်မှုများအား ရင်ဆိုင်ရတတ် သည်။ တစ်နည်းအားဖြင့် 20 ဂဏန်း၏ စွမ်းရည်အပေါ် အမြဲစမ်းသပ်စစ်ဆေး ရန် မကောင်းသော အခြေအနေများက မကြာခဏ ဝင်ရောက်နေခြင်းပင် ဖြစ် သည်။

20 ဂဏန်း၏ ရည်မှန်းချက်

အချိန်အား ဘဝတစ်သက်တာ အတွင်း အကျိုးရှိရှိ (ဉာဏ်ပညာဖြင့်) အသုံးချရန်။

30 ဂဏန်း

ဘဝတစ်သက်တာအတွင်း မိမိ ကိုယ်မိမိ ယုံကြည်ချက်ရှိရှိဖြင့် ပျော်ရွှင် မှုများရရှိအောင် စွမ်းဆောင်နိုင်သည့် ဂဏန်းပိုင်ရှင်များဖြစ်သည်။

သို့သော်လည်း 30 ဂဏန်းပိုင်ရှင် အတွက် ခံနိုင်ရည်စမ်းသပ်မည့်အခြေ အနေအကြောင်းအရာအမျိုးမျိုးက ရှေ့ တွင် ဆီးကြိုလျက်ရှိသည်။

30 ဂဏန်းပိုင်ရှင်တို့၏ သဘာဝ အရ ရည်မှန်းချက်၊ ဦးတည်ချက်လမ်း ကြောင်းများစွာထားရှိတတ်ခြင်းကြောင့် ကိုယ်ပိုင်စွမ်းအင်များ တစ်နေရာတည်း အတွက် တစ်စုတစ်စည်းတည်းမရှိဘဲ စွမ်းအင်များ ပြန့်ကျဲသွားတတ်သည်။ ထိုအခါ ဆောင်ရွက်သမျှ ကိစ္စအဝဝ၌ မသေချာမရေရာသော အခြေအနေများ နှင့် ကြုံတွေ့ရတတ်သည်။

သို့သော်လည်း ဘုရားသခင် ကိုယ်စားပြု 0 ဂဏန်း ပါဝင်နေခြင်း ကြောင့် ဆိုးရွားသော အခြေအနေများ မဖြစ်ပေါ်စေရန် ထိန်းချုပ်ပေးနိုင်မည် ဖြစ်သည်။

30 ဂဏန်းပိုင်ရှင်များသည် စိတ် အားထက်သန်တက်ကြွပြီး လိုအပ်ချက် များ ဖြည့်ဆည်းရေးအတွက် ရည်မှန်း

(၂၀) ဂဏန်း အရည်အသွေးကို ဖြစ်ပေါ် ထင်ရှားစေသည့် အခြေအနေအကြောင်းအရာများ

ပင်ပန်းဆင်းရဲခြင်း	အချိန်	ဉာဏ်ပညာ	မျှတခြင်း	သေခြင်း	ပြဿနာအခက်အခဲ	အလိုဆန္ဒ
Toil	Time	Wise	Balance	Death	Cross	Will
2693	2945	5915	2131535	45128	39611	5933
20	20	20	20	20	20	20

(၃၀) ဂဏန်းအရည်အသွေးကိုဖော်ပြသည့်အခြေအနေအကြောင်းအရာများ

ပျော်ရွှင်ခြင်း	ရှေ့ပြေးနိမိတ်	ထာဝရ	ဆက်လက်ရှိနေခြင်း	ဉာဏ်ရည်ထက်မြက်ခြင်း
Happy	Herald	Eternal	Stillness	Genius
81777	859134	5259513	129335511	755931
30	30	30	30	30

www.burmeseclassic.com

www.burmeseclassic.com

ချက်ကြီးကြီးထားတတ်ကြသည်။

ၚင်းအပြင် ဘုရားသခင်၏ ကူညီထောက်ပံ့မှုရရှိသူများဖြစ်ခြင်းကြောင့် အခက်အခဲရင်ဆိုင်ပြီးသည်နှင့် အောင်မြင်မှုရရှိတတ်ကြသည်။

30 ဂဏန်းဖြစ်စေသည့် အခြေအနေများ

ဘဝလမ်းကြောင်း
Channel
381555 3
30

ပြေလည်အောင်ဖျန်ဖြေခြင်း
Mediate
4549125
30

30 ဂဏန်းပိုင်ရှင်များသည် မှန်ကန်စွာစဉ်းစားတွေးခေါ်ရွေးချယ်တတ်ခြင်းကြောင့် ဘဝ၏ပျော်ရွှင်မှုကိုရရှိကြသည်။ တစ်ဖန် ၚင်းတို့၏ ပျော်ရွှင်မှုများအား လူအများ၏ပျော်ရွှင်မှုဖြစ်အောင် ဖန်တီးနိုင်ကြပြန်သည်။

40 ဂဏန်း

သိစိတ်နယ်ပယ်ကျယ်ဝန်းမြင့်မားခြင်းကို ရည်ညွှန်းသည်။

40 ဂဏန်း ပိုင်ရှင်များသည် သိစိတ်၏အဆင့်အတန်း လေးခုအား ကောင်းစွာ နားလည်သဘောပေါက်တတ်ကြသည်။

သိစိတ်အဆင့်အတန်းလေးခုမှာ ခိုင်လုံသောအကြောင်းအကျိုးကို နားလည်ခြင်း၊ အစီအစဉ်ကျနစွာဆောင်ရွက်တတ်ခြင်း၊ တိုင်းတာခြင်း၊ တရားမျှတခြင်း. . . တို့ကို ဆိုလိုသည်။

ထို့အတူ 40 ဂဏန်းပိုင်ရှင်များသည် စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်လိပ်ပြာဆိုင်ရာအခြေအနေများကိုလည်း ကိုယ်စားပြုထားသည်။

မှန်းချက်အတိုင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ကြသည်။

40 ဂဏန်းသည် 0 ဟူသော ဘုရားသခင်ကိုယ်စားပြုဂဏန်းပါရှိသောကြောင့် သိစိတ်နယ်ပယ်၌ အဆင့်အတန်း မြင့်နေတတ်ကြသည်။

40 ဂဏန်းအတွက် အလေးထားစရာအချက်များ

စိတ်ရှည် သည်းခံတတ်ခြင်းနှင့် အစီအစဉ်တကျ လုပ်ကိုင်တတ်ခြင်းတို့ကို ရည်ညွှန်းသည်။

50 ဂဏန်း

ဝိညာဉ်လိပ်ပြာနှင့် ရုပ်ခန္ဓာတို့ အကြား စွမ်းအင်မျှတစေရန်နှင့် ဘုရားသခင်အလိုအတိုင်း ဘဝလမ်းကြောင်းကို ဖြတ်သန်းမည့်သဘောကို ရည်ညွှန်းသည့်ဂဏန်း ဖြစ်သည်။

50 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာများ

အသွင်ကူးပြောင်းခြင်း
Transmutation
291514321296 5
50

မိမိကိုယ်မိမိနားလည်ခြင်း
Know Thyself
2565 2871536
50

50 ဂဏန်းပိုင်ရှင်တို့၏ သဘာဝအရ အခွင့်အရေးဟူသမျှအား လက်လွတ်မခံတတ်ကြပေ။ ၚင်းတို့၏ ထူးခြားသော ဉာဏ်ရည်ဉာဏ်သွေးများကြောင့် ကံကောင်းခြင်းများကို လက်တွေ့ယူဆောင်နိုင်ကြသူများပင် ဖြစ်သည်။

50 ဂဏန်းအတွက် ခန့်မှန်းချက်

ရည်မှန်းချက်များ ပြီးပြည့်စုံစေရန် လွတ်လပ်ခွင့်ပေးထားသင့်သည်။

ညွှန်းသောဂဏန်းဖြစ်သည်။

60 ဂဏန်း ပိုင်ရှင်တို့အတွက် လွတ်လပ်ခွင့်ပေးပြီး ဘုရားရှင်နှင့်တွေ့ခွင့်ပေးနိုင်ရန်အတွင်း စိတ်အခြေအနေများကိုနားလည်ရန်၊ ဆက်သွယ်ခြင်း၊ နားလည်ခြင်းတို့ဖြင့် ဆင့်ကဲတိုးတက်ပြောင်းလဲရန် အောက်ပါအတိုင်း ကိန်းဂဏန်းများ အစားထိုး၍ တွက်ချက်နိုင်သည်။

လွတ်လပ်ခွင့်ပေးပြီးဘုရားရှင်နှင့်တွေ့ခွင့်ပြုခြင်း
Let Go And Let God
352 76 154 352 764
60

အတွင်းစိတ်ကိုနားလည်ခြင်း
Inner Voice
95559 46935
60

ဆက်သွယ်ခြင်း
Communication
364435931296 5
60

နားလည်မှုရှိခြင်း
Understanding
354591215495 7
60

60 ဂဏန်းသည် ဘုရားသခင်ကိုယ်စားပြု 0 ဂဏန်း တွဲဖက်ပါရှိခြင်းကြောင့် မိမိကိုယ်မိမိ နားလည်ခြင်း၊ သဘောပေါက်ခြင်း၊ မှန်ကန်စွာ မျှော်လင့်ခြင်းတို့ကို ရည်ညွှန်းသည်။

60 ဂဏန်းပိုင်ရှင်များသည် စိတ်ခံစားမှုမြင့်မားကြပြီး မိဘကောင်းများနှင့် ချစ်သူလက်တွဲဖော်ကောင်းများ ဖြစ်တတ်ကြသည်။

60 ဂဏန်း၏ အသေးစိတ်လေ့လာမှုအရ စိတ်ထား

စေတနာ၊ သဒ္ဓါတရားထက်သန်လွန်းပြီး ပရဟိတစိတ်အပြည့်အဝရှိသူများ ဖြစ်သည်။

ကိုးနဝင်း

(၄၀) ဂဏန်းအရည်အသွေးကိုဖော်ပြသည့် အခြေအနေအကြောင်းအရာများ

ကမ္ဘာလုံးဆိုင်ရာ သဟဇာတဖြစ်ခြင်း	အလားအလာကောင်းများ	နိုးကြားခြင်း
Universal Harmony	Potential Awakening	
359459113	8194657	762552913	151255957
40	40	40	40

40 ဂဏန်းပိုင်ရှင်များသည် ၚင်းတို့၏ အလားအလာကောင်းများအား ဆက်လက်ထိန်းသိမ်းထားတတ်ပြီး ရည်

60 ဂဏန်း

ဆင့်ကဲတိုးတက်ပြောင်းလဲခြင်း ဖြစ်စဉ်အရ ကြာရှည်တတ်ခြင်းကို ရည်

www.burmeseclassic.com

www.burmeseclassic.com

ရန်ဝိဇ္ဇာ (၂)
နာမည်များနှင့်ငြင်းခုံခြင်း

www.burmeseclassic.com

အဓိပ္ပာယ်နှင့်တွေ့ခဲ့ခြင်း

"ဝါ-ဝါ-တော်-တော်-ပြာ-ပေါင်း ခေါ် မလျော်ဤခြောက်လလို့ လက်မထပ်သင့်တဲ့လတွေကို လောကီကျမ်းတွေက ပြကြပေမယ့် ခုတော့ကျွာ လစဉ်တိုင်း မင်္ဂလာဖိတ်စာက ရောက်လေ့ရှိနေပါပကောလား"

ဦးဘဝင်းက သူ့ထံတွင် ကလေးမလေးတွေ လာပို့သွားသော ဖိတ်စာအားကြည့်ရင်း ညည်းတွားလိုက်သည်။ အားလုံးလည်း ကိုယ်စီဖိတ်စာတွေကြည့်လို့။ ဟုတ်သည်၊ တပေါင်းလဆန်း ၁၀ ရက်မှာပင် မင်္ဂလာက နှစ်ပွဲရှိနေပြီ။ ဦးဝိုးက ဖိတ်စာကို ပစ်ချလိုက်၍ ရေရွေးတစ်ခွက်ငဲ့ရင်းဖြင့် -

"အဲဒါတွေက ကျမ်းအိပ်သွားပြီ ဘဝင်းရေ။ အားလုံးအဆင်ပြေတဲ့အချိန်ဟာ မင်္ဂလာအခါရက်အဖြစ်ယူကြရဲ့"

"ဝင်းအောင်ရဲ့သား မောင်ထက်ဇေယျာအောင်နှင့် မမေသဉ္ဇာမြင့် သာဝတ္ထိရွာက ဆိုပါလား။ လူကြီးတွေတော့ သိတယ် ဘဝင်းရ။ ဒါနဲ့ ထက်ဇေယျာအောင်ဆိုတာက"

"နန္ဒ၊ မင်းကြာလေချာလေဖြစ်နေဦးလား။ ဝင်းအောင်ရဲ့သားနှစ်ယောက်ထဲက အငယ်ကောင်လေ။ ရွာကခေါ်တာအောင်ငယ်တဲ့၊ ဖိတ်စာထဲရှိအမည်ကို သူကိုယ်တိုင်ပင် သတိထားမိမှာ မဟုတ်ဘူး။ အားလုံးရဲ့စိတ်ထဲတော့ အဲသည်နာမည်ကြောင့် စိမ်းနေကြမှာ အမှန်ပဲ"

"ဩော်ဟော - အိပ်စက်နေတဲ့ နာမည်ကိုမှ ရှေ့တွန်းပို့တာကိုးကွ။ ငါ ဘယ်သတိရပါ့မလဲ။ နှစ်ယောက်စလုံးလည်း နာမည်နောက်ပိတ် အင်္ဂလိပ်အက္ခရာတွေနဲ့ဆိုတော့ တော်တယ် ပြောရမှာပဲ"

"တော်မတော်ထက် ငါတော့ သတို့သမီးတို့ပဲ စိတ်ဝင်စားနေမိတယ်"

"ဘဝင်းရယ်၊ သွားအသစ်စိုက်ထားရုံနဲ့ ရုပ်ကပြန်သစ်မလာပါဘူးကွာ၊ မင်းဟာက"

"ဘာတွေပြောနေတာလဲကွ။ ငါ စိတ်ဝင်စားတယ်ဆိုတာ နာမည်။ မေသဉ္ဇာမြင့်ဆိုတဲ့ အက္ခရာလေးတွေ။ မင်းစဉ်းစားကြည့်စမ်း၊ တစ်လုံးချင်းတွေးကြည့်။ မေ - မြန်မာစကားမယ် မိခင်၊ အမေ၊ မိန်းမသား။ ဣတ္ထိယ သီးသန့်ဖွင့်ဆိုရာ။ နောက်တစ်ချက် ပါဠိလိုပေါ့ကွာ။ ပါဠိမှာ မေရဲ့အဓိပ္ပာယ်က မေ - ငါ၏၊ ငါရဲ့ ဆိုတဲ့ သာမိဝိဘတ်သက်တဲ့ပုဒ်။ သဉ္ဇာ ဒါလည်း ပါဠိပဲ။ ခုတင်၊ အိပ်ရာ၊ ညောင်စောင်း၊ ခန်းသဉ္ဇာမဟုတ်လား။ နှစ်ခုဘာသာပြန်လိုက်တော့ မေ - ငါ၏၊ သဉ္ဇာ - အိပ်ရမယ့်အိပ်ရာသည်၊ မြင့်-မြင့်နေတယ်။ သည်တော့ ကျွန်မရဲ့အိပ်ရာခုတင်က မြင့်နေတယ်လို့ အဓိပ္ပာယ်ထွက်မနေဘူးလား"

"သဉ္ဇာလီဆောင်ခန်းအလယ်××× မောင်တမှေး ××× စက်ရာဝယ် ××× ခင်မွက်နှာလေးက၊××× တနေ့နေ့မြင်မိတယ်ဆိုတဲ့ သီချင်းထဲကအတိုင်းပေါ့ကွာ။ သူ့အမည်သည်ကာက စဉ်းစားရမှာပင်မဝံဘူး။ အမည်သည်တွေ ခွဲကြည့်လျှင်-

အန္တဏ္ဍသည် - ဆွေမျိုး၊ မိဘအလိုက် ဆက်လက်ခံယူမည့်တဲ့အမည်။ သတို့သားရဲ့ မူလနာမည် အောင်ငယ်၊ ဖခင်နောက်ပိတ်စာလုံး အောင်ကယူပြီး မှည့်တာ။ ဝင်းအောင်မျိုးနွယ်မှ အောင် တစ်လုံးနှင့်စတာမျိုး။ ဒါက အတော် အသုံးများတယ်။ ကမ္ဘာဦးစကတည်းမှ ဆိုလျှင် မမှားဘူး။ ဗုဒ္ဓဘာသာဝင်တွေ လည်းသုံးတယ်။ ကဏ္ဍသအပေစ္စကကော်၊ ကဏ္ဍရဲ့အနွယ်ဆက်မို့ ကဏ္ဍလို့ မင် အဖေတူနာမည်ယူတာလည်းရှိတာပဲ။ ကမ္ဘာအနှံ့အသုံးပြုမှည့်ကြတဲ့အုပ်စု။

အတ္ထသည် - တစ်စုံတစ်ခုသောနိမိတ်၊ အကြောင်းအချက်၊ ဖြစ်ပျက်ရာကို ထင်ဟပ်မှည့်တဲ့အမည်။ မိုးတွေ အခါမဟုတ်ဘဲ ရွာနေခိုက်မွေးလို့ မောင်မိုး၊ မေပတ္တန်၊ မေမိုး။ အဲ - ထူးခြားချက်တစ်ခု၊ ထူးခြားမှုပေါ့။ နာမည်က သိပ်အနိဋ္ဌဆန်တယ်။ ဒေါ်ခွေတဲ့၊ ခွေးမပေါ့။

ဒါပေမယ့် အကြောင်းထူးကိုပြောပြချင်လို့၊ ငါတို့ မင်းတို့ (၁၀) နှစ်သားခန့်က ရေဦးမြို့မှာ ဒေါ်ခွေးမ ဆိုတာ ကြားဖူးမှာပေါ့။ အဲသည်မိန်းမကြီးကလေးဘဝတုန်းမှာ အမေက မကျန်းမာတော့ ခွီသိပ်မစို့ရဘူးတဲ့။ အိမ်မှာရှိတဲ့ ခွေးမကြီးက နို့တိုက်၊ ပေးစို့ရတာကြောင့် ခွေးမလေး၊ ခွေးမနဲ့တွင်နေတာပဲ။ ကိုလိုနီခေတ်၊ ဂျပန်ခေတ်မှာ တကယ့်သူဌေးမကြီးလေကွာ"

"အင်း - ဒီအကြောင်း ငါတို့သိကြပါတယ်။ ခိုင်လုံတဲ့အကြောင်း ဟိတ်ရှိတဲ့ အတ္ထသညာမျိုးဆိုလျှင် အနိဋ္ဌမည်မျှဖြစ်နေပါစေ မခိုက်ဘူးမဟုတ်လား။ ငါတို့ မြန်မာရာဇဝင်ထဲ စလေငခွေး၊ မင်းခွေးခွေးအမည်ပင့် ဘုရင်ဖြစ်ခဲ့တယ်"

"အေး - ဒေါ်ခွေးမက ခွေးတွေလည်းချစ်တတ်တယ်၊ ဘဝမမေ့ဘူး။ ခွေးတွေကို သူက မကြာခဏအိုးကြီးတွေနဲ့ကောင်းကောင်းချက်ပြီး လမ်းတလျှည့်ကျွေးတတ်သေးတယ်။ ဒါက နာမည်ရဲ့ ပတ်ဝန်းကျင်နားကြားမှုနဲ့ဆိုခွေးမဟာ အနိဋ္ဌသက်သက်၊ သူ့အတွက် သူ့အသက်မှာတော့ ဣဋ္ဌအစစ်ကြီးလေ။ အတ္ထသညာအမည်ကပဲ ဒေါ်ခွေးမဘဝအနေမြင့်၊ အမည်တင့်နေတာပေါ့။ နောက်အမည် -

ဂဏ္ဍီသည် - အထက်အမည်နှစ်မျိုး

www.burmeseclassic.com

က အလွတ်လို့ပဲ သာမန်မှတ်နိုင်တယ်။ ဘုန်းကံရှိတဲ့လူတွေဟာ မွေးဖွားလာတာနဲ့ သူနာမည်ကို သူကပါလာပြီးသားမှည့်ခဲ့ပြီးသားပဲ၊ ကြည့်ပေါ့။ မဟော်သဓာ၊ မဟာဩသဓ၊ သိပ်အစွမ်းထက်သော ဆေးတောင့်နှင့် လက်မှာဆုပ်ပြီး မွေးဖွားလာလို့ မဟောသဓမှည့်တယ်။ အတ္ထသညာအစစ်၊ ခုရှင်ဩသညာသမားမွေးသူတိုင်းကဖြင့် ဘာဘုန်းကံမှမရှိကြဘူး။ နာမည်၊ ဘဝထူးဘူး။ သည်တော့ မိဘတို့ကပေးရပြီလေ။ အမှတ်သညာထားရပြီ။ ငါ့ကို ဆရာတော်က နန္ဒလို့ ရဟန်းဝတ်တော့ပေးခဲ့ရဲ့။ ခုလည်း နန္ဒမဟုတ်လား။ များသောအားဖြင့် အနတ္တသညာရဲ့နောက်က မိဘမျိုးနွယ်မည်ကို ပယ်လိုက်၊ ရှေ့ကမှန်ပေးရာ ပကတိနာမည်သာလျှင်ကောက်ယူပြီး တွက်စစ်ရတာ ငါတို့ဆရာတွေရဲ့ တာဝန်ပဲလေ”

“မင်းပြောမှ ငါသတိရမိတယ်။ ခုတော့ကွာ ဆောင်းတွင်းမွေးရင် ဟေမာန်၊ ဆောင်း၊ ဒီဇင်နဲ့ အရမ်းကို ဝိသေသပေးမှည့်လိုက်ကြတာလွန်ရော။ ဟို-တို့လယ်တီဆရာတော်အလောင်းလျာလေးဖွားတော့ အိမ်ဘေးပုံထားတဲ့ ထင်းပုံကြီးထဲက စို့သက်တံရောင်စုံကြိုးထင်ထင်ရှားရှား အထက်အိမ်ခေါင်မိုးဖောက်ပြီးထွက်လာသတဲ့။ ဒါကြောင့် မောင်ထက်ခေါင်၊ မောင်သက်တန့်လို့မှည့်ကြတယ်ဆိုပဲ”

“အေး- ဒါကြောင့် အတ္ထသညာအမည်ရှင်ကလွဲရင်တော့ နာမည်ရဲ့အကျိုးအပြစ် စီစစ်ကောက်ပြီး တွက်စစ်တတ်ရလိမ့်မယ်”

“ဘဝင်ရေ၊ စောစောကမင်းပြောတဲ့ ပါဠိနာမည်လေးတွေဆက်စမ်းပါဦး။ ငါ့ မြေးမလေးနာမည်မှာ သီတာလည်း ပါနေတော့ စိတ်ဝင်စားမိလို့ကွယ့်”

“ဦးစိုးမြေးမလေးရဲ့ နာမည်က ကောင်းပါတယ်။ (၄) ကြွင်း တနလ်ာသမီးပဲဟာ။ ကျုပ်တပည့်ပေးထားတဲ့ နာမည်လေ။ သီတာ- ရေအလယ်၊ အေးမြပြီမ်းအေးသော စိမ့်စမ်းရေ (သို့) အေးမြတဲ့လရောင် သီတာစန်းပေါ့ဗျာ။ ဥမ္မာ - အလူးအနှမ်းပါဠိမဟုတ်တဲ့ ပါဠိအဖြစ်သုံးတဲ့ ပပပေါ့။ စပဝတီတဲ့။ မဟုတ်ပါဘူး၊ အမှန်က ပဘာဝတီအဆင်းအရောင်လင်းတဲ့ အမျိုးသမီးပဲ။ ပပ ဆိုတာ မြန်မာစကားဝေါဟာရ ဝင်း ဝင်းပပ လှလှပပ တွဲသုံးရာစကား အလှဘွဲ့အဓိပ္ပာယ်။ ဒါပေမယ့် ပပမှည့်လိုက်တာနှင့် ပါဠိလိုတော့ အပြစ်မကင်းနိုင်ဘူး။ ဒီဃအမှားကြီး၊ အားမရှိတဲ့ဗျည်းသက်သက်အတွဲ့။ နောက်ပြီး အိန္ဒြာ၊ ဒါလည်းအမှားပဲလေ။ သူမှားတာက သရရှိတာက ဣန္ဒြာ၊ ဣန္ဒရာ၊ စွမ်းဆောင်နိုင်၊ အစိုးတရ၊ သိကြားမင်းဟောတဲ့ပုဒ်မျိုး။ ဒါကို ပါဠိမှာ လုံးဝမသုံးတဲ့ အိန္ဒြာဆိုပြီး မှည့်ခေါ်လိုက်တဲ့အတွက် မူလသဘောပျက်သွားရော”

“မူလပျက်လျှင်တော့ နှစ်ထပ်ကွမ်းဂိုဏ်းသင့်ပြီပဲ ဘဝင်းရာ။ အေး - တို့သုံးနေတဲ့ စကားတွေအထဲမယ် ပါဠိ၊ ပါဠိပျက်အများကြီးပဲနော်။ ပါဠိပျက်နာမည်ရှင်တွေကိုလည်း ဒီယရသ၊ ဖိုဓ၊ ဝဏ္ဏအားလုံး ခွဲကောက်ရလိမ့်မယ်လေ။ ဒါက ပါဠိရဲ့ အားနည်းနေတဲ့အတွက်ပေါ့။ ဇေ - မြန်မာတိုင်းသိတယ်၊ အောင်မြင်ခြင်း ဇေယ၊ ဇေယျတုကလာတဲ့ တစ်လုံးတည်းသုံးရာ မြန်မာ့ဝေါဟာရ ဇေပဲ။ မူရင်းမြန်မာ့အဓိပ္ပာယ်မရှိဘူး။ နောက်မင်းတပည့်ပေးထားတဲ့ သီတာစန်း၊ စန်းဟာလည်း ပါဠိပျက်မြန်မာစကား စန္ဒ၊ လမင်း၊ စန္ဒမ အောက်က ဒဏ္ဍေးပယ်ပြီး စန်းဖြစ်လာတာ။ မ,အသက်ဆိုတခြားစီ”

“အေးလေကွာ၊ ငါလည်း ရေးကဆရာကြီး ဦးတက်ထွန်းဆီ ငယ်စဉ်က နည်းခဲယူဖူးတဲ့ တပည့်ပဲလေ။ အကွရာဗျည်းတွေနဲ့ စီစစ်ခွဲခြမ်းရတာ အတော်ပျော်ပါတယ်။ အထူးသဖြင့် သရနဲ့မစပ်တဲ့ နာမည်တွေပေါ့”

“ဘာလဲ၊ နိန္ဒယအမည်ကိုလား၊ ဗျည်းနဲ့ ဗျည်းချင်းယှဉ်စပ်မှ ကိုယ်ပိုင်အားရှိတဲ့နာမည်ပေါ့”

“ဟုတ်တယ် အဲဒါပဲ။ အဲသည်နာမည်ရှင်တွေက အခြားနာမည်ရှင်တွေထက် စိတ်ဝင်စားစရာကောင်းတယ်”

ဆရာကြီးများ၏စကားကို စိတ်၌နှစ်သွင်း၍ အလျင်အတိုင်း စီးမျောစဉ်းစားရ၏။ သရ၊ ကရ၊ နိန္ဒယသုံးပါးသောအမည်။ သို့သော်လည်း ဆန်းကျမ်းတချို့ကဖြင့် တစ်လုံးတည်း၏အားကိုကြည့်ပြီး ဒီယရဿခွဲယူ၏။ စန်းသည် ဒီယပင်၊ ရဿဖြစ်ရမှာမို့ ဆန်းကျင်နေသည်။ အဂိါက ပါပဂြိုဟ်၊ ရဿ၊ အ၊ ကျ၊ ဥ သုံးလုံးသာမှည့်ရမည့် မှည့်နိုင်သည့် 'စ' ဝဂ်အုပ်စုဝင်။ ရှေ့ဆက်မည့်စကားသည် ကွန်ပ်၏ အသိဉာဏ်အတွက် လိုက်၍မီ၊ မမီမသိနိုင်သေး။

၂ နိန္ဒယဖြင့်ခွဲရာခြင်း

“ကဲ - စရအောင်၊ စန်း. . . ဒါ နိန္ဒယအမည်။ ရဿမှည့်ရမယ့်အဂိါကို ဒီယနဲ့ မှည့်တယ် အမှားပေါ့။ ငါတို့က ပထမဆုံးဗျည်းတွေကို စီတန်းကြည့်တယ်။ ဘာဗျည်း၊ ဘာနံတွေပါဝင်သလဲ အရင်ရှာတယ်လေ။ စန်း ပါတာက 'စ' ရယ်၊ 'နံ' ရယ် (စ နံ) အဂိါ+စနေတွဲ၊ (၄) ကြွင်း တနလ်ာသမီးကို (ရာဇဖွား) တနလ်ာနဲ့ ဘာလို့မစသလဲမေးစရာရှိလာပြီမဟုတ်လား။ ဟုတ်တယ်၊ စ,စရာမလိုအပ်လို့ လို့ဖြေရမှာပဲဟေ့။ တနလ်ာဂြိုဟ်က စန်းစန္ဒ ကလေးမလေးဟာလဆန်း ၁၁ ရက် အတိုက္ကဋ္ဌရက်မွေးသူ။ ဒါ့ကြောင့် တနလ်ာရဲ့ အင်္ဂါဝိဇ္ဇာတိုင်၊ နာမကွဇတိုင်တို့နဲ့ညီပြီး သီတာစန်းလို့ အဂိါနံအကွရာဖြစ်ပေမယ့် တနလ်ာဂြိုဟ် အဓိပ္ပာယ်ပါအောင် ပေးစေတာဖြစ်တယ်။ အဲ-စန်း (စ+နံ) ခွဲကောက်ရင် စနေမရရာတော့ပါမှာပဲ။ အင်္ဂါဝိဇ္ဇာတိုင်မှာ စနေက စုတ်ဌာနမှာမို့ သိပ်တော့ မခိုက်နိုင်တာကြောင့်ပေးတာ”

မူလမဟာဘုတ်

သီတာစန်း (တနလ်ာသမီး)



နာမကွရတိုင်စဉ်

အင်္ဂါဝိဇ္ဇာတိုင်

မင်း ဒါတွေသိပြီသားပါ။ ဗျည်း+ဗျည်းချင်းပေါ့။

၁။ သက် (သ-က) သောကြာ + တနလ်ာ
၂။ ခင် (ခ-င) တနလ်ာ + တနလ်ာ
၃။ မြတ် (မ-ရ-တ) ကြာသပတေး+ ရာဟု + စနေ
၄။ ထွန်း (ထ-ဝ-န) စနေ+ ဗုဒ္ဓဟူး+ စနေ
၅။ ချစ်(ခ်-ယ-စ) တနလ်ာ+ ရာဟု+

www.burmeseclassic.com

www.burmeseclassic.com

ဒီယ၊ ရဿအားညီအက္ခရာများ	ရဿအားပြည့်အက္ခရာများ	ဒီယအားပြည့်အက္ခရာများ
ခင်၊ မင်၊ တင်၊ ရှင်၊ ဝေ၊ မေ၊ ဆွေ၊ နွေ၊ အေး၊ ရွှေ ဟန်၊ ရန်၊ စံ၊ အိန် (ထိန်) မာ၊ ထာ၊ ယာ၊ သာ ချစ်၊ သစ်၊ ခက်၊ သွယ်၊ လတ်၊ မြတ်၊ စည်၊ ချမ်၊ ရဲ၊ ဖွဲ့၊	ခင့်၊ မင့်၊ တင့်၊ ဆင့်၊ ရင့်၊ ဝင့်၊ ပြေ့၊ မွေ့၊ အံ့၊ သန့်၊ ခန့်၊ အိန့် (စိမ့်) × × လှ၊ စဉ့်၊ ချွန့်၊ နွှဲ့၊ သွယ့်၊	မင်း၊ လင်း၊ ဝင်း၊ ရှင်း၊ နွေး၊ ငွေး၊ အေး၊ မွေး၊ သန်း၊ စိန်း၊ ချမ်း၊ အိန်း (စိမ်း) ထား၊ သား၊ ချမ်း၊

အင်္ဂါ

၆။ ချမ်း (ခ-ယ-မ)တနလ်ာ+ရာဟု+ကြာသပတေး

၇။ လွင် (လ-ဝ-ဂ) ဗုဒ္ဓဟူး+ ဗုဒ္ဓဟူး+ တနလ်ာ

၈။ ကြည် (က-ရ-ည) တနလ်ာ + ရာဟု + အင်္ဂါ

၉။ ပြည့် (ပ-ရ-ည) ကြာသပတေး+ ရာဟု+ အင်္ဂါ

သည် ဗျည်းတွဲ အက္ခရာတို့ မယ်သရက မထင်ရှားပါဘူး။ သဒ္ဒါအသုံးအနှုန်းဖြင့်ဆိုအတွင်းမှာ အ-သရယ့်ဉ်မှ နေတယ်ဆိုရအောင်က ဒါပါဦးမဟုတ်ဘူးလေ။ မြန်မာစာသဒ္ဒါစည်းစနစ်အတိုင်း အသုံးပြုရာတွေပဲ။ 'အိအို, မေ, ယုယု စတာတွေမှာ ကွာ။ ဇ။ ဥတို့နဲ့ခပ်တာပေါ့။ ခုဟာက မစပ်ဘူး။ အသက်တစ်ခုသာ လျှင်ယှဉ်ပြီး ကိုယ်ပိုင်အသံထွက်လာတယ်။

ပါပ၊ သောမ၊ ဒီယရဿကောက်တဲ့အခါ ရှုပ်ထွေးပြီး ဝိရောဓိဖြစ်စရာများနေတယ်။ ဥပမာ ထက် (ထ-က) စနေ ပါပအက္ခရာ ရဿဖြစ်စေရမယ်မဟုတ်လား။ ထ-နဲ့ယှဉ်တဲ့ ကဗျည်းဟာ တနလ်ာ သောမအက္ခရာလေ။ ဒီယမှည့်မှန်မယ်နော်။ နှစ်ခုပေါင်းစပ်ထက် ဒီယလည်းအားမရှိ၊ ရဿလည်းအားမရှိဘူး။ ဘယ်ဘက်မှ မယိမ်းဘူးကွ။ ဒါကြောင့် ဒီယရဿထက် အားများရာခွဲကောက်တာ။

(၆) ကြွင်း မရဏဖွား တနလ်ာကို တစ်ယောက်က ချမ်းချမ်း၊ တစ်ယောက်တော့ ခင်ခင် တူသလား။ ဒုက္ခများသောကရောက်သူဟာ ခင်ခင်ပဲ။ ချမ်းချမ်း တနလ်ာမရဏာအစ ရာဟု(ယ) ရာဇအလယ် ကြာသပတေးအထွန်းအဆုံး တစ်လုံးတည်းနဲ့ သိပ်ကောင်းတဲ့နာမည် ခင်ခင် အားလုံး တနလ်ာ မရဏာအဆုံးတွေကြီးထပ်နေတဲ့ အမည် အက္ခရာဗျည်းကလေးတွေက လူတစ်ယောက်ရဲ့ဘဝကို မှီပြီး ပုံစံမျိုးစုံ ကပြအသုံးတော်ခံနေကြတယ်။ ဒီလို အကောင်း၊ အဆိုးခွဲရင်း ဒီယရဿသုံးသတ်ယူတာဖြစ်တယ်။

အဲသည့် နိဒ္ဒယ တချို့က သံယုဂ် (သံယောဂ) ပေါ့လေး ကျော်ကျော်၊ ချိုချို၊ ဆွေဆွေ စတဲ့နာမည်မှာတော့ သရရဲ့အားကထင်ရှားနေတယ်။ ကျော်-ည၊ ချို- ဥ၊ ဆွေ- ဧ သရတွေနှင့်ယှဉ် စပ်ပြီးမှ အသံရဲ့အားတန်ခိုးလာတယ်"

ကဲပါ နန္ဒရယ်။ ပို့ခွင်းသွားအောင် ဇယားတစ်ခုနဲ့ခွဲကြစို့ဟေ့။ ဆရာရှောင်သား မင်းမှတ်စုယူခဲ့ဓမ်းပါဦး။

သည်လိုမြင်ပြီးတဲ့ အကြွင်းအလိုက်ပေါ့။ ဆိုပါစို့ (၅) ကြွင်း အင်္ဂါ၊ ရာဇဖွားမိန်းကလေး။ မိသားစုအထဲမယ် သူက အသားပြုတဲ့ဘက်နွယ်တော့ ဆွေဆွေဝင်းလို့ ပေးလိုက်မယ်။ ဗုဒ္ဓဟူး အထွန်းအားဟာ သုံးလုံးနဲ့လေး။ နောက်ဆုံး ဗုဒ္ဓဟူးနဲ့ကို ဒီယအားပြည့်အက္ခရာကိုထည့်တယ်။ နောက်အင်္ဂါဝိဇ္ဇာတိုင်မှာ လည်း ဥစ္စာ၊ အညွှန့်၊ ပိုးမကိုက်၊ ရွှက်မခြောက်တဲ့အညွှန့်၊ ဝဏ္ဏမှန်၊ တိုင်မှန်၊ ဖိုမ-မှန်၊ ဒီယ၊ ရဿလည်း ဆွေဟု လုံးဝ မမှားတော့ ဘယ်လိုအိမ်ထောင်စီးပွားညံ့မလဲ"

"ညော် - သိပြီ၊ တို့မြင်းထောင်းအဆက်ပိုင်း မျိုးညွှန့်သမီးကြီး မဟုတ်လား။ ရေဦးမြို့ မြောက်ပိုင်းမှာနေကြတယ်လေ။ အဲသည်ကလေးမ ငယ်စဉ်တော့ အတော်ချူချာပါကွာ။ ခုတော့လည်း"

"မျိုးညွှန့်ဆိုတာ ငါနဲ့ဆွေမျိုးမကင်းဘူး။ သူမိန်းမက သမီးလေးဆိုပြီး နာမည်ပေးမယ်လုပ်တော့ သူ့အသိဆရာတစ်ယောက်ထံ နာမည်မှည့်ခိုင်းသတဲ့။ ထက်ထက်ဦးဝေလို့ သိပ်လှတဲ့ နာမည်ရွေးပေးလိုက်တယ်။ ကောင်းတယ်ပေါ့။ ဘာကြာလဲကွာ (၇) နှစ်သမီးကစလို့ ကလေးမလေးခမျာ အစစနိမ့်ကျလာပါရောလား။ ဖျားနာထူ၊ ကျောင်းပျက်နဲ့ အပျိုဖော်ဝင်စအထိပဲ။ ငါကလည်း အသုံးမကျတာပါ။ ကလေးတွေကိစ္စ မမေးမိဘူး။ သည်ကလေးမ (၉) တန်းရောက်မှ သတိထားမိပြီး နာမည်ကိစ္စဘက်လှည့်ကာ တွက်စစ်ကြည့်တယ်။ အင်္ဂါဝိဇ္ဇာတိုင်ရဲ့ အထက်သုံးလုံးလှည့်ခွေမှည့်ထားတဲ့နာမည် မမှားပါဘူး။ ဒါကြောင့် မူလနာမည်ကိုပယ်ပြီး အထက်ကနာမည်ပေးခဲ့တာ။ သဘောကတော့ ရွှမ်းထဲကို နာမ်သွင်းပေးတဲ့ ဆွေဆွေဝင်းပဲ။ အင်္ဂါသမီးဆို အင်္ဂါပြန်သွင်းပေးလိုက်တာလေ။ ခုတော့ သိတဲ့အဆိုင်း ပညာရေးမှာထူးချွန်လို့ ပြည်ပ အမေရိကန်တောင် သွားတက်နေသေးရဲ့။

အဲ- နောက်တစ်ချက်ကျန်သေးတယ်။ မြန်မာ့ပညာရပ်နှင့်တော့ မဆိုင်ပါဘူး။ အသုံးလည်း ငါမတွေ့ဖူးဘူး။ သည်လိုဟေ့၊ ဆွေဆွေဝင်းရဲ့ အင်္ဂလိပ်မွေးရက်က (၂၀)၊ သည်တော့ မြန်မာဗျည်းတွေကိုလည်းကိန်းကောင်း၊ အပြစ်ကင်းပြီး (၂၀) ရမယ့် နာမည်ရှာကြည့်တယ်ပေါ့။ အဲဒါကြောင့် ဆွေဆွေဝင်း ၃+၄+၃+၄+၄+၂+ ၂၀ ရနေတာ တွေ့တယ်ပေါ့။ အဲသည် (၂၀) ရက်မွေးတာကို နာမည်ဖြင့် အညမညဖြစ်အောင် ကျန်းမာချမ်းသာရေး ရည်ရွယ်လိုရင်း သက်သက်ပါ"

"အင်း - ပေးလိုက်တဲ့နာမည်က အင်္ဂလိပ်ရက်နှင့် နာမည်အတွဲကို ဓာတ်မှန်ပြီး ပညာရေးနယ်မှာ ပြည်ပအထိ အကျိုးသက်ရောက်ပုံမျိုးပါလား ဘဝင်းရ။ ဒီလိုဆန်းသစ်တဲ့အတွေးနဲ့ ပညာရပ်အပေါ် ကောက်ယူတတ်တာ ငါဝမ်းသာတယ်ဟေ့"

"ကဲ - ဦးစိုးနဲ့ နန္ဒ၊ ငါမနေ့က ရွှေဘိုသွားခဲ့ရတာမို့ ညောင်းပြီးအိပ်ချင်နေပြီ။ ဒါကြောင့် အိမ်က မေသွွာဆီသွားအိပ်လိုက်ဦးမယ်ကွာ"

"ဟေ့ကောင်၊ သည်က ဝေဠုနဲ့ အိပ်ပါလား"

"ဝေဠုကကျောအောင့်တယ်လေ ဟား ဟား ဟား သွားဦဟေ့"

နေဒီဇွာ

စာကြွင်း -

ဝေဠု- ဝါး၊ ဝါးကွပ်ပျစ်နှံအောင်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၅ ခုနှစ်၊ ဇွန်လရာသီဖြောင်း
မန္တလေးဇာတာပေါက်ကိန်း
(၁၆-၁၀-၂၀၁၅) မှ (၁၅-၁၂-၂၀၁၆) နေ့အထိ







သာယာနစနစ်ဇာတာခွင်များ





နိယာနစနစ်ဇာတာခွင်

၁၇-၁၁-၂၀၁၅ နေ့နံနက် ၀း၄၉ နာရီ ပြဋ္ဌာရာသီသို့ တနင်္ဂနွေပြိုဟ် ဝင်ရောက်ချိန်တွင် ဥဒယလဂ်သည် ဘာယနစနစ်ဇာတာခွင်သည် ကန်ရာသီ (၈) ဒီဂရီ၊ (၁၁) မိနစ်မှာ နိယာနစနစ်ဇာတာခွင်ဝယ် သိဟ်ရာသီ (၁၄) ဒီဂရီ၊ (၂၃)မိနစ်မှာထွက်ပေါ်သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်၊ ပြဋ္ဌာရာသီ စူဠသင်္ကြန် ဇာတာခွင်ပင် ဖြစ်သည်။

ဤဇာတာခွင်၏ထူးခြားချက်တွင် တနင်္ဂနွေပြိုဟ်နှင့် ပုဒ္ဓဟူးပြိုဟ်တို့ (၁) ဒီဂရီအတွင်း ပူးထပ်နေကြသည်။ ရာဟုပြိုဟ်နှင့် အင်္ဂါပြိုဟ်တို့သည် (၃)ဒီဂရီအတွင်း၊ အင်္ဂါပြိုဟ်နှင့် သောကြာပြိုဟ်သည် (၇) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ နက်ပကျွန်းပြိုဟ်သည် ဥဒယလဂ် ကို (၁၈၀) ဒီဂရီဖြင့်မြင်ထားလျက် သောကြာပြိုဟ်နှင့် ယူရေနပ်ပြိုဟ်တို့သည် (၁၈၀) ဒီဂရီဖြင့် မြင်ထားသည်။ နောက် ကြာသပတေးပြိုဟ်က ပလူတိုပြိုဟ်ကို (၁၂၀)ဒီဂရီအမြင်၊ သောကြာပြိုဟ်က ပလူတိုပြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုပြိုဟ်က ယူရေနပ်ပြိုဟ်ကို (၉၀)ဒီဂရီအမြင်၊ အင်္ဂါပြိုဟ်က စနေပြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ အင်္ဂါပြိုဟ်က တနင်္ဂနွေပြိုဟ်ကို (၄၅) ဒီဂရီအမြင်၊ သောကြာပြိုဟ်က စနေပြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ သောကြာပြိုဟ်က တနင်္ဂနွေပြိုဟ်ကို (၄၅)ဒီဂရီအမြင်၊ စနေပြိုဟ်က နက်ပကျွန်းပြိုဟ်ကို (၉၀)ဒီဂရီအမြင် တို့ဖြင့် မြင်ထားကြသည်။

အားလုံးကို အနှစ်ချုပ်၍ ကောက်ချက်ချရလျှင် ဖြစ်ပေါ် နေသောတိုင်းရေးပြည်ရေးအခြေအနေနှင့် တိုင်းသူပြည်သားတို့၊ အတိုက်အခံတို့၏ အလိုဆန္ဒတို့ ထပ်တူယိုးစွဲကျနေသယောင်ရှိသော်လည်း လျှို့ဝှက်နေသော မရိုးဖြောင့်မှုများ၊ ဖုံးကွယ်နေသော မသမာမှုများကို ဘွေမြင်လာရသဖြင့် မတည်မငြိမ်မှုများ ဖြစ်ထွန်းတတ်မည်။ တကယ့်တကယ် ကျေနပ်ရောင့်ရဲစရာများမဖြစ်နိုင်သဖြင့် စောဒကတက်မှုမျှား၊ ဝိရောဓိဖြစ်မှုများ ရှိတတ်မည်။

အခြေခံလူတန်းစားနှင့် အလုပ်သမားတို့၏ အရေးဆို တက်ကြွလှုပ်ရှားမှုများ၊ အထက်လူကြီးတို့နှင့် သဘောထားချင်းမတိုက်ဆိုင်မှုများရှိမည်။ဖြစ်ပေါ် နေသောတိုင်းရေးပြည်ရေးအခြေခံအစိုးရနှင့်လွတ်တော်တို့၌ ရွေးကောက်ပွဲဆိုင်ရာတို့၌ အတိုက်အခံနှင့် မီဒီယာလောကတို့၏ ဝေဖန်ထောက်ပြမှုများ ရှိလိမ့်မည်။ နာလိုခံခက်ဖြစ်ရလိမ့်မည်။ ထို့ကြောင့် အတိုက်အခံနှင့် မီဒီယာလောကအပေါ် တွင် ဖိအားပေးမှုများ၊ နှိပ်ကွပ်မှုများဝိုများလာမည်။

တရားစီရင်ရေး၊ ဥပဒေဆိုင်ရာတို့၌ အငြင်းပွားရမှုများ ထိုးနှက်တိုက်ခိုက်မှုများရှိမည်။ တိုင်းရင်းသားအရေး၊ ငြိမ်းချမ်းရေးတို့၌ သောင်မတင်ရေမကျရှိနေမည်။ နိုင်ငံတကာဆက်ဆံရေးတွင် ဝေဖန်ပြစ်တင်ခံရသော်လည်း ယေဘုယျအားဖြင့် ကောင်းမွန်ပြေပြစ်နေမည်။ ချီးမွမ်းဂုဏ်ပြုခံရမှုများပင်ရှိတတ်မည်။ နယ်စပ်လုံခြုံရေး၊ တစ်ဖက်နိုင်ငံအရေး၊ ဒုက္ခသည်များအရေး၊ ပရဟိတအရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအရေးတို့

www.burmeseclassic.com

www.burmeseclassic.com

ပုရိသတို့အတွက် ရိုးရှင်းလွယ်ကူသောဆေးနည်းများ

သုံးဆယ်-ဘုန်းကြွယ်

၁။ ယောကျ်ားများအူကျရောဂါ

ယောကျ်ားများသည် များသောအားဖြင့် လေးလံသောဝန်များကို ထမ်းရပိုးရလေ့ရှိသည်။ အလေးအပင်မခြင်းတွင် ခန္ဓာကိုယ်ရှိ ကျောက်ကပ်အားကို အဓိက အသုံးပြုရသည်။ တချို့မှာ အကာအကွယ်အနေဖြင့် ဘောင်းဘီတို စသော အတွင်းခံတို့ကိုဝတ်ကြသော်လည်း တချို့မှာမဝတ်ကြပေ။ ကြာသော် အူကျရောဂါကို ခံစားရသည်။ နုသောအချိန်တွင် ရေခဲထုပ်ကပ်၍ သက်သာသော်လည်း ရင့်လာသောအခါ ကပ်ပယ်အိတ်ကို စမ်းကြည့်လျှင် အကြောပြားကြီးကို စမ်းမိပေလိမ့်မည်။ ရောဂါရင့်၍ ပြင်းထန်သောဝေဒနာခံစားရသောအခါ ခွဲစိတ်ရသည်အထိဖြစ်လာ၏။ ထိုအခါ ငွေကုန်ကြေးကျများတော့သည်။ မိမိရောဂါဖြစ်သည်ကို စတင်သိသည့်အချိန်မှစ၍ ဤဆေးနည်းကို အသုံးပြုပါလေ။ ဆေးနည်းတွင်ပါဝင်သော ပျဉ်းမသီးကို လူတိုင်းသိကြပေလိမ့်မည်။ ပျဉ်းမပင်သည် ပွင့်သောအခါ ခရမ်းပြာနုရောင် ပွင့်၏။ ဒေသမရွေးတွေ့နိုင်၏။

ဆေးနည်း ။ ။ ပျဉ်းမသီးနှင့်ဆန်ဆေးရည်သွေး၍လိမ်းပါ။ ခြောက်တိုင်းလိမ်းပေးက (၃) ရက်နှင့်ပျောက်၏။

၂။ ပန်းသေပန်ညို။ အညောင်းအညာခွာလာဆေး

ပန်းသေပန်ညိုးရောဂါဖြစ်မည်ကို ယောကျ်ားတိုင်းကြောက်ကြသည်။ ဤရောဂါဖြစ်ပါက မိမိ၏ကာမအလိုဆန္ဒမပြည့်ဝသကဲ့သို့ မိုးဆက်တွားခြင်း လုပ်ငန်းကိုလည်း မြလုပ်နိုင်မည်မဟုတ်တော့ပေ။ ဤဆေးနည်းတွင်ပါဝင်သော ကြက်မောက်ရွက်မှာ ကြက်မောက်သီးသီးသည့်အပင်ကြီးကို မဆိုလို။ လယ်ကွင်းထဲတွင် အလေ့ကျပေါက်သည့် အပင်ငယ်မျိုးဖြစ်သည်။ ငါးပိရည်နှင့် တို့စရာအဖြစ် စားသုံး၍ ရသည်။အလွန်ကလေးများနှပါက နီညိုရောင်ဆန်းပြီး ရင့်ပါက အစိမ်းရောင်ဖြစ်သွားသည်။

ဆေးနည်း။ ။ ကြက်မောက်ရွက်များကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်ထပ်၍ လက်တွင်းတစ်ဆုပ်ကို ထိပ်ဖြတ်၊ အမြီးဖြတ်၍ ကြက်ဥ (၃) လုံးနှင့်ခေါက်ပါ။ ၎င်းကို နှမ်းဆီစစ်စစ်နှင့်ကြော်၍စားပါ။

၃။ ခွာလာပါဒရက် (စိမ်ဆေး)

ယောကျ်ား ဒူလာ၊ မိန်းမ မီးယပ်ဟု ဆိုရိုးစကားရှိသည်။ ဤဆေးသည် တစ်နေကုန် အညောင်းထိုင်သူများနှင့် သင့်လျော်၏။ အညောင်းအညာအကိုက်အခဲမရှိ။ ကျန်းမာရွှင်လန်းနုပျိုစေ၏။ ဒူလာပါဒရက်၊ ဆီး၊ ဝမ်း၊ လေမှစ၍ အားလုံးအဆင်ပြေ၏။ ဆေးနည်းတွင် ပါဝင်သော ဝါးရဲ့ပတူမှာ တောရွာဒေသများတွင် အပေါက်များသည်။ အလွန်ခွာရလွယ်ကူ၏။ ငါးရဲ့ပတူရွက်မှာ ထမင်းဝိုင်း၌ အတို့အမြှုပ်အဖြစ်လည်းကောင်း၊ အရွက်ကိုပြုတ်၍ ပါးပါးလီးကာ သုပ်ပြီးလည်းကောင်း စားသုံးနိုင်ပါသည်။ ဤဆေးနည်းတွင် ငါးရဲ့ပတူ၏အဖြစ်ကို သုံးပါမည်။

ဆေးနည်း။ ။ ဂျမြစ်ကိုနုပ်နုပ်စဉ်း၍ ပုလင်းထဲထည့်ပါ။ (ဖန်ပုလင်းဖြစ်ရပါမည်။ ပလတ်စတစ်ပုလင်းများနှင့် မထည့်ပါနှင့်။) ထန်းလျက်ငါးလုံးနှင့် ရော၊ ရေအပြည့်ထည့်ပြီး ဗူးစို့ဆို့၍ ပုလင်းကိုနေလှန်း၊ သုံးရက်လှန်းပြီး လက်ဖက်ရည်သောက်ပန်းကန်နှင့်တစ်ဝက်မှ တစ်ပန်းကန်အထိသောက်ပါ။ သောက်ပြီးတိုင်း ထန်းလျက်တစ်လုံးထည့်၍ ရေပြည့်အောင်ထပ်ဖြည့်ပြီး လျှင် ပိတ်၍ နေ့စဉ်နေလှန်းပြီး အထက်ပါအတိုင်းသောက်ပါ။

ဖော်ပြပါဆေးနည်းများသည် ငွေကုန်ကြေးကျနည်း၍ ရိုးရှင်းလွယ်ကူပါသည်။

'ကျထွိယတို့အတွက် ရိုးရှင်းလွယ်ကူသောဆေးနည်းများ' ကို ဆက်လက်ဖော်ပြပါဦးမည်။

သုံးဆယ်-ဘုန်းကြွယ်

နှင့်နှီးနွယ်လျက် အငြင်းပွားရမှုများ၊ ထိပ်တိုက်တွေ့ဆုံမှုများ၊ ဝေဖန်ပြစ်တင်ခံရမှုများရှိမည်။ ခိုးကျူးခံရမှုများလည်းရှိမည်။ လွတ်တော်ထဲ၌ ညှိနှိုင်းမရနိုင်မှုများ၊ သဘောထားထပ်တူမကျမှုများရှိမည်။ အစိုးရအဖွဲ့၌ ပြုပြင်ပြောင်းလဲမှုများရှိမည်။ နိုင်ငံရေးလောက၊ မီဒီယာလောကနှင့် ဆက်နွယ်နေသော ထင်ရှားသောပုဂ္ဂိုလ်အတွက် ဝမ်းနည်းရတတ်မည်။

ဖြေဖျော်ရေးဆိုင်ရာ၊ ပညာသင်ကြားရေးဆိုင်ရာနေရာဌာနတို့၌ မတော်တဆထိခိုက်မှု၊ စွပ်စွဲပုတ်ခတ်မှု၊ ဖိအားပေးထိုးနှက်မှုမျှားရှိတတ်မည်။ ၎င်းတို့နှင့် ပတ်သက်နေသော အပျော်တမ်းအဖွဲ့အစည်းများအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။ ကလေး၊ အမျိုးသမီးတို့နှင့် စပ်လျဉ်းနေသော၊ မူးယစ်ဆေးဝါးနှင့် နှီးနွယ်နေသော ရာဇဝတ်မှုခင်းများ ပို များလာတတ်မည်။ အနုပညာလောကမှ ထင်ရှားသော အမျိုးသမီးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

တယ်လီဖုန်း အပါအဝင် ဆက်သွယ်ရေးလုပ်ငန်း၌ တိုးတက်သော အခြေအနေကောင်းများရှိသော်လည်း မျှော်လင့်မထားသော ပြဿနာများ ကြုံတတ်မည်။ ရေကြောင်းဆိုင်ရာ၊ လေကြောင်းဆိုင်ရာယာဉ်များ မတော်တဆထိခိုက်မှုများတတ်မည်။

ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း စတော့ရှယ်ယာလုပ်ငန်း ဆွေငွေကြေးအကောက်အခွန်ကိစ္စတို့မှာ [illegible] ကမဖြစ်တတ်မည်။ [illegible] မတည်ငြိမ်ဖြစ်မည်။ [illegible] မဟုတ်သေး။ [illegible] နိုင်သေးသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွက်

ဓနသိဒ္ဓိနက္ခတ်မဂ်လာအချိန်ဇယား

ရှိန်းအောင်(ဂျပ်ရှ်)

ဓနသိဒ္ဓိနက္ခတ်စနစ်ယှဉ်ခြိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ခြိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ခြိန် ၎င်းအခါသုံးပါးထပ်ခြိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒပွမန္တန်ကြီး အပါအဝင် ဓနံလာဘံဆိုင်ရာများကို ရွတ်ဖတ်ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးခြားသော ကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ ကောန်ဖြစ်ပါသည်။ ၁၈-၁၁-၂၀၁၅ နေ့ နံနက် (၇း၂၀း၅၅) နာရီတွင် စန်းသည် ဓနိသိဒ္ဓိနက္ခတ်စတင်ဝင်ရောက်ပြီး ၎င်းနေ့ညဦး(၇း၂၀း၀၅) နာရီအတွင်း စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်နေမည်ဖြစ်ကာ ၁၉-၁၁-၂၀၁၅နေ့နံနက် (၇း၂၀း၀၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ ထွက်ခွာမည်ဖြစ်ပါသည်။

၎င်း ၁၈-၁၁-၂၀၁၅ နေ့ နေ့လယ် (၁၁း၅၇း၄၆) နာရီမှ (၁၂း၁၃း၅၀) နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို လဂ်ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ ညနေ (၁၇း၃၃း၂၇) နာရီမှ (၁၈း၂၇း၅) နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည်ဖြစ်ပါသည်။

လဂ်ဖြတ်ကျော်ခြိန်ဇယား			မွန်းတည့်မျဉ်းဖြတ်ကျော်ခြိန်ဇယား		
ရက်	စဝင်ချိန်	ထွက်ခွာချိန်	ရက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၁၃း ၀၄း ၃၈	၁၃း ၂၀း ၄၂	၁	၁၈း ၄၀း ၁၉	၁၉း ၃၈း ၃၉
၂	၁၃း ၀၀း ၄၂	၁၃း ၁၆း ၄၆	၂	၁၈း ၃၆း ၂၃	၁၉း ၃၄း ၄၃
၃	၁၂း ၅၆း ၄၆	၁၃း ၁၂း ၅၀	၃	၁၈း ၃၂း ၂၇	၁၉း ၃၀း ၄၇
၄	၁၂း ၅၂း ၅၀	၁၃း ၀၈း ၅၄	၄	၁၈း ၂၈း ၃၀	၁၉း ၂၆း ၅၁
၅	၁၂း ၄၈း ၅၄	၁၃း ၀၄း ၅၈	၅	၁၈း ၂၄း ၃၄	၁၉း ၂၂း ၅၅
၆	၁၂း ၄၄း ၅၈	၁၃း ၀၁း ၀၂	၆	၁၈း ၂၀း ၃၈	၁၉း ၁၈း ၅၉
၇	၁၂း ၄၁း ၀၂	၁၂း ၅၇း ၀၆	၇	၁၈း ၁၆း ၄၂	၁၉း ၁၅း ၀၃
၈	၁၂း ၃၇း ၀၆	၁၂း ၅၃း ၁၀	၈	၁၈း ၁၂း ၄၆	၁၉း ၁၁း ၀၇
၉	၁၂း ၃၃း ၁၀	၁၂း ၄၉း ၁၄	၉	၁၈း ၀၈း ၅၁	၁၉း ၀၇း ၁၁
၁၀	၁၂း ၂၉း ၁၄	၁၂း ၄၅း ၁၈	၁၀	၁၈း ၀၄း ၅၅	၁၉း ၀၃း ၁၅
၁၁	၁၂း ၂၅း ၁၈	၁၂း ၄၁း ၂၂	၁၁	၁၈း ၀၀း ၅၉	၁၈း ၅၉း ၁၈
၁၂	၁၂း ၂၁း ၂၂	၁၂း ၃၇း ၂၆	၁၂	၁၇း ၅၇း ၀၃	၁၈း ၅၅း ၂၂
၁၃	၁၂း ၁၇း ၂၆	၁၂း ၃၃း ၃၀	၁၃	၁၇း ၅၃း ၀၇	၁၈း ၅၁း ၂၆
၁၄	၁၂း ၁၃း ၃၀	၁၂း ၂၉း ၃၄	၁၄	၁၇း ၄၉း ၁၁	၁၈း ၄၇း ၃၀
၁၅	၁၂း ၀၉း ၃၄	၁၂း ၂၅း ၃၈	၁၅	၁၇း ၄၅း ၁၅	၁၈း ၄၃း ၃၄
၁၆	၁၂း ၀၅း ၃၈	၁၂း ၂၂း ၄၂	၁၆	၁၇း ၄၁း ၁၉	၁၈း ၃၉း ၃၈
၁၇	၁၂း ၀၁း ၄၂	၁၂း ၁၈း ၄၆	၁၇	၁၇း ၃၇း ၂၃	၁၈း ၃၅း ၄၂
၁၈	၁၁း ၅၇း ၄၆	၁၂း ၁၄း ၅၀	၁၈	၁၇း ၃၃း ၂၇	၁၈း ၃၁း ၄၆
၁၉	၁၁း ၅၃း ၅၀	၁၂း ၀၉း ၅၄	၁၉	၁၇း ၂၉း ၃၁	၁၈း ၂၇း ၅၀
၂၀	၁၁း ၄၉း ၅၄	၁၂း ၀၅း ၅၈	၂၀	၁၇း ၂၅း ၃၅	၁၈း ၂၃း ၅၄
၂၁	၁၁း ၄၅း ၅၈	၁၂း ၀၁း ၀၂	၂၁	၁၇း ၂၁း ၃၉	၁၈း ၁၉း ၅၈
၂၂	၁၁း ၄၁း ၀၂	၁၁း ၅၇း ၀၆	၂၂	၁၇း ၁၇း ၄၃	၁၈း ၁၅း ၀၂
၂၃	၁၁း ၃၇း ၀၆	၁၁း ၅၃း ၁၀	၂၃	၁၇း ၁၃း ၄၇	၁၈း ၁၁း ၀၆
၂၄	၁၁း ၃၃း ၁၀	၁၁း ၄၉း ၁၄	၂၄	၁၇း ၀၉း ၅၁	၁၈း ၀၇း ၁၀
၂၅	၁၁း ၂၉း ၁၄	၁၁း ၄၅း ၁၈	၂၅	၁၇း ၀၅း ၅၅	၁၈း ၀၃း ၁၅
၂၆	၁၁း ၂၅း ၁၈	၁၁း ၄၁း ၂၂	၂၆	၁၇း ၀၁း ၅၉	၁၇း ၅၉း ၁၉
၂၇	၁၁း ၂၁း ၂၂	၁၁း ၃၇း ၂၆	၂၇	၁၆း ၅၇း ၀၃	၁၇း ၅၅း ၂၂
၂၈	၁၁း ၁၇း ၂၆	၁၁း ၃၃း ၃၀	၂၈	၁၆း ၅၃း ၀၇	၁၇း ၅၁း ၂၆
၂၉	၁၁း ၁၃း ၃၀	၁၁း ၂၉း ၃၄	၂၉	၁၆း ၄၉း ၁၁	၁၇း ၄၇း ၃၀
၃၀	၁၁း ၀၉း ၃၄	၁၁း ၂၅း ၃၈	၃၀	၁၆း ၄၅း ၁၅	၁၇း ၄၃း ၃၄

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ခုနှစ်နိုဝင်ဘာလ

ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ငိုစံသူ (B.Sc)

နိုဝင်ဘာလ ၁ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူ။ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၂ ရက်၊ တနလာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၃ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သားတနလာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ခမ်မံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်ကတောင်။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၅ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၆ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၇ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၈ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၉ ရက်၊ တနလာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၁၀ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့လှည့်၍ 'နမောတဿ' (၉)ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၉၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

နိုဝင်ဘာလ ၁၂ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

နိုဝင်ဘာလ ၁၃ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုး[illegible] (၂၊ ၄၊ ၆)။ လာဘ်နေအရပ်က [illegible]

www.burmeseclassic.com

www.burmeseclassic.com

လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာ အကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ 'အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၁၄ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၁၆ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀၊ ၇၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၁၇ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၁၉ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၂၀ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ ကြာသပတေး။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ'(၉)ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၂၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၂၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါရွတ်ဆိုပါ။

နိဝင်ဘာလ ၂၃ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၄ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၆ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သားက ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သဲယာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၇ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၈ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

နိဝင်ဘာလ ၂၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြိုးအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ကျော်ခိုင်ခန့်
ဆေးဖက်ဝင် ပယင်းကျောက်

ပယင်းကျောက်မှာ အခြားသော ကျောက်မျက်ရတနာများကဲ့သို့တွင်းထွက် မိုးမဟုတ်ချေ။ သစ်ပင်မှ သစ်စေးများကို အခြေပြု၍ မြေကြီးအတွင်းမှ ဖိအား (အပူခိုန်)တို့ဖြင့် ဖြစ်ပေါ် ပြောင်းလဲလာသော ကျောက်တစ်မျိုးသာဖြစ်သည်။ အထူးသဖြင့် ထင်ရှူးပင်၏ အစေးများသည် သစ်ပင်မှမြေကြီးပေါ် သို့ လျှောကျသက်ဆင်းကုန်၏။ ထိုအခါမျိုးတွင် ထိုအစေး၏အနံ့ကို ကြိုက်နှစ်သက်သည့် သတ္တဝါလေးများသည် ယင်းအစေးနှင့် အတူ ပိုးကောင်မွားကောင်လေးများသည်လည်း ကပ်ငြိပါသွားတတ်ကြသည်။ နှစ်ပေါင်းများစွာကြာမြင့်သည့် အခါ ယင်းကျောက်တုံးသည် ပယင်းဘဝသို့ ပြောင်းလဲသွား၏။ တစ်ခါတစ်ရံတွင် ယင်းကျောက်အတွင်း ပိုးကောင်လေးများကို တွေ့မြင်ကြရသည်။ ပွသော ပယင်းများရှိသကဲ့သို့ ကျစ်လျစ်သော ပယင်းများလည်းရှိကြောင်း ကျောက်လောကမှဆိုသည်။

သမိုင်းဦးဘုံမြေခေတ်မှကျော်လွန်လာပြီးနောက် လူယဉ်ကျေးမှုများတိုးတက်ပြောင်းလဲလာသည့် ဖိုးနီးရှုန်းလှုမ်း၊ ဂရိနှင့် ရောမလူမျိုးတို့သည် ပယင်းကို တန်ဖိုးသိခ်ိန့်ှင့် ပြည့်စုံသောအရာဟု သတ်မှတ်ကြကာ အထွတ်အမြတ်ပင်ထားတတ်ကြသည်။ Elektron ဟူသော စာလုံးမှာ ဂရိဘာသာဖြစ်ပြီး ပယင်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ နေမင်း ဖန်တီးပေးထားသောပစ္စည်းဟု ခေါ်သည်။ အီလက်ထရွန် (electron) သည် ယင်းစာလုံးမှဆင်းသက်လာခြင်းဖြစ်ပြီး အီလက်ထရိစ်တီး (electricity) လျှပ်စစ်ဓာတ်အားသည် လူအများ၏ အသုံးပြုမှုကိုခံယူရသည်။ ထို့အတူ elect သည် မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သည်။ ခံရသော election သည် ရွေးကောက်ပွဲဖြစ်သည်။ နေမင်းဖန်တီးပေးသည့်ပယင်းသည်လည်း ထူးခြားမှုများဖြင့် ရွေးချယ်ရရှိသည့်ပစ္စည်းလည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ပယင်းကျောက်ကို မြန်မာနိုင်ငံအထက်ပိုင်းဟူးကောင်းတောင်ကြားဒေသ၊ ရွှေဘို ခရိုင် နံသာရွာ၊ ပခုက္ကူခရိုင် ဆိပ်ခွန်ရွာ၊ သရက်ခရိုင် မီးပေါက်ရွာတို့၌ တူးဖော်ရရှိသည်။

ကျောက်မျိုးများစွာအနက် ဆေးဖက်ဝင်ကျောက်များစွာရှိပါသည်။ ၎င်းအနက် ပယင်း၏စွမ်းအင်မှာ လွန်စွာထူးခြားလှပါသည်။ ပယင်းကို ကြည့်လင်သောအစေးမှ ပြောင်းလဲဖြစ်ပေါ်လာသည့် ဝါညိုရောင်ရှိသည့် ကျောက်တစ်မျိုးဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ၎င်း၏အမည်မှာ ပါဠိဘာသာမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဝိယဂ်ဟု ခေါ်ဆိုပါသည်။ ကျောက်မျက်အခေါ်အားဖြင့် ၎င်းကို အမ်ဘာ (Amber) ဟုခေါ်ဆိုပါသည်။

၎င်းသည် သစ်ပင်မှထွက်သော အစေးကို အခြေခံပြီး မြေကြီးအတွင်း၌ နှစ် သန်း(၆၀)လောက်ကြာမှ ဖြစ်ပေါ်သဖြင့် ရှားပါးသောကျောက်တစ်မျိုးဟု ကျောက်သမားလောကမှ ဆိုစမှတ်ပြုကြသည်။ တစ်ခုသော ပယင်းကျောက်တစ်လုံးသည် မူလပိုင်ရှင်က မြန်မာငွေ ထောင်ဂဏန်းဖြင့် ရောင်းချလိုက်သော်လည်း နိုင်ငံခြားသို့ရောက်သောအခါ ဒေါ်လာသောင်းဂဏန်းမှ ရသည့်အတွက် အံ့သြစရာဖြစ်ခဲ့ရသည်။ အကြောင်းမှာ ယင်းပယင်းကျောက်အတွင်း၌ ပုရွက်ဆိတ်တစ်ကောင်၏မူလအသွင်သဏ္ဌာန်အတိုင်း မပြောင်းလဲဘဲဖြစ်တည်နေခြင်းကို နောက်ပိုင်းမှ တွေ့ရှိရခြင်းကြောင့် ဖြစ်သည်။ ပယင်းကျောက်၏ အစွမ်းဖြင့် ယင်းပုရွက်ဆိတ်သည် မူလအတိုင်းကိုယ်ခန္ဓာမပျက်မယွင်းဘဲ ဖြစ်တည်နေခြင်းဟုလည်း ယူဆသုံးသပ်ကြသည်။ ယင်းသို့သောအနေအထားမျိုးဖြစ်တည်နေသည့် ပယင်းကျောက်မှာ လွန်စွာရှားပါးလှသည်။ တန်ဖိုးမြင့်မားကြသည်။

ကျောက်ထွက်သော ကချင်ပြည်နယ်တွင် သောင်းကျန်းသူများသည် လင်နှင့်မယားကိုသတ်ပြီး မြေဖို့သတ်လိုက်ကြသည်။ ခြောက်လကြာသော အခါ ၎င်းတို့၏မိသားစုများက ယင်းတို့၏ အလောင်းများကို မြေမှပြန်ဖော်ရာ ယောက်ျားအလောင်းမှာ ယိုယွင်းပျက်စီးနေသော်လည်း မိန်းမဖြစ်သူမှာ မူလသေစဉ်ကတည်းကအတိုင်း အလောင်းမှာ မပျက်မယွင်းရှိနေကြောင်း ထူးခြားစွာတွေ့ကြရသည်။ ပိုပြီးထူးခြားသည်မှာ မိန်းမ၏ခါးတွင် ပယင်းကျောက်များကို ခါးပတ်ကဲ့သို့ပတ်ထားသည်ကို တွေ့ရှိရခြင်းပါပင်။ ထို့ကြောင့် ပယင်းကျောက်သည် အသက်ရှည်ဆေးအတွက်အဓိကကျသည့် ဆေးဖက်ဝင်သော အဲ့ဖွယ်ကျောက်မျက်တစ်မျိုးဖြစ်ကြောင်း စိတ်ပါဝင်စားသူတချို့က အသိအမှတ်ပြုလာကြသည်။

နှစ်လရှည်ကြာစွာ ဦးခေါင်းကိုက်ခဲနေသူများသည် ပယင်းကျောက်အမှုန့်အား မီးကိုးခဲပေါ်တွင် နှန့်မှိုင်းရှူသကဲ့သို့ရှူပါက ယင်းရောဂါပျောက်ကင်းကြောင်း၊ ပယင်းအမှုန့်ကို ဟုးရည်နှင့်ရောပြီးစားပါက အသက်ရှည်ဆေးဖြစ်နိုင်ကြောင်း၊ ပယင်းကျောက်ရသမျှကို တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်လျက်ရှိခြင်းမှာ အသက်ရှည်ခြင်းကို အထောက်အကူပြုခြင်းကြောင့် ဖြစ်နိုင်ကြောင်း ကျောက်မျက်သမားတို့၏ စကားဝိုင်းများမှတစ်ဆင့် ကြားသိရသည်။ တရုတ်နိုင်ငံတွင် ရှေးအခါက အလွန်ချမ်းသာကြွယ်ဝသော မင်းစိုးရာဇာများနှင့် သူဌေးသူကြွယ်များသည် ၎င်းတို့အိမ်သို့အလည်လာသောည့်သည်များအား ပယင်းကျောက်ကို မီးဖုတ်၍ ထွက်လာသောအနှီးအငွေ့တို့ဖြင့် ဧည့်ခံတတ်ကြသည်ဟုဆို၏။ ယင်းအငွေ့မှာ ကျန်းမာရေးကို လွန်စွာမှ အထောက်အကူပြုခြင်းကြောင့် ဖြစ်သည်။

မိမိတို့ ဉာဏ်စွမ်းရှိသလောက် ပယင်းကို ကျန်းမာရေးအတွက်၊ အသက်ရှည်ဆေးအဖြစ် အသုံးပြုနိုင်ပါစေကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

ကျော်ခိုင်ခန့်

ရည်ညွှန်း -

ကိုးသဲညွှန့်နိုင်၊ ကျောက်မျက်ရတနာအဘိဓာန်၊ ဒုတိယ အကြိမ်၊ ၁၉၉၉၊ စာ ၂၁၆- ၂၆၃။

သန်းဝင်းလှိုင် ကျောက်မျက်ရတနာများ လက်စွဲ၊ ၂၀၀၀၊ စာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမြောင်မြောင်သန်း
(ရုပ်ကို အားပြုခဲ့သော)

အညွှန့်တလူလူတက်သလိုအောင်မြင်စေမို့
သူရဲ့လက်ဆောင်

အညွှန့်တလူလူ ဆိုတာ -

လူတိုင်းကြားဖူးပြီးသားစကားပါ။

သိပ်ပြီး ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး။

ဒါဟာ တစ်ဆင့်တစ်ဆင့်မြင့်တက်သွားတာကို ဆိုလိုတဲ့အတွက် ဘဝအဆင့်ဆင့်မြင့်တက်ခြင်းကိုလည်း ဆိုလိုတာလို့ ပြောရရင် မှားမယ်မထင်ပါဘူး။

အောင်လံတလူလူ ဆိုတာ အင်မတန်မှ ကျဉ်းသောဆောင်တဲ့ ကောင်းခြင်းနိမိတ်မို့ အညွှန့်တလူလူ ဆိုရင်ကော -

မှန်ပါတယ်။

လူမှာ အညွှန့်တလူလူ ဆိုတာရှိပါတယ်။

ဟဲ့ - ဒီကလေးလေးက ကြိုးစားလိုက်တာဟယ်။ အောင်မြင်လိုက်တာကလည်း အညွှန့်တလူလူပဲ။

ဟ - ဒီသူငယ်က အရမ်းကြိုးစားတယ်၊ သူက အညွှန့်တလူလူနဲ့ ဆိုတဲ့ စကားမျိုးတွေ ကြားဖူးကြမှာပါ။ ပြောနေကျစကားတွေပါ။ ဒီစကားတွေဟာ အောင်မြင်ခြင်းကို ညွှန်းဆိုတဲ့စကားတွေပါ။ ကောင်းခြင်းကိုမြှင့်တင်ပေးတဲ့စကားတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပြင့် ဒီလို စကားကောင်းတွေ
ကို သတိထားလိုက်ရင် အညွှန့်ဆိုတာ
အောင်မြင်ခြင်းတွေနဲ့ဆိုင်နေမှန်း ပိုပြီး
သတိထားမိတော့မှာပါ။

ဒါလည်း မှန်ပါတယ်။

အညွှန့် ဆိုတာ အောင်မြင်ခြင်း
တွေနဲ့ဆိုင်ပါတယ်။

ကိန်းဂဏန်းသခ်ၤာအတတ်တွေနဲ့
တွက်ယူရတဲ့ မြန်မာတို့ရဲ့ ပညာရပ်တွေ
မှာ အောင်မြင်မှုရှိ၊ မရှိကိုကြည့်ချင်ရင်
အညွှန့်ပြုဟ်ကိုကြည့်ကြလေ့ရှိပါတယ်။

အညွှန့်တည်နေပုံကောင်းရင် -

အညွှန့်ကိုလာကပ်တဲ့ ကပ်ပြုဟ်
တွေကောင်းရင် -

အညွှန့်ဟာ အထင်အရှားရှိနေ
ရင် -

www.burmeseclassic.com

www.burmeseclassic.com

အည္ဆန္မွာအျပစ္ကင္းစင္ေနရင္ - ေအာင္ျမင္ၾကတာခ်ည္းပါပဲ။

ဆင္ကဲတိုးတက္ၾကတာခ်ည္းပါပဲ။

လုပ္ငန္းတြင္ ခဲ့ထြင္ျဖစ္ၾကတာခ်ည္းပါပဲ။

အထူးသျဖင့္ေတာ့ လုပ္ငန္းတြင္၊ ရာထူးတြင္၊ စီးပြားေရးတြင္၊ ပညာေရးတြင္ခဲ့ဆိုင္တဲ့ေနရာမွာ ပိုျပီးၾကြယ္ျဖစ္ၾကတာမ်ားပါတယ္။ အကဲခတ္ျဖစ္တာ၊ ဆင္ျခင္ျဖစ္တာမ်ားပါတယ္။

အည္ဆန္ဟာ ရွင္သန္ေနရပါလိမ့္မယ္။

အည္ဆန္ဦးစိုက္လို့ မျဖစ္သလို အည္ဆန္ကိုင္းလို့လည္း မျဖစ္ပါဘူး။

ဟယ် - ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းကောင်းအည္ဆန္ကိုင္းတော် ဆိုတာမျိုး ကြားဖူးကြပါလိမ့်မယ်။

ဟာ - အနေအထိုင်မှမတတ်ဘဲ အည္ဆန္ကိုကိုင္းရောဆိုတာမျိုးတွေလည်း ကြားဖူးကြပါလိမ့်မယ်။

အည္ဆန္ကိုင္းတယ် ဆိုတာ အောင်မြင်မှုမှန်သမျှ ရပ်တန့်သွားတာပါပဲ။ ဆုံးရှုံးသွားတာပါပဲ။ ဒီစကားတွေကျတော့ လူတစ်ယောက်ရဲ့ဘဝမလှတော့တာကိုပြောကြတဲ့စကားတွေမို့ စကားကောင်းတွေမဟုတ်တော့ပါဘူး။

ဒါဖြင့် -

အည္ဆန္ကောင်းနေရပါလိမ့်မယ်။

ဒီလို အည္ဆန္ကောင်းနေရအောင်လို့ အည္ဆန္ကောင်းခြင်းနဲ့ဆိုင်တဲ့ကုသိုလ်ပြုအစီအရင်တွေ အင်္ဂါဝန္ဘာပညာကြီးမှာ ရှိနေပါတယ်။

တော်တော်များများသိထားကြတဲ့ အည္ဆန္အစီအရင်ကတော့ -

တနင်္ဂနွေသားဆိုရင် ကုံကော်လှူလိုက်၊ ကုံကော်ည္ဆန္လေး ခေါင်းမှာပန်သွား၊ ဆောင်သွား။

ဒီလိုတွေများပါတယ်။

ဘာလို့လဲဆိုတော့ ကုံကော်က တနင်္ဂနွေရဲ့ အည္ဆန္ျဖစ်နေလို့ပါပဲ။ တနလာသားသမီးက ဆောင်ခဲ့ရင် မဟာ အင်္ဂါနဲ့ပန်းတို့၊ အည္ဆန္တို့ပေါ့။

မွေးနံ့ထောင့်မှာ လှူရတာတို့၊ ကိုယ့်ရဲ့အည္ဆန္ထောင့်မှာ လှူရတာတို့ ဒါသိပြီးကြတာများပါတယ်။

အခု ဒီလ -

သူဌေးပဒီသက်ကြီးကို တင်ပြခဲ့တဲ့အည္ဆန္ပညာခန်းကတော့ တစ်မျိုးပါ။ နာမည်ရဲ့အည္ဆန္ကို အဆောင်ပြုတာ၊ လှူတာပါ။

ဆိုကြပါစို့။

တင်ဝေ ဆိုတဲ့ နာမည်ရှင်ဆိုပါတော့-

တင်ရဲ့ အည္ဆန္ဟာ တနင်္ဂနွေဖြစ်ပြီး ဝေရဲ့အည္ဆန္ဟာ ကြာသပတေးဖြစ်လာပါတယ်။ အင်္ဂါဝန္ဘာ ခရာစောက်တိုင်နဲ့ပြရရင် -



အုန်း - ၁

ဖူး - ၅

၆ - ဖူး

အုန်းဖူး ဆိုတာ ထွက်လာပါတယ်။

ဒါဟာ တင်ဝေရဲ့ အည္ဆန္ပါပဲ။ တကယ်လို့ တင်တင်ဝေ ဆိုရင်လည်း ထိပ်ဆုံးက 'တင်' နဲ့ နောက်ဆုံးက 'ဝေ' ကိုပဲယူလို့ရပါတယ်။

အုန်းဖူးကိုလှူရမှာဖြစ်ပါတယ်။

ဘယ်လိုလှူရမလဲ။

ဘုရား၊ စေတီ၊ ပုထိုးတွေရောက်ရင် လှူပါ။ ရပါတယ်။ လှူရင်လည်း အည္ဆန္ဂြိဟ်မှာ လှူရမှာ ဖြစ်ပါတယ်။ (၆) ဖူးပေါ့။

အဲဒီလှူရမယ့် အည္ဆန္ဂြိဟ်ကတော့ မွေးနံ့အည္ဆန္ဂြိဟ် ဖြစ်ပါတယ်။ တင်ဝေဆိုတော့ သူ့ရဲ့မွေးနံ့အည္ဆန္ဂြိဟ်ကလည်း တနင်္ဂနွေထောင့်ဂြိဟ်ပါပဲ။

တကယ်လို့ သူဟာ နာမည်က တင်ဝေဖြစ်ပေမယ့် လူက အင်္ဂါသားဖြစ်နေရင်တော့ မူလ အင်္ဂါသားရဲ့ အည္ဆန္ဂြိဟ်ထောင့်ဖြစ်တဲ့ ဗုဒ္ဓဟူးထောင့်ရုပ်ပွားတော်မြတ်မှာ လှူရမှာဖြစ်ပါတယ်။

ဒါဖြင့် ရှင်းအောင်မှတ်ထားရမှာက

၁။ နာမည်ရဲ့ အည္ဆန္ဂြိဟ်တွေကို စုပေါင်းပါ။

၂။ မွေးနံ့ရဲ့ အည္ဆန္ဂြိဟ်တိုင်မှာ လှူပါ။

ဒါပါပဲ။

အည္ဆန္ကို အည္ဆန္ထပ်လှူပြီး အည္ဆန္တလူလူဖြစ်လာပါလိမ့်မယ်။

ဒါဟာ အောင်မြင်ခြင်းပါပဲ။

တစ်ခါက -

အသိတစ်ယောက်ကို အဲဒီအည္ဆန္အစီအရင်စပေးတော့ -

ပထမတော့ ကိုယ်တိုင်တောင် စောင့်ကြည့်ခဲ့မိပါတယ်။

မှန်တာပြောတာပါ။

ပညာကိုယုံပါတယ်။ ကိုယ့်ကိုယ် ကိုယ်မယုံလို့ပါ။

ဒါပေမယ့် -

တဖြည်းဖြည်းတဖြည်းဖြည်းကြည့်နေရင်းနဲ့ပဲ တစ်ရက်ထက်တစ်ရက် အဲဒီလူ ရောင်းအားကောင်းလာတာ တွေ့ရတော့မှ ဟာ-အည္ဆန္တလူလူအစီအရင်ဟာ ဒီလိုပါလားဆိုတာ သိခဲ့ရပါတော့တယ်။

နောက်ပိုင်း အဲဒီအစီအရင်ကိုပေးဖို့လိုလာပြီဆိုတာနဲ့ပေးခဲ့သလို မလိုတဲ့နဲ့တောင် ပေးခဲ့တာတွေရှိခဲ့ပါတယ်။ အောင်မြင်ကြတာချည်းပါပဲ။

သူနာမည်က ကိုလှသိန်းပါ။

ပေးခဲ့တာက ဝိတောက်ပါ။



သူ့အတွက်အည္ဆန္ပေါင်းလိုက်ရင် ဝိတောက် (၁၂) ည္ဆန္ပါ။ သူလှူခဲ့ရတာကတော့ ကြာသပတေးထောင့်ပါပဲ။ သူက ဗုဒ္ဓဟူးစစ်စစ်ဖြစ်နေလို့ပါ။

လှူရတဲ့ အတိုင်းအတာကတော့ အပတ်စဉ်ပါပဲ။

လှူရတဲ့အခ်ိန်က သူမွေးနေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီ၊ (၄၅) တိတိမှာပါပဲ။

မနက် (၉) နာရီ၊ (၄၅) မရလို့ည (၉) နာရီ၊ (၄၅) တော့ မရပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အည္ဆန္ဆိုတာ တက်တဲ့သဘောရှိနေလို့ပါပဲ။

တစ်ပတ်ထက်တစ်ပတ်ထူးလာပြီဆိုရင်တော့ နှစ်လလောက်လှူပြီးရင် နောက်ထပ်တစ်လမှ တစ်ရက်ခဲသွားလှူရင်လည်းရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့ ဝန်ထမ်းဖြစ်နေလို့ အချိန်မပေးနိုင်ရင် မွေးနေ့မနက် (၆) နာရီနဲ့ (၇) နာရီခွဲကြားမှာလှူရင်လည်း ရပါတယ်။

ဒါလည်း မူလအချိန်ပါပဲ။

(၉) နာရီ (၄၅) မရလို့ (၉) နာရီ တိတိပဲ အားရင်လည်း (၉) နာရီတိတိ မှာလှူပါ။ ရပါတယ်။

ဘယ်လိုမှအပြင်မထွက်အားဘူး ဆိုရင်တော့ အိမ်မှာပဲ ဘုရားပူဇော်ပါ။

အသစ်အသစ်လဲလှယ်ပူဇော်ချင်ရင်တော့ ခုနပြောတဲ့ အချိန်နာရီတွေကျမှ အသစ်လဲရင်ရပါတယ်။

ဒါပေမယ့် -

အညွှန့်ရဲ့သဘောက ရှင်သန်နေရမှာဆိုတော့ -

ကိုယ်တင်လှူထားတဲ့အညွှန့်တွေ နွမ်းနေပြီဆိုရင် လဲလှယ်ပစ်ပါ။ ရပါတယ်။ အချိန်အခါမအားရင်လည်း နေတက်ရောတက်မှာပဲ အသစ်လဲလှယ်ပူဇော်ပါ။

ပေးခဲ့ဖူးပါတယ်။

ဒေါ်မြဝေ ဆိုတာ၊ ကြာခဲ့ပါပြီ။ သားသမီးတွေ ဘယ်လိုမှပြောလို့ဆိုလို့ မရလို့ဆိုပြီး တဦးထဲငိုနေရရှာတာ။

သူ့ကို သပြေညွှန့် (၁၁) ညွှန့် အိုး တစ်လုံးသတ်သတ်နဲ့ ဘုရားပူဇော်ခိုင်းပြီး နွမ်းတိုင်း လဲခိုင်းပြီးတဲ့နောက်ပိုင်း ဒေါ်မြဝေဟာ အသက်(၁၀)နှစ်လောက် ပြန်နုပျိုသွားသလားတောင် အောက်မေ့ရပါတယ်။ စိတ်ချမ်းသာသွားတာကိုး။

၆ ၅ - ပြေ - (၁၁ ညွှန့်)
မြ - ၅ ဝေ - ၄

တချို့ကျတော့ တစ်တွဲတည်းမရတဲ့အညွှန့်တွေရှိပါတယ်။

အဲဒါလည်းကြုံခဲ့ဖူးလို့ပါ။

ကိုကျော်မောင်ဆိုတဲ့လူကို အခါပေးခဲ့ရတုန်းက တစ်တွဲတည်းမရတဲ့အညွှန့်ပါ။ အင်္ဂါနဲ့ သောကြာပါ။ 'ဆပ်သွား' ကလည်း မလွယ်ဘူးလေ။

ဒီတော့ -

ဖွန်ပန်းနဲ့ သစ္စာပန်းကို လှူဒိုင်းရပါတယ်။ ဖွန်ပန်းမရရင်တော့ စံပယ်ပေါ့။ ရပါတယ်။ သက်ရှိ၊ သက်မဲ့မခွဲပါနဲ့။

အရင်းနှီးသာယူပြီးလှူပါ။

၃ - စံပယ် ၆ - သစ္စာ
ကျော် - ၂ မောင် - ၅

ကိုကျော်မောင်လည်း အောင်မြင်သွားတာပါပဲ။

အရေးကြီးတာ ငါတော့ အညွှန့်ပန်းတွေနဲ့ ဘုရားပူဇော်ရပြီ။ အညွှန့်တလူလူတက်ပြီဆိုတဲ့ ယုံကြည်ချက်ပါပဲ။

ကိုယ်တိုင်ယုံကြည်ပါ။

ကိုယ့်ရဲ့ ကုသိုလ်ပြုအစီအရင်ကို ကိုယ်တိုင်ယုံကြည်မှလည်း စွမ်းပါလိမ့်မယ်။ ဘာသံသယမှရှိစရာမလိုပါဘူး။

ဒီပညာခန်းကိုကြည့်ပါ။

စိတ်ကူးယဉ်ပြီးပေးလို့မရပါဘူး။

နံတွေ့ကို သိနေကြတာပဲ။ ဗဟုသုတတွေများနေကြတာပဲ။

ဘယ်နံရဲ့အညွှန့်ဟာ ဘာဆိုတာ သိနေကြပါပြီ။

ဒါကြောင့် လက်တွေ့ကျတဲ့၊ သဘာဝကျတဲ့အညွှန့်တလူလူအစီအရင်ပါပဲ။

ဒီစီရင်ပုံတွေဟာ -

ရှေးရှေးက ပညာရှင်ကြီးတွေစီရင်ခဲ့ကြတာပါ။

ပြောမယုံ ကြုံမှသိ ဆိုရအောင် အစွမ်းထက်မြက်ပြီး အကျိုးပေးလှပါတယ်။

အင်မတန်မှ ထူးခြား ထက်မြက်အစွမ်းထက်လှလွန်းတဲ့ အညွှန့်အစီအရင်မို့ -

အခု ဒီလပြထားတဲ့ သူရဇ္ဈလက်ဆောင်ကနေ အုတ်တစ်ချပ်သဲတစ်ပွင့် အဖြစ်နဲ့ ပါရမီဖြည့် တင်ပြလိုက်ရတာ ဖြစ်ပါတယ်။

တကယ်လို့ -

ဂြိုဟ်တွေ၊ ထောင့်တွေမှားမှာစိုးလို့ အတိမ်းအစောင်းဖြစ်မှာစိုးရင် -

အိမ်မှာ ပူဇော်ပါ။ ရပါတယ်။ ရှင်သန်ခြင်းသာ အဓိကပါပဲ။

ဒါပေမယ့် -

သတိပေးချင်တာလေးတွေတော့ ပြောပါရစေ။

အဲဒါကတော့ -

အညွှန့်တလူလူတက်နေဖို့အတွက် က အခြေခံအမြစ်နဲ့ မူလပင်စည်လည်း ကောင်းမွန်ဖြစ်မှာပါ။

အဲဒါက ကိုယ်ကျင့်တရားပါ။

ပါးစပ်ကြမ်းနေလို့၊ ဆဲဆိုသောင်းကျန်းနေလို့၊ မိဘကိုမိဘမှန်းမသိဖြစ်နေလို့ အညွှန့်တလူလူမတက်နိုင်ပါဘူး။

အနည်းဆုံးကတော့ ဆဲရေးတိုင်းထွာပြီးမှ စကားပြောတတ်ကြသူတွေ၊ အဆဲပါမှ စကားပြောတတ်ကြသူတွေ အညွှန့်တလူလူအစီအရင်နဲ့ မရပါဘူး၊ မလုပ်ပါနဲ့။ အမှိုက်ရှုပ်တာ၊ အလုပ်ပိုတာသာ အဖတ်တင်သွားတတ်ပါတယ်။

အပင်ပုပ်နေရင် အညွှန့်မတက်နိုင်တဲ့သဘောကိုတော့ သတိပြုရမှာဖြစ်ပါတယ်။

ဒါလေးတော့ မေ့နေမှာစိုးလို့ သတိပေးလိုက်တာပါ။

ဘယ်လိုရွတ်ရမယ်၊ ဘယ်လို ဂါထာနဲ့ဘယ်မန္တန်ရွတ်ရမယ်ဆိုတာတွေ မပါပါဘူး။

ဘုရားကို ကိုယ့်ရဲ့အညွှန့်နဲ့သင့်မျှားနဲ့ပူဇော်တဲ့အစီအရင်ဖြစ်လို့ ပူဇော်ရုံပါပဲ။

ယုံကြည်ပါ။

အညွှန့်တလူလူရှင်သန်နေတာကိုတွေ့နေ၊ မြင်နေ၊ ကြည့်နေရင်း၊ ပီတိတွေဖြစ်နေရင်း -

ကိုယ်တိုင် အညွှန့်တလူလူတက်လာတာ ကိုယ်တွေ့ကြုံရပါလိမ့်မယ်လို့ -

နိဗ္ဗိတ်ကောင်းစကားကိုဆိုရင်း -

ဒီလအတွက် အချိန်ကုန်သက်သာပြီး ပေါ့ပေါ့ပါးပါးနဲ့ အညွှန့်တလူလူအောင်မြင်စေဖို့ သူရဇ္ဈလက်ဆောင်ပေးလိုက်ပါပြီ။

အညွှန့်တလူလူနဲ့ အောင်မြင်ကြပါစေ။

ဆရာဦးကောင်းသန့်
(ခင်ကိုအောင်ကောင်း)

www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဒ္ဓယ် စယ်
ဂတံ ဂတံ သင်္ခိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။

ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ယခုလ ဘုရား(၃)ဆူ တစ်နေ့တည်းလှည့်၍ ပန်း၊ ရေချမ်း ဆီမီးများ ကပ်လှူပူဇော်ပါ။ မကြာမကြာသွားပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ငြိုဟ်ရှစ်ခွင်လှည့်ပြီး ငြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။

လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈)ခေါက် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်ပြောင်လေးများ ဝတ်မသွားပါနှင့်။ ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောနွမ်းပါးသူများကို ဆေး၊ ငွေကြေးလှူပါ။

ထိုက်ကောင်းလိုသူများ - စနေနံထိဆိုင်များတွင် ၂ အစ၊ ၃အဆုံး ထီလက်မှတ်လေးများ၊ မင်္ဂလာစုံတွဲထိုးထားလိုက်ပါ။

တနလာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ(၅)မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

ကားရောင်းလိုသူများ - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်'ဘွဲ့အမည်ပါသောဘုရားတွင် အဓိဋ္ဌာန်ပုတီးစိပ်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ငြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။

လူမှုရေးအတိုက်အခံများသူများ - ရင်ပြင်တော်၊ စောင်းတန်းတော်တို့တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားမပြောပါနှင့်။

ကျန်းမာရေး - လေထိထားသောဝေဒနာရှင်များကို ဆေးလှူပါ။ အာဟာရလှူပါ။

ထိုက်ကောင်းလိုသူများ - တနင်္လာနံထိဆိုင်တွင် ၂ အစ၊ ၁ အဆုံး ဂဏန်းများနှင့် ကံစမ်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ဒွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြေ စတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး စနေနာမည်ရှင်နှင့်စပ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'စနေ'နံ့ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းဆောင်ရွက်ပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ခွေ၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ခြင်းဆောင်ရွက်ပါ။
ထိခိုက်ကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ဗုဒ္ဓဟူးသားသမီးများ

ဒွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးနေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများကပ်လှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျီးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် သစ်ဟောင်း၊ သစ်ဆွေး၊ သံတိုသံစ စသည်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ကုဋီရေဆေးပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
ကျန်းမာရေး - ကိုယ်ခန္ဓာအောက်ပိုင်းမသန်စွမ်းသောဒုက္ခိတများကို အာဟာရ၊ ဒွေကြေးကူညီပါ။
ထိခိုက်ကောင်းလိုသူများ - တနင်္ဂနွေသားသမီးနှင့် စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။

ကြာသပတေးသားသမီးများ

ဒွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို အချိုရည်ဘူးများလှူဒါန်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အဂီနံ့ာမည်ရှင် အကျီးဆောင်နှင့်စပ်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'တနင်္လာ'နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ [illegible] စုံ ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း အမှိုက် ကောက်ခြင်းများ ဆောင်ရွက်ပါ။
နလုံးသားရေရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကြီးအညွှန်းဆောင်လေးများ ပေးသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကိုအစာကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ထီကံကောင်းလိုသူများ - စက်ဘီး၊ ကားတို့နှင့်လှည့်ရောင်းနေသော ထီသည်များထံတွင် ၂အစ၊ ၃အဆုံး) ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး(၃)ပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နှိပ်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို သက်နှံးကပ်လှူပါ။
အိမ်ထောင်းလိုသူများ - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနင်္ဂနွေနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ(၁၀၈)ခေါက်ကို နေ့စဉ်ရွတ်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။
ထီကံကောင်းလိုသူများ - စနေနံ့ထီဆိုင်တွင် (၇)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နှိပ်ငံခြားသွားလိုသူများ - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
အိမ်ထောင်းလိုသူများ - အိမ်ကို ပျဉ်းမည်းရွှန်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အနောက်အရပ်ကအကျီးဆောင်နှင့် စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'တနင်္လာ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာနှင့်ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ - လမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူသို့သွား၍ တံမြည်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း ဆောင်ရွက်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
ကျန်းမာရေး - စာကလေးများကို အစာကျွေးပါ။ ဘေးမဲ့လွတ်ပေးပါ။
ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီသည်များ အိမ်ရှေ့နားလာရပ်ပြီးရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ယခုလတွင် -
စနေစ-အင်္ဂါပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက်ပိုမိုရွှင်ဖတ်သဘျော်ရွှင်ခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါလေ။
ထူးစီ၊ ထက်ဆန်၊ တိုးဝှေ့၊ ထိန်ဇင်

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည်သိန်းကျော်

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ စနေသားသမီးများနှင့် တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၁)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အနေတကြီးကိစ္စ ဆောင်ရွက်ရန်ရှိပါက အင်္ဂါအနီရဲရဲပြောင်ဝတ်မသွားရ။ သွတစ်ပါးအတွက်အာမခံပေးခြင်းရှောင်ပါ။ မည်သည့်ကိစ္စမှအာမခံပါနှင့်။ ကိုယ်တိုင်လည်း သူများကြားမည်ပ်အောင်သတိထားပါ။ သောဆိတ်၊ သဲဟောင်း၊ သစ်ဟောင်းများဝင်လာလျှင် စိတ်ညစ်ရတတ်၍ မဝင်ပါစေနှင့်။ ဝင်ငွေရှိသော်လည်း အကုန်အကျများနေတတ်၍ တန်ဖိုးမရှိသောကျောက်များ ဝင်မလာပါစေနှင့်။ လုပ်ငန်းခွင်အတွင်းတာဝန်ယူရတာကတစ်မျိုး၊ ကိုယ်လုပ်နေရတာကတစ်မျိုးဖြစ်ပြီး စိတ်ဖိစီးမှုများနေမည်။ ကျန်းမာရေးကောင်းနေစေရန် ခေါင်းပူးဝေလာတဲ့အထိ အဆာမခံပါနှင့်။ အပူအစပ်၊ တက်စာများ သတိထားစားပါ။ စကားပြောဆင်ခြင်ပါ။ ကြမ်းလာတတ်လို့ အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေးတွေမှာ မထင်မှတ်ဘဲ မဖြစ်သင့်တာတွေဖြစ်လာတတ်ပါသည်။ ပညာရေးကောင်းသော်လည်း သွားချင်လာချင်တာများနေတတ်၍ မပေါ်ပါနှင့်။ ချစ်တတ်သူတွေအတွက် မျက်နှာမများဘဲ သစ္စာရှိဖို့လိုပါသည်။ ထီထိုးရန်အတွက် (၇၊ ၂ ၉၊ ၃) ဂဏန်းတွေပါအောင်ရွေးပြီး စနေနံထိုးဆိုင်မှာ ကံစမ်းထားလိုက်ပါ။

ယခြာ ။ ။ *ဘုရားဆောင်တွင် မလိုအပ်သောပစ္စည်းဟောင်း အကျိုးအပဲ့များ ဖယ်ရှားလိုက်ပါ။*

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ တနင်္လာနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၆)ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ သီလမျက်သူများ၊ လောင်းကစားသမားများ ညအိပ်လက်ခံမည်ဆိုလျှင် အထူးသတိထားပါ။ စက်ပစ္စည်းဟောင်းများဝင်လာလျှင် မိသားစုကျန်းမာရေး ထိခိုက်တတ်ပါသည်။ သူစိမ်း သောကြာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သော်လည်း ကိုယ်ကကြမ်းတမ်းခက်ထန်ခြင်းကိုရှောင်ပါ။ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရလျှင်အောင်မြင်ပြီး အပြောင်းအရွှေ့များရှိပါသည်။ ရာထူးတိုးကောင်းနေပါသည်။ ဆီး၊ ဝမ်း၊ လေမှန်အောင် ဂရုစိုက်ပါ။ ခဏခဏအဆာမခံပါနှင့်။ ဆေးဝါးလိုအပ်နေသူများကို မကြာခဏဆေးလှူပေးပါ။ ပညာရေးကဲ့များ ထူးထူးခြားခြားကောင်းနေပါသည်။ ချစ်တတ်သူတွေအတွက် စန်းပွင့်သောကာလဖြစ်သော်လည်း စကားပြောမောက်မာမိ၍ ခဏခဏစိတ်ညစ်ရတတ်ပါသည်။ အိမ်ထောင်ရှင်များလည်း စကားပြောဆင်ခြင်ရပါလိမ့်မည်။ အိမ်ကဆင်းသွားတာမျိုး၊ အတူနေပြီး စကားမပြောကြတာမျိုးတွေဖြစ်တတ်ပါသည်။ မင်္ဂလာမရှိသောအနိဋ္ဌစကားများ မပြောမိအောင်ရှောင်ပါ။ ငွေကဲ့အားကောင်းသောကာလဖြစ်၍ လောင်းကစားမှန်သမျှ လုံးဝရှောင်ထားပါ။ ငွေအလုံးအရင်းချေးလိုက်တာမျိုး လုံးဝရှောင်ပါ။ ထိဝါသနာပါသူများ တနလ်ာနံထိဆိုင်တွင် (၂၊ ၉၊ ၇၊ ၅) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယကြာ ။ ။ *မနက်မိုးလင်း မျက်နှာသစ်ပြီးသည်နှင့် အရှေ့အရပ်ဘက်သို့မျက်နှာမူ၍ (၇)ရက် သားသမီးများကို မေတ္တာပို့ပါ။*

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၈) ဂဏန်း၊ (၄) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အခက်အခဲမရှိပါက ဓာတ်ကြီး (၄)ပါး ဆွမ်းတော်ကပ်လှူပါ။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးနှင့်ပတ်သက်တဲ့လုပ်ငန်းများအကျိုးပေးပါပြီ။ လူမျိုးခြားအကျိုးပေးမည်။ ကျန်းမာရေး လေအောင့်ရင်အောင့်ဖြစ်ပြီး ဦးခေါင်းမူးမူးနေတတ်ပါသည်။ အပူအစပ်များလွန်ကဲစွာမစားပါနှင့်။ အိပ်ရေးဝအောင်အိပ်ပါ။ ပညာရေးကဲ့တွေ ခက်ခက်ခဲခဲကြားက အောင်မြင်တတ်သည်။ စေတီထီးတော်၊ စိန်ဖူးတော်လှပ်စစ်မီး မကြာမကြာလှူပါ။ အုံ့ဩလောက်အောင် ဘုန်းကံတက်လာပါလိမ့်မည်။ ချစ်တတ်သူတွေအတွက်က အလုပ်နှင့်ပတ်သက်သောကိစ္စ၊ အိမ်နှင့်ပတ်သက်သောကိစ္စများကို မလိုအပ်ဘဲမပြောမိပါစေနှင့်။ ရေသတ္တဝါလေးများကို နှစ်ယောက်အတူတူ အစာကျွေးပါ။ ဦးခေါင်းမကောင်းသောဝေဒနာရှင်တွေကို မကြာမကြာအစားအစာလှူပေးပါ။ ထီထိုးရန်အတွက် စနေနံထိဆိုင်များတွင် (၃၊ ၂၊ ၉၊ ၇) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီကံကောင်းနေ၍ ထီထိုးဖြစ်အောင်ထိုးပါ။

ယကြာ ။ ။ *အသက်အရွယ်ကြီးသောအဘွားများကိုတွေ့တိုင်း ငွေလှူပေးပါ၊ အာဟာရဓါတ်နှံ့ပြားပါ။*

BURMESE CLASSIC .com

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများတွင် စနေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သစ်ဟောင်း၊ သွပ်ဟောင်းများလာပေးလျှင် မယူပါနှင့်။ စိတ်ညစ်စရာကြုံရတတ်ပါသည်။ အိမ်ထောင်ရေးကိစ္စများ တစ်ယောက်ယောက်ကအမြဲအလျှောပေးပါ။ အလုပ်လျှောက်သူတွေ အလုပ်ရပါပြီ။ နည်းနည်းပင်ပန်းတတ်ပါသည်။ ငွေဝင်မည်။ ရရန်ရှိသောအကြွေးများ လာဆပ်ကြပါလိမ့်မည်။ ငွေဝင်လာလေ၊ အလှူများများပေးလေ ပြုလုပ်ပါ။ အပျော်ကြူးသောကိစ္စများကိုတော့ရှောင်ပါ။ မင်္ဂလာမရှိသောစကားများမပြောမိပါစေနှင့်။ ဆိုင်ကယ်တရကြမ်းမစီးပါနှင့်။ အင်း၊ အဆောင်တွေ ဆောင်၍မရသေးပါ။ ကျန်းမာရေးအတွက် ဓာရဏာပရိတ်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ဆေးလှူပါ။ လေအောင့်လာသည့်အထိ အဆာမခံပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကောင်းလွန်းနေပါသည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားပါ။ ထူးထူးချွန်ချွန်အောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူတွေအတွက် ကံကောင်းနေပါသည်။ အချစ်သစ်တွေ့တတ်သော်လည်း ချစ်သူအပေါ် သစ္စာရှိဖို့လိုပါသည်။ မာနတွေမထားပါနှင့်။ မာနကြောင့်ဝေးသွားတတ်ပါသည်။ ထိဝါသနာပါလျှင် စနေနံထိဆိုင်တွေမှာထီထိုးပါ။ (၇၊ ၂၊ ၉၊ ၅) ဂဏန်းတွေနှင့် ကံစမ်းနေပါသည်။

ယကြာ ။ ။ *ရွှေဘွဲ့အမည်ရှိသောဘုရားသို့သွား၍ သရဏာဂုံကို (၁၀၀၀)ရအောင်ရွတ်ပါ။*

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်ပါလိမ့်မည်။ (၄)ဂဏန်း၊ (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အတိုက်အခံများလျှင် ဉီးခေါင်းမကောင်းသောဝေဒနာသည်များကို မကြာခဏ ငွေ၊ အာဟာရ ဆေးလှူပေးပါ။ နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ ကျန်းမာရေးလိုအပ်ပါက သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရ မကြာခဏလှူပါ။ အိမ်ထောင်သည်တွေဆိုလျှင် သားချင်း၊ ဆွေမျိုးကိစ္စများကြောင့် စကားများရတတ်ပါသည်။ စကားကြမ်းကြမ်းမပြောမိအောင်ရှောင်ပါ။ ပညာရေးကံများကောင်းမည်။ အိပ်ရေးပျက်ပြီး အာရုံကြောထိခိုက်သည်အထိမလုပ်ပါနှင့်။ ချစ်တတ်သူများအတွက် မျက်နှာပွင့်သောအချိန်ဖြစ်ပါသည်။ ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ စကားကြောင့် ခဏခဏများတတ်ပါသည်။ ဆင်ခြင်ပါ။ တန်ဖိုးရှိသော ကျောက်မျက်ရတနာတွေဝင်လာမည်။ ငွေဝင်လေလှူလေပြုလုပ်ပါ။ တန်ဖိုးမရှိသောကျောက်မဝင်ပါစေနှင့်။ ဝင်လာပါက လာဘ်တွေပိတ်သွားပါလိမ့်မည်။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသောထီကားများတွင် (၂)ဂဏန်းနှင့်စသောထီလက်မှတ်လေးများ တစ်နှိုင်ထိုးထားလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

ယကြာ ။ ။ *သရဏဂုံကို တစ်နေ့လျှင် အကြိမ် (၁၀၀၀)ရအောင်ရွတ်ပါ။ (၉)ရက်ပြည့်ပြီးလျှင် လက်တွေ့ထူးခြားလာပါလိမ့်မည်။ မပျက်ပါစေနှင့်။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများတွင် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မြေကိစ္စများ မဆောင်ရွက်ပါနှင့်။ အရှုပ်အရှင်းရှိနေတတ်သည်။ သစ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့်ဆက်နွယ်နေသောလုပ်ငန်းများ အချိန်ယူစဉ်းစားရပါမည်။ အထစ်အငေါ့များရှိတတ်ပါသည်။ ကျန်းမာရေးလိုအပ်ပါက ခဏခဏအိပ်ရာပြောင်းအိပ်ပါ။ ခဏခဏဘုရားဖူးသွားပါ။ ဆေးလှူပါ။ သူများအသက်တွေ ဘေးမဲ့လွှတ်ပေးပါ။ လေထိုးလေအောင့်တတ်၍ အဆာမခံပါနှင့်။ အိပ်ရေးဝအောင်အိပ်ပါ။ အပူအစပ်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကံတွေကောင်းပါသည်။ လျော့ရဲရဲဖြစ်သွားတတ်၍ စိတ်ဓာတ်ခိုင်ခိုင်နှင့်ကြိုးစားပါ။ ဘုရားစေတီများတွင် ညလုံးပေါက် လျှပ်စစ်မီးပူဇော်ပေးပါ။ ချစ်တတ်သူတွေအတွက် စကားပြောမမောက်မာဖို့လိုပါသည်။ စကားပြောကြမ်းလို့ စိတ်ဝမ်းကွဲတတ်သဖြင့် ဆင်ခြင်ပါ။ လမ်းခွဲစကားမပြောမိပါစေနှင့်။ ငွေကြေးကံများကောင်းနေသဖြင့် တန်ဖိုးမရှိသော တနလ်ာနံများမဝင်ပါစေနှင့်။ လောင်းကစားလည်းမလုပ်ပါနှင့်။ ချက်ချင်းပြန်ကုန်သွားတတ်ပါသည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇၊ ၁၊ ၂၊ ၉) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယကြာ ။ ။ *ပဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို အသံကျယ်ကျယ်နှင့် ဝိရိယသရွတ်ပြီးနေ့စဉ်ပူဇော်ပါ။*

BURMESE CLASSIC .com

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အင်္ဂါနံလုပ်ငန်းများ အဆင်မပြေမှုကြုံတတ်သည်။ စက်ပစ္စည်းဟောင်းတွေမဝင်ပါစေနှင့်။ အိမ်ကိစ္စ၊ အလုပ်ကိစ္စများနှင့်ပတ်သက်၍ သူများကို အာမခံပါနှင့်။ အင်း၊ လက်ဖွဲ့အဆောင်များ ဝင့်မလာပါစေနှင့်။ အတိုက်အခံများလျှင် ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ သစ်ပေါင်း၊ သစ်ခွေးများ စွန့်ထုတ်ပစ်လိုက်ပါ။ ကျန်းမာရေးလိုအပ်ပါက ဓာရဏာပရိတ်တော်ကို အဓိဋ္ဌာန်နဲ့ရွတ်ပါ။ နမော-၅ချက်ဂါထာကို ပုတီးစိပ်ပါ။ ဆေးလိုအပ်နေသူများနှင့် စကားစပ်မိတိုင်း ဆေးလှူပေးပါ။ ဌက်ကလေးများကို ဘေးမဲ့ပေးပါ။ ဉီးခေါင်းဝေဒနာရှင်များနှင့်ဆုံတိုင်း လိုအပ်သောအာဟာရများ၊ ငွေများလှူပေးပါ။ ပညာရေးကံကောင်းပါသည်။ အာရုံကြောအနားပေးပါ။ အလုပ်လျှောက်ထားသူများ ရပ်ဝေးတွင်တာဝန်ထမ်းဆောင်ရတတ်ပါသည်။ ချစ်တတ်သူတွေ ကံပွင့်နေမည်။ ငွေကံတွေလည်းပွင့်နေပါသည်။ လောဘမကြီးပါနှင့်။ ငွေကစားတာမျိုး အကျိုးမပေးပါ။ ထီဝါသနာရှင်များ တနလ်ာနံထီဆိုင်နှင့် (၂၊ ၉၊ ၅၊ ၇)ဂဏန်းတွေ အကျိုးပေးပါသည်။

ယကြာ ။ ။ *ဘုရားရှင်အား မှန့်လုံးရေပေါ်ဆွမ်းများနှင့်မကြာခဏပူဇော်ပါ။*

ရဲကိုအောမြင့်သား

ဆရာဦးမောင်မောင်သန်း

အမတ် (၈၅၂) ကုန်းဘောင်(၁၁)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com